http://www.dhammadownload.com

နိုင်ငံတော်ဗုဒ္ဓသာသနာ

# မဟာဗုဒ္ဓဝင်

စတုတ္ထတွဲ (ပဉ္စမပိုင်း)

---

တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ
ဦးစီးရေးသားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ - ၂၅၁၅ ကောဇာ - ၁၃၃၄ ၂၀၂

http://www.dhammadownload.com

http://www.dhammadownload.com

# နိုင်ငံတော်ဗုဒ္ဓသာသန

# မဟာဗုဒ္ဓဝင်

## ပဉ္စမတွဲ (ပဉ္စမပိုင်း)

တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ
ဦးစီးရေးသားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၅၀ ကောဇာ-၁၃၆၇ ၂၀၀၆

http://www.dhammadownload.com

# မဟာဗုဒ္ဓဝင် ပထမတွဲ (ပထမပိုင်း)

| အကြိမ် | အုပ်ရေ | ခုနှစ် |
|---|---|---|
| ပထမ | ၃၀၀၀ | ၁၉၆၀ |
| ဒုတိယ | ၃၀၀၀ | ၁၉၆၈ |
| တတိယ | ၃၀၀၀ | ၁၉၇၁ |
| စတုတ္ထ | ၂၀၀၀ | ၁၉၇၄ |
| ပဉ္စမ | ၅၀၀၀ | ၁၉၇၆ |
| ဆဋ္ဌ | ၅၀၀၀ | ၁၉၈၂ |
| သတ္တမ | ၅၀၀၀ | ၁၉၈၆ |
| အဋ္ဌမ | ၃၀၀၀ | ၁၉၉၁ |
| နဝမ | ၅၀၀၀ | ၁၉၉၄ |
| ဒသမ | ၂၀၀၀ | ၂၀၀၄ |
| ကောဒသမ | ၁၀၀၀ | ၂၀၀၆ |

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ် ထုတ်ဝေသည်။

http://www.dhammadownload.com

# ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင် ကျမ်းပြုဆရာတော်




ဆဋ္ဌသံဂီတိဝိသဇ္ဇက
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
ဆရာတော်၏ပုံ

http://www.dhammadownload.com

http://www.dhammadownload.com

## ဆဋ္ဌသံဂါယနာ ဝိသဇ္ဇက ဆရာတော်



ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ ဝဋ္ဋံသကာဘွဲ့
သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့
အစိုးရပဌမကျော်ဘွဲ့
ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒဘွဲ့
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက-ဘွဲ့ရ
အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်
ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်ကျမ်း ပြုစုနေပုံ

http://www.dhammadownload.com

http://www.dhammadownload.com

# နိုင်ငံတော်ဗုဒ္ဓသာသနာ-မဟာဗုဒ္ဓဝင်

## နိဒါန်း

နမော ဗုဒ္ဓါယ

(သိဒ္ဓမ်)

ကီဒိသော တေ မဟာဝီရ၊

အဘိနီဟာရော နရုတ္တမ။

ကမှိ ကာလေ တယာ ဓီရ၊

ပတ္ထိတာ ဗောဓိမုတ္တမာ။

မဟာဝီရ၊ သမ္မပ္ပဓာန ကိစ္စဆင့်ပွါး လေးတွေ ပြားသည့် ကြီးမားသော လုံ့လ ဝီရိယလည်း ရှိတော်မူပေထသော။ နရုတ္တမ၊ လူတို့ထက်မြတ် နတ်တို့ထက်သာ ဗြဟ္မာတို့ထက်ကဲလွန် အမွန် ခေါင်ဖူး သုံးလူ့မျှူးဘုရား....။ တေ၊ အရှင်ဘုရား၏။ အဘိနီဟာရော၊ နရက်ဘဝဂ် သွက်သွက်လှိုက်ခုန် သောင်း တိုက်တုန်သား ဘုန်း ဂုဏ် တော် အား လွန်ကြီးမားသည့် ဘုရားဖြစ်ရန် ဆုပန်တော်မူခဲ့ ခြင်းကို။ ကီဒိသော၊ ဘယ်သို့ရှုအပ် မှတ်ရပါ မည်နည်းဘုရား။ ဓီရ၊ သဗ္ဗညုတ ဉာဏသခင် သုံးလူ့ရှင်ဘုရား ...။ တယာ၊ အရှင်ဘုရားသည်။ ကမှိ ကာလေ၊ ဘယ်ကပ်ကမ္ဘာ ဘယ်ချိန်ခါ၌။ ဥတ္တမာ ဗောဓိ၊ ပစ္စေကဗောဓိ သာဝကဗောဓိ တို့ထက် အဓိပတိဉက္ကဋ္ဌ မြတ်ထွတ်လှစွာ သမ္မာ-သမ္ဗောဓိဆုကြီးကို။ ပတ္ထိတာ၊ စိတ်တော်ညွတ်ကာ ရလိုပါဟု ပန်ထွာ တောင့်တအပ်ခဲ့ပါသနည်း ဘုရား။

http://www.dhammadownload.com



ဤအမေးပုစ္ဆာ ပြဿနာသံကား လွန်ခဲ့သောနှစ်ပေါင်း (၂၅၄၇)နှစ် မဟာသက္ကရာဇ် (၁၀၄)ခု ရတုဝသန္တအကုန် ကဆုန်လပြည့်ကျော် (၁) ရက်နေ့က ကပိလဝတ်နေပြည်တော်၏ အထက်ကောင်းကင်ယံမှ ထွက်ပေါ်လာသောအသံ ဖြစ်လေသည်။ ဤပြဿနာသံ၏ ဖြစ်ပေါ်ဟန်သရုပ်ကို အကျဉ်းချုပ်ဖော်ပြပေအံ့····၊

သဗ္ဗညုဗုဒ္ဓ အမည်ရသော သုံးလောကထွတ်ထား မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူသည့် မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ရှေးဦးစွာသော ပဌမဝါကို ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော အရပ်၌ ဝါကပ်တော်မူ၍ ထိုနှစ်ဝါတွင်းမှာ ပဉ္စဝဂ္ဂီ မထေရ်ငါးဦးတို့နှင့်တကွ ယသသူဌေးသားအမှူးပြုသော သူငယ်ချင်း ငါးကျိပ်လေးယောက်တို့ကို အရဟတ္တဖိုလ်ပေါက် ချီးမြှောက်တော်မူပြီး လျှင် ဝါကျွတ်သောအခါ ရဟန္တာခြောက်ကျိပ်ကို လမ်းခရီးတကြောင်း တကြောင်းမှာ ရဟန္တာတပါး တပါးသာကြွ၍ စ-လယ်-အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့်ပြည့်စုံသော တရားစကား ဟောကြားပြသ သာသနာပြုကြရန် စီမံစေလွှတ်တော်မူပြီးသော် ကိုယ်တော်မြတ်တပါးတည်း ဥရုဝေလ ကဿပညီနောင် ရှင်တထောင်တို့ကို ချေချွတ်ရန် ဥရုဝေလ တောမြိုင်ဝသို့ ဒေသစာရီ ကြွချီတော်မူခဲ့လေသည်။

မြတ်စွာဘုရားသည် ဥရုဝေလတောသို့အသွား လမ်းခရီး အကြား၌ ကပ္ပါသိကတောအုပ်သို့အရောက် မိန်းမပျောက်ရှာကြသည့် ဘဒ္ဒဝဂ္ဂီ နောင်ညီမင်းသား သုံးကျိပ်တို့ကို တရားဟော၍ အောက်မဂ်အောက်ဖိုလ်တို့၌ တည်စေတော်မူပြီးခါ ဧဟိဘိက္ခု ရဟန်းအဖြစ်သို့အရောက် ချီးမြှောက်တော်မူခဲ့ပြီး တပါးတည်း ချီကြွ၍ ဥရုဝေလတောအုပ်သို့ရောက်လျှင် တပည့်ရသေ့အခြံအရံ ငါးရာတို့ နှင့် တကွ ဥရုဝေလကဿပ ရသေ့ဆရာကြီးအား ပြာဋိဟာတန်းခိုး အမျိုးပေါင်း (၃၅၀၀) ကျော်ပြ၍ မိစ္ဆာအယူမှ လွတ်မြောက် ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ရောက်အောင် ချီးမြှောက်တော်မူလေသည်။ ထို့နောက် တပည့်ရသေ့ အခြံအရံသုံးရာနှင့်

http://www.dhammadownload.com



တကွ နဒီကဿပ ဆရာရသေ့ တပည့်ရသေ့ အခြံအရံနှစ်ရာနှင့် တကွ ဂယာကဿပဆရာရသေ့တို့ကို အစဉ်အတိုင်း မိစ္ဆာအယူမှ လွတ်မြောက် ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ရောက်အောင် ချီးမြှောက်တော်မူပြီးလျှင် ထိုရသေ့ညီနောင် ရှင်တထောင် တို့အား ဂယာသီသကျောက်ဖျာ၌ အာဒိတ္တပရိယာယသုတ် ဒေသနာဖြင့် အရဟတ္တဖိုလ်၌ တည်စေပြီးသောအခါ ထိုရဟန္တာ တထောင်ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူ လေသည်။

ရာဇဂြိုဟ်ပြည်သို့ ရောက်သည့်နေ့မှာပင် ဘုရင်ဗိမ္ဗိသာရမင်း တရားနှင့်တကွ ပုဏ္ဏားသူကြွယ်ပေါင်း တသိန်းတသောင်းတို့ကို သောတာပတ္တိဖိုလ်သို့ ရောက်အောင်၎င်း၊ ပုဏ္ဏားသူကြွယ်ပေါင်း တသောင်းတို့ကိုကား သရဏဂုံတည်သူ ဥပါသကာအဖြစ်သို့ ရောက်အောင်၎င်း ချီးမြှောက်တော်မူ၍၊ နောက်တနေ့တွင် ဘုရင် ဗိမ္ဗိသာရမင်းတရား ဤဘုရားသာသနာ၀ယ် အစစ္စာလက်မွန် မြေလျှောင်တုန်လှုပ်စေလျက် ဝေဠုဝန်အရာမ်ကြီး မြှောက်ချီးကြည်ဖြူ လှူဒါန်းသည်ကို ခံတော်မူ၍ ထိုအချိန်မှအစပြုကာ ရောက်လာ ရောက်လာကြသော အဂ္ဂသာဝက မဟာသာဝက ပကတိ သာဝကအလျှာ ကျွတ်ထိုက်သူ မိုလ်ပါတို့အား တရားအမြိုက်ဆေး တိုက်ကျွေး ဝေငှနေတော်မူစဉ်····

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ယောက်ျားမိုလ်ပါ အခြံ အရံ တထောင်စီ တထောင်စီဖြင့် အမတ်ကိုးယောက်တို့ကို ကိုးခေါက် ကိုးကြိမ်တိုင် အပင့်လွှတ်ရောက်သော်လည်း တယောက် မျှ သတင်းမပြန် ရဟန္တာချည်းဖြစ်ကြ၍ ဒသမမြောက် ဆယ်ကြိမ်သို့ အရောက်တွင်ကား ဖွားဘက်တော် ကာဠုဒါယီ အတွင်းဝန် အမတ်ကြီးကို ရှေးနည်းအတူ ပင့်စေတော်မူသဖြင့် အခြံအရံ လူတထောင်နှင့်တကွ ကာဠုဒါယီအမတ် ရဟန္တာဖြစ်လတ်၍ သမာပတ် ချမ်းသာဖြင့် အခါကိုကုန်စေကာ ဟေမန္တဥတု လွန်မြောက် နွေဦးသို့ ရောက်လတ်သော် ခြောက်ဆယ့်လေး ဂါထာတို့ဖြင့် သာယာညွှတ်ပျောင်း နေပြည်တော်သို့ ကြွတော်

http://www.dhammadownload.com



မှုရန်အကြောင်းကို တောင်းပန်လျှောက်ထားရကား တပေါင်းလပြည့်ကျော် တရက်နေ့မှ အစပြုကာ တနေ့တနေ့လျှင် တယူဇနာကျ ရဟန္တာနှစ်သောင်း ခြံရံကာလျက် တာရာယှက်သန်း လပြည့်ဝန်းကဲ့သို့ စက်ပန်းတော်နှစ်လီ အ-တုရိတဒေသစာရီ ကြွချီတော်မူခဲ့ရာ မဟာသက္ကရာဇ် ၁၀၄-ခုနှစ်အကြို ကဆုန်လပြည့်ကျော် တရက်နေ့တွင် ကပိလဝတ် နေပြည်တော်သို့ ဆိုက်ရောက်တော်မူလေသည်။

ထိုနေ့မှာပင် သာကီဝင်မင်းအပေါင်းတို့သည် ရှေးက ကြိုတင်တိုင်ပင်စီမံပြီးဖြစ်သည့်အတိုင်း ဘုရားအမှူးရှိသော သံဃာတော်ကို နိဂြောဓာရုံကျောင်းတော်သို့ ကြီးစွာသော အခမ်းအနားဖြင့် ပင့်ဆောင်ပို့သ လိုက်ပါကြလေသည်။ ကျောင်းတော်သို့ ရောက်သောအခါ ဘုရားမြတ်စွာသည် ရဟန္တာနှစ်သောင်းခြံရံလျက် ဗုဒ္ဓါသန ဘုရာ့နေရာထက်ဝယ် ငြိမ်သက်စွာ သီတင်းသုံးနေတော်မူလေသည်။ သာကီဝင်မင်းတို့သည်ကား ဇာတိမာန် ခက်ထန်ကြသဖြင့် "သိဒ္ဓတ္ထမင်းသားသည် ငါတို့အောက် အသက်အရွယ်ငယ်သူဖြစ်သည်၊ ငါတို့၏ ညီငယ်, တူငယ်, မြေးငယ်မျှသာဖြစ်သည်" ဟု ကြံစည်တွေးတောလျက် အသက်ငယ်သော မင်းသားတို့ကို "အမောင်တို့ ရှိခိုးကြ၊ အမောင်တို့နောက်မှ ငါတို့က ထိုင်နေမည်" မာန်ဖိသောစကား အချင်းချင်း ပြောကြားကြလေသည်။

မြတ်စွာဘုရားသခင်သည် သာကီဝင်မင်းတို့၏ ဇာတိမာန်ပြင်းပြ အတွင်းစိတ်ဆန္ဒကို သိမြင်တော်မူပြီးခါ "ဤငါ၏ဆွေမျိုးမာနအိုးတို့သည် ကိုယ်ကျိုးမပြီး အချည်းနှီး အိုမင်းကြသည်ကို စိုးစဉ်းမျှမသိကြကုန်၊ ဘုရားမည်သည် ဤသို့ သဘောရှိစွာ့တကား၊ ဘုရားရှင်တို့၏ အားအစွမ်းမည်သည် ဤသို့ သဘောရှိစွာ့တကားဟု လားလားမျှမသိကြကုန်၊ ကိုင်း....ယခုအခါ ငါဘုရားသည် ဘုရားတို့ခွန်အား စွမ်းပကားကို ထင်ရှားဖော်ပြကာ ရေမီးအစုံအစုံ တန်းခိုးပြာဋိဟာကိုလည်း ပြုပေအံ့၊ အဇဋ္ဌာပြင် မိုးကောင်းကင်၌ စင်္ကြံဝဋ္ဋာပေါင်း တိုက်တသောင်းကျယ်ပြန့်သော ရတနာစင်္ကြံ

http://www.dhammadownload.com



တော်ကြီး ဖန်ဆင်းပြီးလျှင် ထိုရတနာစင်္ကြံ၌ စုန်ဆန်တုံ့ခေါက် စင်္ကြံလျှောက်၍ ရောက်ဆိုက်လာသမျှ ဝေနေယျအား အစ္ဆာ-သယကိုကြည့်ကာ ဓမ္မဒေသနာမိုး ရွာဖြိုးရွာသွန်းပေအံ့'' ဟု ကြံစည်ဆုံးဖြတ်တော်မူလျှင်ပင် စင်္ကြံဝင္ဗာ တိုက်တသောင်းမှ နတ်ဗြဟ္မာအပေါင်းတို့ ကောင်းချီးကြွေးကြော် သာဓုခေါ်ကြလေကုန်သည်။

ထိုအခါ မြတ်စွာဘုရားသည် ကြံစည်တော်မူပြီးသည့် အခြားမဲ့မှာပင် ဩဒါတကသိုဏ်းလျှင် အာရုံရှိသော စတုတ္ထဈာန်သမာပတ်ကို ဝင်စား၍၊ ထိုသမာပတ်မှ ထတော်မူပြီးခါ "စင်္ကြံဝဠာပေါင်း တိုက်တသောင်းအနှံ့ အလင်းရောင်ပြန့်စေသတည်း'' ဟု ခိုင်မြဲစိတ်သန် အဓိဋ္ဌာန်တော်မူသည်နှင့်တပြိုင်နက် အဓိဋ္ဌာန်ချက်အတိုင်း စင်္ကြံဝဠာတိုက်တသောင်း အလင်းရောင်လွှမ်းမွမ်းသြောင်း၍ လူပေါင်းများစွာ နတ်ဗြဟ္မာတို့ ကြည်သာရွှင်လန်းဝမ်းမြောက်ကြကုန်စဉ် အဘိညာဉ် စတုတ္ထဈာန်ဖြင့် မိုးယံသို့ ပျံတက်၍ (၁) အထက်နှင့်အောက် (၂) ရှေ့နောက်ရှုပကာ (၃)ဝဲယာနှစ်ဖော် မျက်စိတော် (၄) နားတော် (၅) နှာတော် (၆)ပခုံးတော် (၇) လက်တော် (၈) နံပါးတော် (၉) ခြေတော် (၁၀) လက်ချောင်း ခြေချောင်းတော်နှင့် အကြားအကြား (၁၁) တဆူတဆူသော မွေးညှင်းတော် (၁၂) တခုတခုသော မွေးညှင်းတွင်းတော် ဤဆယ့်နှစ်ဖော်သော ဌာနအစုတို့၌ ခု-မီးအလျှံ ခု-ရေအယဉ်၊ ခု-ရေအယဉ် ခု-မီးအလျှံ အပြန်ပြန် ပြောင်းလွှဲဖူးတိုင်းဖူးတိုင်း အဆင်ကွဲစေလျက် အံ့အဲ၍မဝ ချီးပ၍မဆိတ်သာကီဝင်မင်းတို့၏ ဦးထိပ်၌ တရိပ်ရိပ်တဖုံဖုံ ကိုယ်တော်မြတ်၏ ခြေတော်မှုန်ကို တသုန်သုန်တဖွဲဖွဲ ကြဲချသည့်ပမာ များစွာလူနတ်ပရိသတ်တို့အလယ်၌ ယမိုက်ပြာဋိဟာကို ကောင်းစွာလှလှ ပြသတော်မူပြီး၍—

အရှေ့အနောက် စင်္ကြံဝဠာတိုက်တသောင်းလွန်မြောက်အောင် အံ့လောက်ညီးညီး ရတနာစင်္ကြံတော်ကြီး ဖန်ဆင်းကာ လူးလာစုန်ဆန် စင်္ကြံတော်ကြွချီလတ်၍ လူနတ်တို့အလိုဆန္ဒ

http://www.dhammadownload.com



အဖွဲ့သာသယနှင့် လိုက်လျောအောင် များစွာသောတရားမိုး ရွေဖြိုး ရွာသွန်းတော်မူနေစဉ်၊ အရှင်သာရိပုတြာ မဟာထေရ်မြတ်သည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူရင်းက ထိုအခြင်းအရာကို ကောင်းစွာမြင်တော်မူလတ်၍ "ဘုရားထံမြတ် ယခုပင် ငါဆည်းကပ်၍ အရပ်ရပ်စုံအလင် အလောင်းတော် တို့၏ လုပ်ငန်းစဉ် ဗုဒ္ဓဝင်ဒေသနာတရား ဟောကြားတော်မူရန် လျှောက်ထား တောင်းပန်မည်"ဟု အကြံတော်ဖြစ်ရှိ၍ မိမိနှင့် အတူနေ မထေရ်ငါးရာ ရဟန္တာတို့ကို မကြာမနှေး ခဏခြင်း စည်းဝေးစေ၍–"ဧထ သမ္မေ ဂမိဿာမ = လာကြ ငါတို့အလုံးစုံ သွားကြစို့၊ ဘုရားထံမှောက် သွားရောက်ဖူးမြော်ပြီးလျှင် ဗုဒ္ဓဝင် စံရှေး အတိတ်ကကျင့်စဉ်အရေးကို မေးမြန်း လျှောက်ထားကြစို့" ဟု နှစ်လိုကြည်ရွှန်း တိုက်တွန်းနှိုးဆော် အပါခေါ်၍ ဝါယော် မှန်တိုင်း အဟုန်ဂိုဏ်းဖြင့်လည်း ပုံနှိုင်း၍မရ အလွန်ပင် လျင်မြန် လှသော ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် ကောင်းကင်မှကြွချီကာ မြတ်စွာ ထံမှောက် ခဏခြင်းဆိုက်ရောက်၍ ချီမြှောက်လက်အုပ် ဖျပ်တုပ် ကော်ရော် ပူဇော်ညွတ်နူး ရှိပန်ဖူးပြီးလျှင် ရှေးဦးအစ ဖော်ပြ ရာပါ "ကီဒိသော တေ မဟာဝီရ၊ အဘိနီဟာရော နရုတ္တမ····" အစရှိသောဂါထာတို့ဖြင့် မြတ်စွာဘုရား၏ ရှေးရှေးဘုရားရှင်တို့ ထံ ဘုရားဆုပန် နိယတဗျာဒိတ်ခံတော်မူခဲ့ပုံများနှင့် ပါရမီဆယ် ပါး အပြားသုံးဆယ်တို့ကို ဘယ်သို့ဘယ်ပုံ ဖြည့်ကျင့်တော်မူခဲ့ သည်များကို အကျယ်ဟောကြားတော်မူရန် အရှင်သာရိပုတြာ မထေရ်မြတ် တောင်းပန်လျှောက်ထား မေးမြန်းအပ်လေသည်။

ထိုအခါ မြတ်စွာဘုရားသည် ရတနာစင်္ကြံ၌ သီတင်းသုံးနေ တော်မူစဉ်ပင်"ဗိတိပါမောဇ္ဇဇနနံ၊ သောကသလ္လဝိနောဒနံ····" အစရှိသော နှစ်ဂါထာတို့ဖြင့် "နှစ်သက် ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ် သောကငြောင့်တံသင်းကို ပယ်ရှင်းတတ် လူနတ် နိဗ္ဗာန် သုံးတန်သောသမ္ပတ္တိချမ်းသာကို ရစေတတ်သည့် ဗုဒ္ဓဝင် ဒေသနာကို ရိုသေစွာနာကြားကြကုန်။ ထိုသို့ နာကြားကြပြီးလျှင် မာန်မာနကိုပယ်ရှားတတ် သောကကိုပယ်ဖျောက်တတ် သံသရာ

http://www.dhammadownload.com



မှ လွတ်မြောက်စေတတ်၍ ခပ်သိမ်းသောဒုက္ခ၏ ကုန်ဆုံးခြင်းကိုပြုတတ်သည့် ဗုဒ္ဓဝင်ဒေသနာတော်လာ ငါ့ဘုရား၏ ကျင့်စဉ်လမ်းကို ကြိုးပမ်းကျင့်ကြံကြကုန်”ဟူ၍ လူနတ်ဗြဟ္မာ သတ္တဝါတို့အား ကရုဏာပြဋ္ဌာန်း တိုက်တွန်းတော်မူပြီးလျှင် (နိဒါန်းနှင့်တကွ) ဂါထာပေါင်း (၁၀၇၀) လေးဘာဏဝါရ=သံဂါယနာတင်သောအခါ လေးကြိမ်လေးသုတ် ရွတ်ဆိုရသည့် ပမာဏရှိသော ဗုဒ္ဓဝင်ဒေသနာကို ကရုဏာရှေ့သွား ဟောကြားတော်မူအပ်လေသည်။

## ဗုဒ္ဓဝင်အဋ္ဌကထာ

အရှင်မဟာကဿပ အစရှိသော ပဌမ ဒုတိယ တတိယ သံဂါယနာတင် ရဟန္တာအရှင်မြတ်တို့ သုတ္တန္တပိဋက ခုဒ္ဒကနိကာယ်အတွင်း ထည့်သွင်းသဂြိုဟ် သံဂါယနာတင်အပ်သည့် ဤဗုဒ္ဓဝင်ပါဠိတော်၏ အဖွင့်သံဝဏ္ဏနာ နှစ်ဆယ့်ခြောက်ဘာဏဝါရ ပမာဏရှိသော အဋ္ဌကထာကို “မဓုရတ္ထဝိလာသိနီ”ဟူသော အမည်ဖြင့် သီဟိုဠ်ကျွန်း အနုရာဓမြို့အရှေ့ စောဠတိုင်း ကာဝီရပဋ္ဋန သင်းဘောဆိပ်ကျောင်းတိုက်၌ သီတင်းသုံးတော်မူသည့် “အရှင်ဗုဒ္ဓဒတ္တ”မထေရ်သူမြတ် ပြုစီရင်တော်မူအပ်လေသည်။

## ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး

ရတနာပူရ စတုတ္ထမြို့တည်နန်းတည် ဘကြီးတော်မင်းတရားလက်ထက် “အာဒိစ္စဝံသာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု” ဘွဲ့တံဆိပ်တော်ရ ငါးခုန်ရွာလျှင် ဖွားရာဇာတိရှိသော ပဌမငါးခုန်ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓဝါဒီ မြန်မာပြည်ဖွား အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ ရေးဆိုအပ်ပြီးသည့် နှစ်သက် ဝမ်းမြောက်ခြင်း သောကငြိမ်းအေးခြင်း စသောအကျိုးတို့ကို ရရှိစေရန် ရည်သန်တောင့်တတော်မူ၍ (ပါဠိတချက်၊ မြန်မာတချက် အနက်ပြန် ရေးနိဿယများ ထင်ရှားရှိပြီးဖြစ်ရကား) နိဿယအသွား ရေးသားတော်မမူပဲ ပါဠိတော်နှင့်အဋ္ဌကထာ နှစ်ဖြာရောစပ်၍ အရေးကြီးသောပါဠိဂါထာ နိဿယတို့ကိုပါ ကြား

http://www.dhammadownload.com



ညွှပ်လျက် ဗုဒ္ဓဝင်ဝတ္ထု စကားပြေသွား ရေးသားတော်မူခဲ့လေသည်။

ထိုဗုဒ္ဓဝင် စကားပြေကျမ်းကြီးကို လွန်ခဲ့သော (၂၅) နှစ်ခန့် (မြန်မာသက္ကရာဇ် ၁၂၉၇-ခု၊ ခရစ်သက္ကရာဇ် ၁၉၃၅-ခုနှစ်)က ရန်ကုန်မြို့ ဇမ္ဗူမိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်မှ "မဟာဗုဒ္ဓဝင် ဝတ္ထုတော်ကြီး"ဟူသောအမည်ဖြင့် ရိုက်နှိပ်ခဲ့ရာ ပဌမတွဲ ဒုတိယတွဲ တတိယတွဲဟူ၍ သုံးတွဲ (သုံးအုပ်)ရှိလေသည်။

## သုဓမ္မဝတီဗုဒ္ဓဝင်ကျမ်း

ဇမ္ဗူမိတ်ဆွေတိုက်မှ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး ရိုက်နှိပ်ပြီး၍ မကြာမြင့်မီ ရန်ကုန်မြို့ သုဓမ္မဝတီပိဋကတ်ပုံနှိပ်တိုက်မှလည်း အယ်ဒီတာဆရာကြီး ဦးထွန်းစိန် တအုပ်တည်းနှင့် ကျမ်းအံ့ပြီး ကာရန်မိရေးသားအပ်သည့် "သုဓမ္မဝတီဗုဒ္ဓဝင်ဝတ္ထုတော်ကြီး" ပေါ်ထွက်လာပြန်လေသည်။

## နိုင်ငံတော်ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်ကျမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်ဆောက်၍ ဤယခု ဆဋ္ဌသံဂါယနာခေတ်သို့ ရောက်သောအခါ မြန်မာနိုင်ငံတော် **ဝန်ကြီးချုပ်ဦးနု**သည် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်အတွက် ရှင်ဖက်လူဖက် ဤနှစ်ဖက်တို့မှ ထိုက်သက်ရာတာဝန် ပုဗ္ဗဘာဂ ပရိကံ အတန်တန်ကို အားသွန်ဆောင်ရွက်နေကြဆဲဖြစ်သည်ကို နှစ်နှစ်နောနော တွေးတောဆင်ခြင်၍ဗုဒ္ဓဝင်ပါဠိတော်အဋ္ဌကထာတို့ကို အရင်းခံပမာနထားပြီးလျှင် ဗုဒ္ဓမြတ်စွာ၏ အကြောင်းအရာ မှန်လျှင် အစုံလင်ဆုံးသော ဗုဒ္ဓဝင်ကျမ်းကြီးတဆူ ဆဋ္ဌသံဂါယနာခေတ်တွင် အသစ်ပေါ်ထွန်းလာရန် ရည်သန်ရိုးရင်း နှလုံးသွင်း ဆန္ဒဖြင့် လွန်ခဲ့သော (၁၃၁၃) ခုနှစ်က မိမိနေအိမ်အတွင်း ဘုရားဝတ်ရှိတော်ကျောင်းအသစ် ဖွင့်လှစ်၍ ရုပ်ပွါးတော်တို့ကို အနေကဇာတင်သော အခမ်းအနားတွင် ဘုန်းကြီးအား ဖော်ပြရာပါ ဗုဒ္ဓဝင်ကျမ်းကြီးတဆူ ရေးသားရန် တောင်းပန်လျှောက်ထားခဲ့လေသည်။

http://www.dhammadownload.com



ထိုအခါ ဘုန်းကြီးက "မကြာမီကျင်းပမည့် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်၌ တိပိဋကရေပုဂ္ဂိုလ်တပါးအဖြစ် ပါဝင်၍ ခန့်အပ်သော တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်ရေးအတွက် ဆဋ္ဌသံဂါယနာအမှီ တိပိဋကရေအဖြစ် ရောက်အောင် အားထုတ်ရန် အရေး ရှိနေပါသေးသည်"ဟု အကြောင်းပြ၍ မဟာဗုဒ္ဓဝင်ကျမ်း ရေးသားရန်ကို ငြင်းဆန်ခဲ့ပေသည်။ မှန်၏....ထိုအချိန်က ဘုန်းကြီးမှာ ဝိနည်းပိဋကကိုသာ ပြန်ဆိုရေးဖြေပြီး အောင်မြင်သေး၍ အဘိဓမ္မာပိဋကကို ပြန်ဆိုရေးဖြေမည့်ဆဲဆဲ ဖြစ်ပေသည်။

## ဆရာအဆက်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်၏ မဆုတ်နစ်သောအာသီသ မလျှော့သောဇွဲလုံ့လဖြင့် ဤမဟာဗုဒ္ဓဝင်ကျမ်း ပေါ်ထွက်ရန်စီမံမှုကြောင့် ရှေးဦးစွာ မေဓာဝီ ဆရာကြီးဦးဆိုင် နာယကအဖြစ် ဆောင်ရွက်၍ တဝက်တပြက်မျှ လ-ပိုင်းကာလဖြင့် ရေးသားစီစဉ်၍ မပြီးမီ၊ ထိုဆရာကြီးလက်မှတဖန် မဟာပညာဗလ ပဋ္ဌမကျော် ဆရာကြီး ဦးကြီးဖေ နာယကအဖြစ် ဆောင်ရွက်ရပြန်လေသည်။ ထိုဆရာကြီးလက်မှလည်း ရှေးနည်းငုံး တဆင့်ကူးပြောင်း၍ (အမ်၊အေ) မဟာဝိဇ္ဇာဘွဲ့ရ အဂ္ဂမဟာပဏ္ဍိတ **ဆရာကြီး ဦးလင်း** လက်သို့ ရောက်ရှိကာ ထိုဆရာကြီး ဦးစီးရေးသားသဖြင့် တနှစ်ခွဲခန့်အကြာ (သုမေဓကထာမှစ၍ ကဿပဗုဒ္ဓဝင် အဆုံးထိ) ပဋ္ဌမတွဲ တအုပ်စာခန့်အပြီးတွင် ဆရာကြီး ဦးလင်း နေတစင်းကား ဂုဏ်သတင်းမျှ အကြွင်းရ၍ တ-သ-နှမြောဖွယ် ကွယ်ဝင်ခဲ့လေပြီ....။

**သင်္ကိစ္စေ အသမတ္တေဝ၊ သဥ္ဆဟန္တိ မဟူ ဇနာ။**
**ယထာလဒ္ဓံ ဘဝံ သာယံ၊ ပုထုဇ္ဇနာန ဓမ္မတာ။**

## ဘုန်းကြီးထံ တာဝန်ကျရောက်ခြင်း

၁၃၁၆-ခုနှစ် နတ်တော်လဆန်း (၁၁)ရက်၊ ၁၉၅၄-ခုနှစ် ဒီဇင်ဘာလ (၆)ရက်နေ့တွင် ဆရာကြီး ဦးလင်း နေတစင်းကွယ်ခဲ့ပြီးနောက် လေးရက်မြောက်သောနေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်

http://www.dhammadownload.com



၏ တိုက်တွန်းတောင်းပန်ချက်အရ ဘုန်းကြီး၏ ရဟန်းဒါယကာ လောကုတ္တရာခမည်းတော် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌ ဆဋ္ဌသံဂါယနာဦးစီး သတိုးသီရိသုဓမ္မ **သူဌေးကြီး ဆာဦးသွင်** ကိုယ်တိုင်လာရောက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဗုဒ္ဓဝင်ကျမ်းကြီး ဦးစီးရေးသားရန် လာရောက် တောင်းပန်လျှင် မငြင်းဆန်ဖို့ အကြောင်း လျှောက်ထားပြီးနောက် ၁၃၁၆-ခုနှစ် ပြာသိုလပြည့်နေ့(၈-၁-၅၅)တွင် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ဘုန်းကြီး ခေတ္တနေထိုင်သည့် သာသနရိပ်သာအတွင်း ဓမ္မရိပ်သာစရပ်သို့ လာရောက်ပြီးလျှင်....

(၁) ဗုဒ္ဓဝင်ကျမ်းကြီးကို ဦးစီးရေးသားရန်၊ ထိုသို့ ရေးသားရာ၌ ဗုဒ္ဓ၏ အကြောင်းအရာမှန်က အစ်ကျသည်မျှ မကျန်ရအောင် ရေးသားရန်၊ စာတအုပ်နှင့် မပြီးလျှင် နှစ်အုပ်၊ နှစ်အုပ်နှင့် မပြီးလျှင် လေးအုပ် ရှစ်အုပ် စသည် ဖြစ်ပါစေ၊ အကြောင်းအရာ စုံလင်ရန်ကိုသာ အဓိက ထား၍ ရေးသားတော်မူပါ။

(၂) ထိုသို့ ရေးသားရာ၌ လူကြီး လူရွယ် လူငယ်တို့နှင့် တကွ ဘာသာခြားများပါ ဗုဒ္ဓ၏အကြောင်းကို နားလည် စိတ်ဝင်စားအောင် ရေးသားတော်မူပါ။

(၃) ဆရာတော်ရေးသားလျှင် ရှင်ရော လူပါ အားလုံး လက်ခံနိုင်ဖွယ်ရာရှိကြောင်း....

တောင်းပန်လျှောက်ထားလေသည်။

၁၃၁၃-ခုနှစ်က တကြိမ်၊ ၁၃၁၅-ခုနှစ်က တကြိမ်၊ ယခု ၁၃၁၆-ခုနှစ်ဘွင်လည်း ခမည်းတော် ဒါယကာကြီးကို တိုက်တွန်း၍ တကြိမ်၊ ကိုယ်တိုင်လာရောက်၍ တကြိမ် ဤသို့ အကြိမ်ကြိမ် တိုက်တွန်း တောင်းပန်အပ်သဖြင့် ငြင်းဆန်ခြင်းငှါ မထိုက်တော့ပဲ ဘုန်းကြီးသည် ဖော်ပြရာပါ ပြာသိုလပြည့်နေ့နံနက် (၈) နာရီ အချိန် "ကောင်းပါပြီ ဒါယကာကြီး....ပါဠိတော်သံဂါယနာတင်

http://www.dhammadownload.com



ကိစ္စပြီးလျှင် မိမိတတ်သိသမျှ မခိုမကပ် ဦးစီးရေးသားပါမည်”ဟု တင်းတင်းပင် ဝန်ခံလိုက်ပြီးနောက် ဝန်ကြီးချုပ်ပြန်၍သွားသော အခါ....

**ယံ ဟိ ကယိရာ တံ ဟိ ဝဒေ၊**
**ယံ န ကယိရာ န တံ ဝဒေ။**
**အကရောန္တံ ဘာသမာနံ၊**
**ပရိဇာနန္တိ ပဏ္ဍိတာ။**

**မလုပ်မပြော၊ လုပ်မှပြော၊ သဘောစင်လှစေ။**
**အပြောသာချို၊ အလုပ်မဲ့၊ ကဲ့ရဲ့မလွတ်ချေ။——**

ဟူ၍ မိမိကိုယ်ကို မိမိ သတိပေး မှတ်ချက်ချခဲ့လေသည်။

## နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှ တောင်းပန်ပြန်ခြင်း

နိုင်ငံတော်ဝန်ကြီးချုပ်ထံ ဝန်ခံပြီးနောက် ရက်များမကြာမီပင် **နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့**မှလည်း ဗုဒ္ဓဝင်ဦးစီးနာယကအဖြစ် ရှက်ဆောင်ရန် တောင်းပန်လျှောက်ထားလေသည်။ ထိုအခါ ဘုန်းကြီးက မိမိလိုလားချက်ဖြစ်သည့် (၁) စေတနာဝန်ထမ်း အဖြစ်ဖြင့်သာ ဆောင်ရွက်ရလျှင်ငင်း၊ (၂)ရုံးကိစ္စအဝဝ ဘုန်းကြီး နှင့် မပတ်သက်စေလျှင်ငင်း၊ (၃) မိမိတတ်သမျှ စာပေကိစ္စတွင် သာ ဦးစီးခွင့်ရလျှင်ငင်း ဤအချက်သုံးချက်ကို အဖွဲ့ကသဘော တူပါလျှင် လက်ခံပြီးဟူ၍ မှတ်ယူစေလိုကြောင်း ပြန်ကြားခဲ့လေ သည်။ မကြာမီရက်အတွင်းမှာပင် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှ အလုပ်ကိစ္စအတွက် တာဝန်ရှိကြသော အယ်ဒီတာချုပ် ဆရာ ဦးဘမို၊ ဗုဒ္ဓဝင်အယ်ဒီတာ ဆရာထွန်း၊ ဗုဒ္ဓဝင်အယ်ဒီတာ ဆရာ ဦးဘသန်းတို့ ရောက်ရှိလာကြပြီး ဆရာတော်၏ လိုလားချက် သုံး ချက်အတိုင်း အဖွဲ့က သဘောတူပါကြောင်း လျှောက်ထားကြ လေသည်။ ထိုအခါ ဘုန်းကြီးက ဆရာထွန်း ဆရာဦးဘသန်း နှစ်ဦးတို့အား “အနာယကာ ဝိနဿန္တိ၊နဿန္တိ ဗဟုနာယကာ = ဦးစီးနာယက မရှိသောအလုပ်များလည်း ပျက်စီးတတ်သည်၊

http://www.dhammadownload.com



ဦးစီးနာယက ဩဇာပေးသူများသော်အလုပ်များလည်း ပျက်စီးတတ်သည်၊ သို့ဖြစ်၍ ဗုဒ္ဓဝင်ကျမ်း ရေးသားခြင်းလုပ်ငန်း မပျက်စီးရအောင် ဘုန်းကြီး နာယကအဖြစ် လက်ခံလိုက်ခြင်း ဖြစ်ပေသည်၊ ဆရာတို့နှစ်ဦးသည် ဆရာကြီးဦးလင်း လက်ထက်က မာတိကာ အစီအစဉ်အတိုင်း တာဝန်ခွဲဝေ၍ ရေးသားမြဲ ရေးသားကြပါ၊ သံဂါယနာပြီးစီးလျှင် ဘုန်းကြီး အချောသတ် ကိုင်ပါမည်”ဟု ပြောဆို၍ နာယကအဖြစ်ကို လက်ခံ စတင်ခဲ့လေသည်။

## ဝန်ကြီးချုပ်၏ တောင်းပန်စာ

ခိုင်ရာသံစွဲ မြဲရာတွင် သံပတ်သကဲ့သို့ နောက်ထပ်၍တဖန် ဝန်ကြီးချုပ်ထံမှ တောင်းပန်လျှောက်ကြားစာ အခိုင်အမာ ရောက်ရှိလာပြန်သည်မှာ—

## နိုင်ငံတော်ဝန်ကြီးချုပ်၏ တောင်းပန်လျှောက်ကြားစာ (မူရင်းအတိုင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ကြီးချုပ်

နေ့စွဲ၊ ၁၉၅၅-ခု ဒီဇင်ဘာလ (၂၈) ရက်၊ အတိတ် သာသနာတော်နှစ် ၂၄၉၉-ခု၊ မြန်မာ သက္ကရာဇ် ၁၃၁၇-ခု နတ်တော်လဆန်း ၁၄ ရက်။

## တောင်းပန်လျှောက်ကြားစာ

ဘုရားတပည့်တော် ရှိသေလေးမြတ်စွာ လျှောက်ကြား တောင်းပန်အပ်ပါသည် “ဗုဒ္ဓသာသန ဝိသိဋ္ဌ တိပိဋကရေ မဟာတိပိဋကကောဝိဒနှင့် ဝိစိတ္တသာရာဘိဝံသ တိပိဋက-ဓရ ဓမ္မဘဏ္ဍာဂါရိက” ဘွဲ့တံဆိပ်တော်ရ အရှင်ဝိစိတ္တ-သာရာဘိဝံသ ဆရာတော်မြတ်ဘုရား၊

http://www.dhammadownload.com



ဗုဒ္ဓေါ ဗုဒ္ဓေါတိ ဃောသော အတိဒုလ္လဘော လောကေ-ဟူ၍ အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာကြီးသည် မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို ထုတ်ဖော်ချီးကျူး အထူးရှိခိုးခြင်း ပြုတော်မူခဲ့ပါသောကြောင့် ဤကမ္ဘာလောကကြီးအတွင်း၌ "မြတ်စွာဘုရား မြတ်စွာဘုရား" ဟူသော အသံမျှကိုပင် ကြားရဖို့ရန် အလွန်ခဲယဉ်းသည်ဟူ၍၎င်း၊ "မြတ်စွာဘုရား မြတ်စွာဘုရား" ဟူ၍ နှုတ်ဖြင့် ရွတ်ဆိုနိုင်ဖို့ရန်မှာလည်း အလွန်ခက်ခဲသည်ဟူ၍၎င်း သိကြရပါသည်။

ဤအရာ၌ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ ရွတ်ဆိုကြသော "မြတ်စွာဘုရား မြတ်စွာဘုရား" ဟူသော အသံကို ဗုဒ္ဓဘာသာဝင် မဟုတ်သော ပုဂ္ဂိုလ်တို့သည် အလွယ်တကူ ကြားသိကြရသော်လည်း မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို မသိ နားမလည်ကြသောကြောင့် ကောင်းစွာ ကြားရသည်ဟု မဆိုနိုင်ပါ။

ဥပမာအားဖြင့်—ဤကမ္ဘာလောကကြီးအတွင်း၌ စကြာမင်းတို့သာ သုံးဆောင်ထိုက်သော မနောမယ ပတ္တမြားရတနာကြီးကို တွေ့မြင်ကြည့်ရှုကြကုန်သော သူတို့အနက် ဤပတ္တမြားရတနာကြီး၏ ထူးခြားပုံ လွန်ကဲ မြင့်မြတ်ပုံတို့ကို မသိကြကုန်သောသူတို့သည် သာမည ကျောက်ရတနာမျိုးကဲ့သို့ သဘောထားကြပါလိမ့်မည်၊ ဤပတ္တမြားရတနာကြီး၏ ထူးခြားပုံ လွန်ကဲမြင့်မြတ်ပုံတို့ကို စုံလင်စွာ သိကြကုန်သောသူတို့မှာမူကား အားရနှစ်ခြိုက်စွာ ဟာမိန့်စိမ့် ကြည့်လျက် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြပါလိမ့်မည်။

ဤအလားတူပင်လျှင် ထိုမနောမယ ပတ္တမြားရတနာကြီးထက် အတိုင်းမသိ အပရိမာဏ ဆဆလွန်ကျူး၍ အထူးသဖြင့် မြင့်မြတ်တော်မူသော ဘုန်းတော် ကံတော်

http://www.dhammadownload.com



ဉာဏ်တော် တန်းခိုးတော်အနန္တ တို့၏ အရှင် သဗ္ဗညုမြတ်စွာဘုရားသခင်တည်းဟူသော အတုလရတနာတော်ကြီး၏ အကြောင်းအရာကို သိရှိနားလည်ကြပါကုန်မူကား ဗုဒ္ဓသာသနာတော်ကြီးကို မကြည်ညိုသေးသောသူတို့အား ကြည်ညိုစေခြင်းငှါလည်း ကြည်ညိုပြီးသောသူတို့အားလည်း အတိုင်းထက် အလွန် သဒ္ဓါတရား တိုးပွါးခြင်းငှါလည်း ကောင်းစွာ ဖြစ်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ပါသောကြောင့်—လောကသုံးပါး၌ အတုမရှိ လွန်ကဲမြင့်မြတ်တော်မူသော ဘုန်းတော် ကံတော် ဉာဏ်တော် တန်းခိုးတော်အနန္တတို့၏ အရှင် သဗ္ဗညုမြတ်စွာဘုရားသခင်၏ အကြောင်းအရာ အဋ္ဌုပ္ပတ်တော် အစဉ် ဗုဒ္ဓဝင်ကျမ်းတော်ကြီးကို သိလို နားလည်လို သိနားလည်စေလိုကြပါသောကြောင့် အကောင်းမွန်ဆုံး အပြည့်စုံဆုံး အစေ့စပ်ဆုံးဖြစ်သော ဗုဒ္ဓဝင်ကျမ်းကြီးကို ဖန်တီးစီရင်တော်မူရန် တောင်းပန်လျှောက်ထားအပ်ပါသည် ဘုရား။

ဤဗုဒ္ဓဝင်ကျမ်းကြီးတွင် တပည့်တော်တို့ အဓိကလိုလားသော အချက်ကြီးတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်—


(၁) ပါဠိ အဋ္ဌကထာ ဋီကာ အနု မဓု ယောဇနာ ဂဏ္ဌိ ဝိနိစ္ဆယ ဂန္ထန္တရ အဝဝတို့၌ လာရှိသည့်အတိုင်း သေးငယ်သည်ဟူ၍လည်း ထိမ်မြုပ်သည်ဟူ၍လည်း နက်နဲသည်ဟူ၍လည်း ခက်ခဲသည်ဟူ၍လည်း အစရှိသည်ဖြင့် တစိုးတစိမျှ မချန်မလှပ် မကြွင်းမကျန် ပါဝင်စေလိုခြင်း၊

(၂) ဂေါတမမြတ်စွာဘုရားသခင် ဝါတော် လေးဆယ့် ငါးဝါပတ်လုံး ဟောကြားတော်မူခဲ့သော သုတ် အဘိဓမ္မာ ဝိနည်းပိဋကတ် တရားတော်တို့ကို အသီးအသီး တသုတ်စီ တသုတ်စီ စသည်ဖြင့် လိုရင်းအကျဉ်းချုပ်ကို ရေးသားစီရင်၍ ပြည့်ဝစုံလင်အောင် ထည့်သွင်းပါဝင်စေလိုခြင်း၊

(၃) ရှေးက ပေါ်ပေါက်ခဲ့ပြီးသော ဗုဒ္ဓဝင်ကျမ်းစာ အစောင်စောင်တို့ထက် သာလွန်ပြည့်စုံ ကုံလုံစေ့စပ်၍ ဖတ်နာမဝ ကြည်ညိုအားရဘွယ် ကောင်းလှသော ဗုဒ္ဓဝင်ကျမ်းကြီး ဖြစ်စေလိုခြင်း၊

(၄) ဂေါတမမြတ်စွာဘုရား သာသနာတော် အနှစ် "နှစ်ထောင့်ငါးရာ"သို့ ရောက်သော အချိန်အခါက တိပိဋကရေမ္မဘာဏ္ဍာဂါရိက အရှင်မြတ် တပါး စီရင်တော်မူခဲ့သော မဟာဗုဒ္ဓဝင်ကျမ်းကြီးဖြစ်သောကြောင့် နောင်လာနောက်သား လူအမျိုးတို့၏ ပစ္စုပ္ပန် တမလွန် နိဗ္ဗာန် အကျိုးစီးပွါးအလို့ငှါ အနာဂတ် သာသနာတော် နှစ်ပေါင်း နှစ်ထောင် ငါးရာတိုင်အောင် သာသနကျောက်တိုင် မော်ကွန်းကြီးအဖြစ်ဖြင့် ပြည့်စုံ စိုက်ထောင်ထားစေလိုခြင်း....

ဤအချက်ကြီးတို့နှင့် ပြည့်စုံကြွယ်ဝသော မဟာဗုဒ္ဓဝင် ကျမ်းထူး ကျမ်းမြတ်ကြီးကို နောင်လာနောက်သား လူအများတို့၏အကျိုးငှါ ငဲ့ညှာထောက်ထား သနားတော်မူသည်ကို အကြောင်းပြု၍ ယထာဗလ ယထာထာမ ဉာဏဝီရိယဖြင့် မြှောက်ချိန်လှစ်ဖွင့် ချီးမြှင့်ရေးသား စီရင်ပေးသနားတော်မူပါမည့်အကြောင်း တောင်းပန်လျှောက်ကြားအပ်ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။



၂၈/၁၂/၉၅

http://www.dhammadownload.com



## ဆရာကြီးဦးလင်း၏ ဉာဏ်တံခွန်

ဖော်ပြရာပါ နိုင်ငံတော်ဝန်ကြီးချုပ်၏ လျှောက်ကြားစာနှင့် မိမိ၏ဝန်ခံချက်တို့အရ ဘုန်းကြီးသည် ၁၃၁၈-ခုနှစ် ပါဠိသံဂါယနာ အောင်ပွဲကြီးနှင့် သာသနာ ၂၅၀၀-ပွဲကြီးများ ပြီးစီးသွား၍ မဟာဗုဒ္ဓဝင်ကို စတင်၍ အချောသတ်စီစဉ်သောအခါ ဆရာကြီး ဦးလင်း အသက်ထင်ရှားရှိစဉ်က ဦးစီးရေးသားခဲ့သည့် ပဌမတွဲ တအုပ်စာ စာမျက်နှာ ၇၀၀-ကျော်ရှိ စာမူများမှာ ဆရာကြီး၏ တသက်တာတွင် ပညာတံခွန် အဆုံးသတ်လွှင့်တင်ခဲ့သည့်ပမာ "အလွန်တရာကျယ်ပွါး၊ မှတ်သားဖွယ်တွေပြည့်နှက်၊ လူသာမန်တို့ အသိခက်သည့်" လေးနက်သော အဓိပ္ပါယ်များ ပါရှိသည်ကို တွေ့ရပေသည်။

မှန်၏···ဆရာကြီး ဦးလင်းသည် ဤမဟာဗုဒ္ဓဝင် ကျမ်းကို ရှေးဦးစွာ စီစဉ်သောအခါ ဗုဒ္ဓဝင်စာသားမျှ အဓိကထား အကျဉ်းအားဖြင့် ရေးသားခဲ့ရာ အဘိယာစက = တောင်းပန်ရင်း ပုဂ္ဂိုလ်ဖြစ်သူ နိုင်ငံတော်ဝန်ကြီးချုပ်က "ကျယ်ချင်သမျှ ကျယ်ပါစေ ဆရာကြီး····ကျွန်တော်များသိရမည့် ဗုဒ္ဓမြတ်စွာ၏ အကြောင်း အရာမှန်သမျှ အပ်ကျသည်ကိုပင် မချန်ထား နောက်သားတို့ အလို့ငှါ အစွမ်းရှိသမျှ ရေးသားတော်မူပါ" ဟု ထပ်၍တဖန် တောင်းပန်သဖြင့် စီမံပြီးသမျှအကျဉ်းစာသား အလုံးစုံပယ်ရှား၍ ဆရာကြီးသည် ဇရိယာပုထ်လေးပါးလုံး ဗုဒ္ဓဝင်စိတ်ဖြင့်သာ အချိန်ကိုကုန်ဆုံးစေလျက် ရုံးသို့ရောက်၍ အလုပ်ခွင်ဝင်သောအခါ မှာလည်း စားပွဲပေါ်သို့ တတောင်နှစ်ဖက်ကို အစုံလိုက်တင် ထောက် တခါတခါတွင် (တောက်) ခေါက် အားရလောက် အောင် လက်သီးနှစ်ဖက်ကို ဆုပ်လျက် မျက်စိကိုမှိတ် အံကိုကြိတ် ပြီးလျှင် စိတ်ပါလက်ပါ နှုတ်မြွက်၍ လက်ရေးတို စာရေးကို အားလပ်ခွင့်မပေးပဲ ရေးသားစေခဲ့ကြောင်း (ထိုစဉ်ကဆရာကြီး၏ အပါးတော်မြဲ) ယခု ဗုဒ္ဓဝင်အယ်ဒီတာ ဆရာထွန်းလျှောက်ထား သဖြင့် ကောင်းစွာ သိရှိရပေသည်။

http://www.dhammadownload.com



## ဤမဟာဗုဒ္ဓဝင်ကျမ်း စီစဉ်ပုံ

ဆိုအပ်ပြီးသည့် လွန်စွာကျယ်ပွါး မှတ်သားဖွယ်ပြည့်နှက် အဓိပ္ပါယ်နဲနက်လှသည့် ဆရာကြီး၏တသက်တာ ပညာတံခွန် အဆုံးသတ် လွှင့်တင်ခဲ့သည့် စာမူတည်းဟူသော ဗဟုသုတ ဘဏ်တိုက်ကြီးကို မူလအစီအစဉ်အတိုင်း ရိုက်နှိပ်စေပါက ဗုဒ္ဓဝင် စာတော်ဖတ် ပရိသတ်တို့၏ ဉာဏ်တွင် အဖတ်ခက် အမှတ်ခက် ရောယှက်ရှုပ်ထွေးလေရာသောကြောင့်—

(၁) ဗုဒ္ဓဝင်စာသားကို သီးခြားစီစဉ်ခြင်း၊

(၂) ဗုဒ္ဓုပ္ပါဒဒုလ္လဘအခဏ်း (၂)ကို အသစ်ပြင်ဆင် စီစဉ်ရေးသား၍ နာယကဆရာတော်များ၏ သဘော တူညီချက် ရပြီးမှ မူအတည်ဖြစ်စေခြင်း၊

(၃) ပကိဏ္ဏက ခဏ်း = ဘုရားဆုပန် ပုဂ္ဂိုလ်တိုင်း လိုက်နာသိရှိ ဖြည့်ကျင့်ရမည့် အကြောင်းအရာ အပြည့် အစုံတို့ကို အသစ်ထည့်သွင်းရေးသားခြင်း၊

(၄) ဗုဒ္ဓဝင်စာသားကို သီးခြားစီစဉ်၍ အဓိပ္ပါယ် အဆုံးအဖြတ် မှတ်သားဖွယ်တို့ကို **"အနုဒီပနီ"**ဟူသော အမည်ဖြင့် ပဌမတွဲ အပိုင်း(၁)၏ နောက်ဆက်တွဲ အဖြစ် အပြည့်အစုံ ဖော်ပြခြင်း၊

(၅) အယူအမှတ် ခဲခက်မည့် စာသုံးဝေါဟာရ အချို့ တို့ကို သိလွယ်သော မြန်မာဝေါဟာရသို့ ပြောင်းလဲ ပြန်ဆိုခြင်း—

စသည်ဖြင့် ဤ**မဟာဗုဒ္ဓဝင်**ကျမ်းကို စီစဉ်ရေးသားအပ်ပေသည်။

ဤမဟာဗုဒ္ဓဝင် ကျမ်းကို နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ စာပုံနှိပ်တိုက်တွင် စက်တင်ပုံနှိပ်သည့်အခါ မဟာပညာဗလ ပါဠိ- ပါမောက္ခ စာပြင်မှူးချုပ် **ဆရာကြီးဆရာဉာဏ်** က(ပရူ) ကြည့်ရှု၍ ကြပ်မစောင့်ရှောက်ကြောင်း။

http://www.dhammadownload.com



## တိုက်တွန်းချက်

ဗုဒ္ဓဝင်စာတော်ဖတ် ပရိသတ်အပေါင်း သူတော်ကောင်းတို့.... ဤမဟာဗုဒ္ဓဝင်ကျမ်း ထွက်ပေါ်လာပုံနိဒါန်းကို ဖော်ပြအပ်ပြီး လေပြီ၊ ဤမဟာဗုဒ္ဓဝင်ကျမ်းကြီးကား ဗုဒ္ဓဝင်ပါဠိတော်အဋ္ဌကထာ စသည့်တို့နှင့် ဘာသာစကား ပါဠိနှင့် မြန်မာမျှသာ ကွဲပြား၍ အဓိပ္ပါယ်အနက်သွားမှာ တသားတည်း ဖြစ်ချေသည်။

ဗုဒ္ဓဝင်စာတော်ဖတ် ပရိသတ်အပေါင်း သူတော်ကောင်း တို့အား မြတ်စွာဘုရား ဟောကြားတော်မူအပ်သည့် (၁)နှစ်သက် ဝမ်းမြောက်ခြင်းအကျိုး၊ (၂) သောကငြိမ်းအေးခြင်းအကျိုး၊ (၃) လူ နတ် နိဗ္ဗာန် သုံးတန်သော သမ္ပတ္တိအကျိုးတို့ကို ပေးစွမ်း နိုင်မည်ကေန် အမှန်ပင်ဖြစ်သောကြောင့် ယခုအခါ ထိုအကျိုး တရားတို့ကို ကိုယ်စီကိုယ်င ခံစားသုံးဆောင်နိုင်ကြရန် ဥယျောဇဉ် ဂါထာသွန်း (ကြည့်ရှု နာယူ မှတ်သားရန်) တိုက်တွန်း၍ ဤ မဟာဗုဒ္ဓဝင်ကျမ်းနိဒါန်းကို အဆုံးသတ်တော့မည်....

**ပါတုဘူတော မဟာဗုဒ္ဓ-**
**ဝံသော ဗုဒ္ဓဂုဏ္ဏဒီပကော။**
**ဗုဒ္ဓဝါဒီနမတ္ထာယ၊**
**တံ နိသာမေထ သာဓဝေါ။**

သာဓဝေါ = ကိုယ်ကျိုးသူကျိုး ဤနှစ်မျိုးကို သည့်ပိုးပြီးစေ ရွက်ဆောင်ပေသဖြင့် စိတ်နေ ပြေ့ပျောင်းအိုသူတော်ကောင်းတို့....။ဗုဒ္ဓဝါဒီနံ = ဗုဒ္ဓဝါဒ လက်ကိုင်ရှိကြသည့် သပ္ပုရိသအပေါင်း သူတော်ကောင်းတို့၏။ အတ္ထာယ = နှလုံးစိတ်ဝမ်း ရွှင်လန်းခြင်းစသောအကျိုးငှါ။ ဗုဒ္ဓဂုဏ္ဏဒီပကော = ဗုဒ္ဓပရမေ သုံးလူ့ဆွေ၏ သုမေဓဘဝ ထိုကစ၍ အဓိကာရ = (အထိကရ) ကုသိုလ်ထူး ဆည်းပူး စဉ်လာ ကြောင်းအရာကို ထင်စွာလှလှ ပြတတ်ပေ တသော။ မဟာဗုဒ္ဓဝံသော = နိုင်ငံတော် ဗုဒ္ဓ

http://www.dhammadownload.com



သာသနာ၏ ဆဋ္ဌသံဂါယနာ ဖွားဖက်တော်အဝင် အပါ မဟာဗုဒ္ဓဝင် မည်တွင်သာဆန်း စာတော်ကျမ်းသည်။ ပါတုဘူတော = ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ဓမ္မဥ္စရ မြိုက်မိဇကို ပျိုးချစေသား လယ်မြေအလားလျှင် ထင်ရှားထွက်ပေါ်ခဲ့လေပြီ။ တံ = တသ္မာ = ထို့ကြောင့်။ တံ = ထိုမဟာဗုဒ္ဓဝင် မည်တွင်သာဆန်း စာတော်ကျမ်းကို။ တုမှေ = ဗောဓိမျိုးမှန် လေးမဂ်ဉာဏ်ကို ရင့်သန်လိုတောင်း သင်သူတော်ကောင်းတို့သည်။ နိသာမေထ = ဝမ်းမြောက်ခြင်းအစ နိဗ္ဗာန်ကျအောင် ဖလဆက်စည် ပွါးလိမ့်မည်ဟု ယုံကြည်သမျှ ဉာဏ်စက္ခုဖြင့် ကြည့်ရှုဖတ်ကြား မှတ်သား နာယူကြပါကုန်လော့။

ဦးဝိစိတ္တသာရာဘိဝံသ

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

၁၃၂၂-ခုနှစ်၊ ဝါဆိုလဆန်း (၇) ရက်နေ့။

http://www.dhammadownload.com

http://www.dhammadownload.com

# နိုင်ငံတော်ဗုဒ္ဓသာသနာ-မဟာဗုဒ္ဓဝင်

## ပဉ္စမတွဲ (ပဉ္စမပိုင်း)


| မာတိကာ | | စာမျက်နှာ |
|---|---|---|
| ၁-ပဏာမနှင့် ပဋိညာဉ် | .... | ၁ |
| ၂-ဗုဒ္ဓပုပ္ပါဒဒုလ္လဘအခန်း | .... | ၃ |
| (က) ဗောဓိသတ္တ = (အလောင်းအလျာကြီးများ) | | ၅ |
| (ခ) ဗောဓိသတ္တကိစ္စ = (အလောင်းအလျာကြီးတို့၏ လုပ်ငန်းစဉ်) | | ၁၂ |
| (ဂ) ဗုဒ္ဓ = (ကိစ္စပြီးမြောက် ဗုဒ္ဓအဖြစ်သို့ရောက်တော်မူကြသော ပုဂ္ဂိုလ်သူမြတ်ကြီးများ) | | ၂၃ |
| (ဃ) ဗုဒ္ဓကိစ္စ = (မြတ်စွာဘုရား၏လုပ်ငန်းစဉ်) | | ၂၄ |
| ၃-သုမေဓဗြာဟ္မဏအခန်း | .... | ၃၀ |
| ၄-သုမေဓတောထွက်ခန်း | .... | ၄၂ |
| ၅-ဗျာဒိတ်ခန်း | .... | ၅၇ |
| ၆-ပါရမီတော်ဆင်ခြင်ခန်း | .... | ၈၀ |
| (က) ဒါနပါရမီ | .... | ၈၄ |
| (ခ) သီလပါရမီ | .... | ၈၅ |
| (ဂ) နေက္ခမ္မပါရမီ | .... | ၈၆ |
| (ဃ) ပညာပါရမီ | .... | ၈၇ |
| (င) ဝီရိယပါရမီ | .... | ၈၈ |
| (စ) ခန္တီပါရမီ | .... | ၈၉ |
| (ဆ) သစ္စာပါရမီ | .... | ၉၀ |
| (ဇ) အဓိဋ္ဌာနပါရမီ | .... | ၉၂ |
| (ဈ) မေတ္တာပါရမီ | .... | ၉၄ |
| (ည) ဥပေက္ခာပါရမီ | .... | ၉၅ |

http://www.dhammadownload.com



မာတိကာ စာမျက်နှာ

**အနုဒီပနီ = ထပ်မံဖွင့်ပြချက်**

စကားဦးပလ္လင် .... [ က ]
ပါရမီမည်ကြောင်း .... [ကာ]
အဓိမုတ္တိမရဏ .... [ ကိ ]
ကပ် = ကပ္ပအကြောင်း .... [ ကီ ]
အမရဝတီခေါ်ကြောင်း .... [ကား]
အသံဆယ်ပါး .... [ ခ ]

၄-သုမေဓာတောထွက်ခဏ်း .... [ ခါ ]

စကြာအပြစ်ငါးပါး .... [ ခါ ]
သမဏသုခ (၈) ပါး .... [ ခါး ]
လှုဝတ်ပုဆိုးအပြစ် (၉)ပါး .... [ ခါး ]
သျှောင်တေသင်္ကန်း၏ဂုဏ်ကျေးဇူး (၁၂)ပါး [ ဂါ ]
သစ်သားသုံးခွ .... [ ဂီ ]
ရေကရားနှင့်ထမ်းပိုး .... [ ဂီ ]
အဇိနစမ္မ = သစ်နက်ရေ .... [ ဂီ ]
ဇဋ္ဋာ,ဇဋ္ဌာမဏ္ဍလ = ဆံကျစ်နှင့်ဆံကျစ်ဝန်း [ ဂေ ]
ရသေ့ရှစ်မျိုး .... [ဂေါ်]
သစ်ရွက်မိုးကျောင်း၏အပြစ်ရှစ်ပါး .... [ ဃိ ]
သစ်ပင်ရင်း၏ဂုဏ်ဆယ်ပါး .... [ ဃု ]

၅-ဗျာဒိတ်ခဏ်း .... [ဃေ]

ဗျာဒိတ်နှင့်စပ်၍မှတ်ဖွယ် .... [ဃော]
ကဆုန်လနှင့်ညောင်ရေလောင်းပုံအမျိုးမျိုး [ ငဲ ]
နိမိတ်နှင့်စပ်၍မှတ်သားဖွယ် .... [ ငါး ]
နိမိတ်ထင်ပုံနှင့်စပ်၍ မှတ်ဖွယ် .... [ စာ ]

http://www.dhammadownload.com



မာတိကာ


| မာတိကာ | | စာမျက်နှာ |
|---|---|---|
| ၆-ပါရမီတော်ခန်း | .... | [ဍူ] |
| (က) ဒါနပါရမီ | .... | [ဍူ] |
| (ခ) သီလပါရမီ | .... | [ဍျူ] |
| (ဂ) နေက္ခမ္မပါရမီ | .... | [ဗိ] |
| (ဃ) ပညာပါရမီ | .... | [ဖံ] |
| (င) ဝီရိယပါရမီ | .... | [ဘု] |
| (စ) ခန္တီပါရမီ | .... | [မူ] |
| (ဆ) သစ္စာပါရမီ | .... | [ယူ] |
| (ဇ) အဓိဋ္ဌာနပါရမီ | .... | [သော်] |
| (ဈ) မေတ္တာပါရမီ | .... | [ဋွာ] |
| (ည) ဥပေက္ခာပါရမီ | .... | [ကျိ] |


မဟာဗုဒ္ဓဝင် ပဌမတွဲ(ပဌမပိုင်း)

မာတိကာ ပြီး၏။

http://www.dhammadownload.com

http://www.dhammadownload.com

# နိုင်ငံတော်ဗုဒ္ဓသာသန

# မဟာဗုဒ္ဓဝင်

## ပဌမတွဲ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

### ၁–ပဏာမနှင့် ပဋိညာဉ်

လောကသုံးပါး၌ မြဟ္မာနတ်လူတို့တွင် တူသောသူ ဟူ၍ မရှိစကောင်း လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဦးခေါင်း ညွတ်လျှိုး ကိုးကွယ်ဆည်းကပ်ရာ မြတ်စွာဘုရား အချင်းချင်း သာလျှင် (အသက်တမ်းပမာဏ၊ လုံးရပ်ပမာဏ၊ အမျိုးအနွယ်၊ ဒုက္ကရစရိယာကျင့်ရာကာလ၊ ရောင်ခြည်တော်၊ တောထွက်သော အခါ စီးနင်းသည့်ယာဉ်၊ ဗောဓိပင်၊ ပလ္လင်တော်ပမာဏ၊ ဤ ရှစ်မျိုးမှတပါး) အလုံးစုံသော ဘုန်းတန်းခိုးအာနုဘော် ကျေးဇူးတော် ဂုဏ်တော်တို့မှာ တစုံတရာ ထူးထွေခြင်းမရှိ ပကတိ မခြား ရှေးရှေးသော ဘုရားရှင်တို့၏ အလားအလာအတိုင်း

http://www.dhammadownload.com



အဏ္ဏုန်တရာ ဖြစ်ပွင့်ခဲ့စွာဖြင့် ဖြစ်ပွင့်တော်မူလာသော **မြတ်စွာဘုရားကိုရင်း**....ထိုမြတ်စွာဘုရားသည်ပင် ကြည်လင်လှစွာသော သဗ္ဗညုတဉာဏ် ထက်သန်လှစွာသော မဟာကရုဏာတို့ဖြင့် သတ္တဝါတို့အကျိုးလည်း ကောင်းစွာဟောကြား ကိုယ်တော်တိုင်လည်း အလွန်ဆေးစားတော်မူအပ်သော **တရားတော်ကိုရင်း**.... ထို တရားတော်မြတ် ပဋိပတ် ကျင့်စဉ် အတိုင်း ကောင်းမွန်ဖြောင့်မတ်စွာ ကျင့်သဖြင့် ဘုရားသားတော်စင်စစ် ဖြစ်တော်မူကြသော **အရိယာသံဃာတော်မြတ်ကိုရင်း** ...ရှိသေမြတ်နိုး ရှိခိုးပါ၏။

ရှိခိုးပြီး၍ ရှေးအခါက ဂင်္ဂါလို သဲစုမက ပွင့်တော်မူကြလေပြီးသော မြတ်စွာဘုရားတို့အနက် ဂေါတမဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ နိယတဗျာဒိတ် ခံယူတော်မူရာ ဒီပင်္ကရာ မြတ်စွာဘုရားမှ စ၍ နှစ်ကျိပ်ငါးဆူသော မြတ်စွာဘုရားတို့၏ ဖြစ်ပွင့်တော်မူခဲ့သော အစီအစဉ် မဟာဗုဒ္ဓဝင်ကို ဗုဒ္ဓဝံသပါဠိ အဋ္ဌကထာတို့ကို အရင်းထား၍ တပါးသောပါဠိအဋ္ဌကထာများမှလည်း သိမှတ်သင့်သော အကြောင်းအရာများကိုပါ စွမ်းနိုင်သမျှ ဆောင်ယူကာ မကျဉ်းမကျယ် မလွယ်မခက် အလတ်စားဖြစ်သော စကားအစဉ်ဖြင့် စီရင်ရေးသားပေအံ့။

ကောင်းမှုပညာ ဖွေရှာလိုလား သူတော်စင်အများတို့သည် လောကသုံးပါး၏ ပတ္တမြားမှန်ကင်းသဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရားကို ကိုးစားယုံကြည်ခြင်း တည်းဟူသော **ဗုဒ္ဓသရဏဂုံ**....တရားတော်ကို ကိုးစားယုံကြည်ခြင်း တည်းဟူသော **ဓမ္မသရဏဂုံ**....သံဃာတော်ကို ကိုးစားယုံကြည်ခြင်း တည်းဟူသော **သံဃသရဏဂုံ**....တို့ကို အခြေခံခိုင်လုံစေပြီးလျှင် ကျင့်စဉ်လမ်းဖြစ်သော **သီလ သမာဓိ ပညာ** သိက္ခာသုံးပါး တို့ကို ကောင်းမွန် ဖြောင့်မတ်စွာ ဖြည့်စွမ်းလျက် မဂ်ဖိုလ်နိဗ္ဗာန်လမ်း ပေါက်လွယ်ကြပါစေသတည်း။

http://www.dhammadownload.com



## ၂-ဗုဒ္ဓုပ္ပါဒဒုလ္လဘအခန်း

### မြတ်စွာဘုရား ပွင့်တော်မူရာကာလ၏ ရခဲကြီးခဲခြင်း

ဇေတဝန်ကျောင်းဒါယကာ ဖြစ်အံ့ဆဲဆဲသော အနာထပိဏ် သူဌေးသည် ရှေးဦးစွာ မြတ်စွာဘုရားကို ဖူးတွေ့ရမည့် အခေါက် ရာဇဂြိုဟ်ပြည်သို့ အရောက်တွင် (အပြန်အလှန် သမီးယောက်ဖ တော်စပ်သူ) ရာဇဂြိုဟ်သူဌေးအထံမှ "မြတ်စွာ ဘုရား" ဟူသောအသံကို ကြားရလျှင်ပင်။ ။ဃောသောပိ ခေါ သော ဂဟပတိ ဒုလ္လဘော လောကသ္မိံ ယဒိဒံ ဗုဒ္ဓေါ ဗုဒ္ဓေါတိ = သူဌေးမင်း ... မြတ်စွာဘုရား မြတ်စွာဘုရား ဟူသော အသံမျှကိုပင်သော်လည်း လောက၌ ကြားရခဲလှ၏။ ။ဟု ပြောဆို လေသည်။ ။(ဝိနယ၊ စူဠဝဂ္ဂပါဠိ၊ သေနာသနက္ခန္ဓကမှ။)

အင်္ဂုတ္တရာပတိုင်း အာပဏနိဂုံး၌ မြတ်စွာဘုရား သီတင်း သုံးနေတော်မူစဉ် မကြာမြင့်မီပင် အခြီအရံတပည့်ပရိသတ် သုံးရာ နှင့်တကွ ဟေဘိက္ခု၊ ရဟန်းအဖြစ်ကို ရ၍ ခုနစ်ရက်မြောက်၌ အလုံးစုံ တပည့်ပရိသတ် သုံးရာနှင့်တကွပင် ရဟန္တာအဖြစ်သို့ ရောက်မည့်မြာဟ္မဏပါမောက္ခ သေလပုဏ္ဏားသည်လည်း ဆံကျစ် ထုံးသော ကေဏိယရသေ့အထံမှ "မြတ်စွာဘုရား" ဟူသော အသံ ကို ကြားရလျှင်ပင်။ ။ဃောသောပိ ခေါ သော ဒုလ္လဘော လောကသ္မိံ ယဒိဒံ ဗုဒ္ဓေါ ဗုဒ္ဓေါတိ = မြတ်စွာဘုရား မြတ်စွာ ဘုရား ဟူသော အသံမျှကိုပင်သော်လည်း လောက၌ ကြားရခဲ လှ၏။ ။ဟု အကြံဖြစ်လေသည်။ ။(မဇ္ဈိမနိကာယ၊ မဇ္ဈိမပဏ္ဏာသ၊ သေလသုတ်မှ။)

ဤဆိုအပ်ပြီးသော ပါဠိတော်များနှင့်အညီ လောက၌ မြတ်စွာ ဘုရား မြတ်စွာဘုရား ဟူသောအသံကိုမျှ ကြားရဘို့ရန် အလွန် တရာ ခဲယဉ်းလှ၏။ မြတ်စွာဘုရား ဖြစ်ပွင့်တော်မူဘို့ရန်မှာမူ ဆိုဘွယ်ရာ မရှိပြီ။ အလွန့်ထက်အလွန် ခဲယဉ်းလှပေ၏။

http://www.dhammadownload.com



ဤအရာ၌ (စိန်) ဟူသော အသံသဒ္ဒါသည် စိန်အစစ်ကို ခေါ်ဝေါ်ပြောဆိုသော အသံသဒ္ဒါ, စိန်အတုကို ခေါ်ဝေါ် ပြောဆိုသော အသံသဒ္ဒါ ဟူ၍ နှစ်မျိုးရှိသကဲ့သို့ ထိုထို အနက်စစ်ကို ဟောသော အသံသဒ္ဒါ, အနက်တုကို ဟောသော အသံသဒ္ဒါ နှစ်မျိုးစီရှိကြရာတွင် မြတ်စွာဘုရား ပွင့်ထွန်းတော်မမူမီက ဗုဒ္ဓကောလာဟလ = (ဘုရား ပွင့်တော့မည်တဲ့ ဟူသော အုတ်အုတ်ကျက်ကျက်အသံ) သတင်းပြေးမှုကြောင့် ဘုရားမဟုတ်ပါပဲလျက် မိမိတို့ ကိုယ်ကို ဘုရားသမ္ဗုဒ္ဓအမည်ခံ၍ ဘုရားပြုလုပ်နေကြသည့် ဆသတ္ထာရ(တိတ္ထိဆရာကြီးခြောက်ဦး)တို့ ပေါ်ပေါက်နှင့် ကြသဖြင့် ထိုတိတ္ထိဆရာကြီးတို့ကို ခေါ်ဝေါ်ပြောဆိုသုံးနှုန်း သော(ဗုဒ္ဓ)"ဘုရား"ဟူသော အသံသဒ္ဒါကို အနာထပိဏ် သူဌေး သေလပုဏ္ဏားတို့ ရှေးက ကြားဘူးကြမည်သာ ဖြစ်၏။ သို့သော်လည်း ရတနာစစ်မစစ်ကို ပိုင်းပိုင်းခြား ခြား သိနိုင်သော ပညာဉာဏ် ဓာတ်ခံရှိသူ၏ မျက်မှောက် ၌ စိန်အတု စိန်အစစ် နှစ်မျိုးကို ချထား၍ နှစ်မျိုးလုံး ကိုပင် ( စိန် )ဟု အသံသဒ္ဒါတူ ပြောဆိုသော်လည်း စိန်အတုကို ပြောဆိုသော အသံသဒ္ဒါမှာ ထိုသူ၏ စိတ်ကို မနှစ်သက်စေနိုင်ပဲ စိန်အစစ်ကို ပြောဆိုသော (စိန်)ဟူ သော အသံသဒ္ဒါကသာလျှင် အနက်မှန် သဒ္ဒါမှန်ဖြစ်၍ ထိုသူ၏ စိတ်ကို နှစ်သက်စေနိုင်သကဲ့သို့ ထို့အတူ တိတ္ထိ ဆရာကြီးတို့ကို ခေါ်ဝေါ်ပြောဆို သုံးနှုန်းသော (ဗုဒ္ဓ) "ဘုရား"ဟူသော အသံသဒ္ဒါမှာ ဘုရားအစစ်ကို မဟော၊ ဘုရားအတုကို ဟောသော သဒ္ဒါမျိုးဖြစ်သောကြောင့် အသိဉာဏ် ပါရမီ ဓာတ်ခံ ရင့်သန်ပြီး ဖြစ်ကြသည့် အနာထပိဏ်သူဌေး သေလပုဏ္ဏားတို့၏ စိတ်ကို မနှစ် သက်စေနိုင်ပဲ မြတ်စွာဘုရားအစစ်ကို ဟောသော(ဗုဒ္ဓ) "ဘုရား" ဟူသော အသံသဒ္ဒါကသာလျှင် အနက်မှန် သဒ္ဒါမှန်ဖြစ်၍ အနာထပိဏ်သူဌေး သေလပုဏ္ဏားတို့၏ စိတ်ကို နှစ်သက်စေနိုင်သည်။

http://www.dhammadownload.com



အသိဉာဏ်မဲ့ ဘုန်းကံနဲသော သူတို့၏ စိန်အတုကို စိန်အစစ်ဟု ထင်မှတ်ခြင်းသည် မှားယွင်းသော ဆုံးဖြတ်ခြင်း အကျိုးယုတ်စေတတ်သော ဆုံးဖြတ်ခြင်း မျိုးသာ ဖြစ်သကဲ့သို့ တိတ္ထိတပည့်တို့၏ မိမိတို့ဆရာ (ဆသတ္ထာရ) တို့၌ ဘုရားအစစ်ဟု ထင်မှတ်ခြင်းသည်ကား မှားယွင်းသော ဆုံးဖြတ်ခြင်း အကျိုးယုတ်စေတတ်သော ဆုံးဖြတ်ခြင်း(မိစ္ဆာဓိမောက္ခ)သာလျှင် ဖြစ်၏။

ဤဗုဒ္ဓုပ္ပါဒဒုလ္လဘ = (မြတ်စွာဘုရား ပွင့်တော်မူရာကာလ၏ ရခဲကြီခဲခြင်း)ကို ဖော်ပြသောအခဏ်း၌ ဗုဒ္ဓုပ္ပါဒဒုလ္လဘဖြစ်ပုံကို နှစ်နှစ်နောနော သဘောကျ ယုံကြည်နိုင်ရန်—

(က) ဗောဓိသတ္တ = (အလောင်းအလျာကြီးများ)

(ခ) ဗောဓိသတ္တကိစ္စ = ( အလောင်းအလျာကြီး တို့၏လုပ်ငန်းစဉ်)

(ဂ) ဗုဒ္ဓ = (ကိစ္စပြီးမြောက် ဗုဒ္ဓအဖြစ်သို့ရောက်ပြီး ပုဂ္ဂိုလ်မြတ်ကြီးများ)

(ဃ) ဗုဒ္ဓကိစ္စ = (ဗုဒ္ဓ မြတ်စွာ၏ နေ့စဉ် လုပ်ငန်း ရပ်များ)

ဤလေးမျိုးကို အကျဉ်းချုပ် သိမှတ်ထားရန် အရေးကြီးလှ၏။ ထိုလေးမျိုးတို့တွင်—

## (က) ဗောဓိသတ္တ = (အလောင်းအလျာကြီးများ)

မဂ်ဉာဏ်လေးပါး သဗ္ဗညုတဉာဏ်တို့ကို ဗောဓိဟု ခေါ်သည်။ ထိုဗောဓိဉာဏ်သည်လည်း (၁) ဆရာမကူ မိမိကိုယ်တိုင် သစ္စာ လေးပါးကို သိသော ဝါသနာနှင့်တကွ ကိလေသာတို့ကို ပယ်စွမ်းနိုင်သည့် သတ္တိထူးရှိသော မဂ်ဉာဏ်လေးပါး၊ ခပ်သိမ်း သော ဉေယျတရားတို့ကို အကြွင်းမရှိ သိမြင်နိုင်သော သဗ္ဗညုတ ဉာဏ်တို့ကို သမ္မာသမ္ဗောဓိဉာဏ်ဟု ခေါ်သည်။ (၂) ဆရာမကူ မိမိကိုယ်တိုင် သစ္စာလေးပါးကို သိသော မဂ်ဉာဏ်လေးပါးကို

http://www.dhammadownload.com



ပစ္စေကဗောဓိဉာဏ်ဟု ခေါ်သည်။ (၃) ဆရာရှိမှ သစ္စာလေးပါးကို သိသော မဂ်ဉာဏ်လေးပါးကို သာဝကဗောဓိဉာဏ်ဟု ခေါ်သည်။ ဤသို့ သုံးပါးအပြားရှိ၏။

ထိုတွင် (၁) သမ္မာသမ္ဗောဓိဉာဏ်၌ လိုလားတောင့်တသော ကုသိုလ်ဆန္ဒ မြင်းထန်လှသည့် ပုဂ္ဂိုလ်သူမြတ်ကြီးများကို သမ္မာသမ္ဗောဓိသတ္တ = သမ္ဗုဒ္ဓဘုရားအလောင်း ဟူ၍ ခေါ်ဆို၏။ (၂) ပစ္စေကဗောဓိဉာဏ်၌ လိုလားတောင့်တသော ကုသိုလ်ဆန္ဒ ပြင်းထန်လှသည့် ပုဂ္ဂိုလ်သူမြတ်ကြီးများကို ပစ္စေကဗောဓိသတ္တ = ပစ္စေကဗုဒ္ဓါအလောင်း ဟူ၍ ခေါ်ဆို၏။ (၃) သာဝကဗောဓိဉာဏ်၌ လိုလားတောင့်တသော ကုသိုလ်ဆန္ဒ ပြင်းထန်လှသည့် ပုဂ္ဂိုလ်သူမြတ်ကြီးများကို သာဝကဗောဓိသတ္တ = တပည့်သာဝကအလောင်း ဟူ၍ ခေါ်ဆို၏။

## ဘုရားအလောင်းအလျာ သုံးမျိုး

ဆိုအပ်ပြီးသော ဗောဓိသတ္တသုံးမျိုးတို့တွင် (၈) **သမ္မာသမ္ဗောဓိသတ္တ** ဖြစ်သော ဘုရားအလောင်းအလျာ သူမြတ်ကြီးများကား (၁) ပညာဓိကဘုရားလောင်း (၂) သဒ္ဓါဓိကဘုရားလောင်း (၃) ဝီရိယာဓိကဘုရားလောင်း ဟူ၍ သုံးမျိုး ရှိကြပြန်၏။

ဘုရားအဖြစ်ဟူသည် သဗ္ဗညုတဉာဏ်တော်ကြီးကို ရခြင်းပင် ဖြစ်၏။ ထိုဉာဏ်တော်ကြီးကို ရဘို့ရန်မှာ ရှာမှီးသူတို့၏ စိတ်သန္တာန်တွင် ပညာဓာတ်ခံ လွန်ကဲစွာ ရှိခြင်းပင် ဖြစ်၏။ ပညာဓာတ်ခံ လွန်ကဲစွာ ရှိခြင်းဟူသည်လည်း အရာရာတိုင်း ပြုသမျှ ပြောသမျှ ကြံသမျှတို့၌ ဝေဖန်ဆင်ခြင်စဉ်းစားမှု ပြုလုပ်ခြင်းပင် ဖြစ်၏။ ဤသို့ ပြုလုပ်သဖြင့် တဘဝထက်တဘဝ ပညာဓာတ်ခံ ရင့်သန်ကာ ပညာတကာတို့ထက် အထွတ်အထိပ် ဖြစ်သော သဗ္ဗညုတဉာဏ်တော်ကြီးသို့ ပေါက်ရောက်လွယ်၏။ လောက၌ ငွေဖြင့် ရင်းနှီး၍ ရှာမှ ငွေကို ရလွယ်သကဲ့သို့ ပညာဖြင့် ရင်းနှီး၍ ရှာမှ သဗ္ဗညုတဉာဏ် ပညာကြီးကို ရလွယ်သည်။ သို့ဖြစ်၍—

http://www.dhammadownload.com



ပညာဓိကဟု ခေါ်သော ဉာဏ်ပညာလွန်ကဲသည့် ဘုရားအလောင်းတော်များသည် ပါရမီဖြည့်ရာ၌ အမြင်ပညာဉာဏ် ပါရှိပြီး ဖြစ်သည့်အတွက် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီ ဖြည့်လျှင် ဘုရားဖြစ်တော်မူကြ၏။

အချို့သောအလောင်းတော်တို့သည်ကား....."ပါရမီဖြည့်လျှင် ဘုရားဖြစ်နိုင်သည်" ဟူ၍ ယုံကြည်ကြ၏။ ထိုအလောင်းတော်တို့၏ စိတ်၌ ယုံကြည်ခြင်းသဒ္ဓါတရား လွန်ကဲ၍နေ၏။ ပညာကား သဒ္ဓါတရားအောက် နည်းပါးလေသည်။ ထိုအလောင်းတော်ကြီးများကို သဒ္ဓါဓိကဘုရားအလောင်းဟု ခေါ်သည်။ (သဒ္ဓါတရားသာလျှင် လွန်ကဲခြင်းရှိသော အလောင်းတော်ဟု ဆိုလိုသည်)။ ဤ သဒ္ဓါဓိကဘုရားအလောင်းတော်များမှာ ပညာက ရှေ့မဆောင်နိုင်ပဲ သဒ္ဓါတရားကသာ ရှေ့ဆောင်ကာ ပါရမီဖြည့်ရသည့်အတွက် လေးအသင်္ချေနှင့် ကမ္ဘာတသိန်းတွင် ဘုရားမဖြစ်နိုင်သေးပဲ ရှစ်အသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်မှ ဘုရားဖြစ်တော်မူကြ၏။

အချို့သော အလောင်းတော်တို့သည်ကား....ဝီရိယကိုသာ အားကိုးအားထား ပြုကြ၏။ မြော်မြင်ဆင်ခြင်မှု ပညာကိုလည်း အဓိကအားဖြင့် အသုံးမပြုနိုင်၊ "ပါရမီဖြည့်လျှင် ဘုရားဖြစ်နိုင်သည်"ဟူသော ယုံကြည်ခြင်း သဒ္ဓါတရားကိုလည်း ဂရုမထား၊ "ကြိုးစားလျှင် ဘုရားဖြစ်မည်"ဟူသော ဝီရိယကိုသာ ရှေ့ထား၍ ပါရမီတော်တို့ကိုဖြည့်ကျင့်သည့်အတွက် ပဆယ့်ခြောက်အသင်္ချေနှင့်ကမ္ဘာတသိန်းကြာမှ ဘုရားဖြစ်တော်မူကြသည်။ထိုအလောင်းတော်ကြီးများကို ဝီရိယာဓိကဘုရားအလောင်း ဟု ခေါ်သည်။ (ဝီရိယသာလျှင် လွန်ကဲခြင်းရှိသော အလောင်းတော် ဟု ဆိုလိုသည်။)

ဤသို့လျှင် ပညာဓိက, သဒ္ဓါဓိက, ဝီရိယာဓိက ဟူသော အမည် သုံးပါးသည် ဘုရားအလောင်းတော်တို့၏ အမည် ဟု သတိပြုရာ၏။ သတိမပြုလျှင် ဘုရားရှင်တို့၏အမည် ဟု မှတ်ထင်နေတတ်ကြ၏။ အလောင်းတော်ဘဝ၌ ပညာဓိက, သဒ္ဓါဓိက, ဝီရိယာဓိက

http://www.dhammadownload.com



အမည်သုံးပါး ကွဲပြားသော်လည်း ဘုရားဖြစ်သောအခါ အလုံးစုံ တူညီကြ၏။ မည်သည့်ဘုရားက ဂုဏ်ကျေးဇူး ပိုသည် လိုသည်ဟူ၍ မရှိတော့ပြီ။

> ပညာဓိကာနံ ဟိ သဒ္ဓါ မန္ဒာ ဟောတိ၊ ပညာ တိက္ခာ။ သဒ္ဓါဓိကာနံ ပညာ မဇ္ဈိမာ ဟောတိ၊ သဒ္ဓါ ဗလဝါ။ ဝီရိယာဓိကာနံ သဒ္ဓါပညာ မန္ဒာ၊ ဝီရိယံ ဗလဝံ။ ။( သုတ္တနိပါတ အဋ္ဌကထာ၊ ခဂ္ဂဝိသာဏ ပဌမသုတ် အဖွင့်။)

**အထူးမှတ်ရန်ကား**—ပညာဓိကဘုရားလောင်းတို့မှာ သဒ္ဓါ နုန့်၍ ပညာထက်သည်။ သဒ္ဓါဓိက ဘုရားလောင်းတို့မှာ ပညာ အလယ်အလတ်ဖြစ်၍ သဒ္ဓါအားကြီးသည်။ ဝီရိယာဓိက ဘုရား လောင်းတို့မှာ သဒ္ဓါပညာ နှစ်ပါးနုန့်၍ ဝီရိယ အားကြီးသည်။

## ဘုရားအလောင်းတော်များ သုံးမျိုးပြားခြင်း၏ အခြေခံအကြောင်းရင်း

ဆိုအပ်ပြီးသော အတိုင်း ဘုရားအလောင်းတော် ကြီးများ သုံးမျိုးပြား၍ ကာလအားဖြင့် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း, ရှစ်အသင်္ချေနှင့် ကမ္ဘာတသိန်း, တဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတသိန်းကြာအောင် ပါရမီတော်တို့ကို ဆည်းပူးရာ အချိန် ကာလ ကွဲပြားခြားနားရခြင်း၏ အခြေခံအကြောင်းရင်းမှာ— ရှေးအခါ မြန်မာနိုင်ငံတော်တွင်ကဗျာဘက်၌ ထင်ပေါ်ကျော်စော သော အရှင်သီလဝံသမထေရ်မြတ်သည် ပါရမီခဏ်းပျို့၌—

> "ရှင်တို့ကျင့်ကောင်း၊ ဘုရားလောင်းတို့၊ ဆုတောင်း သောစဉ်၊ ညဉ့်ဝီရိယာ၊ သဒ္ဓါဓိက၊ သုံးမည်ရလျက်၊ ကာလသုံးကြိမ်၊ ကျွတ်ထောက်ချိန်၍"—

ဟု စပ်ဆိုတော်မူခဲ့၏။

**အဓိပ္ပါယ်မှာ**—ဘုရားအလောင်းတော်များ ပါရမီဖြည့်ကျင့် ရခြင်းသည် မိမိတို့၏ ဆုတောင်းသို့လိုက်၍ အစဉ်အတိုင်း

http://www.dhammadownload.com



ပညာဓိက,ဝီရိယာဓိက,သဒ္ဓါဓိက ဟူ၍ အမည်သုံးပါး ကွဲပြားလျက် ကျွတ်ရာ (ဘုရားဖြစ်ရာ) အချိန်ကာလလည်း သုံးမျိုးပင် ကွဲပြားသည်။ ပါရမီဖြည့်စဉ် ပညာဓိကဘုရား ဖြစ်ရပါလို၏ဟု ဆုတောင်းက ပညာဓိကဘုရား ဖြစ်၏၊ လေးအသင်္ချေနှင့် ကမ္ဘာတသိန်းကြာအောင် ပါရမီတို့ကို ဖြည့်ရ၏။ သဒ္ဓါဓိကဘုရား ဖြစ်ရပါလို၏ဟု ဆုတောင်းလျှင် ရှစ်အသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတို့ကို ဖြည့်ရ၍ သဒ္ဓါဓိကဘုရား ဖြစ်ရ၏။ ဝီရိယာဓိကဘုရား ဖြစ်ရပါလို၏ဟု ဆုတောင်းလျှင် တဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတို့ကို ဖြည့်ရ၍ ဝီရိယာဓိကဘုရား ဖြစ်ရ၏ ဟု ဆိုလိုသည်။ ။ဤလက်ာအရ ပညာဓိက စသော အမည် သုံးပါးမှာ မြတ်စွာဘုရားများ၏ အမည်ဖြစ်သည် ဟု ယူဆရမည် ကဲ့သို့ ရှိ၏။ စင်စစ်မှာ ရှေးက ပြခဲ့ပြီးသောအတိုင်း ပညာဓိက စသော အမည်သုံးပါးမှာ ဘုရားအလောင်းတော်တို့၏အမည်သာ ဖြစ်သည် ဟု သိမှတ်အပ်၏။

စရိယာပိဋကအဋ္ဌကထာ ပကိဏ္ဏကကထာ အဖွင့်၌လာသော တပါးသော (အပရေ) ဆရာတို့၏ အလိုအားဖြင့် အလောင်းတော် တို့၏ ဝီရိယထက်သည်, အလယ်အလတ်ဖြစ်သည်, နုန့်သည်၏ အစွမ်းဖြင့် ပါရမီဖြည့်ရာကာလ သုံးမျိုးသုံးစား ပြားရသည် ဟု ဆိုလို၏။ ။(ဤ အလိုသော် ပညာဓိကဘုရား အလောင်း တော်မှာ ဝီရိယထက်သောကြောင့် လေးအသင်္ချေနှင့် ကမ္ဘာ တသိန်းသာ ပါရမီဖြည့်ရသည်ဟု အဓိပ္ပါယ် ရောက်ရကား ပညာဓိကဘုရားအလောင်းနှင့် ဝီရိယာဓိက ဘုရားအလောင်း ရောယှက်ခြင်း သက်ရဒေါသအပြစ်မှ မလွတ်နိုင်ရာ။)

အဋ္ဌကထာဆရာတော် အရှင်မဟာဓမ္မပါလ မထေရ်မြတ်တို့ နှစ်သက်တော်မူသော ဝါဒမှာ—ဝိမုတ္တိပရိပါစနီယခေါ်သော တရားတို့၏ ထက်သည်, အလယ်အလတ်ဖြစ်သည်, နုန့်သည်၏ အစွမ်းဖြင့် ပါရမီဖြည့်ရာကာလ ကွဲပြားခြားနားခြင်းဖြစ်ရသည်။

ရှုဦးအံ့....ဘုရားဆုပန် နိယတဗျာဒိတ်ခံစဉ်ကပင် အလောင်း တော်ကြီးများသည် (၁) ဥဃ္ဃဋိတညူ အလောင်းတော် (၂)ဝိပဉ္စိ

http://www.dhammadownload.com



တည့ အလောင်းတော် (၃) နေယျအလောင်းတော်ဟု သုံးမျိုး ပြားကြကုန်သည်။ ထိုတွင်—

(၁) **ဥဂ္ဃဋိတညူ ဘုရားအလောင်းတော်မှာ** အကယ်၍ သာဝကဗောဓိဉာဏ်ကို ထိုဘဝ ရယူလိုပါက မြတ်စွာဘုရား အထံတော်မှ လေးပါဒရှိသော တရားဂါထာကို ကြားနာစဉ် တတိယပါဒ မပြီးဆုံးမီပင် အဘိညာဉ်ခြောက်ပါး ပဋိသမ္ဘိဒါ လေးပါးတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်ခြင်း ရခြင်းငှါ စွမ်းနိုင်သော ဥပနိဿယ အကြောင်းရှိသူ ဖြစ်၏။ (ဗျာဒိတ် ရကြောင်း အင်္ဂါရှစ်ပါးတို့တွင် ဟေတုအကြောင်းကိုဆိုလိုသည်။)

(၂) **ဝိပဉ္စိတညူ ဘုရားအလောင်းတော်မှာ** အကယ်၍ သာဝကဗောဓိဉာဏ်ကို ထိုဘဝ ရယူလိုပါက မြတ်စွာဘုရားအထံ တော်မှ လေးပါဒရှိသော တရားဂါထာကို ကြားနာစဉ် စတုတ္ထ ပါဒ မပြီးဆုံးမီ (ဂါထာမဆုံးမီပင်) အဘိညာဉ်ခြောက်ပါးတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက်ခြင်းရခြင်းငှါ စွမ်းနိုင်သော ဥပ နိဿယအကြောင်းရှိသူ ဖြစ်၏။

(၃) **နေယျဘုရားအလောင်းတော်မှာ** အကယ်၍ သာဝက ဗောဓိဉာဏ်ကို ထိုဘဝ ရယူလိုပါက မြတ်စွာဘုရားအထံတော်မှ လေးပါဒရှိသော တရားဂါထာကို ကြားနာ၍ ထိုဂါထာဆုံးလျှင် ပင် အဘိညာဉ်ခြောက်ပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက် ခြင်းရခြင်းငှါ စွမ်းနိုင်သော ဥပနိဿယအကြောင်းရှိသူ ဖြစ်၏။

ဆိုအပ်ပြီးသောအတိုင်း ဥဂ္ဃဋိတညူဘုရားအလောင်းတော် မှာ ဝိမုတ္တိပရိပါစနီယတရားများ ထက်သန်လှသဖြင့် ဗျာဒိတ် ရပြီးနောက် လေးအသင်္ချေနှင့် ကမ္ဘာတသိန်းကြာအောင်သာ ပါရမီတို့ကို ဖြည့်ကျင့်ရသည်။ ဝိပဉ္စိတညူဘုရားအလောင်းတော် မှာ ဝိမုတ္တိပရိပါစနီယတရားများ အလယ်အလတ်ရှိသဖြင့် ဗျာဒိတ် ရပြီးနောက် ရှစ်အသင်္ချေနှင့် ကမ္ဘာတသိန်းကာလကြာအောင် ပါရမီတို့ကို ဖြည့်ကျင့်ရသည်။ နေယျဘုရားအလောင်းတော်မှာ ဝိမုတ္တိပရိပါစနီယတရားတို့ နုန့်သည်ဖြစ်၍ ဗျာဒိတ်ရပြီးနောက်

http://www.dhammadownload.com



တဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတသိန်း ကာလကြာအောင် ပါရမီတို့ကို ဖြည့်ကျင့်ရသည်။

ဥဃ္ဃဋိတညူဘုရားအလောင်းနှင့် ပညာဓိကဘုရားအလောင်း အတူတူပင် ဖြစ်သည်။ ဝိပဉ္စိတညူဘုရားအလောင်းနှင့် သဒ္ဓါဓိက ဘုရားအလောင်း, နေယျဘုရားအလောင်းနှင့် ဝီရိယာဓိကဘုရား အလောင်း အတူတူပင် ဖြစ်သည်။

## ဆိုအပ်ပြီးသော ကာလထက် စော၍ ဘုရားမဖြစ်နိုင်ကြောင်း

သုံးလ လေးလ ငါးလ လွန်မှ ရင့်ရိုး မှည့်ရိုးရှိသော ကောက်မျိုးသည် သိုထိုသုံးလ လေးလ ငါးလအချိန်သို့ မရောက်သေးပဲ နေ့စဉ်နေ့စဉ် အကြိမ်အရာအထောင် ရေလောင်း ပေါင်းသင် ပြုပြင်စေကာမူ ကောက်သား မဝင်နိုင်ခြင်း, အခက် အရွက် (စိတ်အလိုရှိသလောက်) မကြီးပွါးမပြန့်ပြောနိုင်ခြင်း, မရင့် ကျက်ခြင်း ဟူသော အကြောင်းကြောင့် တဆယ့်ငါးရက် တလ အတွင်း မည်သည့်နည်းနှင့်မျှ စပါးအသီး မပြီးစီးနိုင် မပြည့်စုံ နိုင်သကဲ့သို့ ထို့အတူ ဘုရားအလောင်းတော် သုံးမျိုးတို့မှာလည်း ဗျာဒိတ်ရပြီးသည့်နောက် နေ့စဉ် နေ့စဉ် ဝေဿန္တရာမင်း၏ အလှူနှင့်တူသော အလှူကြီးမျိုးကို ပေးလှူတော်မူကြစေကာမူ ထိုအလှူဒါနအား လျော်ကပတ်သော သီလစသော ပါရမီတို့ကို ဖြည့်ကျင့်စေကာမူ သဗ္ဗညုတ ဉာဏ်ပညာအသား မဝင်နိုင်ခြင်း, မပြန့်ပြောခြင်း မရင့်ကျက်ခြင်းတို့ကြောင့် ကမ္ဘာတသိန်း အလွန် ရှိသော လေးအသင်္ချေ, ရှစ်အသင်္ချေ, တဆယ့်ခြောက်အသင်္ချေ မပြည့်မီ အတွင်းဝယ် အဘယ်နည်းနှင့်မျှ သဗ္ဗညုတဉာဏ်တော် အသီး ပြီးစီးအောင်မြောက် ရင့်ကျက် ပြည့်စုံခြင်း တည်းဟူသော ဘုရားအဖြစ်သို့ ရောက်တော်မမူနိုင်ကြသည်ကိုလည်း သိမှတ် ရာ၏။

http://www.dhammadownload.com



## (စ) ဖောဓိသတ္တကိစ္စ = (အလောင်းအလျာကြီးတို့၏ လုပ်ငန်းစဉ်)

ရတနာကို အလိုရှိရုံမျှဖြင့် အလုပ်မလုပ်ပဲ ရတနာကို မရနိုင်၊ ကြိုးစားအားထုတ် အလုပ်ကို လုပ်မှသာလျှင် အလိုရှိရာ ရတနာကို ရနိုင်သကဲ့သို့ ရှေးဆိုအပ်ပြီးသော ဗောဓိဉာဏ်သုံးပါးကို အသီးအသီး အလိုတော်ရှိကြသော ဗောဓိသတ္တ = ( အလောင်းအလျာ)သုံးမျိုးတို့မှာလည်း တောင့်တအပ်သော ဗောဓိဉာဏ်ကို ရရာရကြောင်း ဖြစ်သော ပါရမီ စာဂ စရိယ တရားတို့ကို ပွါးများအားထုတ်မှသာ အလိုရှိအပ်သော ဗောဓိဉာဏ်ကို ရတော်မူကြ၏။

အရင်းအနှီး ဥစ္စာများစွာ စိုက်ထုတ်၍ သူမတူတန်အောင် အားထုတ်သောပုဂ္ဂိုလ်၊ အလယ်အလတ် စိုက်ထုတ်၍ အလယ်အလတ် အားထုတ်သောပုဂ္ဂိုလ်၊ အနည်းအပါး စိုက်ထုတ်၍ အနည်းအပါး အားထုတ်သောပုဂ္ဂိုလ်သုံးမျိုးတို့ အမြတ်အစွန်း အကျိုးတရားကို ရရှိရာ၌ ခြားနားခြင်း ထူးပြားခြင်း ရှိသကဲ့သို့ ထို့အတူ (ဗောဓိပရိပါစက ခေါ်သော) ဗောဓိဉာဏ်ကို ရင့်သန်စေတတ်သည့် ပါရမီ စာဂ စရိယတရားတို့ကို အားထုတ်မှုတည်းဟူသော အရင်းအနှီးဥစ္စာ အခြေခံတရားတို့ အမြတ်အများ, အလယ်အလတ်, အနည်းအပါးသို့ လိုက်၍ ဗောဓိဉာဏ်တည်းဟူသော အမြတ်အစွန်း အကျိုးတရားကို ရရှိရာ၌လည်း ခြားနားခြင်း ထူးပြားခြင်း ရှိလေသည်။

**ရှိပုံမှာ**–(၁) သမ္မာသမ္ဗောဓိသတ္တ တည်းဟူသော သဗ္ဗညုဘုရားအလောင်းတော်တို့မှာ နိယတဗျာဒိတ် = (ဤသူကား ဤမည်သောကမ္ဘာ၌ ဤအမည်ဖြင့် ဘုရားစင်စစ် ဖြစ်လတ္တံ့–ဟု တဆူဆူသောဘုရားရှင်က မိန့်ကြားခြင်း)ကို မခံရမီ ရှေးအခါ ကာလကပင် စိတ်ဖြင့်သာ ဘုရားဆုကို တောင်းတော်မူခဲ့၍ ကုသိုလ်အထူး ဆည်းပူးခဲ့သည်မှာ–

http://www.dhammadownload.com



"အဟာမ္ဟိ ပုဗ္ဗဗုဒ္ဓေသု၊ ဗုဒ္ဓတ္တမဘိပတ္ထယိံ။
မနသာယေဝ ဟုတွာန၊ ဓမ္မရာဇာ အသင်္ခိယာ"။

ဟူသော အပဒါနကျမ်းလာ ဗုဒ္ဓါပဒါန ပါဠိတော်ကိုထောက်ဆ၍ မရေမတွက်နိုင်အောင် များလှသော ဘုရားအဆူဆူတို့ထံ၌ စိတ်ဖြင့်သာ ဘုရားဆုကို တောင်းခဲ့ရသည်ဟု ဆိုသဖြင့် ကမ္ဘာ ဤမျှ ရေတွက်၍မရအောင် ကာလရှည်လျားစွာ ဘုရားဆုကို စိတ်ဖြင့် တောင်းတော်မူကြရသည်ဟု သိသာလှပေ၏။

ယင်းသို့ စိတ်ဖြင့် မရေမတွက်နိုင်သော ဘုရားအဆူဆူတို့ထံ ဘုရားဆုကိုပန်၍ ဘုရားဖြစ်ရန် ကုသိုလ်အထူးကို ကာလရှည်လျား စွာဆည်းပူးခဲ့သဖြင့် နိယတဗျာဒိတ် ခံယူနိုင်လောက်အောင် အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော (သုမေဓာရှင်ရသေ့၏ ဘဝမျိုးကဲ့သို့သော) ဘဝ၌ သက်တော်ထင်ရှား မြတ်စွာဘုရား တဆူဆူ၏ အထံ၌ နိယတဗျာဒိတ်ကို ခံယူတော်မူရသည်။ ။(အင်္ဂါရှစ်ပါး နောက်၌ ထင်ရှားလတ္တံ့။)

ဤ၌—**အဘိနီဟာရ** ခေါ်သော (ဘုရားအဖြစ်ကို ရဘို့ရန် စိတ်ကို ရှေးရှုဆောင်ခြင်း) ဘုရားဆုကို တောင်းခြင်းကို ခွဲခြား၍ မှတ်သားအပ်၏။ မှတ်သားပုံမှာ—ဘုရားအလောင်းတော်များ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောဘဝသို့ မရောက်သေးမီ စိတ်ဖြင့်သာ အဆူဆူသောဘုရားတို့ထံ၌ ဘုရားဆုကိုပန်ခဲ့ခြင်း အဘိနီဟာရ ကား ပြီးစီးအောင်မြောက် ဗောဓိသတ္တ =(ဘုရားအလောင်း တော်)ဟု ဆိုနိုင်လောက်အောင် မပြည့်စုံသေး။

အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသည့် (သုမေဓာရှင်ရသေ့၏ ဘဝမျိုး ကဲ့သို့သော) ဘဝသို့ရောက်ရှိ၍ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံခြင်းကို အခြေခံအကြောင်းရင်းပြုပြီးလျှင် နောက် (သုမေဓာဆုတောင်း ခန်း) ၌—

"ဣမိနာ မေ အဓိကာရေန၊ ကတေန ပုရိသုတ္တမေ။
သဗ္ဗညုတံ ပါပုဏိတွာ၊ တာရေမိ ဇနတံ ဗဟုံ"။

http://www.dhammadownload.com



သမ္ဗုဒ္ဓမြတ်စွာဘုရား၏ အသက်ကိုပင်သော်လည်း မငဲ့မကွက် ရက်ရက်စွန့်လှူ ငါ ယခုပြုမူအပ်သော အဓိကာရကောင်းမှု ဤ ကုသိုလ်ကြောင့် ငါသည် သမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်၍ များစွာသော သတ္တဝါအပေါင်းကို ကယ်တင် နိုင်လို၏–ဟု ပြဆိုလတ္တံ့သော ဘုရားဆုကိုပန်ခြင်း အဘိနီဟာရမျိုးမှသာလျှင် နိယတဗျာဒိတ် ခံနိုင်လောက်အောင် ပြည့်စုံသော ဘုရားဆု ပန်ခြင်း အဘိနီဟာရ ဟု ဆိုရလေသည်။

ထိုပြည့်စုံသော ဘုရားဆုပန်ခြင်း အဘိနီဟာရ-အရကိုလည်း မကြီးအပ်မကြီးစည်နိုင်သော ဘုရားဂုဏ်ကိုရင်း, အတိုင်းမသိသော သတ္တလောက၏ အစီးအပွါးကိုရင်း, အာရုံပြု၍ဖြစ်သော ပါရမီ ၁၀ စရိယ တရားတို့၏ အကြောင်းရင်းအခြေခံ မနှိုင်းယှဉ်နိုင် လောက်အောင် အစွမ်းသတ္တိ ကြီးမားလှသည့် မဟာကုသိုလ် စိတ္တုပ္ပါဒ်အထူးဟူ၍ မှတ်ယူအပ်၏။

ယင်းသည့် ဘုရားဆုပန်ခြင်း အဘိနီဟာရ မဟာကုသိုလ် စိတ္တုပ္ပါဒ်အထူး ဖြစ်သည်နှင့်တပြိုင်နက် အလောင်းတော်သည် သမ္ဗုဒ္ဓတဉာဏ်သို့ ရောက်ကြောင်း အကျင့်ပဋိပတ်လမ်းစဉ်သို့ သက်ရောက်တော်မူသည် မည်တော့၏၊ ဧကန်မချွတ် ဘုရား ဖြစ်လတ္တံ့သောကြောင့် ဗောဓိသတ္တ = (ဘုရားအလောင်းတော်) ဟူသောအမည်ကို ရတော်မူလေ၏။ ထို အလောင်းတော်မြတ်အား ဆိုအပ်ပြီးသည့် ပြည့်စုံအောင်မြောက်သော ဘုရားဆုပန်ခြင်း အဘိနီဟာရ မဟာကုသိုလ်စိတ္တုပ္ပါဒ်အထူးဖြစ်သည်နှင့်တပြိုင်နက် ပင် သမ္ဗုဒ္ဓတဉာဏ်၌ အကြွင်းမရှိ အပြည့်အစုံ လိုလားတောင့်တ ခြင်း ကုသိုလ်ဆန္ဒသည်ရင်း, သမ္ဗုဒ္ဓတဉာဏ်ကိုရခြင်း၏အဆောက် အဦဖြစ်သော ပါရမီ ၁၀ စရိယတရားတို့ကို သူမတူတန်အောင် ဖြည့်ကျင့်ခြင်းငှါ စွမ်းနိုင်ခြင်းသည်ရင်း တည်ရှိလေတော့၏။

ဆိုအပ်ပြီးသော စိတ္တုပ္ပါဒ်အထူး ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံခြင်း ကြောင့်ပင် အလောင်းတော်ကြီးများသည် သမ္ဗုဒ္ဓတဉာဏ်ကို ရရှိခြင်း၏ ရှေ့ပြေး နိမိတ် ဖြစ်သော ဆရာမကူ မိမိအလိုလို

http://www.dhammadownload.com



ထိုးထွင်း၍ သိနိုင်သည့်ပါရမီပဝိစယ = (ပါရမီတို့ကိုဆင်ခြင်စိစစ် စဉ်းစားတတ်သော)ဉာဏ်စသည်ဖြင့် မဖောက်မပြန်အမှန်အတိုင်း အကြွင်းမရှိ ပါရမီတော်တို့ကို ဆင်ခြင်ခြင်း ဆောက်တည်ခြင်း အမှု ပြုတော်မူကြပြီးလျှင် အစဉ်အတိုင်း ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူကြကုန်၏။

ယင်းသို့ ဘုရားဆုပန် နိယတဗျာဒိတ် ခံယူတော်မူပြီးသည် နောက် အလောင်းတော်ကြီးများသည်—

"စတဿော ဟိ ဗောဓိသမ္ဘာရေသု ဘာဝနာ သဗ္ဗ-သမ္ဘာရဘာဝနာ နိရန္တရဘာဝနာ စိရကာလဘာဝနာ သက္ကစ္စဘာဝနာ စာတိ"....

အစရှိသော စရိယာပိဋကအဋ္ဌကထာ နိဒါနကထာ အဖွင့်နှင့် အညီ (၁) သဗ္ဗသမ္ဘာရ ဘာဝနာ (၂) နိရန္တရ ဘာဝနာ (၃)စိရကာလဘာဝနာ (၄)သက္ကစ္စဘာဝနာ ဟူသော ဘာဝနာ လေးမျိုးတို့ဖြင့် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရယူဘို့ရန် အဆောက်အဉီဖြစ်သော ပါရမီ ၁၀ စရိယ တရားတို့ကို သူ မတူတန်အောင် မနေမနား ပွါးများအားထုတ်တော်မူကြကုန်၏။ ထို ဘာဝနာလေးပါးတို့တွင်—

(၁) ပါရမီတို့ကို တခုမကျန် အလုံးစုံ ဖြည့်ကျင့်ခြင်းကို သဗ္ဗသမ္ဘာရဘာဝနာ ဟု ခေါ်သည်။ ။(၂) အနည်းဆုံး လေး အသင်္ချေနှင့် ကမ္ဘာတသိန်း၊ အလတ် ရှစ်အသင်္ချေနှင့် ကမ္ဘာ တသိန်း၊ အလွန် တဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတသိန်းတို့ ကာလပတ်လုံး တဘဝမျှ အကြားအလပ်မရှိစေပဲ ဖြည့်ကျင့် ပွါးများခြင်းကို နိရန္တရဘာဝနာဟုခေါ်သည်။ ။(၃) အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာတသိန်းအောက် တကမ္ဘာမျှ မယုတ် မလျော့စေရပဲ ကာလရှည်လျားစွာ ပါရမီတို့ကို ဖြည့်ကျင့် ပွါးများခြင်းကို စိရကာလဘာဝနာ ဟု ခေါ်သည်။ ။(၄)ပါရမီ တို့ကို ဖြည့်ကျင့်ရာ၌ ရိုသေစွာ ဖြည့်ကျင့်ခြင်းကို သက္ကစ္စဘာဝနာ ဟု ခေါ်သည်။

http://www.dhammadownload.com



## အစလောင်းတော်ကြီးများ၏ နှလုံးရည်

ဘုရားဆုပန် နိယတဗျာဒိတ် ခံတော်မူပြီးကြသော အလောင်းတော်ကြီးများသည် ဘ၀ တည်းဟူသော ခရီးခက် ခရီးခဲ၌ ကျရောက်၍ ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခ,လူ့ပြည်လောက၌ အသတ်ခံရခြင်း အနှောင်အဖွဲ့ခံရခြင်း အစရှိသော ဒုက္ခ, အာဟာရရှားမှီးရခြင်းလျှင် အကြောင်းရင်းရှိသော ဒုက္ခ, အပါယ်ဆင်းရဲဒုက္ခစသော ဆင်းရဲဒုက္ခအမျိုးမျိုးတို့ဖြင့် ကျိုးပဲ့ပျက်စီး မခံသာအောင် နာကျည်း၍ ဒုက္ခသည်းစွာ ရောက်ရှိနေသော ကိုးရာမဲ့ ပုန်းရာမဲ့ သတ္တဝါအပေါင်းတို့ကို မြင်တော်မူ၍ ထိုသတ္တဝါတို့အတွက် မဟာကရုဏာဖြင့် ပြင်းထန်စွာ နှလုံးတော်တုန် လှုပ် တော်မူ ကြ၏။ ယင်းသည့် မဟာကရုဏာတော်၏ နှိုးဆော်တိုက်တွန်းချက်ကြောင့်ပင် ဉာဏ်ပညာမရှိ အကဏ်းအတိ ဖြစ်သော ထို လူအပေါင်း၏ မိမိတို့အပေါ် ကျူးကျော်ဖိစီး လွှမ်းမိုးနှိပ်စက်၍ လက် ခြေ နား နှာ ဦးခေါင်းကိုဖြတ်ခြင်း အစရှိသော ပြစ်မှားမှုအတွက် ဖြစ်ပေါ်လာသမျှ ဆင်းရဲဒုက္ခကို သည်းခံတော်မူကြ၍ အမြဲမပြတ် ကာလရှည်လျားစွာ သနားခြင်း ကရုဏာကိုသာ ပွါးတော်မူကြ၏။

**ပွါးတော်မူကြပုံမှာ**····ငါ၏အပေါ်ဝယ် မလျော်ဖောက်ပြား ပြစ်မှားခြင်းကို ပြုသော ဤသူတို့ဖြင့် အဘယ်မှုစအံ့နည်း၊ ငါကား ဤ သူတို့ကိုပင် ဝဋ်ဆင်းရဲမှ လွတ်စေအံ့ဟု ကြံစည်၍ ပါရမီတို့ကို အားထုတ် ဖြည့်ကျင့်သူ စင်စစ် မှန်၏။ မောဟ၏ အာနုဘော်ကား ကြီးလှ၏တကား၊ တဏှာလောဘ၏ အားအစွမ်းကား ကြီးလှ၏တကား၊ ငါသို့စဉ် ခပ်သိမ်းသော သတ္တဝါတို့ကို သံသရာဆင်းရဲမှ လွတ်စေဘို့ရန် အားထုတ်သော သူအားပင်သော်လည်း ဤသူတို့သည် လောဘ မောဟ ဖိစီးသဖြင့် သို့စဉ်ကြီးမားသော ပြစ်မှားမှုကို ပြုရှာကြမိ၏၊ ထိုသို့ ပြုမှားခြင်းဟူသော အကြောင်းကြောင့်လည်း ထိုသူတို့အား ကြီးစွာသော ဆင်းရဲဒုက္ခ ဖြစ်ပေလိမ့်မည်။ (ယင်းသို့ ထိုသူတို့အတွက် မဟာ

http://www.dhammadownload.com



ကရုဏာနှလုံး သုံးတော်မူကြပြီးလျှင်—) ဤသို့ လောဘ မောဟ အဖိစီးခံနေရ၍ အနိစ္စကိုပင် နိစ္စ, ဒုက္ခကိုပင် သုခ, အနတ္တကိုပင် အတ္တ, အသုဘကိုပင် သုဘ ဟု အထင်အမြင် မှားနေကြသော ဤသတ္တဝါတို့ကို ဘယ်ပုံဘယ်နည်းဖြင့် အကြောင်းနှင့်တကွသော ဆင်းရဲဒုက္ခမှ ထုတ်ဆယ် ကယ်တင်ရပါမည်နည်း ဟု ကယ်တင်နိုင်ကြောင်း ဥပါယ်ကောင်းကိုသာ ရှာဖွေ စဉ်းစားတော်မူကြ၏။

ထိုသို့ ရှာဖွေ စဉ်းစားတော်မူကြသောအခါ သည်းခံခြင်း ခန္တီတရားသည်သာလျှင် ထိုသတ္တဝါတို့အား ဘဝအနှောင်အဖွဲ့မှ ငါလွတ်စေနိုင် ကယ်ချွတ်နိုင်မည့် နည်းလမ်း ဥပါယ်ကောင်းတည်း ဟု ယထာဘူတ အမှန်အတိုင်း သိတော်မူကြပြီးလျှင် အလောင်းတော်ကြီးများသည် ထိုထို သတ္တဝါတို့ ကိုယ်တော်မြတ်တို့အပေါ်၌ မလျော်ပြစ်မှား လက်ခြေကိုဖြတ်ခြင်း အစရှိသည်ကို ပြုကြငြားသော်လည်း အနည်းအပါးမျှ အမျက်ထွက်တော်မမူကြပဲ "ရှေးက ပြုမှားခဲ့သော မကောင်းမှု အကုသိုလ်ကံ အစွမ်းကြောင့် ဤယခု ဆင်းရဲကို ငါရအပ်လေသည်၊ ငါကိုယ်တိုင်ကပင် ရှေးအခါက အကုသိုလ်မှု ပြုမှားခဲ့လေရကား ဤဆင်းရဲဒုက္ခသည် ငါ့အား လျော်လှပေ၏၊ ငါသည်ပင် အပြစ်ရှိအောင် ပြုခဲ့သောသူ ဖြစ်ချေသည်"ဟု ထိုသူတို့၏ အပြစ်ကို ကိုယ်တော်တို့၏ အပေါ်၌သာ အပြစ်ဖို့တော်မူကြပြီးလျှင်—

"သည်းခံမှ ထိုသူတို့ကို ငါကယ်ချွတ်နိုင်ပေမည်၊ အကယ်၍ ငါကား ပြစ်မှားသူကိုကဖန် ပြစ်မှားပြန်ငြားအံ့၊ ငါသည်လည်း ထိုသူကဲ့သို့ပင် ဖြစ်ချေတော့မည်၊ ထိုသို့ ဖြစ်ချေသော် ထိုသူမှ ငါ၏ ထူးခြားသောအဖြစ် မရှိနိုင်တော့ပြီ၊ ထိုသို့ဖြစ်လျှင် ငါသည် ထိုသူတို့ကို ဘယ်ပုံဘယ်နည်းဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်စေနိုင်တော့မည်နည်း၊ လွတ်စေနိုင်တော့မည် မဟုတ်။ သို့ရကား ငါသည် ခပ်သိမ်းသော အားအစွမ်းတို့၏ အခြေခံမူလဖြစ်သော သည်းခံခြင်း (ခန္တီ) အားအစွမ်း၌ တည်ပြီးလျှင် ထိုသူတို့၏ အပြစ်ကို မိမိအပေါ်၌သာ တင်၍ သည်းခံပြီးလျှင် မေတ္တာ

http://www.dhammadownload.com



ကရုဏာတရားကို ရှေ့သွားပြုသဖြင့် ပါရမီတို့ကို ဖြည့်ကျင့်ပေအံ့၊ ထိုသို့ ပါရမီတို့ကို ဖြည့်ကျင့်မှသာလျှင် သဗ္ဗညုဘုရား ဖြစ်ချေမည်၊ သဗ္ဗညုမြတ်စွာဘုရား ဖြစ်မှသာလျှင် ခပ်သိမ်းသော သတ္တဝါတို့ကို အကြောင်းနှင့်တကွသော ဆင်းရဲဒုက္ခမှ ယုတ်ဆယ် ကယ်တင် ခြင်းငှါ ငါစွမ်းနိုင်ချေမည်”ဟု ယထာဘူတ အမှန်အတိုင်း သိမြင် တော်မူကြသည်။ ။(ဇိနာလင်္ကာရဋီကာ ဗောဓိသမ္ဘာရဝဏ္ဏနာခဏ်းမှ။)

ထိုသို့ အမှန်အတိုင်း သိမြင်တော်မူကြပြီးလျှင် ဗောဓိသမ္ဘာရ မည်သော ပါရမီဆယ်ပါး, ဥပပါရမီဆယ်ပါး, ပရမတ္ထပါရမီ ဆယ်ပါးအားဖြင့် အပြားသုံးဆယ်သော ပါရမီတို့ကို ရှေး၌ ဆိုအပ်ပြီးသော (၁)တခုမကျန် အလုံးစုံကို ဖြည့်ကျင့်ပွါးများခြင်း သဗ္ဗသမ္ဘာရဘာဝနာ။ (၂)ဗျာဒိတ်ရပြီးသည်မှ ဘုရားဖြစ်သည် တိုင်အောင် တဘဝမျှ အကြားအလပ်မရှိစေပဲ ဖြည့်ကျင့်ပွါးများ ခြင်း နိရန္တရဘာဝနာ။ (၃)အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာ တသိန်းအောက် တကမ္ဘာမျှ မယုတ် မလျော့စေပဲ ကာလရှည် လျားစွာ ဖြည့်ကျင့်ပွါးများခြင်း စိရကာလဘာဝနာ။ (၄)ပါရမီ တို့ကို ဖြည့်ကျင့်ရာ၌ ရိုသေစွာ ဖြည့်ကျင့်ပွါးများခြင်း သက္ကစ္စ ဘာဝနာ ဤဘာဝနာလေးပါးတို့ဖြင့် သူမတူတန်အောင် ဖြည့်ကျင့် ပွါးများတော်မူကြ၏။ ။(ပါရမီ စသည်အခွဲ အနုဒီပနီ၌ ကြည့်ပါ။)

## ပါရမီဖြည့်စဉ် နတ်ပြည်၌ ကြာရှည်စွာ နေလေ့မရှိ

ထိုသို့ သူမတူတန်အောင် ပါရမီ စာဂ စရိယတို့ကို ဖြည့်ကျင့်တော် မူဆဲဖြစ်ကြသော အလောင်းတော်ကြီးများသည် ဝေဿန္တရာ ဘဝကဲ့သို့ ပါရမီ စာဂ စရိယ တရားတို့ကို အပြီးအဆုံး အထွတ် အထိပ်ရောက် ပြည့်ခြောက်သည့် ဘဝသို့ မရောက်သေးသမျှ ကာလပတ်လုံး ဤအတွင်းဝယ် မဟာကုသိုလ်တော် အာနုဘော် ကြောင့် အသက်ရှည်သော နတ်ဗြဟ္မာဘဝ၌ ဖြစ်ကြသော်လည်း ထိုနတ်ပြည် ဗြဟ္မာ့ပြည်၌ ပါရမီဖြည့်ရန် ခဲယဉ်းလှသောကြောင့် အသက်တမ်းကုန်ဆုံးအောင် တည်နေတော်မမူကြပဲ အဓိမုတ္တိ- မရဏာခေါ်သော သေခြင်းမျိုးဖြင့် နတ်ဗြဟ္မာသက် ချွေခဲ့ကြပြီးလျှင်

http://www.dhammadownload.com



လူ့ပြည်လောက၌သာ တဖန်ဖြစ်၍ ပါရမီတို့ကို ဖြည့်ကျင့်တော်မူကြသည်။ ။(အစိမုတ္တိမရဏအကြောင်း နောက်အနုဒီပနီ၌ ကြည့်ပါ။)

## သမုဒ္ဒရာနှင့်တူသော ပါရမီတော်များ

ပကတိသမုဒ္ဒရာမှာ ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နက်ခေါင်လှ၏ဟု ပမာဏရှိသေး၏၊ အောက်အပြင် အထက်အပြင်ရှိ၍ အစွန်းအနားမှ စကြဝဠာတောင်ဖြင့် ပိုင်းခြား၍ ရစကောင်းသော်လည်း အလောင်းတော်ကြီးများ ဖြည့်ကျင့်ပွါးများအပ်သည့် ဒါနပါရမီ တည်းဟူသော သမုဒ္ဒရာမှာကား အောက်ထက်အပြင် အစွန်းအနား ပိုင်းခြား၍ မရစကောင်း။ မှန်၏...အလောင်းတော်ကြီးများ၏ ဒါနပါရမီတော်နှင့်စပ်၍ ပြင်ပဥစ္စာကို စွန့်လှူခဲ့သည်ကား ဤမျှတည်းဟူ၍ မပိုင်းခြားနိုင်၊ အသားကို လှူရာ၌ကား ဤမျှတည်း၊ အသွေးကိုလှူရာ၌ကား ဤမျှတည်း၊ မျက်လုံးတော်ကို လှူရာ၌ကား ဤမျှတည်း၊ ဦးခေါင်းတော်ကို လှူရာ၌ကား ဤမျှတည်း ဟူ၍ မပိုင်းခြားနိုင်။ ထို့အတူ သီလပါရမီတော်စသည်နှင့် စပ်၍လည်း မပိုင်းခြားနိုင်သည်သာဖြစ်ရကား အလောင်းတော်ကြီးများ၏ ပါရမီတော်တို့ကို မဟာသမုဒ္ဒရာနှင့် (အဓိကဥပမာ = ပါရမီတော်တို့က သာလွန်သည်ကိုသာ ဖော်ပြ၍) ဥပမာနှိုင်းခိုင်းရလေသည်။

## ကြီးစွာသော ဒုက္ခကိုသော်လည်း ဒုက္ခကဲ့သို့ မထင်

**ဥပမာအားဖြင့်**—တစုံတယောက်သော သူသည် နွေရာသီအချိန် နေမွန်းတည့်ရှိန်ရှိန်၌ ရေပြည့်ကန်အတွင်း သက်ဆင်း ငုပ်လျှိုး ရေချိုးနေစဉ် ကောင်းကင်အထက်မှ နေကျက်ကျက်ပူသည်ကို ရှိသည်ဟူ၍မျှ အသိအမှတ်မပြုသကဲ့သို့ ထို့အတူ အလောင်းတော် ကြီးများသည် မဟာကရုဏာဖြင့် အေးမြချမ်းကြည်သော စိတ်နှလုံးရှိတော်မူကြ၍ သတ္တဝါတို့၏ အစီးအပွါးကိုသာ ရှာမှီးတော်မူကြလျက် ပါရမီတော်တည်းဟူသော သမုဒ္ဒရာ၌ အမြဲသက်ဆင်း ငုပ်လျှိုးတော်မူကြကုန်၏။ သို့ရကား... ပါရမီတော်သမုဒ္ဒရာအတွင်း မဟာကရုဏာဖြင့် ချမ်းအေးသော

http://www.dhammadownload.com



ကိုယ် ရှိတော်မူကြသောကြောင့် ယုတ်မာသော သတ္တဝါတို့ မညှာတာ မငဲ့ကွက် ရက်ရက်စက်စက် လက်ခြေကိုဖြတ်ခြင်း စသည်ကြောင့် ဖြစ်သော အလွန်အလွန်ကြီးလှသည့် ဆင်းရဲဒုက္ခ ကိုပင်သော်လည်း ဒုက္ခကဲ့သို့ မှတ်ယူတော်မမူကြကုန်။

## ကာလရှည်ကြာစွာ ပါရမီတော်တို့ကို ဖြည့်ကျင့်ရခြင်း

ကမ္ဘာတခုတခု၌ ပုဂ္ဂိုလ်တယောက်တယောက်၏ အရိုးတို့ကို စုပုံ၍ထားလျှင် တောင်မျှလောက် ကြီးမားရာ၏-ဟု သံယုတ် ပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူအပ်သည်။ အလောင်းတော်ကြီးများမှာ ဘုရားဆုပန် ဗျာဒိတ်ခံသည်မှ ပါရမီ ဖြည့်စုံအောင်မြောက် အထွတ်အထိပ်သို့ရောက်သည့် နောက်ဆုံး (ဝေဿန္တရာဘဝကဲ့သို့သော) ဘဝတိုင်အောင် အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ကာလအတွင်း ပါရမီဖြည့်ခဲ့ရ သော ဘဝတို့ကို ရေတွက်လျှင် မဟာသမုဒ္ဒရာ ရေပေါက်ထက်ပင် များလှသေး၏။ ထိုမျှ များလှသော ဘဝတို့အနက် ပါရမီကို မဖြည့်ပဲ အချည်းနှီးလွန်သွားသော ဘဝတခု ဟူ၍ မရှိခဲ့။

ယနေ့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ သိမြင်နာကြား မှတ်သားရသည့် ငါးရာ ငါးဆယ် နိပါတ်ဇာတ်တော်, စရိယာ ပိဋက ပါဠိတော်စသည်တို့၌ လာသော အလောင်းတော်မြတ်၏ ကျင့်စဉ်များကား မဟာသမုဒ္ဒရာရေအထုမှ ဆားငန်အရသာကို သိသာစေရန် ထုတ်ဆောင်၍ ပြအပ်သော တဖလားမျှသော ရေကဲ့သို့ မဟာသမုဒ္ဒရာရေပေါက်မက ဘဝများစွာ ဖြည့်ကျင့် တော်မူအပ်သော ပါရမီကျင့်စဉ်များမှ အကြောင်းဝတ္ထုအား လျော်စွာ အနည်းငယ်မျှ ဟောကြားအပ်သော ကျင့်စဉ်များသာ ဖြစ်သည်။ အကြောင်းဝတ္ထုဖြစ်ပေါ်သဖြင့် ဟောကြားတော် မူအပ်သော ကျင့်စဉ်များနှင့် အကြောင်းဝတ္ထု မဖြစ်ပေါ်သဖြင့် ဟောကြားတော် မမူအပ်သော ကျင့်စဉ်များကို နှိုင်းယှဉ်လျှင် ဟောကြားတော်မူအပ်သော ကျင့်စဉ်များမှာ ဖလားတခု၌ ထည့်ထားအပ်သော ရေမျှသာရှိ၍ ဟောကြားတော်မမူအပ်သော

http://www.dhammadownload.com



ကျင့်စဉ်များမှာ ကျန်ရှိသော မဟာသမုဒြာ ရေအထုမျှမက များလှပေ၏။ ထို့ကြောင့်ပင် ဇိနာလင်္ကာရကျမ်း၌ မြတ်စွာဘုရား၏ဒါနပါရမီတော်ဖြည့်ကျင့်ပုံကို–

"သော သာဂရေ ဇလမိကံ ရုဓိရံ အဒါသိ၊
ဘူမိံ ပရာဇိယ သမံသမဒါသိ ဒါနံ။
မေရုပ္ပမာဏမဓိကဉ္စ သမောဠိသီသံ၊
ခေ တာရကာဓိကတရံ နယနံ အဒါသိ"။

"သော၊ ထိုဘုရားအလောင်းတော်သည်။ သာဂရေ၊ သမုဒြာလေးစင်းအတွင်း၌။ ဇလမိကံ၊ ရေမှုန် ရေပေါက်တို့ထက် များမြောက်လွန်ကဲစွာသော။ ရုဓိရံ၊ ပတ္တမြားရောင်စွေး နီတွေးထိန်လျှပ် သွေးတော်မြတ်အလှူဒါနကို။ အဒါသိ၊ သဗ္ဗညုဉာဏ် ရဘို့ရန် ဟု စိတ်သန်ရွှေပြေး သဒ္ဓါရှေး၍ လှူပေးတော်မူခဲ့လေပြီ။ ဘူမိံ၊ ယူဇနာကိန်း နှစ်သိန်းလေးသောင်း ထုပေါင်းသချာ မဟာပထဝီ၍မြေကြီးကို။ ပရာဇိယ၊ ယှဉ်စေ နှိုင်းစေ ရှုံးပစေ၍။ သမံသံဒါနံ၊ နဂိုပြကတေ့ အစလေ့ဖြင့် သိမ်မွေ့ညှံ့ထွားကိုယ်တော်၏အသားတော် အလှူဒါနကို။ အဒါသိ၊ သဗ္ဗညုဉာဏ် ရဘို့ရန် ဟု စိတ်သန်ရွှေပြေး သဒ္ဓါရှေး၍ လှူပေးတော်မူခဲ့လေပြီ။ မေရုပ္ပမာဏမဓိကဉ္စ၊ မြင်းမိုရ်တောင်ပမာဏထက် ဆတက်ကဲလွန် ပိုလွန်သည်လည်းဖြစ်သော။ သမောဠိသီသံ၊ နဝရတ်ရောင်ပြိုးပြိုးပြောင်သည့် ဦးသျှောင် (ဒုတ်ရှောင်)သမိုက် ရတနာမကိုဋ်နှင့်တကွ သီသတွင်ညှောင်း ဦးခေါင်းတော်မြတ်ကို။ အဒါသိ၊ သဗ္ဗညုဉာဏ် ရဘို့ရန်ဟု စိတ်သန်ရွှေပြေး သဒ္ဓါရှေး၍ လှူပေးတော်မူခဲ့လေပြီ။ ခေ၊ စကြဝဠာတိုက်တခွင်မိုးကောင်းကင်၌။ တာရကာဓိကတရံ၊ နက္ခတ်တာရာကြယ်တကာတို့ထက် သချာနှိုင်းထောက် ကဲပိုမောက်သည်လည်းဖြစ်သော။ နယနံ၊ မဟူရာရောင် ဝိတုန်းတောင်သို့ ညိုမှောင်ကြည်ပြိုး အံ့မဆုံးသည့် မျက်လုံးတော်အလှူ

http://www.dhammadownload.com



ဒါနကို။ အဒါသိ၊ သဗ္ဗညုတဉာဏ် ရဘို့ရန်ဟု စိတ်သန်ရွှေပြေး
သဒ္ဓါရှေး၍ လှူပေးတော် မူခဲ့လေပြီ''—

ဟူ၍ ဖွဲ့ဆို ချီးကျူးအပ်လေပြီ။

(၂) **ပစ္စေကဗောဓိသတ္တ** ခေါ်သော ပစ္စေကဗုဒ္ဓါ အလောင်းအလျာတို့မှာ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းကြာအောင် ပါရမီ ဖြည့်ရကုန်၏။ ထိုအောက်လျော့၍ ပစ္စေကဗုဒ္ဓါ မဖြစ်နိုင်။ အကြောင်းမှာ....ရှေးသဗ္ဗညု ဘုရားအလောင်းတော်တို့ အခဏ်း၌ ဆိုအပ်ခဲ့ပြီးသောအတိုင်း ထိုနှစ်သင်္ချေနှင့် ကမ္ဘာတသိန်း အောက်လျော့၍ ပစ္စေကဗောဓိဉာဏ် မရင့်ကျက်နိုင်သောကြောင့် ဖြစ်သည်။

(၃) **သာဝကဗောဓိသတ္တ** ခေါ်သော တပည့်သာဝက အလောင်းတို့မှာ (က) အဂ္ဂသာဝက အလောင်းတော်များ၊ (အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန် တို့ကဲ့ သို့သော သာဝက အစုံကို ခေါ်သည်)။ (ခ) မဟာသာဝကအလောင်း တော်များ (ဘုရားလက်ထက်တော်အခါ အသီတိ ရှစ်ကျိပ်ဝင် ရဟန္တာကြီးများကို ခေါ်သည်)။ (ဂ) ပကတိသာဝက အလောင်းတော်များ (ထိုဆိုအပ်ပြီးသည်မှ ကြွင်းသော ရဟန္တာ အလောင်းအလျာများကို ခေါ်သည်)။ ဤသို့ သာဝကအလောင်း အလျာများကား သုံးမျိုးပြားသည်။

ထိုသုံးမျိုးတို့တွင်—(က) အဂ္ဂသာဝကအလောင်းအလျာတို့ မှာ တသင်္ချေနှင့် ကမ္ဘာတသိန်းကြာအောင် ပါရမီ ဖြည့်ရသည်။ (ခ) မဟာသာဝကအလောင်းအလျာတို့မှာ ကမ္ဘာတသိန်းကြာ အောင် ပါရမီဖြည့်ရသည်။ (ဂ) ပကတိသာဝကအလောင်း အလျာတို့မှာ ပါရမီ ဖြည့်ရာကာလ ဤမျှ ဤမျှဟု ကျမ်းဂန် တိုက်ရိုက် အဖွင့်အဆို မရှိသော်လည်း ပုဗ္ဗေနိဝါသကထာ (သုတ်မဟာဝါ၊ မဟာပဒါနသုတ်အဖွင့်) အဋ္ဌကထာ ဋီကာတို့၌ မဟာသာဝကတို့မှာ ကမ္ဘာတသိန်း အတိတ်ဘဝကို အောက်မေ့ နိုင်သည်၊ ပကတိသာဝကတို့မှာ ထိုအောက် လျော့၍ အောက်မေ့ နိုင်သည်ဟု ပါရမီ ဖြည့်ရာကာလဖြင့် အတိတ်ဘဝကို အောက်မေ့

http://www.dhammadownload.com



နိုင်ကြောင်း ဖွင့်ဆိုတော်မူကြသဖြင့် ကမ္ဘာတသိန်းအောက် လျော့၍ ပါရမီဖြည့်ကြရသည်ဟု မှတ်သားသင့်သည်။ ဤ၌ ကမ္ဘာတသိန်းအောက် ကမ္ဘာတရာ ကမ္ဘာတထောင်စသည်ဖြင့် မခြသော ကာလ အပိုင်းအခြားကိုသာ မှတ်ယူသင့်သည်။ ဘားနတ်သား၏ ဝတ္ထုများကို ဆောက်ထား၍ တဘာဝ နှစ်ဘဝ စသည်ဖြင့်လည်း ပကတိသာဝကဗောဓိဉာဏ် ရင့်သန်နိုင်၏ဟု ယူတော်မူကြသည်လည်း ရှိ၏။

---

## (၈) ဗုဒ္ဓ=(ကိစ္စပြီးမြောက်ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူကြသော ပုဂ္ဂိုလ်သူမြတ်ကြီးများ)

ရှေး၌ ဆိုအပ်ပြီးသောအတိုင်း သမ္မာသမ္ဗောဓိသတ္တတည်းဟူသော သဗ္ဗညုဘုရားအလောင်းတော်တို့မှာ နိယတဗျာဒိတ်ပန်း ဆင်မြန်းတော်မူပြီးနောက် ပညာဓိက ဘုရားအလောင်းဖြစ်လျှင် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း၊ သဒ္ဓါဓိက ဘုရားအလောင်း ဖြစ်လျှင် ရှစ်အသင်္ချေနှင့် ကမ္ဘာတသိန်း၊ ဝီရိယာဓိကဘုရား အလောင်းဖြစ်လျှင် တဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတသိန်း ကြာအောင် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူ၍ ပါရမီတော် အထွတ်အထိပ်သို့ ရောက်သောကာလဝယ် ဆရာမရှိ မိမိကိုယ် ဟိုင် ထိုးထွင်း၍ သစ္စာလေးပါး တရားတို့ကို သိသော မဂ်ဉာဏ်, ဧဉ္ဃယျတရားတို့ကို ကြွင်းမဲ့ကန်စင် သိမြင်တတ်သော သဗ္ဗညုတ ဉာဏ်တော်တည်းဟူသော သမ္မာသမ္ဗောဓိဉာဏ်ကို (တဆူတဆူ သော ဘုရားရှင်သည်ပင် တပါးသော တရားကို ဟောတော် မမူပဲ တဆူသော ဘုရား၏ ဂုဏ်ကို တကမ္ဘာပတ်လုံး ဟောကြား သော်လည်း ကမ္ဘာသာလျှင် ကုန်ဆုံး၍ ဂုဏ်ကျေးဇူးကား မကုန် ဆုံးနိုင် — ဟု ဟောတော်မူအပ်သော) အနန္တ အပရိမေယျ ဖြစ် သော ဘုရားကျေးဇူး ဂုဏ်အထူးတို့နှင့် တကွ ရတော်မူ ရောက် တော်မူသည်။ ယင်းသို့ သမ္ဗောဓိဉာဏ်သို့ ရောက်တော်မူ ရတော် မူသော လောကသုံးပါး၌ နှစ်ယောက်မြောက်သူ အတူမရှိ

http://www.dhammadownload.com



အဒုတိယ ပုဂ္ဂိုလ်သူမြတ်ကို သမ္မာသမ္ဗုဒ္ဓ=(သဗ္ဗညုမြတ်စွာဘုရား)ဟု ခေါ်ဆိုသည်။

ပစ္စေကဗုဒ္ဓါ အလောင်းအလျာတို့မှာ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ကာလကြာအောင် ပါရမီတော်တို့ကို ဖြည့်ကျင့်ရ၍ ပါရမီတော် အထွတ်အထိပ်သို့ ရောက်သောအခါ (သဗ္ဗညုတဉာဏ်၊ ဒသဗလဉာဏ် စသည်တို့ မပါပဲ) ဆရာမရှိ မိမိကိုယ်တိုင် ထိုးထွင်း၍ သစ္စာလေးပါးကို သိသော မဂ်ဉာဏ် (ပစ္စေကဗောဓိဉာဏ်)ကို ရတော်မူ ရောက်တော်မူကြသည်။ ယင်းသို့ ပစ္စေကဗောဓိဉာဏ်သို့ ရောက်တော်မူ ရတော်မူကြသော ပုဂ္ဂိုလ်သူမြတ်ကြီးများကို ပစ္စေကဗုဒ္ဓ=(ပစ္စေကဗုဒ္ဓါ၊ ဘုရားငယ်)ဟု ခေါ်ဆိုသည်။

သာဝကအလောင်းအလျာတို့မှာ အဂ္ဂသာဝကအလျာဖြစ်လျှင် တသင်္ချေနှင့် ကမ္ဘာတသိန်း၊ မဟာသာဝကအလျာဖြစ်လျှင် ကမ္ဘာတသိန်း၊ ပကတိသာဝကအလျာဖြစ်လျှင် ကမ္ဘာတရာ ကမ္ဘာတထောင်စသည့် ကာလပတ်လုံး ပါရမီတို့ကို ဆည်းပူး၍ ပါရမီအထွတ်အထိပ်သို့ ရောက်သောအခါ မြတ်စွာဘုရား တည်းဟူသော ဆရာရှိ၍ သစ္စာလေးပါးကို သိသော မဂ်ဉာဏ် (သာဝကဗောဓိဉာဏ်) ကို ရတော်မူ ရောက်တော်မူကြသည်။ ယင်းသို့ သာဝကဗောဓိဉာဏ်သို့ ရောက်တော်မူ ရတော်မူကြသော ပုဂ္ဂိုလ်သူမြတ်များကို အဆင့်အတန်းအလိုက် အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက အမည့်အသီးသီးဖြင့် သာဝကဗုဒ္ဓ ဟု ခေါ်ဆိုသည်။

---

## (ဃ) ဗုဒ္ဓကိစ္စ=(မြတ်စွာဘုရား၏ လုပ်ငန်းစဉ်)

ဤသို့ ဗောဓိသတ္တ(အလောင်းတော်တို့၏) ကိစ္စပြီးမြောက်၍ သမ္မာသမ္ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, သာဝကဗုဒ္ဓတည်းဟူသော သဗ္ဗညုမြတ်စွာဘုရားအဖြစ်, ပစ္စေကဗုဒ္ဓါအဖြစ်, သာဝကဗုဒ္ဓ=(တပည့်သာဝကအရိယာ)အဖြစ်သို့ အသီးသီး ရောက်ရှိတော်မူကြပြီး

http://www.dhammadownload.com



သော ပုဂ္ဂိုလ်သူမြတ်ကြီးများအနက် သဗ္ဗညုမြတ်စွာဘုရားတို့ကို (တာရယိတုပုဂ္ဂိုလ်) ကိုယ်တိုင်လည်း သံသရာမှ ကူးမြောက်၍ ဝေနေယျတို့ကိုလည်း ထုတ်ဆယ် ကယ်တင်တော်မူကြသော အမြတ်ဆုံးသော ပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုရသည်။

ပစ္စေကဗုဒ္ဓါတို့ကိုမူ (တရိတပုဂ္ဂိုလ်) သူတပါးကိုကား သံသရာမှ ထုတ်ဆယ်ကယ်တင်မှု မပြုနိုင်ကြပဲ မိမိတို့ကိုယ်တိုင်သာ သံသရာမှ ကိုယ်စွမ်းဖြင့် ကူးမြောက်သော ပုဂ္ဂိုလ်မြတ်တို့ဟူ၍ ခေါ်ဆိုရသည်။ မှန်၏.... ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် သဗ္ဗညုမြတ်စွာဘုရားများ ပွင့်တော်မူသောအခါ၌ ဖြစ်ပွင့်ခြင်း မရှိကြကုန်၊ မြတ်စွာဘုရား တဆူနှင့်တဆူ အကြားကာလ၌သာ ပွင့်တော်မူကြကုန်၏။ သဗ္ဗညုမြတ်စွာဘုရားတို့သည် ကိုယ်တိုင်ကလည်း ဆရာမရှိပဲ သစ္စာလေးပါးကို သိတော်မူကြ၍ သူတပါးတို့ကိုလည်း သိစေတော်မူနိုင်ကြ ဟောပြတော်မူနိုင်ကြကုန်၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်ကား မိမိတို့ကိုယ်တိုင်သာ သိ၍ သူတပါးတို့ကိုကား မဟောပြနိုင်ကြကုန်။ မဂ်ဖိုလ်နိဗ္ဗာန်တည်း ဟူသော ပဋိဝေဓတရား အနက်သဘောကို ကိုယ်တိုင် သိမြင်ကြ၍ ထိုမဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော လောကုတ္တရာ တရားကို နာမပညတ်သို့ တင်၍ သူတပါးတို့အား တရားဟောခြင်းငှါ မစွမ်းနိုင်ကြကုန်။ ထို့ကြောင့် ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ သစ္စာလေးပါးတရားကို သိခြင်းတည်းဟူသော ဓမ္မာဘိသမယကို စကားမပြောတတ်သူ၏ အိပ်မက်မြင်မက်ခြင်းနှင့်ငင်း့တောအရပ်သား ဗဟုသုတနည်းပါးသူ၏ မြို့၌ဖြစ်သော မွန်မြတ်သော အရသာအထူးထူးကို သုံးစွဲရခြင်းနှင့်ငင်း ဥပမာစပ်၍ အဋ္ဌကထာတို့၌ ပြဆိုတော်မူကြကုန်၏။ သို့ရကား-ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကို (တရိတပုဂ္ဂိုလ်) မိမိတို့ကိုယ်တိုင်သာ သံသရာမှ ကိုယ်စွမ်းဖြင့် ကူးမြောက်နိုင်၍ သူတပါးကိုကား မကယ်တင်နိုင်သော ပုဂ္ဂိုလ်တို့ဟူ၍ ခေါ်ဆိုရသည်။

ထိုပစ္စေကဗုဒ္ဓါ အရှင်သူမြတ်တို့သည် ရဟန်းပြုလိုကြသူ-သူတပါးတို့ကို ရဟန်းပြု၍ပေးကြပြီးလျှင် "ဤသို့ တည်ငြိမ်သော

http://www.dhammadownload.com



အခြင်းအရာဖြင့် ရှေ့သို့ တက်ရမည်၊ နောက်သို့ ဆုတ်ရမည်၊ ကြည့်ရှုရမည်၊ပြောဆိုရမည်”အစရှိသည်ဖြင့် အာဘိသမာစာရိက ကျင့်ဝတ်ကို သင်ကြား၍ ပေးတော်မူနိုင်ကြသော်လည်း “ဤသို့ရုပ် နာမ်ကိုခွဲခြား၍ လက္ခဏာယာဉ်တင်ရမည်” အစရှိသည်ဖြင့်ကား သူတဖက်သား နာကြားသူကို မဂ်ဖိုလ်ရောက်လောက်အောင် တရားဓမ္မ ဟောပြတော်မမူနိုင်ကြကုန်။

ဥပုသ် ပြုသောအခါ၌လည်း ဂန္ဓမာဒနတောင် နန္ဒမူလက အရပ်ရှိ ရွှေဂူ, မြဂူ, ငွေဂူဟူသော ဂူသုံးလုံးတို့အနက် မြဂူ၏ တံခါးဝဝယ် တယူဇနာအမြင့်ရှိ၍ ဘယူဇနာပင် အပြန့်ကျယ် သော မဉ္ဇူသက နတ်သစ်ပင်အနီး ရတနာတန်ဆောင်းဝန်း၌ စည်းဝေးတော်မူကြ၍“စိတ်၏ ကိလေသာမှ ခေါင်းပါးမှုကိုပြုရ မည်၊ဆုတ်နစ်ခြင်းသို့ မရောက်ရာ”ဟူ၍ အကျဉ်းမျှဖြင့်သော်၎င်း၊ သို့မဟုတ် “ယန္နေကား ဥပုသ်နေ့တည်း”ဟူသော စကားမျှဖြင့် သော်၎င်း အကျဉ်းချုပ် ဥပုသ်ပြုတော်မူကြကုန်သည်။

သာဝကဗုဒ္ဓဖြစ်တော်မူကြသော တပည့်သားအရိယာသာဝက တို့ကို (တာရိတပုဂ္ဂိုလ်) အထုတ်အဆယ် အကယ်အတင်ခံ ပုဂ္ဂိုလ် တို့ဟူ၍ ခေါ်ဆိုရသည်။ မှန်၏....အရှင်သာရိပုတ္တရာ ဖြစ်တော် မူမည့် ဥပတိဿပရိဗိုဇ်သည် အရှင်အဿဇိ အထံမှ–

> “ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊
> တေသံ ဟေတုံ တထာဂတော”–

ဟူသော ဂါထာဝက်ကို ကြားနာရ၍ သောတာပတ္တိမဂ်ဖိုလ်၌ တည်တော်မူသည်ကို ထောက်၍ တပည့်သား အရိယာသာဝက တို့ကို ကိုယ်တိုင်ကလည်း အကယ်အတင်ခံ၍ သူတပါးတို့ကို လည်း ကယ်တင်တတ်သော (တာရယိတု) ပုဂ္ဂိုလ်ဟု ထင်မှတ် ဖွယ်ရှိသော်လည်း ထိုတပည့်သား အရိယာသာဝကတို့ ဟော ကြားသောတရားမှာ မြတ်စွာဘုရား သာ၍ချင် အမွှန်အစ ဖြစ် ရာရှိသောကြောင့်၎င်း,မြတ်စွာဘုရား၏ နည်းညွှန်းမပါ ကိုယ်တိုင်

http://www.dhammadownload.com



သီးခြား နည်းတပါးဖြင့် ဟောကြားခြင်း မဟုတ်သောကြောင့် ၎င်း, ထိုတပည့်သား အရိယာသာဝကတို့ကို တာရယိတုပုဂ္ဂိုလ် ဟူ၍ မခေါ်ဆိုရ။ စင်စစ်ကား ဆရာမရှိပဲ သစ္စာလေးပါးကို မသိနိုင်၊ ဆရာအကူအညီ ရမှသာ သစ္စာလေးပါးကို သိနိုင် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ရနိုင်သောကြောင့် (တာရိတပုဂ္ဂိုလ်) = အထုတ်အဆယ် အကယ်အတင်ခံ ပုဂ္ဂိုလ်ဟူ၍သာ ခေါ်ဆိုရသည်။

ဆိုအပ်ပြီးသောအတိုင်း ပစ္စေကဗုဒ္ဓါနှင့် အရိယာသာဝက တို့မှာ တရိတပုဂ္ဂိုလ်, တာရိတပုဂ္ဂိုလ်များ ဖြစ်ကြသည့်အတွက် အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ ရောက်တော်မူကြပြီးသည့်နောက် ဖလသမာပတ် နိရောဓသမာပတ်တို့ကို ဝင်စား၍ သူတပါး၏ အကျိုးကို မကျင့်ပဲ ကိုယ်ကျိုးသက်သက်ဖြင့်သာ ချမ်းသာစွာ နေ နိုင်တော်မူကြသော်လည်း သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုမြတ်စွာဘုရားတို့ မှာ ထိုကဲ့သို့ ကိုယ်ကျိုးသက်သက်ဖြင့် နေတော်မူနိုင်ကြသည် မဟုတ်။ စင်စစ်ကား…ပါရမီတော် ဖြည့်စဉ်ကပင် (ဗုဒ္ဓေါ ဗောဓေယျံ) = "ငါ သစ္စာလေးပါးတရားကို သိပြီးသည်ရှိသော် ဝေနေယျတို့ကိုလည်း သိစေမည်"အစရှိသည်ဖြင့် ကြံစည်တော် မူခဲ့သည့်အတိုင်း နေ့ညဥ့်ဆက်ကာ ငါးဖြာသော ဗုဒ္ဓကိစ္စ = (မြတ်စွာဘုရား၏ လုပ်ငန်းစဉ်)တို့ကို ပြုလုပ်ပြီးပြေစေတော်မူကြရ လေသည်။

(ဗုဒ္ဓကိစ္စ ငါးပါးအကျယ်ကို အထက် ဂေါတမဗုဒ္ဓဝင် ဘဂဝါ ဂုဏ်တော်အဖွင့်၌ ကြည့်ရှုကြပါကုန်။)

မြတ်စွာဘုရားတို့သည် "ဗုဒ္ဓကိစ္စငါးပါး"ကို ပြုလုပ်ပြီးပြေစေ တော်မူကြရခြင်းဖြင့် တနေ့တနေ့လျှင် နေ့အဘို့ဝယ် ဆွမ်းဘုဉ်းပေး ပြီးစ တမဟုတ်မျှသာ အနားယူခွင့် ရတော်မူကုန်၏။ ညဉ့်အဘို့ဝယ် တညဉ့်ကို သုံးပုံပုံ၍ တဘိယအပုံ၏ သုံးပုံတပုံသာ အနားယူခွင့် ရတော်မူကုန်၏။ ထိုမှကြွင်းသော အချိန်တို့၌ကား "ဗုဒ္ဓကိစ္စ ငါးပါး"ကို ရွက်ဆောင် ပြီးပြေစေတော်မူကြခြင်းဖြင့် အချိန်ကို ကုန်လွန်စေတော်မူကြရ၏။

http://www.dhammadownload.com



သူမတူတန်အောင် ကြီးကဲလွန်မြတ်လှသော "ပယတ္တ"ဘုန်းတော်ဟု ခေါ်ဆိုရသည့် ဝီရိယအရှင် ဘုရားသခင်တို့မှသာလျှင် ထိုဗုဒ္ဓကိစ္စတို့ကို ပြီးပြေစေတော်မူနိုင်ကြကုန်၏။ ပစ္စေကဗုဒ္ဓါ, သာဝကတို့၏ အရာမဟုတ်ပေ။

---

## ဗုဒ္ဓ၊ ဗုဒ္ဓါ ဒုလ္လဘဖြစ်ပုံ စဉ်းစားရန်

ဆိုအပ်ပြီးသော (က) ဗောဓိသတ္တ = (အလောင်း အလျာကြီးများ)

(ခ) ဗောဓိသတ္တကိစ္စ = (အလောင်းအလျာကြီးတို့၏ လုပ်ငန်းစဉ်)

(ဂ) ဗုဒ္ဓ = (လုပ်ငန်းစဉ် ပြီးမြောက်၍ ဗုဒ္ဓအဖြစ်သို့ ရောက်ပြီး ပုဂ္ဂိုလ်ကြီးများ)

(ဃ) ဗုဒ္ဓကိစ္စ = (မြတ်စွာဘုရား၏ နေ့စဉ်လုပ်ငန်းရပ်များ)

ဤလေးချက်ကို လေးလေးနက်နက် ဆင်ခြင်စဉ်းစားပါက ဗုဒ္ဓတဆူတဆူ ပွင့်ပေါ်တော်မူရန် အလွန်ခဲယဉ်းကြောင်း သိသာနိုင်ပေ၏။

မှန်၏…ဘုရားဖြစ်ပြီး၍ တိတ္ထိတို့၏မာန်မာနကို ချိုးနှိမ်တော်မူနိုင်ပုံ,ရေမီးအစုံအစုံ တန်းခိုးပြာဋိဟာ ပြတော်မူပုံ–အစရှိသော မြတ်စွာဘုရား၏ ဘုန်းတန်းခိုးတော် အာနုဘော်တို့ကို ကိုယ်တိုင်ဖူးတွေ့ရ၍ဖြစ်စေ, ကြားနာရ၍ဖြစ်စေ ဘုရားအဖြစ်ကို အလိုရှိကြတောင့်တကြသော သူတို့ကား များလှစွာ၏။ထို့ကြောင့်ပင်လျှင် မြတ်စွာဘုရားသခင် တာဝတိံသာနတ်ပြည်မှ အဘိဓမ္မာတရားဟော၍အပြီး သင်္ကဿပြည်သို့ ကြွဆင်းတော်မူသောအခါ မြတ်စွာဘုရား၏ "ဒေဝေါရောဟနပြာဋိဟာ" တန်းခိုးကြောင့် အထက်ဘဝဂ်တိုင်အောင် အောက်အဝီစိတိုင်အောင် ဟင်းလင်းအပြင်ဖြစ်၍၎င်း, အနန္တစကြဝဠာ ဇီလာအရပ် ရှစ်မျက်နှာတို့မှာလည်း ထို့အတူ ဟင်းလင်းအပြင်ဖြစ်၍၎င်း လူ နတ် ဗြဟ္မာ သတ္တဝါတို့

http://www.dhammadownload.com



အချင်းချင်း မြင်ကြရကုန်သည်။ ထိုနေ့၌ မြတ်စွာဘုရား၏ အသရေတော်ကို ဖူးမြော်ကြရသဖြင့် အလျားအနံ တဆယ့်နှစ်ယူဇနာစီ အဝန်းအဝိုင်းအားဖြင့် သုံးဆယ့်ခြောက် ယူဇနာရှိသော ပရိသတ်တွင် ဘုရားအဖြစ်ကို မတောင့်တသောသူမည်သည် မရှိပေ။

(ထိုမျှများပြားသော ပရိသတအားလုံးပင် ဘုရားအဖြစ်ကိုတောင့်တကြကြောင်း ဓမ္မပဒအဋ္ဌကထာ ဒေဝေါရောဟနဝတ္ထု၊ ဇိနာလင်္ကာရဋီကာ ပြာဋိဟာသုံးမျိုး အဖွင့်တို့၌ လာရှိသည်။)

မြတ်စွာဘုရား၏ ဘုန်းတန်းခိုးအာနုဘော်တို့ကို ကိုယ်တိုင်ဖူးတွေ့ရ ကြားနာရ၍ ဘုရားအဖြစ်ကို အလိုရှိကြ တောင့်တကြသူများလှသော်လည်း ပါရမီတော်တို့၏ များသောအဖြစ် ကြီးကျယ်စွာ ဆည်းပူးအားထုတ်ရသောအဖြစ်၊ ဘဝတိုင်း မပြတ်မလပ် ဖြည့်ကျင့်ရသောအဖြစ်၊ ရိုသေစွာ ဖြည့်ကျင့်ရသောအဖြစ်၊ ကြာမြင့်စွာ ဖြည့်ကျင့်ရသောအဖြစ်၊ ကိုယ်အသက်ကို မငဲ့ကွက်ပဲ ဖြည့်ကျင့်ရသောအဖြစ် တို့ကို ဟုတ်တိုင်းမှန်စွာ သိပါမူကား သဒ္ဓါ,ပညာ,ဆန္ဒ,ဝီရိယ နည်းပါးသောသူတို့ ကြောက်ရွံ့ကြမည်သာ ကေန်ဖြစ်ပေ၏။ ဤကဲ့သို့ ကြောက်ဖွယ်လိလိ ပါရမီတော်တို့ကို မကြောက်ရွံ့ပဲ ရဲရဲဝံ့ဝံ့ ဖြည့်ကျင့်မှသာ ဘုရားအဖြစ်ကို ရနိုင်သောကြောင့် ဘုရားအဖြစ်ကို "ဒုလ္လဘ"ဟု ဆိုရသည်။

ထို့ကြောင့်—

"ဧကပုဂ္ဂလဿ ဘိက္ခဝေ ပါတုဘာဝေါ ဒုလ္လဘော လောကသ္မိံ၊ ကတမဿ ဧကပုဂ္ဂလဿ၊ တထာဂတဿ အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ ဣမဿ ခေါ ဘိက္ခဝေ ဧကပုဂ္ဂလဿ ပါတုဘာဝေါ ဒုလ္လဘော လောကသ္မိံ"။

"ရဟန်းတို့....သတ္တလောက၌ တယောက်သောပုဂ္ဂိုလ်၏ ထင်ရှားဖြစ်ပေါ်လာခြင်းသည် အလွန်ရခဲ၏။ အဘယ်မည်သော တယောက်သောပုဂ္ဂိုလ်၏ ထင်ရှားဖြစ်ပေါ်လာခြင်းသည် အလွန်ရခဲသနည်းဟူမူကား၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် သယမ္ဘုဉာဏ်ဖြင့်

http://www.dhammadownload.com



အမှန်သိတော်မူသော သဗ္ဗညုမြတ်စွာဘုရား၏ ထင်ရှား ဖြစ်ပေါ်လာခြင်းသည် အလွန်ရခဲ၏''—

ဟူ၍ အင်္ဂုတ္တရနိကာယ် ဧကကနိပါတ်(၁၃)ဧကပုဂ္ဂလဝဂ် ဒုတိယ သုတ်၌ ဟောတော်မူအပ်ပြီ။

ထိုသုတ်၏ အဖွင့်အဋ္ဌကထာ၌လည်း—

"ကသ္မာ ဒုလ္လဘောတိ = (အဘယ့်ကြောင့် အလွန်ရခဲ သနည်း) ဟု အမေးပုစ္ဆာ ထုတ်ပြီးလျှင် ဒါနပါရမီကို တကြိမ်သာဖြည့်၍ ဘုရားဖြစ်နိုင်သည် မဟုတ်၊ နှစ်ကြိမ် ဆယ်ကြိမ် အကြိမ်နှစ်ဆယ် အကြိမ်ငါးဆယ် အကြိမ်တရာ အကြိမ်တထောင် အကြိမ်တသိန်း အကြိမ်တကုဋေ အကြိမ် ကုဋေတရာ အကြိမ်ကုဋေတထောင် အကြိမ်ပေါင်း ကုဋေ တသိန်း ဒါနပါရမီကို ဖြည့်၍ ဘုရားဖြစ်နိုင်သည် မဟုတ်။ ထို့အတူ တရက် နှစ်ရက် ဆယ်ရက် ရက်ပေါင်း နှစ်ဆယ် ရက်ပေါင်းငါးဆယ် ရက်ပေါင်းတရာ ရက်ပေါင်းတထောင် ရက်ပေါင်းတသိန်း ရက်ပေါင်းကုဋေတသိန်း ဒါနပါရမီကို ဖြည့်၍ ဘုရားဖြစ်နိုင်သည်မဟုတ်။ ဟာလ နှစ်လ လပေါင်း ကုဋေတသိန်း၊ ဘနှစ် နှစ်နှစ် နှစ်ပေါင်း ကုဋေတသိန်း၊ မဟာကပ်ကြီးတကပ် နှစ်ကပ် မဟာကပ်ကြီးပေါင်းကုဋေ တသိန်း၊မဟာကပ်ကြီးပေါင်းတသင်္ချေ နှစ်သင်္ချေ သုံးသင်္ချေ ဒါနပါရမီကို ဖြည့်၍ ဘုရားဖြစ်နိုင်သည်မဟုတ်။ (သီလ ပါရမီ နေက္ခမ္မပါရမီ ပညာပါရမီ ဝီရိယပါရမီ ခန္တီပါရမီ သစ္စာပါရမီ အဓိဋ္ဌာနပါရမီ မေတ္တာပါရမီ ဥပေက္ခာပါရမီ တို့၌လည်း ဤနည်းအတူပင်)၊ စင်စစ်သော်ကား အနည်း ဆုံး အောက်ဆုံး အပိုင်းအခြားအားဖြင့် ကမ္ဘာပေါင်း ဤမျှဤရွေ့ဟု မရေတွက် မပိုင်းခြားနိုင်သည့် လေးအသင်္ချေ နှင့်ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီအဆောက်အဦ အလုံးစုံတို့ကို တခုမကျန် အခါမပြတ် ဘဝမလပ်အောင် လေးမြတ် စုံမက် နှစ်သက် ကြည်ညို အလွန် ရှိသေစွာ ဖြည့်ကျင့်ဆည်းပူး ပွါးများတော်မူမှ သဗ္ဗညု မြတ်စွာဘုရား

http://www.dhammadownload.com



ဖြစ်နိုင်တော်မူသည်။ ဤအကြောင်းကြောင့် ဘုရားသဗ္ဗညု တည်းဟူသော တယောက်သော ပုဂ္ဂိုလ်ကို သတ္တလောက၌ အလွန်ရခဲလှ၏"–

ဟု ဖွင့်ပြတော်မူသည်။

ထိုသုတ်၏ အဖွင့်ဋီကာ၌လည်း–

"အောက် အစွန်းအားဖြင့် လေးအသင်္ချေနှင့် ကမ္ဘာတသိန်းကာလကြာအောင်ဘဝမပြတ်ပါရမီတို့ကိုဖြည့်ကျင့်မှသာ သဗ္ဗညု ဘုရားဖြစ်နိုင်သည်၊ တပါးသော နည်းလမ်းဖြင့် မဖြစ်နိုင်၊ ဤအကြောင်းကြောင့် ဘုရားရှင်တို့၏ ထင်ရှားဖြစ်ပွင့်တော်မူခြင်းကို အလွန်ရခဲလှ၏"–

ဟု ဖွင့်ပြလေသည်။

## ပါရမီတော်တို့၏ ဥပမာမရှိကြောင်း

သုမေဓာဘဝမှသည် ဝေဿန္တရာ ဘဝတိုင်အောင် ဤအတွင်း လေးအသင်္ချေနှင့်ကမ္ဘာတသိန်း ကာလအကြား၌ ဘုရားအလောင်းတော် ဖြစ်ခဲ့ရသော ဘဝပေါင်းကား မဟာသမုဒ္ဒရာ ရေပေါက်ထက်ပင် များလှသေး၏။ မခြားမလပ် ဘဝမပြတ်ပဲ ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့သော ပါရမီတော်တို့ကား အတိုင်းအရှည် ပမာဏ မဖော်ပြနိုင်အောင် များလှကုန်၏။ နှိုင်းယှဉ်ဖွယ်ရာ ဥပမာပင် မရှိဖြစ်ချေသည်။ ။ဤ အကြောင်းကို ဇိနာလင်္ကာရ ကျမ်း၌–

"မဟာသမုဒ္ဒေ ဇလဗိန္ဒုတောပိ၊
တဒန္တရေ ဇာတိ အနပ္ပကာဝ။
နိရန္တရံ ပူရိတပါရမီနံ၊
ကထံ ပမာဏံ ဥပမာ ကုဟိံ ဝါ"။

"မဟာသမုဒ္ဒေ၊ မဟာ သမုဒ္ဒရာ၌။ ဇလဗိန္ဒုတောပိ၊ ရေပေါက်ထက်လည်း။ တဒန္တရေ၊ ထို သုမေဓာ ဘဝနှင့်

http://www.dhammadownload.com



ဝေဿန္တရာဘဝအကြား၌။ ဇာတိ၊ ဖြစ်တော်မူရ ဘဝ ပေါင်းသည်။ အနပ္ပကာ၊ ဝ၊ များလှသည်သာတည်း။နိရန္တရံ၊ မခြားမလပ် ဘဝမပြတ်ပဲ။ ပူရိတပါရမီနံ၊ ဖြည့်ကျင့် ဆည်းပူး ပါရမီထူးတို့၏။ပမာဏံ၊ အတိုင်းအရှည်ပမာဏ သည်။ကထံ၊ အဘယ်မှာ ရှိအံ့နည်း။ ဥပမာ ဝါ၊ နှိုင်းယှဉ် ဖွယ်ရာ ဥပမာသည်လည်း။ ကုဟိံ၊ အဘယ်မှာ ရှိရာအံ့ နည်း"—

ဟူ၍ ချီးကျူး ဖွင့်ဆိုအပ်လေပြီ။

ဤတွင်မျှ မဟုတ်သေး—သတပုညလက္ခဏ ဂုဏ်တော်ကို ဖွင့်ပြသော သုတ်ပါထေယျအဋ္ဌကထာ၊ဋီကာ၊ဇိနာလင်္ကာရဋီကာ ကျမ်းတို့၌လည်း—

ဒီပင်္ကရာ မြတ်စွာသေဋ္ဌနင်း ခြေတော်ရင်းဝယ် ဘုရား ဆုကို ခံတောင်းယူတော်မူသည့်မှ ဝေဿန္တရာမင်းဘဝ မဒ္ဒီမိဖုရားကို လှူဒါန်းသည့်တိုင်အောင် ဤအတွင်းဝယ် အဆုံးမရှိသော အနန္တလောကဓာတ်၌ မပိုင်းခြားနိုင် အောင် များစွာသော သတ္တဝါတို့ပြုသော ဒါနအစရှိသော ကောင်းမှုကို တဖက်မှ တစုပြု၍ ထားပြီးလျှင် ဘုရား အလောင်းတော်တဦးတည်း ဆည်းပူးအားထုတ်အပ်သော ကောင်းမှုကို တဖက်မှ တစုပြု၍ နှိုင်းယှဉ် ချင့်တွက်သည် ရှိသော် အနန္တသတ္တဝါတို့ ပြုလုပ် အားထုတ်အပ်သော ကောင်းမှုအစုသည် ဘုရားလောင်း တဦးတည်း ပြုလုပ် အားထုတ်အပ်သော ပါရမီ ကောင်းမှုတော်၏ အစိတ် အရာ အစိတ်အထောင်လျှင် တစိတ်မျှ မမှီနိုင်ကြောင်း ဖွင့်ပြအပ်လေပြီ။

## မောမိသတ္တဘုရားအလောင်း ဖြစ်ရန်ပင် ခဲယဉ်းလှကြောင်း

သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုဘုရား အဖြစ်ကို မဆိုထားဘိ၊ ဘုရား ဖြစ်ကြောင်း ဆုတောင်းပြည့်စုံရာ အရှင်သုမေဓာရသေ့ ဘဝ

http://www.dhammadownload.com



ကဲ့သို့သော ဘ၀ကိုသော်မှလည်း အကြောင်း ရှစ်ပါး ပြည့်စုံမှ ရနိုင်ပေသည်၊ ထိုအကြောင်းရှစ်ပါးကား—

(၁) လူဇာတ်စင်စစ် ဖြစ်ရခြင်း၊

(၂) ယောက်ျားစင်စစ် ဖြစ်ရခြင်း၊

(၃) ထိုဘ၀မှာပင် အရဟတ္တဖိုလ် ရနိုင် လောက်သော ကုသိုလ် ပါရမီထူးနှင့် ပြည့်စုံသူ ဖြစ်ရခြင်း၊

(၄) သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးတွေ့ရခြင်း၊

(၅) ကမ္မ၀ါဒီရသေ့ (သို့မဟုတ်) သာသနာတွင်း ရဟန်း ဖြစ်ခြင်း၊

(၆) ဈာန်သမာပတ် ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသူဖြစ်ခြင်း၊

(၇) ကိုယ်အသက်ကို မငဲ့ကွက်ပဲ အလွန်အကျူး ပါရမီ ကုသိုလ်တို့ကို ပြုစုပွါးများ အားထုတ်ခြင်း၊

(၈) ဘုရားအဖြစ်ကို တောင့်တအားကြီးသော ကုသိုလ်ဆန္ဒ ရှိသူဖြစ်ခြင်း၊

ဤရှစ်ပါးတို့တည်း။

(ထိုရှစ်ပါးတို့၏ အဓိပ္ပါယ်အကျယ်ကို အထက်ပါရမီခန်း အဆုံးသို့ ရောက်မှ ဖွင့်ပြပေအံ့။)

ဆိုအပ်ပြီးသော အင်္ဂါရှစ်ပါး အကြောင်းတရားတို့နှင့်ပြည့်စုံသူ ဖြစ်မှသာ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းနိုင်သည်ဖြစ်၍ ဘုရား အဖြစ်ကို မဆိုထားဘိ၊ သုမေဓာ ရှင်ရသေ့ကဲ့သို့ နိယတဗျာဒိတ် ခံရသောသူ၏ အဖြစ်သည်ပင် အလွန်ရခဲသောအရာ ဖြစ်ပေသည်။

နိယတဗျာဒိတ် ခံယူရရှိနိုင်သော ဘုရားလောင်း၏ အဖြစ် သည်ပင် အလွန်ရခဲပါက နိယတဗျာဒိတ် ခံယူရရှိပြီးနောက် အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ကြာအောင် ပါရမီ တော်တို့ကို ဘာ၀နာမလေးပါးဖြင့် ဖြည့်ကျင့်၍ ပါရမီတော်

http://www.dhammadownload.com



ပြည့်စုံမှ ရရှိနိုင်သော ဘုရားအဖြစ်ကား အဘယ်မှာလျှင် ဆိုဘွယ်ရာရှိအံ့နည်း၊ ရခဲလှတော့သည်သာတည်း။

ယင်းသို့ ဘုရားအဖြစ်ကို အလွန်လျှင် ရခဲလှသောကြောင့် ထို မြတ်စွာဘုရား ဖြစ်ထွန်းပွင့်ပေါ်တော်မူရာ "ဗုဒ္ဓုပ္ပါဒ နဝမ" အခါအခွင့်ကောင်းသည်လည်း အလွန်လျှင် ရခဲသော အရာ ဖြစ်ပေသည်။

ဤအရာ၌ "ဗုဒ္ဓုပ္ပါဒ နဝမ ခဏ"နှင့် စပ်၍ ...ဋ္ဌကနိပါတ် အင်္ဂုတ္တရနိကာယ်၌ လာရှိသော အက္ခဏ = (ရပ်ပြစ်) ရှစ်ပါး ကိုလည်း သိမှတ်သင့်ပေသည်၊ ၎င်းအက္ခဏ = (ရပ်ပြစ်)ရှစ်ပါး ဟူသည်မှာ—

**၁။ ငရဲဘုံ၌ ဖြစ်ခြင်း** (အလွန် ပြင်းထန် ဆင်းရဲ လှသော ကမ္မကရဏကို အချိန်ရှိသမျှ အပြုခံ အညှဉ်းဆဲခံနေရသဖြင့် ငရဲသားအား ကုသိုလ် ကောင်းမှု ပြုနိုင်ခွင့် ဟူ၍ မရှိ နိုင်သော ကြောင့် ငရဲဘုံ၌ ဖြစ်ရခြင်းကို "အက္ခဏ"ဟူ၍ ခေါ်သည်။)

**၂။ တိရစ္ဆာန်ဘုံ၌ ဖြစ်ခြင်း** (သူတော်ကောင်း တရားကို သညာသိမျှဖြင့်ပင် သိနိုင်ခွင့်မရှိပဲ အမြဲ ထိတ်လန့် တုန်လှုပ်စွာ အသက်ရှင်ရသော တိရစ္ဆာန်ဘုံသား သတ္တဝါအား ကုသိုလ် ကောင်းမှု ပြုနိုင်ခွင့်ဟူ၍ မရှိနိုင်သောကြောင့် တိရစ္ဆာန်ဘုံ၌ ဖြစ်ရခြင်းကိုလည်း "အက္ခဏ"ဟူ၍ ခေါ်သည်။)

**၃။ ပြိတ္တာဘုံ၌ ဖြစ်ခြင်း** (အချိန်မစဲ အမြဲတစေ ပူလောင် ချောက်တပ်လျက် အစာငတ်၊ ရေငတ်ခြင်း အပြင်းအနှိပ်စက် ခံနေ ရသော ပြိတ္တာဘုံသား သတ္တဝါအား ကုသိုလ်ကောင်းမှု ပြုနိုင်ခွင့် ဟူ၍မရှိနိုင်သောကြောင့် ပြိတ္တာဘုံ၌ဖြစ်ရခြင်းကိုလည်း "အက္ခဏ" ဟူ၍ ခေါ်သည်။)

**၄။ အသညသတ်ဘုံ၌ ဖြစ်ခြင်း** (အသညသတ်ဘုံသားတို့မှာ သူတော်ကောင်းတရား ကြားနာနိုင်ကြောင်း သောတပသာဒ

http://www.dhammadownload.com



မရှိရကား ကုသိုလ်ကောင်းမှု ပြုနိုင်ခွင့်မရှိသောကြောင့် ထို အသညသတ်ဘုံ၌ ဖြစ်ရခြင်းကိုလည်း"အက္ခဏ"ဟူ၍ ခေါ်သည်။)

ဤစတုတ္ထ အက္ခဏ အရကို အဋ္ဌကနိပါတ အင်္ဂုတ္တရ-အဋ္ဌကထာ၌ အသညသတ်ဘုံကိုသာ ဖွင့်ပြသည်၊ ဗိနာ-လင်္ကာရဋီကာ၌ကား အရူပဘုံ၌ ဖြစ်ခြင်းကိုပါ ထည့်သွင်း ရေတွက်ပြသည်။

အရူပဘုံ၌ တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်နှင့် သောတာပတ္တိ ဖလဋ္ဌပုဂ္ဂိုလ်-စသော အထက်အရိယာပုဂ္ဂိုလ် ခုနစ်ပါး အားဖြင့် ပုဂ္ဂိုလ်ရှစ်ပါးရရှိသည့်အနက် တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်မှာ ပရတောဃောသ = (သူတပါးထံမှ တရားသံ ကို ကြားနာရခြင်း) အကြောင်းချို့တဲ့၍ မဂ်ဖိုလ် ရနိုင်ခွင့် အလျဉ်းမရှိ။ ထိုအရူပဘုံသို့ ရောက်ကြသော အောက် ဖလဋ္ဌပုဂ္ဂိုလ် သုံးမျိုးတို့မှာကား အရူပဘုံသို့မရောက်ခင် ရှေးဘဝကာမဘုံ,ရူပဘုံ၌ဖြစ်စဉ်က ကျင့်ကြံပွါးများခဲ့သော ဝိပဿနာနည်းလမ်းများဖြင့် ဆက်လက်ပွါးများ အားထုတ် ကြ၍ အထက်မဂ်ဖိုလ်ကို ရရှိကြမြဲဖြစ်သည်။ ထို့ကြောင့် အရူပဘုံကို အဋ္ဌကထာ၌ အက္ခဏ = (ရပ်ပြစ်) စာရင်း မသွင်းခြင်းဖြစ်သည်။

၅။ **ပစ္စန္တအရပ်၌ ဖြစ်ခြင်း** (မြတ်စွာဘုရား၏ သားတော် သမီးတော် ဖြစ်ကြသော ရဟန်း ယောကျ်ား, ရဟန်းမိန်းမ, ဥပါ သကာယောကျ်ား,ဥပါသိကာမိန်းမတို့ မရောက်မပေါက်ရာ ဉာဏ် ပညာအလွန်ပါးရှား ပစ္စန္တအရပ်၌ ဖြစ်သော သူတို့အားလည်း သောတပသာဒ နားဟူ၍ပင် ရှိစေကာမူ သူတော်တရား နာကြားခွင့် မရကြသဖြင့် ကုသိုလ်ကောင်းမှု ပြုနိုင်ခွင့် မရှိသော ကြောင့် ထိုပစ္စန္တအရပ်၌ ဖြစ်ရခြင်းကိုလည်း "အက္ခဏ"ဟူ၍ ခေါ်သည်။)

၆။ **မိစ္ဆာဒိဋ္ဌိ အယူရှိခြင်း** (ဘုရားပွင့်တော်မူရာ တရားသံမစဲ မြိမ့်မြိမ့်သဲနေသော မဇ္ဈိမတိုက်၌ ဖြစ်နေစေကာမူ မိစ္ဆာဒိဋ္ဌိ

http://www.dhammadownload.com



အယူရှိသူတို့မှာ သူတော်ကောင်းတရား နာကြားနိုင်ခြင်း ကျင့်ကြံနိုင်ခြင်း အလျဉ်းပင် မရှိသောကြောင့် မိစ္ဆာဒိဋ္ဌိ အယူရှိခြင်းကိုလည်း "အက္ခဏ" ဟူ၍ ခေါ်သည်)။ ။(နိယတမိစ္ဆာဒိဋ္ဌိကို ဆိုလိုသည်။)

၇။ **ဇူဠ်ခြေချို့တဲ့ခြင်း** (မဇ္ဈိမတိုက်ဝယ် နိယတမိစ္ဆာဒိဋ္ဌိ မဟုတ်သူ ဖြစ်သော်လည်း အဟိတ်ပဋိသန္ဓေ တည်နေ၍ ဝိပါကန္တရာယ် သင့်နေသော မျက်စိစသော ဣန္ဒြေ ချို့တဲ့သူတို့မှာလည်း သူတော်ကောင်းတို့ကို ဖူးမြော်ခြင်း, သူတော်ကောင်းတရား နာကြားမှတ်ယူနိုင်ခြင်း အလျဉ်းမရှိ၍ မြတ်သောအကျင့်ကို မကျင့်နိုင်ရကား ဣန္ဒြေ ချို့တဲ့ခြင်းကိုလည်း "အက္ခဏ" ဟူ၍ ခေါ်သည်။)

၈။ **ဘုရားမပွင့်ထွန်းသောအခါ ဖြစ်ခြင်း** (မဇ္ဈိမတိုက်ဝယ် ဣန္ဒြေ ပြည့်စုံ၍ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဉာဏ်ပညာ ရှိသူပင် ဖြစ်စေကာမူ မြတ်စွာဘုရား ပွင့်ထွန်းသောအခါ မဟုတ်ပါမူ သီလ,သမာဓိ,ပညာ သိက္ခာသုံးပါးသာသနာ အကျင့်တရားတို့ကို ပွါးများနိုင်ခွင့် မရှိသောကြောင့် ဘုရားမပွင့်ထွန်းသောအခါကိုလည်း "အက္ခဏ" ဟူ၍ ခေါ်သည်)။ ။(ဤ၌ သာသနာတော် မကွယ်ပသေးသမျှ ဘုရားပွင့်ထွန်းဆဲကာလ ဟုသာ ခေါ်ဆိုရသည်။)

ဤ ဆိုအပ်ပြီးသော အက္ခဏ = (ရပ်ပြစ်)ရှစ်ပါးမှ လွန်မြောက်၍ ဘုရားသာသနာ ပွင့်ထွန်းရာကာလ၌ ဣန္ဒြေမချို့တဲ့ပဲ သမ္မာဒိဋ္ဌိ အယူကောင်း ရရှိသော အခါအခွင့်ကို ဗုဒ္ဓုပ္ပါဒနဝမခဏ = (ဘုရားပွင့်တော်မူရာ ရပ်ပြစ်ရှစ်ပါးကို လွန်မြောက်၍ ကိုးခုမြောက်ဖြစ်သော သူတော်ကောင်းတရား ပွါးများနိုင်ရာ အခါအခွင့်ကောင်း)ဟု ခေါ်ဆိုသည်။

## အကျိုးရှိသော ဗုဒ္ဓုပ္ပါဒနဝမ ဖြစ်ပါစေ

ယနေ့ထင်ရှားရှိကြသော ဗုဒ္ဓဘာသာအယူရှိသူ သူတော်စင်အပေါင်းတို့မှာ ဘုရားသာသနာ ပွင့်ထွန်းရာဖြစ်၍ ဣန္ဒြေမချို့တဲ့သူ

http://www.dhammadownload.com



လူ၏အဖြစ်နှင့်တကွ သမ္မာဒိဋ္ဌိ အယူကောင်းကို လက်ကိုင်ရရှိ သူများဖြစ်ကြရကား "ဗုဒ္ဓုပ္ပါဒဒုလ္လဘာ" အခွင့်ကောင်းကြီးနှင့် လှလှကြီးကြုံကြိုက်နေပါလျက် သီလ, သမာဓိ, ပညာ သာသနာ အကျင့်တရားကိုလက်လွှတ်ထားပါမူ ဒုလ္လဘာ အခွင့်ကောင်းကြီးကို ကျော်လွန်၍ သွားကြသူ မည်ကုန်လိမ့်မည်၊

နိဗ္ဗာန် လမ်းကြောင်း အကျင့်ကောင်း၏ အကာအကွယ် အန္တရာယ်ဖြစ်ကြသော အက္ခဏ=(ရပ်ပြစ်) တရားတို့ကသာ အရေအတွက်အားဖြင့်၄င်း အချိန်အခါအားဖြင့်၄င်း များလှ ကုန်၏၊ကမ္ဘာအသင်္ချေ ကုန်လွန်၍ တရံတခါမှ မြတ်စွာဘုရားတို့ ပွင့်ထွန်းတော်မူကြသောကြောင့်"ဗုဒ္ဓုပ္ပါဒ နဝမ"အခွင့်ကောင်းကို အလွန်ရခဲလှပေသည်။

လောက၌ အလွန်တရာ ရခဲလှစွာသော မြတ်စွာဘုရား၏ တရား ဓမ္မ ဒေသနာ ထွန်းပရကာလနှင့် သမ္မာဒိဋ္ဌိ အယူ ရှိသော လူ၏အဖြစ် ဤ နှစ်ပါးကို ယနေ့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အဘို့ မျက်မှောက်ရှေးရှု ရယူမိလျက်ရှိကြပြီ။ ဤမျှ အခွင့်ကောင်း အခါကောင်း ကြုံကြိုက်သော ဗုဒ္ဓုပ္ပါဒ နဝမ ခဏ၌"သူတော်ကောင်းတရားကို ဘယ်နည်းနှင့်သိရပါမည်နည်း၊ ဤဗုဒ္ဓုပ္ပါဒနဝမ အခွင့်ကောင်းကြီးကို ငါကား လက်မလွှတ် စေသင့်၊ အကယ်၍ လက်လွှတ်သွားပါမူ အပါယ်လေးပါး၏ အစာဖြစ်၍ ကြာမြင့်စွာ ပင်ပန်း နွမ်းနယ် ပူပန်ရလိမ့်မည်" ဟု လေးလေးနက်နက် ယထာဘူတ အမှန်အတိုင်း စဉ်းစားဆင်ခြင် မိကြပြီးလျှင် ဗုဒ္ဓုပ္ပါဒ နဝမ ခဏကြီးကို အရတော်သူတယောက် ဆိုစလောက်အောင် မြတ်စွာဘုရား ဟောကြားတော်မူအပ် သော သီလ သမာဓိ ပညာ သာသနာသုံးရပ် အကျင့်မြတ်ကို အရဟတ္တဖိုလ်ပေါက် ကျင့်ဆောက်ပွါးများ အားထုတ် နိုင်ကြ ပါစေကုန်သတည်း။

ဗုဒ္ဓုပ္ပါဒဒုလ္လဘာအခဏ်း ပြီး၏။

http://www.dhammadownload.com



## ၃-သုမေဓဗြာဟ္မဏအခဏ်း

ဤဗုဒ္ဓဝင်ဒေသနာတော်ကို မြတ်စွာဘုရားသခင် ကပိလဝတ်ပြည်သို့ ပဌမအကြိမ်ကြွရောက်၍ ဆွေတော် မျိုးတော် ဖြစ်သော သာကီဝင်မင်းအပေါင်းတို့၏ အစည်းအဝေးဝယ် မာန်မာနခက်ထန်လှသဖြင့် ရှိမခိုးပဲ နေကြသော ဆွေမျိုးမင်းအပေါင်းတို့အား မာန်မာနကျိုး၍ ရှိခိုးစေခြင်းငှါ အထက် ကောင်းကင်ယံတွင် အရှေ့အနောက် စင်္ကြံဝဠာတိုက်တသောင်းပေါက်အောင် အလျားရှိသော ရတနာစင်္ကြံတော်ကို ဖန်ဆင်းပြီးလျှင် ထိုရတနာစင်္ကြံထက်၌ ရေမီးအစုံအစုံ တန်းခိုးပြာဋိဟာကို ပြတော်မူစဉ်လက်ျာတော်ရံ အရှင်သာရိပုတြာ မထေရ်မြတ် တောင်းပန်အပ်သဖြင့် "သုမေဓဗြာဟ္မဏ အခဏ်း"မှစ၍ ဟောကြားတော်မူအပ်သည်။

အရှင်မဟာကဿပ အရှင်အာနန္ဒာ အစရှိသော မထေရ်မြတ်တို့ ပဌမသံဂါယနာ တင်တော်မူကြသောအခါ နိဒါန်းနှင့်တကွ ဗုဒ္ဓဝင်ဒေသနာတော်ကို အပြည့်အစုံ ဖော်ပြတော်မူကြလိုသဖြင့်။ ။ဗြဟ္မာ စ လောကာဓိပတီ သဟမ္ပတီ....ဂါထာဦး အစချီ၍ ရတနာစင်္ကြံခဏ်းနှင့်တကွ "ဝါစနာမဂ္ဂ = ပို့ချသင်ကြားရိုးအစဉ်" ထားတော်မူခဲ့ကြသည်။

(ထိုဗုဒ္ဓဝင်နိဒါန်းအကျယ်ကို အထက်ဂေါတမ ဗုဒ္ဓဝင်အခဏ်း၌ ဖွင့်ပြပေအံ့။)

ဤ၌ကား အရှင်သာရိပုတြာ မထေရ်မြတ် တောင်းပန်အပ်သဖြင့် မြတ်စွာဘုရား ဟောကြားတော် မူအပ်သော "သုမေဓဗြာဟ္မဏ အခဏ်း"မှ စ၍ ပြဆို ရေးသားပေအံ့။ ဤအခဏ်းပါ ဘုရားအလောင်း သုမေဓဗြာဟ္မဏ သူတော်ကောင်း၏ အကြောင်းအရာသော်ကား—

ဤကမ္ဘာမှပြန်၍ ရေတွက်သည်ရှိသော် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း (သို့မဟုတ်–ကပ်တသိန်း) ထက်၌ "အမရဝတီ" အမည်ရှိသော နေပြည်တော်သည် ထွန်းပေါ် ထင်ရှား ဖြစ်ပွါးခဲ့၏။ ။(ကပ်ကမ္ဘာနှင့် အမရဝတီ မြို့မည်အကြောင်းတို့ကို အနုဒီပနီ၌ ကြည့်ပါ။)

http://www.dhammadownload.com



အမရဝတီ နေပြည်တော်သည်ကား အရာရာတိုင်းမှာ စည်းစံနစ်ကျနစွာ စီမံထားသော နေပြည်တော်ဖြစ်၍ ကြည့်ရှုချင်စွယ် တင့်တယ်လှပေ၏။ စိမ်းလန်းစိုပြေ မွေ့လျော်ဘွယ်မြေရှိသဖြင့်ငင်း, အရိပ်ရေစန်း ပေါများသဖြင့်ငင်း, အစာအာဟာရလိုရာရသဖြင့်ငင်း,လူတို့၏ အသုံးအဆောင်အမျိုးမျိုးတို့ ပေါများပြည့်စုံလှသဖြင့်ငင်း ကြည့်ရှုသမျှသော နတ်လူတို့၏ စိတ်နှလုံးကို မွေ့လျော်စေနိုင်၏။

ဆင်သံ၊ မြင်းသံ၊ ရထားသံ၊ စည်ကြီးသံ၊ မုရိုးစည်သံ၊ စောင်းသံ၊ သီချင်းသံ၊ ခရုသင်းသံ၊ စည်းဝါးသံ၊ ဖိတ်ကြားသံ-တည်း ဟူသော အသံဆယ်ပါးတို့ဖြင့် တရံမဆိတ် အမြဲသာယာစည်ကားလှစွာ၏။ ။(အခြားမြို့များ၌ "အမိုက်သရိုက် လှည်းကြကုန်၊ ပေါက်တူး ပေါက်ချွန်းနှင့် မြေသယ်တောင်း ယူခဲ့ကြကုန်။ အရပ်တပါး သွားကြ ပြောင်းရွှေ့ကြကုန်အံ့၊ ဆန်ထုပ် ထမင်းထုပ် ယူခဲ့ကြကုန်။ စစ်ချီကြကုန်အံ့၊ လက်နက် လေးမြား စသည် အသင့်ပြင်ဆင်ကြကုန်" အစရှိသည်ဖြင့် မသာယာ မစည်ကား မြို့ရွာချောက်ချားသော အသံများသာ များပြား လှ သော် လည်း အမရဝတီ နေပြည်တော်မှာကား ထိုအသံမျိုးမရှိပဲ ဆင်သံ,မြင်းသံ စသော အသံဆယ်ပါးတို့ဖြင့် အမြဲသာယာစည်ကား၍ နေသည် ဆိုလိုသည်။) (အသံဆယ်ပါးနှင့်စပ်၍ မှတ်ဖွယ်ကို အနုဒီပနီ၌ ကြည့်ပါ။)

မြို့တော်ကြီးများ၌ ပြည့်စုံရမည့် အင်္ဂါအရပ်ရပ်နှင့် ပြည့်စုံသည့်ပြင် အလုပ်အကိုင်လည်းမရှား ပေါများပြည့်စုံလှ၏။ (စိန်နှင့် ရွှေ, ငွေ၊ အရေလျှံကဲ၊ ကြောင် မျက်ရွဲ၊ ပုလဲ, မြ, သန္တာ) ဟူသော ရတနာခုနစ်ပါးနှင့်လည်း ပြည့်စုံ၏။နိုင်ငံမျိုးခြား လူအများတို့ဖြင့်လည်း စည်ကား ရောပြွမ်း၏။ နတ်ပြည်ပမာ အရာရာပြည့်စုံသဖြင့် ကောင်းမှုကံနှင့် ပြည့်လျှံကဲမိုး ဘုန်းတန်းခိုးရှင်တို့၏ နေရာဌာနလည်း ဖြစ်ပေသည်။

http://www.dhammadownload.com



## အလောင်းတော် သုမေဓာ

ထိုအမရဝတီ နေပြည်တော်၌ သုမေဓာ အမည်ရှိသော ပုဏ္ဏားသည် နေ၏။ (ချီးမွမ်းအပ်သော ပညာရှိသောကြောင့် "သုမေဓ" ဟူ၍ ထင်ရှား ကျော်စောသည်။) ထိုသုမေဓာပုဏ္ဏားသည် အမိဖက်မှလည်း ပုဏ္ဏားမျိုးအဆက်ဆက် ဆင်းသက်လာသောမိခင်၊ အဘဖက်မှလည်း ပုဏ္ဏားမျိုးအဆက်ဆက် ဆင်းသက်လာသော ဘခင်ဖြစ်သဖြင့် အမိအဘ နှစ်ဖက်စုံမှ ကောင်းသော မြဲဟန်ဇာတ်ရှိသူ ဖြစ်ပေသည်။ ရောဂါသန့်စင်သော မိခင်ဝမ်း၌လည်း ပဋိသန္ဓေနေခဲ့သူ ဖြစ်ပေသည်။ အထက်ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တိုင်အောင် "ဤသူသည် အမျိုးဇာတ် ယုတ်ညံ့သောသူတည်း" ဟူ၍ အမျိုးဇာတ်ကို စွဲ၍ ဖြစ်သော စကားဖြင့် မပစ်ပယ်အပ်သူဖြစ်ပေသည်။ ဆဲရေးကဲ့ရဲ့မှု မပြုအပ်သူ ဖြစ်ပေသည်။ အလွန်လှပတင့်တယ် ကြည့်ရှုချင်ဘွယ်ရာ မြင်မြင်သမျှသော သူတို့၏ စိတ်ကို ကြည်သာရွှင်လန်းစေနိုင်သော ရုပ်ရေအဆင်းနှင့် ပြည့်စုံသူ ဖြစ်ပေသည်။

စီးပွါးဥစ္စာပညာအရည်အချင်းအားဖြင့်လည်း သိမ်္မိုးစုဆောင်းထားသည့် ဥစ္စာပေါင်း ကုဋေများစွာ ရှိသူဖြစ်သည့်ပြင် နေ့စဉ်သုံးစွဲနေသော ဥစ္စာစပါးတို့လည်း များလှသူဖြစ်ပေသည်။ ဗေဒင်ကျမ်းဂန်တို့ကို နှုတ်တွင်မပြတ် ရွတ်ဖတ်နိုင်သူဖြစ်၍ ဗေဒင်ကျမ်းတို့ကို ဆောင်ထားသူ (ဣရု၊ ယဇု၊ သာမ ဟူသော) ဗေဒင်သုံးပုံတို့ကိုလည်း ကမ်းတဖက်ခတ် တတ်မြောက်သူ ဖြစ်ပေသည်။ (၁) အမည်အမျိုးမျိုးကို ဖော်ပြသည့် အဘိဓာန်ကျမ်းဟု ဆိုအပ်သော နိဃဏ္ဍုကျမ်း၊ (၂) စာပေစီကုံးရာ၌ အသုံးပြုအပ်သော ပညာရှိတို့၏ အဆင်တန်းဆာ အလင်္ကာအမျိုးမျိုးတို့ကို ဖော်ပြသည့် အလင်္ကာကျမ်းဟု ဆိုအပ်သော ကေဋုဘကျမ်း၊ (၃) အက္ခရာဗျည်းစသော အမည်တို့နှင့်တကွနိရုတ္တိ နည်းအမျိုးမျိုးတို့ကို ဖော်ပြသည့် အက္ခရပဘေဒ ခေါ်သော သဒ္ဒါကျမ်း၊ (၄) ရှေးဟောင်း ဇာတ်ဝတ္ထုများကို ဖော်ပြသည့် (ပုရာဏ်ကျမ်းခေါ်သော) ဣတိဟာသကျမ်းလျှင် ငါးခုမြောက်ရှိသော ဗေဒင်

http://www.dhammadownload.com



ကျမ်းတို့ကို မပင်မပန်း နှုတ်ခမ်းလှုပ်ကာမျှဖြင့် ကမ်းတဖက်ခတ် တတ်မြောက်သူ ဖြစ်ပေသည်။

> "ဇာတိဟာသကျမ်းလျှင်ငါးခုမြောက်"ဆိုရာ၌ပါဠိတော် အခြေအနေအရ (၁) ဗေဒင်သုံးပုံ၊ (၂) နိဃဏ္ဍုကျမ်း၊ (၃) ကေဋုဘကျမ်း၊ (၄) သဒ္ဒါကျမ်း၊ (၅) ဇာတိဟာသ ကျမ်း ဟူ၍ ရေတွက်သင့်သည်။ သီလက္ခန် အဋ္ဌကထာ၌ကား ဗေဒင်သုံးပုံတွင်"အထဗ္ဗန" ဗေဒင်ကို ထပ်ထည့်၍ လေးပါးရှိရာမှာ ဇာတိဟာသကျမ်းကို ထည့်ပြန်သဖြင့် ငါးခုမြောက် ဖြစ်သည် ဟူသော အဓိပ္ပါယ်ကို ဖွင့်ပြ၏။

ဗျာကရဏ်းကျမ်းလာ ပုဒ်အမျိုးမျိုးတို့၌ လိမ္မာတတ်မြောက်လှသူ, ပကတိ ပစ္စည်းစသည်တို့၌ လိမ္မာတတ်မြောက်လှသူလည်း ဖြစ်ပေသည်၊ကုသိုလ်မပွါး လောကသံသရာကိုသာ ရှည်လျားစေတတ်သော လောကာယတကျမ်း၊ ဘုရားအလောင်း,ပစ္စေကဗုဒ္ဓါ အလောင်း အစရှိသော အလောင်းတော်သူမြတ်တို့၏ လက္ခဏာ မှစ၍ လက္ခဏာအမျိုးမျိုးကို ဖော်ပြရာ မဟာပုရိသ လက္ခဏာ ကျမ်းတို့၌လည်း ပညာဉာဏ်ယုတ်လျော့ခြင်း အလျဉ်းမရှိ ပြည့်စုံသူ ဖြစ်ပေသည်။ ဆရာအဆက်ဆက် သင်ပြအပ်သော ပုဏ္ဏားတို့၏ ပညာတရား၌ အဆုံးတိုင် တတ်မြောက်သူ ပါမောက္ခ ဆရာကြီး လည်း ဖြစ်ပေသည်။

ထိုသုမေဓာပညာရှိ ငယ်စဉ်ကပင် အမိအဘတို့ကား ကွယ်လွန်ကြကုန်သည်။ ထိုအခါ ဘဏ္ဍာစိုးကြီးက ပစ္စည်း စာရင်းကို ယူခဲ့ပြီးလျှင် ရွှေ-ငွေ-ပတ္တမြား-ပုလဲ စသည်တို့ဖြင့် ပြည့်နေသော ရတနာတိုက်ခန်းများကိုဖွင့်၍ "သတို့သား....ဤမျှလောက်သော ပစ္စည်းကားသင်၏ အမိဖက်မှဆင်းသက်လာသောပစ္စည်းတည်း၊ ဤမျှလောက်သော ပစ္စည်းကား သင်၏ အဘဖက်မှ ဆင်းသက် လာသော ပစ္စည်းတည်း၊ ဤမျှလောက်သော ပစ္စည်းကား သင်၏ အဘိုး အဘေးတို့ လက်ထက်မှ ဆင်းသက် လာသော ပစ္စည်း တည်း"ဟု အထက် ဆွေမျိုးခုနစ်ဆက် တိုင်အောင် ဥစ္စာစုကို

http://www.dhammadownload.com



ပြောကြားပြီးလျှင် "ထိုဥစ္စာစုကို အလိုအတိုင်း စီမံဖန်တီးပါ"ဟု အပ်နှင်းလေသည်။

သုမေဓပညာရှိသည် "ကောင်းပြီ"ဟု လက်ခံကာ "ငါ၏ အဘ အဘိုး ဆွေမျိုး ခုနစ်ဆက်တို့သည် ဤမျှ များပြားစွာသော ဥစ္စာတို့ကို စုဆောင်းပြီးလျှင် ကွယ်လွန် ကြသောအခါ တကျပ် တပြားကိုမျှ မယူနိုင်ပဲ သွားကြရကုန်၏၊ ငါသည်ကား ကွယ်လွန် သွားရာသို့ တကျပ်တပြားမျှ မကျန်ရအောင် ယူဆောင်နိုင်ခြင်း အကြောင်းကို ပြုလုပ်သင့်၏"ဟု ဆင်ခြင် စဉ်းစားပြီးလျှင် ကုသိုလ် ကောင်းမှုတို့ကို ပြုလျက် အိမ်ကို အုပ်ချုပ်၍ နေတော်မူ၏။

သုမေဓပြောဟွကထာအခဏ်း ပြီး၏။

---

## ၄–သုမေဓတောထွက်ခဏ်း

တနေ့သ၌ သုမေဓပညာရှိသည် ပြာသာဒ်အထက်ထပ်သို့ တက်၍ ဆိတ်ငြိမ်ရာအရပ်၌ တင်ပလ္လင်ဖွဲ့ခွေ နေထိုင်ပြီးလျှင် ဤသို့ ကြံစည်တော်မူ၏····၊

ဘဝသစ်၌ ဖြစ်ခြင်း = ( ပဋိသန္ဓေနေရခြင်း )သည် ဆင်းရဲလှ၏။ ခန္ဓာကိုယ်၏ ပျက်စီးရခြင်း (သေရခြင်း) သည်လည်း ဆင်းရဲလှ၏။ အိုခြင်းတရားသည် လွှမ်းမိုး နှိပ်စက်အပ်သည် ဖြစ်၍ တွေတွေဝေဝေ သေရခြင်း သည်လည်း ဆင်းရဲလှ၏။

ပဋိသန္ဓေနေရခြင်းသဘော အိုရခြင်းသဘော နာရ ခြင်းသဘောရှိသော ငါသည် မအိုရာ မသေရာ ဘေး ကုန်ခန်းရာ ငြိမ်းရာဖြစ်သော နိဗ္ဗာန်တရားကို ရှာမှီး ပေအံ့။

ကျင်ငယ် ကျင်ကြီး ပြည် သွေး သည်းခြေ သလိပ် တံတွေး ချွဲ နှပ်အစရှိသည့် အထူးထူးသော အပုပ်မျိုးတို့ ဖြင့် ပြည့်၍နေသော ဤကိုယ်ကောင်ပုပ်ကို ငါသည် မငဲ့ မကွက် အလိုမရှိပဲ စွန့်လွှတ်၍ သွားနိုင်ပါမူ ကောင်း လေစွ····။

http://www.dhammadownload.com



ထိုငြိမ်းရာ နိဗ္ဗာန်သို့ သွားရောက်ကြောင်း ခရီးကောင်းသည် ရှိသည်ကေန်ဖြစ်ပေလိမ့်မည်၊ထိုလမ်းသည် မရှိပဲနေခြင်းငှါ မတတ်စကောင်း။ ဘဝအနှောင်အဖွဲ့မှ လွတ်မြောက်ရန် ထိုနိဗ္ဗာန်ရောက်ကြောင်း ခရီးကောင်းကို ငါကား ရှာမှီးပေတော့အံ့….။

**ဥပမာအားဖြင့်** ဆင်းရဲခြင်း = (ဒုက္ခ)တရား ထင်ရှားရှိလတ်သော် ကိုယ်စိတ် ချမ်းသာခြင်း = (သုခ)တရား လောက၌ ထင်ရှားရှိသကဲ့သို့ ဤအတူ ဝဋ္ဋဒုက္ခ၏ဖြစ်ခြင်း ဘဝတရား ထင်ရှားရှိလတ်သော် ထိုဝဋ္ဋဒုက္ခ၏မဖြစ်ခြင်း နိဗ္ဗာန်တရားကိုလည်း အလိုရှိအပ် (သိမှတ်အပ်)သည် သာတည်း။

**ဥပမာတနည်းအားဖြင့်** အပူရှိလျှင် ထိုအပူမှတပါး ဖြစ်သော အအေးလည်း ရှိရသကဲ့သို့ ဤအတူ ရာဂမီး ဒေါသမီး မောဟမီး ဤမီးသုံးပါးထင်ရှားရှိလျှင် ထိုမီး သုံးပါးကို ငြိမ်းစေတတ်သော နိဗ္ဗာန် တရား ကိုလည်း အလိုရှိအပ်(သိမှတ်အပ်)သည်သာတည်း။

**ဥပမာတနည်းအားဖြင့်** မကောင်းမှု အကုသိုလ်တရား ထင်ရှားရှိလျှင် ကောင်းမှု ကုသိုလ်တရားလည်း ထင်ရှား ရှိရသကဲ့သို့ ဤအတူပင် ပဋိသန္ဓေနေရခြင်း ဇာတိတရား ထင်ရှားရှိလျှင် ထိုဇာတိကို ကုန်စေတတ်သည့် ပဋိသန္ဓေ နေခြင်းကင်းရာ = နိဗ္ဗာန် တရား ကို လည်း အလိုရှိအပ် (သိမှတ်အပ်)သည်သာတည်း။

ဤသို့ အကြံတော်ဖြစ်ပြီး ဆက်၍တဖန် လေးနက်စွာ အကြံ တော်ဖြစ်ပြန်သည်မှာ—

**ဥပမာအားဖြင့်** မစင်တွင်း၌ ကျရောက်နေသော (တနည်း-မစင်လိမ်းကပ်၍ နေသော) ယောကျ်ားသည် ကြာမျိုးငါးပါးတို့ဖြင့် တန်းဆာ ဆင်အပ်၍ ကြည်လင် သောရေရှိသည့် တဖက်ဆည်ကန်ကြီးကို မျက်ဝါးထင်ထင်

http://www.dhammadownload.com



အဝေးမှမြင်နေရပါလျက် ထိုတဖက်ဆည်ကန်သို့ သွားရန် လမ်းမှန်ကို မရှာမှီးလျှင် ထိုသို့မရှာမှီးခြင်းသည် တဖက်ဆည်ကန်ကြီး၏ အပြစ်မဟုတ်၊ ထိုမစင်လိမ်းကပ်သော ယောက်ျား၏ အပြစ်သာလျှင် ဖြစ်သကဲ့သို့ ဤအတူ ကိလေသာ အညစ်အကြေးတို့ကို ဆေးလျှော်ရာ ကေန် အမြိုက်နိဗ္ဗာန်တည်းဟူသော တဖက်ဆည်ကန်ကြီး ထင်ရှားရှိပါလျက် ထိုသည့်နိဗ္ဗာန် တဖက်ဆည်ကန်ကြီးကို မရှာမှီးလျှင် ထိုသို့မရှာမှီးခြင်းသည် နိဗ္ဗာန်တည်းဟူသော တဖက်ဆည်ကန်ကြီး၏ အပြစ်မဟုတ်။

**ဥပမာတနည်းအားဖြင့်** ရန်သူတို့ဝိုင်းဝန်းခြင်းကို ခံရသောသူသည် တိမ်းရှောင် ထွက်သွားဘို့ရန် လမ်းရှိပါလျက် ထွက်သွားခြင်းမပြုခဲ့လျှင် ထိုသို့ ထွက်မသွားခြင်းသည် လမ်း၏အပြစ်မဟုတ်၊ ထိုယောက်ျား၏သာ အပြစ်ဖြစ်သကဲ့သို့ ဤအတူ ကိလေသာရန်သူတို့ ဝိုင်းဝန်းခြင်းခံရသောသူသည် ထိုကိလေသာရန်သူတို့မှ လွတ်မြောက်ဘေးကင်းရာ နိဗ္ဗာန်ရွှေမြို့သို့ သွားရောက်ကြောင်း မဂ္ဂင်လမ်းကြောင်းကြီး ထင်ရှားရှိပါလျက် ထိုလမ်းကြောင်းကြီးသို့ မသွားလိုလျှင် ထိုသို့မသွားလိုခြင်း မသွားခြင်းကား နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်လမ်းကောင်း၏အပြစ်မဟုတ်ပေ....။

**ဥပမာ တနည်း အားဖြင့်** အနာရောဂါ ရှိသောယောက်ျားသည် ကုစားနိုင်သော ဆေးဆရာကောင်းရှိပါလျက် ထိုအနာရောဂါကို မကုစားစေခဲ့လျှင် ထိုသို့မကုစားခြင်းသည် ဆေးဆရာ၏ အပြစ်မဟုတ်သကဲ့သို့ ဤအတူ ကိလေသာတည်းဟူသော အနာတို့ဖြင့် ဆင်းရဲစွာ အနှိပ်စက်ခံနေရသော သူသည် ထိုကိလေသာ ငြိမ်းရာငြိမ်းကြောင်း မဂ္ဂင်လမ်းကြောင်း၌ လိမ္မာသူ ထင်ရှားရှိသော ဆရာကို မရှာမှီးလျှင် ထိုသို့မရှာမှီးခြင်းသည် ဆရာမြတ်၏ အပြစ်မဟုတ်ပေ....။

http://www.dhammadownload.com



ဤသို့ အကြံတော်ဖြစ်ပြီးနောက် တဆင့်တက်၍ ဤခန္ဓာကိုယ်ကို စွန့်ပစ်ရန် အကြံတော် ဖြစ်ပြန်သည်မှာ—

လှပချင်သော ယောက်ျားတယောက်သည် လည်ပင်း၌ ဆွဲအပ်သော အကောင်ပုပ်ကို စက်ဆုပ်ပြီးလျှင် ဖြေချွတ်၍ အလိုရှိတိုင်း ကိုယ်စိုးတရ ချမ်းသာစွာ သွားသကဲ့သို့ ဤအတူ ငါသည်လည်း အထူးထူးသော ပိုးမျိုး အပုပ်မျိုးတို့၏ စုဝေးရာ ဤအကောင်ပုပ်ကြီးကို စွန့်ပစ်၍ မငဲ့မကွက် အလိုမရှိပဲ နိဗ္ဗာန်တည်းဟူသော မြို့ကြီးသို့ ချမ်းသာစွာ သွားပေအံ့····။

**ဥပမာ တနည်းအားဖြင့်** ကျင်ကြီးစွန့်ရာ အရပ်၌ ယောက်ျား မိန်းမတို့သည် ကျင်ကြီးကို စွန့်ကြပြီးလျှင် ပြန်စောင်းမျှ မကြည့်လိုကြတော့ပဲ စွန့်ဖဲ၍ သွားကြသကဲ့သို့ ဤအတူ ငါသည်လည်း အထူးထူးသော ပိုးမျိုး အပုပ်မျိုးတို့ဖြင့် ပြည့်၍နေသော ဤကိုယ်ကောင်ကို ကျင်ကြီး စွန့်ပြီးသူသည် အိမ်သာကို စွန့်သကဲ့သို့ စွန့်၍ နိဗ္ဗာန်မြို့ကြီးသို့ အရောက်သွားပေအံ့····။

**ဥပမာ တနည်းအားဖြင့်** အိုမင်းဆွေးမြေ့ ပျက်စီးနေ၍ ရေတဖျင်ဖျင် ယိုစီးဝင်နေသော လှေကို လှေရှင်တို့သည် မငဲ့မကွက် အလိုမရှိ စွန့်လွှတ်၍ သွားကြသကဲ့သို့ ဤအတူ ငါသည်လည်း ဒွါရ (၉) ပေါက် ရှိ၍ ထိုဒွါရ (၉) ပေါက်မှ အမြဲတစေ မစင်ကြယ်သော အရာတို့ တတွေတွေ ယိုထွက်နေသော ဤကိုယ်ကောင်ကို လှေအိုကို လှေရှင်များ စွန့်သကဲ့သို့ စွန့်၍ နိဗ္ဗာန်မြို့ကြီးသို့ သွားပေအံ့····။

**ဥပမာ တနည်းအားဖြင့်** ဘဏ္ဍာပစ္စည်းကို ယူဆောင်၍ ခိုးသူတို့နှင့် အတူတကွ လမ်းသွားမိသော ယောက်ျားသည် ဘဏ္ဍာကို လုယက်ဖျက်ဆီးမည့်ဘေးကို မြင်၍ ခိုးသူတို့ကို စွန့်ကာ ဘေးလွတ်ရာ သွားသကဲ့သို့ ဤအတူပင်

http://www.dhammadownload.com



ဤခန္ဓာကိုယ်သည် ခိုးသူကြီးနှင့် တူလှပေ၏။ ။(အဓိပ္ပာယ်သော မနသိကာရ ဝင်ရောက် လောဘ ဒေါသတို့က သွေးမြှောက် ပေးသော အခါ ဤခန္ဓာကိုယ်ကြီးကပင် ပါဏာတိပါတ ခိုးသူကြီး, အဒိန္နာဒါန် ခိုးသူကြီး–စသည် ဖြစ်၍ အလုံးစုံသော ကုသိုလ် ဥစ္စာ ရတနာတို့ကို လုယက် တိုက်ဖျက်တတ်သောကြောင့် ဤကိုယ်ခန္ဓာကြီးသည် ခိုးသူကြီးနှင့် တူလှပေ၏ဟု ဆိုသည်။) သို့ရကား ခိုးသူတို့နှင့် အတူတကွ လမ်းသွားမိသော ယောကျာ်းသည် ဘဏ္ဍာကို လုယက်အံ့သော ဘေးမှ ကြောက်လှသဖြင့် ထိုခိုးသူတို့ကို စွန့်၍ သွားသကဲ့သို့ ငါသည်လည်း ကုသိုလ်ဥစ္စာ ရတနာတို့ကို လုယက်ဖျက်ဆီးအံ့သော အရေးကို တွေးတိုင်း ကြောက်လှသောကြောင့် (ခိုးသူကြီးနှင့် တူသော) ဤကိုယ်ကို စွန့်လွှတ်၍ ကိုယ်၏ ချမ်းသာရေး ကေ္ခမပေးနိုင်သည့် နိဗ္ဗာန် လမ်းကြောင်းကို ရှာမှီးရန် သွားပေအံ့....။

ဤကဲ့သို့ အကြံတော် ဖြစ်လေသည်။

## အလှူကြီး ပေးတော်မူခြင်း

သုမေဓာပညာရှိသည် ဤဆိုအပ်ပြီးသည့်အတိုင်း အထူးထူးသော ဥပမာတို့ဖြင့် တောထွက်ရန် ကြံစည်တော်မူပြီးလျှင် တဖန် အကြံတော် ဖြစ်ပြန်သည်မှာ.... “ဤမျှ များလှစွာသော ဥစ္စာနှစ်တို့ကို စုဆောင်းကြပြီးလျှင် ငါ၏ အဘ အဘိုး ခုနစ်ဆက်သောဆွေမျိုးတို့သည် တမလွန်လောကသို့ သွားကြသောအခါ တပြား တကျပ်ကိုမျှ ယူဆောင်၍ မသွားနိုင်ကြကုန်။ ငါတမူကား ဤဥစ္စာများကို နိဗ္ဗာန်တိုင်အောင် ယူဆောင်၍ သွားနိုင်ကြောင်း နည်းကောင်းတခု ပြုသင့်လှပေသည်”....ဤကဲ့သို့ ကြံစည်တော်မူပြီးလျှင် ဘုရင်မင်းမြတ်ထံမှောက်သို့ သွားရောက်၍—

“အရှင်မင်းကြီး....အကျွန်ုပ်သည် ပဋိသန္ဓေ နေခြင်း အိုခြင်းစသည်တို့ နှိပ်စက်ပုံကို ဆင်ခြင်ဉာဏ်ထဲ စိတ်စွဲ

http://www.dhammadownload.com



ကြောက်ရွံ့လှပါသဖြင့် အိမ်ရာတည်ထောင် လူ့ဘောင်မှ ထွက်ခါ ရှင်ရဟန်း ပြုပါတော့မည်၊ အကျွန်ုပ်မှာ ကုဋေ ရာပေါင်းများစွာ ဥစ္စာစု ရှိပါသည်။ထိုဥစ္စာစုကို မင်းကြီး သည်ပင် သိမ်းပိုက်တော်မူပါ"—

ဟု လျှောက်ထားလေလျှင် မင်းကြီးက ''သင်၏ ဥစ္စာကို ငါအလို မရှိ၊ သင်သာလျှင် အလိုရှိတိုင်း ပြုလုပ်ပါတော့''ဟု မိန့်ဆိုလေ သည်။

ထိုအခါ အလောင်းတော်သုမေဓာပညာရှိသည် "ကောင်း ပါပြီ အရှင်မင်းကြီး····"ဟု ဝန်ခံကာ အမရဝတီ နေပြည်တော် တခွင်လုံး၌ ''ပစ္စည်းဥစ္စာကို အလိုရှိသောသူများ လာရောက် ယူငင်ကြလော့"ဟု အလှူစည်ကြီး ရိုက်တီးလှည့်လည် ကြေငြာ စေ၍ မျက်နှာကြီးငယ်မရွေး ကိုးကွယ်ရာရှိသောသူ မရှိသောသူ တို့အား အလှူကြီး ပေးတော်မူလေသည်။

## တောထွက်တော်မူခြင်း

ထိုသို့ အလှူကြီးပေးတော်မူပြီးသောအခါ အလောင်းတော် သုမေဓာပညာရှိသည် ရသေ့ရဟန်းပြုတော်မူရန် ဟိမဝန္တာသို့ ရှေးရှု တောထွက်တော်မူခဲ့လေသည်။

အလောင်းတော်သုမေဓာပညာရှိ ဟိမဝန္တာအတွင်း ချဉ်းကပ် သက်ဝင်၍ ယနေ့ပင် ဓမ္မိကတောင်သို့ဝင်အံ့ဟု တောထွက်တော် မူလာသည်ကို သိကြားမင်း မြင်လတ်လေလျှင် ဝိသုကြံနတ်သား ကိုခေါ်၍ "သွားပါချေ အမောင်ဝိသုကြံ····ဤသုမေဓာပညာရှိ သည် ရဟန်းပြုအံ့ဟူ၍ တောထွက်တော်မူလာပြီ၊ ထိုသုမေဓာ ပညာရှိနေတော်မူရန် ကျောင်းသင်္ခမ်း ဖန်ဆင်းပါချေ"ဟု စေ ခိုင်းလေ၏။

ဝိသုကြံနတ်သားသည် သိကြားမင်း၏စကားကို"ကောင်းပါပြီ" ဟု ဝန်ခံ၍ နှလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်းသော ကျောင်း သင်္ခမ်းအရာမ်ကိုငင်း ထိုအရာမ်အတွင်း၌ ကောင်းစွာလုံခြုံသော

http://www.dhammadownload.com



သစ်ရွက်မိုးကျောင်းစရပ်ကိုဂုဏ်း စိတ်ပျော်မွေ့ဖွယ်ရာ အပြစ်ကင်းသော စင်္ကြံကိုဂုဏ်း ဖန်ဆင်းလေသည်။

ဤ၌ ဝိသုကြံနတ်သား ဖန်ဆင်းအပ်သော စင်္ကြံမှာ—

(၁) မြေကြမ်းထမ်း၍ မညီညွတ်ခြင်း၊

(၂) စင်္ကြံအတွင်း၌ သစ်ပင်ရှိခြင်း၊

(၃) မြက်နွယ်ချုံပုတ်တို့ လွှမ်းအုပ်နေခြင်း၊

(၄) အလွန်ကျဉ်းမြောင်းခြင်း၊

(၅) အလွန် ကျယ်လွန်းခြင်း—

တည်းဟူသော အပြစ်ငါးပါးမှလွတ်၍ အလျားအတောင် ခြောက်ဆယ်၊ အနံ စင်္ကြံမ—တတောင်ထွာ၊ ဝဲယာနှစ်ဖက်မှ တတောင်စီ အနံရှိသော စင်္ကြံမျှောင်နှစ်ခုတို့ရံလျက် ညီညွတ်သောမြေတလင်း သဲဖြူခင်းအပ်သော စင်္ကြံ ဖြစ် ပေ သည်။ ။(စင်္ကြံ၏ အပြစ်ငါးပါး အစိပ်ပွါယ်အကျယ်ကို အနုဒီပနီ၌ ကြည့်ပါ။)

ဖန်ဆင်းအပ်သော ကျောင်းသင်္ခမ်း အရာမ်မှာလည်း····ထိုသင်္ခမ်းကျောင်းအရာမ်နေ ပုဂ္ဂိုလ်တို့—

(၁) ဥစ္စာစပါး သိမ်းဆည်းမှုမရှိခြင်း၊

(၂) အပြစ်ကင်းသော ဆွမ်းကိုသာ ရှာမှီးခြင်း၊

(၃) အေးပြီးသောဆွမ်းကိုသာ ဘုဉ်းပေးသုံးဆောင်ခြင်း၊

(၄) တိုင်းပြည်အတွင်း မင်းစိုးရာဇာတို့ အတင်းအကြပ် အခွန်အတုတ် ကောက်ယူ၍ ရွှေငွေဥစ္စာ ရတနာနှစ်တို့ကို မင်းဘဏ္ဍာအဖြစ် သိမ်းယူသောအခါမျိုး၌ တိုင်းသူပြည်သားများ ခံစားကြရသည့် ပင်ပန်းနွမ်းနယ်မှုမျိုး မရှိခြင်း၊

(၅) အဆောက်အဦ အသုံးအဆောင် အဆင်တန်းဆာ စသည်တို့၌ တပ်မက်မှုကင်းခြင်း၊

http://www.dhammadownload.com



(၆) လူဆိုးသူခိုးတို့ လုယက်တိုက်ခိုက် ဖျက်ဆီးသော အခါမျိုး၌ (မိမိမှာ ရွှေငွေဥစ္စာ မရှိသဖြင့်) ကြောက်ရွံ့ရမှု မရှိခြင်း၊

(၇) မင်း, မင်း၏အမတ်ကြီးတို့နှင့် မရောနှောခြင်း၊

(၈) အရပ်လေးမျက်နှာတို့၌ အပိတ်အပင် အဆီးအတားမရှိ (သွားလိုရာသွားနိုင်)ခြင်း–

တည်းဟူသော သမဏသုခ ရဟန်းတို့၏ ချမ်းသာခြင်း ရှစ်မျိုးတို့ကို ရယူစေနိုင် ပေးစွမ်းနိုင်သည့်ပြင်——ထို သင်္ခမ်း ကျောင်းအရာမ်နေ ပုဂ္ဂိုလ်တို့ အဘိညာဉ်သမာပတ်တို့ကို မပင်မပန်း ဖြစ်စေနိုင်ရန် အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာတရား ပွါးများ၍ ဝိပဿနာ ခွန်အားကို ရွက်ဆောင်နိုင်လောက်အောင် ကျေးဇူးပြုနိုင်သော သင်္ခမ်းကျောင်းအရာမ်မျိုး ဖြစ်ပေသည်။

ထိုသို့ အလောင်းတော် သုမေဓာပညာရှိ နေတော်မူရန် သင်္ခမ်းကျောင်းအရာမ် ဖန်ဆင်းသောအခါ ဝိသုကြိုနတ်သားသည် ကျောင်းဆောင် လိုဏ် ဂူ စင်္ကြံစသည်တို့ဖြင့် တန်းဆာဆင်အပ်သော အပွင့် ပွင့်သောသစ်ပင် အသီး သီးသောသစ်ပင် (ပွင့်ပင်, သီးပင်) အမျိုးမျိုးတို့ဖြင့် ဖုံးလွှမ်းတင့်တယ် မွေ့လျော်ဖွယ်ရှိသော၊ ချိုမြိန်အေးမြသော ရေရှိသည့် ရေကန်နှင့် ပြည့်စုံသော၊ ခြင်္သေ့ သစ်ကျား သားရဲ တောတိရစ္ဆာန်တို့နှင့်တကွ ကြောက်လန့်ဘွယ်ရာ မင်္ဂလာမဲ့သော ငှက်ဆိုး အမျိုးမျိုးမှ ကင်းတိတ်၍ ဆိတ်ဆိတ်ငြိမ်ငြိမ် နေနိုင်စွမ်းသည့် ကျောင်းသင်္ခမ်း အရာမ်ကို ဖန်ဆင်းပြီးလျှင်····စင်္ကြံ၏ အစွန်းနှစ်ဖက်တို့၌ မှီစရာ တံကဲ (ပျဉ်ချပ်)ကို စီမံထား၍ စင်္ကြံ၏ အလယ်၌မူ အလောင်းတော် ထိုင်စရာအတွက် ချောညက်သန့်စင် ညီညွတ်သောအပြင်ရှိသည့် ဝဲနောက်စိမ်းရောင် ကျောက်ဖျာ ကျောက်ပြားကို ခင်းထားစီမံလေသည်။

သစ်ရွက်မိုးကျောင်းအတွင်း၌လည်း ဆံကျစ်ဝန်း–လျှော်တေ သက်နံး–သစ်သားသုံးခွ–ရေကရားစသော ရသေ့အသုံးအဆောင်

http://www.dhammadownload.com



တို့ကို၎င်း၊ နွေခင်းနေထိုင်ရာ (နွေသန့်ရာ) မဏ္ဍပ်၌ သောက်ရေအိုး ရေသောက်ခရု–ရေသောက်ခွက်တို့ကို၎င်း၊ မီးတင်းကုပ်၌ မီးအိုးကင်း– ထင်း-စသည်တို့ကို၎င်း ဤသို့ ရသေ့ရဟန်းများနှင့် သက်ဆိုင်သော အသုံးအဆောင်ဟူသမျှတို့ကို ဖန်ဆင်းပြီးလျှင် သစ်ရွက်မိုးစရပ်အတွင်းနံရံ၌ "မည်သူမဆို ရှင်ရဟန်းပြုလိုက ဤအသုံးအဆောင်တို့ကိုယူ၍ ရဟန်းပြုကုန်လော့" ဟု အက္ခရာစာတမ်း ရေးသား၍ ဝိသုကြုံနတ်သား နတ်ပြည်သို့ ပြန်သွားလေ၏။

## ရဟန်းပြုတော်မူခြင်း

ဝိသုကြုံနတ်သား ပြန်သွားသောအခါ သုမေဓာပညာရှိသည် ဟိမဝန္တာ တောင်ခြေ တောင်ချောက် ကမ်းပါး တို့ကို အစဉ်လျှောက်၍ မိမိနေရန်သင့်လျော်မည့် ချမ်းသာရာအရပ်ကို ကြည့်ရှုရှာကြံလတ်သည်ရှိသော် မြစ်၏ တခုသောထောင့်ကွေး ဓမ္မိကတောင်ယံ၌ ဝိသုကြုံနတ်သား ဖန်ဆင်း၍ သိကြားမင်း ပေးလှူအပ်သော နှစ်သက်ဖွယ်ရာ သင်္ခမ်းကျောင်းကို မြင်လျှင် စင်္ကြံအစွန်းသို့ ဖြေးညှင်းစွာ ကြွ၍ ခြေရာကို မမြင်လတ်သော် "မချွတ်ကေန် ဤကျောင်းနေရဟန်းတို့သည် အနီးအပါး ရွာများ၌ ဆွမ်းကို ရှာမှီးကြပြီးလျှင် ပင်ပန်းနွမ်းနယ်လှ၍ သစ်ရွက်မိုးစရပ်အတွင်း ဝင်ရောက် နေထိုင်ကြပေလိမ့်မည်" ဟု ကြံစည်ဆင်ခြင်တော်မူပြီးလျှင် အချိန်အနည်းငယ်မျှ ဆိုင်းတွ ငံ့နေတော်မူ၏။

အချိန်အတန်ကြာ၍ တစုံတရာမျှ ထူးခြားချက်ကို မတွေ့မမြင်ရသည်ရှိသော် "အချိန်ကြာလှကုန်တကား… ရဟန်းရှိမရှိ သိအောင်စုံစမ်းအံ့" ဟု ကြံစည်ပြီးလျှင် သစ်ရွက်မိုးစရပ်တံခါးကို ဖွင့်၍ အတွင်းသို့ဝင်ရောက်ပြီး ထိုမှဤမှ ကြည့်ရှုလတ်သည်တွင် နံရံကြီး၌ အက္ခရာစာတမ်းကို တွေ့မြင်ဖတ်ရှု၍ "ဤပရိက္ခရာတို့သည် ငါ့အား အပ်စပ်သော ပရိက္ခရာတို့ပေတည်း၊ ဤပရိက္ခရာတို့ကိုယူ၍ ရှင်ရဟန်းပြုပေတော့အံ့" ဟု ဆုံးဖြတ်ပြီးလျှင် လူဝတ်ပုဆိုး၏ အပြစ် ၉-ပါးကို၎င်း, လျှော်တေသင်္ကန်း၏ ဂုဏ်

http://www.dhammadownload.com



ကျေးဇူး ၁၂-ပါးကိုရှင်း ဉာဏ်တော်ဆင်ခြင်မြင်သိတော်မူပြီးလျှင် ကိုယ်တော်မြတ် ဝတ်ရုံခဲ့ရင်းဖြစ်သော ဝတ်လဲတော်အစုံကို စွန့်၍ လျှော်တေသင်္ကန်းကို ဆင်မြန်းဝတ်ရုံတော်မူလေသည်။

(လူဝတ်ပုဆိုး၏ အပြစ် ၉-ပါး၊ လျှော်တေသင်္ကန်း၏ ဂုဏ်ကျေးဇူး ၁၂-ပါးတို့ကို အနုဒီပနီ၌ ကြည့်ပါ။ လျှော်တေသင်္ကန်း စသည်တို့၏ အဓိပ္ပါယ် မှတ်ဖွယ်ကိုလည်း အနုဒီပနီ၌ ကြည့်ပါ။)

## သစ်ရွက်မိုးစရပ်ကို စွန့်၍ သစ်ပင်ရင်းသို့ ကပ်ခြင်း

အလောင်းတော် သုမေဓာပညာရှိသည် မြတ်သော ဝတ်လဲတော်အစုံကို ချွတ်၍ သစ်ရွက်မိုးစရပ်အတွင်း သင်္ကန်းတန်းအပေါ်မှာ အသင့်ပင်ခေါက်တင်၍ထားအပ်သော လိပ်ဆူးရွှေပန်းဆိုင်းပမာ နီမြန်းသော လျှော်တေသင်္ကန်းကို ခါး၌ ဝတ်ဆင်ပြီးလျှင် ထို၏အပေါ်မှ ရွှေရောင်အဆင်း ဝါဝင်းသော လျှော်တေသင်္ကန်းကို ခြုံရုံ၍ ပုန်းညက်ပန်းအခင်းနှင့် တူသော ခွါနှင့်တကွသောသစ်နက်ရေကို လက်ဝဲပခုံးပေါ်မှာ တင်လျက် ဆံကျစ်ဝန်းကို သျှောင်(ရှောင်)မှာ စွပ်ပြီးလျှင် သျှောင်နှင့်တကွ မလှုပ်မရှားနိုင်အောင် ဆင်စွယ်ဆံထိုးကို ထိုး၍ ပုလဲစီခက် ဇာတဘက်နှင့် တူသောဆိုင်း၌ သန္တာကျောက်အဆင်းရှိသော ရေကရားကို ထည့်ပြီး အစွန်းနှစ်ဖက် အလယ်ချက်အားဖြင့် သုံးပါးသောဌာနတို့၌ ကောက်သောထမ်းပိုးကို ယူ၍ ထမ်းပိုးအစွန်းတဖက်၌ ရေကရား-အခြားထမ်းပိုးအစွန်းတဖက်၌ ချွန်းတောင်း (တံချူ)-ခြင်းတောင်း-သစ်သားသုံးခွ-စသည်တို့ကို ချိတ်ဆွဲ၍ ရသေ့ပရိက္ခရာ အစုံပါသော ထမ်းပိုးကို ပခုံးထက်၌ တင်လျက် ယာဘက်လက်ဖြင့် တောင်ဝှေးကို ကိုင်ပြီးလျှင် သစ်ရွက်မိုးစရပ်မှ ထွက်ခဲ့၍ အတောင်ခြောက်ဆယ် အလျားရှိသော စင်္ကြံအတွင်း၌ လူးလာ တုံ့ခေါက် အပြန်ပြန် စင်္ကြံရှောက်ရင်းပင် ကိုယ်တော်၏ အသွင်ကို ကြည့်၍-

''ငါ၏ စိတ်နှလုံးအလိုသည် အထွတ်အထိပ်သို့ ရောက်ပေပြီ၊

ငါ၏ ရှင်ရသေ့အဖြစ်သည် တင့်တယ်ပေစွ၊

http://www.dhammadownload.com



ရှင်ရသေ့ အဖြစ်မည်သည့်ကို ဘုရား, ပစ္စေကဗုဒ္ဓါ အစ ရှိသော ပညာရှိသူမြတ်အားလုံးတို့ ချီးမွမ်းအပ်ပေ၏၊

ငါသည် လူ့အဖြစ်တည်းဟူသော အနှောင်အဖွဲ့ကို ပယ်အပ်ပြီ၊

ကာမနယ်မှ ငါလှလှကြီး လွတ်မြောက်ခဲ့လေပြီ၊

ငါသည် မြတ်သော ရသေ့ရဟန်းအဖြစ်ကို ရအပ်ပေပြီ၊

ရဟန်းတရားကို ငါကား ပွါးများ အားထုတ်ပေအံ့၊

မြတ်သောအကျိုးချမ်းသာကို ရအောင် အားထုတ်ပေအံ့"— ဟု ဝမ်းမြောက်စွာစဉ်းစား စိတ်အားတက်ကြွတော်မူပြီးလျှင် ပခုံးပေါ်မှ ထမ်းပိုးကို ချတည့်၍ စင်္ကြံ၏အလယ်ဝယ် ပဲနောက်အဆင်းရှိသော ကျောက်ဖျာ၌ ရွှေဆင်းတုပမာ တင့်တယ်စွာထိုင်နေလျက် နေ့အချိန်ကို ကုန်လွန်စေတော်မူလေသည်။

နေ့အချိန်လွန်မြောက် ညချမ်းသို့ရောက်လတ်သော် သစ်ရွက်မိုးစရပ်အတွင်းဝင်၍ ကြိမ်ခက်သော ညောင်စောင်း၏နံပါး(ဘေး) သစ်သား (ပျဉ်ချပ်) အခင်း၌ လျောင်းလျက် ကိုယ်ငွေ့ ကောင်းအောင် ပြုလုပ်ကျိန်းစက်၍ နံနက်မိုးသောက် (လင်းအားကြီး) အချိန်မှာ နိုးတော်မူပြီးလျှင် ကိုယ်တော်၏လာခဲ့သော အကြောင်းရင်းကို စဉ်းစား ဆင်ခြင်တော်မူသည်မှာ—

"ငါသည် အိမ်ရာထောင်ခြင်း၏ အပြစ်ကိုမြင်၍ မနှိုင်းယှဉ်နိုင်လောက်အောင်များမြောက်သောအသုံးအဆောင် အဆုံးမရှိသော အခြံအရံတွေကို ပယ်၍ တောသို့ ဝင်ပြီးလျှင် ကာမမှုမှ လွတ်မြောက်ကြောင်း ကောင်းမှုကုသိုလ် ရှာမှီးလိုသောစိတ် ရှိသည်ဖြစ်၍ ရဟန်းပြုခဲ့လေပြီ····၊ ယနေ့မှစ၍ မေ့မေ့လျော့လျော့ နေခြင်းငှါ မသင့်၊ ကိလေသာမှ စိတ်၏ ကင်းဆိတ်ခြင်း, ကာမတရား ကာမဝတ္ထုတို့မှ ကိုယ်၏ ကင်းဆိတ်ခြင်း တည်းဟူသော ပဝိဝေကအကျင့်ကို ပယ်စွန့်၍ မေ့လျော့ ပေါ့တန်စွာ နေသောသူကို ကာမ

http://www.dhammadownload.com



ဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက် တည်းဟူသော မိစ္ဆာဝိတက်သုံးပါး ယင်ရိုင်းများသည် အမြဲတန်း ခဲစား ကြကုန်၏၊ ယခုအခါ ငါကား ပဝိဝေကအကျင့်ကို ပွါးစေခြင်းငှါ သင့်ပေပြီ။

မှန်၏….ငါသည် အိမ်ရာတည်ထောင် လူ့ဘောင်၌ နေရခြင်း၏ ကုသိုလ်တရားကို တားဆီးနှောက်ယှက်နိုပ်စက်ဟန့်တားပုံ ပလိဗောဓ အပြစ်မြင်၍ လွတ်အောင် တောထွက်ခဲ့ပြီ၊ ဤသစ်ရွက်မိုး စရပ်သည်လည်း နှစ်သက်ဖွယ်ကောင်းလှ၏၊ အပြေအပြစ်ပြု၍ ထားသော မြေအပြင်မှာလည်း ဥသျှစ်သီးမှည့်အဆင်း ဝါဝင်း တင့်တယ်လှပေ၏၊ နံရံအဖြူတို့မှာလည်း ငွေအဆင်းနှင့် တူလှကုန်၏၊ မိုးထားသော သစ်ရွက်မှာလည်း ခိုခြေအဆင်း နီတွေး တင့်တယ်လှ ပေ၏၊ ကြိမ်ခက်သော ညောင်စောင်းမှာလည်း ဆန်းကြယ်သော အိပ်ရာခင်း၏ အဆင်းအသွေး ရှိပေ၏။ နေရာအရပ်သည်လည်း နေ၍ထိုင်၍ အလွန် ချမ်းသာလှ ပေ၏၊ ငါ၏ လူ့ဘဝက နေခဲ့ရာအိမ်၏ စည်းစိမ်သော်မှ ဤသစ်ရွက်မိုး စရပ်ထက် အထူး ပိုလွန်မည် ဟု ငါမထင်"—

ဤကဲ့သို့ ဆင်ခြင်ပြီးလျှင် သစ်ရွက်မိုးစရပ်၏ အပြစ်ရှစ်ပါး၊ သစ်ပင်ရင်း၏ ဂုဏ်ကျေးဇူးဆယ်ပါးတို့ကို သိမြင်တော်မူ၍ ထိုနေ့မှာပင် သစ်ရွက်မိုးစရပ်ကို စွန့်ခါ ဂုဏ်ဆယ်ဖြာနှင့် ပြည့်စုံသော သစ်ပင်ရင်းသို့ ချဉ်းကပ်တော် မူလေသည်။

(သစ်ရွက်မိုးကျောင်း၏ အပြစ်ရှစ်ပါး၊သစ်ပင်ရင်း၏ ဂုဏ်ဆယ်ပါးတို့ကို အနုဒီပနီ၌ ကြည့်ပါ။)

## သစ်သီးဆွမ်းကိုမှီဝဲ၍ တရားအားထုတ်ခြင်း

အလောင်းတော် သုမေဓာရှင်ရသေ့သည် ဆိုအပ်ပြီးသော အကြောင်းအရာတို့ကို ကောင်းစွာ ပိုင်းခြား မှတ်သားတော်မူပြီးလျှင် နောက်တနေ့ မြောက် ရောက်လတ်သော အခါ၌ ရွာတွင်းသို့ ဆွမ်းခံ ကြွဝင်ဘော်မူလေသည်။ ထိုအခါ အလောင်း

http://www.dhammadownload.com



တော်အား ရောက်ရာရွာနေ လူတို့သည် ကြီးစွာသော လုံ့လ ဥဿာဟဖြင့် ဆွမ်းကို လောင်းလှူကြကုန်၏။ အလောင်းတော် သည် ဆွမ်းစားခြင်းကိစ္စ ပြီးစီးသောအခါ သခ်မ်းကျောင်းအရာမ်သို့ လာရောက်နေထိုင်ပြီးလျှင် ဆင်ခြင်စဉ်းစားတော်မူသည်မှာ—

"ငါသည် အစာအာဟာရကို မရသည့်အတွက် ရှင်ရဟန်းပြုသည်မဟုတ်၊ သိမ်မွေ့သော အစာအာဟာရ မည်သည် စိတ်နေမြင့်ကြွားခြင်း, ငါယောကျ်ားဟု ထောင်လွှားခြင်းတို့ကို တိုးပွါးစေတတ်၏၊ အာဟာရကို အရင်းခံ၍ ဖြစ်ရသော ဆင်းရဲဒုက္ခ၏ အဆုံးမည်သည် မရှိနိုင်၊ ငါသည် ပျိုးအပ်စိုက်အပ်သော စပါးမှဖြစ်သည့် အစာအာဟာရကို ပယ်ရှားပြီးလျှင် အလိုလိုကြွေကျသော သစ်သီးအစာကိုသာ သုံးဆောင်ရမူ ကောင်းလေစွ"....

ဤကဲ့သို့ ကြံစည်ပြီးလျှင် ထိုအခါမှစ၍ ကြံစည်တော်မူသည့် အတိုင်း အလိုလိုကြွေကျသော သစ်သီးအစာကိုသာ စားသုံးတော်မူ၍ လျှောင်းစက်ခြင်းကို အလျဉ်းပင် ပြုတော်မမူပဲ ထိုင်ခြင်း, ရပ်ခြင်း, စင်္ကြံသွားခြင်း ဟူသော ဣရိယာပုထ် သုံးပါးဖြင့်သာ ကမ္မဋ္ဌာန်းအလုပ်ကို မနေမနား အားထုတ်တော်မူသည်ရှိသော် ခုနစ်ရက်အတွင်းမှာပင် သမာပတ်ရှစ်ပါး (လောကီဈာန်ရှစ်ပါး) အဘိညာဉ်ငါးပါးတို့ကို ရရှိ(ဖြစ်စေ)တော်မူလေ၏။

ဤဆိုအပ်ပြီးသောအတိုင်း အလောင်းတော် သုမေဓာပညာရှိ အလှူကြီးပေးသည်မှအစ ရသေ့ရဟန်းပြု၍ အဘိညာဉ်သမာပတ်များ ရရှိသည်တိုင်အောင်သော အကြောင်းအရာစုကို ဗုဒ္ဓဝင် ပါဠိတော်၌—

ဝေါဟံ စိန္တယိတွာန၊ နေကကောဋိသတံ ဓနံ။
နာထာနာထာနံ ဒတွာန၊ ဟိမဝန္တမုပါဂမိံ။

ချစ်သား သာရိပုတြာ....ဘုရားအလျာ ငါသုမေဓာပညာရှိသည် တောထွက်ဘို့ရန် ဤကဲ့သို့ ကြံပြီးလျှင် ကုဋေအရာမက များလှသော ဥစ္စာစုကို ကိုးကွယ်ရာရှိသောသူ မရှိသောသူ တို့အား ပေးလှူပြီးလျှင် ဟိမဝန္တာသို့ ကပ်ခဲ့လေပြီ....။

http://www.dhammadownload.com



ဟိမဝန္တဿာဝိဒူရေ၊ ဓမ္မိကော နာမ ပဗ္ဗတော။
အဿမော သုကတော မယှံ၊ ပဏ္ဏသာလာ သုမာပိတာ။

ချစ်သား သာရိပုတြာ....ဟိမဝန္တာတော၏ မနီးမဝေးသောအရပ်၌ (ရှေးသူတော်ကောင်းများ တရားကျင့်သုံးရာဖြစ်သောကြောင့်) ဓမ္မိကမည်သော တောင်သည် ရှိ၏၊ ထိုဓမ္မိက တောင်ယံ၌ ငါသည် သင်္ခမ်းကျောင်းအရာမ်ကို ကောင်းစွာပြုအပ်ပြီ၊ သစ်ရွက်မိုးသော စရပ်ကို ကောင်းစွာ ဖန်ဆင်းအပ်ပြီ....။

စင်္ကမံ တတ္ထ မာပေသိံ၊ ပဉ္စ ဒေါသဝိဝဇ္ဇိတံ။
အဋ္ဌဂုဏသမုပေတံ၊ အဘိညာဗလမာဟရိံ။

ချစ်သား သာရိပုတြာ....ငါသည် ထိုဓမ္မိကတောင်ယံ၌ အပြစ်ငါးပါးမှ ကြဉ်အပ်သော စင်္ကြံကို ဖန်ဆင်းပြီ၊ သမဏသုခ ရှစ်ပါး ကျေးဇူးတရားတို့နှင့် ပြည့်စုံစေနိုင်သည့် သင်္ခမ်းကျောင်းကို ဖန်ဆင်းပြီ၊ ထိုကျောင်းမှာပင် ရသေ့ရဟန်းပြုပြီးသည်မှ နောက်အခါ၌ ငါသည် အဘိညာဉ်ငါးပါး, သမာပတ်ရှစ်ပါးတို့ကို ဖြစ်စေဘို့ရန် ဝိပဿနာ ဘာဝနာအားကို ဆောင်ခဲ့ပြီ....။

သာဋကံ ပဇဟိံ တတ္ထ၊ နဝဒေါသမုပါဂတံ။
ဝါကစီရံ နိဝါသေသိံ၊ ဒွါဒသဂုဏမုပါဂတံ။

ချစ်သား သာရိပုတြာ....ငါသည် ထိုသင်္ခမ်း၌ အပြစ်ကိုးပါးရှိသည့် ဝတ်ရုံခဲ့သော ပုဆိုး (ဝတ်လဲ) အစုံကို စွန့်ခဲ့လေပြီ၊ ဂုဏ်ကျေးဇူး တဆယ့်နှစ်ပါးနှင့် ပြည့်စုံသည့် လျှော်တေ သင်္ကန်းကို ဆင်မြန်း ဝတ်ရုံခဲ့လေပြီ....။

အဋ္ဌဒေါသသမာကိဏ္ဏံ၊ ပဇဟိံ ပဏ္ဏသာလကံ။
ဥပါဂမိံ ရုက္ခမူလံ၊ ဂုဏေ ဒသဟုပါဂတံ။

ချစ်သား သာရိပုတြာ....ငါသည် အပြစ်ရှစ်ပါးတို့ဖြင့် ရောပြွမ်းသည့် သစ်ရွက်မိုးစရပ်ကို ပယ်စွန့်ခဲ့ပြီ၊ ဂုဏ်ကျေးဇူး ဆယ်ပါးနှင့်ပြည့်စုံသော သစ်ပင်ရင်းသို့ ကပ်ခဲ့လေပြီ....။

http://www.dhammadownload.com



ဝါဗိတံ ရောပိတံ ညေံ၊ ပဇဟိ° နိရဝသေသတော။
အနေကဂုဏသမ္ဗန္ဓံ၊ ပဝတ္တဖလမာဒိယိ°။

ချစ်သား သာရိပုတြာ····ငါသည် ပျိုးအပ်စိုက်အပ်သည့် စပါးမှ ဖြစ်သော အစာကို အကြွင်းမရှိ ပယ်စွန့်ပြီး၊ များစွာသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသည့် အလိုလို ကြွေကျသော သစ်သီးအစာကို ယူလေပြီ····။

တတ္ထပ္ပမာခနံ ပဒဟိ°၊ နိသဇ္ဇဋ္ဌာနစင်္ကမေ။
အဗ္ဘန္တရမှိ သတ္တာဟေ၊ အဘိညာဗလပါပုဏိ°။

ချစ်သား သာရိပုတြာ····ငါသည် ထိုဓမ္မိကတောင်ယံ သိကြား လှူဒါန်း ကျောင်းသခ်မ်း၌ (လျှောင်းစက်ခြင်းကိုမပြုပဲ) ထိုင်ခြင်း ရပ်ခြင်း စင်္ကြံသွားခြင်း ဣရိယာပုထ်သုံးပါး တို့ဖြင့် ကမ္မဋ္ဌာန်းနှင့် ယှဉ်သောလုံ့လကို အားထုတ်ပြီး၊ ခုနစ်ရက်အတွင်းမှာပင် အဘိညာဉ်ငါးခဏ်း အားအစွမ်းသို့ ရောက်ခဲ့ပြီ····။

ဤကဲ့သို့ ဟောတော်မူအပ်လေပြီ။

ဤအရာ၌—ကျောင်းသခ်မ်း သစ်ရွက်မိုးစရပ် စင်္ကြံ-စသည့် အလုံးစုံကို သိကြားမင်းစေခိုင်းချက်အရ ရှေး၌ ဆိုအပ်ပြီးသည့် အတိုင်း ဝိသုကြံနတ်သား ဖန်ဆင်းအပ်သော်လည်း မြတ်စွာဘုရား သည် ထိုသုမေဓာဖြစ်စဉ်အခါ မိမိ၏ကောင်းမှု အာနုဘော် ကြောင့် သခ်မ်းကျောင်း စသည် ဖြစ်ပေါ်ခြင်းကို ရည်ညွှန်းတော် မူ၍ "ငါသည် သခ်မ်းကျောင်းကို ကောင်းစွာပြုအပ်ပြီ" အစ ရှိသည်ဖြင့် ကိုယ်တိုင်ပင် သခ်မ်းကျောင်း-စသည်ကို ဆောက်လုပ် အပ်သကဲ့သို့ ဟောတော်မူခြင်း ဖြစ်သည်။ စင်စစ်ကား သုမေဓာ ရသေ့ကိုယ်တိုင် ဆောက်လုပ်အပ်သည်မဟုတ်၊ သိကြားစေခိုင်း ချက်အရ ဝိသုကြံနတ်သား အပြည့်အစုံ ဖန်ဆင်းအပ်သည် ဟူ၍ ယုံမှားမရှိ မှတ်ယူရာ၏။

သုမေဓာတောထွက်ခဏ်း ပြီး၏။

http://www.dhammadownload.com



## ၅-ဗျာဒိတ်ခဏ်း

ဤသို့ ရှေး၌ ပြဆိုခဲ့ပြီးသော အတိုင်း အလောင်းတော် သုမေဓာရှင်ရသေ့သည် ရသေ့သူတော်ကောင်းတို့၏ အဆုံးအမ စကား ဈာန်အဘိညာဉ်တရား တည်းဟူသော သာသနာ၌ အထွတ်အထိပ် သိဒ္ဓိပေါက်မြောက် ပြီးစီးခြင်းသို့ ရောက်တော်မူလျက် စိုးပိုင်နိုင်နင်းစွာ ဖြစ်နေတော်မူစဉ် လောကသုံးပါး၏ အကြီးအမှူး ဦးစီးခေါင်းဆောင် ဖြစ်တော်မူသော ဒီပင်္ကရာ မြတ်စွာဘုရားသည် လောက၌ ပွင့်ထွန်းတော်မူလာလေသည်။

(ဒီပင်္ကရာမြတ်စွာဘုရား၏ ထိုဘဝအဖြစ်တော်စဉ် ဗုဒ္ဓဝင်ကို အထက် စတုဝီသတိ ဗုဒ္ဓဝင်ခဏ်းသို့ တိုင်ရောက်မှ ပြဆိုပေအံ့။)

ဒီပင်္ကရာ မြတ်စွာဘုရားအလောင်း ပဋိသန္ဓေနေတော်မူသော အခါမှာလည်း၊ ဖွားမြင်တော်မူသောအခါမှာလည်း၊ ဘုရားဖြစ်တော် မူသောအခါမှာလည်း၊ ဓမ္မစကြာတရားဦး ဟောတော် မူသော အခါမှာလည်း၊ ဤလေးဌာနတို့၌ လောကဓာတ် စကြဝဠာ တိုက်တသောင်း တုန်လှုပ်ခြင်းအစရှိသော နိမိတ်ကြီး သုံးဆယ့် နှစ်ပါးတို့သည် ထင်ရှားဖြစ်ကုန်၏။

(ထိုနိမိတ်ကြီး သုံးဆယ့်နှစ်ပါးတို့ကို ဂေါတမဗုဒ္ဓဝင်အခဏ်းသို့ ရောက်မှ အကျယ်ပြဆိုပေအံ့။)

ထိုနိမိတ်ကြီး သုံးဆယ့်နှစ်ပါးတို့ကို အလောင်းတော် သုမေဓာ ရှင်ရသေ့သည် ဈာန်သမာပတ်ချမ်းသာ၌သာ စိတ်ရွှင်မွေ့လျော် ဝင်စား၍ နေသဖြင့် သိမြင်တော် မမူလိုက်ပေ။

ဒီပင်္ကရာ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် သုနန္ဒာရာမအရာမ်၌ ဓမ္မစကြာတရားဦး ဟောတော်မူ၍ ကုဋေ တရာသော နတ်လူတို့အား တရားအမြိုက်ဆေး တိုက်ကျွေးတော် မူပြီးလျှင် လေးကျွန်းနှံ့အောင် ရွာသွန်းသော မိုဃ်းကြီးကဲ့သို့ တရားမိုဃ်း ဖွေဖြိုးတော်မူလျက် လူများအပေါင်းအား ကိလေသာ

http://www.dhammadownload.com



အနှောင်အဖွဲ့မှ လွတ်မြောက်စေမှု ပြုတော်မူလိုရကား ခရီး ဒေသစာရီ ကြွချီတော်မူလေသည်။

အလောင်းတော် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာ မြတ်စွာဘုရား ပွင့်တော်မူသည်ကိုမှ မသိနိုင်ပဲ ဈာန်သမာပတ်ချမ်းသာဖြင့် ဝင်စံမွေ့လျော် တောပျော်၍ နေတော်မူစဉ် ဒီပင်္ကရာ မြတ်စွာဘုရားသည် ရဟန္တာမထေရ်ပေါင်း လေးသိန်းခြံရံလျက် အစဉ်သဖြင့် ဒေသစာရီ ကြွချီတော်မူလာရာ ရမ္မာပြည်သို့ ရောက်၍ သုဒဿနကျောင်းကြီး၌ သီတင်းသုံးနေတော်မူ၏။

ရမ္မာဝတီ ပြည်သူပြည်သားတို့သည် ဒီပင်္ကရာ မြတ်စွာဘုရား ရမ္မာဝတီပြည် သုဒဿန ကျောင်းကြီး၌ သီတင်းသုံး နေတော်မူကြောင်း သတင်းစကား ကြားကြကုန်၍ ထောပတ်,ဆီဥ အစရှိသော မွန်မြတ်သော ဆေးပစ္စည်းတို့ကိုယူဆောင်ကြပြီးလျှင် နံနက်စာ စားပြီးသောအခါ ပန်းနံ့သာလက်စွဲကုန်လျက် ဒီပင်္ကရာမြတ်စွာဘုရားထံမှောက် သွားရောက်ရှိကျိုး ရှိခိုးကြပြီးလျှင် ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ကြ၍ အပြစ်ခြောက်ပါး လွတ်ရာအရပ်သို့ ချဉ်းကပ်နေထိုင်ကာ ချိုမြိန်စွာသော တရားတော်ကို နာကြားပြီးသောအခါ နက်ဖန်ခါ အတွက် ဘုရားအမှူးရှိသော သံဃာတော်ကို ဆွမ်းစားပင့်ဖိတ်ကြပြီးလျှင် မြတ်စွာဘုရားကို လက်ျာရစ်လှည့်လည် ရှိခိုးကြ၍ ဖဲသွားကြလေသည်။

## မဏ္ဍပ်ကန္တား အခမ်းအနား ပြင်ဆင်ကြခြင်း

ရမ္မာဝတီ ပြည်သူ ပြည်သား တို့သည် နောက်တနေ့မြောက် ရောက်လတ်သောအခါ၌ ကြီးစွာသော"အသဒိသ မဟာဒါနကြီး" ကို စီရင်ကြပြီးလျှင် မဏ္ဍပ်ကန္တား ထိုးခြင်း၊ မဏ္ဍပ်အတွင်းနူးညံ့သန့်စင်သော ကြာညိုပန်းတို့ကို ကြဲဖြန့်ခြင်း၊နံ့သာမျိုးလေးပါးဖြင့် အပြေအပြစ်ပြုခြင်း၊ ပေါက်ပေါက်လျှင် ငါးခုမြောက်ရှိသော ရနံ့ကောင်းသောပန်းတို့ကို ကြဲဖြန့်ခြင်း၊ မဏ္ဍပ်၏လေးထောင့်တို့၌ အေးမြ ချိုမြိန်သော ရေပြည့်အိုးများကို တည်ထား

http://www.dhammadownload.com



ကြပြီးလျှင် မြစိမ်းရောင်ယှက် ငှက်ပျောရွက်တို့ဖြင့် , ဖုံးအုပ်ခြင်း၊ မဏ္ဍပ်၏ အထက်၌ ဗိတာန်မျက်နှာကြက် ကြက်ပြီးလျှင် ရွှေကြယ် ငွေကြယ် ပတ္တမြားကြယ် ချယ်စီခြင်း၊ နံ့သာပန်းဆိုင်း ရတနာ ပန်းဆိုင်းတို့ကို အပြိုင်းအပြိုင်း ဆွဲချိတ်ခြင်း အစရှိသည်ဖြင့် အလှူ မဏ္ဍပ်ကို ပြင်ဆင်ကြပြီးသောအခါ ရမ္မာဝတီတပြည်လုံးကို တံမြက် တလင်း သန့်ရှင်း လှည်းကျင်းကြ၍ အသီးနှင့် တကွသော ငှက်ပျောပင် ပန်းတို့ဖြင့် တန်းဆာဆင်အပ်သော ရေပြည့်အိုး များကို တည်ထားခြင်း၊ တမ်းခွန်ကုက္ကား မုယေးပွါးတို့ကို စိုက်ထူ ခြင်းအမှု ပြုဂုပ်ကြ၍ မင်းလမ်းမ၏ ဝဲယာနှစ်ဖက်တို့၌ တင်းတိမ် ကန့်လန့်ကာ ကာရံခြင်းစသော မြို့တွင်း၌ ပြင်ဆင်ဖွယ် ရှိသမျှ ပြင်ဆင်ကြပြီးသောအခါ ဒီပင်္ကရာ မြတ်စွာဘုရား ကြွလာမည့် လမ်းတလျှောက်ကို တန်းဆာ ဆင်ယင်ကြလျက် ရေစားသော ချောက်ကမ်းပါးတို့၌ မြေဖို့ခြင်း၊ ညွှန်ပျောင်းထူထပ် မညီညွှတ် သော မြေအရပ်ကို ညီညွှတ်အောင်ပြုခြင်း၊ ပုလဲနှင်းတူ သဲဖြူ ဖြန့်ခင်းခြင်း၊ ပန်းပေါက်ပေါက် ကြဲဖြန့်ခြင်း၊ အသီးနှင့်တကွ ငှက်ပျောပင်ရှင် တည်စိုက်ခြင်း စသော ဒါနပရိကံ ဝေယျာဝစ္စ များကို စီမံပြုလုပ်ကြကုန်သည်။

ထိုအခါ အလောင်းတော် သုမေဓာရှင်ရသေ့သည် မိမိ၏ သင်္ခမ်းကျောင်းမှ ကောင်းကင်သို့ ပျံတက်၍ ရမ္မာဝတီ ပြည်သူ ပြည်သားတို့၏ အထက်ဝေဟင် ကောင်းကင်ခရီးဖြင့် ကြွသွား တော်မူလတ်သည်ရှိသော် ရမ္မာဝတီပြည်သူပြည်သားတို့ နှစ်သက် ရွှင်လန်း ဝမ်းမြောက်ဝမ်းသာ လမ်းကိုသုမ်သင် တန်းဆာဆင်ကြ သည်ကို မြင်တော်မူလတ်၍ အကြောင်း အဘယ်သို့နည်းဟု စဉ်းစား ဆင်ခြင်တော်မူပြီး လျှင် ထိုလူတို့ ကြည့်နေစဉ်ပင် ကောင်းကင်မှ သက်ဆင်း၍ အပြစ်ကင်းသောအရပ်၌ ရပ်တည် တော်မူပြီးခါ—

တုဋ္ဌဟဋ္ဌော ပမုဒိတော၊ ဝေဒဇာတော မဟာဇနော။
ကဿ သောဓိယတီ မဂ္ဂေါ၊ အဉ္ဇသံ ဝဋုမာယနံ။

http://www.dhammadownload.com



"ဤလူအပေါင်းသည် နှစ်ထောင်းအားရမ်း ဝမ်းမြောက်သော စိတ်နှလုံးရှိကြ၍ လမ်းကို သုတ်သင်ကြ၏၊ အဘယ်သူ၏ အတွက် လမ်းကိုသုတ်သင်ကြသနည်း"—

ဟု ထိုလူများကို မေးမြန်းတော်မူလတ်သည်တွင် ထိုလူတစုက—

........................။ဗုဒ္ဓေါ လောကေ အနုတ္တရော။
ဒီပင်္ကရော နာမ ဇိနော၊ ဥပ္ပဇ္ဇိ လောကနာယကော။
တဿ သောဓီယတိ မဂ္ဂေါ၊ အဉ္ဇသံ ဝဋုမာယနံ။

"အို—အရှင် သုမေဓာ····လောကဥ္စ တုဘက်ပြိုင်ဘက်မရှိသော မာရ်ငါးပါးကို အောင်တော်မူပြီးသော တလောကလုံး၏ ဦးစီးခေါင်းဆောင် ဖြစ်တော်မူသော ဒီပင်္ကရာမြတ်စွာ ဘုရားသည် ပွင့်ထွန်းတော်မူနေပါသည်၊ ထိုဒီပင်္ကရာ မြတ်စွာဘုရား၏ ကြွသွားတော်မူရန်အတွက် လမ်းခရီးကို ရှင်းလင်းသုတ်သင်ကြပါသည်"—

ဟု ပြောကြားကြလေသည်။

(ဤစကားရပ်စုကို ထောက်ဆ၍····အလောင်းတော် သုမေဓာ ရှင်ရသေ့ပြုပြီး ဈာန်အဘိညာဥ်များကို ရပြီးသည့် နောက် ကာလအတန်ကြာမြင့်မှ ဒီပင်္ကရာ မြတ်စွာဘုရား ပွင့်တော်မူကြောင်းကို သိရ၏။ ဤသို့ သုမေဓာ ရှင်ရသေ့ သည် ဈာန်အဘိညာဥ်ဖြင့် မွေ့လျော်ကာ လူ့ပြည်ကို ဂရုမစိုက်ပဲ တောအရပ်နှင့် ကောင်းကင်၌သာ လှည့်လည် ကျက်စားသွားလာနေသည့်အတွက် လူ့ပြည်မှာ ဒီပင်္ကရာ ဘုရားအလောင်းတော် ပဋိသန္ဓေနေသည်ကိုဂင်း, ဖွား တော်မူသည်ကိုဂင်း, ဘုရားဖြစ်တော်မူသည်ကိုဂင်း, ဓမ္မ စကြာတရားဦး ဟောတော်မူသည်ကိုဂင်း မသိလိုက်ပဲ ရမ္မာဝတီပြည်သို့ ဒီပင်္ကရာမြတ်စွာဘုရား ဒေသစာရီ ကြွချီ လာ၍ ရမ္မာပြည်သားတို့ ဘုရားကို ပင့်ဖိတ်ပြီးလျှင် လမ်း ခရီးကို သုတ်သင်ပြင်ဆင်နေကြသော အခါမှ သုမေဓာ ရှင်ရသေ့သည် ကောင်းကင်ခရီးဖြင့် ပျံကြွလာသည့်အခိုက် နှင့် ကြုံကြိုက်သောကြောင့် မြေပြင်သို့သက်ဆင်း၍ မေးမြန်း

http://www.dhammadownload.com



ကြောင်း လာရှိရကား ဒီပင်္ကရာမြတ်စွာဘုရား ပွင့်ထွန်းတော်မူရာ အာယုကပ်သည် အနှစ်တသိန်းတမ်းဖြစ်၍ ထိုအချိန်၌ သုမေဓာရှင်ရသေ့မှာ နှစ်အထောင်ဖြင့် ရေတွက်လောက်အောင် အသက်အရွယ် ကြီးရင့်နေပြီဖြစ်သည်ကို မှန်းဆ၍ သိအပ်ပေ၏။)

## ခရီးလမ်း တာဝန်းယူ၍ ပြင်ဆင်ခြင်း

ထိုသို့ ရမ္မာဝတီ ပြည်သူပြည်သားများ ပြောကြားသောခဏ၌ "ဘုရား"ဟူသော အသံကို ကြားလိုက်ရသော အလောင်းတော် သုမေဓာရှင်ရသေ့မှာ နှစ်သက်ခြင်းပီတိတရား များစွာဖြစ်ပေါ်လာသည့်ပြင် ဘုရား....ဘုရား....ဟူ၍ ဝမ်းတွင်း၌ဖြစ်ရှိသော ပီတိတရားတို့ မဆန့်နိုင်သည်ကို ဖော်ပြသည့်ပမာ နှုတ်တော်မြွက်လျက် ဝမ်းအမြောက်ကြီးမြောက်တော်မူကာ စိတ်၌ဖြစ်သော ချမ်းသာတရားကို ခံစားတော်မူရလေသည်။

သုမေဓာရှင်ရသေ့သည် ကောင်းကင်မှသက်ဆင်းရဲ့ ထိုနေရာ၌ပင် ရပ်တည်၍ နှစ်သက်ဝမ်းမြောက်တော်မူကာ ပညာအားဖြင့် ထိတ်လန့်ခြင်း သံဝေဂစိတ်ရှိတော်မူသည်ဖြစ်၍ "ငါသည် ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော ဤဒီပင်္ကရာ မြတ်စွာဘုရား အထံတော်၌ မြတ်သော ကောင်းမှုမျိုးကို စိုက်ပျိုးပေအံ့၊ ရပ်ပြစ်ရှစ်ပါးမှ လွတ်ကင်းသော ဘုရားပွင့်တော်မူရာ ဗုဒ္ဓုပ္ပါဒ နဝမအခါကောင်း အခွင့်ကောင်းကြီးမျိုးကား ရခဲလှ ကြုံကြိုက်ခဲလှဘိ၏၊ ယင်းသို့ ရခဲ ကြုံကြိုက်ခဲသော ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူရာ အခါကောင်း အခွင့်ကောင်းကြီးကို ငါကား ရအပ်ခဲ့လေပြီ၊ ဤအခါကောင်း အခွင့်ကောင်းကြီးသည် ငါ့ကိုကျော်လွန်၍ မသွားပါစေလင့်"ဟု နှစ်နှစ်နောနော တွေးတော ကြံစည်တော်မူလေ၏။

ထိုသို့ ကြံစည်တော်မူပြီးလျှင် "အိုလူအပေါင်းတို့....သင်တို့သည် အကယ်၍ ဒီပင်္ကရာမြတ်စွာဘုရား ကြွသွားတော်မူရန်အတွက် လမ်းခရီးကို သုတ်သင်ရှင်းလင်းကြသည် ဖြစ်ကုန်အံ့၊

http://www.dhammadownload.com



ငါ့အားလည်း သုတ်သင်ရှင်းလင်းရန် တနေရာကို ပေးကြပါကုန်၊ ငါသည်လည်း မြတ်စွာဘုရား ကြွသွားတော်မူရန်အတွက် လမ်းခရီးကို သုတ်သင်ပေအံ့''ဟူ၍ ပြောဆိုကာ နေရာတောင်းတော်မူ၏။

ထိုအခါ လူအပေါင်းတို့က "ကောင်းပါပြီ"ဟု ဝန်ခံကြပြီးလျှင် "ဤသုမေဓာ ပညာရှိသည် တန်းခိုးတေဇော် အာနုဘော်ကြီးမြတ်သူ ဖြစ်ပေ၏"ဟု ယုံကြည်အားကိုးသမှု အသိအမှတ် ပြုကြပြီးလျှင် ပြင်ဆင်ဘို့ရန် ခဲခက်သည့် ရွှံ့ဗွက်ကြီးဖြစ်၍ အလွန်မညီညွတ်သော နေရာတခုကို သတ်မှတ်ပြီးလျှင် "ဤနေရာကို အရှင်သုမေဓာသည် ပြုပြင်ပါ၊ တန်းဆာဆင်ပါ"ဟု ပြောဆို၍ ပေးကြကုန်၏။

ထိုအခါ သုမေဓာ ပညာရှိသည် ဘုရားဂုဏ်လျှင် အာရုံရှိသော ပီတိတရားကို ဖြစ်ပွါးစေ၍"ငါသည် ဤနေရာ အရပ်ကို ကြည့်ရှု၍ အကောင်းဆုံး အမြတ်ဆုံး ဖြစ်သွားအောင် တန်းခိုးအစွမ်းဖြင့် ပြင်ဆင်သုတ်သင်ရန် စွမ်းနိုင်ပေ၏။ ထိုသို့ တန်းခိုးအစွမ်းဖြင့် ပြင်ဆင်သုတ်သင်လိုက်လျှင်(အလွယ်တကူ ခဏအတွင်း ပြီးစီးသွားမည်ဖြစ်သောကြောင့်)ငါ့ကို ထက်ဝန်းကျင်မှ နှစ်သက်စေနိုင်မည်မဟုတ်၊ယနေ့သော်ကား ငါသည် ကိုယ်တိုင်ကိုယ်ကျ ဝေယျာဝစ္စကို ပြုသင့်လှ၏"ဟု ကြံစည်ဆုံးဖြတ်တော် မူပြီးလျှင် အဝေးမှ မြေမှုန့်တို့ကို ထမ်း၍ ထိုရွှံ့ဗွက်ကြီးကို ဖို့တော်မူ၏။

## မြတ်စွာဘုရား ကြွတော်မူလာခြင်း

အလောင်းတော်သုမေဓာ ရှင်ရသေ့၏ တာဝန်းနေရာကို ပြုပြင် ဖို့လုပ်၍ မပြီးသေးမီပင် ဒီပင်္ကရာ မြတ်စွာဘုရားသည် အဘိညာဉ် ခြောက်ပါး တည်းဟူသောဂုဏ်, လောကဓံ ရှစ်ပါးတို့ကြောင့် တုန်လှုပ်ခြင်း မရှိသောဂုဏ်, ကိလေသာ အညစ်အကြေး ကင်းစင်သော ဂုဏ်တို့နှင့် ပြည့်စုံတော် မူကြသော ရဟန္တာအရှင်မြတ် လေးသိန်းတို့နှင့် တကွ လမ်းခရီးကို ကြွတော်မူလာ၏။

http://www.dhammadownload.com



(ဤ၌—ဒီပင်္ကရ မြတ်စွာဘုရားကို ရဟန္တာ လေးသိန်းတို့သည် အမြဲမပြတ် အခါခပ်သိမ်း ခြံရံလိုက်ပါတော်မူကြကုန်၏။ ထိုရဟန္တာ လေးသိန်းတို့၏ဂုဏ်ကို ပါဠိတော်၌ မှတ်နိုင်ရုံသာလျှင် အဘိညာဉ် ခြောက်ပါး တည်းဟူသော ဂုဏ်, လောကဓံ ရှစ်ပါးတို့ကြောင့် မတုန် လှုပ်ခြင်း တည်းဟူသောဂုဏ်, ကိလေသာ အညစ်အကြေး ကင်းဝေးခြင်း တည်းဟူသော ဂုဏ်သုံးပါးတို့ကိုသာ ဟောတော်မူသည်၊ ထို ရဟန္တာ လေးသိန်းတို့မှာ အလိုနည်းခြင်း, ရောင့်ရဲလွယ်ခြင်း, အဆုံးအမစကား ပြောဆို ဟောကြားနိုင်ခြင်း, အဆုံးအမ ဩဝါဒစကားကို ရိုသေစွာ ခံယူခြင်း, အာရုံငါးပါး ကိလေသာ တရားတို့မှ ဆိတ်ခြင်း, လူတို့နှင့် (မအပ်သော) ရောနှောမှု မရှိခြင်း, ဝိနယ ငါးပါးနှင့် ပြည့်စုံတော် မူကြခြင်း အစရှိသော များစွာသော ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော် မူကြကြောင်းကို ဗုဒ္ဓဝင်အဋ္ဌကထာ၌ ဖွင့်ပြသည်။ ။ ဆုတောင်းခဏ်း ပျို့၌လည်း—

တန်းခိုး ဘုန်းယာဉ်၊ ဘိညာဉ် ခြောက်ချက်၊ စုံလျက် ပက်လျှင်၊ ငြိမ်သက်စိမ့်ခြေ၊ ဗွန္ဓေဖြင့်၊ ပြစ်ပြေချုပ်တည်း၊ ရေတင်လှည်းသို့၊ ကြည်းကြည်းသွင်ပြင်၊ စင်သားအညွန့်၊ သားသားပြန့်လျက်၊ ရွှေသန့် သင်းချော၊ ကျောရရောလျှင်၊ ရှင်စောအထံ၊ မွှမ်းမွှမ်းရံလျက်၊ သည်းခံ သက်သက်၊ ရမွှက်မြူကြေး၊ မှဲ့မမြေးတည့်၊ ရည်သွေးမင်းစံ၊ ရွှေနှယ် ခံ၍၊ ဝတ်ဆံဖားဖား၊ ကြာသို့ထွားသား၊ လျပါးကိုယ်ရည်၊ အမည် မည်ဖြင့်၊ ရွှေတည်နိုင်းချက်၊ တေဒဂ်တိ၊ သံမြွက်ဝှဲချီး၊ တင်ကုန်ပြီးသား၊ ထေရ်ကြီးအတိ၊ သဟ္ဌရိဋ္ဌိ၊ ဟေိဘိက္ခုူး၊ ကျွတ်ကုန်နှူးလျက်၊ ကျေးဇူး နှံ့သာ၊ မေတ္တာချီးလိမ်း၊ မြတ်စောထိန်းသည်၊ လေးသိန်းမျှလောက်၊ မြောက်တုံသံဃာ၊ ရဟန္တာလည်း၊ နောက်ပါမကြွင်း၊ မိုးလမင်းနှင့်။ ။ ထိန်လင်းကြယ်သို့ ပြူလတ်တည်း။ ။ဟူ၍ ပိုဒ်ရေ ၁၆၁-၌စပ်ဆိုသည်။)

ယင်းသို့ ဒီပင်္ကရာမြတ်စွာဘုရား ရဟန္တာ လေးသိန်းတို့နှင့် တကွ လမ်းခရီးသို့ ကြွချီတော်မူလာသောအခါ နတ်လူအပေါင်း တို့သည် များစွာသော စည်တို့ကို တီးခတ်ကုန်၍ ခရီးဦးကြိုဆို ကြကုန်၏၊ နှစ်သက်ရွှင်လန်း ဝမ်းမြောက်ကြကုန်၍ ကောင်းချီး ကြွေးကြော် သာခုခေါ်ကြကုန်၏။

http://www.dhammadownload.com



ထိုအခါ နတ်အပေါင်းတို့သည် လူတို့ကို မြင်ကြကုန်သကဲ့သို့ လူအပေါင်းတို့ကလည်း နတ်တို့ကို မြင်ကြရကုန်၏။ ထိုနတ်လူ နှစ်မျိုးစုံတို့သည်ပင် လက်အုပ်ကိုယ်စီ မြှောက်ချီကြ၍ မြတ်စွာ ဘုရားနောက်တော်မှ လိုက်ပါလာကြကုန်၏။ နတ်များကလည်း နတ်တို့၏ တူရိယာတို့ဖြင့်, လူများကလည်း လူတို့၏ တူရိယာတို့ဖြင့် နှစ်ဦးစုံပင် တီးကြ မှုတ်ကြကုန်လျက် မြတ်စွာဘုရား နောက်တော်မှ လိုက်ပါလာကြကုန်၏။

ကောင်းကင်မှ လိုက်ပါလာသော နတ်တို့ကလည်း နတ်၌ ဖြစ်သော မန္ဒာရဝနတ်ပန်း (ထင်ရှားပန်း) ပဒုမာကြာပန်း ပင်လယ်ကသစ်ပန်းများကို မြတ်စွာဘုရား၏ အထက်နှင့်အောက် ရွှေနောက်ဝဲယာ မှာမှာအရပ်သို့ နှံ့စပ်ချိုးဝှဲ မြှောက်ကြဲပူဇော်ကြ ကုန်၏။ မြေပြင်မှ လိုက်ပါကြသော လူတို့ကလည်း စကားပန်း ထင်းရှူးပန်း ကျည်းပန်း ကံ့ကော်ပန်း ပုန်းညက်ပန်း ဆတ်သွား ပန်းများကို ထို့အတူ မြှောက်ကြဲပူဇော်ကြကုန်၏။

သုမေဓာ ရှင်ရသေ့သည်လည်း တန်းဆာ ဆင်ယင်ထားသော လမ်းမဖြင့် ကြွလာ တော်မူသော ဒီပင်္ကရာ မြတ်စွာ ဘုရား ၏ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး တို့ဖြင့် တန်းဆာဆင်အပ်သော ရှစ်ဆယ်သောလက္ခဏာတော် ငယ်တို့ဖြင့် နှစ်သက်စဖွယ် ထပ်မံ၍ ခြယ်လှယ်ထားအပ် သကဲ့သို့သော ကိုယ်တော်မြတ်၏ အမြဲမပြတ်တောက်ပသည့် (နိစ္စလောဘာသ) ရောင်ခြည်တော်ဖြင့် ကောင်းစွာဝန်းရံခြင်း ရှိ၍ ကြက်သရေတော်တို့နှင့် ပြည့်စုံသော ဇူန္နီလာမြကျောက်နှင့် တူစွာသော ကောင်းကင်အပြင်မှာ အထူးထူးအပြားပြားသော လျှပ်နွယ်လျှပ်ပန်းတို့ ပြက်သန်းသည့်ပမာ ခြောက်ဖြာသော ရောင်ခြည်တော်တို့ကို လွှတ်လျက် ရူပကာယ၏တင့်တယ်ခြင်း အထွတ်အထိပ်သို့ ရောက်သော ရွှေတုံး ရွှေစိုင်ပမာ ဒီပင်္ကရာ မြတ်စွာဘုရား၏ အတ္တဘော (ကိုယ်တော်မြတ်) ကို မျက်စိတို့ကို ဖွင့်၍ (မမှိတ်ပဲ ဟု ဆိုလိုသည်) ကြည့်ရှုဖူးမြင်ပြီးလျှင်—

http://www.dhammadownload.com



"ယနေ့ ငါသည် မြတ်စွာဘုရားထံတော်၌ အသက်ကို စွန့်မှု ပြုရန်သင့်လှ၏၊ မြတ်စွာဘုရားသည် ညွန့်ပျောင်း၌ ဆင်းရဲစွာ နင်းကြွတော်မမူပါစေလင့်၊ပတ္တမြားပျဉ်တံတား ကို နင်းကြွသွားတော်မူသကဲ့သို့ ရဟန္တာလေးသိန်းတို့နှင့် တကွ ငါ၏ ကျောက်ကုန်း (ကျောပြင်) ကို နင်း၍ ကြွတော်မူပါစေသတည်း၊ ထိုသို့ နင်းကြွတော်မူခြင်းသည် ငါ့အတွက်တာ ရှည်စွာသောကာလပတ်လုံး အစီးအပွါး ချမ်းသာတရားတို့ကို ရဘို့ရန် ဧကန်ဖြစ်လိမ့်မည်"—

ဟု ကြံစည်ဆုံးဖြတ်တော်မူပြီးလျှင် ဆံစည်းဆံထုံးကိုဖြေ သစ်နက် ရေခေါ် သားရေနှင့် ဆံကျစ်ဝန်း (ဒေါက်ချာ) လျှော်တေသက်န်း တို့ကို ညိုမည်းသော အဆင်းရှိသော ညွန့်ပျောင်း၌ ဖြန့်ခင်း၍ ပတ္တမြားပျဉ်ချပ် စီအပ်သော တံတား (နင်းကြမ်း) ပမာ ထို ညွန့်ပျောင်းထက်၌ အလျားမှောက်ခုံ ဝပ်တော်မူ၏။

## သဗ္ဗညုဘုရားဖြစ်ရန် စိတ်သန်တော်မူခြင်း

ဤသို့ ညွန့်ပျောင်းအပြင်၌ အလျားမှောက်လျက် လျောင်းတော် မူသော သုမေဓာရှင်ရသေ့အား ဘုရားဖြစ်ရန် စိတ်သန်တော် မူပုံမှာ····"ငါသည် အလိုရှိပါမူကား ယနေ့ပင် ကိလေသာတို့ကို လောင်မြိုက်ပယ်ရှား အာသဝေါတရားလေးပါး ကုန်ခန်းသော ရဟန္တာစင်စစ် ဖြစ်နိုင်ပေ၏။ ဤဒိပင်္ကရာ မြတ်စွာဘုရား သာသနာ၌ မထင်မရှား သာဝကရဟန်းတပါး အသွင်ဖြင့် အရဟတ္တဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဖြင့် ငါကဲ့သို့သော ဥက္ကဋ္ဌပုဂ္ဂိုလ်အား အဘယ်အကျိုးရှိအံ့နည်း၊ သဗ္ဗညုဘုရားအဖြစ် (သဗ္ဗညုတဉာဏ်)သို့ ရောက်အောင်ကြိုးကုတ် အားထုတ်ပေအံ့....။

ပညာအားအစွမ်း, သဒ္ဓါအားအစွမ်း, ဝီရိယအားအစွမ်းရှိ သည်ကို သိမြင်သော ယောကျ်ားကောင်းတယောက် ဖြစ်ပါလျက် သံသရာဝဋ်အတွင်းမှ တကိုယ်ကောင်းကြံကာ တယောက်တည်း ကူးမြောက်သဖြင့် ငါ့အား အဘယ်အကျိုးရှိအံ့နည်း၊ သဗ္ဗညု ဘုရားအဖြစ် (သဗ္ဗညုတဉာဏ်)သို့ ရောက်အောင် ကြိုးကုတ်

http://www.dhammadownload.com



အားထုတ်ပြီးလျှင် နတ်နှင့်တကွသော သတ္တဝါအပေါင်းတို့ကို သံသရာဝဋ်ဆင်းရဲ ဒုက္ခပင်လယ်ထဲမှ ငါကား ဆယ်တင်ပေအံ့ …။

ယောက်ျားမြတ်တဆူ ဖြစ်တော်မူသော ဒီပင်္ကရာမြတ်စွာဘုရား အထံ၌ ငါ၏ အသက်ကိုပင် မငဲ့မကွက် ရက်ရက်ကြီးကုတ် ပြုလုပ်အပ်သည့် ရှုံ့ညွှန်ပျောင်းဝယ် လျောင်း၍ကြည်ဖြူ ကျောက်ဆစ်တံတား ခင်းထားလျှခြင်းတည်းဟူသော သူမတူတန် အဓိကာရ (အထိကရ)ကောင်းမှုကံကြောင့် သဗ္ဗညုဘုရားအဖြစ် (သဗ္ဗညုတဉာဏ်)သို့ ကိုယ်တိုင်ရောက်ရှိပြီးလျှင် များစွာသော သတ္တဝါအပေါင်းကို သံသရာဝဋ်ဆင်းရဲ ဒုက္ခပင်လယ်ထဲမှ ထုတ်ဆယ်ကယ်တင်ပေအံ့….။

သံသရာတည်းဟူသော ရေအယဉ်ကို ဖြတ်၍ ဘဝသုံးပါးတို့ကို ဖျက်ဆီးပြီးလျှင် မဂ္ဂင်ရှစ်ပါး တရားဖောင်ထက်သို့ ကိုယ်တိုင်လက်ဦး တက်စီးပြီးလျှင် နတ်နှင့်တကွသော သတ္တဝါအပေါင်းတို့ကို ငါကား ထုတ်ဆယ်ကယ်တင်ပေအံ့”… ဟု ဘုရားဖြစ်ရန် စိတ်အကြံတော် ဖြစ်လေသည်။

(ဤ၌ သိမှတ်ဖွယ်ကို အနုဗိပနီ၌ ပြဆိုပေအံ့။)

## ယသောဓရာအလောင်း သုမိတ္တာ

ထိုသို့ သုမေဓာရှင်ရသေ့ ဘုရားဖြစ်ရန် စိတ်တော်ကြံစည်နေခိုက်တွင် သုမိတ္တာ အမည်ရှိသော ပုဏ္ဏေးမ (ပုဏ္ဏားပျိုမကလေး) သည် ဘုရားထံမှာ စည်းဝေးကြသော လူထုအစည်းအဝေးကြီးသို့ ကပ်ရောက်လာ၏။ ထိုသုမိတ္တာ၏ လက်၌ မြတ်စွာဘုရားကို ပူဇော်ရန် ကြာရှစ်လက်တို့ကို ယူဆောင်၍လာရာ ပရိသတ်အလယ်သို့ ရောက်၍ သုမေဓာရှင်ရသေ့ကို မြင်လျှင်မြင်ခြင်း သုမေဓာ ရှင်ရသေ့အပေါ်၌ မေတ္တာပေမ ဓာတ် များစွာပင် သက်ဝင်လတ်သဖြင့် လှူဘွယ်ဝတ္ထုတို့ကို လှူဒါန်းချင်လှပါသော်လည်း ကြာရှစ်လက်မှတပါး အခြားလှူဘွယ်မပါလတ်ရကား—

“အရှင်ရသေ့….မြတ်စွာဘုရားအား အရှင်အလိုရှိသလို လှူဒါန်းရန် ငါးလက်သော ကြာပန်းတို့ကို အရှင့်အား

http://www.dhammadownload.com



ပေးအပ်ပါ၏၊ ကျန်သော ကြာသုံးလက်မှုကား အကျွန်ုပ် လှူဒါန်းရန်အတွက် ဖြစ်ပါစေ"....

ဟု ပြောဆို လှူဒါန်းပြီးလျှင်—

"အရှင်ရသေ့....အရှင်သည် ဘုရားဖြစ်ဖို့ရန် ပါရမီ တော်တို့ကို ဖြည့်ကျင့်နေသမျှ ကာလအတောအတွင်း အကျွန်ုပ်သည် အရှင်နှင့် အတူတကွ ညီမျှသောသူတို့ ဖြစ်ကြရပါစေကုန်သတည်း"....

ဟူ၍ ဆုပန်ခဲ့လေသည်။

အလောင်းတော် သုမေဓာရှင်ရသေ့သည်လည်း သုမိတ္တာ ပုဏ္ဏေးပျိုမ ပေးအပ်သော ကြာလက် ငါးလက်တို့ကို ခံယူ၍ မျက်မှောက်တူရူ ကြွလာတော်မူသော ဒီပင်္ကရာမြတ်စွာဘုရားကို ပရိသတ်တို့၏ အလယ်၌ပင် "သမ္ဗာသမ္ဗောဓိဉာဏ်" ဆုမန်ကြည်ဖြူ ပူဇော်ခဲ့လေသည်။

ထိုအခြင်းအရာကို မြင်တော်မူပြီးလျှင် ဒီပင်္ကရာမြတ်စွာဘုရား သည်လည်း ပရိသတ်တို့၏အလယ်၌ပင်—

"သုမေဓာ ခေါ်မှတ် ရသေ့မြတ်....ဤ သုမိတ္တာအမျိုး သမီးသည် သင်၏ ဘုရားဖြစ်ရန် အကျိုးငှါ စိတ်တူ,ကံတူ အညီအမျှပြုလုပ်သူ ကိုယ်နှုတ်နှလုံး သုံးပါးသော အမှုဖြင့် ပင် ချစ်ခင်နှစ်သက်အပ်သူ ဖြစ်ပေလိမ့်မည်။ အလွန် ရှုချင်စဖွယ် တင့်တယ်လှပသောသူ, ချစ်နှစ်လိုဖွယ်ရှိသော သူ,စိတ်နှလုံးကို ပွါးစေတတ်သူ, ချစ်ဖွယ်စကားပြောကြား တတ်သူ ဖြစ်ပေလိမ့်မည်၊ နောက်ပစ္ဆိမဘဝ၌ အသင်၏ နိယျာနိကသာသနာဝယ် လောကုတ္တရာတရားအမွေ အရ- ဟတ္တဖိုလ်တိုင်အောင် ခံယူရရှိ၍ တန်းခိုးဇ္ဈဒ္ဓိပါဒ်နှင့် ပြည့်စုံ သော သာဝိကာမ ဖြစ်ပေလိမ့်မည်"....

အစရှိသည်ဖြင့် ဗျာဒိတ်စကား ကြားတော်မူခဲ့သည်။

(ဤ အကြောင်းအရာစုကို ယသောဓရာ ထေရီမကြီးကိုယ်တိုင် မြတ်စွာဘုရားအား လျှောက်ထားကြောင်း ထေရီအပဒါန်ပါဠိတော်၌ လာရှိသည်။)

http://www.dhammadownload.com



## ဗျာဒိတ်စကား မိန့်ကြားတော်မူခြင်း

ဤသို့ သုမေဓာရှင်ရသေ့သည် (မြတ်စွာဘုရား တာဝတိံသာမှ သက်ဆင်းတော်မူလာသောအခါ အဝန်းသုံးဆယ့်ခြောက်ယူဇနာ ဗိုလ်ပါပရိသတ် တို့ကဲ့သို့) ဗျာဒိတ်ရရန် အင်္ဂါ မပြည့်စုံပဲနှင့် ဘုရားဖြစ်ဖို့ရန် စိတ်သန်တော်မူသည် မဟုတ်ပေ။ စင်စစ်ကား ရှေ့ "ဗုဒ္ဓပ္ပါဒနဝမခဏ်း"၌ ပြဆိုအပ်ခဲ့ပြီးသော....(၁) လူဇာတ် စင်စစ်ဖြစ်ခြင်း၊ (၂) ယောက်ျားစင်စစ်ဖြစ်ခြင်း၊ (၃)ထိုဘဝမှာ ပင် အလိုတော်ရှိပါက အရဟတ္တဖိုလ်တိုင်မြောက် ရောက်နိုင်သော ကုသိုလ်ထူးနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ (၄) သက်တော်ထင်ရှား မြတ်စွာဘုရားကို ဒိဋ္ဌထင်ထင် ဖူးမြင်ရခြင်း၊(၅) ကမ္မဝါဒီ ရှင်ရသေ့ ဖြစ်ခြင်း၊ (၆) ဈာန်သမာပတ်ရှစ်ပါး, အဘိညာဉ် ငါးပါးနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ (၇) ဒီပင်္ကရာမြတ်စွာဘုရားအား အသက်ကို စွန့်လှူပြီးဖြစ်ခြင်း = အကယ်၍သာ သုမေဓာရှင်ရသေ့ ကြံစည် တော်မူသည့်အတိုင်း ဒီပင်္ကရာ မြတ်စွာဘုရားနှင့်တကွ ရဟန္တာ လေးသိန်းတို့ သုမေဓာရှင်ရသေ့၏ ကျောက်ကုန်းကို တံတား နင်းကြမ်းအတူ နင်းကြွတော်မူကုန်ငြားအံ့၊ သုမေဓာရှင်ရသေ့မှာ အသက်ရှင်နိုင်ဖွယ်ပင် မရှိပြီ၊ ထိုအကြောင်းကို သိတော်မူလျက် ပင် ကိုယ်တော်၏ အသက်ကို မငဲ့ကွက် မညှာတာပဲ ရဲရဲရက်ရက် စွန့်လှူတော်မူခြင်း ဖြစ်သည်၊ ဤကုသိုလ်မျိုးကို ကျမ်းဂန်တို့၌ အဓိ-ကာရ ကုသိုလ်(အရပ်စကားများ၌ အထိကရ ကုသိုလ်)ဟု ခေါ်ဆို သည်၊ ယင်းသည့် အဓိကာရ ကုသိုလ်ထူးနှင့် ပြည့်စုံတော်မူခြင်း၊ (၈) စကြဝဠာတိုက်လုံးအပြည့် မီးကျီး လှံသွား အပြည့်ထား၍ "ဤမီးကျီး လှံသွား"တို့ကို မဆုတ်မနစ် လွန်မြောက်အောင် ကူးခတ် နိုင်မှ သဗ္ဗညုတဉာဏ်တော်ကို ရမည် (ဘုရားဖြစ်မည်) ဟု ဆိုလျှင် လည်း ထိုသည့်မီးကျီး လှံသွားတို့ကို ပမာမထား ကူးခတ်သွား၍ ဘုရားအဖြစ်ကို ရယူတော်မူလိုသည့် ကုသိုလ်ဆန္ဒ ပြင်းထန်တော် မူလှခြင်း၊ ဤ(၈)ပါးသော ဗျာဒိတ်ရကြောင်း ကောင်းမှုအင်္ဂါ တို့နှင့် ပြည့်စုံပြီးဖြစ်၍ ဘုရားဖြစ်ရန် စိတ်သန်တော်မူခြင်း ဖြစ်ပေ သည်။

http://www.dhammadownload.com



ထို့ကြောင့်ပင် ဒီပင်္ကရာမြတ်စွာဘုရားသည်လည်း မားမား မတ်မတ် အလောင်းတော်သုမေဓာရှင်ရသေ့ ရှိရာအရပ်သို့ ကြွ လာတော်မူပြီးလျှင် အလောင်းတော်သုမေဓာ၏ ဦးခေါင်းရင်း၌ ရပ်တည်တော်မူ၍–"ဤသုမေဓာ ရှင်ရသေ့သည် ဘုရားဖြစ်ရန် စိတ်သန်ရွယ်ချောင်း ရှုံ့ညွှန်ပျောင်း၌ လျောင်းလေပြီ၊ ဤ ရှင် ရသေ့၏ တောင့်တချက်ကား ပြည့်စုံပါမည်လော၊ သို့မဟုတ် မပြည့်စုံပါမည်လော"ဟု အနာဂတံသ ရွှေဉာဏ်တော် = (အနာ ဂတ်အဖို့ အပိတ်အပင်မရှိ မြင်သိနိုင်သောဉာဏ်) ကို စေလွှတ်၍ စူးစမ်းဆင်ခြင်တော်မူသည်ရှိသော်····"ဤကမ္ဘာမှနောက် လေး အသင်္ချေနှင့် ကမ္ဘာတသိန်း လွန်မြောက်သောအခါ ဂေါတမ မြတ်စွာဘုရားဖြစ်လိမ့်မည်"ဟု ပိုင်းခြားကုန်စင် သိမြင်တော်မူ၍ ရပ်တော်မူလျက်ပင် ပရိသတ်အလယ်၌"ပဿထ ဣမံ တာပသံ၊ ဇဋိလံ ဥဂ္ဂတာပနံ"–အစရှိသော ၉-ဂါထာတို့ဖြင့် ဗျာဒိတ် စကား ကြားတော်မူသည်မှာ—

ရဟန်းတို့····ဆံကျစ်ကို ထုံးထားသည်ဖြစ်၍ ထက်မြက် သော အကျင့်နှင့် ပြည့်စုံသော ဤရသေ့ကို ကြည့်ရှုကြကုန် လော့၊ ဤသုမေဓာ ရှင်ရသေ့သည် ဤကမ္ဘာမှနောက် မရေတွက်နိုင်လောက်အောင် များမြောက်သော ကမ္ဘာ (လေးအသင်္ချေနှင့် ကမ္ဘာတသိန်း)ထက်၌ လူသုံးပါးဝယ် ဘုရားစင်စစ် ဖြစ်ပေလိမ့်မည်။

ဤသုမေဓာရှင်ရသေ့သည် နောင်ဘုရားဖြစ်အံ့သော ဘဝ၌ အံ့ဩလောက်အောင် ပျော်မွေ့ဘွယ်ရာ ကောင်း သော ကပိလဝတ်နေပြည်တော်မှ တောထွက်၍ ကမ္မဋ္ဌာန်း အလုပ်ကို အားထုတ်ကာ ကျင့်ကြံပြုလုပ်၍ ခဲယဉ်းစွာသော (ဒုက္ကရစရိယာ)အကျင့်ကို ပြုကျင့်ပြီးလျှင် အလောင်းတော် သည် အဇပါလမည်သော ညောင်ပင်ရင်း၌ သီတင်းသုံး နေတော်မူပြီးခါ ထိုညောင်ပင်ရင်း၌ "ဃနာနိ့ဆွမ်း"ကို အကပ်ခံယူလျက် နေရဉ္ဇရာမြစ်ကမ်းသို့ ကြွပေလတ္တံ့····။

(ဤ၌ နေရဉ္ဇရာမြစ်အကြောင်းကို နောက်ပိုင်း အနုဒီပနီ၌ ကြည့်နိုင်သည်။)

http://www.dhammadownload.com



ထိုဘုရားဖြစ်ခါနီး အလောင်းတော်သည် နေရင်းရာ မြစ်ကမ်း၌ ဃနာနိုဆွမ်းကို ဘုဉ်းပေးပြီးလျှင် နတ်တို့ စီမံအပ်သော ကောင်းမြတ်သော လမ်းခရီးဖြင့် ဗောဓိပင်ရင်းသို့ ချဉ်းကပ်လတ္တံ့....။

ထိုဗောဓိပင်ရင်းသို့ ချဉ်းကပ်မိသောအခါ သဗ္ဗညုတဉာဏ်တော်၏ ကြည်လင်ဖြစ်ထွန်းရာ မဟာဗောဓိမဏ္ဍိုင်ကို လက်ျာဘက် ထား၍ တောင်မျက်နှာမှ အနောက်—အနောက်မျက်နှာမှ မြောက်—မြောက်မျက်နှာမှ အရှေ့သို့ လှည့်လည်ခြင်း ပြု၍ မိမိထက် သာလွန်သူ မရှိသော များမြတ်သော ကျော်စောခြင်း ဂုဏ်သတင်း ရှိသော မြတ်စွာဘုရားသည်ညောင်ဗုဒ္ဓဟေပင်ရင်း၌သစ္စာလေးပါး တရားတို့ကို ထိုးထွင်း၍ သိမြင်လတ္တံ့....။(ဘုရားစင်စစ် ဖြစ်လတ္တံ့ ဟူလို။)

ဤဘုရား၏ မယ်တော်ရင်းသည်ကား မာယာဒေဝီ အမည်ရှိသည် ဖြစ်လတ္တံ့....၊ ခမည်းတော်ရင်းသည်ကား သုဒ္ဓေါဒန အမည်ရှိသည် ဖြစ်လတ္တံ့....၊ ဤဘုရားကား ဂေါတမ အမည်ရှိသည် ဖြစ်လတ္တံ့.... ။

အာသဝေါလွတ်ရှင်း ရာဂကင်းကြကုန်လျက် ငြိမ်သက်သော စိတ်ရှိ၍ သမာဓိ ခိုင်ကျည်ကြကုန်သော ကောလိတနှင့် ဥပတိဿတို့သည် မြတ်သော တပည့်အစုံ (အဂ္ဂသာဝကအစုံ) ဖြစ်ကုန်လတ္တံ့....။

အာနန္ဒာအမည်ရှိသော ရဟန်းသည် အလုပ်အကျွေး ဖြစ်၍ ဤဘုရားကို လုပ်ကျွေးပြုစုပေလတ္တံ့....၊ အာသဝေါ လွတ်ရှင်း ရာဂကင်းကြကုန်လျက် ငြိမ်သက်သော စိတ်ရှိ၍ သမာဓိ ခိုင်ကျည်ကြကုန်သော ခေမာထေရီနှင့် ဥပ္ပလဝဏ် ထေရီတို့သည် မြတ်သော တပည့်မ အစုံ (အဂ္ဂသာဝိကာ

http://www.dhammadownload.com



အစုံ)တို့ ဖြစ်ကုန်လတ္တံ့....၊ထိုမြတ်စွာဘုရား၏ ဗောဓိပင်ကိုကား ညောင်ဗုဒ္ဓဟောဟု ခေါ်ဆိုအပ်၏—

ဟူ၍ ဗျာဒိတ်စကား ကြားတော်မူလေသည်။

(ဗျာဒိတ်နှင့်စပ်၍ မှတ်ဖွယ်ကို အနုဒီပနီ၌ ပြဆိုပေအံ့။)

## နတ်လူတို့ ကောင်းချီးပေးကြခြင်း

လောကသုံးပါး၌ တူသောသူ ဟူ၍ တစုံတယောက်မျှ မရှိပဲ မွန်မြတ်သော ဂုဏ်ကျေးဇူးတို့ကိုသာ ရှာမှီးလေ့ရှိတော်မူသော ဒီပင်္ကရာမြတ်စွာဘုရား၏ ဤဗျာဒိတ်စကားတော်ကို ကြားကြကုန်သော နတ်လူတို့သည် "ဤသုမေဓာရှင်ရသေ့ကား နောင်ပွင့်တော်မူမည့် ဘုရားမျိုးစေ့ စင်စစ်ဖြစ်သတဲ့" ဟူ၍ အလွန်ဝမ်းမြောက်ကြကုန်လျက် ကြွေးကြော်အော်ဟစ်ကာ ကောင်းချီးသံတို့ကို ဖြစ်စေကြပြီးလျှင် ရွှင်ရွှင်လန်းလန်း လက်ပန်းပေါက်ခတ်ကြကုန်၏၊ တသောင်းသော လောကဓာတ်မှ လာကြကုန်သော နတ်ဗြဟ္မာတို့နှင့်တကွ လူအပေါင်းတို့သည် လက်အုပ်ကိုယ်စီ မြှောက်ချီရှိကျိုး ရှိခိုးကြကုန်၏။

"တလောကလုံး၏ ကိုးကွယ်ရာ ဤဒီပင်္ကရာ မြတ်စွာဘုရား၏ အဆုံးအမတရားတော်ကို ငါတို့ မဖြည့်စွမ်းနိုင်ပဲ ချွတ်ယွင်းကြစေကာမူ နောင်သောအခါ ပွင့်တော်မူလတ္တံ့သော ဤရသေ့မြတ်ကို ငါတို့ မျက်ဝါးထင်ထင် ဖူးမြင်ကြကာ တရားအထူး ရသောသူများ ဖြစ်ကြကုန်အံ့။

ဥပမာအားဖြင့် မြစ်ကိုကူးသောသူတို့သည် မိမိရှေးရှုရည်မှန်းသော ဆိပ်ကမ်းသို့ ရေစီးအဟုန်ကြောင့် မရောက်နိုင်ပဲ ချွတ်ယွင်းကာ ရေစီးထဲသို့ မျောပါသွားကြစေကာမူ အောက်ဖြစ်သော ဆိပ်ကမ်းမှာ အရတွယ်ယူကာ မြစ်ကိုကူးကြကုန်သကဲ့သို့ ဤအတူသာလျှင် ငါတို့အားလုံးသည်လည်း ဤဒီပင်္ကရာ မြတ်စွာဘုရားကို (တရားထူးမရပဲ)

http://www.dhammadownload.com



လက်လွတ်ကြရစေကာမူ နောင်သောအခါ ပွင့်တော်မူလာမည့် ဤရသေ့သူမြတ်ကို ငါတို့ မျက်ဝါးထင်ထင် ဖူးမြင်ကြကာ တရားရသောသူများ ဖြစ်ကြကုန်အံ့"—

ဟူ၍လည်း ဆုတောင်းပန်ထွာ ပတ္ထနာမှု ပြုကြကုန်၏။

## ဒီပင်္ကရာမြတ်စွာဘုရား ရမ္မာပြည်သို့ ကြွသွားခြင်း

အဝေးမှ ဆောင်ယူ၍ လှူအပ်သော ပစ္စည်းကို ခံယူခြင်းငှါ ထိုက်တော်မူသော လောက သုံးပါးကို ပိုင်းခြား သိမြင်သည့် လောကဝိဒူဂုဏ်သခင် ဒီပင်္ကရာ မြတ်စွာဘုရားသည် သုမေဓာ ရှင်ရသေ့အား ဗျာဒိတ်စကား မိန့်ကြားတော်မူပြီးလျှင်(ပန်းရှစ် ဆုပ်တို့ဖြင့် ပူဇော်၍)သုမေဓာရှင်ရသေ့ဘက်မှ လက်ျာခြေတော် ကိုချကာ ကြွသွားတော်မူလေ၏။

ထိုဗျာဒိတ်ကြားရာအရပ်၌ မြတ်စွာဘုရား၏သားတော် လေးသိန်းသော ရဟန္တာ ထေရ်ကျော်တို့သည် (အလောင်းတော် သုမေဓာကို ပန်းနံ့သာတို့ဖြင့် ပူဇော်ကြပြီးလျှင်) သုမေဓာ ရှင်ရသေ့ကို လက်ျာဘက်ထားကာ ကြွသွားကြကုန်၏။လူ နဂါး ဂန္ဓဗ္ဗနတ်တို့သည်လည်း သုမေဓာရှင်ရသေ့ကို ရှိသေစွာ ရှိခိုး၍ ပန်းနံ့သာတို့ဖြင့် ပူဇော်ကြပြီးလျှင် ဖဲသွားကြကုန်၏။

ဒီပင်္ကရာ မြတ်စွာဘုရားသည် ရဟန္တာလေးသိန်း ခြံရံလျက် ရမ္မာပြည်သူပြည်သားများနှင့်တကွ နတ်အများတို့က ဝပ်တွား ကော်ရော် ပူဇော်အပ်သည်ဖြစ်၍ တန်းဆာဆင်အပ်သော ခရီးမဖြင့် ကြွတော်မူပြီးလျှင် ရမ္မာပြည်အတွင်း ခင်းထားအပ်သော ဘုရားနေရာဝယ် ယုဂန္ဓိုရ် တောင်ထိပ်ထက်၌ ပေါ်ထွက်သော နေ လုလင်ပမာ ပဒုမာကြာပန်းနှင့် တူသည့် ကျွတ်ထိုက်သူ မိုလ်လူတို့ ကို သစ္စာလေးဆင့် တွေးတွေးရင့်၍ ပွင့်လန်းအောင် ပြုတော်မူရန် ထိုင်နေတော်မူ၏။ ရဟန္တာလေးသိန်းတို့လည်း အစဉ်အတိုင်း မိမိတို့ ရောက်သောနေရာ၌ ထိုင်နေတော်မူကြကုန်၏။ ရမ္မာ

http://www.dhammadownload.com



ပြည်သူပြည်သားတို့သည်လည်း ဘုရားအမျိုးပြုသော ရဟန်းသံဃာတော်အား "အသဒိသ အလှူကြီး"ကို ပေးကြလေကုန်သည်။

(ဒီပင်္ကရာ မြတ်စွာဘုရားနှင့် ရဟန္တာလေးသိန်းတို့က သုမေဓာရှင်ရသေ့အား ပူဇော်ကြခြင်းနှင့်စပ်၍ မှတ်ဖွယ်ကို အနုဒီပနီ၌ ပြဆိုထားသည်။)

## အလောင်းတော် သုမေဓာ၏ ပီတိသုခ

လောကသုံးပါး၏ ရှေ့သွားခေါင်းဆောင် ဖြစ်တော်မူသော ဒီပင်္ကရာ မြတ်စွာဘုရား ရဟန္တာလေးသိန်းတို့နှင့်တကွ သုမေဓာရှင်ရသေ့ မြင်နိုင်လောက်သော အရပ်ကို လွန်သွားတော်မူလျှင်ပင် အလောင်းတော်သုမေဓာသည် အလျားမှောက်ရာမှ ဝမ်းမြောက်စွာ ထတော်မူပြီးသောအခါ လွန်စွာ ထူးမြတ်သော စိတ်ချမ်းသာခြင်း ဝမ်းမြောက်ခြင်း နှစ်သက်ခြင်းတို့ဖြင့် စိတ်တော်ချမ်းမြေ့ခြင်း ဝမ်းမြောက်ခြင်းပီတိဖြင့် စိုစွတ်သော စိတ်နှလုံး ရှိတော်မူပြီးလျှင် ပါရမီတော်တို့ကို ဆင်ခြင် စဉ်းစားတော်မူရန် အတွက် နတ်လူတို့ ပူဇော်ကြဲဖြန့်အပ်သော ပန်းပုံကြီးထက်၌ ထက်ဝယ် (တင်ပလ္လင်)ဖွဲ့ခွေ ထိုင်နေတော်မူပြီးလျှင် ဤသို့ ကြံစည်တော်မူပြန်၏—

"ငါသည် ဈာန်တရားအရာ၌ ဝသီဘော်ရှိသူ (အစိုးတရ လေ့လာနိုင်သူ) အဖြစ်သို့ ရောက်ပေ၏၊ အဘိညာဉ် ငါးပါးတို့၌လည်း အထွတ်အထိပ်သို့ ရောက်သူဖြစ်ပေ၏၊ စကြဝဠာပေါင်း တိုက်တသောင်းအတွင်း၌ ငါနှင့်တူကြသော ရသေ့များမရှိကြ၊ တန်းခိုးအာနုဘော် တရားတို့၌ ငါသည် မည်သူနှင့်မျှ မတူချေတကား"....

ဤကဲ့သို့ စဉ်းစားဆင်ခြင်တော်မူပြီးလျှင် အလွန်ထူးချွန်သော စိတ်ချမ်းသာမှုကို ရတော်မူလေ၏။

http://www.dhammadownload.com



## နိမိတ်ကြီး ၃၂-ပါးကို နတ်တို့ ပြောကြားခြင်း

သုမေဓာ ရှင်ရသေ့သည် ဆိုအပ်ပြီးသောအတိုင်း ဒီပင်္ကရာမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားတော်မူရ၍ သဗ္ဗညုဘုရားအဖြစ်ကို ယခုပင် လက်ဝါးအပြင်ပေါ်သို့ ရောက်ရှိပြီး ရရှိပြီးကဲ့သို့ အောက်မေ့မှတ်ထင် ကြည်လင်ဝမ်းမြောက်လျက် ထက်ဝယ်ဖွဲ့ခွေ (တင်ပလ္လင်ခွေ) ထိုင်နေတော်မူသောအခါ စကြဝဠာတိုက်တသောင်းမှ ရောက်လာကြကုန်သော နတ်ပြဟ္မာတို့သည် "သုမေဓာ အရှင်သူမြတ်....ရှေးရှေးသော နိယတ ဗျာဒိတ်ခံဘုရားအလောင်းတော်များ ဗျာဒိတ်ရပြီးစ ထိုကာလဝယ် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူကြသောအခါ ထင်မြင်မြဲဖြစ်သော "နိမိတ်ကြီး သုံးဆယ့်နှစ်ပါး"တို့သည် ယနေ့ ထင်မြင် ကြပါကုန်၏။ ထို့ကြောင့် အရှင်သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့"ဟူ၍ ကြီးစွာသော အသံကို ဟစ်အော် ဖြစ်ပေါ်စေကြကုန်၏။

သုမေဓာအရှင်သူမြတ်....ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ရတော်မူသည့်အခါ အေးချမ်းခြင်းသဘော ကင်းရှင်း၍ ပူအိုက်ခြင်းသဘော ငြိမ်းမြဲဖြစ်ပါ၏၊ ထိုနိမိတ်နှစ်ပါးတို့ကို ယနေ့ ထင်ရှား တွေ့မြင်ရပါကုန်၏။ ထို့ကြောင့် အရှင်သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့....။

သုမေဓာအရှင်သူမြတ်....ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ရတော်မူသည့်အခါ တသောင်းသော လောကဓာတ်ကြီးသည် တစုံတရာ အသံမရှိ တိတ်ဆိတ်၍ နေ၏၊ အနှောက်အရှက် ရှုပ်ထွေးခြင်း အလျဉ်းမရှိ၊ ထိုနိမိတ်နှစ်ပါးတို့ကို ယနေ့ ထင်ရှား တွေ့မြင်ရပါကုန်၏။ ထို့ကြောင့် အရှင်သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့....။

သုမေဓာ အရှင်သူမြတ်....ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ရတော်မူသည့်အခါ လေပြင်းမုန်တိုင်းတို့ မတိုက်ခတ်ကုန်၊ မြစ်များသည်လည်း မစီးကြပါကုန်၊ ထို နိမိတ်နှစ်ပါး

http://www.dhammadownload.com



တို့ကို ယနေ့ ထင်ရှား တွေ့မြင်ရပါကုန်၏။ ထို့ကြောင့် အရှင်သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့....။

သုမေဓာ အရှင်သူမြတ်....ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ရတော်မူသည့်အခါ ကုန်း၌ဖြစ်သောပန်း, ရေ၌ဖြစ်သောပန်း အလုံးစုံတို့သည် တပြိုင်နက် ပွင့်ကြပါကုန်သည်၊ ယနေ့လည်း ထိုပန်းအလုံးစုံတို့သည် ပွင့်ကြပါကုန်၏။ ထို့ကြောင့် အရှင်သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့....။

သုမေဓာ အရှင်သူမြတ်....ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ရတော်မူသည့်အခါ နွယ်ပင်အမြင့်ပင်(ပင်စောက်) အမျိုးမျိုးတို့ တပြိုင်နက် သီးကြပါကုန်သည်၊ ယနေ့လည်း ထို နွယ်ပင် သစ်ပင်အားလုံးတို့သည် သီးကြပါကုန်၏။ ထို့ကြောင့် အရှင်သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့....။

သုမေဓာ အရှင်သူမြတ် ...ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ရတော်မူသည့်အခါ ကောင်းကင်၌တည်သော ရတနာ, မြေပြင်၌ တည်သော ရတနာတို့သည် အရောင် ထွန်းတောက်ပကြပါသည်၊ ယနေ့လည်း ထိုရတနာတို့သည် အရောင်ထွန်းတောက်ပကြပါကုန်သည်။ ထို့ကြောင့် အရှင်သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့....။

သုမေဓာ အရှင်သူမြတ် ...ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ရတော်မူသည့်အခါ လူ့ပြည်၌ဖြစ်သော တူရိယာတို့သည်၎င်း, နတ်ပြည်၌ဖြစ်သော တူရိယာတို့သည်၎င်း အလိုလို (လူနတ်တို့က မတီးရပဲ)မြည်ကြမြဲ ဖြစ်ပါကုန်သည်၊ယနေ့လည်း ထို တူရိယာနှစ်မျိုးစုံတို့သည် အလွန်အကဲ(လူနတ်တို့က မတီးရပါပဲ) မြည်ကြပါကုန်သည်။ ထို့ကြောင့် အရှင်သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့....။

http://www.dhammadownload.com



သုမေဓာအရှင်သူမြတ်….ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ရတော်မူသည့်အခါ ကောင်းကင်အပြင်မှ အလွန်ဆန်းကြယ်သော ပန်းတို့သည် မိုဃ်းကဲ့သို့ ရွာမြဲဖြစ်ကြပါကုန်သည်၊ ယနေ့လည်း ထိုဆန်းကြယ်သော ပန်းတို့သည် မိုဃ်းရေပမာ ရွာသွန်းကြပါကုန်သည်။ ထို့ကြောင့် အရှင်သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့….။

သုမေဓာ အရှင်သူမြတ်….ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ရတော်မူသည့်အခါ မဟာသမုဒ္ဒရာကြီး ဝဲလည်ခြင်း၊ တသောင်းသော လောကဓာတ်စကြဝဠာတိုက် တုန်လှုပ်ခြင်းတို့ ဖြစ်မြဲဖြစ်ကုန်သည်၊ ယနေ့လည်း ထိုနှစ်ပါးစုံ (မဟာသမုဒ္ဒရာနှင့် စကြဝဠာတိုက်တသောင်း) တို့သည် လွန်စွာ မြည်ဟီးကြပါကုန်သည်။ ထို့ကြောင့် အရှင်သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့….။

သုမေဓာ အရှင်သူမြတ်….ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ခံယူရတော်မူသောနေ့မှာ ဇာတိခေတ် (စကြဝဠာတိုက်တသောင်း) အတွင်း ငရဲမီးတို့ ငြိမ်းကြမြဲဖြစ်ပါသည်၊ ယနေ့လည်း ထိုငရဲမီးတို့သည် ငြိမ်းကြပါကုန်သည်။ ထို့ကြောင့် အရှင်သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့….။

သုမေဓာအရှင်သူမြတ်….ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ခံယူရတော်မူသောနေ့မှာ နေမင်းသည် အညစ်အကြေး ကင်းစင်မြဲ ဖြစ်ပါသည်၊ အလုံးစုံသော ကြယ်တာရာတို့ကို နေ့အခါ၌ပင် မြင်ကြရမြဲ ဖြစ်ပါကုန်သည်၊ ယနေ့လည်း ထို အညစ်အကြေးကင်းသောနေမင်း အလုံးစုံသော ကြယ်တာရာတို့ကို နေ့အခါ၌ပင် မြင်ကြရပါကုန်သည်။ ထို့ကြောင့် အရှင်သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့….။

သုမေဓာအရှင်သူမြတ်….ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ခံယူရတော်မူသောနေ့မှာ မိုဃ်းမရွာပဲ မြေကြီးထဲမှ ရေပန်း၍ထွက်မြဲဖြစ်ပါသည်၊ ယနေ့လည်း မိုဃ်းမရွာပဲ မြေကြီး

http://www.dhammadownload.com



ထဲမှ ရေပန်း၍ ထွက်ခဲ့ပါသည်။ ထို့ကြောင့် အရှင်သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့....။

သုမေဓာအရှင်သူမြတ်....ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ခံယူရတော်မူသောနေ့မှာ ကောင်းကင်အပြင်၌ ကြယ်တာရာ အပေါင်းတို့သည်ဥင်း,နက္ခတ်တို့သည်ဥင်း တင့်တယ်ကြမြဲဖြစ်ပါကုန်သည်၊ ဝိသာခါနက္ခတ်သည် လပြည့်ဝန်း(စန်း)နှင့်ယှဉ်မြဲဖြစ်ပါသည်၊ ယနေ့လည်း ထို နိမိတ်တို့ ထင်ကြပါကုန်သည်။ ထို့ကြောင့် အရှင်သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့....။ ။(ကဆုန်လပြည့်နေ့နှင့်စပ်၍ မှတ်ဖွယ်ကို အနုဒီပနီ၌ ဖော်ပြထားသည်။)

သုမေဓာအရှင်သူမြတ်....ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ခံယူရတော်မူသောနေ့မှာ မြွေ,မြွေပါ-စသော တွင်း၌နေသော သတ္တဝါ, မြေခွေး-စသော ချောက်ကမ်းပါး၌ နေသော သတ္တဝါတို့သည် မိမိတို့နေရာမှ ထွက်ကြကုန်မြဲ ဖြစ်ပါသည်၊ ယနေ့လည်း ထို သတ္တဝါတို့သည် မိမိတို့နေရာမှ ထွက်ကြပါကုန်သည်။ ထို့ကြောင့် အရှင်သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့....။

သုမေဓာအရှင်သူမြတ် ...ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ခံယူရတော်မူသောနေ့မှာ သတ္တဝါအပေါင်းတို့အား မမွေ့လျော် မပျော်ပိုက်ခြင်း အလျဉ်းမရှိကြပဲ မိမိတို့၌ ထင်ရှားရှိသော ပစ္စည်းစုဖြင့်သာ နှစ်သက်ရောင့်ရဲ ကျေနပ်မြဲ ဖြစ်ကြပါသည်၊ ယနေ့လည်း ထို သတ္တဝါ အလုံးစုံတို့သည်ပင် မမွေ့ လျော် မပျော်ပိုက်ခြင်း အလျဉ်းမရှိကြပဲ မိမိတို့၌ ထင်ရှားရှိသော ပစ္စည်းစုဖြင့်သာ နှစ်သက်ရောင့်ရဲ ကျေနပ်ကြပါသည်။ ထို့ကြောင့် အရှင်သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့....။

(ဤစကားရပ်ကိုထောက်ဆ၍ သတ္တဝါတို့မှာ နေ့စဉ်ပင် ရသမျှ ရှိသမျှ စည်းစိမ်ဖြင့် မရောင့်ရဲနိုင်ကြကြောင်း၊ ဘုရား

http://www.dhammadownload.com



အလောင်းတော်များ နိယတဗျာဒိတ် ခံယူရတော်မူသော နေ့မှာသာ မိမိတို့မှာ ရှိသမျှ ပဉ္စည်းစုဖြင့် နှစ်သက် ရောင့်ရဲ ကျေနပ်ကြကြောင်း သိမှတ်ရာ၏။)

သုမေဓာအရှင်သူမြတ်....ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ခံယူရတော်မူသောနေ့မှာ သတ္တဝါတို့အား ရောဂါ ဟူသမျှ ပျောက်ငြိမ်းကြမြဲ ဖြစ်ပါသည်၊ ဆာလောင် မွတ်သိပ်ခြင်း လည်း ကင်းကြမြဲ ဖြစ်ပါသည်၊ ယနေ့လည်း ထိုရောဂါ ပျောက် ငြိမ်းခြင်း, ဆာလောင်မွတ်သိပ်မှု ပျောက်ကင်းခြင်း တည်းဟူသော နိမိတ်နှစ်ပါးတို့ ထင်ရှား ဖြစ်ကြပါသည်။ ထို့ကြောင့် အရှင် သူမြတ်သည် မချွတ်ဧကန် ဘုရားဖြစ်တော်မူလတ္တံ့....။

သုမေဓာ အရှင်သူမြတ်....ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ခံယူရတော်မူသောနေ့မှာ သတ္တဝါတို့သန္တာန်၌ အာရုံကို ငြိတွယ်တတ်သော ရာဂတရား ခေါင်းပါးမြဲ ဒေါသနှင့် မောဟတရားတို့ ပျောက်ပျက်မြဲ ဖြစ်ပါသည်၊ ယနေ့လည်း သတ္တဝါတို့သန္တာန်၌ ထိုရာဂ ဒေါသ မောဟတို့ ကင်းရှင်းကြပါ ကုန်သည်။ ထို့ကြောင့် အရှင်သူမြတ်သည် မချွတ်ဧကန် ဘုရား ဖြစ်တော်မူလတ္တံ့... ။

သုမေဓာ အရှင်သူမြတ်....ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ခံယူရတော်မူသောနေ့မှာ သတ္တဝါတို့သန္တာန်၌ ကြောက်ထိတ်လန့်ခြင်း ကင်းရှင်းမြဲ ဖြစ်ပါသည်၊ ယနေ့လည်း ထိုကြောက်ထိတ်လန့်ခြင်း ကင်းရှင်းမှုတည်းဟူသော နိမိတ်သည် ထင်ရှား ဖြစ်ခဲ့ပါသည်။ ထိုအမှတ်ဖြင့်ပင် အရှင်သူမြတ်သည် မချွတ်ဧကန် ဘုရား ဖြစ်တော်မူလတ္တံ့ဟု အကျွန်ုပ်တို့ သိကြရပါ ကုန်သည်....။

သုမေဓာအရှင်သူမြတ်....ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ခံယူရတော်မူသောနေ့မှာ မြူမှုန် ထကြွခြင်း ကင်းရှင်းမြဲ ဖြစ်ပါသည်၊ ယနေ့လည်း မြူမှုန်ထကြွခြင်း ကင်းရှင်းမှု

http://www.dhammadownload.com



တည်းဟူသော နိမိတ်သည် ထင်ရှား ဖြစ်ခဲ့ပါသည်။ ထိုအမှတ်ဖြင့်ပင် အရှင်သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့ဟု အကျွန်ုပ်တို့ သိကြရပါကုန်သည်….။

သုမေဓာအရှင်သူမြတ်….ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ခံယူရတော်မူသောနေ့မှာ အလိုမရှိအပ်သော အနံ့များ ကင်းရှင်း၍ နတ်၌ဖြစ်သော အနံ့သာလျှင် ကြိုင်မြ လှိုင်မြ ဖြစ်ပါသည်၊ ယနေ့လည်း ထိုနတ်၌ဖြစ်သော အနံ့သည် ကြိုင်လှိုင် သင်းပျံ့ခဲ့ပါသည်။ ထို့ကြောင့် အရှင်သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့….။

သုမေဓာအရှင်သူမြတ်….ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ခံယူရတော်မူသောနေ့မှာ ရုပ်ကိုယ်ကောင် မရှိသည့် (အရူပ) ဗြဟ္မာကြီးများကို ချန်ထား၍ အလုံးစုံသော နတ်ဗြဟ္မာတို့ကို မြင်ကြရမြဲ ဖြစ်ပါသည်၊ ယနေ့လည်း (အရူပ ဘုံသား ဗြဟ္မာကြီးများကို ချန်ထား၍) ထိုအလုံးစုံသော နတ်ဗြဟ္မာ တို့ကို မြင်ကြရပါကုန်သည်။ ထို့ကြောင့် အရှင်သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့….။

သုမေဓာအရှင်သူမြတ်….ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ခံယူရတော်မူသောနေ့မှာ အကြင်မျှလောက် ငရဲဘုံရှိသမျှ အလုံးစုံတို့ကို မြင်ကြရမြဲ ဖြစ်ပါသည်၊ ယနေ့လည်း ထိုငရဲဘုံ အလုံးစုံတို့ကို မြင်ကြရပါကုန်သည်။ ထို့ကြောင့် အရှင် သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့….။

သုမေဓာအရှင်သူမြတ်….ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ခံယူရတော်မူသောနေ့မှာ နံရံ, တံခါးရွက်, ကျောက်တောင်ကြီးများပင် အဆီး အတား အပိတ်အပင်မရှိ၊ ဟင်းလင်းပွင့်ကြမြဲ ဖြစ်ပါသည်၊ ယနေ့လည်း ထိုနံရံ, တံခါးရွက်, ကျောက်တောင်ကြီးများသည် ဟင်းလင်းအပြင် ကောင်းကင်သာ ဖြစ်ကြပါသည်။ ထို့ကြောင့် အရှင်သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့….။

http://www.dhammadownload.com



သုမေဓာအရှင်သူမြတ်····ရှေးရှေး ဘုရားအလောင်းတော်တို့ နိယတဗျာဒိတ် ခံယူရတော်မူသောအခိုက်မှာ သတ္တဝါတို့၏ စုတိပြတ်ကြွေ သေလွန်ခြင်း,ပဋိသန္ဓေတည်နေခြင်း အလျဉ်းမရှိပါ၊ ယခုအရှင်သူမြတ် နိယတဗျာဒိတ် ခံယူရတော်မူသော အခိုက်မှာလည်း ထိုသတ္တဝါတို့၏ စုတိပြတ်ကြွေ သေလွန်မှုမရှိခြင်း, ပဋိသန္ဓေတည်နေမှုမရှိခြင်း တည်းဟူသော နိမိတ်ကြီးနှစ်ပါးတို့ ထင်ရှားဖြစ်ပေါ်ကြပါသည်။ ထို့ကြောင့် အရှင်သူမြတ်သည် မချွတ်ကေန် ဘုရားဖြစ်တော်မူလတ္တံ့····။

## နတ်ဗြဟ္မာတို့၏ အားပေးစကား

သုမေဓာအရှင်သူမြတ်····သင်သည် ဝီရိယတရားကိုသာ စွဲစွဲမြဲမြဲ ချီးမြှင့်အားထုတ်တော်မူပါ၊ ဆုတ်နစ်တော်မမူပါလင့်၊ ရှေ့သို့သာ တိုးတက်၍ ဆက်လက် အားထုတ်တော်မူပါ၊ အကျွန်ုပ်တို့သည်လည်း အသင် မချွတ် ဘုရားဖြစ်လတ္တံ့သော အကြောင်းကို ကောင်းစွာ သိရှိကြပါကုန်၏····ဟူ၍ ချီးမွမ်းစကား, အားပေးစကားတို့ကို အထူးထူးအပြားပြား စကြဝဠာတိုက် တသောင်းမှ ရောက်ဆိုက်လာသော နတ် ဗြဟ္မာတို့ ပြောကြားကြကုန်၏။

ဗျာဒိတ်ခန်း ပြီး၏။

---

## ၆-ပါရမီတော်ဆင်ခြင်ခန်း

ထိုသို့ နတ်ဗြဟ္မာအပေါင်းတို့ ဖယ်သွားကြသော အခါ အလောင်းတော် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရား၏ စကားတော် နတ်ဗြဟ္မာများ၏ စကားအားဖြင့် နှစ်ပါးစုံသော စကားကို ကြားနာရသည့်အတွက် နှစ်သက်ရွှင်လန်း ဝမ်းမြောက်တော်မူလှသည်ဖြစ်၍ ဤသို့ ကြံစည် စိတ်ကူးတော်မူ၏····

မြတ်စွာဘုရားတို့ မည်သည် (ဟုတ်ချင် ဟုတ်မည်၊ မဟုတ်ပဲသော်လည်း ရှိမည်ဟူ၍) နှစ်မျိုးနှစ်ခွ တွေးဆ

http://www.dhammadownload.com



ရသော စကားမျိုးကို ဟောရိုးထုံးစံမရှိကုန်၊ အချည်းနှီးသော စကားမျိုးကိုလည်း ဟောရိုးထုံးစံမရှိကုန်။ မြတ်စွာဘုရားတို့၏ စကားတော်သည် ချွတ်ယွင်းသည် ဟူ၍ မရှိစကောင်း၊ (ထို့ကြောင့်) ငါသည် မချွတ်မလွဲ ဘုရားဖြစ်တော်မူရအံ့····၊

ကောင်းကင်သို့ ပစ်မြှောက်အပ်သော ခဲသည် မချွတ်မလွဲ မြေပြင်သို့သာ ကျရောက်ရသကဲ့သို့ ထို့အတူသာလျှင် ဘုရားမြတ်တို့၏ စကားတော်မည်သည် မချွတ်မလွဲ မြဲသည်သာ ဖြစ်ရကား ငါသည် ကေန်စင်စစ် ဘုရားဖြစ်တော်မူရအံ့····၊

အလုံးစုံသော သတ္တဝါဟူသမျှတို့မှာ သေရခြင်းသဘောသည် မချွတ်မလွဲ မြဲသကဲ့သို့ ထို့အတူသာလျှင် ဘုရားမြတ်တို့၏ စကားတော်မည်သည် မချွတ်မလွဲ မြဲသည်သာ ဖြစ်ရကား ငါသည် ကေန်စင်စစ် ဘုရားဖြစ်တော်မူရအံ့····၊

ညဉ့်အချိန်ကုန်ဆုံးသောအခါ နေထွက်ခြင်းသည်မချွတ်မလွဲ မြဲသကဲ့သို့ ထို့အတူသာလျှင် ဘုရားမြတ်တို့၏ စကားတော်မည်သည် မချွတ်မလွဲ မြဲသည်သာဖြစ်ရကား ငါသည် ကေန်စင်စစ် ဘုရားဖြစ်တော်မူရအံ့····၊

နေရာလိုဏ်ဂူမှ ထွက်သော ခြင်္သေ့၏ ဟောက်ခြင်းသဘောသည် မြဲသကဲ့သို့ ထို့အတူသာလျှင် ဘုရားမြတ်တို့၏ စကားတော်မည်သည် မချွတ်မလွဲ မြဲသည်သာ ဖြစ်ရကား ငါသည် ကေန်စင်စစ် ဘုရားဖြစ်တော်မူရအံ့....၊

ကိုယ်ဝန်ဆောင်ရသော မိန်းမတို့၏ ထိုကိုယ်ဝန်ကို ချခြင်း(မွေးဖွားခြင်း) သည် မြဲသကဲ့သို့ ထို့အတူသာလျှင် ဘုရားမြတ်တို့၏ စကားတော်မည်သည် မချွတ်မလွဲ မြဲသည်သာဖြစ်ရကား ငါသည် ကေန်စင်စစ် ဘုရားဖြစ်တော်မူရအံ့····၊

http://www.dhammadownload.com



ဤသို့ ဥပမာအမျိုးမျိုးဖြင့် ထောက်ဆ၍ ဒီပင်္ကရာမြတ်စွာဘုရား၏ စကားတော်အရ မုချကေန် ဘုရားဖြစ်ရမည်ဟု ကြံစည်ဆုံးဖြတ်တော်မူပြီးလျှင်—

ကိုင်း....ယခုအခါ ငါသည် အထက်အရပ် (နတ်ပြည်လောက) အောက်အရပ်(လူ့ပြည်လောက) ဆယ်မျက်နှာ အရပ်တို့၌ အကြွင်းမဲ့လောက် (ကာမ, ရူပ, အရူပဟူ၍ ပြားသော) အရင်းခံ သဘောတရားသည် ရှိ၏၊ ထိုအရင်းခံ တရားသဘော အလုံးစုံ နှံ့စပ်အောင်ပင် ဘုရားအဖြစ်ကို ပြုတတ်သောတရားတို့ကို ဤမှထိုမှ စူးစမ်းရှာဖွေတော့အံ့ဟူ၍ ဗုဒ္ဓကရ = ဘုရားဖြစ်အောင် ပြုပေးနိုင်သည့် အကြောင်းတရားတို့ကို စူးစမ်း ဆင်ခြင်တော်မူလေသည်။

(ဤအရာ၌ ပါရမီတော်များကို ဆင်ခြင်စဉ်းစားသော ဉာဏ်တော်ကို ပါရမီပဝိစယဉာဏ်တော်ဟူ၍ ခေါ်သည်။ အလောင်းတော် သုမေဓာရှင်ရသေ့၏ သန္တာန်၌ဖြစ်သော ထိုပါရမီပဝိစယ ဉာဏ်တော်သည် အာနုဘော်ကြီးလှ၏၊ ဗောဓိသမ္ဘာရ ခေါ်သော သဗ္ဗညုတဉာဏ်ကို ရဖို့ရန်အကြောင်း အဆောက်အဦဖြစ်သော ပါရမီတော်များ, စွန့်ခြင်းကြီးများ, စရိယတရားများကို စဉ်းစားဆင်ခြင်ရာ၌ အပိတ်အပင် အဆီးအတားမရှိ သိမြင်နိုင်၏၊ ဆရာမကူ သယမ္ဘူဉာဏ်ဖြစ်၏၊ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရဖို့ရန် ရှေးပြေး ပုဗ္ဗနိမိတ်ဖြစ်၏ဟူ၍ အဘိဓမ္မာ မေ့သင်္ဂဟာအနုဋီကာ၌ ဖွင့်ဆိုထားသည်။

ထင်ရှားစေဦးအံ့....သုမေဓာရှင်ရသေ့ကို ဒီပင်္ကရာမြတ်စွာဘုရားက "ဘုရားဖြစ်လိမ့်မည်"ဟု ဗျာဒိတ်စကား ကြားရုံသာ ကြားတော်မူခဲ့သည်။ ဘုရားဖြစ်ဖို့ရန် ဤမည် ဤမည်သောတရားများကို ကျင့်ကြံပွါးများရမည်ဟူ၍ကား ဟောကြားတော်မမူခဲ့ပေ၊ ယင်းသို့ ဘုရားအဖြစ်ကို ပြုတတ်သော တရားတို့ကိုကား အလောင်းတော် သုမေဓာသည် မိမိ၏ ပါရမီပဝိစယဉာဏ်တော်ဖြင့်သာ ဆင်ခြင်စူးစမ်းတော်မူရလေသည်။ ထိုဉာဏ်ဖြင့် ဘုရားဖြစ်စေနိုင်သော တရားတို့ကို စဉ်းစားဆင်ခြင်စူးစမ်းတော်မူသောအခါ အပိတ်အပင်မရှိ အလောင်းတော်၏ ဉာဏ်၌ အပြည့်အစုံ သိမြင်ရလေသည်။ ထိုအကြောင်းကို—

http://www.dhammadownload.com



ရှစ်ပါးစုံအင်၊ မာယဂင်ဟု၊ စီရင်ဝတ်ပြီး၊ သင်းသီးမှုချိ၊ ရဲစဉ်းသိသား၊ ဗောဓိပက္ခိယ၊ ဓမ္မပေါင်းမြောင်၊ ကူလက် စောင်နှင့်၊ ရန်ဘောင်ရိပ္ပပ်၊ ဤလူ့ရပ်တွင်၊ နှီးကပ်ကာကာ၊ ထောင့်ငါးရာစင်၊ သင်းဝင်လက်သား၊ ဆဲ့နှစ်ပါးသား၊ ဓွေသွားခေါင်းကြီး၊ ခိုးစဉ်းသီးကို၊ ဖျက်ဆီးလေးကြိမ်၊ တိုက်လှည်းနှိမ်မှ၊ အောင်ငြိမ်တန္တ၊ ရဲဆုရနှင့်၊ နှုန်းကြစတေ၊ သမုန္ဒေ ဟု၊ ထဲမွေ့ရန်ပယ်၊ သဏ်ဍလယ်တွင်၊ ငါနှယ်ဂဏ် ဆန်း၊ သိမြင်ထွန်းသည့်၊ ကျယ်ဝန်းပညာ၊ သာရိပုတြာ....၊ မဟာထေရ်ကျော်၊ သူတော်မြတ်စွာ၊ သူ့ဘို့ရှာသည့်၊ သဒ္ဒါပစ္စည်း၊ ရှင့်ခမည်းကား၊ ထုံးနည်းမြားမြောင်၊ သွေးကြဉ်းဆောင်၍၊ မှန်အောင်အရ၊ ခံနေချလျက်၊ ဤမှ ဆိုပြီး၊ အလိုသီးဖြင့်၊ ဆုကြီးချူချူ၊ ပွင့်စိမ့်ဟူသား၊ သူတို့ မည်သည်၊ အရှည်အလျား၊ စွန့်ကြိုးစားလျက်၊ ဘုရားပညာ၊ ငြမ်းအလျာဖြင့်၊ ရံကာဆောက်ဦ၊ ထောက်ပံ့ကူသား၊ တံချူသဘွယ်၊ ကြီးငယ်မလွတ်၊ ကျင့်ရာဝတ်ကို၊ နှုတ်လွတ် သံညောင်း၊ သို့ကျင့်ကောင်းဟု၊ အကြောင်းအကျိုး၊ စုံပြည့်ဖြိုးအောင်၊ မြတ်မျိုးရှင်တော်၊ မဟောသော်လည်း....၊ ထိုရော်ဘိသိက်၊ ဗျာဒိတ်ရခါ၊ မကြာလက်ငင်း၊ လော လောခြင်းဝယ်၊ ထိုးထွင်းဝန်းလျား၊ သိတတ်အား၍၊ တပါးမကြံ၊ သူမဆံသား၊ **သယမ္ဘူဉာဏ်၊ ပညာယှဉ်လျက်၊** ခိုင်းမျဉ်မကွက်၊ အောက်ထက်ရပ်ခွင်၊ မြေပြင်လုံးချို၊ မြင်လ တုံသည်၊ ၊ဝတ်ကုံဆောက်တည်ချင်ရှောင်းတည်း—

ဟူ၍ ပါရမီတော်ခဏ်းပျို့၌ စပ်ဆိုလေသည်။

ဆိုအပ်ပြီးသော စကားရပ်၌ပါရှိသည့် "အရင်းခံသဘောတရား= ဓမ္မဓာတု" ဟူသော မူလပါဠိစကားအရ မိမိသဘောကို မိမိဆောင်ယူ ဖြစ်ပေါ်လာသောအရာကို ပါဠိလို (ဓာတု) မြန်မာလို (ဓာတ်)ဟု ခေါ်သည်၊ မိမိသဘောကို ဆောင်ယူခြင်းဟူသည် သူတပါးတို့ စီမံ ဖန်တီး ပေးရခြင်းမရှိပဲ အလိုအလျောက် သဘောရင်းအားဖြင့် အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာခြင်းဟု ဆိုလိုသည်၊ သူတပါးတို့ ပြုပြင် ဖန်တီးပေးရလျှင် သဘောရင်းဓာတ် မဟုတ်တော့ပြီ။ သို့ဖြစ်၍

http://www.dhammadownload.com



သူတပါးပယောဂနှင့် မစပ်မဖက် သက်သက် အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော တရားကို မြန်မာလို "အရင်းခံသဘောတရား" ပါဠိလို "ဓမ္မဓာတု" ဟု ခေါ်သည်။

ဘုရားအဖြစ်ကို ပြုတတ်သော (ဘုရားဖြစ်အောင် ပြုပေးနိုင်သော) အကြောင်းတရားတို့ကို ရှာဖွေလိုလျှင် အရင်းခံသဘောတရား=ဓမ္မဓာတ်ထဲမှာသာ ရှာထိုက်သည်ဖြစ်၍ "ဝိစိနာမိ ဓမ္မဓာတုယာ" ဟု ဟောဆိုအပ်လေသည်။ တရားသဘောကို ပြောလိုသည်မဟုတ်ပဲ ပုဂ္ဂိုလ်ကို ပြောလိုသောအရာဖြစ်မူ လောကဓာတုယာဟူ၍ သုံးစွဲရာ၏။ (တရားကို ဓမ္မဓာတ်ထဲ၌ ရှာဖွေရသည်၊ ပုဂ္ဂိုလ်ကို လောကဓာတ်ထဲ၌ ရှာဖွေရသည် ဟု ဆိုလိုသည်။ ) သုံးစွဲပုံမှာ...."လောကဓာတ် တခုထဲမှာ ဘုရားနှစ်ဆူ ပြိုင်တူမပွင့်စကောင်း" စသော စကားမျိုးပင် ဖြစ်၏၊ ဤ၌ ပြောလိုရင်းအနက်မှာ ဘုရားတည်း ဟူသော ပုဂ္ဂိုလ်ဖြစ်နေ၍ အရင်းခံလောကဓာတ်ဖြင့်သာ သုံးစွဲ၍ ဓမ္မဓာတ်ဖြင့် မသုံးစွဲပေ။)

## (က) ဒါနပါရမီ

ထိုသို့ စူးစမ်းဆင်ခြင်တော်မူသောအခါ အလောင်းတော် သုမေဓာရှင်ရသေ့သည် ရှေးရှေးဘုရား အလောင်းတော်တို့ အစဉ်မှီဝဲ အမြဲလေ့လာ ပွါးများအပ်သည့် ဘုရားဖြစ်ကြောင်း လမ်းကောင်းကြီးသဖွယ်ဖြစ်သော ဒါနပါရမီကို ပဌမဦးဆုံး မြင်တော်မူလေသည်။

(ထိုသို့ မြင်တော်မူပြီးလျှင်) အမောင်သုမေဓာ....အသင်သည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်ဖို့ရန် (ဘုရားဖြစ်ဖို့ရန်) အလိုရှိပါမူ ဤဒါနပါရမီကို အစဦးစွာ အစွဲအမြဲပြုကာ ဆောက်တည်ပြီးလျှင် ဒါနပါရမီနှင့် ပြည့်စုံသူ၏အဖြစ်သို့ ရောက်လေလော့ (ဒါနပါရမီကို အထွတ်အထိပ်ရောက် ဖြည့်ကျင့်လေလော့)ဟူ၍ မိမိကိုယ်ကို မိမိ ဆုံးမတော်မူလေသည်။

(တဖန် ဆက်၍လည်း) လောက၌ (ရေဖြင့်ဖြစ်စေ၊ နို့ရည်ဖြင့်ဖြစ်စေ) တစုံတရာဖြင့် ပြည့်နေသောအိုးကို မှောက်သွန်လိုက်လျှင် ရှိသမျှ ရေအလုံးစုံကို အကျန်မထား အန်ထုတ်၍ပစ်သကဲ့သို့ ထို့အတူ အယုတ်, အလတ်, အမြတ်ဖြစ်သော အလှူခံပုဂ္ဂိုလ်တို့ကို

http://www.dhammadownload.com



မြင်လျှင် မိမိ၌ ပေးလှူရန်ရှိသမျှကို အကြွင်းအကျန်မထားပဲ မှောက်သွန်လိုက်သော ရေအိုးပမာ ပေးလှူပါလေလော့-ဟူ၍ မိမိကိုယ်ကို မိမိ ဆုံးမတော်မူပြန်လေသည်။

(ဤ ဒါနပါရမီနှင့်စပ်၍ မှတ်သားဖွယ်တို့ကို အနုဒီပနီ၌ ကျယ်ဝန်းစွာ ဖော်ပြထားသည်။)

---

## (ခ) သီလပါရမီ

သုမေဓာရှင်ရသေ့သည် ဒါနပါရမီကို တွေ့ရှိ သိမြင် ဆင်ခြင်တော်မူပြီးနောက်—

> ဘုရားအဖြစ်ကို ပြုတတ်သော တရားတို့သည် ဤဒါနပါရမီမျှသာမဟုတ်နိုင်သေး၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်သန်စေနိုင်သော အခြားတရားများလည်း ရှိရဦးမည်၊ ထို တရားများကိုလည်း စူးစမ်းရှာဖွေအံ့····

ဟူ၍ စူးစမ်း ဆင်ခြင်တော်မူသောအခါ ရှေးရှေးသော ဘုရားအလောင်းတော်တို့ အစဉ်မှီဝဲ အမြဲလေ့လာ ပွါးများအပ်သည့် နှစ်ခုမြောက်ဖြစ်သော သီလပါရမီကို မြင်တော်မူလေသည်။

(ထိုသို့ မြင်တော်မူပြီးလျှင်) အမောင်သုမေဓာ....အသင်သည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်ဖို့ ရဖို့ရန် အကယ်၍ အလိုရှိငြားအံ့၊ ဤ နှစ်ခုမြောက်ဖြစ်သော သီလပါရမီကို အစွဲအမြဲပြုကာ အစဉ်သဖြင့် ဆောက်တည်ပြီးလျှင် သီလပါရမီနှင့် ပြည့်စုံသူ၏အဖြစ်သို့ ရောက်အောင် ကြိုးကုတ် အားထုတ်လေလော့ (သီလပါရမီကို အထွတ်အထိပ်ရောက် ဖြည့်ကျင့်လေလော့) ဟူ၍ မိမိကိုယ်ကို မိမိ ဆုံးမတော်မူလေသည်။

(တဖန် ဆက်၍လည်း) လောက၌ အောင်းဟုခေါ်သော သားကောင် (စမရီမည်သော သားကောင်)သည် မိမိ၏ မြီးဆံ တစုံတခုသောနေရာ၌ ငြိနေသည်ရှိသော် ထိုငြိသောနေရာမှာပင် အသက်ကိုအသေခံ၍ မိမိ၏ မြီးဆံကို မပျက်စေပဲ စောင့်ရှောက်

http://www.dhammadownload.com



သကဲ့သို့၊ ဤအတူ အမောင်သုမေဓာသည်လည်း (၁) ပါတိမောက္ခ-သံဝရ (၂) ဣန္ဒြိယသံဝရ (၃) အာဇီဝပါရိသုဒ္ဓိ (၄) ပစ္စယ-သန္နိဿိတ တည်းဟူသော ကုသိုလ်တရားတို့၏ တည်ရာ လေးဌာနတို့၌ သီလတို့ကို ထက်ဝန်းကျင် ပြည့်စုံအောင် ဖြည့်ကျင့်လေလော့၊ စမရီမည်သော သားကောင်သည် အသက်ပေး၍ မိမိ၏ မြီးဆံကို စောင့်ရှောက်သကဲ့သို့၊ အခါခပ်သိမ်း သီလကို စောင့်ရှောက်လေလော့-ဟူ၍ မိမိကိုယ်ကို မိမိ ဆုံးမတော်မူပြန်လေသည်။

(ဤ သီလပါရမီနှင့်စပ်၍ မှတ်သားဖွယ်တို့ကို အနုဒီပနီ၌ ကျယ်ဝန်းစွာ ဖော်ပြထားသည်။)

---

## (၈) နေက္ခမ္မပါရမီ

သုမေဓာရှင်ရသေ့သည် သီလပါရမီကို တွေ့ရှိ သိမြင် ဆင်ခြင်တော်မူပြီးနောက်—

> ဘုရားအဖြစ်ကို ပြုတတ်သော တရားတို့သည် ဤဒါနနှင့်သီလပါရမီမျှသာ မဟုတ်နိုင်သေး၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်သန်စေနိုင်သော အခြားတရားများလည်း ရှိရဦးမည်၊ ထိုတရားများကိုလည်း စူးစမ်းရှာဖွေအံ့····

ဟူ၍ စူးစမ်း ဆင်ခြင်တော်မူသောအခါ ရှေးရှေးသော ဘုရားအလောင်းတော်တို့ အစဉ်မှီဝဲ အမြဲလေ့လာ ပွါးများအပ်သည့် သုံးခုမြောက်ဖြစ်သော နေက္ခမ္မပါရမီကို မြင်တော်မူလေသည်။

(ထိုသို့ မြင်တော်မူပြီးလျှင်) အမောင်သုမေဓာ....အသင်သည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်ဖို့ ရဖို့ရန် အကယ်၍ အလိုရှိငြားအံ့၊ ဤ သုံးခုမြောက်ဖြစ်သော နေက္ခမ္မပါရမီကို အစွဲအမြဲပြုကာ အစဉ်သဖြင့် ဆောက်တည်ပြီးလျှင် နေက္ခမ္မပါရမီနှင့် ပြည့်စုံသူ၏အဖြစ်သို့ရောက်အောင်ကြိုးကုတ် အားထုတ်လေလော့ (နေက္ခမ္မပါရမီကို အထွတ်အထိပ်ရောက် ဖြည့်ကျင့်လေလော့) ဟူ၍ မိမိကိုယ်ကို မိမိ ဆုံးမတော်မူလေသည်။

http://www.dhammadownload.com



(တဖန်ဆက်၍လည်း) ထောင်အိမ်ထဲ၌ အချိန်ကြာမြင့်စွာ နေရ ဆင်းရဲဒုက္ခဖြင့် အချိန်ရှိသမျှ အနှိပ်စက်ခံနေရသော ယောကျ်ားသည် ထိုထောင်အိမ်၌ နှစ်သက်ခြင်း တပ်မက်ခြင်းကို မဖြစ်စေပဲ ထိုထောင်အိမ်မှ လွတ်မြောက်ခွင့်ကိုသာလျှင် ရှာမှီး သကဲ့သို့၊ ဤအတူ အမောင်သုမေဓာသည်လည်း ကာမ, ရူပ, အရူပ ဟူသော အလုံးစုံသော ဘဝတို့ကို ထောင်အိမ်ကြီးများ ကဲ့သို့ ပညာဆင်ခြင် ရှုမြင်လေလော့၊ အလုံးစုံသော ဘဝတို့မှ လွတ်မြောက်ဖို့ရန် တောထွက်ခြင်းအမှုကို ရှေးရှုပေလေ့-ဟူ၍ မိမိကိုယ်ကို မိမိ ဆုံးမတော်မူပြန်လေသည်။

(ဤနေက္ခမ္မပါရမီနှင့်စပ်၍ မှတ်သားဖွယ်တို့ကို အနုဒီပနီ၌ဖော်ပြထားသည်။ နောက်နောက်ပါရမီတို့၌လည်း ထိုနည်းအတူပင် မှတ်ဖွယ် အကျယ်ကို အနုဒီပနီ၌ ကြည့်ရှုရာ၏။)

---

## (ဿ) ပညာပါရမီ

သုမေဓာရှင်ရသေ့သည် နေက္ခမ္မပါရမီကို တွေ့ရှိ သိမြင် ဆင်ခြင်တော်မူပြီးနောက်—

> ဘုရားအဖြစ်ကို ပြုတတ်သော တရားတို့သည် ဤ သုံးပါးမျှလောက်သာ မဟုတ်နိုင်သေး၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်သန်စေနိုင်သော အခြားတရား များလည်း ရှိရဦးမည်၊ ထိုတရားများကိုလည်း စူးစမ်း ရှာဖွေအံ့....

ဟူ၍ စူးစမ်းဆင်ခြင်တော်မူသောအခါ ရှေးရှေးသော ဘုရား အလောင်းတော်တို့ အစဉ်မှီဝဲ အမြဲလေ့လာ ပွါးများအပ်သည့် လေးခုမြောက်ဖြစ်သော ပညာပါရမီကို မြင်တော်မူလေသည်။

(ထိုသို့ မြင်တော်မူပြီးလျှင်) အမောင် သုမေဓာ....အသင်သည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်ဖို့ ရဖို့ရန် အကယ်၍ အလိုရှိငြားအံ့၊ ဤလေးခုမြောက်ဖြစ်သော ပညာပါရမီကို အစွဲ

http://www.dhammadownload.com



အမြဲပြုကာ အစဉ်သဖြင့် ဆောက်တည်ပြီးလျှင် ပညာပါရမီနှင့် ပြည့်စုံသူ၏အဖြစ်သို့ ရောက်အောင်ကြိုးကုတ် အားထုတ်လေလော့ (ပညာပါရမီကို အထွတ်အထိပ်ရောက် ဖြည့်ကျင့်လေလော့) ဟူ၍ မိမိကိုယ်ကို မိမိ ဆုံးမတော်မူလေသည်။

(တဖန်ဆက်၍လည်း) ဆွမ်းခံလှည့်လည်သော ရဟန်းသည် အယုတ် အလတ် အမြတ်ဖြစ်သော အိမ်တို့ကို မရှောင်ကြဉ်ပဲ အိမ်စဉ်အတိုင်း လှည့်လည် ဆွမ်းခံသဖြင့် မျှတလောက်ငသော ဆွမ်းကို ရသကဲ့သို့၊ ဤအတူ အမောင်သုမေဓာသည်လည်း အခါ ခပ်သိမ်း အယုတ်အလတ်အမြတ်မရွေး ပညာရှိသောပုဂ္ဂိုလ်တို့ကို ချဉ်းကပ်၍ "အရှင်....ကုသိုလ်တရားကား အဘယ်တရားပါနည်း၊ အကုသိုလ်တရားကား အဘယ်တရားပါနည်း၊ အပြစ်ရှိသော တရားကား အဘယ်တရားပါနည်း၊ အပြစ်မရှိသောတရားကား အဘယ်တရားပါနည်း" ဤသို့ အစရှိသောနည်းဖြင့် သိသင့်သမျှ အချက်အလက် အနက်အဓိပ္ပါယ်တို့ကို မေးမြန်းပြီးလျှင် ပညာ ပါရမီ အထွတ်အထိပ်ရောက်အောင် အားထုတ်ပါလော့၊ ယင်းသို့ ပညာပါရမီ အထွတ်အထိပ်သို့ ရောက်သည်ရှိသော် အမောင် သုမေဓာသည် အမောင်အလိုရှိအပ်သည့် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်လိမ့်မည်ဟူ၍ မိမိကိုယ်ကို မိမိ ဆုံးမတော် မူပြန်လေသည်။

---

## (၆) ဝီရိယပါရမီ

သုမေဓာရှင်ရသေ့သည် ပညာပါရမီကို တွေ့ရှိ သိမြင် ဆင်ခြင် တော်မူပြီးနောက်—

> ဘုရားအဖြစ်ကို ပြုတတ်သော တရားတို့သည် ဤ လေးပါးမျှလောက်သာ မဟုတ်နိုင်သေး၊ အရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်သန်စေနိုင်သော အခြား တရားများလည်း ရှိရဦးမည်၊ ထို တရားများကိုလည်း စူးစမ်းရှာဖွေအံ့....

http://www.dhammadownload.com



ဟူ၍ စူးစမ်းဆင်ခြင်တော်မူသောအခါ ရှေးရှေးသော ဘုရားအလောင်းတော်တို့ အစဉ်မှီဝဲ အမြဲလေ့လာ ပွါးများအပ်သည့် ငါးခုမြောက်ဖြစ်သော ဝီရိယပါရမီကို မြင်တော်မူလေသည်။

(ထိုသို့ မြင်တော်မူပြီးလျှင်) အမောင် သုမေဓာ....အသင်သည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်ဖို့ ရဖို့ရန် အကယ်၍ အလိုရှိငြားအံ့၊ ဤငါးခုမြောက်ဖြစ်သော ဝီရိယပါရမီကို အစွဲအမြဲပြုကာ အစဉ်သဖြင့် ဆောက်တည်ပြီးလျှင် ဝီရိယပါရမီနှင့် ပြည့်စုံသူ၏အဖြစ်သို့ ရောက်အောင်ကြိုးကုတ် အားထုတ်လေလော့ (ဝီရိယပါရမီကို အထွတ်အထိပ်ရောက် ဖြည့်ကျင့်လေလော့) ဟူ၍ မိမိကိုယ်ကို မိမိ ဆုံးမတော်မူလေသည်။

(တဖန်ဆက်၍လည်း) သားတို့သေင်္ဂနင်း ကေသရာခြင်္သေ့မင်းသည် ထိုင်ခြင်း, ရပ်ခြင်း, သွားခြင်း ဣရိယာပုထ်တို့၌ မတွန့်မဆုတ်သော ဝီရိယရှိသည်ဖြစ်၍ အခါခပ်သိမ်း ချီပင့်အပ်သော စိတ်နှလုံး ရှိသကဲ့သို့၊ ဤအတူ အမောင်သုမေဓာသည်လည်း အလုံးစုံ ဖြစ်လေရာရာ ဘဝတို့၌ ဝီရိယကို မြဲစွာ ချီပင့်လေလော့၊ ဝီရိယပါရမီ အထွတ်အထိပ်သို့ ရောက်သည်ရှိသော် အမောင်သုမေဓာသည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်လိမ့်မည် ဟူ၍ မိမိကိုယ်ကို မိမိ ဆုံးမတော်မူပြန်လေသည်။

---

## (စ) ခန္တီပါရမီ

သုမေဓာရှင်ရသေ့သည် ဝီရိယပါရမီကို တွေ့ရှိ သိမြင် ဆင်ခြင်တော်မူပြီးနောက်—

> ဘုရားအဖြစ်ကို ပြုတတ်သောတရားတို့သည် ဤငါးပါး မျှလောက်သာ မဟုတ်နိုင်သေး၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်သန်စေနိုင်သော အခြားတရားများလည်း ရှိရဦးမည်၊ ထိုတရားများကိုလည်း စူးစမ်းရှာဖွေအံ့....

http://www.dhammadownload.com



ဟူ၍ စူးစမ်းဆင်ခြင်တော်မူသောအခါ ရှေးရှေးသော ဘုရား အလောင်းတော်တို့ အစဉ်မှိဝဲ အမြဲလေ့လာ ပွါးများအပ်သည့် ခြောက်ခုမြောက်ဖြစ်သော ခန္တီပါရမီကို မြင်တော်မူလေသည်။

(ထိုသို့ မြင်တော်မူပြီးလျှင်) အမောင်သုမေဓာ....အသင်သည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်ဖို့ ရဖို့ရန် အကယ်၍ အလိုရှိငြားအံ့၊ ဤခြောက်ခုမြောက်ဖြစ်သော ခန္တီပါရမီကို အစွဲ အမြဲပြုကာ အစဉ်သဖြင့် ဆောက်တည်ပြီးလျှင် ထိုခန္တီပါရမီအရာ၌ "တရံတခါ သည်းခံခြင်း, တရံတခါ သည်းမခံခြင်း, အချို့သော သူအား သည်းခံခြင်း, အချို့သောသူအား သည်းမခံခြင်း" ဟူ၍ နှစ်ထွေနှစ်စား စိတ်မပြားပဲ ဖြည့်ကျင့်နိုင်သည်ရှိသော် အမောင် သုမေဓာသည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်လိမ့် မည်ဟူ၍ မိမိကိုယ်ကို မိမိ ဆုံးမတော်မူလေသည်။

(တဖန်ဆက်၍လည်း) မဟာပထဝီ ဤမြေကြီးသည် စင်ကြယ် မွန်မြတ်သော အရာဝတ္ထုကိုပင်ဖြစ်စေ၊မစင်မကြယ် ယုတ်ညံ့သော အရာဝတ္ထုကိုပင်ဖြစ်စေ မိမိအပေါ်သို့ ပစ်ချအပ်သမျှ အလုံးစုံကို မုန်းခြင်း ချစ်ခြင်းကို အလျဉ်းမပြု၊ သည်းခံ၍သာ နေသကဲ့သို့၊ ဤအတူ အမောင်သုမေဓာသည်လည်း ခပ်သိမ်းသောသူတို့၏ မြတ်နိုးတနာ ပူဇာသက္ကာရမှု ပြုခြင်း မထေမဲ့မြင်မှု ပြုခြင်းတို့ကို သည်းခံလေလော့၊ ခန္တီပါရမီ အထွတ်အထိပ်သို့ ရောက်သည် ရှိသော် အမောင်သုမေဓာသည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်သို့ ရောက်လိမ့်မည်ဟူ၍ မိမိကိုယ်ကို မိမိ ဆုံးမတော်မူပြန် လေသည်။

---

## (ဆ) သစ္စာပါရမီ

သုမေဓာရှင်ရသေ့သည် ခန္တီပါရမီကို တွေ့ရှိ သိမြင် ဆင်ခြင် တော်မူပြီးနောက်—

ဘုရားအဖြစ်ကို ပြုတတ်သော တရားတို့သည် ဤ ခြောက်ပါးမျှလောက်သာ မဟုတ်နိုင်သေး၊ အရဟတ္တ

http://www.dhammadownload.com



> မဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်သန်စေနိုင်သော အခြား တရားများလည်း ရှိရဦးမည်၊ ထိုတရားများကိုလည်း စူးစမ်းရှာဖွေအံ့....

ဟူ၍ စူးစမ်းဆင်ခြင်တော်မူသောအခါ ရှေးရှေးသော ဘုရား အလောင်းတော်တို့ အစဉ်မှီဝဲ အမြဲလေ့လာ ပွါးများအပ်သည့် ခုနစ်ခုမြောက်ဖြစ်သော သစ္စာပါရမီကို မြင်တော်မူလေသည်။

(ထိုသို့ မြင်တော်မူပြီးလျှင်) အမောင်သုမေဓာ....အသင်သည် ဤခုနစ်ခုမြောက်ဖြစ်သော သစ္စာပါရမီကို အစွဲအမြဲပြုကာ အစဉ် သဖြင့် ဆောက်တည်ပြီးလျှင်"ရံခါမှန်ခြင်း၊ ရံခါ မမှန်ခြင်း၊ အချို့ သူကို အမှန်ပြောခြင်း၊ အချို့သူကို မမှန်မကန်ပြောခြင်း" ဟူ၍ စကားနှစ်ခွမရှိပဲ အမှန်စကား တမျိုးတည်းကိုသာ ပြောဆိုခြင်း တည်းဟူသော သစ္စာပါရမီကို ဖြည့်ကျင့်နိုင်သည်ရှိသော် အမောင် သုမေဓာသည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်လိမ့် မည်ဟူ၍ မိမိကိုယ်ကို မိမိ ဆုံးမတော်မူလေသည်။

(တဖန်ဆက်၍လည်း) နတ်နှင့်တကွသော တလောကလုံး၌ မှန်ကန်စွာသော ချိန်ကြိုးသဖွယ် ဖြစ်သည့် သောက်ရှူးကြယ် (သောကြာကြယ်)သည် မိုးလ်းအခါ၌သော်၎င်း၊ ဆောင်းဥတု နွေဥတုအခါ၌သော်၎င်း မိမိသွားမြဲဖြစ်သော ခရီးလမ်းကြောင်းမှ မလွဲမဖယ် တည့်မတ်စွာသာ သွားသကဲ့သို့ ဤအတူ အမောင် သုမေဓာသည်လည်း မှန်ကန်သော သစ္စာသဘောတို့၏ လမ်း ကြောင်းသဖွယ်ဖြစ်သော မြင်အပ်သောအရာ ကြားအပ်သော အရာ ရောက်အပ်သောအရာ သိအပ်သောအရာ မမြင်အပ်သော အရာ မကြားအပ်သောအရာ မရောက်အပ်သောအရာ မသိအပ် သောအရာ ဤရှစ်ဖြာသော ခရီးလမ်းမှ မဖယ်မလွဲလေလင့်။ (မြင်အပ်သည့်အရာကို မြင်၏ဟူ၍သာ ပြောလေ၊ကြားအပ်သည့် အရာကို ကြား၏ဟူ၍သာ ပြောလေ၊ ရောက်အပ်သည့်အရာကို ရောက်၏ဟူ၍သာ ပြောလေ၊ သိအပ်သည့်အရာကို သိ၏ဟူ၍သာ ပြောလေ။ မမြင်အပ်သည့်အရာကို မမြင်ဟူ၍သာ ပြောလေ၊ မကြားအပ်သည့်အရာကို မကြားဟူ၍သာ ပြောလေ၊ မရောက်

http://www.dhammadownload.com



အပ်သည့်အရာကို မရောက်ဟူ၍သာ ပြောလေ၊ မသိအပ်သည့် အရာကို မသိဟူ၍သာ ပြောလေဟု ဆိုလိုသည်။) ယင်းသို့ သစ္စာပါရမီ အထွတ်အထိပ်သို့ ရောက်သည့်ရှိသော် အမောင် သုမေဓသည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်လိမ့် မည် ဟူ၍ မိမိကိုယ်ကို မိမိ ဆုံးမတော်မူပြန်လေသည်။

(ဤ၌ မျက်စိဖြင့် မြင်အပ်သောအရာကို မြင်၏ဟူ၍သာ ပြောဆိုမှ သစ္စာလမ်းမဉ္ဇတည်၍ ပြောသည်မည်၏၊ နားဖြင့် ကြားအပ်သော အရာကို ကြား၏ဟူ၍ ပြောဆိုမှသာ သစ္စာလမ်းမဉ္ဇတည်၍ ပြောဆို သည်မည်၏၊ နှာခေါင်းဖြင့် နမ်းအပ်သောအရာ လျှာဖြင့် လျက်အပ် သောအရာ ကိုယ်ဖြင့် တွေ့ထိအပ်သောအရာတို့ကို ရောက်အပ်သောအရာ ဟူ၍ ခေါ်၏၊ ထိုရောက်အပ်သောအရာကို ရောက်၏ဟူ၍ ပြောဆို မှသာ သစ္စာလမ်းမဉ္ဇတည်၍ ပြောသည် မည်၏၊ စိတ်ဖြင့် သိအပ်သော အရာကို သိ၏ဟူ၍ ပြောဆိုမှသာ သစ္စာလမ်းမဉ္ဇတည်၍ ပြောသည် မည်၏။ မမြင်အပ် မကြားအပ် မရောက်အပ် မသိအပ်သောအရာ တို့၌လည်း ထိုနည်းအတူတည်း။ ဤကဲ့သို့ သစ္စာလမ်းမဉ္ဇ တည်၍ ပြောဆိုခြင်းမျိုးကို အရိယဝေါဟာရ = ( အရိယာ သူတော်စင်တို့၏ ပြောဆိုခြင်း)ဟူ၍ မြတ်စွာဘုရား ဟောကြားတော် မူလေသည်။)

---

## (၈) အဓိဋ္ဌာနပါရမီ

သုမေဓာရှင်ရသေ့သည် သစ္စာပါရမီကို တွေ့ရှိ သိမြင် ဆင်ခြင် တော်မူပြီးနောက်—

> ဘုရားအဖြစ်ကို ပြုတတ်သော တရားတို့သည် ဤ ခုနစ်ပါးမျှလောက်သာ မဟုတ်နိုင်သေး၊အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်သန်စေနိုင်သော အခြားတရား များလည်း ရှိရဦးမည်၊ ထိုတရားများကိုလည်း စူးစမ်း ရှာဖွေအံ့····

ဟူ၍ စူးစမ်း ဆင်ခြင်တော်မူသောအခါ ရှေးရှေးသော ဘုရား အလောင်းတော်တို့ အစဉ်မှီဝဲ အမြဲလေ့လာ ပွါးများအပ်သည့် ရှစ်ခုမြောက်ဖြစ်သော အဓိဋ္ဌာနပါရမီကို မြင်တော်မူလေသည်။

http://www.dhammadownload.com



(ထိုသို့ မြင်တော်မူပြီးလျှင်) အမောင်သုမေဓာ....အသင်သည် ဤရှစ်ခုမြောက်ဖြစ်သော အဓိဋ္ဌာနပါရမီကို အစွဲအမြဲပြုကာ အစဉ် သဖြင့် ဆောက်တည်ပြီးလျှင် ထိုအဓိဋ္ဌာနပါရမီ၌ မတုန်မလှုပ်သည် ဖြစ်၍ ဖြည့်ကျင့်နိုင်သည်ရှိသော် အမောင်သုမေဓာသည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်လိမ့်မည် ဟူ၍ မိမိ ကိုယ်ကို မိမိ ဆုံးမတော်မူလေသည်။

(တဖန် ဆက်၍လည်း) လောက၌ တုန်လှုပ်ခြင်းမရှိ ပကတိ ကောင်းစွာတည်သော ကျောက်သားတောင်ကြီးသည် ပြင်းစွာ တိုက်ခတ်လာသော လေတို့ကြောင့် တုန်လှုပ်ခြင်း အလျဉ်းမရှိ၊ မိမိတည်ရာ ဌာန၌သာ ကြံ့ကြံ့တည်သကဲ့သို့၊ ဤအတူ အမောင် သုမေဓာသည်လည်း မိမိဆောက်တည်အပ်သော ပါရမီထု ကုသိုလ်မှု၌ မည်သည့်အခါမှာမှ ပျက်ကွက်တုန်လှုပ်ခြင်းမရှိပဲ ပြည့်စုံအောင် ဖြည့်ကျင့်လေလော့၊ ယင်းသို့ အဓိဋ္ဌာနပါရမီ အထွတ်အထိပ်သို့ ရောက်သည်ရှိသော် အမောင်သုမေဓာသည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်လိမ့်မည် ဟူ၍ မိမိ ကိုယ်ကို မိမိ ဆုံးမတော်မူပြန်လေသည်။

(ဤ၌ အဓိဋ္ဌာနဟူသည် "ဤအမှု ဤအမှုကို ငါပြုအံ့၊ ဤ အခြင်း အရာဖြင့် ဖြစ်စေအံ့" အစရှိသည်ဖြင့် ထိုထို အမှုပြုဘို့ရန် ထိုထို အခြင်း အရာဖြင့် ဖြစ်ဖို့ရန် စိတ်ကိုထားခြင်း ဆုံးဖြတ်ခြင်းကို ခေါ်ဆိုသည်။ (ဥပမာ)အလောင်းတော်တေမိယမင်းသား၏ "ငါသည် တောမထွက်ရ မခြင်း မဆွံ့ပဲ ဆွံ့သည့်အယောင် မအ-ပဲ အ-သည့်အယောင် နား မပင်းပဲ ပင်းသည့်အယောင် ပြု၍နေအံ့-ဟူ၍ ဆွံ့ယောင် အ-ယောင် နားပင်းယောင် ပြုဘို့ရန် စိတ်ကိုထားခြင်း ဆုံးဖြတ်ခြင်းကို အဓိဋ္ဌာန= ဆောက်တည်ချက်ဟူ၍ ခေါ်ဆိုသည်။)

http://www.dhammadownload.com



## (ဈ) မေတ္တာပါရမီ

သုမေဓာရှင်ရသေ့သည် အဓိဋ္ဌာနပါရမီကို တွေ့ရှိ သိမြင်ဆင်ခြင်တော်မူပြီးနောက်—

ဘုရားအဖြစ်ကို ပြုတတ်သောတရားတို့သည် ဤရှစ်ပါး မျှသာ မဟုတ်နိုင်သေး၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်သန်စေနိုင်သော အခြားတရားများလည်း ရှိရဦးမည်၊ ထိုတရားများကိုလည်း စူးစမ်းရှာဖွေအံ့····

ဟူ၍ စူးစမ်း ဆင်ခြင်တော်မူသောအခါ ရှေးရှေးသော ဘုရားအလောင်းတော်တို့ အစဉ်မှီဝဲ အမြဲလေ့လာ ပွါးများအပ်သည့် ကိုးခုမြောက်ဖြစ်သော မေတ္တာပါရမီကို မြင်တော်မူလေသည်။

(ထိုသို့ မြင်တော်မူပြီးလျှင်) အမောင်သုမေဓာ....အသင်သည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်ဖို့ ရဖို့ရန် အကယ်၍ အလိုရှိငြားအံ့၊ ဤကိုးခုမြောက်ဖြစ်သော မေတ္တာပါရမီကို အစွဲအမြဲပြုကာ ဆောက်တည်ပြီးလျှင် မေတ္တာဘာဝနာ အားဖြင့် အခြားသူတို့နှင့်မတူအောင် ကျင့်ဆောင် ကြိုးကုတ် အားထုတ်လေ-ဟူ၍ မိမိကိုယ်ကို မိမိ ဆုံးမတော်မူလေသည်။

(တဖန် ဆက်၍ လည်း) လောက၌ ရေမည် သည် မှာ သူတော်ကောင်း သူယုတ်မာ ဟု မျက်နှာမရွေး သုံးချိုးသမျှသော သူတို့ကို အအေးဓာတ်ဖြင့် ပျံ့နှံ့စေ၍ မြူအညစ်အကြေးကို ကင်းဝေးသုတ်သင် စင်ကြယ်စေသကဲ့သို့၊ ဤအတူ အမောင်သုမေဓာသည်လည်း မိမိအပေါ်၌ အစီးအပွါး မလိုလားသူ (ရန်သူ) အစီးအပွါး လိုလားသူ (မိတ်ဆွေ) ဤနှစ်ထွေသော သူတို့ကို အညီအမျှ မေတ္တာတရား ပွါးများလေလော့၊ မေတ္တာပါရမီ အထွတ်အထိပ်သို့ ရောက်သည်ရှိသော် အမောင်သုမေဓာသည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်လိမ့်မည် (ဘုရားဖြစ်လိမ့်မည်) ဟူ၍ မိမိကိုယ်ကို မိမိ ဆုံးမတော်မူပြန်လေသည်။

http://www.dhammadownload.com



## (၉) ဥပေက္ခာပါရမီ

သုမေဓာရှင်ရသေ့သည် မေတ္တာပါရမီကို တွေ့ရှိ သိမြင် ဆင်ခြင်တော်မူပြီးနောက်—

ဘုရားအဖြစ်ကို ပြုတတ်သောတရားတို့သည် ဤကိုးပါး မျှလောက်သာ မဟုတ်နိုင်သေး၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်သန်စေနိုင်သော အခြားတရား များလည်း ရှိရဦးမည်၊ ထိုတရားများကိုလည်း စူးစမ်း ရှာဖွေအံ့····

ဟူ၍ စူးစမ်း ဆင်ခြင်တော်မူသောအခါ ရှေးရှေးသော ဘုရား အလောင်းတော်တို့ အစဉ်မှီဝဲ အမြဲလေ့လာ ပွါးများအပ်သည့် ဆယ်ခုမြောက်ဖြစ်သော ဥပေက္ခာပါရမီကို မြင်တော်မူလေသည်။

(ထိုသို့ မြင်တော်မူပြီးလျှင်) အမောင် သုမေဓာ....အသင်သည် ဤဆယ်ခုမြောက်ဖြစ်သော ဥပေက္ခာပါရမီကို အစွဲအမြဲပြုကာ ဆောက်တည်ပြီးလျှင် အညီအမျှ နှစ်ဖက် ချိန်စက် အပ်သော ချိန်ခွင်လျှာသည် အထက်သို့လည်းမတက်၊ အောက်သို့လည်းမကျ၊ အညီအမျှ တည့်မတ်စွာသာ တည်သကဲ့သို့၊ အမောင်သုမေဓာ သည်လည်း ချမ်းသာမှု ဆင်းရဲမှုတို့မှာ မည်သည့်ဘက်သို့မျှ မပါပဲ (ချမ်းသာ၍ လောဘဖြစ်လျှင် ချမ်းသာဘက်သို့ ပါသည် မည်၏၊ ဆင်းရဲ၍ ဒေါသဖြစ်လျှင် ဆင်းရဲဘက်သို့ ပါသည်မည်၏၊ ထိုကဲ့သို့ ချမ်းသာမှုအတွက် လောဘမဖြစ်၊ ဆင်းရဲမှုအတွက် ဒေါသ မဖြစ်ပဲ အလယ်အလတ်သဘော၌ တည်ရမည်ဟု ဆိုလိုသည်) နိုင်မြဲစွာ အလယ်အလတ်သဘော၌ တည်ရှိပါလျှင် အရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ (ဘုရားအဖြစ်သို့) ရောက်ပေလိမ့်မည် ဟူ၍ မိမိကိုယ်ကို မိမိ ဆုံးမတော်မူလေသည်။

(တဖန်ဆက်၍လည်း) အမောင်သုမေဓာ....လောကူပမာ အား ဖြင့် မဟာပထဝီ ဤမြေကြီးသည် မိမိအပေါ် တစုံတယောက်က ပစ်ချအပ်သည့် မစင်ကြယ်သော ဝတ္ထုကိုပင်ဖြစ်စေ စင်ကြယ်သော ဝတ္ထုကိုပင်ဖြစ်စေ ဤနှစ်ပါးစုံတို့ကို မုန်းခြင်း ချစ်ခြင်း အလျဉ်းမရှိပဲ

http://www.dhammadownload.com



လျစ်လျူရှုသကဲ့သို့၊ ဤအတူ အမောင်သုမေဓာ သည် လည်း ချမ်းသာမှု ဆင်းရဲမှုတို့၌ အခါခပ်သိမ်းပင် ချိန်ခွင်သဖွယ် အလယ် တည့်မတ် မချစ်မမုန်းအောင် ကျင့်သုံးဆောက်တည် ပွါးများ ပါလေ၊ ဥပေက္ခာပါရမီ အထွတ်အထိပ်မြောက် ရောက်လတ်သည် ရှိသော် အမောင်သုမေဓာသည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်သို့ ရောက်လိမ့်မည် (ဘုရားဖြစ်လိမ့်မည်) ဟူ၍ မိမိကိုယ်ကို မိမိ ဆုံးမတော်မူပြန်လေသည်။

---

## ပါရမီဆယ်ပါးလုံးကို သိမ်းရုံး ဆင်ခြင်မိသောအခါ

## မြေလျှော် ကြီးစွာတုန်လှုပ်ခြင်း

သုမေဓာရှင်ရသေ့သည် ဥပေက္ခာပါရမီကို ဆင်ခြင်ပြီးသည့် နောက် "ဤလောက၌ ဘုရားအလောင်းတို့ ဆည်းပူး ဖြည့်ကျင့် ရမည့် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်သန်စေတတ် ဘုရားအဖြစ်ကို ပြုတတ်သောတရားတို့ကား ဤဆယ်ပါးတို့သာ ဖြစ်ကုန်၏။ ဤဆယ်ပါးထက်အလွန် အခြားတပါး မရှိတော့ပြီ။ ဤပါရမီဆယ်ပါး ဘုရားဖြစ်ကြောင်း တရားကောင်းတို့ကား အထက်ကောင်းကင်၌လည်း ရှိကြသည်မဟုတ်၊ အောက်မဟာ ပထဝီ မြေကြီး၌လည်း ရှိကြသည်မဟုတ်၊ အရှေ့အရပ်အစရှိသော အရပ်မျက်နှာတို့၌လည်း ရှိကြသည်မဟုတ်၊ စင်စစ်သော်မူ ငါ၏ နှလုံးသားအတွင်း၌သာလျှင် တည်ရှိကြကုန်၏။ ဤသို့ ပါရမီ ဆယ်ပါး တရားတို့၏ မိမိနှလုံး၌သာ ကောင်းစွာတည်ရှိကြောင်း သိမြင် ဆင်ခြင်တော်မူပြီးလျှင် အမောင်သုမေဓာ.... အသင်သည် ဤပါရမီဆယ်ပါး ဘုရားဖြစ်ကြောင်း တရားကောင်းတို့၌ မစောင်း မသွေ ဖြည့်ကျင့်တည်ပါလေလော့ ဟု မြဲမြံစွာ ဆောက်တည်တော် မူပြီးလျှင်....ဒါနပါရမီ၊ သီလပါရမီ၊ နေက္ခမ္မပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ခန္တီပါရမီ၊သစ္စာပါရမီ၊အဓိဋ္ဌာနပါရမီ၊မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ ဟူသော အနုလောမ အစဉ်အားဖြင့်ဇင်း....၊ ဥပေက္ခာပါရမီ၊ မေတ္တာပါရမီ၊ အဓိဋ္ဌာနပါရမီ၊ သစ္စာပါရမီ၊ ခန္တီ

http://www.dhammadownload.com



ပါရမီ၊ ဝီရိယပါရမီ၊ ပညာပါရမီ၊ နေက္ခမ္မပါရမီ၊ သီလပါရမီ၊ ဒါနပါရမီဟူသော ပဋိလောမနောက်ပြန် အစဉ်အားဖြင့်ငင်း....။ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ ပညာပါရမီ၊ သစ္စာပါရမီ၊ နေက္ခမ္မပါရမီ၊ အဓိဋ္ဌာနပါရမီ၊ သီလပါရမီ၊ မေတ္တာပါရမီ၊ ဒါနပါရမီ၊ ဥပေက္ခာပါရမီဟူ၍ အလယ်မှစ၍ နှစ်ဖက်၌ ဆုံးစေသော နည်းအားဖြင့်ငင်း....၊ ဒါနပါရမီ ဥပေက္ခာပါရမီ၊ သီလပါရမီ မေတ္တာပါရမီ၊ နေက္ခမ္မပါရမီ အဓိဋ္ဌာနပါရမီ၊ ပညာပါရမီ သစ္စာပါရမီ၊ ဝီရိယပါရမီ ခန္တီပါရမီ ဟူ၍ အစွန်းနှစ်ဖက်မှ အစပြုကာ အလယ်၌ ဆုံးစေသော နည်းအားဖြင့်ငင်း....ယန္တရားစက် နှစ်ဖက်တို့မှ ဆီကို ညှစ်၍ချသည့်ပမာ ပါရမီဆယ်ပါး တရားတို့ကို သုံးသပ်ဆင်ခြင်တော်မူလေသည်။

အပြင်အပ ဗာဟိရဥစ္စာ ဘဏ္ဍာအမျိုးမျိုးကို စွန့်လွှတ်ဖြည့်ကျင့်ခြင်းကား ပါရမီမည်သည်၊ အင်္ဂါကြီးငယ်ကို စွန့်လွှတ် ဖြည့်ကျင့်ခြင်းကား ဥပပါရမီမည်သည်၊ အသက်ကိုပင် စွန့်လွှတ် ဖြည့်ကျင့်ခြင်းကား ပရမတ္ထပါရမီမည်သည်ဟု ပါရမီဆယ်ပါး ဘုရားဖြစ်ကြောင်း တရားကောင်းတို့နှင့် စပ်၍ သိအပ် သိသင့် သိထိုက်သမျှသော အချက်အလက်တို့ကို အကြွင်းအကျန်မရှိ သုံးသပ်ဆင်ခြင်တော်မူလေသည်။

အသီးအသီး အရင်းခံ သဘောဖြစ်သည့် ကိစ္စလက္ခဏာတို့နှင့် တကွ ပါရမီဆယ်ပါး ဤတရားတို့ကို သုံးသပ်ဆင်ခြင်တော်မူသော အလောင်းတော် သုမေဓာရှင်ရသေ့၏ ပါရမီပဝိစယဉာဏ်ပညာ တန်းခိုးအစွမ်းကြောင့် စကြဝဠာပေါင်း တိုက်တသောင်း အရေအတွက်ရှိသော ဤမဟာပထဝီမြေကြီးသည် ဝဲဘက်သို့ယိမ်း၍ငင်း, ယာဘက်သို့ယိမ်း၍ငင်း, ရှေ့သို့တိုး၍ငင်း, နောက်သို့ဆုတ်၍ငင်း, အောက်သို့သက်၍ငင်း, အထက်သို့ တက်၍ငင်း ဤခြောက်ပါးသော အခြင်းအရာဖြင့် ပြင်းစွာတုန်လှုပ်လေသည်။ ပွဲတင်မြည်ဟီး ကြီးစွာသော အသံကိုလည်း ပြုလေသည်။ ကြံညှစ်သမားတို့ လက်ဖြင့် နှိပ်အပ်သော ကြံကြိတ်စက် ယန္တရားကဲ့သို့ငင်း ဆီစက်၌

http://www.dhammadownload.com



လည့်၍နေသော စက်ဝန်းကဲ့သို့ရင်း မဟာပထဝီ ဤမြေကြီးသည် ထက်ဝန်းကျင် လည့်၍လည့်၍ လှုပ်လေသည်။

(ရှေးက သုမေဓကထာ နောက်ပိုင်းတွင် ပြဆိုခဲ့ ပြီးသည့် အတိုင်း) ဒီပင်္ကရာ မြတ်စွာဘုရားသည် သုမေဓာရှင်ရသေ့အား ဗျာဒိတ်ကြားတော်မူပြီးလျှင် ရမ္မာဝတီပြည်အတွင်းသို့ ပင့်ဖိတ်သောဒါယကာ ဒါယိကာမများထံ ကြွရောက်တော်မူ၍ လှူဒါန်းကြသော ဆွမ်းဘောဇဉ်စသည်တို့ကို ဘုဉ်းပေးသုံးဆောင်တော်မူနေစဉ် အချိန်မှာ သုမေဓာရှင်ရသေ့သည် ပါရမီတော်ဆယ်ပါးတို့ကို တပါးစီတပါးစီ စဉ်းစားဝေဖန်တော်မူလေသည်။ ဆယ်ပါးလုံး အပြည့်အစုံ စဉ်းစားဝေဖန်ပြီးသည့် အဆုံးမှာ မြေလျှင်ပြင်းစွာလှုပ်သောအခါ၌ ရမ္မာဝတီပြည်သူပြည်သားတို့၏ ဆွမ်းလှူပွဲမှာလည်း ပြင်းစွာသော မြေလျှင်၏ အရှိန်ကြောင့် ဒီပင်္ကရာ မြတ်စွာဘုရားကို ဆွမ်းလုပ်ကျွေးကြသော ပရိသတ် ဟူသမျှတို့ ရပ်တည်ခြင်းငှါ မစွမ်းနိုင်ကြပဲ ယုဂန္ဓိုရ်တောင်မှ ဆင်းသည့် လေပြင်းတိုက်ခတ်အပ်သော အင်ကြင်းပင်ကြီးများပမာ တွေဝေ မိန်းမောကာ မြေပေါ်မှာ လဲကျကြလေကုန်သည်။

ထိုနေရာ၌ ဆွမ်းဘောဇဉ်စသည် ထည့်ထားသော ထောင်ပေါင်းများစွာသော အိုးတို့သည်ရင်း ရာပေါင်းများစွာသော ရေလှောင်အိုးစရည်းတို့သည်ရင်း အချင်းချင်း ထိခိုက်ကြ၍ မုန့်မုန့်ညက်ညက် ကြေကွဲကြလေကုန်သည်။

ထိုအခါ များစွာသော လူအပေါင်းတို့သည် ထိတ်လန့်ကြောက်ရွံ့ တုန်လှုပ်ကြ၍ ပင်ပန်းသော စိတ်ရှိကြရကား တညီတညွတ် စုရုံးကာ ဒီပင်္ကရာမြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်ကြပြီးလျှင်....

"(ဗုဒ္ဓ, ဓမ္မ, သမန္တနှင့်, ဒိဗ္ဗ, ပညာ) ငါးဖြာသော ဉာဏ်စက္ခုနှင့် ပြည့်စုံတော်မူသော ရှင်တော်မြတ်ဘုရား.... လူအပေါင်း၏အတွက် ကောင်းကျိုးပင်ဖြစ်လိမ့်မည်လော၊ သို့မဟုတ် မကောင်းကျိုးပင် ဖြစ်လိမ့်မည်လော၊ အလုံးစုံ

http://www.dhammadownload.com



သောလူအပေါင်းကို ကြောက်ဖွယ်မဟေး ဘေးနိုပ်စက်
အစ်ပါပြီ၊ ထိုဘေးကို ရှင်တော်ဘုရားသည် ပယ်ရှား
ဖျောက်လွှင့်တော်မူပါလော့”—

ဟူ၍ လျှောက်ထားကြသောအခါ ဒီပင်္ကရာ မြတ်စွာဘုရားသည် “ဤမြေလှုပ်ခြင်းဟူသော အကြောင်းကြောင့် သင်တို့သည် ရှိရှား ခြင်းကင်းကြကုန်၊ သက်သာကြကုန်၊ မကြောက်ကြကုန်လင့်၊ ငါ ဘုရားသည် ယနေ့ပင် သုမေဓာပညာရှိကို ဤသူကား နောင်သော အခါ လောက၌ သဗ္ဗညုဘုရားဖြစ်လိမ့်မည်ဟူ၍ ဗျာဒိတ်ကြားခဲ့ပြီ၊ ထိုသုမေဓာပညာရှိသည် ရှေးရှေးဘုရားရှင်တို့ အလောင်းတော် ဖြစ်စဉ်အခါ မှီဝဲအပ်သည့် ပါရမီဆယ်ပါး တရားမြတ်ကို သုံးသပ် ဆင်ခြင်လေပြီ။ ထိုသုမေဓာပညာရှိ၏ ပါရမီဆယ်ပါး ဘုရား ဖြစ်ကြောင်း တရားကောင်းတို့ကို အကြွင်းမရှိ သုံးသပ်ဆင်ခြင် ခြင်းကြောင့် နတ်နှင့်တကွသော လောက၌ စကြဝဠာပေါင်း တိုက်တသောင်းရှိသော မဟာပထဝီ ဤမြေကြီး ပြင်းစွာတုန်လှုပ် ခြင်းဖြစ်သည်” ဟု ရမ္မာဝတီပြည်သူပြည်သားတို့ကို မြေလှုပ်ခြင်း အကြောင်းနှင့်တကွ လူအပေါင်း၏အတွက် ဘေးမရှိကြောင်းကို ဟောကြားသိစေတော်မူလေသည်။

---

## လူနတ်တို့ ပူဇော် ဆုတောင်းကြခြင်း

ဒီပင်္ကရာ မြတ်စွာဘုရား၏ စကားတော်ကိုကြားရ၍ ထိုခဏ မှာပင် ရမ္မာဝတီ ပြည်သူပြည်သားတို့၏ စိတ်နှလုံး ပူပန်မှုကင်း ဝေး ငြိမ်းအေးရလေသည်၊ စိတ်နှလုံးငြိမ်းအေးပြီးလျှင် အလွန် ရွှင်လန်း ဝမ်းမြောက်ကြ၍ ပန်းနံ့သာစသော လှူဖွယ်ဝတ္ထုတို့ကို ဆောင်ယူပြီးလျှင် ရမ္မာဝတီမြို့မှ ထွက်ခဲ့ကြကာ အလောင်းတော် အရှင်သုမေဓာထံသို့ ချဉ်းကပ်လျက် ပန်းနံ့သာ စသည်တို့ဖြင့် တဖန် ပူဇော်ရှိခိုးကြပြန်လေသည်။

ထိုအခါ အလောင်းတော် သုမေဓာ ရှင်ရသေ့သည် ဘုရား အလောင်းတို့ ကျင့်ရိုးတံထွာ ပါရမီဆယ်ပါး တရားကျေးဇူးကို

http://www.dhammadownload.com



ဆောက်တည်၍ မိမိစိတ်ကို မြဲမြဲကြံခိုင်စွာထားပြီး ဒိပင်ကရာ မြတ်စွာဘုရားကို အာရုံပြုကာ ရှိခိုး၍ တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေရာမှ ထတော်မူလေသည်။

ပါရမီတော်တို့ကို ဆင်ခြင်တော်မူပြီးခါ နေရာမှ ထတော်မူသောအလောင်းတော် သုမေဓာရှင်ရသေ့အား နတ်တို့က နတ်၌ ဖြစ်သောပန်း လူတို့က လူ၌ဖြစ်သောပန်းတို့ကို ယူဆောင်ခဲ့ကြ၍ နတ်နှင့်လူ နှစ်ဦးသားတို့ နတ်ပန်းလူပန်းတို့ဖြင့် ကြဲဖြန့်ကော်ရော် ပူဇော်ကြလေသည်။

နတ်လူနှစ်ဦးလုံးတို့ကပင် "ရှင်ရသေ့သည် မြတ်သောဘုရားဆုကို တောင့်တတော်မူပေ၏၊ အလိုတော်ရှိတိုင်း ထိုတောင့်တအပ်သော ဘုရားဆုကို ရတော်မူပါစေ" ဟူ၍ နှုတ်မင်္ဂလာကောင်းချီးညာသောအသံကို ကြားလျှောက်ကြလေသည်။

အရှင်ရသေ့အား တွေ့ကြုံရမည့် အလုံးစုံသော ဘေးဥပဒ်ဟူသမျှတို့ ရှောင်ခွါစင်စစ် မဖြစ်ပါစေကုန်သတည်း၊ စိုးရိမ်ကြောင့်ကြ ပူပန်ရခြင်းဟူသမျှသည်ငှင်း အနာရောဂါဟူသမျှသည်ငှင်း မတွေ့ရပဲ ပျောက်ပျက်ရှင်းလင်းပါစေသတည်း၊ အရှင်ရသေ့၏ ကိုယ်ခန္ဓာမှာ တစုံတရာသောအန္တရာယ်မျှ မကျရောက် မဖြစ်ပွါးပါစေသတည်း၊ အရှင်သည် မြတ်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ လျင်မြန်ထုတ်ခြောက် ရောက်တော်မူပါစေသတည်း၊

အို ကြီးမြတ်သော လုံ့လဝီရိယ ရှိတော်မူသော အရှင်သုမေဓာ....ဤလောက၌ ပန်းပွင့်ချိန် ရာသီတိုင်မြောက် ရောက်လတ်သည်ရှိသော် ပွင့်လေ့ပွင့်ထရှိသော ပန်းပင်တို့ ပွင့်ကြသကဲ့သို့၊ ဤနည်းအတူ အရှင်မြတ်သည်လည်း ခပ်သိမ်းသောဘုရားရှင်တို့၏ အသီးဥစွာဖြစ်သော စတုဝေသာရဇ္ဇဉာဏ်, ဆအသာဓာရဏဉာဏ်, ဒသဗလ စသောဉာဏ် ကျေးဇူးဖြင့် ပွင့်တော်မူပါစေသတည်း၊

http://www.dhammadownload.com



အို ကြီးမြတ်သော လုံ့လဝီရိယ ရှိတော်မူသော အရှင်သုမေဓ····အလုံးစုံသောမြတ်စွာဘုရားတို့သည် ဆယ်ပါးသော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူကုန်သကဲ့သို့၊ ဤနည်းအတူ အရှင်မြတ်သည်လည်း ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်တော်မူပါလော့၊ ဖြည့်ကျင့်တော်မူနိုင်ပါစေသတည်း၊

အို ကြီးမြတ်သော လုံ့လဝီရိယ ရှိတော်မူသော အရှင်သုမေဓ····အလုံးစုံသောမြတ်စွာဘုရားတို့သည် ဗောဓိပင်ရင်း၌ သစ္စာလေးပါးကို ပိုင်းခြားသိမြင်တော်မူကြကာ ဘုရားဖြစ်တော်မူကုန်သကဲ့သို့၊ ဤနည်းအတူ အရှင်မြတ်သည်လည်း အောင်မြေအချာ မဟာဗောဓိ၌ သစ္စာလေးပါးကို ပိုင်းခြား သိမြင်တော်မူကာ ဘုရားဖြစ်တော်မူပါစေသတည်း၊

အို ကြီးမြတ်သော လုံ့လဝီရိယ ရှိတော်မူသော အရှင်သုမေဓ····အလုံးစုံသော မြတ်စွာဘုရားတို့သည် ဓမ္မစကြာတရားဦးကို ဟောတော်မူကုန်သကဲ့သို့၊ (တနည်း၊ တရားတည်းဟူသော စကြာရတနာကို လည်စေကုန်သကဲ့သို့၊) ဤနည်းအတူ အရှင်မြတ်သည်လည်း ဓမ္မစကြာတရားဦးကို ဟောတော်မူနိုင်ပါစေသတည်း၊ (တနည်း၊တရားတည်းဟူသော စကြာရတနာကို လည်စေတော်မူနိုင်ပါစေသတည်း၊) (ဤ၌၊ ၊မြတ်စွာဘုရား၏ ဒေသနာဉာဏ်တော်ကို ဓမ္မစကြာရတနာ ဟု ခေါ်ဆိုသည်။)

လပြည့်နေ့၌ ဆီးနှင်း, မြူ, တိမ်, အသူရိန်, ဂြိုဟ်နိုး အညစ်အကြေးငါးမျိုးမှ ထက်ဝန်းကျင် ကင်းစင်သော လဝန်းကြီးသည် အလွန်တင့်တယ်သကဲ့သို့၊ ဤနည်းအတူ အရှင်မြတ်သည်လည်း စိတ်နှလုံးအလိုတော်ဆန္ဒ ပြည့်ဝတော်မူလျက် စကြဝဠာပေါင်း တိုက်တသောင်း၌ အလွန်တင့်တယ်တော်မူပါစေသတည်း၊

(ရာဟုဂြိုဟ်ခေါ်သည့်) အသူရိန်ခံတွင်းမှ လွတ်ကင်းသော နေမင်းသည် မိမိအရောင်ဖြင့် ထွန်းပြောင် တင့်တယ်သကဲ့သို့၊ ဤနည်းအတူ အရှင်မြတ်သည်လည်း အလုံးစုံသော ဘဝလောကမှ ကျွတ်လွတ်တော်မူ၍ ဘုရားအသရေတော်ဖြင့် ထွန်းတောက် တင့်တယ်တော်မူပါစေသတည်း၊

http://www.dhammadownload.com



အလုံးစုံ မြစ်ရေ ဟူသမျှတို့သည် မဟာသမုဒ္ဒရာကြီးသို့သာ စီးဝင် စုဝေးကြရသကဲ့သို့၊ ဤနည်းအတူ နတ်နှင့်တကွသော လူအပေါင်းတို့သည် အရှင်မြတ်၏အထံ၌သာ စုဝေးကြပါစေ ကုန်သတည်း၊

ဤကဲ့သို့လည်း နတ်လူတို့က သိဒ္ဓိကြေငြာ မင်္ဂလာဆုတောင်း စကား လျှောက်ကြားကြလေကုန်သည်။

ဤသို့လျှင် နတ်လူအပေါင်းတို့ ဆုတောင်းသံလွှင် အလွန်လျှင် ချီးမွမ်းခြင်း ခံရသည့် ဘုရားအလျာ သုမေဓာ ရှင်ရသေ့သည် ဆယ်ထွေသော ပါရမီတရားတို့ကို ကောင်းစွာဆောက်တည်တော် မူ၍ ထိုပါရမီတရားတို့ကို ဖြည့်ကျင့်တော်မူရန် ဟိမဝန္တာတောကြီး အတွင်းသို့ ဝင်တော်မူလေသတည်း။

ပါရမီတော်ဆင်ခြင်ခဏ်း ပြီး၏။

အရှင်သုမေဓာ၏ အကြောင်းစကား (သုမေဓကထာ) ပြီး၏။

http://www.dhammadownload.com

# မဟာဗုဒ္ဓဝင် အနုဒီပနီ

## နမော တဿ ဘဂဝတော အရဟတော

## သမ္မာသမ္ဗုဒ္ဓဿ

### စကားဦးပလ္လင်

**အနုဒီပနီ** ဟူသော စကားသည် ပါဠိစကား သက်သက် ဖြစ်သည်။ (အနု=နောက်ထပ်၊ ဒီပနီ=ဖွင့်ပြချက်) မူလစကားရင်း၌ မထင်လင်း မသိသာအံ့သော အကြောင်းအရာစုကို တဖန်နောက်ထပ် ဖွင့်ပြသော စကားရပ်ကို အနုဒီပနီဟူ၍ ခေါ်ဆိုသည်။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် ပရမတ္ထဒီပနီဟူသော အမည်ဖြင့် သင်္ဂြိုဟ်ကျမ်း၏ အဖွင့်ဋီကာကျမ်းကို ရေးသားတော်မူခဲ့ရာ ထိုပရမတ္ထဒီပနီကျမ်း၌ မထင်လင်း မသိသာအံ့သော အချက်အလက်စုကို တဖန်ထပ်၍ ဖွင့်ပြသောအားဖြင့် "အနုဒီပနီ" ဟူသောအမည်ဖြင့် နောက်ထပ်တကျမ်း ရေးသားတော်မူခဲ့ပေသည်။

ထိုအတူပင် ဤမဟာဗုဒ္ဓဝင်ကျမ်း၌လည်း ကျမ်းရင်းစာသားနှင့် မှတ်သားဖွယ်ကောင်းသော အနုဒီပနီ အချက်အလက်တို့ကို တဆက်တည်း ရောနှော၍ရေးသား ရိုက်နှိပ်လျှင် စာဖတ်သော သူတော်စင်တို့အတွက် စာသားနှင့်အဓိပ္ပါယ် ရောယှက်၍ အကြည့်ခက် အမှတ်ခက် အသိခက်မည့် အပြစ်ဒေါသ ရောက်ရှိရာသောကြောင့် ဗုဒ္ဓဝင်စာသားအတွက် အထူးတိုးတက်ကျယ်ပြန့်၍ မှတ်သားသင့်သော အကြောင်းအရာ အချက်အလက်တို့ကို "အနုဒီပနီ" ဟူသောအမည်ဖြင့် နောက်ဆက်တွဲ ထည့်သွင်း ဖော်ပြ ရေးသားရိုက်နှိပ်ခြင်း ဖြစ်ပေသည်။

ဤ "အနုဒီပနီ=ထပ်မံဖွင့်ပြချက်" ကိုကြည့်ရှု၍ မဟာဗုဒ္ဓဝင်ကျမ်း စကားရင်းတို့၌ မထင်လင်း မသိသာသော အကြောင်းအရာတို့ကို ကောင်းစွာထင်လင်းသိသာ၍ ဉာဏ်ပညာနှံ့နက်ကျွယ်ဝှက်သော အဓိပ္ပါယ်တို့ကိုလည်း ဖလှယ်နှင့် သိသာလာ

http://www.dhammadownload.com



ပေလိမ့်မည်။ သို့ဖြစ်၍ မဟာဗုဒ္ဓဝင်စာဖတ် သူတော်စင် ပရိသတ်တို့သည် ဗုဒ္ဓဝင်စာသားကို ဖတ်ကြားပြီးသောအခါ ဤအနုဒီပနီကို ဥပေက္ခာပြု လျစ်လျူရှု၍ မသွားမိကြပဲ သေချာစေ့ငု ကြည့်ရှုကြပြီးလျှင် နက်နဲကွယ်ဝှက်သော မှတ်ဖွယ် အဓိပ္ပါယ်တို့ကို အလွယ်နှင့် သိမြင်ကြပါစေကုန်သတည်း။

## အနုဒီပနီ=ထပ်မံဖွင့်ပြချက်များ

**စာမျက်နှာ (၁၇)**

### ပါရမီမည်ကြောင်း

ဒါန သီလ အစရှိသော တရားဆယ်စုတို့ကို ပါရမီဟူ၍ ခေါ်သည်။ (ဒါန သီလ စသည်ဆယ်ပုံ ကျေးဇူးဂုဏ်နှင့်ယှဉ်တော်မူကြသော အလောင်းတော်ကြီး များကို ပရမ=လွန်မြတ်သောပုဂ္ဂိုလ်ဟူ၍ ခေါ်သည်။ ထိုအလောင်းတော်ကြီး များဟူ၍ သူတပါး ကြားသိမြင်သူတို့ အသိဉာဏ်, "ဤသူကား အလောင်း အလျာကြီးပဲဟူ၍" ကြားသိမြင်သူတို့ ပြောဆိုကြသော အသံသဒ္ဒါ နှစ်ပါး ဖြစ်ပေါ်ကြောင်းဖြစ်၍ ပရမာနံ ဘာဝေါ)ဟု ဝစနတ္ထပြု၍၊ (တနည်း ပရမာနံ ကမ္မံ-ဟု ဝစနတ္ထပြု၍ အလောင်းတော်တို့၏ လုပ်ငန်းစဉ်ဖြစ်သော ဒါန သီလ စသည်ဆယ်ပါး တရားအစုကို ပါရမီ ဟူ၍ ခေါ်သည်။)

ထို ပါရမီဆယ်ပါးအစဉ်ကို—

> ဒါနံ သီလဉ္စ နေက္ခမ္မံ၊ ပညာ ဝီရိယေန ပဉ္စမံ။
> ခန္တိသစ္စမဓိဋ္ဌာနံ၊ မေတ္တုပေက္ခာတိ တေ ဒသ။—

ဟူသော ဂါထာအတိုင်း သိမှတ်ရာ၏။

ထို ပါရမီဆယ်ပါးတို့တွင် တပါးတပါးလျှင် ပါရမီ ဥပပါရမီ ပရမတ္ထပါရမီ ဟူ၍ (ဥပမာ၊ ဒါန၌—၁-ဒါနပါရမီ, ၂-ဒါနဥပပါရမီ, ၃-ဒါနပရမတ္ထပါရမီ ဟူ၍ သုံးပါး။ သီလစသည်၌ ထို့အတူ) သုံးပါးစီ သုံးပါးစီ ပြားသောကြောင့် ပါရမီ အကျယ် သုံးဆယ်ဖြစ်သည်။

### ပါရမီ, ဥပပါရမီ, ပရမတ္ထပါရမီ အထူး

ဤသုံးပါးတို့အတွက် ရှေးဦးစွာ (၁) သား မယား ရွှေ ငွေ အစရှိသော အသုံးအဆောင်ဝတ္ထု၊ (၂) မိမိ၏ လက် ခြေ အစရှိသော အင်္ဂါကြီးငယ်နှင့် (၃) အသက်၊ ဤသုံးပါးကို မှတ်သားပြီးလျှင် ဒါနအတွက် (၁) အသုံး

http://www.dhammadownload.com



အဆောင်ဝတ္ထုကို စွန့်လှူသည်ကား ဒါနပါရမီ၊ (၂) အင်္ဂါကြီးငယ်ကို စွန့်လှူသည်ကား ဒါနဥပပါရမီ၊ (၃) အသက်ကို စွန့်လှူသည်ကား ဒါနပရမတ္ထပါရမီဟု မှတ်အပ်၏။

ထို့အတူ အသုံးအဆောင် ဝတ္ထုဟူသောအကြောင်း, အင်္ဂါကြီးငယ်ဟူသောအကြောင်း, အသက်ဟူသောအကြောင်းကြောင့် မလွန်ကျူးပဲ သီလကို ထိန်းစောင့်ခြင်းသုံးမျိုးကို သီလပါရမီ, သီလဥပပါရမီ, သီလပရမတ္ထပါရမီဟု အစဉ်အတိုင်း မှတ်ယူအပ်၏။ ကြွင်းသော (၈) ပါးတို့၌လည်း ဤနည်းကိုမှီး၍ သိရာ၏။

(က) သက်မဲ့ဆက်ရှိ၊ ဗာဟိရက၊ စွန့်နိုင်က၊ မူလပါရမီ။

(ခ) အင်္ဂါကြီးငယ်၊ အသွယ်သွယ်ကို၊ မတွယ်စိတ်မှု၊ စွန့်နိုင်က၊ ဥပပါရမီ။

(ဂ) အသက်ဇီဝ၊ စွန့်နိုင်က၊ ပရမတ္ထမည်။

(ဃ) ပါရမီဆယ်ပါး၊ အကျယ်ပွါး၊ အပြားသုံးဆယ်ညီ။

ရင်းပါရမီ, ဥပပါရမီ, ပရမတ္ထပါရမီ သုံးပါးနှင့်စပ်၍ ဆရာအမျိုးမျိုးတို့ ကောက်ယူပုံ အနည်းနည်းကို (စရိယာပိဋကအဋ္ဌကထာ၊ ပကိဏ္ဏကကထာ၊ ကော ဝိဘာဂေါ....ဟူသော မာတိကာအဖွင့်၌) အကျယ်ကြည့်ရှုပါကုန်။

---

စာမျက်နှာ (၁၉)

အဓိမုတ္တိမရဏ

စိတ်ကိုဆောက်တည်၍ သေခြင်းကို အဓိမုတ္တိမရဏဟု ခေါ်၏။ "ယခုပင် ငါ၏ သေခြင်းသည် ဖြစ်စေသတည်း"ဟု စိတ်ကို ဆောက်တည်လိုက်သည်၏ အခြားမဲ့မှာပင် သေခြင်းမျိုးဖြစ်သည်။ ထိုသေခြင်းမျိုးကား ဘုရားလောင်းများမှာသာလျှင် ဖြစ်နိုင်သည်၊ တပါးသူတို့အား မဖြစ်နိုင်။

ဘုရားအလောင်းတော်ကြီးများမှာ တရံတခါ အသက်ရှည်သော နတ်ပြည်ဗြဟ္မာပြည်၌ ဘဝပဋိသန္ဓေ ကပ်ရောက်တည်နေတော်မူကြသည်ရှိသော် "ဤ နတ်ပြည် ဗြဟ္မာ့ပြည်၌ တည်နေရသော ငါ့အား ပါရမီ စာဂ စရိယကို ဖြည့်ကျင့်ရခြင်း အလျဉ်းမရှိ"ဟု ဆင်ခြင်တော်မူကြပြီးလျှင် ထိုနတ်ပြည် ဗြဟ္မာ့ပြည်၌ ကြာရှည်စွာ တည်နေရန်အတွက် ငြီးငွေ့တော်မူကြကုန်၏။ ထိုအခါ ဗိမာန်အတွင်း ဝင်၍ မျက်စိကို မှိတ်ပြီးလျှင် "ဤမှအထက်၌ ငါ၏ အသက်ဇီဝိတိန္ဒြေအစဉ်သည် ဆက်၍မဖြစ်စေသတည်း"ဟု စိတ်ကို ဆောက်တည်လိုက်သည်၏ အခြားမဲ့မှာပင်

http://www.dhammadownload.com



စုတိစိတ်ကျ၍ နတ်ပြဟ္မာသက် ကြွေမြဲ ဖြစ်ကုန်၏။ မှန်၏....ပါရမီတော်တို့၏ လွန်ကဲစွာဖြစ်ခြင်းဖြင့် ထိုထိုဘဝဝယ် အဘိညာဏ်သမာပတ်တို့ဖြင့် ခန္ဓာအစဉ်ကို အထူးသုတ်သင်ပြုပြင်အပ်ပြီးရကား ကိုယ်ခန္ဓာ၌ တွယ်တာခြင်း သိနေဟတရား အလွန်ပါးသောကြောင့်၎င်း, သတ္တဝါတို့အပေါ် ကရုဏာတော် လွန်ကဲသဖြင့် အစဉ်အမြဲ ဆောက်တည်ချက်၏ ထက်မြက်သန့်ရှင်းတော်မူလှသောကြောင့်၎င်း အလောင်းတော်ကြီးများ လိုလားချက်မှန်သမျှ ပြည့်စုံထမြောက်ရလေသည်။

စိတ်ပေါ်မှာကဲ့သို့ ကံအပေါ်၌လည်း စိုးပိုင်တော်မူကြသောကြောင့် ဆိုပြီးသော အဓိမုတ္တိမရဏမျိုးဖြင့် နတ်ဗြဟ္မာသက် ချွေခဲ့ပြီးသော အခါမှာလည်း အလိုတော်ရှိရာ ပါရမီတော်ဖြည့်နိုင်ရာ လူ့ပြည်လောက မင်းဘဝ ပုဏ္ဏားဘဝ စသည်၌ ပဋိသန္ဓေ တည်နေတော်မူကြသည်။ ထို့ကြောင့်ပင် ငါတို့၏ ဘုရားအလောင်းတော်သည် ဤယခုဘဒ္ဒကမ္ဘာမှာပင် များစွာသောဘဝတို့၌ ရှာန်မလျှောကျပဲ စုတေ၍ ဗြဟ္မာ့ပြည်၌ ဖြစ်သော်လည်း ကာလအနည်းငယ်သာ ထိုဗြဟ္မာ့ပြည်၌ တည်နေတော်မူပြီးလျှင် အဓိမုတ္တိမရဏဖြင့်စုတေ ဗြဟ္မာသက် ချွေခဲ့၍ လူ့ပြည်၌ ဖြစ်ပြီးလျှင် ပါရမီအဆောက်အဦတို့ကို လေ့ကျင့်ဆည်းပူး တော်မူခဲ့လေပြီ။

> **သုံးလူ့မျက်ဖျှော်၊ စိန္တေယျော်ကာ၊ လောင်းတော်ဘဝ၊ ထိုကာလ ဝယ်၊ ဗြဟ္မာ့ဘုံတလျှောက်၊ ကြိမ်ကြိမ်ရောက်လည်း၊ များမြောက်လူ ဗိုလ်၊ ကယ်တင်လို၍၊ ထိုထိုမြင့်ကြွ၊ ကမ္ဘာမ္ဘာဟု၊ ဗြဟ္မာသမ္ပတ္တိ၊ ဆုံးတိုင်ထိအောင်၊ သတိပြဋ္ဌာန်း၊မစံမြန်းပဲ၊ စိတ်မှန်းစုတေ၊ သက်တော် ချွေ၍၊ လူ့မြေဌာနီ၊ သန္ဓေမှီလျက်၊ ပါမီစာဂ၊ စရိယကို၊ ဘဝဆက်ကာ၊ ဖြည့်ခဲ့ပါသား၊ မြတ်စွာရှင်စော၊ ဓယာဓေသည်၊ ၊အဟော အံ့မကုန် တကား။**

---

စာမျက်နှာ (၃၈)

### ကပ်=ကမ္ဘာအကြောင်း

မြန်မာဘာသာ၌ ကမ္ဘာ(ကပ္ပါ)ဟု ခေါ်သောအရာကို ကပ္ပဟူသော ပါဠိက ဟောဆို၏။ ထို့ကြောင့် ဗုဒ္ဓဝင်ပါဠိတော်၌ "ကပ္ပေ စ သတသဟဿေ၊ စတုရော စ အသင်္ခိယေ"....စသည်ဖြင့် ဟောကြားတော်မူ၏။

ကပ္ပ ဟုခေါ်သောအချိန်ကာလတခုသည် နှစ်ပေါင်းမည်မျှရှိသည်ဟု ဂဏန်း ချ၍ မရေတွက်နိုင်၊ ကြံဆ၍သာ သိရှိအပ်သော အရာဖြစ်ပေသည်။ ကြံဆ၍ သိရပုံမှာ—

http://www.dhammadownload.com



အလျား အနံ အမြင့် တယူဇနာစီရှိသော တိုက်ခန်း (ဂိုဒေါင်) ကြီးအတွင်း၌ အလွန်သေးငယ်လှသော မုန်ညင်းဖြူစေ့တို့ကို အပြည့်ထည့်ထားပြီးလျှင် အနှစ်တရာတရာ လွန်သောအခါမှ တစေ့တစေ့ ယူပစ်သဖြင့် ထိုမုန်ညင်းစေ့အပုံကြီး ကုန်သွားသော်လည်း ကပ္ပတခုဟု ခေါ်ဆိုရသော အချိန်ကာလကား ကုန်ဆုံးသည်မဟုတ်သေး၊ ဤသို့ ကြံဆ၍ သိအပ်ပေ၏။ (ဤစကားရပ်ကို ထောက်ဆသဖြင့် ပါဠိလို ကပ္ပ=မြန်မာလို ကမ္ဘာ=ဟူသည်မှာ ရှည်လျားလှစွာသောအချိန်ကာလဖြစ်သည်ဟု သိမှတ်ရာ၏။) ယခုအခါမှာမူ....“ရှည်လျားလှစွာသောအချိန်ကာလကို ကမ္ဘာခေါ်သည်”ဟု သတိမပြုကြပဲ မြေကြီးအထုအထည်ကိုသာ ကမ္ဘာမြေပြင် ကမ္ဘာမြေလုံး စသည်ဖြင့် ခေါ်ဝေါ်သုံးနှုန်းနေကြသည်။

## ကမ္ဘာ အပြား

ကမ္ဘာနှင့်ကပ် အတူတူပင်ဖြစ်သည်ကို သတိပြုရာ၏။ ထိုကပ်ကမ္ဘာကား (၁) မဟာကပ်၊ (၂) အသင်္ချေယျကပ်၊ (၃) အန္တရကပ်၊ (၄) အာယုကပ်၊ (၅) ဟာယနကပ်၊ (၆) ဝဓုနကပ် ဟူ၍ ခြောက်မျိုးလာရှိသည်။

ထိုတွင်(၁)အမှတ်ပါမဟာကပ်ကမ္ဘာကြီးတခုတခုကို(၂)အမှတ်ပြ (က)ပျက်ဆဲ=သံဝဋ္ဋကပ်၊ (ခ) ပျက်သည့်အတိုင်း တည်နေဆဲ=သံဝဋ္ဋဋ္ဌာယီကပ်၊ (ဂ)ဖြစ်ပေါ်တိုးပွါးဆဲ=ဝိဝဋ္ဋကပ်၊ (ဃ) တိုးပွါးပြီးအတိုင်းတည်နေဆဲ=ဝိဝဋ္ဋဋ္ဌာယီကပ် ဤအသင်္ချေယျကပ်လေးမျိုးဖြင့်သတ်မှတ်၍ ပြအပ်၏။(သံဝဋ္ဋအသင်္ချေယျကပ်, သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်, ဝိဝဋ္ဋအသင်္ချေယျကပ်, ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်—ဤအသင်္ချေယျကပ်လေးပါးကိုမှ မဟာကပ် တကပ်ခေါ်သည် ဟူလို။)

ထိုအသင်္ချေယျ ကပ်လေးပါးတို့တွင် ကမ္ဘာဖျက်မိုဃ်းရွာသည်မှစ၍ မီးဖြင့်ပျက်မည့် ကမ္ဘာဖြစ်လျှင် မီးလျှံစသည်တိုင်အောင်၊ ရေဖြင့်ပျက်မည့် ကမ္ဘာဖြစ်လျှင် ရေရပ်စဲသည်တိုင်အောင်၊ လေဖြင့်ပျက်မည့် ကမ္ဘာဖြစ်လျှင် လေရပ်စဲသည်တိုင်အောင်သောကာလသည် သံဝဋ္ဋကပ်=(ပျက်ဆဲကပ်) မည်၏။

မီး ရေ လေ တခုခုဖြင့် ပျက်စီးပြီးသည်မှစ၍ ကမ္ဘာပြုမိုဃ်းရွာသည်တိုင်အောင် အတွင်းသည် သံဝဋ္ဋဋ္ဌာယီကပ်=(ပျက်စီးသည့်အတိုင်း တည်နေသောကပ်) မည်၏။

ကမ္ဘာပြုမိုဃ်း ရွာသည်မှစ၍ လောကကြီး၌ နေ လ နက္ခတ်တာရာတို့ ပေါ်ထွက်သည်တိုင်အောင်အတွင်းသည် ဝိဝဋ္ဋကပ်=(ဖြစ်ပေါ်တိုးပွါးဆဲကပ်)မည်၏။

နေ လ နက္ခတ်တာရာတို့ပေါ်ထွက်သည်မှစ၍ နောက်တဖန် ကမ္ဘာဖျက်မိုဃ်းရွာသည်တိုင်အောင် ကာလအတွင်းသည် ဝိဝဋ္ဋဋ္ဌာယီကပ်=(ဖြစ်ပေါ်တိုးပွါးပြီးအတိုင်း တည်နေသောကပ်) မည်၏။

http://www.dhammadownload.com



ဤစကားရပ်၌ ကမ္ဘာဖျက်မိုးဆီး နှစ်မျိုး ပါဝင်နေရာ တမျိုးမှာ မီးဖျက်မည့်ကမ္ဘာဖြစ်စေ ရေဖျက်မည့်ကမ္ဘာဖြစ်စေ လေဖျက်မည့်ကမ္ဘာဖြစ်စေ မည်သည့်ကမ္ဘာမှာမဆို ပျက်ခါနီးလျှင် မိုးဆီးရွာမြဲဖြစ်သည်။ ရွာပုံမှာ....ပျက်ရမည့် ကမ္ဘာလောကဓာတ် ထက်ဝန်းကျင်နှံ့ စပ်အောင် မိုးကြီးသည်းထန်စွာ ရွာသွန်းစေသည်။လူအပေါင်းတို့က မိုးကြီးသည်းထန်စွာရွာသဖြင့် ကောက်ပဲသီးနှံစိုက်ပျိုးကြ၍ နွားများစားသောက်လောက်အောင် အပင်ကလေးများဖြစ်ပြီး နောက်ထပ်၍ မိုးမရွာတော့ပဲ တခါတည်း ရပ်စဲသွားတော့သည်။ ကမ္ဘာပျက်စီးရန် အရင်းခံရွာသောမိုးဖြစ်သည်။

ကျန်တမျိုးမှာ....ရေဖျက်မည့်ကမ္ဘာ၌ ကမ္ဘာကို ဖျက်ဆီးရန် ရွာသောမိုးဖြစ်သည်။ ထိုမိုးကား မိုးရေရိုးရိုးမဟုတ်၊ ကျောက်တောင် ကျောက်ခဲပင်ဖြစ်သော်လည်း ထိလိုက်လျှင် ကျေမွပျက်စီးသွားစေနိုင်သော ရေအထူးဖြစ်သည်။

(မီး ရေ လေတို့ဖြင့် ကမ္ဘာကြီးပျက်ပုံအကျယ်ကို ဝိသုဒ္ဓိမဂ် ဘာသာပြန် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ခဏ်းမှ ဖတ်ရှုမှတ်ယူကြပါကုန်။)ပြဆိုခဲ့ပြီးသည့် သံဝဋ္ဋကပ်စသော လေးမျိုးတို့သည် အချိန်ကာလ တူမျှကြကုန်၏။ ဤလေးစုအနက် တစုတစု၏ ကာလရှည်လျားပုံကို နှစ်အရေအတွက်အားဖြင့် ပိုင်းခြား၍ မရေတွက်နိုင်။ ထို့ကြောင့် ဤကပ်လေးကပ်ကို အသင်္ချေယျကပ်ဟူ၍ ခေါ်၏။

ဤအသင်္ချေယျကပ် လေးကပ်ကို ပေါင်းမှ မဟာကပ် တကပ် (သို့မဟုတ် တကမ္ဘာ) ဖြစ်လာ၏။ မြန်မာတို့က "မဟာကပ္ပ"ဟူသော ပါဠိ၏အဓိပ္ပါယ်ကို "ကမ္ဘာ"ဟူသောမြန်မာစကားဖြင့်သတ်မှတ်ခေါ်ဝေါ်သုံးစွဲကြ၏။"အသင်္ချေယျကပ္ပ"ဟူသော စကားအရ၌ကား....ဝေါဟာရသီးခြားမထားတော့ပဲ "အသင်္ချေယျကပ်"ဟူ၍သာ သဒ္ဒါနုသာရီ(ပါဠိပျက်စကား)ဖြင့် ခေါ်ဝေါ်သုံးစွဲကြ၏။

## (၃) အန္တရကပ်စသည်

ထိုအသင်္ချေယျ လေးကပ်တို့တွင် ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျ ကပ်ဦးအစအခါ (တနည်း ကမ္ဘာဦးအခါ) လူတို့သည် အသက်အသင်္ချေတည်နေကြရကုန်၏။ ကာလရှည်လျားလတ်သော် လောဘ ဒေါသစသော အကုသိုလ်တရားများ ဝင်ရောက်ဖျက်ဆီးသဖြင့် တဖြည်းဖြည်း နိမ့်ကျကာ အသက်ဆယ်နှစ်တမ်းတိုင်အောင် ဆုတ်ယုတ်လာ၏။ ဤသို့ ဆုတ်ယုတ်လာသော အချိန်ကာလကို ပါဠိလို ဟာယနကပ္ပ=မြန်မာလို ဆုတ်ကပ်ဟု ခေါ်၏။

တဖန် ဆယ်နှစ်တမ်းမှ မေတ္တာဖြဟ္မစိုရ် ကုသိုလ်တရားများ ဝင်ရောက်ချီးမြှောက်သဖြင့် သားစဉ်မြေးဆက် တဆတက် တဆတက် တိုးတက်ကာ အသက်အသင်္ချေယျတိုင်အောင် ရှည်သွားကြပြန်၏။ ဤသို့ ဆယ်နှစ်တမ်းမှ အသင်္ချေ

http://www.dhammadownload.com



ယျုတမ်းတိုင်အောင် ရှည်မြင့်လာသော အချိန်ကာလကို ပါဠိလို ဝစနကပ္ပ= မြန်မာလို တက်ကပ်ဟု ခေါ်၏။ (ဤဆုတ်ကပ် တက်ကပ် နှစ်ရပ်အကြောင်းကို အကျယ်သိလိုမူကား ပိဋကမြန်မာပြန် ဒီဃနိကာယ် ၃-ပါထိကဝဂ် ၃-စက္ကဝတ္တိ သုတ်၌ ကြည့်ရှုမှတ်ယူကြရာ၏။)

ဤသို့လျှင် လူတို့၏ အသက်တမ်းသည် ဆယ်နှစ်တမ်းနှင့် အသင်္ချေယျတမ်း ကုသိုလ်တရား ပွါးသောအခါ တက်၍ အကုသိုလ်တရား ဖိစီးသောအခါ ဆုတ် ယုတ်လျက် တက်ချီဆုတ်ချီ ဖြစ်၍နေ၏။ ဤသို့ အသက်တမ်း တက်ကပ်နှင့် ဆုတ်ကပ် တစုံကို အန္တရကပ် တကပ်ဟု ခေါ်၏။

## အန္တရကပ်သုံးမျိုး

ကမ္ဘာဦးအခါမှာကား အသင်္ချေယျကပ်ကစ၍ ဆယ်နှစ်တမ်းရောက်လျှင်ပင် ကပ်အပြောင်းအလဲဖြစ်ရ၏။ ဆုတ်ယုတ်၍လာရာ၌ လောဘအထူးလွှမ်းမိုး၍ ဆုတ်ယုတ်လာရခြင်းဖြစ်လျှင် အဆုံးသတ် ခုနစ်ရက်အတွင်းမှာ "ငတ်မွတ်ခြင်း ဘေးကြီး"ကျရောက်၍ မကောင်းသူတွေမှန်သမျှ သေကျေပျက်စီးကြရ၏။ ထို ကပ်ကို ဒုဗ္ဘိက္ခန္တရကပ်ဟူ၍ ခေါ်၏။

ဆုတ်ယုတ်၍လာရာ၌ မောဟအထူးလွှမ်းမိုး၍ ဆုတ်ယုတ်လာရခြင်းဖြစ် လျှင် အဆုံးသတ် ခုနစ်ရက်အတွင်းမှာ "ရောဂါဆိုး ဘေးကြီး" ကျရောက်၍ မကောင်းသူတွေမှန်သမျှ သေကျေပျက်စီးကြရ၏။ ထိုကပ်ကို ရောဂန္တရကပ် ဟူ၍ ခေါ်၏။

ဆုတ်ယုတ်၍လာရာ၌ ဒေါသအထူးလွှမ်းမိုး၍ ဆုတ်ယုတ်လာရခြင်းဖြစ်လျှင် အဆုံးသတ် ခုနစ်ရက်အတွင်းမှာ "အချင်းချင်း လက်နက်တို့ဖြင့် သတ်ဖြတ်၍" မကောင်းသူတွေမှန်သမျှ သေကျေပျက်စီးကြရ၏။ ထိုကပ်ကို သတ္ထန္တရကပ် ဟူ၍ ခေါ်၏။

(ဝိသုဒ္ဓိမဂ်မဟာဋီကာ အလိုအားဖြင့်....လောဘအထူးလွှမ်းမိုးလျှင် ရောဂန္တရကပ်၊ ဒေါသအထူးလွှမ်းမိုးလျှင် သတ္ထန္တရကပ်၊ မောဟအထူး လွှမ်းမိုးလျှင် ဒုဗ္ဘိက္ခန္တရကပ်တိုက်၍ မကောင်းသူများ သေကျေပျက်စီး ကြ၏။)

ဤသို့ တက်ကပ် ဆုတ်ကပ် တစုံတစုံကို အန္တရကပ် တကပ်တကပ်ဟု ခေါ်ရ ခြင်းမှာ ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်ကြီး အဆုံးသတ်တွင် မီး ရေ လေတို့ဖြင့် အလုံးစုံ မပျက်မီအတွင်း အသက်ဆယ်နှစ်တမ်းသို့ ရောက်တိုင်းရောက်တိုင်း

http://www.dhammadownload.com



တော်မွတ်ခြင်းဘေး ရောဂါဘေး လက်နက်ဘေးတို့ဖြင့် မကောင်းသူတွေမှန်သမျှ သေကျေပျက်စီးကြသည်ကိုစွဲ၍ အကြီးအကျယ်မပျက်စီးမီ အကြားအကြား၌ ဖြစ်သော ပျက်စီးပြောင်းလဲခြင်း အချိန်ကာလဟု ဆိုလိုသည်။

ဤအန္တရကပ်များ၏ အဆုံးသတ် ခုနစ်ရက်အတွင်း ကျရောက်သည့်ဘေးကို အစွဲပြုကာ....ရောဂန္တရကပ် သတ္ထန္တရကပ် ဒုဗ္ဘိက္ခန္တရကပ်ဟူသောအမည်များကို ဆယ်နှစ်တမ်းမတိုင်မီကာလအတွင်း (တကမ္ဘာလုံးအနှံ့ မဟုတ်ပဲ) အချို့သော မြို့ရွာဒေသတို့၌ ကူးစက်တတ်သော ရောဂါဖြစ်ပွါးနေခဲ့လျှင် ထိုမြို့ရွာဒေသမှာ ရောဂန္တရကပ်တိုက်နေသည်ဟူ၍ရင်း....စစ်မက် တိုက်ခိုက်ခြင်း ဖြစ်ပွါးနေခဲ့လျှင် ထိုမြို့ရွာဒေသမှာ သတ္ထန္တရကပ်တိုက်နေသည်ဟူ၍ရင်း....တော်မွတ်ခေါင်းပါးခြင်း ဘေးဆိုက်နေခဲ့လျှင် ထိုမြို့ရွာဒေသမှာ ဒုဗ္ဘိက္ခန္တရကပ် တိုက်နေသည်ဟူ၍ရင်း.... ပြောဆိုလေ့ရှိကြ၏။ ထိုသို့ ပြောဆိုခြင်းမှာ အန္တရကပ်အစစ်၏ ဖြစ်ပျက်ပုံ အခြေအနေနှင့်တူသည်ကို အစွဲပြုကာ တင်စား၍ပြောဆိုသော စကားမျှသာ ဖြစ်၏။ ဘုရားရှိခိုးဆုတောင်းများ၌ "အပါယ်လေးပါး ကပ်သုံးပါး"ဟု သုံးနှုန်းထားသော စကားမှာလည်း ဤတင်စားပြောဆိုရသော ကပ်ကိုသာ ဆိုလို၏။

ဤပြဆိုခဲ့သော တက်ကပ် ဆုတ်ကပ် အစုံဖြစ်သည့် အန္တရကပ်ပေါင်း ခြောက်ဆယ့်လေးကပ်ရှိလျှင် ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်တခု ကုန်ဆုံးတော့၏။ သံဝဋ္ဋအသင်္ချေယျကပ် သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ် ဝိဝဋ္ဋအသင်္ချေယျကပ်တို့၌ကား....သတ္တဝါများ(လူ့ ပြည် နတ်ပြည်၌) မရှိခြင်းကြောင့် တက်ကပ် ဆုတ်ကပ်အစုံတည်းဟူသော အန္တရကပ်တို့ဖြင့် မသတ်မှတ် မပိုင်းခြားရသော်လည်း ထိုအသင်္ချေယျကပ်ကြီးတခုတခုလျှင် အန္တရကပ် ခြောက်ဆယ့်လေးကပ်စိခန့်ပင် ကာလရှည်သျှားသဖြင့် ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်နှင့် အချိန်ကာလ တူညီမျှကြသည်ဟု မှတ်ယူအပ်၏။

## အာယုကပ်

အာယုကပ်ဟူသည် တည်နေရသော အသက်ကိုလိုက်၍ သတ်မှတ်အပ်သော ကပ်ဖြစ်သည်။ (အာယု=အသက်) အသက်တရာတမ်းဖြစ်လျှင် အနှစ်တရာသည် အာယုကပ် ဘကပ်၊ တထောင်တမ်း ဖြစ်လျှင် အနှစ်တထောင်သည် အာယုကပ်တကပ်ဖြစ်၏ဟု ဆိုလိုသည်။

မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား "အာနန္ဒာ....ငါဘုရားသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများအပ်ပြီ၊ ငါဘုရားအလိုရှိလျှင် တကပ်လုံးသော်၎င်း အနည်းငယ်ပို၍သော်၎င်း တည်နေနိုင်သည်"ဟု မိန့်ကြားတော်မူရာ....ကပ္ပအရမှာ အာယုကပ်ကိုယူရမည်၊ အာယုကပ်ဟူသည် ထိုထိုကာလ၌ လူတို့၏ အသက်

http://www.dhammadownload.com



တမ်းပမာဏပင်ဖြစ်သည်၊ သို့ဖြစ်၍ ငါဘုရားအလိုရှိလျှင် အနှစ်တရာသော်ဗဒင်း အနည်းငယ်ပိုရှိ၍သော်ဗဒင်း တည်နေနိုင်သည်ဟု ဟောတော်မူခြင်း ဖြစ်ကြောင်း အင်္ဂုတ္တိုရ်ပါဠိ အင်္ဂုတ္တရအဋ္ဌကထာ၌ ဖွင့်ပြတော်မူသည်။

**မဟာသိဝထေရ်ကမူကား**....ဘဒ္ဒကခေါ်သော မဟာကပ်ကို ယူရမည်ဟု ဆို၏။ (ထိုသို့ ဆိုတော်မူခြင်းမှာ ဘုရားအလောင်းတော်များ၏ နောက်ဆုံး ဘုရားဖြစ်သည့်ဘဝ ပဋိသန္ဓေကျိုးကို ဖြစ်စေသောကံသည် နှစ်ပေါင်းအသင်္ချေ ကြာအောင် အသက်ရှည်စေနိုင်သော အစွမ်းသတ္တိရှိ၏ဟု နှလုံးသွင်းတော်မူပြီး လျှင် မြတ်စွာဘုရားတို့၏ အာယုသင်္ခါရခေါ်သော ဇီဝိတသန္တာန် အဆက် ပြတ်မသွားအောင် ပြုပြင်စောင့်ထိန်းပေးနိုင်သည့် အာယုပါလက ဖလသမာ ပတ်တော်သည် ဇီဝိတ၏ဘေးရန်တို့ကို ပယ်ရှားဟန့်တား ထားနိုင်ကြောင်း ပါဠိတော်၌ လာသောကြောင့် မိန့်ကြားခြင်းဖြစ်သည်။) ထိုမထေရ်၏ဝါဒကို အဋ္ဌကထာဆရာတော်တို့ လက်မခံကြပေ။

ဝိနယ၊ စူဠဝဂ္ဂပါဠိတော် သံဃဘေဒကက္ခန္ဓက၌ "သံဃာကို သင်းခွဲသော သူသည် ငရဲ၌ဖြစ်၍ တကပ်ပတ်လုံး ကျက်ရ၏"ဟု ဟောတော်မူသည်။ ထိုကပ် သည် အဝီစိငရဲဘုံသားတို့၏ အာယုကပ်ပင်ဖြစ်ကြောင်း ၎င်းအဋ္ဌကထာ၌ ဖွင့်ဆိုသည်။ ထိုအဝီစိငရဲဘုံသားတို့၏ အာယုကပ်သည် မဟာကပ်ကြီးကို အပုံ ရှစ်ဆယ်ပုံလျှင် တပုံစာကာလနှင့် ညီမျှသည်ဟူ၍ တေရသကဏ်ခေါ်သော ဝိနည်းဋီကာကြီး၌ ဖွင့်ပြသည်။ ထိုဋီကာကြီး၌ပင် အပုံရှစ်ဆယ်၏တပုံစာကာလ ကို အန္တရကပ်ဟူ၍ အမှတ်အသားပြုအပ်ကြောင်း အထူးဖွင့်ပြလျက်ရှိသည်။ ဤဋီကာကြီး၌ အပုံရှစ်ဆယ်၏ တပုံစာကာလကို အန္တရကပ် (အဝီစိငရဲ ဘုံသားတို့၏ အန္တရကပ်)ဟု ဖွင့်ပြသဖြင့် မဟာကပ်ကြီးတကပ်လျှင် အဝီစိ ငရဲဘုံသားတို့၏ အရေအတွက်အားဖြင့် အန္တရကပ် ရှစ်ဆယ်ရှိ၏ဟု အဓိပ္ပါယ် ကျရောက်သည်။

ဤစကားအရ ရှင်းလင်းဖော်ပြရန် ရှိသည်မှာ....ဆိုအပ်ပြီးသော အတိုင်း မဟာကပ်တကပ်မှာ အသင်္ချေယျလေးကပ်၊ အသင်္ချေယျတကပ်မှာ အန္တရကပ် ပေါင်း ခြောက်ဆယ့်လေးကပ်စီ ရှိသည်ဖြစ်၍ မဟာကပ်တကပ်လျှင် လူတို့အရေ အတွက်အားဖြင့် အန္တရကပ်ပေါင်း (၂၅၆) နှစ်ရာငါးဆယ့်ခြောက်ကပ်ရှိသည်ဟု သိမှတ်ရာ၏။

ထိုနှစ်ရာငါးဆယ့်ခြောက်ကပ်ကို ရှစ်ဆယ်ဖြင့်စားလျှင် သုံးကပ်နှင့်ငါးပုံ့တပုံ (၃⅕) စီရ၏။ သို့ဖြစ်၍ လူတို့၏ အန္တရကပ်ပေါင်း သုံးကပ်နှင့် ငါးပုံ့တပုံသည် အဝီစိငရဲဘုံသားတို့၏ အန္တရကပ်တကပ်ဖြစ်၏။ (အဝီစိငရဲမှာ လူ့ပြည်၌ကဲ့သို့ တက်ကပ်ဆုတ်ကပ်ဟူ၍မရှိ၊ အချိန်ရှိသမျှ ဒုက္ခဖိစီး ပျက်စီးဆင်းရဲ၍သာ နေရ

http://www.dhammadownload.com



သဖြင့် လူ့ ပြည်၌ကဲ့သို့ ဆုတ်ကပ်၏အဆုံးအဆုံးဖြစ်ပွါးသောကပ်ကြီးသုံးပါးဖြင့်လည်း ပိုင်းခြားရန်မလို။ ထိုအဝီစိငရဲဘုံသားတို့၏ အာယုကပ်ဖြစ်သည့် မဟာကပ်ကြီး၏ အပုံရှစ်ဆယ်မှ တပုံစာကာလသည်ပင် အန္တရကပ်တကပ်မည်တော့သည်။ သို့ဖြစ်၍ အဝီစိအန္တရကပ်တကပ်လျှင် လူတို့၏အန္တရကပ် သုံးကပ်နှင့်ငါးပုံတပုံရှိ၏ဟု ဆိုလိုသည်။)

ဤနည်းအရ အသင်္ချေယျတကပ်၌ လူတို့၏အရေအတွက်အားဖြင့် အန္တရကပ် ခြောက်ဆယ့်လေးကပ်၊ အဝီစိငရဲဘုံသားတို့၏ အရေအတွက်အားဖြင့် အန္တရကပ် နှစ်ဆယ်ရှိ၏ဟု ဆိုနိုင်လေသည်။ သို့ဖြစ်သောကြောင့် အချို့ပါဠိကျမ်းဂန်တို့မှာ အသင်္ချေယျတကပ်လျှင် အန္တရကပ် ခြောက်ဆယ့်လေးကပ်ရှိ၏။ အန္တရကပ်နှစ်ဆယ်ရှိ၏ဟူ၍လည်း ဆိုကြကြောင်း (ဝိသုဒ္ဓိမဂ်မဟာဋီကာ၊ ဋီကာကျော် စသည်တို့၌) ဖွင့်ပြသောအရာမှာ...စင်စစ် ဝါဒကွဲသည်မဟုတ်၊ လူတို့၏ အရေအတွက်နှင့် အဝီစိငရဲသုံသားတို့၏ အရေအတွက်အားဖြင့် ရေတွက်ပုံနည်းချင်း ကွာခြားသောကြောင့်သာ (ခြောက်ဆယ့်လေးနှင့် နှစ်ဆယ်) ကွာခြားနေသည်၊ အချိန်ကာလချင်းမှာ အတူအမျှသာ ဖြစ်၏ဟု မှတ်ယူသင့်ပေ၏။

မှတ်ဖွယ်အထူးတရပ်မှာ...သဓမ္မာဟဝိနောဒနီမည်သော အဘိဓမ္မာဝိဘင်းအဋ္ဌကထာ ဉာဏဝိဘင်းအဖွင့်၌—"သံဃဘေဒက=(သံဃာကိုသင်းခွဲသော)ကံသာလျှင် ကပ်ပတ်လုံး တည်စေနိုင်၏၊ ကပ်တည်စ၌ဖြစ်စေ ကပ်အလယ်၌ဖြစ်စေ သံဃဘေဒကကံကိုပြု၍ အဝီစိငရဲသို့ ကျသွားလျှင် ကပ်ပျက်မှသာ လွတ်၏။ နက်ဖန် ကပ်ပျက်တော့မည်ဆိုလျှင် ယနေ့သံဃာကို သင်းခွဲ၍ ငရဲသို့ကျအံ့၊ တရက်သာခံရပြီး နက်ဖန်ပင် လွတ်မည်ဖြစ်၏၊ (သို့သော်) ဤသို့ ပြုခြင်းကား မရှိနိုင်"ဟူ၍ ဖွင့်ပြ၏။

ဤစကားရပ်ကို အကြောင်းပြုကာ "သံဃဘေဒကကံသည် တကမ္ဘာလုံး ငရဲ ကျစေနိုင်၏၊ ကမ္ဘာပျက်မှသာလွတ်၏"ဟူ၍ ပြောဆိုမှတ်သားကြသူများလည်း ရှိသည်။ အမှန်မှာ...ထိုဝိဘင်း အဋ္ဌကထာကြီး၌ ကပ္ပဋ္ဌိတိယော=(ကပ်ပတ်လုံး တည်စေနိုင်၏)ဟု သာမညသာ ဖွင့်ဆိုသည်၊ မဟာကပ္ပဋ္ဌိတိယော=(မဟာကပ် ပတ်လုံးတည်စေနိုင်၏)ဟု ဝိသေသမဖွင့်ပြ။ ကပ္ပဋ္ဌိတိယော=(ကပ်ပတ်လုံးတည် စေနိုင်၏)ဟု ဖွင့်ခြင်းမှာလည်း "အာပါယိကော နေရယိကော၊ ကပ္ပဋ္ဌော သံဃ-ဘေဒကော၊ ပ၊ သံဃံ သမဂ္ဂံ ဘိန္ဒိတွာ၊ ကပ္ပံ နိရယမှိ ပစ္စတိ"ဟူသော ဝိနယစူဠဝဂ္ဂ ပါဠိတော်ကို အခြေခံထား၍ ဖွင့်ပြခြင်းဖြစ်သည်။ ထိုစူဠဝဂ္ဂအဋ္ဌကထာ၌ ကပ္ပ အရ အာယုကပ်ကိုသာ ယူရမည့်အကြောင်း အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာကိုယ်တိုင်ကပင် "ကပ္ပန္တိ အာယုကပ္ပံ"ဟု ဖွင့်ပြထားသောကြောင့်

http://www.dhammadownload.com



သံသဝေဒကကံကြောင့် အဝီစိငရဲ၌ခံရသော ကပ်၏အရ အာယုကပ်ကိုသာ ယူရာ၏၊ မဟာကပ်ခေါ်သော ကမ္ဘာကြီးကို မယူရာ။ အဘိဓမ္မာ ကထာဝတ္ထု အဋ္ဌကထာ (၁၃)ဝဂ် ကပ္ပဋ္ဌကထာအဖွင့်၌ "အာပါယိကော နေရယိကော" စသော ပါဠိကို မဟာကပ်၏ အပုံရှစ်ဆယ်ပုံလျှင် တပုံစာအချိန်ကာလ(အဝီစိငရဲ ဘုံသားတို့၏)အာယုကပ်ကို ရည်ညွှန်း၍ ဟောကြားကြောင်း ဖွင့်ပြထားသည်။

## မဟာကပ်အပြား

ကမ္ဘာဟုခေါ်သော မဟာကပ်သည် (၁)သုညကပ်=သုညကမ္ဘာ၊ (၂) အသုညကပ်=အသုညကမ္ဘာဟူ၍ နှစ်ပါး အပြားရှိပြန်၏။

ထိုတွင် မြတ်စွာဘုရားများ ပွင့်တော်မူရာမဟုတ်သော ကပ်ကမ္ဘာသည် သုညကပ်=သုညကမ္ဘာမည်၏။ ဘုရားမှကင်းဆိတ်သော ကပ်ကမ္ဘာဟု ဆိုလိုသည်။

မြတ်စွာဘုရားများ ပွင့်တော်မူရာဖြစ်သော ကပ်ကမ္ဘာသည် အသုညကပ်= အသုညကမ္ဘာမည်၏။ ဘုရားမှ မဆိတ်သော ကပ်ကမ္ဘာဟု ဆိုလိုသည်။

သုညကမ္ဘာ၌ မြတ်စွာဘုရားများသာ မပွင့်သည်။ ပစ္စေကဗုဒ္ဓါနှင့် စကြာမင်းတို့ ဖြစ်ထွန်းပွင့်ပေါ်နိုင်ကြောင်းကို အပဒါန်ပါဠိတော် ပဌမဝဂ် ဥပါလိထေရသုတ် စသည်ကို ထောက်ဆ၍ သိရာ၏....၊

မှန်၏....ဥပါလိထေရသုတ်နှင့် အဋ္ဌကထာတို့၌ "ဤကမ္ဘာမှ ပြန်၍ရေတွက်လျှင် နှစ်ခုမြောက်သော ကမ္ဘာ၌ အဥ္စသမင်း၏သားတော် ခတ္တိယမည်သော မင်းသားသည်ဥယျာဉ်မှအထွက်တွင်ဒေဝီလပစ္စေကဗုဒ္ဓါအား ပြစ်မှားကြောင်း" လာရှိသည်၊ ထိုကမ္ဘာ၌ မြတ်စွာဘုရားပွင့်သည်ဟု ကျမ်းဂန်အဆိုမရှိ။ အပဒါန် အဋ္ဌကထာ ဘဒ္ဒဇိထေရသုတ်အဖွင့်၌လည်း "မြတ်စွာဘုရားမှ ကင်းဆိတ်သော သုညကမ္ဘာကြီး၌ ပစ္စေကဗုဒ္ဓါ ငါးရာတို့ကို လုပ်ကျွေးခဲ့ဘူးသည်"ဟူ၍ သုညကမ္ဘာတွင် ပစ္စေကဗုဒ္ဓါများ ပွင့်ကြောင်းလာရှိသည်။ အပဒါန်ပါဠိတော် ကုသုမာသနိယထေရသုတ်၌ "အခြားမဲ့ကမ္ဘာဝယ် ကုသုမာသနိယမထေရ်၏အလောင်းသည် ဝရဒဿီစကြာမင်းဖြစ်ခဲ့ဘူးသည်" ဟူ၍ဂုဏ်း။ ထိုပါဠိတော် တိဏသန္ထရ ထေရသုတ်၌ "တိဏသန္ထရမထေရ်၏အလောင်းသည် ဤကမ္ဘာမှ ပြန်၍ရေသော် နှစ်ခုမြောက်ကမ္ဘာ၌ မိဂသမ္မတစကြာမင်း ဖြစ်ခဲ့ဘူးသည်" ဟူ၍ဂုဏ်း— ဤသို့ စသည်ဖြင့် သုညကမ္ဘာတွင် စကြာမင်းများ ဖြစ်နိုင်ကြောင်း လာရှိသည်။

http://www.dhammadownload.com



မြတ်စွာဘုရားများပွင့်တော်မူရာ အသုညကပ်=အသုညကမ္ဘာသည်လည်း (က) သာရကမ္ဘာ၊ (ခ)မဏ္ဍကမ္ဘာ၊ (ဂ) ဝရကမ္ဘာ၊ (ဃ) သာရမဏ္ဍကမ္ဘာ၊ (င) ဘဒ္ဒကမ္ဘာဟူ၍ ငါးပါးအပြားရှိပြန်သည်။ ထိုတွင်—

(က) ဘုရားတဆူသာပွင့်လျှင် သာရကမ္ဘာမည်၏၊
(ခ) နှစ်ဆူပွင့်လျှင် မဏ္ဍကမ္ဘာမည်၏၊
(ဂ) သုံးဆူပွင့်လျှင် ဝရကမ္ဘာမည်၏၊
(ဃ) လေးဆူပွင့်လျှင် သာရမဏ္ဍကမ္ဘာမည်၏၊
(င) ငါးဆူပွင့်လျှင် ဘဒ္ဒကမ္ဘာမည်၏။

**တဆူ သာရ၊ နှစ် မဏ္ဍ၊ ဝရ သုံးဆူသာ၊**
**သာရမဏ္ဍ—လေးဆူပြ၊ ပဉ္စ ဘဒ္ဒကာ၊**
**တဆူမသော်မှ၊ မပွင့်က၊ သုညကပ်ကမ္ဘာ၊ (နှုတ်ရဆောင်)**

သုမေဓာပြဟ္မဏအခါ၌ လာသော လွန်ခဲ့ပြီး လေးအသင်္ချေနှင့်တသိန်း မြောက်ကမ္ဘာသည် ဘုရားလေးဆူတို့ ပွင့်တော်မူရာ သာရမဏ္ဍကမ္ဘာဖြစ်သည်။ ဘုရားလေးဆူတို့အနက် တဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာ—ဘုရားသုံးဆူတို့ ပွင့်ပြီး နောက်ဖြစ်သော အချိန်ကာလမှာ အမရဝတီပြည် ဖြစ်ပေါ်ထွန်းကား သည်ဟု မှတ်အပ်၏။

---

## အမရဝတီခေါ် ကြောင်း

အမရ=နတ် (မသေနိုင်သောလူမျိုး)၊ ဝတီ=ရှိသည်၊ နတ်များရှိသော နေပြည်တော်ကြီးဟု ဆိုလိုသည်။ ဤသို့ အမည်မှည့်ရခြင်းမှာ....

ဝိနယ မဟာဝဂ္ဂ ဘေသဇ္ဇခန္ဓက စသည်တို့၌—ပါဋလိပုတ်ပြည် တည်ထောင်မည်ဟု သုနိဓဝဿကာ, ဝဿကာရပုဏ္ဏားတို့ စီမံကြသည်နှင့် ထပ်ပြိုင်နက် နတ်များက ရှေးဦးစွာလာ၍ နေရာသတ်မှတ် ယူငင်ကြ ကြောင်း....၊ တန်းခိုးကြီးသောနတ်များ သတ်မှတ်ယူငင်ထားသော နေရာရပ်ကွက်တို့မှာ ဘုန်းကံကြီးမားသောမင်း အမတ် သူဌေး သူကြွယ် တို့ နေထိုင်ရာရပ်ကွက်ဖြစ်လာကြောင်း....၊ဘုန်းတန်းခိုး အလတ်စားရှိ သော နတ်တို့ သတ်မှတ်ယူငင်ထားသော နေရာရပ်ကွက်တို့မှာ ဘုန်းကံ အလတ်စားရှိသော လူတို့ နေထိုင်ရာရပ်ကွက်ဖြစ်လာကြောင်း....၊ ဘုန်း တန်းခိုးသေးငယ်သော နတ်တို့ သတ်မှတ်ယူငင်ထားသောနေရာရပ်ကွက် တို့မှာ ဘုန်းကံသေးငယ်သော လူတို့ နေထိုင်ရာရပ်ကွက် ဖြစ်လာ ကြောင်း....များကို ဟောကြားတော်မူသည်။

http://www.dhammadownload.com



ဤစကားရပ်ကို ထောက်၍ အကြီးအကျယ်ဆုံးသော မင်းနေပြည် တည်မည့်နေရာမှာ နတ်အများပင် အကြီးအကျယ်လာ၍ နေရာသတ်မှတ်ယူငင်ကြပေမည်၊ ဤသို့ နေရာသတ်မှတ် ယူငင်စောင့်ရှောက် နေထိုင်လာကြသော နတ်အများ တည်ရှိကြောင်းကို သိသာစေရန် "အမရဝတီ" ဟူသောအမည်ကို မှည့်ခေါ် ခြင်းဖြစ်သည်။

(ဝတီ) ဟူသော ပါဠိ (ရှိသည်) ဟူသော မြန်မာစကားတို့ဖြင့် များစွာရှိကြောင်းကို ဖော်ပြသည်။ လောက၌ ဥစ္စာအနည်းငယ်မျှရှိသောသူကို ဥစ္စာရှိသူ (နေရှင်) ဟူ၍ ခေါ်ဝေါ်ရိုးမရှိ၊ သူတပါးတို့ထက် လွန်ကဲပိုမို၍ ဥစ္စာရှိသောသူကိုသာ ဥစ္စာရှိသူ (နေရှင်) ဟူ၍ ခေါ်ဝေါ် ပြောဆိုရိုးရှိသည်။ သို့ဖြစ်၍ ထိုမြို့တော်ကြီးမှာ ကြီးကျယ်သော မင်းနေပြည်ကြီး ဖြစ်သည့်အတိုင်း တန်ခိုးကြီးသော နတ်အများပင် လာရောက် စောင့်ရှောက်နေထိုင်ရာ မြို့တော်ကြီးဖြစ်ကြောင်းကို အမရဝတီဟူသော အမည်က သိစေအပ်ပေသည်။

---

## အသံဆယ်ပါး

အသံဆယ်ပါးအရ ဗုဒ္ဓဝင်ပါဠိတော်မှာ အသံဆယ်ပါးလုံး အစုံအလင်မပြ၊ ခြောက်ပါးမျှသာ ထုတ်ပြသည်။ ဒီဃနိကာယ မဟာဝဂ္ဂ မဟာပရိနိဗ္ဗာနသုတ်နှင့် ဗုဒ္ဓဝင်အဋ္ဌကထာတို့မှာကား ဆယ်ပါးလုံးကိုပင် စီစဉ်၍ပြ၏။ ထိုသို့ ပြဆိုရာတွင် သမ္မနှင့် တာဠကို အသံတမျိုးစီ ခွဲထားသည့်အတွက် တာဠအသံတွင်ပင် တဆယ်ပြည့်၍နေသည်၊ စားလှည့်ပါ သောက်လှည့်ပါ စသည်ဖြင့် ဖိတ်ကြားခြင်း နိမန္တနအသံသည် တဆယ့်တခုမြောက်ဖြစ်၍နေသည်။

မဟာပရိနိဗ္ဗာနသုတ် ပါဠိတော် ဗုဒ္ဓဝင်အဋ္ဌကထာ ပါဠိဇာတ်အဋ္ဌကထာ မူလဋီကာတို့၌ ဖိတ်ကြားသံသည် ဆယ်ခုမြောက်အသံဖြစ်ကြောင်း ဟောကြားဖွင့်ပြအပ်သည့်အတိုင်း သမ္မနှင့်တာဠအရ ခွက်ခွင်းသံ ကြေးနင်းသံ ဟူ၍ အသံတမျိုးစီခွဲ၍ မယူဘဲ စည်းဝါးသံ ဟူ၍ တမျိုးတည်းယူလိုက်လျှင် ဖိတ်ကြားခြင်း နိမန္တနအသံသည် ဆယ်ခုမြောက်အသံ ဖြစ်လာ၍ ဖော်ပြရာပါ ပါဠိအဋ္ဌကထာ ဋီကာတို့အဆိုနှင့် ညီညွတ်ပေမည်။

မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ၌လည်း- "သမ္မသဒ္ဒေါတိ ကံသတာဠသဒ္ဒေါ" ဟူ၍ သမ္မနှင့် တာဠ အရတူဖွင့်ပြသည်။ အဘိဓာန်ဋီကာ၌- "သမ္မဋ္ဌ တံ တာဠဋ္ဌာတိ သမ္မတာဠ" ဟူ၍ အရတူပင် ဖွင့်ပြသည်။ ဤသို့ အဋ္ဌကထာ ဋီကာတို့၌ သမ္မတာဠကို တမျိုးတည်းအနေ ဖွင့်ပြသည်ကို ထောက်၍ရင်း၊ ဖိတ်ကြားခြင်း နိမန္တနအသံသည် ပါဠိတော်လာအတိုင်း ဆယ်ခုမြောက် အသံဖြစ်လို၍ရင်း "သမ္မ= ခွက်ခွင်း၊ တာဠ=ကြေးနင်း" ဟူ၍ အသီးအသီး ပြန်ဆိုလိုက ပြန်ဆိုနိုင်သော်လည်း မပြန်ဆိုပဲ သဘောနှစ်မျိုးလုံး ပါဝင်စေရန် "စည်းဝါးသံ" ဟူ၍ ဖော်ပြခဲ့ပေ

http://www.dhammadownload.com



သည်။ (သမ္ပ=ခွက်ခွင်းဟု ပြန်ဆိုရာ၌ ခွက်ခွင်းဟူသည် လင်းကွင်းပင် ဖြစ်သည်ဟု မှတ်ယူတတ်ကြ၏။ အမှန်မှာ သစ်သားချပ် (သို့မဟုတ်-ဝါး) ကို ခွက်ခွင်းခေါ်သည်ဟု မှတ်ယူအပ်၏။ အဘယာရာမ ဆရာတော်မူ အဘိဓာန်ဋီကာနှင့် မြတောင်ဆရာတော်၏ ပညတ်နက်ကျမ်းတို့၌ ကြည့်ရာ၏။)

ဇာတ်အဋ္ဌကထာ နိဒါန်း၌ အသံဆယ်ပါးအရကို ဆင်သံ၊ မြင်းသံ၊ ရထားသံ၊ စည်ကြီးသံ၊ မုရိုးစည်သံ၊ စောင်းသံ၊ ခွက်ခွင်းသံ၊ ကြေးနင်းသံ၊ ခရုသင်းသံ၊ ထမင်းအဖျော်တို့ဖြင့် ဖိတ်ကြားသံ ဟူ၍ အသံဆယ်ပါး အတိအကျ ဖော်ပြထား၏။ သီဟိုဠ်မူ ဇာတ်အဋ္ဌကထာ နိဒါန်း၌ကား ခရုသင်းသံမပါပဲ သီချင်းသံဖြင့် ဆယ်ပါးပင် ပြဆို၏။ ဤသို့ မြန်မာမူ သီဟိုဠ်မူ ကွဲပြားကြရာဝယ် ဗုဒ္ဓဝင်ပါဠိတော်ရင်း၌ပင် ခရုသင်းသံကို တိုက်ရိုက်သရုပ်ထုတ်၍ ဟောထားသောကြောင့် အသံဆယ်ပါး အရာ၌ ခရုသင်းသံကို ချန်ထားရန် မထိုက်ရကား မြန်မာမူ အတိုင်းသာ အတည်ပြုသင့်ပေ၏။ သီဟိုဠ်မူပါ သီချင်းသံကိုကား စောင်းသံ၌ ထည့်သွင်း၍ ယူမည်ဆိုက ယူနိုင်ပေသည်၊ သီးခြားဖော်ပြရန် မလိုပေ။

---

### ၄-သုမေဓာတောထွက်ခဏ်း

**စာမျက်နှာ (၄၈) စင်္ကြံအပြစ်ငါးပါးကို—**

**မြေမညီလျှင်း၊ ကြမ်းခက်ခြင်း၊ အတွင်းသစ်ပင်ရောက်။**
**စင်္ကြံတွင်းဝယ်၊ ခံ့ျမြက်နွယ်၊ မဖွယ်လွှမ်းယှက်ပေါက်။**
**အလွန်ကျဉ်းငယ်၊ အလွန်ကျယ်၊ ငါးသွယ်အပြစ်ကောက်။**

ဤ လင်္ကာအတိုင်း သိရာ၏။ ထို စင်္ကြံအပြစ်ငါးပါးတို့တွင်....

(၁) မြေကြမ်းထမ်း၍ မညီညွတ်သောစင်္ကြံ၌ စင်္ကြံသွားသူ၏ခြေတို့သည် နာကျင်ကုန်၏၊ အဖုအစူးပေါက်ကုန်၏၊ သမာဓိကိုမရနိုင်၊ ကမ္မဋ္ဌာန်း အလုပ်မပြည့်စုံနိုင်။ နူးညံ့၍ ညီညွတ်သော စင်္ကြံ၌ကား ချမ်းသာစွာ နေရခြင်းကို အကြောင်းပြု၍ ကမ္မဋ္ဌာန်းအလုပ် ပြည့်စုံနိုင်၏။ ထို့ကြောင့် "မြေကြမ်းထမ်း၍ မညီညွတ်ခြင်း" ကို ပဌမအပြစ်ဟူ၍ သိအပ်၏။ ။ဤအကြောင်းကို ဆုတောင်းခဏ်းပျို၌—

**ပြုတ်စဲတီကျစ်၊ ကျောက်စစ်ကုန်းခင်၊ လည်ခေါင်ဇင်၌၊ ခေါက်တင်တွံ့ဖယ်၊ သွယ်လှယ်သွားလာ၊ နေ့တိုင်းအားဖြင့်၊ ဖဝါးစပ်မျစ်၊ ပစ်သည်ခြေစ၊ နစ်ခွကြဲယှက်၊ နှောင့်နှေးကွက်၍၊ သက်သက်မကြည်၊ အာရုံဆည်ထည်း၊ အရှည်အလျား၊ သွားလတ်သောခါ၊ မစောက်ရာခဲ့....**

ဟူ၍ စပ်ဆိုသည်။

http://www.dhammadownload.com



(၂) စကြံ့အတွင်း၌ဖြစ်စေ အလယ်၌ဖြစ်စေ အစွန်း၌ဖြစ်စေ သစ်ပင်ရှိခဲ့လျှင် သတိမထား အမှတ်မဲ့စကြံ့သွားမိသူ၏ နဖူးကိုသော်၎င်း ဦးခေါင်းကိုသော်၎င်း ထိခိုက်တတ်သောကြောင့် "စကြံ့အတွင်း၌ သစ်ပင်ရှိခြင်း" ကို ဒုတိယအပြစ်ဟူ၍ သိအပ်၏။ ။ဤအကြောင်းကို ဆုတောင်းခဏ်းပျို့၌—

လကျ်ာလက်ဝဲ၊ စကြံ့ထဲ၌၊ လင့်ကဲးတဖြာ၊ ပါးနီးစွာသည်၊ အမြွာသစ်ပင်၊ ရောက်တုံကျင်လည်း၊ မဆင်ခြင်မိ၊ သွားသော်ထိ၍၊ ခြေငြိလက်စူး၊ နဖူးဦးခေါင်း၊ အသည်းထောင်းစွာ၊ ယောင်ယမ်းရာခဲ့....

ဟူ၍ စပ်ဆိုသည်။

(၃) အောက်မြေအပြင်ဝယ် မြက်နွယ်စသည် ဖုံးအုပ်သောစကြံ့၌ စကြံ့သွားသူသည် မှောင်မိုက်သည့်အခါ မြွေစသည်တို့ကိုနင်းမိ၍ သေသော်မူ သေစေ၏၊ (မသတ်လိုသော်လည်း သတ်သည်မည်၏၊) သို့မဟုတ် ထိုမြွေစသည် အကိုက်ခံရ၍ ဆင်းရဲကြီးစွာ ရောက်ရတတ်၏၊ ထို့ကြောင့် "စကြံ့မြေပြင်၌ မြက်နွယ်စသည်ရှိခြင်း" ကို တတိယအပြစ်ဟူ၍ သိအပ်၏။ ။ဤအကြောင်းကို ဆုတောင်းခဏ်းပျို့၌—

အညာသွန်းသွန်း၊ နွယ်တန်းပုပ်ပေါင်း၊ ခြေရာကြောင်း၌၊ ရှက်ဆောင်းအပြီး၊ စီးတည့်သော်လည်း၊မမြော်ဝိုးဝါး၊ နင်းမိမှား၍၊ ပိုးမွှားသတ္တဝါ၊ ထိပါးရာခဲ့....

ဟူ၍ စပ်ဆိုသည်။

(၄) စကြံ့ပြုလုပ်ရာ၌ (သလင်းကျောက်ခံ၊ အနံ့ညီစွာ၊ နှစ်ထွာကုန်အောင်၊ တံတိုင်းဆောင်သား၊ နှစ်မြောင်ညာဗယ်၊ စကြံ့ငယ်နှင့်-ခြောက်ဆယ်လျားရှည်၊ တောင်တိတည်လျက်၊ ယိမ်းဖည်မကောက်၊ ရွှေနောက်မချို၊ သုံးထွာစီလျှင်၊ အဖီလည်းခင်း၊ မေ့လျော့နင်းလည်း၊ တိမ်းတင်းမရှိ၊ တကြံ့ညီသို့) ဟူသောအတိုင်း ဝဲယာနှစ်ဖက်မှ မတော်တဆ တိမ်းလဲသော် ထောက်တည်ရာရအောင် တံတိုင်းကဲ့သို့ အနည်းငယ်မြင့်၍ အနံ့တတောင်စီ အညီရှိသော စကြံ့မြောင်စကြံ့ငယ်။ ထို နှစ်ခုအလယ်မှ အလျား အတောင်ခြောက်ဆယ်တိတိ၊ အနံ့တတောင်ထွာရှိသော စကြံ့မကို မကောက်မကွေ့ တညီတည်း ခင်းရမည်။ ဤကား စကြံ့ပြုလုပ်ပုံ ကျမ်းလာစံနစ်တည်း။ အလယ်ခေါင် စကြံ့မ ဖော်ပြခဲ့ပြီးသည်အောက် ယုတ်လျော့၍ အနံ့တတောင်ဖြစ်စေ တထွာဖြစ်စေ ရှိသဖြင့် အလွန်ကျဉ်းမြောင်းသော စကြံ့၌ စကြံ့သွားသူအား စကြံ့မနှင့် ဝဲယာစကြံ့မြောင် အစပ် အပိုင်းအခြားဝယ် တိုက်မိခိုက်မိသဖြင့် တိမ်းလဲသည်

http://www.dhammadownload.com



ရှိသော် ခြေသည်းလက်သည်း ပဲကွာတတ် ခြေချောင်း လက်ချောင်းများ ကျိုးတတ်သောကြောင့် "အလွန်ကျဉ်းလွန်းခြင်း" ကို စတုတ္ထ အပြစ်ဟူ၍ သိအပ်၏။ ။ဤအကြောင်းကို ဆုတောင်းခဏ်းပျို့၌—

ကျဉ်းစွာနံလျောင်၊ စင်္ကြံမြောင်လျှင်၊ တထောင်အနည်း၊ ထွာမျှ တည်း၌၊ တိမ်းလည်းဖဝါး၊ နင်းချော်မှားလည်း၊ လက်ဖျားခြေညှိုး၊ ခနည်းကျိုး၍၊ ရှိမ်းစိုးဝေဒနာ၊ ကျဉ်းမြောင်းရာ၌....

ဟူ၍ စပ်ဆိုသည်။

(၅) အလွန်ကျယ်လွန်းသော စင်္ကြံ၌ စင်္ကြံသွားသူ၏ စိတ်သည် ထိုထို ဤဤ ပြန့်လွင့်ပြေးသွားတတ်၏၊ စိတ်တည်ငြိမ်ခြင်းကို မရနိုင်။ ထို့ကြောင့် "အလွန်ကျယ်လွန်းခြင်း"ကို ပဉ္စမအပြစ်ဟူ၍ သိအပ်၏။ ။ဤအကြောင်းကို ဆုတောင်းခဏ်းပျို့၌—

ဗီလာထုတ်ချင်း၊ ကျယ်လှဝင်းလျက်၊ အဆင်းကျောက်ဖျာ၊ စင်္ကြံ ရာ၌၊ လူးလာသွားလာ၊ ဘဝါးထောက်၍၊ မညီအလှမ်း၊ တဖျင်ယမ်း လျှင်၊ နင်းတမ်းမမျှ၊ စပ်ပူလှလျက်၊ ခပ်ကြွအကြုံ၊ ဆောင့်ကြွားယှဉ်၍၊ ထွက်သံနုတ်သာ၊ ဘာဝနာအား၊ များများမမှန်၊ ဖြစ်တန်ရာရှောင်း....

ဟူ၍ စပ်ဆိုသည်။

ဤ ဆိုအပ်ပြီးသော စကားရပ်စုမှာ အဋ္ဌသာလိနီ အဋ္ဌကထာမှ လာသော စကားများဖြစ်သည်။ ပျိုလင်္ကာ စာပိုဒ်များမှာလည်း အဋ္ဌသာလိနီ အဋ္ဌကထာ ၌လာသော အတိုင်း အရှင်မဟာသီလဝံသမထေရ် ဆုတောင်းခဏ်းပျို့၌ စပ်ဆို တော်မူသည်ကို ကြည်ညိုဘွယ်ရှိလှ၍ ဖော်ပြခြင်းဖြစ်သည်။

ဗုဒ္ဓဝင်အဋ္ဌကထာ၌ကား— "ပဉ္စဒေါသဝိဝဇ္ဇိတံ"ဟူသော ပါဠိတော်လာ ပဉ္စဒေါသအရကို ပဌမနည်း စင်္ကြံ၏ အပြစ်ငါးပါးကိုပင် အဋ္ဌသာလိနီ အဋ္ဌ ကထာအတိုင်း ဖွင့်ပြ၍—နောက် ဒုတိယတနည်း ဖွင့်ပြပြန်သည်။ ဒုတိယနည်း မှာ ပဉ္စဒေါသ အရကို နီဝရဏတရား ငါးပါးကို ယူရမည်ဟု ဖွင့်ဆိုသည်။ ဤ ဒုတိယနည်းအရ အပြစ်ငါးပါး ကင်းခြင်းသည် စင်္ကြံနှင့် မသက်ဆိုင်တော့ ချေ။ နောက်ပြဆိုမည့် အဘိညာဖလဟူသော ပုဒ်နှင့်သာ သက်ဆိုင်တော့သည်၊ "နီဝရဏ အပြစ်ငါးပါးကင်းသော အဘိညာဏ်ခွန်အား"ဟု စကားစပ်ဆိုရန် ဖွင့်ပြ၏။

ဤ ဒုတိယတနည်းကြံခြင်းမှာ အကျိုးမထူးလှ....၊ အကြောင်းကား နီဝရဏ ငါးပါးမှာ ပဌမဈာန်ရခါနီး ဥပစာရဈာန်ခဏကပင် ကင်းခဲ့ပြီးဖြစ်၍၊ ပဌမဈာန် ဖြစ်သောအဘိညာဏ်မှာ "နီဝရဏအပြစ်ငါးပါးကင်းသောအဘိညာဏ်ခွန်အား"

http://www.dhammadownload.com



ဟု အထူးပြောဆိုရန်မလိုသောကြောင့်တည်း။(ပဥ္စမစျာန်ဖြစ်သော အဘိညာဏ်ကိုရမှ နီဝရဏ ကင်းသည်မဟုတ်၊ ပဌမစျာန် ရခါနီးကပင် နီဝရဏကင်းခဲ့ပြီးဖြစ်သောကြောင့် နီဝရဏ ကင်းခြင်းဟူသော ဝိသေသနဖြင့် အဘိညာဏ်ကို အထူးပြုရန်မလိုဟု ဆိုလိုသည်။)

တနည်းအားဖြင့်—ဒေါသသည် ပရမတ္ထသဘာဝဒေါသ (ဒေါသစေတသိက်ကို ခေါ်သည်၊) (လူများ ခေါ်ဝေါ်ပြောဆိုအပ်သည့်) အပြစ်တည်းဟူသော ဝေါဟာရဒေါသဟူ၍ နှစ်မျိုးရှိရာ ဤသုမေဓာ စကြံ, သင်္ခမ်း, ပုဆိုး, သစ်ချက်မိုးကျောင်း စရပ်တို့၌ လာသော ဒေါသမှာ ဝေါဟာရဒေါသ(အပြစ်)များသာဖြစ်၍ နီဝရဏငါးပါးကို ဒေါသဟူ၍မယူပဲ မြေကြမ်းထမ်း မညီညွတ်ခြင်း အစရှိသော ဝေါဟာရ ဒေါသတို့ကို ကောက်ယူမှသာလျှင် ရှေ့နောက် ညီညွတ်နိုင်ပေမည်။

---

စာမျက်နှာ (၄၇) (၄၉) တို့၌ ဖော်ပြအပ်သော သမဏသုခရှစ်ပါးနှင့် စပ်၍ သင္ဂိနိပါတ် သောဏကဇာတ်လာ သမဏဘဒြတရား ရှစ်ပါးတို့ကိုလည်း မှတ်ယူအပ်၏။ သောဏကဇာတ်ကြောင်း အကျဉ်းချုပ်ကား....

ဘုရားအလောင်းတော်သည် ရှေးအတိတ်အခါ ရာဇဂြိုဟ်ပြည် မဂဓမင်း၏သားဖြစ်၍ အရိန္ဒမမင်းသားဟု အမည်တွင်လေသည်။ အလောင်းတော်နှင့်တနေ့တည်းမှာပင် ဖွားမြင်သော ဖွားဘက်တော်ကား ပုရောဟိတ်၏သား သောဏက သတို့သား ဖြစ်လေသည်။

ထိုသူနှစ်ယောက်လုံးပင် ငယ်စဉ်က အတူတကွ ကြီးပွါးခဲ့ကြ၍ အရွယ်သို့ရောက်လတ်သော် အတူတကွ တက္ကသိုလ်ပြည်သို့ သွားရောက် ပညာသင်ကြားတတ်မြောက်ပြီးသောအခါ အလုံးစုံသောအယူ အတတ်ပညာ အရပ်ဒေသအလေ့အလာကို ကျွမ်းကျင်သိရှိရန်အတွက် တက္ကသိုလ်ပြည်မှ အတူတကွ ထွက်ခဲ့၍ အစဉ်အတိုင်း ခရီးယာယီ လှည့်လည်ခဲ့ကြရာ ဗာရာဏသီပြည် မင်း၏ဥယျာဉ်အတွင်းသို့ရောက်၍ နောက်တနေ့တွင် ဗာရာဏသီပြည်တွင်းသို့ ဝင်ကြသည်။

ထိုနေ့ကား လူအချို့တို့ ဗြာဟ္မဏဝါစက ခေါ်သော ပုဏ္ဏားတို့၏ ဗေဒင်ရွတ်ဖတ်ပွဲ ထမင်းကျွေးပွဲကျင်းပရန် နို့ဃနာထမင်း စီရင်၍ နေရာထိုင်ခင်းခင်းကျင်းကြပြီးလျှင် မြို့တွင်းသို့ ဝင်လာသော အရိန္ဒမမင်းသားနှင့် သောဏကသတို့သားတို့ကိုမြင်၍ အိမ်အတွင်း ဖိတ်ခေါ် နေရာထိုင်ခင်း ပေးကြသည်တွင် အရိန္ဒမမင်းသားအတွက် အဝတ်ဖြူအခင်း သောဏကသတို့သားအတွက် ကမ္ဗလာနီအခင်း နေရာအသီးသီး ရောက်သည်ကိုမြင်၍။ သောဏကသတို့သားသည် "ယနေ့ ငါ၏သူငယ်ချင်း အရိန္ဒမမင်းသားသည် ဗာရာဏသီမင်း ဖြစ်လိမ့်မည်၊ ငါ့အားမူ စစ်သေနာပတိရာထူးကို ခန့်အပ်လိမ့်မည်"ဟု နိမိတ်အရ သိရှိလေသည်။

http://www.dhammadownload.com



သူငယ်ချင်းနှစ်ယောက် ထမင်းစားသောက်ပြီးသောအခါ ဗာရာဏသီမင်း ဥယျာဉ်သို့ပင်ပြန်၍သွားကြသည်။ထိုနေ့ကား ဗာရာဏသီမင်းနတ်ရွာစံ၍ခုနစ်ရက် မြောက် ရောက်သောနေ့ဖြစ်သည့်အတိုင်း မင်းလောင်းရှာရန် မှူးမတ်တို့ မင်္ဂလာ ရထားလွှတ်သောနေ့ဖြစ်သည်။ မင်္ဂလာရထားသည် မြို့မှထွက်၍ ဥယျာဉ်သို့ သွားပြီးလျှင် ဥယျာဉ်တံခါးဝ၌ ရပ်လေသည်။ ထိုအချိန်မှာ အလောင်းတော် အရိန္ဒမမင်းသားသည် မင်္ဂလာကျောက်ဖျာထက်၌ ဦးခေါင်းကိုခြုံ၍အိပ်နေဆဲ သောဏက သတို့သားကား အလောင်းတော်၏အနီးမှာ ထိုင်နေဆဲဖြစ်သည်။ သောဏကသတို့သားသည် တူရိယာသံတို့ကို ကြားလျှင်ပင် "အရိန္ဒမမင်းသား အတွက် မင်္ဂလာရထား လာလေပြီ၊ သူသည် ယနေ့ပင် မင်းဖြစ်၍ ငါ့အား သေနာပတိရာထူးကို ပေးအပ်လိမ့်မည်၊ စင်စစ်သော်ကား ငါသည် ရာထူး ဌာနန္တရကို အလိုမရှိသူမှန်ပေသည်။ အရိန္ဒမမင်း ဤဥယျာဉ်တွင်းမှ ထွက်သွား လျှင် ငါသည် တောထွက်၍ ရဟန်းပြုအံ့ဟု"ကြံစည်ပြီးလျှင် တထောင့်တကွေး ဖုံးကွယ်ရာ၌ သွားရောက်ပုန်းအောင်း၍နေလေသည်။

ပုရောဟိတ်နှင့်တကွ ဗာရာဏသီမှူးမတ်တို့သည် အရိန္ဒမမင်းသားကို ထို ကျောက်ဖျာထက်မှာပင် အဘိသိက်သွန်း၍ မင်းမြှောက်ပြီးလျှင် ကြီးစွာသော မင်းခမ်းမင်းနားဖြင့် မြို့တော်တွင်း သွင်းကြသဖြင့် အရိန္ဒမမင်းသား ဗာရာဏသီ မင်းအဖြစ်သို့ ရောက်သည်။ မင်းစည်းစိမ်အခြံအရံများလှသဖြင့် အရိန္ဒမမင်း သားသည် သောဏက သူငယ်ချင်းကို သတိမရ မေ့ခြင်းကြီးမေ့ခဲ့လေသည်။

သောဏကသည်လည်း အရိန္ဒမမင်း ပြည်တော်ဝင်လျှင် ထိုမင်္ဂလာ ကျောက် ဖျာထက်သို့ လာရောက်ထိုင်နေလေသည်။ ထိုအခိုက် ထိုသောဏက၏ ရှေ့ တည့်တည့်မှာ အင်ကြင်းရွက်ရော်တရွက် ကြွေကျလာသည်ကို သောဏကမြင် လေလျှင် "ဤအင်ကြင်းရွက်ကဲ့သို့ပင် ငါ၏ ကိုယ်သည်လည်း ရင့်ရော်အိုမင်း ဇရာညှဉ်းသဖြင့် သေခြင်းသို့ မချွတ်ရောက်ခါ မြေသို့ကျပေလိမ့်မည်"ဟု သံဝေဂ ရယူကာ ဝိပဿနာတရား ပွါးများအားထုတ်သဖြင့် ထိုတထိုင်တည်းမှာပင် ပစ္စေကဗောဓိဉာဏ်ပွင့်၍ ပစ္စေကဗုဒ္ဓါတဆူ ဖြစ်တော်မူသည်နှင့်တပြိုင်နက် လူ၏ အသွင် ကွယ်ပျောက် ရဟန်းအသွင်ရောက်ပြီးလျှင် "နတ္ထိ ဒါနိ ပုနဗ္ဘဝေါ= ယခုအခါ ငါ့အား တဖန်ဘဝသစ်ဝယ် ပဋိသန္ဓေ တည်နေဘွယ်မရှိတော့ပြီ"ဟု ဝမ်းမြောက်ရွှင်မြူး ဥဒါန်းကျူး၍ နန္ဒမူလကလိုဏ်သို့ ကြွခဲ့လေသည်။

အရိန္ဒမမင်းသည်လည်း မင်းစည်းစိမ်ယစ်သဖြင့် အနှစ်လေးဆယ်ကျော်လွန် မှ ငယ်သူငယ်ချင်း သောဏကကို သတိရ၍ "ငါ့သူငယ်ချင်း သောဏက ယခု အခါ ဘယ်မှာများ နေပါလိမ့်မည်နည်း"ဟု ထပ်တလဲလဲ လွမ်းဆွတ်လှသော် လည်း သတင်းအစအနမျှ မရရှိသဖြင့်—

http://www.dhammadownload.com



သောဏက၏အကြောင်း သတင်းကောင်းတဆင့်ကြား၍ လျှောက်ထားလာသည့်အဘယ်သူအား ဆုတော်အသပြာတရာ ပေးရပါမည်နည်း၊ ကိုယ်တိုင် ဒိဋ္ဌတွေ့မြင်ရ၍ သောဏကအကြောင်းကို တွေ့နိုင်လောက်အောင် လျှောက်ထားလာသည့် အဘယ်သူအား ဆုတော်အသပြာတထောင်ပေးရပါမည်နည်း၊ ကြီးငယ်မဟူ အဘယ်သူသည် ငါ၏ မြေမှုန့်အတူကစားဖော် အဆွေတော် သောဏကအကြောင်းကို လျှောက်ထားလာပါမည်နည်း....ဟူသော အဓိပ္ပါယ်ကိုဖော်ပြသည့်—

**ကဿ သုတွာ သတံ ဒမ္မိ၊ သဟာယံ ဒဋ္ဌု သောဏကံ။**

**ကော မေ သောဏကမက္ခာတိ၊ သဟာယံ ပံသုကီဠိတံ။—**

ဟူသောဂါထာ ကဗျာသီချင်းကို အရိန္ဒမမင်း ထပ်တလဲလဲ ရွတ်သဖြင့် တိုင်းသူပြည်သားတို့လည်း မင်းကြီးနှစ်သက်သောဂါထာ ကဗျာသီချင်းဟူ၍ လူတိုင်းလူတိုင်း ထိုဂါထာသီချင်းကိုပင် ရွတ်ဆိုကြလေသည်။

အနှစ်ငါးဆယ် လွန်မြောက်သောအခါ၌ကား အရိန္ဒမမင်းအား မြောက်များစွာသော သားတော်သမီးတော်တို့ ထွန်းကားခဲ့ရာ သားတော်အကြီးမှာ "ဒီဃာဝု" မင်းသားဟု အမည်တွင်လေသည်။ ထိုအခါ သောဏကပစ္စေကဗုဒ္ဓါသည် "ငါ့ကို အရိန္ဒမမင်းသည် မြင်လိုလှပြီ၊ ငါသွား၍ ကာမဂုဏ်၌အပြစ်တောထွက်ခြင်း၌ အကျိုး တရားမိုးစွေပြီးလျှင် အရိန္ဒမမင်း ရဟန်းပြုရန်အကြောင်းကို ပြုပေအံ့"ဟု ကြံစည်၍၊ ကောင်းကင်ခရီးဖြင့် မင်းဥယျာဉ်အရောက် ကြွလာပြီးသော် ဥယျာဉ်၏အနီး၌ သူငယ်တယောက် ထင်းခွေရင်းရွှေဖော်ပြရာပါသီချင်းကို ထပ်တလဲလဲ သီဆိုသံကြား၍ ထိုသူငယ်အား သောဏကပစ္စေကဗုဒ္ဓါအရှင်မြတ်က အဖြေဂါထာ ကဗျာသီချင်းတို့ကို သင်ကြားပေးလေသည်။

ထိုသူငယ်သည် အရိန္ဒမမင်းထံသို့ သွားရောက်၍ အဖြေဂါထာကဗျာသီချင်းတို့ကို လျှောက်ဆိုသဖြင့် စစ်အင်္ဂါ ၄-ပါး နှင့်တကွ အရိန္ဒမမင်း ဥယျာဉ်တွင်းသို့ လာရောက်ခါ သောဏကပစ္စေကဗုဒ္ဓါကို ရှိခိုးပြီး ကိုယ်တိုင်က ကိလေသာသမားဖြစ်ရကား....၊အရှင်သောဏကပစ္စေကဗုဒ္ဓါကိုပင် အထီးကျန်ကပ္ပါး ဆင်းရဲသားတယောက်ဟု အထင်သေးခါ"ကပဏော ဝတာယံ ဘိက္ခု"—အစရှိသော ဂါထာဖြင့် ရွတ်ချစကား ပြောကြားလတ်သည်တွင်၊ အရှင်သောဏကပစ္စေကဗုဒ္ဓါက "အရိယမဂ်တရားကို နာမကာယဖြင့် တွေ့ထိခံစားလျက်ရှိသူသည် အထီးကျန်ကပ္ပါး ဆင်းရဲသားမဟုတ်ကြောင်းနှင့် တရားလက်လွတ် မတရားကိုကျင့်သောသူမှသာ အထီးကျန်ကပ္ပါး ဆင်းရဲသားဖြစ်သည့်ပြင် ထိုသူမျိုးမှသာ ကိုယ်တိုင်က သူယုတ်မာဖြစ်၍ သူယုတ်မာများ၏ အားထားခိုကိုးရာ အယုတ်တမာကြီးဖြစ်ကြောင်း" ပြန်လည်ချေပ မိန့်ကြားတော်မူလေသည်။

http://www.dhammadownload.com



ထိုအခါ အရိန္ဒမမင်းက "အရိန္ဒမောတိ မေ နာမံ–အစရှိသော ဂါထာဖြင့် မိမိအမည်မှာ အရိန္ဒမမည်ကြောင်း၊ ကာသိမင်းဟူ၍ ဗိုလ်လူအပေါင်း သိကြကြောင်း–ဖော်ပြ၍ ဤမင်းဥယျာဉ်အတွင်းရောက်တော်မူသော အရှင်ဘုရားအား ချမ်းသာစွာ အိပ်ရနေရခြင်းရှိပါ၏လော" ဟု မေးမြန်းလျှောက်ထားသည်တွင်—

သောဏကပစ္စေကဗုဒ္ဓါအရှင်မြတ်က ရှစ်ဂါထာ့ရွတ်ကြား၍ သမဏဘဒြ= ရဟန်းတို့၏ ကောင်းမြတ်မင်္ဂလာ ချမ်းသာတရား ရှစ်ပါးတို့ကို ဟောတော်မူလေသည်။ ထိုသမဏဘဒြတရား ရှစ်ပါးကား....

၁။ သဗ္ဗဒါပိ ဘဒြမဓနဿ၊ အနာဂါရဿ ဘိက္ခုနော။
န တေသံ ကောဋ္ဌေ ဩပေန္တိ၊ န ကုမ္ဘိ န ကဠောပိယံ။
ပရနိဋ္ဌိတမေသာနာ၊ တေန ယာပေန္တိ သုဗ္ဗတာ။

မြတ်သောမင်းကြီး....အိမ်ရာမထောင် ရဟန်းဘောင်သို့ ကပ်ရောက်လျက် ကြောင့်ကြကင်းသော ရဟန်းအား (ဤသင်၏ ဥယျာဉ်မှာ ဤအခါမှာသာမဟုတ်) နေရာတိုင်း အခါတိုင်းမှာပင် ကောင်းခြင်းမင်္ဂလာ ချမ်းသာတရား ဖြစ်ပွါးလျက်ရှိပေသည်၊ မြတ်သောမင်းကြီး.... ထိုရဟန်းတော်များမှာ (လူများကဲ့သို့ နေ့ရှည်ရက်လျား လောဘပွါးအောင်) ကျီကြထဲ၌ဖြစ်စေ အိုးထဲခြင်းထဲ၌ဖြစ်စေ ဥစ္စာစပါးကို မသိုမှီးမသိမ်းဆည်းအပ်ပေ။ ဒါယကာတို့အိမ်၌ ကျက်ပြီးသော အာဟာရကိုသာ အရိယာတို့၏ ရှာမှီးခြင်းဖြင့် ရှာမှီး၍ရသော ဆွမ်းဖြင့်သာ ပစ္စဝေက္ခဏာဆင်ခြင်သုံးစွဲ၍ မျှတကြကုန်သည်။ (ဤဂါထာဖြင့် ဥစ္စာစပါး သိမ်းဆည်းမှု မရှိခြင်းဟူသော သမဏဘဒြ သမဏသုခကို ပြသည်။)

၂။ ဒုတိယမ္ပိ ဘဒြမဓနဿ၊ အနာဂါရဿ ဘိက္ခုနော။
အနဝဇ္ဇပိဏ္ဍော ဘောတ္တဗ္ဗော၊ န စ ကောစုပရောဓတိ။

(ဝိနည်းကျမ်း၌လာသော အနေသန=ဆေးကုခြင်းစသည့် မအပ်သော ရှာမှီးခြင်းနှစ်ဆယ့်တပါး၊ မိစ္ဆာဇီဝငါးပါး တို့ဖြင့် ရှာမှီး၍ရသော ဆွမ်းမျိုးကိုရင်း၊ ဓမ္မိယလဒ္ဓ=တရားသဖြင့် ရအပ်သော ပစ္စည်းလေးပါးပင်ဖြစ်စေကာမူ ပစ္စဝေက္ခဏာ မဆင်ခြင်ပဲ သုံးဆောင်အပ်သော်ရင်း၊ ထိုကဲ့သို့သော ဆွမ်းမျိုးကို သာဝဇ္ဇပိဏ္ဍ=အပြစ်ရှိသောဆွမ်းဟုခေါ်ဆိုသည်။)

မြတ်သောမင်းကြီး... ရဟန်းကောင်း ရဟန်းမြတ်သည် တရားသဖြင့် ရအပ်သောဆွမ်းကို ပစ္စဝေက္ခဏာတင် ဆင်ခြင်၍ အပြစ်ကင်းသော

http://www.dhammadownload.com



သုံးဆောင်ခြင်းမျိုးဖြင့် သုံးဆောင်အပ်ပေ၏။ ယင်းသို့ အပြစ်ကင်းသောဆွမ်းကို အပြစ်ကင်းသော သုံးဆောင်ခြင်းမျိုးဖြင့် သုံးဆောင်သော ရဟန်းမြတ်အား တစုံတခုသော ကိလေသာမျှ မနှိပ်စက်နိုင်။ ယင်းသို့ အပြစ်ကင်းသော ဆွမ်းကို အပြစ်ကင်းအောင် သုံးဆောင်သဖြင့် ကိလေသာ အနှိပ်စက်မခံရခြင်းသည် တောင့်တမှု ကြောင့်ကြမှု ကင်းငြိမ်းသောရဟန်းတော်၏ ဒုတိယမြောက် ကောင်းခြင်း မင်္ဂလာ ချမ်းသာတရားဖြစ်ပေသည်။ (ဤဂါထာဖြင့် အပြစ်ကင်းသောဆွမ်းကို ရှာမှီးသုံးဆောင်ခြင်းဟူသော သမဏဘဒြ သမဏသုခတရားကိုပြသည်။)

၃။ တတိယမ္ပိ ဘဒြမေနေဿ၊ အနာဂါရဿ ဘိက္ခုနော။
နိဗ္ဗုတော ပိဏ္ဍော ဘောတ္တဗ္ဗော၊ န စ ကောစုပရောဓတိ။

(တရားသဖြင့် ဖြစ်ပေါ်ရရှိပြီးလျှင် ပစ္စဝေက္ခဏာတင် ဆင်ခြင်၍ သုံးအပ်သော ပုထုဇန်၏ ဆွမ်းသည်လည်း နိဗ္ဗုတ=အေးပြီးသော ဆွမ်းမည်သည်။ကောန်မှုချအားဖြင့်ကား ရဟန္တာ၏ ဆွမ်းမှသာ နိဗ္ဗုတ= အေးပြီးသောဆွမ်း ဖြစ်သည်။)

မြတ်သောမင်းကြီး....ရဟန်းကောင်း ရဟန်းမြတ်သည် အေးငြိမ်းပြီးသောဆွမ်းကိုသာ သုံးဆောင်ရ၏၊ ယင်းသို့ သုံးဆောင်ခြင်းကြောင့် တစုံတခုသော ကိလေသာမျှ မနှိပ်စက်နိုင်။ ယင်းသို့ အေးပြီးသော ဆွမ်းကို သုံးဆောင်ခြင်း သုံးဆောင်သဖြင့် ကိလေသာအနှိပ်စက်မခံ ရခြင်းသည် တောင့်တမှု ကြောင့်ကြမှု ကင်းငြိမ်းသော ရဟန်းတော်၏ တတိယမြောက် ကောင်းခြင်းမင်္ဂလာ ချမ်းသာတရားဖြစ်ပေသည်။ (ဤဂါထာဖြင့် အေးပြီးသောဆွမ်းကိုသာ ဘုဉ်းပေး သုံးဆောင်ခြင်း ဟူသော သမဏဘဒြ သမဏသုခကို ပြသည်။)

၄။ စတုတ္ထမ္ပိ ဘဒြမေနေဿ၊ အနာဂါရဿ ဘိက္ခုနော။
မုတ္တဿ ရဋ္ဌေ စရတော၊ သင်္ဂေါ ယဿ န ဝိဇ္ဇတိ။

မြတ်သောမင်းကြီး....ပစ္စည်းလေးပါး ဒါယကာတို့အပေါ်၌ ငြိတွယ် တပ်မက်ခြင်း လွတ်ကင်းလျက် မြို့ရွာအရပ်ဝယ် လှည့်လည်ကျက်စား သော ရဟန်းကောင်းအား ရာဂတည်းဟူသော ငြိတွယ်ခြင်း ဒေါသ တည်းဟူသော ငြိတွယ်ခြင်းစသည် မရှိနိုင်၊ (ဆူး၏ငြိတွယ်ခြင်းကဲ့သို့ အာရုံ၌ ထိပါး ပြစ်မှားသောအားဖြင့် ငြိတွယ်ခြင်းကို ဒေါသငြိတွယ် ခြင်း=ဒေါသသင်္ဂ ဟု ခေါ်သည်။) ယင်းသို့ ငြိတွယ်ခြင်း ကင်းမှုသည် တောင့်တခြင်း ကြောင့်ကြခြင်းကင်းသော ရဟန်းတော်၏ စတုတ္ထ

http://www.dhammadownload.com



မြောက် ကောင်းခြင်းမင်္ဂလာ ချမ်းသာတရား ဖြစ်ပေသည်။ (ဤဂါထာဖြင့် ဓါယကာ ဓါယိကာမတို့ အပေါ်ဝယ် တွယ်တာမှုကင်းခြင်း ဓါယကာ ဓါယိကာမတို့နှင့် ထွေးရောယှက်ထင် မနေခြင်း ဟူသော သမဏဘဒြ သမဏသုခကို ပြသည်။)

၅။ ပဥ္စမမ္ပိ ဘဒြမနေသံ၊ အနာဂါရိယာ ဘိက္ခုနော။
နဂရမှိ ဥယျမာနမှိ၊ နာဿ ကိဉ္စိ အဍယှထ။

မြတ်သောမင်းကြီး....(အကြင်ရဟန်းသည် ပရိက္ခရာများစွာရှိသဖြင့် ငါ၏ပရိက္ခရာများကို ခိုးသူတို့ မခိုးစေကုန်လင့်ဟု အကြံပြုပြီးလျှင် ပိုလျှံနေသောပရိက္ခရာများကို ရင်းနှီးရာ ဓါယကာတို့အိမ်သို့ အပ်နှံထားတတ်သည်၊ ထိုရဟန်းမှာ နောက်အခါ၌ မြို့ရွာအတွင်း ဤမည်သော ဓါယကာ့အိမ် မီးလောင်သတဲ့ဟူသော သတင်းစကားကို ကြားရလျှင် စိုးရိမ်ပင်ပန်းနွမ်းနယ်ရ၏။ ထိုသို့သောရဟန်းအား ကောင်းခြင်းမင်္ဂလာ ချမ်းသာမှုမရှိနိုင်ချေ။) အကြင်ရဟန်းသည်ကား (တောင်ပံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသောငှက်မှာ သွားလေရာရာ ကိုယ်ပိုင်ဥစ္စာတောင်ပံသည် လိုက်ပါသကဲ့သို့) ကိုယ်ပိုင်ဥစ္စာဟူ၍ ကိုယ်၌ငြိတွယ် သုံးဆောင်နေဆဲ ဖြစ်သော ပရိက္ခရာသာရှိ၏။ ထိုသို့သောရဟန်းအား မြို့ရွာကိုမီးလောင် အပ်သော်လည်း တစုံတခုကိုမျှ အလောင်မခံရ။ ထိုသို့ မီးအလောင်မခံရခြင်းသည်လည်း ရဟန်းတော်၏ ပဥ္စမမြောက် ကောင်းခြင်းမင်္ဂလာ ချမ်းသာတရား ဖြစ်ပေသည်။ (ဤဂါထာဖြင့် မီးအလောင်မခံရခြင်း ဟူသော သမဏဘဒြ သမဏသုခကို ပြသည်။)

၆။ ဆဋ္ဌမ္ပိ ဘဒြမနေသံ၊ အနာဂါရိယာ ဘိက္ခုနော။
ရဋ္ဌေ ဝိလုမ္ပမာနမှိ၊ နာဿ ကိဉ္စိ အဟီရထ။

မြတ်သောမင်းကြီး....ခိုးသူတို့ပုန်ကန်၍ မြို့ရွာကိုလုယက် တိုက်ဖျက်အပ်သောအခါ (ပရိက္ခရာအပိုများသော ရဟန်းတို့၏ မြို့ရွာတွင်းရှိ ပရိက္ခရာတို့ကို ခိုးသူလုယက် အတိုက်အဖျက်ခံရသဖြင့် ထိုသို့သောရဟန်းတို့အား ဘဒြတရားမရှိပြီးလည်း) ငှက်ကဲ့သို့ပင် ကိုယ်တွင်ငြိကပ်သည့် ရှစ်ရပ်ပရိက္ခရာသာ ကိုယ်ပိုင်ဥစ္စာရှိသော ရဟန်း၏မူ တစုံတခုကိုမျှ ခိုးသူတို့ မလုယူအပ်ပေ။ ဤသည်ကား ပစ္စည်းဥစ္စာ သိမ်းဆည်းမှုမရှိသောရဟန်း၏ ဆဋ္ဌမြောက် ကောင်းခြင်းမင်္ဂလာ ချမ်းသာတရားဖြစ်ပေသည်။ (ဤဂါထာဖြင့် ခိုးသူဘေးမှ စိတ်အေးရခြင်း ဟူသော သမဏဘဒြ သမဏသုခကို ပြသည်။)

http://www.dhammadownload.com



**၇။ သတ္တမမ္ဗိ ဘဒြမနေဿ၊ အနာဂါရဿ ဘိက္ခုနော။**
**စောရေဟိ ရက္ခိတံ မဂ္ဂံ၊ ယေ စညေ ပရိပန္ထိကာ။**
**ပတ္တစီဝရမာဒါယ၊ သောတ္ထိံ ဂစ္ဆတိ သုဗ္ဗတော။**

မြတ်သောမင်းကြီး....ပရိက္ခရာရှစ်ပါးသာ ကိုယ်ပိုင်ဥစ္စာရှိသော ရဟန်းသည် ခိုးသူတို့စောင့်နေသောလမ်း, ကင်းအရာရှိတို့ စောင့်ကြပ်သောလမ်းကို အစစ်အဆေး အမေးအမြန်း အဖမ်းမခံရပဲ သပိတ်သင်္ကန်းကိုယူ၍ ချမ်းသာစွာသွားနိုင်၏။ ဤသည်လည်း ရဟန်း၏ သတ္တမမြောက် ကောင်းခြင်းမင်္ဂလာ ချမ်းသာတရား ဖြစ်ပေသည်။ (ဤဂါထာဖြင့် ခိုးသူများ ကင်းအရာရှိများ စောင့်နေသော လမ်း၌ သော်လည်း ဘေးကင်းစွာ သွားနိုင်ခြင်းဟူသော သမဏဘဒြ သမဏသုခကို ပြသည်။)

**၈။ အဋ္ဌမမ္ဗိ ဘဒြမနေဿ၊ အနာဂါရဿ ဘိက္ခုနော။**
**ယံ ယံ ဒိသံ ပက္ကမတိ၊ အနပေက္ခောဝ ဂစ္ဆတိ။**

မြတ်သောမင်းကြီး....ကိုယ်ဝယ် ငှက်ပမာကဲ့သို့ ရှစ်ပါးသော ပရိက္ခရာသာ ကိုယ်ပိုင်ဥစ္စာရှိသော ရဟန်းသည် မိမိအလိုရှိရာအရပ်သို့ (နေရာဟောင်း၌) မငဲ့မကွက် ပြန်နစ်၍မျှမကြည့်ပဲ သွားနိုင်၏။ ထိုသို့ သွားနိုင်ခြင်းသည်လည်း ဥစ္စာပစ္စည်း သိမ်းဆည်းခြင်းမရှိသော ရဟန်း၏ အဋ္ဌမမြောက် ကောင်းခြင်းမင်္ဂလာ ချမ်းသာတရား ဖြစ်ပေသည်။ (ဤဂါထာဖြင့် နေရာဟောင်းကို မငဲ့ကွက်ပဲ အရပ်တပါးသွားနိုင်ခြင်း ဟူသော သမဏဘဒြ သမဏသုခကို ပြသည်။)

ဤသို့—

သမဏဘဒြတရားတို့ကို သောဏကပစ္စေကဗုဒ္ဓါအရှင်မြတ် ဟောတော်မူနေစဉ်မှာပင် စကားဖြတ်၍ အရိန္ဒမမင်းက "သမဏဘဒြတရားများကို အရှင်ဘုရား ချီးမွမ်းဟောကြားတော်မူစေကာမူ တပည့်တော်မှာ ကာမဂုဏ်၌ တပ်မက်သူပီပီ လိုက်နာနိုင်မည်မဟုတ်ပါ၊ တပည့်တော်ကား လူ၌ဖြစ်သောကာမဂုဏ် နတ်၌ ဖြစ်သော ကာမဂုဏ်တို့ကို နှစ်သက် မြတ်နိုးလှပါသည်၊ အဘယ်သို့သော အကြောင်း နည်းလမ်းကောင်းဖြင့် လူဘဝ နတ်ဘဝတို့ကို ရနိုင်ပါမည်နည်း"ဟု မေးမြန်းသောအခါ၊ သောဏကပစ္စေကဗုဒ္ဓါအရှင်မြတ်က ကာမ၌ တပ်မက်သူတို့ ဒုဂ္ဂတိသို့လားရကြောင်း၊ ကာမကိုပယ်နိုင်မှ ဒုဂ္ဂတိသို့ မလားရကြောင်းနှင့် မြစ်လယ်ကျော မျော၍လာသော ဆင်သေကိုစီး အလွန်ကြီးဝမ်းမြောက်ခါ သမုဒ္ဒရာ

http://www.dhammadownload.com



အတွင်း သက်ရောက်၍ ထောက်တည်ရာမရ ပျက်စီးပြုန်းတီးရသော ကျီးငှက်ကို ဥပမာပြ၍ ကာမဂုဏ်၌ အပြစ်တရား ဟောကြားတော်မူပြီး ကောင်းကင် ခရီးဖြင့် သောဏကပစ္စေကဗုဒ္ဓါအရှင်မြတ် ပြန်ကြွတော်မူသည်။

အရိန္ဒမမင်းသည်လည်း သတိသံဝေဂကြီးစွာရ၍ သားကြီး ဒီဃာဝုအား ထီးနန်းအရိုက်အရာ လွှဲအပ်ပြီးလျှင် ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြုပြီး သစ်သီးအာဟာရဖြင့် မျှတတော်မူခါ ဗြဟ္မဝိဟာရဈာန်တရား ပွါးများ အားထုတ်၍ ဗြဟ္မာ့ပြည်သို့ လားရောက်တော်မူလေသည်။

## သမဏသုခ (၈) ပါး

၁။ ဥစ္စာစပါး၊ သိမ်းမထား၊ ရှေ့ဖျားသမဏ မြတ်သုခ။

၂။ အပြစ်ကင်းကွာ၊ ဆွမ်းကိုရှာ၊ ဤမှာသမဏ မြတ်သုခ။

၃။ ဆင်ခြင်ဥာဏ်ရှေး၊ ဆွမ်းတော်အေး၊ တဦးပေးသမဏ မြတ်သုခ။

၄။ ပြည်ပိုင်စိုးမင်း၊ တုတ်စွန်ညှဉ်း၊ လွတ်ကင်းသမဏ မြတ်သုခ။

၅။ အဆောက်အဦ၊ ငါ့ဟာဟူ၍၊ လူ့နှယ်နှိုင်းစက်၊ မတပ်မက်၊ မှတ်ချက် သမဏ မြတ်သုခ။

၆။ ခိုးသူလုယက်၊ ဘေးနှိပ်စက်၊ လွတ်ထွက်သမဏ မြတ်သုခ။

၇။ မှူးမတ်စိုးမင်း၊ ရောယှက်ကင်း၊ ငြိမ်းခြင်းသမဏ မြတ်သုခ။

၈။ လေးမျက်နှာရပ်၊ မတားအပ်၊ လွတ်လပ်သမဏ မြတ်သုခ။

(ဤသမဏသုခရှစ်ပါးနှင့် သမဏဘဒြတရားရှစ်ပါးတို့မှာ တူသည်သာများ လှ၏။ တိုက်ဆိုင်၍ကြည့်လေ။)

---

စာမျက်နှာ (၅၁) လာ လူဝတ်ပုဆိုး အပြစ် (၉) ပါးကား....

၁။ ဝတ်ရုံခဲ့ရင်းပုဆိုး၏ အဖိုးများစွာထိုက်တန်ခြင်းသည် အပြစ်တပါး၊

၂။ ရက်လုပ်တတ်သူ သူတပါးတို့နှင့် ဆက်စပ်မှ ဖြစ်ပေါ်နိုင်ခြင်းသည် အပြစ်တပါး၊

၃။ သုံးစွဲသောအခါ မြန်မြန်ညစ်နွမ်းလွယ်ခြင်းသည် အပြစ်တပါး၊ (ညစ်နွမ်းသဖြင့် ခဏခဏ လျှော်ရဆိုးရသည်။)

၄။ ခဏခဏ လျှော်ရဆိုးရသဖြင့် မြန်မြန်ဆွေးမြည့်လွယ်ခြင်းသည် အပြစ် တပါး၊ (ဆွေးမြည့်သောအဝတ်ကို ခဏခဏချုပ်ရ ဖာထေးရသည်။)

၅။ တဖန်ရှာမှီး၍ ရခဲ ဖြစ်ခဲခြင်းသည် အပြစ်တပါး၊

http://www.dhammadownload.com



၆။ ရှင်ရသေ့အဖြစ်နှင့် မသင့်မလျော် မလျောက်ပတ်ခြင်းသည် အပြစ်တပါး၊

၇။ ရန်သူတို့နှင့် ဆက်ဆံနေခြင်းသည် အပြစ်တပါး၊ (လူ့ဝတ်ကို ရန်သူတို့လိုချင်ကြသဖြင့် ရန်သူတို့ မယူနိုင်အောင် လုံ့ခြုံအောင် စောင့်ရှောက်ရပေသည်။)

၈။ ဝတ်ရုံသုံးစွဲသူ၏အဖို့ ပလ္လာသပျူငှါ တန်းဆာဆင်စရာ ဖြစ်ခြင်းသည် အပြစ်တပါး၊

၉။ မဝတ်ပဲ ယူ၍သွားပြန်ကလည်း ပခုံးထမ်းစရာဝန်ပို၍ အလိုကြီးရာရောက်ခြင်းသည် အပြစ်တပါး—

ဤအပြစ် (၉) ပါးကို သုတောင်းခဏ်းပျို့၌—

ဗိဿာထောင်စပ်၊ ဖိုးသိန်းခပ်သည်၊ ဖြူလှပ်ရဲရဲ၊ ဤဝတ်လဲကား၊ ရခဲငါ့အား၊ အဖိုးခါးခဲ့....။ ထူးခြားမသိ၊ ဝတ်ဘိတုံမူ၊ ပြိန်းဖျင်းလူနှင့်၊ အင်တူတပြေး၊ များမဝေးခဲ့....။ ကိုယ်ကြေးညှိုငေါက်၊ ဝတ်လတ်မြောက်သော်၊ အစောက်မတည်၊ တာမရှည်လျှင်၊ အညစ်မြင်ခဲ့....။ ဝင်သည်အယည်း၊ အဝတ်နည်းကို၊ ညစ်မည်းစနိုး၊ အဆိုးလည်းသ၊ ဖွပ်ရသောအား၊ ဆိုးနယ်များ၍၊ ရံရှားပေါက်ပြမ်၊ စုတ်သည်ဖြစ်လည်း၊ အသစ်တည်းတွ၊ စပ်ဟပ်ရခဲ့....။လှုံ့လယှဉ်ယှဉ်၊ အဝတ်ပျဉ်ဟု၊ ရှာမှီးပြုလည်း၊ ရမှုခဲယဉ်း၊ နှလုံးကျဉ်းခဲ့....။ မချဉ်းမစေ့၊ ရသေ့မည်သည်၊ ဝါချည်အမျိုး၊ ပုဆိုးသက်န်း၊ မရာလွန်းခဲ့....။ ရှင်မှန်းမကြည်၊ လူစိမ်းချဉ်တို့၊ ဝတ်စဉ်ဆဲဆဲ၊ ချွတ်လဲလေလိ၊ သက်ာရှိလျက်၊ မိမိကိုယ်ထံ၊ ဝတ်ချင်ရှုံလည်း၊ ထားနုံမြဲကြောင်း၊ စောင့်ရရှောင်းခဲ့....။ အကောင်းဝယ်စား၊ သုံးစွဲငြားလည်း၊ ပလ္လာသပျူငှါ၊ တန်းဆာဆင်မူ၊ ယောင်ပြုသန်လွှင်၊ မူသည်ထင်ခဲ့....။ ကိုယ်တွင်မဝတ်၊ အမြတ်စတော၊ ထားတုံချေလည်း၊ မခြေဝတ်ကြွင်း၊ တငင်းငင်းလျှင်၊ ရှင်းရှင်းလိုလွန်၊ မကွန်စသာ၊ ကြီးစွာအလို၊ ရှင်ဝန်သိုဟု၊ ထိုထိုသသူ၊ သူတော်လူတို့၊ ဟူလေရာရှောင်း၊ ကဲ့ခြကောင်းခဲ့....။

ဟူ၍ ပိုဒ်ရေ (၈၂) ၌ စပ်ဆိုသည်။

အဖိုးကြီးမြင့်၊ သူနှင့်စပ်သွယ်၊ ညစ်နွမ်းလွယ်၏၊ ဆွေးလွယ်တရပ်၊ ခဲကပ်ဖြစ်ခွင့်၊ ရှင်နှင့်မလျော်က်၊ များမြောက်ဘေးရန်၊ သုံးပြန်ဝိဘူ၊ ဆောင်မှုဝန်ပို၊ အလိုကြီးခြင်း—ဤကိုးသင်း မှတ်လျှင်းလူ့ဝတ်အပြစ်တည်း။

http://www.dhammadownload.com



**လျှော်တေသက်န်း၏ ဂုဏ်ကျေးဇူး (၁၂) ပါးကား....**

၁။ အဖိုးနည်း၍ ကောင်းမွန်ပြီးလျှင် ရှင်ရသေ့တို့နှင့် အပ်စပ်ခြင်းသည် ဂုဏ်ကျေးဇူးတပါး၊

၂။ မိမိလက်ဖြင့် ပြုလုပ်နိုင်ခြင်းသည် ဂုဏ်ကျေးဇူးတပါး၊

၃။ သုံးဆောင်ရာမှာ ဖြည်းဖြည်းသာ ညစ်နွမ်း၍ လျှော်သောအခါ ကိစ္စကျယ်ဝန်းမှုမရှိခြင်းသည် ဂုဏ်ကျေးဇူးတပါး၊

၄။ သုံးဆောင်သဖြင့် ဆွေးသွားသော်လည်း ချုပ်စပ်ဖာထေးနေဖွယ်မရှိ စွန့်ပစ်လိုက်ရုံသာ ဖြစ်ခြင်းသည် ဂုဏ်ကျေးဇူးတပါး၊

၅။ တဖန်အသစ်ရအောင်ရှာသောအခါ အလွယ်တကူရအောင် ပြုလုပ်နိုင်ခြင်းသည် ဂုဏ်ကျေးဇူးတပါး၊

၆။ ရှင်ရသေ့အဖြစ်နှင့် လျောက်ပတ်သင့်လျော်ခြင်းသည် ဂုဏ်ကျေးဇူး တပါး၊

၇။ ရန်သူလူဆိုးတို့၏ အသုံးအဆောင် မဟုတ်ခြင်းသည် ဂုဏ်ကျေးဇူး တပါး၊

၈။ သုံးဆောင်သောသူမှာ တန်းဆာဆင်ရာမရောက်ခြင်းသည် ဂုဏ်ကျေးဇူး တပါး။

၉။ ဝတ်ရုံဆောင်ယူရာ၌ ပေါ့ပါးခြင်းသည် ဂုဏ်ကျေးဇူးတပါး၊

၁၀။ သင်္ကန်းပစ္စည်း၌ အလိုနည်းခြင်းသည် ဂုဏ်ကျေးဇူးတပါး၊

၁၁။ လျှော်ကိုထုလျှင် တေလျှင်ပင် လျှော်တေသက်န်းဖြစ်နိုင်သဖြင့် လျှော်တေသက်န်းဖြစ်ပေါ်စေခြင်း၌ တရားနှင့် ညီ၍ အပြစ်မရှိခြင်းသည် ဂုဏ်ကျေးဇူးတပါး၊

၁၂။ လျှော်တေသက်န်း ပျောက်ဆုံးပျက်စီးသွားသော်လည်း ငဲ့ကွက်နှမြောနေဘွယ်မရှိခြင်းသည် ဂုဏ်ကျေးဇူးတပါး –

ဤ (၁၂) ပါးတို့ပင်တည်း။ ဆုတောင်းခဏ်း ပိုဒ်ရေ (၈၄) ၌ အဓိပ္ပါယ် အကျယ်ပါသည်။

**လျှော်တေသက်န်း**

လျှော်တေသက်န်းဟူသည်မှာ....ဖြူဆံမြက်ကို အမျှင်အမျှင် ဆုတ်၍ ဆက်စပ်ထုံးဖွဲ့ကာ ဝတ်ရုံစရာ ပြုလုပ်အပ်သော သင်္ကန်းပင်ဖြစ်သည်။ (ဤကား အဋ္ဌသာလိနီ အဋ္ဌကထာ၌ လာသောအတိုင်း ဆိုခြင်းဖြစ်သည်။)

http://www.dhammadownload.com



ကဗျာ့ပါရဂူ ဖြစ်တော်မူသော အရှင်မဟာသီလဝံသကမူကား ဆုတောင်းခဏ်းပျို့ ပိုဒ်ရေ (၇၃) ၌–

ချုပ်တွဲချောမော၊ ဖြူဆံကြောတိ၊ ကုန်းစောလည်းတိမ်၊ ကျစ်ကာလိမ်သည်၊ မွှေးသိမ်တေဆန်း၊ လျှော်နှားစွန်းကို၊ သက်နှ်းသင်းဖိုင်၊ မှတ်၍ကိုင်ပြီး–

ဟူ၍ စပ်ဆိုသည်။ ဤလင်္ကာအရ ဖြူဆံမြက်တို့ကို အမျှင်အမျှင်ဆုတ်၍ ဆက်စပ်ထားရုံမျှ ကိစ္စမပြီးသေး၊ ချောမောသိမ်မွေ့အောင် ထုတေ၍ ပေးရသေးသည်၊ သို့ဖြစ်၍ "လျှော်တေ"ဟု ခေါ်ကြောင်းကို ပြဆို၏။

ထိုလျှော်တေသင်္ကန်းကို ပါဠိလို ဝါကစီရဟူ၍၎င်း, ဝက္ကလဟူ၍၎င်း, တိရီဋကဟူ၍၎င်း ခေါ်ဆို၏။ ထိုတွင်–

ဝါကစီရသဒ္ဒါ ဟောအပ်သော သင်္ကန်းမှာ အဋ္ဌသာလိနီအဋ္ဌကထာဖွင့်သည့်အတိုင်း ဖြူဆံမြက်တို့ကို ပြုလုပ်၍ရသော သင်္ကန်းဖြစ်၍ တိုက်ရိုက် မြန်မာပြန်ဆိုလျှင် "ဖြူဆံမြက်သင်္ကန်း"ဟူ၍ ပြန်ဆိုရမည်ကဲ့သို့ရှိ၏။ သို့သော် ရှေးဆရာကျော်များ မပြန်ဆိုခဲ့ကြ၊ "လျှော်တေသင်္ကန်း" ဟူ၍သာ ပြန်ဆိုတော်မူခဲ့ကြသည်။

ဝက္ကလနှင့် တိရီဋက ဟူသော အမည်နှစ်ခုသည်ကား သစ်ခွံမှ ရသော လျှော်ဖြင့်ပြုအပ်သော သင်္ကန်းဖြစ်၏၊ ဝက္ကလပုဒ်၌ ဝက္ကသဒ္ဒါသည် သစ်ခွံကိုဟော၏၊သစ်ခွံဆိုသော်လည်း အပြင်ပမှထူထဲသောအခွံကို မယူရ၊အတွင်းမှ အသားကိုဖုံးလွှမ်းသော အခွံပါး(လျှော်)ကိုသာ ယူရမည်။ ထို လျှော်တို့ကို ခွါယူချုပ်စပ်ပြီးလျှင် နူးညံ့အောင် ထုတေထားသည့်အတွက် လျှော်တေသင်္ကန်းခေါ် သည်ဟု မှတ်ယူရာ၏။ ဝါကစီရပုဒ်အရ "ဖြူဆံမြက်သင်္ကန်း"ဟု အဓိပ္ပါယ်ရရှိသော်လည်း ဖြူဆံမြက်ကို ပြုလုပ်သည်ထက် သစ်ပင်မှ လျှော်တို့ကိုယူ၍ ပြုလုပ်သည်ကများသောကြောင့်"ဖြူဆံမြက်သင်္ကန်း"ဟု မထင်ရှားပဲ"လျှော်တေသင်္ကန်း"ဟူ၍သာ ထင်ရှားတော့သည်။ ထို့ကြောင့်ပင် ဆုတောင်းခဏ်းပျို့ ပိုဒ်ရေ(၉၁)၌—

"တလ္လညီငှေါက်၊ လူနံ့ဖျောက်၍၊ သစ်ခေါက်လည်းဝတ်၊ လဲချွတ်လူမွေး၊ လူ့ညစ်ကြေးကို၊ လျှော်ဆေးမှုထား၊ လူ့ဝတ်စားလည်း၊ ငါ့အားပယ်ရပြီးသတည်း"—

ဟု သစ်ခေါက် လျှော်တေကိုပင် စပ်ဆိုတော်မူသည်။

---

http://www.dhammadownload.com



## သစ်သားသုံးခွ

တိဒဏ္ဍ (သို့မဟုတ် တယောသူလီ) ခေါ် သစ်သားသုံးခွမှာ ရသေ့ အသုံး အဆောင် တမျိုးပင်ဖြစ်သည်။ ကရားတင်စရာ တုတ်ချောင်းသုံးခုကိုခေါ်သည်။ (တေဒဏ္ဍိကောတိ ကုဏ္ဍိကဋ္ဌပနတ္ထာယ တိဒဏ္ဍကံ ဂဟေတွာ စရန္တော။ ။တိက၊ တိရိဋ္ဌိဝစ္ဆဇာတကဋ္ဌကထာ)။ ။ခြေသုံးချောင်းရှိသော တပင်တိုင် ကလာပ် လည်း ဆိုကြ၏။

---

## ရေကရားနှင့် ထမ်းပိုး

ကုဏ္ဍိကာခေါ်သော ရေကရားမှာ ရသေ့အသုံးအဆောင် ပစ္စည်းတမျိုးပင် ဖြစ်၏။ ။ခါရိကာဇ ဟူသော ပါဠိအရာ၌ ရှေးဆရာကြီးများကပင် ခါရိနှင့် ကာဇ အရအတူတူပင်၊ သုံးဌာန၌ ကောက်သော ထမ်းပိုးဟူ၍ ဆုံးဖြတ်တော် မူကြသည်လည်းရှိ၏။ အချို့ဆရာကြီးများကလည်း ခါရိဟူသည် ပွတ်ခုံ(မီးဆုံ)၊ အပ်၊ ယပ်တောင် စသော ရသေ့အသုံးအဆောင်စုကို ခေါ်သည်ဟု ဆိုတော် မူကြသည်။ ဤ ဆရာကြီးများ၏အလို ခါရိကာဇအရ "ရသေ့ပရိက္ခရာအမျိုးမျိုး ချိတ်ဆွဲထားသော ထမ်းပိုး" ဟု အဓိပ္ပါယ် ပြန်ဆိုရပေမည်။

ဆုတောင်းခတ်းပျို့ဆရာ အရှင်မဟာသီလဝံသ အလိုအားဖြင့် ခါရိဟူသော ပါဠိကို ပြာစစ်ဟု မြန်မာပြန်ဆိုရမည်။ ပြာစစ်ဟူသည်မှာလည်း အိမ်ဖူးပင် ဖြစ်သည်ဟု ပြဆိုလိုသောကြောင့် "ပြာစစ်အိမ်ဖူး" ဟု ပိုဒ်ရေ(၆၆)၌စပ်ဆိုသည်။ အိမ်ဖူးဟူသည် ယခုကာလ ရေနွေးဖူးများကဲ့သို့ ရေထည့်၍ သောက်သုံးသော ဖူးအုံပင်ဖြစ်သည်။

---

## အဇိနစမ္မ=သစ်နက်ရေ

"အဇိနစမ္မခေါ်သော ခွါနှင့်တကွသော သားကောင်အရေ" သည်လည်း ရသေ့အသုံးအဆောင် တပါးပင်ဖြစ်၏။ အနည်းငယ် စိစစ်ပြဆိုဦးအံ့....၊

ဤ အဇိနစမ္မဟူသော ပါဠိကို ရှေးဆရာတော်များက "သစ်နက်ရေ" ဟူ၍ တညီတညွတ်တည်း မြန်မာပြန်ဆိုတော်မူကြ၏။ ဤသို့ ပြန်ဆိုသည့် အတွက် တကောင်လုံး အသွေးအရောင် မည်းနက်သော သစ်ကို "သစ်နက်" ခေါ်သည် ဟု အများပင် ယူမှတ်ကြ၏။မဂဓအဘိဓာန် ဂါထာအမှတ်(၆၁၁)၌(သဒ္ဒူလော ဒီပိနီရိတော ဟူ၍) ကျားသစ်ဟောသဒ္ဒါ သဒ္ဒူလ, ဒီပိ နှစ်မျိုးလာ၏။ အဇိန သဒ္ဒါ ကျားသစ်ဟောမလာ။ အမရကောသ အဘိဓာန်(၁၇-ဝဂ်၊ ၄၇-ဂါထာ)၌ အဇိနသဒ္ဒါ သားရေဟောအဖြစ်ဖြင့် စမ္မနှင့် ပရိယာယ်တူလာသည်။ ဤ အမရ ကောသ အဆိုကို သတိပြုရာ၏။

http://www.dhammadownload.com



အဋ္ဌသာလိနီအစရှိသော အဋ္ဌကထာတို့၌ "ပုန္နာဂပုပ္ဖသဏ္ဍာရသဒိသံ သခုရံ အဇိနစမ္မံ"ဟူ၍ လာရာဝယ်၊ "ပုန်းညက်ပန်းအခင်း အဆင်းအရောင်နှင့်တူသော ခွါနှင့်တကွသော သစ်နက်ရေ"ဟု မြန်မာပြန်ဆိုကြ၏။ဤစကားရပ်၌—သခုရံ= ခွါနှင့်တကွသောဟု ဆိုထားသဖြင့် သားကောင်၏ အရေဖြစ်ကြောင်း သိရ၏။ ပုန်းညက်ပန်းအခင်းနှင့် တူသည်ဟု ပြဆိုရာ၌ အရောင်အားဖြင့် ပုန်းညက်ပန်း အခင်း၏ အသွေးအရောင်နှင့် တူသည်ဟု ပြဆိုလိုသလော၊ သို့မဟုတ် နူးညံ့ သိမ်မွေ့ခြင်းအားဖြင့် တူသည်ဟု ပြဆိုလိုသလောဟု တွေးတောရန် ရှိ၏။ ပုန်းညက်ပန်းသည် အခြားပန်းများထက် ထူးကဲ၍ နူးညံ့ သိမ်မွေ့ခြင်း မရှိ ကြောင်းကို အများသိပြီးဖြစ်သောကြောင့် နူးညံ့သိမ်မွေ့ပုံချင်း တူသည်ကို ပြဆိုလိုသော ဥပမာမဟုတ်၊ အသွေးအရောင်ချင်း တူသည်ကိုသာ ပြဆိုလိုသော ဥပမာဖြစ်သည်ဟု ယူဆသင့်၏။ ထိုသို့ အသွေးအရောင်ချင်း တူသည်ကို ပြဆို သော ဥပမာဖြစ်ကလည်း "သစ်နက်" မဟုတ်ကြောင်း သိသာ၏။

မုံရွေး ဇေတဝန်ဆရာတော်ဘုရားကမူ...."ပုန်းညက်ပန်း အခင်းနှင့်တူသော- ဟူသောစကားမှာ သစ်နက်ရေ၏ အသွေးအရောင်ကို ပြဆိုသော ဥပမာမဟုတ်၊ ယခုကာလ အများသိနေကြသော သစ်ပြောက်ရေကိုလည်း ရသေ့ရဟန်း များ သုံးအပ်သည်ဟု ပြလိုသောကြောင့် သစ်ပြောက်ကို နှိုင်းခိုင်းဖော်ပြသော ဥပမာဖြစ်သည်"ဟု ပြဆိုတော်မူ၏။

အဇိနဟူသော ပါဠိကို ရှေးဆရာ့ဆရာကြီးများက "သစ်နက်" ဟု မြန်မာ ပြန်ဆိုခဲ့ခြင်းကြောင့် မည်းနက်သောအသွေးအရောင်ရှိသော သစ်တမျိုး ရှိသေး သကဲ့သို့ ဖြစ်နေ၏။ မဂဓအဘိဓာန်မှာ အသွေးအရောင် မခွဲပြပဲ သစ်သတ္တဝါ ဟူသမျှကို ဒီပိဟူ၍၎င်း သဒ္ဒူလဟူ၍၎င်းခေါ်၏။ အဇိနမှာ စမ္မနှင့် ပရိယာယ် တူ၏၊ အရေဟော ပါဠိဖြစ်သည်၊ ထို့ကြောင့် "အဇိနမှိ ဟညတေ ဒီပိ"ဟု ဇနကဇာတက သုဝဏ္ဏသာမဇာတကတို့၌ ဟောတော်မူသည်။ ဇနကဇာတက- ဋ္ဌကထာ၌လည်း "အဇိနမှီတိ စမ္မတ္ထာယ စမ္မကာရဏာ"ဟူ၍ အဇိနကို စမ္မပရိ ယာယ်ဖြင့် လှယ်၍ဖွင့်ပြသည်။

ဗုဒ္ဓဝင်ပါဠိတော်၌လည်း—"ကေသေ မုဉ္စိတွာဟံ တတ္ထ၊ ဝါကစီရဉ္စ စမ္မကံ" ဟူ၍ ရှင်သုမေဓာသည် ဒီပင်္ကရာ ဘုရားရှေ့မှောက် ကျောက်စစ်တံတား ခင်းထားကြည်ဖို့ လျှုခါနီးအခါ၌ ဆံပင်ကိုဖြည်ပြီးလျှင် လျှော်တေသင်္ကန်းနှင့် သားရေကို ရွှံ့ဗွက်ပေါ်၌ ဖြန့်ခင်းကြောင်းကို ဟောတော်မူသည်။ ဤပါဠိတော် ၌လာသော စမ္မက=(သားရေ) ဟူသည် ဝိသုကြုံနတ်သား ဖန်ဆင်းခဲ့သော အဇိနစမ္မပင်ဖြစ်သည်။

http://www.dhammadownload.com



ဆိုအပ်ပြီးသော အကြောင်းအရာတို့ကို ထောက်၍ အဇိနစမ္မ ဟူသည် (လက်သည်း ခြေသည်းရှိသော ကျားမျိုး သစ်မျိုး ကြောင်မျိုးမဟုတ်)သခုရံ= ခွါနှင့်တကွသော ဟူသော ဝိသေသနကို ထောက်၍ ကျွဲ နွား မြင်းများကဲ့သို့ ခွါရှိသော သတ္တဝါ၏ အရေသာဖြစ်သည်။ ထိုအရေမှာလည်း အဆင်းအားဖြင့် အဋ္ဌသာလိနီအဋ္ဌကထာ၌ ပြသည့်အတိုင်း ပုန်းညက်ပန်းအခင်း၏ အဆင်းနှင့် တူသည်။ အတွေ့အထိမှာ ်သ်း အလွန်နူးညံ့သိမ်မွေ့လှ၏။ ဤသတ္တဝါမျိုးသည် ကေ်ဖမည်သော သားကောင်ကဲ့သို့ ဟိမဝန္တာအင ်ဟိမဝန္တာနှင့် နီးကပ်သော အရပ်များမှာသာရှိသော သားကောင်အထူးဖြစ်၏။ ဤ သားကောင်၏အရေသည် အဆင်းလှပနူးညံ့သိမ်မွေ့၍ ရရှိရန်အလွန်ခဲယဉ်းသောကြောင့် လူအပေါင်းတို့သည် ဤ အရေကို အမြတ်တနိုး ပူကြပြီးလျှင် မင်္ဂလာရှိသော အရေဟူ၍ ဝေါဝေါ သမုတ်ကြကုန်၏။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားသောအခါ သုဒ္ဓါဝါသဘုံသား ရဟန္တာဗြဟ္မာကြီးများ၏ လက်မှ စတုမဟာရာဇ် နတ်မင်းကြီး လေးပါးတို့က လောက၌ မင်္ဂလာရှိသည်ဟူ၍ သမုတ်အပ်သည့် အတွေ့ကောင်းလှစွာသော ထို သားကောင်အထူး၏ အရေ (သစ်နက်ရေ)ဖြင့် ခံယူကြကြောင်းကို ဇာတ်အဋ္ဌကထာ နိဒါန်း ဗုဒ္ဓဝင်အဋ္ဌကထာတို့၌–"ဗြဟ္မာနံ ဟတ္ထတော စတ္တာရော မဟာရာဇာနော မင်္ဂလသမ္မတာယ သုခသမ္ဖဿာယ အဇိနပ္ပဝေဏိယာ ဂဏှိံသု" ဟူ၍ ပြဆိုတော်မူကြသည်။

ဤ ဆိုအပ်ပြီးသည်ကား "အဇိနစမ္မ" ဟူသော ပါဠိဝယ် ရှေးဆရာမြတ်တို့ "သစ်နက်ရေ"ဟု မြန်မာ ပြန်ဆိုခြင်းနှင့် စပ်လျဉ်း၍ အဂ္ဂမဟာပဏ္ဍိတ (ဤ ဗုဒ္ဓဝင်ကျမ်းကြီးကို အစအဦး ပြုစုသူ) ဆရာကြီး ဦးလင်း၏ စိစစ် ဝေဘန်ချက်တည်း။

"သစ်နက်ရေ"ဟု မြန်မာပြန်ဆိုသော ဆရာတော်မြတ်တို့အနက် အရှင်မဟာသီလဝံသ ဆရာတော်က ဆုတောင်းခဏ်းပျို့ ပိုဒ်ရေ(၇၅)၌–"ပွင့်ကြီးဧမြက်၊ ပုန်းညက်သဘွယ်၊ ပန်းပြောက်ချယ်သို၊ သပ္ပါယ်လှစွာ၊ ခြေသည်းမွှာတိ၊ အရာမပျက်၊ သစ်နက်အရေ၊ ဆောင်စနေကို၊ ပြေပြေပြစ်ပြစ်၊ ခေါက်စနစ်လျက်၊ တဘက်ဗယ်တင်၊ ထားပြီးကျင်မှ"ဟု (သခုရံဟူသော ပါဠိအရ ခွါနှင့်တကွဟု အနက်မပြန်ပဲ၊ ခြေသည်းမွှာနှင့်တကွသောဟု အနက်ပြန်၍) သစ်နက်ကိုပင် တိုက်ရိုက် စပ်ဆိုတော်မူသည်။

မာန်လည် ဆရာတော်ဘုရားကြီးကလည်း မဃဒေဝလင်္ကာ ပဉ္စမပိုင်း တောထွက်ခဏ်း ဒုတိယပိုဒ်၌—

http://www.dhammadownload.com



"တောချောင်ခိုအောင်း၊ သားငှက်ပေါင်းကို၊ ချောင်း၍အစာ၊ ခုပ်သော့ခါလျှင်၊ လကျ်ာကျမှ၊စားကြစရိုး၊ အမျိုးလေ့ကျက်၊ မြဲမပျက်သည့်၊ သစ်နက်ကျင့်နေ၊ ဥပဒေကို၊ သက်သေပြုရှောင်း၊ အကြောင်းတမျဉ်၊ နိမိတ်ယှဉ်၍၊ အစဉ်မပြတ်၊ စွဲမှတ်နှလုံး၊ ကျင့်သုံးဖြစ်စေ၊ နည်းယူထွေဖြင့်၊ သေသေချာချာ၊ နွါနှင့်တကွ၊ လှပချောပြေ၊ ထိုသားရေကို၊ အခြေမပျက်၊ ပခုံးထက်၌၊ ဆောင်လျက်မမှား၊ တရားမဖည်၊ မြဲဆောက်တည်လျက်"—

ဟူ၍ သစ်နက်တို့သည် အစာကို ခုပ်ဖမ်းသောအခါ လကျ်ာသို့ကျသောအစာကိုသာစား၍၊ လက်ဝဲသို့ကျသောအစာကို မစားသကဲ့သို့၊ ရသေ့ရဟန်းတို့သည်လည်း လက်ဝဲနှင့်တူသည့် မတရားသဖြင့်ရသောပစ္စည်းကို မသုံးစွဲပဲ လကျ်ာနှင့်တူသည့် တရားသဖြင့်ရသော ပစ္စည်းကိုသာ သုံးဆောင်မည်ဟု အဓိဋ္ဌာန်သောအားဖြင့် သစ်နက်ရေကို ဆောင်ယူကြကြောင်း စပ်ဆိုတော်မူသည်။

---

ဇဋ္ဌာ, ဇဋ္ဌာမဏ္ဍလ=ဆံကျစ်နှင့် ဆံကျစ်ဝန်း

ရသေ့တို့နှင့်စပ်၍ ဆံကျစ် ဆံကျစ်ဝန်း နှစ်ပါးကိုလည်း ခွဲခြားမှတ်သားအပ်၏။ မှတ်သားပုံမှာ....ဆံကျစ်ဟူသည် ရသေ့၏ကိုယ်၌ ရှိရင်းစွဲတည်း။ ရသေ့ပြုလုပ်သောသူသည် မိမိဆံပင်ကို သန့်ရှင်းဖီးလိမ်း ပြင်ဆင်နေရမှု မရှိအောင် ကျစ်လစ်စွာ ခိုင်ခိုင်မြဲမြဲ ထုံးထားရာ၏။ ထိုသို့ ဆံပင်ကို ကျစ်လစ်စွာ ထုံးထားသည်ကိုပင် ဆံကျစ်ခေါ်သည်ဟု မှတ်ယူသင့်၏။

အဋ္ဌသာလိနီအဋ္ဌကထာလာ သစ်ရွက်မိုးသောစရပ်အတွင်း ဝိသုကြုံနတ်သား ဖန်ဆင်းအပ်သော အသုံးအဆောင်တို့တွင် ဇဋ္ဌာမဏ္ဍလခေါ် ဆံကျစ်ဝန်းတခု ပါသဖြင့် ဆံကျစ်ဝန်းဟူသည် ရသေ့ကိုယ်မှအလွတ် ဝိသုကြုံနတ်သား ဖန်ဆင်းအပ်သော ပစ္စည်းတခုဖြစ်သည်။ ရှင်သုမေဓာကိုယ်၏ အစိတ်အပိုင်းတခုမဟုတ်ဟု မှတ်ယူသင့်၏။ ရှင်သုမေဓာသည် သစ်ရွက်မိုးသော စရပ်အတွင်းသို့ရောက်သောအခါ ဆံကျစ်ဝန်းကို ဦးခေါင်း၌စွပ်၍ ဦးသျှောင်နှင့်တကွ မလှုပ်မရှားရအောင် ဆင်စွယ်ဆံထိုးကို သွင်းထိုးထားသည်–ဟူသောစကားကိုထောက်၍လည်း ဇဋ္ဌာမဏ္ဍလ=ဆံကျစ်ဝန်းသည် ရှင်သုမေဓာ၏ ဦးသျှောင် (ဆံသုံး)မှ သီးခြားဖြစ်ရကြောင်းသိသာ၏။ ဤသို့ ဦးသျှောင်ပေါ်မှ အုပ်၍စွပ်ထားရသော ဆံကျစ်ဝန်းကိုပင် ယခုအခါကာလ၌ ထောက်ချာဟု ခေါ်သည်။ (ထောက်ချာ=ဦးသျှောင်ပေါ်မှာ အမှိုက်သရိုက်စသည် မကျရအောင် ထောက်ခံအုပ်ချုပ်ထားသော အသုံးအဆောင်ဟု ဆိုလိုသည်။)

http://www.dhammadownload.com



မုံရွေး ဇေတဝန် ဆရာတော်ကမူ—"သမန္တစက္ခုဒီပနီကျမ်း ပဥ္စမတွဲ၌ ကျစ်လစ်စွာ ထုံးထားသောဆံပင်ကို ဆံကျစ်ခေါ်သည်ဟု ရှေးဦးစွာ ပြပြီးလျှင်၊ နောက်၌ အကြောင်းအမျိုးမျိုး ထုတ်ဆောင်၍ ထောက်ချောကိုလည်း ဆံကျစ်ခေါ်သည်ဟု ပြဆိုသွားသည်။ (သမန္တစက္ခုဒီပနီကျမ်း၊ ပဥ္စမအုပ်၊ ပုစ္ဆာအမှတ် ၄၈-၌ကြည့်လေ။)

ဆုတောင်းခဏ်းပျို့၌လည်း—"ရှင်အရည်းလည်း၊ ပြည်းစည်းမဟုတ်၊ ငုတ်လုတ်ဦးသျှောင်၊ ဆံကျစ်နှောင်၍"ဟု စပ်ဆိုသည်။ အဓိပ္ပါယ်မှာ....ရှင်ရသေ့သည် ကတုံးမဟုတ်၊ သျှောင်ငုတ်တုတ်နှင့် ဆံပင်ကိုကျစ်လစ်အောင် ထုံးနှောင်ထားသည် ဟူ၍လည်း ယူနိုင်၏။ ဤသို့ ယူသည်ရှိသော် "ကျစ်လစ်စွာ ထုံးနှောင်ထားသော ဆံပင်ကိုပင် ဆံကျစ်ခေါ်သည်"ဟု အဓိပ္ပါယ်ရ၏။ (တနည်း) ဆံငုတ်တုတ်ကို အပေါ်က ဆံကျစ်ဖြင့် အုပ်၍ နှောင်၍ ဟုလည်း ယူနိုင်၏။ ဤသို့ ယူသည်ရှိသော် "ဆံပင်ပေါ်ကအုပ်ထားသောအရာ (ထောက်ချာ)ကို ဆံကျစ်ခေါ်သည်"ဟု အဓိပ္ပါယ်ရောက်သွား၏။ ၎င်းပျို့ တနေရာ၌လည်း—"ပြုပြင်ဦးရစ်၊ ဆံကျစ်လည်းစွပ်၊ သျှောင်ကျင်တပ်၍"ဟု စပ်ဆိုပြန်သည်။ ဆံပင်ပေါ်က အုပ်ထားသောအရာကိုပင် ဆံကျစ်ခေါ်သည်ဟု အဓိပ္ပါယ်ထွက်သည်။

စတုဓမ္မသာရခေါ် (ကိုးခဏ်း)ပျို့၌—"ပြေပြေပြစ်ပြစ်၊ ဆံကျစ်ဦးသျှောင်၊ လှအောင်ပတ်ထုံး"ဟူ၍ စပ်ဆိုထားသဖြင့် ထို(ကိုးခဏ်း)ပျို့ဆရာ ရှင်မဟာရဋ္ဌသာရ၏ အလိုအားဖြင့် "ကောင်းမွန်စွာ လှပအောင်ထုံးထားသော ဦးသျှောင်ကိုပင် ဆံကျစ်ခေါ်သည်"ဟု အဓိပ္ပါယ်တမျိုးတည်း ရှင်းလျက်ထွက်သည်။

မဂဓအဘိဓာန်ကျမ်း ဂါထာအမှတ် (၂၅၇)၌–"တာပသာနံ တဟိ ဇဋာ" ဟူ၍ ဇဋာသဒ္ဒါသည် ရသေ့တို့၏ ဆံပင်အပေါင်း (ဆံစည်း)ကို ဟောကြောင်း ပြဆိုထားသည့်ပြင်၊ ဂါထာအမှတ် (၉၄၇)၌–"ဝေဏ္ဏာဒိ သာခါဇာလသ္မိံ၊ လဂ္ဂကေသေ ဇဋာလယေ"ဟူ၍ ဇဋာသဒ္ဒါသည် ရှုပ်ထွေးနှမ်လိမ်နေသော ဝါးရုံစသော အနက်၊ ရသေ့တို့၏ ရှုပ်ထွေးနေသော ဆံပင်ဟူသောအနက်၊ တဏှာ ဟူသောအနက် ဤသုံးနက်တို့၌ ဖြစ်ကြောင်းကို ပြဆိုထားသဖြင့် မဂဓအဘိဓာန် (အဘိဓာနပ္ပဒီပိကာ)ကျမ်းအလို "ရှုပ်ထွေးစွာ ထုံးနှောင်ထားသော ဆံပင်ကို ဇဋာဟု ခေါ်ကြောင်း" ထင်ရှားသည်။ ဇဋာဟူသော ပါဠိကိုပင် ဆံကျစ်ဟူ၍ မြန်မာပြန်ထားခြင်း ဖြစ်သည်။

အဋ္ဌသာလိနီအဋ္ဌကထာ၌ ဝိသုကြုံနတ်သား ဖန်ဆင်းသော အသုံးအဆောင်တို့ကို ပြဆိုရာဝယ် ဇဋာ=(ဆံကျစ်) ကို ဖန်ဆင်းသည်ဟု ပြဆိုချက် မပါမရှိ။ ဇဋာမဏ္ဍလ=(ဆံကျစ်ဝန်း)ကို ဖန်ဆင်းသည်ဟုသာ ပြဆိုသည်။ သို့ဖြစ်၍

http://www.dhammadownload.com



ဇဋ္ဌာ=(ဆံကျစ်) သည် ရသေ့၏ ကိုယ်အင်္ဂါအစိတ်အပိုင်း ဆံပင် (သို့မဟုတ် ဦးသျှောင်) ဖြစ်ကြောင်း သိသာသည်။

ဗုဒ္ဓဝင်ပါဠိတော်၌လည်း သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရား ရှေ့တော်တွင် ဆံပင်ကို ဖြည်ဖြန့်ကြောင်း "ကေသေ မုဥ္စိတွာဟံ တတ္ထ" ဟု ဘုရားဟောတော်မူသည်။ "ဆံပင်တို့ကို ဖြည်လိုက်သည်" ဆိုသောစကားဖြင့် "ကျစ်လစ်စွာ ထုံးထားသော ဆံကျစ်ကို ဖျက်လိုက်သည်" ဟူသော အဓိပ္ပါယ်ကို ပြသည်။

ထို့ပြင်၊ ၊ဝိသတိနိပါတ် မာတင်္ဂဇာတ် ပါဠိတော်လာ၊ ၊ဇဋ္ဌာ စ ကေသာ အဇိနာ နိဝတ္ထာ၊ ၊ဟူသောစကားရပ်၌၊ ၊ဇဋ္ဌာ စ ကေသာတိ တာတ မဏ္ဍဗျ တဝ ဒက္ခိဏေယျသု ကေစွာနံ ကေသာ ဇဋ္ဌာ ကတွာန ဗဒ္ဓါ။ အဇိနာ နိဝတ္ထာတိ သခုရာနိ စမ္မာနိ နိဝတ္ထာ၊ ၊ဟူ၍ အဋ္ဌကထာ၌ ဖွင့်ပြသည်။ ။ (ဇဋ္ဌာ စ ကေသာတိ၊ ဇဋ္ဌာ စ ကေသာဟူသည်ကား။ တာတ မဏ္ဍဗျ၊ ချစ်သား မဏ္ဍဗျ....။တဝ၊ သင်ချစ်သား၏။ ဒက္ခိဏေယျသု၊ အလှူခံပုဂ္ဂိုလ်တို့တွင်။ ကေစွာနံ၊ အချို့သောပုဂ္ဂိုလ်တို့၏။ ကေသာ၊ ဆံပင်တို့ကို။ ဇဋ္ဌာကတွာ၊ ဆံကျစ်ပြု၍။ ဗဒ္ဓါ၊ နှောင်ဖွဲ့အပ် (ထုံးအပ်)ကုန်၏) ဟု အဋ္ဌကထာ၌ အနက် သမ္ဗန်ရမည်။ ဆံပင်တို့ကိုပင် ကျစ်လစ်စွာ ဖွဲ့နှောင်ထုံးအပ်ကုန်သည်ဟု ဆိုသဖြင့် ကျစ်လစ်စွာ ဖွဲ့ထုံးအပ်သော ဆံပင်ကိုပင် ဆံကျစ်ခေါ်သည်ဟု အဓိပ္ပါယ် ထွက်သည်။

သို့ဖြစ်၍ "ကျစ်လစ်စွာ ထုံးထားသော ဆံပင်ကိုပင် ဆံကျစ်ဟူ၍ ခေါ်ကြောင်း ဖော်ပြရာပါ ပါဠိအဋ္ဌကထာ မဂဓအဘိဓာန်တို့ကို ထောက်၍ ယုံမှားမရှိ မှတ်ယူရာ၏။

ထို့မှတပါးလည်း–စတုဓမ္မသာရ(ကိုးခဏ်း) ပျို့ ပိုဒ်ရေ(၁၈)မှာ—

"အဋ္ဌင်္ဂီမဂ်၊ ထီးလှိုင်ငှက်အား၊ စိတ်စုံပြားဝယ်၊ နားလတ်သောခါ၊ ထောင်လိုင့်ဖြင့်၊ မဟာဒွေ၊ ကျော့ကွင်းပြု၍၊ တောဝနေလေ၊ ကျင့်သိမ်မွေ့သား၊ရသေ့ပရိက္ခရာ၊ ထက်ကြပ်ပါလျှက်"....စသည်ဖြင့်ရင်း၊

မဃဒေဝလင်္ကာသစ်၊ ပဌမပိုင်း တောထွက်ခဏ်း၊ ဒုတိယပိုဒ်၌—

"ကေသာမသာ့ ဩဟာရေတွာ၊ ကျမ်းလာပါဠိ၊ မိန့်ခွန်းယှိတိုင်း၊ ဣသိတာပယ်၊ ပြုကုံလတ်သား၊ သူမြတ်တကာ၊ ရှေးဦးစွာ၌၊ ကေသာမဿု၊ လူ့အသွင်ပြင်၊ ဆံပင်မုတ်ဆိတ်၊ ဖြတ်ရိတ်ပယ်ပြီး၊ တသီးနောက်မှ၊ ပေါက်သမျှကို၊ မချလုံးလုံး၊ ဆံကျစ်ထုံး၍၊ သက်ဆုံးတိုင်အောင်၊ ထားကြ

http://www.dhammadownload.com



ဆောင်၏....။ဆောင်သည့်စင်စစ်၊ ထိုဆံကျစ်လည်း၊ ပျံ့ရစ်မိုးထက်၊ ကောင်းကင်ငှက်ကို၊ ဆက်ဆက်ဖမ်းငှါ၊ မှန်စွာမချွတ်၊ ကျော့ကွင်းညွှတ်ဖြင့်၊ မလွတ်ရဘွယ်၊ ထောင်သော့နှယ်သို့၊ ထိပ်လယ်ဦးဖျား၊ အတွင်းထား၍၊ ရှစ်ပါးအင်ညီ၊ အဋ္ဌင်္ဂိမဂ်၊ တရားငှက်ကို၊ ဆက်ဆက်ရအောင်၊ ဖြားကြထောင်၏"—

ဟူ၍ရင်း စပ်ဆိုအပ်လေသည်။

ဤပျို့လင်္ကာတို့ကို ထောက်၍လည်း "ဆံကျစ်"မှာ ဆံထုံးဖြစ်ကြောင်း သိသာလှပေ၏။ ဤပျို့လင်္ကာများဖြင့် ဆံကျစ်မှာ ရိုးရိုးဆံထုံးမဟုတ်၊ ကျော့ကွင်းကဲ့သို့ ဆံမြိတ်ကွင်းဖော်၍ ထုံးထားသော ဆံထုံးဖြစ်ကြောင်းကိုပြဆို၏။ ဤပျို့လင်္ကာများ၌ အဓိပ္ပါယ်မှာ....လောက၌ ထီးလှိုင်ငှက် (ငှက်ဆင်) မိုးပျံငှက်ကို ဖမ်းယူရန် ကျော့ကွင်းထောင်သကဲ့သို့၊ ရသေ့များမှာလည်း အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တည်းဟူသော ထီးလှိုင်ငှက် (ငှက်ဆင်) မိုးပျံငှက်ကို စိတ်တည်းဟူသော တောထဲ၌ ဖြစ်လာ နားလာလျှင် မလွတ်တမ်း ဖမ်းယူဘို့ရန် ကျော့ကွင်းအသွင် ဆံပင်ကို ထုံးဖွဲ့ထားသည်။ ထိုသို့ ဆံမြိတ်ကွင်းဖြင့် ဖွဲ့ထုံးထားသော ဆံထုံးကိုပင် ဆံကျစ်ခေါ်သည်ဟု ဆိုလိုသည်။

ဆံကျစ်နှင့်စပ်၍ မှတ်ဖွယ် ပြီး၏။

---

## ရသေ့ ရှစ်မျိုး

ရသေ့ဟူသောအမည်သည် မာဂဓဘာသာအားဖြင့် (ဣသိ)၊ သက္ကတဘာသာအားဖြင့် (ရိသိ)မှ ဆင်းသက်လာသော အမည်ဖြစ်သည်၊ သီလက္ခန္ဓအစရှိသော ဂုဏ်ကျေးဇူးကို ဆည်းပူးရှာမှီးတတ်သော ပုဂ္ဂိုလ်သူမြတ်ဟု ဆိုလိုသည်။ (ရိသိ) ဟူသော သက္ကတဘာသာမှ (ရိ)ကို (ရ)-(သိ)၌ ဣကို ဧပြု၍ အောက်မြစ်သံဖြင့် (သေ့)ဖြစ်လာသည်၊ နှစ်ရပ်ပေါင်း၍ (ရသေ့) ဟူသော မြန်မာဝေါဟာရ ဖြစ်လာသည်။ ထို့ကြောင့်-မဏိဒေဝလင်္ကာသစ်၊ ပိုဒ်ရေ (၄၂၁)၌—

"ဣသိ ရိသိ၊ ပါဠိ သက္ကတ၊ ဘာသာပြသား၊ နှစ်ပါးအလို၊ ထိုဝေါဟာရ၊ ခေါ်ကြတုံဘိ၊ ပါဠိအယို့တွင်၊ ပါဠိအမှတ်၊ ဣသဓာတ်ဖြင့်၊ ကျင့်ဖြတ်မွေ့ညက်၊ တည်ငြိမ်သက်သား၊ သီလက္ခန္ဓ၊ စသည့်အထူး၊ ဂုဏ်ကျေးဇူးကို၊ ဆည်းပူးမပြတ်၊ ရှာမှီးတတ်ဟု၊ သကတ် ပဝတ္တ၊ အနက်ရလျက်....။သက္ကတဘာသာ၊ သညာမည်ယို၊ ထိုရိသိ၌၊ ရိကိုရရေး၊ ဣ ေ အောက်မြစ်၊ ဝေါဟာသစ်ဖြင့်၊ မြန်ခေတ်ဗိုလ်လူ၊ ရသေ့ဟူသည်၊ သူတော်သူမွန်၊ သီလဝန်တို့"—

ဟူ၍ စပ်ဆိုသည်။

http://www.dhammadownload.com



ထိုရသေ့ဟူသော အမည်သည် (သာသနာတွင်းသားတို့၏ အမည်မဟုတ်) သာသနာပြင်ပ ပုဂ္ဂိုလ်များ၏ အမည်ဖြစ်၏။ ထိုသို့ပင်ဖြစ်သော်လည်း သူ့ခေတ်အလျောက် မြင့်မြတ်သောပုဂ္ဂိုလ်များဟူ၍ မှတ်ယူအပ်၏။

ထိုရသေ့အမျိုးအပြားကို သီလက္ခန်အဋ္ဌကထာ၊ အမ္ဗဋ္ဌသုတ် အဖွင့်၌—

၁။ သပုတ္တဘရိယ ရသေ့၊
၂။ ဥဉ္ဆာစရိယ ရသေ့၊
၃။ အနဂ္ဂိပက္ကိက ရသေ့၊
၄။ အသာမပါက ရသေ့၊
၅။ အယမုဋ္ဌိက ရသေ့၊ (အသ္မမုဋ္ဌိက ရသေ့)
၆။ ဒန္တဝက္ကလိက ရသေ့၊
၇။ ပဝတ္တဖလဘောဇန ရသေ့၊
၈။ ပဏ္ဍုပလာသိက ရသေ့—

ဟူ၍ (၈) မျိုး အပြားရှိကြောင်း ဖော်ပြသည်။ ထိုရှစ်မျိုးတို့တွင်—

၁။ စည်းစိမ်ဥစ္စာစုဆောင်းကာ သားနှင့်မယားနှင့်နေသော ရသေ့မျိုးသည် **သပုတ္တဘရိယ** ရသေ့ မည်၏။ (ဘုရားလက်ထက်တော်အခါက ကေဏိယ ရသေ့ကဲ့သို့သော ရသေ့မျိုးတည်း၊ ထိုကေဏိယ ရသေ့ကား အင်္ဂုတ္တရာပတိုင်း အာပဏနိဂုံးအရပ်၌ မင်းအား တံစိုးလက်ဆောင်ပေးပြီးလျှင် မြေကောင်းရာ အရပ်၌ သစ်မ်းကျောင်း ဆောက်လုပ်နေသည်။ စီးပွါးရေးသမားဖြစ်သည့်အတိုင်း ၎င်းကိုမှီ၍ အိမ်ခြေတထောင် တည်နေရ၏။ ထိုကေဏိယ ရသေ့သည် ပြဟ္မာဏမဟာသာလ=များသော ဥစ္စာနှစ်ရှိသော ပုဏ္ဏားမျိုးမှ ဥစ္စာကို စောင့်ရှောက်ရန် အတွက်သာ ရသေ့ပြုလုပ်သောသူဖြစ်သည်။ နေ့အခါ၌ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ရုံပြီးလျှင် ဆံကျစ်ထုံးဖွဲ့၍ တကယ့်ရသေ့ သူတော်ကောင်း အယောင်ဖြင့် နေ၍၊ ညဥ့်တိုင်ရောက်လျှင် အာရုံငါးပါး ကာမဂုဏ်တရား သားမယားတို့ဖြင့် ပျော်မွေ့နေသူဖြစ်သတတ်။)

၂။ ဥစ္စာပစ္စည်းကိုလည်း မစုဆောင်း၊ သားမယားလည်း မယူပဲ ကောက်ပဲရိတ်ရာ နယ်ရာအရပ်တို့၌ ဒကာများထံ ချဉ်းကပ်၍ ကောက်ပဲသီးနှံတို့ကို အလှူခံပြီးလျှင် ရသမျှစုရုံး၍ ကိုယ်တိုင် ချက်ပြုတ်စားသောက်သော ရသေ့သည် **ဥဉ္ဆာစရိယ** ရသေ့မည်၏။ (ဥဉ္ဆာ=ကောက်နယ်တလင်းတို့၌ ကောက်ပဲတို့ကို ရှာဖွေခြင်း၊ စရိယ=အသက်မွေးကြောင်းအကျင့်ရှိသူ။)

http://www.dhammadownload.com



၃။ "တလင်းတခုမှ တလင်းတခုသို့ လှည့်လည်၍ ကောက်စပါးကို အလှူခံစုဆောင်းပြီး ထုထောင်းချက်ပြုတ်၍ စားရန်မသင့်"ဟု အကြံပြုပြီးလျှင် ရွာတွင်း နိဂုံးတွင်း၌ ဆွမ်းဆန်စိမ်း ခံယူပြီးလျှင် ချက်ပြုတ်စားသောက်သောရသေ့သည် အနဂ္ဂိပက္ကိက ရသေ့မည်၏။ (အနဂ္ဂိပက္ကိက=မီးဖြင့်မချက်ရသေးသည့်ဆွမ်းဆန်စိမ်းဖြင့် အသက်မွေးသောရသေ့။)

(၂-ဥဉ္ဆာစရိယရသေ့မှာ တလင်းထဲသွား၍ အခွံမချွတ်ရသေးသည့်စပါး ပဲတို့ကို အလှူခံသည်။ ၃-အနဂ္ဂိပက္ကိကရသေ့မှာ မြို့ရွာအတွင်း အိမ်စဉ်လျှောက်၍ ဆန်ဖြစ်ပြီးသည်ကို အလှူခံသည်။)

၄။ "ရှင်ရသေ့ဖြစ်လျက် ကိုယ်တိုင်ချက်ခြင်းဖြင့် အလျဉ်းပင်မဇလျှော်"ဟု ကြံစည်ပြီးလျှင် ရွာတွင်းသို့ဝင်၍ ကျက်ပြီးဆွမ်းကိုသာ ခံယူသုံးဆောင်သောရသေ့သည် အသာမပါက ရသေ့မည်၏။ (အသာမပါက=ကိုယ်တိုင်မချက်ပဲ ကျက်ပြီးဆွမ်းကိုသာ ခံယူအသက်မွေးသောသူ။)

၅။ "ရှင်ရသေ့ ဖြစ်သူအား နေ့စဉ် ဆွမ်းခံရခြင်းသည် ဆင်းရဲ၏" ဟု အောက်မေ့၍ တူကျောက်ခဲဖြင့် စားသောက်ကောင်းသည့်(ဝေ့းပင်အစရှိသော) သစ်ပင်တို့၏ အခွံကို ခွါ၍ စားသောက်သောရသေ့သည် အယမုဋ္ဌိက ရသေ့မည်၏။ (အသ္မမုဋ္ဌိက ဟူ၍လည်းရှိ၏။) (အယ=သံကဲ့သို့ ကြမ်းထမ်းသော၊ မုဋ္ဌိက=လက်ဆုပ်ခန့်ရှိသော ကျောက်ဖြင့် သစ်ခွံတို့ကို ထုခွါစားသောက်သူ။)

၆။ "ကျောက်ဖြင့် သစ်ခွံကို ထုခွါ၍ လှည့်လည်ရခြင်းသည် ဆင်းရဲ၏"ဟု အောက်မေ့၍ ကျောက်ခဲ တူ တို့ကို မဆောင်တော့ပဲ မိမိသွားတို့ဖြင့်သာ ကိုက်ခွါ၍ စားသောရသေ့သည် ဒန္တဝက္ကလိက ရသေ့မည်၏။ (ဒန္တ=သွားတို့ဖြင့်သာ၊ ဝက္ကလိက=သစ်ခွံ သစ်ခေါက်တို့ကိုခွါ၍ စားသောက်မျှတသောသူ။)

၇။ "သွားတို့ဖြင့် ကိုက်ခွါ၍ စားရခြင်းသည် ရှင်ရသေ့အား ဆင်းရဲလှ၏" ဟု အောက်မေ့၍ ခဲ တုတ် စသည်တို့ဖြင့် ပစ်ခတ်၍ ကြွေကျသော အသီးကိုသာ သုံးဆောင်သော ရသေ့သည် ပဝတ္တဖလဘောဇနီ ရသေ့မည်၏။ (ပဝတ္တ= ခဲ တုတ်တို့ဖြင့် ပစ်ချ၍ ကြွေကျသော၊ ဖလ=သစ်သီးကိုသာ၊ ဘောဇနီ= စားလေ့ရှိသောသူ။)

၈။ ခဲ တုတ်တို့ဖြင့် မပစ်မခတ်ပဲ အလိုလိုသာ ကြွေကျသော အပွင့်အသီး အရွက်တို့ကိုသာ စား၍ မျှတသောရသေ့သည် ပဏ္ဍုပလာသိက ရသေ့မည်၏။ (ပဏ္ဍုပလာသ=ရင့်ရော်သော အရွက် အပွင့် အသီးတို့ဖြင့်၊ ဣက=မျှတ အသက်မွေးသောသူ။)

http://www.dhammadownload.com



ဤ ပဏ္ဏပလာသိကရသေ့ကား....(၁) ထိုင်နေရာမှ မထပဲ လက်လှမ်းမှီရာ၌ ကြွေကျသော အရွက် အပွင့် အသီးတို့ကိုသာ စားသုံးလျှင် ဥက္ကဋ္ဌပဏ္ဏပလာသိက။ (၂) အခြားသစ်တပင်သို့ မပြောင်းတော့ပဲ သစ်ပင်တပင်မှ အလိုလိုကြွေကျသော အရွက် အပွင့် အသီးတို့ကိုသာ စားသုံးလျှင် မဇ္ဈိမပဏ္ဏပလာသိက။ (၃) ထိုထို သစ်ပင်အောက်သို့ သွားရောက်ရှာဖွေ အလိုလိုကြွေကျသော အရွက် အပွင့် အသီးတို့ကို စားသုံးလျှင် မုဒုပဏ္ဏပလာသိက။ ဤကဲ့သို့ သုံးမျိုး ပြားပြန်သည်။

ဤကား သီလက္ခန်အဋ္ဌကထာ အမ္ဗဋ္ဌသုတ်အဖွင့်၌ လာသော ရသေ့ရှစ်မျိုး တည်း။

သုတ္တနိပါတ် အဋ္ဌကထာ ဟိရိသုတ်အဖွင့်၌ လာသော ရသေ့ရှစ်မျိုးကား—

၁။ သပုတ္တဘရိယ ရသေ့၊
၂။ ဥဉ္ဆာစာရိက ရသေ့၊
၃။ သမ္ပတ္တကာလိက ရသေ့၊
၄။ အနဂ္ဂိပက္ကိက ရသေ့၊
၅။ အယမုဋ္ဌိက ရသေ့၊
၆။ ဒန္တလူယျက ရသေ့၊
၇။ ပဝတ္တဖလိက ရသေ့၊
၈။ ဝဏ္ဍမုတ္တိက ရသေ့—

ဟူ၍ ရှစ်မျိုးဖြစ်သည်။ ထိုတွင်—

၁။ သားမယားနှင့်တကွ ရှင်ရသေ့ပြု၍ လယ်ထွန်ခြင်း ကုန်သွယ်ခြင်း စသည်တို့ဖြင့် အသက်မွေးကြသော ကေဏိယ ရသေ့စသော သူတို့သည် သပုတ္တဘရိယ ရသေ့မည်ကြ၏။

၂။ မြို့တံခါးဝမှာ နေစရာကျောင်း ဆောက်လုပ်ပြီးလျှင် မင်း ပုဏ္ဏားတို့၏ သားငယ်စသည်များကို အတတ်ပညာ သင်ပေး၍ ရွှေငွေကိုကား မခံယူပဲ နှမ်း ဆန်စသည့် သူတော်ကောင်းတို့အား အပ်စပ်သည့် ပစ္စည်းကိုသာ ခံယူသုံးဆောင်သော ရသေ့သည် ဥဉ္ဆာစာရိက ရသေ့မည်၏။

၃။ အစာစားချိန်၌ ရောက်ဆိုက်လာသော အစာအာဟာရကို ခံယူ သုံးဆောင် မျှတသော ရသေ့သည် သမ္ပတ္တကာလိက ရသေ့မည်၏။

http://www.dhammadownload.com



၄။ မီးဖြင့် မချက်အပ်သည့် အရွက် အသီးတို့ကို စား၍ မျှတသော ရသေ့သည် **အနဂ္ဂိပက္ကိက ရသေ့မည်၏။**

၅။ တူ ကျောက်ခဲ (သို့မဟုတ်) ပဲခွပ် ဓါး စသည်ကို ကိုင်ဆောင်လှည့်လည်၍ ဆာလောင်သောအခါမှ မိမိရောက်ရာ သစ်ပင်၏ အခေါက်ကိုခွါ၍ စားပြီးလျှင် ဥပုသ်ဆောက်တည်၍ ဗြဟ္မစိုရ်တရား လေးပါးတို့ကို ပွါးသောရသေ့သည် **အယမုဋ္ဌိက ရသေ့မည်၏။**

၆။ တူ ကျောက်ခဲ စသည်တို့ကို မကိုင်ဆောင်ပဲ လှည့်လည်၍ ဆာလောင်သောအခါ ရောက်ရာသစ်ပင်မှ သွားဖြင့် ကိုက်ခွါ၍ အခေါက်ကို စားပြီးလျှင် ဥပုသ် ဆောက်တည်၍ ဗြဟ္မစိုရ်တရား လေးပါးတို့ကို ပွါးနေသော ရသေ့သည် **ဒန္တလူယကိက ရသေ့မည်၏။**

၇။ အလိုလိုဖြစ်သော ရေအိုင် (သို့မဟုတ်) တောအုပ်ကို မှီ၍ နေပြီးလျှင် (ရေအိုင်၌ နေသူဖြစ်က) ထို ရေအိုင်ထဲမှ ကြာရိုး ကြာစွယ် စသည်ကိုရင်း၊ (တောအုပ်၌ နေသူဖြစ်က) ထို တောအုပ်ထဲမှ အပွင့်ချိန်၌ အပွင့်ကို၊ အသီးချိန်၌အသီးကိုသော်၎င်း ယူစား၍ (အပွင့်အသီးမှ မရှိခဲ့သော် အာဟာရအတွက် အရပ်တပါးသို့ မသွားပဲ) အယုတ်သဖြင့် သစ်ပင်၏အဝေ့ကိုပင် စား၍ ဥပုသ် ဆောက်တည်ပြီးလျှင် ဗြဟ္မစိုရ်တရား လေးပါးတို့ကို ပွါးသော ရသေ့သည် **ပဝတ္တဖလိက ရသေ့မည်၏။**

၈။ အညာမှ လွတ်ကာ မြေပြင်မှာ ကြွေကျနေသော သစ်ရွက်တို့ကိုသာ စားပြီးလျှင် ဥပုသ်စောင့်သုံးခြင်း ဗြဟ္မစိုရ်တရားပွါးများခြင်း ကောင်းမှုပြုသော ရသေ့သည် **ဝဏ္ဍမုတ္တိက ရသေ့မည်၏။**

ထို ရသေ့ရှစ်မျိုးတို့တွင် ရှေးရှေးရသေ့တို့ထက် နောက်နောက် ရသေ့တို့က အကျင့်မြင့်မြတ်ကြကုန်၏။

ပြဆိုခဲ့ပြီးသည့် အတိုင်း သီလက္ခန်အဋ္ဌကထာ, သုတ္တနိပါတ် အဋ္ဌကထာတို့၌ လာသော ရသေ့ရှစ်မျိုးစီတို့တွင် (ကေဏိယရသေ့တို့ကဲ့သို့သော) သပုတ္တဘရိယ ရသေ့ကိုထား၍ ကျန်သော ရသေ့ခုနစ်မျိုးစီတို့သည် မိမိစွမ်းနိုင်သမျှ ဥပုသ် ဆောက်တည်ကာ ဗြဟ္မစိုရ်တရား ပွါးများသော ပုဂ္ဂိုလ်တို့ဖြစ်သဖြင့် သူတော် ကောင်းများသာ ဖြစ်ကြ၏။ ထို့ကြောင့် (ဇဋိလ)ဟူ၍၎င်း (တာပသ)ဟူ၍၎င်း ခေါ်ဝေါ်အပ်သည်။ (ဇဋိလ)မှာ....ဇဋာကျေးဆံထုံးကို ရှာမှီးသောသူဟု အဓိပ္ပါယ်ရှိ၍ (တာပသ)မှာ....အကျင့်တရား အားထုတ်သောသူဟု အဓိပ္ပါယ်ရှိသည်။

http://www.dhammadownload.com



သုမေဓာရှင်ရသေ့မှာ သီလက္ခန်အဋ္ဌကထာလာ ရသေ့ရှစ်မျိုးတို့တွင် စတုတ္ထမြောက် အသာမပါက ရသေ့ တရက်မျှဖြစ်ပြီးလျှင် နောက်ရက်များ၌ ရှစ်ခုမြောက် ပဏ္ဏုပလာသိက ရသေ့သူမြတ် ဖြစ်၏။ ။သုတ္တနိပါတ် အဋ္ဌကထာလာ ရသေ့ရှစ်မျိုးတွင်ကား ရှစ်ခုမြောက် ဝဏ္ဏမုတ္တိက ရသေ့မျိုးမှာ ပါဝင်သင့်၏။

ရသေ့ကို (ပါဠိလို) ဇဋိလ=ဆံကျစ်ရှိသောသူ၊ ဇဋာဓရ=ဆံကျစ်ကိုဆောင်သောသူ ဟူ၍လည်း ခေါ်၏။ ဆံကျစ်ရှိခြင်း ဆံကျစ်ကိုဆောင်ခြင်းမှာ မည်သူမဆို သူတော်ကောင်းဖြစ်စေ သူယုတ်မာဖြစ်စေ ပြုလုပ်၍ ဖြစ်နိုင်၏။ ဤသို့ သူတော်ကောင်းဟူသော အနက်တွင်မက၊ သူယုတ်မာများပါ ဇဋိလ ဇဋာဓရ မည်နိုင်သည့် အတွက် မဂအဘိဓာန်ကျမ်း ဂါထာအမှတ် (၄၄၀)၌ ဇဋိလနှင့် ဇဋာဓရဟူသော နှစ်ပိုဒ်ကို အစေလက=တက္ကတွန်း ပရိယာယ်ပုဒ်တို့နှင့် တဆက်တည်း ဖော်ပြထားသည်။ ။ဣသိနှင့် တာပသ နှစ်ပုဒ်ကိုကား.... မဂအဘိဓာန်ကျမ်း ဂါထာအမှတ်(၄၃၃)၌ ရဟန်းဟော ပရိယာယ်ပုဒ်များနှင့် တဆက်တည်း ဖော်ပြထားသည်။

## ရှင်သုံးမျိုး

ပဗ္ဗဇ္ဇာဟူသော ပါဠိစကားကို "ရှင်ပြုခြင်း" ဟူ၍ ရှေးဆရာတို့ မြန်မာပြန်ဆိုတော်မူခဲ့ကြသည်။ ဝတ်ကြောင်ဝတ်သော လူအဖြစ်ကို ရှောင်ခွါခြင်းဟု ဆိုလိုသည်။ ထို ရှင်ပြုခြင်းမှာ....

(၁) ဣသိပဗ္ဗဇ္ဇာ=ရှင်ရသေ့ပြုခြင်း၊ (၂) သမဏပဗ္ဗဇ္ဇာ=ရှင်ရဟန်းပြုခြင်း၊ (၃) သာမဏေရပဗ္ဗဇ္ဇာ=ရှင်သာမဏေပြုခြင်းဟူ၍ သုံးမျိုး ပြားပြန်သည်။ ဤသို့ ရှင်ပြုပုံ သုံးမျိုးပြားသည့်အတိုင်း ရှင်ရသေ့, ရှင်ရဟန်း, ရှင်သာမဏေဟူ၍ ပဗ္ဗဇိတသဒ္ဒါ၏အနက် (ရှင်) သုံးမျိုး ပြားလာသည်။

---

စာမျက်နှာ (၅၃)

## သစ်ရွက်မိုးကျောင်း ၏ အပြစ်ရှစ်ပါး

၁။ သစ်သား အဆောက်အဦတို့ကို လုံ့လကြီးစွာ စုဆောင်းရှာမှီး ပြုလုပ်ရခြင်း၊

၂။ မြက်အမိုး သစ်ရွက်အမိုး နံရံမြေစိုင်တို့ ဆွေးမြည့်ပျက်စီး လျောကျသည်ရှိသော် တဖန်ပြန်လည်တည်ဆောက်ခြင်းဖြင့် အမြဲမပြတ် စောင့်ရှောက်သုတ်သင် ပြင်ဆင်ရခြင်း၊

http://www.dhammadownload.com



၃။ ကျောင်းဟူသည် သိက္ခာကြီးသော ပုဂ္ဂိုလ်အား ရောက်သည်ဖြစ်ရကား သိက္ခာကြီးသော ပုဂ္ဂိုလ်တပါး ရောက်ရှိလာလျှင် အခါမရွေး ဖယ်ရှား၍ပေးနေရသဖြင့် သမာဓိမရနိုင်ခြင်း၊

၄။ အချမ်းအပူကို ပယ်ဖျောက်သဖြင့် ကျောင်းနေပုဂ္ဂိုလ်၏ မိမိကိုယ်ကို နူးညံ့သိမ်မွေ့အောင် ပြုလုပ်နေရာ ရောက်ခြင်း၊

၅။ အမိုးအကာရှိသော ကျောင်းအိမ်တွင်းသို့ ဝင်နေသူသည် တစုံတခု မကောင်းမှုကို ပြုလုပ်နိုင်သည်ဖြစ်ရကား ကဲ့ရဲ့ဘွယ်မကောင်းမှုကို ဖုံးကွယ်ပေးသကဲ့သို့ ဖြစ်ခြင်း၊

၆။ ငါ့ကျောင်းဟူ၍ တဏှာဖြင့် စွဲယူခြင်း၏ အကြောင်းတခုဖြစ်ခြင်း၊

၇။ ကျောင်းရှိ၍နေခြင်းသည် အဖော်(မယား)ရှိ၍ နေသည်နှင့်တူခြင်း၊

၈။ သန်း ကြမ်းပိုး အိမ်မြှောင် စသည်တို့နှင့် ဆက်ဆံ၍နေခြင်း၊

ဤကား သစ်ရွက်မိုးကျောင်း၌ အလောင်းတော်သုမေဓာ ဆင်ခြင်သိမြင်သော အပြစ်ရှစ်ပါးတို့တည်း။ ထို့ကြောင့် ဆုတောင်းခဏ်းပျို့ ပိုဒ်ရေ (၉၅)၌—

ထိုပြီ့တခါ၊ ဤကျောင်းသာကား၊ ရှာရှာမိုးမိုး၊ လုပ်ကြိုးကြံမ၊ ကြောင့်ကြပန်းရှူ၊ ကုန်အောင်မူလျက်၊ ဆောက်ဦလုံးပေါင်း၊ ပြုရ ရှောင်းခဲ့....(၁)၊

အဟောင်းရိပ်ပွပ်၊ အမိုးယပ်နှင့်၊ ကြမ်းကပ်သက်ငယ်၊ နိုးနွယ်ဆွေး ရွေ့၊ ကြမ်းထေးမခိုင်၊ နံရံယိုင်လည်း၊ ညွှန်စိုင်မြေနီ၊ ထမ်းပိုးချီလျက်၊ တသီတခါ၊ စူဖာကုတ်သဲ၊ ဩော်လပင်ပန်း၊ ပြုရလွန်းခဲ့....(၂)၊

လမ်းသန်းလမ်းကူး၊ သွားကြိုက်မူးသည်၊ ရပ်ကျူးမြေခြား၊ တိုင်းတပါးမှ၊ ကျောင်းအားသပ္ပါယ်၊ အရွယ်ဝါလွန်၊ သူတော်မွန်တို့၊ ရန်ဘန်ကြိုက်ပါ၊ ငါ့နေရာသို့၊ ရောက်လှာသောအား၊ ညှာရမျှားလည်း၊ တည်ကြားမရ၊ ထကြွပြန်ပြောင်း၊ လေပျံ့ရှောင်းခဲ့....(၃)၊

ထိန်းကျောင်းကိုယ်ကို၊ ရိပ်ကောင်းခိုလည်း၊ ပျင်းလိုပျင်းခန်း၊ နေပျော်လွန်း၍၊ ခါမှန်းမကြည်၊ မယှဉ်ပူချမ်း၊ နုကြမ်းထိထိ၊ မခံ ချိခဲ့....(၄)၊

မသိမကြား၊ ကွယ်သကားဟု၊ တရားမရှု၊ ညစ်ညမ်းမှုကို၊ ပြုလေ သော်လည်း၊ မမြော်လူမိုလ်၊ သဂ္ဂိုဟ်ကဲ့ရဲ့၊ ဖုံးပိတ်ခဲ့၍၊ ရှက်မဲ့သောဟန်၊ ကျင့်လေတန်ခဲ့....(၅)၊

http://www.dhammadownload.com



ကျောင်းကန်သိုက်ဝှမ်း၊ ငါ့သိမ်းဟု၊ ချစ်လွမ်းရပ်ရာ၊ တပ်လွန်း စွာလည်း၊ ပြိတ္တာဖြစ်ဆေး၊ ဝန်ဖြင့်လေးခဲ့....(၆)၊

အရေးလုံးစုံ၊ ရှုချေတုံလည်း၊ တဲအုံလည်းဆောက်၊ နေလမြောက် သော်၊ နှစ်ယောက်ဖော်ရှိ၊ ဟူလေလိခဲ့....(၇)၊

ထိုပြီ့အပ၊ သန်းဖြကြမ်းပိုး၊ ကြွက်မျိုးပင့်ကူ၊ တက်တူအိမ်မြောင်၊ အထောင်အသောင်း၊ အပေါင်းပိုးမွှား၊ နေသူများခဲ့....(၈)၊

ဟူ၍ စပ်ဆိုလေသည်။

---

သစ်ပင်ရင်း၏ ဂုဏ်ဆယ်ပါး

(၁) နည်းသော အဆောက်အဦရှိခြင်းသည် ဂုဏ်တပါး၊ (သစ်ရွက်မိုး ကျောင်းစသည်ကဲ့သို့ လှုံလစိုက်ထုတ် ဆောက်လုပ်နေရန်မလို၊ နဂိုရ်ကအသင့် ရှိပြီးဖြစ်၍ ဝင်ရောက်ခိုလှုံ နေလိုက်ရုံသာလျှင်ဖြစ်သည်။)

(၂) သုတ်သင်ရမှု စောင့်ရှောက်ရမှု မရှိခြင်းသည် ဂုဏ်တပါး၊(သစ်ပင်ရင်း ကျောင်းကား တံမြက်လှည်းအပ်သည်ဖြစ်စေ မလှည်းအပ်သည်ဖြစ်စေ သုံး ဆောင်ရာ၌ ချမ်းသာလွယ်ကူသည်။)

(၃) ထေရ်ကြီး ဝါကြီး သီတင်းကြီးတို့လာသော်လည်း ရှောင်လွှဲထပေး ရမှုမရှိခြင်းသည် ဂုဏ်တပါး၊

(၄) သစ်ပင်ရင်း၌ မကောင်းမှုကို ပြုလုပ်လျှင် အများမြင်မည်ဖြစ်၍ ကြောက်ရှက်ရကား ကွဲခွဲဘွယ်မကောင်းမှုကို (ကျောင်းကဲ့သို့) ဖုံးကွယ်ပေး သကဲ့သို့ မဖြစ်ခြင်းသည် ဂုဏ်တပါး၊

(၅) ကိုယ်လက်တောင့်တင်းမှု မရှိခြင်းသည် ဂုဏ်တပါး၊ (အမိုးအကာမရှိ သည့် ဟင်းလင်းအပြင် လွင်တီးခေါင်၌ နေသောသူမှာ ကိုယ်လက်တောင့်တင်းမှု ရှိနိုင်သည်။ သစ်ပင်ရင်း၌ နေသောသူမှာကား ကိုယ်လက်တောင့်တင်းမှုမရှိ။)

(၆) သိမ်းပိုက်ခြင်းပြုမှု မရှိခြင်းသည် ဂုဏ်တပါး၊

(၇) ငါ့နေရာဟူ၍ တွယ်တာခြင်းကို ပယ်ဖျောက်နိုင်ခြင်းသည် ဂုဏ်တပါး၊

(၈) အများနှင့်ဆက်ဆံရေပြွမ်းသော ကျောင်းအိမ်၌ကဲ့သို့ ဤကျောင်း ကို သုတ်သင်အံ့၊ သင်တို့ ထွက်ကြကုန်ဟူ၍ သူတပါးကို နှင်ထုတ်ရမှုမရှိခြင်းသည် ဂုဏ်တပါး၊

http://www.dhammadownload.com



(၉) နေသောသူ၏ နှစ်သက်မှုကို ရရှိခြင်းသည် ဂုဏ်တပါး၊

(၁၀) သစ်ပင်ရင်းကျောင်းဟူသည် ရောက်ရာအရပ်မှာ ရှာ၍ရလွယ်သော ကြောင့် ငါနေရာဟု ငဲ့ကွက်မှုမရှိခြင်းသည် ဂုဏ်တပါး။

ဤကား သစ်ပင်ရင်း၌ အလောင်းတော်သုမေဓာ ဆင်ခြင်သိမြင်သော ဂုဏ် ဆယ်ပါးတည်း။ ထို့ကြောင့် ဆုတောင်းခဏ်းပျို့၊ ပိုဒ်ရေ(၉၈)၌–

သူတော်တကာ၊ အရိယာတို့၊ နေဌါသန့်ရှင်း၊ သစ်ပင်ရင်းကား....၊ တစင်းနှိုးနွယ်၊ ဝါးသက်ငယ်ဖြင့်၊ ချည်တွယ်နှောင်တည်း၊ ပြုရနည်း ၏....(၁)၊ကပ်ဆည်းသောအခါ၊ သာလကာတည့်၊ ကောင်းရာနှစ်သက်၊ ရွေးရလျက်တည့်။

တံမြက်တလင်း၊ မအီပျင်း၍၊ လှည်းခြင်းအမှု၊ ပြု မပြုလည်း၊ မရှု မသာ၊ ရှိခဲ့စွာ၏....(၂)၊

အခါမကြိုက်၊ ညဥ့်မိုက်သန်းလွဲ၊ သက်ကြီးတဲလည်း၊ မသွဲနေရာ၊ ကျောင်းဝယ်ညှာသို့၊ ရှင်ဝါစစ်ခြင်း၊ တကြောင့်ကင်း၍....(၃)၊

တိလင်းကျည်းကြီး၊ မဆည်းဟည်းလည်း၊ ကွယ်ကာနည်းဟု၊ သိမ်း ဖြည်းရှုံ့ရှာ၊ မအပ်စွာသည်၊ ယုတ်မာညစ်ဆေး၊ ကျင့်ဘွယ်ဝေး၏....(၄)၊

ချမ်းပေ့လောင်၊ပြင်တီးခေါင်နှင့်၊ကျောင်းဆောင်ရိပ်ဝှဲ၊ ဤနှစ်ကွဲ၌၊ အမြဲနေတမ်း၊ သူ့ထက်စွမ်း၍၊ ငြိမ်းချမ်းပူပန်၊ သင့်ရှုံ့တန်၏....(၅)၊

အလွန်တင့်ကဲ၊ သခ်မ်းတဲကို၊ သုံးစွဲသောလား၊ သိမ်းပကားခြင်း၊ နှောင့်ရှက်ကင်း၍....(၆)၊

ကျောင်းခင်းအုံစင်၊ ငါ့သစ်ပင်ဟု၊ ဖြိုနှင်သူ့အား၊ ရန်းတားတွယ် တာ၊ ငင်ကော်စွာမမူ၊ နှလုံးဖြူ၏....(၇)၊

နေတူဖော်များ၊အိမ်အလားသို့၊ ပိုးမြွားမှုန်ဖျင်း၊ သုဝ်သင်ခြင်းဖြင့်၊ ထိတွင်းဝန်ပေါ်၊ တအော်လဲလဲ၊ ချီလွှဲပြောင်းပြန်၊ ယားထုတ်တန်သည်၊ ဝန်လည်းမရှိ....(၈)၊

ထိုပြီ့အပ၊ သိကြား မ၍၊ ရတုံဗိမာန်၊ မြစောင်မွန်လည်း၊ မလွန် စသာ၊ ညိုဝါရှိမ်းရှိမ်း၊ ရောင်ဘိတ်စိမ်းလျက်၊ ချမ်းငြိမ်းဖားဖား၊ မိုး

http://www.dhammadownload.com



ဖျားထိလု၊ သစ်ပင်နုအောက်၊ နေရမြောက်သော်၊ ပြိုင်ထောက်မရှိ၊ ပီတိပြိုးပြွမ်း၊ ဆီနှယ်ရွှမ်း၍၊ ချစ်ဝမ်းရှင်ပ၊ နှလုံးချလျက်၊ အားရ နှစ်သက်၊ လွန်စုံမက်၏....(၉)၊

မြေထက်သစ်ပင်၊ မရှားဖြင်၍၊ ချင်ချင်မှတ်မှတ်၊ ခံနေသတ်လျက်၊ နေမှတ်သိမ်းဆည်း၊ တပ်ပြွေနည်း၏....(၁၀)၊

ဟူ၍ စပ်ဆိုလေသည်။

---

## ၅-ဗျာဒိတ်ခဏ်း

**စာမျက်နှာ (၆၆) ၌—**

ပြဆိုခဲ့သောအတိုင်း သုမေဓာရှင်ရသေ့ ကြံစည်စိတ်ကူးရာ၌ "ငါတယောက်တည်း တကိုယ်ကောင်းပြု၍ သံသရာက ကူးမြောက်သဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟူ၍ ကြံစည်တော်မူကြောင်းကို ဗုဒ္ဓဝင်ပါဠိတော်၌၊ ၊ကိံ မေ ဧကေန တိဏ္ဏေန၊ ၊ဟူ၍ လာရှိသည်။

ဤပါဠိတော်ကို ထောက်ထားအကိုးအကားပြုပြီးလျှင် "လောက၌ တကိုယ်ကောင်းမကြံရာ၊ တကိုယ်ကောင်းကြံသောသူသည် အတ္တဟိတသမား (ကိုယ်ကျိုးသက်သက်ကျင့်သောသူ)ဖြစ်သည်။ ကိုယ့်အကျိုးသက်သက်ကိုသာ ရှာသောသူသည် လောက၌ အသုံးမဝင်"ဟု ပြောဆိုကဲ့ရဲ့တတ်ကြသည်။

ထိုပါဠိတော်မှာပင် နောက်ကိုဆက်၍ကြည့်လျှင်၊ ၊ပုရိသေန ထာမဒဿိနာ၊ ၊ဟူ၍ မိမိမှာ ပညာ သဒ္ဓါ ဝီရိယအားအစွမ်းရှိကြောင်းကို သိမြင်သူဖြစ်ပါလျက်ဟု အထူးဖော်ပြထားသောစကားကို တွေ့မြင်ရပေမည်။ ဤနောက်ဆက် အထူးဖော်ပြသောစကားကို ထောက်ထားပါက မိမိမှာ အများအကျိုး သယ်ပိုးနိုင်မည့် အားအစွမ်းသတ္တိ ရှိပါလျက် အများအကျိုး မသယ်ပိုးချင်ပဲ တကိုယ်ကောင်းကြံသွားသောသူများကိုသာ ကဲ့ရဲ့သော် ကဲ့ရဲ့သင့်ပေသည်။ မိမိမှာ အများအကျိုး သယ်ပိုးနိုင်မည့် အားအစွမ်း အလျဉ်းမရှိပါပဲလျက် "အများအကျိုး ငါသယ်ပိုးမည်"ဟု ပြောဆိုပြီးလျှင် ပြောတိုင်းမပြုနိုင် မမှန်မကန်ဖြစ်၍ ဤသို့ပြောဆိုသော သူမျိုးကိုသာလျှင် မိမိ၏အတိုင်းအရှည်ကို မသိသူဖြစ်၍ ကဲ့ရဲ့ရှုတ်ချထိုက်သည်။

စင်စစ်မှာ....အများအကျိုး သယ်ပိုးနိုင်မည့် အားအစွမ်း မိမိမှာမရှိလျှင် ကိုယ့်အကျိုးကိုသာ ကိုယ်သယ်ပိုးရမည်ဖြစ်သည်၊ ထို့ကြောင့်ပင် ဓမ္မပဒပါဠိတော် တဆယ့်နှစ်ခုမြောက် အတ္တဝဂ်၌—

http://www.dhammadownload.com



**အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ န ဟာပယေ။**
**အတ္တဒတ္ထမဘိညာယ၊ သဒတ္ထပသုတော သိယာ။**

“သူတပါးအကျိုးကို များစွာ သယ်ပိုးလိုသည့်အတွက်နှင့် မိမိ၏ အကျိုးကို မဆုတ်ယုတ် မဆုံးရှုံးစေရာ၊ မိမိ၏အကျိုးစီးပွါးကို ကောင်း စွာပိုင်းခြား သိမြင်ပြီးလျှင် မိမိ၏အကျိုးစီးပွါးဖြစ်မှု၌ လေ့လာကြိုးကုတ် အားထုတ်ရမည်” ဟူ၍ ဟောတော်မူသည်။

ဤဓမ္မပဒဒေသနာတော် အလိုမှာ....သူတပါးအကျိုးကို မသယ်ပိုးနိုင်ပဲနှင့် အများအကျိုး သယ်ပိုးမည့်ဟန် ကြံစည်ပြောဆိုနေသဖြင့် ပြောဆိုတိုင်းလည်း အများအကျိုးကို မသယ်ပိုးနိုင်၊ မိမိအကျိုးကိုလည်း မသယ်ပိုးနိုင်သည့်အတွက် နှစ်ဖက်ဆုံးရှုံး ဖြစ်တတ်သည်။ သို့ဖြစ်၍ သူတပါးအကျိုးကို သယ်ပိုးနိုင်လောက် သော အစွမ်းသတ္တိ မရှိသူသည် မိမိ၏အကျိုးကိုသာ ကောင်းစွာသိမြင်နားလည် ပြီးလျှင် မိမိအကျိုးကိုသာ အားထုတ်လေ့လာရမည်ဟု ဟောတော်မူသဖြင့် ဤနည်းအရ ကိုယ့်အတိုင်းအရှည်ကို ကိုယ်သိပြီး ကိုယ်၏အကျိုးကိုသာ အား ထုတ်နေသော သူမျိုးကို (အတ္တဟိတသမားဟု မကဲ့ရဲ့ပဲ) သူအစွမ်းရှိသမျှ သူ ဆောင်ရွက်နေပေသည်၊ လူကောင်း သူကောင်းတယောက်ဖြစ်ပေသည်ဟုသာ ပြောဆိုရပေမည်။ သုမေဓာရှင်ရသေ့တို့ကဲ့သို့ အများအကျိုးသယ်ပိုးနိုင်မည့် စွမ်းရည်သတ္တိရှိပါလျက်နှင့် အများအကျိုးကို မသယ်ပိုးပဲ ကိုယ်ကျိုးသက်သက် သယ်ပိုးနေသူကိုသာ အတ္တဟိတသမားဟု ကဲ့ရဲ့လိုမူ ကဲ့ရဲ့ထိုက်ပေသည်။

အချုပ်အားဖြင့် ဖော်ပြရလျှင်....အများအကျိုး သယ်ပိုးနိုင်မည့်သူမှန်မူ အများအကျိုး သယ်ပိုးပါ၊ အများအကျိုး သယ်ပိုးနိုင်မည့်သူ မဟုတ်ခဲ့လျှင် ကိုယ်ကျိုးကိုသာ မလစ်ဟင်းအောင် သယ်ပိုးနေပါဟု ဆိုလိုသည်။ အများ အကျိုး သယ်ပိုးမည့်အယောင်ဖြင့် ကိုယ်ကျိုးသက်သက်ကိုသာ ရွက်ဆောင်သူ ကား ယုတ်မာကောက်ကျစ်သူသာ ဖြစ်၏။

---

**စာမျက်နှာ (၆၉) ပါ—**

မြစ်၏အမည် “နေရဥ္စရာ”ဟူသော စကားမှာ နေလဇလဟူသော ပါဠိမှ ဖြစ်လာ၏၊ နေလ=အပြစ်ကင်းသော၊ ဇလ=ရေ။ အပြစ်ကင်းစင်သော ရေရှိ သောကြောင့် နေလဇလဟု ဆိုလိုလျက် (လ) အက္ခရာတို့ကို (ရ) အက္ခရာ ပြုပြီး ရှေ့ပုဒ်၌ အပြောက်ဗိန္ဒု (နိဂ္ဂဟိတ်)လာ၍ ထိုနိဂ္ဂဟိတ်ကို (ဉ်)ပြု၍ (ဇ) နှင့်ယှဉ်ကပ် တွဲစပ်သဖြင့် နေရဥ္စရာဟူသော ပါဠိဖြစ်လာသည်။ (သာဝတ္ထိပြည်

http://www.dhammadownload.com



ဟူသောအမည် ဝေသာလီပြည်ဟူသော အမည်များသည် ပါဠိရင်းအတိုင်း တွင်မည်သကဲ့သို့) နေရဉ္ဇရာဟူသော ပါဠိရင်းအတိုင်း မြန်မာဝေါဟာရမှာ လည်း "နေရဉ္ဇရာမြစ်" ဟူ၍ ခေါ် ဆိုအပ်လေသည်။

**တနည်း....**နီလဇလဟူသော ပုဒ်ရင်းမှ ဖြစ်လာသည်။ နီလ=စိမ်းညိုသော၊ ဇလ=ရေ၊ စိမ်းညိုသောရေဟူသည် ကြည်လင်သော ရေပင်ဖြစ်၏၊ ယခုကာလ ၌လည်း အလွန်ကြည်လင်သောရေကို ရေကလေးအလွန်ကြည်လင်သည် စိမ်း ညိုနေသည်ဟု ပြောဆိုကြ၏။ စိမ်းညိုသန့်စင် ကြည်လင်သော ရေရှိသောမြစ်ဟု ဆိုလိုသည်။

ပင်းယမြို့ ကောင်းစားစဉ်အခါ စတုရင်္ဂဗလအမတ်ကြီး ရေးသားအပ်သော အဘိဓာန် ဋီကာကျမ်း၌ကား ဆိုခဲ့ပြီးသော အနက်များအပြင် "နေရဉ္ဇရာ ဟူသည် တူရိယာတမျိုး၏ အမည်ဖြစ်၏၊ ယခုကာလ နရိဇရာ ဟု ခေါ်ကြသော တူရိယာမျိုးပင်ဖြစ်၏၊ ထို မြစ်ရေစီးသံသည် နရိဇရာ–တူရိယာသံနှင့် တူသော ကြောင့် မြစ်ကိုလည်း နေရဉ္ဇရာဟု ခေါ် သည်" ဟူ၍ ပြဆို၏။

ထို နရိဇရာဟူသော တူရိယာမျိုး၏ အမည်မှာ မြန်မာဝေါဟာရ၌ နရည်း ဆရာဟု ပြောင်းလဲလာသည်။နောက်ဆရာတို့ကမူကား တူရိယာ၏အမည်ရင်းမှာ "နရည်း" သာဖြစ်သည်။ ထို နရည်းမှာ ခြောက်မျိုး ပေါင်းစပ်ရသည့်အတွက် (ဆ ရာသီ)ဟူ၍ ပါဠိလို ခေါ် ဆိုလိုရာ အဆုံး (သီ) အက္ခရာကို ပယ်ဖျောက်၍ (နရည်း)နှင့်(ဆ–ရာ)တို့ကို တွဲစပ်ကာ (နရည်း ဆ–ရာ)ဟု ခေါ် ဆိုကြောင်း ပြောဆိုကြလေသည်။ ထို့ကြောင့် မဃဒေဝလင်္ကာသစ်၌—"ပတ်သာပုံမောင်း၊ တကြောင်းမကွဲ၊ နှဲနှင့်ကြေးနင်း၊ လင်းကွင်းခြောက်ဖော်၊ နရည်းဆော်" ဟူ၍ စပ်ဆိုလေသည်။

---

စာမျက်နှာ ၁(၇၁)

## ဗျာဒိတ်နှင့်စပ်၍ မှတ်ဖွယ်

ဗျာဒိတ်ဟူသော စကားကို ပါဠိမှဆင်းသက်လာသော စကားဟူ၍ အများ ယူဆလျက်ရှိသည်။ အလောင်းမင်းတရားလက်ထက် စိန္တကျော်သူဘွဲ့ခံ စာဆို ပညာရှိ ဦးဩသည် မိမိရေးသားသော ကဝိလက္ခဏာသတ်ပုံကျမ်း အဆုံး အမှာ စကားရပ်တွင်—"ဗျာဒိတ်ဟူသော စကားနှင့်စပ်၍ ရှေးသတ်ပုံကြီးက(ပ)သတ် နှင့်(ဗျာဒိပ်)ဟု စပ်ဆိုထားသည်၊ပညာရှိအများတို့က(တ)သတ်နှင့် (ဗျာဒိတ်) ဟုသာ စပ်ဆိုကြသည့်အပြင် သဒ္ဒါမှာလည်း ဗျာဒိတဟူ၍ရင်း ဗျာကတဟူ၍ ရင်းရှိသည်၊ သို့ဖြစ်၍(တ)သတ်ကိုသာ မှတ်ယူသင့်ကြောင်း" ရေးသားထား၏။

http://www.dhammadownload.com



ဤရေးသားချက်အလို (ကောဇဝ)ဟူသော ပါဠိမှ(ကော်ဇဝ်=ကော်ဇော) ဟူသော မြန်မာဝေါဟာရ ဖြစ်ပေါ်လာသကဲ့သို့၊ (ဗျာဒိတ) ဟူသော ပါဠိမှ (ဗျာဒိတ်)ဟူသော မြန်မာဝေါဟာရ ဖြစ်ပေါ်လာသည်ဟု ဆိုလိုရင်းဖြစ်သည်။

ကျမ်းဂန်တို့၌ ဘုရားအထူးဟောကြားတော်မူအပ်သော စကားတော်ကို ဗျာကရဏ ဟူ၍ရင်း ဗျာကတဟူ၍ရင်း သုံးစွဲရိုးရှိသည်၊(ဗျာဒိတဟူ၍ သုံးစွဲရိုး မရှိ။)ဗျာဒိတ်ရသောပုဂ္ဂိုလ်ဟု ပြဆိုလိုလျှင်''လဒ္ဓဗျာကရဏော''ဟု ကျမ်းဂန်တို့၌ ပြဆိုသည်။ ထိုပါဠိကို ရအပ်သော ဗျာဒိတ်ရှိသော (သို့မဟုတ်)ဗျာဒိတ်ရပြီး သောသူဟူ၍ ဆရာ့ဆရာတို့ အနက်မြန်မာပြန်ဆိုတော်မူခဲ့ကြ၏။ သို့ဖြစ်၍— ယခု အများသုံးနှုန်းနေသော ဗျာဒိတ်ဟူသော မြန်မာစကားသည် ပါဠိမဟုတ်၊ ဗျာကရဏဟူသောပါဠိ ဗျာကတဟူသောပါဠိတို့ကို ရှေးဆရာကြီးများ ပါဠိနှင့် အဆင်တူရုံ လိုက်နိုင်သမျှ လိုက်၍ အနက်မြန်မာပြန်ဆိုခဲ့ကြသော စကား ဖြစ်သည်။

ဥပမာပြရသော်....ကမ္ဘာ့သစ်ပင် (ကျွန်းဦးသစ်ပင်)တို့တွင် အရှေ့ကျွန်းဦး၌ ပေါက်သောသစ်ပင်မှာ ကမ္ဘာ့သစ်ပင်ပင် ဖြစ်သော်လည်း ၎င်းကို ကပ္ပရုက္ခဟု မခေါ်၊အများအပြား ထင်ရှားရှိ၍ အများသိဖြစ်သော (ပါဠိလို) သိရီသခေါ် သစ်ပင်ဖြစ်၍၊ မြန်မာလို ကုက္ကိုပင်ပင် ဖြစ်ရကား ပါဠိ၌ ထို ကျွန်းဦးသစ်ပင်ကို သိရီသရုက္ခဟူသာ ခေါ်ဆိုသုံးစွဲသည်၊မြန်မာဘာသာ ပြန်ဆိုရာ၌လည်း ကုက္ကိုပင် ဟူ၍သာ ပြန်ဆိုတော်မူကြသည်။

ထို့အတူ တောင်ကျွန်းဦး၌ ပေါက်သောသစ်ပင်မှာလည်း ကမ္ဘာ့သစ်ပင်ပင် ဖြစ်သော်လည်း ကပ္ပရုက္ခဟု ပါဠိလိုမခေါ်ပဲ၊ အများအပြားထင်ရှားရှိ၍ အများ သိဖြစ်သော ပါဠိလို ဇမ္ဗူ=မြန်မာလို သပြေပင် ဖြစ်ရကား ပါဠိ၌ ဇမ္ဗူရုက္ခ= မြန်မာလို သပြေပင်ဟူ၍ ခေါ်ဆိုသုံးစွဲသည်။ ။ဤအရာ၌—တောင်ကျွန်းဦးမှာ ပေါက်သောသစ်ပင်ကို သပြေပင်ဟူ၍သာ မခေါ်ကြပဲ''ဇမ္ဗူသပြေ''ဟုခေါ်နေ ပြီးလျှင် သပြေပင် သာမည မဟုတ်၊ ထူးဆန်းသော သပြေဟု မှတ်ယူနေကြ၏။ အမှန်မှာ....သပြေတမျိုးမဟုတ်၊ ပါဠိအခေါ် ဇမ္ဗူနှင့် မြန်မာအခေါ် သပြေတို့ကို တွဲစပ်ကာ ဇမ္ဗူသပြေဟု ခေါ်ခြင်းဖြစ်သည်၊ (ဗုဒ္ဓဘုရားဟု ခေါ်ခြင်းနှင့် တူ၏။)

အနောက်ကျွန်းဦးမှာ ပေါက်သော သစ်ပင်သည်လည်း ကမ္ဘာ့သစ်ပင်ပင် ဖြစ်စေကာမူ ကပ္ပရုက္ခဟု ပါဠိလိုမခေါ်ပဲ အများအပြား ထင်ရှားရှိ၍ အများ သိဖြစ်သော ပါဠိလို ကဒမ္ဗ=မြန်မာလို ထိန်ပင်ဖြစ်ရကား ပါဠိ၌ ကဒမ္ဗ=မြန်မာ လို ထိန်ပင်ဟူ၍ ခေါ်ဆိုသုံးစွဲသည်။

http://www.dhammadownload.com



မြောက်ကျွန်းဦးမှာ ပေါက်သော သစ်ပင်သည်ကား....ဤအပင်မျိုး မည်သည့်မြေမှာမှ မရှိချေ။ အခြားသစ်ပင်ဟူသမျှသည် မိမိတို့ဆိုင်ရာ ဗီဇနိယာမအတိုင်း အပွင့်အသီး တမျိုးတို့ကိုသာ ပွင့်ကြသီးကြ၍ ဤမြောက်ကျွန်းဦးသစ်ပင်သည်ကား အလိုရှိသောသူတို့၏ လိုလားရာကို သီးပွင့်ပေးသော အပင်ဖြစ်၏။ သို့ဖြစ်၍ ဤအပင်ကို တခုတည်းသောအကြောင်း ဗျူပွတ်ဖြင့် အမည်ထူးမှည့်ရန် မဖြစ်နိုင်သည့်အတွက် "ကပ္ပရုက္ခ=ကမ္ဘာ့သစ်ပင်" ဟူ၍သာ အမည်ပေးခဲ့ကြလေသည်။

ရှေးဆရာကြီးများက ဤ ကပ္ပရုက္ခ ဟူသော ပါဠိကို မြန်မာ ဝေါဟာရ သီးခြားတည်ထွင်၍ "ပဒေသာပင်" ဟု မြန်မာပြန်ဆိုခဲ့ကြ၏။ ထိုသို့ ပြန်ဆိုခဲ့ကြသည့် ပဒေသာဟူသော စကားမှာ ပါဠိပင်ဖြစ်သည်ဟု ထင်မှတ်ဖွယ်ရှိ၏၊ စင်စစ်မှာ ပါဠိမဟုတ်။ ပါဠိဖြစ်သော ပဒေသ သဒ္ဒါကား....(၁) လက်ညှိုးဖြင့် ထွာရသော အတိုင်းအရှည်ပမာဏ၊ (၂) တစိတ်တပိုင်းအရပ် ဤအနက်နှစ်ပါးကို ဟောသည်။ မြောက်ကျွန်းဦး သစ်ပင်၏ အခြင်းအရာမှာ လက်ညှိုးထွာနှင့်လည်း မဆက်စပ်၊ တစိတ်တပိုင်းအရပ်လည်း မဟုတ်။ ဤသစ်ပင်မှာ အလိုရှိအပ်သော ဝတ္ထုပစ္စည်းကို ရနိုင်ခြင်းသာ သစ်ပင်၏ ဂုဏ်ထူးဖြစ်သည်၊ သို့ဖြစ်၍ ပဒေသာဟူသော စကားသည် ပါဠိမဟုတ်၊ ရှေးဆရာကြီးများ ဝေါဟာရတခု အဖြစ် သတ်မှတ် ခေါ်ဆိုအပ်သော မြန်မာစကားသာ ဖြစ်သည်ဟု ယူဆထိုက်ပေသည်။

ဤ ပဒေသာဟူသော စကားနှင့် ဗျာဒိတ်ဟူသော စကားတို့သည် တနည်းအားဖြင့် ပါဠိမဟုတ်ပဲလျက် ပါဠိဟု ထင်မြင်ရခြင်း သဘောတူညီကြ၏၊ ဤသို့လျှင် ဗျာဒိတ်ဟူသော စကားသည် ဗျာဒိတဟူသော ပါဠိမှ တိုက်ရိုက်ဆင်းသက်လာသော စကားမဟုတ်၊ ဗျာကရဏဟူသော ပါဠိနှင့်သာ နီးနွယ်ဆက်သွယ် နေသည်ဖြစ်၍ ပါဠိရင်းဖြစ်သော ဗျာကရဏသဒ္ဒါ၏ အနက်အဓိပ္ပါယ်ကိုသာ စိစစ်နားလည်ဘို့ လိုပေသည်။

စိစစ်သော်ကား....ဗျာကရဏဟူသော ပုဒ်မှာ ဝိ၊ အာ၊ ကရဏ သုံးပုဒ်တို့ကို တွဲစပ်ထားသော ပါဠိဖြစ်၏။ (ဝိ=အထူး၊ အာ=ပိုင်းခြား၍၊ ကရဏ=ဟောဆိုခြင်း) မြတ်စွာဘုရားက အထူးပိုင်းခြား၍ ဟောကြားတော်မူခြင်းကို ဤအရာ၌ ဗျာကရဏဟု ခေါ်သည်။ ဤ သုမေဓာရသေ့သည် မည်သည့်အခါ၌ ဘုရားဖြစ်လိမ့်မည် စသည်ဖြင့် အထူးပိုင်းခြား ဟောကြားတော်မူခြင်းဟုဆိုလိုသည်။ ထိုသို့ ဟောကြားခြင်းကိုပင် မြန်မာရှေးဆရာကြီးများက ဗျာဒိတ်ကြားခြင်းဟု အနက် မြန်မာပြန်ဆိုတော်မူခဲ့ကြသည်။

http://www.dhammadownload.com



ဤ ဗျာကရဏ ဟူသောပုဒ်မှာ နာမ်ပုဒ်ဖြစ်၍ ကြိယာပုဒ် အနေအားဖြင့် ပါဠိတော်စသည်တို့၌ "ဗျာကာသိ" ဟူ၍ သုံးနှုန်းသည်၊ "ဗျာဒိတ်ကြားတော်မူပြီ" ဟု မြန်မာပြန်ဆိုတော်မူကြသည်။ ဆိုလိုရင်းမှာ အထူးပိုင်းခြား ဟောကြားတော်မူပြီဟု ဆိုလိုသည်။

ဤ ဗျာကရဏဟူသော ပုဒ်မှာ မြတ်စွာဘုရား၏ အထူးပိုင်းခြားဟောကြားအပ်သော (ဗျာဒိတ်) စကားကိုသာ ဟောသည်မဟုတ်သေး၊ ပါဏိနီ – စသော လောကီသဒ္ဒါကျမ်းများကိုလည်း ဟောဆိုသည်၊ အမေးအဖြေ အရာ၌လည်း ကေဝံသဗျာကရဏ=တဖို့တစုအားဖြင့် ဖြေကြားခြင်း စသည်ဖြင့် ဖြေကြားခြင်းကို ဗျာကရဏ သဒ္ဒါက ဟောသည်။ မြတ်စွာဘုရား၏ တရားတော်တို့ကို အင်္ဂါအားဖြင့် (၉)ပါး ပိုင်းခြားရာ၌ ခေါ်ဝေါ်အပ်သည့် အင်္ဂါအစိတ်အပိုင်း တပါးဖြစ်သော ဝေယျာကရဏဟူသည်လည်း ဤဗျာကရဏပုဒ်ပင်တည်း၊ တရားတော်၏ အင်္ဂါကိုးတန်၌ပါရှိသော ဝေယျာကရဏ အစိတ်အပိုင်းမှာ ဂါထာမဖက် စုဏ္ဏိယ (ပါဠိစကားပြေ)သက်သက်ဖြင့် အထူးပိုင်းခြား ဟောကြားအပ်သော တရားတော်စုဖြစ်ပေသည်။ ဆိုလိုရင်းမှာ....ဗျာကရဏ သဒ္ဒါက ဗျာဒိတ်ကြားခြင်း အနက်၊ လောကီသဒ္ဒါ ဗျာကရိုဏ်းကျမ်းဟူသောအနက်၊ ဖြေကြားခြင်းဟူသော အနက်၊ ဂါထာမဖက် စုဏ္ဏိယ (မေ့မစကြာပါဠိတော်ကဲ့သို့)ပါဠိစကားပြေသက်သက်ဖြင့် ဟောအပ်သော တရားအစိတ်အပိုင်းဟူသော အနက်တို့ကို ဟောသည်ဟု ဆိုလိုသည်။

ရှေးဘုရင်မင်းများ လက်ထက်အခါ လူအများသည် ဘုရင်မင်းမြတ်ကို မြတ်စွာဘုရားနီးနီးလောက် မြှောက်စားကြပြီးလျှင် ဘုရင်မင်းမြတ် ပြောဆိုရာကို "ဗျာဒိတ်တော်မြတ်အတိုင်းပါဘုရား" ဟူ၍ ဝန်ခံကာ ဘုရင်မင်းမြတ်၏ အမိန့်စကားကိုပင် ဗျာဒိတ်ဟူသော ဝေါဟာရဖြင့် သုံးနှုန်း ခေါ်ဝေါ် ပြောဆိုကြသည်။

ဤဆိုအပ်ပြီးသော စကားအရပ်ရပ်တို့ကို စဉ်းစား စိစစ်ပြီးလျှင် မြတ်စွာဘုရားနှင့်စပ်၍ သုံးနှုန်းခေါ်ဆိုအပ်သည့် ဗျာဒိတ်ဟူသော စကားမှာ ဗျာကရဏ ဟူသော ပါဠိမှ ဖြစ်ပွါးလာ၍၊ တဆူဆူသော ဘုရားရှင်က တဦးဦးသော ဘုရားအလောင်း ပစ္စေကဗုဒ္ဓါအလောင်း သာဝကအလောင်းအတွက် ဤမည်သော ကမ္ဘာ၌ ဤအမည်ဖြင့် ဘုရားဖြစ်လိမ့်မည် ပစ္စေကဗုဒ္ဓါဖြစ်လိမ့်မည်....အစရှိသည်ဖြင့် မြေလက်ခတ်မလွဲ မှန်ကန်သည့် အထူးပိုင်းခြား မိန့်ကြားအပ်သော စကားကို ဗျာဒိတ်ဟူ၍ ခေါ်ဆိုကြောင်း ယုံမှားမရှိ မှတ်ယူရာ၏။

http://www.dhammadownload.com



**စာမျက်နှာ (၇၃) ၌—**

ပြဆိုအပ်သော စကားရပ်တွင်၊ ၊သုမေဓာရှင်ရသေ့ဘက်မှ လက်ျာခြေတော်ကိုချကာ ကြွတော်မူကြောင်း–ဒက္ခိဏံ ပါဒမုဒ္ဓရိ–ဟူသော ပါဠိတော်ဝယ်....လောက၌ စုံရပ်နေသော မိန်းမတို့ကို ရှေ့သို့ခြေအလှမ်းခိုင်းပါလျှင် လက်ဝဲဘက်ခြေကိုသာ စ၍လှမ်းမြဲဖြစ်သည်။ ယောကျ်ားဖြစ်လျှင် လက်ျာဘက်ခြေကိုသာ စ၍လှမ်းမြဲဖြစ်သည်။ ဤစာမျက်နှာပါ သုမေဓာရှင်ရသေ့ကို မနင်းပဲ ရှောင်လွှဲ၍ ကြွချီတော်မူသော ဒီပင်္ကရာမြတ်စွာဘုရားသည် ယောကျ်ားမြတ်ဖြစ်တော်မူသည့်အတိုင်း လက်ျာခြေတော်ကိုချီကာ ကြွတော်မူခြင်းဖြစ်သည်.... ဟူ၍ အချို့က အဓိပ္ပါယ် ထင်မြင်ယူဆကြသည်။

ဤအဓိပ္ပါယ်မှာ ပညာရှိများ မနှစ်သက်ဖွယ် လွယ်ကူ ပေါ်လွင်လှသော အဓိပ္ပါယ်ဖြစ်၍ နေ၏။ အမှန်မှာ....အရေးယူအပ် အလေးပြုအပ်သော အရာတခုကို ရှောင်ဖယ်သွားလိုလျှင် ထိုအရာကို လက်ျာဘက်ထား၍သာ သွားရမြဲ ထုံးစံဖြစ်သည်၊ သုမေဓာရှင်ရသေ့သည်လည်း အရေးယူအပ်သော ပုဂ္ဂိုလ်ဖြစ်၍ ဒီပင်္ကရာမြတ်စွာဘုရားက အရေးယူတော်မူသောအားဖြင့် သုမေဓာရှင်ရသေ့ကို လက်ျာဘက်မှထားကာ လက်ျာခြေကိုချီကာ ကြွသွားတော်မူသည်ဟု မှတ်ယူအပ်၏။

ထင်ရှားအောင်ဖော်ပြရသော်....သုမေဓာရှင်ရသေ့သည် အရှေ့သို့ ဦးခေါင်းပြု၍ အရှေ့အနောက် အလျားမှောက်သည်ဖြစ်အံ့၊ ဦးခေါင်းဦး(အရှေ့ဘက်)မှ မြတ်စွာဘုရားသည် အကယ်၍ သုမေဓာရှင်ရသေ့၏ မြောက်ဘက်နံပါးဖြင့် ရှောင်လွှဲကြွသွားခဲ့သော် သုမေဓာရှင်ရသေ့ကို လက်ဝဲထား၍ ကြွသွားခြင်း ဖြစ်လိမ့်မည်၊ ဤသို့မဖြစ်ရအောင် သုမေဓာရှင်ရသေ့၏ တောင်ဘက်နံပါးဖြင့်သာ (တောင်ဘက်မှ) ရှောင်လွှဲကြွသွားတော်မူသည်ဟု ဆိုလိုသည်။

ဗုဒ္ဓဝင်ပါဠိတော်၌ ဆိုအပ်ပြီးသောအတိုင်း "ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာရှင်ရသေ့ကို ဗျာဒိတ်ကြားပြီးလျှင် လက်ျာဘက်ထား၍ ကြွချီတော်မူကြောင်းမျှသာ လာရှိသည်၊ ဇာတ်အဋ္ဌကထာနှင့် ဗုဒ္ဓဝင်အဋ္ဌကထာတို့၌.... အဋ္ဌဟိ ပုပ္ဖမုဋ္ဌီဟိ ပူဇေတွာ....ဟူ၍" "ပန်းရှစ်ဆုပ်တို့ဖြင့် ပူဇော်ခဲ့ပြီးမှ ကြွသွားတော်မူကြောင်း"ကို အထူးဖွင့်ပြသည်။

ဤအရာ၌ "ဘုရားစင်စစ်ဖြစ်တော်မူသော ဒီပင်္ကရာပုဂ္ဂိုလ် သူမြတ်ကြီးက အလောင်းလျာမျှသာ ဖြစ်သော သုမေဓာရှင်ရသေ့ကို ပန်းရှစ်ဆုပ်တို့ဖြင့် ပူဇော်သည်ဆိုခြင်းမှာ သင့်လျော်နိုင်ပါမည်လော–ဟု မေးမြန်းကြ၏။ ။ ထိုအမေးကို "ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာရှင်ရသေ့ကို ရည်ရွယ်၍

http://www.dhammadownload.com



ပူဇော်သည်မဟုတ်၊ နောင် ဂေါတမဘုရားဖြစ်သောအခါ ရရှိမည့်သဗ္ဗညုတဉာဏ်တော်ကိုသာ ရည်ရွယ်၍ ပူဇော်သည်၊ သို့ဖြစ်၍ သင့်မြတ်ပါသည်”ဟု ဖြေဆိုကြ၏။

ဤအဖြေဖြင့်ပင် အချို့က ကျေနပ်၍ အချို့က မကျေနပ်ကြချေ၊ မကျေနပ်ခြင်း၏အကြောင်းမှာ သဗ္ဗညုတဉာဏ် လက်ရှိပုဂ္ဂိုလ်မြတ်ကြီးက နောင်မှဖြစ်ပေါ်မည့် သဗ္ဗညုတဉာဏ်ကို ရည်ရွယ်ပူဇော်သည်ဆိုခြင်းမှာ ခိုင်လုံသောအကြောင်းမဟုတ်ဟု ယူဆကြ၏။

ဤအမေးအဖြေ နှစ်ဖက်လုံးကပင် “ပူဇော်သည်” ဟူသော စကား၏အဓိပ္ပါယ်ကို လူနတ်တို့က မြတ်စွာဘုရားကို ရှိခိုးပူဇော်သည်ဟူသော စကားမှာပါသည့် “ပူဇော်”ဟူသောစကားနှင့် အဓိပ္ပါယ်အတူထား၍ ယူကြသည်ချည်းဖြစ်၏။ လူနတ်တို့က မြတ်စွာဘုရားကို ရှိခိုးပူဇော်သည်ဆိုသောအရာ၌ ပါရှိသော “ပူဇော်”ဟူသော စကား၏ အဓိပ္ပါယ်မှာ “အလွန်ရိုသေမြတ်နိုး ရှိခိုးပါသည်”ဟူ၍ ဆိုလိုရင်းဖြစ်သည်။ ဒီပင်္ကရာမြတ်စွာဘုရားက သုမေဓာရှင်ရသေ့ကို ပန်းရှစ်ဆုပ်တို့ဖြင့် ပူဇော်သည်ဆိုသောအရာမှာ ပါရှိသည့် ပူဇော်ဟူသောစကားနှင့် လူနတ်တို့က မြတ်စွာဘုရားကို ပူဇော်သည်ဟူသော စကားမှာပါရှိသည့် ပူဇော်ဟူသော စကားနှစ်ရပ်မှာ အဓိပ္ပါယ်တူညီခြင်း မဖြစ်နိုင်၊ သေချာစွာစဉ်းစားသည်ရှိသော်....ပူဇာဟူသော ပါဠိမှ ပူဇော်ဟူသော မြန်မာဝေါဟာရ ဖြစ်ပေါ်လာသည်။ ပူဇာဟူသော ပါဠိကို ခုဒ္ဒကပါဌအဋ္ဌကထာ၌၊ ။ ပူဇာတိ သက္ကာရ မာနန ဝန္ဒနာ၊ ။ဟူ၍ ကောင်းစွာပြုခြင်း အမြတ်တနိုးပြုခြင်း ရှိခိုးခြင်းကို ပူဇာခေါ်ကြောင်း ဖွင့်ပြထားသောကြောင့် ပူဇော်ဟူသော မြန်မာဝေါဟာရ၏ အဓိပ္ပါယ်မှာလည်း ကောင်းစွာပြုခြင်း အမြတ်တနိုးပြုခြင်း ရှိခိုးခြင်းတို့သာ ဖြစ်ရပေမည်။

သို့ဖြစ်၍ “ဒီပင်္ကရာမြတ်စွာဘုရားက သုမေဓာရှင်ရသေ့ကို ပန်းရှစ်ဆုပ်တို့ဖြင့် ပူဇော်သွားသည်”ဟုဆိုရာမှာ ပါရှိသော ပူဇော်ခြင်းအရ “ပန်းရှစ်ဆုပ်တို့ဖြင့် ကောင်းစွာပြုလုပ်သည်၊ ပန်းရှစ်ဆုပ်တို့ဖြင့် အမြတ်တနိုး ပြုလုပ်သည်” ဟူသော အဓိပ္ပါယ်များကို ပြန်ဆိုနိုင်သည်၊ ရှိခိုးခြင်းဟူသော အဓိပ္ပါယ်ကို မပြန်ဆိုနိုင်။

အချုပ်အားဖြင့် ဖော်ပြရသော်....လူနတ်တို့က ရတနာသုံးပါးကို ပူဇော်ခြင်းနှင့် ဒီပင်္ကရာမြတ်စွာဘုရားက သုမေဓာရှင်ရသေ့ကို ပူဇော်ခြင်းတို့သည် အနက်တူမဟုတ်၊ တမျိုးစီသာဖြစ်သည်။ လူနတ်တို့က ပူဇော်ရာမှာ အမြင့်မြတ်ဆုံးအနေဖြင့် ရိုသေမြတ်နိုး ရှိခိုးခြင်းကို ဆိုလိုသည်၊ ဒီပင်္ကရာ မြတ်စွာဘုရားက သုမေဓာရှင်ရသေ့ကို ပူဇော်သည် ဆိုသောအရာမှာ ကောင်းစွာပြုခြင်း အမြတ်

http://www.dhammadownload.com



တနိုးပြုခြင်းကို ဆိုလိုသည်။ သို့ဖြစ်၍ တစုံတရာ ဆန့်ကျင်ခြင်း မရှိဟု ပြောဆိုဖြေကြားသင့်ပေသည်။ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျော်ကျမ်းဦးအစ၌ — မြတ်စွာဘုရားသည် ပူဇော်အပ်သော တရားတော်ကို ရှိခိုးပါ၏ဟူ၍ ပြဆိုထားရာ၊ မြတ်စွာဘုရားက တရားတော်အား ပူဇော်ခြင်းဟူသည် ကောင်းစွာနှလုံးသွင်း မှီဝဲခြင်း ကောင်းစွာ စိတ်ထဲ၌ ပွါးများခြင်း အကြိမ်ကြိမ် နှလုံးသွင်းခြင်း ကောင်းစွာ ဆင်ခြင်ခြင်း ဝေနေယျတို့အား တရှိတသေ တရားဟောခြင်း တရားတော်ကို ချီးမွမ်းခြင်း စသည်တို့ပင်ဖြစ်၏၊ ပစ္စည်းတစုံတခုကို လှူဒါန်းခြင်းမဟုတ်ဟူ၍ မဏိသာရမဉ္ဇူသာ အမည်ရှိသော ဋီကာကျော် အဖွင့်ကျမ်း၌ ပြဆိုထား၏။

---

## စာမျက်နှာ (၇၇) ၌—

ဝိသာခါနက္ခတ်၏ စန်းနှင့်ယှဉ်ခြင်းကို နိမိတ်တပါးပြုကာ နတ်ဗြဟ္မာများ ကောင်းချီးစကား ပြောကြားချက်ကို သတိပြုရာ၏။ ဝိသာခါနက္ခတ် စန်းနှင့်ယှဉ်သော အချိန်အခါသည် ကဆုန်လပြည့်နေ့ဖြစ်၏။ ရှေးရှေးဘုရားအလောင်းတော်များ ဗျာဒိတ်ခံသောနေ့သည် ကဆုန်လပြည့်နေ့ ဖြစ်သည့်အတိုင်း အရှင်သုမေဓာ ဗျာဒိတ်ခံသောနေ့သည်လည်း ကဆုန်လပြည့်နေ့ပင်ဖြစ်၍ မချွတ်ကေန်ဘုရားဖြစ်လတ္တံ့ဟု လျှောက်ဆိုကြခြင်း ဖြစ်သည်။

ဤသို့ ကဆုန်လကို အကြောင်းထူး တမျိုးထား၍ နတ်ဗြဟ္မာများ ပြောဆိုကြခြင်းမှာ ကဆုန်လသည် နှစ်၏ပဌမ အစအဦး ထူးခြားသောလဖြစ်သည်။ ။ (တန်းခူးလသာ နှစ်၏အဦးအစ ပဌမလဖြစ်သည်မဟုတ်ပါလောဟုမေးမြန်းဘွယ်ရှိ၏။ တန်းခူးလသည် တလလုံးလုံး မည်သည့်နှစ်မှာမှ နှစ်ဦးအစ ပဌမလမဖြစ်နိုင်၊ ရှေ့ပိုင်းသည် နှစ်ဟောင်းမှာပါ၍ နောက်ပိုင်းသာ နှစ်သစ်သို့ ဝင်သည်၊ တရံတခါ တလလုံးပင် နှစ်ဟောင်းထဲသို့ ဝင်သွာပေသည်၊ သို့ဖြစ်၍ နှစ်၏အဦးအစ ပဌမလ မဖြစ်နိုင်။ ကဆုန်လသည်ကား မည်သည့်နှစ်မှာမဆို တလလုံးအဦးအစ ဖြစ်သင့်သော ပဌမလပေတည်း၊ တရံတခါမှသာ လေးငါးရက်ခန့် နှစ်ဟောင်းထဲသို့ ပါဝင်တတ်၍ များသောအားဖြင့် နှစ်သစ်သို့ တလလုံးလုံးပါဝင်သည့်အတွက် နှစ်၏အစအဦး ထူးသောလ ဖြစ်ပေသည်။)

လောက၌ မည်သည့်အရာမဆို အဦးအစ ပဌမ ဖြစ်ရခြင်းသည် ထူးသောအချက်ပင် ဖြစ်ပေ၏၊ အိမ်ဆောက်ခြင်း အဦးအစ အိမ်တက်မင်္ဂလာ, စက်ရုံတည်ခြင်း အဦးအစ စက်ဖွင့်မင်္ဂလာ, ကုန်တိုက်တည်ခြင်း အဦးအစ တိုက်ဖွင့်မင်္ဂလာ-စသည်ဖြင့် အဦးအစ ပဌမမှာ အမြတ်တနိုး အရေးတယူ ပြုလုပ်ကြခြင်းသည် လောကမမ္မတာ မင်္ဂလာတမျိုးပင် ဖြစ်သည်။

http://www.dhammadownload.com


ဗျာဒိတ်ခံယူခြင်း ကိစ္စသည်လည်း အလွန်ထူးမြတ်သော ကိစ္စဖြစ်၍ လောကမင်္ဂလာ မေတ္တာ သဘောအားဖြင့်ပင် ထူးခြားသောနေ့နှင့်သာ သက်ဆိုင်သည်။ သို့ဖြစ်၍ – ကဆုန်လပြည့်နေ့မှာ ဗျာဒိတ်ခံရသည့်အတွက် မချွတ်ဧကန် ဘုရားဖြစ်လိမ့်မည်ဟု နတ်ဗြဟ္မာများ ကျွေးကြော်ထားပြောဆိုကြခြင်း ဖြစ်လေသည်။

ကဆုန်လပြည့်နေ့မှာ ဗျာဒိတ်ခံယူရာ နေ့မျှသာ မဟုတ်၊ ပစ္ဆိမဘဝိက= (နောက်ဆုံး ဘုရားဖြစ်မည့်ဘဝ၌ ဖြစ်ကြသည့်) ဘုရားအလောင်းတော်ကြီးများ ဖွားမြင်တော်မူရာ နေ့သည်လည်း ကဆုန်လပြည့်နေ့ပင်၊ ဘုရားဖြစ်တော်မူရာ နေ့သည်လည်း ကဆုန်လပြည့်နေ့ပင်၊ ပရိနိဗ္ဗာန်စံတော်မူရာ နေ့သည်လည်း ကဆုန်လပြည့်နေ့ပင် ဖြစ်သည်။ ဤသို့ထူးမြတ်သော အရာများ ကဆုန်လပြည့်နေ့တွင်သာ ဖြစ်ရခြင်းအကြောင်းမှာ ပြခဲ့ပြီးသောအတိုင်း ကဆုန်လ၏ နှစ်ဦးအစ ပဌမလ အဖြစ်ဖြင့် ထူးခြားသောအကြောင်းကြောင့်ဖြစ်ပေသည်။

ဘုရားအဖြစ်တွင်သာ မဟုတ်သေး၊ လောကအဖြစ်၌လည်း ရှေးရှေးဘုရင်မင်းမြတ်များသည်လည်း များသောအားဖြင့် ကဆုန်လမှာသာ ဘိသိက်ခံရိုးကိုးရှိပေသည်။ ထို့ကြောင့် မဃဒေဝလင်္ကာသစ် ဘိသိက်ခဏ်း၌—"မဟာကဝိန်၊ သုခမိန်ကို၊ နိုင်းချိန်ပညာ၊နန်းစဉ်စာနှင့်၊ ညီစွာမကြူး၊ နှစ်သစ်ကူး၍၊ တန်းခူးကုန်ထ၊ ကဆုန်လ၌၊ ဘိသေကပွဲ၊ ခံမြဲများစွာ၊ မေ္တာဖြင့်၊အခါပိုင်းခြား"— ဟူ၍ စပ်ဆိုတော်မူသည်။

ဤနည်းအရ ညောင်ရေသွန်းပွဲတော်ကိုလည်း နှစ်ဦးအစ ကဆုန်လမှာသာ ကျင်းပခြင်း ပြုလုပ်ကြလေသည်။ အကြောင်းမှာ....ပြခဲ့ပြီးသောအတိုင်း အဦးအစဖြစ်သော အခါများတွင် ဘာသာဝင်တိုင်းပင် မိမိတို့ ယုံကြည် အားထားသော အရာကို အမြတ်တနိုး အားကိုး၍ ဆုတောင်းဆုယူမှု ပြုကြသည့်အတိုင်း နှစ်၏ အဦးအစတွင် လာလတ္တံ့သော တနှစ်ပတ်လုံး ဘေးရန်ကင်းရှင်း ချမ်းသာခြင်းနှင့် ပြည့်စုံစေရန် (ဘုရားပွင့်တော်မမူမီ) ရှေးရှေးအခါက ညောင်ပင်မှာ ရေသွန်းလောင်းလျက် ဆုတောင်း ဆုယူမှု ပြုလုပ်ကြလေသည်။

လောကမှာ မြတ်စွာဘုရား ပွင့်တော်မမူသည့်အခါ ထင်မိထင်ရာ အမျိုးမျိုး ကိုးကွယ်ကြသည်တွင် များသောအားဖြင့် လူတို့နှင့်နီးစပ်သော ရုက္ခဗိုဟ်နတ်တို့ကို ကိုးကွယ်ကြ၏၊ ရုက္ခဗိုဟ်နတ်များ၏နေရာ သစ်ပင်အမျိုးမျိုးတွင်လည်း ညောင်ပင်ကို အထူးအရေးယူလေ့ရှိကြရာ ဆုတောင်း ဆုယူ ပြုလုပ်သောအခါ ညောင်ပင်မှာသာ ပြုလုပ်လေ့များကြ၏။ ထိုအကြောင်းကို သိသာရန် သာကေ= (သက်သေ)ပြရသော်....

http://www.dhammadownload.com



မြတ်စွာဘုရား ပွင့်တော်မူခါနီး(မပွင့်မီ)အချိန်မှာ ဗာရာဏသီပြည် သေနနိဂုံးသူ သုဇာတာသူဌေးသမီးသည် ပျိုရွယ်စဉ်က ညောင်ပင်ကြီး တပင်သို့သွားရောက်၍ "ကျွန်ုပ် အချိန်အရွယ်ရောက်လျှင် အမျိုးအနွယ် တူ ယောကျ်ားနှင့် သင့်မြတ်၍ သားဦးဖွားရအောင် စောင်မတော်မူပါ၊ စောင်မခဲ့ပါလျှင် နှစ်စဉ်နှစ်စဉ် တသိန်းကုန် ပူဇော်ပွဲ ကျင်းပပါမည်" ဟု ပြောဆို ဆုတောင်းလေသည်။

ဆုတောင်းသည့်အတိုင်းပင် သားဦး(ယသ သတို့သား) ဖွားသော အခါ နှစ်စဉ်နှစ်စဉ်ပင် ကဆုန်လပြည့်နေ့မှာ ပူဇော်ပွဲ အကြီးအကျယ် ပြုလုပ်ခဲ့လေသည်။ မဟာသက္ကရာဇ် (၁၀၃)ခု အကြို ကဆုန်လပြည့်နေ့ မှာကား မြတ်စွာဘုရားအလောင်းတော်ကလည်း ထိုညောင်ပင်ရင်းမှာ သွားရောက် သီတင်းသုံးတော်မူရိုက် သုဇာတာသည် ထူးမြတ်လှစွာသော ဃနာနို့ဆွမ်းကို လာရောက်၍ ကပ်လှူကြောင်း ပါဠိဇာတ် အဋ္ဌကထာ နိဒါန်း၌ ထင်ရှားစွာ ဖွင့်ပြလေသည်။

ဤပါဠိဇာတ် အဋ္ဌကထာ၌ ပဌမဆုတောင်းသည့်နေ့နှင့် နောက်မှ နှစ်စဉ် ပူဇော်ပွဲ ကျင်းပသည့်နေ့များကို မည်သည့်နေ့ဖြစ်သည်ဟု မပြဆိုသော်လည်း ဘုရားအလောင်းတော်နှင့် တွေ့ရသည့် အဆုံးသတ် ပူဇော်သောနေ့မှာ ကဆုန် လပြည့်နေ့ ဖြစ်ကြောင်းကို အထင်အရှား ဖွင့်ပြထားသဖြင့် ဆုတောင်းသည့် နေ့နှင့်တကွ နှစ်စဉ်ပူဇော်ပွဲ ကျင်းပသည့် နေ့များသည်လည်း ကဆုန်လပြည့် နေ့ပင် ဖြစ်သည်ဟု မှန်းဆ သိသာနိုင်သည်။

သုဇာတာသည် ဃနာနို့ဆွမ်း ကပ်လှူကြောင်းသာ ကျမ်းဂန်၌ လာသည်၊ ရေသွန်းလောင်းကြောင်းမလာရှိ၊ သို့ဖြစ်၍ သုဇာတာဝတ္ထုသည် ရေသွန်းလောင်း ခြင်း၏ အထောက်သာဓက မဖြစ်သင့်ဟူ၍ ဆိုရန်ရှိ၏။ သုဇာတာသည် ထို ညောင်ပင်ကြီး၌ အမှိုက်တလင်း သုတ်သင်ခြင်း ရေသွန်းလောင်းခြင်းတို့ကို ပြုမည်အမှန်ပင် ဖြစ်သော်လည်း အရေးကြီး၍ ပြဋ္ဌာန်းသော ဃနာနို့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းကိုသာ အဋ္ဌကထာဆရာဖွင့်ပြ၍ ရေသွန်းခြင်းမှာမပြဋ္ဌာန်း သဖြင့် အဋ္ဌကထာဆရာ ဖွင့်ပြတော်မမူဟု ယူမှတ်သင့်၏။

ကေနိပါတ် ဦးရေ (၅၀) မြောက်ဖြစ်သော ဒုမ္မေဓဇာတ်၌ကား ရေသွန်း လောင်းကြောင်း တိုက်ရိုက်ပင် လာရှိသည်။ ဤ ဒုမ္မေဓဇာတ် အချုပ်ကား....

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု စဉ် ဘုရားအလောင်းတော်သည် ဗြဟ္မဒတ်ဟူသော အမည်ဖြင့်ပင် ထို မင်း၏သားတော်ဖြစ်၍ အိမ်ရှေ့မင်းအဖြစ် စံနေစဉ် တိုင်းသူပြည်သား

http://www.dhammadownload.com



တို့သည် နတ်များကို အထူးကိုးစားကာ ဆိတ်၊ ကြက်၊ ဝက် စသည်တို့ကို သတ်ဖြတ်၍ အသွေးအသားတို့ဖြင့်၎င်း ပန်းနံ့သာ စသည်တို့ဖြင့်၎င်း နတ်ပူဇော်မှု ပြုကြကုန်၏။

အလောင်းတော် အိမ်ရှေ့မင်းသားသည် "ငါမင်းဖြစ်လျှင် ဤဒုစရိုက် ကိစ္စတွေကို (တဦးတယောက်ကိုမျှ မနှိပ်စက် မညှဉ်းပန်းပဲ) ပ-ပျောက် ငြိမ်းချမ်းစေမည်" ဟု ကြံစည်တော်မူကာ လူအများတို့ ညောင်ပင်ကြီး၌ နတ်ပူဇော်ပွဲ ကျင်းပနေသည်ကိုမြင်၍ ညောင်ပင်သို့ဝင်လျက် ပန်းနံ့သာ စသည်တို့ဖြင့် (လူအများနည်းတူ) ပူဇော်၍ ရေသွန်းလောင်းကာ ညောင်ပင်ကို လက်ျာရစ် လှည့်လည် ရှိခိုး၍ ပြန်ခဲ့လေသည်။

ဤနည်းဖြင့် ရံခါရံခါ ထိုညောင်ပင်သို့ သွား၍ တကယ်ပင် နတ်ကို ကိုးစားသောသူကဲ့သို့ ပူဇော်မှုကို ပြုပြီးသည့်နောက် ခမည်းတော် လွန်မြောက်သဖြင့် မင်းအဖြစ်သို့ ရောက်သောအခါ မှူးမတ်အားလုံးကို စည်းဝေးစေပြီးလျှင် "မှူးမတ်အပေါင်းတို့.... ငါအိမ်ရှေ့မင်း ဖြစ်စဉ်အခါ ညောင်ပင်ကြီးမှာ သွားရောက်၍ ရေသွန်းလောင်းပူဇော်ခဲ့သည်ကို သင်တို့ သိမြင်ကြသည်မဟုတ်လော၊ ထိုအခါက ငါသည် 'အကျွန်ုပ် ခမည်းတော်၏ အရိပ်အရာကို ကောင်းမွန်စွာ ရရှိမူကား အထောင် မျှသော လူမိုက်တို့၏ အသွေးအသားဖြင့် အရှင်နတ်မင်းအား ပူဇော် ပါမည်' ဟု ဝန်ခံခဲ့သည့်အတိုင်း လူမိုက်တို့၏ အသွေးအသားဖြင့် ညောင် စောင့်နတ်မင်းအား ပူဇော်လိုသည်၊ ယနေ့မှစ၍ နိုင်ငံတော်အတွင်းမှာ လူမိုက်များကို စစ်ဆေးမေးမြန်း စာရင်းကောက်ယူ၍ ပေးကြရမည်" ဟု အမိန့်ထုတ်ပြန်လေသည်။

ထိုအခါ သူ့အသက်သတ်ခြင်းစသည်ကို ပြုဝံ့လော သူမိုက်ဟူ၍ မရှိအောင် တိုင်းပြည်သာယာ ကောင်းမွန်သွားကြောင်း ဟောပြသော ဇာတ်တော်ဖြစ်သည်။

ဤဇာတ်တော်၌ ဘုရားအလောင်းတော်ကိုယ်တိုင်ပင် (လူအများနည်းတူ ပရိယာယ်ဆောင်တော်မူ၍) ရေသွန်းလောင်းကြောင်း တိုက်ရိုက်သာရှိသည်။ ယခု ပြခဲ့ပြီးသော စကားအရ....သုဇာတာဝတ္ထုက ညောင်ပင်ကို ပူဇော်ပသ သော နေ့လသည် ကဆုန်လပြည့်နေ့ဖြစ်ကြောင်း ဖော်ပြ၍၊ ဒုမ္မေဓဇာတ်က ညောင်ရေသွန်းလောင်းကြောင်း ဖော်ပြသည်။

ဤစကားနှစ်ရပ်ကို တွဲစပ်လိုက်လျှင် ဘုရားမပွင့်မီက လောကမှာ အများ အားထား ကိုးကွယ်ကြသော ညောင်စောင့်ရုက္ခဇိုဝ်းနတ်များထံ ချဉ်းကပ်၍

http://www.dhammadownload.com



နှစ်ဦးအစဖြစ်သော ကဆုန်လပြည့်နေ့တွင် ညောင်ပင်မှာ ရေသွန်းလောင်းခြင်း စသည်ဖြင့် ပူဇော်ပသပွဲ ကျင်းပကြကြောင်း ထင်ရှားပေသည်။

နှောင် ဘုရားပွင့်လာသောအခါ ညောင်ပင်စောင့် ရုက္ခစိုဝ်းနတ်ကို မပူဇော်တော့ပဲ မြတ်စွာဘုရားအားသာ ပူဇော်မှု ပြုကြသည်၊ သို့ရာတွင် ဘုရားမပွင့်မီက ညောင်ပင်မှာ ရေသွန်းလောင်းရသည့်အတွက် "ညောင်ရေသွန်း"ဟူသော ဝေါဟာရကိုကား မပြောင်းလဲတော့ပဲ ဘုရားအား လှူသော ရေကိုလည်း "ညောင်ရေ"ဟုပင် ခေါ်ကြသည်။

ထင်ရှားသော သာဓကကို ဖော်ပြရလျှင်...ဗုဒ္ဓဘာသာဝင် လူမျိုးတိုင်းတို့၏ အိမ်ဦးမှာ တတ်နိုင်သည့်အလျောက် စင်ဆောက်လုပ်ပြီးလျှင် ထိုစင်ပေါ်၌ အိုးသုံးလုံးကို ရေထည့်၍ သင့်လျော်သော ပန်းများကို ထိုးစိုက်ထားတတ်ကြ၏။ ထိုစင်ကို "ညောင်ရေအိုးစင်"၊ ထိုအိုးများကို "ညောင်ရေအိုး"၊ စိုက်ထားသောပန်းများကို "ညောင်ရေအိုးပန်း"၊ အိုးထဲ၌ ထည့်ထားသောရေကို "ညောင်ရေ"ဟူ၍ အများပင် တညီတညွတ်တည်း ခေါ်ဝေါ်ကြသည်။

ဤသို့ မိမိတို့အိမ်ဦးမှာ ထားအပ်သော ညောင်ရေအိုးမှ ရေဖြင့် ညောင်ပင်သို့သွား၍ သွန်းလောင်းရန် ရည်သန်ခြင်း ရှိပါမည်လော၊ အမှန်မှာ ညောင်ပင်သို့ သွားရောက်သွန်းလောင်းရန် ရည်သန်ခြင်း မရှိပေ၊ ရတနာသုံးပါးကိုသာ ပူဇော်လှူဒါန်းရန် ရည်သန်ထားကြခြင်း ဖြစ်ပေသည်။ ဤအိုးမျိုး ဤပန်းမျိုးမှာ အိမ်ဦးတွင် ပန်းများ စိုက်ထားမှသာ ညောင်ရေအိုး ညောင်ရေပန်း ဟူသော အမည်ကို ရကြသည်မဟုတ်သေး၊ ဈေးထဲမှာ စုပုံ၍ ရောင်းချနေစဉ်ကပင်လျှင် ညောင်ရေအိုး ညောင်ရေအိုးပန်းဟူ၍ ခေါ်ဆိုကြပေသည်၊ အဆုံးမှာပြခဲ့ပြီးသောအတိုင်း ရတနာသုံးပါးအား ပူဇော်လှူဒါန်းသော အိုးများ ပန်းများသာ ဖြစ်လေသည်။

ဤသို့ မြတ်စွာဘုရား ပွင့်ထွန်းတော်မူလာသောအခါမှစ၍ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ရတနာသုံးပါးအား လှူဒါန်းကာ ဆုတောင်းဆုယူ ပြုလုပ်အပ်သော ရေကို ညောင်ရေဟူ၍ အထင်အရှား အများပြုလုပ်ကြသည် ဆိုသော်လည်း ဘုရားမပွင့်မီ ကစဉ်အလာအားဖြင့်ပင် ညောင်ပင်စောင့် ရုက္ခစိုဝ်းနတ်ကြီးများကို ရည်သန်ပူဇော် ရေသွန်းလောင်းကာ ဆုတောင်းဆုယူ ပြုလုပ်ခဲ့သော အလေ့အထ အားကြီးစွာ ထုံခဲ့ကြသဖြင့် လူတို့၏ စိတ်မှာ ယခုအခါတိုင်အောင်ပင် ညောင်ပင်ကြီးများကို မြင်လျှင် အခြားသစ်ပင်တို့ထက် ပိုမိုအရေးယူခြင်း ညောင်ပင်ကြီးများ၌ ပန်းတင်ခြင်း ဆီမီးညှိထွန်းခြင်း အစရှိသော အလေ့အထသည်ကား ထင်ရှားပင် ရှိနေသေး၏။ ထိုသို့ ပြုလုပ်ကြ

http://www.dhammadownload.com



သောသူတို့သည် ဘုရားပွင့်တော်မူရာ ဗောဓိပင်ကို ရည်ရွယ်သည် မဟုတ်၊ ရက္ခဇိုဝ်းနတ်ကြီးနေရာ ညောင်ပင်ဖြစ်သည်ကိုသာ အသိအမှတ်ထားကြသည်။ ထိုသူတို့ကား ဘုရားမပွင့်မီ ရှေးအစဉ်အလာအတိုင်း (အထုံးမစိစစ်တော့ပဲ) လိုက်နာသူများသာဖြစ်၏။

## ကဆုန်လနှင့် ညောင်ရေ ယူဆပုံ အမျိုးမျိုး

(က) ညောင်ရေဟူသည် ဗောဓိညောင်ဗုဒ္ဓဟေပင်ကို သွန်းလောင်းသော ရေပင်ဖြစ်သည်၊ ဤဗောဓိညောင်ပင်ကို ကဆုန်လမှာမှ ရေသွန်းလောင်းခြင်း၏ အကြောင်းကား....ကဆုန်လဟူသည်မှာ(ကဆိန္န)ဟူသော ပါဠိမှ ဆင်းသက်လာသော စကားဖြစ်၏။ (က=ရေ၊ ဆိန္န=ပြတ်သည်)၊ ကဆိန္န=မြေခေတ်မှာ ရေပြတ်သောလ-ဟု အဓိပ္ပါယ်ရသည်၊ (ကဆိန္နဟူသော ပါဠိမှဖြစ်လာသော) ထိုကဆုန်လမှာ လွန်ခဲ့သောနှစ်က မိုးနှင့်လည်း အလွန်ဝေးကွာ လာမည့်နှစ်မိုးကလည်း မရွာသေးသည့်အတွက် မြေခေတ်မှာ ရေအပြတ်ဆုံးလဖြစ်၍ ဗောဓိပင် သေမသွားစေရန် ရေသွန်းလောင်းပေးရသည်ဟု ဝေါဟာရတ္ထိနတ္ထ ဒီပနီ ကျမ်းဆရာက ပြဆိုထားသည်။

(ကဆိန္န ဟူသောပါဠိ ကဆုန်လဟောကြောင်း ပိဋကကျမ်းတို့၌ မရှိသည့်ပြင်၊ အတော်အတန် ရေပြတ်သော တပေါင်း တန်းခူးလတို့၌ ညောင်ရေမသွန်းပဲ ဗောဓိပင် အလွန်အားနည်းမှ အားဆက်၍ ပေးသလောဟုပင် ပညာရှင်တို့ အပြစ်တင်ဘွယ် ရှိပေသည်။)

(ခ) အချို့ ပညာရှင်များကလည်း တေရသကနိပါတ် ခြောက်ခုမြောက် ကာလိင်္ဂဗောဓိဇာတ်နိဒါန်းမှာ လာရှိသော (ဇေတဝန်ကျောင်းတိုက် အတွင်း အရှင်အာနန္ဒာ စိုက်ပျိုးအပ်သည့်) အာနန္ဒာ ဗောဓိပင်ကို အကြောင်းပြု၍ ညောင်ရေသွန်းပွဲ ဖြစ်ပေါ်လာသည်ဟု ပြောဆိုကြ၏။

(ထို ကာလိင်္ဂဗောဓိဇာတ်အဋ္ဌကထာ၌ အရှင်အာနန္ဒာ စိမ်သော ဗောဓိပင်မှာ (မြန်မာစာမူများအလို) ရွှေအိုး ငွေအိုး တဆယ့်ရှစ်လုံး၊ (သီဟိုဠ်စာမူများအလို) တရာ့ရှစ်လုံးတို့အထဲမှာ နံ့သာရေတို့ကို ထည့်ပြီးလျှင် ကြာညိုပန်းစသည် အမျိုးမျိုး စိုက်ထိုးလျက် ညောင်ပင်ကို ဝိုင်းဝန်းစီစဉ်ပူဇော်ထားကြောင်း စသည်သာ အထူးလာရှိသည်၊ ညောင်ရေသွန်းသည်ဟူ၍ကား အထူးမလာရှိ၊ သို့သော် ထိုဗောဓိညောင်ပင်အား ရေသွန်းလောင်းမည်ကား အမှန်ပင်ဖြစ်၏၊ သို့သော်လည်း ရေသွန်းခြင်း ကိစ္စထက် နံ့သာပန်းအိုးတို့ကို ဝိုင်းဝန်းစီစဉ်ပူဇော်ခြင်း, ရတနာ(၇)ပါးဖြင့်ပြီးသော ပွတ်လုံးရံခြင်း, ရွှေနှင့်ရော၍ သဲဖြူဖြန့်ခင်းခြင်း, တံတိုင်း

http://www.dhammadownload.com



အရှုံပြုလုပ်ခြင်း, ရတနာ(၇)ပါးဖြင့် ချယ်စီအပ်သော တံခါးမုခ် တည် ခြင်းကိစ္စတို့ကသာ ထူးကဲသောကိစ္စဖြစ်၍ ထိုကိစ္စတို့ကိုသာ အဋ္ဌကထာ ဆရာ အထူးဖွင့်ပြတော်မူသည်။ ထိုအချိန်ကမှစ၍ ညောင်ရေသွန်းခြင်း ကိစ္စအထူးဖြစ်လာပါလျှင် အဋ္ဌကထာ၌ အထူးဖွင့်ပြလေရာ၏၊ ပြကား မပြခဲ့၊ ဤသို့ ရေသွန်းလောင်းခြင်းကို တိုက်ရိုက်မပြသော အာနန္ဒာ ဗောဓိကို အရင်းခံထား၍ ညောင်ရေသွန်းပွဲသဘင် စတင်ဖြစ်သည်ဟု ဆိုရန်မှာလည်း ခဲယဉ်းသောအချက်ပင်ဖြစ်သည်။)

(ဂ) အချို့ ပညာရှင်များကမူ ကဆုန်လပြည့်နေ့သည် ပြဆိုခဲ့ပြီးသော အတိုင်း ဘုရားအလောင်းတော်များ ဗျာဒိတ်ခံတော်မူရာနေ့ ဘုရားဖြစ်မည့် ဘဝတွင် ဖွားတော်မူရာနေ့ ဘုရားဖြစ်တော်မူရာနေ့ ပရိနိဗ္ဗာန်စံတော်မူရာနေ့ အားဖြင့် နေ့ထူးနေ့မြတ်ကြီးဖြစ်သောကြောင့် ကဆုန်လပြည့်နေ့မှာ ညောင်ရေ သွန်းခြင်းကောင်းမှုပြုလုပ်ကြသည်ဟု ပြောဆိုကြပြန်၏။

(ညောင်ရေသွန်းခြင်းကိစ္စကား ဘုရားမပွင့်မီကပင် ရှေး၌ ဆိုအပ်ပြီး သောအတိုင်း ဖြစ်ပေါ်ခဲ့သည်၊ ဘုရားပွင့်တော်မူလာသောအခါမှ နတ် အား ပူဇော်ခြင်းမှ ပြောင်းလဲ၍ ဖော်ပြရာပါအတိုင်း နေ့ထူးနေ့မြတ် ကြီးဖြစ်သည်ကို အာရုံပြုကာ ဗုဒ္ဓဘာသာဝင်တို့ မြတ်စွာဘုရားအား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်ဟု မှတ်ယူထိုက်ပေသည်။)

---

စာမျက်နှာ (၇၄)မှ (၈၀)တိုင်—

ပြဆိုအပ်သော နိမိတ်ကြီးများကို ပါဠိတော်၌—"နိမိတ္တာနိ ပဒိဿန္တိ=နိမိတ် ကြီးများ ထင်ရှားဖြစ်ပေါ်ကုန်၏"ဟုသာ သာမညစကား အခြေခံထား၍ ချမ်း အေးမှု ပျောက်ကင်းခြင်းအစ သေဆုံးသူ, ပဋိသန္ဓေနေသူ ကင်းခြင်း အဆုံးရှိ သော အရာတို့ကို စီစဉ် ဟောပြတော်မူသည်။ နိမိတ်ကြီးကား ဤမျှရှိသည်ဟု ပိုင်းခြား၍မပြ၊ အဋ္ဌကထာ၌လည်း ပါဠိအစဉ်ကိုသာ ဖွင့်ပြ၍ ဤကား နိမိတ် တပါး, ဤကား နိမိတ်တပါးဟု ပိုင်းခြား၍ မဖွင့်ပြ။

(ဤ၌ ဘုရားအလောင်းတော် ဗျာဒိတ်ခံသောအခါ ဖြစ်ပေါ်သော နိမိတ်ကြီးများနှင့်၊ ဘုရားအလောင်းတော် ပဋိသန္ဓေ တည်နေသောအခါ ဖွားတော်မူသောအခါ ဘုရားဖြစ်တော်မူသောအခါ ဓမ္မစကြာတရားဦး ဟောတော်မူသောအခါတို့၌ ဖြစ်ပေါ်သော နိမိတ်ကြီး (၃၂) ပါးတို့မှာ မတူကြပေ၊ တမျိုးစီသာဖြစ်သည်၊ ပဋိသန္ဓေတည်နေသောအခါ စသည် တို့၌ ဖြစ်ပေါ်သော နိမိတ်ကြီး(၃၂)ပါးတို့ကို ဂေါတမဗုဒ္ဓဝင်အခန်း၌ အကျယ်ဖော်ပြပေအံ့။)

http://www.dhammadownload.com



အလောင်းတော် သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံသောအခါ ဖြစ်ပေါ်သော နိမိတ်ကြီး (၃၂) ပါးတို့ကို မုံရွေး ဇေတဝန်ဆရာတော်က မိမိ၏ ရာဇောဝါဒ ကျမ်း၌—

"မြစ်ရေပြန့်ပြန့်၊ တန့်၍ရှည်ကြာ၊မနေရာသော်လည်း၊ရွှေဗျာဒိတ်ပွဲ၊ ကာလဆဲတွင်၊ လွှဲ၍မစီး၊ ငရဲမီးချမ်းသာ၊ သုမေဓာ၏၊ ဂုဏ်အာနုဘော်၊ ဉာဏ်တော်ရင့်ညောင်း၊ သူတော်ကောင်းကြောင့်၊ အပေါင်းသတ္တဝါ၊ ဒုက္ခကွာ၍၊ ချမ်းသာရောက်ဘူးကြလေသည်"....

ဟူသော စာပိုဒ်၏ အဓိပ္ပါယ်ကို အကျယ်ဖော်ပြရာ၌ နိမိတ်ကြီး (၃၂) ပါးတို့၏ သရုပ်ကို....

(၁) အချမ်းအအေးကင်း၏၊
(၂) အပူငြိမ်း၏၊
(၃) တသောင်းသော စကြဝဠာ၌ အသံဗရို ဆိတ်၏၊ နှောက်ရှက်ခြင်း ကင်း၏၊
(၄) ပြင်းစွာသော လေတို့သည် မလာကုန်၊
(၅) အယဉ်ထန်စွာစီးသော မြစ်ကြီးတို့သည် မစီးကုန်၊
(၆) ကြည်းပန်း ရေပန်း ဟူသမျှတို့သည် အလုံးစုံ ပွင့်ကုန်၏၊
(၇) နွယ်ပင် သစ်ပင် (ပင်စောက်)တို့သည် အသီး သီးကုန်၏၊
(၈) ကောင်းကင်ရတနာ မြေပြင်ရတနာတို့သည် ကောင်းစွာ ထွန်းထောက် ပကုန်၏၊
(၉) လူ၌ဖြစ်သော တူရိယာ နတ်၌ဖြစ်သော တူရိယာတို့သည် အလိုလို မြည်ကုန်၏၊
(၁၀) ကောင်းကင်မှ ဆန်းကြယ်သော ပန်းမိုးတို့သည် ရွာကုန်၏၊
(၁၁) မဟာသမုဒ္ဒရာသည် ဝဲလည်၏၊
(၁၂) တသောင်းသော စကြဝဠာတိုက် တုန်လှုပ်၏၊
(၁၃) တသောင်းသော စကြဝဠာတိုက်၌ ငရဲမီးတောက်တို့သည် ငြိမ်းအေး ကုန်၏၊
(၁၄) နေသည် ကင်းသောအညစ်အကြေးရှိ၏(အညစ်အကြေးကင်း၏)၊
(၁၅) ကြယ်တို့သည် နေ့အခါ၌ ထင်ကုန်၏၊
(၁၆) မိုးမရွာပဲ ရေသည် မြေမှ ထွက်၏၊
(၁၇) ကြယ်အပေါင်းနှင့် နက္ခတ် နှစ်ဆယ့်ခုနစ်လုံးတို့သည် အလွန်ထွန်းပ တင့်တယ်ကြကုန်၏၊

http://www.dhammadownload.com



(၁၈) ဝိသာခါ နက္ခတ်သည် လပြည့်ဝန်း(စန်း)နှင့် ယှဉ်၏၊

(၁၉) တွင်း၌နေသော မြွေ, မြွေဘား၊ ချောက်၌နေသော မြေခွေး, ဝံ, သစ် အစရှိသော သတ္တဝါတို့သည် မိမိတို့နေရာမှ ထွက်ကုန်၏၊

(၂၀) သတ္တဝါတို့ မမွေ့လျော်ခြင်းပျောက်၍ မွေ့လျော်ခြင်းရှိကြကုန်၏၊

(၂၁) အနာတို့သည် ငြိမ်းကုန်၏၊

(၂၂) မွတ်သိပ်ဆာလောင်ခြင်း ကင်းကုန်၏၊

(၂၃) ရာဂ, ဒေါသ, မောဟ ပျောက်ကင်း၏၊

(၂၄) ဘေးကင်းကြ၏၊

(၂၅) မြူထခြင်းမရှိ၊

(၂၆) မကောင်းသော အနံ့တို့သည် ပျောက်ကုန်၏၊

(၂၇) နတ်၌ဖြစ်သော ရနံ့တို့သည် လှိုင်ကုန်၏၊

(၂၈) (အရူပဗြဟ္မာတို့ကို ထား၍) ခပ်သိမ်းသော နတ်ဗြဟ္မာတို့သည် ထင်ကုန်၏၊

(၂၉) တသောင်းသော လောကဓာတ်၌ ငရဲတို့သည် ထင်ကုန်၏၊

(၃၀) တံတိုင်း တိုက်နံရံ တံခါးရွက် ကျောက်တောင်တို့ဖြင့် ပိတ်ပင်ဆီးတားခြင်းမရှိကုန်၊

(၃၁) စုတေခြင်း မရှိကုန်၊

(၃၂) ပဋိသန္ဓေ နေခြင်း မရှိကုန်—

ဟူ၍ ရေတွက်ဖော်ပြထားသည်။

အချို့ဆရာကြီးတို့ကမူကား—

မုံရွေးဇေတဝန်ဆရာတော် ပြအပ်သည့် (၃)အမှတ် နိမိတ်တခုကို နှစ်ခုခွဲ၍ ယူလိုကြ၏၊ ယူလိုကြရင်း နှလုံးသွင်း အာဘော်မှာ....မုံရွေးဆရာတော် မိန့်ဆိုသည့်အတိုင်း တခုတည်း ယူလိုက်လျှင် အနှောက်အရှက်မရှိ ဆိုသော စကားအရ အသံတိတ်ဆိတ်နေသည့်အတွက် မည်သူ့နားမှာမှ အသံရှုပ်ထွေး နှောက်ရှက်ခြင်းမရှိဟု ဆိုရာရောက်၏၊ ဤအတိုင်းယူလျှင် အနှောက်အရှက်မရှိ ဟူသော စကား၏ အဓိပ္ပါယ်မှာ လေးလေးနက်နက် မရှိလှ၊ လူတို့၏နားမှာ အသံကြားရပုံ ရှုပ်ထွေးနှောက်ရှက်မှုကိုသာ အနှောက်အရှက်ဟူ၍ မယူပဲ မည်သည့်နည်းနှင့် မဆို တဦးအပေါ်မှာ အခြားသူတဦးကဖြစ်စေ အများကဖြစ်စေ နှောက်ရှက်မှု မရှိနိုင်ဟု ယူလိုက်လျှင် သာလွန်၍ အဓိပ္ပါယ် လေးနက်မည်ဖြစ်၏။

http://www.dhammadownload.com



သို့ဖြစ်၍ ဤ **အနှောက်အရှက်မရှိ** ဟူသောစကားကို နိမိတ်သီးခြား တပါး အဖြစ်ယူသင့်သည်။ ထိုသို့ ယူလိုက်သည်ရှိသော် နိမိတ်တပါး ပိုသွားမည်ဖြစ်၍ မပိုစေရန် (၂၆) အမှတ်နှင့် (၂၇) အမှတ် နိမိတ်တို့ကို နိမိတ်တခုတည်းအဖြစ် စုပေါင်း၍ယူလိုက်လျှင် တပါးမပိုတော့ပေ။ စုပေါင်းယူရန်လည်း သင့်ပေသည်.... (၂၇) အရ နတ်ဌ်ဖြစ်သော ရန်တို့သည် လိုင်ကုန်၏ ဟု ဆိုလိုက်လျှင်ပင် **မကောင်းသော အနံ့တိုသည် ပျောက်ကုန်၏** ဟူသော စကားကို နိမိတ်သီးခြား တပါးအဖြစ် ယူရန်မလိုတော့ပေ၊ နတ်ဌ်ဖြစ်သော ရန့် လှိုင်သည် ဟူသော **စကား၏** ဝိသေသနအဖြစ်ဖြင့်သာ **မကောင်းသောအနံ့** ပျောက်ကင်း၍ နတ်ဌ် **ဖြစ်သော** ရန့်တို့သည် လှိုင်ကုန်၏ ဟူ၍ နိမိတ်တပါးတည်းသာ ယူလိုက်ပါလျှင် (၃၂) ပါးပင် ဖြစ်၍ အဋ္ဌကထာတို့နှင့်လည်း မဆန့်ကျင်တော့ချေ ဟူ၍ မိန့်ဆိုတော်မူကြ၏။

## နိမိတ်နှင့်စပ်၍ မှတ်သားဖွယ်

နိမိတ်ဟူသော ဝေါဟာရသည် နိမိတ္တဟူသော ပါဠိမှ ဆင်းသက်လာသော မြန်မာဝေါဟာရဖြစ်သည်၊ ကောင်းကျိုး ဆိုးကျိုး ဤနှစ်မျိုးတွင် တမျိုးမျိုး ဖြစ်လိမ့်မည်ဟု သိမှတ်ကြောင်း (အသိဉာဏ် ဖြစ်ပေါ်ရန် အကြောင်း) ကို နိမိတ္တဟူသော သဒ္ဒါက ဟောဆိုလေသည်။ နိမိတ္တသဒ္ဒါသက်သက်က ကောင်းသောအကြောင်း(ကောင်းသောနိမိတ်)မကောင်းသောအကြောင်း (မကောင်းသော နိမိတ်) နှစ်မျိုးလုံးကိုပင် ဟောဆိုနိုင်ရာ မကောင်းသောအကြောင်း နိမိတ်ကို ဆိုလိုရာ၌(ဒု) သဒ္ဒါနှင့် တွဲဖက်၍ (ဒုန္နိမိတ္တ) ဟူ၍ ခေါ် ဆိုသုံးစွဲလေ့ရှိသည်။ ဤဗျာဒိတ်ခဏ်း၌ကား....ကောင်းမြတ်သော အကြောင်းတွေချည်းကိုပင် နိမိတ္တဟု ဟောကြားထားခြင်း ဖြစ်သည်။

လောကီလူအများ အသိအမှတ်ပြုသော အကြောင်းနှင့် ပတ်သက်သည့် အချက်စုမှာ တိတ်, နိမိတ်, တပေါင်, စနည်း, ဘဝေါ-ဟူ၍ ငါးမျိုးရှိသည်ဟု ပြောဆိုကြ၏၊ ထိုငါးမျိုးတို့၏ ထူးခြားပုံကိုလည်း..

မျက်မြင်နိမိတ်၊ တိတ်မှာလက်ဆောင်၊ အသံမှာတပေါင် ဟု အမှတ်အသား ပြုကြပြီးလျှင် နံနက်အိပ်ရာမှထ၍ မျက်စိကို ဖွင့်ကြည့်ရာတွင် ကောင်းသောအရာကို မြင်လျှင် ထိုနေ့သည် နိမိတ်ကောင်းသောနေ့၊ မကောင်းသော အရာကို မြင်လျှင် ထိုနေ့သည် နိမိတ်မကောင်းသောနေ့ဟူ၍ မျက်စိဖြင့် မြင်ရာကို (နိမိတ်) ခေါ် ရမည်ဟု ဆိုကြ၏။

http://www.dhammadownload.com



(တိတ်)ဟူသော စကားကို အတိတ်ဟူ၍လည်း ခေါ်ဆိုကြ၏၊ (အတိတ်ဟု ဆိုသော်လည်း လွန်လေပြီးသော ကာလကို ခေါ်သည့် အတိတ်မဟုတ်) လက်ဆောင်ကို ခေါ်သော စကားသာဖြစ်၏၊ မိတ်ဆွေများက မိမိထံသို့ ပို့လိုက်သော လက်ဆောင်သည် တိတ်မည်၏(သို့မဟုတ် အတိတ်မည်၏)၊ထိုလက်ဆောင်သည် မိမိနှစ်သက်သော လက်ဆောင်ပစ္စည်းဖြစ်လျှင် တိတ်ကောင်းသည် (အတိတ်ကောင်းသည်)၊ မနှစ်သက်သော လက်ဆောင်ပစ္စည်းဖြစ်လျှင် တိတ်မကောင်း (အတိတ်မကောင်း)ဟု ပြောဆိုလေ့ရှိကြ၏။

(တပေါင်)ဟူသည် ကြားရသော အသံပင်ဖြစ်၏၊ သဘင်သည် သူရူး ကလေးသူငယ်တို့၏ နှုတ်ဖျားမှ သီဆိုအော်ဟစ်ကြသော အသံသည် တမင်နားမထောင်ရပဲ ကြားရသော အသံဖြစ်၍ (တပေါင်)ခေါ်၏ဟု ပြောဆိုကြသည်။

တမင်ချောင်း၍ နားထောင်မှ ကြားသိရသော အသံကိုကား (စနည်း) ဟု ခေါ်သည်၊ သို့ဖြစ်၍ အကောင်းအဆိုးသိလိုလျှင် စနည်းနာရသည်ဟု မသိမသာ ချောင်းမြောင်းနားထောင်ခြင်းကို ပြုရာ၏။

> (မဃဒေဝလင်္ကာသစ်ကျမ်း၌ကား....“စနည်းကိုတောင်၊ တပေါင်ကိုမြောက်၊ ယူကောက်နှိုင်းညှိ၊ ဆိုရိုးရှိရှင့်”ဟူ၍ စပ်ဆိုသည်။ အဓိပ္ပါယ်မှာ....စနည်းနှင့် တပေါင်သည် အသံချည်းပင် ဖြစ်သော်လည်း မိမိနေရပ်၏ တောင်ဘက်မှ ကြားရသောအသံသည် စနည်းဖြစ်၍၊ မြောက်ဘက်မှ ကြားရသောအသံသည် တပေါင်ဖြစ်သည်ဟု ဆိုလိုသည်။)

နတ်များက ပူးဝင်ပြောဆိုသော အကြောင်းအရာကိုကား (ဘဝေါ) ဟူ၍ ခေါ်သည်။ ထို့ကြောင့် မဃဒေဝလင်္ကာသစ်ကျမ်း၌–“ပြည်နိမိတ်နှင့်၊ အတိတ်ဘဝေါ၊ နတ်ပြောပြဆောင်”–ဟူ၍ စပ်ဆိုလေသည်။

ဤသို့ အမျိုးမျိုး ခေါ်ဝေါ်ခြင်းမှာ မြန်မာသက္ကရာဇ် ရှစ်ရာကျော် အရှင်မဟာသီလဝံသတို့ လက်ထက်လောက်ကပင် ရှိခဲ့၏၊ အရှင်မဟာသီလဝံသကမူကား ...ပါဠိတော်၌ပင် နိမိတ္တဟူ၍သာ တမျိုးတည်း ဟောထားသောကြောင့် တိတ်, နိမိတ်, တပေါင်, စနည်း, ဘဝေါဟု အထူးအပြား ခွဲခြားပြရန်မလိုဟု ပြဆိုတော်မူလိုသည့်အတွက် ပါဠိတော်လာ နိမိတ်ကိုပင် (ဤသည့်မြေလည်း၊ ရှိသေလှစွာ၊ ကြည်းနာသံဟည်း၊ တော်တည့်လည်း၏၊ စနည်း ဤသို့၊ အံ့ဘွယ်မြို့လည်း၊ ။ငါတို့ မြင်ကုန်လိုက်လျက်ဘည်း) ဟူ၍၎င်း၊ (မွေ့နှောက်ရမွက်၊ ခေါင်းပါးလျက်လျှင်၊ အမျက်ဒေါသ၊ မိုက်မဲစသား၊ မာန်မျှမကျန်း၊ ရေသို့ခန်း၏၊ အဆန်းထူးပြား၊ တံဘောင် များကို၊ မှတ်သားငါတို့၊ ယခုမြို့လည်း၊ ။တချို့

http://www.dhammadownload.com



မမေ့စေရက်တည်း၊) ဟူ၍ရှင်း နိမိတ်ကိုပင် စနည်းဟူသောအမည် တပေါင် ဟူသော အမည်တို့ဖြင့် ပါရမီတော်ခန်းပျို ပိုဒ်ရေ (၃၀)(၃၂) တို့၌ ရေးသား စပ်ဆိုတော်မူသည်။

## နိမိတ်ထင်ပုံနှင့်စပ်၍ မှတ်ဖွယ်

"နိမိတ်ကြီး(၃၂)ပါးတို့ ထင်မြင်ကြသည်" ဆိုရာ၌ အချို့သော နိမိတ်တို့မှာ အပြိုင်အဆိုင် တချိန်တည်းမှာ ထင်မြင်ကြ၍ အချို့သော နိမိတ်ကြီးတို့မှာ သဘောချင်းဆန့်ကျင်သဖြင့် အပြိုင်အဆိုင် တချိန်တည်းမှာ မထင်မြင်ပဲ အလှည့်ကျ ထင်မြင်သည်ဟု မှတ်ရာ၏။

ပုံစံမှာ....ကုန်းပန်း ရေပန်းတို့ တပြိုင်နက် ပွင့်ကြသည်၊ အသီးပင်တို့သည် တပြိုင်နက်သီးကြသည် ဆိုရာ၌ အပွင့်နှင့် အသီးတို့သည် သဘောချင်း မဆန့်ကျင်ပဲ အထည် ဝတ္ထုကိုယ် တခြားစီ ထင်ရှားကြသော အရာများဖြစ်၍ အပြိုင်အဆိုင် တချိန်တည်းမှာပင် ထင်မြင်နိုင်ကြကုန်၏။

တသောင်းသော လောကဓာတ် အသံဆိတ်သည်၊ တူရိယာများ အလိုလို မြည်ကြသည် ဆိုရာ၌ အသံဆိတ်ခြင်းနှင့် အသံမြည်ခြင်းတို့မှာ သဘောချင်း ဆန့်ကျင်၍ အထည် ဝတ္ထုကိုယ် သီးခြားမရှိကြသော အရာမျိုးဖြစ်၍(အပွင့်နှင့် အသီး မှာကဲ့သို့) တွဲဖက်ယှဉ်ပြိုင် တချိန်တည်း တပြိုင်တည်း တည်နေနိုင်ကြ သည်မဟုတ်၊ အသံ တိတ်ဆိတ်သွားသည့် အခိုက်အတန့်မှာ နတ်လူအများ ထင်ရှား သိရှိနိုင်အောင်ပင် တိတ်ဆိတ် သွား၍၊ တူရိယာတို့ မြည်သောအခါ နတ်လူအများ ထင်ရှားသိရှိအောင် မြည်ကြသည်ဟူ၍ မှတ်ယူရာ၏။

ဤနည်းအတူ စီးဆင်းနေကျမြစ်ရေများ ရပ်တန့်သွားသည်၊ သမုဒ္ဒါရေ ဝဲလှည့်သည် ဆိုရာ၌ တပြိုင်နက်တည်း မရနိုင်၊ မြစ်ရေရပ်တန့်နေဆဲမှာ(ဝဲလှည့် နေကျမဟုတ်သော) သမုဒ္ဒါထဲမှာ ဝဲလှည့်နိုင်မည်မဟုတ်၊ အမှန်မှာ ဗျာဒိတ် ပွဲနှင့် ကြုံကြိုက်သဖြင့် မဖြစ်စဘူး ထူးကဲအံ့သြဘွယ်ရာ မြစ်ရေမှာ မစီးပဲ ရပ်စဲ၍ နိမိတ်ပြသည်၊ ဤကဲ့သို့ နိမိတ်ပြနေသည့်အတွင်း သမုဒ္ဒါထဲမှာလည်း ဝဲလှည့် ရန်ကို မဆိုထားဘိ ရေပြင်ပေါ်၌ လှိုင်းတံပိုးမျှ မထပဲ မြစ်ရေအသွင် ငြိမ်သက်၍ ပင် နေရပေမည်။ သမုဒ္ဒါက နိမိတ်ပြဘို့ အလှည့်ရောက်သဖြင့် ဝဲလှည့်၍ နိမိတ် ပြလိုက်သောအခါ မြစ်ရေမှာ မရပ်တန့်ပဲ စီးမြဲစီးဆင်းနေသည်ဟု မှတ်ယူရာ၏။

ဤနိမိတ်ကြီး (၃၂)ပါးအကြောင်း ပါရမီတော်ခန်းပျို ပိုဒ်ရေ (၂၉၊၃၀၊ ၃၁၊၃၂၊၃၃)တို့၌ စပ်ဆိုထားသည်ကို သိမှတ်လွယ်ကူရန် ထုတ်ဆောင်ပြပေ ဦးအံ့....၊

http://www.dhammadownload.com



ရှေးဟွင်သောခါ၊ ဘုရားလျှာတို၊ ပတ္တနာဆိုး၊ ထက်ဝယ်ကြုံးလျက်၊ နှလုံးသာယှဉ်၊နေသော်စဉ်၌၊ တမျဉ်နိမိတ်၊ထင်မြဲဟိတ်သို၊ဗျာဒိတ်ရခါ၊တို့မြတ်စွာ၏၊

၁-၂။ အခါခပ်သိမ်း၊ မငြိမ်းဘူးပဲ၊ နှစ်ကွဲရတု၊ ပူချမ်းမှုလည်း၊ သာစုနုမော်၊ ခေါ်ကြလာဘိ၊ အညီညီ့သို၊ မရှိဘန်ပြု၊ သာယာနု၏။

၃။ မြတ်ဆုတောင်းရာ၊ နာခံပါသို၊ စကြဝဠာခပင်း၊ သောင်းတွင်းလောကဓာတ်၊ ထက်ဝန်းပတ်လည်း၊ အမှတ်တရ၊ ရုတ်ဆန်းမျှလျှင်၊ နိစ္စအစွန့်၊ လိုလွှန့်သောင်းသဲ၊ မြည်ကုန်မြဲလျက်၊ ညံစဲတိတ်တိတ်၊ အသံဆိတ်၏။

၄။ မထိတ်အားနည်း၊ မုန်တိုင်းသည်းလည်း၊ ယမ်းပည်းထွေငေါ်၊ ကျွန်လျှင်တော်သို၊ ထိုရေဒ်အခါ၊ ညောင်းလျက်လာ၏။

၅။ ဂင်္ဂါမကြွင်း၊ မြစ်ခပင်းလည်း၊ စီးခြင်းမရှိ၊ တုံ့ဘိညာရေ၊ အကြေမသွား၊ တန့်၍နား၏။

၆။ နုထွားနှင်နှင်၊ ပန်းသစ်ပင်လည်း၊ ရေပြင်မြေလုံး၊ မိုးဖုံးပိတ်ကာ၊ ဗျာဒိတ်ခါဝယ်၊ ကြိုက်ပါသဖြင့်၊ ကြို့ရှ၍ပွင့်၏။

၇။ လုတင့်လှတယ်၊ သစ်ပင်နွယ်လည်း၊ ကြီးငယ်မလွတ်၊ ပင်လုံးကျွတ်လျှင်၊ ခိုင်ပြွတ်လက်ဆောင်၊ သစ်သီးတောင်သို၊ ကုန်အောင်ထိုမျှ၊ သီးခွင့်ရ၏။

အံ့ကြဘနန်း၊ ဤသို့ထွန်းသည်၊ ၊ပွင့်ခန်းဆုတောင်း ခေါက်ရက်တည်း။

၈။ မိုးရပ်ဆိုးစွန်၊ ဗိမာန်တခွင်၊ ဤမြေပြင်၌၊ အကြင်မျှလောက်၊ မြတ်ထွတ်မြောက်သား၊ လျှံတောက်ကြက်သရေ၊ မြုတေဘဏ္ဍာ၊ ရတနာလည်း၊ ထိုခါအရောင်၊ လွန်၍ဆောင်၏။

၉။ လူ့ဘောင်နတ်ဘောင်၊ မှုမျှားဆောင်လျက်၊ သံအောင်မှုတ်သီ၊ အညီပြုပြင်၊ ပွဲသဘင်သို၊ ပဉ္စင်တူရိယာ၊ မှုတ်တီးရာသား၊ အင်္ဂါငါးမည်၊ လှုနတ်စည်လည်း၊ မြေည်သံချို၊ အလိုလိုလျှင်၊ ထိုထိုရပ်သား၊ ခြိမ့်မျှကြား၏။

၁၀။ ပေါက်သားမုန်အိုက်၊ ခိုက်၍ကျကြွေ၊ ပင်ခြေထက်ဝန်း၊ အင်ကြင်းပန်းသို၊ ထူးဆန်းတရိုး၊ နတ်ပန်းမျိုးလည်း၊ ဖြိုးဖြိုးမြေထက်၊ ဖမျက်ပုဆစ်၊ ကျွံဘွယ်နစ်၏။

၁၁။ ကြွေးဟာစ်သံရင့်၊ ချီးမွမ်းလင့်သို၊ မြည်ခွင့်ရရ၊ ပင်လယ်မနှင့်၊

http://www.dhammadownload.com



၁၂။ ညီကြနဂိုရ်၊ မြင်းမိုရ်တသောင်း၊ တိုက်အပေါင်းအား၊ ကြည်းကောင်းခံပေ၊ ဤသည့်မြေလည်း၊ ရှိသေလှစွာ၊ ကြည်းနာသံဟည်း၊ တော်တိလည်း၏။

စနည်းဤသို့၊ အံ့ဘွယ်မြို့လည်း၊ ။ငါတို့ မြင်ကုန်လိုက်လျက်တည်း။

၁၃။ စကြဝဠာ၊ ရှိက်ရာအပေါင်း၊ တိုက်တသောင်းတွင်၊ ဆိုးကောင်းခံမြေ မီးရေလည်း၊ ရေကြဲလက်ဖျန်း၊ မယ်ဖျူးပန်းသို့၊ ပူမှန်းမသိ၊ တောက်ညီမထိန်၊ အရှိန်စဲလေ၊ တိတ်တိတ်သေလျက်၊ ပြေ၏ထိုမြို့—

၁၄။ နေရောင်ပျိုလည်း၊ မဆိုထိန်လင်း၊ မြူမိုက်ကင်း၍၊ သန့်ရှင်းကောင်းကင်၊ ကြည်ကြည်စင်၏။

၁၅။ ပေါ်ထင်မိုးလယ်၊ ခပ်သိမ်းကြယ်လည်း၊ နန်းဝယ်ကြက်ဟန်၊ မျက်ဗိတာန်သို့၊ တသွန်ဝန်းကျင်၊ ပြုံ့ပြုံ့မြင်၏။

၁၆။ မြေပြင်မျက်နှာ၊ မိုးဃ်းမရွာလည်း၊ ရွှံ့ရွာစွာဘိ၊ အညှိစေးညှော်၊ ဆေးပေးလျှော်သို့၊ လျှံပေါ်ရေကြီး၊ ပြင်းခပ်စီး၏။

၁၇။ ဖြင်ညီးရိပ်ရိပ်၊ ကောင်းကင်ထိပ်၌၊ အနိပ်အပြ၊ မရှုနတည့်၊ ထွန်းပရောင်ဝါ၊ သောကြာစိုင်ရှူး၊ ဗုဒ္ဓဟူးက၊ စသည်အလို၊ လူတို့ဂြိုဟ်လည်း၊ မပြိုမကွဲ၊ ပြိုင်တွဲမခွပ်၊ ထိန်ဝါလျှပ်၏။

၁၈။ ခပ်စပ်နက္ခတ်၊ သမသတ်နှင့်၊ ပါဒ်ဗိဇနာ၊ ဝိသာခါသည်း၊ တရာမရွေ့၊ ပြည့်သည့်နေ့လည်း၊ ဖြစ်မြေ့ဧကန်၊ ကြိုက်မြဲမှန်၏။

တသွန်ဤသို့၊ စနည်းမြို့လည်း၊ ။ငါတို့ မြင်တိုင်း ပင်ပက်တည်း။

၁၉။ ခပ်သိမ်းတသွန်၊ တိရစ္ဆာန်မျှား၊ ချောက်ကမ်းပါးနှင့်၊ တွင်းနားလိုဏ်ခေါင်း၊ မြေထဲအောင်းလည်း၊ ဝပ်ညောင်းပြင်းစွာ၊ ဗျာဒိတ်ခါမှ၊ ထွက်ပါလွှင်ကျင်း၊ ပြင်သန့်ရှင်း၏။

၂၀။ အခြင်းထူးခြား၊ ကြံဘွယ်မျှားကို၊ သိကြားမည်မှည့်၊ သူ့လိုဖြည့်လည်း၊ မပြည့်တန်ပဲ၊ အင်ယုတ်မြဲလျက်၊ ရောင့်ရဲခြင်းပြေ၊ လူဗိုလ်ခြေအား၊ ကောင်းတေစုံမက်၊ လွန်နှစ်သက်၏။

၂၁။ နှိပ်စက်အနာ၊ လူတကာလည်း၊ သက်သာအကျန်း၊ လန်းလန်းထူထ၊ လွတ်ခွင့်ရ၏။

၂၂။ မဝရေစာ၊ တော်စွာသသူ၊ ပြိတ္တာမူလည်း၊ မပူမလောင်၊ ဝမ်းခေါင်တက်ဆို၊ ပြည့်၏သို့လျှင်၊ နှစ်လိုသောလျှောက်၊ မွတ်သိပ်ပျောက်၏။

http://www.dhammadownload.com



၂၃။ မွေ့နှောက်ရမ္မက်၊ ခေါင်းပါးလျက်လျှင်၊ အမျက်ဒေါသ၊ မိုက်မဲစသား၊ မာန်မျှမကျန်း၊ ရေသွိခန်း၏။

အဆန်းထူးပြား၊ တံဘောင်များကို၊ မှတ်သားငါတို့၊ ယခုမြို့လည်း၊ ၊တချို့မမေ့စေရက်တည်း။

၂၄။ လူ့ရပ်ခန်းဝါ၊ ပါယ်လေးရွာကား၊ အခါခပ်သိမ်း၊ ဘေးမုဒိမ်းဖြင့်၊ ကြောက်ကြိမ်းသရဲ၊ လွန်စွာမြဲလျက်၊ ရန်လွှဲကာရွတ်၊ နုတ်မှုတတ်သို့၊ သတ်ခတ်နိုင်နင်း၊ ဘေးဒဏ်ကင်းလျက်၊

၂၅။ မိုးဝင်းစဉ္ဆ၊ အခါကြိုက်သို့၊ ခိုးမှိုက်မြူမှုက်၊ အထက်မဝှန်၊ ရတုမွန်၏။

၂၆။ လေသွန်တကြောင်း၊ နှံမကောင်းလည်း၊ ဆဲမောင်းသောခါ၊ ကျွန်နှယ်ခွါလျက်၊

၂၇။ လေညာဘက်ပြည်၊ လွှင်မှုနှံတည်သို့၊ မွန်ရည်စွာရှောင်း၊ နုတ်နှံ့လှောင်း၏။

၂၈။ ဆိုးကောင်းသတ္တဝါ၊ ပြဟ္မာထုတ်ချင်း၊ လင်းလင်းတရက်၊ ဘဝဂ်လေးထပ်၊ ရှပ်မဲ့ရပ်ကို၊ လပ်စေထိုမှ၊ ကြွင်းသမျှကား၊ ကြည့်ကာထင်ထင်၊ ရှိတိုင်းမြင်၏။

၂၉။ အောက်ခွင်တလွှား၊ ဧရာမျှလည်း၊ ကြိုးကြားတိမ်မြုပ်၊ မငုပ်မကွယ်၊ ကြောက်ကြိမ်းဘွယ်လျှင်၊ ကြီးငယ်မကျန်၊ တင်ပြည့်နှန်သို့၊ တုံးသန်ရင်တား၊ မခြားနားတည့်၊

၃၀။ တံခါးနံ့ထောင်၊ တောင်လည်းမတန်း၊ စောင်ရန်းထရံ၊ အကြံရရ၊ ညှာတာကြသို့၊ ပိတ်တွမတည်း၊ ဟင်းလင်းချည်းလျှင်၊ စည်းလည်းမသား၊

၃၁။ မလားသေဟိတ်၊ စုတိစိတ်ဖြင့်၊ မဖိတ်မစဉ်၊

၃၂။ ဝိညာဉ်လှဲဘောက်၊ မရောက်သူသစ်၊ မဖြစ်လာတွန်၊ ကိုယ်ဝန်မစွဲ၊

ဤခပ်လည်း၊ ဖြစ်မြဲပင်ပက်၊ ရှင်လက်ထက်တုံ၊ ယခုကြုံ၏၊ ၊စေ့စုံဆိုရိုးမပျက်တည်း။

ဗျာဒိတ်ခဏ်း အနုဒီပနီ ပြီး၏။

http://www.dhammadownload.com



## ၆-ပါရမီတော်ခဏ်း

## (က) ဒါနပါရမီ

ဤ ဒါနပါရမီအရာ၌—

ဗုဒ္ဓဝင်ပါဠိတော်မှာ ရှေးရှေးဘုရားအလောင်းတော်ကြီးများသည် ဒါနပါရမီကိုသာ ဦးစွာအစ ဖြည့်ခဲ့ကြသည်ဖြစ်၍ အသင်သုမေဓာသည်လည်း ဒါနပါရမီကိုပင် အစဦးစွာ ဖြည့်ကျင့်လေလော့....ဟူ၍ အလောင်းတော်သုမေဓာရှင်ရသေ့သည် မိမိကိုယ်ကို မိမိ ဆုံးမသည့်စကား ထင်ရှားစွာ လာရှိသောကြောင့် ပါရမီ (၁၀) ပါးတို့တွင် ဒါနပါရမီသည် အစအဦး အထူးအရေးတကြီး ဖြည့်ကျင့်ရမည့် ပါရမီဖြစ်ကြောင်း ကောင်းစွာ ထင်ရှားသိသာပေ၏။

သို့သော်—

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌၊ ၊သီလေ ပတိဋ္ဌာယ နရော သပ္ပညော....အစရှိသည်ဖြင့် "တိဟိတ်ပဋိသန္ဓေ နေသော ရင့်မာသောပညာရှိသူသည် ထက်မြက်သော လုံ့လဝီရိယဖြင့် သီလမှာ တည်၍ စိတ်တည်းဟူသော သမာဓိတရား၊ ဝိပဿနာပညာတရားတို့ကို ပွါးများလျှင် တဏှာအရှုပ်အထွေးကို ဖြေရှင်းနိုင်ကြောင်း" မြတ်စွာဘုရား ဟောကြားရာ၌ကား ဒါနအကြောင်း အရိပ်အမြွက်မျှ မပါ၊ သီလ သမာဓိ ပညာ သုံးရပ်သာ ပါရှိသည်။

ဤတွင်မျှ မကသေး....ဤသံယုတ် ပါဠိတော်လာ ဤဂါထာတည်း၏ အဓိပ္ပါယ်ကို အကျယ်ဖွင့်ပြရာ (စာမျက်နှာပေါင်း ၆၀၀-ကျော်ရှိသည့်) ဝိသုဒ္ဓိမဂ်ကျမ်းကြီး၌လည်း ဒါနအကြောင်းအရာ အရိပ်အမြွက်မျှ မလာမရှိ၊ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်တရားရှစ်ပါး၌လည်း သီလဆိုင်ရာမဂ္ဂင် သမာဓိဆိုင်ရာမဂ္ဂင် ပညာဆိုင်ရာမဂ္ဂင်အားဖြင့် သုံးပါးသာ ပါဝင်သည်၊ ဒါနဆိုင်ရာမဂ္ဂင် ဟူ၍ မရှိ၊ ဒါနတရားသည် ဘုရားအလိုတော်ရှိသော တရားမဟုတ်၊ နိဗ္ဗာန်ရောက်ကြောင်း တရားလည်း မဟုတ်၊ သံသရာကို ချဲ့ထွင်သောတရားသာ ဖြစ်သည်....ဟု ယူဆပြီးလျှင် "ဒါနကို မပြုသင့်" ဟူ၍ပင် အချို့ယူဆ ပြောဆိုကြ၏။

ရှေးကထင်ပေါ်ကျော်စောသော ယောမင်းကြီးဦးလှိုင်ကမူ....မိမိရေးသားသည့် ဝိမုတ္တိရသကျမ်းထဲမှာ "ဒါနဟူသည် သိင်္ဂါလသူဌေးသားများကဲ့သို့သော လူပြိန်းများအလို့ငှါသာ မြတ်စွာဘုရား ဟောတော်မူသည်" ဟု ရေးသားခဲ့၏။

ထိုသို့"ဒါနကို မပြုသင့်"ဟူ၍ ပြောဆိုချက်"ဒါနဟူသည် လူပြိန်းများအတွက်သာ မြတ်စွာဘုရား ဟောတော်မူသည်" ဟူသော ယောမင်းကြီး၏ ရေးသားချက်တို့ကို မနှစ်သက်နိုင် မခံမရပ်နိုင်သော ဗုဒ္ဓဝါဒီဂိုဏ်းဝင် သူတော်စင်တို့သည် များစွာပင် ရှိကြပေ၏။

http://www.dhammadownload.com



ဤသို့ ပြောဆိုရေးသားချက်တို့အတွက် မနှစ်သက်နိုင် မခံမရပ်နိုင် ဖြစ်နေခြင်းဖြင့် မိမိတို့မှာ အကျိုးမရှိနိုင်ပေ၊ တကယ်စင်စစ် မိမိတို့အဖို့ရာ အကျိုးရှိစေနိုင်မည့် ယထာဘူတ ဘုရားအလိုတော်ကျ မှန်ကန်သောအနက် အဓိပ္ပါယ်ကို ဤဆိုလတ္တံ့သောအတိုင်း သိမြင်ရန် အရေးကြီးလှပေ၏၊ သိမြင်ရန် မှန်ကန်သော အနက်အဓိပ္ပါယ်ကား—

ရှေး ဖော်ပြရာပါ သံယုတ်ပါဠိတော်ကြီးမှာ....နောက်တဖန် ဘဝအသစ် မဖြစ်တော့ပဲ ယခုဘဝ အတွင်းမှာပင် ကိလေသာကုန်ခန်း ရဟန္တာဖြစ်အောင် အားထုတ်နိုင်စွမ်းရှိသော အာဇာနည် ပုဂ္ဂိုလ်ကြီးများအတွက် မြတ်စွာဘုရား ဟောကြားတော်မူခြင်းဖြစ်သည်။ ယခုဘဝမှာပင် ရဟန္တာစင်စစ် ဖြစ်နိုင်သော စွမ်းရည်သတ္တိ ရှိသူမှန်ပါက စွမ်းရည်သတ္တိ ရှိသည့်အတိုင်း ရဟန္တာဖြစ်ပါက နောင်ဘဝအသစ် ထူထောင်ရန် မလိုတော့ပြီ၊ ဒါနဟူသည် ဘဝအသစ် စည်းစိမ်အသစ်တွေကို ဖြစ်စေနိုင်သော တရားဖြစ်၏။ ယခုဘဝ၌ပင် သံသရာကိစ္စတုံးစေမည့် ပုဂ္ဂိုလ်မှာ အနာဂတ်ဘဝသစ်ဟူ၍ မရှိသောကြောင့် ဒါနပြုလုပ်သော်လည်း ဒါနအကျိုးပေးစရာ ဘဝအသစ် မရှိတော့သည့်အတွက် ဒါနသည် အပိုဖြစ်၍သာ နေတော့၏။ ထို့ကြောင့် ထိုအာဇာနည် ပုဂ္ဂိုလ်ကြီးများအတွက် ဒါနထက် အရေးကြီးလှသော ဤဘဝမှာပင် ကိလေသာကုန်ခန်းစေနိုင်သည့် သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးကိုသာ အဓိကထား၍ ဖော်ပြရာပါ သံယုတ်ပါဠိတော်ကြီး၌ မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်ပေသည်။ ဒါနကို မပြုသင့်၍ မြတ်စွာဘုရား မဟောကြားခြင်း အလျှဉ်းမဟုတ်ချေ။

ဒါနတရားသည် စိတ်နှလုံးကို နူးညံ့စေတတ်သော တရားဖြစ်၏၊ တစုံတခု အလှူဒါနပြုလုပ်သောသူသည် ထိုဒါန၏ ကျေးဇူးပြု ဥပနိဿယပစ္စည်း တပ်ပေးမှုကြောင့် သီလဆောက်တည်ရန် သမာဓိ ဘာဝနာတရား ပွါးများရန် ပညာ ဘာဝနာတရား ပွါးများရန် စိတ်နှလုံးနူးညံ့ပြီး ဖြစ်လေတော့သည်။ လှူဖွယ်ဝတ္ထု တခုခုမပါရှိပဲ ကျောင်းကန်ဘုရား သွားရောက်၍ သီလသီတင်း ဆောက်တည်ရန် တရားဓမ္မ နာယူရန် တရားအားထုတ်ရန်အတွက် စိတ်နှလုံး မနူးညံ့ ရှိုးတိုးရှန့်တန့် တဆန့်ကျင်ကျင် ဖြစ်ရသည်မှာ သဒ္ဓါတရား ရှိကြသော ဗုဒ္ဓဝါဒီ သူတော်စင်တိုင်း၏ ကိုယ်တွေ့ပင် ဖြစ်တော့သည်။ ထို့ကြောင့်ပင် ဘုရား လက်ထက်တော်အခါက အရိယာသူတော်ကောင်းဖြစ်ကြသော ဝိသာခါ အစရှိသော သူတော်စင်တို့သည် ဘုရားကျောင်းတော်သို့ သွားရောက်လျှင် နံနက်အခါ၌ ခဲဘွယ်ဘောဇဉ်၊ ညနေအခါ၌ အဖျော်ယမကာ စတုမဓုစသော ဆေးပစ္စည်း လှူဘွယ်များကို ယူဆောင်၍ သွားကြမြဲဖြစ်သည်။

ယခုဘဝအတွင်းမှာ ကိလေသာ ကုန်ခန်း ရဟန္တာဖြစ်မည့်သူ မဟုတ်ပါက သံသရာကို အနည်းအများ ကူးသွားရမည်သာဖြစ်၏၊ ဒါနမပါပဲ သံသရာခရီး

http://www.dhammadownload.com



သွားရလျှင် ဒါနကင်းသည့်အတွက် သုဂတိဘဝကောင်းကို ရရန်ခက်၏၊ ရပြန်လျှင်လည်း အသုံးအဆောင် ပြည့်စုံဘို့ရန် ခက်ပြန်၏၊ ထိုအခါ ကုသိုလ်တရားကို ရှာဖွေချင်သော်လည်း ရှာဖွေနိုင်တော့မည် မဟုတ်ချေ။ (ဒါနမပါပဲ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး ကုသိုလ်ကိုသာ ရှာဖွေအံ့....ဟု ဆန့်ကျင်ဘက်စကား ပြောနိုင်ငြားသော်လည်း ထိုအချက်မှာ ပြောရုံသာ ပြောနိုင်၍ တကယ်စင်စစ် အလုပ်လုပ်၍ မဖြစ်နိုင်ပေ၊ မှန်၏....ဒါနတရားက ကျေးဇူးအပြုခံရမှသာ အောင်မြောက်သော သီလ, သမာဓိ, ပညာတို့ ဖြစ်နိုင်သည်။) ထို့ကြောင့် သံသရာခရီးသွား မရပ်စဲသေးသောသူများမှာ ဒါနတရားကို အထူးအားထုတ်ဘို့ အရေးကြီးလှပေ၏၊ ဒါနရိက္ခာပါရှိမှ သံသရာ၌ ကောင်းသော သုဂတိဘဝသို့ ရောက်ရှိခြင်း ထိုဘဝ၌ လိုရာအသုံးအဆောင်နှင့် ပြည့်စုံခြင်းရှိ၍ မိမိအားထုတ်လိုသော ကုသိုလ်ကောင်းမှုကို အားထုတ်နိုင်မည်ဖြစ်၏။

သံသရာခရီးသွားတို့တွင် မြတ်စွာဘုရား အလောင်းတော်ကြီးများသည် အကြီးမားဆုံးသော သံသရာခရီးသွားကြီးများ ဖြစ်တော်မူကြ၏၊ အလောင်းတော်ကြီးများသည် နိယတဗျာဒိတ် ရတော်မူကြပြီးသည့်နောက် သဗ္ဗညုတဉာဏ်ကို ရဘို့ရန် ပါရမီတော်တို့ကို ဖြည့်ကျင့်ရမည့် အချိန်အခါမှာ (ကမ္ဘာကုဋေတို့ဖြင့် မရေတွက်နိုင်သော) လေးအသင်္ချေနှင့်ကမ္ဘာတသိန်းကာလပတ်လုံး အနည်းဆုံးသော သံသရာမှာ ကျင်လည်၍ အားထုတ်တော်မူကြရပေသည်။ ပစ္စေကဗုဒ္ဓါအလောင်းတို့မှာ နှစ်သင်္ချေနှင့်ကမ္ဘာတသိန်းကြာအောင်၊ အဂ္ဂသာဝကအလောင်းတို့မှာ တသင်္ချေနှင့်ကမ္ဘာတသိန်း၊ မဟာသာဝကအလောင်းတော်တို့မှာ ကမ္ဘာတသိန်းကြာ ပါရမီတို့ကို ဖြည့်ကျင့်ရပေသည်။ ထိုသို့ ဘုရားအလောင်းတော်ကြီးများမှာ သံသရာခရီးသွား အကြီးမားဆုံးသော ပုဂ္ဂိုလ်ကြီးများဖြစ်သောကြောင့် ဒါနပါရမီသည် အရေးအကြီးဆုံးဖြစ်၍နေသည့်အတိုင်း ဗုဒ္ဓဝင်ပါဠိတော်မှာ ဒါနပါရမီကို ရှေးဦးစွာ အစွဲအမြဲပြုကာ ဆောက်တည်၍ ဖြည့်ကျင့်ရမည့်အကြောင်း ဟောတော်မူခြင်းဖြစ်သည်။

သို့ဖြစ်၍ သံယုတ်ပါဠိတော်၌ ယခုဘဝမှာပင် ရဟန္တာဖြစ်ကြမည့်ပုဂ္ဂိုလ်ကြီးများအတွက် ဟောထားချက်ကို အကြောင်းပြု၍ ပါရမီမပြည့်စုံသေးသူများက "ဒါနတရား ပိုသည်"ဟု ပြောဆိုခြင်းငှါ မသင့်ချေ။

အချို့ကလည်း—

**ဒါနတခုထည်းနှင့် နိဗ္ဗာန်သို့ ရောက်နိုင်ပါမည်လော** ဟု မေးလေ့မေးထရှိကြ၏။ တခုတည်းသာဆိုလျှင် ဒါနဖြင့်လည်း နိဗ္ဗာန်မရောက်နိုင်၊ သီလဖြင့်လည်း နိဗ္ဗာန်မရောက်နိုင်၊ ဘာဝနာဖြင့်လည်း နိဗ္ဗာန်မရောက်နိုင်ဟူ၍ ဖြေရ

http://www.dhammadownload.com



ပေမည်။ အကြောင်းကိုဆိုသော်....“ဒါနတခုတည်း”ဟုဆိုရာမှာ သီလနှင့်ဘာဝနာ မပါဟု အဓိပ္ပါယ် ယူရသကဲ့သို့၊ “ဘာဝနာတခုတည်း”ဟု ဆိုလိုက်လျှင်လည်း ဒါနနှင့်သီလ မပါဟူ၍ အဓိပ္ပါယ် ယူရမည် ဖြစ်၏။ သီလမပါလျှင် ဒုစရိုက်မှုတွေကို ပြုကျင့်နေသော ဒုစရိုက်တုံး ဒုစရိုက်ကောင်ကြီးသာဖြစ်၏၊ ထိုဒုစရိုက်တုံးကြီးသည် မည်သို့ပင် ဘာဝနာတရား ပွါးများစေကာမူ....“အလွန်ကောင်းလှစွာသော မျိုးစေ့ကို ရဲရဲတောက်နေသော သံခဲကြီးပေါ်မှာ တင်လိုက်လျှင် အညွန့်အညှောက် မထွက်နိုင်ပဲ ခဏအတွင်း ပြာကျသွားသကဲ့သို့၊ ဒုစရိုက်တုံး ဒုစရိုက်ကောင်ကြီး ပွါးများအပ်သော ဘာဝနာသည်လည်း ဘာဝနာအဖြစ်သို့ မရောက် ချက်ခြင်းပင် ဘာဝနာသဘော ပျက်စီးသွားမည်သာ ဖြစ်၏၊ သို့ဖြစ်၍ “တခုတည်း”ဟူသော စကားကို ဒါနမှာ ထည့်သွင်း၍ မေးမြန်းခြင်းသည် မသင့်လျော်သော မေးမြန်းခြင်းသာ ဖြစ်သည်ဟု မှတ်ယူအပ်၏။

ဤဒါနပါရမီခန်း ဗုဒ္ဓဝင်ပါဠိတော်မှာ အလှူခံပုဂ္ဂိုလ်တို့ကို အယုတ်အလတ်အမြတ်မရွေး ပေးလှူရမည်ဟု ထင်ရှားစွာ ဟောကြားထား၏၊ ဤသို့ ဟောကြားသည်ကို ထောက်လျှင် အလှူလှူရာမှာ အလှူခံကို မရွေးချယ်သင့်၊ ရွေးချယ်ရန် မလိုဟု အဓိပ္ပါယ်ယူရမည်ဖြစ်၏။

ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာဝိဘင်္ဂသုတ်၌ကား....သံဃိကဒါန (၇) ပါး၊ ပုဂ္ဂလိကဒါန (၁၄) ပါးအားဖြင့် အလှူခံကို ခွဲခြား ဟောကြားတော်မူ၏။ ပုဂ္ဂလိကဒါန (၁၄) ပါးတို့တွင်လည်း အယုတ်ဆုံး တိရစ္ဆာန်မှစ၍ အထက်သို့ တက်တိုင်းတက်တိုင်း အကျိုးအာနိသင် များကြောင်းနှင့် အဆုံးမှာ သံဃိကအလှူဒါန အကျိုးကြီးမြတ်ကြောင်းကို ဟောကြားတော်မူ၏။

အင်္ဂုတ္တရပေတဝတ္ထုပါဠိတော်၌လည်း....မြတ်စွာဘုရား တာဝတိံသာ၌ အဘိဓမ္မာတရား ဟောကြားတော်မူရန် ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်မှာ သီတင်းသုံးနေတော်မူသောအခါ ဣန္ဒကနတ်သားနှင့် အင်္ကုရနတ်သားတို့ လာရောက်ဆည်းကပ်ကြရာတွင် အင်္ကုရနတ်သားမှာ တန်းခိုးကြီးသောနတ်များ လာတိုင်းလာတိုင်း နေရာဖယ်ခါ နောက်သို့ ဆုတ်၍ဆုတ်၍ မြတ်စွာဘုရားနှင့် (၁၀) ယူဇနာ ဝေးကွာသောအရပ်မှ ခစားရလေ၏။

ဣန္ဒကနတ်သားမှာမူကား ပဌမလာရောက်နေရင်း နေရာမှ ဖယ်ရှားရခြင်း မရှိ၊ နေမြဲတိုင်း နေနိုင်၏။ ဤသို့ ဖြစ်ရခြင်းမှာ....အင်္ကုရနတ်သားသည် အသက်တသောင်းတမ်းမှာ ကာလရှည်လျားစွာ (၁၂) ယူဇနာ ရှည်လျားသော ဖိုခနောက်တန်းကြီးဖြင့် ချက်ပြုတ်ကျွေးမွေး လှူဒါန်းခဲ့သော ဒါနရှင်ကြီးဖြစ်သော်လည်း၊ အလှူခံပုဂ္ဂိုလ်တွေမှာ သာမည ပုထုဇန် ပုဂ္ဂိုလ်တွေသာ

http://www.dhammadownload.com



ဖြစ်၏။ ဣန္ဒက နတ်သားမှာမူကား အရှင်အနုရုဒ္ဓါ ရဟန္တာမထေရ်မြတ်ကို ဆွမ်းတဇွန်းမျှ လောင်းလှူဘူး၏။

ဤသို့ ဣန္ဒက နတ်သား၏ အလှူမှာ ဆွမ်းတဇွန်းမျှ အနည်းငယ်ပင် ဖြစ်သော်လည်း အလှူခံပုဂ္ဂိုလ်က ရဟန္တာဖြစ်၍ မြင့်မြတ်သော ကောင်းမှုဖြစ်သောကြောင့် နေမြဲနေရာမှာ မဖယ်မရှား နေနိုင်သည်။ အင်္ကုရနတ်သားမှာကား အလှူဝတ္ထုပင်များသော်လည်း အလှူခံတွေက သာမန်ပုထုဇဉ်များသာဖြစ်၍ ကုသိုလ်အာနုဘော် မကြီးမားသောကြောင့် တန်ခိုးကြီးသော နတ်များ လာတိုင်း လာတိုင်း နောက်သို့ဆုတ်၍ ပေးနေရသည်၊ သို့ဖြစ်၍၊ ။ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ၊ ။ဟူ၍ "အလှူကို လှူလိုလျှင် အကျိုးကြီးများမည့် အလှူခံကို ရွေးချယ်၍ လှူဒါန်းရမည်"ဟု ကျမ်းဂန်တို့၌ လာရှိပြန်သည်။

ဤသို့ ဗုဒ္ဓဝင်ပါဠိတော်နှင့် ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိတော် စသည်တို့ မညီမညွတ် ဆန့်ကျင်သကဲ့သို့ ရှိနေရာ ညီညွတ်အောင် သိရှိနားလည်ရန်ကား.... ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိတော် စသည်တို့မှာ ဟောအပ်သော နည်းလမ်းသည် သာမညဖြစ်သူ နတ်လူတို့အတွက် ရည်ရွယ်၍ ဟောတော်မူခြင်းဖြစ်၏။ ဘုရားအလောင်းတော်ကြီးများမှာမူ ဤ ဗုဒ္ဓဝင်ပါဠိတော် လာသည့်အတိုင်း ရည်ရွယ်ရင်းကပင် မြတ်စွာဘုရားဉာဏ် (သဗ္ဗညုတဉာဏ်) တော်ကို ရဘို့ရန် လိုလားရည်ရွယ်ရင်းဖြစ်သည်၊ဘုရားဉာဏ်(သဗ္ဗညုတဉာဏ်)တော်မှာ အယုတ်,အလတ်, အမြတ်ဟူ၍ မရှိ၊ တမျိုးတစားတည်းသာဖြစ်၍ မိမိမှာရှိသော လှူဘွယ်ပစ္စည်းကို ရောက်လာသမျှသော အလှူခံတို့အား အယုတ်, အလတ်, အမြတ်မရွေး လှူဒါန်းရန်သာရှိ၏။ "ဤအလှူခံက ယုတ်ညံ့သေးသည်၊ ဤ အလှူခံအား လှူလိုက်လျှင် ငါ့မှာ ယုတ်ညံ့နိမ့်ကျသော ဘုရားဉာဏ် (သဗ္ဗညုတဉာဏ်) ကို ရနေလိမ့်မည်။ ဤအလှူခံကား အလတ်စားမျှသာရှိသည်၊ ဤအလှူခံအား လှူလိုက်လျှင် အလတ်စား သဗ္ဗညုတဉာဏ်ကိုသာ ရနေလိမ့်မည်"ဟု တွေးတောဘွယ်မရှိ၊ သို့ဖြစ်၍ အလှူခံကို မရွေးချယ်ပဲ လှူဒါန်းခြင်းသည် သဗ္ဗညုဘုဉာဏ်ကို လိုလားသော ဘုရားအလောင်းတော်တို့၏ ဓလေ့ဖြစ်၏၊ သာမညနတ်လူတို့၏ ရည်ရွယ်ချက်မှာကား လောကီစည်းစိမ် အမျိုးမျိုးတို့ကို အလိုရှိရာ ရည်ရွယ်လှူဒါန်းကြသည်ဖြစ်၍ အကောင်းဆုံးသော အလှူခံကို ရွေးချယ်ရမည်ဖြစ်၏။

ဤသို့ ဗုဒ္ဓဝင်ပါဠိတော်က အလောင်းတော်ကြီးများအတွက် ရည်ရွယ်ဟော ပြီးလျှင် ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိတော် စသည်တို့မှာ သာမညနတ်လူတို့အတွက် ရည်ရွယ်ဟောတော်မူခြင်း ဖြစ်သောကြောင့် မညီညွတ်မှု ဆန့်ကျင်မှု မရှိဟူ၍ မှတ်ယူရာ၏။

http://www.dhammadownload.com



## ပါရမီ အဓိပ္ပါယ်

ပါရမီ ဟူသောစကား၌ ရရှိနိုင်သည့် အဓိပ္ပါယ်များကို စရိယာပိဋက အဋ္ဌကထာ၌ အမျိုးမျိုး ဖွင့်ပြတော်မူ၏။ ဖွင့်ပြပုံကို သိသာရုံမျှ ဖော်ပြရသော်—

ပါရမီဟူသော စကား၌(ပရမ)နှင့် (ဤ) ကို တွဲစပ်ထားခြင်းဖြစ်၍ ပရမဟူဒသာ ရှေ့ပုဒ်မှာ မြင့်မြတ်ခြင်းအနက်ကို ဟောသောပုဒ်ဖြစ်၏၊ ဤအရာ၌ မြတ်သော ဘုရားအလောင်းတော်များကို ပရမဟု ဆိုလိုသည်။

တနည်း၊ ၊ပရမဟူသော ပါဠိမှာ ပရခာတ် မ-ပစ္စည်း၊ ပရ-ခာတ်က ပြည့်စုံခြင်း စောင့်ရှောက်ခြင်း အနက်ကို ဟောသည်၊ ဒါနစသော ကျေးဇူးဂုဏ်တို့ကို ပြည့်စုံစေတတ် စောင့်ရှောက်တတ်သောကြောင့် ဘုရားအလောင်းတော်ကြီးများကို ပရမခေါ်သည်။

တနည်း၊ ၊ပရသဒ္ဒါအနီး(အစ၌)ရှိသော မဝခာတ် နှောင်ဖွဲ့ခြင်း အနက်ကို ဟောသည်၊ တပါးသော သတ္တဝါကို ဂုဏ်အထူးဖြင့် မိမိမှာ ဆွဲငင်ဖွဲ့ချည်သကဲ့သို့ ဖြစ်သောကြောင့် အလောင်းတော်ကြီးများကို ပရမခေါ်သည်။

တနည်း၊ ၊ပရံသဒ္ဒါ အနီး (အစ၌)ရှိသော မဇခာတ်သည် စင်ကြယ်ခြင်း အနက်ကိုဟောသည်၊ ပရံသဒ္ဒါက လွန်ကဲခြင်းဟူသော အနက်ကို ဟောသည်။ သူမတူတန် ကဲလွန်ထူးမြတ်စွာ ညစ်ညူးကြောင်း ဖြစ်သော ကိလေသာတို့မှ စင်ကြယ်တတ်သောကြောင့် အလောင်းတော်ကြီးများကို ပရမခေါ်သည်။

တနည်း၊ ၊ပရံသဒ္ဒါအနီးရှိသော မယခာတ် သွားခြင်း အနက်ကို ဟောသည်၊ ပရံသဒ္ဒါက အမြတ်ဟူသော အနက်ကို ဟောသည်၊ မြတ်သောနိဗ္ဗာန်သို့ အထူးသဖြင့် အရောက်သွားတတ်သောကြောင့် အလောင်းတော်ကြီးများကို ပရမခေါ်သည်။

တနည်း၊ ၊ပရံသဒ္ဒါ အနီးရှိသော မုခာတ်သည် ပိုင်းဖြတ်ခြင်းအနက်ကို ဟောသည်၊ တမလွန်လောကကို ယခုပစ္စုပ္ပန် လောကကဲ့သို့ပင် ပိုင်းဖြတ်တတ်သောကြောင့် အလောင်းတော်ကြီးများကို ပရမ ခေါ်သည်။(အဓိပ္ပါယ်ကား…. ယခုလောက ယခုဘဝကို ကောင်းမွန်ချမ်းသာ အပြစ်မရှိစေရန် ဉာဏ်ဖြင့် ပိုင်းဖြတ်သကဲ့သို့၊ နောင်တမလွန်လောကကိုလည်း ကောင်းမွန်ချမ်းသာ အပြစ်မရှိစေရန် ဉာဏ်ဖြင့်ပိုင်းဖြတ်နိုင်သည်၊ ကောင်းအောင်ပြုလုပ်တော်မူနိုင်ကြသည်ဟု ဆိုလိုသည်။)

http://www.dhammadownload.com



**တနည်း၊** ၊ပရံသဒ္ဒါ အနီးရှိသော မိဓာတ်သည် ထည့်သွင်းခြင်းအနက်ကို ဟောသည်၊ ပရံသဒ္ဒါက လွန်ကဲခြင်းအနက်ကို ဟောသည်။ သီလစသော ဂုဏ်ကျေးဇူးတို့ကို အလွန်အကဲ မိမိသန္တာန်၌ ထည့်သွင်းတတ်သောကြောင့် အလောင်းတော်ကြီးများကို ပရမ ခေါ်သည်။

**တနည်း၊** ၊ပရံသဒ္ဒါ တပါးဟူသောအနက် ဆန့်ကျင်ဘက်ဟူသောအနက်ကို ဟောသည်၊ မိဓာတ်သည် ညှဉ်းဆဲခြင်းအနက်ကို ဟောသည်။ သူတော်တရားအပေါင်းတည်းဟူသော မိမိမှတပါးဖြစ်သော ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာဟူ ရန်သူအပေါင်းကို ညှဉ်းဆဲတတ်သောကြောင့် အလောင်းတော်ကြီးများကို ပရမ ခေါ်သည်။

**တနည်း၊** ၊ပါရသဒ္ဒါ အနီးရှိသော မဇဓာတ်သည် စင်ကြယ်ခြင်းအနက်ကို ဟော၏၊ ပါရသဒ္ဒါက ထိုဘက်ကမ်းဟူသောအနက်ကို ဟော၏၊ ဤ၌ သံသရာကို ဤမှာဘက်ကမ်းဟုယူ၍ နိဗ္ဗာန်ကို ထိုဘက်ကမ်းဟူ၍ ယူရမည်။ နိဗ္ဗာန်တည်းဟူသော ထိုဘက်ကမ်း၌ ကိုယ်တိုင်လည်း စင်ကြယ်တတ် သတ္တဝါတို့ကိုလည်း စင်ကြယ်စေတတ်သောကြောင့် အလောင်းတော်ကြီးများကို ပါရမီ ခေါ်၏။

**တနည်း၊** ၊ပါရသဒ္ဒါ အနီးရှိသော မဝဓာတ်သည် နှောင်ဖွဲ့တွဲယှဉ်ခြင်းအနက်ကို ဟောသည်၊ နိဗ္ဗာန်၌ သတ္တဝါတွေကို နှောင်ဖွဲ့တွဲယှဉ်ပေးတတ်သောကြောင့် အလောင်းတော်ကြီးများကို ပါရမီ ခေါ်သည်။

**တနည်း၊** ၊မယဓာတ် သွားခြင်းအနက်ကို ဟောသည်၊ နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့ သွားတတ်သောကြောင့် အလောင်းတော်ကြီးများကို ပါရမီ ခေါ်သည်။

**တနည်း၊** ၊မုဓာတ်သည် သိခြင်းအနက်ကို ဟောသည်၊ သံသရာ၏ တဖက်ကမ်းဖြစ်သော နိဗ္ဗာန်ကို ဟုတ်မှန်သည့်အတိုင်း သိတတ်သောကြောင့် အလောင်းတော်ကြီးများကို ပါရမီ ခေါ်သည်။

**တနည်း၊** ၊မိဓာတ်သည် ထည့်သွင်းခြင်းအနက်ကို ဟောသည်၊ သံသရာ၏ တဖက်ကမ်းဖြစ်သော နိဗ္ဗာန်၌ သတ္တဝါတို့ကို ထည့်သွင်းပို့ဆောင်ပေးတတ်သောကြောင့် အလောင်းတော်ကြီးများကို ပါရမီ ခေါ်သည်။

**တနည်း၊** ၊မိဓာတ်သည် ညှဉ်းဆဲခြင်းအနက်ကို ဟောသည်၊ သတ္တဝါတို့၏ ရန်သူဖြစ်သော ကိလေသာတို့ကို နိဗ္ဗာန်၌ ညှဉ်းဆဲ ပယ်ဖျောက်တတ်သောကြောင့် အလောင်းတော်ကြီးများကို ပါရမီ ခေါ်သည်။

http://www.dhammadownload.com



(ဤသို့ အနက်အဓိပ္ပါယ် အမျိုးမျိုးထွက်အောင် ကြံစည်ခြင်းမှာ သဘာဝနိရုတ္တိအရ ထွက်နိုင်သော အနက်အဓိပ္ပါယ်စုကို ဖော်ပြခြင်း ဖြစ်သည်၊ ဖြစ်ကတတ်ဆန်း အနက်ကို ဖော်ပြနေခြင်း မဟုတ်ပေ။)

ပရမာနံ အယံ ပါရမီ။ ပရမာနံ၊ ဘုရားအလောင်းတို့၏။ အယံ၊ ဥစ္စာဖြစ်သောအကျင့်တည်း။ ပါရမီ၊ ဘုရားအလောင်းတို့၏ ဥစ္စာဖြစ်သော အကျင့်။ (တနည်း) ပရမာနံ ကမ္မံ ပါရမီ။ ပရမာနံ၊ ဘုရားအလောင်းတို့၏။ ကမ္မံ၊ ပြုလုပ်အပ်သောအမှုကိစ္စတည်း။ ပါရမီ၊ ဘုရားအလောင်းတို့ ပြုလုပ်အပ်သော အမှုကိစ္စ။ ။ပါရမိဿ ဘာဝေါ ပါရမိတာ။ ပါရမိဿ ကမ္မံ ပါရမိတာ။ ဘုရားအလောင်းဟူ၍ အသိဉာဏ်ဖြစ်ကြောင်း အလုပ်ကိစ္စများဟူ၍ ဖွင့်ပြလေသည်။

ဤဖွင့်ပြချက်အရ "ဘုရားအလောင်းတော်များ ကျင့်ကြံပြုလုပ် အားထုတ်အပ်သော ဒါနစသောတရားစုကို ပါရမီ (တနည်းအားဖြင့် ပါရမိတာ) ဟု" ဆိုလိုသည်။

ဇိနာလင်္ကာရဋီကာ၌ကား....ပါရံ နိဗ္ဗာနံ အယန္တိ ဂစ္ဆန္တိ ဧတာဟီတိ ပါရမိယော၊ နိဗ္ဗာနသာခကာ ဟိ ဒါနစေတနာဒယော ဓမ္မာ ပါရမီတိ ဝုစ္စန္တိ–ဟူ၍ သံသရာ၏ တဖက်ကမ်းဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ဒါနစေတနာစသည်တို့ကို ပါရမီ ခေါ်ရမည်ဟု ပြဆိုတော်မူ၏။

တဏှာမာနဒိဋ္ဌီဟိ အနုပဟတာ ကရုဏူပါယကောသလ္လပရိဂ္ဂဟိတာ ဒါနာဒယော ဂုဏာ ပါရမိယော....ဟူ၍ စရိယာပိဋကအဋ္ဌကထာ၌ "တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မဖျက်ဆီးအပ် (မစွဲယူအပ်) သော ဝေနေယျတို့အား သနားခြင်း ကရုဏာ အကြောင်းဥပါယ်တို့၌ လိမ္မာခြင်းပညာ ဤနှစ်ပါးတို့ဖြင့် သိမ်းဆည်းအပ် (ကရုဏာ ပညာနှစ်ပါး ရှေ့သွားရှိ၍ ပြုအပ်)သော ဒါနစသော ဂုဏ်ကျေးဇူးတို့သည် ပါရမီမည်ကုန်၏" ဟူ၍ ဖွင့်ပြသည်။ (ဤဖွင့်ပြချက်မှာ ဘုရားအလောင်းတော်တို့၏ ပါရမီကို အဓိကထား၍ ဖွင့်ပြခြင်းဖြစ်သည်။)

ထိုပါရမီတို့ကား—

**ဒါနံ သီလဉ္စ နေက္ခမ္မံ၊ ပညာ ဝီရိယေန ပဉ္စမံ။**

**ခန္တိသစ္စမဓိဋ္ဌာနံ၊ မေတ္တုပေက္ခာတိ တေ ဒသ။—**

ဟူသော ဂါထာအရရှင်း—

http://www.dhammadownload.com



**ဒါန သီလ၊ နေက္ခမ္မ၊ ပညာ ဝီရိယာ။**

**ခန္တိ သစ္စ၊ ဓိဋ္ဌာန၊ မေတ္တာ ဥပေက္ခာ။—**

ဟူသော လင်္ကာဆောင်ပုဒ်အရရင်း....(၁) ဒါနပါရမီ၊ (၂) သီလပါရမီ၊ (၃) နေက္ခမ္မပါရမီ၊ (၄) ပညာပါရမီ၊ (၅) ဝီရိယပါရမီ၊ (၆) ခန္တီပါရမီ၊ (၇) သစ္စာပါရမီ၊ (၈) အဓိဋ္ဌာနပါရမီ၊ (၉) မေတ္တာပါရမီ၊ (၁၀) ဥပေက္ခာပါရမီ ဟူ၍ (၁၀)ပါး အပြားရှိသည်။ (ထိုဆယ်ပါး၏ သဘော အထက်၌ ထင်ရှားလတ္တံ့)။

ဤအရာ၌၊ ။အောက်ဖြစ်သော ဗုဒ္ဓုပ္ပါဒ ဒုလ္လဘခဏ်း၌ ဖော်ပြအပ်ပြီးသည့် ဘာဝနာ လေးပါးအနက် နိရန္တရဘာဝနာ ဖြစ်သည့် "အလောင်းတော်ကြီးများသည် ဘုရားဆုပန် နိယတဗျာဒိတ် ခံသော ဘဝမှစ၍ နောက်ဆုံး ဘုရားဖြစ်သည့် ဘဝတိုင်အောင် လုံးလုံး လျားလျား ပါရမီကို မဖြည့်ကျင့်ခဲ့သော ဘဝဟူ၍ တဘဝမျှမရှိ၊ အနည်းဆုံးအားဖြင့် ဒါနပါရမီကိုသော်လည်း ဖြည့်ကျင့်တော်မူခဲ့ကြသည်" ဟူသော အချက်ကို သတိပြု၍ အလောင်းတော်ကြီးတို့၏ အကြောင်းရင်း ပဋိပတ် မြင့်မြတ်တော်မူကြပုံကို အာရုံပြု၍ ကြည်ညိုရာ၏။

## ပါရမီတို့၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်

ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် ရုပ်တရား နာမ်တရားတို့ကို လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ဤလေးချက်ဖြင့် ပိုင်နိုင်စွာသိရှိမှ ဒိဋ္ဌိဝိသုဒ္ဓိ (စင်ကြယ်သန့်ရှင်းသော အသိဉာဏ်) သို့ ရောက်သကဲ့သို့၊ ထို့အတူ ပါရမီတော်တို့နှင့် စပ်၍လည်း လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ဤလေးချက်ဖြင့် ပိုင်နိုင်စွာ သိရှိမှ အသိဉာဏ်သန့်ရှင်းမည်ဖြစ်၍ စရိယာပိဋကအဋ္ဌကထာ၌ ထို ပါရမီတို့၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကို သီးသန့်တခဏ်းထား၍ ဖွင့်ပြခဲ့လေသည်။ ထိုတွင် ပါရမီဆယ်ပါးလုံးနှင့် သက်ဆိုင်သော လက္ခဏရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကား....

ပါရမီဆယ်ပါးလုံးတို့သည်ပင် သူတပါးတို့အားချီးမြှောက်ခြင်းလက္ခဏာရှိကုန်၏။ ။သူတပါးတို့အား ကျေးဇူးပြုခြင်း ကိစ္စရသရှိကုန်၏၊ (တနည်း)မတုန်လှုပ်ခြင်းတည်းဟူသော (ပြည့်စုံခြင်း) ရသရှိကုန်၏။ ။သတ္တဝါတို့ အကျိုးဖြစ်ကြောင်း စီးပွါးကောင်းကိုရှာမှီးခြင်းလျှင် ထင်သောအခြင်းအရာ(ပစ္စုပဋ္ဌာန်) ရှိ၏၊ (တနည်း) ဘုရားဖြစ်ကြောင်း တရားကောင်းဟူ၍ ဆင်ခြင်သော သူတို့၏ ဉာဏ်ဝယ် ထင်သောအခြင်းအရာ (ပစ္စုပဋ္ဌာန်) ရှိကုန်၏။ ။မဟာကရုဏာ

http://www.dhammadownload.com



လျှင် နီးစွာသောအကြောင်း (ပဒဋ္ဌာန်)ရှိကုန်၏၊ (တနည်း) မဟာကရုဏာနှင့် ဥပါယ်၌ လိမ္မာသောပညာ ဤတရားတို့လျှင် နီးစွာသောအကြောင်း(ပဒဋ္ဌာန်) ရှိကုန်၏။

အနည်းငယ်မျှ ဖွင့်ပြဦးအံ့....ထိုထိုသဘောတရားတို့၏ (အခြားတရားတို့နှင့်လည်း သက်ဆိုင်သော) သာမည သဘောကိုရင်း၊ (အခြားတရားတို့နှင့် မသက်ဆိုင် မိမိတရားတမျိုးတည်းနှင့်သာ သက်ဆိုင်သည့်) ဝိသေသ သဘောကိုရင်း လက္ခဏာဟူ၍ ခေါ်သည်။ (ဥပမာအားဖြင့်—ရုပ်တရားထည်းမှ ပထဝီဓာတ်တည်းဟူသော မဟာဘုတ်မှာ မမြဲခြင်း လက္ခဏာအမှတ်အသား, ခက်မာမှု လက္ခဏာအမှတ်အသား နှစ်မျိုးရှိရာ မမြဲခြင်း လက္ခဏာအမှတ်အသားမှာ တပါးသောတရားတို့နှင့်လည်း သက်ဆိုင်၍နေသောကြောင့် ထို မမြဲခြင်း လက္ခဏာအမှတ်အသားကို သာမညလက္ခဏာဟူ၍ ခေါ်ရသည်၊ ခက်မာမှု လက္ခဏာအမှတ်အသားကား တပါးသော တရားတို့နှင့် မသက်ဆိုင် ပထဝီဓာတ် တမျိုးတည်းနှင့်သာ သက်ဆိုင်သောကြောင့် ထိုခက်မာမှု လက္ခဏာအမှတ် အသားကို သဘာဝလက္ခဏာဟူ၍ ခေါ်သည်။)

**သာမညံ ဝါ သဘာဝေါ ဝါ၊ ဓမ္မာနံ လက္ခဏံ မတံ။**

**မဆက်ဆံက၊ သဘာဝမှန်၊ သာမန်ဇာတ်မူ၊ ဤနှစ်ဆူ၊ မှတ်ယူလက္ခဏာ။**

ထိုထိုသဘောတရားတို့၏ ထင်ရှားသော အလုပ်ကိစ္စ၊ပြည့်စုံမှုသမ္ပတ္တိ နှစ်မျိုးကို ရသဟူ၍ ခေါ်သည်။ (ဥပမာအားဖြင့်—ကုသိုလ်တရား ဖြစ်ပွါးလာလျှင် အကုသိုလ်ကို ဖျက်ဆီး၍ ဖြစ်ပွါးလာသည်၊ အကုသိုလ်ကို ဖျက်ဆီးခြင်းကား ကုသိုလ်၏ အလုပ်ကိစ္စတည်း၊ သို့ရကား ကုသိုလ်တရားမှာ အကုသိုလ်ကိုဖျက်ဆီး ခြင်း အလုပ်ကိစ္စ ရသရှိသည်ဟု ဆိုရသည်။ ထိုကုသိုလ်တရား၏ နောက်ဆုံး ပြည့်စုံမှုမှာ အလိုရှိအပ် ကောင်းမြတ်သော အကျိုးပေးခြင်းပင် ဖြစ်သည်၊ သို့ရကား ကုသိုလ်တရားမှာ အလိုရှိအပ် ကောင်းမြတ်သောအကျိုးကို ဖြစ်စေမှု တည်းဟူသော သမ္ပတ္တိရသရှိသည်ဟု ဆိုရသည်။)

**ကိစ္စံ ဝါ တဿ သမ္ပတ္တိ၊ ရသောတိ ပဝုစ္စတေ။**

**ကိစ္စဗျတ္တိ၊ သမ္ပတ္တိမှာ၊ မယုတ်ရာ၊ နှစ်ဖြာရသယူ။**

ထိုထိုသဘောတရားတို့ကို လေးလေးနက်နက် စဉ်းစားသောအခါ ထိုစဉ်းစား ဆင်ခြင်သူ၏ဉာဏ်၌ ထိုတရား၏ သဘောနှင့် စပ်၍သော်လည်း ထင်မြင်လာ တတ်သည်၊ ကိစ္စနှင့်စပ်၍သော်လည်း ထင်မြင်လာတတ်သည်၊ အကြောင်းနှင့်

http://www.dhammadownload.com



စပ်၍သော်လည်း ထင်မြင်လာတတ်သည်၊ အကျိုးနှင့် စပ်၍သော်လည်း ထင်မြင်လာတတ်သည်။ ယင်းသို့ ထင်မြင်လာသော အခြင်းအရာကို ပစ္စုပဋ္ဌာန်ဟူ၍ ခေါ်သည်။ (ဥပမာ—ကုသိုလ်ဟူသည် အဘယ်သို့သော တရားပါနည်းဟု လေးနက်စွာ စဉ်းစားဆင်ခြင်သည်ရှိသော် ထိုဆင်ခြင်သူ၏ ဉာဏ်၌ "ကုသိုလ်ဟူသည် ဖြူစင်သော သဘောပင်တည်း"ဟု သဘောနှင့်စပ်၍လည်း ထင်တတ်သည်၊ "ကုသိုလ်ဟူသည် အကုသိုလ်တရားကို ဖျက်ဆီးတတ်သောတရားဖြစ်သည်"ဟု ကိစ္စနှင့် စပ်၍လည်း ထင်တတ်သည်၊ "ကုသိုလ်ဟူသည် ကလျာဏမိတ်ကောင်း ပေါင်းသင်းရမှ ဖြစ်နိုင်သော့တရားတည်း"ဟု အကြောင်းနှင့် စပ်၍လည်း ထင်တတ်သည်၊ "ကုသိုလ်ဟူသည် အလိုရှိအပ်သည့် အကျိုးကို ဖြစ်စေတတ်သောတရားဖြစ်သည်"ဟု အကျိုးနှင့်စပ်၍လည်း ထင်တတ်သည်ဟု ဆိုလိုသည်။)

**ဖလံ ဝါ ပစ္စုပဋ္ဌာန-မုပဋ္ဌာနနယောပိ ဝါ။**

**သဘောကိစ္စ၊ အကြောင်းမျှသာ၊ ထင်လာသုံးမျိုး၊ အကျိုးတခု၊ ထင်လာမှု၊ ပစ္စုပဋ္ဌာန်ယူ။**

ထိုထိုတရားတို့၏ အနီးဆုံး အားအကြီးဆုံးဖြစ်သော အကြောင်းကို ပဒဋ္ဌာန်ဟူ၍ ခေါ်သည်။ (ဥပမာ—ကုသိုလ်ဖြစ်ရန်အတွက် အကြောင်းပေါင်းများစွာ ရှိကြသည့်အနက် ယောနိသောမနသိကာရ=အသင့်အားဖြင့် နှလုံးသွင်းခြင်းသည် အနီးဆုံး အားအကြီးဆုံး အကြောင်းဖြစ်သောကြောင့် ၎င်းယောနိသောမနသိကာရကိုပင် ကုသိုလ်၏ ပဒဋ္ဌာန်ဟူ၍ ကျမ်းဂန်တို့၌ ဖွင့်ပြသည်။)

**အာသန္နကာရဏံ ယံ တု၊ ပဒဋ္ဌာနန္တိ တံ မတံ။**

**အကျိုး၏သာ၊ ဗလဝါသန္န၊ ကာရဏ၊ ပဒဋ္ဌာနယူ။**

## ဒါနနှင့်စပ်၍ မှတ်သားဖွယ်

ဒါနပါရမီဟူသော စကားနှင့်စပ်၍ သိမှတ်အပ်သော သဘောအရင်းခံမှာ ပေးအပ်သောအရာဟူသမျှ (သို့မဟုတ်) ပေးခြင်းဟူသမျှသည် ဒါနချည်းပင် ဖြစ်၏။ ဤပေးခြင်းဒါနသည်—

(၁) ကောင်းမှု၏အရာဖြစ်သော ပေးခြင်း (ပုညာဘိဘာယဒါန)၊

(၂) ကောင်းမှုအရာမဟုတ်ပဲ လောက၌ ပြုကျင့်ကြမြဲ ဝတ်တရားအတိုင်း ပေးခြင်းအမျိုးမျိုး (လောကဝိသယဒါန)—

ဟူ၍ နှစ်မျိုး ခွဲခြား မှတ်သားသင့်၏။

http://www.dhammadownload.com



ကြည်လင်စင်ကြယ်သော သဒ္ဓါတရားဖြင့် ပေးခြင်းဟူသမျှကို ပုညဝိသယ ဒါနဟု ခေါ်၍ ဤပုညဝိသယဒါနသည်သာ ဒါနပါရမီနှင့် သက်ဆိုင်သည်။ ကြည်လင်စင်ကြယ်သော သဒ္ဓါတရားဖြင့် ပေးခြင်းမဟုတ်ပဲ ချစ်ကြိုက်၍ ပေးခြင်း စိတ်ဆိုး၍ပေးခြင်း ကြောက်ရွံ့၍ပေးခြင်း မိုက်မဲ၍ပေးခြင်းမှစ၍ အယုတ်ဆုံး အပြစ်ဒဏ်ပေးခြင်း သေဒဏ်ပေးခြင်းအထိ ပေးခြင်းဟူသမျှကို လောကဝိသယဒါနဟု ခေါ်အပ်ပေသည်၊ ဤလောကဝိသယဒါနကား ဒါနပါရမီနှင့် မသက်ဆိုင်။

## ဒါနနှင့် ပရိစ္စာဂ

ဒါနပါရမီနှင့် သက်ဆိုင်သော ပုညဝိသယဒါန အရာ၌ လှူဒါန်းခြင်းဟု မြန်မာဘာသာ ပြန်ဆိုရသောဒါနနှင့် စွန့်ကြဲခြင်းဟု မြန်မာဘာသာ ပြန်ဆိုရသော စာဂ (သို့မဟုတ်) ပရိစ္စာဂတို့ သဘောချင်း တူသည် မတူသည်ကို နားလည် မှတ်သားသင့်ပေသည်။

အသီတိနိပါတ် မဟာဟံသဇာတ်၌—

**ဒါနံ သီလံ ပရိစ္စာဂံ၊ အဇ္ဇဝံ မဒ္ဒဝံ တပံ။**

**အက္ကောဓံ အဝိဟိံသဉ္စ၊ ခန္တိဉ္စ အဝိရောဓနံ။** –

ဟူ၍ မင်းကျင့်တရား ဆယ်ပါးအကြောင်းကို ဟောထားတော်မူရာ ဒါနနှင့် ပရိစ္စာဂကို တပါးစီခွဲခြား၍ ဟောထားသည်။

ဇာတ်အဋ္ဌကထာ၌၊ ၊ဒသဝတ္ထုကာ စေတနာ ဒါနံ၊ ဒေယျဓမ္မစာဂေါ ပရိစ္စာဂေါ....ဟူ၍ ဖွင့်ပြသည်၊ (သဝတ္ထုကာ စေတနာ ဒါနံ ဟူ၍ မြန်မာမှု၌ ဒဒွေးအက္ခရာ ကျနေသည်။) ဤဇာတ် အဋ္ဌကထာအလိုအားဖြင့်—

က၊ ၊ဒါနဝတ္ထု အဖြစ်ဖြင့် ထင်ရှားသော (၁) အန္န=ထမင်းစသော စားဘွယ်၊ (၂) ပါန=အဖျော်ယမကာ သောက်ဘွယ်၊ (၃) ဝတ္ထ=အဝတ်သင်္ကန်း၊ (၄) ယာန=ထီးဘိနပ်စသော သွားလာရေးအတွက် ချမ်းသာစေနိုင်သည့်ဝတ္ထု၊ (၅) မာလာ=ပန်း၊ (၆) ဂန္ဓ=နံ့သာမှုန့်၊ (၇) ဝိလေပန=နံ့သာပျောင်း-နံ့သာပျစ်၊ (၈) သေယျ=အိပ်ရာနေရာ၊ (၉) အာဝသထ=စရပ် တန်ဆောင်း ကျောင်းသင်္ခမ်း၊ (၁၀) ပဒီပေယျ=ဆီမီး, လျှပ်စစ်မီး ဤဒါနဝတ္ထု (၁၀) ပါးကို လှူဒါန်းသော စေတနာကား ဒါန။

ခ၊ ၊ထိုမှတပါးသော လှူဘွယ်ဝတ္ထုတို့ကို စွန့်လှူသော စေတနာကား ပရိစ္စာဂဟူ၍ ဒါနနှင့် ပရိစ္စာဂအရ ပစ္စည်းဝတ္ထုသို့ လိုက်၍ ခွဲခြား သိမှတ်ရပေမည်။

http://www.dhammadownload.com



၎င်းဇာတ်ရှိကာ၌—"အနာဂတ် သံသရာတွင် ခံစားရမည့်အကျိုးကို မြော်မြင်၍ လှူဘွယ်ဝတ္ထုကို စွန့်လှူသည်ကား ဒါန၊ မျက်မှောက်ဘဝ အကျိုးကိုသာ မြော်ခေါ်၍ သူရဲကောင်းအမှုထမ်း စသူတို့အား ပုရိသဓမ္မခေါ်သော (အမှုထမ်းတို့အား အရည်အချင်းအလိုက် ချီးမြှောက်မှု၌ လိမ္မာပါးနပ်ခြင်း) သင်္ဂဟတရားအတိုင်း ဆုလာဘ်ပစ္စည်းများကို ပေးစွန့်ခြင်းကား ပရိစ္စာဂဟူ၍ ဆရာတို့ ဒါနနှင့် ပရိစ္စာဂအထူး မိန့်ဆိုကြကြောင်း"ကို ဖွင့်ပြလျက်ရှိသည်။

တနည်းအားဖြင့်—စရိယာပိဋက ပါဠိအဋ္ဌကထာနှင့် တေရသနိပါတ်ဇာတ် ပါဠိအဋ္ဌကထာတို့၌ လာသော ဘုရားအလောင်းတော် အကိတ္တိပုဏ္ဏားပညာရှိ အကြောင်းကို အကျဉ်းချုပ်အားဖြင့် သိမှတ်ရာ၏။ ၎င်းမှာ....အလောင်းတော် အကိတ္တိပုဏ္ဏားပညာရှိသည် မိဘနှစ်ပါး ကွယ်လွန်သွားသောအခါ များစွာသော ဥစ္စာတို့ကိုကြည့်၍ သံဝေဂရရှိတော်မူကာ "ဤဥစ္စာများကို စုဆောင်းသူ မိဘ ဘိုးဘွားယို့ကား ဥစ္စာကို စွန့်၍သွားကြကုန်ပြီ၊ ငါတမူကား ဤဥစ္စာနှစ်တို့ကို ယူဆောင်၍သွားပေအံ့"ဟု အကြံဖြစ်တော်မူ၍ ဘုရင်မင်းမြတ်ထံ အခွင့်ပန်ပြီးလျှင် နိုင်ငံအလုံးကို စည်လည်ကျေညာစေ၍ ရှိသမျှ ပစ္စည်းတို့ကို ခုနစ်ရက် တိုင်တိုင် လှူဒါန်းတော်မူသည်၊ မကုန်မခန်းနိုင်သောအခါ ဤပစ္စည်းတွေကို အပျော်ပြုသကဲ့သို့ ငါစောင့်၍ လှူနေသဖြင့် အကျိုးမရှိ၊ မည်သူမဆို အလိုရှိသောသူများ လာရောက်ယူကြပစေဟု မိမိ၏ နေအိမ်တိုက်တာ ဘဏ္ဍာကျီကြတို့ကို ဖွင့်လှစ်ထားခဲ့ပြီးလျှင် တောသို့ထွက်သွားတော်မူလေသည်။

ဤပညာရှိအလောင်းတော်ကြီး၏ ကျင့်ကြံပုံမှာ ပဌမ ခုနစ်ရက်အတွင်း ဒါနမှုကို ပြုလုပ်သည် (သို့မဟုတ်) လှူဒါန်းမှုကို ပြုလုပ်သည်။ ထို့နောက် ပရိစ္စာဂမှု (စွန့်ကြဲမှု) ကို ပြုလုပ်သည်ဟူ၍ လောကဝေါဟာရအားဖြင့် ခွဲခြား ပြောဆိုနိုင်ပေ၏။

အကြောင်းမှာ....ဒါနဟူသည် (၁) အလှူပေးပုဂ္ဂိုလ် (၂) လှူဘွယ်ဝတ္ထု ပစ္စည်း (၃) ထင်ရှားရှိနေသော အလှူခံပုဂ္ဂိုလ် (၄) လှူလိုသောစေတနာ ဤ အင်္ဂါလေးပါးရှိလျှင် ပြည့်စုံ၏။ အကိတ္တိပညာရှိ၏ ပဌမရှေ့ပိုင်း ခုနစ်ရက်တွင် လှူဒါန်းခြင်းမှာ ဤ အင်္ဂါလေးပါးလုံး ပြည့်စုံလျက်ရှိ၏၊ ခုနစ်ရက်လွန်သည့် နောက်မှာကား အနီးအပါး၌ အလှူခံပုဂ္ဂိုလ် မရောက်သေးမီ ထင်ရှားမရှိသေးမီ စွန့်လွှတ်သွားသဖြင့် ဒါနဟု မခေါ်ဝေါ်ပဲ ပရိစ္စာဂဟူ၍သာ ခေါ်ဝေါ်ရ တော့သည်။

ကုသိုလ်အရေး မဟုတ်သော အရာတို့၌လည်း တစုံတခုသော ပစ္စည်းကို အခြားသူအား ပေးလိုက်လျှင် (မြန်မာလို) ပေးသည်ဟုခေါ်၏၊ (ပါဠိလို) ဒေတိဟု သုံးစွဲ၏။ မိမိပစ္စည်းကို "ယူလိုသူ ယူစေ၊ မယူလိုလည်း ဖြစ်လိုရာ

http://www.dhammadownload.com



ဖြစ်စေ”ဟု စွန့်ပစ်လိုက်သော သဘောကိုကား လှူသည်ဟုမခေါ်၊ လွှတ်ပစ်သည် စွန့်ပစ်သည်ဟူ၍သာ ခေါ်သည်။ (ပါဠိလိုအားဖြင့်)ဒါနဟု မခေါ်၊ စာဂဟူ၍သာ ခေါ်၏။

အချုပ်သဘောမှတ်ယူရန်မှာ....မိမိပိုင်ပစ္စည်းကို သူတပါးအား လွှဲအပ်မှုကို ပေးသည် လှူသည်ဟုခေါ်၍၊မိမိပိုင်ပစ္စည်းကို·မိမိသိမ်းပိုက်လိုခြင်း စိတ်သဘောထားကို ပယ်ရှားလိုက်လျှင် စွန့်ပစ်သည်ဟု ခေါ်သည်။ (အသုံးမဝင်၍ ပယ်ပစ်လိုက်သော အရာကိုပင် စွန့်ပစ်သည်ဟု လောက၌ ခေါ်ဝေါ်သည်။)

တနည်းအားဖြင့်-မြင့်မြတ်သော အလှူခံတို့အား ပေးကမ်းမှုကို ဒါနပြုသည်။ လှူဒါန်းသည်ဟုခေါ်၍၊ ယုတ်နိမ့်သော အလှူခံတို့အား ပေးကမ်းမှုကို စွန့်ကြဲသည်ဟု ခေါ်ဝေါ်သည့်အတိုင်း ဘုရင်မင်းမြတ်များမှာလည်း မြတ်သော ရဟန်းပုဏ္ဏား အလှူခံတို့နှင့်တွေ့လျှင် လှူဒါန်းခြင်းဒါန မင်းကျင့်တရားကို ပြုလုပ်ရမည်။ ယုတ်နိမ့်သောအလှူခံ ဖုန်းတောင်းယာစကာတို့ကို တွေ့လျှင် စွန့်ကြဲခြင်း ပရိစ္စာဂ ပြုလုပ်ရမည်ဟု မင်းကျင့်တရား နှစ်မျိုးထား၍ ဟောတော်မူခြင်း ဖြစ်သည်။

ဤကား ဒါနနှင့် ပရိစ္စာဂ ခွဲခြား၍ ဟောသောအရာ၌ ထိုနှစ်ပါး၏ အထူးကိုမှတ်ရန် ဖော်ပြချက်တည်း။

## ဒါနနှင့် ပရိစ္စာဂ တူပုံ

မင်းကျင့်တရား ဆယ်ပါးကို သတ်မှတ်ခြင်းစသော လောကဝေါဟာရ၌ ဒါနနှင့် ပရိစ္စာဂတို့မှာ တခြားစီဖြစ်သော်လည်း တရားသဘောအားဖြင့်ကား တသီးတခြားစီမဖြစ်နိုင်၊ ဒါနဖြစ်လျှင်လည်း ပရိစ္စာဂဖြစ်နိုင်သည်သာ၊ ပရိစ္စာဂဖြစ်လျှင်လည်း ဒါနဖြစ်နိုင်သည်သာတည်း၊ အကြောင်းကား အလှူခံဝေးသည်ဖြစ်စေ၊ နီးသည်ဖြစ်စေ ထိုအလှူခံအား မိမိ၌ ထင်ရှားရှိသော ပစ္စည်းကို ပေးကမ်းခြင်းသည် ဒါနဖြစ်၍၊ မိမိပစ္စည်းဟူ၍ သိမ်းပိုက်မှတ်ယူထားသောစိတ်ကို ဖျက်လိုက် ဖျောက်လိုက်ခြင်းသည် ပရိစ္စာဂဖြစ်၏။ မည်သူမဆို မိမိပစ္စည်းကို သူတပါးတို့အား ပေးကမ်းရာမှာ“ဤပစ္စည်းကိုငါအသုံးမပြုပြီ”ဟူသောစွန့်လွှတ်ခြင်း ပရိစ္စာဂသဘောကို ရှေးဦးစွာဖြစ်စေပြီးမှ သူတပါးအား ပေးကမ်းကြခြင်း ဖြစ်သည်၊ ထိုကြောင့် ကုသိုလ်ကောင်းမှုအရာ၌ ပေးကမ်းခြင်း ဒါနဖြစ်လျှင် စွန့်ကြဲခြင်း ပရိစ္စာဂလည်း ဖြစ်တော့သည်သာ။

ဗုဒ္ဓဝင်ပါဠိတော်၌လည်း ပါရမီဆယ်ပါးတွင် ဒါနပါရမီကိုသာ ဟောတော်မူ၍ စာဂပါရမီဟု ဟောတော်မမူချေ၊ အကြောင်းမှာ စာဂသည် ဒါနထဲမှာ အတွင်းဝင်သောကြောင့် ဖြစ်၏။ တရားသဘောအရ (လောကဝေါဟာရကို

http://www.dhammadownload.com



မင့်ပဲ) ဟောကြားအပ်သော ဗုဒ္ဓဝင်ပါဠိတော်မှာ အယုတ် အလတ် အမြတ်မရွေး ပေးလှူခြင်းကို ဒါနပါရမီဟူ၍ ဟောတော်မူ၏။ အလှူခံ မြင့်မြတ်မှ ဒါနပါရမီ၊ အလှူခံ ယုတ်ညံ့လျှင် စာဂပါရမီသာ ဖြစ်သည်ဟု ပြောဆိုခွင့် မရှိတော့ပြီ။

ဤနည်းအတူ အင်္ဂုတ္တိုရ်ပါဠိတော်စသည်တို့မှာ သူတော်ကောင်းဥစ္စာတို့ကို ဟောကြားရာ၌ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ-ဟူ၍ ခုနစ်ပါး ရှိကြောင်းကို ဟောကြားတော်မူရာ ဇာဂ တပါးတည်းသာ လာသည်၊ ဒါန မပါတော့ပေ၊ ဤသို့ မပါခြင်းမှာ စာဂဟု ဆိုလျှင်ပင် ဒါနလည်း စာဂထဲမှာ အတွင်းဝင်သွားသောကြောင့် ဖြစ်၏။

> ဤကား ဒါနနှင့် စာဂကို မခွဲခြားပဲ တသားတည်း ဟောသော အရာ၌ မှတ်ရန်တည်း။

## ဒါနကိုပင် ပရိစ္စာဂ ခေါ်ပုံ

လှူဒါန်းခြင်းဟူသမျှကို ဒါနပါရမီဟု ခေါ် နိုင်သော်လည်း အလွန်ကြီးကျယ်သော လှူဒါန်းခြင်းကိုကား မဟာပရိစ္စာဂ=စွန့်ခြင်းကြီးများ ဟူ၍ ကျမ်းဂန်တို့၌ ဖွင့်ဆိုကြသည်။ ထိုစွန့်ခြင်းကြီးမှာ (၅) မျိုးရှိကြောင်းကို ခွဲခြားပြဆိုရာ၌—

သီလက္ခန်အဋ္ဌကထာ မူလပဏ္ဏာသအဋ္ဌကထာ အင်္ဂုတ္တိုရ်အဋ္ဌကထာ (တထာဂတပုဒ်အဖွင့်) တို့၌—

(၁) အင်္ဂပရိစ္စာဂ=ကိုယ်အင်္ဂါကြီးငယ်ကို စွန့်ခြင်း၊
(၂) နယနပရိစ္စာဂ=မျက်လုံးကို စွန့်ခြင်း၊
(၃) ဓနပရိစ္စာဂ=ဥစ္စာကို စွန့်ခြင်း၊
(၄) ရဇ္ဇပရိစ္စာဂ=မင်းအဖြစ်ကို စွန့်ခြင်း၊
(၅) ပုတ္တဒါရပရိစ္စာဂ=သားမယားတို့ကို စွန့်ခြင်း—

ဟူ၍ စွန့်ခြင်းကြီး ငါးပါးကို ဖွင့်ပြတော်မူကြ၏။

မူလပဏ္ဏာသအဋ္ဌကထာ စူဠသီဟနာဒသုတ် အဖွင့်၌—

(၁) အင်္ဂပရိစ္စာဂ=ကိုယ်အင်္ဂါကြီးငယ်ကို စွန့်ခြင်း၊
(၂) ပုတ္တဒါရပရိစ္စာဂ=သားမယားတို့ကို စွန့်ခြင်း၊
(၃) ရဇ္ဇပရိစ္စာဂ=မင်းအဖြစ်ကို စွန့်ခြင်း၊

http://www.dhammadownload.com



(၄) အတ္တပရိစ္စာဂ=မိမိကိုယ်ကို (အသက်ကို) စွန့်ခြင်း၊
(၅) နယနပရိစ္စာဂ=မျက်လုံးကို စွန့်ခြင်း—
ဟူ၍ ငါးမျိုး ပြဆိုတော်မူ၏။

ဝိသုဒ္ဓိမဂ်ဋီကာကျမ်း၌—

(၁) အတ္တပရိစ္စာဂ=မိမိကိုယ်ကို (အသက်ကိုပါ) စွန့်ခြင်း၊
(၂) နယနပရိစ္စာဂ=မျက်လုံးကို စွန့်ခြင်း၊
(၃) ဓနပရိစ္စာဂ=ဥစ္စာကို စွန့်ခြင်း၊
(၄) ရဇ္ဇပရိစ္စာဂ=မင်းအဖြစ်ကို စွန့်ခြင်း၊
(၅) ပုတ္တပရိစ္စာဂ=သားသမီးကို စွန့်ခြင်း—
ဟူ၍ ငါးမျိုး ပြဆိုတော်မူ၏။

သုတ်မဟာဝဂ္ဂဋီကာ (မဟာပဒါနသုတ်အဖွင့်) ၌—

(၁) အင်္ဂပရိစ္စာဂ=ကိုယ်အင်္ဂါကြီးငယ်ကို စွန့်ခြင်း၊
(၂) နယနပရိစ္စာဂ=မျက်လုံးကို စွန့်ခြင်း၊
(၃) အတ္တပရိစ္စာဂ=မိမိကိုယ်ကို (အသက်ကိုပါ) စွန့်ခြင်း၊
(၄) ရဇ္ဇပရိစ္စာဂ=မင်းအဖြစ်ကို စွန့်ခြင်း၊
(၅) ပုတ္တဒါရပရိစ္စာဂ=သားမယားတို့ကို စွန့်ခြင်း—
ဟူ၍ ငါးမျိုး ပြဆိုတော်မူ၏။

ဣတိဝုတ်အဋ္ဌကထာ၊ ဒုကနိပါတ်၊ ဒုတိယဝဂ်၊ ပဌမသုတ်အဖွင့်၌ကား—

(၁) အင်္ဂပရိစ္စာဂ=အင်္ဂါကြီးငယ်ကို စွန့်ခြင်း၊
(၂) အတ္တပရိစ္စာဂ=မိမိကိုယ်ကို စွန့်ခြင်း၊
(၃) ဓနပရိစ္စာဂ=ပစ္စည်းဥစ္စာကို စွန့်ခြင်း၊
(၄) ပုတ္တဒါရပရိစ္စာဂ=သားမယားတို့ကို စွန့်ခြင်း၊
(၅) ရဇ္ဇပရိစ္စာဂ=မင်းအဖြစ်ကို စွန့်ခြင်း—
ဟူ၍ ငါးမျိုး ပြဆိုတော်မူ၏။

ဗုဒ္ဓဝင်အဋ္ဌကထာ၌ကား—

(၁) အင်္ဂပရိစ္စာဂ=အင်္ဂါကြီးငယ်ကို စွန့်ခြင်း၊
(၂) ဇီဝိတပရိစ္စာဂ=အသက်ကို စွန့်ခြင်း၊

http://www.dhammadownload.com



(၃) ဓနပရိစ္စာဂ=ပစ္စည်းဥစ္စာကို စွန့်ခြင်း၊

(၄) ရဇ္ဇပရိစ္စာဂ=မင်းအဖြစ်ကို စွန့်ခြင်း၊

(၅) ပုတ္တဒါရပရိစ္စာဂ=သားမယားတို့ကို စွန့်ခြင်း−

ဟူ၍ ငါးမျိုး ပြဆိုတော်မူ၏။

ဝေဿန္တရဇာတ်အဋ္ဌကထာ၌ကား—

(၁) ဓနပရိစ္စာဂ=ပစ္စည်းဥစ္စာကို စွန့်ခြင်း၊

(၂) အင်္ဂပရိစ္စာဂ=အင်္ဂါကြီးငယ်ကို စွန့်ခြင်း၊

(၃) ပုတ္တပရိစ္စာဂ=သားသမီးကို စွန့်ခြင်း၊

(၄) ဘရိယပရိစ္စာဂ=မယားကို စွန့်ခြင်း၊

(၅) ဇီဝိတပရိစ္စာဂ=အသက်ကို စွန့်ခြင်း—

ဟူ၍ ငါးမျိုး ပြဆိုတော်မူ၏။ (ဇိနာလင်္ကာရဋီကာ၌လည်း ဤငါးပါးကိုပင် ရှေ့နောက်အစီအစဉ် အနည်းငယ်မျှ ကွဲပြား၍ ပြဆို၏။)

ဤကဲ့သို့ အသီးအသီး အမည်တမျိုးစီ အနည်းငယ်မျှ ကွဲပြားကြသော်လည်း သဘောသွားမှာမူ မကွဲပြားပေ။ မှန်၏....ကိုယ်မှ ပြင်ပ ဗာဟိရဝတ္ထုများအနက်မှ အပြင်အပ အကျဆုံး ပစ္စည်းဥစ္စာကို စွန့်လှူခြင်း ဓနပရိစ္စာဂ၊ အသက်တမျှ ချစ်ကြင်အပ်သော သားမယားကို စွန့်လှူခြင်း ပုတ္တဒါရပရိစ္စာဂ၊ ကိုယ်ရေးအတွက် အရေးကြီးလှသော မင်းအဖြစ် (မင်းစည်းစိမ်)ကို စွန့်လှူခြင်း ရဇ္ဇပရိစ္စာဂ−ဟူ၍ ပြင်ပဝတ္ထုများအတွက် ပရိစ္စာဂသုံးပါးထား၍ ဖွင့်တော်မူကြသည်။ မိမိခန္ဓာကိုယ်အတွက် အသက်မသေနိုင်သည့် အင်္ဂါကြီးငယ်ကို စွန့်လှူခြင်း အင်္ဂပရိစ္စာဂ၊ အသက်ကိုပင် အသေခံ၍ စွန့်လှူခြင်းကို အချို့ကျမ်းက နယနပရိစ္စာဂ၊ အချို့ကျမ်းက ဇီဝိတပရိစ္စာဂ၊ အချို့ကျမ်းက အတ္တပရိစ္စာဂဟု ပြဆိုခြင်းဖြစ်သည်။ မျက်လုံးကိုစွန့်ခြင်း ကိုယ်ကိုစွန့်ခြင်းတို့မှာ အသက်သေနိုင်သည်ပင်ဖြစ်၍ ဇီဝိတပရိစ္စာဂ အသက်ကိုစွန့်ခြင်းနှင့် သဘောသွား တူလှပေသည်၊ ဤသို့ မိမိခန္ဓာကိုယ်အတွက် စွန့်လှူခြင်းကို နှစ်မျိုးထား၍ ဖွင့်ပြတော်မူကြခြင်းဖြစ်သည်။ အချုပ်အားဖြင့် ပြင်ပဝတ္ထုများအတွက် စွန့်ခြင်းကြီးသုံးမျိုး၊ မိမိခန္ဓာကိုယ်အတွက် အသက်သေနိုင်သည့် စွန့်ခြင်းကြီး မသေနိုင်သည့်စွန့်ခြင်းကြီးဟူ၍ နှစ်မျိုး ဖွင့်ပြတော်မူကြခြင်းသာ ဖြစ်သဖြင့် ကျမ်းဂန်ချင်း ကွဲပြားကုန်ပြီဟု မမှတ်ယူရာ။

ဝေဿန္တရာမင်းကြီး၏ ရာပေါင်းခုနစ်လီ ပါဝင်သည့် အလှူကြီးကို အဋ္ဌကထာ၌ သတ္တသတက မဟာဒါနဟူ၍ ဖွင့်ပြ၏ (အလှူကြီးဟု ဆိုလိုသည်)။

http://www.dhammadownload.com



မဟာပရိစ္စာဂ=(စွန့်ခြင်းကြီး)ဟု မဖွင့်ပြသော်လည်း ဆိုခဲ့ပြီးသော စွန့်ခြင်းကြီး ငါးမျိုးတို့တွင် ဝေဿန္တရာမင်းကြီး၏ အလှူကြီးသည် ဓနမဟာပရိစ္စာဂဟု ဆိုလိုလျှင် ဆိုနိုင်သည်သာ ဖြစ်၏။

## ဒါနနှင့်စပ်၍ အထူးထူးအပြားပြား မှတ်ဖွယ်

ဤ ပါရမီတော်ခဏ်း၌ သမ္မာသမ္ဗောဓိ ပစ္စေကဗောဓိ သာဝကဗောဓိဉာဏ်တို့ကို ရရှိရန် ပန်ထွာတောင့်တ အားထုတ်ကြသော အလောင်းအလျာသုံးမျိုးတို့ ဗောဓိသမ္ဘာရ=(မိမိတို့ တောင့်တရာ ဗောဓိဉာဏ်ကို ရဘို့ရန် အဆောက်အဦ) အဝင်အပါ ဒါနအရာ၌ အထူးထူးအပြားပြား လိမ္မာကျွမ်းကျင် သိမြင်ဘို့ရန် ပကိဏ္ဏကကထာခေါ်သည့် အမျိုးမျိုး သိမှတ်ဖွယ်အခဏ်းကို ပြဆိုပေအံ့....။ဤအခဏ်း၌ ရှေးဦးစွာ—

၁။ အဘယ်တရားတို့ကို ဒါန ဟု ခေါ်သနည်း၊

၂။ အဘယ့်ကြောင့် ဒါနဟု ခေါ်သနည်း၊

၃။ ဒါန၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကား အဘယ်အရာများ ဖြစ်ကြသနည်း၊

၄။ ထိုဒါနသည် အဘယ်မျှ အပြားရှိသနည်း၊

၅။ ထိုဒါန၏ အာနုဘော်ကြီးမြင့်ကြောင်းကား အဘယ်နည်း၊

၆။ ထိုဒါန၏ အာနုဘော် ဆုတ်ယုတ်ကြောင်းကား အဘယ်နည်း—ဟူသော မေးမြန်း စိစစ်ချက် (၆)ချက်ကို အခြေခံထား၍ အကျယ်အားဖြင့် ဖြေကြား ဖော်ပြပေအံ့....(နောက်နောက်ပါရမီတို့၌လည်း ဤနည်းအတူ ဖော်ပြလိမ့်မည်)။ ထိုမေးမြန်းစိစစ်ချက် (၆)ချက်တို့တွင်—

၁။ အဘယ်တရားတို့ကို ဒါနဟု ခေါ်သနည်း....ဟူသော စကားအရ အဖြေမှာ....“လှူဒါန်းလိုသော စေတနာကိုရင်း လှူဒါန်းအပ်သော ပစ္စည်းဝတ္ထုကိုရင်း ဒါနခေါ်သည်”ဟု အကျဉ်းချုပ် ဖြေကြားမှတ်ယူရာ၏။ နောက်၌အကျယ် ထင်ရှားလိမ့်မည်။

၂။ အဘယ်ကြောင့် ဒါနဟု ခေါ်သနည်း....ဟူသော စကားအရ လှူဒါန်းလိုသော စေတနာကို လှူဒါန်းနိုင်ကြောင်းဖြစ်သောကြောင့် ဒါနဟုခေါ်သည်။ ထင်ရှားစွာ ပြဆိုဦးအံ့.... စေတနာမရှိလျှင် မလှူဒါန်းနိုင်၊ စေတနာရှိမှသာ လှူဒါန်းနိုင်၏၊ စေတနာဆိုရာမှာလည်း—(က)လှူဒါန်းတုန်း လှူဒါန်းဆဲ၌ ဖြစ်ပေါ်သော မုဉ္စစေတနာကို မှတ်ယူရာ၏။ မုဉ္စဟူသည် စွန့်လွှတ်ခြင်းပင်ဖြစ်၏၊ စွန့်လွှတ်လှူဒါန်းဆဲခဏမှာ ဖြစ်သောစေတနာကို မုဉ္စစေတနာခေါ်သည်၊ ဤမုဉ္စစေတနာသာလျှင် ဒါနတရားကိုယ် အစစ်ဖြစ်၏။

http://www.dhammadownload.com



(ခ) မစ္ဆန္ဒလွတ်မိ ရှေးအဖို့က ကြိုတင်၍ ဖြစ်သော စေတနာစုကို ပုဗ္ဗစေတနာခေါ်သည်၊ ဤပုဗ္ဗစေတနာကိုကား ဒါနအတွင်းသို့ သွတ်သွင်း ရေတွက်အပ်၏၊ (ဒါနဟူ၍ပင် ခေါ်ရာ၏။) ရှေးအဖို့ ဆိုသော်လည်း လှူဘွယ်ဝတ္ထုထင်ရှားရှိပြီးမှ "ဤ ဝတ္ထုကို လှူဒါန်းမည်"ဟု ကြံစည်ရည်ရွယ်နေသော ရှေးအဖို့ကို ဆိုလိုသည်။ ပစ္စည်းဝတ္ထုမရှိပဲနှင့် အလိုအလျောက် လှူဒါန်းမည်ဟု ကြံစည်စိတ်ကူးရာတွင် ပါဝင်သည့် စေတနာကိုကား ပုဗ္ဗစေတနာဟု ခေါ်လိုက ခေါ်နိုင်သော်လည်း ဒါနအတွင်းသို့ မသွတ်သွင်းနိုင်၊ သာမညကုသိုလ်မျိုးသာ ဖြစ်နိုင်၏။

ဤသို့ စေတနာကို အရကောက်ယူရသည့် ဒါနဟူသော စကားကို သဒ္ဒါကျမ်းအလိုအားဖြင့်(ဒီယတိ အနေနာတိ ဒါနံ ဟု ဝိဂ္ဂြိုဟ်ပြုပြီး)လှူဒါန်းကြောင်းဟူ၍ မြန်မာပြန်ဆိုရသည်။

ပစ္စည်းဝတ္ထုကိုကား လှူဒါန်းအပ်သော သဘောကြောင့် ဒါနဟု ခေါ်သည်။ ဤပစ္စည်းဝတ္ထုကို အရကောက်ယူရသည့် ဒါနဟူသောစကားကို သဒ္ဒါကျမ်းအလိုအားဖြင့် (ဒီယတီတိ ဒါနံဟု ဝိဂ္ဂြိုဟ်ပြုပြီး) လှူဒါန်းအပ်သော အရာဟူ၍ မြန်မာပြန်ဆိုရသည်။

ဤသို့ ဒါနအရ စေတနာနှင့် ဝတ္ထုနှစ်မျိုးကောက်ယူရသည်ကို အစွဲပြုကာ ဒါနသည် (၁)စေတနာဒါန (၂)ဝတ္ထုဒါနအားဖြင့် နှစ်မျိုးရှိသည်ဟု ကျမ်းဂန်တို့၌ ပြဆိုသည်။

အကျိုးပေးရာမှာ စေတနာကသာ အကျိုးပေးနိုင်၍ ဝတ္ထုက အကျိုးမပေးနိုင်၊ အကျိုးမပေးနိုင်ပါပဲလျက် အဘယ့်ကြောင့် ပစ္စည်းဝတ္ထုကို ဒါနဟူ၍ ခေါ်ဝေါ်ပြောဆိုနေရပါသနည်းဟု အချို့ကမေးမြန်းတတ်ကြသည်။ အဖြေမှာ....အကျိုးပေးရာ၌ စေတနာကသာ ကံဖြစ်၍ အကျိုးပေးနိုင်သော်လည်း ထိုစေတနာသည် ပစ္စည်းဝတ္ထု ထင်ရှားရှိ၍ ဖြစ်ပေါ်သော စေတနာမှသာ ပြခဲ့သောအတိုင်း ဒါနကံအတွင်း သွတ်သွင်းနိုင်သည်၊ သို့ဖြစ်၍ ပစ္စည်းဝတ္ထုသည်လည်း ဒါနကံမြောက်ဖို့ရန် အရေးကြီးသော အကြောင်းဖြစ်ပေသည်။ ပစ္စည်းဝတ္ထုသည် တိုက်ရိုက်အကျိုးမပေးနိုင်သော်လည်း အကြောင်းဆက်သော အားဖြင့်ကား ပေးနိုင်သည်ဟု ဆိုရပေမည်။

ဥပမာ—"ထင်းကြောင့် ထမင်းကျက်သည်" ဆိုသော စကားမျိုးကဲ့သို့ ဖြစ်သည်။ ထမင်းကို တိုက်ရိုက်ကျက်စေသည်မှာ မီးကသာကျက်စေ၏၊ ထိုမီးသည် ထင်းရှိမှတောက်၏၊ ထင်းကြောင့် မီးတောက်သည်၊ မီးကြောင့်ထမင်း

http://www.dhammadownload.com



ကျက်သည်၊ ဤသို့ အကြောင်းဆက်လိုက်သောအခါ "ထင်းကောင်းသော ကြောင့် ထမင်းကျက်သည်"ဟု ဆိုသောစကားမှာ မမှားနိုင်သကဲ့သို့၊ "လှူဘွယ် ဝတ္ထုကြောင့် ကောင်းကျိုးရသည်"ဟု ဆိုလျှင်လည်း မမှားနိုင်ပေ။

ဤသို့ ဒါနကံ အထမြောက်ဖို့ရန် ပစ္စည်းဝတ္ထုလည်း အရေးကြီးသည့်အတွက် ပစ္စည်းဝတ္ထုကို အစွဲပြုကာ ကျမ်းဂန်တို့၌ ဒါနအမျိုးမျိုး ခွဲခြားပြဆိုထား၏။

ပြဆိုပုံမှာ....ဝိနည်း ဒေသနာတော်အလိုအားဖြင့် ဆွမ်းအလှူဒါန သင်္ကန်း အလှူဒါန ကျောင်းအလှူဒါန ဆေးအလှူဒါန အားဖြင့် ဒါနလေးပါးရှိကြောင်း ရေးသားဖွင့်ပြထားသည်၊ ဝိနည်းတော်မှာ ဒါနလေးပါးကို ပြလိုရင်း မဟုတ် သော်လည်း ရဟန်းတော်များ သုံးဆောင်ရန် ပစ္စည်းလေးပါးကို မြတ်စွာဘုရား ခွင့်ပြုတော်မူသည့် အတွက် လှူဒါန်းရာမှာလည်း လေးမျိုး ဖြစ်သင့်ရကား ဝိနည်းအလို ဒါနလေးပါးရှိသည်ဟု ဖွင့်ဆိုတော်မူကြ၏။ အရင်းခံအားဖြင့် လေးပါးပြားရခြင်းမှာ ပစ္စည်းဝတ္ထုသာ အရင်းခံဖြစ်သည်။

အဘိဓမ္မာ ဒေသနာတော်အလိုအားဖြင့် လောက၌ ရှိရှိသမျှသော တရား အလုံးစုံကို အကုန်ပါဝင်အောင် အာရုံခြောက်ပါးဖြင့် ပိုင်းခြားဝေဘန် ဟော ကြားထားရာ အဆင်းကို လှူဒါန်းခြင်းတည်းဟူသော ရူပဒါန၊ အသံကို လှူဒါန်းခြင်း တည်းဟူသော သဒ္ဒဒါန၊ အနံ့ကို လှူဒါန်းခြင်း တည်းဟူသော ဂန္ဓဒါန၊ အရသာကို လှူဒါန်းခြင်းတည်းဟူသော ရသဒါန၊ အတွေ့ကိုလှူဒါန်း ခြင်းတည်းဟူသော ဖောဋ္ဌဗ္ဗဒါန၊ တရားသဘောကို လှူဒါန်းခြင်း တည်းဟူသော ဓမ္မဒါနအားဖြင့် ဒါန (၆) ပါးရှိကြောင်း ဖွင့်ပြတော်မူကြ၏။

ဤအရာမှာလည်း အဘိဓမ္မာ ဒေသနာတော်တွင် တိုက်ရိုက် ဒါနခြောက်ပါး ကို ဟောပြထားရင်း မဟုတ်သော်လည်း အာရုံခြောက်ပါးကို ဟောပြလိုက် သဖြင့် ထိုအာရုံတို့ကို အသီးအသီး လှူဒါန်းလျှင် အာရုံအပြားသို့လိုက်၍ ဒါန ခြောက်ပါး အပြားရှိသည်ဟု အနက်ရောက်သောကြောင့် အဘိဓမ္မာအလို ဒါန ခြောက်မျိုးရှိကြောင်း ကျမ်းဂန်တို့၌ ဖွင့်ပြတော်မူကြသည်။

သုတ္တန်ဒေသနာတော် အလိုအားဖြင့် စားဘွယ်အမျိုးမျိုး လှူဒါန်းခြင်း တည်းဟူသော အန္နဒါန၊ သောက်ဘွယ်အမျိုးမျိုး လှူဒါန်းခြင်း တည်းဟူသော ပါနဒါန၊ အဝတ်အထည် လှူဒါန်းခြင်းတည်းဟူသော ဝတ္ထဒါန၊ စီးနင်းစရာ ယာဉ်လှူဒါန်းခြင်းတည်းဟူသော ယာနဒါန၊ ပန်းအမျိုးမျိုး လှူဒါန်းခြင်းတည်း ဟူသော မာလာဒါန၊ နံ့သာအမျိုးမျိုး လှူဒါန်းခြင်း တည်းဟူသော ဂန္ဓဒါန၊ လိမ်းချယ်စရာအမျိုးမျိုး လှူဒါန်းခြင်း တည်းဟူသော ဝိလေပနဒါန။

http://www.dhammadownload.com



(ဝိလေပနသဒ္ဒါက လိမ်းကျံဖရာဟ၍ အဓိပ္ပါယ်ထွက်သောကြောင့် အရည်ဖြစ်စေ အမှုန့်ဖြစ်စေ လိမ်းချယ်ရသော ဝတ္ထုဖြစ်လျှင် ဝိလေပနသာ ဖြစ်သင့်၏၊ ရှေးအခါက လိမ်းကျံချယ်လှယ်လေ့ရှိသော ဆေးဒန်းမြင်းသီလာ စသည်ကိုလည်း ဝိလေပနဟူ၍ပင် ခေါ်ဆိုသင့်သည်။)

ညောင်စောင်း အင်းပျဉ် အိပ်ရာနေရာကို လှူဒါန်းခြင်း တည်းဟူသော သေယျဒါန၊ အိမ် ကျောင်းစသော နေရာအဆောက်အဦ လှူဒါန်းခြင်း တည်းဟူသော အာဝသထဒါန၊ မီးထွန်းရန် ဆီစသည်ကို လှူဒါန်းခြင်း တည်းဟူသော ပဒီပေယျဒါန အားဖြင့် ဒါန (၁၀)ပါး ရှိကြောင်း ဖွင့်ပြတော်မူကြ၏။

ဤဆယ်မျိုးကိုလည်း ဒါနဝတ္ထုဆယ်ပါး ဇာဖြစ်ဖြင့်သာ ဟောတော်မူရင်း ဖြစ်သည်၊ ဤသို့ ဒါနဝတ္ထုဆယ်ပါးရှိသဖြင့် ထိုဝတ္ထုတို့ကို အသီးအသီး လှူဒါန်းလျှင်လည်း ဆယ်မျိုးဖြစ်သင့်သောကြောင့် သုတ္တန်အလို ဒါနဆယ်ပါးရှိသည်ဟု ကျမ်းဂန်တို့၌ ဖွင့်ပြတော်မူကြသည်။

ဤ၌ ဒါနဝတ္ထု ဆယ်မျိုးကိုသာ ဘုရားဟောတော်မူသည်ဟု အကြောင်းပြကာ ဤဆယ်မျိုးကိုသာ လှူကောင်းသည်၊ အခြားဝတ္ထုတို့ကို မလှူကောင်းဟု မမှတ်ယူအပ်၊ လောက၌ ယေဘုယျအားဖြင့် အလှူများရာကို လိုက်၍ ဤဆယ်မျိုးကို ဒါနဝတ္ထုဟု ဟောတော်မူခြင်း ဖြစ်သည်၊ တနည်းအားဖြင့် အရာဝတ္ထုဟူသမျှကို ဤဆယ်ပါး၌ပင် သဘောတူရာ သွတ်သွင်းသိမှတ်နိုင်မည် ဖြစ်သောကြောင့် ဤဆယ်မျိုးကို ပြလိုက်သဖြင့်ပင် သူတော်ကောင်းများ သုံးစွဲနေကျ ဖြစ်သော အရာဝတ္ထုတို့ကို လှူဒါန်းနိုင်သည်ဟု သိမှတ်ရာ၏။

ဤဆိုအပ်ပြီးသော စကားရပ်များဖြင့် ပစ္စည်းဝတ္ထုသည် စေတနာဒါန၏ အရေးကြီးသော အကြောင်းရင်းများ ဖြစ်သည်ကို ကောင်းစွာ သိမှတ်ရာ၏။ နောက် ပြဆိုလတ္တံ့သော ဒါနအပြား၌လည်း ပစ္စည်းဝတ္ထုနှင့်စပ်သော ဒါန အများအပြား ပါဝင်သည်ကို သတိပြုရာ၏။

ဤအခါ၌၊ ပေးလှူကြောင်း ဖြစ်သောကြောင့် စေတနာကို ဒါန ခေါ်သည်။ ပေးလှူအပ်သောကြောင့် လှူဘွယ်ဝတ္ထုကို ဒါန ခေါ်သည်ဟု ဆိုလိုရင်းဖြစ်သည်။

**၃။ ဒါန၏လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကား အဘယ်အရာများ ဖြစ်ကြသနည်း....ဟူသော စကားအရ ဒါနသည်—**

http://www.dhammadownload.com



(က) စွန့်လွှတ်ခြင်း လက္ခဏာရှိ၏၊

(ခ) လှူဘွယ်ဝတ္ထုတို့၌ ငြိတွယ်ခြင်းကို ဖျက်ဆီးခြင်း (ကိစ္စ)ရသရှိ၏၊ (တနည်း) အပြစ်ကင်းခြင်း (သမ္ပတ္တိ) ရသ ရှိ၏၊

(ဂ) ငြိတွယ်မှု မရှိခြင်း (သဘော)လျှင် ထင်သော အခြင်းအရာရှိ၏၊ (ငြိတွယ်ခြင်းကင်းသောတရားဟူ၍ယောဂီ၏ဉာဏ်၌ ထင်တတ်သည် ဟူလို၊) (တနည်း) ဘဝနှင့် ပြည့်စုံခြင်း ဘောဂနှင့်ပြည့်စုံခြင်းလျှင် ထင်သော အခြင်းအရာရှိ၏၊ (လူ့ ဘဝ နတ်ဘဝစသော ဘဝနှင့် ပြည့်စုံခြင်း စည်းစိမ်ဥစ္စာနှင့်ပြည့်စုံခြင်းအကျိုးကို ဖြစ်စေတတ်သော တရားဟု စဉ်းစားဆင်ခြင်သူ၏ ဉာဏ်၌ ထင်တတ်သည်ဟူလို။)

(ဃ) စွန့်လွှတ်အပ်သော ပစ္စည်းဝတ္ထုလျှင် နီးစွာသော အကြောင်းရှိ၏။ (စွန့်လှူအပ်သော ဝတ္ထုမရှိလျှင် စိတ်ကူးရုံမျှနှင့် ဒါန မဖြစ်နိုင်၊ စွန့်လှူအပ်သော ဝတ္ထုရှိမှသာ ဒါနစင်စစ် ဖြစ်နိုင်သောကြောင့် စွန့်လှူအပ်သော ပစ္စည်းဝတ္ထုသည် ဒါန၏ အနီးကပ်ဆုံးသော အကြောင်း ပဒဋ္ဌာန်ဖြစ်သည် ဟူလို။)

၄။ ထိုဒါနသည် အဘယ်မျှ အပြားရှိသနည်း....ဟူသော စကားအရ အဖြေကား ကျယ်ဝန်းလှပေ၏။ (သတိပညာ ကြီးစွာထား၍ မှတ်သားနိုင်ကြပါစေ. ကုန်သတည်း။)

## နှစ်ပါးတွဲ ဒါနစု

ဒါနသည် အာမိသဒါန, ဓမ္မဒါနဟူ၍ နှစ်ပါး အပြားရှိ၏၊ ဆွမ်းစသော ပစ္စည်းဝတ္ထုတို့ကို အာမိသဟု ခေါ်သည်၊ ထိုပစ္စည်းဝတ္ထုတို့ကို လှူဒါန်းခြင်းသည် အာမိသဒါနမည်၏။ အာမိသနှင့် ပစ္စယဟူသည် အတူတူပင်ဖြစ်၍ ပစ္စယဒါန ဟူ၍လည်း ခေါ်နိုင်၏၊ ၊သူတပါးတို့အား တရားဟောခြင်းစသည်ဖြင့် တရားကို ပေးလှူခြင်းသည် ဓမ္မဒါနမည်၏။ ဒါနမျိုးတို့တွင် ဓမ္မဒါနသည် အမြတ်ဆုံး ဖြစ်သည်ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏။ (ဤနှစ်မျိုး ခွဲခြင်းမှာ ပစ္စည်း ဝတ္ထုကို စွဲ၍ ခွဲခြင်းပင်ဖြစ်၏။)

ဤဒါနနှစ်မျိုးနှင့်စပ်၍ လောက၌ စေတီတော်ကြီး ရုပ်ပွါးတော်ကြီးများကို တည်ထားကိုးကွယ်သောသူမှာ မည်သည့်ဒါနမျိုးဖြစ်သည်ကို စိစစ်သိမြင်ရန် လိုအပ်၏။ ဤကိစ္စနှင့် ပတ်သက်၍—

အချို့ပုဂ္ဂိုလ်တို့က "စေတီတော်ကြီး ရုပ်ပွါးတော်ကြီးများကို တည်ထားသောသူမှာ ပစ္စည်းဥစ္စာ များစွာစွန့်လွှတ်ရသော်လည်း ဒါနမဖြစ်နိုင်၊ ဒါနဟူသည် အလှူခံပုဂ္ဂိုလ် လှူဘွယ်ဝတ္ထု အလှူဒါယကာ

http://www.dhammadownload.com



သုံးဌာန ပြည့်စုံမှ ဖြစ်ရ၏၊ စေတီတော်ကြီး ရုပ်ပွါးတော်ကြီး တည်ထားရာမှာ အလှူဒါယကာ ထင်ရှားရှိသော်လည်း အလှူခံပုဂ္ဂိုလ် မရှိ၊ ဤစေတီတော်ကြီး ရုပ်ပွါးတော်ကြီးများကို မည်သူအား လှူဒါန်းရမည်နည်း၊ ဤသို့ အလှူခံပုဂ္ဂိုလ်မရှိသည့်အတွက် ဒါနပင်မဖြစ်နိုင်။ ဗုဒ္ဓါနုဿတိဆိုင်ရာ သမထကမ္မဋ္ဌာန်းသာ ဖြစ်သင့်သည်၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကို အဖန်ဖန် နှလုံးသွင်းခြင်းသည် ဗုဒ္ဓါနုဿတိ ဖြစ်၍ စေတီရုပ်ပွါး တည်ထားသူသည် မည်သည့်အလှူခံအားမျှ စွန့်လှူရန် ရည်သန်သည်မဟုတ်၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်တို့ကို အဖန်ဖန် နှလုံးသွင်းရာ၌ ထင်ထင်ရှားရှားကြီး နှလုံးသွင်းနိုင်စေရန် အထည်ကိုယ်ဖော်ပြ တည်ထားခြင်းသာ ဖြစ်သည်၊ ဤစေတီရုပ်ပွါးများကို ရှိခိုးပူဇော်ခြင်းဖြင့် ဘုရားဂုဏ်တော်တို့ကို အထူးထင်မြင်စေနိုင်သောကြောင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းနှင့်သာ သက်ဆိုင်သည်ဟူ၍ မှတ်ရမည်”ဟု မိန့်ဆိုကြ၏။

အချို့ဆရာတို့ကလည်း “စေတီတော်ကြီး ရုပ်ပွါးတော်ကြီးများ တည်ထားသူသည် ရှိသေသင့် ရှိသေထိုက်ဆုံးဖြစ်သော မြတ်စွာဘုရားကို အရိုအသေပြု၍ ပူဇော်ရန် တည်ထားခြင်းဖြစ်သောကြောင့် ပုညကိရိယဝတ္ထု=(ကောင်းမှု)ဆယ်ပါးတွင် အပစာယနကုသိုလ် ဖြစ်၏။ထိုအပစာယနကုသိုလ်ကို သီလထဲမှာ ထည့်သွင်းရမည်၊ အကြောင်းကား....ထိုရှိသေသင့် ရှိသေထိုက်သောအရာကိုရှိသေခြင်းသည် စာရိတ္တသီလမျိုးပင် ဖြစ်၏၊ သို့ဖြစ်၍ စေတီရုပ်ပွါး တည်ထားသည့် ကုသိုလ်ကို ဗုဒ္ဓါနုဿတိထဲသို့ မသွင်းထိုက်၊ သီလထဲသို့သာ သွင်းထိုက်သည်”ဟု ဆိုကြ၏။

ဤဆရာများ ပြဆိုကြသော ဗုဒ္ဓါနုဿတိ သမထကုသိုလ်နှင့် အပစာယနကုသိုလ်တို့မှာ ဝတ္ထုပစ္စည်း စွန့်လှူရခြင်းနှင့် မသက်ဆိုင်၊ ယခုစေတီတော်ကြီး ရုပ်ပွါးတော်ကြီးများ တည်ထားရာမှာ ဝတ္ထုပစ္စည်း များစွာ စွန့်လွှတ်ရသည် ဖြစ်သောကြောင့် ဒါနမှုနှင့်သာ သက်ဆိုင်ပေသည်။

“ဒါနမှုနှင့် သက်ဆိုင်သည်ဆိုလျှင် အလှူခံပုဂ္ဂိုလ် မရှိပဲနှင့် ဒါနဖြစ်နိုင်ပါသလော”ဟု မေးမြန်းဘွယ် ရှိ၏။

ကျမ်းဂန်တို့၌“မည်သည့်တရားမျိုးကိုမဆို လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် လေးပါးတို့ဖြင့် ခွဲခြမ်း စိစစ်လိုက်လျှင် အမှန်ဆုံးသဘောကို ရနိုင်သည်”ဟု ပြဆိုချက်ရှိသောကြောင့် ရှေး၌ ဒါန၏ လက္ခဏာစသည်တို့ကို ပြဆိုခဲ့ပြီးသော နည်းအတိုင်း“ဒါနသည် လှူဘွယ်ဝတ္ထုတို့ကို စွန့်လွှတ်ခြင်း လက္ခဏာရှိ၏”ဟု ကျမ်းဂန်တို့၌ ပြဆိုသည်။

http://www.dhammadownload.com



စေတီရုပ်ပွါး တည်ထားသူ ဒါယကာမှာလည်း ပစ္စည်းဝတ္ထုတို့ကို စွန့်လွှတ်ခြင်း ဒါနလက္ခဏာ၊ ထိုပစ္စည်းဝတ္ထုတို့၌ တွယ်တာမှုကို ဖျက်ဆီးခြင်း ဒါန၏ ကိစ္စ ရသ၊ ဘဝ ဘောဂတို့နှင့် ပြည့်စုံမှု တည်းဟူသော အကျိုးပစ္စုပဋ္ဌာန်၊ ပစ္စည်းဝတ္ထုတည်းဟူသော ဒါန၏ပဒဋ္ဌာန် ဤလေးတန်နှင့်(လေးဖက်လေးတန်) ပြည့်စုံနေပြီ ဖြစ်သောကြောင့် ဒါနဖြစ်သည်ဟူ၍သာ မှတ်ယူရာ၏။

တနည်းအားဖြင့် စေတီရုပ်ပွါးတော်များကို ကြည်ညိုဖူးမျှော်ပူဇော်လိုသမျှသော နတ်လူအပေါင်းတို့သည် အလှူခံပုဂ္ဂိုလ်တို့ပင် ဖြစ်သည်ဟု ဆိုပါက မမှားနိုင်ပေ၊ စေတီတော် ရုပ်ပွါးတော်ကြီးများမှာလည်း လူနတ်တို့ ဖူးမျှော် ပူဇော်သောအားဖြင့် အသုံးပြုရန် ဝတ္ထုပင် ဖြစ်သောကြောင့် လှူဘွယ်ဝတ္ထုဟု ဆိုက ဆိုနိုင်ပေ၏။

လောက၌ ပစ္စည်းဝတ္ထုအမျိုးမျိုးတို့ကို သက်ဆိုင်သလို အသုံးပြုကြ၏၊ စားသောက်ဘွယ်ရာဝတ္ထုတို့ကို စားသောက်သောအားဖြင့် အသုံးပြုကြ၏၊ ဝတ်ဆင်ဘွယ်ရာဝတ္ထုတို့ကို ဝတ်ဆင်သောအားဖြင့် အသုံးပြုကြ၏၊ ကြည်ညိုမြတ်နိုး ရှိခိုးဘွယ်ဝတ္ထုကို ကြည်ညိုမြတ်နိုး ရှိခိုးသောအားဖြင့် အသုံးပြုကြ၏။

လူအများ သွားလာရာ လမ်းခရီး၌ ရေတွင်း ရေကန်ကြီးများ တူးဖော်ထားလိုက်လျှင် ထိုရေတွင်း ရေကန်ကြီးတို့ကို မည်သူ့အားမျှ ရေစက်ချ၍ မလှူဒါန်းရသော်လည်း အများသောက်ရန် ချိုးရန် ရည်သန်သည့်အတိုင်း ရောက်သမျှလူတို့ သောက်ချိုးသုံးဆောင်နေကြပါလျှင် ထိုရေတွင်း ရေကန်ရှင် ဒါယကာကို ဒါနမမြောက်ဟူ၍ ဆိုထိုက်ပါအံ့လော၊ မဆိုထိုက်သည်သာ၊ ထိုရေတွင်း ထိုရေကန်ရှင်သည် မည်သူကိုမျှ လှူဒါန်းမည်ဟု ရည်သန်သည်မဟုတ်၊ ကြုံကြိုက်သမျှပုဂ္ဂိုလ်တို့ သောက်ချိုးသုံးစွဲရန် ရည်သန်တူးဖော်ထားခြင်းဖြစ်၍ ဒါနမြောက်သကဲ့သို့ပင်တည်း။

သို့ဖြစ်၍ စေတီရုပ်ပွါး တည်ထားသူတို့ကား အလှူ့ဒါယကာ၊ စေတီတော် ရုပ်ပွါးတော်ကြီးများကား လှူဘွယ်ဝတ္ထု၊ ရှိခိုးပူဇော်ဖူးမျှော်သမျှ နတ်လူတို့ကား အလှူခံပုဂ္ဂိုလ်ဟူ၍ ဝေဘန်လျှင် သင့်လျော်နိုင်ပေ၏။

> စေတီတော်ကြီး ရုပ်ပွါးတော်ကြီးများကို လှူဘွယ်ဝတ္ထုဟု ဆိုခြင်း ငှါ ထိုက်တန်ပါမည်လော၊ အပြစ်ပင်ရှိမည် မဟုတ်ပါလော....ဟူ၍ မေးမြန်းလိုကြပေမည်။

ဓမ္မစေတီဖြစ်သော ပိဋကတ်တော်များ ကိန်းစံရာ စာတိုက် ဘီဒိုများကဲ့သို့၊ သာရီရိကဓာတ်တော်တည်းဟူသော ဓာတုစေတီတို့၏ ကိန်းဝပ်ရာဖြစ်၍ လှူဘွယ်ဝတ္ထုဟု ဆိုထိုက်ပါ၏ဟူ၍ ဖြေဆိုရာ၏။

http://www.dhammadownload.com



## ရေစက်ချမှု ဒါန မြောက်,မမြောက်

စေတီရုပ်ပွါး တည်ထားရာ၌ ရေစက်ချမှု မထင်ရှားသောကြောင့် ဒါနဖြစ်သင့် မဖြစ်သင့်ကို စဉ်းစားကြခြင်းဖြစ်သည်။ စင်စစ်သော်ကား ရေစက်ချမှ ဒါနမြောက်သည်ဟူ၍ ကျမ်းဂန်တို့၌ မလာ။ မလာသော်လည်း လှူဒါန်းသည့်အခါ ရေစက်ချခြင်းသည် ရှေးထုံးအစဉ်အလာကြီးတခု ဖြစ်နေ၏။

သံဃာများ ဝါကျွတ်၍(သင်္ကန်းအလှူ မရောက်သေးမီ)ရဟန်းအချင်းချင်း ကျောင်းတိုက်တခုအတွင်းမှာ မသင့်မတင့် နှစ်ပက္ခ ကွဲပြားကြပြီး နောက်မှ ဒါယကာတို့က တပက္ခရှိ ရဟန်းများထံ သင်္ကန်းများကို စုပုံဆက်ကပ်လှူဒါန်းခဲ့ပြီးလျှင် အခြားတပက္ခရှိ ရဟန်းများထံသို့ သွားရောက်၍ ရေစက်သွန်းချပြီးလျှင် "ပက္ခဿ ဒေမ=တဖက်သော သံဃာအား လှူဒါန်းပါ၏"ဟု ဆို၍ လှူဒါန်းအပ်သော သင်္ကန်းကို ဝေဘန်ရန်အတွက်၊ ရေစက်ချခြင်းကို ပမာဏမပြုသော အရပ်ဒေသမှာဖြစ်လျှင် သင်္ကန်းအလှူခံရသော ပက္ခဝင် သံဃာတို့သာ ထိုသင်္ကန်းကို ပိုင်၏၊ ရေစက်မျှကိုသာ ခံရသော သံဃာတို့မှာ ထိုသင်္ကန်းကို မပိုင်ဆိုင်။ ရေစက်ချခြင်းကို ပမာဏပြုသော အရပ်ဖြစ်မူကား ရေစက်ခံရသော သံဃာများကလည်း ရေစက်ခံရသည့်အတွက် ထိုသင်္ကန်းကို ပိုင်ဆိုင်သည်၊ သင်္ကန်းကို အလှူခံရသော သံဃာများကလည်း သင်္ကန်းလက်ရှိဖြစ်သည့်အတွက် ထိုသင်္ကန်းကို ပိုင်ဆိုင်သောကြောင့် နှစ်ပက္ခလုံး အညီအမျှ ခွဲဝေသုံးဆောင်ရမည်။ ဤသို့ သုံးဆောင်ရခြင်းသည် သမုဒ္ဒရာ၏ တဖက်ကမ်းအရပ်၌ ပြုလုပ်လေ့ရှိသော အမှတ်သညာပင် ဖြစ်သည်ဟူ၍ မဟာအဋ္ဌကထာ၌ မိန့်ဆိုကြောင်း ဝိနည်း မဟာဝါ စီဝရက္ခန္ဓကအဋ္ဌကထာ၌ ဖွင့်ပြသည်။

သီဟိုဠ်ကျွန်းမှ နေ၍ သမုဒ္ဒရာ၏ တဖက်ကမ်းအရပ်ဟု ညွှန်းလိုက်သော ဒေသသည် ဇမ္ဗူဒိပ်ကျွန်းပင် ဖြစ်၏။ ထို့ကြောင့် ရေစက်ချခြင်းအလေ့သည် ဇမ္ဗူဒိပ်ကျွန်းသူတို့၏ အလေ့ပင်ဖြစ်သည်ဟု မှတ်ယူအပ်၏။

ဤစကားရပ်၌ ရေစက်ချခြင်းကို ပမာဏပြုသောအရပ် ပမာဏမပြုသော အရပ်ဟု နှစ်မျိုးခွဲခြား ပြထားသည်ကို ထောက်သဖြင့် "ရေစက်ချမှ ဒါန မြောက်သည်"ဟု မဆိုနိုင်ပေ။ အစဉ်အလာ လိုက်နာ၍ ရေစက်ကို ပမာဏ အလေးပြုသောသူတို့မှာသာ ရေစက် အရေးကြီးသည်။ ပမာဏမပြုသောသူတို့ အဖို့မှာကား ရေစက်ချခြင်းသည် အရေးမကြီးကြောင်း ထင်ရှားပေ၏။ သို့ဖြစ်၍ ဒါနမြောက်မှု မမြောက်မှုမှာ ရေစက်ချခြင်းကို အဓိကထည့်သွင်း စဉ်းစားရန် အခွင့်မရှိဟု မှတ်ယူသင့်ပေ၏။

ဓမ္မဒါနအရာမှာလည်း ယခုအခါ တရားတော်ကို သူတပါးတို့အား ဟော ကြားမပေးနိုင်သည့်အတွက် ငွေကြေးအကုန်ခံကာ ပေစာ ဘုတ်အုပ်တို့ကို

http://www.dhammadownload.com



ဝယ်ယူပူဇော်၍ ဓမ္မဒါနပြုလုပ်မည်ဟု စိတ်ညွတ်ပူဇော်ကြခြင်းမှာ ကိုယ်တိုင် ကိုယ်ကြပ် နိဗ္ဗာန်ရောက်ကြောင်းတရားကို ဟောကြားသလောက် ဓမ္မဒါနမစစ်သော်လည်း ဥပမာအားဖြင့် မကျန်းမာသောသူကို ရောဂါပျောက်စေလိုက ဆိုင်ရာဆေးကိုပေးမှ ရောဂါပျောက်ငြိမ်းစေသူ စင်စစ်ဖြစ်နိုင်သော်လည်း ဆိုင်ရာဆေးကို မပေးနိုင်သည့်အတွက် မှန်ကန်သောဆေးနည်းကို ပေးပြန်ပါက ထိုဆေးနည်းဖြင့် မှန်ကန်သောဆေးကို ဖော်စပ်၍ သုံးစွဲကာ ရောဂါပျောက်စေမည်ဖြစ်သောကြောင့် ဆေးနည်းပေးသူကိုလည်း ရောဂါပျောက်ငြိမ်းစေသူဟူ၍ပင် ခေါ်ရသကဲ့သို့၊ ထို့အတူ ကိုယ်တိုင်က တရားမဟောနိုင်သည့်အတွက် နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို ဖော်ပြသည့် ပေစာဘုတ်အုပ်တို့ကို လှူဒါန်းသောသူသည်လည်း ထိုတရားစာကို ကြည့်ရှုကာ တရားကို ရယူစေနိုင်မည်ဖြစ်သောကြောင့် ဓမ္မဒါနပြုသူဟုပင် ခေါ်ဆိုနိုင်ပေသည်။

ဤနှစ်မျိုးကို အာမိသပူဇာ, ဓမ္မပူဇာဟူ၍လည်း ခေါ်အပ်၏။ အမည်မျှသာ ကွဲသည်၊ အဓိပ္ပါယ်မှာ အတူတူပင် ဖြစ်၏။

လောက၌ အများအားဖြင့် အနိမ့်က အမြင့်ကို ပြုလုပ်ရာမှာ (ငယ်သူက ကြီးသူအား ပေးရာမှာ) ပူဇော်သည်ဟူသော စကားကို သုံးလေ့ရှိကြ၏။ ဤအဓိပ္ပါယ်ကို ယူဆပြီးလျှင် ဒါနသည် ပူဇာဒါန, အနုဂ္ဂဟဒါနဟူ၍ နှစ်မျိုးခွဲသင့်ကြောင်း၊ မြတ်သောပုဂ္ဂိုလ် ကြီးသောပုဂ္ဂိုလ်အား ငယ်သူက လှူဒါန်းသည်ကို ပူဇာဒါန=(ပူဇော်သောအားဖြင့် ပေးခြင်း)၊ ကြီးမြတ်သူက ငယ်ရွယ်သူအား လှူဒါန်းသည်ကို အနုဂ္ဂဟဒါန=(ချီးမြှောက်သောအားဖြင့် ပေးခြင်း) ဟူ၍ အဓိပ္ပါယ်ခွဲခြမ်းပြဆိုကြ၏။

ပူဇော်ဟူသောစကားကို အောက်ဗျာဒိတ်ခန်း၌ ပြခဲ့သည့်နည်းအတိုင်း အမြင့်အနိမ့် နှစ်မျိုးလုံးမှာပင် သုံးနိုင်သကဲ့သို့၊ အနုဂ္ဂဟ=ချီးမြှောက်ခြင်းဟူသော စကားကိုလည်း အမြင့်အနိမ့် နှစ်ပါးလုံးမှာပင် သုံးစွဲနိုင်၏။ များသောအားဖြင့် အကြီးအမြတ်က အနိမ့်အငယ်အား လှူဒါန်းပေးကမ်းသည်ကို ချီးမြှောက်သည် အနုဂ္ဂဟပြုသည်ဟူ၍ ခေါ်ဆိုကြ၏။ မြတ်စွာဘုရားသာသနာတော်ကို အာမိသာနုဂ္ဂဟ, ဓမ္မာနုဂ္ဂဟ နှစ်ပါးဖြင့် ချီးမြှောက်သည်ဟူသော စကား၌ကား မြင့်မြတ်သော သာသနာတော်ကိုပင် ချီးမြှောက်ခြင်း အနုဂ္ဂဟဖြင့် သုံးနှုန်းထားပြန်သောကြောင့် ပူဇာဒါန, အနုဂ္ဂဟဒါန နှစ်ပါး ခွဲခြင်းမှာ ကေန္ဒမဟုတ်ပေ၊ လောကဝေါဟာရ အသုံးအနှုန်းများရာသို့ လိုက်၍ ခွဲခြင်းဖြစ်သည်ဟု မှတ်ယူအပ်၏။

တနည်းကား....အဇ္ဈတ္တိကဒါန, ဗာဟိရဒါန ဟူ၍ နှစ်ပါး အပြားရှိ၏၊ ကိုယ်တွင်းဆိုင်ရာ အသက်ခန္ဓာ အင်္ဂါကြီးငယ်တို့ကို လှူဒါန်းခြင်းသည် အဇ္ဈတ္တိက

http://www.dhammadownload.com



ဒါနမည်၏။ အပြင်အပဖြစ်သော ပစ္စည်းဝတ္ထုတို့ကို လှူဒါန်းခြင်းသည် ဗာဟိရဒါနမည်၏။

ယခုအခါမှာပင် ကိုယ်အင်္ဂါအစိတ်အပိုင်းကို ဖြတ်၍ ဘုရားမှာ လှူဒါန်းသည်၊ တကိုယ်လုံးကိုပင် အဝတ်ပတ်၍ ဆီလောင်းကာ မီးရှို့ပူဇော်သည် စသည်ဖြင့် သတင်းစာထဲမျှားမှာ တရံတခါ တွေ့ရှိရ၏။ ထိုသို့ တွေ့ရသောအခါ ကိုယ်အင်္ဂါအစိတ်အပိုင်းကိုဖြစ်စေ တကိုယ်လုံးကိုဖြစ်စေ လှူဒါန်းခြင်း အဇ္ဈတ္တိကဒါနသည် ဘုရားအလောင်းကြီးများ၏ အလုပ်သာ ဖြစ်၏၊ သာမညသူတို့နှင့် မသက်ဆိုင်၊ မသက်ဆိုင်ပဲနှင့် ပြုလုပ်သည့်အတွက် ကုသိုလ်ပင် မဖြစ်သကဲ့သို့ တချို့ပြောဆိုတတ်ကြသည်။

ထိုစကား သင့်မသင့်ကို ဆင်ခြင်သည်ရှိသော်....လောက၌ ဘုရားအလောင်းဟူ၍ တဆောချင်း ဘွားကနဲ ပေါ်ပေါက်လာနိုင်သည်မဟုတ်၊ စွမ်းနိုင်သမျှ တစတစ ပါရမီဖြည့်ကျင့်ကာ နုရာမှ ရင့်၍ ဘုရားလောင်းကြီးများ အဖြစ်သို့ တဆင့်တဆင့် ရောက်ရသည်။ ရှေးပညာရှင်များကလည်း—"တစတစ၊ စွန့်ဝံ့မှလျှင်၊ ဘဝနောက်နှောင်း၊ ဆက်တိုင်းကောင်း၏" ဟူ၍ စပ်ဆိုတော်မူခဲ့ကြသည်။ သို့ဖြစ်၍—ကိုယ်အင်္ဂါအစိတ်အပိုင်းကို ဖြစ်စေ၊ တကိုယ်လုံးကို ဖြစ်စေ လှူသောသူများကို ရုတ်တရက်ရှောင်တခင် အပြစ်မတင်သင့်ပေ။ လှူဒါန်းရာ၌ စိတ်စေတနာ သဒ္ဓါတရား မတွန့်ပဲ ရဲရဲဝံ့ဝံ့ကြီး "ငါ အဇ္ဈတ္တိကဒါနကို ပြုရပေသည်"ဟု မိမိအသက် ဆုံးရှုံးသည်တိုင်အောင် စွန့်နိုင်သူမှန်ပါလျှင် အဇ္ဈတ္တိကဒါနရှင်ဟူ၍ ချီးမွမ်းအပ်သည်သာ ဖြစ်ကြောင်းကို သတိပြုရာ၏။

တနည်းကား....ဝတ္ထုဒါန, အဘယဒါနဟူ၍ နှစ်ပါး အပြားရှိ၏။ ပစ္စည်းဝတ္ထုတို့ကို လှူဒါန်းခြင်းသည် ဝတ္ထုဒါနမည်၏။ အသက်စည်းစိမ် ဘေးမဲ့ပေးခြင်းသည် အဘယဒါနမည်၏။ ဤအဘယဒါနသည်ကား အထူးသဖြင့် မင်းတို့နှင့်သာ သက်ဆိုင်၏။

တနည်းကား....ဝဋ္ဋနိဿိတဒါန, ဝိဝဋ္ဋနိဿိတဒါန ဟူ၍ နှစ်ပါး အပြားရှိ၏။ ဝဋ်ဆင်းရဲဖြစ်သော လောကီစည်းစိမ်ချမ်းသာကိုသာ တောင့်တ၍ လှူအပ်သော အလှူသည် ဝဋ္ဋနိဿိတဒါနမည်၏။ ဝဋ်ဆင်းရဲကင်းရာ နိဗ္ဗာန်ကို တောင့်တ၍ လှူအပ်သော အလှူသည် ဝိဝဋ္ဋနိဿိတဒါန မည်၏။

http://www.dhammadownload.com



**တနည်းကား....**သာဝဇ္ဇဒါန, အနဝဇ္ဇဒါနဟူ၍ နှစ်ပါး အပြားရှိ၏။ သားငါး စသော သတ္တဝါများကို သတ်ဖြတ်၍ ကျွေးမွေးလှူဒါန်းအပ်သော ဒါနမျိုး သည် (အပြစ်နှင့်တကွဖြစ်သောကြောင့်) သာဝဇ္ဇဒါနမည်၏။ သားငါးစသော သတ္တဝါများကို သတ်ဖြတ်မှုမှ ကင်းရှင်းသော ဒါနမျိုးသည် (အပြစ်မရှိသော ကြောင့်) အနဝဇ္ဇဒါနမည်၏။ အကုသိုလ်ရဲလျက်ရှိသောဒါန်, အကုသိုလ်မရဲသော ဒါနဟု ဆိုလိုသည်။

ယခုလောကမှာ အချို့သောသူတို့သည် တံငါအလုပ်ဖြင့် ဥစ္စာကြွယ်ဝ ချမ်းသာပြီးနောက် "ငါသည် မကောင်းမှုကို မပြုပဲ တံငါအလုပ်ကို စွန့်ပြီးလျှင် စင်ကြယ်သော အလုပ်ဖြင့်သာ လုပ်ကိုင် အသက်မွေးတော့ အံ့"ဟု နေထိုင်လျှင် စည်းစိမ်ဥစ္စာ ဆုတ်ယုတ်သွားတတ်၏၊ တဖန် တံငါအလုပ်ကို ပြန်၍ လုပ်ကိုင်သောအခါ ချမ်းသာလာပြန်၏၊ ဤသို့ ဖြစ်ရခြင်းမှာ ရှေးဘဝက ပြုခဲ့သော သာဝဇ္ဇဒါနကံ အကျိုးပေးသည့် အတွက် ဖြစ်သည်။ ကံပြုစဉ်ကပင် ပါဏာတိပါတကံနှင့် တွဲဖက်၍ ပြုခဲ့ သောကြောင့် အကျိုးပေးရာမှာလည်း ပါဏာတိပါတကံနှင့် တွဲဖက်ရမှ အကျိုးပေးသန်သည်၊ မတွဲဖက်ရလျှင် ထိုကံ အကျိုးမပေးနိုင်၍ ဆင်းရဲ သွားပြန်သည်ကို သိရှိအပ်၏။

**တနည်းကား....**သာဟတ္ထိကဒါန, အာဏတ္တိကဒါန ဟူ၍ နှစ်ပါး အပြားရှိ၏။ ကိုယ်တိုင်ကိုယ်ကြပ် မိမိလက်ဖြင့် ကိုင်တွယ် လှူဒါန်းအပ်သော ဒါနသည် သာဟတ္ထိကဒါနမည်၏။ သူတပါးကို စေခိုင်း (ကိုယ်စားလည်ထား)၍ လှူဒါန်း အပ်သော ဒါနသည် အာဏတ္တိကဒါနမည်၏။

(အာဏတ္တိကဒါနထက် သာဟတ္ထိကဒါနက အကျိုးပေးထက်သန် ကြောင်းကို ဒီဃနိကာယ် မဟာဝဂ္ဂ ပါယာသိသုတ် မြန်မာပြန်ကို ကြည့်ရှုရာ၏။)

**တနည်းကား....**သက္ကစ္စဒါန, အသက္ကစ္စဒါနဟူ၍ နှစ်ပါး အပြားရှိ၏။ လှူဘွယ် ဝတ္ထုကို ကောင်းမွန်စွာ ပြုပြင်၍ လှူဒါန်းအပ်သောဒါနသည် သက္ကစ္စဒါနမည်၏။ လှူဘွယ်ဝတ္ထုကို ကောင်းမွန်စွာ မပြုပြင်ပဲ လှူဒါန်းအပ်သော ဒါနသည် အသက္ကစ္စဒါနမည်၏။

ပန်းပင်မှ ပန်းများကို ခူးလာပြီးလျှင် မလှ-လှအောင်၊ မတင့်တယ်- တင့်တယ်အောင် အကုံး အခိုင် စသည်ဖြင့် ကောင်းစွာ ပြုလုပ်ပြီးမှ လှူဒါန်းခြင်းသည် သက္ကစ္စဒါန၊ ဤသို့ မပြုပြင်ပဲ ပန်းပင်မှ ခူးခဲ့ရင်း အတိုင်းသာ (ဘုရားအား အလှူမြောက်လျှင်ပြီးရော သဘောမျိုးဖြင့်) လှူဒါန်းခြင်းသည် အသက္ကစ္စဒါနဟု ဆိုလိုသည်။

http://www.dhammadownload.com



ရှေးဆရာတို့က "အရိုအသေပြု၍ လှူဒါန်းခြင်းသည် သက္ကစ္စဒါန၊ အရိုအသေမပြုမူ၍ လှူဒါန်းခြင်းသည် အသက္ကစ္စဒါန"ဟု မြန်မာပြန်ဆိုချက်မှာလည်း ၊အရိုအသေပြု ဟူသောစကားအရ လှူဘွယ်ဝတ္ထုကို ကောင်းမွန်စွာ ပြုပြင်စီမံမှုကို ဆိုလိုခြင်းဖြစ်၏၊ ရှေးဆရာတို့၏ "အရိုအသေပြု အရိုအသေမပြု" ဟူသော စကားကို အလှူခံပုဂ္ဂိုလ်အား ရိုသေမှု မရိုသေမှုကို ဆိုလိုသည်ဟု ထင်မှတ်နေတတ်ကြသည်။

**တနည်းကား**....ဉာဏသမ္ပယုတ္တဒါန, ဉာဏဝိပ္ပယုတ္တဒါနဟူ၍ နှစ်ပါး အပြားရှိ၏။ လှူဒါန်းရာမှာ ကံ-ကံ၏အကျိုး စသည်တို့ကို သိမြင်၍ လှူဒါန်းခြင်းသည် (ဉာဏ်နှင့်ယှဉ်သည့်အတွက်) ဉာဏသမ္ပယုတ္တဒါနမည်၏။ ကံ-ကံ၏အကျိုး စသည်တို့ကို မသိမမြင်ပဲ သူတပါးတို့၏ အတုအပမျှသာ လှူဒါန်းခြင်းသည် (ဉာဏ်နှင့်မယှဉ်သောကြောင့်) ဉာဏဝိပ္ပယုတ္တဒါနမည်၏။

ဤအရာ၌၊ ။ကံ-ကံ၏အကျိုး စသည်တို့ကို သိမြင်နားလည်သော ဉာဏ်နှင့်ယှဉ်ခြင်းပင် ဉာဏသမ္ပယုတ် ကုသိုလ်ဒါနဖြစ်ဘို့ရန် အကြောင်း လုံလောက်ပေပြီ။ ။လှူဒါန်းသောအခါ မြင့်မြတ်သော ဝိပဿနာ ဉာဏ်နှင့်ယှဉ်ရမည်၊ယှဉ်ပုံကား....လှူဒါန်းသောဒါယကာ ငါသည်လည်း အနိစ္စ၊ မမြဲသောတရားပင်ဖြစ်သည်။ လှူဘွယ်ဝတ္ထုပစ္စည်းသည်လည်း မမြဲသော အနိစ္စပင်ဖြစ်သည်။ အလှူခံ ပုဂ္ဂိုလ်သည်လည်း မမြဲသော အနိစ္စပင်ဖြစ်သည်၊ အနိစ္စဖြစ်သော ငါသည် အနိစ္စဖြစ်သော ပစ္စည်းကို အနိစ္စဖြစ်သော အလှူခံအား လှူဒါန်းနေခြင်းမျှသာ ဖြစ်သည်ဟု နှလုံးသွင်းကာ လှူဒါန်းရမည်ဟူ၍ ညွှန်ကြား ပြောဆိုကြသည်ကား မြတ်သော ဝိပဿနာဉာဏ် ဖြစ်စေလိုသည့်အတွက်သာ ပြောဆိုခြင်း ဖြစ်သည်။ ပြောသည့်အတိုင်းမဟုတ်လျှင် ဉာဏသမ္ပယုတ်ဒါန မဖြစ်ဟူ၍ကား မမှတ်အပ်။

ဝိပဿနာအစစ်ကို ပွါးလိုသောသူသည် ရှေးဦးစွာ ငါ သူတပါး ယောကျ်ား မိန်းမ စသော ပုဂ္ဂိုလ်စွဲ အတ္တစွဲကို ပယ်ဖျောက်ပြီးလျှင် ရုပ်နာမ်အစုမျှသာဖြစ်သည်ကို ထင်မြင်ပြီးမှ ထိုရုပ်နာမ်တို့သည် အနိစ္စ ဒုက္ခ အနတ္တ ဖြစ်သည်ဟု ရှုရသည်။ ငါ အနိစ္စ၊ အလှူပစ္စည်း အနိစ္စ၊ အလှူခံ အနိစ္စဟူ၍ နာမ်ရုပ်သို့ မထိခိုက်ပဲ ပညတ်တွင်ရွေ့သာ လက္ခဏာ ယာဉ် တင်၍ ထင်နိုင် ရနိုင်မည် မဟုတ်ပေ။

**တနည်းကား**....သသင်္ခါရိကဒါန, အသင်္ခါရိကဒါနဟူ၍ နှစ်ပါး အပြားရှိ၏။ တိုက်တွန်းခြင်းရှိ၍ ပြုအပ်သောဒါနသည် သသင်္ခါရိကဒါနမည်၏။ တိုက်တွန်းခြင်းမရှိပဲ ပြုအပ်သောဒါနသည် အသင်္ခါရိကဒါနမည်၏။

http://www.dhammadownload.com



ဤအရာ၌၊ ၊တိုက်တွန်းခြင်းဟူသည် မပြုလိုပဲ တွန့်တိုနေသည်ကို တိုက်တွန်းရမှ သသင်္ခါရိကဟု ခေါ် ဆိုရ၏။ ထင်ရှားစွာ ဖော်ပြရလျှင် လှူဒါန်းမည်ဟူ၍ရင်း မလှူဒါန်းလိုဟူ၍ရင်း မစဉ်းစားပဲ ပကတိ နေသူကို "အလှူပါဝင်ပါ"ဟု တဦးတယောက်က ပြောဆိုသဖြင့် ပါဝင် လှူဒါန်းလိုက်သောသူမှာ သသင်္ခါရိကဒါနဖြစ်သည်ဟု မဆိုရ၊ အလှူ ပါဝင်ပါဟု တိုက်တွန်းတောင်းပန်သည့်အခါ မလှူလိုဟု တွန့်တိုငြင်းပယ် ပြီးမှ "မတွန့်တိုပါနှင့် လှူဒါန်းပါ"ဟု နောက်ထပ် တိုက်တွန်းသဖြင့် အလှူဝင်လိုက်သောသူ၏ ဒါနကိုသာ သသင်္ခါရိကဒါနဟု ခေါ် ရပေ၏။ သူတပါး ပြောလာသည်မဟုတ်ပဲ မိမိဘာသာ ရှေးဦးစွာလှူဒါန်းမည်ဟု ကြံစည်ပြီးမှ စိတ်တွန့်တိုသွားပြီးလျှင် နောက်မှ မိမိကိုယ်ကို အမျိုးမျိုး မိမိဘာသာ တရားချ၍ စိတ်ကိုတင်းကာ လှူဒါန်းပြန်ခြင်းသည် သသင်္ခါရိကဒါနပင်ဖြစ်သည် (မိမိစိတ်ကို မိမိတိုက်တွန်းရသည်ဟု ဆိုလို သည်)။ စိတ်နေစိတ်ထား တွန့်တိုခြင်းမရှိသူမှာ သူတပါးလာ၍ ပြောဆို ခြင်းမျှကို အစွဲပြုကာ သသင်္ခါရိကဒါနဟု မဆိုရ၊ တိုက်တွန်းခြင်း မရှိ သော အသင်္ခါရိကဒါနဟူ၍သာ မှတ်ယူရာ၏။

**တနည်းကား....**သောမနဿဒါန, ဥပေက္ခာဒါနဟူ၍ နှစ်ပါးအပြား ရှိ၏။ စိတ်နေရွှင်လန်း ချမ်းသာစွာ လှူဒါန်းအပ်သော ဒါနသည် သောမနဿဒါန မည်၏။ ဝမ်းလည်းမသာ ဝမ်းလည်းမနည်း အလယ်အလတ် ခံစားခြင်းသဘော ရှိ၍ လှူအပ်သောဒါနသည် ဥပေက္ခာဒါနမည်၏။ (လှူဒါန်းသောအခါ သောမနဿဝေဒနာနှင့်ယှဉ်လျှင် သောမနဿဒါန၊ ဥပေက္ခာဝေဒနာနှင့်ယှဉ်လျှင် ဥပေက္ခာဒါနဟု ဆိုလိုသည်။)

**တနည်းကား....**ဓမ္မိယဒါန, အဓမ္မိယဒါန ဟူ၍ နှစ်ပါး အပြားရှိ၏။ တရား သဖြင့် ရှာဖွေရရှိသော ပစ္စည်းဝတ္ထုကို လှူဒါန်းခြင်းသည် ဓမ္မိယဒါနမည်၏။ တိုက်ခိုက်ခိုးဝှက် မတရားသဘောဖက်၍ ရှာဖွေရရှိသော ပစ္စည်းဝတ္ထုကို လှူဒါန်းခြင်းသည် အဓမ္မိယဒါနမည်၏။

ပစ္စည်းကို ရှာဖွေရာမှာ မတရားသဖြင့် ရှာဖွေရရှိသည့်အတွက် အဓမ္မိယဖြစ်သော်လည်း ထိုပစ္စည်းကို သူတပါးအား စွန့်လှူခြင်းမှာမူ ကုသိုလ်ပင် ဖြစ်ပြန်၏၊ (ပစ္စည်းက မစင်ကြယ်သည့် အတွက် ကုသိုလ် မဖြစ်ဟူ၍ မဆိုနိုင်၊) ဓမ္မိယဒါနလောက် အကျိုးမကြီးရုံသာ ရှိ၏၊ အောင်မြောက်သော မျိုးစေ့နှင့် မအောင်မြောက်သော မျိုးစေ့တို့မှ ပေါက်လာသော အညွန့်အညှောက်ဥပမာဖြင့်လည်း ထိုအနက်ကို သိနိုင် ပေ၏။

http://www.dhammadownload.com



တနည်း။ ၁း....ဒါယဒါန, ဘုဇိဿဒါနဟူ၍ နှစ်ပါးအပြားရှိ၏။ လောကီ စည်းစိမ်ချမ်းသာစုကို တောင့်တ၍ လှူဒါန်းအပ်သော ဒါနသည် ဒါသဒါနမည်၏ (တဏှာသခင် အရှင်အကြိုက် အလိုလိုက်၍ တဏှာ၏ကျွန်အဖြစ်ဖြင့် လှူဒါန်းခြင်းဟူလို)။ လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်သန်တောင့်တ၍ လှူဒါန်းအပ်သော ဒါနသည် ဘုဇိဿဒါနမည်၏(တဏှာသခင် အရှင်ကို ပုန်ကန်၍ တော်လှန်ရေး ဒါနဟူလို။)

ဤ၌၊ သတ္တဝါတို့သည် အစမထင် သံသရာကပင် ကောင်းသော အဆင်း အသံ အနံ့ အရသာ အတွေ့အထိတို့ကို တပ်မက်ကြ၏။ ထိုသို့ ကောင်းမြတ်သည်ဆိုသော လောကီစည်းစိမ်စုကို တပ်မက်ခြင်းသည် တဏှာတရားပင်ဖြစ်၏။ ထိုတဏှာ၏ အလိုကို အချိန်ရှိသမျှ ဖြည့်စွမ်း နေကြရ၏၊ တဏှာအကြိုက် အလိုလိုက်ကာ တဏှာ၏ ကျွန်ခံနေကြရ၏၊ သတ္တဝါတို့၏ နေ့နေ့ညည အချိန်ဆက်ကာ စည်းစိမ်ဥစ္စာ ရှာဖွေမှုကို ပြုလုပ်ကြံစည်နေကြရခြင်းသည် ကောင်းကောင်း စားလိုမှု ကောင်းကောင်းဝတ်လိုမှု ကောင်းကောင်းနေလိုမှုစသော အကောင်း ကြိုက်တဏှာ၏ အလိုကို ဖြည့်စွမ်းနေကြရခြင်းပင် ဖြစ်၏။ ယခုဘဝ တွင် တဏှာ၏အလိုကို ဖြည့်စွမ်းရရုံနှင့် (တဏှာ၏ကျွန်ခံရရုံနှင့်)မကျေ နပ် အားမရသေးပဲ နောက်ဘဝ အဆက်ဆက်တို့မှာ အကောင်းကြိုက် တဏှာ အရှင်သခင်၏ အလိုတော်ကျ ခံစံနိုင်တို့ရန် စည်းစိမ်ဥစ္စာတို့ကို ရပါလိုသောဝ်ဟု ဆုတောင်း၍ ပြုလိုက်သော ဒါနသည် ဒါသဒါနစင်စစ် ဖြစ်ကြောင်း ထင်ရှားလှပေ၏။

ဤသို့ အစမထင် သံသရာတခွင်က တဏှာ၏ကျေးကျွန် ခံလာရခြင်း တဏှာ၏ အလိုအကြိုက် လိုက်နေရခြင်းတို့ကို မြတ်စွာဘုရား၏ တရား တော်နှင့် မတွေ့ကြုံရသေးမီ အကောင်းကြီးထင်မှတ်ကာ တဏှာ နောက်သို့ ပါနေရသော်လည်း မြတ်စွာဘုရား၏ တရားတော်နှင့် တွေ့ ကြုံရသောအခါ တဏှာ၏ အလိုကြီးမားပုံ မည်သည့်အခါမှ ထိုတဏှာ အလိုမပြည့်နိုင်ပုံ တဏှာအကြိုက် လိုက်နေရသလောက် ဆင်းရဲဒုက္ခ ရောက်ရပုံတို့ကို သိမြင်ကာ "ဤမျှလောက် ဆိုးဝါးလှသော တဏှာ အကြိုက်သို့ ယခုအခါ ငါမလိုက်တော့ပြီ၊ ခုခံမည် ပုန်ကန်မည် ခြားနား မည်" ဤကဲ့သို့ ကြံစည်၍ ထိုတဏှာကို အမြစ်ပြတ် ပယ်ဖြတ်နိုင်ရန် မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်သန်တောင့်တ၍ လှူဒါန်းအပ်သော ဒါနသည် ဘုဇိဿဒါန=(တော်လှန်ရေးဒါန) မည်၏။

http://www.dhammadownload.com



## "တော်လှန်"ဟူသောစကား

တော်လှန် ဟူသော စကားသည် မြန်မာစကားဟောင်း ဖြစ်သည်။ အရှင်သခင်ကို (တော်) ဟု ခေါ်ဆိုသုံးစွဲသည်။ ထိုအရှင်သခင်ကို ပြန်လှန်ခြင်းကိုပင် တော်လှန်ခြင်းဟု ဆိုသည်။ လောက၌ အစိုးရသူ အရှင်တို့၏အမိန့်ကို မနာခံပဲ ခုခံပြန်လှန်နေသူများကို တော်လှန်သူများ ဟု ခေါ်လျက်ရှိသည်။

ရှေးအခါက သုံးစွဲခဲ့သည့် အရှင်သခင်ဟူသောအနက်ကို ဖော်ပြသည့် (တော်)ဟူသော စကား၏အစား နောက်ကာလ ရောက်သောအခါ (အရှင်)ဟု သုံးစွဲခေါ်ဆိုလာကြသည်။ မိန်းမများ စကားပြောရာမှာ လည်း ယောကျ်ားများကို ရှိသေသောအားဖြင့် ရှေးအခါက (တော်) ဟူ၍ စကားတုံ့ ပေးကြသည်။ အရှင်သခင်ဟူ၍ ရှိသေစွာပြန်၍ ခေါ် လိုက်သောစကားတုံ့ပင် ဖြစ်၏။ နောက်ကာလ၌ကား အရှင်ဟူ၍ တိုက် ရိုက်သုံးလိုလျက် (အ)ကို ဖျောက်ကာ (ရှင်) ဟူ၍ သုံးစွဲကြသည်။ အဓိပ္ပါယ်အားဖြင့် အရှိအသေ စကားတုံ့ပြန်လိုက်မှုချည်းပင် ဖြစ်၏။

တော်သုံးနှင့်ပတ်သက်၍ သတိပြုမှတ်ဖွယ်ကို ဆက်လက်ဖော်ပြပေဦး အံ့....၊အရှင်ရှိသောအရာကိုသာ (တော်) တပ်၍ သုံးစွဲရိုး ဖြစ်သည်။ အရှင်မရှိသောအရာတို့ကိုကား (တော်) တပ်၍ မသုံးစွဲပေ။ (ဥပမာ) ရတနာသုံးပါး ရှိသည့်အနက် တရားကို တရားတော်၊သံဃာကို သံဃာ တော်ဟူ၍ သုံးစွဲသော်လည်း ဘုရားကိုကား ဘုရားတော်ဟူ၍ မသုံး စွဲကြ။ လောကကြောင်းဖက်၌လည်း ခမည်းတော် မယ်တော် သား တော် သမီးတော် ဆွေတော် မျိုးတော် စသည်ဖြင့် ဘုရင်နှင့်ဆက်သွယ် သမျှ ဆွေမျိုးများကို (တော်)တပ်၍ သုံးသော်လည်း ဘုရင်နှင့်မိဖုရား ကိုကား ဘုရင်တော် မိဖုရားတော်ဟု (တော်) တပ်၍ မသုံးစွဲကြ။ အကြောင်းကို ရှာသော်....တရား သံဃာတို့မှာ ဘုရားဟည်း ဟူသော အရှင်ရှိသဖြင့် တရားတော် (ဗုဒ္ဓအရှင်၏ တရား)၊ သံဃာတော် (ဗုဒ္ဓ အရှင်၏ တပည့်သံဃာ) ဟူ၍ အရှင်ရှိသော အရာမှာသာ ထိုအရှင် ဟူသော အနက်ကို ဖော်ပြသည့်(တော်)ဟူသော စကားကို သုံးစွဲသည်။ ဘုရားအပေါ်မှာကား မည်သူကမျှ အရှင်သခင်မဖြစ်တော့သောကြောင့် တော်တပ်ကာ ဘုရားတော်ဟူ၍ မသုံးစွဲကြပေ။ လောကကြောင်းဖက်၌ လည်း အရှင်သခင်ဖြစ်သော ဘုရင်မိဖုရားတို့နှင့်စပ်၍ အမိအဖ သား သမီး ဆွေမျိုးတို့ကို မယ်တော် ခမည်းတော် သားတော် သမီးတော် ဆွေတော် မျိုးတော်ဟူ၍ သုံးစွဲသည်၊ အရှင်ဖြစ်သော မင်းမိဖုရား

http://www.dhammadownload.com



တို့၏ မယ်တော်စသည်ဟု ဆိုလိုရင်းဖြစ်သည်။ ဘုရင်နှင့် မိဖုရားတို့ အပေါ်ကအုပ်စိုးသည့် အရှင်မရှိတော့သောကြောင့် ဘုရင်တော် မိဖုရားတော်ဟူ၍ (တော်)တပ်ကာ မသုံးကြသည်ကိုလည်း မှတ်သားရာ၏။

**တနည်းကား**....ထာဝရဒါန, အထာဝရဒါနဟူ၍ နှစ်ပါးအပြားရှိ၏။ နေရာတည်မြဲနေမည့် ဘုရားတန်ဆောင်း ကျောင်းစရပ် ရေတွင်း ရေကန် စသည်တို့ကို လှူဒါန်းခြင်းသည် ထာဝရဒါနမည်၏။ ခဏခေတ္တမျှသာ သုံးဆောင်ရသော ဆွမ်းသင်္ကန်း စသည့် ပစ္စည်းကို လှူဒါန်းခြင်းသည် အထာဝရဒါနမည်၏။

**တနည်းကား**....သပရိဝါရဒါန, အပရိဝါရဒါနဟူ၍ နှစ်ပါး အပြားရှိ၏။ အဓိကအားဖြင့် သင်္ကန်းကိုလှူလိုရာမှာ သင်္ကန်းတွင်သာမက အခြားလှူဘွယ်ဝတ္ထုများနှင့် ဖွယ်ဖွယ်ရာရာ စီစဉ်ခြံရံ၍ လှူဒါန်းခြင်းသည် အခြံအရံနှင့်တကွ လှူဒါန်းခြင်းဖြစ်သောကြောင့် သပရိဝါရဒါနမည်၏။ (ဤသပရိဝါရဒါနကြောင့် အလောင်းတော်ကြီးများမှာ စက်လက္ခဏာပါရှိခြင်း အကျိုးရ၍ အခြံအရံများခြင်း အကျိုးဆက်ကို ရရှိတော်မူကြသည်။) အခြံအရံမပါပဲ သင်္ကန်းချည်းသက်သက် လှူခဲ့ပါလျှင် အပရိဝါရဒါနမည်၏။ တပါးသောပစ္စည်းတို့ကို လှူရာ၌လည်း ဤနည်းအတိုင်းပင် သိရာ၏။

**တနည်းကား**....နိဗဒ္ဓဒါန, အနိဗဒ္ဓဒါနဟူ၍ နှစ်ပါး အပြားရှိ၏။ နေ့စဉ်မပြတ် ဆွမ်းလောင်းခြင်း စသည်ဖြင့် အမြဲပြုလုပ်အပ်သောဒါနသည် နိဗဒ္ဓဒါနမည်၏။ နေ့စဉ်မဟုတ်ပဲ တတ်နိုင်သည့်အခါ ပြုလုပ်အပ်သော ဒါနသည် အနိဗဒ္ဓဒါနမည်၏။

**တနည်းကား**....ပရာမဋ္ဌဒါန, အပရာမဋ္ဌဒါန ဟူ၍ နှစ်ပါး အပြားရှိ၏။ တဏှာဒိဋ္ဌိတို့ဖြင့် သုံးသပ်အပ်သောဒါနသည် ပရာမဋ္ဌဒါနမည်၏။ တဏှာဒိဋ္ဌိတို့ဖြင့် မသုံးသပ်အပ်သော ဒါနသည် အပရာမဋ္ဌဒါနမည်၏။

ဤအရာ၌၊ ။အဘိဓမ္မာ သဘောအရ အမှားသုံးသပ်ခြင်းသည် ဒိဋ္ဌိနှင့်သာ သက်ဆိုင်သော်လည်း ထိုဒိဋ္ဌိသည် တဏှာနှင့်တွဲ၍ဖြစ်ရသောကြောင့် ဒိဋ္ဌိဖြင့် အမှားမှား သုံးသပ်ရာမှာ တဏှာလည်း ပါဝင်နေသည့်အတွက်"တဏှာဒိဋ္ဌိတို့ဖြင့် သုံးသပ်အပ်သော"ဟူ၍ ဆိုသည်။ အမှားမှား သုံးသပ်ပုံကား....

တစုံတခုသောဒါနကို ပြုလုပ်ပြီးလျှင် "ဤကောင်းမှုကြောင့် မင်္ဂဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရပါလို၏" ဟု ကုသိုလ်ဆန္ဒ ပတ္တနာဖြင့် တောင့်တလျှင် ထိုဒါနသည် ဝိဝဋ္ဋနိဿိတဒါနဖြစ်၍၊ မဂ်ဖိုလ်နိဗ္ဗာန်၏ ဥပနိဿ

http://www.dhammadownload.com



ယည်း အားကြီးသော အကြောင်းဖြစ်နိုင်ပါလျက် ထိုကဲ့သို့ ဝိဝဋ္ဋ ဖြစ်သည့် မဂ်ဖိုလ်နိဗ္ဗာန်ကို မတောင့်တပဲ "ဤကောင်းမှုကြောင့် ငါသည် သိကြားမင်းအစရှိသည့် ထင်ရှားသောနတ်(သို့မဟုတ် သာမည အားဖြင့် နတ်)ဖြစ်ရပါလို၏၊ ထိုနတ်ပြည်၌ မြဲမြံခိုင်ခံ့သော နတ်စည်းစိမ် ဖြစ်ရပါလို၏" အစရှိသည်ဖြင့် တဏှာဒိဋ္ဌိဦးစီးလျက် တောင့်တလျှင် ထိုဒါနသည် မဂ်ဖိုလ်၏ ဥပနိဿယည်း ပစ္စည်းအထောက်ပံ့ မဖြစ်နိုင် သောကြောင့် ပရာမဋ္ဌဒါနမည်၏။ တဏှာဒိဋ္ဌိတို့က မဂ်ဖိုလ်၏ ဥပနိဿ ယည်း အားကြီးသောအကြောင်းအဖြစ်မှ ဆုံးရှုံးခြင်းသို့ရောက်အောင် ပို့ဆောင်အပ်သောဒါနဟု ဆိုလိုသည်။

တဏှာဒိဋ္ဌိတို့ဖြင့် အသုံးသပ်မခံရပဲ ဝိဝဋ္ဋသက်သက်ကိုသာ ရည်သန် တောင့်တ၍ လှူဒါန်းအပ်သော ဒါနမျိုးသည် အပရာမဋ္ဌ ဒါနမည်၏။ ဒါနတရားသည် သာသနာပြင်ပ အခါမှာလည်း များစွာဖြစ်ထွန်းနိုင်၏။ သို့ရာတွင် ပရာမဋ္ဌဒါနတွေသာ သာသနာပြင်ပ၌ ဖြစ်ထွန်းနိုင်သည်၊ အပရာမဋ္ဌဒါနမူကား သာသနာတော်အတွင်း၌သာ ဖြစ်ထွန်းနိုင်ခွင့်ရှိ သောကြောင့် ယခုသာသနာတော်အတွင်း ကြုံကြိုက်ကုန်သော သူတို့ သည် အပရာမဋ္ဌဒါန ဖြစ်နိုင်ရန် အထူးကြိုးစားသင့်ကြပေသည်။

**တနည်းကား....ဥဇ္ဇုဘူတဒါန, အနုဇ္ဇုဘူတဒါနဟူ၍** နှစ်ပါးအပြားရှိ၏။ အကြွင်း အကျန် အညံ့အဖျင်းဖြစ်သော ပစ္စည်းကို လှူဒါန်းခြင်းသည် ဥဇ္ဇုဘူတဒါနမည်၏။ အကြွင်းအကျန် အညံ့အဖျင်း မဟုတ်သော ပစ္စည်းကို လှူဒါန်းခြင်းသည် အနုဇ္ဇုဘူတဒါနမည်၏။

ဤအရာ၌၊ ။စားဖွယ်သောက်ဖွယ်တို့ကို စားသောက်မည်ပြင်ဆဲတွင် အလှူခံရောက်လာ၍ မိမိမစားသောက်မီ ဦးဦးဖျားဖျား လှူလိုက်ခြင်း ကို အဂ္ဂဒါနဟူ၍လည်း ခေါ်နိုင်၏။ အကြွင်းအကျန် အညံ့အဖျင်း မဟုတ်သည့်အတွက် အနုဇ္ဇုဘူတဒါနလည်း ခေါ်နိုင်၏။ မိမိ ဦးဦးဖျားဖျား စားသောက်ပြီးနောက် စားသောက်၍မပြီးမီ အလှူခံပုဂ္ဂိုလ် ကြွရောက် လာ၍ စားသောက်ဆဲဖြစ်သော စားဖွယ် သောက်ဖွယ်တို့ကို လှူပြန် လျှင်လည်း အနုဇ္ဇုဘူတဒါနပင် ဖြစ်သည်။ မြင့်မြတ်သောဒါနဟု ဆိုနိုင် ပေ၏။ မိမိစားသောက်ပြီး နောက်မှ လှူဒါန်းလျှင်ကား ဥဇ္ဇုဘူတဒါန ဖြစ်သည်။ အညံ့အဖျင်းဆိုရာမှာလည်း မိမိမှာ အကောင်းအမြတ်မရှိ သည့်အတွက် ရှိသမျှ အညံ့အဖျင်းကိုသာ လှူဒါန်းရခြင်းသည် အနုဇ္ဇုဘူတ ဒါနပင် မည်သင့်လေသည်။ အကောင်းအမြတ် ပစ္စည်းရှိပါလျက် အကောင်းအမြတ်ကို မလှူပဲ အညံ့အဖျင်းကို လှူမှသာ ဥဇ္ဇုဘူတဒါန ဖြစ်သည်ဟူ၍ မှတ်အပ်၏။

http://www.dhammadownload.com



**တနည်းကား**....သဇီဝဒါန, အစ္စယဒါနဟူ၍ နှစ်ပါးအပြားရှိ၏။ မိမိအသက်ထင်ရှားရှိစဉ် လှူဒါန်းအပ်သော ဒါနသည် သဇီဝဒါနမည်၏။ "ငါသေပြီးနောက် ဤငါ့ပစ္စည်းစုကို မည်သူအား ငါပေးခဲ့သည်၊ ထိုသူယူ၍ အလိုရှိတိုင်း သုံးဆောင်လော့"ဟု သေသည့်နောက်အခါကို ရည်မှန်း၍ ပေးကမ်းခြင်းသည် အစ္စယဒါနမည်၏။

ရဟန်းတော်များမှာ ဤအစ္စယဒါနမျိုးကို အသုံးမပြုနိုင်ပေ၊ ပေးသော ရဟန်းက ပေးလျှင်လည်း အပေးမမြောက်၊ အပေးခံရသော ပုဂ္ဂိုလ်မှာလည်း ထိုပစ္စည်းစုကို မပိုင်ဆိုင်။ ရဟန်းတပါး ပိုင်ဆိုင်သော ပစ္စည်းကို ထိုရဟန်း အသက်ထင်ရှားရှိစဉ် အခြားတဦးဦးအား ပေးလျှင် အပေးခံရသူ ရ၏။ (သို့မဟုတ်)ထိုပစ္စည်းရှင်ရဟန်း အသက်ရှင်စဉ်ပင် အခြားတဦးဦးက ဝိဿာသဂါဟ=(အကျွမ်းဝင်ခင်မင်၍ယူခြင်းမျိုး)ဖြင့် ယူလျှင်လည်း ထိုသို့ ယူသူ ရနိုင်၏၊ (သို့မဟုတ်) ထိုပစ္စည်းရှင်ရဟန်း အသက်ရှင်စဉ် အခြားတဦးဦးနှင့်ဒွိသန္တက=(နှစ်ဦးဆိုင်ပစ္စည်း) ပြုလုပ်လျှင်လည်း မဖည်းရှင်ရဟန်း သေလျှင် ကျန်ကဦးရ၏။ ထိုသို့ အသက်ရှင်စဉ် အပိုင်ပေးအပ်သည်လည်းမဟုတ် အကျွမ်းဝင်ခင်မင်၍ယူခြင်းမျိုးဖြင့် ယူအပ်သည်လည်းမဟုတ် နှစ်ဦးဆိုင်ပစ္စည်း ပြုလုပ်အပ်သည်လည်း မဟုတ်သော ရဟန်းပိုင်ပစ္စည်းတို့မှာ ထိုရဟန်းသေလျှင် သံဃိက=(သံဃာပိုင်သော)ပစ္စည်း ဖြစ်လေသည်၊ သို့ဖြစ်၍ ပစ္စည်းရှင်ရဟန်းက "ငါသေလျှင် ငါပိုင်သောပစ္စည်းအရပ်ရပ်ကို မည်သူ့အား ပေးပါ၏၊ မည်သူ ယူရစ်လော့"ဟုဆို၍ ပေးခြင်းမျိုးသည် သံဃိကဖြစ်မှ ယူရစ်တော့ဟု ဆိုရာကျသဖြင့် ထိုအစ္စယဒါနမျိုးဖြင့် ပေးသောရဟန်းက ပေးသော်လည်း အပေးမမြောက်၊ အပေးခံရသော ပုဂ္ဂိုလ်မှာလည်း ပိုင်ဆိုင်ခွင့်မရှိ၊ လူတို့မှာသာ ဤသို့သော အစ္စယဒါနမျိုး အသုံးဝင်တရားဝင် အတည်ဖြစ်နိုင်သည်။

**တနည်းကား**....ပုဂ္ဂလိကဒါန, သံဃိကဒါနဟူ၍ နှစ်ပါး အပြားရှိ၏။ ပုဂ္ဂိုလ်တဦးနှစ်ဦးစသည်အား ပိုင်းခြားသတ်မှတ်၍ လှူဒါန်းခြင်းသည် ပုဂ္ဂလိကဒါနမည်၏။ သံဃာတော်ကို ရည်မှန်း၍ လှူဒါန်းခြင်းသည် သံဃိကဒါနမည်၏။

သံဃာဟူသည် အစုအပေါင်း၏ အမည်ဖြစ်၏၊ (မြတ်စွာဘုရား၏ တပည့်သားတော် အရိယာပုဂ္ဂိုလ်အပေါင်းဟု ဆိုလိုသည်။) သံဃာတော်ဆိုသော စကားထဲ၌ အရိယာပုဂ္ဂိုလ်ဟူသမျှ အားလုံးပါဝင်၏၊ သို့ရာတွင် ပါဝင်သည့်ပုဂ္ဂိုလ်တို့ကို အာရုံမထားပဲ အများအစုအပေါင်းကိုသာ အာရုံထား၍ လှူဒါန်းမှ သံဃိကဒါနမြောက်နိုင်၏။

http://www.dhammadownload.com



ဤပုဂ္ဂလိကဒါန, သံဃိကဒါန နှစ်ပါးနှင့်စပ်၍ ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိတော်လာ ပုဂ္ဂလိကဒါန (၁၄)မျိုး၊ သံဃိကဒါန (၇)မျိုး တို့ကို မှတ်သားသိရှိရာ၏၊ ထို ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပုဂ္ဂလိကဒါန (၁၄)မျိုးတို့ကား....

(၁) မြတ်စွာဘုရားအား လှူဒါန်းခြင်း၊
(၂) ပစ္စေကဗုဒ္ဓါတို့အား လှူဒါန်းခြင်း၊
(၃) ဘုရားတပည့်သား ရဟန္တာပုဂ္ဂိုလ်အား (သို့မဟုတ်) အရဟတ္တဖိုလ်၌တည်သော ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
(၄) အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ရန် ကျင့်ကြံနေသော ပုဂ္ဂိုလ် (သို့မဟုတ်)အရဟတ္တမဂ်၌တည်သော ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
(၅) အနာဂံပုဂ္ဂိုလ်(သို့မဟုတ်)အနာဂါမိဖိုလ်၌ တည်သောပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
(၆) အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ကြံနေသော ပုဂ္ဂိုလ် (သို့မဟုတ်)အနာဂါမိမဂ်၌ တည်သောပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
(၇) သကဒါဂံပုဂ္ဂိုလ်(သို့မဟုတ်)သကဒါဂါမိဖိုလ်၌ တည်သော ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
(၈) သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုနိုင်ရန် ကျင့်ကြံနေသော ပုဂ္ဂိုလ် (သို့မဟုတ်) သကဒါဂါမိမဂ်၌ တည်သောပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
(၉) သောတာပန်ပုဂ္ဂိုလ် (သို့မဟုတ်)သောတာပတ္တိဖိုလ်၌ တည်သော ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
(၁၀) သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ရန် ကျင့်ကြံနေသော ပုဂ္ဂိုလ် (သို့မဟုတ်) သောတာပတ္တိမဂ်၌ တည်သော ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊
(၁၁) သာသနာတော်ပအခါ စျာန်အဘိညာဏ် ရသော ရသေ့ တို့အား လှူဒါန်းခြင်း၊
(၁၂) သီလရှိသော (သီလဝန္တ)လူ ပုထုဇန်တို့အား လှူဒါန်းခြင်း၊
(၁၃) သီလမရှိသော (ဒုဿီလ)လူ ပုထုဇန်တို့အား လှူဒါန်းခြင်း၊
(၁၄) တိရစ္ဆာန်တို့အား လှူဒါန်းခြင်း၊

ဤ(၁၄)ပါးတို့တည်း။

http://www.dhammadownload.com



**ဘုရားမြတ်စွာ၊ ပစ္စေကာဘုန်နှင့်၊ ရိယာချစ်ဂ၊ ဈာန်ရဗာဟီ၊ နှစ်လီပုထုဇန်၊ တိရစ္ဆာန်၊ ၊လှူခံတကျိပ်လေး။**

ထိုပုဂ္ဂလိကဒါန (၁၄) ပါးတို့တွင် တိရစ္ဆာန် သတ္တဝါတို့အား တနပ်စာဝအောင် ကျွေးမွေးလိုက်သော အလှူသည် ဘဝတရာတို့၌ အာယု, ဝဏ္ဏ, သုခ, ဗလ, ပဋိဘာနဟူသော ကောင်းကျိုးငါးပါးတို့ကို ပေးနိုင်၏။ လူ့ဒုဿီလအား တနပ်စာဝအောင်ပေးလှူလျှင် ဘဝတထောင်၊ သရဏဂုံမရှိသော သာသနာပအခါ သိက္ခာပုဒ်ကို ဆောက်တည်ခြင်းမရှိပဲ ပကတိ စိတ်ကောင်းရှိသူ လူသီလဝန္တတို့အား တနပ်စာဝအောင် ပေးလှူလျှင် ဘဝတသိန်း၊ ဈာန်ရရသေ့တို့အား တနပ်စာဝအောင် ပေးလှူလျှင် ဘဝကုဋေတသိန်း၊ သရဏဂုံသီလရှိသော လူ သာမဏေမှ အစ သောတာပတ္တိမဂ်၌ တည်သောပုဂ္ဂိုလ်တို့အား လှူဒါန်းလျှင် ဘဝ အသင်္ချေ၊ ဤမှအထက် မြတ်စွာဘုရားတိုင်အောင် အသင်္ချေချည်း ဆင့်ကာဆင့်ကာ ကောင်းကျိုးငါးပါး ပေးနိုင်ကြောင်း မြတ်စွာဘုရား ဟောကြားတော်မူသည်။ (အောက်ဆုံးအားဖြင့် သရဏဂုံတည်သော သူပင်လျှင် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုနိုင်ရန် ကျင့်ကြံသော ပုဂ္ဂိုလ်မည်ကြောင်း အဋ္ဌကထာ၌ ဖွင့်ပြထားသည်။)

ဤအလှူခံ တကျိပ်လေး၌ ရဟန်းဒုဿီလကို ဟောကြားချက်မရှိသောကြောင့် ရဟန်းဒုဿီလအား မလှူကောင်း၊ ဒုဿီလဒါနအရ သာသနာတော်ပ အတွက်သာ မြတ်စွာဘုရား ဟောကြားတော်မူသောကြောင့် သာသနာတော်အတွင်း သီလမစင်ကြယ်သော ရဟန်းများအား လှူဒါန်းခြင်းသည် အပြစ်သာဖြစ်သည်ဟူ၍ ပြောဆိုမိတတ်ကြ၏။ သတိပြုဖွယ်ကောင်းသည်မှာ ဗုဒ္ဓဘာသာဝင်ဖြစ်က အောက်ဆုံး အပိုင်းအခြားအားဖြင့် သရဏဂုံတည်သူဖြစ်ပေသည်၊ သရဏဂုံတည်သူဖြစ်က သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ကြံသောသူဖြစ်သည်ဟု အဋ္ဌကထာ၌ ဖွင့်ပြလျက် ရှိသည်။ သာသနာတော်ပ ဒုဿီလပုထုဇန်ကိုပင် လှူဒါန်း၍ အကျိုးများစွာ ရရှိနိုင်ပါလျှင် သာသနာတော် အတွင်း ဒုဿီလပုထုဇန် ပုဂ္ဂိုလ်အား လှူဒါန်း၍ အကျိုးရဘို့ရန်မှာ ယုံမှားဖွယ်ပင် မရှိသင့်ပေ။ မိလိန္ဒပဉှာပါဠိတော်၌လည်း လူ ဒုဿီလထက် ရဟန်း ဒုဿီလက ဘုရား၌ ရိုသေမှုရှိခြင်း၊ တရား၌ ရိုသေမှုရှိခြင်း၊ သံဃာ၌ ရိုသေမှုရှိခြင်းစသော ဂုဏ်ကျေးဇူး ဆယ်ပါးတို့ဖြင့် သာလွန်ကြောင်းကို အရှင်နာဂသေနမထေရ် ဟောကြားချက် ရှိပေသည်။ ရဟန်းဒုဿီလမှာ ထိုမိလိန္ဒပဉှာပါဠိတော်လာအတိုင်း လူ ဒုဿီလထက်

http://www.dhammadownload.com



သာလွန်ခြင်း သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ကြံသောသူ စာရင်း၌ ပါဝင်နေခြင်းကြောင့် ဒုဿီလ ရဟန်းအား လှူဒါန်းခြင်းသည် အကျိုးမရ အပြစ်သာ ဖြစ်သည်ဟု မပြောဆိုသင့်ပါပေ။

သာသနာတော်ပအခါ ဒုဿီလများက သာသနာတော်ကို အနှောက်အရှက် မပေးနိုင်ကြ၊ သာသနာတော်တွင်း ဒုဿီလတို့ကမူ သာသနာတော်ကို အနှောက်အရှက်ပေးနိုင်သည်ဖြစ်သောကြောင့် သာသနာတွင်း ဒုဿီလတို့အား မလှူဒါန်းသင့် ဟူ၍ ပြောဆိုတတ်ကြသေး၏။ ဤကဲ့သို့လည်း မပြောဆိုသင့်ပေ။ အကြောင်းကား သံဃိကဒါန(၇)မျိုး ဟောရာ အဆုံးသတ်တွင်—

"အာနန္ဒာ....နောက်အခါ၌ ရဟန်းအမည်ခံရုံမျှသာဖြစ်၍ သင်္ကန်းလည်ပင်းရောက်သော သီလမဲ့ယုတ်မာသောရဟန်းတို့သည် ဖြစ်ပေါ်ကြကုန်လတ္တံ့၊ ထိုဒုဿီလတို့၌ သံဃာကို ရည်မှန်း၍ လှူဒါန်းကြကုန်လတ္တံ့၊ ထိုအခါ၌သော်လည်း သံဃိကအလှူကို အသင်္ချေယျ အပ္ပမေယျအကျိုး ရ၏ဟု ငါဘုရား ဟောတော်မူ၏"—

ဟူ၍ ဟောကြားတော်မူသည် တချက်။ အလှူ၏ စင်ကြယ်ခြင်း ဒက္ခိဏာဝိသုဒ္ဓိလေးပါးတို့တွင် ပဌမအချက်မှာ အလှူခံက ဒုဿီလဖြစ်သော်လည်း ဒါယကာက သီလဝန္တဖြစ်လျှင် ထိုအလှူသည် ဒါယကာကြောင့် စင်ကြယ်၏ ဟု ဟောကြားထားသည် တချက်တို့ကြောင့် "သာသနာတော်အတွင်းဒုဿီလသည် အလှူခံမဟုတ်၊ လှူသော်လည်း အကျိုးမရ" ဟူ၍ မပြောသင့်ပေ။

ဒုဿီလပုဂ္ဂိုလ်အား သူ၏အကျင့်အကြံကို မိမိက အလိုတူ အားပေး ချီးမြှောက်လိုသော စိတ်စေတနာဆိုးဖြင့် လှူမှသာ အပြစ်ရှိသည်၊ သူ၏ အကျင့်အကြံကို ပမာဏမပြုပဲ စင်ကြယ်သောစိတ်ဖြင့်သာ အလှူခံပုဂ္ဂိုလ် ရောက်ဆိုက်လာလျှင် လှူဒါန်းထိုက်သည်ဟု သဘောထား၍ လှူဒါန်းမှုကား အပြစ်မရှိကြောင်း ကောင်းစွာ သတိပြုရာ၏။

### သံဃိက အလှူ ခုနစ်ပါး

(၁) မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ ဘုရားအမှူးရှိသော ဘိက္ခုသံဃာ ဘိက္ခုနီသံဃာတို့အား လှူဒါန်းခြင်း၊

(၂) ဘုရားပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် ဘိက္ခုသံဃာ ဘိက္ခုနီသံဃာအစုံတို့အား လှူဒါန်းခြင်း၊

http://www.dhammadownload.com



(၃) ဘိက္ခုသံဃာ သက်သက်အားသာ လှူဒါန်းခြင်း၊

(၄) ဘိက္ခုနီသံဃာ သက်သက်အားသာ လှူဒါန်းခြင်း၊

(၅) နှစ်ဖက်သော သံဃာ အလုံးစုံအား မလှူဒါန်းနိုင်သည့် အတွက် မိမိတတ်နိုင်သလောက်"ဘိက္ခုနှင့် ဘိက္ခုနီသံဃာ နှစ်ဖက်မှ ဦးရေ မည်မျှ မည်မျှ ညွှန်ကြားတော်မူပါ"ဟု လျှောက်ထား၍ သံဃာက ညွှန်ကြားလိုက်သော ပုဂ္ဂိုလ်စုအား (သံဃာကို စိတ်အာရုံ ထား၍) လှူဒါန်းခြင်း၊

(၆) ဘိက္ခုသံဃာ တဖက်၌သာ မိမိတတ်နိုင်သမျှ"ဤမျှ ဤမျှ ညွှန်ကြားတော်မူပါ"ဟု လျှောက်ထား၍ သံဃာက ညွှန်ကြားလိုက်သော ပုဂ္ဂိုလ်စုအား (သံဃာစိတ်ထားဖြင့်) လှူဒါန်းခြင်း၊

(၇) ဘိက္ခုနီသံဃာ တဖက်၌သာ မိမိတတ်နိုင်သမျှ "ဤမျှ ဤမျှ ညွှန်ကြားတော်မူပါ"ဟု လျှောက်ထား၍ သံဃာက ညွှန်ကြား လိုက်သော ပုဂ္ဂိုလ်စုအား (သံဃာစိတ်ထားဖြင့်)လှူဒါန်းခြင်း—

ဟူ၍ (၇)ပါး ဟောတော်မူလေသည်။

ဤသံဃိကဒါန ခုနစ်မျိုးတို့တွင် (၁)အမှတ်ပါ"ဘုရားအမှူးရှိသည့် နှစ်ဖက်သော သံဃာအား လှူဒါန်းသည့် ပဌမသံဃိကဒါနမျိုး ဘုရား ပရိနိဗ္ဗာန် စံပြီးသည့်နောက် လှူဒါန်းနိုင်ပါသလောဟု မေးရန်ရှိ၏။

လှူဒါန်းနိုင်ပါ၏ဟူ၍ ဖြေ။ လှူဒါန်းနိုင်ပုံမှာ....နှစ်ဖက်သော သံဃာ ၏ ရှေ့မှောက်မှာ ဓာတ်တော်နှင့်တကွသော ဆင်းတုရုပ်ပွါးကို ထားပြီး လျှင် "ဘုရားအမှူးရှိသော နှစ်ဖက်သော သံဃာအား လှူဒါန်းပါ၏" ဟု ဆို၍ လှူရာ၏။

ထိုသို့လှူဒါန်းရာ၌ မြတ်စွာဘုရားအား လှူဒါန်းအပ်သော လှူဘွယ် ဝတ္ထုကို အဘယ်သို့ပြုမည်နည်းဟု မေးရန်ရှိပြန်၏။ ဘုရားအား လှူဒါန်း အပ်သော လှူဘွယ်ဝတ္ထုကို ဖခင်၏ဥစ္စာသည် သားအားသာ ရောက်မြဲ ဖြစ်ရကား မြတ်စွာဘုရားအား ဝတ်ပြုသော ရဟန်းအားဖြစ်စေ ရဟန်း သံဃာအားဖြစ်စေ လှူဒါန်းရာ၏။ အထူးအားဖြင့် ဘုရားအား လှူအပ် သည့် အလှူဝတ္ထုထည်းမှ ဆီ ထောပတ်ပါရှိလျှင် ထိုဆီထောပတ်တို့ဖြင့် မြတ်စွာဘုရားအား ဆီမီးတင်လှူရာ၏၊ အဝတ်အထည် ပါရှိခဲ့သော် တမ်းခွန်ပြု၍ လှူဒါန်းရာ၏။

http://www.dhammadownload.com



မြတ်စွာဘုရား လက်ထက်တော်အခါက လူအပေါင်းတို့သည် များသောအားဖြင့် ပုဂ္ဂိုလ်ကို မစွဲလမ်း မငဲ့ကွက်ပဲ သံဃာတော်ကိုသာ အာရုံ ထားကြသည့်အတွက် ဒါနပြုရာမှာ မြတ်သော သံဃိကဒါနကို များစွာပြုနိုင်ကြပေသည်။ ထိုသို့ သံဃိကဒါန အပြုများကြသည့်အတွက် ရဟန်းတော်များဘက်မှာလည်း သံဃာမှဝေဘန်၍ရအပ်သော ပစ္စည်းလေးပါးကိုသာ အသုံးအစွဲများကြသဖြင့် ဤသူကား ငါ၏ ကျောင်းဒါယကာ ဒါယိကာမဖြစ်သည်၊ သူ့ကန်းဒါယကာ ဒါယိကာမဖြစ်သည် အစရှိသည်ဖြင့် ဒါယကာ ဒါယိကာမတို့အပေါ်မှာ သံယောဇဉ် အဖြစ်နည်း၍ ထိုသံယောဇဉ် အနှောင်အဖွဲ့မှ လွတ်မြောက်တော်မူကြရပေသည်။

သို့ဖြစ်၍ သံဃိကဒါန ပြုလုပ်လိုသော ပုဂ္ဂိုလ်တို့သည် စင်ကြယ်သော သံဃိကဒါန ဖြစ်ရန် (အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကနိပါတ်၊ ဂဟပတိဝဂ်၊ ဒုတိယသုတ်လာ) ဥဂ္ဂသူကြွယ်၏ ကျင့်နည်းကို များစွာအတုယူထိုက်လှပေ၏။

## ဥဂ္ဂသူကြွယ်အကြောင်း အကျဉ်း

အခါတပါး၌ မြတ်စွာဘုရားသခင်သည် ဝဇ္ဇီတိုင်းအဝင်အပါ ဆင်ရွာ၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတော်များကို "ချစ်သား ရဟန်းတို့.... ဆင်ရွာ၌နေသော ဥဂ္ဂသူကြွယ်ကို အံ့ဖွယ်ရှစ်ပါးနှင့် ပြည့်စုံသောသူဟူ၍ မှတ်ယူကြရမည်"ဟု အကျဉ်းချုပ်မိန့်ကြား၍ အကျယ်မဟောပဲ ကျောင်းတော်တွင်းသို့ ဝင်ကြွတော်မူလေသည်။

ထို့နောက် ရဟန်းတော်တပါးသည် နံနက်အခါ ဥဂ္ဂသူကြွယ်အိမ်သို့ သွား၍"သူကြွယ်.... သင့်ကို မြတ်စွာဘုရားက အံ့ဩဖွယ်ရာတရား ရှစ်ပါးနှင့်ပြည့်စုံသူဟူ၍ ဟောကြားအပ်ပြီ၊ သူကြွယ်....အကြင်အံ့ဖွယ်တရား ရှစ်ပါးတို့နှင့် ပြည့်စုံသူဟူ၍ သင့်ကို မြတ်စွာဘုရား ဟောကြားအပ်ပြီ၊ ထိုအံ့ဖွယ်တရား ရှစ်ပါးတို့ကား အဘယ်တရားတို့နည်း"ဟု မေးမြန်းသည်တွင်၊ ဥဂ္ဂသူကြွယ်က "အဘယ်မည်သောအံ့ဖွယ်ရှစ်ပါး တရားတို့နှင့် ပြည့်စုံသူဟု တပည့်တော်အား မြတ်စွာဘုရား ဟောတော်မူသည်ကို အတိအကျ မသိရသော်လည်း တပည့်တော်မှာ ထင်ရှားရှိသော အံ့ဖွယ်တရားရှစ်ပါးတို့ကို နာကြားနှလုံးသွင်းတော်မူပါ"ဟု လျှောက်ထားပြီးလျှင် ဤဆိုလတ္တံ့သောအတိုင်း အံ့ဖွယ်တရား ရှစ်ပါးတို့ကို အကျယ်လျှောက်ဆိုလေသည်။

http://www.dhammadownload.com



(၁) တပည့်တော်သည် ကံ့ကော်တော ဥယျာဉ်ထဲမှာ မှုးယစ်သောက်စားပျော်ပါးနေစဉ် မြတ်စွာဘုရား ကြွလာသည်ကို ပဌမအကြိမ်အဝေးကပင် မြင်လျှင်မြင်ခြင်း အရက်မှုး ပြေပျောက်၍ ကြည်ညိုခြင်း သဒ္ဓါတရား ကောင်းစွာ ဖြစ်ပွါးခဲ့ပါသည်။ ဤကား ပဌမအံ့ဖွယ်ဖြစ်ပါသည်။

(၂) ထိုပဌမ ဖူးတွေ့ရသောအခါမှာပင် မြတ်စွာဘုရားထံ ဆည်းကပ်၍ တရားနာသောအခါ သောတာပန်ဖြစ်၍ ဗြဟ္မစရိယပဉ္စမသီလကို ဆောက်တည်ကျင့်သုံးပါသည်။ ဤကား ဒုတိယအံ့ဖွယ်ဖြစ်ပါသည်။

(ဗြဟ္မစရိယပဉ္စမသီလဟူသည် လူတို့ဆောက်တည်နေကျဖြစ်သော ငါးပါးသီလတွင် ကာမေသု မိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိဟု ဆောက်တည်ရသော သိက္ခာပုဒ်အစား အဗြဟ္မစရိယာ ဝေရမဏိ-သိက္ခာပဒံ သမာဒိယာမိဟု ဆောက်တည်လျှင် ဗြဟ္မစရိယပဉ္စမသီလဖြစ်တော့သည်။ ရိုးရိုး ငါးပါးသီလ၌ ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်အတွက် ကိုယ်မပိုင်သော ကာမဂုဏ်မှုမှ ရှောင်ကြဉ်ရသည်။ ဗြဟ္မစရိယပဉ္စမသီလ၌ကား မိမိပိုင်သောကာမမှု မပိုင်သောကာမမှု နှစ်မျိုးလုံးမှ ရှောင်ကြဉ်ရသည်၊ မေထုန်မှု လုံးလုံးမပြုရပေ။)

(၃) တပည့်တော်မှာ မယားလေးယောက်ရှိရာ အိမ်သို့ပြန်ရောက်သည်နှင့်တပြိုင်နက် "ငါသည် ဗြဟ္မစရိယပဉ္စမသီလကို ဆောက်တည်ထားပြီ၊ သင်တို့သည် ဤအိမ်မှာပင် နေလိုသူသည် အလိုရှိသလိုစည်းစိမ်တို့ကို သုံးစွဲ ကုသိုလ်ကောင်းမှုပြု၍ နေနိုင်သည်။ မိဖထံ ပြန်လိုသူလည်း ပြန်နိုင်သည်။ အခြားယောကျ်ားတပါး ယူလိုသူရှိလျှင်လည်း အဘယ်သူ့အား ပေးရမည်ကို ပြောကြားနိုင်သည်"ဟု မေးသောအခါ မယားလေးယောက်အနက် အကြီးဆုံးမယားက "အကျွန်ုပ်ကို ဤမည်သောသူအား ပေးပါ" ဟု ပြောသည်တွင် ထိုယောကျ်ားကိုခေါ် စေ၍ လက်ဝဲလက်ဖြင့် မယားကြီးကို ဆွဲကိုင်ခါ လက်ျာလက်ဖြင့် ရေကရားကို ကိုင်၍ ထိုယောကျ်ားအား စွန့်လှူပေးကမ်းလိုက်ပါသည်။ ထိုကဲ့သို့စွန့်လှူပေးကမ်းလိုက်ရသည့်အတွက် အနည်းငယ်မျှ စိတ်ဖောက်ပြားခြင်းမရှိပါ။ ဤကား တတိယ အံ့ဖွယ်ဖြစ်ပါသည်။

(၄) တပည့်တော်၏အိမ်မှာ ရှိသမျှ စည်းစိမ်ဥစ္စာတို့ကို ကောင်းသောအကျင့်ရှိသော သီလဝန္တပုဂ္ဂိုလ်တို့နှင့် မခွဲမခြမ်း အတူသုံးဆောင်ရန် ရည်သန်ဆုံးဖြတ်ပြီး ဖြစ်ပါသည်။ ဤကား စတုတ္ထ အံ့ဖွယ်ဖြစ်ပါသည်။

http://www.dhammadownload.com



(၅) တပည့်တော်သည် ရဟန်းတော်တပါးပါးထံ ချဉ်းကပ်လျှင် ရှိသေစွာသာ ချဉ်းကပ်ပါသည်၊ မရိုမသေ မချဉ်းကပ်ပါ။ ထိုအရှင်မြတ်က တရားဟောလျှင်လည်း ရှိသေစွာသာ တရားနာပါသည်၊ မရိုမသေ တရားမနာပါ။ ထိုအရှင်မြတ်က တပည့်တော်အား တရားမဟောလျှင် တပည့်တော်ကပင် ထိုအရှင်မြတ်အား တရားဟောပါသည်။ ဤကား ပဉ္စမအံ့ဖွယ်ဖြစ်ပါသည်။

(၆) တပည့်တော်အိမ်သို့ လှူဒါန်းရန် သံဃာတော်ကို ပင့်ဖိတ်လိုက်လျှင် နတ်များက ကြိုတင်လာရောက်၍ "သူကြွယ်....ဤမည်သော ပုဂ္ဂိုလ်ကြီးများကား အရိယာကြီးများဖြစ်ကြ၏၊ ဤမည်သော ပုဂ္ဂိုလ်တို့ကား ပုထုဇန်သီလဝန္တကြီးများ ဖြစ်ကြ၏၊ ဤမည်သော ပုဂ္ဂိုလ်ကား ဒုဿီလဖြစ်၏" ဟု အလျင်လက်ဦး ပြောကြားလာကြသည်၊ ထိုသို့ နတ်များ ကြိုတင်ပြောကြားလာခြင်းမှာ တပည့်တော်အဖို့ အံ့ဖွယ်မဟုတ်ပါ။ အံ့ဖွယ်ကောင်းသော အကြောင်းမှာကား တပည့်တော်သည် သံဃာအား လှူဒါန်းသောအခါ သံဃာကို ဆွမ်းပြုသောအခါ "ဤပုဂ္ဂိုလ်အား အရိယာ သီလဝန္တဖြစ်သည့်အတွက် များများလှူမည်၊ ဤပုဂ္ဂိုလ်အား ဒုဿီလဖြစ်သည့်အတွက် နည်းနည်းလှူမည်" ဟူ၍ စိတ်ဖြစ်ခြင်း အလျဉ်းမရှိပါ။ စင်စစ်မှာ အရိယာ သီလဝန္တ ဒုဿီလ ဟူ၍ မခြားနားပဲ တူမျှသောစိတ်ရှိ၍သာ တပည့်တော် ါန်းပါသည်။ ဤကား ဆဋ္ဌအံ့ဖွယ်ဖြစ်ပါသည်။

(၇) အရှင်ဘုရား.... တပည့်တော်ကို နတ်များလာရောက်၍ သူကြွယ်....မြတ်စွာဘုရား၏ တရားတော်သည် ကောင်းစွာဟောအပ်သော တရားဖြစ်သည်၊ သန္ဒိဋ္ဌိကစသော ဂုဏ်နှင့် ပြည့်စုံသော တရားဖြစ်သည်"ဟု ပြောကြားကြပါသည်၊ ယင်းကဲ့သို့ နတ်များလာရောက်ပြောကြားခြင်းမှာ တပည့်တော်အဖို့ အံ့ဖွယ်မဟုတ်ပါ၊ အံ့ဖွယ်ကောင်းသော အကြောင်းမှာကား ထိုကဲ့သို့ နတ်တို့ကလာ၍ ပြောကြားလျှင် "အသင်နတ်မင်းတို့က ဤသို့ ပြောသည်ဖြစ်စေ၊ မပြောသည် ဖြစ်စေ၊ စင်စစ်ကား မြတ်စွာဘုရား ဟောအပ်သော တရားသည် သန္ဒိဋ္ဌိကစသော ဂုဏ်နှင့် ပြည့်စုံသောတရားသာ ဖြစ်၏" ဟု တပည့်တော်က ပြောကြားလိုက်ပါသည်။ (နတ်ပြောမှ ယုံကြည်ခြင်းမဟုတ်၊ ကိုယ်တိုင်သိ၍ ယုံကြည်ခြင်းဖြစ်သည် ဟူလို။) ဤကဲ့သို့ နတ်တို့နှင့် အတုံ့အပြန် စကားပြောရခြင်းအတွက် ငါ့ကို နတ်တို့ ဆည်းကပ်လာပေသည်၊ ငါကား နတ်တို့နှင့် စကားပြောရသူဖြစ်သည် ဟူ၍ စိတ်တက်ကြွခြင်း (မာန်မာန) အလျဉ်းမရှိပါ။ ဤကား သတ္တမအံ့ဖွယ် ဖြစ်ပါသည်။

မဟာဗုဒ္ဓဝင် ၁–၁၄

http://www.dhammadownload.com



(ဂ) အကယ်၍မျှား မြတ်စွာဘုရား၏ အသျှင်လက်ဦး တပည့်တော် သေသွား၍ မြတ်စွာဘုရားက "ဥဂ္ဂသူကြွယ်မှာ ဤကာမဘုံသို့တဖန် ပဋိသန္ဓေ အနေလာရန် ဩရမ္ဘာဂိယသံယောဇဉ် ငါးပါး အလျှဉ်းမရှိ၊ အနာဂါမ်ဖြစ်သည်" ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူပါလျှင် အထူး တဆန်း အံ့ဖွယ်မဟုတ်ပါ၊ ဗျာဒိတ်စကား မကြားမီ ယခုကပင် တပည့် တော်သည် အနာဂါမ်ပုဂ္ဂိုလ်ဖြစ်နေပါသည်၊ ဤအကြောင်းကို ယခုက သိပြီးဖြစ်ပါသည်။ ဤကား အဋ္ဌမ အံ့ဖွယ်ဖြစ်ပါသည်ဟု လျှောက်ထား လေသည်။

ဤ ဥဂ္ဂသူကြွယ် လျှောက်ထားအပ်သည့် အံ့ဖွယ် ရှစ်ပါးတို့အနက် (၆)အမှတ်ပြ ဆဋ္ဌအံ့ဖွယ်တရား၌ ဥဂ္ဂသူကြွယ်သည် အရိယာ သီလဝန္တ ဒုဿီလ သုံးမျိုးလုံး၌ တူညီသော စိတ်ထားဖြင့် လှူဒါန်းသည်ဟု လာ ရှိရာ အဘယ်သို့သော နည်းဖြင့် တူမျှနိုင်သည်ကို သိရှိရန် လိုအပ်ပေ သည်။ တူမျှနိုင်ခြင်း၏ အကြောင်းရင်း နှလုံးသွင်းမှာ....

ပင့်ဖိတ်ရင်းအခါက သံဃာတော်ကို ပင့်ဖိတ်သည့်အတိုင်း ရဟန္တာ ကြီးများအား လှူဒါန်းသည့်အခါမှာလည်း ရဟန္တာကြီးများ၏ မျက် နှာကို မကြည့်၊ ရဟန္တာ (ပုဂ္ဂိုလ်) ကြီးများအား ငါလှူရသည်ဟု အမှတ်မထား၊ ဘုရားတပည့်သား အရိယာအပေါင်း တည်းဟူသော သံဃာအားသာ ငါလှူသည် ဟူ၍ သဘောထားပြီးလျှင်၊ ဒုဿီလအား လှူဒါန်းသောအခါမှာလည်း ဒုဿီလ ပုဂ္ဂိုလ်၏ မျက်နှာကို မကြည့်၊ ငါသည် ဒုဿီလပုဂ္ဂိုလ်အား လှူဒါန်းရသည်ဟု သဘောမထား၊ ဘုရား တပည့်သား အရိယာအပေါင်းတည်းဟူသော သံဃာတော်မြတ်အားသာ ငါလှူဒါန်းသည် ဟူ၍ သဘောထားသဖြင့် စိတ်သဘောထားချင်း တထပ်ထည်း တူညီနိုင်ပေသည်။

ဤ ဥဂ္ဂသူကြွယ်၏ ထုံးကို နှလုံးထားကာ မြင့်မြတ်သော သံဃိက ဒါနဖြစ်ရန်အတွက် ပုဂ္ဂိုလ်မျက်နှာကို ကြည့်ခြင်း ပုဂ္ဂိုလ်စွဲ စွဲခြင်းကို လုံးဝပယ်ဖျောက်ပြီးလျှင် သံဃာ့အာရုံသို့ စိတ်ဖြောင့်မတ်စွာ သက် ရောက်အောင် အားထုတ်သင့်လှပေသည်။ မှန်၏....သင်္ကန်းလည်ရောက် အမည်ခံလောက်သာဖြစ်သည့် ဒုဿီလပုဂ္ဂိုလ်တို့၌ပင်သော်လည်း သံဃာ ကို အာရုံပြု၍ သံဃိကဒါနမြောက်အောင် လှူဒါန်းနိုင်ပါမူ အသင်္ချေယျ အပ္ပမေယျ အကျိုးရကြောင်း ဒက္ခိဏာဝိဘင်္ဂသုတ်၌ မြတ်စွာဘုရား တိုက်ရိုက်ဟောထားပေသည်။ သံဃာ၌ အရှိအသေပြုခြင်းငှါ စွမ်းနိုင် လျှင် သံဃိကဒါနမြောက်တော့သည်။ ထိုသို့ သံဃာ၌ အရှိအသေပြုရန် ကား လွယ်ကူသောအရာမဟုတ်ပေ၊ မလွယ်ကူပုံမှာ....

http://www.dhammadownload.com



အကြွင်းသူသည် "သံဃိကအလှူကို လှူအံ့"ဟု ကြံ၍ လှူရန်ဝတ္ထုများကို စီမံပြီးလျှင် ကျောင်းတိုက်သို့ သွားရောက်ပြီးခါ "အရှင်တို့.... သံဃိကအလှူ လှူလိုပါသည်၊ သံဃာတော်မှ တပါးကို ညွှန်ကြားတော်မူပါ"ဟု လျှောက်ထား တောင်းပန်သဖြင့် သံဃာမှ အလှည့်ကျသဖြင့် သာမဏေကို ညွှန်ကြား၍ရခဲ့လျှင် နှလုံးမသာမယာ ရှိတတ်၏၊ မထေရ်ကြီးကို ရလျှင်လည်း "ငါသည် မထေရ်ကြီးကို ရအပ်လေပြီ"ဟု အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ ပုဂ္ဂိုလ်စွဲဖြင့် ဖြစ်တတ်၏။ ထိုသူတို့၏ ပုဂ္ဂိုလ်မျက်နှာကို ကြည့်၍ လှူအပ်သော အလှူများသည် သံဃိက မမြောက်နိုင်ပေ။

သာမဏေကို ဖြစ်စေ၊ ရဟန်းကို ဖြစ်စေ၊ ရဟန်းငယ်ကို ဖြစ်စေ၊ မထေရ်ကြီးကို ဖြစ်စေ၊ ပညာမရှိသော ရဟန်းကို ဖြစ်စေ၊ ပညာရှိသော ရဟန်းကို ဖြစ်စေ၊ တဦးဦးကို သံဃာက သံဃာ့ကိုယ်စား အလှည့်ကျသဖြင့် ညွှန်ကြား၍ ရလာလျှင် ထွေရာစဉ်းစား ယုံမှားခြင်း မရှိပဲ "သံဃာတော်အား ငါသည် လှူ၏"ဟု နှလုံးသွင်း၍ သံဃာ၌ ရိုသေခြင်းကို ပြုနိုင်သောသူ၏ အလှူမှသာလျှင် သံဃိကဒါနမြောက်သည်။

## ကျောင်းဒါယကာတဦး၏ ဝတ္ထု

သမုဒ္ဒရာတဖက်ကမ်း(ဇမ္ဗူဒိပ်ကျွန်း)၌တဦးသောကျောင်းဒါယကာ သူကြွယ်သည် သံဃိကအလှူ လှူအံ့ဟု အစစ အရာရာ စီမံပြီးလျှင် သံဃာထံသို့ သွားရောက်၍ "သံဃာတော်မှ ညွှန်ကြား၍ ရဟန်းတပါးကို ပေးဟော်မူပါ"ဟု တောင်းလေသည်။ ထိုသူကြွယ်သည် သံဃာတော်မှ ဆွမ်းအလှည့်ကျသော ဒုဿီလရဟန်းတပါးကို ရခဲ့၍ (ဒုဿီလမှန်း သိလျက်)နေရာထိုင်ခင်း သန့်ပြန့်စွာ ခင်းကျင်းသုတ်သင် အထက်ကမျက်နှာကြက်ဗိတာန်ကိုကြက်၍ နံ့သာပန်းမာလ်အခိုးအထုံတို့ဖြင့်ပူဇော်ပြီးလျှင် ထိုဒုဿီလရဟန်း၏ ခြေတို့ကို တရိုတသေ ဆေးကြော သုတ်သင် ဆီလိမ်းပေးခြင်းစသည်ဖြင့် မြတ်စွာဘုရားအား အရိုအသေပြုသကဲ့သို့ပင် သံဃာ၌ အရိုအသေပြုခြင်းဖြင့် လှူဘွယ်ဝတ္ထုကို လှူခဲ့လေသည်။

မွန်းလွဲသောအခါ ထိုဒုဿီလရဟန်း အိမ်သို့ လာ၍ "ကျောင်းပြင်လို၍ ပေါက်ဘူး ခဏပေးပါ"ဟု၊ ပြောဆို၍ အိမ်တံခါးဝ၌ ရပ်လာသည်တွင် ကျောင်းဒါယကာက ပကတိနေမြဲတိုင်းကပင် မထပဲ ပေါက်တူးကို ခြေဖြင့်ကော်ခတ်၍ ပေးလိုက်လေသည်။အိမ်နေလူများက "အရှင်တို့သည် နံနက်က ထိုရဟန်းအား ပြုအပ်သော ပူဇော်သက္ကာရမှုကား ပြော၍မကုန်နိုင်အောင် ရှိပေသည်။ ယခုသော်ကား နံနက်က ပူဇော်

http://www.dhammadownload.com



ရှိသေမှု၏ တစိတ်တဒေသမျှ ပြောပဖွယ်ရာ မရှိပါတကား၊ ဤကဲ့သို့ နံနက်ကတမျိုး ယခုတမျိုးပြုပုံသည် ဘယ်လို ဟာမျိုးပါနည်း" ဟု မေးမြန်းကြသည်တွင် ကျောင်းဒါယကာက "အမောင်တို့....ထိုနံနက်က ပြုသော ရှိသေမှုကား သံဃာအား ပြုသော ရှိသေမှုသာ ဖြစ်သည်၊ ဤဒုဿီလရဟန်းအား ပြုသော ရှိသေမှု မဟုတ်" ဟူ၍ ဖြေကြားလေသည်။

ဤပုဂ္ဂလိကဒါန, သံဃိကဒါန နှစ်ပါးနှင့်စပ်၍ သတိပြုဖွယ်ကောင်းသောအချက်တို့ကို အနည်းငယ် ပြဆိုဦးအံ့....၊

"မိမိရွေးမှောက် အလှူခံပုဂ္ဂိုလ် ရောက်လာလျှင် အကျင့်မကောင်းသော ပုဂ္ဂိုလ်ဖြစ်ကြောင်း မိမိသိပြီးဖြစ်ခဲ့သော် ထိုပုဂ္ဂိုလ်အား တစုံတရာ မလှူဒါန်းအပ်၊ လှူဒါန်းခဲ့လျှင် မကောင်းမှန်းသိလျက်နှင့် လှူဒါန်းခြင်းဖြစ်သောကြောင့် အဆိပ်ပင်ရေလောင်းသကဲ့သို့ မကောင်းမှုသာဖြစ်သည်" ဟု ပြောဆိုတတ်ကြသည်။

မကောင်းမှန်းသိလျက်နှင့် လှူတိုင်းလည်း အပြစ်ဖြစ်သည်ဟု မဆိုသင့်ပေ။ လှူဒါန်းသူ၏ စေတနာကို လိုက်ရပေမည်။ လှူသောသူက ထိုအလှူခံ၏ မကောင်းသောအကျင့်ကို သဘောတူညီကာ ဤသို့ဆက်လက်၍ ကျင့်မြဲကျင့်နိုင်စေရန် ထောက်ပံ့ လှူဒါန်းမည် ဟူသောသဘောမျိုးဖြင့် လှူဒါန်းမှသာ အဆိပ်ပင်ရေလောင်း သဘောမျိုးဖြစ်နိုင်ပေသည်။ ထိုအလှူခံ၏ အကျင့်ကိုလည်း မကြိုက်၊ ဆက်လက်ကျင့်ကြံနေရန် အားပေးလိုစိတ်လည်း မရှိပဲ ရွေးဆိုခဲ့ပြီးသော ကျောင်းဒါယကာကဲ့သို့ သံဃိကဒါနမြောက်အောင် လှူဒါန်းပါမူကား အပြစ်မရှိပေ။

တချို့ကလည်း "အလှူခံ၏ အကျင့်ကောင်းခြင်း မကောင်းခြင်းမှာ သူနှင့်သာသက်ဆိုင်သည်၊ ကိုယ်နှင့်မသက်ဆိုင်။ သို့ဖြစ်၍ သူ၏အကျင့်ကောင်းခြင်း မကောင်းခြင်းကို ဂရုမထားပဲ ဤပုဂ္ဂိုလ်သည် အရိယာပုဂ္ဂိုလ်ဖြစ်သည် (သို့မဟုတ် ရဟန္တာပုဂ္ဂိုလ်ဖြစ်သည်) ဟု စိတ်ကအောက်မေ့၍ လှူဒါန်းရာ၏၊ ဤသို့ လှူဒါန်းခြင်းမှာ အပြစ်မရှိ၊ အရိယာ ရဟန္တာများအား လှူဒါန်းသကဲ့သို့ပင် အကျိုးရှိသည်" ဟု ပြောဆိုတတ်ကြ၏။

ဤပြောဆိုချက်၌လည်း အရိယာဟုတ်မဟုတ် ရဟန္တာဟုတ် မဟုတ် မသိကြသော တိတ္ထိတို့၏ တပည့်များ မိမိတို့၏ တိတ္ထိဆရာကြီးများကို ရဟန္တာတွေ အရိယာတွေဟု အောက်မေ့ မှတ်ထင်မှုသည်ပင် မိစ္ဆာ-

http://www.dhammadownload.com



ဓိမောက္ခ=အလွဲလွဲ အမှားမှား ဆုံးဖြတ်ခြင်း အကုသိုလ် သဘောသာ ဖြစ်တုံသေး၏၊ အရိယာ ရဟန္တာ မဟုတ်မှန်းသိလျက် အရိယာတွေ ရဟန္တာတွေဟု စိတ်ကအောက်မေ့လျှင် အဘယ်မှာလျှင် မိစ္ဆာဓိမောက္ခ အကုသိုလ်သဘော မဖြစ်ပဲရှိအံ့နည်း၊ ထို့ကြောင့် ထိုသို့လည်း အောက်မေ့ ခြင်းငှါ မသင့်လျော်ပေ။ စင်စစ်သော်ကား ဤ အလှူခံမျိုးကို တွေ့ခဲ့ လျှင် "ဘုရားအလောင်းတော်ကြီးများ ဒါနပါရမီ ဖြည့်ရာမှာ အယုတ် အလတ် အမြတ်မရွေး လှူဒါန်းတော်မူကြသည်၊ငါသည်လည်း အလှူခံ ပုဂ္ဂိုလ်ကို မရွေးချယ်ပဲ ရောက်လာသော အလှူခံအားပင် ဘုရား အလောင်းတော်ကြီးများနည်းတူ လှူဒါန်းမည်"ဟု ရည်ရွယ်စိတ်ထား ၍သာ လှူဒါန်းရာ၏။ ဤသို့ လှူဒါန်းခြင်းဖြင့် သူ၏မကောင်းသော အကျင့်ကိုလည်း အားပေးရာမရောက်၊ မဟုတ်မမှန် ကြံစည်ဆုံးဖြတ် ခြင်း မိစ္ဆာဓိမောက္ခလည်း မဖြစ်၊ အပြစ် ကင်းလွတ်နိုင်သည်ကို သတိပြုရာ၏။

ဤသို့ လှူဒါန်းခြင်းနှင့်စပ်၍ အရှုပ်အထွေး အခက်အခဲ တွေ့တတ် သည်မှာလည်း ပုဂ္ဂလိကဒါနၡ်သာ ဖြစ်သည်၊ အကြောင်းကား ပုဂ္ဂိုလ် ဟူသည် ကောင်းမကောင်း အမျိုးမျိုးရှိသောကြောင့်တည်း။ သံဃိက ဒါနအရာမှာကား....သံဃာတော်သည် တမျိုးတစားတည်းသာ ဖြစ်၏၊ ကောင်းမကောင်း နှစ်ထွေမပြား၊ (မြတ်စွာဘုရား၏ တပည့်သား အရိယာ အပေါင်းကို ဆိုလိုသည်။) ဘုရားတပည့်သား အရိယာ အပေါင်းမှာ အယုတ်အမြတ် ဟူ၍ မရှိပြီ၊ မြတ်သော သံဃာချည်းသာ ဖြစ်သည်၊ ထို့ကြောင့် ပြဆိုခဲ့ပြီးသောအတိုင်း မိမိထံမှောက် အလှူခံ ရောက်လာလျှင် ထိုအလှူခံ၏ မျက်နှာကို မကြည့် (ကိုယ်ကျင့်တရားကို မစဉ်းစား)ပဲ ငါသည် ဘုရားတပည့်သား အရိယာအပေါင်းအား လှူပါ၏ ဟူ၍သာ စိတ်က သံဃာကို အာရုံပြု၍ ထိုပုဂ္ဂိုလ်ထံ လှူဒါန်း လိုက်ပါက ထိုအလှူသည် သံဃိကဒါနဖြစ်၍ ထိုအလှူမှာ သံဃာသာ လျှင် အလှူခံဖြစ်သည်၊ ရှေ့တွင် ရောက်နေသောပုဂ္ဂိုလ်ကား သံဃာ့ ကိုယ်စားမျှသာဖြစ်၍ ထိုကိုယ်စားမှာ မည်သို့ပင် ယုတ်ညံ့နေစေကာမူ အရင်းအလှူခံ သံဃာတော်က မြင့်မြတ်နေသောကြောင့် မြတ်သော ဒါနသာ ဖြစ်သည်ဟု မှတ်ယူရာ၏။

ဤအရာ၌၊ ၊မိမိရှေ့မှောက် ရောက်နေသော အလှူခံမှာ သံဃာ့ ကိုယ်စားမျှသာ ဖြစ်သည်ဟု နှလုံးသွင်းကာ လှူဒါန်းရမည် ဆိုသော် လည်း ဒုဿီလပုဂ္ဂိုလ်ကိုယ်တိုင်က မိမိရှေ့မှောက် ရောက်နေပြီဖြစ်၍ မိမိ

http://www.dhammadownload.com



စိတ်ကို ဤပုဂ္ဂိုလ်တွင်သာ မထားပဲ သံဃာတော်မြတ်ထံ ပေါက်ရောက်အောင် နှလုံးသွင်းကာ ရှေ့မှောက်ရှိ ဒုဿီလပုဂ္ဂိုလ်ကို သံဃာ့ကိုယ်စား စိတ်မှတ်ထားရန် ခဲယဉ်းလှသည် ဟူ၍ ယူဆပြောဆိုတတ်ကြပေသည်။ ထိုသို့ ခဲယဉ်းနေမှုမှာ အလေ့အထ မရှိသောကြောင့်သာ ဖြစ်သည်၊ ဆင်းတု ရုပ်ပွါးတော်များကို မြတ်စွာဘုရား၏ ကိုယ်တော်စားထား၍ ရှိခိုးပူဇော်မှုတို့မှာ အလေ့အထ ရနေပြီဖြစ်သောကြောင့် ခဲယဉ်းသည်ဟု မည်သူမျှ မပြောကြားကြ။ ဆင်းတုရုပ်ပွါးတော်များမှ အစဉ်လျှောက်၍ သက်တော်ထင်ရှား ရှိသော မြတ်စွာဘုရားသို့ စိတ်ရောက်ကာ ပူဇော်ကြပေသည်။ ဘုရားလက်ထက်တော်က ဥဂ္ဂသူကြွယ်နှင့် ဇမ္ဗူဒိပ်ကျွန်းသား ဆိုအပ်ပြီးသော ကျောင်းဒါယကာတို့မှာ အလေ့အထ အထုံရနေပြီဖြစ်ကြသဖြင့် ဒုဿီလပုဂ္ဂိုလ်ကိုပင် သံဃာ့ကိုယ်စား ထား၍ ပူဇော်နိုင်ကြသကဲ့သို့၊ ယခုခေတ် ဗုဒ္ဓဘာသာဝင်တို့သည်လည်း ထိုသူတို့ကဲ့သို့ နှလုံးသွင်းနိုင်ရန် အလေ့အထ ပြုသင့်လှပေသည်။

## ဝိနည်းဒေသနာတော်လာ သံဃိက

ဝိနည်းဒေသနာတော်၌ (၁) သမ္မုခီဘူတသံဃိက (၂) အာရာမဋ္ဌ-သံဃိက (၃) စတုဒ္ဒိသာသံဃိက (၄) ဂတာဂတသံဃိက ဟူ၍ သံဃိက (၄) မျိုး (၄) ပါး ခွဲခြားလာရှိ၏။ ဤဝိနည်း ဒေသနာတော်လာ သံဃိက (၄)မျိုးမှာ အလှူဒါယကာတို့အတွက် မဟုတ်၊ ပြခဲ့ပြီးသော သံဃိက (၇)ပါးသာလျှင် ဒါယကာတို့အတွက်ဖြစ်သည်။ ဝိနည်းတော်လာ သံဃိက(၄)ပါးမှာ အလှူခံရဟန်းတို့အတွက်သာ ပစ္စည်း သိမ်းပိုက် ပိုင်ဆိုင်ခွင့်ကို စွဲ၍ ခွဲခြားခြင်းဖြစ်သည်၊ ထိုတွင်—

(၁) မြို့တွင်း ရွာတွင်း၌ ရဟန်း အနည်းအများ ကြွရောက်ရှိနေရာ သက်နီး လာရောက်လှူဒါန်းသူက (သံဃဿ ဒေမ) အရိယာပုဂ္ဂိုလ် အပေါင်းတည်းဟူသော သံဃာတော်အား လှူပါ၏ဟု ဆို၍ သံဃာ့ ဂုဏ်ကို အာရုံပြုကာ လှူဒါန်းသွားခဲ့လျှင်၊ ထိုသက်နီးကို အရိယာ သံဃာအားလုံး နှံ့စပ်အောင် လိုက်၍ ဝေဘန်နိုင်မည် မဟုတ်သော ကြောင့် (လှူရာဌာနက မြို့တွင်းရွာတွင်းဖြစ်သည့်အတွက်) မျက်မှောက် ရှိသံဃာများသာ ဝေဘန်၍ ယူအပ်၏၊ ဝေဘန်ရာ၌ မျက်မှောက်ရှိ သံဃာစုသာ ဝေဘန်၍ယူအပ်သောကြောင့် ဤသံဃိကမျိုးကို သမ္မုခီ ဘူတသံဃိကဟု ခေါ်သည်။ (သမ္မုခီဘူတ=မျက်မှောက်ဖြစ်၍နေသော၊ သံဃိက=သံဃာ၏ဥစ္စာ။)

(၂) သက်နီးလှူသူ ဒါယကာက ကျောင်းတိုက်တခုခု၏ အတွင်းသို့ ဝင်ရောက်ကာ တွေ့ရှိသော ရဟန်း (သို့မဟုတ်) သံဃာထံ၌ "ဤ

http://www.dhammadownload.com



သက်န်းကို သံဃာတော်အား လှူပါ၏”ဟု ဆို၍ လှူသွားသည်ရှိသော် ထိုသင်္ကန်းသည် ကျောင်းတိုက်အတွင်းမှာ ဖြစ်သောကြောင့် အနားမှာ ရှိနေသော ရဟန်းများသာမက ထိုကျောင်းတိုက်အတွင်း ရှိသမျှ ရဟန်းအားလုံးပင် ပိုင်ဆိုင်တော့သည်။ ထို့ကြောင့် ဤသံဃိကမျိုးကို အာရာမဋ္ဌသံဃိကဟု ခေါ်သည်။ (အာရာမဋ္ဌ=အရံအတွင်း၌ တည်ရှိသော၊ သံဃိက=အားလုံး သံဃာ၏ဥစ္စာ)အရံအတွင်း ရှိသမျှ သံဃာများ ပိုင်သောဥစ္စာဟု ဆိုလိုသည်။

(၃) ရဟန်းတပါးတည်းသာ ရှိနေသော ကျောင်းတိုက်အတွင်းသို့ ဒါယကာက လာ၍ သင်္ကန်းအထည်တရာကိုပင် “ဤသင်္ကန်းတို့ကို သံဃာအား လှူပါ၏”ဟု ဆို၍ လှူသွားသည်ဖြစ်အံ့၊ ရဟန်းက ဝိနည်းအရာ၌ လိမ္မာသူဖြစ်လျှင် “ဤမျက်မှောက်မှာ ဤတိုက်တာမှာ ရဟန်းဟူ၍ ငါတပါးတည်းသာ ရှိ၏၊ ထို့ကြောင့် ဤသင်္ကန်း အထည်တရာတို့သည် ငါ့သို့ ရောက်ကုန်၏၊ ထိုသင်္ကန်းတို့ကို ငါသိမ်းပိုက်၏”ဟု ဆောက်တည်၍ သိမ်းပိုက်ယူလျှင် ယူနိုင်သည်သာဖြစ်၏။ (သံဃိက ပစ္စည်းကို သင်တပါးတည်းသာ မပိုင်ထိုက်ဟု လိုက်၍ အပြစ်မဆိုနိုင်။) ဤရဟန်းက ဝိနည်းအရာ မလိမ္မာသည့်အတွက် မည်ကဲ့သို့ ပြုရမည်ကို မသိသဖြင့် “ငါသာပိုင်ဆိုင်၏၊ ငါသိမ်းပိုက်၏”ဟု မဆောက်တည် မဆုံးဖြတ်ပဲ ထိုသင်္ကန်းများကို ယူဆောင်ကာ အရပ်တပါးသို့ သွားငြားအံ့၊ အခြားရဟန်းတို့နှင့် တွေ့ရှိသောအခါ ထိုရဟန်းတို့က ထိုသင်္ကန်းများ ရရှိပုံ အကြောင်းအရာကို မေးမြန်းသိရှိကြသဖြင့် “ငါတို့နှင့်လည်း ဆိုင်သည်”ဟု ပြောဆိုကာ ထိုရဟန်းတို့နှင့် အညီအညွတ် ဝေဘန်လျှင်လည်း ကောင်းသော ဝေဘန်ခြင်းပင် ဖြစ်၏။ မဝေဘန်ပဲ တဆင့်ယူ၍ သွား ကြပြန်လျှင် အခြားရဟန်းများနှင့် တွေ့ရှိသောအခါ ထိုရဟန်းများနှင့် လည်း ဆိုင်ပြန်တော့သည်။ ဤသို့ ရောက်ရာရောက်ရာ အရပ်ဌာနရှိ သံဃာများ ပိုင်ဆိုင်ခွင့်ရှိသော သံဃိကကို ဂတဂတသံဃိက ဟု ခေါ် သည်။ (ဂတဂတ=ရောက်ရောက်တိုင်းသောအရပ်၌၊ သံဃိက=သံဃာ့ ဥစ္စာ။)

(၄) ပစ္စည်းက အလေးဂရုပြုရသည့် ဂရုဘဏ်ခေါ်သော ကျောင်း စသော ပစ္စည်းမျိုးဖြစ်ခဲ့လျှင် ထိုပစ္စည်းများကို သံဃာအား လှူခဲ့လျှင် မဝေဘန်ကောင်းတော့ပြီ၊ အရပ်လေးမျက်နှာမှ ရောက်လာသမျှသော ရဟန်းများ ပိုင်ဆိုင်ခွင့်ရှိသဖြင့် ဤသံဃိကမျိုးကို စတုဒ္ဒိသာသံဃိကဟု ခေါ်သည်။

http://www.dhammadownload.com



ဤသို့ ဝိနည်းဒေသနာတော်မှာ သံဃာများပိုင်ဆိုင်ပုံ ခွဲခြမ်းဝေဘန်ရပုံသို့လိုက်၍ ဟောထားသည်ကို (သတိမမူမိပဲ) လှူဒါယကာများ လှူဒါန်းရာမှာလည်း အချို့က အသုံးပြုတတ်ကြ၏။

အသုံးပြုပုံမှာ....ဒါယကာ တဦးက မိမိကြည်ညိုသော ပုဂ္ဂိုလ်ကို အကြောင်းပြု၍ (ထိုပုဂ္ဂိုလ်အတွက်မဟုတ်) ကျောင်းဆောက်လုပ်ပြီး ရေစက်ချမည့်အခါ ပရိတ်ရွတ်သံဃာ (၁၀)ပါးပင့်၏။ ထို(၁ပ) ပါး ထဲမှာ အကြောင်းပြုရင်း ပုဂ္ဂိုလ်လည်း တပါးအပါအဝင် ဖြစ်နေ၏။ ထိုပုဂ္ဂိုလ်က သံဃိက ရေစက်ချလျှင် သံဃိကကျောင်း၌ နေရမှုမှာ အပြစ်တွေ များလှသောကြောင့် ပုဂ္ဂလိက=(ပုဂ္ဂိုလ်ပိုင်) အဖြစ်ဖြင့် အလှူခံလို၏။ ဒါယကာ၏ စိတ်မှာကား ပုဂ္ဂလိကထက် သံဃိကကမြတ်သည် ဆိုသောကြောင့် သံဃိက လှူဒါန်းလို၏။ ဤကဲ့သို့ ဆရာနှင့် ဒါယကာ စိတ်ဆန္ဒမညီမမျှ ဖြစ်နေရာ၌ "ဤကျောင်းကို သမ္မုခီဘူတ သံဃာအား လှူဒါန်းပါ၏"ဟု ဆို၍ ရေစက်ချစေပြီးလျှင် အလှူခံ (၁၀) ပါးအနက် အခြား (၉) ပါးတို့က "မိမိတို့ပိုင်ဆိုင်သမျှကို ငါ့ရှင်အား လှူပါ၏"ဟု လွှဲပြောင်းပေးကာ ပြန်သွားကြ၏။

ဤသို့ ပြုလုပ်လျှင် ဒါယကာမှာလည်း သံဃိက မြောက်သည်၊ ကျောင်းနေပုဂ္ဂိုလ်မှာလည်း နဂိုရ်က ဆယ်ပါးပိုင်ရာမှာ ကိုးပါးတို့က သူတို့ ပိုင်ဆိုင်သမျှ လွှဲအပ်သွားသောကြောင့် သူတပါးတည်းပိုင် ပုဂ္ဂလိကအနေသို့ ရောက်ပြန်၏၊ ဤသို့ဖြင့် ဒါယကာမှာလည်း သံဃိက ဆရာမှာလည်း ပုဂ္ဂလိကဖြစ်၍ နှစ်ဖက်အကျိုးရှိသည်ဟု မှတ်ယူ ပြုလုပ်တတ်ကြ၏။

အမှန်မှာ ပြခဲ့ပြီးသောအတိုင်း သံဃိကကျောင်းဖြစ်လျှင် ဂရုဘဏ် ဖြစ်သောကြောင့် အချင်းချင်း မပေးမစွန့်ကောင်း၊ မဝေဘန်ကောင်း၊ ဒါယကာမှာလည်း မျက်မှောက်ရှိ ပင့်သံဃာ (၁၀)ပါးကိုသာ အာရုံပြု၍ လှူရသောကြောင့် သံဃိကဒါန အောင်မြောက်စွာ ဖြစ်နိုင်မည်မဟုတ်ပေ။

**တနည်းကား**....ကာလဒါန, အကာလဒါနဟူ၍ နှစ်ပါး အပြားရှိ၏။ ကထိန် လျှာသကင်္န်းကို လှူခြင်း၊ ဝါဆိုသင်္ကန်းကို လှူခြင်း၊ ဂိလာနဘတ်ခေါ် မကျန်းမမာသော ရဟန်းတို့အား ဆွမ်းလှူခြင်း၊ အာဂန္တုကဘတ်ခေါ် ဧည့်သည်ရဟန်း တို့အား ဆွမ်းလှူခြင်း၊ ဂမိကဘတ်ခေါ် ခရီးထွက်မည့်ပုဂ္ဂိုလ်တို့အား ဆွမ်းလှူခြင်း စသည်တို့သည် အချိန်အခါနှင့်တိုက်ဆိုင်အောင် စီမံလှူဒါန်းအပ်သည် ဖြစ်၍ ကာလဒါနမည်၏။ ဤသို့ အချိန်အခါကို ရွေးချယ်ရခြင်းမရှိပဲ လှူလိုသည့် အခါ လှူလိုက်နိုင်သော ဒါနမျိုးသည် အကာလဒါနမည်၏။

http://www.dhammadownload.com



ဤ အကာလဒါနထက် ကာလဒါနက အကျိုးထူး၏။ ထူးပုံမှာ.... လှူဒါန်းစဉ်အခါ အချိန်နှင့်သင့်လျော်ညီညွတ်အောင် လှူဒါန်းရသည့်အတိုင်း အကျိုးပေးရာမှာလည်း အချိန်အခါနှင့် ညီညွတ်အောင် အကျိုးပေးစွမ်းနိုင်သည်။ ထူးသောအစာကို စားလိုသည့်အခါ ထူးသောအစာ အဆင်သင့် ဖြစ်ပေါ်လာတတ်သည်၊ ထူးသောအဝတ်ကို ဝတ်လိုသည့်အခါ ထူးသောအဝတ် အဆင်သင့် ဖြစ်ပေါ်လာတတ်သည်၊ ဤသို့ အချိန်အခါနှင့် ညီညွတ်အောင် အကျိုးပေး ဖြစ်ပေါ်လာရခြင်းသည် ကာလဒါန၏ ထူးသောသဘောပင်ဖြစ်၏။

**တနည်းကား...,** ပစ္စက္ခဒါန, အပစ္စက္ခဒါနဟူ၍ နှစ်ပါး အပြားရှိ၏။ မျက်မြင်ကိုယ်တွေ့ဖြစ်သောဒါနသည် ပစ္စက္ခဒါနမည်၏။ ကိုယ်မျက်ကွယ်၌ လှူအပ်သောဒါနသည် အပစ္စက္ခဒါနမည်၏။

ပစ္စက္ခဟူသော စကားမှာ ပတိနှင့်အက္ခဟူသော ပါဠိနှစ်ခု တွဲထားသောပုဒ်ဖြစ်သည်။ ပတိ=ရှေးရှု၊ အက္ခ=(မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဟူသော) ဣန္ဒြေငါးပါး။ ဤ ဣန္ဒြေငါးပါးဖြင့် ရှေးရှုနိုင်သောဒါနကို ပစ္စက္ခဒါန ခေါ်သည်။ ထင်ရှားရာသို့လိုက်၍သော ပစ္စက္ခဟူသောပုဒ်ကို "မျက်မှောက်"ဟူ၍ မြန်မာပြန်ဆိုသည်။ ဤမြန်မာပြန်ချက်မှာ ပစ္စက္ခငါးမျိုးတွင် စက္ခုပစ္စက္ခနှင့်သာဆိုင်၏။ နောက်လေးပါးနှင့် မဆိုင်။ နောက်ဆုံးဖြစ်သော ကာယပစ္စက္ခကိုကား ကိုယ်တွေ့ဟူ၍ မြန်မာပြန်ဆိုကြ၏။ ဤသို့ အစနှင့်အဆုံးကို မှတ်ယူကာ ပစ္စက္ခကို "မျက်မြင်ကိုယ်တွေ့"ဟု အဓိပ္ပါယ်ပြန်ခဲ့ပေသည်။ အပြည့်အစုံဖော်ပြလျှင် မျက်စိဖြင့် မြင်အပ်သောအရာ၊ နားဖြင့် ကြားအပ်သောအရာ၊ နှာခေါင်းဖြင့် နမ်းရှူပ်အပ်သောအရာ၊ လျှာဖြင့် လျက်အပ်သောအရာ၊ ကိုယ်ဖြင့် တွေ့ထိအပ်သောအရာ ငါးမျိုးလုံးပင် ပစ္စက္ခချည်းဖြစ်၏။

မျက်စိဖြင့် မြင်အပ်သောပစ္စက္ခဒါနသည် သာဟတ္ထိကဒါနနှင့်လည်း အလုံးစုံ ထပ်မျှ မတူတတ်၊မျက်စိဖြင့်မြင်အပ်သော အရာမှာပင် ကိုယ်တိုင်ကိုင်တွယ်၍ လှူမှ သာဟတ္ထိကဒါနဖြစ်သည်။ သူတပါးကို စေခိုင်း၍ လှူလျှင် အာဏတ္တိကဒါနဖြစ်သည်။ မျက်စိဖြင့် မမြင်ရစေကာမူ နားဖြင့် ကြားအပ်သောဒါနသည်ရင်း၊နှာခေါင်းဖြင့် အနံ့ကိုသိအပ်သော အလှူဒါနသည်ရင်း၊ လျှာဖြင့် အရသာကိုသိအပ်သော အလှူဒါနသည်ရင်း၊ ကိုယ်ဖြင့် အတွေ့ကိုသိအပ်သော အလှူဒါနသည်ရင်း ပစ္စက္ခဒါနချည်းပင်ဖြစ်သည်။

http://www.dhammadownload.com



**တနည်းကား**....သဒိသဒါန, အသဒိသဒါနဟူ၍ နှစ်ပါး အပြားရှိ၏။ အလှူဒါန ပြုကြရာမှာ တန်းတူညီမျှ ရနိုင်စကောင်းသော အလှူဒါနမျိုးသည် သဒိသဒါနမည်၏။ အချင်းချင်း အပြိုင်အဆိုင် လှူဒါန်းကြရာမှာ တဖက်သား များ လိုက်၍ မတုပနိုင်အောင် အနိုင်ယူ၍ လှူဒါန်းအပ်သော အလှူဒါနမျိုး သည် အသဒိသဒါနမည်၏။

ဤအသဒိသဒါန အလှူရှင်သည် ဘုရားတဆူတဆူတို့၏ လက်ထက်တော်မှာ တဦးတဦးသာလျှင် ပေါ်ပေါက်သည်ဟု ဓမ္မပဒအဋ္ဌကထာ၊ တဆယ့်သုံးခုမြောက် လောကဝဂ်၊ အသဒိသဒါနဝတ္ထု၌ ပြဆိုထား၏။

**အသဒိသဒါနဝတ္ထု အကျဉ်းချုပ်ကား**

မြတ်စွာဘုရားသခင်သည် ဒေသစာရီ ကြွချီ၍ ဇေတဝန်ကျောင်း တော်သို့ နောက်ပါ ရဟန္တာငါးရာနှင့်တကွ ပြန်လည်ဆိုက်ရောက်တော် မူလာသည်တွင်၊ ကောသလမင်းကြီးက မြတ်စွာဘုရားအမှူးရှိသော ရဟန္တာငါးရာကို နန်းတော်သို့ ပင့်ဖိတ်လှူဒါန်းသည့်အခါ၊ သာဝတ္ထိ ပြည်သူပြည်သားတို့ကိုလည်း ဖိတ်ကြား၍ သူ၏အလှူ အခမ်းအနားကို ကြည့်ရှု သာဓုအနုမောဒနာ ခေါ်စေသည်တွင်၊ သာဝတ္ထိပြည်သူပြည် သားတို့ကလည်း အားကျမခံဖြစ်ကာ နောက်တနေ့၌ ပြည်သူ့ အင်အား ဖြင့် ဘုရင်မင်းမြတ်ထက် ခမ်းနားသာလွန်အောင် အလှူကြီး စီမံပြီး လျှင်၊ ဘုရင်မင်းမြတ်ကို ပင့်ဖိတ်၍ ရှုစားအနုမောဒနာ ပြုစေကြပြန် သည်။

တဖန် ဘုရင်မင်းမြတ်လည်း မခံမရပ်နိုင်ဖြစ်ကာ နောက်တနေ့တွင် ပြည်သူတို့ထက် သာလွန်အောင် အလှူအကြီးအကျယ် စီမံလှူဒါန်း ပြန်၏၊ ပြည်သူများကလည်း ရှေးနည်းအတူပင် သာလွန်အောင် အကြီးအကျယ် စီမံလှူဒါန်းကြပြန်၏။ ဤနည်းအားဖြင့် ဘုရင်မင်းမြတ် ကလည်း ခြောက်ကြိမ်၊ ပြည်သူလူထုကလည်း ခြောက်ကြိမ်လှူပြီးကြ သောအခါ ဘုရင်မင်းမြတ်သည်—

"ယခု ခုနစ်ကြိမ်မြောက် ပြည်သူတို့ထက် သာလွန်အောင် စီမံလှူ ဒါန်းရန်မှာ လွန်စွာခဲယဉ်း၍ နေချေပြီ။ တိုင်းပြည် နိုင်ငံကြီးရှင် ဘုရင် ဖြစ်ပါလျက် ပြည်သူလူထုအား အရှုံးပေးလိုက်ရပါလျှင် အသက်ရှင်နေ သော်လည်း အဘယ်အကျိုးရှိအံ့နည်း"ဟူ၍ ကြံစည်စိတ်ညစ်ညှုးနေရာ မလ္လိကာမိဖုရားကြီး၏ အကြံဉာဏ်စီမံချက်ဖြင့် ပြည်သူလူထုတို့ မတုပ နိုင်အောင် ကြီးကျယ်စွာသော မဏ္ဍပ်ကြီးအတွင်းတွင် မင်းသမီးကလေး တွေကိုသာ နံ့သာသွေးခြင်း နံ့သာရေပေက်ဖျန်းခြင်း ရဟန္တာကြီးများ

http://www.dhammadownload.com



အား ယပ်လေခတ်ခြင်းစသောကိစ္စတို့ကို ပြုလုပ်စေပြီးလျှင် ရဟန္တာကြီး ငါးရာတို့အားလည်း တပါးတပါး၏ နောက်တွင် ဆင်ပြောင်ကြီး တစီး တစီးစီ ဝပ်ကာ ထီးဖြူဆောင်းမိုး၍ နေစေခြင်းကို ပြုလုပ်၏။

ထိုအလှူပွဲ၌ ယဉ်ကျေးသော ဆင်ပြောင်ငါးရာ မပြည့်ပဲ တကောင် လိုနေသည်တွင် ကြမ်းကြုတ်ဆိုးဝါးသော ဆင်ပြောင်တကောင်ကို အရှင်အင်္ဂုလိမာလ၏ နောက်တော်တွင် အခြားဆင်များ နည်းတူ ဝပ်စေ၍ ထီးဖြူမိုးစေသည်။ ထိုဆင်ကြမ်းကြီး ဤအလှူတွင် ပါဝင်၍ အရှင်အင်္ဂုလိမာလမထေရ်အား နူးညံ့သိမ်မွေ့စွာ ထီးဖြူဆောင်းပေးနေ သည်ကို မြင်ကြရသော ပြည်သူတို့သည် များစွာအံ့သြကြကုန်၏။

အလှူပြီးစီးသောအခါ ဘုရင်မင်းမြတ်က "ဤမဏ္ဍပ်ရှိ အပ်သော ပစ္စည်း မအပ်သောပစ္စည်း အလုံးစုံတို့ကို လှူဒါန်းပါ၏ဟု ဆို၍ လှူဒါန်း သောအခါ ပြည်သူလူထုက အရှုံးပေးကြရလေသည်။ (အရှုံးပေးကြရ ခြင်း အကြောင်းမှာ....မဏ္ဍပ်တခုလုံးတွင် မင်းသမီးကလေးတွေသာ ဝေယျာဝစ္စ ရှက်ဆောင်နေကြရလေသည်ကို တုပ၍ မပြိုင်နိုင်တော့ပြီ၊ ပြည်သူလူထုလက်ထဲမှာ မင်းသမီးငါးရာလည်း မရှိ၊ ဆင်ပြောင်ငါးရာ ထီးဖြူငါးရာတို့လည်းမရှိ၊ ဤအချက်များဖြင့် အရှုံးပေးကြရလေသည်။)

ဤသို့လျှင် အစိန္တေယျ သုံးလောကထွတ်ထား မြတ်စွာဘုရားသခင်၏ လက်ထက်တော်မှာ အသဒိသဒါနအလှူရှင်သည် ကောသလမင်းကြီးဖြစ်၏။ အခြားအခြားသော ဘုရားရှင်တို့၏ လက်ထက်တော်အခါမှာလည်း ဤကဲ့သို့ အသဒိသဒါနအလှူရှင် တဦးတဦးစီသာ ပေါ်ပေါက်သည်ဟူ၍ မှတ်ယူရာ၏။

နှစ်ပါးတွဲ ဒါနစု ပြီး၏။

---

## သုံးပါးတွဲ ဒါနစု

**တနည်းကား**....ဒါနသည် ဟီနဒါန, မဇ္ဈိမဒါန, ပဏီတဒါန ဟူ၍ သုံးပါး အပြားရှိ၏။ ကုသိုလ်၏ အယုတ် အလတ် အမြတ် ဖြစ်ရခြင်းမှာ ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ တည်းဟူသော တရားလေးပါးကို အစွဲပြု၍ ဖြစ်ရ၏။ လိုလားမှု သဘော သည် ဆန္ဒမည်၏၊ အားထုတ်ခြင်းသဘောသည် ဝီရိယမည်၏၊ ပိုင်းခြားသိမြင် ခြင်းသဘောသည် စိတ္တမည်၏၊ ထိုးထိုးထွင်းထွင်း သိမြင်ခြင်းသဘောသည် ဝီမံသမည်၏။ ။ဒါနပြုလုပ်ရာမှာ ဤဆန္ဒစသော တရားလေးပါးတို့ အညံ့စား အနေဖြစ်ပါလျှင် ထိုဒါနသည် ဟီနဒါန=(ညံ့သောအလှူ)သာဖြစ်၏။ထိုတရား

http://www.dhammadownload.com



လေးပါးတို့ အလတ်စားအနေ ဖြစ်ခဲ့ပါလျှင် မဇ္ဈိမဒါန=(အလတ်စားဖြစ်သောအလှူ) ဖြစ်၏။ ထိုတရားလေးပါးတို့ အမြင့်မြတ်စားအနေ ဖြစ်ခဲ့ပါလျှင် ထိုဒါနသည် ပဏီတဒါန=(မြတ်သောအလှူ)ဖြစ်၏။

**တနည်း**....အကျော်အစောကို တောင့်တ၍ ပြုသောဒါနသည် ဟီနဒါန ဖြစ်၏။ လူချမ်းသာ နတ်ချမ်းသာ ဟူသော အကျိုးကိုတောင့်တ၍ ပြုသော ဒါနသည် မဇ္ဈိမဒါနဖြစ်၏။ အရိယာတို့၏ အလေ့အကျက် အလောင်းအလျာ တို့၏ အလေ့အကျက်ကို အလေးဂရုပြု၍ လှူသောဒါနသည် ပဏီတဒါနဖြစ်၏။

(ဤအရာဝယ်....ထိုထိုသုတ္တန် ပါဠိတော်ကြီးများ၌ နောက်နှောင်းအခါ ဖြစ်ပေါ်ကြမည့် ကောင်းမှုကုသိုလ်ကို လိုလားသူတို့ ဒိဋ္ဌာနုဂတိ အတုရရှိ လှူဒါန်း နိုင်ကြရန် ဇေတဝနေ၊ အနာထပိဏ္ဍိကဿ အာရာမေ၊ ဃောသိတာရာမေ၊ ဇေတ မင်း၏ ဥယျာဉ်၊ အနာထပိဏ်သူဌေး၏အရာမ်၊ ဃောသိတသူဌေး၏အရာမ်.... အစရှိသည်ဖြင့် ကောင်းမှုရှင်တို့၏ ကမ္ပည်းစာတမ်းကို ပဌမသံဂါယနာတင် အရှင်မြတ်တို့ ထိုးမှတ်တော်မူခဲ့ကြသည်ကို နှလုံးသွင်း၍၊ ယခုခေတ် အလှူရှင် တို့ မိမိတို့၏ အလှူများကို ကမ္ပည်းစာတမ်းထိုးမှတ်သောအခါ "ကျော်စောလို သောစိတ်ကို သတိဖြင့် ပိတ်ဆို့ပြီးလျှင်" နောက်နောင်အခါ ကုသိုလ်ကောင်းမှု လိုလားကြသော ပုဂ္ဂိုလ်တို့ အတုယူ လှူဒါန်းနိုင်ကြစေရန် ရည်သန်သောစိတ် ဖြစ်အောင် အထူးသတိချပ်သင့်လှပေသည်။)

**တနည်း**....လူချမ်းသာ နတ်ချမ်းသာတို့ကို တောင့်တ၍ လှူသောဒါနသည် ဟီနဒါနမည်၏။ သာဝကဗောဓိ ပစ္စေကဗောဓိဉာဏ်ကို တောင့်တ၍ လှူသော ဒါနသည် မဇ္ဈိမဒါနမည်၏။ သမ္မာသမ္ဗောဓိ (သဗ္ဗညုတ) ဉာဏ်ကို တောင့်တ၍ လှူသောဒါနသည် ပဏီတဒါနမည်၏။

> (မဂ်ဉာဏ်လေးပါးကို ဗောဓိဟူ၍ ခေါ်သည်။ တစုံတခုကောင်းမှု ပြုလျှင် ဝိဝဋ္ဋနိဿိတ ကောင်းမှုမျိုးဖြစ်ရန် ရည်သန်၍ ရှေးသူဟောင်းတို့က "ကုသိုလ်ပြုလျှင် အမှတ်တမဲ့ မပြုရာ၊ ဗောဓိသုံးပါးတွင် တပါးပါး ကို ရည်သန်တောင့်တရမည်"ဟု ပြောဆိုညွှန်ကြားကြကုန်သည်။)

**တနည်းကား**....ဒါနဒါသ, ဒါနသဟာယ, ဒါနသာမိဟူ၍ သုံးပါး အပြားရှိ၏။ လောက၌ မိမိကိုယ်တိုင် ကောင်းမွန်သော အဝတ်အစားတို့ကို သုံးဆောင်၍ အောက်လက် ကျေးကျွန်များကိုကား ယုတ်ညံ့သော အဝတ်အစားတို့ကိုသာ ပေးသကဲ့သို့ အလှူခံပုဂ္ဂိုလ်တို့အား မိမိသုံးဆောင်သော ပစ္စည်းမျိုးအောက် ယုတ်ညံ့သောပစ္စည်းဝတ္ထုကို လှူဒါန်းခြင်းသည် ဒါနဒါသမည်၏။ (ကျွန်အား ပေးသည်နှင့်တူသော အလှူဟု ဆိုလိုသည်)။　　။လောက၌ မိတ်ဆွေများ

http://www.dhammadownload.com



လာရောက်သောအခါ မိမိသုံးဆောင်သည်နှင့် တူမျှသော အသုံးအဆောင်တို့ကို သာ သုံးဆောင်စေသကဲ့သို့၊ အလှူခံပုဂ္ဂိုလ်တို့အားလည်း မိမိသုံးဆောင်နေကျ အတိုင်းသာ တတန်းတစားတည်း လှူဒါန်းခြင်းသည် ဒါနသဟာယမည်၏။ (အဆွေခင်ပွန်းအား ပြုစုသည်နှင့်တူသော ဒါနဟု ဆိုလိုသည်)။ ။လောက၌ မိမိ၏ အရှင်များအား မိမိသုံးဆောင်သည်ထက် ပိုမိုမြင့်မြတ်သော အသုံး အဆောင်တို့ကိုသာ ပေးပို့ရသကဲ့သို့၊ အလှူခံပုဂ္ဂိုလ်တို့အား မိမိသုံးဆောင် သည်ထက် မြင့်မြတ်သောပစ္စည်းဝတ္ထုတို့ကိုသာ လှူခြင်းသည် ဒါနသာမိမည်၏။ (အရှင်သခင်အား ပေးပို့သည်နှင့်တူသော ဒါနဟု ဆိုလိုသည်။)

တနည်းကား....ရှေးနှစ်ပါးတွဲ ဒါနစုတွင် ဖော်ပြခဲ့ပြီးသော ဓမ္မဒါနသည် အာမိသနှင့် တွဲဖက်၍ဖြစ်သော ဓမ္မဒါနတပါး၊ ပြခဲ့ပြီးသည့်အတိုင်း အဘိဓမ္မာ အလို ဒါနခြောက်ပါးတွင် ပါဝင်သည့် ဓမ္မဒါနတပါး၊ ဗုဒ္ဓ, ဓမ္မ, သံဃ ဟူသော ရတနာသုံးပါးတွင် ပါဝင်သည့် ဓမ္မဒါနတပါး ဟူ၍ ဓမ္မဒါနသုံးမျိုး ရှိသည်ကို အထူးမှတ်ယူအပ်၏။ ထိုသုံးမျိုးတို့တွင်—

အာမိသနှင့် တွဲဖက်သော ဓမ္မဒါနတွင် ပါဝင်သည့် ဓမ္မ ဟူသည် မြတ်စွာ ဘုရား ဟောကြားအပ်သော ပရိယတ္တိတရားတော်ပင် ဖြစ်၏။ ထိုတရားတော်ကို သူတပါးတို့အား ဟောပြောပေးခြင်းသည် ဓမ္မဒါနဖြစ်၏။ ။(ဤဓမ္မဒါန အရာ၌—ပရိယတ္တိတရားတော်သည် လှူဘွယ်ဝတ္ထုဖြစ်၏၊ တရားနာပုဂ္ဂိုလ်သည် အလှူခံဖြစ်၏၊ တရားဟောပုဂ္ဂိုလ်သည် အလှူပေးပုဂ္ဂိုလ်ဖြစ်၏။)

အဘိဓမ္မာအလို ဒါနခြောက်ပါးတွင် ပါဝင်သည့် ဓမ္မဒါနငယ် ဓမ္မအရ အာရုံ ခြောက်ပါးတွင် ပါဝင်သော ဓမ္မာရုံကိုသာ အရကောက်ယူရသည်။ ထို ဓမ္မာရုံ ဟူသည်မှာလည်း အဆင်း အသံ အနံ့ အရသာ အတွေ့အထိ မဟုတ်၊ စိတ်သက် သက်ဖြင့်သာ တွေးတောဆင်ခြင် သိရှိရသောအာရုံစုကို သိမ်းရုံး၍ ဓမ္မာရုံဟု ခေါ်သည်၊ထို ဓမ္မာရုံမှာ ပသာဒရုပ် (၅)၊သုခုမရုပ်(၁၆)၊စိတ် (၈၉)၊စေတသိက် (၅၂)၊ နိဗ္ဗာန်၊ပညတ် ဤသို့အားဖြင့် ခြောက်စုရှိသည်။ (ဓမ္မဆိုသော်လည်း ပရိယတ္တိဓမ္မကဲ့သို့ မြတ်သောအနက်ဟော ဓမ္မမဟုတ်၊ နဂိုရ်ရှိနေရင်း သဘာဝကို သာ ခေါ်ဆိုသည့် ဓမ္မဖြစ်သည်)။ဤသဘာဝ ဓမ္မဒါနဖြစ်အောင် ပြုလိုလျှင် စက္ခု (ဓမ္မ)ဒါန ပြုလိုသူသည် မျက်စိမှုန်သောသူကို ကြည်လင်အောင် ပြုလုပ်ကုသ ပေးခြင်း၊ သောတ (ဓမ္မ)ဒါန ပြုလိုသူသည် နားထိုင်းနေသူကို နားကြားအောင် ပြုလုပ်ကုသပေးခြင်းစသည်ဖြင့် ဓမ္မဒါနပြုလုပ်ရာ၏။ အထင်ရှားဆုံး ဖော်ပြရ သော် ဇီဝိတဒါနခေါ် သူတပါးအသက်ကို ရှည်အောင် ပြုလုပ်လှူဒါန်းခြင်းသည် ဓမ္မဒါနဖြစ်၏။ ဤနည်းအတိုင်းပြခဲ့ပြီးသော ဓမ္မာရုံအဝင်အပါ တရားခြောက်စု တို့၌ ထိုက်သည့်အားလျော်စွာ ဝေဘန်သိရှိ နလုံးသွင်းရာ၏။

http://www.dhammadownload.com



ဗုဒ္ဓ,ဓမ္မ, သံဃာသုံးပါးတွင် ပါဝင်သည့် ဓမ္မဟူသည်မှာ မြတ်စွာဘုရား ဟော ကြားအပ်သော ပရိယတ္တိသာသနာဓမ္မပင် ဖြစ်၏။ (ရှေး အာမိသဒါနနှင့် တွဲ ဖက်ဖြစ်သော ဓမ္မဒါနဟူသည်မှာ တရားနာပရိသတ်အား ပရိယတ္တိတရားတော် ကို လှူဒါန်းခြင်း ဟောပြခြင်း ဖြစ်သည်၊ တရားတော်က လှူဘွယ်ဝတ္ထု၊ တရားနာပုဂ္ဂိုလ်တို့က အလှူခံ ဖြစ်သည်။)ယခု ဗုဒ္ဓ, သံဃနှင့် တွဲဖက်ဖြစ်သော ဓမ္မအရ ပရိယတ္တိတရားတော်ကား လှူဘွယ်ဝတ္ထု အနေဖြင့် မဟုတ်၊ အလှူခံ အနေဖြင့်သာ ပရိယတ္တိတရားတော်အား လှူဘွယ်ဝတ္ထုတို့ကို လှူဒါန်းပူဇော် ခြင်းဟု ဆိုလိုသည်။ မြတ်စွာဘုရားနှင့် သံဃာတော်တို့သည် အလှူခံဖြစ် သကဲ့သို့ တွဲဖက်ဓမ္မသည်လည်း အလှူခံ ဖြစ်ရပေမည်။ ဖြစ်ပုံမှာ....

မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူသောအခါ သဒ္ဓါတရားနှင့်ပြည့်စုံသော သူကြွယ်တဦးသည် "ငါသည် မြတ်စွာဘုရားအားရှင်း သံဃာတော်အားရှင်း ဆွမ်းခဲဖွယ်ဘောဇဉ် သင်္ကန်း စသည်တို့ဖြင့် မပြတ်ပူဇော်လှူဒါန်းရ၏။ တရားတော်အားကား တကြိမ်တခါမျှ မလှူဒါန်းရဘူးသေး၊ တရားတော်အားလည်း လှူဒါန်းပေအံ့"ဟု ကြံစည်ပြီး လျှင် မြတ်စွာဘုရားထံလာရောက် လျှောက်ထားသည်တွင် မြတ်စွာဘုရားက— "တရားတော်အား လှူဒါန်းပူဇော်လိုက တရားကိုဆောင်သော ရဟန်းအား သူ၏သန္တာန်၌ ကိန်းဝပ်တည်နေသော တရားကို ရည်မှန်းကာ ဆွမ်း သင်္ကန်း စသည်ဖြင့် လှူဒါန်းပူဇော်ရမည်"ဟု မိန့်ကြားတော်မူသည်။

အဘယ်ရဟန်းသည် တရားကို ဆောင်ပါသနည်းဟု တဖန်မေးမြန်း လျှောက် ထားပြန်သည်တွင်၊ သံဃာတော်ကို မေးလော့ဟု မိန့်ကြားတော်မူသဖြင့် ထိုသူကြွယ်သည် သံဃာတော်ကို မေးမြန်းလေရာ သံဃာတော်၏ ညွှန်ကြားချက် အရ အရှင်အာနန္ဒာမထေရ်ကို ပင့်ပြီးလျှင် ဆွမ်းသင်္ကန်းစသည်တို့ဖြင့် အရှင် အာနန္ဒာသန္တာန်၌ ကိန်းဝပ်တည်နေသောတရားတော်တို့ကို ရည်မှန်း၍ လှူဒါန်း ပူဇော်လိုက်ကြောင်း ပကိဏ္ဏကနိပါတ် တဆယ့်သုံးခုမြောက် (၁၃) ဘိက္ခာပရံ ပရ ဇာတ် နိဒါန်း၌ လာရှိသည်။

ဤနိဒါန်းလာ ဝတ္ထုအရ သူကြွယ်က ဒါယကာ၊ ဆွမ်းသင်္ကန်းစသည်ဘို့က လှူဘွယ်ဝတ္ထု၊ အရှင်အာနန္ဒာသန္တာန်မှာ ကိန်းဝပ်တည်နေလျက် ရှိနေသော တရားတော်စုက အလှူခံဖြစ်၍နေသည်။ ဤသို့ တရားတော်ကို အလှူခံအဖြစ် ဖြင့် ထား၍ လှူဒါန်းခြင်းသည် မြတ်စွာဘုရားလက်ထက်က ဤသူကြွယ်တဦး သာ မဟုတ်သေးပေ၊

သီရိဓမ္မာသောကမင်းကြီးသည်လည်း တရားတော်၌ အလွန်တရာ ကြည်ညို ခြင်းဖြစ်ကာ ဓမ္မက္ခန္ဓာ တဆူတဆူလျှင် ကျောင်းတဆောင် တဆောင်စီဖြင့် ပူဇော်မှုပြုကြောင်း ကျမ်းဂန်တိုက်ရိုက် လာရှိသည်။

http://www.dhammadownload.com



အထူးသတိပြုရန်ကား....သီရိဓမ္မာသောက မင်းကြီးသည် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့အား ဓမ္မက္ခန္ဓာ တဆူတဆူလျှင် ကျောင်းတဆောင် တဆောင်စီ လှူဒါန်းကြောင်းကို အများပင် ကြားဘူး သိဘူးကြ၏၊ အတုလိုက် လိုသော ဆန္ဒလည်း ရှိကြ၏၊ နည်းလမ်းကျကျ အတုယူနိုင်ရန် အရေးကြီးလှ ပေသည်။ သီရိဓမ္မာသောကမင်းကြီးမှာ ကျောင်းဒါယကာ ဖြစ်ဘို့ရန်မျှကိုသာ ရည်သန်ပြုလုပ်သည် မဟုတ်၊ ဓမ္မက္ခန္ဓာတရားတော်ကို ပူဇော်လိုခြင်းသာ အရင်း ခံဖြစ်သည်၊ ကျောင်းပေါင်း ရှစ်သောင်းလေးထောင်တို့ကို ဆောက်လုပ်သည်မှာ ပူဇော်ဘွယ်ရာဝတ္ထု ပြည့်စုံရန်မျှသာ ဖြစ်သည်။ ထိုသို့ဖြစ်ရာ နောင်လာ နောက် သားတို့က "သီရိဓမ္မာသောကမင်းကြီးသည် ကျောင်းပေါင်း ရှစ်သောင်း လေးထောင် ဆောက်လုပ်လှူဒါန်းသွားသည်၊ ငါတို့လည်း တတ်နိုင်ပါမူ ကျောင်း ဆောက်မည်" ဟူ၍ လှူဘွယ်ဝတ္ထု ပစ္စည်းမျှကိုသာ အားကျကာ တရားတော်ကို စိတ်မရောက်ပဲ ကျောင်း ဆောက်လုပ်တည်လှူကာ ကျောင်းဒါယကာ အမည်ခံ ရရုံသာ ရည်သန်ပြုလုပ်မိခြင်း အလျဉ်းမရှိအောင် သတိပြုရာ၏။

လော...၌ တရားတော်သည် အလွန်အရေးကြီးပေသည်၊ အဋ္ဌကထာဆရာ တော် အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်သည် မိမိ၏ အဋ္ဌသာလိနီ အဋ္ဌ ကထာနိဂုံးတွင်၊ ' ဳစိရံ တိဋ္ဌတု သဒ္ဓမ္မော=သူတော်ကောင်းတရားသည် ကြာ မြင့်စွာ တည်ပါစေ။ ဓမ္မေ ဟောန္တု သဂါရဝါ၊ သဗ္ဗေပိ သတ္တာ....=သတ္တဝါ အပေါင်းတို့သည် တရားတော်၌ ရိုသေခြင်း ရှိကြပါစေကုန်သတည်း....ဟူ၍ တရားတော် ကာလအရှည်တည်ထွန်းရန် သတ္တဝါတို့ တရားတော်၌ ရိုသေကြရန် ဆုတောင်းတော်မူခဲ့ခြင်းမှာ တရားတော်၏ အရေးပါ အရာရောက်လှသော ကြောင့် ဖြစ်၏။ အရာရောက်ပုံမှာ....တရားတော်ထင်ရှားရှိနေသမျှ သာသနာ တော် မဆုတ်ယုတ်နိုင်၊ တရားတော်၌ ရိုသေသောသူ ဟူသမျှတို့သည် သာ သနာတော်ကို မည်သည့်နည်းနှင့်မျှ မရိုသေပဲ မလိုက်နာပဲ မနေနိုင်ကြချေ။ တရားတော်ကို သိမြင်မှ ငါဘုရားကို မြင်သူမည်၏ ဟူ၍လည်း ဟောအပ်ခဲ့ လေပြီ။ ထိုမှတပါးလည်း ပရိနိဗ္ဗာန်စံတော်မူခါနီးတွင် (သော ဝေါ မမစ္စယေန သတ္ထာ) ဟူ၍ ဓမ္မက္ခန္ဓာ ဒေသနာတော်များသည် ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံ တော်မူပြီးနောက် သင်တို့၏အပေါ်မှာ ဆရာဘုရားပင် ဖြစ်တော့သည်ဟု ဟော ကြားတော်မူခဲ့ပေသည်။ ထို့ကြောင့် အရေးပါအရာရောက်လှသည့် ဤသုံးခု မြောက်ဓမ္မဒါနမျိုးကို ကြိုးစားအားထုတ်ကြကုန်ရာသည်။

တနည်းကား....ဒုက္ကရဒါန, မဟာဒါန, သာမညဒါနဟူ၍ သုံးပါး အပြားရှိ၏၊ ထိုတွင်—

http://www.dhammadownload.com



အင်္ဂုတ္တရနိကာယအဋ္ဌကထာ၊ ကေကနိပါတ်၊ နှစ်ဆယ့်ရှစ်ခုမြောက် (၂၈) ကောဓမ္မစျာနဝဂ်အဖွင့်၌လာသော ဒါရုဘဏ္ဍကတိဿ၏ အလှူဒါနကဲ့သို့ ပြုလုပ်ရန် ခဲယဉ်းသောဒါနသည် ဒုက္ကရဒါနမည်၏။

**ဒါရုဘဏ္ဍကတိဿ၏ အလှူဒါနအကြောင်းကား....**

သီဟိုဠ်ကျွန်း မဟာဂါမအရပ်၌ ဆင်းရဲသားတယောက်သည် ထင်းကိုရောင်းချ၍ အသက်မွေးရ၏၊ ထိုသူ၏အမည်ရင်းမှာ တိဿပင်ဖြစ်သော်လည်း ထင်းကိုရောင်းချ အသက်မွေးရသောကြောင့် (ထင်းသာလျှင် ထိုသူ၏ ဥစ္စာရှိသောကြောင့်) ဒါရုဘဏ္ဍကတိဿဟု ခေါ်တွင်လေသည်။

ထိုဒါရုဘဏ္ဍကတိဿ သူဆင်းရဲသည် တနေ့သ၌ မိမိ၏အိမ့်ရှင်မနှင့် တိုင်ပင်သည်ကား "ငါတို့၏ အသက်ရှင်ရခြင်းကား ယုတ်ညံ့လှ၏၊ မြတ်စွာဘုရားက နိဗဒ္ဓဒါန=(အမြဲမပြတ် ဝတ်ထား၍ လှူခြင်း)၏ အကျိုးကြီးမြတ်ကြောင်း ဟောကြားတော်မူချက်ရှိပါသော်လည်း ငါတို့သည် နိဗဒ္ဓအလှူကို မလှူနိုင်ခဲ့ကြကုန်၊ လဆန်းပက္ခ၌ တကြိမ် လဆုတ်ပက္ခ၌ တကြိမ် မှန်မှန်ဝတ်ထား၍ (ပက္ခိက) ဆွမ်းအလှူကို လှူပြီးလျှင် အလေ့အထရ၍ တတ်နိုင်သောအခါ စာရေးတံဆွမ်း လှူကြစို့"ဟု တိုင်ပင်စကား ပြောကြားသည်တွင် အိမ့်ရှင်မသည် ကောင်းပါပြီဝန်ခံ၍ နောက်တနေ့၌ပင် မိမိတို့ရသမျှဖြင့် (ပက္ခိက) ဆွမ်းအလှူကို လှူဒါန်းလေသည်။

ထိုအချိန်ကား ရဟန်းသံဃာတော်များမှာ ဆွမ်းပစ္စည်း ပေါများသောအခါဖြစ်သည့်အတွက် ရဟန်းငယ် သာမဏေတို့သည် မွန်မြတ်သောဆွမ်းဘောဇဉ်တို့ကို စားသုံးကြရသောကြောင့် ဒါရုဘဏ္ဍကတိဿ၏ (ပက္ခိက) ဆွမ်းကို ခံရုံသာခံယူ၍ ထိုသူတို့မြင်စဉ်ပင်လျှင် စွန့်ပစ်၍သွားကြကုန်သည်။ ထိုအခြင်းအရာကို မြင်ရသော အိမ့်ရှင်မသည် ဒါရုဘဏ္ဍကတိဿအား "အကျွန်ုပ်လှူအပ်သောဆွမ်းကို စွန့်သွန်၍ သွားကြကုန်သည်"ဟု ပြောကြားလေသည်။ စိတ်ထဲ၌ကား နှလုံးမသာယာခြင်း အလျဉ်းပင် မရှိခဲ့ပေ။

ထိုအခါ ဒါရုဘဏ္ဍကတိဿသူဆင်းရဲက အိမ့်ရှင်မအား "ငါတို့ဆင်းရဲလှသည့်အတွက် အရှင်မြတ်တို့အား စိတ်နှစ်သက်ချမ်းသာလောက်အောင် ဆွမ်းမကျွေးနိုင်ပဲရှိရသည်၊ ဘယ်လိုလုပ်ပြီး အရှင်မြတ်တို့၏ စိတ်နှလုံးကို ယူကျုံးရန် စွမ်းနိုင်ပါမည်နည်း"ဟု အကြံတောင်းတိုင်ပင်စကား ပြောကြားသည်တွင် အိမ့်ရှင်မက သားသမီးရှိသူများကို ဆင်းရဲသားမဆိုသင့်ကြောင်း အားပေးစကား ပြောကြား၍ သမီးကို သူတပါးအိမ်၌ ငွေ(၁၂)တဆယ့်နှစ်ကျပ်မျှဖြင့် အပေါင်အနှံထား၍ နို့စားနွားမတကောင် ဝယ်ယူရန် အကြံပေးစကား ပြောကြားချက်ကို

http://www.dhammadownload.com



သဘောတူ၍ အိမ့်ရှင်မအကြံပေးသည့်အတိုင်း သမီးကို သူတပါးအိမ်၌ ငွေ (၁၂)တဆယ့်နှစ်ကျပ်မျှဖြင့် အပေါင်အနှံထား၍ နို့စားနွားမ တကောင်ကို ဝယ်ယူရာ ထိုဇနီးမောင်နှံတို့၏ ဖြူစင်သောကုသိုလ်စိတ် အစွမ်းကြောင့် နွားနို့သည် ပိုမို၍ထွက်ခဲ့၏။

ညနေအချိန် ညှစ်၍ရသော နွားနို့များကို နို့ခမ်း (ဒိန်ခဲ) ထောပတ် ချက်ပြီးလျှင် နံနက်ထွက်သော နွားနို့တို့ဖြင့် နို့ဆွမ်းချက်ကာ နို့ခမ်း(ဒိန်ခဲ) ထောပတ်များရော၍ လှူဒါန်းသဖြင့် ရဟန်းသံဃာများ နှစ်သက်ဖွယ်လှူဒါန်း ရသောအဖြစ်သို့ ရောက်လေသည်၊ ထိုအခါမှစ၍ ဒါရုဘဏ္ဍကတိဿ၏ စာရေးတံ နို့ဆွမ်းကို ဘုန်းတန်းကြီးမားသော အရှင်မြတ်တို့သာလျှင် ရတော်မူကြကုန်၏။

တနေ့သ၌ ဒါရုဘဏ္ဍကတိဿသည် မိမိ၏ အိမ့်ရှင်မ (မယား)ကို "ငါတို့သည် သမီးကလေးတယောက်ရှိသောကြောင့်သာ အရှက်တကွဲဖြစ်ရမည့်အရေးမှ လွတ်မြောက်ကြရသည်၊ ငါတို့အိမ်က ဆွမ်းကိုလည်း အရှင်မြတ်တို့ သုံးဆောင်တော်မူကြသည့်အခြေသို့ ရောက်ခဲ့ရသည်၊ ငါမလာမီ ဤဆွမ်းဝတ်ကို မပျက်ပါစေလင့်၊ငါသည် အလုပ်တခုခုကိုလုပ်၍ သမီးကိုရွေးနုတ်ခဲ့ပါမည်"ဟု မှာကြားပြီးလျှင် အရပ်တပါးသို့သွားကာ ကြံညှစ်ရုံတရုံ၌ ခြောက်လ ကြာမြင့်အောင် အလုပ်လုပ်သဖြင့် ငွေ(၁၂) တဆယ့်နှစ်ကျပ် ,အပိုစုမိ၍ သမီးကိုရွေးနုတ်ရန် မိမိအရပ်သို့ နံနက်စောစောပြန်ခဲ့လေသည်။

ထိုအခါ မိမိရွှေ့မှ ပိဏ္ဍပါတ်ခုတင်ဆောင် တိဿမထေရ်သူမြတ် (တိဿကျောင်းတိုက်ကြီးရှိ)စေတီတော်ကို ဖူးမျှော်ရန် မဟာဂါမသို့ ကြွတော်မူသည်ကို အဝေးမှ မြင်လတ်၍ အမှီလိုက်ပြီးလျှင် တရားစကားကြားနာလျက် သွားကြရာ၊ ရွာတခုအနီးသို့ ရောက်လျှင် ထိုရွာတွင်းမှ လူတယောက် ထမင်းထုပ်ကို ကိုင်ခါ ထွက်လာသည်ကိုတွေ့၍ ထိုထမင်းထုပ်ကို (၁) တကျပ်ဖြင့် ရောင်းရန် ပြောဆိုလေသည်။

ထမင်းထုပ်ရှင်ယောကျ်ားကလည်း "တပဲမျှ အဖိုးမတန်သော ထမင်းထုပ်ကို တကျပ်က စ-တင်၍ ပေးခြင်းမှာ အကြောင်းထူးရှိလိမ့်မည်"ဟု ကြံစည်ပြီးလျှင် တကျပ်ဖြင့်မပေးနိုင်ကြောင်း ပြန်၍ပြောဆိုသည်တွင်၊ တကျပ်ဖြင့် မပေးနိုင်လျှင် နှစ်ကျပ်ဖြင့်ပေးပါ၊ သုံးကျပ်ဖြင့်ပေးပါ....ဤနည်းအတိုင်း တိုး၍ တိုး၍ မိမိ၌ ပါရှိသောငွေ (၁၂)တဆယ့်နှစ်ကျပ် အကုန်ထုတ်၍ ပေးပါသော်လည်း မရောင်းနိုင်ဟု(တဆယ့်နှစ်ကျပ်အပြင် ရှိသေးသည်အထင်နှင့်) ငြင်းပယ်ခဲ့လေသည်။

http://www.dhammadownload.com



ထိုအခါ ဒါရုဘဏ္ဍကတိဿက "အကျွန်ုပ်မှာ တဆယ့်နှစ်ကျပ်အပြင် အပိုငွေ မရှိတော့ပါ၊ ရှိလျှင် ပေးပါသည်၊ ယခု အကျွန်ုပ် ဝယ်ခြင်းမှာလည်း ကျွန်ုပ် စားရန် မဟုတ်ပါ၊ ထို (ဟို)သစ်ပင်ရင်းမှာ အရှင်သူမြတ်ဘုရားကို ဆွမ်းကပ် လိုသည့်အတွက် စောင့်ဆိုင်းနေတော်မူပါရန် တောင်းပန်အပ်ပြီး ဖြစ်နေပါသည်၊ သင့်အားလည်း ကုသိုလ်ဖြစ်နိုင်ပါသည်၊ ဤ တဆယ့်နှစ်ကျပ်ဖြင့်ပင် သင်၏ ထမင်းထုပ်ကို ပေးပါ"ဟု တောင်းပန်မှ ငွေတဆယ့်နှစ်ကျပ်ဖြင့် ဈေးဟည့်၍ ထမင်းထုပ်ကို ရလေသည်။

ဒါရုဘဏ္ဍကတိဿသည်လည်း ဝမ်းသာအားရ ယူဆောင်ခဲ့ပြီးလျှင် မထေရ် လက်မှ သပိတ်ကိုတောင်း၍ ဆွမ်းလောင်းလှူသည်တွင်၊ မထေရ်က တဝက် မျှသာလက်ခံ၍ သပိတ်ကို ပိတ်သည်ရှိသော်၊ "အရှင်ဘုရား....ဤဆွမ်းကား တယောက်စာသာ ရှိပါသည်၊ ဤဆွမ်းထဲမှ တပည့်တော် မစားနိုင်ပါ၊ အရှင် ဘုရားတို့အတွက် တပည့်တော် ဤဆွမ်းကို ရှာကြံ၍ ရအပ်ပါသည်၊ တပည့်တော် အား သနားသဖြင့် အလုံးစုံကို အလှူခံပါ"ဟု တောင်းပန်မှ အလုံးစုံကို လှူခွင့် ရလေသည်။

မထေရ်သည်လည်း အားလုံး ဘုဉ်းပေးပြီးမှ လမ်းဆက်လက်၍ လာခဲ့ကြရာ ဒကာ၏ အကျိုးအကြောင်းကို မေးသည်တွင် ဒါရုဘဏ္ဍကတိဿသည် အကြောင်းအရာ အလုံးစုံကို ဖွင့်၍လျှောက်ဆို၏။ ထိုအခါ မထေရ်မှာ အလွန် တရာ ထိတ်လန့်ခြင်း သံဝေဂတရား ဖြစ်ပွါးကာ "ဤဒါယကာသည် ဒုက္ကရဒါန ကို ပြုရှာပေသည်၊ ငါကား ဤသို့သဘောရှိသော ဒုက္ကရဒါနဆွမ်းကို စားပြီး လျှင် ဤဒါယကာ၏ ကျေးဇူးသိသူ ကတညူပုဂ္ဂိုလ် ဖြစ်သင့်လှပေသည်၊ သင့် လျော်သောနေရာကို ရရှိပါက ထိုနေရာမှာပင် အရေ အသား အသွေးတို့ ခန်း ခြောက်ကုန်သော်လည်း အရဟတ္တဖိုလ်ကို မရလျှင် ထိုတင်ပလ္လင်မှ ငါမထ တော့ပြီ"ဟု ကြံစည်ပြီးလျှင် မဟာဂါမသို့ ရောက်သောအခါ ဆရာ ဒကာ လမ်းခွဲ၍ သွားကြလေ၏။

မထေရ်မှာ "တိဿမဟာဝိဟာရ ကျောင်းတိုက်"သို့ ရောက်၍ နေထိုင်ရန် ကျောင်းတဆောင်ရသောအခါ ထိုကျောင်းအတွင်းသို့ ဝင်ပြီးလျှင် နေရာထိုင် ကို ခင်း၍ ကောင်းစွာထိုင်လျက် "ကိလေသာကုန်ခန်း ရဟန္တာဖြစ်မှ ဤနေ ရာက ထမည်"ဟု ဆုံးဖြတ်ကာ တရားနှလုံးသွင်းလျက် နေတော်မူ၏။ ဆွမ်းခံ ချိန်ကျသော်လည်း ဆွမ်းခံခြင်း ပလိဗောဓကို ပယ်ဖြတ်၍ ကမ္မဋ္ဌာန်းကိုသာ အားထုတ်တော်မူခဲ့ရာ ခုနစ်ရက်မြောက်သောနေ့ အရုဏ်တက်သောအခါ ပဋိ- သမ္ဘိဒါလေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ (ရဟန္တာဖြစ်၍) ဤသို့

http://www.dhammadownload.com



ကြံစည်စဉ်းစားတော်မူလေသည်၊ "ငါ၏ ကိုယ်ခန္ဓာကား အလွန်ပင် ပင်ပန်းနွမ်းနယ်လှလေပြီ၊ ငါ၏ အသက်သည် ရှေ့သို့ဆက်၍ နေ့ရက်ရှည်ကြာ တည်ပါဦးမည်လော၊ မတည်မည်လော"ဟု စဉ်းစားတော်မူသည်တွင် ဇီဝိတရုပ်နာမ်သန္တာန်ဆက်စည် မတည်နိုင်ကြောင်း ကောင်းစွာ သိမြင်၍၊ ကျောင်း အိပ်ရာနေရာများကို သိုမှီးသိမ်းဆည်းပြီးလျှင် မိမိ၏ သပိတ်သင်္ကန်းကို ယူဆောင်တော်မူကာ ကျောင်းတိုက်၏အလယ် ညီမူစည်းဝေးရာဌာနသို့ ကြွ၍ စည် အတီးခိုင်းကာ ရဟန်းသံဃာကို စည်းဝေးစေလေသည်။

သံဃာတော်များ စည်းဝေးမိသောအခါ သံဃမဟာထေရ်က "အဘယ် ရဟန်းသည် သံဃာကို စည်းဝေးစေအပ်သနည်း"ဟု မေးမြန်းသောအခါ ပိဋ္ဋပါတ်ခုတင်ဆောင် တိဿမထေရ်မြတ်က "တပည့်တော် စည်းဝေးစေအပ်ပါသည်ဘုရား"ဟု လျှောက်ထားလေသည်။ "အဘယ်အကျိုးငှါ စည်းဝေးစေအပ်သနည်း သူတော်ကောင်း ..."ဟု မေးမြန်းသောအခါ "အခြားတပါး ကိစ္စအမှု မရှိပါဘုရား၊ မဂ်တရား ဖိုလ်တရား၌ ယုံမှားသံသယ မကင်းကြသောပုဂ္ဂိုလ်များ ရှိပါလျှင် တပည့်တော်ကို မေးမြန်းစေလို၍ စည်တီးစေပါကြောင်း" လျှောက်ထားလေသည်။

ထိုအခါ သံဃမဟာထေရ်က မေးမြန်းဘို့ကိစ္စမရှိကြောင်း၊ ငါ့ရှင်သာလျှင် အဘယ့်ကြောင့် ဤကဲ့သို့ အသက်ကိုပင်စွန့်၍ ခဲခဲယဉ်းယဉ်း အားထုတ်သနည်းဟု မေးမြန်းတော်မူသည်တွင် ဖြစ်ပျက်ပုံ အလုံးစုံကို လျှောက်ထားပြီးနောက်၊ "ဘုရားတပည့်တော်သည် ယနေ့ပင် ပရိနိဗ္ဗာန် စံရပါတော့မည်၊ ဘုရားတပည့်တော်၏ အလောင်းတင်ကြာကလာပ်သည် ဆွမ်းဒါယကာဖြစ်သူ ဒါရုဘဏ္ဍကတိဿ လက်နှင့် လာ၍ မချီမမပဲ မလှုပ်မရှား တည်နေပါစေ၊ သူ့ လက်နှင့် ချီမမှ ကြွပါစေ"ဟု အဓိဋ္ဌာန်ပြုပြီးလျှင် ထိုနေ့ပင် ပရိနိဗ္ဗာန် စံလွန်တော်မူလေ၏။

ထိုအခါ ကာကဝဏ္ဏတိဿ ဘုရင်မင်းမြတ်သည် လာပြီးလျှင် ကြာကလာပ်ပေါ်မှာ အလောင်းကိုတင်၍ လောင်တိုက်ရှိရာသို့ ယူဆောင်စေသည်တွင် လှုပ်ရှား၍ မရအောင်ရှိနေသဖြင့် အကြောင်းကို မေးမြန်းသိရှိသောအခါမှ ဒါရုဘဏ္ဍကတိဿကို ခေါ်စေပြီးလျှင် မြတ်သောအဆင်တန်းဆာတို့ကို ဝတ်ဆင်စေ၍ ကြာကလာပ်ကို အချီအမ ခိုင်းတော်မူလေ၏။ ဒါရုဘဏ္ဍကတိဿ လက်ဖြင့် ချီမ၍ ဦးခေါင်းထက်သို့ တင်လိုက်သောအခါ ကြာကလာပ်သည် ကောင်းကင်သို့ ကြွတက်ကာ လောင်တိုက်သို့ ရောက်သွားကြောင်း အကျယ်ဖွင့်ပြ ရေးသားထားတော်မူသည်။

http://www.dhammadownload.com



ဤဒိရှဘာဏကတိဿ၏ မိမိရင်သွေး သမီးကလေးကို ရွေးနုတ်ရန် ခြောက်လ ဝိုင်တိုင် အပင်ပန်းခံ၍ ရှာဖွေမှ ရခဲ့သော ငွေဆယ့်နှစ်ကျပ်ကို မတွန့်မတို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား လှူဒါန်းနိုင်ခြင်းသည် အလွန်တရာ ပြုနိုင်ခဲသောဒါန ဖြစ်၍ ဒုက္ကရဒါနမည်၏။

ဤအတူ ဓမ္မပဒအဋ္ဌကထာ ဆယ်ခုမြောက် ဒဏ္ဍဝဂ် ဆယ့်တစ်ခုမြောက် ဖြစ်သော သုခသာမဏေရဝတ္ထုတွင် သုခသာမဏေအလောင်းသည် သူဆင်းရဲ ဖြစ်စဉ်အခါ ဂန္ဓသူဌေးကြီး၏ မွန်မြတ်လှစွာသော ထမင်းတနပ်စာကို စားလို သည့်အတွက် သုံးနှစ်တိုင်တိုင် အခစားလုပ်မှ ကျွေးနိုင်မည်ဟု ဂန္ဓသူဌေးကြီး ပြောသဖြင့် သုံးနှစ်တိုင်တိုင် အခစားလုပ်၍ ထမင်းတနပ်စာကို ရရှိကာ စား တော့မည့်ဆဲဆဲတွင် ပစ္စေကဗုဒ္ဓါအရှင်မြတ် ကြွလာတော်မူသဖြင့် အလွန်တရာ စားချင်လှ၍ သုံးနှစ်တိုင်တိုင် စွန့်စွန့်စားစား အားထုတ်လုပ်ကိုင်မှ ရသော ထမင်းတနပ်စာကို မတွန့်မတို လှူဒါန်းလိုက်ခြင်းသည်ရင်း (ဝတ္ထုအကျယ်ကို ဓမ္မပဒ၌ ကြည့်ရှုရာ၏။)

ပဏ္ဏာသနိပါတ် ဥမ္မာဒန္တီဇာတ်တွင် ဥမ္မာဒန္တီအလောင်း သူဆင်းရဲမကလေး သည် သုံးနှစ်အခစားလုပ်မှ ရရှိသည့် ဝတ်ပန်းဆိုးသော အဝတ်ကို ဝမ်းသာ အားရ ဝတ်တော့မည့်ဆဲဆဲတွင် လူဆိုးများ သက်န်းကို အလုခံရသော ကဿပ မြတ်စွာဘုရား၏ တပည့်ရဟန်းနှင့်တွေ့ကာ မိမိအလွန်တရာ ဝတ်ချင်လှစွာသော အဝတ်ကို မဝတ်ပဲ ရဟန်းအား လှူဒါန်းလိုက်ခြင်းများသည်ရင်း ဒုက္ကရဒါနပင် ဖြစ်သည်။

အကြီးအကျယ် အံ့သြလောက်အောင် လှူဒါန်းခြင်းဒါနသည်ကား မဟာ ဒါနမည်၏။ သီရိဓမ္မာသောကမင်းကြီး၏ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်အား ပူဇော်လှူဒါန်းပွဲကြီးသည် အလွန်တရာကြီးကျယ်သော မဟာဒါနကြီးပင် ဖြစ်၏၊ ထို့ကြောင့်ပင်—

> "ဤ ဘုရားသာသနာတော်မှာ ပစ္စည်းအများအပြား လှူဒါန်း ရာတွင် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်မှာပင် အသင်မင်းကြီး နှင့်တူသော ပစ္စည်းလေးပါးဒါယကာ မရှိ၊ အသင်မင်းကြီး၏ အလှူဒါန သည်သာ အကြီးကျယ်ဆုံး ဖြစ်သည်"—

ဟု အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် မိန့်ကြားတော်မူခဲ့ပေသည်။

ဤ သီရိဓမ္မာသောကမင်းကြီး၏ အလှူမှာ ပစ္စည်းလှူသော ဒါယကာတို့တွင် အသာဆုံး အကြီးကျယ်ဆုံးဟု အရှင်မဟာမောဂ္ဂလိ

http://www.dhammadownload.com



ပုတ္တတိဿမထေရ် ဟောတော်မူအပ်သော်လည်း မည်သူနှင့်မျှ အရှုံး အနိုင် ယှဉ်ပြိုင်ရသည်မဟုတ်၊ မိမိအလိုအဝိုင်း ပြုလုပ်ခြင်းသာဖြစ်၍ သဒ္ဓိသ, အသဒိသ သဘောကို ထုတ်ဖော်ပြောဆိုရန် မလို။ ရှေး၌ပြခဲ့ပြီး သော ပသေနဒီကောသလမင်းကြီး၏ အလှူမှာ ပြည်သူလူထုနှင့် ယှဉ်ပြိုင်တုပ ပြုလုပ်ကြသောအရာဖြစ်၍ အသဒိသဟူသော အမည်ကို ရရှိသည်ဟု မှတ်ယူအပ်၏။

ပြုလုပ်ရန် ခဲယဉ်းသည်လည်းမဟုတ်၊ ကြီးကျယ်များပြားလှသည်ဟု ပြောဆို ဖွယ်ရာလည်း မရှိသော အလှူဟူသမျှသည် သာမညဒါနချည်းသာ ဖြစ်၏။

ထိုမှတပါးလည်း ဝိနယ ပရိဝါရပါဠိတော်နှင့် ထိုအဋ္ဌကထာ(ကေ့တ္တရိကနယ အဖွင့်)တွင်—

(၁) သံဃာတော်အား လှူဒါန်းမည်ဟု နှုတ်မြွက်ညွှတ်ကိုင်းထားပြီး သောပစ္စည်းကို ညွှတ်ကိုင်းရင်း သံဃာတော်အားသာ လှူဒါန်း ခြင်း၊

(၂) စေတီတော်အား လှူဒါန်းမည်ဟု နှုတ်မြွက်ညွှတ်ကိုင်းထားပြီး သော ပစ္စည်းကို ညွှတ်ကိုင်းရင်း စေတီတော်အားသာ လှူဒါန်း ခြင်း၊

(၃) ပုဂ္ဂိုလ်တပါးပါးအား လှူဒါန်းမည်ဟု နှုတ်မြွက်ညွှတ်ကိုင်းထား ပြီးသော ပစ္စည်းကို ညွှတ်ကိုင်းရင်း ပုဂ္ဂိုလ်အားသာ လှူဒါန်း ခြင်း—

ဟူ၍ ဓမ္မိကဒါန သုံးပါးရှိကြောင်း ဟောပြဖွင့်ဆိုထားသည်။ (တရားသဖြင့် လှူဒါန်းအပ်သောဒါန၊ သို့မဟုတ် တရားနှင့် ညီညွှတ်သင့်လျော်သောဒါနဟု ဆိုလိုသည်။)

(ဤ ဓမ္မိကဒါနသုံးပါးအကြောင်းကို နောက်မှ အဓမ္မိကဒါန ကိုးပါး နှင့်တွဲစပ်၍ ပြဆိုမည်။)

သုံးပါးတွဲ ဒါနစု ပြီး၏။

http://www.dhammadownload.com



## ငါးပါးတွဲ ဒါနစု

သဘောရင်းအားဖြင့် ဒါနသည် လေးပါးရှိသည်ဟူ၍ ကျမ်းဂန်တို့၌ တိုက်ရိုက် အပြအဆို မရှိကြ။ ရှေးက ဝတ္ထုဒါနအရာတွင် ပြဆိုခဲ့သည့်အတိုင်း ဝိနည်းဒေသနာတော်အလို ပစ္စည်းလေးပါးရှိသဖြင့် ဒါနလေးပါးရှိသည်ကို ဤအရာ၌ ပြဆိုလိုက—

၁။ စီဝရဒါန=အဝတ်သင်္ကန်း လှူဒါန်းခြင်း၊

၂။ ပိဏ္ဍပါတဒါန=ဆွမ်းခဲဖွယ်ဘောဇဉ် လှူဒါန်းခြင်း၊

၃။ သေနာသနဒါန=ကျောင်း အိပ်ရာ နေရာ လှူဒါန်းခြင်း၊

၄။ ဘေသဇ္ဇဒါန=ဆေးပစ္စည်း လှူဒါန်းခြင်း—

ဟူ၍ လေးပါးစုဒါနအဖြစ်ဖြင့် ပြဆိုသင့်ပေ၏။

ထိုမှတပါးလည်း ဒက္ခိဏာဝိသုဒ္ဓိ=(အလှူ၏ စင်ကြယ်ခြင်း) လေးပါးကို စွဲ၍—

၁။ လှူသူ သီလရှိ၍ ခံယူသူ သီလမရှိသော ဒါန၊

၂။ ခံယူသူ သီလရှိ၍ လှူသူ သီလမရှိသော ဒါန၊

၃။ လှူသူ ခံယူသူ နှစ်ဦးလုံးပင် သီလမရှိသော ဒါန၊

၄။ လှူသူ ခံယူသူ နှစ်ဦးလုံးပင် သီလရှိသော ဒါန—

ဟူ၍ ဒါနလေးပါး တနည်းအားဖြင့် မှတ်သားသင့်ပေ၏။

ငါးပါးစုအားဖြင့် အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ် သုမနဝဂ် (၆) ကာလဒါနသုတ်၌—

၁။ ဧည့်သည် အာဂန္တုအား လှူဒါန်းခြင်း၊

၂။ ခရီးထွက်မည့် ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊

၃။ မကျန်းမာသော ပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊

၄။ ငတ်မွတ်ခေါင်းပါးသောအခါ လှူဒါန်းခြင်း၊

၅။ လုပ်ကိုင်ရရှိသော ကောက်ပဲသီးနှံတို့မှ ဦးဦးဖျားဖျားကို သီလဝန္တ ပုဂ္ဂိုလ်များအား လှူဒါန်းခြင်း—

အားဖြင့် ကာလဒါနငါးပါးရှိသည်ဟု ဟောတော်မူ၏၊ (အချိန်အခါနှင့်လျော်စွာ လှူဒါန်းအပ်သောဒါနငါးပါးဟု ဆိုလိုသည်။)

http://www.dhammadownload.com



ဤကာလဒါနငါးပါးတွင် ငါးခုမြောက်ဖြစ်သော ဒါနမှာ မိမိတို့ ရရှိသော ကောက်ပဲသီးနှံကို လှူဒါန်းခြင်းဟူ၍ ဟောတော်မူခြင်းမှာ တောင်သူလယ်သမားများအတွက် ရည်ရွယ်၍ ဟောတော်မူခြင်းဖြစ်သည်။ တောင်သူ လယ်သမား မဟုတ်သူတို့မှာလည်း မိမိဆိုင်ရာ အလုပ်အကိုင်မှ ရရှိလာသော ပစ္စည်း ဦးဦးဖျားဖျားကို လှူဒါန်းခြင်းသည်လည်း သဘောအတူတူပင် ဖြစ်ဆင့်သည်။

## အသပ္ပုရိသ ဒါနငါးပါး

## (သူတော်ကောင်းမဟုတ်သူတို့၏ လှူခြင်းငါးမျိုး)

၁။ လှူဘွယ်ဝတ္ထုကို စင်ကြယ်ကောင်းမွန်အောင် စီမံပြုပြင်ခြင်းမရှိပဲ လှူဒါန်းခြင်း၊

၂။ စိတ်ထဲမှာ ရှိသေလေးမြတ်မှု မရှိပဲ လှူဒါန်းခြင်း (လှူဘွယ်ဝတ္ထုကို ဂရုမစိုက် စိတ်၌မထားပဲ လှူဒါန်းခြင်း)၊

၃။ မိမိကိုယ်တိုင် ကိုင်တွယ်၍ လှူဒါန်းသင့်ပါလျက် ကိုင်တွယ်၍ မလှူဒါန်းခြင်း(ပါယာသိမင်းကဲ့သို့ ကိုယ့်ပစ္စည်းကို ကိုယ်တိုင်မလှူ ဥတ္တရလုလင်တို့ကဲ့သို့ အစေအပါးတို့ကို လှူစေခြင်း)၊

၄။ ထမင်းကြွင်း ဟင်းကျန်စသည့် စွန့်ပစ်အပ်သော ပစ္စည်းကိုကဲ့သို့ လှူဒါန်းခြင်း၊

၅။ ဤလှူဒါန်းမှုကြောင့် နောက်အခါဝယ် ကောင်းကျိုးကေန် ရောက်လာလိမ့်မည်ဟု သိရှိသော ကမ္မဿကတာပညာ မရှိပဲ လှူဒါန်းခြင်း။

## သပ္ပုရိသ ဒါနငါးပါး

## (သူတော်ကောင်းတို့၏ လှူခြင်းငါးမျိုး)

၁။ လှူဘွယ်ဝတ္ထုကို စင်ကြယ်ကောင်းမွန်အောင် စီမံပြုပြင်၍ လှူဒါန်းခြင်း၊

၂။ စိတ်ထဲမှာ ရှိသေလေးမြတ်မှုရှိ၍ လှူဒါန်းခြင်း (လှူဘွယ်ဝတ္ထုကို ဂရုတစိုက် စိတ်၌ ထား၍ လှူဒါန်းခြင်း)၊

၃။ မိမိကိုယ်တိုင် ကိုင်တွယ်လှူဒါန်းခြင်း (အစမထင် သံသရာတခွင်၌ လက်ခြေကို မရသည့် ဘဝကား များလှပြီ၊ လက်ခြေအင်္ဂါပြည့်စုံသည့် ယခုဘဝဝယ် ရသောလက်ဖြင့် ဘဝမှလွတ်မြောက်ရေးကို အားထုတ်မည်ဟု ဆင်ခြင်၍ ကိုယ်တိုင်ကိုင်တွယ်၍ လှူဒါန်းခြင်း)၊

http://www.dhammadownload.com



၄။ ထမင်းကြွင်း ဟင်းကျန်စသည့် စွန့်ပစ်အပ်သော ပစ္စည်းမျိုးကို ကဲ့သို့ မဟုတ်ပဲ ဂရုတစိုက် လှူဒါန်းခြင်း၊

၅။ ဤလှူဒါန်းမှုကြောင့် နောက်အခါဝယ် ကောင်းကျိုးကေန် ရောက်လိမ့်မည်ဟု သိရှိသော ကမ္မဿကတာ ပညာရှေ့သွားပြု၍ လှူဒါန်းခြင်း။

(ဤဆိုအပ်ပြီးသော အသပ္ပုရိသဒါန ငါးပါး, သပ္ပုရိသဒါန ငါးပါးတို့ကို အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ် တိကဏ္ဍကဝဂ် ခုနစ်ခုမြောက် သုတ်၌ ဟော တော်မူအပ်သည်။)

## တနည်း သပ္ပုရိသဒါန ငါးပါး

၁။ ကံ-ကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါတရားဖြင့် လှူဒါန်းခြင်း၊

၂။ လှူဘွယ်ဝတ္ထုကို စင်ကြယ်မွန်မြတ်အောင် ကောင်းစွာပြုလုပ်၍ လှူဒါန်းခြင်း၊

၃။ အချိန်အခါနှင့် သင့်လျော်စွာ လှူဒါန်းခြင်း၊ သင့်လျော်လျောက် ပတ်သောအချိန်၌ လှူဒါန်းခြင်း (ဆွမ်းလှူသင့်သော အချိန်၌ ဆွမ်းကိုလှူခြင်း၊ သက်န်းလှူသင့်သော အချိန်၌ သင်္ကန်းကို လှူခြင်းစသည်)၊

၄။ အလှူခံပုဂ္ဂိုလ်ကို ချီးမြှောက်လိုသော စိတ်ထားဖြင့် လှူဒါန်းခြင်း၊

၅။ မိမိဂုဏ်ကိုရင်း သူတပါးဂုဏ်ကိုရင်း အစွန်းအငြိ အထိအခိုက်မရှိ စေပဲ လှူဒါန်းခြင်း။

ထိုဒါနငါးပါးကို အစဉ်အတိုင်း (၁)သဒ္ဓါဒါန၊ (၂)သက္ကစ္စဒါန၊ (၃)ကာလဒါန၊ (၄)အနုဂ္ဂဟဒါန၊ (၅)အနုပဃာတဒါနဟု မှတ်ထားပြီးလျှင်၊ ထိုငါးပါး လုံးကြောင့်ဝင် ကြွယ်ဝချမ်းသာ ဥစ္စာစီးပွါး များပြားခြင်းအကျိုးကို ရနိုင်သည့် ပြင်၊ (၁)သဒ္ဓါဒါနကြောင့် အဆင်းလှခြင်း၊ (၂)သက္ကစ္စဒါနကြောင့် အခြွေအရံ ပရိသတ်များ မိမိ၏စကားကို လိုက်နာခြင်း၊ (၃)ကာလဒါနကြောင့် လိုအပ် သောအချိန်ကာလဝယ် လိုအပ်သော အကျိုးတရားတို့ကို များစွာရနိုင်ခြင်း၊ (၄)အနုဂ္ဂဟဒါနကြောင့် ရရှိသောစည်းစိမ် မွန်မြတ်သော အသုံးအဆောင် တို့ကို သုံးဆောင်ရန် စိတ်ဆန္ဒရှိခြင်း သုံးဆောင်ရခြင်း၊ (၅)အနုပဃာတဒါန ကြောင့် ရရှိသော စည်းစိမ်တို့ကို ရန်သူမျိုးငါးပါးတို့ အထိအပါး မခံရခြင်း တည်းဟူသော အကျိုးထူး အသီးသီးကို ရရှိနိုင်ကြောင်း အထူးမှတ်ယူရာ၏။

http://www.dhammadownload.com



အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ် တိကဏ္ဍကဝင် ရှစ်ခုမြောက်သုတ်၌ ဤတနည်း သပ္ပုရိသဒါနကို ဟောတော်မူသည်။ ထိုသပ္ပုရိသဒါန ငါးမျိုးကို ပြောင်းပြန်လှန်လိုက်လျှင် တနည်း အသပ္ပုရိသ ဒါနငါးမျိုးဖြစ်နိုင်၏။ ပါဠိတော်၌ တိုက်ရိုက်အားဖြင့် ပြောင်းပြန်လှန်၍ ဟောထားချက်မရှိသော်လည်း ဖြစ်သင့်သမျှ ပြောင်းပြန်လှန်၍ ယူသော်....

၁။ ကံ-ကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါတရားမရှိပဲ အတုအပမျှ (သို့မဟုတ်) အကဲ့ရဲ့လွတ်ရုံမျှ လှူဒါန်းခြင်း အသဒ္ဓိယဒါန၊ (ဤဒါနကြောင့် စည်းစိမ်ဥစ္စာရှိပါသော်လည်း အင်္ဂါအဆင်း မပြည့်စုံပဲ ရှိတတ်သည်။)

၂။ လှူဘွယ်ဝတ္ထုကို စင်ကြယ်မွန်မြတ်အောင် ကောင်းစွာမပြုပဲ ဖြစ်ကတတ်ဆန်း လှူဒါန်းခြင်း အသက္ကစ္စဒါန၊ (ဤဒါနကြောင့် စည်းစိမ်ဥစ္စာ ရှိပါသော်လည်း အခြွေအရံ ပရိသတ်များ မိမိစကားကို မလိုက်နာပဲ ရှိတတ်သည်။)

၃။ အချိန်အခါမဟုတ်ပဲ လှူဒါန်းခြင်း အကာလဒါန၊ (ဤဒါနကြောင့် စည်းစိမ်ဥစ္စာရှိပါသော်လည်း လိုအပ်သောအချိန်အခါ၌ လိုအပ်သော အကျိုးတရားတို့ကို များများမရနိုင်ပဲ ရှိတတ်သည်။

၄။ အလှူခံပုဂ္ဂိုလ်ကို ချီးမြှောက်လိုသောစိတ်မရှိပဲ ဝတ်ကျေတမ်းကုန် လှူဒါန်းခြင်း အနနုဂ္ဂဟဒါန၊ (ဤဒါနကြောင့် စည်းစိမ်ဥစ္စာရှိပါသော်လည်း မွန်မြတ်သော အသုံးအဆောင်တို့ကို သုံးဆောင်ရန် စိတ်ဆန္ဒမရှိ၊ မသုံးဆောင်ရပဲ ရှိတတ်သည်။)

၅။ မိမိဂုဏ်ကိုဖြစ်စေ သူတပါးဂုဏ်ကိုဖြစ်စေ စွန်းငြိထိပါး၍ လှူဒါန်းခြင်း ဥပဃာတဒါန၊ (ဤဒါနကြောင့် စည်းစိမ်ဥစ္စာ ရပါသော်လည်း ရန်သူမျိုးငါးပါးတို့ ဖျက်ဆီး၍ ပျက်စီးတတ်သည်။)

ဤကဲ့သို့ အသပ္ပုရိသ ဒါနငါးမျိုးရှိသည်ဟု မှတ်ယူနိုင်၏။ ဤသပ္ပုရိသဒါန အသပ္ပုရိသဒါနတို့၌လာသော ကာလဒါန, အကာလဒါနတို့ကို ထောက်ထား၍ စေတနာကောင်းဖြင့်ပင် ဖြစ်သော်လည်း မြတ်စွာဘုရားမှာ နေ့အခါ ဆီမီး ညီထွန်းပူဇော်ခြင်း မွန်းလွဲပြီးနောက် ခဲဖွယ်ဘောဇဉ် တင်လှူခြင်း စသည်တို့ကို မပြုမိအောင် သတိဆောင်ရာ၏။

လူဘို့က ကုသိုလ်ကောင်းမှုဟု သတ်မှတ်သမုတ်အပ်သော်လည်း စင်စစ်မှာ အကုသိုလ်မကောင်းမှုသာ ဖြစ်နေဇသာ ဒါနတို့သည်....

http://www.dhammadownload.com



(၁) မဇ္ဇဒါန=သေ အရက် အလှူ၊

(၂) သမဇ္ဇဒါန=ပွဲသဘင် အလှူ၊

(၃) ဣတ္ထိဒါန=မည်သူမဆို အလိုရှိသောသူများ သွားလာကြရန် ပြည့်တန်ဆာမများကို ငှါးထားသောအလှူ၊

(၄) ဥသဘဒါန=နွားမများရှိရာသို့ နွားသိုးကို အလိုရှိသလို မြူးထူး ပျော်ပါးရန် လွှတ်ပေးခြင်း အလှူ၊

(၅) စိတ္တကမ္မဒါန=မသင့်မလျော်သော ရုပ်ပုံများကို ရေးသားလှူ ဒါန်းခြင်းအလှူ—

အားဖြင့် ငါးပါးရှိသည်ဟု ဝိနည်းပရိဝါပါဠိတော်၌ ဟောကြားတော်မူ အပ်သည်။

ဤငါးပါးကိုလှူရာ၌ မကောင်းမှု အကုသိုလ်သာဖြစ်သည်ဟု ဟောကြား ခြင်းမှာ ဤငါးမျိုးကို လှူဒါန်းရာ၌ စိတ်စေတနာကောင်း ထားနိုင်ဖွယ်ရာ မရှိသောကြောင့်ပင်ဖြစ်၏။ လူများ၏ အထင်ကမူ....ဘိန်းပြတ်၍ သေတော့မည် ဆဲဆဲဖြစ်နေသော ဘိန်းသမားကို တွေ့လျှင် "ဤသူသည် ဘိန်းမစားရက သေမည် ဧကန်ဖြစ်သောကြောင့် မသေရအောင် သူ၏အသက်ကို ငါဆက်၍ ပေးမည်"ဟု သဘောထားကာ ဘိန်းခွဲ၍ပေးလိုက်လျှင် ဇီဝိတဒါနကုသိုလ် ဖြစ်သည်ဟု ထင်မှတ်တတ်ကြ၏။ စင်စစ်မှာ ကုသိုလ်မဖြစ်နိုင်၊ အကြောင်းကား ဤမစားသင့်သောဘိန်းကို စားစေလိုခြင်းသည် ကုသိုလ်စိတ်မဟုတ်၊ အကုသိုလ် စိတ်သာ ဖြစ်သောကြောင့်တည်း။ အရက်စသည်တို့၌လည်း ဤနည်းအတိုင်း မှတ်ယူရာ၏။

ဝေဿန္တရာဇာတ်တော်၌ အလောင်းတော် ဝေဿန္တရာမင်းကြီးသည် မဟာ ဒါနကြီးကို ပေးလှူရန် ဒါနဝတ္ထု ခင်းကျင်းစီစဉ်ထားရာတွင် သေအရက်ကိုပင် ပါဝင်စေသည်ဟု အဋ္ဌကထာ၌ ပြဆို၏။

ဤအချက်၌ မလှူကောင်းသောအရက်ကို ဝေဿန္တရာမင်းကြီး လှူဘွယ် ဝတ္ထုခင်းကျင်းရာ၌ ထည့်ထားခြင်းသည် သေသောက်ကြူး(အရက်သမား)တို့ သောက်စားစေလိုသော စိတ်ဆန္ဒလုံးဝမရှိ၊ သောက်စေလိုသော စိတ်ကသာလျှင် အကုသိုလ်ဖြစ်သည်၊ ဝေဿန္တရာမင်းကြီးကမူကား သောက်စားစေလိုသောစိတ် အလျဉ်းမရှိပဲ သူ၏အလှူကြီးထဲမှာ သေအရက် လှူဘွယ်ဝတ္ထုမပါဟု သူတပါး က ပြောဆိုစွပ်စွဲခြင်းမှ ကင်းလွတ်စေခြင်းငှါ ထည့်သွင်းထားခြင်း ဖြစ်သည်ဟု အကြောင်းပြကြ၏။

http://www.dhammadownload.com



သေချာစွာစိစစ်ပါလျှင် ဝေဿန္တရာမင်းကြီးကဲ့သို့သော ပုဂ္ဂိုလ်မြတ်ကြီးသည် မစွပ်စွဲထိုက်ပဲ သူတပါးတို့က စွပ်စွဲမည်ကို ကြောက်ရွံ့စိုးရိမ်လိမ့်မည် မဟုတ်ပေ၊ စင်စစ်မှာ....သေအရက်ကိုသောက်မှသာ အပြစ်ရှိသည်၊ မသောက်ပဲ ဆေးအဖြစ်ဖြင့် အပြင်အပက လိမ်းကျံခြင်း စသည် သုံးသင့် သုံးထိုက်သော နည်းဖြင့် အသုံးပြုက အကုသိုလ်မဖြစ်နိုင်ပေ၊ ဤကဲ့သို့ အကုသိုလ်မဖြစ်နိုင်သည့် အပြင်အပက လိမ်းကျံခြင်းစသော ကိစ္စအတွက် အလိုရှိသော သူများအား လှူဒါန်းလိုခြင်းကြောင့် ထည့်သွင်းထားခြင်းဖြစ်သည်ဟု မှတ်ယူသင့်ပေသည်။

သမဇ္ဇဒါနစသော နောက်လေးပါးတို့မှာကား မည်သည့်နည်းနှင့်မျှ စေတနာကောင်းထား၍ မဖြစ်နိုင်သော ဒါနများသာ ဖြစ်သည်။

## မဟာဒါန ငါးပါး

အင်္ဂုတ္တိုရ်ပါဠိတော် အဋ္ဌကနိပါတ် လေးခုမြောက် (၄) ဒါနဝဂ်၊ နဝမ သုတ်၌၊ ၊ပဉ္စိမာနိ ဘိက္ခဝေ ဒါနာနိ မဟာဒါနာနိ....ဟူသော စကားကို အစချီ၍ ငါးပါးသီလကိုပင် မဟာဒါနကြီး ငါးပါးဟူ၍ အကျယ်ဟောကြားတော်မူ၏။

ဤပါဠိတော်ကြီး၌ ငါးပါးသီလကိုပင် မဟာဒါနကြီးငါးပါးအဖြစ် အကျယ်ဟောထားသည့်အတွက် "သီလကိုပင် ဒါနခေါ်သည်"ဟု မမှတ်ယူအပ်၊ မြတ်စွာဘုရားကလည်း ဒါနနှင့် သီလ-တရားကိုယ် မပြားတသားတည်း အနေဖြင့် ဟောတော်မူလိုသည်မဟုတ်။ သီလဟူသည် ကိုယ်နှုတ်နှစ်ပါးကို ကောင်းစွာ ထိန်းသိမ်းခြင်းဖြစ်၍ ဒါနဟူသည်မှာကား တစုံတရာကို ပေးစွန့်ခြင်း ဖြစ်သည်၊ ထို့ကြောင့် သီလကိုပင် ဒါနခေါ်သည်ဟု မမှတ်ယူအပ်။ စင်စစ်သော်ကား....ပါဏာတိပါတာ ဝိရတီသိက္ခာပုဒ်ကို ဆောက်တည်၍ သီလနှင့်ပြည့်စုံလျှင် ထိုသီလရှိသော သူတော်ကောင်းသည် သတ္တဝါတို့ကို သတ်ဖြတ်ခြင်းအမှု မပြုလုပ်တော့ပဲ အဘယဒါန=သတ္တဝါတို့အား ဘေးကင်းစေခြင်းအမှုကို ပေးသည်မည်၏။ ဤနည်းအတိုင်း သိက္ခာပုဒ် ငါးပါးလုံးကို စောင့်ထိန်းလိုက်သဖြင့် သတ္တဝါတို့အား ဘေးကင်းစေခြင်းအမှုကို ပေးလျှင် သီလအရင်းခံရှိသော ဒါနကိစ္စ ပါဝင်ပြီးစီးသွားသောကြောင့် သီလငါးပါးကို မဟာဒါန ငါးပါးဟု မြတ်စွာဘုရား ဟောတော်မူသည်ကို အထူးသတိချပ် သိမှတ်ရာ၏။

ငါးပါးတွဲ ဒါနစု ပြီး၏။

http://www.dhammadownload.com



ဒါနသည် သဘောရင်းအားဖြင့် လေးပါးအပြားရှိကြောင်းကို ပါဠိတော်တိုက်ရိုက် ဟောပြခြင်းမရှိ၊ ထိုသို့ မရှိသော်လည်း ဝိနည်းပရိယာယ်အားဖြင့် ပစ္စည်းလေးပါးကို စွဲ၍ သင်္ကန်းအလှူ ဆွမ်းအလှူ ကျောင်းအလှူ ဆေးအလှူဟူ၍ လေးပါး၊ ဒက္ခိဏာဝိသုဒ္ဓိလေးမျိုးကို စွဲ၍ ဒါယကာကသာ သီလရှိ၍ အလှူခံသူက သီလမရှိသောဒါန၊ အလှူခံသူကသာ သီလရှိ၍ ဒါယကာက သီလမရှိသောဒါန၊ နှစ်ဦးလုံး သီလမရှိသောဒါန၊ နှစ်ဦးလုံး သီလရှိသောဒါနဟု လေးပါး ပြဆိုသင့်သကဲ့သို့—၊

သဘောရင်းအားဖြင့် ခြောက်ပါးအပြားရှိကြောင်းကို ပါဠိတော်တိုက်ရိုက် ဟောပြခြင်းမရှိသော်လည်း အဘိဓမ္မာပရိယာယ်အားဖြင့် အာရုံခြောက်ပါးကို စွဲ၍ ထိုအာရုံခြောက်ပါးကို ဒါနဝတ္ထုပြုကာ ရူပဒါန=အဆင်းအလှူ၊ သဒ္ဒဒါန=အသံအလှူ စသည်ဖြင့် ခြောက်မျိုးရှိကြောင်းကို အဋ္ဌသာလိနီ အဋ္ဌကထာ (ဆဋ္ဌမူ စာမျက်နှာ ၁၁၉ စသည်)၌ အကျယ်တဝင့် ဖွင့်ပြထားသည်။

ဤနည်းအတူ ခုနစ်ပါးအပြားရှိကြောင်းကိုလည်း ပါဠိတော် တိုက်ရိုက် ဟောပြခြင်း မရှိသော်သည်း ရှေးကပြခဲ့ပြီးသည့် သံဃိကဒါနခုနစ်ပါးကိုပင် ခုနစ်ပါးစု ဒါနအဖြစ်ဖြင့် ပြဆိုလိုက ပြဆိုသင့်ပေသည်။ (ရှေးကပြခဲ့ပြီးဖြစ်၍ ဤ၌ မပြတော့ပြီ။)

## ရှစ်ပါးတွဲ ဒါနစု

အင်္ဂုတ္တိုရ်ပါဠိတော် အဋ္ဌကနိပါတ် လေးခုမြောက် (၄)ဒါနဝဂ်၊ ပဥ္စမသုတ်၌ ဒါနရှစ်ပါးရှိကြောင်းကို ဟောကြားတော်မူသည်။ ရှစ်ပါးဟူသော်ကား....

၁။ အလှူခံရောက်လာလျှင် ကြန့်ကြာ၍ မနေစေပဲ အရေးတယူ လှူဒါန်းခြင်း၊

၂။ အကဲ့ရဲ့ခံရမည်ကိုဍင်း အပါယ်သို့ကျရောက်မည်ကိုဍင်း ကြောက်၍ လှူဒါန်းခြင်း၊

၃။ မိမိအား ရှေးက ပေးကမ်းဘူးသောသူဟူ၍ မိမိက လှူဒါန်းခြင်း၊

၄။ ဤပုဂ္ဂိုလ်သည် ယခု ငါက ပေးလှူလိုက်လျှင် နောက်အခါ ငါ့အား ပြန်၍ ပေးလှူလိမ့်မည်ဟု ရည်ရွယ် လှူဒါန်းခြင်း၊

၅။ လှူဒါန်းခြင်းဟူသည် ကောင်းသောအလုပ်ဖြစ်သည်ဟု နှလုံးသွင်း၍ လှူဒါန်းခြင်း၊

http://www.dhammadownload.com



၆။ ငါသည် ချက်ပြုတ်၍ စားနေသူ ဖြစ်ပါလျက် မချက်မပြုတ်ရသော ပုဂ္ဂိုလ်အား မလှူဒါန်းပဲ စားသုံးခြင်းငှါ မသင့်ပေဟု နှလုံးသွင်း၍ လှူဒါန်းခြင်း၊

၇။ ဤအလှူကို ငါလှူလိုက်လျှင် ငါ၏ ကောင်းသော ဂုဏ်သတင်း ကျော်စောသံ လွှမ်းမိုးပြန့်နှံ့ သွားလိမ့်မည်ဟု နှလုံးသွင်း၍ လှူဒါန်းခြင်း၊

၈။ သမထဝိပဿနာ ဘာဝနာတရား အားထုတ်ရာမှာ စိတ်ကောင်းစွာ မတည်ကြည်နိုင်ရှိခဲ့သော် ထိုစိတ်တည်ကြည်စေရန် အဆင်တန်းဆာ ဖြစ်ဘို့ရန် ရည်ရွယ်လှူဒါန်းခြင်း—

ဤရှစ်ပါးတို့တည်း။

ထိုရှစ်ပါးတို့တွင် နောက်ဆုံးဖြစ်သော ဒါနသည်သာ အမြတ်ဆုံး ဖြစ်၏၊ အကြောင်းမှာ....ဤနောက်ဆုံး ဒါနသည် သမထဝိပဿနာ ဘာဝနာတရား အားထုတ်ရာမှာ စိတ်တည်ကြည် ရှင်လန်းလာအောင် အားပေးအားမြှောက်ပြုကာ ဈာန်မဂ်ဖိုလ်ကိုရကြောင်း သမထဝိပဿ နာတို့အား ကျေးဇူးများသော ဒါနထူးဖြစ်သောကြောင့်တည်း။ ရှေ့ဒါန ခုနစ်ပါးတို့မှာ ဤကဲ့သို့ သမထဝိပဿနာ ဘာဝနာစိတ်ကို အားပေးအားမြှောက် မပြုနိုင်ကြ။ ထိုမပြုနိုင်ကြသည့် ဒါနထဲတွင်လည်း (၁)အမှတ် ဒါနနှင့် (၅)အမှတ်ဒါန နှစ်ပါးတို့သည် မြတ်သောဒါနပင် ဖြစ်၏ (ပဏီတဒါနဟု ဆိုလိုသည်)။ (၇) အမှတ်ဒါနမှာ အညံ့စား ဟီနဒါန ဖြစ်၍၊ (၂)(၃)(၄)(၆)အမှတ်ပြ ဒါနတို့မှာ အလယ်အလတ် မဇ္ဈိမဒါနစုသာ ဖြစ်၏။

ဒါနနှင့်စပ်၍ ရှေးကပြခဲ့ပြီးသော ပုညဝိသယဒါန, လောကဝိသယဒါန နှစ်ပါးရှိရာတွင် ယခုဖော်ပြအပ်သော ဒါနရှစ်ပါး၌ ဖြစ်သင့်သည်အားလျော်စွာ လောကဝိသယ, ပုညဝိသယအားဖြင့် ခွဲခြားသိမှတ်သင့်ပေသည်။ မှတ်ယူပုံမှာ ... (၁)အမှတ် (၅)အမှတ် (၈)အမှတ် ဒါနတို့သည် ပုညဝိသယဒါနမျိုးဖြစ်၍၊ ကျန်သော ငါးပါးတို့မှာ လောကဝိသယဒါနတို့သာ ဖြစ်သင့်ပေသည်။

တနည်းကား ...

၁။ ချစ်ခင်လိုလားသဖြင့် ပေးခြင်း၊

၂။ မလွှဲသာသည့်အတွက် မုန်းလျက်နှင့် ဆောင့်ဆောင့် အောင့်အောင့် ပေးခြင်း၊

၃။ အကြောင်းအကျိုးမသိပဲ မိုက်မဲတွေဝေ၍ ပေးခြင်း၊

http://www.dhammadownload.com



၄။ အများကဲ့ရဲ့မည်ကို ကြောက်၍ရင်း၊ အပယ်ကျမည်ကို ကြောက်၍ ရင်း၊ အလှူခံက တစုံတရာ ရန်ပြုမည်ကို ကြောက်၍ရင်း ပေးခြင်း၊

၅။ ငါ၏ မိဘ ဖိုးဖွားများ အဆက်ဆက်ကပင် ပေးကမ်း လှူဒါန်းခြင်း အမှု ပြုခဲ့သည်၊ ဤ မိဘ ဖိုးဖွားတို့၏ အနွယ်အဆက် ပဝေဏီကို ယုတ်လျော့ခြင်းငှါ မထိုက်ဟု ပေးခြင်း၊

၆။ ဤအလှူကို လှူ၍ သေလွန်သည့်နောက် နတ်ပြည်သို့ ရောက်ရန် ကို ရည်သန်၍ ပေးခြင်း၊

၇။ ဤအလှူကို လှူလိုက်လျှင် ငါ၏ စိတ်သည် ကြည်လင်လိမ့်မည် နှစ်သက်ရွှင်လန်းလိမ့်မည်ဟု စိတ်နှစ်သက်ရွှင်လန်းမှုကို မျှော်ရှု၍ ပေးခြင်း၊

၈။ သမထ ဝိပဿနာ အားထုတ်ရာမှာ စိတ်ကောင်းစွာ မတည်ကြည် နိုင်ရှိခဲ့သော် ထိုစိတ်တည်ကြည်စေရန် အဆင်တန်းဆာ အသုံး အဆောင်ဖြစ်ဘို့ရန် ရည်သန်၍ပေးခြင်း—

ဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော် အဋ္ဌကနိပါတ်(၄)ဒါနဝဂ်၊ တတိယသုတ်၌ ဟောတော် မူသည်။

ဤရှစ်ပါးတို့တွင်လည်း ရှစ်ခုမြောက် ဒါနသာ အမြတ်ဆုံးဖြစ်၍၊ အမှတ်(၆)နှင့် အမှတ် (၇) ဒါနတို့မှာ သင့်လျော်မြင့်မြတ်သောဒါန ဖြစ်ကာ ပုညဝိသယဒါနစု ဖြစ်သည်၊ ကျန်သော ဒါနငါးမျိုးတို့မှာ အညံ့စားဖြစ်၍ လောကဝိသယ ဒါနစုသာဖြစ်၏။

**တနည်းကား....**

ထို (၄) ဒါနဝဂ်-ပဉ္စမသုတ်၌ ဒါနူပပတ္တိတရား ရှစ်ပါးရှိကြောင်းကို အကျယ်ဟောထားတော်မူသည်။ ဒါနူပပတ္တိဟူသော ပါဠိမှာ"အလှူကြောင့် နောက်အခါ ရရှိမည့် ဘဝပဋိသန္ဓေ" ဟူ၍ အဓိပ္ပါယ်ရရှိသည်၊ နောက်အခါ ရရှိမည့်ဘဝပဋိသန္ဓေ ရှစ်မျိုးကိုစွဲ၍ အလှူဒါနကို ရှစ်မျိုးခွဲထားခြင်းဖြစ်၏၊ ခွဲထားပုံအကျဉ်းကား....

၁။ လူ့ပြည်၌ ကြွယ်ဝချမ်းသာသောသူများကိုမြင်၍ ထိုသူကဲ့သို့ ဖြစ် ရန် ဆုတောင်းပန်ထွာပြုကာ အလှူပေး၍ သီလနှင့်လည်း ပြည့်စုံ သည့်အတွက် ဆုတောင်းသည့်အတိုင်း သေလွန်သည့်နောက် လူချမ်းသာ ဖြစ်ရသည်လည်းတပါး၊

http://www.dhammadownload.com



၂။ စတုမဟာရာဇ် နတ်များသည် တန်းခိုးစည်းစိမ်ချမ်းသာ ကြီးမား များပြား၏ဟု ကြားသိရသဖြင့် ထိုစတုမဟာရာဇ် နတ်ပြည်၌ ဖြစ်ရန် ဆုတောင်းပန်ထွာပြုကာ အလှူပေး၍ သီလနှင့်လည်း ပြည့်စုံသည့်အတွက် ဆုတောင်းသည့်အတိုင်း သေလွန်သည့်နောက် စတုမဟာရာဇ်နတ်ပြည်၌ ဖြစ်ရသည်လည်းတပါး၊

၃။ တာဝတိံသာနတ်များသည် တန်းခိုးစည်းစိမ်ချမ်းသာ ကြီးမား များပြား၏ဟု ကြားသိရသဖြင့် ထိုတာဝတိံသာ နတ်ပြည်၌ ဖြစ်ရန် ဆုတောင်းပန်ထွာပြုကာ အလှူပေး၍ သီလနှင့်လည်း ပြည့်စုံသည့်အတွက် ဆုတောင်းသည့်အတိုင်း သေလွန်သည့်နောက် တာဝတိံသာနတ်ပြည်၌ ဖြစ်ရသည်လည်းတပါး၊

၄။ ယာမာနတ်များသည် တန်းခိုးစည်းစိမ်ချမ်းသာ ကြီးမား များပြား၏ဟု ကြားသိရသဖြင့် ထိုယာမာနတ်ပြည်၌ ဖြစ်ရန် ဆုတောင်း ပန်ထွာပြုကာ အလှူပေး၍ သီလနှင့်လည်း ပြည့်စုံသည့်အတွက် ဆုတောင်းသည့်အတိုင်း သေလွန်သည့်နောက် ယာမာနတ်ပြည်၌ ဖြစ်ရသည်လည်းတပါး၊

၅။ တုသိတာနတ်များသည် တန်းခိုးစည်းစိမ်ချမ်းသာ ကြီးမား များပြား၏ဟု ကြားသိရသဖြင့် ထိုတုသိတာနတ်ပြည်၌ ဖြစ်ရန် ဆုတောင်းပန်ထွာပြုကာ အလှူပေး၍ သီလနှင့်လည်းပြည့်စုံသည့် အတွက် ဆုတောင်းသည့်အတိုင်း သေလွန်သည့်နောက် တုသိတာ နတ်ပြည်၌ ဖြစ်ရသည်လည်းတပါး၊

၆။ နိမ္မာနရတိ နတ်များသည် တန်းခိုးစည်းစိမ်ချမ်းသာ ကြီးမား များပြား၏ဟု ကြားသိရသဖြင့် ထိုနိမ္မာနရတိ နတ်ပြည်၌ဖြစ်ရန် ဆုတောင်းပန်ထွာပြုကာ အလှူပေး၍ သီလနှင့်လည်း ပြည့်စုံသည့် အတွက် ဆုတောင်းသည့်အတိုင်း သေလွန်သည့်နောက် နိမ္မာနရတိ နတ်ပြည်၌ ဖြစ်ရသည်လည်းတပါး၊

၇။ ပရနိမ္မိတဝသဝတ္တီနတ်များသည် တန်းခိုးစည်းစိမ်ချမ်းသာ ကြီးမား များပြား၏ဟု ကြားသိရသဖြင့် ထိုပရနိမ္မိတဝသဝတ္တီနတ်ပြည်၌ ဖြစ်ရန် ဆုတောင်းပန်ထွာပြုကာ အလှူပေး၍ သီလနှင့်လည်း ပြည့်စုံသည့်အတွက် ဆုတောင်းသည့်အတိုင်း သေလွန်သည့်နောက် ပရနိမ္မိတဝသဝတ္တီနတ်ပြည်၌ ဖြစ်ရသည်လည်းတပါး၊

၈။ ဗြဟ္မာများသည် အသက်လည်းရှည်၏၊ အဆင်းလည်းလှ၏၊ ချမ်းသာလည်းများ၏ဟု ကြားသိရသဖြင့် ထိုဗြဟ္မာ့ပြည်၌ ဖြစ်ရန်

http://www.dhammadownload.com



ဆုတောင်းပန်ထွာပြုကာ အလှူပေး၍ သီလနှင့်လည်း ပြည့်စုံသည့်အတွက် ဆုတောင်းသည့်အတိုင်း သေလွန်သည့်နောက် ဗြဟ္မာဘုံ၌ ဖြစ်ရသည်လည်းတပါး၊

(ဤ (၈)အမှတ်ဒါန၌ ဒါနသက်သက်ဖြင့်ပင် ဗြဟ္မာအဖြစ်ကို ရနိုင်သကဲ့သို့ ဟောထားသော်လည်း စင်စစ်မှာ ဒါန သက်သက်ဖြင့်ကား ဗြဟ္မာအဖြစ်ကို မရနိုင်၊ ပြဆိုခဲ့ပြီးသော ရှစ်ပါးတွဲဒါန နှစ်ခုမှာ ပါဝင်သည့် ရှစ်ခုမြောက်ဖြစ်သော ဒါနမျိုးဖြင့် နူးညံ့သောစိတ်ရှိသည်ဖြစ်၍ ဗြဟ္မဝိဟာရတရားတို့ကို ပွါးများပြီးလျှင် ဗြဟ္မာပြည်၌ ဖြစ်နိုင်သည်ကို စွဲ၍ ဟောကြားထားခြင်းဖြစ်သည်။)

ထိုမှတပါးလည်း....

ထိုဒါနဝဂ် ခုနစ်ခုမြောက်သောသုတ်၌ သပ္ပုရိသဒါနရှစ်ပါးကို ဟောကြားတော်မူသည်၊ ရှစ်ပါးဟူသည်....

၁။ သန့်ရှင်းစင်ကြယ် တင့်တယ်လှပအောင်ပြု၍ လှူဒါန်းခြင်း၊

၂။ မွန်မြတ်သောအရာကို လှူဒါန်းခြင်း၊

၃။ သင့်လျော်လျောက်ပတ်သောအခါ၌ လှူဒါန်းခြင်း၊

၄။ အလှူခံတို့နှင့် အပ်စပ်သော ပစ္စည်းကိုသာ လှူဒါန်းခြင်း၊

၅။ အလှူခံပုဂ္ဂိုလ်နှင့် လှူဘွယ်ဝတ္ထုကို ရွေးချယ်စိစစ်ပြီး လှူဒါန်းခြင်း၊ (ဝိစေယျဒါန)။

(ဤဝိစေယျဒါန၌ အလှူခံကို ရွေးချယ်ခြင်း၊ လှူဘွယ်ဝတ္ထုကို ရွေးချယ်ခြင်း ဟူ၍ ရွေးချယ်ခြင်း နှစ်မျိုးရှိသည်။ ထိုတွင် လုံးဝ သီလမရှိသော ဗာဟိရက အလှူခံပုဂ္ဂိုလ်တို့ကို ပယ်ရှား၍ သီလစသော ကျေးဇူးဂုဏ်နှင့် ပြည့်စုံသော သာသနာတွင်းသား အလှူခံများအား လှူဒါန်းခြင်းသည် အလှူခံကို ရွေးချယ်လှူဒါန်းခြင်း မည်၏။ မိမိ၌ ကောင်းကောင်း ဆိုးဆိုး လှူဘွယ်ဝတ္ထု နှစ်မျိုးရှိနေရာဝယ် ယုတ်ညံ့သော လှူဘွယ်ကို ပယ်ရှား၍ ကောင်းနိုးရာရာ လှူဘွယ်ဝတ္ထုကို လှူဒါန်းခြင်းသည် ဝတ္ထုကို ရွေးချယ်လှူဒါန်းခြင်း မည်၏။)

၆။ မိမိစွမ်းနိုင်သမျှ မပြတ်မလပ် လှူဒါန်းခြင်း၊

၇။ လှူဒါန်းစဉ်အခါ စိတ်ကို ကြည်လင်စေ၍ လှူဒါန်းခြင်း၊

၈။ လှူဒါန်းပြီးနောက် ဝမ်းမြောက်စွာစိတ်ထားနိုင်ခြင်း—

ဤရှစ်ပါးတို့ပင်တည်း။

http://www.dhammadownload.com



ဤအရာ၌ အသပ္ပုရိသဒါနဟူ၍ သီးခြားဆက်ကာ မဟောအပ်ငြားသော်လည်း ဟောအပ်သည့် သပ္ပုရိသဒါနရှစ်ပါးကို ပြောင်းပြန် ပြန်လှန်လိုက်လျှင် ဧ်သပ္ပု ရိသဒါနရှစ်ပါး ရနိုင်၏၊ ရရှိနိုင်သည့် ရှစ်ပါးကား....

၁။ မစင်မကြယ် မဖွယ်မရာ လှူဒါန်းခြင်း၊

၂။ အညံ့စားများကိုသာ လှူဒါန်းခြင်း၊

၃။ သင့်လျော်သည့်အခါ မဟုတ်ပဲ လှူဒါန်းခြင်း၊

၄။ အလှူခံတို့နှင့် မအပ်စပ်သော ပစ္စည်းကို လှူဒါန်းခြင်း၊

၅။ အလှူခံပုဂ္ဂိုလ်နှင့် လှူဘွယ်ကို မရွေးမချယ်ပဲ လှူဒါန်းခြင်း၊

၆။ စွမ်းနိုင်ပါလျက် စွမ်းနိုင်သမျှ မလှူပဲ ပြတ်တောင်းပြတ်တောင်း လှူဒါန်းခြင်း၊

၇။ လှူစဉ်အခါ စိတ်မကြည်လင်ပဲ လှူဒါန်းခြင်း၊

၈။ လှူပြီးသည့်နောက် စိတ်မနှစ်လို တွန့်တိုနေခြင်း—

ဤရှစ်ပါးတို့တည်း။

ရှစ်ပါးတွဲ ဒါနစု ပြီး၏။

---

## ကိုးပါးတွဲ ဒါနစု

ဝိနည်း ပရိဝါရပါဠိတော်မှာ (နဝ အဓမ္မိကာနိ ဒါနာနိ ဟူ၍) အဓမ္မိကဒါန ကိုးပါးရှိကြောင်း ဟောကြားတော်မူသည်ကို အင်္ဂုတ္တိုရ်၌ ၊နဝ အဓမ္မိကာနိ ဒါနာနီတိ သံဃဿ ပရိဏတံ အညသံဃဿ ဝါ စေတိယဿ ဝါ ပုဂ္ဂလဿ ဝါ ၊ပရိဏာမေတိ....အစရှိသည်ဖြင့်—

၁။ သံဃာတော်အား ညွှတ်ကိုင်းထားပြီးသော လာဘ်ကို ညွှတ်ကိုင်း ရင်း သံဃာမှတပါး အခြားသော သံဃာတော်အား ညွှတ်ကိုင်း စေခြင်း၊

၂။ (သို့မဟုတ်)စေတီတော်အား ညွှတ်ကိုင်းစေခြင်း၊

၃။ (သို့မဟုတ်)ပုဂ္ဂိုလ်တပါးပါးအား ညွှတ်ကိုင်းစေခြင်း၊

၄။ စေတီတော်အား ညွှတ်ကိုင်းထားပြီးသော လာဘ်ကို ညွှတ်ကိုင်း ရင်း စေတီတော်မှတပါး အခြားစေတီ တဆူဆူအား ညွှတ်ကိုင်း စေခြင်း၊

http://www.dhammadownload.com



၅။ (သို့မဟုတ်)သံဃာတော်အား ညွတ်ကိုင်းစေခြင်း၊

၆။ (သို့မဟုတ်)ပုဂ္ဂိုလ်တပါးပါးအား ညွတ်ကိုင်းစေခြင်း၊

၇။ ပုဂ္ဂိုလ်အား ညွတ်ကိုင်းထားပြီးသော လာဘ်ကို ထိုညွတ်ကိုင်းရင်း ပုဂ္ဂိုလ်မှတပါး အခြားပုဂ္ဂိုလ်တဦးဦးအား ညွတ်ကိုင်းစေခြင်း၊

၈။ (သို့မဟုတ်)သံဃာတော်အား ညွတ်ကိုင်းစေခြင်း၊

၉။ (သို့မဟုတ်)စေတီတော်အား ညွတ်ကိုင်းစေခြင်း—

ဟူ၍ ကိုးပါးသရုပ်ကို ဖွင့်ပြတော်မူသည်။

ဤ၌ (ပရိဏတံ ဟူသောပါဠိအရ) ညွတ်ကိုင်းပြီးသော လာဘ်ဟူသည် သံဃာအားဖြစ်စေ စေတီအားဖြစ်စေ ပုဂ္ဂိုလ်အားဖြစ်စေ လှူကုန်အံ့ ဆောက်လုပ်ကုန်အံ့ဟု နှုတ်မြွက် ဝန်ခံပြီးသော ပစ္စည်းလေးပါး အသုံးအဆောင် လာဘ်လာဘများကို ဆိုလိုသည်။

ဤအဓမ္မိကဒါနကိုးပါး ဟောကြားရခြင်း၏ အကြောင်းရင်း ဝတ္ထုကို သတိပြုရာ၏၊ ထိုဝတ္ထုကား ဝိနည်းပါဠိတော် ပါရာဇိကကဏ္ဍပါဠိနှင့် ပါစိတ္တိယ ပါဠိတို့၌ လာရှိသည်။ လာရှိပုံမှာ....

မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သာဝတ္ထိပြည်အတွင်း အသင်းအဖွဲ့တခုက "သံဃာတော်အား ဆွမ်းကျွေးပြီးလျှင် သင်္ကန်းကိုပါ လှူကုန်အံ့"ဟု တိုင်ပင်ညီညွတ်စကား ပြောကြားပြီးလျှင် သံဃာတော်အတွက် (နှစ်စဉ်လှူမြဲဝတ်အတိုင်း) လှူဒါန်းရန် သင်္ကန်း ရောဆွမ်းပါ ပြင်ဆင်ထားလေသည်။

ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ထိုအသင်းရှိရာသို့ သွားရောက်၍ မိမိတို့အား ထိုသင်္ကန်းများကို လှူဒါန်းရန် အတင်းအကြပ် မငြင်းမဆန်နိုင်အောင် ပြောဆို အလှူခံသဖြင့် သင်္ကန်းများကို ဆဗ္ဗဂ္ဂီရဟန်းတို့အား လှူ၍ သံဃာတော်အား မူ ဆွမ်းကိုသာ လှူကြရတော့သည်။

ထိုအကြောင်းကို ရဟန်းတော်များသိရှိ၍ ကဲ့ရဲ့ရှုတ်ချစကား ပြောကြားပြီးလျှင် မြတ်စွာဘုရားအား လျှောက်ထားသောဝတ္ထု၌၊ ၊အကြင်ရဟန်းသည် သံဃာတော်အား လှူအံ့ဟု နှုတ်မြွက်ပြောဆိုပြီး ညွတ်ပြီးသောလာဘ်ကို သိလျက် မိမိအား ညွတ်စေငြားအံ့၊ နိဿဂ္ဂိယ=(ထိုလာဘ်ကို စွန့်ရသည့် ဝိနည်းကံ အလုပ်ပိုတခုပါ ပြုလုပ်ရသည့်) ပါစိတ်အာပတ်သင့်စေ....ဟု သိက္ခာပုဒ် ပညတ်တော်မူလေသည်။

http://www.dhammadownload.com



ဤသိက္ခာပုဒ်ကို အကျယ်ဝေဘန်၍ ဟောတော်မူရာ ပဒဘာဇနီ၌—သံဃာအား ညွတ်ပြီး (လှူအံ့ဟု နှုတ်မြွက်ပြီး)သော လာဘ်မှန်းသိလျက် မိမိအား ညွတ်စေ၍ရလျှင် နိဿဂ္ဂိယပါစိတ်အာပတ်သင့်စေ၊ တပါးသော သံဃာအား သော်၎င်း စေတီအားသော်၎င်း ညွတ်စေလျှင် ဒုက္ကဋ်အာပတ်သင့်စေ၊ စေတီတော်အား ညွတ်ပြီးသော လာဘ်မှန်းသိလျက် တပါးသော စေတီအားဖြစ်စေ သံဃာအားဖြစ်စေ ပုဂ္ဂိုလ်အားဖြစ်စေ ညွတ်စေလျှင် ဒုက္ကဋ်အာပတ်သင့်စေ၊ ပုဂ္ဂိုလ်တပါးအား ညွတ်ပြီးသောလာဘ်မှန်းသိလျက် တခြားပုဂ္ဂိုလ်အားဖြစ်စေ သံဃာအားဖြစ်စေ စေတီအားဖြစ်စေ ညွတ်စေလျှင် ဒုက္ကဋ်အာပတ်သင့်စေဟု ခွဲခြမ်း၍ ဟောတော်မူသည်။

ဤအကြောင်းရင်းဝတ္ထုကိုပါ ထုတ်ပြရေးသားရခြင်းမှာ အလှူပွဲစား ကြားသမားတို့ ဝင်ရောက်စွက်ဖက် လှောက်လှက်ခြင်းကြောင့် အလှူ့ရှင်ပုဂ္ဂိုလ်၏ အလှူမှာ အဓမ္မိကဒါန မကောင်းသောအမည်ကို ရပုံအကြောင်း ထင်ရှားစေလို၍ ဖြစ်သည်။ မှန်၏....သံဃာအားဖြစ်စေ စေတီအားဖြစ်စေ ပုဂ္ဂိုလ်အားဖြစ်စေ ဤဝတ္ထုကို ပေးလှူအံ့ဟူ၍ အလှူ့ရှင်က နှုတ်မြွက်ပြောဆိုပြီးဖြစ်လျှင် ထိုဝတ္ထုသည် နှုတ်မြွက်ပြောကြားခံရသော သံဃာ စေတီ ပုဂ္ဂိုလ်တို့၏ ဥစ္စာ တဝက်တပြက် ဖြစ်လေပြီ။ ထိုသို့ သံဃာ စေတီ ပုဂ္ဂိုလ်တို့အား ညွတ်ပြီးမှန်း သိလျက် အလှူပွဲစား ကြားသမားတို့(ဆဗ္ဗဂ္ဂီရဟန်းများလို)မတရားဝင်ရောက် စွက်ဖက် လှောက်လှက်ပြောဆို ညွတ်ရင်းဖြစ်သည့် သံဃာ စေတီ ပုဂ္ဂိုလ်မှ တပါး အခြားသော သံဃာ စေတီ ပုဂ္ဂိုလ်အား လှူဒါန်းရန် ညွတ်စေသဖြင့် ထိုကြားသမားတို့၏ စကားအတိုင်း အလှူ့ရှင်ကလိုက်နာ၍ မိမိညွတ်ကိုင်းရင်း သံဃာ စေတီ ပုဂ္ဂိုလ်မှတပါး အခြားသော သံဃာ စေတီ ပုဂ္ဂိုလ်အား လှူဒါန်းသောအခါ ထိုဒါနသည် အလှူပွဲစား ကြားသမားတို့ မတရားဝင်ရောက် စွက်ဖက် အလှောက်အလှက် ခံရသဖြင့် အဓမ္မိကဒါန ဖြစ်ရတော့သည်။

ယင်းသို့ အလှူပွဲစား ကြားသမားတို့ မတရားဝင်ရောက်စွက်ဖက် လှောက်လှက်ပြောဆိုသဖြင့် ညွတ်ကိုင်းရင်း သံဃာ စေတီ ပုဂ္ဂိုလ်မှတပါး အခြားသော သံဃာ စေတီ ပုဂ္ဂိုလ်အား လှူဒါန်းအပ်သော အဓမ္မိကဒါနကိုးပါးကို ခံယူခြင်း ကိုးမျိုးကိုလည်း အဓမ္မိကပဋိဂ္ဂဟကိုးပါးဟူ၍ ဟောတော်မူ၏။ ထိုကိုးပါးကို သုံးစွဲခြင်းကိုးမျိုးကိုလည်း အဓမ္မိကပရိဘောဂကိုးမျိုးဟူ၍ ဟောတော်မူ၏။

အလှူပွဲစား ကြားသမားတို့ မတရားသက်သက် စွက်ဖက်ပြောဆို ညွတ်ကိုင်းစေခြင်း၊ ထိုသို့ ညွတ်ကိုင်းစေသဖြင့် ညွတ်ကိုင်းရင်း သံဃာ စေတီ ပုဂ္ဂိုလ်မှတပါး အခြားသော သံဃာ စေတီ ပုဂ္ဂိုလ်အား လှူဒါန်းခြင်းကို အဓမ္မိက ဒါနဟု ခေါ်ဆိုရသော်လည်း တရားသဖြင့် ညွတ်ကိုင်းရင်းမှတပါး

http://www.dhammadownload.com



အခြားသို့ ညွှတ်စေခြင်းကိုရင်း၊ အလှူ့ရှင်ကိုယ်တိုင်က အသိမှန်ရ၍ မူလညွှတ်ကိုင်းရင်းမှ အခြားတပါးသို့ ပြောင်းရွှေ့လှူဒါန်းခြင်းကိုရင်း အဓမ္မိကဟု မဆိုသာပေ။ ထို့ကြောင့်ပင်—

မြတ်စွာဘုရားသည် ကိုယ်တော်မြတ်အား လှူအံ့ဟု နွတ်မြွက်ညွှတ်ကိုင်း၍ ရက်လုပ်လာသော မိထွေးတော် မဟာပဇာပတိဂေါတမီ၏ သင်္ကန်းအသစ်စုံကို သံဃာအား လှူဒါန်းရန် မိန့်ဆိုတော်မူသည်။ အပြစ်ရှိ၍ အဓမ္မိကဖြစ်မည်မှန်က မြတ်စွာဘုရား မိန့်ကြားတော်မူမည် မဟုတ်ပေ။ ပသေနဒီကောသလမင်းကြီး သည်လည်း ရွှေပိုင်း၌ တိတ္ထိတို့ထံမှ အသပြာတသိန်း တံစိုးစား၍ ဇေတဝန် ကျောင်းတိုက်၏ အနီးအပါး၌ တိတ္ထိဆရာကြီးများ၏ ကျောင်းအရာမ် ဆောက် လုပ်ရန် ခွင့်ပေး၍ တိတ္ထိတပည့်များ ကျောင်းဆောက်ရန် သစ်ဝါးများကို ချသောအခါ မြတ်စွာဘုရား၏ စေခိုင်းချက်အရ ပဌမ ရှင်အာနန္ဒာနှင့် သံဃာ တော်များ၊ ဒုတိယ ရှင်သာရိပုတြာနှင့် ရှင်မောဂ္ဂလာန်တို့ နန်းတော်သို့ (တား မြစ်ရန်) ကြွသွားသော်လည်း တံစိုးစားထားသဖြင့် ကောသလမင်းကြီး အတွေ့ မခံဝံ့ပဲရှိခဲ့ရာ၊ နောက်နေ့၌ ဘုရားကိုယ်တိုင်ကြွ၍ ဒုကနိပါတ်တော်လာ ဘရုဇာတ်ကို ဟောကြားသဖြင့် မင်းကြီး အမြင်မှန်ရပြီးလျှင် မူလပေးရင်းမြေနှင့်တကွ သစ်ဝါးများကိုပါ မင်းဘဏ္ဍာအဖြစ် သိမ်းယူ၍ ထိုနေရာ၌ အရာမ်ကျောင်းတိုက် တခု တည်ဆောက်ကာ မြတ်စွာဘုရားအား လှူဒါန်းလေသည်။ ထိုကျောင်း တိုက်သည် ပသေနဒီကောသလမင်းကြီး၏ ကောင်းမှုဖြစ်သောကြောင့် ရာဇကာ ရာမ=(မင်းကျောင်း)တိုက်ဟု တွင်ခဲ့လေသည်။ ထိုပသေနဒီကောသလမင်းကြီး ၏ရာဇကာရာမ ကျောင်းတိုက်ကို မြတ်စွာဘုရားအား လှူဒါန်းရာ၌ အဓမ္မိကဒါန ဖြစ်လျှင် မြတ်စွာဘုရားသည် ခံတော်မူမည်မဟုတ်ပေ။

ထို့မှတပါးလည်း သံဃာဂုဏ်တော်ကိုးပါးတွင် ပါဝင်သည့် ပါဟုနေယျဂုဏ် တော်ကိုလည်း အထောက်အထား ပြုရာ၏၊ မိမိထံသို့ ရောက်လာမည့် ဧည့်သည် အာဂန္တုတို့အတွက် ပြုလုပ်စီမံထားသော ပစ္စည်းကို ပါဟုနဟူ၍ ခေါ်သည်။ အရိယာသံဃာတော်များနှင့် တွေ့ကြုံသောအခါ မိမိညွှတ်ကိုင်း ရည်ရွယ်ထား ရင်းဖြစ်သော အာဂန္တုများကို ဖယ်ထားပြီးလျှင် အရိယာသံဃာတော်အား သာ ထိုပစ္စည်းစုကို လှူဒါန်းခြင်းငှါ ထိုက်၏။ အရိယာသံဃာတော်များက လည်း အလှူခံထိုက်၏။ အလှူခံပြီး သုံးဆောင်ခြင်းငှါလည်း ထိုက်၏။ ဤသို့ အလှူခံထိုက်ခြင်းကို ပါဟုနေယျ ဂုဏ်တော်ဟု ခေါ်သည်။

အကယ်၍ အလှူ့ရှင်သဘောအတိုင်း (ကြားပွဲစားတို့ မတရားဝင်ရှုပ်ခြင်း မရှိပဲ) မိမိပစ္စည်းကို မူလညွှတ်ကိုင်းရင်းမှ ပြောင်းရွှေ့လှူဒါန်းခြင်းသည်

http://www.dhammadownload.com



မတရားဖြစ်ခဲ့ပါလျှင် ဧည့်သည်အာဂန္တုတို့အတွက် ရည်ရွယ်ညှတ်ကိုင်းထားသော ပစ္စည်းကို အရိယာသံဃာတော်အား လှူဒါန်းထိုက်ကြောင်း လှူဒါန်းသည်ကို ခံထိုက်ကြောင်း မြတ်စွာဘုရား ဟောကြားတော်မူမည် မဟုတ်ချေ။

ဓမ္မိကဒါနသုံးပါး

၁။ သံဃာတော်အား ညွတ်ကိုင်းပြီးသည်ကို ထိုညွတ်ကိုင်းရင်း သံဃာတော်အားသာလျှင် လှူဒါန်းခြင်း၊

၂။ စေတီတော်အား ညွတ်ကိုင်းပြီးသော လာဘ်ကို ထိုညွတ်ကိုင်းရင်း စေတီတော်အားသာလျှင် လှူဒါန်းခြင်း၊

၃။ ပုဂ္ဂိုလ်တဦးဦးအား ညွတ်ကိုင်းပြီး (လှူအံ့ဟု နှုတ်မြွက်ပြီး) သော လာဘ်ကို ထိုညွတ်ကိုင်းရင်း ပုဂ္ဂိုလ်အားသာလျှင် လှူဒါန်းခြင်း—

ဤသုံးပါးကို ဓမ္မိကဒါနသုံးပါးဟူ၍ ဟောတော်မူသည်။

ဤအဓမ္မိကဒါန ကိုးပါး ဓမ္မိကဒါန သုံးပါးတို့ကို အဋ္ဌကထာဆရာတော် (ဝိနည်းပရိဝါရအဋ္ဌကထာ၌) ဖွင့်ပြရာဝယ် အဓမ္မိကဒါနကို၊ ၊သံဃဿ ပရိဏတံ အညသံဃဿ ဝါ စေတိယဿ ဝါ ပုဂ္ဂလဿ ဝါ ပရိဏာမေတိ....သံဃာအား ညွတ်ပြီးသော လာဘ်ကို အခြားသံဃာအားဖြစ်စေ စေတီအားဖြစ်စေ ပုဂ္ဂိုလ်အားဖြစ်စေ ညွတ်ကိုင်းစေခြင်း....စသည်ကိုသာ ဖွင့်ပြသည်။ ညွတ်ကိုင်းစေခြင်းဟူသည်လည်း အလှူ့ရှင်၏ အလုပ်ကိစ္စကြိယာ မဟုတ်၊ အလှူပွဲစားကြားသမားတို့၏ မတရားဝင်ရောက်စွက်ဖက် လျောက်လုက်၍ ရွှေ့ပြောင်းလှူရန် စီမံပြောဆိုခြင်း အလုပ်ကိစ္စကြိယာ ဖြစ်သည်။ ထို့ကြောင့် အဓမ္မိကဒါနဖြစ်ရခြင်းမှာ အလှူပွဲစား (ဆဗ္ဗဂ္ဂီရဟန်းများကဲ့သို့) ကြားသမားတို့ မတရားစွက်ဖက် လျောက်လုက်၍ ရွှေ့ပြောင်းလှူရန် စီမံပြောဆိုခြင်းကြောင့်သာ ဖြစ်ရသည်ဟု ယုံကြည်စွာ မှတ်ယူအပ်ပေ၏။

ကိုးပါးတွဲ ဒါနစု ပြီး၏။

ဆယ်ပါးတွဲ ဒါနစုမှာလည်း လေးပါးစု ခြောက်ပါးစု ခုနစ်ပါးစုတို့ကဲ့သို့ ဒါန၏ သဘောရင်းအားဖြင့် ဆယ်ပါးရှိသည်ဟု ပါဠိတော်၌ တိုက်ရိုက်အဟောမရှိ၊ သုတ္တန်နည်းအားဖြင့် အလှူများ၍ ထင်ရှားသော ဒါနဝတ္ထု ဆယ်မျိုးရှိသည်ကို အစွဲပြုကာ သုတ္တန်နည်းအလို ဒါနဆယ်ပါးကို အဋ္ဌကထာဆရာတော် ဖွင့်ပြခြင်းဖြစ်သည်။ ထိုအတူ ဒက္ခိဏာဝိဘင်္ဂသုတ်ပါဠိတော်လာ ပုဂ္ဂလိကဒါန တဆယ့်လေး (၁၄)ပါးကို စွဲ၍ ဒါန (၁၄)ပါး ခွဲခြားပြဆိုလိုက ပြဆိုသင့်ပေ၏။

ဒါနအပြား ပြီး၏။

http://www.dhammadownload.com



၅။ "ထိုဒါန၏ အာနုဘော် ကြီးမြင့်ကြောင်းကား အဘယ်နည်း"

၆။ "ထိုဒါန၏ အာနုဘော် ဆုတ်ယုတ်ကြောင်းကား အဘယ်နည်း"

ဟူသော မေးမြန်းစိစစ်ချက်တို့အရ—

ဒါန၏ အာနုဘော်ကြီးမြင့်ကြောင်းနှင့် အာနုဘော်ဆုတ်ယုတ်ကြောင်းတို့ကို ရှေးဦးစွာ အင်္ဂုတ္တရနိကာယ်၊ ဆက္ကနိပါတ်၊ လေးခုမြောက် ဒေဝတာဝဂ်၊ ခုနစ်ခုမြောက် ဒါနသုတ်ကို ထောက်၍ သိရာ၏။ ထိုသုတ်မှာ....

မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဝေဠုကဏ္ဍကီမြို့သူ နန္ဒမာတာဥပါသိကာ ဒါယိကာမက အဂ္ဂသာဝကနှစ်ပါး အမှူးရှိသော ရဟန်းသံဃာအား အင်္ဂါခြောက်ပါးရှိသော အလှူကြီးပေးလှူနေသည်ကို ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် ဇေတဝန်ကျောင်းတော်မှ မြင်တော်မူ၍—

ချစ်သားရဟန်းတို့....ဝေဠုကဏ္ဍကီမြို့သူ နန္ဒမာတာ ဥပါသိကာမသည် သာရိပုတြာ မောဂ္ဂလာန်တို့ အမှူးရှိသော ရဟန်းသံဃာအား—

၁။ . မလှူမီ ရှေးအဖို့က ကြိုတင်ဝမ်းမြောက်ခြင်း၊

၂။ လှူဆဲအခါမှာ စိတ်စေတနာ ကောင်းစွာကြည်လင်ခြင်း၊

၃။ လှူဒါန်းပြီးနောက် နှစ်သက်ဝမ်းမြောက်သောစိတ်ရှိခြင်း—တည်းဟူသော ဒါယကာဘက်က အင်္ဂါသုံးပါး၊

၁။ ရာဂကင်းပြီးသူ ဖြစ်ခြင်း၊ သို့မဟုတ် ရာဂကင်းရန် ကျင့်ကြံအားထုတ်နေသူဖြစ်ခြင်း၊

၂။ ဒေါသကင်းပြီးသူ ဖြစ်ခြင်း၊ သို့မဟုတ် ဒေါသကင်းရန် ကျင့်ကြံအားထုတ်နေသူဖြစ်ခြင်း၊

၃။ မောဟကင်းပြီးသူဖြစ်ခြင်း၊ သို့မဟုတ် မောဟကင်းရန် ကျင့်ကြံအားထုတ်နေသူ ဖြစ်ခြင်း—တည်းဟူသော အလှူခံဘက်ကအင်္ဂါသုံးပါး၊

ဤအင်္ဂါ ခြောက်ပါးနှင့် ပြည့်စုံသော အလှူကို လှူနေသည်။

ချစ်သားရဟန်းတို့....မဟာသမုဒ္ဒရာရေကို နှိုင်းယှဉ်ချင့်တွက်၍ မရနိုင်သကဲ့သို့၊ ဤအတူ ဤအင်္ဂါခြောက်းပါးနှင့် ပြည့်စုံသော အလှူ၏ အကျိုးကိုလည်း နှိုင်းယှဉ်ရေတွက်၍ မရနိုင်။ စင်စစ်ကား မဟာသမုဒ္ဒရာ၌ရှိသော ရေအစုကို

http://www.dhammadownload.com



မရေမတွက်နိုင်သော ရေအစုဟူသာ (လက်လျှော့ကာ) ခေါ် ဆိုရသကဲ့သို့၊ ထိုအတူ အင်္ဂါခြောက်ပါးနှင့်ပြည့်စုံသော အလှူကိုလည်း အတိုင်းမသိအောင် အကျိုးပေးခြင်းရှိသော အလှူဟူ၍သာ ခေါ် ဆိုရသည်—ဟု ဟောတော်မူသည်။ ဤပါဠိတော်အရ....

အလှူပေးပုဂ္ဂိုလ်ဘက်မှ စေတနာသုံးတန် ထက်သန်ခြင်း၊ အလှူခံပုဂ္ဂိုလ်ဘက်မှ လောဘ ဒေါသ မောဟ ကင်းပြီးသူဖြစ်ခြင်း (သို့မဟုတ်)ကင်းငြိမ်းရန် ကျင့်ကြံနေဆဲဖြစ်ခြင်း ဤအင်္ဂါခြောက်ပါးကား ဒါန၏ အာနုဘော် ကြီးမြင့်ကြောင်းများဖြစ်သည်။ ဤအင်္ဂါများ ပြည့်စုံလျှင် ဒါနအာနုဘော် ကြီးမြင့်သည်။ ဤအင်္ဂါများ ယုတ်လျော့လျှင် ဒါနအာနုဘော် ဆုတ်ယုတ်သည်ဟု မှတ်ယူအပ်၏။

ထိုမှတပါးလည်း ဒသကနိပါတ် ကိုးခုမြောက် မဟာဓမ္မပါလဇာတ်၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ အလောင်းဖြစ်သော မဟာဓမ္မပါလ ပုဏ္ဏားကြီးကို ဒိသာပါမောက္ခဆရာကြီးက "သင်တို့၏ မဟာဓမ္မပါလအမျိုး၌ အဘယ့်ကြောင့် အသက်တမ်းမပြည့်ပဲ ငယ်ငယ်ရွယ်ရွယ်က သူငယ်များ မသေကြသနည်းဟု မေးမြန်းသည်ကို ဖြေကြားရာ၌—

> ပုဗ္ဗေဝ ဒါနာ သုမနာ ဘဝါမ၊
> ဒဒမ္ပိ ဝေ အတ္တမနာ ဘဝါမ။
> ဒတွာပိ ဝေ နာနုတပ္ပါမ ပစ္ဆာ၊
> တသ္မာ ဟိ အမှံ ဒဟရာ န မီယရေ။

> ငါတို့သည် မလှူမီ ရှေးအဖို့က ကောင်းစွာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြပါကုန်၏၊ လှူဆဲမှာလည်း စင်စစ် နှစ်သက် ဝမ်းမြောက်သော စိတ်ရှိကြပါကုန်၏၊ လှူပြီးသည့်နောက်မှာလည်း စင်စစ် တွန့်တိုပူပန်ခြင်း မရှိကြပါကုန်။ ဤ အကြောင်းသုံးရပ်ကြောင့် ငါတို့၏ မဟာဓမ္မပါလအမျိုး၌ (အသက်တမ်း မပြည့်ပဲ) ကလေးသူငယ်များ မသေကြကုန်"....

ဟု ဖြေကြားသည်ကို ထောက်ထား၍ ဤ"စေတနာသုံးတန် ညီညွတ်ခြင်း" သည် လက်ငင်းဒိဋ္ဌ အသက်ရှည်ခြင်းဟူသော အကျိုးပေးနိုင်သည့် အာနုဘော်ရှိကြောင်းကိုလည်း သိမှတ်ရာ၏။

http://www.dhammadownload.com



ထို့မှတပါးလည်း....

(၁) လှူဘွယ်ဝတ္ထုပစ္စည်းက တရားသဖြင့် ရှာမှီးရအပ်သည့် ဓမ္မိယ လဒ္ဓပစ္စည်းဖြစ်ခြင်း (ပစ္စယာနံ ဓမ္မိကတာ)၊

(၂) သဒ္ဓါတရား ထက်ထက်သန်သန် စေတနာသုံးတန် ညီညွတ်၍ လှူဒါန်းခြင်း (စေတနာမဟတ္တ)၊

(၃) အလှူခံပုဂ္ဂိုလ်က ရဟန္တာ (သို့မဟုတ်) အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ခြင်း (ဝတ္ထုသမ္ပတ္တိ)၊

(၄) ထိုအလှူခံ ပုဂ္ဂိုလ်က နိရောဓသမာပတ်မှ ထပြီးစဖြစ်ခြင်း (ဂုဏာတိရေကတာ)—

ဤအင်္ဂါလေးပါးစုံ ညီညွတ်သော အလှူဒါနသည် ပုဏ္ဏသူဌေး၊ ကာကဝလိယ သူဌေး၊ သုမနပန်းသည်တို့၏ အလှူဒါနကဲ့သို့ ထိုဘဝမှာပင် အကျိုးပေးနိုင် ကြောင်း အင္ဂုတ္တရနိကာယ်အဋ္ဌကထာ ဓမ္မပဒအဋ္ဌကထာတို့၌ ဖွင့်ပြသောကြောင့် ဤအင်္ဂါလေးပါးသည်လည်း ဒါန၏ အာနုဘော်ကြီးမြင့်ကြောင်း ဖြစ်၏ဟု ယုံမှားမရှိ မှတ်ယူရာ၏။ (ထိုအင်္ဂါလေးပါးကို အင္ဂုတ္တရနိကာယ်အဋ္ဌကထာ၌ အဘိဇ္ဈာဝိသုဒ္ဓိလေးပါးဟု ဖွင့်ပြ၍၊ ဓမ္မပဒအဋ္ဌကထာ၌ ဒါန၏ သမ္ပဒါလေးပါးဟု ဖွင့်ပြသည်။

ထို့မှတပါးလည်း....

ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာဝိဘင်္ဂသုတ်၌ ဒက္ခိဏာဝိသုဒ္ဓိ=(အလှူ၏ စင်ကြယ်ခြင်း)လေးပါးကို ဟောကြားတော်မူသည်။လေးပါးအရ ဟောတော်မူ လိုရင်းမှာ....

(၁) အလှူခံကြောင့် မစင်ကြယ်သော်လည်း အလှူဒါယကာကြောင့် စင်ကြယ်သော ဒါနတမျိုး၊

(အလှူခံက ဒုဿီလပုဂ္ဂိုလ် ဖြစ်သော်လည်း အလှူဒါယကာက သီလရှိ၍ တရားသဖြင့် ရအပ်သော ဓမ္မိယလဒ္ဓပစ္စည်းကို စေတနာ သုံးတန်ပြည့်စုံနှံ့ပြီး ကံ-ကံ၏အကျိုးကို ယုံကြည်ခြင်းသဒ္ဓါတရား လက်ရှိ ထား၍ လှူပါမူ ထိုအလှူသည် ဒါယကာကြောင့် စင်ကြယ်၏၊အကျိုး ကြီးနိုင်၏ဟု ဆိုလိုသည်။)

http://www.dhammadownload.com



(၂) ဒါယကာကြောင့် မစင်ကြယ်သော်လည်း အလှူခံကြောင့် စင်ကြယ်သော ဒါနတမျိုး၊

(ဒုဿီလဒါယကာက မတရားသဖြင့် ရအပ်သောပစ္စည်းကို စေတနာ သုံးတန် မထက်သန် ကံ-ကံ၏အကျိုးကို မယုံကြည်ပဲ လှူစေကာမူ အလှူခံပုဂ္ဂိုလ်က သီလနှင့်ပြည့်စုံပါလျှင် ထိုအလှူသည် အလှူခံ ကြောင့် စင်ကြယ်၏၊ အကျိုးကြီးနိုင်၏ဟု ဆိုလိုသည်။)

(၃) ဒါယကာကြောင့်လည်း မစင်ကြယ် အလှူခံကြောင့်လည်း မစင် ကြယ်သော ဒါနတမျိုး၊

(ဒုဿီလဖြစ်သူ ဒါယကာက ဒုဿီလဖြစ်သော အလှူခံအား မတရားသဖြင့် ရအပ်သောပစ္စည်းကို စေတနာသုံးတန် မထက်မသန် ကံ-ကံ၏အကျိုးကို မယုံကြည်ပဲ လှူဒါန်းလျှင် ထိုအလှူသည် လယ်မြေ ညံ့၌ မျိုးစေ့အညံ့ကို စိုက်ပျိုးမိသကဲ့သို့ အကျိုးမကြီးမြင့်သော ဒါန ဖြစ်ရတော့သည်ဟု ဆိုလိုသည်။)

(၄) ဒါယကာကြောင့်လည်း စင်ကြယ် အလှူခံကြောင့်လည်း စင် ကြယ်သော ဒါနတမျိုး၊

(သီလရှိသော အလှူခံအား သီလရှိသော ဒါယကာက ဓမ္မိယလဒ္ဓ ပစ္စည်းကို စေတနာသုံးတန် ထက်ထက်သန်သန်နှင့် ကံ-ကံ၏အကျိုးကို ယုံကြည်၍ လှူဒါန်းလျှင် ထိုအလှူသည် လယ်မြေကောင်း၌ မျိုးစေ့ ကောင်းကို စိုက်ပျိုးမိသကဲ့သို့ အကျိုးကြီးမြင့်သော ဒါနဖြစ်သည်ဟု ဆိုလိုသည်။)

ဤလေးချက်တွင် တတိယအချက်မှာ စင်ကြယ်ခြင်းမပါ မစင်ကြယ်ခြင်း (အကျိုးမဖွံ့ဖြိုးခြင်း)သက်သက်သာ ဖြစ်သော်လည်း ရှေ့နောက် စင်ကြယ်ခြင်း တို့အကြားမှာ ယှဉ်ဖက်တွဲဖက်အနေအားဖြင့် ကျရောက်သောကြောင့် စင်ကြယ် ခြင်း အရေအတွက်၌ပင် ထည့်သွင်းပြီးလျှင် ဝိသုဒ္ဓိလေးပါး (စင်ကြယ်ခြင်း လေးပါး)ဟု ဟောကြားတော်မူသည်။

ဤ ဒက္ခိဏာဝိသုဒ္ဓိလေးပါး ဟောကြားတော်မူပုံကို ထောက်ဆ၍ ဒါန အရာ၌—

၁။ အလှူဒါယကာ သီလရှိ၍ ကောင်းသော ကိုယ်ကျင့်တရားနှင့် ပြည့်စုံသူဖြစ်ခြင်း၊

၂။ အလှူခံပုဂ္ဂိုလ်ကလည်း ထိုအတူဖြစ်ခြင်း၊

၃။ လှူဘွယ်ဝတ္ထုကလည်း ဓမ္မိယလဒ္ဓပစ္စည်းဖြစ်ခြင်း၊

http://www.dhammadownload.com



၄။ စေတနာသုံးတန် ထက်သန်ခြင်း၊

၅။ ကံ-ကံ၏အကျိုးကို ယုံကြည်မှု သဒ္ဓါတရားရှိခြင်း—

ဤအင်္ဂါငါးပါးသည် ဒါန၏ အာနုဘော်ကြီးမြင့်ကြောင်းများဖြစ်သည်။

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံက ဒါန၏ အာနုဘော်ကြီးမြင့်၏၊ အင်္ဂါယုတ်လျော့လျှင် ဒါန၏ အာနုဘော်ဆုတ်ယုတ်သည်ဟု မှတ်ယူရာ၏။

## သဒ္ဓါတရားနှင့်စပ်၍ မှတ်ဖွယ်

ဤဆိုအပ်ပြီးသော ဒါန၏ အာနုဘော်ကြီးမြင့်ကြောင်း အင်္ဂါငါးပါးတို့တွင် (၅)အမှတ်ပြ ကံ-ကံ၏အကျိုးကို ယုံကြည်မှု သဒ္ဓါတရားကို နားလည်ဖို့ အရေးကြီးသည်။ သဒ္ဓါဟူသော စကားကို ယုံကြည်ခြင်းဟု မြန်မာဘာသာ ပြန်ဆိုရ၏၊ သဒ္ဒါရင်းအတိုင်း အနက်မြန်မာပြန်ဆိုလျှင် **"ကောင်းစွာ ဆောင်ထတတ် ထားတတ်သောတရား"**ဟူ၍ အနက်မြန်မာပြန်ဆိုရပေမည်၊ အလွန်ကြည်လင်၍ အနည် (အနယ်) ထိုင်နေသော ရေသည် လရိပ်နေရိပ် အစရှိသည်ကို မိမိ၌ ဆောင်ထားနိုင်သကဲ့သို့၊ ဤသဒ္ဓါတရားမှာလည်း ကိလေသာမှုံအညစ်အကြေး ကင်းစင်သဖြင့် မြတ်စွာဘုရား၏ ဂုဏ်တော်အစရှိသော အာရုံများကို မိမိ၌ ကောင်းစွာ ဆောင်ထားသကဲ့သို့ ဖြစ်သည်။

လောကဥပမာအားဖြင့် လူတို့မှာ လက်မရှိလျှင် ရတနာတို့ကို မြင်သော်လည်း မကောက်ယူနိုင်သကဲ့သို့ရင်း၊ ဥစ္စာမရှိလျှင် အသုံးအဆောင် အမျိုးမျိုး မပြည့်စုံနိုင်သကဲ့သို့ရင်း၊ မျိုးစေ့မရှိလျှင် ကောက်ပဲသည် မပြည့်စုံနိုင်သကဲ့သို့ရင်း၊ ထို့အတူ သဒ္ဓါတရားမရှိလျှင် ဒါန သီလ ဘာဝနာ အစရှိသော ကောင်းမှု ရတနာတို့ကို မကောက်ယူနိုင်၊ လူနတ်နိဗ္ဗာန်စည်းစိမ်တို့ကို မရနိုင် မပြည့်စုံနိုင်သောကြောင့် ဤသဒ္ဓါတရားကို လက်နှင့်တူ၏ဟူ၍ရင်း၊ ဥစ္စာနှင့် တူ၏ဟူ၍ရင်း၊ မျိုးစေ့နှင့်တူ၏ဟူ၍ရင်း မြတ်စွာဘုရား ဟောကြားတော်မူအပ်သည်။

ဤသဒ္ဓါတရားသည် စကြာမင်းကြီး၏ ပတ္တမြားရတနာနှင့် တူကြောင်း မိလိန္ဒပဉှာပါဠိတော် အဋ္ဌသာလိနီအဋ္ဌကထာစသော ကျမ်းဂန်တို့၌ လာရှိသည်။ စကြာမင်းကြီး၏ ပတ္တမြားရတနာသည် မည်မျှလောက် နောက်ကျုနေသောရေ ဖြစ်စေကာမူ ရေထဲသို့ ထည့်လိုက်က ထိုရေနောက်ကို လက်ငင်း ခဏခြင်း ကြည်လင်သွားစေနိုင်သကဲ့သို့ စိတ်၌ရှိသော ကိလေသာ အညစ်အကြေးဟူသမျှကို သဒ္ဓါတရားသည် လက်ငင်း ခဏခြင်း ပယ်ရှား၍ ကြည်လင်သွားစေနိုင်သည်၊ သဒ္ဓါတရား ဖြစ်နေလျှင် သောကစသော ညစ်ညူးမှု တစုံတရာ မဝင်နိုင်ဟု ဆိုလိုသည်။

http://www.dhammadownload.com



သို့ဖြစ်၍—ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မြတ်စွာဘုရားကို အာရုံပြုကာ မည်မျှလောက်ကြာအောင် ငါ၏စိတ်အစဉ်မှာ ကြည်လင်ခြင်းဖြစ်ဘူးသနည်းဟု အဖန်ဖန်စဉ်းစားလျှင် ဘုရားကို အာရုံပြု၍ စိတ်ညစ်ညူးခြင်း တစုံတရာမရှိပဲ ကြည်လင်သော သဘောသာ ပေါ်ပေါက်နိုင်သည်ကို ရရှိရန် ခယဉ်းကြောင်း သိသာပေလိမ့်မည်။

အလွတ်သာမညအခါကို မဆိုထားဘိ၊ ဘုရားရှိခိုးနေခိုက်မှာပင် အခြားအာရုံမဝင်ပဲ ဘုရားကိုသာ အာရုံပြု၍ ကြည်လင်သောသဘော သက်သက် ငါးမိနစ်ခန့်ကြာအောင် ဖြစ်နေလျှင် ငါ့မှာ သဒ္ဓါတရား ငါးမိနစ်ခန့် ဖြစ်သည်ဟု မှတ်ယူရာ၏၊ အချိန်ကြာမြင့်စွာ အစဉ်မပြတ် ဖြစ်အောင်လည်း လေ့လာရာ၏။

ဒါနအရာမှာ .. ကံကို ယုံကြည်ခြင်းဟု ဆိုရာ၌ "ငါ ယခုလှူဒါန်းသဖြင့် ဥစ္စာ မည်ရွေ့မည်မျှ ကုန်သွားမည်၊ သို့သော် အချည်းနှီး ကုန်သွားခြင်းမဟုတ်၊ ကုန်သွားသော ဥစ္စာထက် အဆပေါင်းများစွာ အဖိုးထိုက်တန်သော ဒါနကံ စေတနာတရား ငါ့မှာ ဖြစ်သည်၊ ဥစ္စာကို ရန်သူမျိုးငါးပါးတို့ ဖျက်ဆီးနိုင်သော်လည်း ဒါနကံစေတနာကို ဘယ်ရန်သူမျှ မဖျက်ဆီးနိုင်၊ ဤဒါနကံစေတနာသာ သံသရာတလျှောက် နိဗ္ဗာန်ရောက်အောင် ငါ့နောက်က လိုက်ပါလိမ့်မည်" ဟု စိတ်ကို ကြည်ကြည် လင်လင်ကြီး ထားနိုင်ခြင်းကို "ကံကို ယုံကြည်သည်"ဟု ခေါ်သည်။

"ဤကံကြောင့် သံသရာတလျှောက် ကောင်းကျိုးတရားတို့ကို ရနိုင်သည်၊ တစုံတရာမျှ ယုံမှားဖွယ်မရှိ"ဟု ကံ၏အကျိုးကို စဉ်းစားပြန်လျှင်လည်း အလွန်ကြည်လင်သော သဘောပေါ်ပေါက်လာသည်ကို လက်တွေ့ဖြစ်လိမ့်မည်၊ ဤသို့ ကံ၏အကျိုးကို . စဉ်းစား၍ ကိုယ်တွေ့ဖြစ်သော အလွန်ကြည်လင်မှု သဘောကို "ကံ၏ အကျိုးကို ယုံကြည်ခြင်း"ဟု ခေါ်သည်။

ပြဆိုအပ်ပြီးသည့်အတိုင်း ကံကိုဖြစ်စေ ကံ၏အကျိုးကိုဖြစ်စေ အာရုံပြုကာ **စိတ်၏** ကြည်လင်ခြင်းတရား ထင်ရှားပေါ်ပေါက်၍ ငါးခုမြောက် **ဒါန၏** အာနုဘော်ကြီးမြင့်ကြောင်း တရားနှင့်ပြည့်စုံရန် သတိပြုရာ၏။

ဒါနပါရမီခန်း ပြီး၏။

http://www.dhammadownload.com



## (ခ) သီလဝါရမိ

### စမရီသားကောင်

ဤ သီလပါရမီခဏ်း၌ ဥပမာပြအပ်သော စမရီမည်သော သတ္တဝါကို (အတောင်ရှိသော ငှက်မျိုးဟု အလွဲလွဲအမှားမှား မမှတ်သားရာ) အမြီးလေးချောင်းရှိသော သားကောင်မျိုးဟူ၍သာ မှတ်ယူရာ၏။ စမရသဒ္ဒါ စမရီသဒ္ဒါ နှစ်ပါးလုံးပင် ထိုသားကောင်ကို ဟောနိုင်သည်။

မဂဓအဘိဓာန်ကျမ်း၌ကား စမရသဒ္ဒါသာ ပါရှိသည်။ ထို စမရသဒ္ဒါကိုလည်း ရှေးဆရာများက (အောင်း) ဟူ၍ မြန်မာပြန်ဆိုတော်မူကြ၏။ ကျော်အောင်စံထားဆရာတော် ပြည်ဆရာတော်တို့သည်လည်း အောင်းဟူ၍ငင်း စမရီမည်သော သားကောင်ဟူ၍ငင်း နှစ်ချက်ပင် ပြန်ဆိုတော်မူကြသည်။ ဤကဲ့သို့ မြီးဆံဆန်းကြယ်သော ဤသားကောင်ကို အောင်းဟူ၍ ခေါ်ကြသည့်အတွက် ကဝိလက္ခဏာ သတ်ပုံကျမ်းတွင်လည်း—“ဂဠုန်ဆက်နှံ၊ ပျံသည့်လုံ၊ အောင်းဆံဖားဖားဆွဲ” ဟူ၍ စပ်ဆိုထားသည်။ လုံ့ပျံမှာ တင့်တယ်ခြင်းရှိစေရန် အောင်းမြီးဆံကို ဖားဖားရားရားရှိအောင် လုံ့အရင်းက ဆွဲထားသည်ဟူ၍ ဖွဲ့ဆိုခြင်းဖြစ်သည်။

ဤ စမရသဒ္ဒါ စမရီသဒ္ဒါတို့ ဟောအပ်သည့် အမြီးလေးချောင်းရှိ (ရှေးဆရာတို့ အောင်းဟု မြန်မာပြန်ဆိုခဲ့သော) သားကောင်ကို အတိအကျ သိရှိစေရန်အတွက်—

သက္ကတ မဂဓ ကျမ်းဂန်အဝဝတို့၌ ကမ်းဆုံးရောက် တတ်မြောက်တော်မူကြသော အဘယာရာမဆရာတော် မော်လမြိုင်မြို့ တောင်ပေါက်ဆရာတော်တို့သည် မိမိတို့၏ အဘိဓာန်နိဿယ အမရကောသနိဿယတို့၌ ဖော်ပြလတ္တံ့သောအတိုင်း ရေးသားတော်မူခဲ့ကြလေသည်။

> စမရော၊စမရီမည်သောသား။ ။စမရီကား အမွေးရှည်သောတိဗက်နွားမျိုးတည်း၊ ထိုသားကောင်၏ မြီးဆံသည် ရှည်သည်ဖြစ်၍ ဗ္ဗန္တိယနိုင်ငံ တိဗက်နိုင်ငံတို့၌ ယင်နှင်ယပ်လုပ်ကြ၏၊ ထိုကိုပင် “စာမရီသားမြီးယပ်”ဟု ခေါ်သည်။ တိဗက်နိုင်ငံ၌ ဝန်တင်ရန် နို့စားရန် အသားကိုစားရန် ဤသားကောင်ကို အသုံးပြုကြကုန်၏။ ဤအနက်ကို သက္ကတဆေးကျမ်းတို့ကိုငင်း ပါဠိအမည်တပ်လျက်ပါသော သတ္တဝါရုပ်ပုံများကိုမြင်၍ ၎င်းတို့၏ အကြောင်းကိုဆိုသော စာအုပ်တို့ကိုငင်း ကြည့်ရှုမှီငြမ်း

http://www.dhammadownload.com



ပြု၍ ပေးအပ်သတည်း။(အဘယာရာမဆရာတော်၏ အဘိဓာန်နိသျသစ် ဂါထာအမှတ် ၆၁၈-မှ။)

စမရ၊ တိဗက်နွား၊ ။(ဋီကာ အမရကောသနိသျ၊ ၁၅-ဝဂ်၊ ၁၀-အမှတ် ဂါထာနိသျမှ။)

စမရ၊ စမရီမည်သောသားကောင်။ ။(ဝါလဓိပ္ပိယ၊ဂိရိပ္ပိယ နှစ်ပုဒ်လည်း ၎င်း၏အမည်ပင်။ ဤစမရီမည်သော သားကောင်ကား နွားနှင့်သဏ္ဌာန်တူ၍ ရှည်သောအမွေးရှိ၏၊ တိဗက်နိုင်ငံ၌ ၎င်းကို ဝန်တင်ခြင်းစသည်ဖြင့် အသုံးပြုကြ၏။ စမရီသားမြီးယပ်ဟူသည် ၎င်း၏ မြီးဆံဖြင့်ပြုလုပ်သော ယပ်မျိုးတည်း။ သင်္ခတ(သက္ကတ)ကျမ်းများ၌ကား ကျွဲနှင့်သဏ္ဌာန်တူ၏ဟု အဆိုရှိသည်။သီဟိုဠ်ဘာသာအမရကောသနိသျ၌လည်း ကျွဲနှင့်သဏ္ဌာန်တူသော ဥတ္တရာပထတိုင်း၌ ဖြစ်သော စမရီမည်သော သားကောင်အထူးဟု ဆို၏။

**စမရီဟု၊ ခေါ်မှတ်ပြု၊ သိမှူတိဗက်နွား။**
**ဤကနွားထက်၊ ကိုယ်လုံးထွက်၊ မှတ်ချက်မွေးမြီးဖွား။**
**ကျွဲနှင့်ပုံဟန်၊ သူ့သဏ္ဌာန်၊ တူတန်နေမခြား။**
**ဤမှာနွားကို၊ သုံးသလို၊ ထိုမှာသုံးပြုငြား။**
**စာမရီယပ်၊ ခေါ်ပညပ်၊ ပြုအပ်သူ့မြီးဖွား။**
**ကျောက်တောင်ထူထပ်၊ တောအရပ်၊ ချဉ်းကပ်ပျော်မွေ့ငြား။**
**ဂိရိပ္ပိယ၊ ထို့ကြောင့်ပ၊ နာမခေါ်ထင်ရှား။**
**ဝါလဓိပ္ပိယ၊ မည်အရ၊ ချစ်လှသူ့မြီးဖွား။**

(တောင်ပေါက်ဆရာတော်၏ အဘိဓာန်နိသျသစ်မှ။)

ဤသီလပါရမီအရာ စမရီသားနှင့်စပ်၍ပါရမီတော်ခဏ်းပျို့ ပိုဒ်ရေ(၇၁)၌—

သခ်ျောလေးထပ်၊ တသိန်းကပ်ကို၊ ကူးခပ်ပေါက်မြောက်၊ မရောက်မချင်း၊ သီတင်းခြိုးခြံ၊ ကျင့်အားသန်လျက်၊ အကြံဆွတ်ဆွတ်၊ မလောက်မှတ်၍၊ တပယ်သီကြီး၊ မြောက်စွာပြီးသည်၊ ပွါးစီးလိမ္မာ၊ သုမေဓာ....ပမာသွေးသီ၊ စာမရီဟု၊ နောက်ချီပွပွ၊ မြီးဆံလှလျက်၊ တောမထိပ်ခေါင်၊ သရေဆောင်သည်၊ ရွှေရောင်ပြိုးပြိုး၊ သားအမျိုးကား၊ ကျင့်ရိုးအစဉ်၊ချင်းတို့ဉာဉ်ဖြင့်၊ ရှောင်ကြဉ်လျက်ပင်၊မြီးဆံပင်၏၊ အကြင်သရော်၊ မသွားတော်၍၊ ထော်လော်ကန့်လန့်၊ ချုံနွယ်ညွန့်၌၊

http://www.dhammadownload.com



အတွန့်ရှောက်ရှောက်၊ ငြိလေမြောက်အံ့၊ မျှလောက်မွေးသက်၊ တမျှင်ရှက်ကို၊ စုံမက်ချစ်စိုး၊ နှစ်မြောနိုး၍၊ သားမျိုးတိရစ္ဆာန်၊ အားကုန်သွန်လျက်၊ လည်လန့်မူးမော်၊ ရှုန်းချော်သော်လည်း၊ ထိုရော်မြီးဖျား၊ ပြတ်ခန့်ညား၍၊ မသွားတဆွေ၊ ထိုရွှေ့ဝပ်တန့်၊ အသက်စွန့်လျက်၊ တွန့်သည်တပင်၊ မွေးတမျှင်ကြောင့်၊ ကိုယ်စင်ဆုံးရှောင်း၊ မသေကောင်းဟု၊ ကျိုးကြောင်းယိုးယံ၊ အကြံမဲ့ပဲ၊ ဖြစ်ခဲစွာလောက်၊ မင်းမြောက်တန်းဆာ၊ ရတနာအမြီး၊ ငါသေပြီးလည်း၊ ပျက်စီးမဲ့ထွေ၊ ရပစေဟု၊ ကောင်သေပင်ကို၊ ဝပ်၍ဆိုသား၊ထိုတိရစ္ဆာန်၊တောသားမွန်၏၊ကျင့်ဟန်ထူးမြား၊ ဤဖြစ်လားကို၊ ၊ဘာသွားနှလုံးရှိစေလသော။—

ဟူ၍ ကြည်ညိုဖွယ် စပ်ဆိုထားလေသည်။

စမရီသားကောင်သည် အသွားမတော်သည့်အတွက် ချုံနွယ်တခုခု၌ မိမိ၏ မြီးဆံတမျှင်မျှ ငြိလျှင်ပင် ထိုမြီးဆံကို စုံမက်နှမြောလှသောကြောင့် အားသွန်၍ရုန်းလျှင် ထိုမြီးဆံမျှင် ပြတ်မည်ကို စိုးခန့်သဖြင့် (မြီးဆံတမျှင်ကြောင့် ငါ့အသက် မသေစကောင်းဟု အကြံမပြုပဲ) ငါပင်သေသော်လည်း ဖြစ်ခဲလှစွာ မင်းမြောက်တန်းဆာ ရတနာအဝင်အပါဖြစ်သော ငါ၏အမြီးကို မပျက်မစီး ရရစ်ကြစေဟု ထိုနေရာမှာပင် (မြီးဆံကို အပျက်မခံပဲ) အသက်ကို စွန့်၍ ဝပ်သကဲ့သို့၊ အသင်သူမေခါသည်လည်း ထိုစမရီသားကောင်ကို အတုယူ၍ အသက်စွန့်ပြီးလျှင် သီလတည်းဟူသော မြီးဆံကို စောင့်ရှောက်လေဟု မိမိကိုယ်ကို ဆုံးမတော်မူသည်ဟု ဆိုလိုသည်။

### သီလနှင့်စပ်၍ မှတ်ဖွယ်အကျယ်

ဤသီလပါရမီအရာ၌ ရှေးဒါနခဏ်း၌ကဲ့သို့ မှတ်သားဖွယ် အကျယ်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ လာရှိသောအတိုင်း....

(၁) အဘယ်တရားကို သီလခေါ်သနည်း၊

(၂) အဘယ်အနက်ကြောင့် သီလမည်သနည်း၊

(၃) သီလ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကား အဘယ်နည်း၊

(၄) ထိုသီလ၏ အကျိုးကား အဘယ်နည်း၊

(၅) သီလသည် မည်မျှ အပြားရှိသနည်း၊

http://www.dhammadownload.com



(၆) သီလ၏ ညစ်ညူးကြောင်းတရားကား အဘယ်နည်း၊

(၇) သီလ၏ ဖြူစင်ကြောင်းတရားကား အဘယ်နည်း—

ဟူသော ပုစ္ဆာ (၇) ချက်ကို အရင်းခံထား ဖြေကြားသောအားဖြင့် ဖော်ပြပေအံ့။ ထိုပုစ္ဆာ (၇)ချက်တို့တွင်—

## သီလအရကောက်

(၁) အဘယ်တရားကို သီလခေါ်သနည်း....ဟူသော အမေး၌ "သူ့အသက်ကိုသတ်ခြင်း စသည်တို့မှ ရှောင်ကြဉ်သောသူ ဝတ်ကြီးဝတ်ငယ်တို့ကို ဖြည့်ကျင့်သောသူတို့၏ သန္တာန်၌ဖြစ်သော အဘိဓမ္မာသဘောအားဖြင့် စေတနာတရား၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝတည်းဟူသော ဝိရတီစေတသိက်နှင့် အနဘိဇ္ဈာခေါ်သော အလောဘ အဗျာပါဒခေါ်သော အဒေါသ သမ္မာဒိဋ္ဌိခေါ်သော အမောဟ၊ နောက်၌ အကျယ်ဖော်ပြလတ္တံ့သော သံဝရငါးပါး၊ အဝီတိက္ကမတရားတို့ကို သီလဟူ၍ ခေါ်ဆိုအပ်သည်။

သီလမည်သောတရားတို့ကား ငါးစုရှိသည်၊ ၎င်းတို့မှာ ...(က)ကာယဒုစရိုက် ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်သောသူ၏ သန္တာန်၌ဖြစ်သော စေတနာ၊ ဝတ်ကြီးဝတ်ငယ်ကို ဖြည့်ကျင့်သူ၏ သန္တာန်၌ဖြစ်သော စေတနာ၊ (ခ)ကာယဒုစရိုက် ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်သော ဝိရတီစေတသိက်သုံးပါး၊ (ဂ) အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိတည်းဟူသော မနောသုစရိုက်တရားသုံးပါး၊ (ဃ) သံဝရတရားငါးပါး၊ (င) အဝီတိက္ကမခေါ်သည့် စောင့်ထိန်းအပ်သောသိက္ခာပုဒ်ကို မလွန်ကျူးသောအခါ၌ ဖြစ်သော ကုသိုလ်စိတ် စေတသိက်။ ဤတရားငါးစုတို့ ဖြစ်သည်။

## (က) စေတနာသီလနှင့် (ခ) ဝိရတီသီလ

သက်သတ် ခိုးမှု၊ ကာမေသု၊ သုံးခု ကာယကံ။
မုသာ မိတ်ခွဲ၊ဆဲရေး ပြိန်ဖျင်း၊အပါယ်ချဉ်း၊လေးသင်းဝစီကံ—

ဟူသော အတိုင်း သူ့အသက်ကိုသတ်ခြင်း(ပါဏာတိပါတ)၊ သူ့ဥစ္စာကို ခိုးယူခြင်း (အဒိန္နာဒါန)၊ မိမိမပိုင်သော ဝတ္ထုကာမတို့၌ ဖောက်ပြန်မှားယွင်းစွာ ကျင့်ခြင်း (ကာမေသု မိစ္ဆာစာရ)ဤသုံးပါးကို ကာယဒုစရိုက်သုံးပါးခေါ်သည်။ မဟုတ်မမှန်ပြောဆိုခြင်း (မုသာဝါဒ)၊ ဂုံးတိုက် စကားပြောကြားခြင်း (ပိသုဏဝါစာ)၊ သူ့နားမချမ်း ကြမ်းထမ်းယုတ်မာ တိုင်းထွာဆဲရေးစကား ပြောကြားခြင်း (ဖရုသဝါစာ)၊ အကျိုးမရှိ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်း (သမ္ဖပ္ပလာပ) ဤလေးပါးကို ဝစီဒုစရိုက်လေးပါးခေါ်သည်။

http://www.dhammadownload.com



ထိုကာယဒုစရိုက်သုံးပါး ဝစီဒုစရိုက်လေးပါးတို့ကို ပြုမှား ပြောမှားခြင်းသည် အသက်မွေးမှုအတွက်လည်း ပြုမှား ပြောမှားတတ်သည် (မှုဆိုး တံငါစသည်တို့၏ ပါဏာတိပါတစသည်ကို ဆိုလိုသည်)။ အသက်မွေးမှုအတွက် မဟုတ်သော ပါဏာတိပါတစသည်လည်း ရှိသည် (မင်းညီ မင်းသားစသူတို့ အပျော်အပါး တောလိုက်သော ပါဏာတိပါတစသည်ကို ဆိုလိုသည်)။

ထိုကာယဒုစရိုက် ဝစီဒုစရိုက်တို့ကို ပြုမှား ပြောမှားရာ၌ အသက်မွေးမှုအကြောင်းအတွက်နှင့် အသက်မွေးမှုအကြောင်းမရှိပဲ ပြုမှား ပြောမှား နှစ်ထွေပြားသကဲ့သို့ပင်၊ ထိုဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်းမှာလည်း အသက်မွေးမှုအကြောင်းရှိသော ထိုဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်း အသက်မွေးမှုအကြောင်းမရှိပဲ ထိုဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်းဟူ၍ နှစ်မျိုးရှိပြန်လေသည်။

အသက်မွေးမှုအကြောင်းမရှိသော ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်းကို သမ္မာကမ္မန္တဝိရတီခေါ်သည်၊ အသက်မွေးမှု အကြောင်းမရှိသော ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းကို သမ္မာဝါစာ ဝိရတီခေါ်သည်၊ အသက်မွေးမှုလျှင် အကြောင်းရင်းရှိသော ထိုကာယဒုစရိုက်သုံးပါး ဝစီဒုစရိုက်လေးပါး (ရဟန်းတော်များအဖို့ ထူး၍ ဟောကြားအပ်သော)မိစ္ဆာအာဇီဝ အမျိုးမျိုးတို့မှ ရှောင်ကြဉ်ခြင်းကို သမ္မာအာဇီဝဝိရတီခေါ်သည်။

ဆိုအပ်ပြီးသော ဝိရတီစေတသိက်သုံးပါးတို့ကို ဝိရတီသီလခေါ်၍၊ ထိုဝိရတီစေတသိက်နှင့် တွဲဖော်ယှဉ်ဖက် တကွနက်ဖြစ်သော စေတနာ စေတသိက်ကို စေတနာသီလခေါ်သည်။ ဆရာဥပဇ္ဈာယ်အစရှိသူတို့အပေါ်၌ ဝတ်ကြီး ဝတ်ငယ်ကို ပြုသောအခါ မဟာကုသိုလ်စိတ်၌ပါသော စေတနာစေတသိက်ကိုလည်း စေတနာသီလခေါ်သည်။

## (ဂ) အနဘိဇ္ဈာဒိသီလ

သူတပါးစည်းစိမ်ကို "ဤစည်းစိမ်သည် ငါ၏ဥစ္စာဖြစ်ပါမူ ကောင်းလေစွ"ဟု သူတပါးစည်းစိမ်သို့ ရှေးရှုကြံစည်တတ်သော လောဘကို အဘိဇ္ဈာမနောဒုစရိုက်ခေါ်သည်၊ ထိုအဘိဇ္ဈာမနောဒုစရိုက်ကို ပယ်ရှားသောသူ၏ သန္တာန်၌ ဖြစ်သော ပယ်ရှားကြောင်းစေတနာနှင့် အနဘိဇ္ဈာမည်သော အလောဘ စေတသိက်သည် သီလမည်၏။ သူတပါးပျက်စီးရန် စိတ်ဖြင့်ပြစ်မှားခြင်း (ထိုသူ ပျက်စီးပါစေ သေပါစေ စသည်ဖြင့် ကြံစည်ခြင်း) ဒေါသစေတသိက်သည် ဗျာပါဒမနောဒုစရိုက်မည်၏၊ ထိုဗျာပါဒမနောဒုစရိုက်ကို ပယ်ရှားသောသူ၏ သန္တာန်၌ ဖြစ်သော ပယ်ရှားကြောင်းစေတနာနှင့် အဗျာပါဒမည်သော အဒေါသ စေတသိက်သည် သီလမည်၏။ "အလှူဒါနမည်သည် မရှိ၊ အလှူဒါန၏

http://www.dhammadownload.com



အကျိုးလည်း မရှိ” စသည်ဖြင့် အယူဖောက်ပြား မှားယွင်းခြင်း ဒိဋ္ဌိစေတသိက်သည် မိစ္ဆာဒိဋ္ဌိမနောဒုစရိုက်မည်၏၊ ထိုမနောဒုစရိုက်ကို ပယ်ရှားသောသူ၏ သန္တာန်၌ဖြစ်သော ပယ်ရှားကြောင်းစေတနာနှင့် သမ္မာဒိဋ္ဌိမည်သော အမောဟ စေတသိက်သည် သီလမည်၏။

အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ တည်းဟူသော မနောဒုစရိုက် သုံးပါးရှိလျှင် သူ့ အသက်ကိုသတ်ခြင်း အစရှိသော သီလပျက်စီးမှု (ဒုဿီလျ) တရားများ ဖြစ်နိုင်သည်၊ ထိုမနောဒုစရိုက်တို့ကို ပယ်ရှားတတ်သော မနောသုစရိုက်သုံးပါး နှင့် စေတနာတို့ဖြစ်ပွါးလျှင် ဒုဿီလျခေါ်သည့် သူ့ အသက်ကိုသတ်ခြင်း အစရှိ သော သီလပျက်စီးမှုများ မဖြစ်နိုင်၊ ထို့ကြောင့် အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာ ဒိဋ္ဌိတည်းဟူသော မနောသုစရိုက်သုံးပါးကို သီလဟု ခေါ်ဆိုသည်။

စိတ်ဖြစ်လျှင် စေတနာပါသည်ချည်းဖြစ်၏၊ ထိုစေတနာကပင် စိတ်ကိုအာရုံ နှင့် စေ့ဆော်ပေး၏၊ စေ့စပ်ပေး၏။ ဂဟေဆက်စပ်သည်ကို ဂဟေဆော် သည်ဟု ခေါ်သကဲ့သို့ စိတ်နှင့်အာရုံ ဆက်စပ်စေ့စပ်ပေးသည်ကိုပင် စေ့ဆော် သည်ဟု ခေါ်သည်။ စေတနာက စေ့ဆော်မပေးလျှင် စိတ်သည် အာရုံနှင့် အာရုံအာရမ္မဏိကအဖြစ်ဖြင့် ဆက်စပ်မည်မဟုတ်၊ စိတ်သည် အာရုံ၌ တည်မည် မဟုတ်၊ စိတ်သည် အာရုံကို အာရုံပြုတော့မည်မဟုတ်၊ စေတနာက ဂဟေဆက် စပ် စေ့ဆော်ပေးသည့်အတွက် စိတ်သည် အာရုံနှင့် အာရုံအာရမ္မဏိကအဖြစ်ဖြင့် ဆက်စပ်နိုင်ရသည်။ စိတ်သည် အာရုံ၌ တည်ရခြင်းဖြစ်သည်၊ စိတ်သည် အာရုံကို အာရုံပြုနိုင်သည်။ ထို့ကြောင့် စိတ်ဖြစ်တိုင်းဖြစ်တိုင်း စေတနာပါရသည်တွင် သီလနှင့်စပ်လျဉ်းသောစိတ် ဖြစ်ရာမှာပါသည့် စေတနာဟူသမျှကို သီလ ခေါ် သည်ဟု မှတ်ယူအပ်၏။

## (ဃ) သံဝရသီလနှင့် (င) အဝီတိက္ကမသီလ

ပြဆိုအပ်ခဲ့ပြီးသော စေတနာသီလနှင့် ဝိရတီသီလ အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိသီလတို့မှာ လူရော ရဟန်းပါ နှစ်ဦးလုံးနှင့်ဆက်ဆံသော သီလများ ဖြစ်ကြ၏၊ ထိုအပြင် ရဟန်းတို့နှင့်သာ အထူးဆက်ဆံသောသီလကား စောင့် ထိန်းခြင်း(သံဝရ)သီလနှင့် မလွန်ကျူးခြင်း (အဝီတိက္ကမ) သီလတို့ ဖြစ်ကြ၏။ ထိုနှစ်ပါးတို့တွင် စောင့်ထိန်းခြင်း (သံဝရ)သီလသည်....

(၁) ပါတိမောက္ခသံဝရ=(မိမိကို စောင့်ထိန်းသသူကို အပါယ်စသော ဘေးတို့မှ လွတ်မြောက်စေတတ်သော သိက္ခာပုဒ်သီလကို ခေါ် သည်။)

http://www.dhammadownload.com



(၂) သတိသံဝရ=(မျက်စိ နား နှာ လျှာ ကိုယ် စိတ် တည်းဟူသော ဣန္ဒြေခြောက်ပါးတို့ကို အကုသိုလ်ခိုးသားတို့ ဝင်ခွင့်မရစေရန် မလစ်မလပ် သတိဖြင့် စောင့်ကြပ်ခြင်းကို ခေါ်သည်။)

(၃) ဉာဏသံဝရ=(ရေအလျဉ်ကဲ့သို့ တသွင်သွင် ဖြစ်ပွါးတတ်သည့် တဏှာ ဒိဋ္ဌိ အဝိဇ္ဇာ ဒုစရိုက် ကိလေသာတရားတို့ မဖြစ်ပွါးရအောင် စောင့်ထိန်းတတ်သော ပညာကို ခေါ်သည်၊ ပစ္စယသန္နိဿိတသီလလည်း ဤဉာဏသံဝရ၌ ပါဝင်လျက်ရှိသည်။)

(၄) ခန္တိသံဝရ=(အချမ်းအပူ စသည်တို့ကို သည်းခံသောအားဖြင့် အကုသိုလ်တရားတို့ မဖြစ်ပွါးအောင် စောင့်ထိန်းခြင်းကို ခေါ်သည်။)

(၅) ဝီရိယသံဝရ=(ကာမ ဗျာပါဒ ဝိဟိံသာ မိစ္ဆာဝိတက်တို့ စိတ်ထက်၌ တက်၍မနေနိုင်အောင် (မကြံစည်မိအောင်) အားထုတ်စောင့်စည်းခြင်းကို ခေါ်သည်၊ အာဇီဝပါရိသုဒ္ဓိသီလသည်လည်း ဤဝီရိယသံဝရ၌ ပါဝင်လျက်ရှိသည်။)

**ပါတိ သတိ၊ ဉာဏ် ခန္တိ၊ ထို့ပြင် ဝီရိယ။**
**အကုသိုလ်များ၊ ပယ်စောင့်ရှား၊ ငါးပါးသံဝရ။**

အဝီတိက္ကမသီလဟူသည် ဆောက်တည်ထားသော သိက္ခာပုဒ်တို့ကို ကိုယ်နှုတ်တို့ဖြင့် မလွန်ကျူးခြင်းကို ခေါ်သည်။

ဆိုအပ်ပြီးသော သံဝရငါးပါးနှင့် အဝီတိက္ကမတရားတို့၏ တရားကိုယ်စစ်စစ်မှာ....

ပါတိမောက္ခသံဝရ၏အရ သီလခဏ်းအစဉ်၌ ပြခဲ့သော စေတနာ ဝိရတီ အလောဘ အဒေါသ အမောဟ စေတသိက်တို့ ဖြစ်၏။

သတိသံဝရ၏အရ သတိစေတသိက်ပင်ဖြစ်၏၊ (သတိဖြစ်ရာမှာလည်းစေတနာပါရမည်ပင်ဖြစ်၏။)

ဉာဏသံဝရ၏အရ ပညာစေတသိက်ပင်ဖြစ်၏။ (ပညာဖြစ်ရာမှာလည်း စေတနာပါရမည်ပင်ဖြစ်၏။)

ခန္တိသံဝရ၏အရ အမျက်မထွက်ခြင်း လက္ခဏာရှိသော အဒေါသစေတသိက်ခေါင်းဆောင်သည့် ကုသိုလ်စိတ် စေတသိက်စု(တနည်း)အဒေါသစေတသိက်ပင်ဖြစ်၏။

ဝီရိယသံဝရ၏အရ ဝီရိယစေတသိက်ပင် ဖြစ်၏။ (ဝီရိယဖြစ်ရာမှာလည်း စေတနာပါရမည်ပင်ဖြစ်၏။)

http://www.dhammadownload.com



အဝီတိက္ကမ၏အရကား ဆောက်တည်ထားသော သိက္ခာပုဒ်တို့ကို မလွန်ကျူးသောအခြင်းအရာဖြင့်ဖြစ်သော ကုသိုလ်စိတ် စေတသိက်စုပင် ဖြစ်၏။

ဒါနအရာမှာ စေတနာသည် အရင်းခံဖြစ်၏။ သီလအရာ၌ကား စေတနာပင် အရင်းခံဖြစ်သည့်ပြင် ဝိရတိစေတသိက်သုံးပါး၊ အလောဘ အဒေါသ အမောဟ စေတသိက်သုံးပါး သတိစေတသိက် ပညာစေတသိက် ဝီရိယစေတသိက်တို့လည်း အသီးအသီး ဆိုင်ရာဆိုင်ရာ ရှေ့ဆောင်ကာ ကုသိုလ်ဖြစ်သော စိတ် စေတသိက် အစုပင် ပါဝင်နိုင်၏။

ဤကား သီလခေါ် အပ်သောတရားတို့ကို ပြဆိုချက်တည်း။

## သီလခေါ် ခြင်း၏အကြောင်း

(၂)အဘယ်အနက်ကြောင့် သီလမည်သနည်း....ဟူသော အမေး၌—သီလ ဟူသောစကားသည် ပါဠိအတိုင်း ခေါ်ဆိုထားသော မြန်မာဝေါဟာရဖြစ်၏။ ပါဠိအတိုင်း ခေါ်ဆိုထားသည့် ဒါနပြုသည် ဟူသောမြန်မာစကားကို ပေးကမ်းစွန့်ကြဲမှုပြုသည်ဟု ပြောဆိုနိုင်သော်လည်း သီလဆောက်တည်သည် ဟူသော မြန်မာစကားကိုကား ရှင်းရှင်းလင်းလင်း မပြောဆိုနိုင်ကြသည်ကများ၏။

သီလသဒ္ဒါသည် နဂိုရ်သဘောဟူသောအနက် ကောင်းသောအကျင့်ဟူသော အနက်နှစ်မျိုးတို့ကို ဟော၏၊ ထိုနှစ်မျိုးတို့တွင်—

နဂိုရ်သဘောဟူသောအနက်ကို "အလေ့အထ"ဟူသော စကားပရိယာယ်ဖြင့် လှယ်၍သုံးပြန်၏၊ သုံးနှုန်းပုံမှာ... (ပါပကရဏသီလော) မကောင်းမှုကို ပြုလေ့ရှိသောသူ၊ (ဒုဋ္ဌာသနသီလော) မကောင်းသော စကားကို ပြောလေ့ရှိသောသူ၊ (အဘိဝါဒနသီလော) ရှိခိုးထိုက်သူကို ရှိခိုးလေ့ရှိသောသူ၊ (ဓမ္မကထနသီလော) တရားဟောလေ့ရှိသောသူ အစရှိသည်ဖြင့် ပုဂ္ဂိုလ်တဦးဦး၏ ကောင်း မကောင်းဟူသော နဂိုရ်သဘောကို (ပါဠိလို) သီလ၊ (မြန်မာလို) အလေ့ဟူ၍ သုံးနှုန်း၏။ ထိုအလေ့ဟူသော အသုံးအနှုန်းကို (ဝဿာနသမယေ ရုက္ခာ ရုဟနသီလာ) မိုးအခါ၌ သစ်ပင်များ ပေါက်လေ့ရှိကြကုန်၏၊ (ဂိမှာသမယေ ပတ္တာ ပတနသီလာ) နွေအခါမှာ သစ်ရွက်များ ကြွေကျလေ့ရှိကုန်၏-စသည်ဖြင့် ကောင်းသည် မကောင်းသည်ဟု အထူးမဆိုအပ်သောအရာ၌လည်း သုံးနှုန်းကြ၏။

ကောင်းသောအကျင့် ဟူသောအနက်ကား မြင့်မြတ်သောအရာချည်းသာ ဖြစ်၏။ ထိုမြင့်မြတ်သောအရာ ကောင်းသော အကျင့်ဟူသော အနက်ကို ယခု သီလခဏ်း၌ပါသည့် သီလသဒ္ဒါကဟောသည်။ မြင့်မြတ်သော အရာဟူသည်လည်း (၁) ကောင်းစွာထားရှိခြင်း၊ (၂) ကောင်းစွာ ဆောင်ရွက်ခြင်းဟူ၍ သီလသဒ္ဒါ၏ အနက် နှစ်မျိုးရှိ၏။

http://www.dhammadownload.com



(၁) **ကောင်းစွာထားရှိခြင်း** ဟူသည် ကာယကံနှင့် ဝစီကံမှုတို့ကို ဖရိုဖရဲ မရှိစေခြင်းပင် ဖြစ်၏၊ သီလမစောင့်ထိန်းသောသူတို့၏ သန္တာန်၌ ကာယကံမှု အပြုသဘော ဝစီကံမှု အပြောအဆိုသဘောတို့သည် အထိန်းမရှိသော ချည်ခင်ပမာ ဖြစ်လိုရာ ဖရိုဖရဲ ဖြစ်ပေါ်နေတတ်ကြ၏။ သီလစောင့်ထိန်းထားလိုက်သောအခါ ထိုကာယကံမှု ဝစီကံမှုတို့သည် ဖရိုဖရဲ မဖြစ်တော့ချေ။ (စိတ်နေထက်မြက်ကြမ်းခက်သောသူပင် ဖြစ်စေကာမူ သီလကို ဆောက်တည်ကျင့်သုံးခိုက်၌ ထိုသူကို အခြားသူတယောက်က မခံနိုင်အောင် လာရောက်ပြောဆိုပြုမူလာလျှင် ထိုသူသည် သီလမဆောက်တည်သောအခါဖြစ်က အတုံ့အပြန် လက်စားချေသောအားဖြင့် ကာယကံ သောင်းကျန်းမှု ဝစီကံသောင်းကျန်းမှုတို့ကို ပြုမူပြောဆို ဖရိုဖရဲဖြစ်မည် ဖြစ်သော်လည်း သီလဆောက်တည်ထားသည့်အတွက် မိမိစိတ်ကို ထိန်းအုပ်ချုပ်တည်းကာ ကာယကံမှု ဝစီကံမှု သောင်းကျန်းခြင်းမရှိရအောင် ကောင်းစွာ ထားနိုင်လေသည်၊ ကာယကံမှု ဝစီကံမှု ဖရိုဖရဲ ဆွဲမရ တားမရ မဖြစ်လေအောင် ထိုသူစောင့်ထိန်းသော သီလက ထိန်းအုပ်ထားလေသည်။) ဤကား **ကောင်းစွာ ထားရှိခြင်း** ဟူသော ပဌမအနက်၏ အကျယ်အဓိပ္ပါယ်တည်း။

(၂) **ကောင်းစွာဆောင်ရွက်ခြင်း** ဟူသော ဒုတိယအနက်၏ အဓိပ္ပါယ်ကား....ကုသိုလ်တရားဟူသမျှသည် သီလနှင့်ကင်း၍ ကောင်းစွာ မဖြစ်နိုင်၊ သီလရှိသောသူတို့၏ သန္တာန်မှာသာ ကုသိုလ်တရားတို့ ကောင်းစွာ ဖြစ်ပွါးနိုင်သည်။ သို့ဖြစ်၍ သီလသည် ကုသိုလ်ဟူသမျှတို့၏ မူလတည်ရာအကြောင်းရင်း ဖြစ်ရကား စတုဘူမက ကုသိုလ်တရားတို့ ဖြစ်ပွါးအောင် ဆောင်ရွက်တတ်သော တရားဖြစ်လေသည်။

> ယခုပါရမီတော်ခန်းမှာ သုမေဓာရှင်ရသေ့သည် ဒါနပါရမီကို ရှေးဦးစွာ ဉာဏ်ဖြင့်ဆင်ခြင် တွေ့မြင်တော်မူသောကြောင့် "ဒါနပါရမီကို ဦးစွာ အားထုတ်ရမည့်အကြောင်း" မိမိကိုယ်ကို မိမိဆုံးမထားသော်လည်း သီလကို မစောင့်မထိန်းပဲ ရှေးဦးစွာ ဒါနကိုသာ အားထုတ်ရမည် (လှူရမည်)ဟု မဆိုလို၊ ဘုရားဖြစ်အောင် ပြုနိုင်သော အကြောင်းတရားတို့ကို ဆင်ခြင်စူးစမ်းတော်မူရာ သုမေဓာရှင်ရသေ့၏ ပါရမီပဝိစယဉာဏ်တော်ဝယ် ပဌမဦးစွာ ဒါနပါရမီ ထင်မြင်လာသောကြောင့်သာ (ဣမံ တွံ ပဌမံ တာဝ၊ ဒဠှံ ကတွာ သမာဒိယ) "ဤဒါနပါရမီကို အစဦးစွာ အစွဲအမြဲပြုကာ ဆောက်တည်ပြီးလျှင် အထွတ်အထိပ်ရောက် ဖြည့်ကျင့်လေလော့"ဟု ဟောထားတော်မူခြင်းဖြစ်သည်။ သီလကို လုံးဝအားမထုတ်ခင် ကြိုတင်၍ ဒါနကိုသာ ဦးစွာအားထုတ်ရမည် ဟု မဆိုလို။

http://www.dhammadownload.com



ပါရမီတော်တို့ကို ပဌမ ဒုတိယ စသည်ဖြင့် စီစဉ်ဟောကြားထားခြင်းမှာ ကျင့်စဉ်ကို ပြလို၍ ထားသည်မဟုတ်။ ပါရမီပဝိစယ ဉာဏ်တော်ဝယ် ပဌမ ဒုတိယ စသည်အစဉ် ထင်မြင်လာသည့် အတိုင်းသာ ပြဆိုခြင်းဖြစ်သည်။ တချိန်တည်း တခဏတည်း၌ တပြိုင်နက်တည်း ပါရမီဆယ်ပါးလုံး ဉာဏ်တော်၌ မထင်မြင်နိုင်။ ဤသို့ဉာဏ်တော်ဝယ်၌ ပဌမဦးစွာ ထင်မြင်လာသည်ကို စွဲ၍ ဒါနပါရမီကို အစထား၍ ဟောကြားတော်မူသည်၊ ပြုကျင့် အားထုတ်ရာ၌ကား သီလ၌ တည်၍ ဒါနကို အားထုတ်မှသာလျှင် မိမိဖက်က ဒက္ခိဏာဝိသုဒ္ဓိ=(အလှူ၏ စင်ကြယ်ခြင်း)ဖြစ်နိုင်ပေမည်။ သီလဆောက်တည် ကျင့်သုံးခြင်း ရှေ့သွားရှိသော ဒါနဖြစ်မှ သာလွန်၍ အကျိုးရနိုင်ပေမည်။

ထို့ကြောင့်ပင် ဒါယကာ ဒါယိကာမတို့က သက်န်းစသော လှူဘွယ်ဝတ္ထုတို့ကို လှူဒါန်းရန် သံဃာတော်များကို ပင့်ဖိတ်သောအခါ သံဃာတော်များက (သီလပေးရန်ဟူ၍ မူလပင့်ဖိတ်စဉ်က လျှောက်ထားချက် မပါစေကာမူ) ရှေးဦးစွာ သီလပေးပြီးမှ လှူဘွယ်ဝတ္ထုတို့ကို လှူဒါန်းစေတော်မူကြသည်။

ဤဆိုအပ်ပြီးသောစကားရပ်စုကို ထောက်၍ "အဘယ့်ကြောင့် သီလခေါ်သနည်း" ဟု မေးလျှင်၊ (၁)ကာယကံမှု ဝစီကံမှုတို့ကို ရှုန့်ရင်းကြမ်းထမ်းစွာ ဖြစ်ခွင့်မပေးပဲ သိမ်မွေ့နူးညံ့အောင် ကောင်းစွာ ထားတတ်သောကြောင့်၎င်း၊ (၂) ကာမကုသိုလ် ရူပကုသိုလ် အရူပကုသိုလ် လောကုတ္တရာကုသိုလ်တည်းဟူသော ကုသိုလ်လေးမျိုးတို့ အဆင့်ဆင့် ဖြစ်ပွါးအောင် အခြေခံအကြောင်းရင်းအဖြစ်ဖြင့် ကောင်းစွာ ရွက်ဆောင်တတ်သောကြောင့်၎င်း သီလခေါ်သည်ဟု ပြတ်ပြတ်သားသား ဖြေကြားရာ၏။

ဤအရာ၌—

သီလသည်လည်း ကောင်းစွာထားတတ်သည်၊ သမာဓိသည်လည်း ကောင်းစွာထားတတ်သည်၊ ထိုသို့ သီလနှင့် သမာဓိတို့၏ ကောင်းစွာထားပုံချင်း အဘယ်သို့ ထူးသနည်းဟူ၍၎င်း....၊ပထဝီဓာတ်သည်လည်း ကောင်းစွာ ဆောင်တတ်သည်၊ သီလသည်လည်း ကောင်းစွာ ဆောင်တတ်သည်၊ ကောင်းစွာ ဆောင်ပုံချင်း အဘယ်သို့ ထူးသနည်းဟူ၍၎င်း မေးဖွယ်ရှိ၏။

အဖြေကား....သီလသည် ကာယကံမှု ဝစီကံမှုတို့ကို ဖရိုဖရဲ မဖြစ်စေရ၊ ငြိမ်သက်အေးချမ်းအောင် ကောင်းစွာထားတတ်သည်။ သမာဓိ

http://www.dhammadownload.com



သည် မိမိနှင့် တွဲယှဉ်ဖက်ဖြစ်သော စိတ် စေတသိက်တို့ကို အာရုံ အမျိုးမျိုးသို့ ပျံ့လွင့်၍ မသွားပဲ အာရုံတခုထဲ၌ စူးစိုက် တည်နေအောင် ကောင်းစွာထားတတ်သည်။ ဤသို့ ကောင်းစွာထားပုံချင်း ထူးခြားသည်။

သီလသည် စတုဘူမက ကုသိုလ်တရားတို့ ဖြစ်ပွါးရန် အခြေခံ အကြောင်းရင်း ဖြစ်ပေသည်၊ ဤသို့ စတုဘူမကကုသိုလ်တရားများ ဖြစ်ပွါးရန် အခြေခံအကြောင်းရင်း ဖြစ်သည်ကိုပင် စတုဘူမက ကုသိုလ်တရားတို့ ဖြစ်ပွါးအောင် ကောင်းစွာ ရွက်ဆောင်သည်ဟု ဆိုခြင်းဖြစ်သည်။ အထိန်းတော်သည် မင်းသားကို ကစဉ့်ကလျား ရောက်တတ်ရာရာ မလွင့်ပါးအောင် ပွေချီထမ်းဆောင်သကဲ့သို့၊ ပထဝီဓာတ်သည် သဟဇာတ် (တကွဖြစ်ဖက်) ရုပ်တရားတို့ကို ကစဉ့်ကလျား မလွင့်ပါးအောင် ကောင်းစွာ တည်အောင် ကျေးဇူးပြုတတ်သည်၊ ယင်းသို့ ကျေးဇူးပြုသည်ကိုပင် ကောင်းစွာ ဆောင်သည်ဟု ဆိုသည်။ ဆိုရကား... ပထဝီဓာတ်သည် သဟဇာတ်ရုပ်တရားတို့ကို ကစဉ့်ကလျား လွင့်ပါး၍ မသွားအောင် ကောင်းစွာ ရွက်ဆောင်သည်၊ သီလသည် စတုဘူမကကုသိုလ်တရားတို့ ဖြစ်ပွါးအောင် အခြေခံအကြောင်းအဖြစ်ဖြင့် ရွက်ဆောင်သည်၊ ဤသို့ ကောင်းစွာ ဆောင်ပုံချင်း ထူးခြားသည်။ ။(ဝိသုဒ္ဓိ၊ ဋီ၊ သီလနိဒ္ဒေသမှ)

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌—"ပြခဲ့ပြီးသော အနက်နှစ်မျိုးသာလျှင် သီလသဒ္ဒါ အတွက် သဒ္ဒါဆရာများ ခွင့်ပြုကြသော အနက်များဖြစ်၏။ တပါးသော ဆရာတို့ကမူ...သီလဟူသောစကားသည် (သိရ) သို့မဟုတ် (သီသ)တို့မှ ဖြစ်လာသော စကားတည်း၊ သိရနှင့် သီသသဒ္ဒါတို့သည် ဦးခေါင်းဟူသော အနက်ကို ဟောကုန်၏၊ သတ္တဝါတို့မှာ ဦးခေါင်းပြတ်သွားလျှင် တကိုယ်လုံးပင် ပျက်စီးသကဲ့သို့၊ ကုသိုလ်တရားတို့မှာလည်း သီလပျက်စီးလျှင် အလုံးစုံပျက်စီးတော့၏။ သို့ဖြစ်၍ သီလတရားသည် ကုသိုလ်ဟူသမျှတို့၏ ဦးခေါင်းသဖွယ် ဖြစ်သောကြောင့် (သိရ)သို့မဟုတ်(သီသ)ဟု ဆိုလိုလျက် အက္ခရာပြောင်းလဲ၍ သီလဟု ခေါ်ဝေါ်ထားသည်။

တနည်း....လောက၌ အပူ၏ အေးငြိမ်းခြင်းကို ပါဠိလို (သီတလ)ဟု ခေါ်သည်။ သတ္တဝါတို့ သန္တာန်၌ ကိလေသာအပူဟူသမျှကို သီလသည် ငြိမ်းအေးစေတတ်သောကြောင့် (သီတလ)ဟု ဆိုလိုလျက် အလယ် (တ)အက္ခရာကို ချေဖျောက်ကာ သီလဟု ခေါ်ဝေါ်ထားသည် ဤသို့စသောနည်း ဖြင့် သီလသဒ္ဒါ၏ အနက်ကို ဖွင့်ပြကြကုန်၏"ဟု ပြဆိုထားသည်။

http://www.dhammadownload.com



> ထိုတပါးသော ဆရာတို့၏ ပြဆိုချက်မှာ သီလဟူသော သဒ္ဒါရင်းမှ ထွက်ပေါ်ရရှိသော အနက်မဟုတ်၊ သီလနှင့် အသံချင်း ဆင်တူသော သိရ သီသ သီတလသဒ္ဒါတို့မှ ရရှိသောအဓိပ္ပါယ်စုကို ဆွဲငင်ကြံစည်ခြင်း သဒ္ဒါသဘောအရမျှသာဖြစ်သည်။ ရှေးကပြခဲ့သော ကောင်းစွာထားရှိခြင်း, ကောင်းစွာဆောင်ရွက်ခြင်း ဟူသော အနက်နှစ်ပါးကသာ သီလသဒ္ဒါ၏ အနက်ရင်းဖြစ်ပေသည်။

ပြဆိုအပ်ပြီးသော သီလခေါ်ဝေါ်ရခြင်း၏ အကြောင်းအနက် အဓိပ္ပါယ်စုမှာ၊ ၊သီလံ သဘာဝေ သုဗ္ဗတေ ..ဟူသော မဂဓအဘိဓာန် ဂါထာနံပါတ် (၁၀၉၂) လာ နဂိုရ်သဘော ဟူသောအနက် ကောင်းသောအကျင့် ဟူသော အနက် နှစ်မျိုးတို့တွင် ဒုတိယအနက်ကို အစွဲပြု၍ ပြအပ်သောအဓိပ္ပါယ်စု ဖြစ်သည်။

နဂိုရ်သဘောဟူသော ပဌမအနက်အားဖြင့်လည်း သီလဟု ခေါ်ဝေါ်ရခြင်း အကြောင်းအဓိပ္ပါယ်ကို မှတ်ယူနိုင်ပေ၏၊ အဘယ်သို့ မှတ်ယူနိုင်သနည်းဟူမူ.... နဂိုရ်သဘော ဟူသော အနက်မှာ ပြခဲ့ပြီးသောအတိုင်း ကောင်း မကောင်း အဓိပ္ပါယ်အမျိုးမျိုးပါဝင်နိုင်သော်လည်း ကောင်းမြတ်သော ကျင့်ဝတ်သီလကို ရှေးရှေးသူတော်ကောင်း အလောင်းအလျာတို့ ကျင့်ကြံ ဆည်းပူးမြဲ အလေ့အထ ရှိသည်။ လောက၌ တရားဟူသောစကားမှာ ကုသိုလ်လည်းတရား အကုသိုလ်လည်းတရား စသည်ဖြင့် ကောင်း မကောင်း အဓိပ္ပါယ်နှစ်မျိုးပင် ပါဝင်နေသော်လည်း "တရားတော်ကို ကိုးကွယ်ပါ၏"ဟု သရဏဂုံ ဆောက်တည်ရာမှာ ကိုးကွယ်ထိုက်သော မြတ်သော လောကုတ္တရာတရားကိုသာ ယူရသကဲ့သို့ရင်း၊ သံဃာဟူသည် အစုအပေါင်းဖြစ်၍ လူအစုအပေါင်း (မနုဿသံဃ) ငှက်အစုအပေါင်း (သကုဏသံဃ)စသည်ဖြင့် သံဃာအမျိုးမျိုး ရှိနေစေကာမူ "သံဃာတော်ကို ကိုးကွယ်ပါ၏"ဟု သရဏဂုံ ဆောက်တည်ရာမှာ အမြတ်ဆုံးသော အရိယာပုဂ္ဂိုလ် အပေါင်းကိုသာ ယူရသကဲ့သို့ရင်း၊ ထို့အတူ ဤအရာမှာလည်း အလေ့အထ အမျိုးမျိုးရှိနေစေကာမူ ဖြည့်ကျင့်အပ်သော ပါရမီနှင့်စပ်သည့် ကျင့်ဝတ်တရားအရာမှာ မြတ်သော ရှေးသူတော်ကောင်း အလောင်းအလျာတို့၏ ကျင့်ကြံမြဲ အလေ့ အထကိုသာ ယူရမည်။ ဤကဲ့သို့ အဓိပ္ပါယ်ယူလိုက်လျှင် အဘိဓာန်ကျမ်းလာ နဂိုရ်သဘောဟူသော ပဌမအနက်ကိုလည်း ဤသီလအရာ၌ သုံးစွဲသင့်ပေ၏။ ဤအလိုသော်....ရှေးသူတော်ကောင်း အလောင်းအလျာတို့ ကျင့်ကြံမြဲ အလေ့အထ တရားဖြစ်သောကြောင့် သီလခေါ်သည်ဟု သီလမည်ခြင်း၏ အကြောင်းကို ဖြေဆိုရာ၏။

ဤကား သီလဟုခေါ်ရခြင်း၏ အကြောင်းတည်း။

http://www.dhammadownload.com



## သီလ၏ လက္ခဏာစသည်

(၃) သီလ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကား အဘယ်နည်း....ဟူသောအမေး၌—အဖြေကား သီလသည် ကာယကံ စသည်တို့ကို ဖရိုဖရဲမရှိရအောင် ကောင်းစွာ ထားပေးခြင်း လက္ခဏာရှိ၏။ (တနည်း) ကုသိုလ်ဟူသမျှတို့၏ မူလအခြေခံ အကြောင်းရင်းဖြစ်ခြင်း လက္ခဏာရှိ၏၊ ၊ကိုယ်မစောင့်စည်းခြင်း၊ နှုတ်မစောင့်စည်းခြင်း အစရှိသော သီလကင်းမဲ့သူ၏ အဖြစ်ကို ဖျက်ဆီးခြင်း (အလုပ်ကိစ္စ) ရသရှိ၏၊ (တနည်း) အပြစ်ကင်းသော ဂုဏ်နှင့် ပြည့်စုံခြင်း (သမ္ပတ္တိ) ရသရှိ၏။ (ပညာရှိ သူတော်ကောင်းတို့ မကဲ့ရဲ့အပ်သော တရားသဘောအနေဖြင့် ဖြစ်ခြင်းကို အပြစ်ကင်းသော ဂုဏ်နှင့် ပြည့်စုံခြင်း ဟု ဆိုသည်)၊ ၊ကာယကံမှု စသည်တို့၏ စင်ကြယ်ခြင်းဟူ၍ မှတ်ယူအပ်သော အခြင်းအရာ ပစ္စုပဋ္ဌာန်ရှိ၏။ (သီလဟူသည် အဘယ်ကဲ့သို့သော တရားမျိုး ဖြစ်သနည်းဟု ပညာရှိ သူတော်ကောင်းတို့ ဆင်ခြင်သောအခါ ထိုပညာရှိ သူတော်ကောင်းတို့၏ ဉာဏ်ဝ၌ သီလဟူသည် ကာယကံမှု၏ စင်ကြယ်ခြင်း ဝစီကံမှု၏ စင်ကြယ်ခြင်း မနောကံမှု၏ စင်ကြယ်ခြင်းပင်ဖြစ်သည်ဟု ထင်မြင်လာသည် ဟု ဆိုလိုသည်)၊ ၊မကောင်းမှုမှ ရှက်ခြင်း (ဟိရီ)နှင့် မကောင်းမှုကို ကြောက်ခြင်း (ဩတ္တပ္ပ) တရားနှစ်ပါးလျှင် အနီးဆုံးသော အကြောင်း ပဒဋ္ဌာန်ရှိ၏။ (သူတော်ကောင်းတရားကို ကြားနာရခြင်း စသည်ကား သီလ ဖြစ်ဖို့ရန် ဝေးသောအကြောင်းဖြစ်သည်၊ ဟိရီဩတ္တပ္ပ နှစ်ပါးရှိမှ သီလကို ဆောက်တည်နိုင် ထိန်းစောင့်နိုင်သောကြောင့် ထိုဟိရီဩတ္တပ္ပ နှစ်ပါးသည် သီလ၏ အနီးဆုံးသော အကြောင်းဖြစ်သည် ဟူလို။)

ဤကား သီလ၏ လက္ခဏာစသည်တို့ကို ပြဆိုချက်တည်း။

---

## သီလ၏ အကျိုးအာနိသင်

(၄) ထိုသီလ၏ အကျိုးကား အဘယ်နည်း....ဟူသောအမေး၌—အဖြေကား–သီလသည် စောင့်ထိန်းသူ၏ စိတ်နှလုံးကို သာယာရွှင်လန်းစေနိုင်ခြင်း စသည်ဖြင့် များစွာသော ဂုဏ်ကျေးဇူးတို့ကို ရစေနိုင်ခြင်း အကျိုးအာနိသင်ရှိ၏၊ စသည်—ဟူသောစကားဖြင့် စိတ်နှလုံး သာယာရွှင်လန်းသောသူမှာ ဝမ်းမြောက်ခြင်း ခေါ်သည့် နုသောပီတိ ပါမောဇ္ဇဖြစ်၏၊ ၊(နုသောပီတိ) ပါမောဇ္ဇဖြစ်သောသူမှာ နှစ်သက်ခြင်း (ရင့်သောပီတိ) ပီတိတရားဖြစ်၏၊ ၊ပီတိတရား ဖြစ်ပွါးသောသူမှာ ကိုယ်စိတ်၏ ငြိမ်းချမ်းခြင်း ပဿဒ္ဓိတရား ဖြစ်၏၊ ၊ပဿဒ္ဓိတရား ဖြစ်ပွါးသောသူမှာ ကိုယ်စိတ်၏ ချမ်းသာခြင်း သုခ ဖြစ်၏၊ ၊သုခဖြစ်သောသူမှာ တည်ကြည်ခြင်း သမာဓိဖြစ်၏၊ ၊သမာဓိ ဖြစ်သောသူမှာ ဟုတ်မှန်တိုင်း သိမြင်နိုင်သော ယထာဘူတဉာဏ်ဖြစ်၏၊

http://www.dhammadownload.com



ယထာဘူတဉာဏ်ဖြစ်သောသူမှာ ဝဋ်ဒုက္ခ သခၤါရတို့၌ ငြီးငွေ့ခြင်း နိဗ္ဗိန္ဒတည်းဟူသော ဗလဝဝိပဿနာဉာဏ်ဖြစ်၏၊ ။ဗလဝဝိပဿနာဉာဏ် ဖြစ်သောသူမှာ တပ်နှစ်သက်ခြင်း ကင်းသော မဂ်တရားဖြစ်၏၊ ။မဂ်တရား ဖြစ်သောသူမှာ ဝိမုတ္တိဟုခေါ်ဆိုသော အရဟတ္တဖိုလ်တရားဖြစ်၏၊ ။အရဟတ္တဖိုလ်တရားဖြစ်သောသူမှာ မဂ်ဖိုလ်နိဗ္ဗာန်တို့ကို ဆင်ခြင်ခြင်း ပစ္စဝေက္ခဏာဉာဏ်ဖြစ်၏၊ ။ပစ္စဝေက္ခဏာဉာဏ်ဖြစ်သောသူမှာ ခန္ဓာအကြွင်းမရှိပဲ ပရိနိဗ္ဗာန် စံယူနိုင်၏။ ဤသို့လျှင် ပရိနိဗ္ဗာန် စံယူသည်အထိ များစွာသော ဂုဏ်ကျေးဇူးတို့ကို ရစေနိုင်ခြင်း အကျိုးရှိသည်။ (အံ—၃၊ ၅၁၅-မျက်နှာ။)

တနည်းကား....

၁။ သီလရှိ၍ သီလနှင့်ပြည့်စုံသောသူမှာ သီလကို စောင့်သုံးရာ၌ မမေ့မလျော့ခြင်း အပ္ပမာဒတရားကို အခြေခံထား၍ များစွာသော စည်းစိမ်ဥစ္စာတို့ကို ရရှိနိုင်ခြင်း၊

၂။ သီလနှင့်ပြည့်စုံသောသူမှာ ကောင်းမြတ်သော ဂုဏ်သတင်းကျော်စောသံ ပေါ်ထွက်လွှမ်းမိုးနိုင်ခြင်း၊

၃။ သီလနှင့်ပြည့်စုံသောသူမှာ မင်းပရိသတ် ပုဏ္ဏားပရိသတ် သူဌေးသူကြွယ်ပရိသတ် ရဟန်းပရိသတ် တည်းဟူသော ပရိသတ် လေးပါးရှိရာဝယ် မည်သည့်ပရိသတ်သို့မဆို (မိမိက သီလရှိနေသည့်အတွက်) မကြောက်မရွံ့ ဝံ့ဝံ့စားစား မျက်နှာမငယ် တင့်တယ်ရွှင်လန်းစွာ ချဉ်းကပ်သက်ဝင်နိုင်ခြင်း၊

၄။ သီလနှင့် ပြည့်စုံသောသူမှာ အသက်တမ်းပြည့်နေ၍ သေရသော်လည်း မတွေ့မဝေပဲ ကောင်းမွန်စွာ သေရခြင်း၊ (သီလမရှိသောသူမှာ သေခါနီးကာလ၌ ငါကား ကောင်းမှုတို့ကို မပြုမိချေတကားစသည်ဖြင့် နှလုံးမသာယာမှုဖြစ်သည်၊ သီလရှိသောသူကား ထိုသို့သော နှလုံးမသာယာမှုမျိုး စိုးစဉ်းမျှ မရှိ မိမိပြုခဲ့သော ကုသိုလ်ကံစသည်တို့က ထိုခဏဝယ် ထင်လာသောကြောင့် မြေအိုးကိုစွန့်၍ ရွှေအိုးကို ရအံ့သောသူကဲ့သို့ မတွေ့မဝေ မကြောက်မရွံ့ စိတ်ကြည်လင်စွာဖြင့် သေရသည်။)

၅။ သီလနှင့်ပြည့်စုံသောသူမှာ သေသည့်နောက်၌ သုဂတိဘုံ ဘဝခေါ်သော လူ့ပြည် နတ်ပြည်မှာ ဖြစ်ရခြင်း—

ဤအကျိုးအာနိသင်တို့ကို ရနိုင်သည်။ ။(ဒီ၊ ၂၊၇၃-မျက်နှာ။ အံ၊၂၊၂၂၁ မျက်နှာ။ ဝိ၊၃၊၃၂၂-မျက်နှာတို့မှ။)

http://www.dhammadownload.com



ထိုမှတပါးလည်း....မဇ္ဈိမနိကာယ် မူလပဏ္ဏာသ အာကင်္ခေယျ သုတ်၌— သီတင်းသုံးဖော်တို့ ချစ်ခင်ကြည်ညိုခြင်းအစ အရဟတ္တဖိုလ်တိုင်အောင်သော အကျိုးတို့ကို ရနိုင်ကြောင်း ဟောပြထားသည်။ အကျယ်ကို ပိဋကမြန်မာပြန် ဖော်ပြရာပါ အာကင်္ခေယျသုတ်မှ ယူကြပါကုန်။

ဤကား သီလ၏ အကျိုးအာနိသင်ကို ပြဆိုချက်တည်း။

---

## သီလအပြား
### နှစ်ပါးတွဲ သီလစု

(၅) သီလသည် မည်မျှ အပြားရှိသနည်း....ဟူသောအမေး၌ သီလမှာ ရရှိထိုက်သောအပြားများကား .. သီလသည် စာရိတ္တသီလ, ဝါရိတ္တသီလ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်—

မြတ်စွာဘုရားသခင် ပညတ်တော်မူအပ်သော သိက္ခာပုဒ်အမျိုးအစားမှာ "ဤအမှုကို ပြုကျင့်ရမည်"ဟု ပညတ်တော်မူအပ်သော လိုက်နာ ပြုကျင့်ရမည့် သိက္ခာပုဒ်တမျိုး (ဥပဇ္ဈာယဝတ် အာစရိယဝတ် အစရှိသည်ကို ဆိုလိုသည်)၊ "ဤအမှုကို မပြုမကျင့်ရ"ဟု ပညတ်တော်မူအပ်သော သိက္ခာပုဒ်တမျိုး (ပါရာဇိကသိက္ခာပုဒ်စသည်ကို ဆိုလိုသည်) ဟူ၍ သိက္ခာပုဒ် နှစ်မျိုးရှိသည့် အနက် "ဤအမှုကို ပြုကျင့်ရမည်"ဟု ပညတ်တော်မူအပ်သော ဥပဇ္ဈာယဝတ် အာစရိယဝတ် အစရှိသည့် သိက္ခာပုဒ်များကို ဘုရားရှင် အလိုတော်ကျအတိုင်း လိုက်နာပြုလုပ်ဖြည့်ကျင့်ခြင်းသည် စာရိတ္တသီလမည်၏။ "ဤအမှုကို မပြုမကျင့်ရ"ဟု ပညတ်တော်မူအပ်သော ပါရာဇိကသိက္ခာပုဒ် အစရှိသည်တို့ကို ဘုရားရှင် အလိုတော်ကျအတိုင်း မပြုမလုပ် ရှောင်ကြဉ်သောအားဖြင့် ထိန်းစောင့်ခြင်းသည် ဝါရိတ္တသီလမည်၏ဟု အကျဉ်းချုပ် အဓိပ္ပါယ်ကို မှတ်ယူရာသည်။

ဤစာရိတ္တသီလနှင့် ဝါရိတ္တသီလ နှစ်ပါးတို့၏ အထူးကို သာမန်အားဖြင့်—

> "မကျင့်သော်လည်း အပြစ်မရှိ၊ ကျင့်လျှင် တိုးတက်၍ သီလဖြူစင်သောသီလမျိုးသည် စာရိတ္တသီလမည်၏။မြတ်စွာဘုရားကမပြုကောင်းဟု တားမြစ်ထားသောအရာကို အသက်ကိုပင်သော်လည်း စွန့်၍ မလွန်မကျူး စောင့်ထိန်းသော သီလသည် ဝါရိတ္တသီလမည်၏"—

ဟူ၍ ရဟန်းနှင့်လူ မခွဲမခြား ဖြေကြားတတ်ကြသည်။ စင်စစ်သော်ကား.... ရဟန်းတော်များအတွက် 'ဤအမှုတို့ကို ပြုကျင့်ရမည်'ဟု မြတ်စွာဘုရား ပညတ်ဟောကြားထားသော ဥပဇ္ဈာယဝတ်စသည်တို့ ရှိကြ၏၊ ထိုဝတ်တို့ကို မဖြည့်ကျင့် မပြုလုပ်သော သဒ္ဓိဝိဟာရိကတပည့် စသည်တို့မှာ စာရိတ္တသီလ

http://www.dhammadownload.com



မပြည့်ဝသည့်ပြင် ဝတ်တရားပျက်ခြင်းကြောင့် ဝတ္တဘေဒဒုက္ကဋ်အာပတ်ထည်းဟူသော ဝိနည်းဖြစ်သင့်သောကြောင့် ရဟန်းတော်များအတွက် ဖြစ်လျှင် "မကျင့်သော်လည်း အပြစ်မရှိ"ဟု မပြောဆိုပဲ "ဤအမှုကိုပြုကျင့်ရမည်"ဟု မြတ်စွာဘုရား ပညတ်အပ်သော သိက္ခာပုဒ်များကို ဘုရားအလိုတော်ကျအတိုင်း လိုက်နာဖြည့်ကျင့်ခြင်းသည် စာရိတ္တသီလမည်၏ ဟူ၍သာ ဖြေဆိုသင့်ပေသည်။

လူဘို့အတွက်ကား... စာရိတ္တ, ဝါရိတ္တ ခွဲဝေရာ၌ ရှောင်ကြဉ်ရမည့် ဒုစရိုက်မှုချင်းတူစေကာမူ (၁)အကြင်ဒုစရိုက်မှုမျိုးသည် အပါယ်ပဋိသန္ဓေကျိုးကို ကေန်ပေးနိုင်သော သဘောရှိ၏၊ ထိုသို့သော အပါယ်ပဋိသန္ဓေကျိုး ကေန်ပေးနိုင်သည့် ဒုစရိုက်မှုမျိုးမှ ရှောင်ကြဉ်ခြင်းသည် ဝါရိတ္တသီလမည်၏။ (၂)အကြင်ဒုစရိုက်မှုမျိုးသည် အပါယ်ပဋိသန္ဓေကျိုးကို ပေးနိုင်သည်လည်း ရှိ၏၊ မပေးနိုင်သည်လည်း ရှိ၏၊ ထိုသို့ သဘောရှိသော ဒုစရိုက်မှုမျိုးမှ ရှောင်ကြဉ်ခြင်းသည်ရင်း, သက်ကြီး ရွယ်ရင့်ပုဂ္ဂိုလ်တို့အား ရိုသေမှုစသည်သည်ရင်း စာရိတ္တသီလမည်၏ ဟူ၍ ဖြေဆိုသင့်ပေသည်။

ဥပမာ—လူတို့ ကျင့်သုံးအပ်သော ငါးပါးသီလရှိရာ ထိုငါးပါးသီလလာ ရှောင်ကြဉ်ရမည့် သူ့အသက်ကို သတ်ခြင်း သူ့ဥစ္စာကို ခိုးယူခြင်း သူ့အိမ်ရာကို ကျူးလွန်ခြင်း မုသား ပြောဆိုခြင်း သေအရက် သောက်ခြင်းတည်းဟူသော ဒုစရိုက်တို့မှာ လွန်ကျူးလျှင် အပါယ်ပဋိသန္ဓေကျိုးကို ကေန်ပင်ပေးစွမ်းနိုင်သည်၊ ထို့ကြောင့် ထိုသို့သဘောရှိသည့် အပါယ်ပဋိသန္ဓေကျိုးကို ကေန်ပေးစွမ်းနိုင်သည့် ဒုစရိုက်မျိုးမှ ရှောင်ကြဉ်ခြင်း (ငါးပါးသီလ) သည် ဝါရိတ္တသီလမည်၏။

လူတို့ကျင့်သုံးအပ်သည့် ရှစ်ပါးသီလတွင် ပါဏာတိပါတ အဒိန္နာဒါန မုသာဝါဒ သုရာမေရယ ဤလေးပါးတို့မှာ ဆိုအပ်ပြီးသည့်အတိုင်း ဝါရိတ္တသီလသာ ဖြစ်ပေ၏။ အဗြဟ္မစရိယ အစရှိသည့် ကျန်လေးပါးလာ မမြတ်သောအကျင့်ကို ကျင့်ခြင်း (သို့မဟုတ်) မိမိအိမ်ရာနှင့် စပ်ရှက်ခြင်း, နေလွဲညစာ စားခြင်း, ကခြင်း သီခြင်း တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်မှုစသည်,မြင့်မြတ်သောနေရာတို့၌ အိပ်နေမှု-ဤအရာစုများကို သောတာပန်အရိယာ သကဒါဂါမ်အရိယာတို့ ပြုကျင့်ကြသည်မှာ အပါယ်လားကြောင်း မဟုတ်သည့် ဒိဋ္ဌိဝိပ္ပယုတ်စိတ်မျိုးဖြင့်သာ ပြုကြခြင်းဖြစ်သည်၊ ပုထုဇန်သာမန်တို့ကား အပါယ်လားကြောင်း မလားကြောင်း ဒိဋ္ဌိသမ္ပယုတ် ဒိဋ္ဌိဝိပ္ပယုတ် စိတ်နှစ်မျိုးဖြင့်ပင် ပြုကြခြင်းဖြစ်သည်၊ ထို့ကြောင့် ထိုအဗြဟ္မစရိယ အစရှိသည့် ကျန်လေးပါးတို့ကို ရှောင်ကြဉ်ရာ၌ သောတာပန် သကဒါဂါမ် အရိယာတို့ကိုငဲ့၍ စာရိတ္တသီလဟု ခေါ်ဆိုသင့်ပေသည်။

http://www.dhammadownload.com



သရဏဂုံတည်သော ဥပါသကာ တယောက်သည် ငါးပါးသီလကို လုံလုံခြုံခြုံ စောင့်ထိန်းလျှင်ပင် သီလရှိသော ဥပါသကာ ဖြစ်နိုင်ပေပြီ၊ ထို့ထက် အထက် တန်းကျကျ မြတ်သောအကျင့်ကို ကျင့်သုံးရန်အတွက် ရှစ်ပါးသီလကို တိုးတက် စောင့်ထိန်းခြင်း ဖြစ်ပေသည်။ “ရှစ်ပါးသီလစောင့်နိုင်မှသာ အပါယ်မကျနိုင် မည်၊ ငါးပါးသီလ စောင့်ရုံမျှနှင့် အပါယ်ဘေးမှ မလွတ်နိုင်”ဟူ၍ ဟောဆိုချက် မရှိချေ၊ ထို့ကြောင့် ထိုရှစ်ပါးသီလ၌ ပါဝင်သော အဗြဟ္မစရိယဝိရတီ ဝိကာလ-ဘောဇနဝိရတီ စသော နောက်လေးပါးသော သီလတို့ကို စာရိတ္တသီလ၌ သွင်းယူသင့်ပေသည်။

ရဟန်းတော်များအဖို့မှာမူ ထိုမမြတ်သောအကျင့်ကိုကျင့်ခြင်း, နေလွဲညစာ စားခြင်း, ကခြင်း သီခြင်း တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်း စသည်, မြင့်မြတ်သောနေရာတို့၌ အိပ်နေခြင်းတို့ကို မပြုရဟူ၍ မြတ်စွာဘုရား ဟော ကြားတားမြစ်ထားအပ်သောကြောင့် ထိုအမှုလေးမျိုးတို့မှ ရှောင်ကြဉ်ခြင်း (မပြုမလုပ်ခြင်း)သီလကို ဝါရိတ္တသီလဟူ၍သာ ကေန်ခေါ် ဆိုရပေမည်။

## သတိချပ်ရန်

ဆိုအပ်ခဲ့ပြီးသည့် ရှစ်ပါးသီလတွင် စာရိတ္တသီလ,ဝါရိတ္တသီလ ဖြစ်သင့် သည့်အတိုင်း ခွဲခြားပြဆိုအပ်သော စကားရပ်တို့ကို အပေါ် ရံအမှတ်တမဲ့ ဖတ်၍ဖြစ်စေ၊ ဝိသာခါစသော အရိယာတို့၏ အိမ်ထောင်မှု နေလွဲညစာ စားမှု ပွဲကြည့်မှု မြင့်မြတ်သောနေရာ၌ နေထိုင်မှုတို့ကို အပေါ် ရံ အမှတ် တမဲ့ မလေးမနက် စဉ်းစား၍ဖြစ်စေ “မိမိပိုင်သည့် ဝတ္ထုကာမတို့၌ စပ်ရှက်ခြင်းအမှု နေလွဲညစာစားမှု ပွဲကြည့်မှု မြင့်မြတ်သောနေရာတို့၌ နေထိုင်မှု မှန်သမျှမှာ လုံးဝအပြစ်မရှိ”ဟု အယူအမှတ် လွဲမှားတတ် သည်၊ ထိုသို့ လွဲမှားပြီးလျှင် မိစ္ဆာဒိဋ္ဌိနှင့်ယှဉ်ကာ ထိုတရားတို့ကို တိုး၍ တိုး၍ လိုက်စား မှားသည်ထက် မှားယွင်းတတ်ကြသည်။ ထိုကဲ့သို့ မမှားယွင်းအောင် သတိအထူးထားသင့်လှပေသည်။

သတိကြီးစွာထား၍ စဉ်းစားရန်မှာ....သူ့အသက်ကို သတ်ခြင်း သူ့ဥစ္စာကိုခိုးခြင်း မလားအပ်သည့်ဝတ္ထု (သူ့အိမ်ရာ)တို့၌ ဖောက်ပြန် မှားယွင်းစွာကျင့်ခြင်း သေအရက်သောက်ခြင်း အမှုတို့မှာ မည်သည့် နည်းနှင့်မျှ အကုသိုလ်ကမ္မပထ ဒုစရိုက်မဖြစ်အောင် (အပါယ်လား ကြောင်း ဒုစရိုက်မဖြစ်အောင်)ပြုလုပ်၍ ရကောင်းသောအမှုတို့ မဟုတ် ကုန်၊ ထိုအမှုများကိုပြုလျှင် အပါယ်လားကြောင်း မကောင်းသော ဒုစရိုက် ကမ္မပထ ဧကန်မြောက်တော့သည်သာဖြစ်၏၊ ထိုအမှုများကို ပြုလျှင် အပါယ်သို့ရောက်စေနိုင်သည်၊ ထို့ကြောင့် အရိယာတို့သည်

http://www.dhammadownload.com



ထိုအမှုများကို ဦးခေါင်းထက် ဒါးမိုး၍ မလုပ်မနေရ ခိုင်းသော်လည်း အသက်ကိုသာ အသေခံမည်၊ ထိုအမှုတို့ကိုကား မပြုလုပ်ကြတော့ပြီ၊ ထိုအမှုများကို ပြုလုပ်ကြောင်းဖြစ်သည့် အကုသိုလ်မြစ် အနုသယ တို့ကို မဂ်ဖြင့်ပင် အမြစ်ပြတ် အကြွင်းမဲ့ပယ်ပြီး ဖြစ်ကြသည်။

နေလွှဲညစာစားခြင်း အစရှိသည်တို့ကိုကား ပုထုဇန်တို့လည်း ပြုကြသည်၊ သောတာပန် သကဒါဂါ် အရိယာများလည်း ပြုကြသည်၊ ထိုသို့ ပြုကြရာ၌ စားပုံချင်း ပြုပုံချင်း တူရုံမျှဖြင့် အတွင်းစိတ်ဓာတ် ဖြစ်ပုံချင်းလည်း တူမျှသည်ဟု ပြောဆိုခြင်းငှါ မထိုက်ပေ၊ မှန်၏....အရိယာ ပုဂ္ဂိုလ်တို့၏ တစုံတခုသော သခ်ါရကို သုခဟူ၍ မှတ်ယူခြင်းနှင့် ပုထုဇန်တို့၏ မှတ်ယူခြင်းကား မတူကြချေ၊ (အရိယာတို့ ဝတ္ထုကာမကိုသုံးစွဲပုံနှင့် ပုထုဇန်သာမန်တို့ ဝတ္ထုကာမကို သုံးစွဲပုံချင်း မတူချေ)။ အရိယာ ပုဂ္ဂိုလ်တို့၏ ဝတ္ထုကာမ တစုံတခုသော သခ်ါရကို သုခဟူ၍ မှတ်ယူခြင်း သုံးစွဲခြင်းအတွက် (အံ-ဋ ၁၊ ၃၅၃-စာမျက်နှာ၌)—

"ဒိဋ္ဌိဝိပ္ပယုတ္တစိတ္တေန ပန အရိယသာဝကော ပရိဠာဟာဘိဘူတော ပရိဠာဟူပသမတ္ထံ မတ္တဟတ္ထိပရိတ္တာသိတော ဝိယ စောက္ခပြာဟ္မဏော ဂူထံ ကဉ္စိ သင်္ခါရံ သုခတော ဥပဂစ္ဆတိ=အမှန်ယစ်သောဆင် လိုက်သဖြင့် ထိုဆင်ဘေးမှ လွတ်မြောက်ရန် အလွန်စင်ကြယ်သော သဘောရှိသူ ပုဏ္ဏားသည် စက်ဆုပ်ရွံရှာလျက်နှင့်ပင် မစင်အညစ်အကြေးရှိသော အရပ်သို့ မကပ်လိုပါပဲလျက် ကပ်ရောက်ရသကဲ့သို့၊ အရိယသာဝကသည် မဂ်ဖြင့်မပယ်ရသေးသည့် (အပါယ်လားကြောင်း မဟုတ်သော) ကာမရာဂကိလေသာ နှိပ်စက်သောအခါ ထိုကိလေသာအပူဘေး ငြိမ်းအေးရန်အတွက် ဒိဋ္ဌိနှင့်မယှဉ်သောစိတ်ဖြင့်သာ သောတာပန် သကဒါဂါ် ပုဂ္ဂိုလ်တို့ တစုံတခုသော သခ်ါရကို သုခဟူ၍ မှတ်ယူကြောင်း" ဖွင့်ပြထားသည်။

ဤအဋ္ဌကထာဖွင့်ပြချက်ကို လေးလေးနက်နက် ဆင်ခြင်မှတ်သားသင့်လှပေသည်။ ဝိသာခါတို့ကို အထောက်အထား စကားအခြေခံ အကာအကွယ်တခု ပြု၍ အချို့ပုထုဇန်သာမန်ပုဂ္ဂိုလ်တို့သည် မိမိတို့ပိုင် ကာမချမ်းသာကို ခံစားမှုနှင့် ဝိသာခါတို့၏ ကာမချမ်းသာ ခံစားမှုကို အထူးမရှိ တထပ်တည်းတူမျှသည့်အနေ ပြောမှားတတ်ချေသည်၊ ဖော်ပြရာပါ အဋ္ဌကထာကို ထောက်ဆ၍ သောတာပန် သကဒါဂါ် အရိယာတို့ ကာမချမ်းသာကို ခံစားကြခြင်းမှာ (ဆင်လိုက်၍သာ ဆင်ဘေးမှ လွတ်ရာ မစင်ရှိရာအရပ်သို့ မကပ်လိုပဲလျက် ပြေးလွှားဝင်ကပ်ရသော

http://www.dhammadownload.com



အသန့်အရှင်းကြိုက်သည့် ပုဏ္ဏားကဲ့သို့) မပယ်သတ်ရသေးသည့် ကာမရာဂကိလေသာအပူဘေး ကင်းဝေးငြိမ်းအေးရန်အတွက်သာ ဒိဋ္ဌိနှင့် မယှဉ်သောစိတ်ဖြင့် ခံစားကြခြင်း ဖြစ်သည်။ ပုထုဇန်သာမန်တို့ ကာမချမ်းသာကို ခံစားကြခြင်းမှာ အများအားဖြင့် ဒိဋ္ဌိနှင့်ယှဉ်သောစိတ်ဖြင့် ခံစားကြခြင်း ဖြစ်သည်။

ဆိုလိုရင်းမှာ... ကိုယ်ပိုင်ဝတ္ထုကာမကို မှီဝဲခြင်း, နေလှဲညစားခြင်း ပွဲကြည့်ခြင်းစသည်, မြင့်မြတ်သောနေရာ၌ နေခြင်း-ဤလေးပါးသော အမှုတို့ကို ဒိဋ္ဌိသမ္ပယုတ်စိတ်ဖြင့် ပြုလုပ်မှီဝဲ သုံးစွဲခြင်းလည်း ရှိသည်၊ အပါယ်လားကြောင်း မဟုတ်သည့် ဒိဋ္ဌိဝိပ္ပယုတ်စိတ်ဖြင့် ပြုလုပ်မှီဝဲ သုံးစွဲခြင်းလည်း ရှိသည်၊ ထို့ကြောင့် (အပါယ်လားကြောင်း ဧကန် မဟုတ် အနေကန်သာဖြစ်သဖြင့်) ထိုလေးပါးမှ ရှောင်ကြဉ်ခြင်း(သီလ) ကို ဝါရိတ္တသီလ၌ မထည့်ပဲ စာရိတ္တသီလ၌ ထည့်သွင်းသင့်သည်ဟု ဆိုလိုရင်းဖြစ်သည်။

ထိုသို့ ရှစ်ပါးသီလမှာ စာရိတ္တလေးပါး ဝါရိတ္တလေးပါး ရသင့်သည့် အလျောက် ခွဲခြားခြင်းသည် ယခုကာလ ရှစ်ပါးသီလခံယူသကဲ့သို့ သိက္ခာပုဒ် တပါးစီ တပါးစီ အသီးအသီး ခံယူသော သီလအတွက် ခွဲခြားခြင်းဖြစ်သည်၊ အကယ်၍ အသီးအသီး မခံယူပဲ (အဋ္ဌင်္ဂသမန္နာ-ဂတံ ဥပေါသထသီလံ သမာဒိယာမိ=အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပုသ်သီလကို ဆောက်တည်ပါ၏)ဟူ၍ တပေါင်းတည်း ဆောက်တည်ခဲ့လျှင်ကား ထိုတပေါင်းတည်း ဆောက်တည်အပ်သော ဥပုသ်သီလသည် စာရိတ္တသီလသာ ဖြစ်သင့်တော့၏၊ အကြောင်းမှာ ဥပုသ်သီလ(ရှစ်ပါးသီလ)ကို စောင့်ထိန်းလိုမှ စောင့်ထိန်း၍ မစောင့်ထိန်းလိုလျှင် မစောင့်ထိန်းပဲ နေနိုင်သောကြောင့်ပင် ဖြစ်သည်။ (ဗုဒ္ဓဘာသာ အယူရှိသူ တဦးအဖို့ အောက်ထစ်ဆုံး ငါးပါးသီလ လုံခြုံမှသာ သီလရှိသူ ဥပါ-သကာ ဖြစ်နိုင်သည်။ ထိုထက် တတ်နိုင်လျှင် ရှစ်ပါးသီလကို စောင့်ထိန်းရာ၏၊ မတတ်နိုင်၍ မစောင့်ထိန်းသော်လည်း ငါးပါးသီလလုံခြုံလျှင်ပင် သီလရှိသူ ဥပါသကာ ဖြစ်နိုင်ပေပြီ၊ ငါးပါးသီလကိုကား ဗုဒ္ဓဘာသာ အယူရှိသူမှန်သမျှ ပြည့်စုံလုံခြုံမှသာ ဘုရားအလိုတော်ကျ ဗုဒ္ဓဘာသာ ဖြစ်ပေမည်။) ဤသို့ တပေါင်းတည်း ဆောက်တည်ထားသည့် ရှစ်ပါးသီလမှာ တပိုင်းက စာရိတ္တ တပိုင်းက ဝါရိတ္တဟူ၍ ခွဲခြားဖွယ်မရှိတော့ပြီ၊ သိက္ခာပုဒ် တပါးစီ တပါးစီ အသီးအသီး ဆောက်တည်သော အရာမှာသာ စာရိတ္တသဘော ဝါရိတ္တသဘော သက်ရောက်ရာ ထိုက်သည်အားလျော်စွာ ခွဲဝေသင့်ပေ၏။

http://www.dhammadownload.com



ငါးပါးသီလ၌ကား သိက္ခာပုဒ် တခုစီ တခုစီ ဆောက်တည်သည် ဖြစ်စေ၊ တပေါင်းတစုတည်း ဆောက်တည်သည်ဖြစ်စေ ဝါရိတ္တသီလ သာ ဖြစ်ပေ၏။ လူတို့မှာလည်း ရဟန်းများနည်းတူ ကျင့်ကြံကောင်း သည်ဟု မြတ်စွာဘုရား ဟောကြားသော အရာစုကို လိုက်နာကျင့်ကြံ ခြင်းသည် စာရိတ္တသီလပင်ဖြစ်၏။ (ထိုစာရိတ္တသီလ ဝါရိတ္တသီလတို့ကို ကျင့်ကြံပုံ ရှောင်ကြဉ်ပုံ အကျယ်ကို အထက်ပကိဏ္ဏကခန်း၌ ဖော်ပြ ထားသည်။)

ထိုစာရိတ္တသီလနှင့် ဝါရိတ္တသီလ နှစ်ပါးတို့တွင် စာရိတ္တသီလကို သဒ္ဓါ တရား ဝီရိယတရား နှစ်ပါးစုံ ရှိသူမှသာ အားထုတ်ဖြည့်စွမ်းနိုင်သည်၊ ဤအကျင့်များကို ကျင့်လျှင် ကောင်းသောအကျင့်ဖြစ်၍ နောက်အခါ ကောင်းကျိုးရနိုင်သည်ဟု ယုံကြည်ခြင်းသည် သဒ္ဓါဖြစ်၏၊ ရှက်ဆောင် ရာ၌ မပျင်းမရိ အားထုတ်လုပ်ကိုင်မှုသည် ဝီရိယဖြစ်၏၊ ဤအကျင့်ကို ကျင့်က အကျိုးရှိမည်ဟု ယုံကြည်ပြီးလျှင် ထိုယုံကြည်ချက်အတိုင်း ကျင့်ကြံမှုပြီးစီးအောင် အားထုတ်သူမှာမှ ဤစာရိတ္တသီလပြည့်စုံနိုင်၏ ဟု ဆိုလိုသည်။ ဝါရိတ္တသီလမှာကား ထူး၍ အားထုတ်ဖွယ်လုံ့လပြု ဖွယ်မရှိ၊ မြတ်စွာဘုရားက မပြုလုပ်ကောင်းဟူ၍ ဟောကြားထားသည့် ဒုစရိုက်မှုများကို မပြုမလုပ် ရှောင်ကြဉ်လျှင်ပင် ပြည့်စုံနိုင်သည်၊ ဝီရိယ အထူးစိုက်ဖွယ်မရှိ၊ မြတ်စွာဘုရား ဟောကြားချက်ကို ယုံကြည်ခြင်း သဒ္ဓါတရားရှိလျှင်ပင် ပြည့်စုံနိုင်ပေ၏။

တနည်းကား....အာဘိသမာစာရိကသီလ, အာဒိဗြဟ္မစရိယကသီလအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် နောက်၌ ပြဆိုလတ္တံ့ဖြစ်သည့် အာဇီဝ-ဋ္ဌမကသီလမှ ကြွင်းသော သီလအစုသည် အာဘိသမာစာရိက သီလမည်၏။ (အဘိ=အလွန်အမြတ်၊ သမာစာရ=ကောင်းမွန်သောအကျင့်၊ အဘိသမာ-စာရ=လွန်မြတ်ကောင်းမွန်သောအကျင့်။ အဘိသမာစာရဟူသည် ဥက္ကဋ္ဌနည်း အားဖြင့် မဂ်သီလ ဖိုလ်သီလကို ခေါ်သည်၊ ထိုမဂ်သီလ ဖိုလ်သီလတို့နှင့် ပြည့်စုံ စေရန် ဟောကြား ပညတ်အပ်သော သီလသည် အာဘိသမာစာရိကသီလ မည်၏။)

အာဇီဝဋ္ဌမကသီလသည် အာဒိဗြဟ္မစရိယကသီလမည်၏။(အာဒိ=အစ၊ ဗြဟ္မစရိယ=မြတ်သောအရိယမဂ်အကျင့်၊ အာဒိဗြဟ္မစရိယ=မြတ်သော အရိယ မဂ်အကျင့်၏ အဦးအစ၊ ထိုမြတ်သော အရိယမဂ်အကျင့်ကို ရဖို့ရန် အစအဦး ဤတရားစုကို ကျင့်ကြံ ပြည့်စုံစေရမည်ဟု ဟောကြားအပ်သော သီလသည် အာဒိဗြဟ္မစရိယကသီလမည်၏။)

http://www.dhammadownload.com



ဤအာဒိဗြဟ္မစရိယကသီလမည်သော အာဇီဝဋ္ဌမကသီလဟူသည်မှာ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း သူ့ဥစ္စာကို ခိုးယူမှုမှ ရှောင်ကြဉ်ခြင်း သူ့အိမ်ရာကို ဖောက်ပြန်စွာကျင့်မှုမှ ရှောင်ကြဉ်ခြင်းဟူသော ကုသိုလ်ကာယကံသုံးပါး၊ မုသားပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း ကုံးတိုက်စကား ပြောကြားမှုမှ ရှောင်ကြဉ်ခြင်း ဆဲရေးစကား ပြောကြားမှုမှ ရှောင်ကြဉ်ခြင်း စပါးပြိန် စပါးဖျင်းကဲ့သို့ အနှစ်မရှိသော ဒဏ္ဍာရီစကားကို အများယုံအောင် ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်းဟူသော ကုသိုလ်ဝစီကံလေးပါးနှင့် မကောင်းသော အသက်မွေးမှုမှ ရှောင်ကြဉ်ခြင်း ဤရှစ်ပါးတို့ဖြစ်သည်။ အာဇီဝ=အသက်မွေးမှုလျှင်၊ အဋ္ဌမက=ရှစ်ခုမြောက်ရှိသော သီလဟု ဆိုလိုသည်။ ဤအာဇီဝဋ္ဌမကသီလကို အာဒိဗြဟ္မစရိယက သီလခေါ်သည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီးမှာ ပဌမနည်းအနေဖြင့် ဖွင့်ပြထားပေသည်။ ဤအဋ္ဌကထာကို အနက်အဓိပ္ပါယ် မှားမှားယွင်းယွင်း ကောက်ယူမှတ်သား ပြောကြားမိတတ်သည်။

အကောက် အယူ အမှတ်အသား အပြောမှားတတ်ပုံမှာ....မြတ်သော အရိယမဂ်၏ အစသည် အာဇီဝဋ္ဌမကသီလဖြစ်သည် ဟူသော စကားကို ထောက်၍ အာဇီဝဋ္ဌမကသီလသာလျှင် အရိယမဂ်ကို ရဖို့ရန် စတင်ကျင့်သုံးအပ်သော သီလဖြစ်သည်၊ ယခုကာလ အများစောင့်သုံးနေကြသော ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါးသီလတို့သည် အရိယမဂ်ကို ရဖို့ရန် စတင်ကျင့်သုံးအပ်သော သီလမျိုးမဟုတ်ဟူ၍ အပြောမှားတတ်ကြသည်။ ထိုသို့ ယူဆပြောကြားသော ဂိုဏ်းဂဏပင် ပေါ်ပေါက်ခဲ့ဘူး၏။

အချို့ကလည်း "အာဇီဝဋ္ဌမကသီလဟူ၍ ငါတို့ မကြားစဘူး၊ ယခုမှ ထူးထူးဆန်းဆန်း ပြောဆိုကြသော အာဇီဝဋ္ဌမကသီလဆိုသည်မှာ ဘုရားဟောမဟုတ်၊ နောက်ပေါ် အသုံးမဝင်သော သီလဖြစ်သည်" ဟူ၍ ဆိုကြပြန်၏။ အမှန်မှာ....အာဇီဝဋ္ဌမကသီလသည် မြတ်စွာဘုရားဟောကြားအပ်သောသီလပင် ဖြစ်၏။ မြတ်စွာဘုရားသည် ဤအာဇီဝဋ္ဌမကသီလကို (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပဌမအုပ် မျက်နှာ ၁၂-၌ အဋ္ဌကထာဆရာကိုယ်တိုင်ကပင်) "တေနာဟ ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတီတိ"ဟူ၍ ဥပရိပဏ္ဏာသပါဠိ မျက်နှာ ၃၃၇ (၅-ဝဂ်၊ ၇-သုတ်၌)ဘုရားဟောကြောင်း ဖွင့်ပြထားသဖြင့် ဘုရားဟောမဟုတ်ဟူ၍ မဆိုထိုက်ပေ။

မြတ်စွာဘုရားသည် ဒုစရိုက်မှောင်ထုကြီး လွှမ်းအုပ်နေသော လောကကြီး၌ ပွင့်တော်မူလာရ၏၊ ပွင့်တော်မူပြီးစ ဒုစရိုက်ထုံးဖြစ်၍

http://www.dhammadownload.com



နေကြသော သတ္တဝါတို့ကို သီလအကျင့်ဖြင့် ဆုံးမတော်မူလိုသောအခါ ဒုစရိုက်တုံး သတ္တဝါအကြမ်းကြီးတွေဖြစ်၍ သီလအမျိုးမျိုးထည်းမှ အကြမ်းစား ဒုစရိုက်သမားများနှင့် သင့်လျော်ရာ အာဇီဝဋ္ဌမကသီလဖြင့် အစပိုင်း၌ ဆုံးမတော်မူ၏။ ဤအာဇီဝဋ္ဌမကသီလဖြင့် ဆုံးမ၍ သတ္တဝါများမှာ ဒုစရိုက်မှု (အကြမ်းကြီး) များ ယုတ်လျော့နည်းပါး သွားသောအခါ အာဇီဝဋ္ဌမကသီလကို အသုံးမပြုပဲ ငါးပါးသီလ ရှစ်ပါး သီလတို့ကိုသာ အစဉ်သုံးစွဲ ဟောပြတော်မူခဲ့ပေသည်။

ဤသို့ မြတ်စွာဘုရားသခင် ပွင့်တော်မူခါစ ဒုစရိုက်တုံးကြီးတွေကို ဟောပြောဆုံးမရစဉ်အခါမှာ အာဇီဝဋ္ဌမကသီလ တွင်ကျယ်ခဲ့သော်လည်း သတ္တဝါများ ယဉ်ကျေးလာသောအခါ အာဇီဝဋ္ဌမကသီလကို အသုံးမပြုပဲထားသဖြင့် ယခုကာလအထိ အာဇီဝဋ္ဌမကသီလကို ဆရာ ရဟန်းသံဃာများကလည်း သုံးစွဲရန် ထူး၍ မဟောကြားတော့ပြီ၊ လူများကလည်း အထူး ဆောက်တည်သုံးစွဲခြင်း မပြုကြတော့ပြီ။ (အာဇီဝဋ္ဌမကသီလမှာ ဒုစရိုက်မှုကြမ်းတွေ အလွန်ထူပြောသူတို့အတွက် ဖြစ်သောကြောင့်တည်း။)

မေးမြန်းဖွယ်ရှိပြန်သည်မှာ....“ဤအာဇီဝဋ္ဌမကသီလသည် အရိယမဂ်၏ အစအကျင့်ဖြစ်ခြင်း ဘုရားပွင့်စက အသုံးပြုခဲ့သော သီလဖြစ်ခြင်းတို့ကြောင့် ယခုအခါ ဆောက်တည် သုံးစွဲပါလျှင် သာ၍ပင် သင့်လျော်သည် မဟုတ်ပါလော”ဟူ၍ မေးဖွယ်ရှိ၏။ အဖြေမှာ.... အရိယမဂ်၏ အဦးအစဆိုသည်မှာ ရှေးအဖို့က အရိယမဂ်၏ အခြေခံ အကျင့်တရား အလျဉ်းမရှိသေးသူတို့ စတင်ကျင့်ကြံမှုသာ အဦးအစဟု ခေါ်ဆိုရပေမည်၊ မိစ္ဆာဝါဒမှ ဗုဒ္ဓဝါဒသို့ ကူးစပြောင်းစသူများ တို့ အာဇီဝဋ္ဌမကသီလကို အစပိုင်း၌ ကျင့်သုံးသင့်သော်လည်း ဗုဒ္ဓဘာသာ အယူဝါဒ ရင့်သန်ပြီးသူတို့မှာ ရှေးကပင် ထိုအာဇီဝဋ္ဌမကသီလအကျင့် ရင့်သန်ပြီးဖြစ်ကြ၍ ယခုမှ ဆောက်တည်သော်လည်း အရိယမဂ်၏ အစဖြစ်သော အကျင့်ဟု မဆိုသင့်တော့ပြီ။ ဗုဒ္ဓဘာသာ အယူဝါဒ ရင့်သန်ပြီးသူတို့မှာ မိဖများကို မဆိုထားဘိ၊ ထိုမိကောင်းဖကောင်း တို့၏ သားသမီးများပင်သော်မှ မိဖတို့၏ သွန်သင်ပြသ ဆိုဆုံးမချက် အရ ငယ်ရွယ်စဉ်ကာလကပင် ပါဏာတိပါတ အစရှိသော ထိုဒုစရိုက် အမှုကြမ်းကြီးများကို ပြုလုပ်လျှင် ငရဲကြီးတတ်သည်ဟူ၍ ယုံကြည် သိမှတ်ကြသဖြင့် ရှောင်ကြဉ်ကြပေသည်၊ ထိုသူငယ်များ အချိန်အရွယ် ကြီးရင့်၍ သီလဆောက်တည်ကြသောအခါ (အာဇီဝဋ္ဌမကသီလဖြင့် ရှောင်ကြဉ်ရမည့် ဒုစရိုက်အကြမ်းကြီးများကို ငယ်စဉ်ကပင် ရှောင်

http://www.dhammadownload.com



ကြည့်ပြီးဖြစ်ကြသောကြောင့်) ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါးသီလ တို့ကိုသာ အစဉ်အတိုင်း တိုးတက်ဖြည့်ကျင့်သင့်တော့သည်၊ တနည်း အားဖြင့် ပြဆိုရသော် အာဇီဝဋ္ဌမကသီလဟူသည် သီလဟူ၍ အငွေ့ အသက်မျှ မရှိဘူးသေးသည့် ဒုစရိုက်တုံးကြီး ဖြစ်နေသူများကိုသာ ထိုဒုစရိုက်ကြမ်းကြီးများမှ ရှောင်ကြဉ်ရန် ဆုံးမအပ်သော သီလဖြစ် သည်၊ ငယ်စဉ်က မိဖအဆုံးအမကို ရရှိသော ဖော်ပြရာပါကလေးများမှာ ဒုစရိုက်တုံးကြီးများ မဟုတ်တော့သည့်အတွက် အာဇီဝဋ္ဌမကသီလကို အထူးဖြည့်ကျင့်ရန်မလိုကြောင်း ကောင်းကောင်းကြီး ထင်ရှားလှပေ သည်။ ဤစကားကို သာသနာ့ထွန်းကားသည့် ယခုခေတ်ကို အစွဲပြု၍ ပြောဆိုရခြင်းဖြစ်သည်။

မိဖစကားကို နားလည်ချိန် အရွယ်ကစ၍ ဒုစရိုက်မှုကြီးများကို အများရှောင်ကြဉ်လာကြသည် ဆိုသော်လည်း ငါ့မှာ ဘယ်အခါကမှ မရှောင်ကြဉ်ပဲ တွေ့သမျှ ဒုစရိုက်အမှုကြမ်းကြီးတွေကို ကျူးလွန်ခဲ့သည် သာဖြစ်၏ ဟူ၍ မိမိကိုယ်ကို မိမိ သိမြင်ပါမူကား အာဒိဗြဟ္မစရိယက (အာဇီဝဋ္ဌမက) သီလကိုပင် ဆောက်တည်ရမည် ဖြစ်၏၊ အကြောင်း ကား ထိုသူ့သန္တာန်၌ မြတ်သော အရိယမဂ် အကျင့်ကို ရဖို့ရန် ယခုမှ စရမည်ဖြစ်သောကြောင့်တည်း။

ဤအာဇီဝဋ္ဌမကသီလနှင့် စပ်၍ "ဤသီလ၌ သုရာမေရယ သိက္ခာ ပုဒ် မပါသောကြောင့် အရက်သောက်ရင်းလည်း ဤသီလကို စောင့် နိုင်သည်၊ နစ္စဂီတသိက္ခာပုဒ် မပါသောကြောင့် ပွဲကြည့်ရင်းလည်း ဤသီလကို စောင့်နိုင်သည်၊ သို့ဖြစ်၍ ဤသီယကို ကြပ်တည်း ခဲယဉ်း ခြင်း အလျဉ်းမရှိပဲ အလွယ်နှင့် စောင့်သုံး၍လည်း ဖြစ်သည်၊ မဂ်ဖိုလ် ရခြင်း၏ အကြောင်းအစစ်လည်း ဖြစ်သည်"ဟု တဦးတယောက်က ပြောဟောလိုက်လျှင် အလွယ်ကြိုက်သောသူတို့ လွန်စွာနှစ်သက်တတ် ကြ၏။

လောက၌ သတ္တဝါတို့သည် အရာရာ၌ပင် အလွယ်ကြိုက်တတ်ကြ၏။ ရွှေငွေစေသော ရတနာတို့ကို သူသူငါငါ နေ့ရောညဉ့်ပါ ရရှိအောင် ကြံဆောင်အားထုတ်ကြသော်လည်း ကြံတိုင်းမရနိုင်၊ ရဖို့ရန် ခဲယဉ်း လှသည်ကို သိကြပါလျက် အချို့လူလိမ်များက ရွှေတကျပ်သားရှိလျှင် အလွယ်နှင့် နှစ်ကျပ်သား ဖြစ်စေမည် စသည်ဖြင့် အလွယ်လမ်းကို ဝါကြွားလှည့်ဖြား ပြောဆိုလိုက်လျှင် အလွန်တရာ အားရ၍ ရှိသမျှ ရွှေထိုငွေစကလေးများကို ဆရာအား ပုံ၍ အပ်တတ်ကြ၏၊ နောက်ဆုံး

http://www.dhammadownload.com



မှာ ဆရာက တိုးပွါးအောင် လုပ်မပေးနိုင်ပဲ ထုတ်ပေးသမျှ ရွှေတိုငွေစကလေးများကို လှည့်ဖြားယူဆောင်သွားသောအခါ ရွှေလိမ် ငွေလိမ် မိသည့်အတွက် များစွာ စိတ်သောက ရောက်ကြရ၏။ ထိုသို့ ရောက်ရခြင်းမှာ အလွယ်ကို ကြိုက်မိသောကြောင့် ဖြစ်သည်။

လောကီဉစ္စာ ရတနာမှာကဲ့သို့ပင် အလွန်တရာ ရခဲလှသည့် မဂ်ဖိုလ်တရားတို့နှင့် စပ်၍လည်း အလွယ်ကြိုက်တတ်သူတို့အတွက် မြှိုက်တတ် လိမ်ထတ်သည့် ဆရာများရှိတတ်ပေသည်၊ "ငါ၏နည်းလမ်းကို ကျင့်လျှင် ခုနစ်ရက်နှင့် သောတာပန် ဖြစ်နိုင်သည်၊ ဥာဏ်ထက်လျှင် သကဒါဂါမ် စသည်ဖြင့် တိုးတက်၍ ဖြစ်နိုင်သည်"ဟု ပြောဟောလိုက်လျှင် အလွယ်ကြိုက်သူတို့သည် လွယ်လွယ်ကူကူနှင့် သောတာပန် သကဒါဂါမ် စသည်ဖြစ်တော့မည်ဟု ယုံကြည်ပြီးလျှင် ထိုဆရာခိုင်းသမျှ ပြုလုပ်တတ်ကြ၏။ ခုနစ်ရက်ရှိသောအခါ ဆရာက သင် သောတာပန်ဖြစ်ပြီ သကဒါဂါမ်ဖြစ်ပြီ ဘယ်နှစ်ဆင့်အောင်မြောက်ပြီ စသည်ဖြင့် ပြောဆိုလိုက်သောအခါ ဆရာပြောသည့်အတိုင်း တကယ်ပင် ထင်မှတ်တတ်ကြ၏။

ဤအရာတွင် သတိပြုရန် ကောင်းသည့်အချက်မှာ လောကဥ္စာ ကြေးဝါတုံး ကြေးဝါခဲကို အရည်ကျို၍ သိဒ္ဓိမြောက် ပြဒါးပြာဖြင့် ပစ်လိုက်၍ တကယ်စင်စစ် ရွှေဖြစ်သွားပါလျှင် မူလ ကြေးဝါ အခြေအနေနှင့် ရွှေဖြစ်သွားပြီးနောက် အခြေအနေတို့သည် များစွာ ကွာခြားသွားရာသကဲ့သို့၊ မူလပုထုဇန် အခြေအနေနှင့် တမဂ်တဖိုလ် ရပြီးသော အရိယာပုဂ္ဂိုလ်တို့၏ အခြေအနေမှာ ကာယကံ ဝစီကံ မနောကံ သုံးပါး ရှုန်ကြမ်းမှု သိမ်မွေ့မှုတို့ဖြင့် လွန်စွာလွန်စွာ ကွာခြားရပေမည်။ အရိယာဖြစ်ပြီဟု ဆရာကပြောရုံမျှဖြင့် ရောင့်ရဲတင်းတိမ်ကာ တကယ်ထင်မှတ်၍ မနေပဲ ငါ၏ ကာယကံမှု ဝစီကံမှု မနောကံမှုတို့သည် ရှေးက အခြေအနေနှင့် ယခုအခြေအနေ မည်ကဲ့သို့များ ရှုန်ကြမ်းမှု သိမ်မွေ့မှုတို့ဖြင့် ကွာခြားလာသနည်းဟု မိမိကိုယ်ကို မိမိ စဉ်းစား၍ တကယ်ထူးခြားသော အခြေအနေကို တွေ့ရှိမှ အရိယာ ဖြစ်သည်ဟူသော ဆရာ၏ ပြောစကားကို စဉ်းစားချင့်ချိန် ယုံကြည်သင့်ပေ၏၊ အလွယ်နှင့် ယုံကြည်လျှင် မှားယွင်းမည်သာဖြစ်၏။

ဤနည်းအတူ သီလအရာမှာလည်း အောက်ထစ်ဆုံး ငါးပါးသီလကိုပင် အရက်သမား စောင့်ထိန်း၍ မဖြစ်နိုင်၊ ခဲယဉ်းလှပေ၏။ ရှစ်ပါးသီလ စသည်တို့မှာကား ဆိဖွယ်ရာပင် မရှိတော့ပေ။ သာလွန်၍ ခဲယဉ်းလှပေ၏။

http://www.dhammadownload.com



ဤသို့လျှင် သီလအရာ၌ဖြစ်စေ၊ အခြားအရာ၌ဖြစ်စေ မည်သည့်အရာမှာမဆို အလွယ်ကြိုက်လျှင် အစစ်အမှန်ကိုမရပဲ အတုအပဖြင့်သာ အဟုတ်ထင်မှတ်၍ နေရတတ်သည်ကို အလွယ်ကြိုက်တတ်သူတို့ ဂရုပြု၍ သတိထားသင့်လှပေ၏။

ဆိုအပ်ပြီးသည့် အာဇီဝဋ္ဌမကသီလမှ ကြွင်းသော သီလအလုံးစုံသည် အာဘိသမာစာရိက သီလမည်၏။ ငါးပါးသီလသည်ပင် အာဇီဝဋ္ဌမက သီလထက် လွန်မြတ်သော အကျင့်ဖြစ်၏။ ဤ၌ မေးဖွယ်ရှိပြန်သည်ကား—

"ငါးပါးသီလထဲမှာ ဝစီဒုစရိုက် လေးပါးထဲမှ မုသာဝါဒ တပါးကိုသာ ရှောင်ကြဉ်ရန် ပါရှိပေသည်၊ အာဇီဝဋ္ဌမကသီလထဲမှာကား ဝစီဒုစရိုက် လေးပါးလုံးကိုပင် ရှောင်ကြဉ်ရန် ပါရှိပေသည်၊ ဤအချက်ကို ထောက်ထားလျှင် ငါးပါးသီလသည် အာဇီဝဋ္ဌမကသီလအောက် ယုတ်လျော့နေသေးသည်ဟု ဆိုသင့်သည် မဟုတ်ပါလော" ဟူ၍ မေးမြန်းဖွယ်ရှိ၏။

အဖြေကား....ဝစီကံ=(ဝစီဒုစရိုက်) လေးပါးတို့တွင် မုသာဝါဒ ဒုစရိုက်သည် ဒုစရိုက်အားလုံးကို လွန်ကျူးကြောင်းအရင်းခံအကြောင်းဖြစ်ပေသည်၊ မုသာဝါဒကို ကျူးလွန်သောသူသည် မပြုဝံ့သော ဒုစရိုက်ဟူ၍ မရှိကြောင်း ဘုရားဟောထားသည်၊ မုသာဝါဒမှ ရှောင်ကြဉ်နိုင်သောသူသည် ကျန်သော ဝစီဒုစရိုက်သုံးပါးတို့မှ အလွယ်တကူနှင့်ပင် ရှောင်ကြဉ်နိုင်သည်၊ မုသာဝါဒကိုမှ မပြောသောသူသည် အဘယ်မှာ ကုန်းတိုက်စကား ဆဲရေးစကား ပြိန်ဖျင်းစကားတို့ကို ပြောဆိုတော့အံ့နည်း၊ ထို့ကြောင့် ငါးပါးသီလ၌ ဝစီဒုစရိုက် လေးပါးတို့ အနက် မုသာဝါဒမှ ရှောင်ကြဉ်ခြင်းကိုသာ အဓိကအားဖြင့် ထည့်သွင်းဟောကြားထားခြင်းဖြစ်သည်။ သို့ဖြစ်၍ ငါးပါးသီလထက် အာဇီဝဋ္ဌမကသီလက သာလွန်သည်ဟု ပြောဆိုဖွယ် မရှိချေ။ တဖန် မေးဖွယ်ရှိပြန်သည်ကား—

"မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းအမှုသည် ငါးပါးသီလထဲ၌မပါ၊ အာဇီဝဋ္ဌမကသီလထဲ၌သာ ပါသည်ဖြစ်၍ ဤမိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းအတွက် ငါးပါးသီလထက် အာဇီဝဋ္ဌမကသီလက မြတ်သည်ဟု ဆိုနိုင်သည် မဟုတ်လော"ဟူ၍ မေးဖွယ်ရှိပြန်သည်။

အဖြေအကျဉ်းချုပ်မှာ....ငါးပါးသီလကို စောင့်ထိန်းသော သူသည် ရှောင်ကြဉ်ဖွယ် မိစ္ဆာဇီဝဟူ၍ အထူးမရှိလှတော့ပြီ၊ မှန်၏....မိစ္ဆာဇီဝ

http://www.dhammadownload.com



ဟူသည့် ဒုစရိုက်မှုတို့ဖြင့် ရသောပစ္စည်းကို စားသုံး၍ အသက်မွေးခြင်း ဖြစ်သည်၊ ဥစ္စာပစ္စည်းကို ရစေနိုင်သော ဒုစရိုက်မှုများမှာ အများအား ဖြင့် သူ့ အသက်ကိုသတ်ခြင်း=ပါဏာတိပါတ၊သူ့ ဥစ္စာကိုခိုးယူခြင်း= အဒိန္နာဒါန၊မဟုတ်မမှန်ပြောဆိုခြင်း=မုသာဝါဒ-ဤဒုစရိုက်သုံးပါးတို့ကို ပြု၍ ရှာမှီးမှ လောက၌ အများအားဖြင့် ပစ္စည်းဥစ္စာရနိုင်သည်၊ ငါးပါး သီလကို လုံခြုံစွာ စောင့်ထိန်းနေသောသူမှာ ဤဒုစရိုက်သုံးပါးတို့ကို တိုက်ရိုက်ရှောင်ကြဉ်ပြီးဖြစ်သောကြောင့်ရှင်း မုသာဝါဒမှ ရှောင်ကြဉ် သဖြင့်ပင် ကျန်သောဒုစရိုက်တို့ဖြင့် အသက်မွေးမှုကို မပြုတော့သော ကြောင့်ရှင်း မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းအတွက် ငါးပါးသီလထက် အာဇီဝဋ္ဌမကသီလက မြတ်သည်ဟူ၍ မဆိုသင့်ချေ။ ။(ဤဆိုအပ် ပြီးသည်ကား လူတို့အတွက် ပြဆိုခြင်းဖြစ်သည်။)

ရဟန်းတော်တို့အတွက်ကား....သေးငယ်သောအပြစ် သေးငယ်သည်အောက် သေးငယ်သောအပြစ်တို့မှ ရှောင်ကြဉ်ရသော သိက္ခာပုဒ် သီလအစုသည် အာဘိသမာစာရိကသီလမည်၏။ ကြီးသောအပြစ် (ရှုန့်ကြမ်းသောအပြစ်)တို့မှ ရှောင်ကြဉ်ရသော သိက္ခာပုဒ်သီလအစုသည် အာဒိဗြဟ္မစရိယကသီလမည်၏။ (ဂရုကအာပတ်ဟူ၍ ပညတ်ဟောကြားအပ်သော ပါရာဇိကအာပတ် သံဃာ ဒိသိသ်အာပတ်တို့ မသင့်အောင် ထိန်းစောင့်အပ်သော သိက္ခာပုဒ်သီလအစုသည် အာဒိဗြဟ္မစရိယကသီလမည်၏။ လဟုကအာပတ်ဟူ၍ ပညတ်ဟောကြားအပ် သော ကျန်သည့်အာပတ်ငါးပုံတို့ မသင့်အောင်ထိန်းစောင့်အပ်သော သိက္ခာပုဒ် သီလအစုသည် အာဘိသမာစာရိကသီလမည်၏ဟု ဆိုလိုသည်။)

တနည်း ...ဝိနည်းငါးကျမ်းရှိသည့်အနက် (ဉဘတောဝိဘင်းဟု ခေါ်သော) ရှေ့နှစ်ကျမ်း (ပါရာဇိကနှင့် ပါစိတ္တိယပါဠိ)တို့၌ ပါဝင်သော သိက္ခာပုဒ် သီလ အစုသည် အာဒိဗြဟ္မစရိယကသီလမည်၏။ ခန္ဓကဝင်ခေါ်သည့် မဟာဝဂ္ဂပါဠိ စူဠဝဂ္ဂပါဠိတို့၌ အကျုံးဝင်သော သိက္ခာပုဒ်သီလအစုသည် အာဘိသမာစာရိက သီလမည်၏။ (နောက်ဆုံးဖြစ်သော ပရိဝါရပါဠိမှာ ရှေ့ဝိနည်းလေးကျမ်းလာ စကားတို့ကို အများအားဖြင့် ချုံး၍ဟောသော ပါဠိဖြစ်သည်။)

(ရဟန်းတော်များအဖို့ အာဘိသမာစာရိက သီလပြည့်စုံမှ အာဒိ-ဗြဟ္မစရိယကသီလပြည့်စုံနိုင်သည်။ မှန်၏....အကြင်ရဟန်းသည် လဟုက အာပတ်=အပြစ်ပေါ့သော အာပတ် အပြစ်နည်းသော အာပတ်တို့ကို သော်မှလည်း ရှောင်ကြဉ်သည်ဖြစ်အံ့၊ ထိုရဟန်းသည် အပြစ်ကြီးလေး လှသည့် ဂရုကအာပတ်တို့ကိုကား ဆိုဖွယ်မရှိ၊ ကေန်ပင် ရှောင်ကြဉ် တော့သည်သာ ဖြစ်၏။)

http://www.dhammadownload.com



**တနည်းကား**....ဝိရတိသီလ, အဝိရတိသီလ ဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် ရှေးဖြစ်သည့် (၁) အထယ်တရားကို သီလခေါ် သနည်း ဟူသော စကားရပ်(ခေါ) မျက်နှာ၌ သီလ၏သရုပ်ကို ဖော်ထုတ်ပြဆိုရာဝယ် ပါဝင်သည့် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝတည်းဟူသော ဝိရတိစေတသိက်သုံးပါး သည် ဝိရတိသီလမည်၏။ ကြွင်းကျန်သည့် စေတနာစသော တရားအစုသည် အဝိရတိသီလမည်၏။

**တနည်းအားဖြင့်** သီလသည် နိဿိတသီလ, အနိဿိတသီလဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် တဏှာကိုဖြစ်စေ ဒိဋ္ဌိကိုဖြစ်စေ အမှီပြု၍ စောင့်သုံးအပ်သောသီလသည် နိဿိတသီလမည်၏။ (ဤသီလကြောင့် ငါသည် နောက်ဘဝတွင် ကောင်းမြတ်သောဘဝ ကောင်းမြတ်သောစည်းစိမ်ချမ်းသာကို ရပါလို၏ဟု ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို တောင့်တ၍ ဖြစ်စေအပ် ကျင့်သုံး အပ်သော သီလသည် တဏှာကိုမှီသောသီလမည်၏။ မိစ္ဆာအယူရှိသောသူတို့၏ မိမိတို့၏ နွားအလေ့အကျင့် ခွေးအလေ့အကျင့်ဖြင့် သံသရာမှစင်ကြယ်လိမ့်မည်ဟု အမြင်မှားကာ ကျင့်သုံးအပ်သော နွားတို့၏အလေ့အကျင့်သီလမျိုး ခွေးတို့၏ အလေ့အကျင့်သီလမျိုးသည် ဒိဋ္ဌိနိဿိတသီလမည်၏။ ဤဒိဋ္ဌိနိဿိတသီလကို ကား ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် စောင့်သုံးမိကြမည်မဟုတ်၊ တဏှာ နိဿိတသီလကိုသာ စောင့်သုံးမိတတ်ကြသည်။ ဤကဲ့သို့ မစောင့်သုံးမိအောင် သတိပြုကုန်ရာ၏။) ပြဆိုအပ်ပြီးသည့် တဏှာဒိဋ္ဌိနှစ်ပါးကို အမှီမပြုပဲ မြတ်သော အကျင့်ကို ငါကျင့်မည်ဟူ၍သာ နှလုံးသွင်း၍ စောင့်သုံးအပ်သော သီလ (သို့မဟုတ်) မဂ်ဖိုလ်နှင့်ယှဉ်သောသီလ၊ ထိုမဂ်ဖိုလ် သီလ၏ အဆောက်အဦဖြစ် သော လောကီသီလတို့သည် အနိဿိတသီလ မည်ကုန်၏။

**တနည်းအားဖြင့်** ကာလပရိယန္တသီလ, အာပါဏကောဋိကသီလ ဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အလိုရှိသလောက် ကာလကို ပိုင်းခြား၍ စောင့် သုံးအပ်သော သီလသည် ကာလပရိယန္တသီလမည်၏။ ကာလကို မပိုင်းခြားပဲ အသက်ထက်ဆုံး စောင့်သုံးအပ်သော သီလသည် အာပါဏကောဋိကသီလ မည်၏။

ကာလပရိယန္တသီလအကြောင်းကို (ကာလပရိစ္ဆေဒံ ကတွာ သမာ- ဒိန္နံ သီလံ) ကာလအပိုင်းအခြားကိုပြု၍ ဆောက်တည်အပ်သောသီလ ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ဖွင့်ပြရာ ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ (ကာလ- ပရိစ္ဆေဒံ ကတွာတိ ဠုမဉ္စ ရတ္တိံ ဠုမဉ္စ ဒိဝန္တိ အာဒိနာ ဝိယ ကာလ- ပဒေသေန ပရိစ္ဆေဒံ ကတွာ) ဟူ၍ ဖွင့်ပြသည်၊ အဓိပ္ပါယ်မှာ....ကာလ အပိုင်းအခြားကို ပြု၍ဟု ပြဆိုသော အဋ္ဌကထာ စကားလာ ကာလ

http://www.dhammadownload.com



ပိုင်းခြားပုံကို "ဤညဉ့်ပတ်လုံးငှင်း ဤနေ့ပတ်လုံးငှင်း"ဤသို့ အစရှိသည်ဖြင့် ပိုင်းခြားခြင်းကဲ့သို့ အချိန်ကာလ၏ အစွမ်းဖြင့် ပိုင်းခြားခြင်းကို ပြုရမည်ဟု ဆိုလိုသည်။

ယခုကာလ လူအများ သီလခံယူကြရာ၌ကား ကာလကို ပိုင်းခြားခြင်းမရှိ၊ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ=သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏ ဟူ၍သာ ဆောက်တည်ကြသဖြင့် တသက်လုံးအတွက်ပင် ဆောက်တည်ထားသကဲ့သို့ ဖြစ်နေသော်လည်း ဆောက်တည်သူ၏ စိတ်ထဲမှာ တနေ့တရက်အတွက်သာ ရည်မှန်းရင်းရှိသောကြောင့် ထိုဆောက်တည်အပ်သောသီလသည် တနေ့တရက် ကာလဖြင့် ပိုင်းခြားအပ်သည့် ကာလပရိယန္တသီလသာ ဖြစ်၏။ အဋ္ဌကထာ ဋီကာတို့ ဖွင့်ဆိုပုံကို ထောက်လျှင် ကာလပရိယန္တသီလအတွက် မိမိအလိုရှိအပ်သော အချိန်ကာလပြ စကားကို ထည့်သွင်း၍ ဆောက်တည်သင့်၏၊ ထိုအချိန်ကာလ အပိုင်းအခြားပြသည့် စကားစု မပါသော်လည်း အပြစ်မရှိပေ၊ ကာလပရိယန္တသီလသာ ဖြစ်၏။

ယခုကာလ သီလ ဆောက်တည် ခံယူရာမှာ ပိုင်းခြားချက်စကား မပါသော်လည်း ရည်မှန်းချက်အရ ဟနေ့တရက် ဟူသောသဘောသည် ပြီးစီးနေသဖြင့် "သီလကို တနေ့လုံးတရက်လုံး ညဉ့်နေ့ပတ်လုံး စောင့်သုံးမှ စောင့်သုံးကောင်းသည်"ဟူ၍ ထင်မှတ်တတ်ကြ၏၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ သီလမယဉာဏနိဒ္ဒေသအဖွင့်၌—(ကတမော ကာလပရိယန္တော၊ ဥပါသကောပါသိကာ ဒါနံ ဒဒမာနာ ပရိဝေသနပရိယန္တံ သီလံ သမာဒိယန္တိ၊ ဝိဟာရဂတာ ဝိဟာရပရိယန္တံ သီလံ သမာဒိယန္တိ၊ ဧကံ ဝါ ဒွေ ဝါ တယော ဝါ ဘိယျော ဝါ ရတ္တိန္ဒိဝါနိ ပရိစ္ဆေဒံ ကတွာ သီလံ သမာဒိယန္တိ၊ အယံ ကာလပရိယန္တော)ဟူ၍ ပြဆိုထားသည်။

အဓိပ္ပါယ်ကား....ကာလအပိုင်းအခြားရှိသော သီလ(ကာလပရိယန္တသီလ)ဟူသည် အဘယ်နည်းဟူမူကား၊ ရတနာသုံးပါးသို့ ဆည်းကပ်လေ့ရှိသော ယောကျ်ားမိန်းမတို့သည် အလှူလှူဒါန်းကြစဉ် လှူမှုကိစ္စဆုံးသည့်တိုင်အောင် သီလကို ဆောက်တည်ကြကုန်၏၊ (သံဃာကို အိမ်သို့ ပင့်၍ လှူဒါန်းပြုစုနေစဉ်အတွင်း သီလကိုစောင့်သုံးသည်၊ လှူပြီးသောအခါ စောင့်သုံးခြင်းမရှိဟု ဆိုလိုသည်။)ယခုကာလ တထိုင်သီလဟု ပြောကြသော သီလမျိုးတည်း။ ကျောင်းသို့ သွားရောက်ကြသောအခါ ကျောင်း၌ နေသမျှကာလအပိုင်းအခြားရှိသော သီလကို

http://www.dhammadownload.com



ဆောက်တည်ကြကုန်၏၊(ကျောင်းသို့ သွားရောက်သောအခါ ကျောင်းကမပြန်မီအတွင်းသာ သီလကို ဆောက်တည်သည်ဟုဆိုလိုသည်)။တရက်သော်ငင်း နှစ်ရက်သော်ငင်း ထိုထက်အလွန် များ၍သော်ငင်း ညဥ့်နေ့တို့ကို ပိုင်းခြား၍ သီလကို စောင့်သုံးကြကုန်၏၊ ဤသို့ စောင့်သုံးအပ်သော သီလများသည် ကာလပရိယန္တသီလမည်၏ဟု ဆိုလိုသည်။

ဤအဋ္ဌကထာကို ထောက်၍ တနေ့လုံး မဟုတ်ပဲ သံဃာများကို အိမ်သို့ပင့်၍ လှူဒါန်းနေဆဲ အခိုက်မှာပင်ဖြစ်စေ ကျောင်းသို့သွား၍ ကျောင်း၌ နေသမျှကာလ အခိုက်မှာပင်ဖြစ်စေ သီလစောင့်သုံးနိုင်ကြောင်း၊ ထိုသို့ စောင့်သုံးအပ်သော သီလကို ကာလပရိယန္တသီလဟူ၍ ခေါ်ဆိုကြောင်း သိသာထင်ရှားပေ၏၊ ထို့ကြောင့်—ညဥ့်တွင် ပိုင်းခြားသတ်မှတ်၍ ဆောက်တည်လိုက ဆောက်တည်နိုင်၏၊ နေ့တွင် ပိုင်းခြားသတ်မှတ်၍ ဆောက်တည်လိုက ဆောက်တည်နိုင်၏၊ ထို့ကြောင့်ပင် "ဥပုသ်နေ့များမှာ ညစာစားခြင်းမှ မရှောင်နိုင်သေးသော ကလေးသူငယ်တို့ကို နံနက်ပိုင်းအတွက် ကာလသတ်မှတ်ကာ ဥပုသ်သီလ ဆောက်တည်စေကောင်း၏"ဟူ၍ ဆရာတို့ မိန့်ဆိုတော်မူကြသည်၊ မိန့်ဆိုကြသည့်အတိုင်း သဘောယုတ္တိအားဖြင့်လည်း သင့်လျော်သည်၊ အကြောင်းမှာ....မြတ်သောအကျင့်ကို တနေ့လုံးကျင့်မှ ကုသိုလ်ရမည်၊ တစိတ်တပိုင်း ကျင့်လျှင် ကုသိုလ်မရဟု ဆိုဖွယ်မရှိ၊ ကျင့်နိုင်သမျှပင် ကုသိုလ်ရသောကြောင့်တည်း။

ထောက်ထားဖွယ်မှာ....ပေတဝတ္ထုပါဠိတော် (၃)စူဠဝဂ် (၇)မိဂလုဒ္ဒကပေတဝတ္ထုနှင့် (၈) မိဂလုဒ္ဒကပေတဝတ္ထု တို့ကို ထောက်ထားရာ၏၊ ထိုဝတ္ထုနှစ်ပါး အကျဉ်းချုပ်မှာ....

မြတ်စွာဘုရား လက်ထက်တော်အခါက ရာဇဂြိုဟ်ပြည်၌ တယောက်သော မုဆိုးသည် နေ့ရောညဥ့်ပါ သားသမင်တို့ကို သတ်ဖြတ်နှိပ်စက်၍ အသက်မွေးမှုကို ပြုလေသည်၊ ထိုမုဆိုး၏ တယောက်သော မိတ်ဆွေသည် ရတနာသုံးရပ်ကို ဆည်းကပ်သူ ဥပါသကာ ဖြစ်သည်၊ ထိုဥပါသကာမိတ်ဆွေသည် မုဆိုးသူငယ်ချင်းကို လုံးလုံးလျားလျား သားသတ်ခြင်း ဒုစရိုက်မကောင်းမှုမှ ရှောင်ကြဉ်ရန် ပြောဆိုတားမြစ်ပါသော်လည်း မတတ်နိုင်သည့်အဆုံးဝယ် "မိတ်ဆွေ လာပါ၊ တနေ့လုံး မရှောင်နိုင်လျှင် ညဥ့်အခါ၌ ပါဏာတိပါတ ဒုစရိုက်မှု ပြုခြင်းမှ ရှောင်ကြဉ်ပါလော့"ဟူ၍ ပြောဆိုဖြောင်းဖြကာ ညဥ့်အခါဝယ် ကုသိုလ်

http://www.dhammadownload.com



တရား၌ ဆောက်တည် ကျင့်သုံးစေသည်၊ ထိုမှုဆိုးသည် မိတ်ဆွေ ဥပါသကာ ညွှန်ကြားဆောက်တည်စေသည့်အတိုင်း ညဥ့်အခါ (မြှားကို ပြင်ဆင်ခြင်း ကျော့ကွင်းကိုပြင်ဆင်ခြင်း အစရှိသည့်) ပြုလုပ်နေကျ ဒုစရိုက်မှုများကို မပြုမလုပ် ရှောင်ကြဉ်၍ နေ့အခါ၌သာ သားသတ်အမှု ကိုပြုလေသည်။

ထိုမှုဆိုးသည် နောက်အခါ သေလွန်၍ ရာဇဂြိုဟ်ပြည်၏ အနီး၌ ဝေမာနိကပြိတ္တာ (တချိန်မှာစံ တချိန်ခံ ဗိမာန်ရှိသည့်ပြိတ္တာ) ဖြစ်ပြီး လျှင် နေ့အခါ ဆင်းရဲဒုက္ခ ကြီးစွာခံစား၍ ညဥ့်အခါ ကာမဂုဏ်ငါးပါး တို့နှင့် ပြည့်စုံစွာ ကာမချမ်းသာကို ခံစားရလေသည်။

ထိုပြိတ္တာကို အရှင်နာရဒမထေရ် မြင်တော်မူ၍ ရှေးကုသိုလ်ကံ အကြောင်းကို မေးမြန်းသည်တွင် ရှေးဘဝက သားသတ်မှုဆိုးဖြစ်ခဲ့ဘူး ကြောင်း၊သဒ္ဓါတရားကောင်းလှသူ သူငယ်ချင်း ဥပါသကာက မကောင်း မှုကိုမပြုရန် တားမြစ်ပါသော်လည်း အချိန်ကြာမြင့်စွာ မကောင်းမှု၌ လေ့လာပျော်ပိုက်ခဲ့သူဖြစ်သဖြင့် သူငယ်ချင်း၏ အဆုံးအမကို အပြည့် အစုံမလိုက်နာခဲ့ပဲ (မဆန့်ကျင်ရုံ တဝက်ကိုသာ လိုက်နာသောအား ဖြင့်) နေ့အခါ ပါဏာတိပါတ ဒုစရိုက်မှုကို ပြုမြဲတိုင်းပြု၍ ညဥ့်အခါ၌ သာ သီလကို ဆောက်တည် ကျင့်သုံးခဲ့သော ကောင်းမှုကုသိုလ်ကံ ကြောင့် ယခု ဝေမာနိကပြိတ္တာဖြစ်၍ နေ့ပြုခဲ့သော ဒုစရိုက် အကုသိုလ် ကံကြောင့် နေ့အခါ ဆင်းရဲဒုက္ခ ကြီးစွာ ရောက်ရကြောင်း၊ ညဥ့်အခါ ဆောက်တည်ကျင့်သုံးခဲ့သော သီလကောင်းမှုကြောင့် ညဥ့်အခါ၌ နတ် စည်းစိမ်တို့ကို ခံစံရကြောင်း ပြန်ကြား လျှောက်ထားလေသည်။ ။ (ဤကား (၇)မိဂလုဒ္ဒကပေတ=သားသတ်မှုဆိုး ပြိတ္တာဝတ္ထု အကျဉ်း ချုပ်တည်း။)(၈)ခုမြောက်ဖြစ်သော သားသတ်မှုဆိုးပြိတ္တာ ဝတ္ထု၌ကား သူငယ်ချင်း ဥပါသကာက တားမြစ်ဆုံးမသော်လည်း မရပဲ ထိုဥပါသကာ ၏အိမ်၌ ဆွမ်းခံကြွသည့် ရဟန္တာအရှင်မြတ် ဆုံးမမှသာ ညဥ့်အခါ သီလစောင့်သောမှုဆိုး ဝတ္ထုဖြစ်သည်။

ဤသားသတ်မှုဆိုး ပြိတ္တာဝတ္ထုတို့ကိုထောက်၍ သီလကို နေ့အခါ၌ မစောင့်ထိန်းနိုင်ပဲ ညဥ့်အခါမှသာ စောင့်ထိန်းလာခဲ့ရသော်လည်း ထိုသီလသည် ညဥ့်အခါမှာ ကောင်းကျိုးပေးနိုင်ကြောင်း ထင်ရှားပေ၏၊ ထို့ကြောင့် မိမိစွမ်းနိုင်သမျှ အချိန်ကာလအတွင်းမှာပင် သီလကို စောင့်သုံးကြဖို့ သင့်လျော်လှပေသည်။

http://www.dhammadownload.com



တနည်းအားဖြင့် (၁) သပရိယန္တသီလ (၂) အပရိယန္တသီလ ဟူ၍ နှစ်ပါး အပြားရှိ၏။ အချုပ်အားဖြင့်ကား အဆုံးရှိသောသီလနှင့် အဆုံးမရှိသောသီလ ဟူ၍ ဆိုလိုသည်။

(၁) တနေ့လုံးအတွက် ရည်သန်၍ ဥပုသ်သီလ ဆောက်တည်ထားသော သူကို တစုံတယောက်သောသူက "အမောင်....သီလကို ယခု ချိုးဖျက်လိုက်ပါ၊ အမောင့်အား ငါငွေတထောင်ပေးမည်"ဟု ဆိုသဖြင့် ဖျက်လိုက်သောသီလ သည် အဆုံးရှိသော(သပရိယန္တ)သီလမည်၏၊ (ဥစ္စာကြောင့် ရည်မှန်းထားသည့် အတိုင်း တနေ့လုံးမခံတော့ပဲ ထိုဖျက်လိုက်သောခဏမှာပင် ပြီးဆုံးသွားခြင်း ရှိသောသီလဟု ဆိုလိုသည်။) ဤအတူ....သင့်သီလကို ဖျက်လိုက်လျှင် အခြံအရံ ပေးမည်ဟု ဆို၍သော်၎င်း သီလကိုမဖျက်လျှင် သင့်ဆွေမျိုးတွေကို သတ်ဖြတ် ဖျက်ဆီးပစ်မည်ဟု ဆို၍သော်၎င်း သင့်ခြေလက်အင်္ဂါတို့ကို ဖြတ်တောက် ဖျက် ဆီးပစ်မည်ဟု ဆို၍သော်၎င်း သင့်အသက်ကို သတ်ပစ်မည်ဟု ဆို၍သော်၎င်း ဖျက်လိုက်ရသောသီလသည် အဆုံးရှိသော (သပရိယန္တ) သီလမည်၏။ အချုပ် အားဖြင့်—ဥစ္စာ အခြံအရံ ဆွေမျိုး အင်္ဂါ အသက် ဤငါးပါးတို့တွင် တပါးပါး ကြောင့် ချိုးဖျက်လိုက်ရသောသီလကို အဆုံးရှိသော (သပရိယန္တ) သီလဟူ၍ ခေါ်သည်။

(၂) ဤနည်းငါးမျိုးဖြင့် ဖျက်၍မရပဲ ရည်မှန်းထားရင်းအတိုင်း ကောင်းစွာ စောင့်သုံးအပ်သောသီလသည် အဆုံးမရှိသော (အပရိယန္တ) သီလမည်၏၊ (အနှောက်အရှက်ကြောင့် ရည်မှန်းရင်း အချိန်သို့မရောက်မီ ပျက်စီးပြီးဆုံး သွားခြင်းမရှိသော သီလဟု ဆိုလိုသည်။)

(ရှေးသပရိယန္တသီလ၌ လာဘ်ပေးခြင်း စသည်ကြောင့် ပျက်စီး သွားသော်လည်း မပျက်စီးမီ ရှေးအဖို့က စောင့်သုံးထားခဲ့သော သီလ, မှာ ကောင်းကျိုးပေးနိုင်သည့် သီလကုသိုလ်ပင်ဖြစ်ပေသည်၊ သီလ မဟုတ်ဟု မဆိုရ။ ဤသို့ တနေ့လုံး စောင့်သုံးရန် ဆောက်တည်အပ် သောသီလကိုပင် နောက်ပိုင်း၌ ဖျက်လိုက်ရစေကာမူ ရှေ့ပိုင်းအတွက် ကောင်းကျိုးပေးနိုင်သည့် သီလဖြစ်သည်ကိုထောက်၍ ဆောက်တည်စဉ် အခါကပင် တတ်အားသမျှ အချိန်အတွင်း ပိုင်းခြားသတ်မှတ် ဆောက် တည်အပ်သော သီလသည် ကောင်းမြတ်သော သီလဖြစ်သည်ဟု ယုံမှား မရှိ မှတ်ယူရာ၏။)

တနည်းအားဖြင့် လောကိယသီလ, လောကုတ္တရသီလ ဟူ၍ နှစ်ပါး အပြား ရှိ၏၊ အာသဝေါတရားတို့၏ အာရုံဖြစ်သော (အာသဝေါတရားတို့က အာရုံအပြု

http://www.dhammadownload.com



ခံရသော) သီလသည် လောကိယသီလမည်၏။ အာသဝေါတရားတို့၏ အာရုံ မဟုတ်သော (အာသဝေါတရားတို့က အာရုံအပြု မခံရသော) သီလသည် လောကုတ္တရာသီလမည်၏။ ထိုနှစ်ပါးတို့တွင် လောကိယသီလသည် ဘဝအထူး (လူ့ဘဝ နတ်ဘဝ) ကို ရွက်ဆောင်နိုင်၏၊ ဘဝမှလွတ်မြောက်နိုင်ခြင်း၏ အဆောက်အဦအကြောင်းလည်း ဖြစ်နိုင်၏ (ဝိ ၁၊ ၂၈၈)။ လောကုတ္တရာသီလ သည်ကား ဘဝမှလွတ်မြောက်ခြင်းကို ရွက်ဆောင်နိုင်၏၊ ပစ္စဝေက္ခဏာဉာဏ်၏ အာရုံပြုရာ ဘုံလည်း ဖြစ်ပေ၏။ ။ဤသို့လျှင် သီလသည် နှစ်ပါးစီ အပြားရှိ၏။

နှစ်ပါးတွဲ သီလစု ပြီး၏။

---

## သုံးပါးတွဲ သီလစု

**တနည်းကား**....သီလသည် (၁) ဟီနသီလ (၂) မဇ္ဈိမသီလ (၃) ပဏီတသီလ ဟူ၍ သုံးပါး အပြားရှိ၏၊ ထိုသုံးပါးတို့တွင် ရှေးဒါနခန်း၌ ပြဆိုခဲ့သည့်အတိုင်း အညံ့စားဖြစ်သော ဆန္ဒ ဝီရိယ စိတ္တ ဝီမံသာတို့ဖြင့် ဆောက်တည် ကျင့်သုံး အပ်သောသီလသည် ဟီနသီလမည်၏။ အလတ်စားဖြစ်သော ဆန္ဒ ဝီရိယ စိတ္တ ဝီမံသာတို့ဖြင့် ဆောက်တည် ကျင့်သုံးအပ်သောသီလသည် မဇ္ဈိမသီလမည်၏။ မြင့်မြတ်သော ဆန္ဒ ဝီရိယ စိတ္တ ဝီမံသာတို့ဖြင့် ဆောက်တည် ကျင့်သုံးအပ် သောသီလသည် ပဏီတသီလမည်၏။

**တနည်း**....(၁) အကျော်အစော ဂုဏ်သတင်းကို လိုလားသဖြင့် ဆောက် တည်ကျင့်သုံးအပ်သော သီလသည် ဟီနသီလမည်၏။ (၂) ကောင်းမှု၏ ဘဝ ချမ်းသာကို လိုလားတောင့်တ၍ ဆောက်တည် ကျင့်သုံးအပ်သော သီလသည် မဇ္ဈိမသီလမည်၏။

(ဤသီလကို ဆောက်တည်ကျင့်သုံးသဖြင့် နောက်အခါ မြတ်သော ဘဝချမ်းသာကို ရပေမည် စသည်ဖြင့် နောက်အခါ ရရှိမည့်အကျိုးကို လိုလားတောင့်တခြင်းသည် လောဘစိတ်ပင် ဖြစ်၏၊ ဤလောဘစိတ်နှင့် မကင်းမူ၍ ဆောက်တည်ကျင့်သုံးအပ်သော သီလဖြစ်သောကြောင့် အလတ်စားမျှ (မဇ္ဈိမ)သာ ဖြစ်ရသည်။ နောက်အခါ ဘဝချမ်းသာကို လိုလားမှုသည် (မိမိပြုသောကောင်းမှု၏ ရသင့်ရထိုက်သော အကျိုးကို လိုလားမှုသည်) ယခုဘဝ ဂုဏ်ပကာသန အချိန်အခါ အကျော်အစော အခြံအရံကို လိုလားမှုလောက် အောက်တန်းမကျ မယုတ်ညံ့ပေ။ လောက၌ ဂုဏ်ပကာသနကို စေထနာသဒ္ဓါတရားမပါရှိပဲ ဟန်ဆောင်ပြု

http://www.dhammadownload.com



လုပ်ရုံမျှဖြင့် ရရှိနိုင်သည်။ ကောင်းမှု၏အကျိုးကိုမူကား စေတနာ သန္တိတရား မပါရှိပဲ ဟန်ဆောင်ပြုလုပ်ကာမျှဖြင့် မရနိုင်၊ စေတနာ ကောင်းမှ ကောင်းကျိုးကိုရနိုင်သည်၊ ကောင်းကျိုးကို များများ လိုလေလေ စေတနာကို ကောင်းကောင်း ထားလေလေ ထားရမည် ဖြစ်၏၊ ထို့ကြောင့် ဂုဏ်ပကာသနကို လိုလားမှုထက် ကောင်းမှု၏ အကျိုးကို လိုလားမှုက ပိုမိုမြင့်မြတ်ပေသည်။ ဤသို့ ကောင်းမှုအကျိုး များများရရန် ရည်သန်ထားရှိအပ်သော စေတနာသည် ကုသိုလ်စင်စစ် ဖြစ်သော်လည်း ခံစံရမည့် ကောင်းကျိုးကို လိုလားတပ်မက်သည့် လောဘဇောနှင့် တွဲဖက်နေသောကြောင့် အမြတ်စား မဖြစ်နိုင်ပဲ အလတ်စားသာ ဖြစ်ရလေသည်။)

(၃) ဂုဏ်ပကာသနကိုလည်း မလိုလား နောက်အခါ ခံစားရမည့် အကျိုးကိုလည်း မလိုလားပဲ "ဤသီလတရား ဟူသည် မြတ်သောအကျင့်တရားဖြစ်၏၊ ဤမြတ်သောအကျင့်ကို ငါကျင့်အပ်သည်သာတည်း" ဟု တရား၏ မြင့်မြတ်မှုကို သာ နှလုံးသွင်းကာ ဆောက်တည်ကျင့်သုံးအပ်သော သီလသည် အမြတ်စား ဖြစ်သော (ပဏီတ)သီလမည်၏။ လောဘနှင့်မတွဲမဖက် သက်သက် စင်ကြယ် သော ကုသိုလ်စိတ်ဖြင့်သာ ဆောက်တည်ကျင့်သုံးအပ်သည့် သီလဖြစ်သော ကြောင့်တည်း၊ ဤသီလမျိုးကိုမှ သီလပါရမီအစစ် ဟူ၍ မှတ်ယူအပ်၏။

(အောက်ဒါနပါရမီမှာ ပြခဲ့သောအတိုင်း စမ္ပေယျနဂါးမင်း ဘူရိဒတ္တ နဂါးမင်းတို့မှာ ဤအမြတ်စားသီလကို မစောင့်ထိန်းနိုင်ကြပဲ လူ့ဘဝ တည်းဟူသော ကောင်းမှုအကျိုးကို လိုလားတောင့်တ၍ စောင့်ထိန်း အပ်ရကား မဇ္ဈိမသီလမျှကိုသာ စောင့်ထိန်းအပ်သည် မည်သော်လည်း ထိုနဂါးမင်းတို့ စောင့်ထိန်းအပ်သောသီလမှာ အသက်ကိုပင်စွန့်၍ သီလ ကို အပျက်မခံ စောင့်ထိန်းအပ်သည် ဖြစ်သောကြောင့် ထိုနဂါးမင်းတို့ စောင့်ထိန်းအပ်သော သီလသည် သီလပါရမီပင် ဖြစ်သည်ကိုလည်း သတိပြုရာ၏။)

**တနည်း....**(၁) ငါသည် သီလနှင့်ပြည့်စုံသောသူဖြစ်၏၊ ငါမှတပါးသော သူတို့သည် သီလမရှိကြကုန်၊ ယုတ်ညံ့သော သဘောသာရှိကုန်၏ ဟူ၍ မိမိ ကိုယ်ကို ချီးမြှောက်ခြင်း သူတပါးတို့ကို ကဲ့ရဲ့ရှုတ်ချခြင်း အစရှိသော အကုသိုလ် တရားတို့ဖြင့် ညစ်ညူးလူးပေသောသီလသည် ဟီနသီလမည်၏။ (၂) ဤကဲ့သို့ မညစ်ညူးစေပဲ စောင့်ထိန်းအပ်သော လောကီသီလသည် မဇ္ဈိမသီလမည်၏။ (၃) လောကုတ္တရာ မဂ်ဖိုလ်နှင့်ယှဉ်သော သီလသည် ပဏီတသီလမည်၏။

http://www.dhammadownload.com



တနည်း....(၁) နောက်အခါ ကောင်းသောဘဝ၌ ကောင်းသောစည်းစိမ်ချမ်းသာကို ရရှိခံစံဖို့ရန် ဆောက်တည်ကျင့်သုံးအပ်သော သီလသည် ဟီနသီလ မည်၏။ (၂) မိမိ၏ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရန် ရည်သန်ကျင့်သုံးအပ်သော သာဝကဗောဓိလောင်း ပစ္စေကဗောဓိလောင်းတို့၏ သီလသည် မဇ္ဈိမသီလမည်၏။ (၃) အလုံးစုံသော သတ္တဝါတို့ကို သံသရာဝဋ်မှ လွတ်မြောက်စေရန် ကယ်တင်နိုင်ဖို့ရန် ရည်သန်ကျင့်သုံးအပ်သော ဘုရားအလောင်းတော်တို့၏ သီလသည်(ပါရမီမြောက်သည့်) ပဏီတသီလမည်၏။ ။(ဤ၌ ပဏီတသီလကိုမှ ပါရမီမြောက်သည့် သီလအနေဖြင့် အဋ္ဌကထာ၌ ဖွင့်ဆိုခြင်းသည် အမြင့်မြတ်ဆုံးသော သီလကို ရည်ရွယ်၍သာ ဖွင့်ဆိုခြင်းဖြစ်သည်၊ (ထိုကဲ့သို့ ဖွင့်ဆိုခြင်းမျိုးကို ကျမ်းဂန်တို့၌ ဥက္ကဋ္ဌနည်းဟူ၍ ခေါ်ဆိုသည်၊) ထို့ကြောင့် မိမိ၏သံသရာဝဋ်မှ လွတ်မြောက်ရန် ကျင့်ကြံကြသော ပစ္စေကဗုဒ္ဓါအလောင်း သာဝကအလောင်းတော်တို့၏ သီလများသည်လည်း အမြင့်မြတ်ဆုံး မဟုတ်စေကာမူ ပါရမီသီလပင် ဖြစ်ကြသည်ဟု မှတ်ယူအပ်၏။)

တနည်းကား....အတ္တာဓိပတေယျသီလ, လောကာဓိပတေယျသီလ, ဓမ္မာဓိပတေယျသီလ ဟူ၍ သုံးပါးအပြားရှိ၏။ (၁) မိမိအား မသင့်မလျော်သော အကျင့်အကြံများကို ပယ်စွန့်လိုသဖြင့် မိမိကိုယ်ကို အလေးဂရုပြု၍ ဆောက်တည်ကျင့်သုံးအပ်သော သီလသည် အတ္တာဓိပတေယျသီလ မည်၏။ (၂)လူအများက ကဲ့ရဲ့ရှုတ်ချမည်ကို ပယ်ရှားလို သဖြင့် လူအများကို အလေးဂရုပြု၍ ဆောက်တည်ကျင့်သုံးအပ်သော သီလသည် လောကာဓိပတေယျသီလ မည်၏။ (၃) မြတ်စွာဘုရား ဟောကြားတော်မူအပ်သော မဂ်ဖိုလ်နိဗ္ဗာန်တရားတော်သည် ကြီးမြတ်သော အာနုဘော်ရှိပေ၏၊ သံသရာဝဋ်မှ ထွက်မြောက်စေနိုင်သောတရားလည်း မှန်၏၊ ထိုတရားတော်ကို ပဋိပတ်အကျင့်ဖြင့်သာ ပူဇော်သင့်လှပေ၏၊ ထို့ကြောင့် ငါသည် ထိုမဂ်ဖိုလ်နိဗ္ဗာန်တရားကို သီလအကျင့်ဖြင့် ပူဇော်ပေအံ့ဟူ၍ တရားတော်၏ မြင့်မြတ်သောဂုဏ်ကျေးဇူးကို ပူဇော်လိုသဖြင့် တရားတော်ကို အလေးဂရုပြု၍ ဆောက်တည်ကျင့်သုံးအပ်သော သီလသည် ဓမ္မာဓိပတေယျသီလ မည်၏။

တနည်းကား....ပရာမဋ္ဌသီလ, အပရာမဋ္ဌသီလ, ပဋိပ္ပဿဒ္ဓသီလ ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်—

(၁) နှစ်ပါးတွဲ သီလစု၌ နိဿိတသီလဟူ၍ ပြဆိုခဲ့သောသီလသည် တဏှာဒိဋ္ဌိတို့ဖြင့် အလွဲလွဲအမှားမှား သုံးသပ်အပ်သောကြောင့် ပရာမဋ္ဌသီလ မည်၏။ သီလကို စောင့်သုံးကာ "ငါ၏သီလသည် ငါတောင့်တသည့် ဘဝချမ်းသာကို

http://www.dhammadownload.com



ကောန်ပေးနိုင်သည့် အလွန်မြင့်မြတ်သော သီလဖြစ်သည်၊ ငါ၏သီလမျိုး အခြားသူများ မကျင့်သုံးနိုင်" အစရှိသည်ဖြင့် မိမိ၏သီလကို သာယာခြင်း တည်းဟူသော တဏှာလောဘ၊ "သီလကိုပင် အတ္တလိပ်ပြာ အနှစ်သာရ"ဟူ၍ ထင်မှားသော သက္ကာယဒိဋ္ဌိ အစွဲအလမ်းဖြင့် မှားမှားယွင်းယွင်း နှလုံးသွင်း အပ်လျှင်လည်း ထိုသီလသည် ပရာမဋ္ဌသီလပင်မည်၏။

(ထိုပရာမဋ္ဌသီလမှာ တဏှာဒိဋ္ဌိမီး စွဲငြိအပ်သော သီလပင်ဖြစ်သည်၊ ဤတဏှာဒိဋ္ဌိမီးကြီးကား လောကီအာရုံ ကာမဂုဏ်တို့ကို မဆိုထားဘိ၊ ဒါနသီလတရားတို့ကိုပင် စွဲလောင်တတ်လေသည်။ ဘာဝနာ အစစ်သို့ ရောက်မှသာ ဒိဋ္ဌိမီး မစွဲမလောင်နိုင် ရှိသည်။ ဘာဝနာစစ်စစ်ကို ပွါးများလိုသောသူသည် မပွါးများမီက ကြိုတင်ကာ "ငါဟူ၍ မရှိ သောင်း၊ ရုပ်နာမ်အစုမျှသာ ဖြစ်သည်"ဟူ၍ ထင်ထင်မြင်မြင် နှလုံး သွင်းကာ အတ္တဒိဋ္ဌိကို ခွါပြီး ပွါးများနိုင်မှ ဘာဝနာစစ်စစ် ဖြစ်နိုင်ပေ သည်။ သက္ကာယဒိဋ္ဌိမီး အလောင်မခံရသည့် ဘာဝနာစစ်စစ်ကို ပွါး များမိအောင် နှလုံးသွင်း စဉ်းစား ကြိုးစားသင့်လှပေသည်။)

(၂) ကလျာဏပုထုဇန်ပုဂ္ဂိုလ်တို့ ဆောက်တည်ကျင့်သုံးအပ်သည့် မဂ်၏ အဆောက်အဦ အကြောင်းစစ်ဖြစ်သော သီလသည်၎င်း သေက္ခအရိယာပုဂ္ဂိုလ် တို့၏ မဂ်ဖလ၌ဖြစ်သော သီလသည်၎င်း အပရာမဋ္ဌသီလမည်၏။ (၃)ဖိုလ်စိတ် လေးပါး၌ရှိသော သီလသည် ပဋိပ္ပဿဒ္ဓသီလမည်၏။

တနည်းကား....ဝိသုဒ္ဓသီလ, အဝိသုဒ္ဓသီလ, ဝေမတိကသီလ ဟူ၍ သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင်—(၁) စင်ကြယ်သောပုဂ္ဂိုလ်၏ သီလသည် ဝိသုဒ္ဓ သီလမည်၏၊ (အာပတ်မသင့်စေပဲ ဖြည့်ကျင့်အပ်သော သီလသည်၎င်း၊ အာ ပတ်သင့်သော်လည်း အာပတ်ကို ကုစားပြီးသော ပုဂ္ဂိုလ်၏ သီလသည်၎င်း ဝိသုဒ္ဓသီလမည်၏။) (၂) မစင်ကြယ်သော ပုဂ္ဂိုလ်၏ သီလသည် အဝိသုဒ္ဓသီလ မည်၏၊ (အာပတ်သင့်ပြီးနောက် မကုစားပဲထားသော ပုဂ္ဂိုလ်၏ သီလသည် အဝိသုဒ္ဓသီလမည်၏။) (၃)ဝံသားလေလော ဝက်သားလေလော ဤသို့စသည် ဖြင့် ပစ္စည်းဝတ္ထု၌ဖြစ်စေ ပါစိတ်အာပတ် သင့်လေသလော ဒုက္ကဋ်အာပတ်သင့် လေသလော ဤသို့စသည်ဖြင့် အာပတ်၌ ဖြစ်စေ ငါသည် ထိုဝတ္ထုကို လွန်ကျူး မိလေသလော မလွန်ကျူးမိပဲ ရှိလေသလော ဤသို့စသည်ဖြင့် လွန်ကျူးမှု၌ ဖြစ်စေ ယုံမှားမှုရှိနေသော ပုဂ္ဂိုလ်၏သီလသည် ဝေမတိကသီလ မည်၏။

(ထိုသုံးပါးတို့အနက် ကမ္မဋ္ဌာန်းအလုပ် အားထုတ်သော ယောဂီ သူမြတ်သည် မစင်ကြယ်သေးသော သီလကို စင်ကြယ်အောင် ပြုလုပ်အပ်၏၊

http://www.dhammadownload.com



မိမိ၌ လဟုကအာပတ်သင့်လျှင် ဒေသနာကြား၍ သီလစင်ကြယ်အောင် ပြုလုပ်ရသည်။ ဂရုက သံဃာဒိသိသ်အာပတ်သင့်လျှင် ပရိဝါသ်မာနတ်ကျင့်သုံး၍ သီလစင်ကြယ်အောင် ပြုလုပ်ရသည်။ ယုံမှားမှုရှိနေလျှင်လည်း ကိုယ်တိုင်ဝတ္ထုကို စိစစ်၍ဖြစ်စေ ဝိနည်းဓိုရ်ပုဂ္ဂိုလ်တို့ကို မေးမြန်း၍ဖြစ်စေ ထိုယုံမှားမှုကို ပယ်ဖျောက်ရာ၏၊ ယုံမှားကင်းပြီးသော် အပ်စပ်လျှင် ပြုလုပ်၍ မအပ်စပ်လျှင် ပယ်စွန့်ရာ၏။)

**တနည်းကား**....သေက္ခသီလ, အသေက္ခသီလ, နေဝသေက္ခနာသေက္ခသီလ ဟူ၍ သုံးပါးအပြားရှိ၏၊ (၁) မဂ်တရားလေးပါး အောက်ဖိုလ်တရားသုံးပါးတို့နှင့် ယှဉ်သော သီလသည် သေက္ခသီလ မည်၏။ (၂) အရဟတ္တဖိုလ်နှင့် ယှဉ်သော သီလသည် အသေက္ခသီလ မည်၏။ (၃) ထိုမှကြွင်းသော လောကီသီလစုသည် နေဝသေက္ခနာသေက္ခသီလ မည်၏။ ပုထုဇန်တို့၏ သီလပင်တည်း။

သုံးပါးတွဲ သီလစု ပြီး၏။

---

## လေးပါးတွဲ သီလစု

**တနည်းကား**....

ဟာနဘာဂိယသီလ၊
ဌိတိဘာဂိယသီလ၊
ဝိသေသဘာဂိယသီလ၊
နိဗ္ဗေဓဘာဂိယသီလ—

ဟူ၍ လေးပါး အပြားရှိ၏။ ထိုလေးပါးတို့တွင်....(၁) ယုတ်လျော့ခြင်း အဖို့ရှိသော(သို့မဟုတ် ယုတ်လျော့သွားမည်သာဖြစ်သော)သီလသည် **ဟာနဘာဂိယသီလ** မည်၏။ ။(အကြင်ရဟန်းသည် သီလမရှိသော ပုဂ္ဂိုလ်တို့ကိုသာ ပေါင်းသင်း၍ သီလရှိသောပုဂ္ဂိုလ်တို့ကို မဆည်းကပ် မပေါင်းသင်း၊ အာပတ်၏ အကြောင်း မကောင်းသောအရာဝတ္ထုကို လွန်ကျူးခြင်း၌ အပြစ်ကိုမမြင်၊ သိလည်း မသိ၊ မကောင်းသောအရာတို့ကိုသာ များစွာကြံစည်စိတ်ကူးလေ့ရှိပြီးလျှင် စက္ခုစသော ဣန္ဒြေတို့ကိုလည်း စောင့်ထိန်းခြင်းမရှိ၊ ဤသို့သောရဟန်း၏ သီလသည် ရှေ့သို့မတိုးတက်ပဲ တနေ့ထက်တနေ့ ယုတ်လျော့ ယုတ်လျော့၍သာ သွားတော့၏။)

(၂) တည်တံ့ခြင်းအဖို့ရှိသော (သို့မဟုတ် မတိုးမယုတ် တည်တံ့နေမည်သာဖြစ်သော) သီလသည် **ဌိတိဘာဂိယသီလ** မည်၏။ ။(အကြင်ရဟန်းသည်

http://www.dhammadownload.com



သီလနှင့်ပြည့်စုံခြင်းကို နှစ်သက်ဝမ်းမြောက်သောစိတ်ရှိ၍သာ နေ၏၊ ကမ္မဋ္ဌာန်း အလုပ် တိုးတက်အားထုတ်ရန်ကား စိတ်မရှိပေ၊ သီလမျှဖြင့်သာ တင်းတိမ် ကျေနပ်၍ သီလမှအထက် တစုံတရာတိုးတက်အားထုတ်ခြင်းမရှိသော ထိုရဟန်း ၏ သီလသည် ရှေ့သို့လည်း မတိုးတက် အောက်သို့လည်း ပြန်၍မလျော့ကျပဲ တည်တံ့၍သာနေတော့၏။)

(၃) ထူးသောအဖို့ရှိသော (သို့မဟုတ် ထူးမြတ်မည်သာဖြစ်သော) သီလ သည် ဝိသေသဘာဂိယသီလ မည်၏။ ။(အကြင်ရဟန်းသည် သီလနှင့်ပြည့်စုံ ပြီးနောက် သီလမျှဖြင့် ရောင့်ရဲတင်းတိမ်၍ မနေပဲ သမာဓိဖြစ်ဖို့ရန်လည်း ကြိုးစားအားထုတ်၏၊ ထိုရဟန်း၏သီလသည် သမာဓိတရားတည်းဟူသော ထူးသောအဖို့ရှိသော သီလမည်၏။ သမာဓိအကျိုးထူးကို ရရှိသောသီလဟု ဆိုလိုသည်။)

(၄) ကိလေသာမှောင်ထုကို ဖောက်ထွင်းဖြိုခွဲခြင်း အဖို့ရှိသော (အကျိုး ရသော) သီလသည် နိဗ္ဗေဓဘာဂိယသီလ မည်၏။ ။(အကြင်ရဟန်းသည် သီလမျှဖြင့် ရောင့်ရဲတင်းတိမ်၍မနေပဲ သင်္ခါရဒုက္ခတို့မှ ငြီးငွေ့ အားသန်သည့် ဗလဝဝိပဿနာဉာဏ်ကို ရရန်ကြိုးကုတ် အားထုတ်ပေ၏၊ ထိုရဟန်း၏ သီလ သည် မဂ်ဖိုလ်ကိုရ၍ ကိလေသာမှောင်ထုကို ဖောက်ထွင်းဖြိုခွဲခြင်း အဖို့ရှိသော အကျိုးရသော သီလမည်၏။)

တနည်းကား....

ဘိက္ခုသီလ၊
ဘိက္ခုနီသီလ၊
အနုပသမ္ပန္နသီလ၊
ဂဟဋ္ဌသီလ—

ဟူ၍ လေးပါးအပြားရှိ၏။

(၁) ရဟန်းယောကျ်ားများအတွက် မြတ်စွာဘုရား ပညတ်တော်မူအပ် သော သိက္ခာပုဒ်စုနှင့် ရဟန်းမိန်းမ (ဘိက္ခုနီ)တို့အတွက် ပညတ်အပ်သော သိက္ခာပုဒ်များထဲမှ ရဟန်းယောကျ်ားများလည်း စောင့်ရှောက်ထိန်းသိမ်းထိုက် သော သီလစုသည် ဘိက္ခုသီလ မည်၏။

(၂) ရဟန်းမိန်းမတို့အတွက် ပညတ်အပ်သော သိက္ခာပုဒ်စုနှင့် ရဟန်း ယောကျ်ားများအတွက် ပညတ်အပ်သော သိက္ခာပုဒ်များထဲမှ ရဟန်းမိန်းမများ လည်း စောင့်ရှောက်ထိန်းသိမ်းထိုက်သော သီလစုသည် ဘိက္ခုနီသီလ မည်၏။

http://www.dhammadownload.com



(၃) သာမဏေယောကျ်ား သာမဏေမိန်းမများ စောင့်ထိန်းကျင့်သုံး အပ်သော ဆယ်ပါးသီလသည် အနုပသမ္ပန္နသီလ မည်၏။ ။(ရဟန်းမဟုတ် သောသူများကို အနုပသမ္ပန္နဟူ၍ ခေါ်၏၊ လူဝတ်ကြောင်များလည်း အနုပ- သမ္ပန္နပင် ဖြစ်သော်လည်း ဂဟဋ္ဌဟူ၍ သီးခြားပြဆိုလတ္တံ့ ဖြစ်သောကြောင့် အနုပသမ္ပန္နအရ လူဝတ်ကြောင်တို့ကို မယူပဲ သာမဏေယောကျ်ား သာမဏေ မိန်းမတို့ကိုသာ အဋ္ဌကထာဆရာယူတော်မူသည်။ သိက္ခမာန်ဟူ၍လည်း တမျိုး ရှိသေး၏၊ သို့ရာတွင် ထိုသိက္ခမာန်ဟူသည်မှာ ဘိက္ခုနီမ ပြုလုပ်ရန် ကျင့်ဝတ် တရားတို့ကို အထူးကျင့်ကြံနေသော သာမဏေမ အကြီးစားများဖြစ်၍ ၎င်းတို့ကို သီးခြားမဆိုတော့ပဲ သာမဏေမိန်းမထဲ၌ ထည့်သွင်းရေတွက်ထား သည်ဟု မှတ်ယူရာ၏။)

(၄) ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့ ကျင့်သုံးအပ်သောသီလ သည် ဂဟဋ္ဌသီလ မည်၏။

ဤဂဟဋ္ဌသီလအရကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ "ဥပါသကဥပါသိကာနံ နိစ္စသီလဝသေန ပဉ္စသိက္ခာပဒါနိ သတိ ဝါ ဥဿာဟေ ဒသ ဥပေါသထင်္ဂ- ဝသေန အဋ္ဌာတိ ဣဒံ ဂဟဋ္ဌသီလံ=ဥပါသကာယောကျ်ား ဥပါသိကာ မိန်းမတို့မှာ အမြဲစောင့်ရှောက်အပ်သော ငါးပါးသော သိက္ခာပုဒ်များ၊ စွမ်းနိုင်လျှင် ဆယ်ပါးသော သိက္ခာပုဒ်များ၊ ဥပုသ်အင်္ဂါ၏ အစွမ်း အားဖြင့် ရှစ်ပါးသော သိက္ခာပုဒ်များ ဤသီလစုသည် လူတို့ ကျင့်သုံး အပ်သော ဂဟဋ္ဌသီလ မည်၏"ဟူ၍ ဖွင့်ပြသည်၊ (အမြဲ စောင့်သုံး သင့်သော ငါးပါးသီလ စွမ်းနိုင်လျှင် ဆယ်ပါးသီလ ရှစ်ပါးသီလ ဤသီလစုသည် ဂဟဋ္ဌသီလ မည်၏ဟူ၍ ရှေးဦးစွာ ရှင်းလင်းမှတ်သား ထားရာ၏။)

ဤ ဝိသုဒ္ဓိမဂ်အဋ္ဌကထာစကားတွင် (သတိ ဝါ ဥဿာဟေ)ဟူသော စာပုဒ်၌ အဓိပ္ပါယ်အယူအဆ ကွဲလွဲငြင်းခုံကြ၏။ ကွဲလွဲပုံမှာ....အချို့ဆရာတို့က "လူတို့မှာ ငါးပါးသီလသာမဟုတ်၊ ဆယ်ပါးသီလလည်း နိစ္စသီလပင်ဖြစ်သည်၊ အမြဲ ဆောက်တည်ရမည့်သီလ ဖြစ်သည်"ဟူ၍ (ငါးပါးသီလအတွက်သာ ပြဆိုအပ် သည့် နိစ္စသီလဝသေန ဟူသော ပါဌ်ကို ဒသ ဟူသော နောက်စကားနှင့်ပါ တွဲ၍) အဓိပ္ပါယ်ပြန်ဆိုကြ၏။

"ငါးပါးသီလမှာ စွမ်းရည်သတ္တိရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ စွမ်းရည် သတ္တိ ရှိ-မရှိကို ရွေးချယ်ရန်မလို၊ အမြဲသာ စောင့်ရှောက်အပ်သောသီလဖြစ်၏၊ ဆယ်ပါးသီလမှာကား အမြဲစောင့်ရှောက်အပ်သော သီလဆိုသော်လည်း စွမ်း

http://www.dhammadownload.com



ရည်သတ္တိရှိသောသူမှ စောင့်ရှောက်ရမည်။ စွမ်းရည်သတ္တိဆိုသည်ကား ရွှေငွေတို့ကို မိမိသိမ်းထားမှု ကိုင်တွယ်မှု ရောင်းဝယ်ပေးယူမှု တစုံတရာမပြုပဲ အာလယပြတ်ပယ်ရှားစွန့်ပစ်နိုင်သော စွမ်းရည်ကို ဆိုလိုသည်၊ ဤသို့ စွန့်ပယ်နိုင်သောသူဖြစ်လျှင် ဆယ်ပါးသီလကို တသက်လုံး အမြဲစောင့်ရှောက်ရမည်။ ရက်ပိုင်းလပိုင်းနှင့် မစောင့်ရှောက်ရ။ ရွှေငွေကို သီလစောင့်ထိန်းစဉ် အတွင်းမှာသာ ရှောင်ကြဉ်မည်၊ သီလမှထွက်သောအခါ သုံးစွဲဦးမည်ဟူသော သဘောထားရွှေငွေပေါ်၌ တပ်မက်ငဲ့ကွက်မှု ရှိနေလျှင် မစောင့်ရှောက်ရ" ဟူ၍ ထိုဆရာတို့က ဆိုကြသည်။

လူများမှာ ဤကဲ့သို့ မိမိပိုင် ရွှေငွေကို အာလယပြတ် စွန့်ပစ်ရန်ခဲယဉ်းလှသည့်အတွက် လူဝတ်ကြောင်များသည် ဆယ်ပါးသီလကိုပင် ကျင့်သုံးရန် မသင့်လျော် ဟူ၍ ထင်မှတ်ပြောဆိုနေသူတွေလည်း ရှိကြ၏။ (ဝိသုဒ္ဓိမဂ်မဟာဋီကာ၌လည်း)....ဒသာတိ သာမဏေရေဟိ ရက္ခိတဗ္ဗသီလမာဟ ဃဋီကာရာဒီနံ ဝိယ–အဋ္ဌကထာလာ သတိ ဝါ ဉဿာဟေ ဒသ-ဟူသော စကား၌ ဒသ-အရ သာမဏေတို့ စောင့်ထိန်းအပ်သော ဆယ်ပါးသီလကို ယူရမည်၊ ဃဋီကာရအိုးထိန်းသည်စသည်တို့ စောင့်ထိန်းအပ်သည့် သီလကဲ့သို့သော သီလကိုဆိုလိုသည်....ဟူ၍ ဖွင့်ပြထားသည့်အတွက် အထင်မှားသောသူတို့ တိုး၍တဖန် အထင်မှားရပြန်လေသည်။ အထင်မှားပုံမှာ....မဇ္ဈိမပဏ္ဏာသပါဠိ (၄) ရာဇဝဂ်၊ (၁) ဃဋီကာရသုတ်၌ ဃဋီကာရအိုးထိန်းသည်သည် ရွှေငွေစသော ရတနာတို့ကို တသက်လုံး ကိုင်ယူသုံးစွဲခြင်းမှ ရှောင်ကြဉ်သကဲ့သို့ အခြားသူများလည်း အသစ်ဖြစ်သော ရွှေငွေတို့ကို ခံယူခြင်း ကင်းစေရုံမျှဖြင့် မလုံလောက်သေး၊ မိမိမှာ ရှိနေရင်းဖြစ်သည့် ရွှေငွေရတနာ အလုံးစုံတို့ကို စွန့်ပစ်နိုင်ပြီးလျှင် ဃဋီကာရ အိုးထိန်းသည်နှင့် အလားတူညီမှ ဆယ်ပါးသီလ ပြည့်စုံနိုင်မည်ဟူ၍ ဝိသုဒ္ဓိမဂ်မဟာဋီကာဆရာ ပြဆိုတော်မူသည်ဟု အလွန်အကဲ ယူဆကြကုန်၏။

ထိုယူဆချက်များအတွက် ရှင်းလင်းပြဆိုရသော်....

ပြဆိုခဲ့ပြီးသောအတိုင်း "ရွှေငွေတို့ကို အာလယပြတ် စွန့်ပစ်နိုင်မှ ဆယ်ပါးသီလကို စောင့်ရမည်"ဟူသော အယူဝါဒသည် ဆယ်ပါးသီလတွင် ပါဝင်သော ဇာတရူပသိက္ခာပုဒ်ကို အစွဲပြု၍ ဖြစ်ပေါ်လာ၏။ ထိုဆရာတို့ ယူဆပုံမှာ....ဇာတရူပသိက္ခာပုဒ်သဘောမှာ ရွှေငွေရတနာကို ခံယူကိုင်တွယ် သုံးစွဲခြင်းကင်းအောင် မိမိမှာရှိသမျှ ရတနာတို့ကို အာလယပြတ် စွန့်နိုင်မှသာ ဤသိက္ခာပုဒ် လုံခြုံမည်၊ ဃဋီကာရ အိုးထိန်းသည်မှာမူ ရွှေငွေရတနာတို့ကို အာလယပြတ် စွန့်ပစ်ထားသော အနာဂါမ်ပုဂ္ဂိုလ်ကြီးဖြစ်၏၊ ယခုကာလ လူတို့မှာ သီလစောင့်ထိန်းသည့်နေ့တွင်အသစ်ခံယူကိုင်တွယ်သုံးစွဲခြင်း မပြုသော်လည်း ရှေးက

http://www.dhammadownload.com



ရှိယောင်း ရတနာတွေမှာ မိမိဒိဓိစသည်၌ ရှိနေလျက် ဖြစ်သောကြောင့် ဇာတရူပသိက္ခာပုဒ်နှင့် ဆန့်ကျင်၏၊ သို့ဖြစ်၍ ရွှေငွေတို့ကို အာလယပြုတ် မစွန့်နိုင်ပဲ ဆယ်ပါးသီလကို မဆောက်တည်ကောင်း၊ ဆောက်တည်သော်လည်း သီလမရနိုင်... ဟူ၍ ယူဆကြခြင်းဖြစ်၏။

ဤသို့ မယူဆထိုက်ပေ၊ အကြောင်းကား....ရဟန်းတော်များမှာ လူတို့၏ ဇာတရူပသိက္ခာပုဒ်ထက် သိမ်မွေ့မြင့်မြတ်သော ရွှေငွေခံယူခြင်းနှင့် ပတ်သက်သည့် ရူပိယသိက္ခာပုဒ်ကြီးရှိနေသည်။ ထိုသိက္ခာပုဒ်အရ ရွှေငွေတို့ကို လှူလာလျှင် ကိုယ်တိုင်လည်း လက်မခံရ၊ သူတပါးကိုလည်း လက်မခံစေရ၊ လက်ခံမည့်သူမရှိ၍ အနီးအပါးမှာ ချထားခဲ့လျှင်လည်း စိတ်က ကျေနပ်အားရ၍ မနေရ၊ 'ငါတို့ရဟန်းများနှင့် မအပ်စပ်၊ ငါတို့အလှူမခံလို'ဟူ၍ ငြင်းပယ်ရမည်၊ မငြင်းပယ်ခဲ့လျှင် အာပတ်သင့်သည့်ပြင် ထိုရွှေငွေကိုလည်း စွန့်ပစ်ရမည်ဟု ဟောကြား ပညတ်ထားသည်။ သို့ရာတွင်....

ဒါယကာတဦးသည် ရဟန်းတပါးထံလာ၍ ငွေကို လှူပြောအံ့၊ ရဟန်းက ဝိနည်းတရားတော်အရ အာပတ်လွတ်ကင်းအောင် တားမြစ်ပယ်ရှားပါသော်လည်း ဒါယကာက ဇွတ်အတင်းထားခဲ့၍ပြန်သွားရာ အခြားဒါယကာတယောက် ရောက်လာ၍ ဤငွေအကြောင်းကို ရဟန်းပြောပြ၍ သိသောအခါ ရောက်လာသော ဒါယကာက "သို့ဖြစ်လျှင် ငွေထားရန် လုံခြုံမည့်နေရာကို ပြတော်မူပါ" ဟု လျှောက်ထားသော် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်သို့ပင် တက်၍ ဒါယကာကို ခေါ်ပြီးလျှင် "ဤနေရာသည် လုံခြုံသောနေရာဖြစ်သည်"ဟု ပြောနိုင်ခွင့်ရှိ၏။ "ဤနေရာ၌ ထားလော့"ဟူ၍ကား မပြောကောင်း။ ဒါယကာက ရဟန်းပြသည့်နေရာတွင် ကောင်းစွာထား၍ ပြန်သွားသောအခါ ရဟန်းသည် အခန်းတံခါးကို လုံခြုံအောင်ပိတ်၍ စောင့်နေနိုင်သည်၊ ဤသို့ နေသည့်အတွက် အာပတ်မသင့်ကြောင်းကို ရူပိယသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌ ထင်ရှားဖွင့်ပြချက်ရှိသည်။ (ဝိ-ဋ္ဌ ၂၊ ၂၇၀-မျက်နှာ။)

လူများမှာ ဇာတရူပသိက္ခာပုဒ်ကို ဆောက်တည်သည့်အတွက် မိမိပိုင်ရွှေငွေ မရှိကောင်းသည် ဖြစ်ခဲ့လျှင် (လူ့ထက်သိမ်မွေ့ရသည့်) ပြခဲ့ပြီးသောရဟန်းသည် မည်သည့်နည်းဖြင့်မျှ ရွှေငွေကို စောင့်ရှောက်ကောင်းမည် မဟုတ်ပေ၊ ထိုရဟန်းမှာ ဒါယကာက ကောင်းစွာ သိမ်းထားခဲ့သော ရွှေငွေကို စောင့်ရှောက်သော်လည်း အာပတ်ကင်းလွတ်သကဲ့သို့၊ လူများမှာလည်း ဇာတရူပသိက္ခာပုဒ်ကို ဆောက်တည်ကာ ဆယ်ပါးသီလ စောင့်သုံးနေသော်လည်း မိမိသင့်လျော်ရာတွင် ထားရှိသော ရွှေငွေရတနာတို့အတွက် သီလကို တစုံတရာ အနှောက်အရှက်မရှိဟူ၍ မှတ်ယူအပ်၏။

http://www.dhammadownload.com



ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ ဃဋီကာရ အိုးထိန်းသည်၏ ဆယ်ပါးသီလကို ဥပမာအဖြစ် ထုတ်ပြခြင်းသည် "ဆယ်ပါးသီလ စောင့်သုံးလိုသော လူသည် ဃဋီကာရ အိုးထိန်းသည်နှင့်မခြား အလားတူစွာ ရွှေငွေတို့ကို အာလယပြတ် စွန့်ပယ်နိုင်မှ စောင့်သုံးရမည်" ဟူသော အဓိပ္ပါယ်ကို ပြလို၍ မဟုတ်၊ စင်စစ်သော်ကား "ဆယ်ပါးသီလကို စောင့်ထိန်းသော လူသည် ဆယ်ပါးသီလမည်ကာမျှ ပြည့်စုံရုံမျှဖြင့် ကျေနပ်အားရ၍ မနေပဲ အထက်တန်းစား ဆယ်ပါးသီလရှိသူ ဖြစ်အောင် အားထုတ်စေရန်" အထက်တန်းအကျဆုံးသော ဆယ်ပါးသီလရှင် ဃဋီကာရအိုးထိန်းသည်ကို ပုံစံထုတ်ပြခြင်းမျှသာ ဖြစ်သည်။ ဃဋီကာရ အိုးထိန်းသည်ကို မမှီနိုင်သော်လည်း မှီတန်သမျှ မှီအောင် ကြိုးစားအားထုတ်စေလိုသည့်အတွက် ဤသို့ ဥပမာ ထုတ်ပြတော်မူခြင်းဖြစ်သည်ဟူ၍သာ မှတ်ယူအပ်၏။

ဤသို့ မှတ်ယူသင့်သော အထောက်အထားကား....ဂုတ္တိဝုတ္တကအဋ္ဌကထာ၊ (၂) ဝဂ်၊ (၁)သုတ်အဖွင့်၌ "သီလမယန္တိ နိစ္စသီလဥပေါသထနိယမာဒိဝသေန ပဉ္စ အဋ္ဌ ဒသ ဝါ သီလာနိ သမာဒိယန္တဿ" ဟူ၍ ဝိသုဒ္ဓိမဂ်မဟာဋီကာဆရာ အရှင်ဓမ္မပါလမထေရ်မြတ်ကိုယ်တိုင်ပင် ဖွင့်ပြရေးသားတော်မူခဲ့သည်။ ဤရေးသားချက်တွင် သီလ၃ဆောက်တည်ရာ၌ (၁) နိစ္စသီလဖြစ်သော ငါးပါးသီလ (၂)ဥပုသ်သီလဖြစ်သော ရှစ်ပါးသီလ၊ (၃)နိယမသီလဖြစ်သော ဆယ်ပါးသီလ ဟူ၍ သုံးမျိုးရှိကြောင်းကို သိစေတော်မူသည်။ ဤအဋ္ဌကထာအရမှာ ဆယ်ပါးသီလသည် နိစ္စသီလ မဟုတ်ဘော့ပဲ နိယမသီလ ဖြစ်၍နေကြောင်း သိသာထင်ရှားပေသည်။

ဤအတူ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်၊ သက္ကသံယုတ်၊ (၂) ဝဂ်၊ (၈) သုတ်၌....သိကြားမင်းသည် ဥယျာဉ်ဇတာသို့ ထွက်ရန် ဝေဇယန္တာနန်းပြာသာဒ်မှ ဆင်းသက်ပြီးလျှင် ရထားပေါ်သို့ တက်ခါနီး၌ အရပ်ရှစ်မျက်နှာတို့ကို ရှိခိုးသောအခါ မာတလိနတ်သားက အဘယ်သူများကို ရှိခိုးပါသနည်းဟု မေးမြန်းသည်တွင် သိကြားမင်းက....

ယေ ဂဟဋ္ဌာ ပုညကရာ၊ သီလဝန္တော ဥပါသကာ။
ဓမ္မေန ဒါရံ ပေါသေန္တိ၊ တေ နမဿာမိ မာတလိ။

အချင်း မာတလိ....အကြင်လူတို့သည် ကုသိုလ်ကောင်းမှု ပြုလေ့ရှိကြကုန်၏၊ သီလနှင့်လည်း ပြည့်စုံကြကုန်၏၊ ရတနာသုံးရပ်ကိုလည်း ဆည်းကပ်ကြကုန်၏၊ တရားသဖြင့် သားမယားတို့ကိုလည်း မွေးမြူကြကုန်၏၊ ထိုလူတို့ကို ငါရှိခိုးသည်....ဟု ဖြေဆိုလေသည်။

http://www.dhammadownload.com



ဤသိကြားမင်း၏ အဖြေစကားတွင် ပါဝင်သော (သီလဝန္တော)ဟူသော ပုဒ်ကို အဋ္ဌကထာ၌...."သီလဝန္တောတိ ဥပါသကတ္တေ ပတိဋ္ဌာယ ပဉ္စဟိပိ ဒသဟိပိ သီလေဟိ သမန္နာဂတာ=သီလရှိသောသူတို့ဟူသည် ဥပါသကာ၏ အဖြစ်၌တည်လျက် ငါးပါးသီလတို့နှင့်ဒုင်း ဆယ်ပါးသီလတို့နှင့်ဒုင်း ပြည့်စုံသော သူတို့တည်း" ဟူ၍ ဖွင့်ပြသည်။(ဤအဋ္ဌကထာအရ သိကြားမင်း ရှိခိုးအပ်သော လူတို့သည် သားမယားနှင့်နေလျက်ပင် ငါးပါးသီလ ဆယ်ပါးသီလ စောင့်သုံး ကြသည့်လူများဖြစ်ကြောင်း သိသာပေ၏။)

ထိုသုတ်၏အဖွင့် သံယုတ်ဋီကာ၌လည်း....နိစ္စသီလဝသေန ပဉ္စဟိ နိယမ-ဝသေန ဒသဟိ=အဋ္ဌကထာလာ ငါးပါးသီလအရ နိစ္စသီလကို ယူရမည် ဆယ်ပါးသီလအရ နိယမသီလကို ယူရမည်....ဟု ဖွင့်ပြသည်။ ဤဋီကာ၌လည်း ဆယ်ပါးသီလကို နိစ္စသီလဟု မခေါ်ပဲ နိယမသီလဟူ၍သာ ခေါ်ဝေါ်လေသည်။

## နိယမသီလ

နိယမသီလဟူသော စကား၏ အဓိပ္ပါယ်ကို မဂဓအဘိဓာန်ကျမ်း ဂါထာ နံပါတ် (၄၄၄)၌....အမြဲစောင့်အပ်သော သီလသည် (ယမ)သီလမည်၏၊ အမြဲ မဟုတ်ပဲ ရံခါ ရံခါ စောင့်အပ်သော သီလသည် (နိယမ) သီလမည်၏....ဟူ၍ အကျဉ်းချုပ်ပြဆိုသည်။ ။ထိုယမသီလ နိယမသီလ ဟူသော အသုံးမှာ.... ဗြာဟ္မဏတို့၏ အယူဝါဒမှ ဆင်းသက်လာသော အသုံးဖြစ်သည်။ ထိုအကြောင်း ကို....(မညှဉ်းဆဲခြင်း အမှန်ကိုပြောခြင်း မခိုးယူခြင်း မေထုန်မှရှောင်ကြဉ်ခြင်း အလှူမခံခြင်း ဤငါးပါးကား အမြဲစောင့်ရှောက်အပ်သော ယမသီလမည်၏။ စင်ကြယ်အောင်ပြုခြင်း ရောင့်ရဲလွယ်ခြင်း ခြိုးခြံခြင်း ဗေဒကိုသရဇ္ဈာယ်ခြင်း ပြဟ္မာမင်းကို အောက်မေ့ခြင်း ဤငါးပါးကား ရံခါ စောင့်ရှောက်အပ်သော နိယမသီလမည်၏)....အမရကောသအဘိဓာန်၊(၁၇)ဗြာဟ္မဏဝဂ်၊(၄၉)ဂါထာ၌ လာသည်ကို ထောက်၍ သိရာ၏။

ပြခဲ့ပြီးသော သံယုတ်ပါဠိတော် အဋ္ဌကထာတို့အရ သားမယားကို တရား သဖြင့် မွေးမြူလျက်ရှိသော လူတို့သည်ပင် ဆယ်ပါးသီလစောင့်သုံးနိုင်ကြောင်း ထင်ရှားစွာ သိရသဖြင့် "ဃဋီကာရ အိုးထိန်းသည်ကဲ့သို့ ရွှေငွေတို့ကို အာလယ ပြတ် အရှင်း စွန့်ပစ်နိုင်မှ ဆယ်ပါးသီလကို လူများစောင့်သုံးကောင်းသည်" ဟူသော အယူသည် မှန်ကန်သော အယူမဟုတ် လွန်ကဲသော အယူသာဖြစ် ကြောင်း သိသာထင်ရှားပေ၏။

ထိုမှတပါးလည်း အသီတိနိပါတ် မဟာဟံသဇာတ်လာ မင်းကျင့်တရား ဆယ်ပါးတို့အနက် သီလ၏အရကို အဋ္ဌကထာ၌ ငါးပါးသီလ ဆယ်ပါးသီလ

http://www.dhammadownload.com



နှစ်မျိုးလုံးကိုပင် ဖွင့်ပြထားသောကြောင့် ဘုရင်မင်းမြတ်တို့သည် မင်းကျင့်တရားအရ ဆယ်ပါးသီလကိုလည်း စောင့်သုံးကြကြောင်း ထင်ရှားပေ၏။ အကယ်၍ ဆယ်ပါးသီလကို အမြဲတမ်းစောင့်သုံးနိုင်မှ စောင့်သုံးကောင်းသည်မှန်လျှင် အဗြဟ္မစရိယသိက္ခာပုဒ်ဆိုင်ရာ မိဖုရား မောင်းမမိဿံတို့နှင့်တကွ ဇာတရူပသိက္ခာပုဒ်ဆိုင်ရာ ရွှေငွေများ ဘဏ္ဍာတော်တိုက်နှင့် အပြည့်အနှက်ရှိနေသော ဘုရင်မင်းမြတ်တို့သည် ဒသသီလ=(ဆယ်ပါးသီလ) စောင့်သုံး၍ မဖြစ်နိုင်လေရာ။ ဘုရင်မင်းမြတ်များ စောင့်သုံး၍ မဖြစ်နိုင်က မင်းကျင့်တရား ဆယ်ပါးအဝင် သီလအရ ဆယ်ပါးသီလကို ထည့်သွင်း၍ အဋ္ဌကထာဆရာ ဖွင့်ပြမည်မဟုတ်ပေ။ မင်းကျင့်တရား ဆယ်ပါးအဝင် သီလအရ အဋ္ဌကထာ၌ ဆယ်ပါးသီလကို သေချာစွာ ထည့်သွင်းဖွင့်ပြထားသောကြောင့် ဆယ်ပါးသီလသည် နိစ္စသီလ မဟုတ်၊ ရံခါ ရံခါ စွမ်းနိုင်မှ စောင့်သုံးရသော သီလသာ ဖြစ်ကြောင်း ယုံမှားမရှိ မှတ်ယူရာ၏။

ထိုမှတပါးလည်း....ခုဒ္ဒကပါဠ်ပါဠိတော်၌—ဒသ သိက္ခာပဒါနိ-ဟု အစချီကာ သိက္ခာပုဒ်ဆယ်ပါးကို ဟောကြားထားတော်မူရာ ခုဒ္ဒကပါဌ အဋ္ဌကထာ၌.... "ဤသိက္ခာပုဒ်ဆယ်ပါးတို့တွင် အစဖြစ်သော ပါဏာတိပါတ သိက္ခာပုဒ်နှင့် အဒိန္နာဒါနသိက္ခာပုဒ် နှစ်ပါးတို့သည်၎င်း လေးခုမြောက်ဖြစ်သော မုသာဝါဒ သိက္ခာပုဒ် ငါးခုမြောက်ဖြစ်သော သုရာမေရယသိက္ခာပုဒ်တို့သည်၎င်း ဥပါသကာတို့အားဖြစ်စေ သာမဏေတို့အား ဖြစ်စေ နိစ္စသီလ အစွမ်းအားဖြင့် ဆက်ဆံကြကုန်၏။ (သုံးခုမြောက်ဖြစ်သည့် အဗြဟ္မစရိယသိက္ခာပုဒ်မှာ လူတို့အား နိစ္စသီလ မဖြစ်နိုင်သောကြောင့် နိစ္စသီလကို ပြဆိုသော ဤအရာ၌ ချွင်းချန်ထားသည်၊ စွမ်းနိုင်သည့်အခါမှာသာ စောင့်ရမည့် သိက္ခာပုဒ် ဖြစ်သည်။) ဥပုသ်သီလအစွမ်းအားဖြင့်ကား လူများမှာ ဆယ်ပါးသော သိက္ခာပုဒ်တို့တွင် ခုနစ်ခုမြောက်ဖြစ်သော နစ္စဂီတသိက္ခာပုဒ် ရှစ်ခုမြောက်ဖြစ်သော မာလာဂန္ဓ သိက္ခာပုဒ် နှစ်ပါးတို့ကို အင်္ဂါတပါးတည်းပြု၍ နောက်ဆုံးဖြစ်သည့် ဇာတရူပ သိက္ခာပုဒ်ကို ကြဉ်၍ အလုံးစုံသော သိက္ခာပုဒ်တို့သည် သာမဏေတို့နှင့် ဆက်ဆံကုန်၏။ (လူတို့ကျင့်သုံးအပ်သည့် ရှစ်ပါးသီလ သိက္ခာပုဒ် အလုံးစုံပင် သာမဏေတို့နှင့် ဆက်ဆံကုန်၏ဟု ဆိုလိုသည်။) နောက်ဆုံးဖြစ်သော ဇာတရူပသိက္ခာပုဒ်သည် သာမဏေတို့အတွက် အထူးဖြစ်သော သိက္ခာပုဒ်ဖြစ်သည်" ဟူ၍ ပြဆိုထား၏။

ဤအဋ္ဌကထာ ဖွင့်ပြပုံကို ထောက်ပြန်လျှင်လည်း လူများမှာ ဆယ်ပါးသီလထဲမှ အမြဲရှောင်ကြဉ်ရမည့် သိက္ခာပုဒ်သည် ပါဏာတိပါတ အဒိန္နာဒါန မုသာဝါဒ သုရာမေရယ ဤလေးပါးတို့ဖြစ်သည်၊ အဗြဟ္မစရိယကို လူများ အမြဲ

http://www.dhammadownload.com



ရှောင်ကြဉ်နိုင်ကြမည် မဟုတ်၊ ဝိကာလဘောဇန နစ္စဂီတ္စသော နောက်သိက္ခာပုဒ်များကိုလည်း အမြဲရှောင်ကြဉ်နိုင်ကြမည် မဟုတ် ဟူ၍ အဓိပ္ပါယ်ရသဖြင့် ဤဆယ်ပါးလုံးပင် စွမ်းနိုင်မှသာ စောင့်ရှောက်ရမည့် နိယမသီလမျိုး ဖြစ်ကြောင်း သိသာထင်ရှားပေ၏။

ခုဒ္ဒကပါဌအဋ္ဌကထာ၌ "ဇာတရူပသိက္ခာပုဒ်သည် သာမဏေများ၏သာ အထူး သိက္ခာပုဒ်ဖြစ်၏" ဟူ၍ ပြဆိုထားသော်လည်း သာမဏေများသည် ဇာတရူပသိက္ခာပုဒ်ကို လွန်ကျူးသော်လည်း သာမဏေအဖြစ် ပျက်စီးရွေ့လျောခြင်းမရှိ၊ အကြောင်းကား....ဝိနယ မဟာဝဂ္ဂပါဠိ မဟာခန္ဓက၌ သာမဏေများ၏ သာမဏေအဖြစ်မှ ရွေ့လျောပျက်စီးစေနိုင်သည့် အင်္ဂါဆယ်ပါး (လိင်ဆယ်ပါး)ကို ဟောတော်မူရာတွင် ဆယ်ပါးသီလထဲမှ ရှေ့ငါးပါးသာ ပါဝင်သည်၊ နောက်ငါးပါး မပါဝင်။ သို့ဖြစ်၍ နောက်ငါးပါးတို့မှ တပါးပါးကို လွန်ကျူးသော်လည်း သာမဏေအဖြစ် မပျက်စီးပဲ ဒဏ်ထိုက်သော သာမဏေသာ ဖြစ်၍နေသည်၊ ဆရာသမားတို့က ချပေးသောသဲဒဏ် ရေဒဏ်စသော အပြစ်ဒဏ်ကို ထမ်းဆောင်လိုက်လျှင် သာမဏေကောင်းပင် ဖြစ်ပြန်တော့သည်။

ဤသို့လျှင် ဆယ်ပါးသီလနှင့် မကင်းစကောင်းသော သာမဏေများပင် ဇာတရူပသိက္ခာပုဒ်ကို လွန်ကျူးမိသော်လည်း သာမဏေအဖြစ် မပျက်စီးသည်ကို ထောက်လျှင် သာမဏေတို့မှာ ဆယ်ပါးသီလအနက် နောက်ငါးပါးသည် ရှေ့ငါးပါးလောက် အရေးမကြီးကြောင်း ထင်ရှား၏။ ဤသို့ သာမဏေများမှာပင် အရေးမကြီးလှသော ဇာတရူပသိက္ခာပုဒ်ကို လူများအတွက်ကျမှ အရေးတကြီး အကြပ်အတည်း ပြုလုပ်ပြောဆိုရေးသားကြခြင်းငှါ မသင့်လျော်ပေ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာကိုလည်း အရှင်မဟာဗုဒ္ဓဃောသပင် ရေးသားတော်မူသည်၊ ခုဒ္ဒကပါဌအဋ္ဌကထာကိုလည်း အရှင်မဟာဗုဒ္ဓဃောသပင် ရေးသားတော်မူ၏ဟု အသိအမှတ်ပြုထားသည်၊ ဆရာတပါးတည်း ရေးသားသောကျမ်းနှစ်စောင်ဖြစ်၍ အဓိပ္ပါယ်မကွဲမပြားနိုင်။ (ဉပါသကာနံ နိစ္စသီလဝသေန ပဉ္စ သိက္ခာပဒါနိ သတိ ဝါ ဥဿာဟေ ဒသ) ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၏ အဓိပ္ပါယ်ကို ခုဒ္ဒကပါဌအဋ္ဌကထာ ဇာတိဝုတ်အဋ္ဌကထာတို့နှင့်အညီ "ဆယ်ပါးသီလသည် လူတို့၏အတွက် နိစ္စသီလ မဟုတ်၊ စွမ်းနိုင်သည့် အခါမှာသာ စောင့်သုံးရသော နိယမသီလဖြစ်သည်" ဟူ၍သာ ယုံမှားမရှိ မှတ်ယူရာ၏။ (ငါးပါးသီလကို စွမ်းနိုင်သည်ဖြစ်စေ မစွမ်းနိုင်သည်ဖြစ်စေ အမြဲ စောင့်သုံးရမည်၊ ဆယ်ပါးသီလကို စွမ်းနိုင်လျှင် အမြဲစောင့်သုံးရမည်)ဟူ၍ ဆယ်ပါးသီလဘက်မှာ အမြဲဟူသောစကားကို ထည့်သွင်းပြောဆိုကြခြင်းသည် ပြဆိုခဲ့ပြီးသော ခုဒ္ဒကပါဌအဋ္ဌကထာ ဇာတိဝုတ်အဋ္ဌကထာတို့နှင့် ဆန့်ကျင်၍နေ၏။

http://www.dhammadownload.com



ထိုမှတပါးလည်း...သီလပျက်ပုံကိုပြရာ၌ ခုဒ္ဒကပါဠအဋ္ဌကထာမှာ "သာမဏေတို့အား သိက္ခာပုဒ်တပါးပျက်လျှင် အားလုံးကုန် ပျက်စီး၏၊ မှန်၏...သာမဏေတို့အား ဆယ်ပါးသီလသည် ရဟန်းတော်တို့၏ ပါရာဇိကအရာ၌ တည်၏၊ သို့သော် အကြွင်သိက္ခာပုဒ်ကိုလွန်ကျူး၏၊ထိုလွန်ကျူးသည့် သိက္ခာပုဒ်အတွက်သာ အကုသိုလ်ကံဖြင့် ဖွဲ့မိသည် (ကံထိုက်သည်)။ လူတို့မှာကား ငါးပါးသီလကို ဆောက်တည်ပြီးနောက် သိက္ခာပုဒ်တပါးကို ကျူးလွန်လျှင် ထိုကျူးလွန်သည့် သိက္ခာပုဒ်သာပျက်၏၊ထိုပျက်သောသိက္ခာပုဒ်ကို တဖန်ထပ်၍ဆောက်တည်လျှင် ငါးပါးသီလပြည့်စုံပြန်၏။ အပရေဆရာတို့ကမူ (ငါးပါးသီလကို အသီးသီး သိက္ခာပုဒ် တပါးစီ တပါးစီ ဆောက်တည်ထားက တပါးပျက်လျှင် ထိုတပါးသာပျက်၍ ကျန်သောသိက္ခာပုဒ်များ မပျက်။ ဆောက်တည်စဉ်အခါက "ပဉ္စင်္ဂသမန္နာဂတံ သီလံ သမာဒိယာမိ=အင်္ဂါငါးပါးနှင့်ပြည့်စုံသောသီလကို ဆောက်တည်ပါ၏"ဟု ဆို၍ တပေါင်းတစည်းတည်း ဆောက်တည်ထားလျှင် တပါးပျက်သော် အားလုံးကုန်ပျက်စီးသွား၏၊ အကြောင်းကား ဆောက်တည်စဉ်က တပေါင်းတစည်းတည်း ဆောက်တည်သောကြောင့်တည်း။ ကံထိုက်ရာမှာကား လွန်ကျူးသောသိက္ခာပုဒ် အတွက်သာ ကံထိုက်သည်၊ ကြွင်းသောသိက္ခာပုဒ်များအတွက် ကံမထိုက်)ဟု ပြဆိုကြသည် ဟူ၍ ဖွင့်ပြထားသည်။

အချို့ ဆရာကြီးများအယူမှာလည်း "တပေါင်းတည်း ဆောက်တည်ရာ၌ တပါးပျက်က အကုန်လုံးပျက်သည်"ဟု အကြွင်းမရှိဟူသော အဓိပ္ပါယ်ကို ပြဆိုသော်လည်း ကြွင်းကျန်သော သိက္ခာပုဒ်တို့မှာ လွန်ကျူးမှုမရှိပဲနှင့် ပျက်စီးနိုင်မည်မဟုတ်၊ သို့ဖြစ်၍ ပျက်စီးသည်ဟုဆိုရာမှာ ခံယူစဉ်က "အင်္ဂါငါးပါးနှင့်ပြည့်စုံသောသီလ"ဟု ဆို၍ ခံယူထားရာ တပါးပျက်လျှင် အင်္ဂါငါးပါး မရှိတော့ပြီ၊ လေးပါးနှင့်ပြည့်စုံသော သီလသာရှိနေတော့၏။ ဤသို့လျှင် ခံယူရင်း ငါးပါးသီလ ပျက်သွားသည်ကိုသာ ရည်ရွယ်၍ အပရေဆရာတို့ ပြဆိုခြင်းဖြစ်သည်ဟု ယူလျှင် ဝါဒကွဲပြားတော့မည်မဟုတ်။ သာမဏေတို့မှာကား ဤကဲ့သို့ မဟုတ်ပေ၊ တပါးပျက်လျှင် အလုံးစုံပျက်တော့၏၊ အကြောင်းကား သာမဏေတို့မှာ ဆယ်ပါးသီလသည် အမြဲစောင့်ထိန်းရမည့် သီလ ဖြစ်သောကြောင့်တည်း။

ဤသီလပျက်ပုံ စကားရပ်များကို ထောက်လျှင်လည်း လူတို့မှာ တပါးကို လွန်ကျူးက တပါးသာပျက်သည်ဖြစ်သောကြောင့် နိစ္စသီလဟူ၍ပင် သာမဏေများကဲ့သို့ စင်စစ်မရှိကြောင်း သိသာ၏။ အကြောင်းကား သာမဏေတို့မှာ ဆယ်ပါးသီလရှိမှ သာမဏေဖြစ်သည်၊ ဆယ်ပါးသီလမရှိလျှင် သာမဏေ မဟုတ်သကဲ့သို့၊ မည်သည့်သီလရှိမှ လူဖြစ်သည်၊ ဤသီလမျိုးမရှိလျှင် လူမဟုတ်ဟု မဆိုနိုင်ကောင်းသောကြောင့်တည်း။ သို့ဖြစ်၍ သမ္မောဟဝိနောဒနီအဋ္ဌကထာ သိက္ခာပဒဝိဘင်းအဖွင့်၌...

http://www.dhammadownload.com



ဂဟဋ္ဌာ ယံ ယံ ဝီတိက္ကမန္တိ၊ တံ တဒေဝ ခဏ္ဍံ ဟောတိ ဘိန္နတိ၊ အဝသေသံ န ဘိန္နတိ၊ ကသ္မာ ဂဟဋ္ဌာ ဟိ အနိဗဒ္ဓသီလာ ဟောန္တိ၊ ယံ ယံ သက္ကောန္တိ၊ တံ တံဒေဝ ဂေါပေန္တိ=လူတို့မှာ သီလခံယူပြီး နောက် အကြင်အကြင်သိက္ခာပုဒ်ကို လွန်ကျူး၏၊ ထိုထိုလွန်ကျူးအပ်သော သိက္ခာပုဒ်သာ ပျက်စီး၏၊ ကြွင်းသောသိက္ခာပုဒ်စုမှာ မပျက်စီး၊ အဘယ့်ကြောင့်ဆိုသော် လူတို့မှာ မမြဲသောသီလ ရှိကြကုန်၏၊ အမြဲ စောင့်နိုင်မှ စောင့်အပ်သောသီလဟူ၍ မရှိကြကုန်။ အကြင်အကြင် သိက္ခာပုဒ်ကို စောင့်ထိန်းခြင်းငှါ စွမ်းနိုင်ကုန်၏၊ ထိုထို စွမ်းနိုင်သည့် သိက္ခာပုဒ်စုကိုသာ စောင့်ထိန်းကြကုန်၏....ဟူ၍ ဖွင့်ပြသည်။

ဤသမ္မောဟဝိနောဒနီအဋ္ဌကထာ၌ ဆိုလိုရင်းမှာ....သာမဏေတို့သည် ဆယ်ပါးသီလကို အမြဲစောင့်ထိန်းရမည်၊ တပါးဖြစ်စေ နှစ်ပါးဖြစ်စေ လွန်ကျူးမိလျှင် သိက္ခာပုဒ်အကုန်ပျက်၍ သာမဏေပင် မဟုတ်တော့ပြီ၊ ဤသို့ သာမဏေတို့မှာ ဆယ်ပါးသီလ အမြဲရှိရသကဲ့သို့၊ လူတို့မှာ ဤသီလရှိမှ လူဖြစ်မည်၊ မရှိလျှင် လူမဖြစ်ဟု အမြဲစောင့်ထိန်းရမည့်သီလမရှိ....ဟူ၍ ဆိုလိုရင်းဖြစ်သည်။ ဤစကားကိုထောက်လျှင် လူတို့မှာ ဆယ်ပါးသီလကို မဆိုထားဘိ၊ ငါးပါးသီလကိုပင် စောင့်နိုင်သမျှ စောင့်ရမည်၊ ငါးပါးလုံးကို မစောင့်နိုင်ပဲ တပါးနှစ်ပါးသာ စောင့်နိုင်လျှင်လည်း "ငါးပါးမပြည့်သောကြောင့် မစောင့်ကောင်း၊ စောင့်သော်လည်း ကုသိုလ်မရ သီလမဖြစ်"ဟူ၍ မဆိုနိုင်ပေ။

"ငါးပါးအပြည့်မဟုတ်ပဲ စောင့်နိုင်သမျှ စောင့်ရာမှာ ကုသိုလ်လည်းရ၏၊ သီလအစစ်လည်းဖြစ်၏"ဟူ၍ မှတ်ယူရာ၏။ ထောက်ထားဖွယ်မှာ ပရိယန္တပါရိသုဒ္ဓိသီလ (ဤသီလအဓိပ္ပါယ် အထက်၌ ထင်ရှားလတ္တံ့)အဖွင့် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ပဌမအုပ် မျက်နှာ (၁၇၇)၌ "ပိုင်းခြားဆောက်တည်၍ စင်ကြယ်သော သီလ၏ အပိုင်းအခြားသည် သိက္ခာပုဒ် အပိုင်းအခြား အချိန်ကာလ အပိုင်းအခြားဟူ၍ နှစ်မျိုးရှိရာ သိက္ခာပုဒ်အပိုင်းအခြားဟူသည်မှာ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့မှာ ဆောက်တည်နေကျအတိုင်း သိက္ခာပုဒ် တပါးသော်ရင်း နှစ်ပါးသော်ရင်း သုံးပါးသော်ရင်း လေးပါးသော်ရင်း ငါးပါးသော်ရင်း ရှစ်ပါးသော်ရင်း ဆယ်ပါးသော်ရင်း သိက္ခာပုဒ်များ ရှိကြ၏။ သိက္ခမာန် သာမဏေယောကျ်ား သာမဏေမိန်းမတို့မှာ ဆယ်ပါးသော သိက္ခာပုဒ်တို့ ရှိကြ၏။ ဤဆိုအပ်ပြီးသည်ကား သိက္ခာပုဒ်အပိုင်းအခြားတည်း"ဟူ၍ ဖွင့်ပြထားသည်။

ဤအဋ္ဌကထာ၌ ဆိုလိုရင်းမှာ....လူတို့မှာ သိက္ခာပုဒ် တပါးကိုဖြစ်စေ နှစ်ပါး သုံးပါး လေးပါး ငါးပါး ရှစ်ပါး ဆယ်ပါးကိုဖြစ်စေ ဆောက်တည်၍

http://www.dhammadownload.com



လုံခြုံစွာ စောင့်ထိန်းလျှင် သိက္ခာပဒပရိယန္တပါရိသုဒ္ဓိသီလ=သိက္ခာပုဒ် အပိုင်း အခြားရှိ၍ စင်ကြယ်သော သီလဖြစ်သည်....ဟု ဆိုလိုရင်းဖြစ်ပေ၏။ သို့ဖြစ်၍ လောက၌ တပါးသီလ နှစ်ပါးသီလ သုံးပါးသီလ လေးပါးသီလ ဟူ၍ မရှိ ငါးပါးသီလသာ ထင်ရှားရှိစေကာမူ ငါးပါးလုံး ဆောက်တည်ထိန်းစောင့်နိုင်မှ ဆောက်တည် ထိန်းစောင့်ကောင်းသည်မဟုတ်၊ တပါးတည်းတတ်နိုင်လျှင် တပါးတည်း စောင့်ရှောက်နိုင်သည်၊ နှစ်ပါး တတ်နိုင်လျှင်နှစ်ပါး သုံးပါးတတ်နိုင်လျှင် သုံးပါး လေးပါး တတ်နိုင်လျှင် လေးပါး ဆောက်တည်ကျင့်သုံးနိုင်ကြောင်း ထင်ရှားသိသာပေ၏။

မေးဖွယ်ရှိပြန်သည်မှာ..."ဤသို့ တပါးမှ လေးပါးအထိ သီလကို စောင့်သုံးနိုင်ခွင့်ရှိပါလျက် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ (ဥပါသကောပါသိကာနံ နိစ္စသီလဝသေန ပဉ္စသိက္ခာပဒါနိ)ဟူ၍ ငါးပါးသီလကိုသာ အဘယ့်ကြောင့် ပြဆိုပါသနည်း"ဟု မေးဖွယ်ရှိ၏။

အဖြေမှာ....ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ စောင့်ထိန်းကြမည့် လူတို့ကို ပဓာန မထားပဲ စောင့်ထိန်းအပ်သော သီလ၏ သဘောရင်းကိုသာ ပဓာနထား၍ ပြဆိုတော်မူခြင်း ဖြစ်သည်။ သီလ၏သဘောရင်းမှာ ငါးပါးလုံးကိုပင် အမြဲ စောင့်ထိန်းရမည့်အရာမျိုး ဖြစ်၏၊ ဤသိက္ခာပုဒ် ငါးပါးထဲမှ မည်သည့်သိက္ခာပုဒ်ကို မစောင့်ထိန်းပဲ နေလိုက နေနိုင်သည်ဟူ ဆိုဖွယ်မရှိ၊ မစောင့်ထိန်းရင် အပြစ်ဖြစ်မည်သာ ဖြစ်၏၊ ဤကဲ့သို့ သိက္ခာပုဒ်၏ သဘောရင်းအားဖြင့် အမြဲ စောင့်ထိန်းအပ်သည့် သဘောကိုပဓာနထားကာ (နိစ္စသီလဝသေန ပဉ္စ သိက္ခာပဒါနိ)ဟူသော စကားကို မိန့်ဆိုတော်မူသည်။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတွင်မက အခြား ကျမ်းဂန်များကလည်း ဤသဘောရင်းအတိုင်းပင် ငါးပါးသီလကိုသာ နိစ္စသီလဟု ပြဆိုကြ၏။

ဤသို့ ကျမ်းဂန်များက သီလ၏သဘောရင်းကို ပဓာနထားကာ အမြဲ စောင့်ထိန်းအပ်သော သီလဖြစ်သည်ဟု ပြဆိုအပ်သောစကားကို အခြေခံထားကာ "ဤသီလငါးပါးကို အမြဲစောင့်နိုင်မှ စောင့်ရမည်၊ အမြဲမစောင့်နိုင်က မစောင့်ရ၊ တစက်တပျက် မစောင့်ကောင်း"ဟူ၍ စောင့်ရှောက်ရမည့် လူ ဖက်သို့ အဓိပ္ပါယ် လွှဲပြောင်းကာ မမှတ်သားသင့်ပေ။ (ငါးပါးသီလ၏ သဘောရင်းမှာ ငါးပါးလုံးကိုပင် အမြဲစောင့်ထိန်းရမည့် သဘောဖြစ်သည်၊ လူတို့၏ သဘောကား' ဖော်ပြရာပါ သမ္မောဟဝိနောဒနီအဋ္ဌကထာ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာတို့အတိုင်း တပါးဖြစ်စေ နှစ်ပါးဖြစ်စေ စောင့်ထိန်းနိုင်သမျှ စောင့်ထိန်းကြခြင်း သဘောဖြစ်သည်၊ သီလ၏ သဘောရင်းကို ယူ၍ လူတို့၏ သဘောရင်း၌ မဆုံးဖြတ်ထိုက် မမှတ်ယူထိုက်ဟု ဆိုလိုသည်။)

http://www.dhammadownload.com



## ဗြဟ္မစရိယပဉ္စမသီလ

လူတို့ကျင့်သုံးအပ်သော သီလအဖြစ်ဖြင့် ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါးသီလတို့အပြင် ဗြဟ္မစရိယပဉ္စမသီလလည်း ရှိသေး၏။ ထိုဗြဟ္မစရိယပဉ္စမသီလ ဟူသည် ငါးပါးသီလပင် ဖြစ်၏၊ ပကတိ ငါးပါးသီလမှာ တတိယ သိက္ခာပုဒ် အဖြစ်ဖြင့် (ကာမေသု မိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ) ဟူ၍ ဆောက်တည်ရ၏၊ ထိုကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်၏ အစား(အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ)ဟူ၍ ဆောက်တည်လိုက်လျှင် ဗြဟ္မစရိယပဉ္စမသီလ ဖြစ်၏။ (ဤဗြဟ္မစရိယပဉ္စမသီလ ဟူသောအမည်မှာ....မေထုန်အမှုမှ လုံးဝရှောင်ကြဉ်ခြင်းလျှင် ငါးခုမြောက်ရှိသော သီလဟူ၍ အနက်ထွက်သည်။ ဤအနက်ထွက်ပုံကို ထောက်က အဗြဟ္မစရိယသိက္ခာပုဒ်ကို နောက်ဆုံးထား၍ ဆောက်တည်ရမည်ကဲ့သို့ ဖြစ်သော်လည်း ထိုသို့နောက်ဆုံးထား၍ ဆောက်တည်ရန်မလို၊ ပကတိ ငါးပါးသီလကို ခံယူသည့်အတိုင်း ကာမေသု မိစ္ဆာစာရ သိက္ခာပုဒ်၏နေရာ၌ အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ ဟူ၍ ဆောက်တည်ရန်သာ ဖြစ်သည်။)

ဤ ဗြဟ္မစရိယပဉ္စမသီလကို မြတ်စွာဘုရားရှင်လက်ထက်က ဝေသာလီပြည်သား ဥဂ္ဂသူကြွယ်နှင့် ဝဇ္ဇီတိုင်း ဟတ္ထိဂါမရွာနေ ဥဂ္ဂသူကြွယ်တို့ ဆောက်တည်ကြောင်း အင်္ဂုတ္တရပါဠိ၊ အဋ္ဌကနိပါတ၊ ၃-ဂဟပတိဝဂ်၊ ၁-သုတ်၊ ၂-သုတ်တို့၌ လာရှိသည်။ ထိုအင်္ဂုတ္တရပါဠိ၊ ပဉ္စကနိပါတ၊ ၃-ဥပါသကဝဂ်၊ ၁၀-ဂဝေသီသုတ် (၁၈၉)မျက်နှာ၌ ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက ဂဝေသီဥပါသကာ စောင့်ထိန်းကြောင်း လာရှိသည်။

ဤအင်္ဂုတ္တရပါဠိ အဋ္ဌကနိပါတ်လာ ဥဂ္ဂသူကြွယ် နှစ်ဦးလုံးပင် မြတ်စွာဘုရားထံမှာ ဗြဟ္မစရိယပဉ္စမသီလကို ခံယူဆောက်တည်လာသည့်အတိုင်း အိမ်ရှိမယား လေးဦးအနက် အကြီးဆုံးမယားကို သူမအလိုရှိသည့် ယောကျ်ားနှင့် ထိမ်းမြားပေးလိုက်ပြီးလျှင် ကျန်မယားများကိုလည်း စွန့်လွှတ်ကာ တသက်လုံး သားမယား မယူပဲနေသွားကြသည့် အနာဂံဥပါသကာများ ဖြစ်ကြ၏။ ယခုကာလ ထိုဗြဟ္မစရိယပဉ္စမသီလကို ကျင့်သုံးလိုသူတို့သည် ထိုဥဂ္ဂသူကြွယ်တို့ကဲ့သို့ မိမိမှာ သားမယား ရှိနေလျှင် ထိုသားမယားတို့ကို အာလယပြတ် စွန့်ပြီးမှ ထိုဗြဟ္မစရိယပဉ္စမသီလကို ဆောက်တည်ကျင့်သုံးကောင်းသည်ဟု အလွဲလွဲ မမှတ်ယူအပ်၊ သားမယားကို အာလယပြတ် မစွန့်နိုင်သူများ စောင့်သုံး၍မရ ဟူ၍လည်း မမှတ်ယူအပ်။ အကြောင်းကား ပြဆိုခဲ့ပြီးသော ခုဒ္ဒကပါဌအဋ္ဌကထာစကား၌ သိက္ခာပုဒ် ဆယ်ပါးအနက် "ပါဏာတိပါတာ အဒိန္နာဒါန မုသာဝါဒ သုရာမေရယ လေးပါးတို့သာ နိစ္စသီလဖြစ်ကြောင်း ပြဆိုတော်မူသဖြင့် အဗြဟ္မစရိယသိက္ခာ

http://www.dhammadownload.com



ပုဒ်နှင့်တကွ ဝိကာလဘောဇန စသော နောက်သိက္ခာပုဒ်စုမှာ နိစ္စသီလမဟုတ်၊ ရံခါ ဆောက်တည်အပ်သည့် နိယမသီလဖြစ်ကြောင်း ကောင်းစွာထင်ရှားပေ၏။ ဆင္ဂီကာရအိုးထိန်းသည်နှင့် ထပ်တူထပ်မျှ မကျင့်သုံးနိုင်ကြစေကာမူ တတ်အား သမျှ ဆယ်ပါးသီလကို နိယမသီလအဖြစ်ဖြင့် စောင့်ထိန်းနိုင်ကြောင်း ကျမ်းဂန် အစုံအလင်တို့ဖြင့် အောက်က ဖော်ပြခဲ့သည့်အတိုင်း ယခု ဗြဟ္မစရိယပဉ္စမသီလမှာ လည်း ဥဂ္ဂသူကြွယ်နှစ်ဦးတို့သည် အနာဂံအရိယာဖြစ်ကြသည့်အတိုင်း မိမိတို့၏ လက်ရှိသားမယားတို့ကို အာလယပြတ် စွန့်ပယ်ကာ တသက်ပတ်လုံး စောင့်သုံး ကြစေကာမူ အခြားသူတို့မှာ ဥဂ္ဂသူကြွယ်နှစ်ဦးတို့နှင့် ထပ်တူထပ်မျှ ဖြစ်အောင် လိုက်နာကျင့်သုံးနိုင်ပါလျှင် အလွန်ပင် ကောင်းမွန်မည်မှန်သော်လည်း ထပ်တူ ထပ်မျှ မလိုက်နိုင်ပါက မိမိတို့စွမ်းနိုင်သမျှပင် စောင့်သုံးနိုင်ကြောင်းကို ကောင်း စွာ သိမှတ်အပ်၏။

## ဗြဟ္မစရိယပဉ္စမကေဘတ္တိကသီလ

ထိုမှတပါးလည်း ဗြဟ္မစရိယပဉ္စမကေဘတ္တိကသီလ (တနည်း ကေဘတ္တိက သီလ)ဟူ၍ ရှိသေးသည်။ ကေဘတ္တိကဟူသည် နံနက်စာ ထမင်းတထပ်ကိုသာ စားခြင်းသဘောဖြစ်၏။ သို့ဖြစ်၍ ထို ဗြဟ္မစရိယပဉ္စမကေဘတ္တိက သီလကို စောင့်သုံးလိုလျှင် ဗြဟ္မစရိယပဉ္စမသီလ စောင့်သုံးခံယူနည်းတွင် အဆုံး၌ (ဝိကာ-လဘောဇနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ)ဟု သိက္ခာပုဒ်တခုတိုး၍ဆောက် တည်လိုက်လျှင် ဗြဟ္မစရိယပဉ္စမကေဘတ္တိကသီလဖြစ်သွားတော့၏။ သို့မဟုတ် တပေါင်းတည်း ဆောက်တည်လိုလျှင်လည်း (ဗြဟ္မစရိယပဉ္စမကေဘတ္တိကသီလံ သမာဒိယာမိ)ဟူ၍ ဆောက်တည်နိုင်၏။ ဤဗြဟ္မစရိယပဉ္စမကေဘတ္တိကသီလကို မြတ်စွာဘုရား လက်ထက်တော်အခါက ဓမ္မိကသီတင်းသည် နန္ဒမာတာ ဥပါသိကာမ အစရှိသည်တို့ စောင့်ထိန်းကြောင်း သုတ္တနိပါတအဋ္ဌကထာ ပဌမ အုပ် ဓမ္မိကသုတ်အဖွင့်၌ လာရှိ၏။ ကဿပမြတ်စွာဘုရား လက်ထက်တော်က ဂဝေသီဥပါသကာနှင့် ဥပါသကာငါးရာတို့ စောင့်ထိန်းကြကြောင်း အင်္ဂုတ္တရ နိကာယ ပဉ္စကနိပါတ၊ ၃-ဥပါသကဝဂ်၊ ၁၀-ဂဝေသီသုတ်၌ မြတ်စွာဘုရား ဟောကြားတော်မူသည်။

## အဋ္ဌင်္ဂဥပုသ်သီလ

ငါးပါးသီလကိုပြဆိုရာ၌ ပဉ္စဟူ၍သာ ပြဆိုသကဲ့သို့ရင်း ဆယ်ပါးသီလကို ပြဆိုရာ၌ ဒသဟူ၍သာ ပြဆိုသကဲ့သို့ရင်း ရှစ်ပါးသီလကို ပြဆိုရာ၌ကား အဋ္ဌ ဟူ၍သာ မဆိုပဲ (ဥပေါသထင်္ဂဝသေန=ဥပုသ်အင်္ဂါ၏အစွမ်းဖြင့်) ဟူ၍ အဘယ့် ကြောင့် အထူးထည့်သွင်းပြဆိုပါသနည်းဟု မေးဖွယ်ရှိ၏။

http://www.dhammadownload.com



ဤအရာ၌ ဥပေါသထသဒ္ဒါက....

(၁) ရဟန်းတို့၏ ပါတိမောက် ရွတ်ဆိုခြင်းအနက်၊
(၂) ခေါ်ဝေါ်လွယ်ရန်မှည့်ထားသောအမည်ဟူသော အနက်၊
(၃) ကျင့်သုံးခြင်းဟူသောအနက်၊
(၄) ကျင့်သုံးအပ်သည့် သီလဟူသောအနက်၊
(၅) သီလကျင့်သုံးရာ နေ့ဟူသောအနက်—

ဤအနက်ငါးပါးတို့၌ ဖြစ်ရှိရာ ပဌမအနက်မှာ ရဟန်းတော်များနှင့်သာ သက်ဆိုင်၍ ဒုတိယအနက်မှာ ဥပေါသထမင်းသား ဥပေါသထဆင်မင်းစသည် ဖြင့် ခေါ်ဝေါ်ရန် အမည်ကို ပြခြင်းမျှဖြစ်၍ ဤသီလအခန်းနှင့် မသက်ဆိုင်။ နောက်အနက်သုံးပါးသာ ဤသီလခန်းနှင့် သက်ဆိုင်၏။

ထိုနောက်အနက်သုံးပါးတို့တွင် (ပါဠိလို)ဥပဝါသ=(မြန်မာလို) ကျင့်သုံး ခြင်းဟူသော အနက်မှာ ပြည့်စုံစေ၍ နေခြင်းပင်ဖြစ်၏၊ သိက္ခာပုဒ်တို့ကို ပြည့်စုံ စေ၍ နေခြင်းဟု ဆိုလိုသည်။ ကျင့်သုံးအပ်သောသီလဟူသော စတုတ္ထအနက် မှာလည်း ပြည့်စုံစေ၍ နေအပ်သော သီလဟု ဆိုလိုသည်။ သီလကျင့်သုံးရာနေ့ ဟူသော ပဉ္စမအနက်မှာလည်း သီလနှင့်ပြည့်စုံစေ၍ နေရာနေ့ဟု ဆိုလိုသည်၊ ထိုနေ့ကိုပင် ဥပေါသထနေ့ (ဥပုသ်နေ့)ဟူ၍ ခေါ်သည်။

ငါးပါးသီလနှင့် ဆယ်ပါးသီလတို့မှာ ရှေးရှေးသူတော်ကောင်းတို့က နေ့ အထူးသတ်မှတ်ပိုင်းခြား၍ ကျင့်သုံးလေ့ မရှိကြပဲ ဤရှစ်ပါးသီလကိုသာ နေ့ အထူးသတ်မှတ်ပိုင်းခြား၍ ကျင့်သုံးလေ့ရှိကြသောကြောင့် ဤရှစ်ပါးသီလ၌ သာ (ဥပေါသထင်္ဂဝသေန=ဥပုသ်အင်္ဂါ၏အစွမ်းဖြင့်)ဟူ၍ အထူးထည့်သွင်း ပြဆိုသည်ဟု မှတ်ယူရာ၏။

စဉ်းစားဖွယ်ရှိပြန်သည်မှာ.... ငါးပါးသီလမှာ သိက္ခာပုဒ်အရေအတွက်အား ဖြင့် ရှစ်ပါးသီလကို မမှီပဲ နေ့စဉ်အမြဲကျင့်သုံးအပ်သော သီလဖြစ်၍ ရှေးသူတော် ကောင်းများက နေ့အထူးယတ်မှတ်မှု မပြုသော် သင့်တန်စေ၊ ဆယ်ပါးသီလ မှာကား ရှစ်ပါးသီလထက် မြင့်သည်ဖြစ်၍ ရှေးသူမတော်ကောင်းတို့ နေ့ထူး သတ်မှတ်သင့်ပါလျက် အဘယ့်ကြောင့် မသတ်မှတ်ကြပါသနည်းဟု စဉ်းစား ဖွယ်ရှိပြန်၏။ သင့်လျော်သောအကြောင်းကို ရှာသော်ကား ရှစ်ပါးသီလသည် လူတို့နှင့် အထူးသင်လျော်သော သီလဖြစ်၏။ ဆယ်ပါးသီလမှာ လူတို့နှင့် အထူးသင့်လျော်သက်ဆိုင်သော သီလမဟုတ်ချေ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌.... ဆယ်ပါးသီလသည် သာမဏေယောကျ်ား သာမဏေမိန်းမတို့၏ သီလဖြစ် ကြောင်း ပြဆိုချက်နှင့် ခုဒ္ဒကပါဌအဋ္ဌကထာ၌....ဆယ်ပါးသီလတွင် နောက်ဆုံး

http://www.dhammadownload.com



ဖြစ်သော ဇာတရူပသိက္ခာပုဒ်သည် သာမဏေတို့၏သာ ထူးခြားသော သိက္ခာပုဒ်ဖြစ်ကြောင်း၊ ဖွင့်ပြချက်တို့ကို ထောက်ဆသဖြင့် ဆယ်ပါးသီလသည် အထူးသဖြင့် သာမဏေတို့၏ သီလဖြစ်ကြောင်း ထင်ရှားလှပေ၏။

သို့ဖြစ်၍ ရှေးပညာရှိသူတော်ကောင်းတို့သည် မိမိတို့နှင့် အထူးသက်ဆိုင်သော သီလနှစ်မျိုးတို့အနက် အထက်တန်းဖြစ်၍ နေ့ရက်အထူး သတ်မှတ်ကာ စောင့်သုံးအပ်သော ရှစ်ပါးသီလကိုသာ ဥပေါသထဟု ခေါ်ဆိုရ၍ ထိုရှစ်ပါးသီလကိုသာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ (ဥပေါသထင်္ဂဝသေန=ဥပုသ်အင်္ဂါ၏အစွမ်းဖြင့်)ဟု အထူး မိန့်ဆိုတော်မူသည်။

သူတော်ကောင်းတို့သည် သီလမှု တခုတည်းဖြင့်သာ တင်းတိမ်အားရ၍ မနေကြပဲ ဒါနကောင်းမှုကိုလည်း ပြုလိုကြသဖြင့် ထိုဒါနမှုကို ကောင်းစွာပြုနိုင်ရန် ဇာတရူပသိက္ခာပုဒ်ကို မစောင့်သုံးနိုင်ပဲ ရှိကြရလေသည်၊ ဇာတရူပသိက္ခာပုဒ်ကို စောင့်သုံးပါက လှူဘွယ်ဝတ္ထုကို ရှာမှီးခြင်း ဝယ်ယူခြင်းကိစ္စများကို ပြည့်စုံအောင် မပြုနိုင်ပေ။ ထို့ကြောင့် ရှေးသူဟောင်းတို့သည် ရှစ်ပါးသီလကိုသာ နေ့ရက်အထူး သတ်မှတ်ကာ စောင့်သုံးကြကြောင်း ကောင်းစွာ မှတ်ယူရာ၏။

## နဝင်္ဂဥပုသ်

ဤနဝင်္ဂဥပုသ်သီလကို အင်္ဂုတ္တရနိကာယ်၊ နဝကနိပါတ်၊ ၂-သီဟနာဒဝဂ်၊ ၈-ခမြောက်သုတ်၌..."အင်္ဂါကိုးပါးနှင့် ပြည့်စုံအောင် ကျင့်သုံးအပ်သော နဝင်္ဂဥပုသ်သည် အကျိုးများ၏၊ အာနိသင်များ၏၊ တန်းခိုးအာနုဘော်ကြီး၏" ဟု နိဒါန်းပျိုးပြီးလျှင် ထိုအင်္ဂါကိုးပါး၏ သရုပ်ကို ထုတ်ဖော်ရာမှာ ပါဏာတိပါတသိက္ခာပုဒ်မှစ၍ ဥစ္စာသယန မဟာသယနသိက္ခာပုဒ်တိုင်အောင် ရှစ်ပါးသီလအင်္ဂါ ထုတ်ပြတော်မူပြီးလျှင် အဆုံး၌ (မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ=မေတ္တာနှင့်တကွဖြစ်သောစိတ်ဖြင့် အရပ်မျက်နှာတခုရှိ သတ္တဝါတို့ကို ဖြန့်နှံ့စေပြီးလျှင် နေ၏)ဟူ၍ ဟောကြားတော်မူသည်။

ဟောတော်မူလိုရင်း အဓိပ္ပါယ်ချုပ်မှာ....ရိုးရိုးရှစ်ပါးသီလကို ဆောက်တည်ပြီးလျှင် မေတ္တာတရားကို ပွါးများနေရမည်ဟု ဟောတော်မူလိုရင်းဖြစ်သည်။ ရှစ်ပါးသီလကို လုံခြုံအောင်ထိန်းစောင့်၍ မေတ္တာတရားကို ပွါးများနေလျှင် ထိုသူသည် နဝင်္ဂဥပုသ်သီလကို ကျင့်သုံးနေသူ ဖြစ်တော့၏။ မေတ္တာဟူသည် ဘာဝနာဖြစ်၏၊ သီလကဲ့သို့ ဆောက်တည်ဖွယ်ရှိသည်၊ ဘာဝနာဟူသည် မပြတ်ပွါးများရသော တရားမျိုးဖြစ်၏၊ သို့ဖြစ်၍ နဝင်္ဂဥပုသ်ကို ကျင့်သုံးလိုသော ပုဂ္ဂိုလ်သည် မေတ္တာအတွက် သိက္ခာပုဒ်တခု ပြုလုပ်ဆောက်တည်ရန်မလို၊ ရိုးရိုးရှစ်ပါးသီလကိုခံယူပြီးနောက် မေတ္တာတရားကို စွမ်းနိုင်သမျှ ပွါးများအားထုတ်

http://www.dhammadownload.com



နေလျှင် အင်္ဂါကိုးပါးရှိသော နဝင်္ဂဥပုသ်ကို ကျင့်သုံးသည်မည်ကြောင်း ကောင်းစွာမှတ်ယူအပ်၏။

ထိုနဝင်္ဂဥပုသ်ကို ဟောတော်မူရာ မေတ္တာနှင့်ပတ်သက်၍ (ကော်ဒိသံ) ဟူသော စကားကို ထည့်သွင်းဟောတော်မူသဖြင့် မေတ္တာပွါးများရာမှာ အရပ်မျက်နှာကို မမှတ်ပဲ ပွါးများခြင်းထက် အရပ်မျက်နှာကိုမှတ်၍ ပွါးများခြင်းက သာလွန်ထိရောက်မည်ဖြစ်သည့်အတွက် အရပ်ဆယ်မျက်နှာကို မေတ္တာပွါးများလိုသော အခါ မိမိစလိုသော အရပ်မျက်နှာမှစ၍ တရပ်စီ တရပ်စီ ဆယ်မျက်နှာ ပြည့်စုံအောင် သတ်မှတ်အာရုံပြုကာ ပွါးများသင့်ကြောင်း အထူးမှတ်ယူရာ၏။

ပြဟ္မစိုရ်တရား လေးပါးရှိပါလျက် မေတ္တာကိုသာ အထူးထုတ်၍ ရှစ်ပါးသီလနှင့် တွဲစပ်ကာ နဝင်္ဂဥပုသ်အနေဖြင့် ဟောတော်မူခြင်းမှာ မေတ္တာတရားက အာနိသင်ကြီးသောကြောင့် ဟောတော်မူသည်ဟု မှတ်ယူသင့်၏၊ ထိုကြောင့်ပင် မြတ်စွာဘုရားသည် မေတ္တာသုတ်ဒေသနာကို ဟောကြားတော်မူခဲ့သဖြင့် ထိုမေတ္တာသုတ် ဒေသနာတော်သည် ခုဒ္ဒကပါဌပါဠိတော်နှင့် သုတ္တနိပါတ်ပါဠိတော်တို့၌ ထင်ရှားရှိနေသည်တကြောင်း....

အင်္ဂုတ္တရပါဠိတော် ကောဒသကနိပါတ၊ ၂-အနုသာတိဝဂ်၊ ၅-ခုမြောက်သုတ်မှာ မေတ္တာတရားကို အဖန်ဖန်ပွါးများလျှင်....

၁။ ချမ်းသာစွာ အိပ်ပျော်ခြင်း၊
၂။ ချမ်းသာစွာ နိုးကြားရခြင်း၊
၃။ မကောင်းသောအိပ်မက်ကို မမြင်မက်ခြင်း၊
၄။ လူအများချစ်ခင်ခြင်း၊
၅။ နတ်ဘီလူး ပြိတ္တာများ ချစ်ခင်ခြင်း၊
၆။ နတ်များစောင့်ရှောက်ခြင်း၊
၇။ မီးလောင်မှု အဆိပ်သင့်မှု လက်နက်စူးဝင်မှု မရှိခြင်း၊
၈။ စိတ်တည်ကြည်လွယ်ခြင်း၊
၉။ မျက်နှာအဆင်း ကြည်ကြည်လင်လင်ရှိခြင်း၊
၁၀။ သေချိန်ကျသောအခါ မတွေမဝေ သေရခြင်း၊
၁၁။ ယခုဘဝ အထက်မဂ်ဖိုလ်ပေါက် ထိုးထွင်း၍ မသိနိုင်သေးလျှင် ပြဟ္မာ့ပြည်သို့လားရခြင်း—

အားဖြင့် ဆယ့်တပါးသော အကျိုးတို့ကို ရရှိနိုင်စေသည်ဟု ဟောကြားတော်မူသည်တကြောင်း....တို့ကြောင့် မေတ္တာတရားက ပိုမို၍ တန်းခိုးအာနိသင်ကြီးမားကြောင်း သိသာထင်ရှားပေ၏။

http://www.dhammadownload.com



## ဥပုသ်သုံးမျိုး

ဥပေါသထသီလသည်....

(၁) ဂေါပါလဥပုသ်=နွားကျောင်းသားဥပုသ်၊
(၂) နိဂဏ္ဌဥပုသ်=တက္ကတွန်းတို့၏ဥပုသ်၊
(၃) အရိယဥပုသ်=စင်ကြယ်သောဥပုသ်—

ဟူ၍ သုံးမျိုးရှိကြောင်း အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ၊ ၂-မဟာဝဂ်၊၁၀-ဝိသာခုပေါသထသုတ်၌ ဟောကြားတော်မူသည်။ အဓိပ္ပါယ်ဆိုလိုရင်းမှာ....

(၁) ဥပုသ်ကျင့်သုံးရာမှာ နွားကျောင်းသားများ နှလုံးသွင်းပုံနှင့်တူသော နှလုံးသွင်းမျိုးဖြင့် စောင့်သုံးအပ်သော ဥပုသ်သည် ဂေါပါလဥပုသ် (နွားကျောင်းသားဥပုသ်) မည်၏။ နွားကျောင်းသားများသည် နွားကျောင်းပြီး၍ ညနေချိန်ရောက်သောအခါ နွားများကို နွားရှင်ထံမှာအပ်၍ မိမိအိမ်သို့ ရောက်လျှင် "ယနေ့ ငါသည် နွားများကို ဤမည်သောအရပ်မှာ အစာကျွေး၍ ဤမည်သောအရပ်မှာ ရေတိုက်ခဲ့သည်၊ နက်ဖန်ကျလျှင် ဤမည်သောအရပ်မှာ အစာကျွေး၍ ဤမည်သောအရပ်မှာ ရေတိုက်မည်" ဟူ၍သာ စဉ်းစားလေ့ရှိ၏။ ဤအတူ ဥပုသ်စောင့်သောသူသည်လည်း "ငါသည် ယနေ့ မည်သည့် ခဲဖွယ် ဘောဇဉ်မျိုးကို စားသုံးသည်၊ နက်ဖန်ကျလျှင် မည်သည့် ခဲဖွယ်ဘောဇဉ်မျိုးကို စားသုံးမည်" ဟူ၍ အစာကိုသာ မက်မောသော လောဘဖြင့် နေ့ကိုကုန်စေသည်ရှိသော် နွားကျောင်းသား၏ နှလုံးသွင်းပုံနှင့်တူသော နှလုံးသွင်းခြင်းရှိရကား ထိုဥပုသ်ကို ဂေါပါလဥပုသ်(နွားကျောင်းသားဥပုသ်) ဟူ၍ မြတ်စွာဘုရား ဟောတော်မူသည်။

(၂) တက္ကတွန်းတို့ ကျင့်သုံးသော ဥပုသ်မျိုးသည် နိဂဏ္ဌဥပုသ်မည်၏။ (အဝတ်မလှမ်း မိစ္ဆာအယူကို ယူသူကို တက္ကတွန်း ဟူ၍ ခေါ်သည်။) ထိုတက္ကတွန်းတို့သည် (ဥပမာ) ပါဏာတိပါတအမှုနှင့်စပ်၍ အရှေ့-အနောက်-တောင်-မြောက် လေးမျက်နှာမှာပင် ယူဇနာတရာ အပြင်ဖက်မှာ တည်ရှိသော သတ္တဝါတို့ကို မသတ်ရဟူ၍ (သေချာစွာ စဉ်းစားလေ၊ ယူဇနာတရာ အပြင်ဖက်မှာ တည်သောသတ္တဝါကို သတ်၍ ဖြစ်နိုင်အံ့လော) သူ့အသက်သတ်မှုနှင့်စပ်၍ အရပ်ဒေသဖြင့် သတ်မှတ်ပြီးလျှင် မည်သည့်အရပ်အတွင်းမှာတော့ သတ်ကောင်းသည်၊ မည်သည့် အရပ်သို့ ရောက်သွားလျှင် မသတ်ကောင်း စသည်ဖြင့် ဒုစရိုက်မှုကို ပြုနိုင်ခွင့်ရှိအောင် ကြံဆောင်ပြီးလျှင် ဒုစရိုက်မှု ပြုကောင်းသည့်အရပ် မပြုကောင်းသည့်အရပ် ခွဲခြား၍ ကျင့်သုံးသော ဥပုသ်မျိုးကို ကျင့်သုံးကြကုန်၏။ ဤနည်းသို့လိုက်၍ ကျင့်သုံးသော သူတို့၏ ဥပုသ်ကို နိဂဏ္ဌဥပုသ် ဟူ၍ မြတ်စွာဘုရား ဟောတော်မူသည်။

http://www.dhammadownload.com



(၃) ဘုရားဂုဏ်တော် စသည်တို့ကို အဖန်ဖန် နှလုံးသွင်းသဖြင့် စိတ်၌ ငြိကပ်တတ်သော ကိလေသာ အညစ်အကြေးတို့ကို စင်ကြယ်စေ၍ စောင့်သုံး အပ်သော ဥပုသ်သည် အရိယဥပုသ် မည်၏။ ဤအရိယဥပုသ်သည်လည်း တဖန်....

(က) ဗြဟ္မုပေါသထ=ဗြဟ္မဥပုသ်၊

(ခ) ဓမ္မုပေါသထ=ဓမ္မဥပုသ်၊

(ဂ) သံဃုပေါသထ=သံဃဥပုသ်၊

(ဃ) သီလုပေါသထ=သီလဥပုသ်၊

(င) ဒေဝတုပေါသထ=ဒေဝတာဥပုသ်၊

(စ) အဋ္ဌင်္ဂုပေါသထ=အင်္ဂါရှစ်ပါးရှိသောဥပုသ်—

ဟူ၍ ခြောက်ပါး အပြားရှိပြန်သည်။ ထိုခြောက်ပါးတို့တွင်....

(က) ရှစ်ပါးသီလကို ခံယူကာ မြတ်စွာဘုရား၏ အရဟံအစရှိသော ဂုဏ်တော်တို့ကို အဖန်ဖန် နှလုံးသွင်း၍ ကျင့်သုံးအပ်သော ဥပုသ်သည် ဗြဟ္မုပေါသထ=ဗြဟ္မဥပုသ် မည်၏။

(ခ) ရှစ်ပါးသီလကို ခံယူကာ တရားဂုဏ်တော်တို့ကို အဖန်ဖန် နှလုံးသွင်း၍ ကျင့်သုံးအပ်သော ဥပုသ်သည် ဓမ္မုပေါသထ=ဓမ္မဥပုသ် မည်၏။

(ဂ) ရှစ်ပါးသီလကို ခံယူကာ သံဃဂုဏ်တော်တို့ကို အဖန်ဖန် နှလုံးသွင်း၍ ကျင့်သုံးအပ်သော ဥပုသ်သည် သံဃုပေါသထ=သံဃဥပုသ် မည်၏။

(ဃ) ရှစ်ပါးသီလကို ခံယူကာ ထိုသီလကို မကျိုးမပေါက် မပြောက် မကျားရအောင် ကျင့်သုံးလျက် ထိုသီလ၏ ဂုဏ်ကျေးဇူးတို့ကို အဖန်ဖန် နှလုံးသွင်း၍ ကျင့်သုံးအပ်သော သီလသည် သီလုပေါသထ=သီလဥပုသ် မည်၏။

(င) လောက၌ နတ်ဗြဟ္မာများရှိကြရာ ထိုနတ်ဗြဟ္မာတို့သည် ရှေးရှေးသော ဘဝတို့က စင်ကြယ် မွန်မြတ်သော သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ-တည်းဟူသော ဂုဏ်ကျေးဇူးတရားတို့နှင့် ပြည့်စုံကြသောကြောင့် ထိုနတ်ပြည် ဗြဟ္မာ့ပြည်မှာ ဖြစ်ကြကုန်၏၊ ငါ့မှာလည်း ဤစင်ကြယ်မွန်မြတ်သော ဂုဏ်ကျေးဇူးတရားတို့ ထင်ရှားရှိပေသည်ဟူ၍ နတ်ဗြဟ္မာများကို စံထားကာ ကျင့်သုံးအပ်သော ဥပုသ်သည် ဒေဝတုပေါသထ=ဒေဝတာဥပုသ် မည်၏။ (ဤအရာ၌ နတ်နှင့်ဗြဟ္မာ နှစ်မျိုးလုံးကိုပင် ဒေဝတာဟူ၍ ခေါ်သည်။)

http://www.dhammadownload.com



(စ) ချစ်ပါးသီလကို ခံယူကာ "ရဟန္တာပုဂ္ဂိုလ်များသည် သတ္တဝါတို့ကို သတ်ဖြတ်ညှဉ်းဆဲခြင်း အလျဉ်းမရှိပဲ အမြဲကြင်နာ သနားတော်မူကြသကဲ့သို့ ငါသည်လည်း သတ်ဖြတ်ညှဉ်းဆဲခြင်း မရှိပဲ ကြင်နာသနားမှု ပြုရပေပြီ၊ ဤကျင့်ဝတ်ဖြင့် ရဟန္တာတို့ကို အတုလိုက်ကာ ကျင့်သုံးရပေပြီ "ဤသို့ အစ ရှိသည်ဖြင့် အင်္ဂါချစ်ပါးလုံးကို ဆင်ခြင်အောက်မေ့၍ စောင့်သုံးအပ်သော သီလသည် အဋ္ဌင်္ဂုပေါသထ=အင်္ဂါရှစ်ပါးကို ဆင်ခြင်ခြင်းရှိသောဥပုသ် မည်၏ ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူအပ်သည်။

ဤသို့ ဥပုသ်သုံးပါး ခြောက်ပါး ပြားပုံတို့သည် ကျင့်သုံးပုံ အခြင်းအရာသို့ လိုက်၍ ဟောပြအပ်သော ဥပုသ်များ ဖြစ်သည်ဟု မှတ်ယူရာ၏။ ကျင့်သုံး အပ်သော သီလ၏အစွမ်းအားဖြင့်ကား ပြခဲ့ပြီးသည့်အတိုင်း အဋ္ဌင်္ဂဥပုသ် နဝင်္ဂဥပုသ်ဟူ၍ နှစ်ပါးပင် ဖြစ်ပေသည်။

## ဥပုသ်နေ့သုံးမျိုး

စောင့်သုံးရာဖြစ်သော နေ့သို့လိုက်၍ ဥပုသ်သည် သုံးမျိုးရှိသည်၊ သုံးမျိုး ဟူသည်ကား....

(၁) ပကတိဥပုသ်၊

(၂) ပဋိဇာဂရဥပုသ်၊

(၃) ပါဋိဟာရိယဥပုသ်....ဤသုံးမျိုးတို့တည်း။

ဤသို့ ဥပုသ်သုံးပါး အပြားရှိသင့်ကြောင်းကို အင်္ဂုတ္တရနိကာယ်၊ တိက-နိပါတ်၊ ၄-ဒေဝဒူတဝဂ်၊ ၇-ရာဇသုတ်စသည်တို့၌ လာရှိသော.... (ဥပေါသထံ ဥပဝသန္တိ ပဋိဇာဂရောန္တိ)ဟူသော ပါဠိတော်၊

**စာတုဒ္ဒသိံ ပဉ္စဒ္ဒသိံ၊ ယာ စ ပက္ခဿ အဋ္ဌမီ။**

**ပါဋိဟာရိယပက္ခဉ္စ၊ အဋ္ဌင်္ဂသုသမာဂတံ။—**

ဟူသော ပါဠိတော်တို့ကို ထောက်၍ သိရာ၏။ ထိုဥပုသ်သုံးမျိုးတို့တွင်....

### (၁) ပကတိဥပုသ်=ရိုးရိုးဥပုသ်နေ့

ဖော်ပြရာပါ ပါဠိတော်၌ စာတုဒ္ဒသိံ ပဉ္စဒ္ဒသိံ၊ ယာ စ ပက္ခဿ အဋ္ဌမီ-ဟူသော စကားရပ်ဖြင့် ပကတိဥပုသ်နေ့ (ရိုးရိုးဥပုသ်နေ့) ကို ပြတော်မူသည်။ ဤပါဠိတော်အရ ပကတိဥပုသ်ဟူသည်မှာ....လဆန်း လဆုတ် တပက္ခ တပက္ခ လျှင် ရှစ်ရက်နေ့ တဆယ့်လေးရက်နေ့ တဆယ့်ငါးရက်နေ့အားဖြင့် သုံးသီတင်း

http://www.dhammadownload.com



(သုံးဥပုသ်) စီဖြစ်ရကား တလတွင် ခြောက်သီတင်း (ခြောက်ဥပုသ်)သည် ပကတိဥပုသ်ဖြစ်သည်ဟု သိမှတ်အပ်၏။ အဋ္ဌကထာအလိုအားဖြင့်....လဆန်း ငါးရက် လဆန်းရှစ်ရက် လဆန်းတဆယ့်လေးရက် လဆန်း တဆယ့်ငါးရက် အားဖြင့် လဆန်းပက္ခမှာ လေးသီတင်း (လေးဥပုသ်)၊ လဆုတ်ပက္ခမှာလည်း လဆုတ်ငါးရက် လဆုတ်ရှစ်ရက် လဆုတ်တဆယ့်လေးရက် လဆုတ်တဆယ့်ငါး ရက်အားဖြင့် လေးသီတင်း (လေးဥပုသ်) ပေါင်းလျှင် တလတွင် ရှစ်သီတင်း (ရှစ်ဥပုသ်)သည် ပကတိဥပုသ်=ရိုးရိုး ကျင့်သုံးရိုးဥပုသ်များ ဖြစ်၏။

(ယခုကာလမှာမူ တလတလတွင် လေးသီတင်း (လေးဥပုသ်)သည် ပကတိ ဥပုသ်ဖြစ်သည်ဟု ပြောဆိုမှတ်ယူ ကျင့်သုံးနေကြ၏၊ လေးဥပုသ်ဟူသည်မှာ လဆန်းရှစ်ရက် လပြည့် လပြည့်ကျော်ရှစ်ရက် လကွယ်တို့ပင် ဖြစ်၏။)

## (၂) ပဋိဇာဂရဥပုသ်=အကြိုအပို့ဥပုသ်

ပဋိဇာဂရဥပုသ်ဟူသည်မှာ အဋ္ဌကထာ၌ ပြအပ်သော ပကတိဥပုသ် ရှစ် သီတင်းကိုပင် အကြိုတရက် အပို့တရက်စီ ထပ်လောင်း၍ ကျင့်သုံးအပ်သော ဥပုသ်ဖြစ်၏။ (ပဋိ=အဖန်ဖန်၊ ဇာဂရ=နိုးကြားခြင်း=ကိလေသာတည်းဟူ သော အိပ်ပျော်ခြင်းမှ အဖန်ဖန်နိုးကြားသော သီလဟု ဆိုလိုသည်။) ရက် အားဖြင့် ရေတွက်လျှင်....လဆန်းငါးရက် ပကတိဥပုသ်ကို ကြိုသောအားဖြင့် လဆန်းလေးရက်နေ့၊ အပို့အားဖြင့် လဆန်းခြောက်ရက်နေ့။ လဆန်းရှစ်ရက် ပကတိဥပုသ်ကို ကြိုသောအားဖြင့် လဆန်းခုနစ်ရက်နေ့၊ ပို့သောအားဖြင့် လဆန်းကိုးရက်နေ့။ လဆန်းတဆယ့်လေးရက် ပကတိဥပုသ်နေ့ကို ကြိုသော အားဖြင့် လဆန်းတဆယ့်သုံးရက်နေ့၊ (အပို့မရှိတော့ပြီ)။ လပြည့် ပကတိဥပုသ် နေ့အတွက် (အကြိုမရှိ) ပို့သောအားဖြင့် လပြည့်ကျော်တရက်နေ့။ ဤသို့ ရက်များကို အစဉ်အတိုင်း ရေတွက်ခဲ့လျှင် လဆန်း လေးရက် ငါးရက် ခြောက်ရက် ခုနစ်ရက် ရှစ်ရက် ကိုးရက် တဆယ့်သုံးရက် တဆယ့်လေးရက် လပြည့် လပြည့်ကျော်တရက်ဟူ၍ လဆန်းအတွက် ဆယ်ရက်။ လဆုတ် အတွက်လည်း ဤနည်းအတူ ဆယ်ရက်အားဖြင့် တလတလတွင် ပကတိဥပုသ် နေ့ပေါင်း ရှစ်ရက်၊ ပဋိဇာဂရ ဥပုသ်နေ့ပေါင်း တဆယ့်နှစ်ရက် ရှိကြောင်း ကောင်းစွာ မှတ်ယူအပ်၏။

## (၃) ပါဋိဟာရိယဥပုသ်

ဤပဋိဇာဂရဥပုသ်ထက် ကဲလွန်တန်းခိုးထက်မြက်သော ဥပုသ်ကို ပါဋိဟာ- ရိယဥပုသ်ဟူ၍ ခေါ်သည်။ ပဋိဇာဂရဥပုသ်မှာ လဆန်းပက္ခ လဆုတ်ပက္ခတို့၌ အသီးသီး သီလလွတ်လပ်သော ကြားပြတ်ရက်ရှိသေး၏၊ ပါဋိဟာရိယဥပုသ်မှာ

http://www.dhammadownload.com



ကား သီလဇွတ်လပ်သော ကြားပြတ်ရက်မရှိ၊ ရက်စဉ်အတိုင်း သီလကို ကျင့်သုံး ရသည်။

ဤပါဋိဟာရိယဉပုသ်ကို စောင့်သုံးလိုလျှင် ဝါတွင်းသုံးလပတ်လုံး ရက်အအား အလပ်မရှိ စောင့်သုံးရသည်။ ဝါတွင်းသုံးလပတ်လုံး မစောင့်သုံးနိုင်ခဲ့လျှင် သီတင်းကျွတ်လပြည့်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တလပတ်လုံး စောင့် သုံးရသည်။ ဤတလပတ်လုံး မစောင့်သုံးနိုင်ခဲ့လျှင် သီတင်းကျွတ်လပြည့်နေ့မှ သီတင်းကျွတ်လကွယ်နေ့အထိ တဆယ့်ငါးရက်ပတ်လုံး စောင့်သုံးရသည်။ ။ ဤကား အင်္ဂုတ္တရနိကာယအဋ္ဌကထာ၌ ပြဆိုချက်တည်း။ (အံ-ဋ္ဌ ၂၊ ၁၂၂-၁၂၃-မျက်နှာတို့မှ။)

(သုတ္တနိပါတ-ဋ္ဌ ၂-၁၀၈) သုတ္တနိပါတ်အဋ္ဌကထာ ၂-စူဠဝဂ်၊ ဓမ္မိကသုတ်အဖွင့်၌ ကား....ဝါဆိုလ ဝါခေါင်လ တော်သလင်းလ သီတင်းကျွတ်လ တန်ဆောင်မုန်းလ အားဖြင့် ငါးလပတ်လုံး ရက်အလွတ်အလပ်မရှိ စောင့်သုံးအပ်သော ဉပုသ်သည် ပါဋိဟာရိယဉပုသ်မည်၏။ တပါးသောဆရာများကမူကား....ဝါဆိုလ တန်ဆောင် မုန်းလ တပေါင်းလ ပေါင်းသုံးလ ရက်လပ်မရှိ စောင့်သုံးအပ်သော ဉပုသ်သည် ပါဋိဟာရိယဉပုသ်မည်၏ဟူ၍ ဆိုကြ၏။ တပါးသောဆရာတို့ကမူ ပါဋိတော်လာ တပက္ခ တပက္ခလျှင် ရှစ်ရက် တဆယ့်လေးရက် တဆယ့်ငါးရက်အားဖြင့် ပကတိ ဉပုသ်သုံးရက်ရှိရာ ရှစ်ရက်နေ့၏ အကြိုခုနစ်ရက် အပိုကိုးရက်၊ တဆယ့်လေးရက် နေ့၏ အကြိုတဆယ့်သုံးရက် (အပိုမရှိ)၊ တဆယ့်ငါးရက်နေ့၏ (အကြိုမရှိ) အပို လဆန်းတရက်အားဖြင့် ပကတိဉပုသ်သုံးရက်အပေါ်မှာ အကြို အပို လေးရက် ထပ်ဖြည့်၍ စောင့်သုံးအပ်သော ဉပုသ်သည် ပါဋိဟာရိယဉပုသ်မည်၏ဟူ၍ ဆိုကြ၏။ ကုသိုလ်ကောင်းမှုကို လိုလားကြသော အမျိုးကောင်းသား အမျိုး ကောင်းသမီးတို့အား အလုံးစုံကိုပင် အလိုရှိရာ စောင့်သုံးနိုင်ရန် ဖော်ပြရမည်.... ဟူ၍ ဖွင့်ပြသည်။

ဤသုတ္တနိပါတအဋ္ဌကထာလာ သုံးဝါဒတို့တွင် မိမိ၏ အယူဝါဒအဖြစ်ဖြင့် ပဌမပြဆိုအပ်သော "ငါးလတိုင်တိုင် စောင့်သုံးအပ်သော ဉပုသ်သည် ပါဋိ-ဟာရိယဉပုသ်မည်၏"ဟူသောစကားမှာ အင်္ဂုတ္တိုရ်အဋ္ဌကထာနှင့် သဘောသွား တူညီ၏။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ သုံးလတဆက်တည်းပြသည်၊ သုတ္တနိပါတ အဋ္ဌကထာ၌ ငါးလတဆက်တည်းပြသည်၊ ဤမျှသာထူး၏။

သုတ္တနိပါတအဋ္ဌကထာလာ တတိယဝါဒသည် နေမိဇာတ်အဋ္ဌကထာနှင့်၎င်း ဝိမာနဝတ္ထုအဋ္ဌကထာ ဉတ္တရဝိမာနဝတ္ထုအဖွင့်နှင့်၎င်း ထေရဂါထာအဋ္ဌကထာ ပကိဏ္ဏကနိပါတ် သုရုစိဇာတ်အဋ္ဌကထာတို့နှင့်၎င်း တူညီ၏။

http://www.dhammadownload.com



သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ ဠက္ခဏဝဂ်၊ ၅-သုတ်အဖွင့်၌ကား....ရှစ်ရက် ဥပုသ်နေ့၏ အကြို ခုနစ်ရက်၊ အပို ကိုးရက်။ ဆယ့်လေးရက် ဆယ့်ငါးရက်တို့၏ အကြို ဆယ့်သုံးရက်၊ အပို လဆုတ်တရက် (သို့မဟုတ် လဆန်းတရက်)တို့၌ စောင့်သုံးအပ်သော ဥပုသ်သည်ငှင်း၊ ဝါတွင်းသုံးလ၏ နောက်လိုက်အပိုအဖြစ် ဖြင့် သီတင်းကျွတ်လပြည့်ကျော် တရက်နေ့မှ လကွယ်နေ့တိုင်အောင် လဝက် ပတ်လုံး စောင့်သုံးအပ်သော ဥပုသ်သည်ငှင်း ပါဋိဟာရိယ ဥပုသ်မည်၏ ဟူ၍ ဖွင့်ပြသည်။(သံ-ဋ္ဌ ၁၊ ၂၇၁-မျက်နှာ)

ဤ၌ စဉ်းစားဖွယ် ရှိပြန်သည်မှာ ...အင်္ဂုတ္တိုရ်အဋ္ဌကထာ သုတ္တနိပါတ် အဋ္ဌ-ကထာ ဇာတ်အဋ္ဌကထာ သံယုတ်အဋ္ဌကထာတို့မှာ အရှင်မဟာဗုဒ္ဓဃောသ တပါးတည်း ရေးသားအပ်သည့် ကျမ်းများဖြစ်ပါလျက် အဘယ့်ကြောင့် အဋ္ဌကထာ တစောင်နှင့်တစောင်မတူပဲ ကွဲပြားရသနည်းဟု စဉ်းစားဖွယ်ရှိ၏။ သဘောယုတ္တိသင့်ရာကို စဉ်းစားဆင်ခြင်သည်ရှိသော်....

ဝိသာခုပေါသထသုတ်၌ ဥပုသ်သုံးမျိုးရှိကြောင်း ဟောပြတော်မူရာမှာ ဝိသာခါ၏ ကျင့်သုံးပုံကိုစွဲ၍ ဥပုသ်သုံးပါး ဟောပြခြင်းမဟုတ်၊ ဥပုသ်စောင့်သုံး သူများ၏ အခြင်းအရာသုံးပါး ပြားသည်ကိုသာစွဲ၍ ဟောတော်မူခြင်းဖြစ်သည်။ ဝိသာခါတဦးတည်းအတွက်မှာမူ အရိယာဥပုသ်တမျိုးတည်းသာဖြစ်၏။ သုံးမျိုး ဟောခြင်းမှာ ဥပုသ်စောင့်သုံးသူအများ၏ အခြင်းအရာသုံးပါး ပြားသည်ကို သာစွဲ၍ ဟောတော်မူသည်ဟု သိရာ၏။ ထိုကြောင့် ထိုဝိသာခုပေါသထသုတ် လာ ဥပုသ်သုံးပါးသည် ဘုရားဟောဖြစ်ကြောင်း သိသာပေ၏။

ဥပုသ်နေ့ကိုမူကား သုံးနေ့ရှိသည်ဟူ၍ငှင်း, ခြောက်နေ့ ရှိသည်ဟူ၍ငှင်း နေ့ဖြင့်သတ်မှတ်ကာ' ဘုရားအလိုတော်ကျ ဟောပြချက်မရှိချေ။ရှေးဖော်ပြရာပါ တဆယ့်လေးရက်ဥပုသ် တဆယ့်ငါးရက်ဥပုသ် ရှစ်ရက်ဥပုသ် ပါဋိဟာရိယပက္ခ ဥပုသ်တို့မှာလည်း မြတ်စွာဘုရားက ဤရက်များတွင် ဥပုသ်စောင့်ရမည်ဟု ဟောပြခြင်းမဟုတ်၊ စင်စစ်ကား ရှေးအခါက သိကြားမင်းသည် လူ့ပြည်သို့ လှည့်လည်ကာ သူတော်ကောင်းစာရင်း ကောက်ယူကြသော စတုမဟာရာဇ် နတ်မင်းကြီးများ၏ လျှောက်ထားချက်အရ တာဝတိံသာနတ်တို့အား "လူများ သည် တဆယ့်လေးရက်နေ့ တဆယ့်ငါးရက်နေ့ ရှစ်ရက်နေ့တို့မှာလည်း ဥပုသ် သီတင်း စောင့်သုံးကြသည်၊ ပါဋိဟာရိယခေါ် နေ့များမှာလည်း ဥပုသ်သီတင်း စောင့်သုံးကြသည်" ဟူ၍ ပြောကြားကြောင်းကို မြတ်စွာဘုရားက ဟောထား ခြင်းသာ ဖြစ်သည်။ ထိုကြောင့် တဆယ့်လေးရက် ဥပုသ်နေ့ တဆယ့်ငါးရက် ဥပုသ်နေ့ ရှစ်ရက်ဥပုသ်နေ့ဟူ၍ ခွဲခြားပြောဆိုရခြင်းမှာ လူများကျင့်သုံးကြ သည့်နေ့ကို အစွဲပြုကာ ဟောကြားခြင်းဖြစ်သည်၊ ဤနေ့များမှာမှ ဥပုသ်စောင့်

http://www.dhammadownload.com



ရမည်၊ တခြားနေ့များ၌ မစောင့်ရဟူ၍ မြတ်စွာဘုရား ဟောကြားဆုံးမတော်မူချက် အထူးမရှိဟူ၍ မှတ်ယူရာ၏။

ဤသို့လျှင် တဆယ့်လေးရက် တဆယ့်ငါးရက် ရှစ်ရက်ဥပုသ်နေ့တို့ ဆိုသည်မှာ လူတို့ သတ်မှတ်ပြုလုပ်လေ့ရှိသော ဥပုသ်နေ့များသာဖြစ်၍ ရှေးကလူများ ကျင့်သုံးရိုး အစဉ်အလာအတိုင်း ပကတိဥပုသ်နေ့ သုံးနေ့ရှိရာ နောက်ကာလ ကျရောက်သောအခါ လူများက ငါးရက်မြောက်ဖြစ်သော ပဉ္စမီနေ့၌လည်း ဥပုသ်စောင့်သုံးကြပြန်သဖြင့် ပကတိဥပုသ်နေ့သည် တပက္ခတွင် လေးနေ့ရှိသည်ဟူ၍ အဋ္ဌကထာ၌ ပဉ္စမီဥပုသ်နေ့ကို ထည့်သွင်းဖော်ပြခြင်းဖြစ်သည်။ ယခုခေတ်မှာမူ တလလျှင် လေးသီတင်းသာ ဥပုသ်နေ့သတ်မှတ်၍ စောင့်သုံးခြင်း ပြုကြတော့သည်။

ဤသို့လျှင်....ဥပုသ်နေ့အတွက် မြတ်စွာဘုရားက နေ့ရက်သတ်မှတ်ကာ မည်သည့်နေ့များသည် ဥပုသ်နေ့များဖြစ်သည်ဟု ဟောကြားတော်မမူခဲ့၊ ဤသို့ မဟောကြားခဲ့ခြင်းမှာလည်း မည်သည့်နေ့မှာမဆို ဥပုသ်စောင့်လိုက စောင့်နိုင်သည်ချည်း ဖြစ်သောကြောင့်တည်း။ ဤနည်းလမ်းအရ ပဋိဇာဂရဥပုသ်နှင့် ပါဋိဟာရိယဥပုသ်နေ့တို့ကိုလည်း လူများ၏ အထူးသတ်မှတ်ကာ စောင့်သုံးကြသည့် အလေ့အထအရ ဖြစ်သင့်သောကြောင့် လူတို့၏ အလေ့အထ ကွဲပြားကြသည်ကို လိုက်ကာ အဋ္ဌကထာဆရာများလည်း ဝါဒအမျိုးမျိုး ရေးသားတော်မူကြခြင်းဖြစ်သည်ဟု မှတ်ယူသင့်ပေ၏။

ဤမျှသာမက....ဤသီလတို့ကို ဟောကြားရာဖြစ်သော အင်္ဂုတ္တိုရ်ပါဠိတော် သုတ္တနိပါတ်ပါဠိတော် သံယုတ်ပါဠိတော် ဇာတကပါဠိတော်တို့သည် သုတ္တန်ဒေသနာတော်များ ဖြစ်ကုန်၏။ သုတ္တန်ဒေသနာတော်ကို ဝေါဟာရဒေသနာဟူ၍ ကျမ်းဂန်တို့၌ ပြဆိုသည် (လောကဝေါဟာရ၌ အတုမရှိ လိမ္မာတော်မူသော မြတ်စွာဘုရားသည် သတ္တလောက၏ ခေါ်ဝေါ်ပညတ်ချက်သို့ လိုက်၍ ဟောကြားအပ်သော ဒေသနာဖြစ်သည်ဟု ဆိုလိုသည်)။ လောက၌ လူတို့၏ ပညတ်ချက်သည် တညီတညွတ်တည်း ဘယ်သောအခါမျှ မဖြစ်နိုင်ချေ။ ဤသို့ ခေါ်ဝေါ်ပညတ်ချက် ကွဲပြားကြသော ဥပုသ်နေ့အရာမှာ ကုသိုလ်ပွါးသည့် အရာချည်း ဖြစ်သောကြောင့် မည်သည့်အယူဝါဒက မှန်သည်၊ မည်သည့်အယူဝါဒက မှားသည်ဟု စစ်ဆေးနေဖွယ် မလို။ သုတ္တနိပါတ်အဋ္ဌကထာ၌ ဝါဒသုံးပါး ထုတ်ပြပြီးလျှင် ကြိုက်နှစ်သက်ရာ ဝါဒကို ယူလေဟု ညွှန်ကြားထားချက်မှာ မိမိနှစ်သက်ရာ ဝါဒကို အမှန်ထား၍ အခြားဝါဒများကို အမှားပြုလုပ်ရန် ညွှန်ကြားခြင်းမဟုတ်၊ ဥပုသ်စောင့်သုံးလိုသော သူတို့သည် နှစ်သက်ရာဝါဒအတိုင်း ဥပုသ်စောင့်သုံးလေဟူ၍ ညွှန်ကြားတော်မူလိုရင်း ဖြစ်ပေသည်။

http://www.dhammadownload.com



သီတင်းသည်တို့သည် မိမိတို့ နှစ်သက်ရာ အကြောင်းညီညွတ်ရာ နေ့များကို သတ်မှတ်၍ အမျိုးမျိုး အဖုံဖုံ ဥပုသ်စောင့်သုံးကြသည်၊ ထိုသို့ စောင့်သုံးကြသမျှမှာလည်း ကုသိုလ်တရား ပွါးများသည်ချည်းဖြစ်၍ ထိုသီတင်းသည်တို့ စောင့်သုံးကြပုံ အထူးထူး အပြားပြားသို့ လိုက်ကာ အဋ္ဌကထာဆရာတော်များ ရေးသားတော်မူကြခြင်းဖြစ်သည်။ သုတ္တန်ဒေသနာအရာ၌ မြတ်စွာဘုရားသော်မှ သတ္တဝါတို့၏ လောကဝေါဟာရ အပိုင်းအခြားကို မလွန်စေမူ၍ တရားဟောတော်မူသည်။ ထိုသို့ ဟောတော်မူခြင်းမှာ လောက၌ အကုသိုလ်မှု မဟုတ်သည့် ရှေးအစဉ်အလာ အပိုင်းအခြား စည်းကမ်းကို သတ္တဝါတို့ မလွန်ကျူးကြရန် ရည်သန်တော်မူသည့်အတွက် ဖြစ်သည်။

မြတ်စွာဘုရားသည် သတ္တဝါတို့အား မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်လွယ်စေရန် ရုပ်နာမ်ပရမတ္ထတရားတို့ကိုသာ ဟောပြတော်မူလိုရင်း ဖြစ်၏။ ပရမတ္ထတရားသက်သက်ကိုသာ ဟောကြားလျှင် ယောနိသောမနသိကာရ ရှိသူတို့အတွက် အကျိုးများမည်ဖြစ်သော်လည်း နှလုံးသွင်းမတတ်သူတို့အတွက် အပါယ်လားကြောင်း မကောင်းမှုဒုစရိုက် ဖြစ်ဖွယ်ရှိပေသည်၊ အဘယ်သို့နည်းဟူမူကား.... ရုပ်နာမ်တရားကို မမှန်မကန်နှလုံးသွင်းသူတို့က "လောက၌ ရုပ်နာမ်သာရှိသည်၊ ငါမရှိ၊ သူတပါးမရှိ၊ သူတပါးဟူ၍ မရှိလျှင် သူတပါး၏ အသက်ကို သတ်ခြင်း ပါဏာတိပါတ ဒုစရိုက်လည်း မရှိ၊ ငါသူတပါး မရှိသည့်အတွက် ငါ့ဥစ္စာ သူ့ဥစ္စာဟူ၍ မရှိရကား အဒိန္နာဒါန် ဒုစရိုက်မှုလည်း မရှိ၊ သူတပါး မရှိသည့်အတွက် သူ့သားမယားကို ဖြစ်မှားလျှင်လည်း ကာမေသုမိစ္ဆာစာရ ဒုစရိုက်မဖြစ်" ဤသို့ အစရှိသည်ဖြင့် လောကအပိုင်းအခြား စည်းကမ်းကို ကျူးကျော်ကာ မကောင်းမှု ဒုစရိုက်တွေကို တွင်တွင်ကြီး ပြုကြပေတော့မည်။

အမှန်မှာ....ရုပ်နာမ်အစုကို ဟောပြရာတွင် ပရမတ္ထသစ္စာအနေဖြင့် ငါသူတပါး ယောကျ်ား မိန်းမ စသည်မရှိသော်လည်း သုတ္တန်ဒေသနာတော် နည်းအရ သမ္မုတိသစ္စာအနေဖြင့် လောကအပိုင်းအခြားအတိုင်း ရှိသင့်သေးသည်။ရုပ်နာမ်အစုချည်းပင်ဖြစ်သော်လည်း ဤအစုကား ငါ၊ အခြားအစုတွေက သူတပါး၊ ဤရုပ်နာမ်အစုကား ကျေးဇူးရှင်ဖြစ်သော အမိအဖ-စသည်ဖြင့် အပိုင်းအခြား အမှတ်အသား ထားနိုင်ကြသည်။ သမ္မုတိသစ္စာအနေဖြင့် ထားရမည်သာဖြစ်သည်။ ဤလောကဝေါဟာရ အပိုင်းအခြား စည်းကမ်းကို ကျူးကျော်လျှင် ဖော်ပြခဲ့သည့်အတိုင်း မကောင်းမှုဒုစရိုက်တွေကို တွင်တွင်ကြီးပြုလုပ်ကြကာ အပါယ်လေးပါးအစာ ဖြစ်မည့်ဘေးမှ ကာကွယ် စောင့်ရှောက်တော်မူရန် လောကဝေါဟာရအတိုင်း သုတ္တန်ဒေသနာတော်ကို ဟောတော်မူရသည်။

သုတ္တန်ဒေသနာတော်ချည်း သက်သက် ဟောထားလျှင်လည်း လောကမှာ ငါရှိသည် သူတပါးရှိသည် ငါ့သား ငါ့သမီး ငါ့ဇနီး ငါ့ဥစ္စာရှိသည် စသည်ဖြင့်

http://www.dhammadownload.com



ဝေါဟာရပညတ် အနေအားဖြင့်သာ အမှတ်ထားရမည်ကို စင်စစ်ကေန် အမှန်ဖြစ်သော ပရမတ္ထအနေအားဖြင့် ရှိသည်ဟု စွဲလမ်းမှတ်ထင်ကာ သက္ကာယဒိဋ္ဌိကြီးမားလှသည့်အတွက် မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်တော့ချေ။

သို့ဖြစ်၍ မဂ်ဖိုလ်နိဗ္ဗာန်သို့အရောက် ပို့ဆောင်ရန် ရုပ်နာမ်ပရမတ္ထ တရားအစုကို ဟောတော်မူရပြန်သည်။ (မြတ်စွာဘုရားသည် သတ္တဝါများကို မဂ်ဖိုလ်နိဗ္ဗာန်သို့ ပို့ဆောင်ရန် ပရမတ္ထဒေသနာတော်ကို ဟောတော်မူရာတွင် နှလုံးသွင်းမတတ် သူတို့ အပါယ်လေးပါးအစာ ဖြစ်မည့်ဘေးကို ကာကွယ်စောင့်ရှောက်တော်မူလိုသဖြင့် လောကဝေါဟာရပညတ် အပိုင်းအခြားကို မကျူးကျော်ရန် အရင်းခံထားရသည့် သုတ္တန်ဒေသနာတော်ကိုလည်း ဟောကြားတော်မူရသည်ဟု ဆိုလိုသည်။)

ဥပုသ်သီလနှင့်ဆိုင်ရာ ဒေသနာကျမ်းဂန်တို့မှာလည်း သုတ္တန်ဒေသနာချည်းဖြစ်သောကြောင့် လူတို့၏ ပိုင်းခြားပညတ်ချက်ကို ကျူးလွန်ရမည်မဟုတ်ချေ၊ လူတို့က အသီးသီး နှစ်သက်ရာ နေ့ရက်လတို့ကို ပိုင်းခြားစောင့်သုံးကြပုံ အမျိုးမျိုး ကွဲပြားကြသည့်အတိုင်း အင္ဂုတ္တိုရ်ပါဠိ ဖွင့်ပြတော်မူခြင်းဖြစ်သောကြောင့် ဆရာတဦးတည်းပင်ဖြစ်သော်လည်း အယူဝါဒ အထူးထူးဖြစ်၍နေသည်ဟု မှတ်ယူရာ၏။

အချို့ဆရာတို့က "ဝိနည်းပါဠိတော်မှာ ရဟန်းများအား ဥပုသ်နေ့မဟုတ်လျှင် ဥပုသ်မပြုရ၊ ပြုခဲ့လျှင် ဒုက္ကဋ်အာပတ်သင့်စေဟု ပညတ်ချက်ရှိသည်။ ဤနည်းအတိုင်းပင် လူတို့မှာလည်း ဥပုသ်နေ့ မဟုတ်လျှင် ဥပုသ်မစောင့်ရ" ဟု အဆုံးအဖြတ်များပင် ရေးသားကြ၏။

ဤသို့ ရေးသားခြင်းမှာ ဒေသနာတော်နည်း၌ မလိမ္မာသောကြောင့်သာ ဖြစ်သည်။ ဝိနည်းဒေသနာတော်ကို အာဏာဒေသနာဟူ၍ ကျမ်းဂန်တို့၌ ပြဆို၏၊ (မြတ်စွာဘုရား အာဏာထား၍ ဟောကြားပညတ်တော်မူရာ ဒေသနာဖြစ်သည်ဟု ဆိုလိုသည်။) သို့ဖြစ်၍ ဝိနည်းဒေသနာတော် အလိုမှာ စိတ်နှလုံးသွင်းကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ "မပြုလင့်" ဟု တားမြစ်ထားသောအရာကို မပြုပဲနေသောရဟန်းအားသာ အာပတ်လွတ်သည်၊ "ငါ စိတ်ကောင်းဖြင့် ပြုမည်" ဟူ၍ ပြုသော်လည်း တားမြစ်ထားသော အရာဖြစ်က အာပတ်မလွတ်၊ အကြောင်းကား မပြုရဟူသော မြတ်စွာဘုရား၏ အာဏာတော်ကို လွန်ကျူးသောကြောင့်တည်း။ ဤသို့ အာဏာဒေသနာတော်နည်းအရ ရဟန်းများမှာ ဥပုသ်နေ့မဟုတ်ပဲ ဥပုသ်ပြုလျှင် အာပတ်သင့်သည်ကို အထောက်အထားပြုကာ သုတ္တန်ဒေသနာတော်ဆိုင်ရာ လူတို့၏ ဥပုသ်စောင့်သုံးမှု၌လည်း "ဥပုသ်နေ့ မဟုတ်လျှင် ဥပုသ်မစောင့်ရ၊ စောင့်လျှင် အပြစ်

http://www.dhammadownload.com



ရှိသည်”ဟူသော အယူသည် ဒေသနာတော်နည်း၌ နားမလည်ခြင်းလျှင် အကြောင်းရင်းရှိသည်။ အချုပ်အားဖြင့်ဆိုသော် ဥပုသ်ဟူသည် စင်ကြယ်မွန်မြတ်သောအရာဖြစ်၍ မည်သည့်နေ့မှာမဆို စောင့်သုံးနိုင်သည်၊ စောင့်သုံးလျှင် စောင့်သုံးသလောက် အကျိုးကြီးသည်ဟူ၍သာ မှတ်ယူအပ်၏။

ထို့ကြောင့်....

“ဥပေါသထံ ဝုစ္စတိ အဋ္ဌင်္ဂသမန္နာဂတံ သဗ္ဗဒိဝသေသု ဂဟဋ္ဌေဟိ ရက္ခိတဗ္ဗသီလံ=ဥပုသ်ဟူသည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အလုံးစုံသောနေ့ဟူသမျှတို့မှာ စောင့်သုံးလိုတိုင်း လူများ စောင့်သုံးနိုင်သော သီလပင်ဖြစ်သည်”ဟူ၍ သုတ်မဟာဝါ မဟာသုဒဿနသုတ် အဖွင့်ဋီကာ၌ မိန့်ဆိုတော်မူ၏။(ဤဋီကာသည် မူလဋီကာ၏ အဖွင့်ဖြစ်သော အနုဋီကာ ဝိသုဒ္ဓိမဂ်မဟာဋီကာ ဓာတုကထာအဋ္ဌကထာ စသော အဋ္ဌကထာကျမ်းများ ဋီကာကျမ်းများကို ရေးသားတော်မူသည့် အရှင်ဓမ္မပါလ ရေးသားသော ကျမ်းဖြစ်သည်။)

ဘိက္ခုသီလ ဘိက္ခုနီသီလ အနုပသမ္ပန္နသီလ ဂဟဋ္ဌသီလ
လေးပါးပြဆိုချက် ပြီး၏။

---

တနည်းကား....

(၁) ပကတိသီလ၊

(၂) အာစာရသီလ၊

(၃) ဓမ္မတာသီလ၊

(၄) ပုဗ္ဗဟေတုသီလ—

အားဖြင့် လေးပါးအပြားရှိ၏၊ ထိုလေးပါးတို့တွင်....

(၁) မြောက်ကျွန်းသူ မြောက်ကျွန်းသားတို့၏ ပါဏာတိပါတစသော သိက္ခာပုဒ် ငါးပါးတို့ကို မလွန်ကျူးခြင်းသည် ပကတိသီလ မည်၏။ ။(သီလခံယူဆောက်တည်ခြင်း မရှိပဲ မြောက်ကျွန်း၌ ဖြစ်သောသူ ဟူသမျှတို့သည် ပါဏာတိပါတစသော ဒုစရိုက်မှုတို့ကို ပင်ကိုယ်သဘောအားဖြင့် မည်သူမျှ မလွန်ကျူးကြကုန်။ ပင်ကိုယ်သဘောအားဖြင့် ပြည့်စုံသော သီလဟု ဆိုလိုသည်။) ဤမြောက်ကျွန်းသူ မြောက်ကျွန်းသားတို့၏ ငါးပါးကို မလွန်ကျူး

http://www.dhammadownload.com



ခြင်းမှာ ဆောက်တည်ခြင်း=သမာဒါနဝိရတိ မဖြစ်သော်လည်း ဆိုက်ရောက်တွေ့ကြုံလာသည်ကို ရှောင်ကြဉ်ခြင်း တည်းဟူသော သမ္ပတ္တဝိရတိသဘောကို ကား ရနိုင်သည်သာဖြစ်၏။

(၂) အမျိုးအားဖြင့်ဖြစ်စေ အရပ်ဒေသအားဖြင့်ဖြစ်စေ ပါသဏ္ဍ=ခေါ်သော အယူဝါဒအားဖြင့်ဖြစ်စေ မိမိ မိမိတို့၏ ရှေးလူကြီးများက ထားရှိခဲ့သော အပိုင်းအခြား စည်းကမ်းအတိုင်း လိုက်နာကျင့်ကြံခြင်းသည် အာစာရသီလ မည်၏။ ။(မိမိတို့၏ အမျိုးအစဉ်အဆက်က ရှောင်ကြဉ်လာသော မကောင်းမှုဖြစ်သည့်အတွက် ရှောင်ကြဉ်ခြင်းသည် ကုလအာစာရသီလမည်၏။ မိမိတို့ နေရာ အရပ်ဒေသမှာ အများရှောင်ကြဉ်ကြသော မကောင်းမှုဖြစ်သည့်အတွက် ရှောင်ကြဉ်ခြင်းသည် ဒေသအာစာရသီလမည်၏။ ပါသဏ္ဍ=ခေါ် အယူဝါဒအရ ရှောင်ကြဉ်ခြင်းသည် ပါသဏ္ဍသီလမည်၏။ ပါသဏ္ဍပုဒ်၌ ပါသ+ဍ နှစ်မျိုးကို ပေါင်းစပ်ထားရာ ပါသ=ကျော့ကွင်း၊ တဏှာနှင့်ဒိဋ္ဌိ နှစ်ပါးကို ဆိုလိုသည်၊ ဍ=ဖြစ်စေသည်၊ ပါသဏ္ဍ=တဏှာကျော့ကွင်း ဒိဋ္ဌိကျော့ကွင်းတို့ကို ဖြစ်စေ တတ်သောအယူဟု ဆိုလိုသည်။)

(၃) ဘုရားအလောင်းတော် ပဋိသန္ဓေ တည်နေသည့်အခါမှစ၍ မယ်တော်၏သန္တာန်ဝယ် ယောကျ်ားများ၌ ကာမဂုဏ်အတွက် နှစ်သက်မက်မောသည့် စိတ် မရှိခြင်း တည်းဟူသော သီလသည် ဓမ္မတာသီလ မည်၏။ ။(ဘုရားလောင်း၏ မယ်တော်သည် ပင်ကိုယ်ကပင် ငါးပါးသီလ ပြည့်စုံသူဖြစ်၏၊ အခြားသော ယောကျ်ားများကို မဆိုထားဘိ၊ မိမိ၏ အရှင်သခင်လင်ကိုပင် အလောင်းတော် ပဋိသန္ဓေ တည်နေသည်ကစ၍ ကာမဂုဏ်အတွက် နှစ်သက်မက်မောခြင်းမရှိ၊ ဤသို့ မရှိခြင်းမှာ အလွန်တရာ မြင့်မြတ်သော ဘုရားအလောင်းတော်သည် မိမိဝမ်းတိုက်တွင် ကိန်းအောင်းတော်မူသည့်အတွက် ဖြစ်၏။ ဤသီလကို မယ်တော်တိုင်းမှာ ဓမ္မတာအားဖြင့် ပြည့်စုံမြဲဖြစ်၍ ဓမ္မတာသီလဟု ခေါ်၏။)

(၄) အရှင်မဟာကဿပဖြစ်မည့် ပိပ္ပလိလုလင်စသည်တို့ကဲ့သို့ စင်ကြယ်သော ပုဂ္ဂိုလ်များ မဟာသီလဝမင်း စသည်တို့ကဲ့သို့သော ဘုရားအလောင်းတော်ကြီးများမှာ ဟောကြားပြသမည့်သူမရှိပဲ အလိုအလျောက် သီလစောင့်သုံးလိုသော သမ္ဘာဆန္ဒဖြစ်ကာ သီလကိုစောင့်သုံးခြင်းသည် ပုဗ္ဗဟေတုသီလ မည်၏။ ။(ရှေးရှေးဘဝတို့က ကျင့်သုံးခဲ့ဘူးသော သီလအကြောင်းကံကြောင့် ယခုဘဝမှာ မည်သူကမျှ မဟောပြရပဲ အလိုအလျောက် စောင့်သုံးဖြစ်ပေါ်လာသော သီလဟု ဆိုလိုသည်။)

http://www.dhammadownload.com



တနည်းကား....

(၁) ပါတိမောက္ခသံဝရသီလ၊
(၂) ဣန္ဒြိယသံဝရသီလ၊
(၃) အာဇီဝပါရိသုဒ္ဓိသီလ၊
(၄) ပစ္စယသန္နိဿိတသီလ—

အားဖြင့် လေးပါးအပြားရှိ၏။ ဤလေးပါးတို့မှာ ရဟန်းများနှင့်သာ အထူးသက်ဆိုင်သော သီလဖြစ်ကုန်၏။ အလောင်းတော် သုမေဓာရှင်ရသေ့ သီလပါရမီကို ဆင်ခြင်ရာ၌လည်း ဤသီလလေးပါးကိုပင် ရည်ရွယ်၍...."တထေဝ တွံ စတူသု ဘူမိသု၊ သီလာနိ ပရိပူရယ" ဟူ၍ မြွက်ကြားတော်မူသည်။ ထိုလေးပါးတို့တွင်....

## (၁) ပါတိမောက္ခသံဝရသီလ

စောင့်ရှောက်သောသူကို အပါယ်စသော ဆင်းရဲတို့မှ လွတ်မြောက်စေတတ်သော သီလသည် ပါတိမောက္ခသံဝရသီလ မည်၏။ ။(ပါတိ=စောင့်ရှောက်သူ၊ မောက္ခ=လွတ်စေသည်။)

ဤသီလကို စောင့်ရှောက်သောသူသည်....(က) ကောင်းမြတ်သော အကျင့်တရား (ခ) ကောင်းမြတ်သော=အပြစ်မရှိသော ကျက်စားရာဌာနတို့နှင့် ပြည့်စုံရသည်။ (ဂ) ပရမာဏုမြူ=ခေါ်သည့် အလွန်အဲသေးငယ်ဆုံးဖြစ်သော မြူမှုန်မျှလောက်ရှိသည့် အပြစ်ကလေးတွေကိုပင် ရေပေါ် ရေအောက် ယူဇနာပေါင်း တသိန်း ခြောက်သောင်း ရှစ်ထောင် အစောက်ရှိသော မြင်းမိုရ်တောင်ကြီးလောက် ကြောက်ဖွယ်မဟေး သေးကြီး အပြစ်ကြီးဟူ၍ ရှုကြည့်လေ့ရှိပြီးလျှင် (ဃ)သိက္ခာပုဒ်တို့ကို ကောင်းစွာဆောက်တည် ကျင့်ကြံရသည်။ထိုစကားရပ်ကို ချဲ့ဦးအံ့....၊

(က) လောက၌ ကျင့်အပ် ကျင့်ထိုက် ကျင့်ကောင်းသည့် အာစာရတရားလည်း ရှိသည်၊ မကျင့်အပ် မကျင့်ထိုက် မကျင့်ကောင်းသည့် အနာစာရတရားလည်း ရှိသည်၊ ပါဏာတိပါတစသော ဒုစရိုက်သုံးပါး (သက်သတ် ခိုးမှု၊ ကာမေသု) တို့ကို ကိုယ်ဖြင့်လွန်ကျူးခြင်း မုသာဝါဒစသော ဒုစရိုက်လေးပါး (မုသာ မိတ်ခွဲ ဆဲရေး ပြိန်ဖျင်း) တို့ကို နှုတ်ဖြင့်လွန်ကျူးခြင်း ထိုဒုစရိုက် ခုနစ်ပါးတို့ကို ဆိုင်ရာဆိုင်ရာ ကိုယ်နှုတ်တို့ဖြင့် လွန်ကျူးခြင်း ကိုယ်နှုတ်နှစ်ပါးဆိုင်ရာ ဒုစရိုက်ခုနစ်ပါးတို့တွင် မပါဝင်ပဲ အခြားသောသီလပျက်စီးကြောင်း မကောင်းသောအမူဟူသမျှသည် မကျင့်အပ် မကျင့်ထိုက် မကျင့်ကောင်းသည့် အနာစာရ မည်၏။

http://www.dhammadownload.com



သီလပျက်စီးကြောင်း မကောင်းသောအမှုထဲမှ အချို့ကို ထုတ်ပြရသော်.... ဤလောက၌ အချို့သောရဟန်းသည် ဒကာ ဒကာမများအား ဝါးပေးခြင်းဖြင့်သော်၎င်း သစ်ရွက်ပေးခြင်းဖြင့်သော်၎င်း ပန်းပေးခြင်းဖြင့်သော်၎င်း သစ်သီးပေးခြင်းဖြင့်သော်၎င်း ဆပ်ပြာမှုန့် ပေးခြင်းဖြင့်သော်၎င်း ဒန်ပူ ပေးခြင်းဖြင့်သော်၎င်း မိမိကိုယ်ကို နှိမ့်ချကာ ဒကာ ဒကာမတို့၏ မမှန်ကန်သော စကားကိုပင် အတည်ပြုလျက် မိမိကိုယ်ကို ချစ်စေလိုသည့်အတွက် မြှောက်ထိုးပင့်ကော် ပြောဆိုခြင်းဖြင့်သော်၎င်း ပဲနောက်ဟင်းချက်ရာမှာ နူးနပ် မနူးနပ် နှစ်မျိုး ရောနှောပါသကဲ့သို့ စကားပြောရာမှာ အမှန်နည်းပါး အမှားများ၍ ရောနှောပြောဆိုခြင်းဖြင့်သော်၎င်း ဒကာ ဒကာမတို့၏ ကလေးများကို ကလေးထိန်းများပမာ ချီပိုးခြင်း တန်းဆာဆင်ပေးခြင်း စသည်ဖြင့်သော်၎င်း သလုံးမြင်းခေါင်းသြောင်းလောက်အောင် သွားလာကာ ဒကာ ဒကာမတို့၏ အစေအပါးကိုခံခြင်းဖြင့်သော်၎င်း ဆေးကုခြင်း ပစ္စည်းဥစ္စာထိန်းပေးခြင်း အစားအသောက် အပြန်အလှန်ပေးပို့ခြင်း စသည့် အခြားအမှတ်မရှိ တပါးပါးသော ဘုရား စက်ဆုပ်အပ်သည့် မကောင်းသော အသက်မွေးမှုဖြင့်သော်၎င်း အသက်မွေးငြားအံ့၊ ယို အသက်မွေးမှုများကို မကောင်းသောအကျင့် ( အနာစာရ ) ဟူ၍ ဆိုအပ်၏။

ရဟန်းတို့မှာ ဒကာ ဒကာမတို့က မတောင်းမရမ်းပဲ ပေးသည်ကို မဆိုထားဘိ၊ အသုံးလိုကြောင်းဖြင့် လျှောက်တောင်းလာစေကာမူ ဝါး သစ်ရွက် စသော ပစ္စည်းတို့ကို မပေးကောင်း၊ ထိုသို့ပေးခြင်းများသည် ရဟန်းတို့၏ အလုပ်ကိစ္စမဟုတ်၊ မပြုကောင်းသည့် ထိုအမှုတို့ကို ပြုလုပ်ခဲ့လျှင် ဝိနည်းဒေသနာတော်အရ ကုလဒူသနဟု ခေါ်သည်။ (ဒကာ ဒကာမတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်းအမှုဟု ဆိုလိုသည်။)

ဤအရာ၌ "ပစ္စည်းလာတောင်းသူအား ရှိပါလျက်နှင့် မပေးလိုက်လျှင် သဒ္ဓါတရား ပျက်ကွက်မည်ဖြစ်သည်၊ ပေးလိုက်ပါမူ ငါ့အလိုရှိရာကို ပေးသောကိုယ်တော်ဟူ၍ ကြည်ညိုခြင်းသဒ္ဓါတရား တိုးပွါး၍လာမည်သာ မဟုတ်ပါလော"ဟု မေးရန်ရှိ၏။ ထိုပစ္စည်းပေးသော ကိုယ်တော်ကို မပေးခင်က ဒကာ ဒကာမတို့၏ စိတ်၌ မြတ်စွာဘုရား၏ တပည့်သားတော်အနေဖြင့် ကြည်ညိုခြင်းသည် သဒ္ဓါတရားအစစ်အမှန်ဖြစ်၏၊ ဝါး စသည်ကို ပေးလိုက်သောအခါ 'ငါ့အား ဝါး ပေးသည့်ကိုယ်တော်၊ ဟင်းရွက်ပေးသည့်ကိုယ်တော်' စသည်ဖြင့် စိတ်ထဲမှာ ထင်မြင်ကာ သံယောဇဉ်တွယ်လာသည် ဖြစ်သောကြောင့် ပစ္စည်းပေး၍ ကြည်ညိုခြင်းမှာ တဏှာဖြင့် ယှဉ်ကြယ်သော သဒ္ဓါတရား အစစ်မဟုတ်၊ သဒ္ဓါတရားအစစ်ကား

http://www.dhammadownload.com



ပျက်စီးသွားလေပြီ၊ ဤသို့သဒ္ဓါတရားအစစ် ပျက်စီးစေတတ်သည်ကို ရည်ရွယ်၍ ကုလဒူသန=ဒကာ ဒကာမတို့၏ သဒ္ဓါတရားအစစ်ကို ပျက်စီးစေတတ်သောအမှုဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည်။

ကျင့်အပ် ကျင့်ထိုက် ကျင့်ကောင်းသည့် အာစာရတရားအရမှာ မကျင့်ကောင်းသည့် အနာစာရ၌ ပြုခဲ့သမျှကို ပြောင်းပြန်လှန်၍ယူလျှင် ကျင့်ကောင်းသည့် အာစာရတရားစုဖြစ်လာ၏၊ ပြောင်းပြန်လှန်ဟူသည်ကား....ပါဏာတိပါတ စသော ဒုစရိုက်သုံးပါးတို့ကို ကိုယ်ဖြင့် မကျူးလွန်ခြင်း စသည်ပင်ဖြစ်၏။

(ခ) ကျက်စားရာဌာနမှာလည်း အပြစ်မရှိသော ကျက်စားရာဌာန အပြစ်ရှိသော ကျက်စားရာဌာနဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင်....

အပြစ်ရှိသော ကျက်စားရာဌာနဟူသည်ကား....ဤသာသနာတော်၌ အချို့သောရဟန်းသည် ပြည့်တန်းဆာမလျှင် အရောတဝင် ကျက်စားရာရှိတတ်၏၊ (ပြည့်တန်းဆာမအိမ်သို့ အရောတဝင် ဝင်ထွက်သွားလာခြင်းကို ဆိုလိုသည်။) လင်သေ လင်ကွာသောမိန်းမ၊ အပျိုကြီး၊ ပဏ္ဍုက်၊ ဘိက္ခုနီမ၊ သေတင်းကုပ်(ဘုံဆိုင်)လျှင် အရောတဝင် ကျက်စားရာရှိတတ်၏၊ ဘုရင်မင်းတို့နှင့်ငှင်း မင်း၏ အမတ်ကြီးတို့နှင့်ငှင်း တိတ္ထိတို့နှင့်ငှင်း တိတ္ထိများ၏တပည့်တို့နှင့်ငှင်း ရဟန်းတို့အား မသင့်လျော်သော လူတို့၏ရောနှောခြင်းမျိုးဖြင့် ရောနှောနေတတ်၏။ ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာတည်းဟူသော မြတ်စွာဘုရား၏ တပည့်သား တပည့်မတို့အား မသဒ္ဓါ မကြည်ညို ဆဲရေးခြိမ်းချောက်စကား ပြောကြား၍ အကျိုးမဲ့ အစီးပွါးမဲ့ ချမ်းသာမဲ့ကို အလိုရှိသည့်အိမ်တို့သို့ မှီဝဲဆည်းကပ်တတ်၏။ ထိုရဟန်း၏ ကျက်စားရာဖြစ်သော ပြည့်တန်းဆာမ၊ လင်သေ လင်ကွာသောမိန်းမ၊ အပျိုကြီး၊ ပဏ္ဍုက်၊ ဘိက္ခုနီမ၊ သေတင်းကုပ်(ဘုံဆိုင် အရက်ဆိုင်)၊ မင်း၊ မင်း၏အမတ်ကြီး၊ တိတ္ထိ၊ တိတ္ထိတို့၏တပည့်များ၊ မြတ်စွာဘုရား၏ ပရိသတ်လေးပါးတပည့်များကို မသဒ္ဓါ မကြည်ညိုသောအိမ် ဤအလုံးစုံသည် အပြစ်ရှိသော ကျက်စားရာဌာနမည်၏။ ထိုရဟန်း၏ ထိုဆိုအပ်ပြီးသော ဌာနတို့၌ ကျက်စားခြင်းကိုလည်း အပြစ်ရှိသော အပြစ်မကင်းသော ကျက်စားခြင်းဟူ၍သာ ဆိုအပ်၏။

ကျက်စားခြင်းဟူသည် မမြတ်သဘော အရောတဝင် မိတ်ဖွဲ့ကျက်စားခြင်းကို ဆိုလိုသည်၊ ပြည့်တန်းဆာမပင် ဖြစ်သော်လည်း တရံတခါ လှူဒါန်းလို၍ ပင့်ဖိတ်လျှင် သတိတရား လက်မလွှတ်စေပဲ အလှူခံသွားနိုင်ပေ၏။ ဤ၌ ပြည့်တန်းဆာမ၊ လင်သေ လင်ကွာသောမိန်းမ၊ အပျိုကြီး၊ ပဏ္ဍုက်၊ ဘိက္ခုနီမ ဤငါးဌာနမှာ ကာမဂုဏ်ငါးပါး၏ မှီရာ

http://www.dhammadownload.com



နီဿယဖြစ်သောကြောင့် မကျက်စားကောင်းသောဌာန ဖြစ်ရသည်၊ သေတင်းကုပ် ဘုံဆိုင် အရက်ဆိုင်တို့မှာ မြတ်သောအကျင့်၏ အန္တရာယ်ကို ပြုတတ်သောကြောင့် မကျက်စားရာသောဌာနဖြစ်သည်။မင်း၊မင်း၏ အမတ်ကြီးတို့မှာ ရဟန်းတရားအား ကျေးဇူးမများသည့်ပြင် လာဘ်ပူဇော်သက္ကာရတည်းဟူသော မိုးကြိုးစက်ဖြင့် ကြိတ်ဖျက်တတ်သောကြောင့် မကျက်စားအပ်သော ဌာနဖြစ်သည်၊ သဒ္ဓါတရား မရှိသောအိမ် မကြည်ညိုသောအိမ် ဆဲရေးခြိမ်းချောက်သည့်အိမ်တို့မှာ သဒ္ဓါတရား ဆုတ်ယုတ်ခြင်း စိတ်၏ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သောကြောင့် မကျက်စားအပ်သော ဌာနဖြစ်သည်။

အပြစ်မရှိသော ကျက်စားရာဌာနအရကို ပြအပ်ပြီးသည်ကို ပြောင်းပြန်လှန်သောအားဖြင့် သိအပ်၏။ ပြောင်းပြန်လှန်ဟူသည်မှာ....အကြင်အမျိုးသား အမျိုးသမီးတို့သည် သဒ္ဓါတရားရှိကုန်၏၊ ရတနာသုံးတန် ဂုဏ်ကျေးဇူးကို ယုံကြည်ကြကုန်၏၊ ရဟန်းတို့၏ သောက်သုံးရှိမကုန်နိုင်သော ရေတွင်း ရေကန် သဖွယ် ဖြစ်ကြကုန်၏၊ ရဟန်းတို့၏ သင်္ကန်းရောင်ဖြင့် ပြောင်ပြောင်တောက်၍ နေကုန်၏ (အိမ်သို့ ဝင်ထွက်သော ရဟန်းများ မပြတ်သည်ကို ဆိုလိုသည်)၊ ရဟန်းတို့၏ သင်္ကန်း ကိုယ်အင်္ဂါလှုပ်ရှားမှုမှ ဖြစ်သောလေတို့ဖြင့် အမြဲတိုက်ခတ်၍နေကုန်၏၊ ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာတို့၏ အကျိုးစီးပွါး ချမ်းသာခြင်းကို အလိုရှိကုန်၏၊ ထိုသို့ သဘောရှိသော အမျိုးသား အမျိုးသမီးတို့၏ နေအိမ်သည် ရဟန်းတော်များအဖို့ အပြစ်မရှိသော ကျက်စားရာဌာနမည်၏ဟူ၍ ဆိုအပ်၏။

ထနည်းကား....ဤဆိုလတ္တံ့ သောနည်းဖြင့်လည်း အာစာရနှင့် ဂေါစရအရကို သိအပ်၏။ အဘယ်သို့ သိအပ်သနည်းဟူမူကား—

မကျင့်ကောင်းသော အနာစာရတရားသည် ကိုယ်၌ဖြစ်သော ကာယိက အနာစာရ, နှုတ်၌ဖြစ်သော ဝါစသိက အနာစာရ ဟူ၍ နှစ်ပါးရှိရာ ကိုယ်၌ဖြစ်သော ကာယိကအနာစာရဟူသည်မှာ....ရဟန်းဖြစ်လျက် သံဃာ့ဘောင်သို့ ရောက်ရှိသောအခါ ရိုသေသောအခြင်းအရာကို မပြုခြင်း မထေရ်ကြီးတို့ကို ထိပါး ပွတ်တိုက်၍ ရပ်ခြင်း ထိုင်ခြင်း မထေရ်ကြီးတို့၏ရှေ့မှ ရပ်ခြင်း ထိုင်ခြင်း မထေရ်ကြီးတို့၏ အထက်ကျသောနေရာ၌ နေထိုင်ခြင်း ခေါင်းမြီးခြုံ၍ ထိုင်နေခြင်း မတ်တတ်ရပ်၍ စကားပြောခြင်း လက်ကိုဝှေ့၍ ရမ်း၍ မြှောက်၍ စကားပြောခြင်း မထေရ်ကြီးများ ဘိနပ်မစီးပဲ စင်္ကြံသွားနေစဉ် မိမိက ဘိနပ်စီးလျက် စင်္ကြံသွားခြင်း မထေရ်ကြီးများ နိမ့်သောနေရာ၌ စင်္ကြံသွားစဉ် မိမိက မြင့်သောနေရာ၌ စင်္ကြံသွားခြင်း မထေရ်ကြီးများ မြေအပြင်၌ စင်္ကြံသွားစဉ် မိမိက

http://www.dhammadownload.com



စကြံ၌ စကြံသွားခြင်း မထေရ်ကြီးတို့ကို တိုးဝှေ့၍ထိုင်ခြင်း တိုးဝှေ့၍ ရပ်ခြင်း သီတင်းငယ်များကို နေရာဖြင့်တားမြစ်ခြင်း (နေရာမပေးခြင်း)၊ မီးတင်းကုပ်ထဲ၌ မထေရ်ကြီးတို့ကို ခွင့်မပန်ပဲ ထင်းထည့်ခြင်း တံခါးပိတ်ခြင်း ရေဆိပ်၌ မထေရ်ကြီးတို့ကို ပွတ်တိုက်ထိပါး၍ဆင်းခြင်း ရှေ့မှဆင်းခြင်း ပွတ်တိုက်ထိပါး၍ ရေချိုးခြင်း ရှေ့မှရေချိုးခြင်း မထေရ်ကြီးတို့ကို ပွတ်တိုက်ထိပါး၍ ကမ်းသို့တက်ခြင်း ရှေ့မှတက်ခြင်း၊ ရွာတွင်းသို့ဝင်သောအခါ မထေရ်ကြီးတို့ကို ပွတ်တိုက်ထိပါး၍သွားခြင်း ရှေ့မှသွားခြင်း ရှေ့ကသွားသော မထေရ်ကြီးများကို ဘေးမှရှောင်တက်ကာ ထိုမထေရ်ကြီးတို့၏ ရှေ့မှသွားခြင်း၊ မြို့ရွာအတွင်းရောက်သောအခါ ဒကာ ဒကမတို့၏ လျှို့ဝှက်အပ်သောတိုက်ခန်း အမျိုးသမီးများ နေထိုင်ရာတိုက်ခန်းအတွင်းသို့ အဆောတလျင်ဝင်ခြင်း၊ ထိုအိမ်ရှိ ကလေးသူငယ်တို့၏ ဦးခေါင်းကို သုံးသပ်ကိုင်တွယ် (ချစ်ခင်သည့် အမူအရာကိုပြ)ခြင်း ဤအလုံးစုံသည် ကိုယ်၌မှီသော(ကိုယ်ဖြင့်ပြုအပ်သော) မကောင်းသောအကျင့်=ကာယိကအနာစာရမည်၏။

နှုတ်၌မှီသော (နှုတ်ဖြင့်ပြောအပ်သော)မကောင်းသောအကျင့်=ဝါစသိကအနာစာရဟူသည်ကား....ရဟန်းဖြစ်လျက် သံဃာ့ဘောင်သို့ ရောက်ရှိသောအခါ ရှိသေသောအခြင်းအရာကို မပြုမူ၍ မထေရ်ကြီးများကို အခွင့်မပန်ပဲ တရားဟောခြင်း သူတပါးအမေးကို ဖြေဆိုခြင်း ပါတိမောက်ကိုပြခြင်း (ရွတ်ဆိုခြင်း) မတ်တတ်ရပ်၍စကားပြောခြင်း လက်ရုံးဆန့်တန်း ရမ်း၍ စကားပြောခြင်း၊ မြို့တွင်းရွာတွင်းရောက်သောအခါ မိန်းမကြီးများကိုငှင်း မိန်းမပျိုများကို ငှင်း "ဤမည်သောမိန်းမ.... (သုမနာ....စသည်) ဤအနွယ် ရှိသောမိန်းမ.... (ဂေါတမီ....စသည်) ဘာများရှိသနည်း၊ ယာဂုရှိသလော၊ ထမင်းရှိသလော၊ ခဲဖွယ်ရှိသလော၊ ဘာကိုသောက်ရမည်နည်း၊ ဘာကို ခဲရမည်နည်း၊ ဘာကိုစားရမည်နည်း၊ ငါ့အား ဘာကိုပေးလှူမည်နည်း" အစရှိသည်ဖြင့် အထူးထူး အထွေထွေ ဗလွတ်မစောင့်မစည်း ပြောဆိုခြင်း ဤအလုံးစုံသည် နှုတ်၌မှီသော(နှုတ်ဖြင့်ပြောအပ်သော)မကောင်းသောအကျင့်=ဝါစသိကအနာစာရမည်၏။

ကျင့်ကောင်းသော အာစာရတရားကိုလည်း ဆိုအပ်ပြီးသည့် မကျင့်ကောင်းသော အနာစာရတရားတို့ကို ပြောင်းပြန်လှန်သောအားဖြင့် သိအပ်၏။ တနည်းကား....ရိုသေခြင်း ကျိုးနွံခြင်း အရှက်အကြောက်နှင့် ပြည့်စုံခြင်း သင်းပိုင်ကို ကောင်းစွာဝတ်ခြင်း ဧကစ္စိကို ကောင်းစွာရုံခြင်း ကြည်ညိုဖွယ်ကောင်းသည့် ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း တည့်တည့်ကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်း မျက်လွှာချခြင်း တည်းဟူသော ဣရိယာပုသ်နှင့် ပြည့်စုံခြင်း ဣန္ဒြေတို့၌ လုံခြုံစွာစောင့်ရှောက်ခြင်း အစားအသောက်တို့၌ အတိုင်းအရှည်ပမာဏကိုသိခြင်း နိုးကြားမှုကို အားထုတ်ခြင်း

http://www.dhammadownload.com



မမေ့မလျော့ခြင်း အရာရာ၌ သမ္မာဉာဏ်တရား လက်ရှိထားခြင်း အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်း ကုသိုလ်တရားတို့၌ အားထုတ်သောလုံ့လဝီရိယရှိခြင်း ရှေး၌ ပြဆိုခဲ့သော အာဘိသမာစာရိကသီလအကျင့်တို့၌ ရှိသေစွာ ကျင့်လေ့ရှိခြင်း ဤတရားစုကို ကောင်းသောအကျင့် ကျင့်ကောင်းသော အာစာရတရားဟူ၍ ဆိုအပ်၏။

ကျက်စားရာဂေါစရကား (၁) ဥပနိဿယဂေါစရ=သီလစသော ဂုဏ်ကျေးဇူးတို့၏ အားကြီးသော အကြောင်းဖြစ်သည့် ကျက်စားရာ၊ (၂) အာရက္ခဂေါစရ=စိတ်ကို စောင့်ရှောက်တတ်သောကျက်စားရာ၊ (၃) ဥပနိဗန္ဓဂေါစရ=စိတ်ကို ဖွဲ့ချည်၍ထားရာဖြစ်သော ကျက်စားရာ ဟူ၍ သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင်....

(၁) ဝဋ်မှထွက်မြောက်ကြောင်း စကားကောင်း ဆယ်မျိုးကိုသာ ပြောကြားခြင်းတည်းဟူသော ဂုဏ်ကျေးဇူးနှင့်ပြည့်စုံသည့် ကလျာဏမိတ်ဆွေသည် ဥပနိဿယဂေါစရမည်၏။ ယင်းကလျာဏမိတ်ဆွေကိုအမှီပြု၍ မကြားဘူးသည်ကို ကြားနာရခြင်း ကြားနာပြီးသောတရားကို စင်ကြယ်စေခြင်း ယုံမှားကို ပယ်ဖျောက်ခြင်း အယူကို ဖြောင့်စွာပြုနိုင်ခြင်း စိတ်ကြည်လင်ခြင်း အကျိုးတို့ကို ရနိုင်သည့်ပြင် ယင်းသည့်ကလျာဏမိတ်ဆွေကို အတုလိုက်၍ ကျင့်ခြင်းဖြင့် သဒ္ဓါ သီလ သုတ စာဂ ပညာတရားတို့ တိုးပွါးနိုင်ပေသည်။ သို့ရကား ထိုကလျာဏမိတ်ဆွေသည် သီလစသော ဂုဏ်ကျေးဇူးတို့ တိုးပွါးရန် အားကြီးသော အကြောင်းဖြစ်သည့်=ဥပနိဿယဂေါစရမည်၏။

ဝဋ်မှထွက်မြောက်ကြောင်း စကားကောင်းဆယ်မျိုးဟူသည်ကား....

(၁) အပ္ပိစ္ဆကထာ=အလိုနည်းကြောင်းစကား၊

(၂) သန္တုဋ္ဌိကထာ=မိမိမှာရှိသော ပစ္စည်းဖြင့်သာ နှစ်သိမ့်ကျေနပ်ကြောင်း စကား၊

(၃) ပဝိဝေကကထာ=ဆိတ်ငြိမ်ရာအရပ်၌ နေသင့်ကြောင်းစကား၊

(၄) အသံသဂ္ဂကထာ=မရောနှောထိုက်သောသူတို့နှင့် မရောနှောသင့်ကြောင်း စကား၊

(၅) ဝီရိယာရမ္ဘကထာ=အားထုတ်ရမည့် အရာတို့မှာ ကောင်းစွာ အားထုတ်သင့်ကြောင်း စကား၊

(၆) သီလကထာ=ကောင်းမြတ်သောသီလနှင့် စပ်လျဉ်းသောစကား၊

http://www.dhammadownload.com



(၇) သမာဓိကထာ=တည်ကြည်ခြင်းသမာဓိနှင့်စပ်လျဉ်းသောစကား၊

(၈) ပညာကထာ=ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့နှင့် စပ်လျဉ်းသော စကား၊

(၉) ဝိမုတ္တိကထာ=ဖိုလ်နှင့် စပ်လျဉ်းသောစကား (တနည်း ဝိမုတ္တိ ငါးမျိုးနှင့် စပ်လျဉ်းသောစကား)၊

(၁၀) ဝိမုတ္တိဉာဏဒဿနကထာ=မဂ်ဖိုလ်တို့ကို ဆင်ခြင် သိမြင်သည့် ပစ္စဝေက္ခဏာဉာဏ်နှင့် စပ်လျဉ်းသောစကား—

ဤဆယ်ပါးတို့ဖြစ်သည်။

အကျဉ်းချုပ်ပြဆိုလျှင် ဖော်ပြရာပါ ဝဋ်မှထွက်မြောက်ကြောင်း စကားကောင်း ဆယ်ပါးတို့ကိုသာ ပြောဆိုလေ့ရှိသဖြင့် မကြားနာဘူးသေးသည်ကို ကြားနာရခြင်းစသော အကျိုးငါးပါးကို ရစေနိုင်သည့်ပုဂ္ဂိုလ် သဒ္ဓါ သီလ သုတ စာဂ ပညာ တရားငါးပါးတို့ကို တိုးပွါးစေတတ်သည့် ကလျာဏမိတ်ဆွေပုဂ္ဂိုလ် ဤပုဂ္ဂိုလ်များသည် ဥပနိဿယဂေါစရ=သီလစသော ဂုဏ်ကျေးဇူးတို့ တိုးပွါးရန် အားကြီးသောအကြောင်းဖြစ်သည့် ကျက်စားရာမည်၏။

(၂) စိတ်ကို စောင့်ရှောက်တတ်သည့် သတိတရားသည် အာရက္ခဂေါစရ မည်၏။ အာရက္ခ=စိတ်ကိုစောင့်ရှောက်တတ်သည့်၊ ဂေါစရ=ကျက်စားရာသတိတရား၊ ယင်းသည့် သတိတရားတည်းဟူသော ကျက်စားရာ ဂေါစရ၌ ကျက်စားသော ရဟန်းသည် မြို့ရွာအတွင်း ဆွမ်းခံဝင်သောအခါ မျက်လွှာကိုချ ထမ်းပိုးတပြန်မျှကြည့်၍ ဣန္ဒြေကို စောင့်စည်း၍ သွားလေ့ရှိပေ၏၊ ဆင်တပ် မြင်းတပ် ရထားတပ် ခြေလျင်တပ် မိန်းမယောကျ်ားတို့ကို မကြည့်မူ၍ သွား၏၊ အထက်ကိုလည်း မော့၍မကြည့်၊ အောက်ကိုလည်း ငုံ့၍မကြည့်၊ အရပ်ရှစ် မျက်နှာ မှာမှာ အရပ်တို့ကို မကြည့်မူ၍သာလျှင် သွား၏။ သတိတည်းဟူသော အာရက္ခဂေါစရ၌ မကျက်စားသော ရဟန်းကား မြို့ရွာအတွင်း ဆွမ်းခံဝင်သော အခါ ကြီးကားကျား တောင်းမျှောက် တောင်မြောက်ထွေလာ ကြည့်၍သာ သွားတတ်၏။ သို့ရကား သတိတရားသည် ရဟန်း၏စိတ်ကို အကုသိုလ်များ မဝင်ရောက်အောင် စောင့်ရှောက်တတ်သည့် ကျက်စားရာ=အာရက္ခဂေါစရ မည်၏။

(၃) သတိပဋ္ဌာန်တရားလေးပါး ကမ္မဋ္ဌာန်းတို့သည် စိတ်ကို ဖွဲ့ချည်ထားရာ စားကျက်ကြီးများ ဖြစ်ကြသောကြောင့် ဥပနိဗန္ဓဂေါစရ မည်ကုန်၏။ (ဥပနိဗန္ဓ=စိတ်ကိုဖွဲ့ချည်ထားရာ၊ ဂေါစရ=စားကျက်ကြီးများ။)

http://www.dhammadownload.com



ပါတိမောက္ခသံဝရသီလကို ထက်ဝန်းကျင် ဖြူစင်အောင် ဖြည့်ကျင့်လိုသော ရဟန်းသည် ဖော်ပြရာပါ ကောင်းမြတ်သော အာစာရတရား, ဂေါစရတရားတို့နှင့် ပြည့်စုံရသည့်ပြင် အဏုမြူမျှလောက်သော အပြစ်ငယ်ကဇလေးတို့ကိုပင် သော်လည်း ကြောက်ဖွယ်မဟေး ဘေးကြီး အပြစ်ကြီးဟူ၍ ရှုလေ့ရှိပြီးလျှင် သိက္ခာပုဒ်တို့ကို ကောင်းစွာဆောက်တည် ကျင့်ကြံရလေသည်။

ပါတိမောက္ခသံဝရသီလ ပြီး၏။

---

## (၂) ဣန္ဒြိယသံဝရသီလ

ဣန္ဒြေတို့ကို စောင့်ရှောက်ခြင်းသည် ဣန္ဒြိယသံဝရသီလ မည်၏။ (မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ် ဤခြောက်ပါးတို့ကို ဣန္ဒြိယ=ဣန္ဒြေ ဟူ၍ ခေါ်၏။ ဣန္ဒြေဟူသည် အစိုးရခြင်းပင်တည်း။ အဆင်းရူပါရုံကို မြင်မှု၌ မျက်စိ (စက္ခုပသာဒ)ကသာ အစိုးရ၏၊ မျက်စိ (စက္ခုပသာဒ) ချို့ယွင်းလျှင် မမြင်နိုင်တော့ပြီ(စက္ခုဝိညာဏ်စိတ်မဖြစ်နိုင်တော့ပြီ)၊သို့ဖြစ်၍ မျက်စိ(စက္ခုပသာဒ)ကို စက္ခုန္ဒြေဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည်။ ဤနည်းအတူ အသံအမျိုးမျိုးတို့ကို ကြားရာ၌ နား (သောတပသာဒ)သည် အစိုးရ၏၊ နား (သောတပသာဒ)ချို့ယွင်းလျှင် အသံကို မကြားနိုင်တော့ပြီ (သောတဝိညာဏ် စိတ် မဖြစ်နိုင်)၊ သို့ဖြစ်၍ နား(သောတပသာဒ)ကို သောတိန္ဒြေဟူ၍ မြတ်စွာ ဘုရား ဟောကြားတော်မူသည်။ အနံ့အမျိုးမျိုးတို့ကို နမ်းရှူရာ၌ နှာခေါင်း (ဃာနပသာဒ)သည် အစိုးရ၏၊ နှာခေါင်း (ဃာနပသာဒ) ချို့ယွင်းလျှင် အနံ့ကို မနမ်းရှူနိုင်တော့ပြီ (ဃာနဝိညာဏ်စိတ် မဖြစ်နိုင်)၊ သို့ဖြစ်၍ နှာခေါင်း (ဃာနပသာဒ)ကို ဃာနိန္ဒြေဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည်။ အရသာအမျိုးမျိုးကို လျက်ရာ စားရာ၌ လျှာ(ဇိဝှါပသာဒ) သည် အစိုးရ၏၊ လျှာ(ဇိဝှါပသာဒ) ချို့ယွင်းလျှင် အရသာကို မလျက်နိုင် မစားနိုင်တော့ပြီ (ဇိဝှါဝိညာဏ်စိတ် မဖြစ်နိုင်)၊ သို့ဖြစ်၍ လျှာ (ဇိဝှါပသာဒ)ကို ဇိဝှိန္ဒြေဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည်။ တွေ့ထိဖွယ်အမျိုးမျို ကို တွေ့ထိရာ၌ ကိုယ် (ကာယပသာဒ)သည် အစိုးရ၏၊ ကိုယ်(ကာယပသာဒ)ပျက်စီး ချို့ယွင်း နေလျှင် တွေ့ထိဖွယ်အမျိုးမျိုးကို မတွေ့ထိနိုင်တော့ပြီ (ကာယဝိညာဏ်စိတ် မဖြစ်နိုင်)၊ သို့ဖြစ်၍ ကိုယ်(ကာယပသာဒ)ကို ကာယိန္ဒြေဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည်။ သိဖွယ်အာရုံအမျိုးမျိုးကို သိရာ၌ စိတ် (မနော) သည် အစိုးရ၏၊ စိတ်မရှိလျှင် မသိနိုင်တော့ပြီ၊ သို့ဖြစ်၍ စိတ်ကို မနိန္ဒြေဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည်။ ဤဣန္ဒြေခြောက်ပါးတို့ကို စောင့်စည်းခြင်းသည် ဣန္ဒြိယသံဝရသီလမည်၏ဟု ဆိုလိုသည်။)

http://www.dhammadownload.com



ဣန္ဒြေတို့ကို စောင့်စည်းဟန်ကား....မျက်စိဖြင့် အဆင်းရူပါရုံကို မြင်သော အခါ မြင်သည့်အတိုင်းသာ (ရူပါရုံအနေဖြင့်သာ) စိတ်ထဲမှာ တည်ရှိစေရမည်၊ မြင်သည့်အတိုင်း (ရူပါရုံအနေ)ထက် ပို၍ ဤကား မိန်းမဖြစ်သည် ယောကျ်ားဖြစ်သည် တင့်တယ်လှပသည်စသည်ဖြင့် ကိလေသာဖြစ်ခြင်း၏ အကြောင်းတို့ကို မမှတ်မယူရ၊ ထိုမိန်းမ ယောကျ်ားစသော အကြောင်းနိမိတ်အာရုံထဲမှာပင် အဖန်ဖန် ကိလေသာဖြစ်ပွါးရန် ဖော်ပြတတ်သည့် လက်-ခြေ-ပြုံးခြင်း-ရွှင်ခြင်း-စကားပြောခြင်း-တစောင်းကြည့်ခြင်းစသော အနုဗျဥ္ဇနခေါ် အခြင်းအရာတို့ကိုလည်း အာရုံမပြုရ။

**မဟာတိဿမထေရ်ဝတ္ထု**

ဤစက္ခုန္ဒြေကို စောင့်စည်းရာမှာ စေတိယတောင်ထိပ်၌ **သီတင်းသုံးနေ** တော်မူသော မဟာတိဿမထေရ်ကို ပုံစံပြုရာ၏....၊ **မဟာတိဿမထေရ်သည်** သီဟိုဠ်ကျွန်း စေတိယတောင်မှ အနုရာဓမြို့တွင်းသို့ ဆွမ်းခံကြွလာရာ၊ အနုရာဓမြို့ထဲမှ မိန်းမတဦး လင်နှင့်ရန်ဖြစ်ကာ အလွန်လှပစွာ တန်းဆာဆင်လျက် မိဖရပ်ဌာန် ပြန်မည်ဟု ထွက်လာသောအခါ စက္ခုန္ဒြေကို စောင့်စည်း၍ ကြွလာသော မဟာတိဿမထေရ်ကို မြင်လေလျှင် ဤရဟန်းကိုပင် သွေးဆောင်၍ ငါယူတော့မည်ဟူသောအကြံဖြင့် (သူမကို မထေရ်ကကြည့်အောင်) အသံကျယ်လောင်စွာ ရယ်လိုက်လေသည်။ မဟာတိဿမထေရ်သည် ဘာပါလိမ့်ဟု ကြည့်လိုက်ရာ ထိုသူမ၏ သွားရိုး၌ အသုဘသညာကို ရရှိကာ ရဟန်းတရား ဆက်လက်ပွါးများ၍ ရဟန္တာဖြစ်တော်မူလေသည်။

သူမ၏ လင်ယောကျ်ားဖြစ်သူသည် မယားကို ခေါ်မည်ဟု လိုက်လာရာ မထေရ်ကို တွေ့မြင်၍"အရှင်ဘုရား ကြွတော်မူခဲ့ရာ လမ်းတွင် မိန်းမတယောက်ကို တွေ့မြင်ပါသလော"ဟု မေး၏။ ထိုယောကျ်ားကို မထေရ်က—

**နာဘိဇာနာမိ ဣတ္ထီ ဝါ၊ ပုရိသော ဝါ ဣတော ဂတော။**

**အပိစ အဋ္ဌိသင်္ဃာဋော၊ ဂစ္ဆတေသ မဟာပထေ။**

ဒါယကာ ဤအရပ်မှသွားသောသူကို ယောကျ်ားဟူ၍ဎင်း မိန်းမဟူ၍ဎင်း ငါမသိလိုက်ပါ၊ စင်စစ်မှာ အရိုးစုကြီးတခုသည် ဤခရီးကြောင်းကြီးသို့ လျှောက်သွားပေသည်ဟု ပြန်ကြား အမိန့်ရှိတော်မူသည်။

ဤမထေရ်မြတ်သည် မိန်းမ၏အဆင်းကို မြင်သော်လည်း မြင်ရုံမျှသာဖြစ်၍ မိန်းမဖြစ်သည့် အကြောင်းကိုပင် နှလုံးမထားပဲ မိမိ၏ ကမ္မဋ္ဌာန်းတရားကိုသာ ပွါးများတော်မူကာ ရဟန္တာဖြစ်တော်မူသည့်အကြောင်းကို **ကောင်းစွာ** ပုံစံပြုရာ၏။

http://www.dhammadownload.com



စက္ခုန္ဒြေကို မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့် ထိုမစောင့်စည်းသောရဟန်းကို (ထိုမြင်အပ်သည့် အာရုံက နှစ်သက်မက်မောဖွယ်ဖြစ်လျှင်) နှစ်သက်မက်မောခြင်းတည်းဟူသော အဘိဇ္ဈာတရား (စက်ဆုပ်ဖွယ် ဖြစ်လျှင်) စိတ်မချမ်းသာခြင်းဟူသော ဒေါမနဿ အကုသိုလ်တရားတို့ ဖြစ်ပွါးကုန်ရာ၏။ ထိုအကုသိုလ်တရားတို့ မဖြစ်ပွါးအောင် သတိဖြင့် စောင့်ရှောက်တားမြစ်ခြင်းငှါ ကျင့်ရာ၏။

ထိုအတူ နားဖြင့် အသံအမျိုးမျိုးကို ကြားရာ၌၎င်း နှာခေါင်းဖြင့် အနံ့အမျိုးမျိုးကို နမ်းရှူရာ၌၎င်း လျှာဖြင့် အရသာအမျိုးမျိုးကို လျက်ရာ၌၎င်း ကိုယ်ဖြင့် တွေ့ထိဖွယ်အမျိုးမျိုးကို တွေ့ထိရာ၌၎င်း စိတ်ဖြင့် တရားသဘာဝအမျိုးမျိုးကို သိရာ၌၎င်း ရှေးဆိုခဲ့ပြီး ကိလေသာဖြစ်ပွါးကြောင်းနိမိတ် ထိုနိမိတ်နှင့်စပ်၍ အစိတ်အပိုင်း အခြင်းအရာတို့ကို မယူမူ၍ သတိဖြင့် စောင့်ရှောက်တားမြစ်ခြင်းငှါ ကျင့်ရာ၏။

ဣန္ဒြိယသံဝရသီလ ပြီး၏။

---

## (၃) အာဇီဝပါရိသုဒ္ဓိသီလ

ဝိနည်းဒေသနာတော်လာ အသက်မွေးခြင်း တည်းဟူသော အကြောင်းနှင့်စပ်၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ခြောက်ခုတို့၏ အစွမ်းအားဖြင့်၎င်း အခြားယုတ်မာသောတရားတို့၏ အစွမ်းအားဖြင့်၎င်း ဖြစ်စေအပ်သည့် ပစ္စည်းတို့ကိုမှီ၍ အသက်မွေးခြင်းမှ ရှောင်ကြဉ်ခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလမည်၏။

အသက်မွေးမှုဟူသော အကြောင်းကြောင့် ပညတ်အပ်သော သိက္ခာပုဒ်ခြောက်ပါးတို့ ဟူသည်မှာ....

(၁) ယုတ်မာသော အလိုဆိုးရှိသည်ဖြစ်၍ ထိုအလိုဆိုးဖြင့် နှိပ်စက်အပ်ရကား မိမိမှာ ထင်ရှားရှိဆဲလည်းမဟုတ်သော ဖြစ်ခဲ့ဘူးသည်လည်း မဟုတ်သော ဈာန်မဂ်ဖိုလ်တရားတို့ကို ရလေဟန် ဝါကြွား ပလွှား ပြောဆိုငြားအံ့၊ ပါရာဇိက အာပတ်သင့်စေဟူ၍ ပညတ်အပ်သော သိက္ခာပုဒ်၊

(၂) အသက်မွေးမှုကို အကြောင်းပြုကာ ယောကျ်ား မိန်းမတို့အား အောင်သွယ်ပေးသည်ဖြစ်အံ့၊ သံဃာဒိသိသ် အာပတ် သင့်စေဟူ၍ ပညတ်အပ်သော သိက္ခာပုဒ်၊

http://www.dhammadownload.com



(၃) အသက်မွေးမှုကို အကြောင်းပြုကာ မိမိကိုယ်ကို 'ငါ ရဟန္တာ' ဟူ၍ကား တိုက်ရိုက်မပြောပဲ "အကြင်ရဟန်းသည် သင်၏ကျောင်းမှာ နေ၏၊ ထိုရဟန်းသည် ရဟန္တာဖြစ်သည်"ဟူ၍ ပြောဆိုရာ ဒါယကာကလည်း စကားကို နားလည်သည်ဖြစ်အံ့၊ ထုလ္လစ္စည်းအာပတ် သင့်စေဟူ၍ ပညတ်အပ်သော သိက္ခာပုဒ်၊

(၄) အသက်မွေးမှုကို အကြောင်းပြုကာ မြတ်သောဘောဇဉ်ခဲဖွယ်ကို ကျန်းမာလျက်နှင့် မိမိအတွက် တောင်း၍ စားသောက်ငြားအံ့၊ ပါစိတ်အာပတ် သင့်စေဟူ၍ ပညတ်အပ်သော သိက္ခာပုဒ်၊

(၅) အသက်မွေးမှုကို အကြောင်းပြုကာ မြတ်သော ဘောဇဉ်ခဲဖွယ်ကို မိမိအတွက် ကျန်းမာပါလျက်နှင့် တောင်း၍စားသော ဘိက္ခုနီမအား ပါဋိဒေသနီအာပတ် သင့်စေဟူ၍ ပညတ်အပ်သော သိက္ခာပုဒ်၊ (ဤ ၄-၅-စကားရပ်တို့၌ ပါရှိသော မြတ်သောဘောဇဉ်ဟူသည်မှာ ထောပတ်-ဆီဦး-ဆီ-ပျား-တင်လဲ-ငါး-အမဲ-နို့ရည်-နို့ ဓမ်းတို့နှင့် ရောနှောသော ဘောဇဉ်ကို ခေါ်သည်။)

(၆) အသက်မွေးမှုကို အကြောင်းပြုကာ ဟင်းကိုဖြစ်စေ ဆွမ်းကိုဖြစ်စေ ကျန်းမာလျက်နှင့် မိမိအတွက် တောင်း၍စားသောရဟန်းအား ဒုက္ကဋ်အာပတ် သင့်စေဟူ၍ ပညတ်အပ်သော သိက္ခာပုဒ်အားဖြင့် ဤခြောက်ပါးတို့ ဖြစ်ကုန်၏။

အခြား ယုတ်မာသော တရားတို့ ဟူရာ၌....(က) ကုဟန (ခ) လပန (ဂ)နေမိတ္တိကတာ (ဃ) နိပ္ပေသိကတာ (င) လာဘေန လာဘံ နိဇိဂီသနတာ စသော မိစ္ဆာဇီဝတရားများကို ဆိုလိုသည်။ ထိုတွင်....

(က) အယောင်ဆောင် အံ့ဖွယ်မှုပြုခြင်းကို ကုဟနဟူ၍ ခေါ်၏၊ ဤအယောင်ဆောင် အံ့ဖွယ်မှု ပြုခြင်းတည်းဟူသော ကုဟနသည်လည်း....

(၁) ပစ္စည်းကို မှီဝဲခြင်းဖြင့် ဖြစ်သော ကုဟန၊

(၂) ဈာန်မဂ်ဖိုလ်၏ အနီးအပါး စကားနှင့်စပ်၍ ပြောဆိုခြင်း ကုဟန၊

(၃) အထင်ကြီးအောင် ဣရိယာပုထ်ကို အမျိုးမျိုး ပြင်ဆင်ခြင်း ကုဟန-အားဖြင့် သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင်....

(၁) မိမိမှာ ထင်ရှားမရှိသည့်ဂုဏ်ကို ရှိလေဟန်ပြဆိုခြင်း တည်းဟူသော ယုတ်မာသော အလိုဆိုးရှိသည်ဖြစ်၍ ဒါယကာ ဒါယိကာမတို့က သင်္ကန်းစသော ပစ္စည်းကိုလှူဒါန်းသောအခါ စိတ်ထဲကအလိုရှိပါလျက်နှင့်တိုး၍လှူဒါန်းအောင် (သင်္ကန်းအတွက်) "ရဟန်းတော်အား အဖိုးတန်သော သင်္ကန်းဖြင့် အဘယ်

http://www.dhammadownload.com



အကျိုးရှိမည်နည်း၊ ရဟန်းတော်ဟူသည်မှာ ပံသုကူသင်္ကန်းကို ဆင်မြန်းဝတ်ရုံမှ လျောက်ပတ်ပေသည်” ဟူ၍ ပြောဆိုၡ၏၊ (ဆွမ်းအတွက်) “ရဟန်းတော်အား အဖိုးတန်သော ဆွမ်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ရဟန်းတော်ဟူသည်မှာ ဆွမ်းခံ၍ရသော ဆွမ်းကို မှီဝဲသုံးစွဲမှ လျောက်ပတ်ပေသည်”ဟူ၍ ပြောဆို၏၊ (ကျောင်းအတွက်) “ရဟန်းတော်အား အဖိုးတန်သောကျောင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ရဟန်းတော်ဟူသည်မှာ သစ်ပင်ရင်း၌သော်၎င်း နေမှ ဟင်းလင်းအပြင် လွင်တီးခေါင်၌သော်၎င်း နေမှ လျောက်ပတ်ပေသည်” ဟူ၍ ပြောဆို၏၊ (ဆေးအတွက်လည်း) “ရဟန်းတော်အား အဖိုးတန်သောဆေးဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ရဟန်းတော်ဟူသည်မှာ နွားကျင်ငြင့်ဖြစ်စေ ရှစ်ရှားသီး ဖန်းခါးသီးပိုင်းဖြင့်ဖြစ်စေ ဆေးဝါးကိစ္စ ပြီးစေနိုင်မှ လျောက်ပတ်ပေသည်” ဟူ၍ ပြောဆို၏။ ထိုသို့ ပြောကြားချက်နှင့် လိုက်ဖက်ညီအောင် ထိုရဟန်းသည် ခေါင်းပါးကြမ်းထမ်းသော သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါးကို မှီဝဲ၏၊ ထိုရဟန်းကို ဒကာများက “ဤအရှင်သည် အလိုနည်း၏၊ ရောင့်ရဲလွယ်၏၊ ဝတ္ထုကာမ ကိလေသကာမတို့မှ ကင်းဆိတ်ပေ၏၊ ဒကာ ဒကမတို့နှင့်လည်း မရောနှော၊ အားထုတ်အပ်သော လုံ့လလည်း ရှိပေ၏”ဟု အထင်ကြီးကာ တိုး၍တိုး၍ ပစ္စည်းလေးပါးတို့ဖြင့် ဖိတ်မန္တက ပြုကြလေ၏၊ ထိုအခါ ထိုအလိုဆိုးရှိသော ရဟန်းက “ဒကာတို့ သဒ္ဓါတရား လှူဘွယ်ဝတ္ထု အလှူခံပုဂ္ဂိုလ် ဤသုံးပါး တိုက်ဆိုက သဒ္ဓါတရားရှိသော အမျိုးကောင်းသားမှာ ကုသိုလ်တရား လွန်စွာပွါးနိုင်သည်၊ ဒကာတို့မှာ သဒ္ဓါတရားလည်း ထင်ရှားရှိပေ၏၊ လှူဘွယ်ဝတ္ထုလည်း ထင်ရှားရှိပေ၏၊ ငါသည်လည်း အလှူခံစင်စစ်ဖြစ်ပေ၏၊ ငါအလှူမခံလျှင် သင်တို့မှာ ကုသိုလ်တရား လျော့ပါးဆုတ်ယုတ်မည်ဖြစ်၍ ငါအလိုမရှိသော်လည်း သင်တို့အား သနားသဖြင့် ခံယူရပေမည်” ဟု ဝါကြွားပြောဆိုပြီးလျှင် များစွာသောသင်္ကန်း များစွာသောဆွမ်း များစွာသောကျောင်း များစွာသော ဆေးပစ္စည်းတို့ကို လှည်းအစီးစီးတိုက်ကာ ခံယူလေတော့သည်။ ဤသို့လျှင် အလိုကြီးသူဖြစ်ပါလျက် အလိုနည်းသူယောင်ဟန်ဆောင်ကာ ခေါင်းပါးကြမ်းထမ်းသော ပစ္စည်းလေးပါးကို ဟန်ဆောင်မှီဝဲခြင်းဖြင့် အထင်ကြီးအောင်ပြုမှုသည် (ပစ္စယပဋိသေဝနခေါ် သော) ကုဟနဝတ္ထု=ပစ္စည်းကို မှီဝဲခြင်းဖြင့် အယောင်ဆောင်အံ့ဖွယ်မှု ပြုခြင်း မည်၏။

(၂) “ငါသည် ဈာန် မဂ် ဖိုလ် တရားကို ရ၏”ဟူ၍ကား တိုက်ရိုက် မပြောပဲ၊ “ဤသို့သဘောရှိသည့် သင်္ကန်းကို ဝတ်ရုံသော ရဟန်းသည် တန်းခိုးကြီးသော ရဟန်းဖြစ်၏၊ ဤသို့သဘောရှိသည့်သပိတ်ကို ဆောင်သောရဟန်း ဓမကရိုဏ်ကို ဆောင်သောရဟန်း ရေစစ်ကို ဆောင်သောရဟန်း ဤသို့သဘောရှိသည့် ခါးဗန်းကို ပန်းသောရဟန်း ဘိနပ်ကို စီးသောရဟန်းသည်

http://www.dhammadownload.com



တန်းခိုးကြီးသော ရဟန်းဖြစ်၏" ဤသို့ စသည်ဖြင့် အမျိုးမျိုး အဖုံဖုံ မိမိကို သူတပါးတို့က ဈာန်မဂ်ဖိုလ်တရားကို ရသောပုဂ္ဂိုလ်ဟု အထင်ကြီးကြောင်း စကားများကို ပြောဆိုခြင်းသည် (သာမန္တဇပ္ပနခေါ်) ကုဟနဝတ္ထု=ဈာန်မဂ်ဖိုလ်၏ အနီးအပါး ပြောကြားခြင်းဖြင့် အယောင်ဆောင်အံ့ဖွယ်မှုကို ပြုခြင်း မည်၏။

(၃) ဒကာ ဒကမတို့၏ ချီးမွမ်းခြင်း အထင်ကြီးခြင်းကို လိုလားသည်ဖြစ်၍ "ငါ ဤသို့ လမ်းသွားလျှင် ငါ့ကိုချီးမွမ်းကြ အထင်ကြီးကြလိမ့်မည်"ဟု နှလုံးသွင်းကာ တကယ့်အရိယာပုဂ္ဂိုလ်ကြီးအယောင် တမင်ပြုပြင်ဟန်ဆောင်ကာ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်းတို့ဖြင့် ဣရိယာပုထ်ကို တမင်ဟန်ဆောင် အထင်ကြီးအောင် ပြုပြင်ခြင်းသည် (ဣရိယာပထသဏ္ဌပနခေါ်) ကုဟနဝတ္ထု=ဣရိယာပုထ်ကို အမျိုးမျိုး ပြင်ဆင်ခြင်းတည်းဟူသော အယောင်ဆောင် အံ့ဖွယ်မှု ပြုခြင်းမည်၏။

(ခ) ယုတ်မာသောသဘောအပါအဝင် လပနဟူသည်မှာ....ကျောင်းသို့ လာကြသော လူများကို မြင်လျှင် "ဒကာတို့....အဘယ်အကျိုးငှါ လာကုန်သနည်း၊ ရဟန်းတို့ကို ပင့်ဖိတ်ရန် လာကြသလော၊ ပင့်လို၍ လာကြလျှင် ရှေ့ကသွားနှင့်ကြ၊ ငါနောက်က သပိတ်ကို ပိုက်၍ လိုက်ခဲ့မည်"ဟူ၍ ကိုယ်က ဦးအောင်ပြောခြင်း၊ "တိဿမထေရ်ဆိုသည်မှာ ငါပင်ဖြစ်သည်၊ ငါ့ကို ဘုရင်မင်းမြတ်က ကြည်ညိုသည်၊ အမတ်ကြီး ဝန်ကြီးတွေက ကြည်ညိုသည်"စသည်ဖြင့် ပြောဆိုခြင်း၊ လူများနှင့် စကားပြောဆိုရာမှာ မဆန့်ကျင်ရအောင် မပျင်းရိအောင် အခွင့်ပေးကာ ပေးကာ အလိုလိုက်ကာ လိုက်ကာ ပြောဆိုခြင်း၊ သူဌေးကြီး စက်ပိုင်ကြီး စသည်ဖြင့် မြှောက်ပင့်၍ ပြောဆိုခြင်း ဤသို့လျှင် မိမိအား မလှူချင် လှူချင်အောင် ကြံဆောင်၍ အမျိုးမျိုး ပြောဆိုခြင်းသည် လပနခေါ်သည့် ယုတ်မာသော သဘော မည်၏။

(ဂ) ယုတ်မာသောသဘောအပါအဝင် နေမိတ္တိကတာဟူသည်မှာ ...မလှူပဲ မနေနိုင်အောင် နိမိတ်အချက်ပြခြင်း ပြုခြင်းတည်း၊ နိမိတ်အချက်ပြပုံမှာ.... ခဲဖွယ်ဘောဇဉ်ကို ယူ၍ သွားသူကို မြင်လျှင် "ခဲဖွယ်ဘောဇဉ်ကို ရခဲ့ပြီလား၊ အဘယ်မှ ရခဲ့သနည်း၊ အဘယ်သို့ရအောင် ပြုရပါသနည်း"စသည်ဖြင့် မိမိလည်း အလိုရှိသည့် အရိပ်နိမိတ်ကို ပြခြင်း၊ နွားကျောင်းသားများကို တွေ့မြင်သော အခါ နွားကလေးများကို ညွှန်ပြလျက် "ဤနွားငယ်များသည် နို့ရည်ကို သောက်စို့၍ ကြီးပွါးရသလော၊ ရေကိုသာ သောက်၍ ကြီးပွါးရသလော"ဟု မေး၍ နွားကျောင်းသားများက "နို့ရည်ကို သောက်၍ ကြီးပွါးရသော

http://www.dhammadownload.com



နွားလေးများ ဖြစ်ပါသည်ဘုရား”ဟု လျှောက်ထားလေလျှင်၊ “ဟုတ်မည် မထင်ပါ၊ နွားကလေးများ နွားနို့သောက်ရလျှင် ရဟန်းများလည်း နွားနို့ကို ရကြကုန်ရာ၏(ရကြမှာပေါ့)” ဤသို့ စသည်ဖြင့် နွားကျောင်းသားကလေးများက မိဖတို့ကို တဆင့်ပြောကြားသိစေ၍ နွားနို့ပျှုအောင် အရိပ်အရောင်ပြောဆိုခြင်း၊ ထိုထက်နီးကပ်၍ ပြောဆိုခြင်း (သာမန္တဇပ္ပ)များသည် လပနခေါ်သည့် ယုတ်မာသော သဘောဖြစ်၏။

## (ကုလုပကာဘိက္ခု) ဆွမ်းခံကိုယ်တော်ကြီးဝတ္ထု

ဤသာမန္တဇပ္ပ=ခေါ် အနီးကပ်ဆုံး ရှောင်မလွတ်အောင် ပြောဆိုရာ၌ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၀ယ် ဆွမ်းခံကိုယ်တော်ကြီးတပါး၀တ္ထုကို ထုတ်ပြထားသည်မှာ....ဆွမ်းခံကိုယ်တော်ကြီးတပါးသည် ဆွမ်းစားလိုလှသဖြင့် အိမ်တအိမ်သို့ ဇွတ်အတင်းဝင်၍ ထိုင်လေသတတ်၊ ထိုကိုယ်တော်ကြီးကို မြင်လျှင် မလှူချင်သော အိမ်ရှင်မကြီးက “ဆန်လဲ မရှိသေးပါဘူး”ဟု ညည်းတွားပြောဆိုကာ ဆန်ရှာထွက်သည့်ဟန်ဖြင့် အနီးအပါး အိမ်တအိမ်သို့ သွားရောက်နေလေသည်။ ကိုယ်တော်ကြီးလည်း အိမ်ခန်းတွင်းဝင်၍ ထိုထို ဤဤ ကြည့်ရှုလေသော် တံခါးရွက်ထောင့်၌ ထောင်ထားသော ကြံချောင်း၊ အိုးတခု၌ ထည့်ထားသော ထန်းလျက်ခဲ၊ ခြင်းထဲ၌ ငါးခြောက်ပြား၊ အခြားအိုးတခု၌ ထည့်ထားသော ဆန်၊ အိုးတခု၌ ထောပတ်ကိုမြင်၍ ဣန္ဒြေဟန်မပျက် အခန်းမှထွက်၍ ထိုင်မြဲ ထိုင်နေလေသည်။

အိမ်ရှင်မကြီးသည်“ဆန်ရှာ၍ မရခဲ့ပါဘူး”ဟု ညည်းတွားပြောဆိုကာ အိမ်သို့ ပြန်ဝင်လာလေသည်။ ဆွမ်းခံကိုယ်တော်ကြီးက “ဒါယိကာမကြီး....ယနေ့ ဆွမ်းမပြည့်စုံမည့်အကြောင်း အစောကြီးကပင် နိမိတ်မြင်ခဲ့ပေသည်”ဟူ၍ ပြောဆို၏၊ “ဘယ်လို နိမိတ်ကို မြင်ခဲ့ပါသနည်းဘုရား”ဟု မေးလေသော် ဆွမ်းခံ ကိုယ်တော်ကြီးက “ဒါယိကာမကြီး.... ဤအိမ်သို့ ဆွမ်းခံအလာ လမ်းခရီးအကြားမှာ တံခါးထောင့်တွင် ထောင်ထားသည့် ကြံရိုးခန့် ကိုယ်လုံးရှိသော မြွေကို ငါမြင်ခဲ့ရသည်၊ ထိုမြွေကို ပစ်ခတ်ရိုက်ပုတ်အံ့ဟု ထိုထို ဤဤ ကြည့်ရှုသည်တွင် ဒကာမကြီး၏ ခွက်ထဲမှာ ထည့်ထားသည့် ထန်းလျက်ခဲလောက်ရှိ ကျောက်ခဲကြီးတလုံးကို တွေ့မြင်ရလေသည်၊ ထိုကျောက်ခဲဖြင့် ပစ်ခတ်လိုက်သောအခါ ဒကာမကြီး၏ ခြင်းထဲ၌ ထည့်ထားသည့် ငါးခြောက်ပြားပမာဏ ပါးပျဉ်းကြီး ထလာသည်ကို တွေ့မြင်ရလေသည်၊ ထိုကျောက်ခဲကို ကိုက်ခဲလိုသောမြွေ၏ခံတွင်းကို ဟသောအခါ ဒကာမကြီး၏

http://www.dhammadownload.com



အိုးအတွင်း ထည့်ထားသည့် ဆန်တို့နှင့်တူသော သွား အစွယ်တို့ကို မြင်ရလေသည်၊ ထိုနောက် အမျက်ထွက်နေသော ထိုမြွေ၏ခံတွင်းမှ ဒကာမကြီး၏ အိုး၌ထည့်ထားသော ထောပတ်နှင့်တူသည့် အဆိပ်နှင့်ရောနှောသော အမြှုပ်တဲတွေးကို တွေ့မြင်ခဲ့ရသည်”ဟု အနီးကပ်ဆုံး ပုန်းမလွတ် ပြေးမလွတ်အောင် ပြောကြားသည်တွင် အိမ်ရှင်မကြီးသည် “ဤသည့် ဦးပြည်း ကိုယ်တော်ကြီးကိုဖြင့် မလှည့်စားနိုင်တော့ပါ”ဟု လက်လျှော့စကား ပြောကြားပြီးလျှင် ကြံချောင်းကိုကပ်လှူ ဆွမ်းကိုချက်၍ ထောပတ် ထန်းလျက်ခဲ ငါးခြောက်တို့နှင့်တကွ အလုံးစုံ ပေးလှူရဘူးသတဲ့။

(ဃ) ယုတ်မာသောသဘော အပါအဝင် နိပ္ပေသိကတာ ဟူသည်မှာ.... ဒါယကာ၏ ဂုဏ်ကျေးဇူးကို ပွတ်သုတ်ပစ်ခြင်း (တနည်း) နံ့သာမျိုးကိုကြိတ်ချေ၍ နံ့သာကို ရှာခြင်းကဲ့သို့ သူတပါး (ဒါယကာ)၏ ဂုဏ်ကျေးဇူးတို့ကို ကြိတ်ချေ၍ လာဘ်ကိုရှာခြင်းတည်း။ ရှာပုံမှာ....မလှူပဲ မနေဝံ့အောင် ဆဲရေးစကား ပြောကြားခြင်း လူချင်းမတူသည့်အကောင် သဒ္ဓါတရား လုံးဝမရှိသည့်အကောင် စသည်ဖြင့် ကဲ့ရဲ့စကားပြောကြားခြင်း၊ မလှူသောဒါယကာကို “ဩ....အလှူရှင်ကြီးပါတကား၊ ဩ....ရေမ အလှူရှင်ကြီးပါတကား”ဟူ၍ ပြောကြားခြင်း မလှူသောဒါယကာကို ပရိသတ်အလယ်၌ “သင်တို့သည် ဤသူကို အဘယ့်ကြောင့် မလှူသောသူဟူ၍ ပြောကြသနည်း၊ ဤသူသည် အမြဲတမ်း လာသမျှ အလှူခံတို့အား မရှိဟူသောစကားကို ပေးလှူနေသူဖြစ်သည်”ဟု ပြက်ရယ်ပြောင်လှောင်ပြောဆိုခြင်း စသည်ဖြင့် ဒါယကာ၏ ဂုဏ်ကို ကြိတ်ချေ၍ လာဘ်ရအောင်ရှာခြင်းသည် နိပ္ပေသိကတာမည်၏။

(င) ယုတ်မာသောသဘော အပါအဝင် လာဘေန လာဘံ နိဇိဂီသနတာ ဟူသည်မှာ....လာဘ်ဖြင့် လာဘ်ကို ရှာမှီးခြင်းဟု ဆိုလိုသည်။ ရှာမှီးပုံမှာ.... ဒါယကာတဦးအိမ်မှ စားဖွယ်သောက်ဖွယ်ကို လှူဒါန်းလိုက်သည်ရှိသော် ထိုလှူလိုက်သဖြင့် မိမိရခဲ့သော စားဖွယ်သောက်ဖွယ်ကို အခြားတအိမ်သို့ ရောက်သောအခါ ထိုအိမ်ရှိ ကလေးသူငယ်များအား ထုတ်၍ပေး၏။ ထိုသို့ ပေးခြင်းမှာ ထိုအိမ်မှ ကျေးဇူးတင်စွာဖြင့် ဝမ်းသာအားရ များစွာ ပြန်လည်လှူစေလိုသည့်အတွက် ပေးခြင်းဖြစ်သည်၊ ရသောပစ္စည်းကို ပါဠိလို (လာဘ)၊မြန်မာလို (လာဘ်)ဟု ခေါ်သည်။ အတိုချုပ်မှတ်ယူရန်မှာ ဒကာတဦးအိမ်မှ ရခဲ့သော ပစ္စည်းအနည်းငယ်ဖြင့် အခြားတအိမ်မှ ပစ္စည်းအများရအောင် ရှာမှီးခြင်းကို လာဘေန လာဘံ နိဇိဂီသနတာ=လာဘ်ဖြင့် လာဘ်ကို ရှာမှီးခြင်းဟူ၍ ခေါ်သည်။

http://www.dhammadownload.com



ဤ ကုဟန-စသော ယုတ်မာသော သဘောငါးမျိုးတို့မှာ အသီး အသီး ပြောဆိုပြုလုပ်ပုံသာ ကွဲပြားသည်၊ သဘောရင်းခံအားဖြင့်ကား ဒါယကာ ဒါယိကာမများ သူတို့ဘာသာအလျောက် သဒ္ဓါကြည်ညို လှူဒါန်းလို၍မဟုတ်ပဲ ဒါယကာ ဒါယိကာမများ လှူချင်လာအောင် မလှူပဲမနေသာအောင် ကြံဆောင်ဆွဲငင်ခြင်းချည်း ဖြစ်သည်။

ဤသို့ ပြဆိုအပ်ပြီးသော အသက်မွေးခြင်းအကြောင်းနှင့်စပ်၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ခြောက်ပါးတို့ကို လွန်ကျူးသဖြင့် ရအပ်သောပစ္စည်းနှင့် ကုဟနတရား လပနတရား နေမိတ္တိကတာတရား နိပ္ပေသိကတာတရား လာဘေန လာဘံ နိဇိဂီသနတာတရားတို့ဖြင့် ရှာမှီး၍ရအပ်သော ပစ္စည်းတို့ကိုမှီ၍ အသက်မွေးခြင်းသည် မိစ္ဆာဇီဝမည်၏၊ (မကောင်းသော အသက်မွေးခြင်းမည်၏။) ထို မကောင်းသော အသက်မွေးခြင်းဟူသမျှတို့မှ ရှောင်ကြဉ်စင်ကြယ်ခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလမည်၏။

အာဇီဝပါရိသုဒ္ဓိသီလ ပြီး၏။

## (၄) ပစ္စယသန္နိဿိတသီလ

ပစ္စည်းလေးပါးကို အမှီပြု၍ ပြည့်စုံစေအပ်သော သီလသည် ပစ္စယသန္နိဿိတ သီလမည်၏။

ပစ္စည်းလေးပါးဟူသည် သင်္ကန်း-ဆွမ်း-ကျောင်း-ဆေးတို့ပင် ဖြစ်၏၊ ထိုပစ္စည်း လေးပါးတို့ကို မသုံးစွဲပဲလည်း နေ၍မဖြစ်၊ သုံးစွဲရမည်သာဖြစ်၏၊ သုံးစွဲသော အခါ လောဘ ဒေါသစသော အကုသိုလ်တရားများ မဝင်နိုင်အောင် ထိုပစ္စည်း တို့နှင့် ဆိုင်ရာသဘောကို ဆင်ခြင်၍ သုံးဆောင်ရမည်ဟု ဆိုလိုသည်။

ဆင်ခြင်ပုံကား....သင်္ကန်းကို သုံးစွဲသောအခါ—

လှပတင့်တယ်စေလိုခြင်းစသော အကုသိုလ်ဖြစ်ကြောင်း မကောင်း သောနှလုံးသွင်းမပါပဲ သင်္ကန်းနှင့် သင့်လျော်သောအကြောင်းကို ဆင်ခြင်၍ "အအေးကို ပျောက်ပယ်ခြင်းငှါ ဤသင်္ကန်းကို သုံးဆောင်ပါ၏၊ နေပူစသည်ကို ကာကွယ်ခြင်းငှါ ဤသင်္ကန်းကို သုံးဆောင်ပါ၏၊ ခြင်-မှက်-လေ-နေပူ-မြွေ-ကင်း-သန်း စသည်တို့၏ အတွေ့အထိကို ပျောက် ပယ်ခြင်းငှါ ဤသင်္ကန်းကို သုံးဆောင်ပါ၏၊ အရှက်အကြောက်ကို ဖျက် ဆီးတတ်သည့် ကိုယ်အင်္ဂါကို ဖုံးလွှမ်းခြင်းငှါ ဤသင်္ကန်းကို သုံးဆောင် ပါ၏"ဟူ၍ ဆင်ခြင်သုံးဆောင်ရာ၏။

http://www.dhammadownload.com



ဤသို့ ဆင်ခြင်သုံးဆောင်ခြင်းမှာ လောဘစသော အကုသိုလ်တရားတို့ မဖြစ်ပွါးစေခြင်းငှါ ဖြစ်သည်။

ဆွမ်းပစ္စည်းကိုလည်း သင့်လျော်သောသဘောအားဖြင့် ဆင်ခြင်ကာ—

ကလေးသူငယ်များကဲ့သို့ ပျော်ပါးမြူးထူးရန် ရည်သန်၍ ဤဆွမ်းကို ငါသုံးဆောင်သည် မဟုတ်၊ ငါယောကျ်ားဟု အားမာန်တက်ဖို့ရန် ရည်သန်၍ ဤဆွမ်းကို ငါသုံးဆောင်သည် မဟုတ်၊ ကိုယ်လက်အင်္ဂါ ပြည့်ဖြိုးလှပစေရန် ရည်သန်၍ ဤဆွမ်းကို ငါသုံးဆောင်သည် မဟုတ်၊ အသွေးအရောင် အဆင်းလှပစေရန် ရည်သန်၍ ဤဆွမ်းကို ငါသုံးဆောင်သည် မဟုတ်၊ ဤခန္ဓာကိုယ် အရှည်တည်တံ့ မျှတနိုင်စေရန် ရည်သန်၍ ဤဆွမ်းကို ငါသုံးဆောင်ပါ၏၊ ဆာလောင်ခြင်း ညှဉ်းဆဲမှုကို ဖျောက်ပယ်နိုင်ရန် ဤဆွမ်းကို ငါသုံးဆောင်ပါ၏၊ မြတ်သော အကျင့်ကို ကျင့်ကြံခြင်းဖြင့် ချီးမြှောက်နိုင်စေခြင်းငှါ ဤဆွမ်းကို ငါသုံးဆောင်ပါ၏၊ ဤသို့ သုံးဆောင်ခြင်းဖြင့် ဆာလောင်မွတ်သိပ်ခြင်း ဝေဒနာဟောင်းကိုပယ်ဖျောက်အံ့၊ အစားလွန်၍ အစာမကြေ ဝမ်းဖောဝမ်းရောင်ဝေဒနာစသော ဝေဒနာသစ်ကိုလည်း ငါပယ်ဖျောက်အံ့၊ ဤသို့ မနည်းမများ သင့်လျော်ရုံစားသဖြင့် ဆာလောင်မွတ်သိပ်ခြင်းတည်းဟူသော ဝေဒနာဟောင်း အစာမကြေခြင်းတည်းဟူသော ဝေဒနာသစ်တို့ မဖြစ်နိုင်ပဲ ငါ၏ ခန္ဓာမျှတခြင်းသည် ဖြစ်လတ္တံ့၊ ဤဆွမ်းကို ရှာမှီးရာ၌ရင်း သုံးဆောင်ရာ၌ရင်း တရားနှင့် ညီသဖြင့် အပြစ်ကင်းသည်၏ အဖြစ်သည်ရင်း မျှတရုံစားသဖြင့် ချမ်းသာစွာနေရခြင်းသည်ရင်း ဖြစ်လတ္တံ့ဟူ၍ ဤဆွမ်းကို ငါသုံးဆောင်ပါ၏။

ဤသို့ ဆင်ခြင်ကာ သုံးဆောင်ရာ၏။

မျှတစွာ သုံးဆောင်သဖြင့် နေနိုင်ရေးနှင့် စပ်၍....

**စတ္တာရော ပဉ္စ အာလောပေ၊ အဘုတ္ဝာ ဥဒကံ ပိဝေ။**
**အလံ ဖာသုဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော။—**

ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏၊ ဆွမ်းကို သုံးဆောင်သောရဟန်းသည် လေးလုပ် ငါးလုပ် စားလိုက်လျှင် ဝ-တော့မည့်အခြေအနေသို့ ရောက်သော အခါ မစားတော့ပဲ ရေကိုသာ သောက်ရာ၏၊ ဤသို့ သောက်လိုက်လျှင် ကမ္မဋ္ဌာန်းအားထုတ်ရန် စိတ်တသန်တည်းထားသော ရဟန်းမှာ ချမ်းသာစွာ နေနိုင်ဖို့ရန် လုံလောက်ပြီဟူ၍ ဆိုလိုသည်။

http://www.dhammadownload.com



ဤ၌ မြတ်စွာဘုရားက ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်အတွက် ဟောရင်း ဖြစ်သော်လည်း ကမ္မဋ္ဌာန်းအားမထုတ်သောသူများပင် ဤအတိုင်းလိုက်နာက ဝမ်းအတွက် ချမ်းသာစွာ နေထိုင်ရခြင်း ဖြစ်နိုင်သောကြောင့် အစားစားရာမှာ အများပင်လိုက်နာသင့်သော ဒေသနာတော် ဖြစ်ပေသည်။

ကျောင်းပစ္စည်းကိုလည်း အကုသိုလ်ဖြစ်ကြောင်း မကောင်းသည့်နှလုံးသွင်း မပါစေပဲ သင့်လျော်သော သဘောအားဖြင့် ဆင်ခြင်ကာ—

အအေးကို ဖျောက်ပယ်ခြင်းငှါ ဤကျောင်းကို ငါမှီဝဲပါ၏၊ နေပူ စသည်ကို ကာကွယ်ခြင်းငှါ ဤကျောင်းကို ငါမှီဝဲပါ၏၊ ခြင်-မှက်-လေ-နေပူ-မြွေ-ကင်း-သန်းစသည်တို့၏ အတွေ့အထိကို ဖျောက်ပယ်ခြင်းငှါ ဤကျောင်းကို ငါမှီဝဲပါ၏၊ ဆန့်ကျင်ဖက်ဖြစ်သော အအေးဥတု အပူ ဥတု ဘေးရန်ကို ဖျောက်ပယ်၍ ကောင်းစွာ ကိန်းအောင်းမွေ့လျော်ရ ခြင်းအကျိုးငှါ ဤကျောင်းကို ငါမှီဝဲပါ၏။

ဟူ၍ ဆင်ခြင်ကာ သုံးဆောင်ရာ၏။

ဆေးပစ္စည်းကိုလည်း သင့်လျော်သောသဘောအားဖြင့် ဆင်ခြင်ကာ—

ရောဂါ၏ ဆန့်ကျင်ဖက် အသက်၏ အကာအကွယ်ဖြစ်သော ဆေးကို ဖြစ်ပြီး ဖြစ်ဆဲဖြစ်ကြသည့် ခုတ်ချောက်ချားခြင်းကြောင့်ဖြစ်သော အနာရောဂါ ဝေဒနာတို့ကို ဖျောက်ပယ်ခြင်းငှါ ဆင်းရဲမရှိခြင်းတည်း ဟူသော မြတ်သောအကျိုးငှါ မှီဝဲပါ၏။

ဟူ၍ ဆင်ခြင်ကာ သုံးဆောင်ရာ၏။

(သက်န်း) ချမ်းပူကိုဖျက်၊ ခြင်မှက်လေနေ၊ ကင်းမြွေလွဲသုန်၊ ဟိရိဂုဏ်ကို၊ ကုန်စေတတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို၊ ကိုယ်ကိုစမွယ်၊ ဆင်ပြင်မယ်ဟု၊ စိတ်ဝယ်မသန်း၊ ဤသက်န်းကို၊ ဖုံးလွှမ်းသုံးဆောင်ပါ သတည်း။

(ဆွမ်း) ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှါ၊ မသုံးပါဘူး၊ လေးဖြာခုတ်ဆောင်၊ ဤကိုယ် ကောင်းသည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတမ်း၊ မမောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊

http://www.dhammadownload.com



ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုက်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။

(ကျောင်း) ချမ်းပူကိုဖျက်၊ ခြင်မှက်ဝေလနေ၊ ကင်းမြွေဝေးမှု၊ ဥတုဘေးဘျမ်း၊ မသန်းကင်းစင်၊ စိတ်ကြည်လင်ကြောင်း၊ နေရာကျောင်းကို၊ ကိန်းအောင်းမှီခိုပါသတည်း။

(ဆေး) ကျင်နာခံခက်၊ နှိပ်စက်ဖိစီး၊ ဖြစ်ပြီးဖြစ်လာ၊ ဝေဒနာကို၊ စွန့်ခွါပယ်လျှင်း၊ ဆင်းရဲကင်း၍၊ လူမင်းမြတ်စွာ၊ သာသနာကို၊ ကြည်သာရှင်လန်း၊ ကျင့်ဖြည့်စွမ်းနိုင်ဖို့၊ ရည်မှန်းသုံးဆောင်ပါသတည်း။

(မဟာဝိသုဒ္ဓါရုံဆရာတော်၏ လင်္ကာ)

ပစ္စယသန္နိဿိတသီလ ပြီး၏။

---

## ထိုသီလလေးပါး ပြည့်စုံစေပုံ အစီအရင်

ထိုသီလလေးပါးတို့တွင် ပါတိမောက္ခသံဝရသီလကို သဒ္ဓါတရားဖြင့် ပြည့်စုံစေရာ၏။ သဒ္ဓါတရားဟူသည်....သိက္ခာပုဒ်တို့ကို ပညတ်ဟောကြားတော်မူသော မြတ်စွာဘုရားသည် အလုံးစုံသော တရားတို့ကို မကြွင်းမကျန် မှန်ကန်စွာ သိမြင်တော်မူနိုင်သော ဘုရားစင်စစ် ဖြစ်တော်မူပေသည်ဟူ၍ မြတ်စွာဘုရားကို ယုံကြည်ခြင်း (မြတ်စွာဘုရား၌ ကြည်လင်သောစိတ်ကို ထားနိုင်ခြင်း)၊ ယခု ငါကျင့်ရမည့် သိက္ခာပုဒ်စုသည် မြတ်စွာဘုရား ဟောကြားပညတ်တော်မူအပ်သော သိက္ခာပုဒ်စင်စစ် ဖြစ်သည်ဟူ၍ သိက္ခာပုဒ်တရားတော်၌ ယုံကြည်ခြင်း (ကြည်လင်သော စိတ်ကို ထားနိုင်ခြင်း)၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်ကား ဤကျင့်ဝတ်သိက္ခာပုဒ်စုကို ကောင်းစွာကျင့်ကြံသော ပုဂ္ဂိုလ်တွေချည်းသာ ဖြစ်သည်ဟူ၍ သံဃာတော်၌ ယုံကြည်ခြင်း (ကြည်လင်သော စိတ်ကို ထားနိုင်ခြင်း)တို့ပင် ဖြစ်သည်။

ဤသို့ မြတ်စွာဘုရား၌ရင်း, ဟောကြားအပ်သောတရားတော်၌ရင်း, သံဃာတော်၌ရင်း ယုံကြည်ခြင်း သဒ္ဓါတရားရှိခဲ့လျှင် ဤပါတိမောက္ခသံဝရသီလကို ပြည့်စုံအောင် ကျင့်ဆောင်နိုင်၏ဟူ၍ ဆိုလိုသည်။

http://www.dhammadownload.com



သို့ဖြစ်၍ မြတ်စွာဘုရား ဟောကြားပညတ်တော်မူတိုင်းသော သိက္ခာပုဒ် အစုကို အကြွင်းအကျန်မထားပဲ သဒ္ဓါတရားဖြင့် ဆောက်တည်ပြီးလျှင် အသက် ကိုပင် မငဲ့ကွက်ပဲ ရှိသေစွာ ပြည့်စုံစေရာ၏။ မှန်၏....

(ကိကီဝ အဏ္ဍံ စမရီဝ ဝါလဓိံ) အစရှိသည်ဖြင့် "ယစ်မသည် မိမိ အသက်ကိုစွန့်ကာ ဥကို စောင့်ရှောက်သကဲ့သို့ရင်း၊ စမရီသားကောင် သည် အသက်ကိုစွန့်ကာ မြီးဆံကို စောင့်ရှောက်သကဲ့သို့ရင်း၊ သား တယောက်တည်းသာရှိသော သူကြွယ်သည် ထိုသားတယောက်ကို ယုယု ယယ စောင့်ရှောက်သကဲ့သို့ရင်း၊ မျက်စိတဖက်သာ အကောင်းရှိသော ပုဂ္ဂိုလ်သည် ထိုမျက်စိတဖက်ကို ယုယုယယ စောင့်ရှောက်သကဲ့သို့ရင်း ထို့အတူ သီလကိုစောင့်ရှောက်ကုန်သောသူတို့သည် အရွယ်သုံးပါးမှာပင် ဂါရဝတရား လက်ရှိထားကြ၍ အလွန်ချစ်အပ်သည့် သီလရှိသူများ (သီလကိုအလွန်ချစ်မြတ်နိုးသူများ) ဖြစ်ကြကုန်လော့—

ဟူသောစကား မြတ်စွာဘုရား ဟောကြားတော်မူအပ်ပြီ။

## အသက်ကိုပင်စွန့်၍ ပါတိမောက္ခသံဝရသီလကို ဖြည့်ကျင့်တော်မူကြသော မထေရ်များဝတ္ထု

ရှေးအခါ သီဟိုဠ်ကျွန်း မဟာဝတ္တနိမည်သော တောအုပ်ကြီး၌ မထေရ် တပါးကို ခိုးသူများကဖမ်း၍ နွယ်ငန်းဖြင့်ဖွဲ့နှောင်ကာ တုံးလုံးလှဲ၍ထားခဲ့ကုန်၏၊ မထေရ်သည် လွတ်မြောက်အောင် ရုန်းထွက်လိုက ရုန်းထွက်နိုင်မည်ဖြစ်သော် လည်း အကယ်၍ ရုန်းထွက်က နွယ်ငန်းပြတ်၍ (ဘူတဂါမပါစိတ်) အာပတ်သင့် မည်ကို စိုးရိမ်သောကြောင့် ထားခဲ့သည့်အတိုင်း လျောင်းလျက်ပင် ခုနစ်ရက် ပတ်လုံး ဝိပဿနာပွါး၍ အနာဂါမိဖိုလ်သို့ ရောက်ပြီးလျှင် ထိုနေရာ၌ပင် ကွယ် လွန်ကာ ဗြဟ္မာ့ပြည်၌ ဖြစ်ဘူးလေပြီ။

အခြား မထေရ်တပါးကိုလည်း သီဟိုဠ်ကျွန်းမှာပင် ခိုးသူများက ဆင်သမ နွယ်ဖြင့် တုတ်နှောင်ကာ မထနိုင်အောင် တုံးလုံးလှဲ၍ ထားခဲ့ကုန်၏၊ ထိုအခါ တောမီးလောင်လာသည်ရှိသော် မထေရ်သည် ထိုနွယ်ကို ဖြတ်မည်ဆိုက ဖြတ်နိုင် မည်ဖြစ်သော်လည်း အာပတ်သင့်မည်ကို စိုးရိမ်တော်မူသဖြင့် နွယ်ကိုမဖြတ်ပဲ ဝိပဿနာတရားကိုသာ ပွါးများ၍ အသက်သေခြင်းနှင့် ကိလေသာကုန်ခန်း ခြင်းတို့ တပြိုင်နက်ညီမျှသည့် (သမသီသီဓော်) ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန် စံတော်မူလေသည်။ ထိုအခါ ဒီဃနိကာယ်ဆောင် အဘယမထေရ်သည် ရဟန်း ငါးရာတို့နှင့်တကွ ထိုအရပ်သို့ ကြွလာရာ မထေရ်၏အလောင်းကိုမြင်၍ ကောင်း မွန်စွာ သင်္ဂြိုဟ်ပြီးလျှင် စေတီတည်ထားစေတော်မူ၏။

http://www.dhammadownload.com



ထို့ကြောင့် အဋ္ဌကထာ၌—

**ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ။**

**ပညတ္တံ လောကနာထေန၊ န ဘိန္ဒေ သီလသံဝရံ။**

ပါတိမောက္ခသံဝရသီလကို သုတ်သင် စင်ကြယ်စေသော အမျိုးကောင်းသားသည် အသက်ကိုပင်သော်လည်း စွန့်တန်မူ စွန့်ရာ၏၊ မြတ်စွာဘုရား ဟောကြား ပညတ်အပ်သည့် သိက္ခာပုဒ်ကိုကား မဖျက်ဆီးရာ—

ဟူ၍ ဥပဒေသစကား မိန့်ကြားတော်မူခဲ့ပေသည်။

---

ပါတိမောက္ခသံဝရသီလကို သဒ္ဓါတရားဖြင့် ပြည့်စုံစေအပ်သကဲ့သို့ ဤအတူ ဣန္ဒြိယသံဝရသီလကို သတိတရားဖြင့် ပြည့်စုံစေရာ၏။ သတိဖြင့် စောင့်ရှောက် ထိန်းသိမ်းအပ်သော ဣန္ဒြိယသံဝရသီလ ပြည့်စုံမှသာလျှင် ပါတိမောက္ခသံဝရ သီလလည်း အရှည်တည်တံ့ ခိုင်ခံ့နိုင်သည်။ ဣန္ဒြိယသံဝရသီလ ပျက်လျှင် ပါတိမောက္ခသံဝရသီလလည်း ပျက်သွားတတ်၏။

မြတ်စွာဘုရား လက်ထက်တော်အခါက အရှင်ဝင်္ဂီသသည် ရဟန်းဖြစ်ပြီးစ ဆွမ်းခံလှည့်လည်ရင်း ဣန္ဒြိယသံဝရသီလ ပျက်ကွက်ပြီးလျှင် မိန်းမတယောက်ကို မြင်၍ ရာဂစိတ် ဖြစ်ပေါ်လာသောအခါ အရှင်အာနန္ဒာကို–

ဂေါတမနွယ်ဖွား အရှင်အာနန္ဒာဘုရား....တပည့်တော်သည် ကာမရာဂဖြင့် ပူလောင်လှပါ၏၊ တပည့်တော်၏စိတ်ကို ကာမရာဂမီးသည် လောင်မြိုက်အပ်ပါ၏၊ တောင်းပန်ပါသည် သနားသဖြင့် အပူငြိမ်းကြောင်း တရားကောင်းကို ဟောပြတော်မူပါ–

ဟူ၍ လျှောက်ထားလေသည်။

ထိုအခါ အရှင်အာနန္ဒာက–

အမှတ်သညာ ဖောက်ပြန်သည့်အတွက် သင့်စိတ်ကို ရာဂမီး လောင်မြိုက်အပ်ပေသည်၊ ရာဂနှင့်စပ်သည့် သုဘဟူသောအမှတ်နိမိတ်ကို ပယ်ရှား၍ အသုဘအလို့ငှါ စိတ်ကိုပွါးလေ–

အစရှိသည်ဖြင့် တရားဟော၍ ဟောသည့်အတိုင်း နှလုံးသွင်းသောအခါ ရာဂမီး ငြိမ်းသွားလေသည်။

http://www.dhammadownload.com



တနည်းအားဖြင့် ဣန္ဒြိယသံဝရသီလကို ဖြည့်စွမ်းလိုသော ပုဂ္ဂိုလ်သည် သီဟိုဠ်ကျွန်း ကုရဏ္ဍကလိုဏ်၌ သီတင်းသုံးနေထိုင်သည့် စိတ္တဂုတ္တမထေရ်ကဲ့သို့ ၎င်း, စောရကကျောင်းတိုက်ကြီး၌ သီတင်းသုံးနေထိုင်သည့် မဟာမိတ္တမထေရ် ကဲ့သို့၎င်း ဖြစ်စေရမည်။

## စိတ္တဂုတ္တမထေရ်ကြီးဝတ္ထု

ကုရဏ္ဍကခေါ် လိုဏ်ဂူကြီး၌ ဝိပဿီအစရှိသော မြတ်စွာဘုရား ခုနစ်ဆူ တို့၏ တောထွက်ခဏ်းကို အဆန်းတကြယ် နှစ်သက်ဖွယ်ရာ ပန်းချီဆေး ရေးချယ်ထားလေသည်။ များစွာသော အာဂန္တု ရဟန်းတို့သည် ကျောင်းစဉ် လှည့်လည် ကြည့်ရှုကြသောအခါ ပန်းချီဆေး ရေးချယ်ထားသည့် တောထွက် ခဏ်းကို မြင်ကြ၍ မထေရ်မြတ်ထံ ဝင်ရောက်ပြီးလျှင် "အရှင်ဘုရား သီတင်း သုံးရာ လိုဏ်ဂူ၌ ရေးချယ်ထားသည့် တောထွက်ခဏ်း ရုပ်ပုံတော်များသည် လွန်စွာနှစ်သက်ဖွယ်ဖြစ်သည်"ဟု လျှောက်ထားကြကုန်၏။ မထေရ်မြတ်က.... "ငါ့ရှင်တို့....ငါသည် အနှစ်ခြောက်ဆယ်ကျော် ဤလိုဏ်ဂူကြီးမှာ နေခဲ့သော် လည်း ပန်းချီဆေးရေးရုပ်ရှိသည် မရှိသည်ကို ငါမသိပါ၊ ယနေ့မှ မျက်စိအမြင် အလွန်စူးယှကြသော ငါ့ရှင်တို့ကို မှီ၍ ပန်းချီဆေးရေးရုပ်ရှိကြောင်း သိရပေ သည်"ဟူ၍ အမိန့်ရှိလေသည်။ (မထေရ်မြတ်ကား နှစ်ပေါင်း ခြောက်ဆယ် ကျော် ရှည်မြင့်စွာ သီတင်းသုံးခဲ့သော်လည်း လိုဏ်ဂူကို တကြိမ်မျှ မော်၍ မကြည့်ဘူးချေ၊ ထိုလိုဏ်ဂူ၏ အဝမှာလည်း ကံ့ကော်ပင်ကြီးတပင်ရှိ၏၊ ထို ကံ့ကော်ပင်ကြီးကိုလည်း မော်၍ မကြည့်ဘူးချေ၊ နှစ်တိုင်းနှစ်တိုင်းပင် မြေ အပြင်၌ ကံ့ကော်ဝတ်ဆံများ ကြွေကျနေသည်ကို မြင်မှ ထိုကံ့ကော်ပင်ကြီး ပွင့်သည်ကို သိရှိတော်မူလေသည်။)

မထေရ်မြတ်၏ ဤမျှလောက် ဣန္ဒြေသိက္ခာ စောင့်ရှောက်ခြင်း ဂုဏ် ကျေးဇူးနှင့် ပြည့်စုံသည်ကို ဘုရင်မင်းမြတ်သည် သတင်းစကား ကြားရ၍ ရှိခိုးလိုသဖြင့် သုံးကြိမ်တိုင်အောင် လူလွှတ်၍ ပင့်ပါသော်လည်း မထေရ်မြတ် မကြွလာပဲ နေသောအခါ မထေရ်မြတ် ဆွမ်းခံရာ ထိုရွာအတွင်း၌ နို့စို့အရွယ် ကလေးငယ်ရှိသော မိန်းမများ၏ရင်ကို ကလေးများနို့ မတိုက်နိုင်အောင် အဝတ် ဖြင့်စည်းကာ မထေရ်မြတ် ကြွမလာမခြင်း ကလေးများကို နို့ တိုက်ခွင့်မရဟူ၍ အမိန့်ပြန်ကာ တံဆိပ်ခတ်စေလေသည်။ ထို့ကြောင့် ကလေးများ နို့ မစို့ရသဖြင့် ငိုကြွေးဒုက္ခရောက်နေကြသည်ကို မထေရ်မြတ် သိသောအခါ ကလေးတို့ကို သနားသဖြင့် မဟာဂါမမြို့သို့ ကြွလာတော်မူ၏။

ဘုရင်မင်းမြတ်သည် မထေရ်မြတ်ကြွလာကြောင်း သတင်းစကား ကြား သိ၍ "အချင်းတို့....ယခုပင် သွားကြချေ၊ မထေရ်မြတ်ကို နန်းတော်တွင်းသို့

http://www.dhammadownload.com



ပင့်ဆောင်ခဲ့ကြလော့၊ သီလခံယူလိုသည်”ဟု အမိန့်ရှိကာ နန်းတော်သို့ ပင့်ဆောင်စေ၍ ရှိခိုးပြီးလျှင် ဆွမ်းကပ်လှူ၍“အရှင်ဘုရား....ယနေ့သီလခံယူဘို့ရန် အခွင့်မအားပါ၊ နက်ဖန်မှ သီလခံယူပါမည်”ဟု လျှောက်ထား၍ မထေရ်၏ သပိတ်ကို ထမ်းပြီးလျှင် အနည်းငယ်လိုက်ပို့၍ မိဖုရားနှင့်တကွ ရှိခိုးကာ ပြန်နစ်လေသည်။

မထေရ်မြတ်သည် မင်းကပင် ရှိခိုးသည်ဖြစ်စေ၊ မိဖုရားကပင် ရှိခိုးသည်ဖြစ်စေ၊ “မင်းကြီး....ချမ်းသာခြင်းရှိသည် ဖြစ်ပါစေ”ဟူ၍သာ မိန့်ဆိုတော်မူ၏။ ဤသို့သောနည်းဖြင့် ခုနစ်ရက်ကြာသောအခါ ရဟန်းများက “အရှင်ဘုရား.... ဘုရင်မင်းမြတ်က ရှိခိုးသည်ဖြစ်စေ၊ မိဖုရားက ရှိခိုးသည်ဖြစ်စေ၊ အရှင်ဘုရားတို့သည် မင်းကြီး....ချမ်းသာခြင်းရှိသည်ဖြစ်ပါစေ”ဟူ၍သာ မိန့်ဆိုတော်မူကြကုန်၏ဟူ၍ လျှောက်ထားကြကုန်၏။ ထိုအခါ မထေရ်မြတ်က—“ငါ့ရှင်တို့.... ငါသည် မင်းဖြစ်သည်ဟူ၍ရှင်း မိဖုရားဖြစ်သည်ဟူ၍ရှင်း ပိုင်းခြားမှတ်သားခြင်းကို မပြုပေ”ဟု အမိန့်ရှိပြီးလျှင် ခုနစ်ရက်လွန်ပြီးနောက် ဘုရင်မင်းမြတ်သည် “ဤမြို့တွင်း၌ မထေရ်သီတင်းသုံးရခြင်းမှာ ဆင်းရဲသည်”ဟု သိ၍ ခွင့်လွှတ်သောအခါမှ မထေရ်မြတ်သည် မိမိ၏ လိုဏ်ဂူအတွင်းသို့ ပြန်ကြွ၍ ညအခါ စင်္ကြံသို့ တက်ပြီးလျှင် စင်္ကြံကြွတော်မူ၏။

ကုံကော်ပင်၌ စောင့်သောနတ်သည် ဆီမီးတိုင်ကို ကိုင်၍ ရပ်တည်လာ၏၊ ထိုအခါ မထေရ်မြတ်၏ ကမ္မဋ္ဌာန်းသည် အလွန်စင်ကြယ်သဖြင့် ထင်လင်းလှပေ၏၊ မထေရ်သည် “အဘယ့်ကြောင့် ယနေ့ ငါ့ကမ္မဋ္ဌာန်းသည် ထင်လင်းလှသနည်း”ဟု နှစ်သက်အားရသော စိတ်ရှိသည်ဖြစ်၍ သန်းခေါင်ကျော်အချိန်တွင် တောင်ကြီးတတောင်လုံးကို ပဲ့တင်ထပ်စေလျက် ရဟန္တာအဖြစ်သို့ ရောက်တော်မူလေ၏။ (ဤမထေရ်မြတ်၏ ဣန္ဒြိယသံဝရ=ဣန္ဒြေစောင့်စည်းပုံကို အတုယူဖွယ်ကောင်းလှပေ၏။)

## မဟာမိတ္တမထေရ်ဝတ္ထု

မဟာမိတ္တမထေရ်၏ အကြောင်းအရာကား ...မထေရ်၏ မိခင်၌ ရင်သားတွင် အဆိပ်အိုင်းအနာ ပေါက်ရောက်နေရာ သမီးဖြစ်သူမှာလည်း ဘိက္ခုနီမဖြစ်သဖြင့် သမီးကို မခေါ်ပြီးလျှင် “သင့်မောင်ထံသွား၍ ငါ့မှာ မချမ်းမသာ အနာပေါက်ကြောင်း လျှောက်ထားပြီးလျှင် ဆေးတောင်း၍ ယူခဲ့ပါလော့”ဟု ပြောကြားစေလွှတ်လိုက်၏။ သမီးဘိက္ခုနီမသည် မောင်တော်မဟာမိတ္တမထေရ်ထံသို့ သွားပြီးလျှင် အကျိုးအကြောင်း လျှောက်ထားပြောကြားလေ၏။ မထေရ်သည် “ဆေးမြစ်စသည်တို့ကို ဆောင်ယူ၍ ဆေးချက်ရန် နည်းလမ်းကို

http://www.dhammadownload.com



ငါ၊မသိပေ၊ သို့သော် သင့်အား ဆေးတမျိုးကို ငါပြောကြားလိုက်မည်၊ ငါသည် ရဟန်းဖြစ်သည့်အချိန်မှစ၍ ယနေ့အထိ တပ်မက်သော လောဘစိတ်ဖြင့် ဣန္ဒြေကို ဖျက်ကာ ဇာတ်သဘာဝမတူသော မိန်းမအာရုံကို တကြိမ်မျှ မကြည့်စဘူး၊ ဤသစ္စာစကားကြောင့် ငါ့မိခင်၏ ချမ်းသာခြင်းသည် ဖြစ်ပါစေသတည်း၊ သင်ပြန်သွားပြီးလျှင် ယခု ငါဆိုသော သစ္စာစကားကို မိခင်ထံ ရောက်လျှင် ရွတ်ဆို၍ မိခင်၏ ကိုယ်ကို သုံးသပ်ပါလေ”ဟူ၍ မှာထားတော်မူလိုက်၏။

ထိုနှမဖြစ်သော ဘိက္ခုနီမသည် မိခင်ထံ သွားရောက်၍ မောင်တော်မဟာမိတ္တမထေရ် မှာလိုက်သမျှ အကြောင်းများကို ပြောကြားပြီးလျှင် မှာလိုက်သည့်အတိုင်း သစ္စာစကား ပြောကြားရွတ်ဆိုကာ မိခင်၏ကိုယ်ကို သုံးသပ်လေ၏။ ထိုခဏမှာပင် မိခင်ကြီး၏ အဆိပ်အိုင်းအနာသည် ရေမြှုပ်စိုင်ပမာ ကြေမွကွယ်ပျောက်၍ သွားလေ၏။ မိခင်သည် နေရာမှ ထပြီးလျှင် “မြတ်စွာဘုရားသာ အကယ်၍ ထင်ရှားရှိပါမူ ငါ့သားကဲ့သို့သော ရဟန်း၏ ဦးခေါင်းကို ရွှေဇာကွန်ရွက် ဖွဲ့ယှက်အပ်သော ရွှေလက်တော်ဖြင့် အဘယ့်ကြောင့် မသုံးသပ်ဘဲ နေလိမ့်မည်နည်း”ဟူ၍ ဝမ်းမြောက်စကား ပြောကြားလေသည်။

ဤမဟာမိတ္တမထေရ်၏ ဣန္ဒြေကို စောင့်ရှောက်ပုံမှာ ရှေးစိတ္တဂုတ္တမထေရ်ကြီး၏ စောင့်ရှောက်ပုံနှင့် အနည်းငယ် ကွဲပြားခြားနားလေသည်။ စိတ္တဂုတ္တမထေရ်ကြီး၏ စောင့်ရှောက်ပုံမှာ တွေ့တွေ့သမျှ အာရုံကို မမြင်မိ မကြည့်မိအောင် မျက်လွှာချ၍ ထားတော်မူသည်။ မဟာမိတ္တမထေရ်မူကား ဤသို့ မျက်လွှာကို ချထားသည်မဟုတ်၊ အဆင်သင့်ရာ ကြည့်ကား ကြည့်၏၊ ကြည့်သောအခါ ဇာတ်သဘာဝမတူသော မိန်းမအာရုံကိုပင် မြင်စေကာမူ တပ်နှစ်သက်ခြင်း လောဘစိတ် မဝင်လာရအောင်(မဖြစ်ပေါ်အောင်)တားဆီးသောအားဖြင့် စောင့်ရှောက်တော်မူသည်။

ပမာဆိုသော် စိတ္တဂုတ္တမထေရ်၏ စက္ခုန္ဒြေကို စောင့်ရှောက်ပုံမှာ လူဆိုးသူဆိုးများ မဝင်လာရအောင် အိမ်တံခါးပေါက်ကို တခါတည်း ပိတ်ထားသည်နှင့်တူ၏၊ မဟာမိတ္တမထေရ်၏ စက္ခုန္ဒြေကို စောင့်ရှောက်ပုံမှာ တံခါးပေါက်ကိုကား ပိတ်၍မထား၊ သို့သော် လူဆိုးသူဆိုးများ တရံတခါမျှ မဝင်ရအောင် အနိုင်တားဆီးထားသည်နှင့် တူ၏။ ထိုမထေရ် နှစ်ပါးတို့၏ ဣန္ဒြေကို စောင့်ရှောက်ကြပုံမှာ အံ့ဩဖွယ်ရာချည်း ဖြစ်၍ အတုယူဖွယ်ကောင်းလှပါပေ၏။

http://www.dhammadownload.com



ဣန္ဒြိယသံဝရသီလကို သတိဖြင့် ပြည့်စုံစေရသကဲ့သို့ ထိုအတူ အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယဖြင့် ပြည့်စုံစေရာ၏၊ ကောင်းစွာအားထုတ်ခြင်း ဝီရိယရှိသော ပုဂ္ဂိုလ်မှာသာ မကောင်းသော အသက်မွေးမှုကို ပယ်ရှားနိုင်သော ကြောင့် ဖြစ်သည်။ သို့ဖြစ်၍ မရှာမှီးအပ်သောသဘော မသင့်မလျော်သော သဘောများကို ပယ်ရှားကာ ဝီရိယဖြင့်သာ ဆွမ်းခံခြင်းအစရှိသော ကောင်းစွာ ရှာမှီးခြင်းတို့ဖြင့် ထိုသီလကို ပြည့်စုံစေရမည်။

ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့တွင် ဆွမ်းနှင့် သင်္ကန်း နှစ်မျိုးတို့မှာ ဒါယကာတို့ လှူချင်အောင် အချက်နိမိတ်ပြခြင်း၊ စကားရစ်ဝဲ ကာ အရိပ်အရောင်ပြောဆိုခြင်း၊ စကားလဲလှယ် ပရိယာယ်ပြောဆိုခြင်း၊ တောင်းရမ်းပြောဆိုခြင်း ဤလေးမျိုးလုံးတို့သည် မအပ်စပ်ကုန်။ (ဆွမ်းနှင့် သင်္ကန်း ရဖို့ရန်အတွက် ဤလေးမျိုး မပြုကောင်းဟု ဆိုလိုသည်။)

ကျောင်းပစ္စည်း၌ကား တိုက်ရိုက်တောင်းရမ်းပြောဆိုခြင်းသာ မအပ်သည်၊ ကျန်သုံးပါးတို့သည် အပ်စပ်ကုန်၏။ ထိုသုံးပါးတို့တွင်....

အချက်နိမိတ်ပြခြင်းဟူသည်မှာ ကျောင်းဆောက်တော့မည်ကဲ့သို့ မြေပြုပြင် ခြင်းစသည်ကို ပြုလုပ်နေသော ရဟန်းအား "အရှင်ဘုရား အဘယ်ကို ပြုလုပ် နေပါသနည်း၊ မည်သူက ပြုလုပ်စေပါသနည်း" ဤကဲ့သို့ ဒါယကာတို့က မေး လာသောအခါ "တစုံတယောက်သောသူကမျှ ပြုလုပ်စေသည် မဟုတ်ပါ"ဟူ၍ စကားတုံ့ပြန်ခြင်းပင် ဖြစ်၏၊ (ဆောက်မည့်ဒကာ မရှိသေးပါဘူးဟု ပြောခြင်း ဟူလို။) ဤမြေပြုပြင်ခြင်းမှတပါး "ဤရဟန်းသည် ကျောင်းအလိုရှိသည်"ဟု လူများ သိနိုင်ကြောင်းဖြစ်သည့် အခြားကိစ္စအမျိုးမျိုးကိုလည်း အချက်နိမိတ် ပြခြင်းဟူ၍ပင် ခေါ်ဆိုအပ်၏။

စကားရစ်ဝဲကာ အရိပ်အရောင် ပြောဆိုခြင်းဟူသည်မှာ "ဒကာတို့....သင်တို့ သည် အဘယ်သို့သော အိမ်မှာ နေကြကုန်သနည်း"ဟု မေး၍ 'ပြာသာဒ်၌ နေကြပါသည်'ဟု လျှောက်ထားလျှင် "ဒကာတို့... ရဟန်းများအားကော ပြာ သာဒ်၌နေရန် မအပ်ပါသလော" စသည်ဖြင့် ပြောဆိုခြင်း ဤမှတပါးသော ကျောင်းကို အလိုရှိကြောင်း သိစေနိုင်သည့်စကားရစ်ဝဲ ပြောဆိုခြင်းမျိုးကို ခေါ်သည်။

စကားလဲလှယ် ပရိယာယ်ပြောဆိုခြင်းဟူသည်မှာ "ရဟန်းသံဃာအား ကျောင်းနေရာထိုင်ခင်း ကျဉ်းမြောင်းလှသည်"စသည်ဖြင့် ပြောဆိုခြင်းမျိုး တည်း။

http://www.dhammadownload.com



ဆေးပစ္စည်းမှာမူကား....အချက်နိမိတ် ပြခြင်းစသော လေးမျိုးလုံးပင် အပ်စပ်၏၊ သို့သော် ရောဂါရှိ၍ အချက်နိမိတ်ပြခြင်းစသည်ဖြင့် ရရှိထားသော ဆေးပစ္စည်းကို ထိုရောဂါ ပျောက်ကင်းသောအခါ သုံးဆောင်ခြင်း၌ အပ်သည် မအပ်သည်ကိုကား စိစစ်ဖွယ်ရှိ၏။

> ဤအရာ၌ ဝိနည်းဆောင်မထေရ်များက "သုံးဆောင်ဖို့ရန် လမ်းပေါက်ကို ဘုရားခွင့်ပေးတော်မူခြင်း ဖြစ်သည်၊ ထို့ကြောင့် အပ်၏" ဟူ၍ မိန့်ဆိုကြကုန်၏။ သုတ္တန်ဆောင်မထေရ်တို့ကမူကား "ဘုရားခွင့်ပြုသောကြောင့် အာပတ်ကား မသင့်နိုင်ပေ၊ သို့ရာတွင် စင်ကြယ်သော အသက်မွေးမှုကိုကား ပျက်စီးစေသည်ဖြစ်သောကြောင့် မအပ်" ဟူ၍ မိန့်ဆိုကြကုန်၏။

မြတ်သောကျင့်ဝတ်တရားနှင့် ပြည့်စုံလိုသော ပုဂ္ဂိုလ်သည်ကား မြတ်စွာဘုရား ခွင့်ပြုထားသော်လည်း အချက်နိမိတ်ပြခြင်း စကားရစ်ဝိကာ အရိပ်အရောင်ပြောဆိုခြင်း စကားလဲလှယ် ပရိယာယ်ပြောဆိုခြင်း တိုက်ရိုက် ထုတ်ဖော် တောင်းရမ်းပြောဆိုခြင်းတို့ကို မပြုပဲ အလိုနည်းခြင်းစသော ဂုဏ်တို့ကိုသာ အမှီပြုလျက် အသက်သေရမည်ဖြစ်စေကာမူ ဆိုအပ်ပြီးသည့်လေးချက်တို့ဖြင့် ဖြစ်စေအပ်သည့် ပစ္စည်းတို့ကို ရှောင်ကြဉ်၍သာ ပစ္စည်းလေးပါးတို့ကို မှီဝဲသုံးစွဲရာ၏။ ဤပုဂ္ဂိုလ်မျိုးကို အရှင်သာရိပုတြာမထေရ်မြတ်ကဲ့သို့ "အလွန်မြတ်သည့် ခေါင်းပါးမှု အကျင့်နှင့် ပြည့်စုံသောပုဂ္ဂိုလ်" ဟူ၍ ခေါ်ဆိုအပ်၏။

## အရှင်သာရိပုတြာဝတ္ထု

အရှင်သာရိပုတြာ မထေရ်မြတ်သည် တရံရောအခါ ဆိတ်ငြိမ်ရာအရပ်၌ ပြည့်စုံစေအပ်သောတရားကို ပွါးများတော်မူလိုသည်ဖြစ်၍ အရှင်မဟာမောဂ္ဂလာန်မထေရ်နှင့်တကွ တခုသော တောအုပ်အကျင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ တနေ့သ၌ အရှင်သာရိပုတြာမှာ လေနာရောဂါဖြစ်၍ အလွန်ဆင်းရဲ နှမ်းနယ်တော်မူ၏၊ အရှင်မဟာမောဂ္ဂလာန်သည် ညနေချမ်းအခါ အရှင်သာရိပုတြာထံ ညီမူရန်ကြွသွားသောအခါ အရှင်သာရိပုတြာမထေရ် လျောင်းစက်နေသည်ကို မြင်၍ အကြောင်းကို မေးမြန်းပြီးလျှင် "ငါ့ရှင်....ရှေးက လေရောဂါ ဖြစ်သောအခါ အဘယ်ဆေးဖြင့် ချမ်းသာဘူးသနည်း" ဟု မေးမြန်း၏။ ထိုအခါ အရှင်သာရိပုတြာမထေရ်က...."ငါ့ရှင်....ငါလူဖြစ်စဉ်အခါက ဤသို့ လေနာထရာတွင် ငါ၏မိခင်သည် ထောပတ် ပျား သကာ စသည်ကို ထည့်ကာ ရေမရောသော နို့ဃနာကိုချက်၍ ပေးဘူးသည်။ ထိုနို့ဃနာဖြင့် ငါ၏လေနာဝေဒနာ ချမ်းသာဘူး၏" ဟု မိန့်ဆိုသောအခါ အရှင်မဟာမောဂ္ဂလာန်မထေရ်ကလည်း

http://www.dhammadownload.com



"ရှိပါစေ ငါ့ရှင်....ငါ့အားရှင်း ငါ့ရှင်အားရှင်း ဘုန်းကံရှိပါမူ နက်ဖန်ခါပင် ရေမရောသော နို့ဃနာကို ရပါလိမ့်မည်"ဟု မိန့်ဆိုတော်မူ၏။

ဤသို့ မထေရ်မြတ်နှစ်ပါး အချင်းချင်း စကားနှီးနှော ပြောဆိုကြသည်ကို စကြံ့စွန်း (စကြံ့ဦး)ရှိ သစ်ပင်မှာ စောင့်နေသော ရုက္ခစိုးနတ်ကကြား၍ "နက်ဖန်ခါ အရှင်မြတ်အတွက် နို့ဃနာဆွမ်းကို ဖြစ်စေအံ့"ဟု ကြံပြီးလျှင် ထိုခဏမှာပင် အရှင်မဟာမောဂ္ဂလာန်မထေရ်၏ အလုပ်အကျွေး ဒါယကာ (ဆွမ်းဒါယကာ)အိမ်သို့သွား၍ သားကြီး၏ကိုယ်ကိုပူးဝင်နှိပ်စက်လေ၏။ထိုအခါ သားကြီးအား ဆေးကုသရန် စည်းဝေးကြသော ဆွေမျိုးတို့ကို "အကယ်၍ နက်ဖန်ခါ မထေရ်မြတ်အား ဤသို့ သဘောရှိသော နို့ဃနာဆွမ်းကို စီရင် လှူဒါန်းကုန်ငြားအံ့၊ ဤသူကို ငါလွှတ်အံ့"ဟူ၍ ပြောဆို၏။ ဆွေမျိုးများက "သင်ဤကဲ့သို့ မပြောသော်လည်း ငါတို့သည် မထေရ်အား အမြဲဆွမ်းလှူကြကုန်၏"ဟု ပြောဆိုပြီးလျှင် နောက်တနေ့၌ ရေမရောသော နို့ဃနာဆွမ်းကို စီရင်ကြကုန်၏။

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် စောစောပင်လျှင် အရှင်သာရိပုတြာ ထံ ကြွလာတော်မူကာ "ငါ့ရှင်....ငါဆွမ်းခံ၍ ပြန်လာသည်တိုင်အောင် ဤနေရာ မှာပင် သီတင်းသုံးနေရစ်ပါ"ဟု ပြောဆိုပြီးလျှင် ရွာတွင်းသို့ ဝင်တော်မူ၏။ ထိုလူတို့သည် ခရီးဦးကြိုဆိုကြပြီးလျှင် မထေရ်၏ သပိတ်ကိုယူ၍ ရေမရောသည့် ဃနာနို့ဆွမ်းအပြည့်ထည့်၍ လှူကြကုန်၏။မထေရ်က သွားအံ့သောအမူအရာကို ပြသည်တွင် လူတို့က "အရှင်ဘုရား....အရှင်ဘုရားတို့ သုံးဆောင်တော်မူကြပါ၊ သီးခြားဖြစ်သော နို့ဃနာဆွမ်းကိုလည်း လှူပါကုန်အံ့"ဟု လျှောက်ထား၍ မထေရ်ကို ဃနာနို့ဆွမ်း ကျွေးမွေးဆက်ကပ်ပြီးလျှင် တဖန် သပိတ်အပြည့် ထည့်၍ လှူဒါန်းကုန်၏။

မထေရ်သည် ကြွသွားတော်မူကာ "ငါ့ရှင်သာရိပုတြာ....ယခုပင် ဘုဉ်းပေး ပါလော့"ဟု ဆက်ကပ်လေ၏။ အရှင်သာရိပုတြာမထေရ်သည်လည်း ထိုဃနာ နို့ဆွမ်းကိုမြင်လျှင် "ဤဃနာနို့ဆွမ်းသည် အလွန်နှစ်သက်ဖွယ် ကောင်း၏၊ အဘယ်သို့ ဖြစ်ပေါ်ရရှိလာသနည်း"ဟု စဉ်းစားဆင်ခြင်တော်မူသည်ရှိသော် ထိုဃနာနို့ဆွမ်း ဖြစ်ပေါ်ရရှိလာခြင်း အကြောင်းရင်းကို မြင်တော်မူ၍ "ငါ့ရှင် မောဂ္ဂလာန်....ဤဆွမ်းသည် သုံးဆောင်ခြင်းငှါ မထိုက်သောဆွမ်းတည်း"ဟု မိန့်ဆိုတော်မူ၏။ အရှင်မဟာမောဂ္ဂလာန်ကလည်း "ငါကဲ့သို့သောသူ ဆောင်ယူ ခဲ့သည့်ဆွမ်းကို မစားရကောင်းလား"ဟူ၍ မကျေနပ်သောစိတ်မျိုးကို မဖြစ် စေပဲ အရှင်သာရိပုတြာ၏ တခွန်းတည်းသောစကားဖြင့်ပင် သပိတ်ကို အနား

http://www.dhammadownload.com



ရေး (နခမ်း) ကကိုင်ကာ သင့်တင့်ရာအရပ်၌ မှောက်သွန်၍ ပစ်လိုက်သေသည်။ (စိတ်ဆိုး၍မဟုတ်။)

ဃနာနို့ဆွမ်း မြေပေါ်သို့ကျသည်နှင့်တပြိုင်နက် အရှင်သာရိပုတြာမထေရ်၏ ရောဂါသည် ကွယ်ပျောက်လေ၏။ (ထိုအခါမှစ၍ လေးဆယ့်ငါးနှစ်ပတ်လုံး တဖန်မဖြစ်ပေါ်တော့ပြီ။) ထိုနောက်မှ အရှင်မောဂ္ဂလာန်မထေရ်ကို "ငါ့ရှင်.... နှုတ်မြွက်ခြင်းကိုအမှီပြု၍ ဖြစ်စေအပ်သော နို့ဃနာဆွမ်းသည် ဆာလောင်မွတ်သိပ်၍ အူမအူသိမ်တို့ အခွေလိုက်ထွက်ကာ မြေသို့ကျရောက်စေကာမူ သုံးဆောင်ခြင်းငှါ မသင့်သောသဘောရှိပေ၏" ဟူ၍ မိန့်တော်မူလေသည်။

> ဤအရာ၌ အထူး သတိပြုသင့်သည်ကား.... မြတ်စွာဘုရားသည် တောင်းရမ်းစကား ပြောဆိုခြင်း=ဝစီဝိညတ်ကိုသာ ပယ်ရှားတော်မူခြင်းဖြစ်သည်၊ အရှင်သာရိပုတြာမှာ ဃနာနို့ဆွမ်းကို တောင်းရမ်းသည့် ဝစီဝိညတ်စကားကို ပြောကြားခြင်းမဟုတ်၊ အရှင်မောဂ္ဂလာန်က သိလို၍ မေးမြန်းသည့်အတွက် ရှေးဖြစ်ဟောင်းကို ပြန်လည်မိန့်ဆိုခြင်းမျှသာ ဖြစ်သည်၊ သို့ရာတွင် နှုတ်မြွက်ပြောဆိုခြင်း=ဝစီဝိညတ် ဖြစ်နေရုံမျှကိုပင် နှစ်သက်တော်မမူသဖြင့် ဃနာနို့ဆွမ်းကို လက်မခံပဲ နေတော်မူသည်ဟု သိအပ်၏။

### အမ္ဗခါဒက မဟာတိဿမထေရ်ဝတ္ထု

မြတ်စွာဘုရား လက်ထက်တော်အခါ အရှင်သာရိပုတြာကဲ့သို့သော မထေရ်မြတ်ကို မဆိုထားဘိ၊ သီဟိုဠ်ကျွန်း စိရဂုမ္ဗအရပ်၌ သီတင်းသုံးနေတော်မူသော မဟာတိဿမထေရ်သည် ငတ်မွတ်ခေါင်းပါးခြင်းဘေး ဆိုက်ရောက်နေသည့်အခါ ခရီးသွားတော်မူစဉ် ဆွမ်းပြတ်သဖြင့်ငှင်း ခရီးပန်းသဖြင့်ငှင်း နွမ်းနယ်သော ကိုယ်ရှိကာ အားအင်များစွာ ဆုတ်ယုတ်လျော့ပါး၍ အသီးပြည့်နှက်နေသော သရက်ပင်တပင်၏ အရင်း၌ သီတင်းသုံး၍နေလေ၏။ များစွာသောသရက်သီးတို့သည်လည်း အနီးအပါး ထိုထို ဤဤ ကြွေကျကြကုန်၏၊ မထေရ်သည် မည်မျှပင် ဆာလောင်မွတ်သိပ်သော်လည်း ကိုယ်တိုင်ကောက်ယူ သုံးဆောင်ရန် စိတ်ကူးတော်မမူပေ။

ထိုအခါ လူအိုတယောက်သည် မထေရ်မြတ်အနီးသို့ ရောက်ရှိလာပြီးလျှင် မထေရ်၏ ပင်ပန်းနွမ်းနယ်ခြင်းကိုသိ၍ သရက်သီးတို့ကို အဖျော်ပြုလုပ်ကာ တိုက်ကျွေးပြီးလျှင် မထေရ်ကို မိမိကျောပေါ် မှာတင်၍ မထေရ်ကြွလိုရာအရပ်သို့ ပို့ဆောင်ပေ၏။ မထေရ်သည် "ဤသူကား သင်၏အဖလည်းမဟုတ်၊ အမိ

http://www.dhammadownload.com



လည်းမဟုတ်၊ ဆွေမျိုးဉာတိလည်း မဟုတ်ပါပဲလျက် ဤကဲ့သို့ ကျောပိုး ဆောင်ယူခြင်းအမှုကို ပြုလုပ်ရှာပေသည်၊ ထိုသို့ပြုလုပ်ခြင်းမှာ ငါ၏သီလရှိခြင်း ကြောင့်သာဖြစ်သည်''ဟု ဆင်ခြင်လျက် မိမိကိုယ်ကို သီလ သမာဓိမပျက်စေရန် ဆုံးမပြီးလျှင် ကျောပေါ်မှ လိုက်ရင်း ဝိပဿနာကိုပွါးများ၍ ထိုကျောပေါ် မှာပင် မင်္ဂအစဉ်အားဖြင့် တက်ကာ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

ဤမထေရ်မြတ်လည်း ပစ္စည်းစားသောက်ဖွယ်တို့၌ မက်မောမှု မပြုသောအရာမှာ စံနမူနာအတုယူထိုက်သော ပုဂ္ဂိုလ်မြတ် ဖြစ်ပေ၏။

---

အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယဖြင့် ပြည့်စုံစေရာသကဲ့သို့ ပစ္စယသန္နိဿိတ သီလကို ပညာဖြင့် ပြည့်စုံစေရာ၏။ မှန်၏....ပညာရှိသောသူမှသာလျှင် ပစ္စည်း လေးပါးတို့၌ အကျိုးအပြစ်တို့ကို အမှန်အတိုင်း သိမြင်နိုင်သောကြောင့် ထို ပစ္စယသန္နိဿိတသီလသည် ပညာဖြင့် ပြီးစေအပ်သော သီလဖြစ်၏။ သို့ရကား ပစ္စည်းလေးပါးတို့၌ တပ်မက်ခြင်းကို ပယ်ရှားကာ တရားနှင့်အညီ ဖြစ်စေအပ် သော (ရအပ်သော) ပစ္စည်းတို့ကို ဆိုခဲ့ပြီးသော အစီအရင်အတိုင်း ပစ္စဝေက္ခ- ဏာဉာဏ်ပညာဖြင့် ဆင်ခြင်၍သာ သုံးဆောင်ပြည့်စုံစေရာ၏။

## ဆင်ခြင်ခြင်း (ပစ္စဝေက္ခဏာ) နှစ်မျိုး

ထိုပစ္စည်းလေးပါးတို့၌ ဆင်ခြင်ခြင်းသည် (၁)ရရှိသောအခါ၌ ဆင်ခြင်ခြင်း၊ (၂) သုံးဆောင်သောအခါ၌ ဆင်ခြင်ခြင်း ဟူ၍ နှစ်မျိုးရှိ၏။ ခွဲဦးအံ့....ပစ္စည်း လေးပါးတို့ကို သုံးဆောင်သည့်အခါမှသာ မဟုတ်၊ ရရှိသောအခါ၌လည်း (က) ဓာတုပစ္စဝေက္ခဏာ=ဓာတ်အနေဖြင့် ဆင်ခြင်ခြင်းဖြင့်ဖြစ်စေ (ခ)ပဋိကူလပစ္စ- ဝေက္ခဏာ=စက်ဆုပ်ဖွယ်အနေ ဆင်ခြင်ခြင်းဖြင့် ဖြစ်စေ ဆင်ခြင်ပြီးလျှင် သိမ်းထားရ၏။

(က)ဓာတုပစ္စဝေက္ခဏာဟူသည်ကား....(ဤသင်္ကန်းသည်) (ဤဆွမ်းသည်) (ဤကျောင်းသည်) (ဤဆေးသည်) အကြောင်းအားလျော်စွာ ဖြစ်သော အဋ္ဌကလာပ် ဓာတ်အစုမျှသာတည်း၊ (ထိုသင်္ကန်း) (ထိုဆွမ်း) (ထိုကျောင်း) (ထိုဆေး)ကို သုံးဆောင်မည့် ပုဂ္ဂိုလ်သည်လည်း ဓာတ်အစုမျှသာတည်း ဟူ၍ ဓာတ်အနေဖြင့် နှလုံးသွင်း ဆင်ခြင်ခြင်းကို ဆိုလိုသည်။

(ခ) ပဋိကူလပစ္စဝေက္ခဏာဟူသည်ကား....ဆွမ်း၌ အာဟာရေ ပဋိကူလ သညာကမ္မဋ္ဌာန်းအတိုင်း ဆင်ခြင်ခြင်း၊ "အလုံးစုံသော ဤသင်္ကန်းစသော

http://www.dhammadownload.com



ပစ္စည်းတို့သည် မိမိဘို၏ မူလသဘောအားဖြင့် စက်ဆုပ်ဖွယ် မဟုတ်သော်လည်း ဤကိုယ်ကောင်ပုပ်သို့ ရောက်ကြကုန်သည်ရှိသော် စက်ဆုပ်ဖွယ်စင်စစ် ဖြစ်ကြကုန်၏ ဟူ၍ စက်ဆုပ်ဖွယ်အနေဖြင့် နှလုံးသွင်း ဆင်ခြင်ခြင်းကို ဆိုလိုသည်။

(သင်္ကန်း) သင်္ကန်းခေါ် မှီး၊ ဤပစ္စည်းကား၊ သူ့ချည်းဘာသာ၊ တည်နေပါက၊ ရွံရှာဖွယ်မျိုး၊ မဟုတ်နိုးလည်း၊ ပုပ်သိုးညှီဟောင်၊ ဤကိုယ်ကောင်ဖြင့်၊သုံးဆောင်သမူ၊အကြောင်းပြု၍၊ ခုမကြာမော၊ သူ့သဘောတို့၊ လျှင်ဆောပျောက်ပြယ်၊ ကင်းစင်ကွယ်သည်၊ ၊ထို့ဖွယ်ဖြစ်တော့မည်တကား....။

(ဆွမ်း) ဆွမ်းဟု ခေါ် မှီး၊ ဤပစ္စည်းကား၊ သူ့ချည်းဘာသာ၊ တည်နေပါက၊ ရွံရှာဖွယ်မျိုး၊ မဟုတ်နိုးလည်း၊ ပုပ်သိုးညှီဟောင်၊ ဤကိုယ်ကောင်ဖြင့်၊ သုံးဆောင်သမူ၊အကြောင်းပြု၍၊ ခုမကြာမော၊သူ့သဘောတို့၊ လျှင်ဆောပျောက်ပြယ်၊ ကင်းစင်ကွယ်သည်၊ ၊ထို့ဖွယ်ဖြစ်တော့မည်တကား... ။

(ကျောင်း) ကျောင်းဟု ခေါ် မှီး၊ ဤပစ္စည်းကား၊ သူ့ချည်းဘာသာ၊ တည်နေပါက၊ ရွံရှာဖွယ်မျိုး၊ မဟုတ်နိုးလည်း၊ ပုပ်သိုးညှီဟောင်၊ ဤကိုယ်ကောင်ဖြင့်၊ သုံးဆောင်သမူ၊ အကြောင်းပြု၍၊ ခုမကြာမော၊ သူ့သဘောတို့၊ လျှင်ဆောပျောက်ပြယ်၊ ကင်းစင်ကွယ်သည်၊ ၊ ထို့ဖွယ်ဖြစ်တော့မည်တကား....။

(ဆေး) ဆေးဟု ခေါ် မှီး၊ ဤပစ္စည်းကား၊ သူ့ချည်းဘာသာ၊ တည်နေပါက၊ ရွံရှာဖွယ်မျိုး၊ မဟုတ်နိုးလည်း၊ ပုပ်သိုးညှီဟောင်၊ ဤကိုယ်ကောင်ဖြင့်၊ သုံးဆောင်သမူ၊ အကြောင်းပြု၍၊ ခုမကြာမော၊ သူ့သဘောတို့၊ လျှင်ဆောပျောက်ပြယ်၊ ကင်းစင်ကွယ်သည်၊ ၊ ထို့ဖွယ်ဖြစ်တော့မည်တကား....။

(ဆိုလိုရင်း အထူးမှတ်စေလိုရင်းမှာ....ပစ္စည်းလေးပါးတို့ကို ဆင်ခြင်ခြင်းသည် ရှေးက အကျယ် ပြဆိုခဲ့သည့်အတိုင်း ဆင်ခြင်ခြင်းတည်းဟူသော (၁) မဟာပစ္စဝေက္ခဏာ၊ ယခုပင် ပြဆိုခဲ့သောအတိုင်း ဓာတ်အနေဖြင့် နှလုံးသွင်း ဆင်ခြင်ခြင်း တည်းဟူသော (၂) ဓာတုပစ္စဝေက္ခဏာ၊ စက်ဆုပ်ဖွယ်အနေဖြင့် နှလုံးသွင်း ဆင်ခြင်ခြင်း တည်းဟူသော (၃) ပဋိကူလမနသိကာရ ပစ္စဝေက္ခဏာ ဟူ၍ ပစ္စဝေက္ခဏာ သုံးမျိုးရှိသည်ကို အထူးသိမှတ်ရာ၏။)

http://www.dhammadownload.com



ထိုသို့ ပစ္စဝေက္ခဏာတင် ဆင်ခြင်၍ထားအပ်သည့် သင်္ကန်းစသည့်တို့ကို သုံးဆောင်သောအခါ၌လည်း ပစ္စဝေက္ခဏာတင် ဆင်ခြင်၍ သုံးဆောင်သော ရဟန်း၏ သုံးဆောင်ခြင်းသည် အစအဆုံး အပြစ်ကင်းသော သုံးဆောင်ခြင်း ဖြစ်ပေ၏။

သုံးဆောင်သောအခါ ဆင်ခြင်ခြင်း၌ ဤဆိုလတ္တံ့သည်ကား ယုံမှားခြင်းကို ကင်းအောင်ပြုတတ်သည့် အဆုံးအဖြတ်တည်း။ ချုံးဦးအံ့....ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းတို့သည်—

(က) ခိုးသည်နှင့်တူသော သုံးဆောင်ခြင်း (ထေယျပရိဘောဂ)၊
(ခ) ကြွေးယူသည်နှင့်တူသော သုံးဆောင်ခြင်း (ဣဏပရိဘောဂ)၊
(ဂ) အမွေခံသည်နှင့်တူသော သုံးဆောင်ခြင်း (ဒါယဇ္ဇပရိဘောဂ)၊
(ဃ) အစိုးတရ သုံးဆောင်ခြင်း (သာမိပရိဘောဂ)–

အားဖြင့် လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်—

(က) သီလမရှိသောသူ၏ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် သံဃာ့အလယ်မှာနေ၍ သုံးဆောင်စေကာမူ ခိုးသည်နှင့်တူသော သုံးဆောင်ခြင်း (ထေယျပရိဘောဂ)သာ မည်၏။

(သီလရှိသော ပုဂ္ဂိုလ်တို့အတွက်သာ မြတ်စွာဘုရားကလည်း ပစ္စည်းလေးပါးကို သုံးဆောင်ရန် ခွင့်ပြုထားခြင်း ဖြစ်သည်၊ ဒါယကာတို့ကလည်း မိမိတို့ကောင်းမှုအတွက် အကျိုးကြီးရန် ရည်သန်၍ သီလရှိသော ပုဂ္ဂိုလ်တို့အားသာ လှူဒါန်းခြင်းဖြစ်သည်၊ သို့ရကား ထိုပစ္စည်းလေးပါးတို့သည် သီလမရှိသော(ဒုဿီလ)ပုဂ္ဂိုလ်တို့နှင့် လုံးဝမသက်ဆိုင်၊ ထိုသို့ မသက်ဆိုင်ပါပဲလျက် သုံးဆောင်ခြင်းဖြစ်သောကြောင့် ဒုဿီလပုဂ္ဂိုလ်၏ သုံးဆောင်ခြင်းသည် ခိုးသည်နှင့်တူသော သုံးဆောင်ခြင်း=ထေယျပရိဘောဂဖြစ်သည်ဟု မှတ်ယူအပ်၏။ ။ဝိသုဒ္ဓိမဂ် မဟာဋီကာ။)

(ခ) သီလရှိသော ပုဂ္ဂိုလ်၏ ပစ္စဝေက္ခဏာ မဆင်ခြင်ပဲ သုံးဆောင်ခြင်းသည် ကြွေးယူသည်နှင့်တူသော သုံးဆောင်ခြင်း (ဣဏပရိဘောဂ) မည်၏။ ထို့ကြောင့်–သင်္ကန်းကို ကိုယ်မှချွတ်၍ သုံးဆောင်တိုင်း သုံးဆောင်တိုင်း ဆင်ခြင်အပ်၏။ ဆွမ်းကို အလုပ်တိုင်း အလုပ်တိုင်း ဆင်ခြင်အပ်၏၊ ဤသို့မှ မတတ်နိုင်လျှင် နံနက်ခင်းအချိန်မှာဖြစ်စေ ညနေချမ်းအချိန်မှာဖြစ်စေ ညဉ့်ဦးယံအချိန်မှာဖြစ်စေ သန်းခေါင်ယံအချိန်မှာဖြစ်စေ မိုးလင်းခါနီးအချိန်မှာဖြစ်စေ ဆင်ခြင်

http://www.dhammadownload.com



အပ်၏။ ဤသို့မှ မဆင်ခြင်ပဲ အရဏ်တက်သွားလျှင် ကြွေးယူ၍ သုံးဆောင်သော=ဣဏပရိဘောဂ အရာ၌ တည်လေတော့၏။ ကျောင်းကိုလည်း တံစက်မြိတ်အတွင်း ဝင်တိုင်းဝင်တိုင်း ဝင်ပြီးမှနောက် ထိုင်တိုင်းထိုင်တိုင်း အိပ်တိုင်းအိပ်တိုင်း ဆင်ခြင်အပ်၏။ ဆေးကို အကပ်ခံရာ၌ရင်း သုံးဆောင်ရာ၌ရင်း ဆင်ခြင်အပ်၏၊ သို့ရာတွင် အကပ်ခံစဉ် ဆင်ခြင်၍ သုံးဆောင်သောအခါ မဆင်ခြင်လျှင် အာပတ်သင့်၏၊ အကပ်ခံစဉ် မဆင်ခြင်မိသော်လည်း သုံးဆောင်သောအခါ ဆင်ခြင်လျှင် အာပတ်မှ လွတ်၏။

## သီလ၏ စင်ကြယ်ခြင်း လေးပါး

သီလ၏စင်ကြယ်ခြင်းသည်—

(၁) ဒေသနာကြားသဖြင့် စင်ကြယ်ခြင်း (ဒေသနာသုဒ္ဓိ)၊
(၂) စောင့်စည်းသဖြင့် စင်ကြယ်ခြင်း (သံဝရသုဒ္ဓိ)၊
(၃) ရှာမှီးသဖြင့် စင်ကြယ်ခြင်း (ပရိယေဋ္ဌိသုဒ္ဓိ)၊
(၄) ဆင်ခြင်သဖြင့် စင်ကြယ်ခြင်း (ပစ္စဝေက္ခဏာသုဒ္ဓိ)—

ဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်—

ပါတိမောက္ခသံဝရသီလသည် သင့်သောအာပတ်ကို ဒေသနာကြားသဖြင့်=အထင်အရှား ဖွင့်ပြောခြင်းဖြင့် စင်ကြယ်၏၊ (ဒေသနာသုဒ္ဓိ။)

ဣန္ဒြိယသံဝရသီလသည် ဣန္ဒြေကို စောင့်စည်းသဖြင့် စင်ကြယ်၏။ 'နောက်တဖန် ဤသို့ မပြုလုပ်တော့ပြီ'ဟု စိတ်ကိုဆုံးဖြတ်ကာ စောင့်စည်းခြင်းဖြင့်သာလျှင် စင်ကြယ်သောသီလဖြစ်သည်၊(သံဝရသုဒ္ဓိ။)

အာဇီဝပါရိသုဒ္ဓိသီလသည် ရှာမှီးသဖြင့် စင်ကြယ်သောသီလဖြစ်၏၊ မအပ်သော ရှာမှီးခြင်းကို ပယ်ရှားပြီးလျှင် တရားနှင့်အညီသာ ပစ္စည်းတို့ကိုဖြစ်စေခြင်းဖြင့် စင်ကြယ်နိုင်၏၊ (ပရိယေဋ္ဌိသုဒ္ဓိ။)

ပစ္စယသန္နိဿိတသီလသည် ဆင်ခြင်သဖြင့် စင်ကြယ်သောသီလမည်၏။ ထိုသီလသည် ဆိုခဲ့ပြီးသော ဆင်ခြင်နည်းမျိုးဖြင့် ဆင်ခြင်မှသာ စင်ကြယ်နိုင်သည်၊ (ပစ္စဝေက္ခဏာသုဒ္ဓိ။) ထို့ကြောင့် (အကပ်ခံစဉ် မဆင်ခြင်မိသော်လည်း သုံးဆောင်သောအခါ ဆင်ခြင်လျှင် အာပတ်မှ လွတ်၏။) ဟူ၍ မိန့်ဆိုအပ်သည်။

http://www.dhammadownload.com



(ဂ) သေက္ခပုဂ္ဂိုလ်ခုနစ်ယောက် (အောက်အရိယာခုနစ်ပါး)တို့၏ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် အမွေခံသည်နှင့်တူသော သုံးဆောင်ခြင်း= ဒါယဇ္ဇပရိဘောဂမည်၏။ သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့သည် မြတ်စွာဘုရား၏ သားတော်တို့ဖြစ်ကုန်၏။ထို့ကြောင့် ဖခင်၏ အမွေကို သားခံယူသကဲ့သို့ မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်သော ပစ္စည်းလေးပါးတို့ကို အမွေခံဖြစ်၍ သုံးဆောင်ကြရကုန်၏။ ။(ပစ္စည်းလေးပါးတို့ကို ဒါယကာတို့က လှူအပ်သည် မှန်သော်လည်း မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်သောကြောင့် မြတ်စွာဘုရား၏ ဥစ္စာဖြစ်ကုန်၏။)

(ဃ) ရဟန္တာပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းသည် အစိုးတရ သုံးဆောင်ခြင်း=သာမိပရိဘောဂမည်၏။ ပုထုဇန်နှင့် သေက္ခပုဂ္ဂိုလ်တို့မှာ တဏှာမကင်းကြသေးသဖြင့် ထိုတဏှာ၏အလိုသို့ လိုက်ပါကြရသောကြောင့် ပစ္စည်းတို့ကို သုံးဆောင်ရာ၌ အစိုးတရ မရှိကြချေ၊ ရဟန္တာပုဂ္ဂိုလ်မှာကား တဏှာ၏ ကျွန်အဖြစ်မှ စင်စစ် လွတ်ဇမြာက်တော်မူကြသောကြောင့် ပစ္စည်းတို့ကို သုံးဆောင်ရာ၌ အစိုးတရရှိကြသည်၊ ထို့ကြောင့်ပင် ထိုရဟန္တာအရှင်မြတ်တို့သည် စက်ဆုပ်ဖွယ်သော ပစ္စည်းကိုလည်း စက်ဆုပ်ဖွယ်မဟုတ်သော အခြင်းအရာဖြင့် သုံးဆောင်နိုင်ကုန်၏၊ စက်ဆုပ်ဖွယ်မဟုတ်သည်ကိုလည်း စက်ဆုပ်ဖွယ်အခြင်းအရာဖြင့် သုံးဆောင်နိုင်ကုန်၏၊ ထိုနှစ်ပါးသောအခြင်းအရာကိုလွှတ်၍ အလယ်အလတ်အခြင်းအရာဖြင့်လည်း သုံးဆောင်တော်မူနိုင်ကုန်၏။

ဤသုံးဆောင်ခြင်း လေးမျိုးတို့တွင် အစိုးတရသုံးဆောင်ခြင်း= သာမိပရိဘောဂနှင့် အမွေခံသည်နှင့်တူသော သုံးဆောင်ခြင်း=ဒါယဇ္ဇပရိဘောဂ ဤနှစ်ပါးတို့သည် အလုံးစုံသော ပုဂ္ဂိုလ်တို့အား အပ်၏။ ဤအရာ၌ ပြဆိုခဲ့ပြီးသောအတိုင်း သာမိပရိဘောဂသည် ရဟန္တာအရှင်များနှင့်သာ သက်ဆိုင်သော်လည်း သေက္ခပုဂ္ဂိုလ် ပုထုဇန်ပုဂ္ဂိုလ်တို့အရသာကို မမက်မောပဲ အာဟာရေပဋိကူလသညာဖြင့် ရသတဏှာကို ပယ်၍ သုံးဆောင်လျှင် တဏှာ၏ကျွန်အဖြစ်မှ လွတ်မြောက်သည်နှင့် အလားတူ၍ သာမိပရိဘောဂ ရသင့်သည်ဟု ဆိုနိုင်ခွင့်ရှိပေ၏။ရဟန္တာပုဂ္ဂိုလ်နှင့် ပုထုဇန်ပုဂ္ဂိုလ်တို့လည်း မြတ်စွာဘုရား၏ အမွေခံသားတော်များဖြစ်သည်ဟု ဆိုနိုင်ခွင့်ရှိပေ၏။

ကြွေးယူသည်နှင့်တူသော ဣဏပရိဘောဂသည်ကားမအပ်။ခိုးသည်နှင့်တူသော သုံးဆောင်ခြင်း=ထေယျပရိဘောဂ၌ကား ဆိုဖွယ်ပင်မရှိ၊ ကေန်မအပ်သည်သာ။ အထူးအားဖြင့် သီလရှိသောပုဂ္ဂိုလ်၏ ပစ္စ-

http://www.dhammadownload.com



ဝေက္ခဏာတင်၍သုံးဆောင်ခြင်းသည် ဣဏပရိဘောဂ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ကြွေးမတင်သော သုံးဆောင်ခြင်း=အာဏဏျပရိဘောဂမည်၏။ တနည်းအားဖြင့် သီလရှိသော ပုထုဇန်ပုဂ္ဂိုလ်ကို ဤပစ္စဝေက္ခဏာတင် ဆင်ခြင်၍ သုံးဆောင်ခြင်းတည်းဟူသော သီလသိက္ခာနှင့်ပြည့်စုံသောကြောင့် သေက္ခအရိယာပုဂ္ဂိုလ်၌ ထည့်သွင်းရေတွက်နိုင်သောကြောင့် ထိုသီလရှိသော ပုထုဇန်ပုဂ္ဂိုလ်၏ ပစ္စဝေက္ခဏာတင် ဆင်ခြင်၍ သုံးဆောင်ခြင်းသည် အမွေခံသည်နှင့်တူသော ဒါယဇ္ဇပရိဘောဂပင်မည်ပေ၏။

ဤသုံးဆောင်ခြင်း လေးပါးတို့တွင် သာမိပရိဘောဂသည် အမြတ်ဆုံးဖြစ်သောကြောင့် ထိုသာမိပရိဘောဂကို တောင့်တလင့်ဆို အလိုရှိသော ရဟန်းသည် ဆိုအပ်ပြီးသည့်နည်းအတိုင်း ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာတင် ဆင်ခြင်သုံးဆောင်သဖြင့် ပစ္စယသန္နိဿိတသီလကို ပြည့်စုံစေရာ၏။

ဤတွင် လေးပါးတွဲသီလစု ပြီး၏။

---

## ငါးပါးတွဲ သီလစု

**တနည်းကား....**

(၁) ပရိယန္တပါရိသုဒ္ဓိသီလ၊
(၂) အပရိယန္တပါရိသုဒ္ဓိသီလ၊
(၃) ပရိပုဏ္ဏပါရိသုဒ္ဓိသီလ၊
(၄) အပရာမဋ္ဌပါရိသုဒ္ဓိသီလ၊
(၅) ပဋိပ္ပဿဒ္ဓိပါရိသုဒ္ဓိသီလ –

အားဖြင့် ငါးပါးအပြားရှိ၏၊ ထိုငါးပါးတို့တွင် –

လူသာမဏေတို့၏ သီလသည် အရေအတွက်အားဖြင့် အပိုင်းအခြားရှိ၍ ခင်ကြယ်စေအပ်သော သီလဖြစ်သောကြောင့် ပရိယန္တပါရိသုဒ္ဓိသီလ မည်၏။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ဤပရိယန္တပါရိသုဒ္ဓိသီလ၏ အရေအတွက်အပိုင်းအခြားရှိပုံကို အကျယ်ဖွင့်ပြတော်မမူ၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌ကား ရှေးကလည်း ပြခဲ့သောအတိုင်း ပိုင်းခြားခြင်း ပရိယန္တသည်....

http://www.dhammadownload.com



(က) သိက္ခာပုဒ်အပိုင်းအခြား=သိက္ခာပဒပရိယန္တ၊ (ခ)ကာလအပိုင်းအခြား=ကာလပရိယန္တဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် (က) သိက္ခာပုဒ်အပိုင်းအခြားဟူသည် ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့သည် အလိုရှိရာ ဆောက်တည်ရိုး အစဉ်အတိုင်း သိက္ခာပုဒ်တပါး နှစ်ပါး သုံးပါး လေးပါး ငါးပါး ရှစ်ပါး ဆယ်ပါးတို့ကို စောင့်ထိန်းကြကုန်၏။ (အလိုရှိသလောက် တတ်နိုင်သလောက် သိက္ခာပုဒ်ကို ပိုင်းခြား၍ ဆောက်တည်ကြသည် ဟူလို။) သိက္ခမာန် သာမဏေယောကျ်ား သာမဏေမိန်းမတို့သည် သိက္ခာပုဒ်ဆယ်ပါးကို ဆောက်တည် ကျင့်သုံးကြကုန်၏။ ဤကား သိက္ခာပုဒ်အပိုင်းအခြားတည်း။

(ခ) ကာလအပိုင်းအခြားမှာ....ဥပါသကာယောကျ်ား ဥပါသိကာမိန်းမတို့သည် အလှူလှူဒါန်းသည့်အခါ မိမိကျွေးမွေးလှူဒါန်းသည့် အချိန်အတွင်း ပိုင်းခြား၍ သီလကို ဆောက်တည်ကြကုန်၏၊ ကျောင်းသို့ သွားရောက်ကြသောအခါ ကျောင်းမှမပြန်မီအတွင်း သီလကို ဆောက်တည်ကြကုန်၏။ တရက်ဖြစ်စေ နှစ်ရက်ဖြစ်စေ သုံးရက်ဖြစ်စေ ထို့ထက် အလွန်ဖြစ်စေ နေ့ညဉ့်တို့ကို ပိုင်းခြား၍ ဆောက်တည်ကြကုန်၏။ ဤကား ကာလအပိုင်းအခြားတည်း"ဟူ၍ ဖွင့်ပြတော်မူသည်။

ရဟန်းတို့၏ ဥဘတောဝိဘင်း ပါဠိတော်၏ အကျဉ်းချုပ် ဒွေမာတိကာလာ သိက္ခာပုဒ် (၂၂၇)နှစ်ရာနှစ်ဆယ်ခုနစ်ပါး၊ အကျယ်အားဖြင့် သိက္ခာပုဒ်ပေါင်း ကုဋေကိုးထောင်တရာ့ရှစ်ဆယ်နှင့် ငါးသန်း သုံးသောင်း ခြောက်ထောင်ကုန်သော စောင့်ရှောက်ဖွယ် ဝိနည်းကျင့်ဝတ်တို့ကို မြတ်စွာဘုရား ဟောကြားတော်မူ၍ သံဂါယနာတင် အရှင်မြတ်တို့ကလည်း အကျဉ်းချုပ်၍ ပြဆိုတော်မူကြကုန်၏။ ဤသိက္ခာပုဒ်သီလအပေါင်းသည် အပရိယန္တပါရိသုဒ္ဓိသီလမည်၏။

ဤဥဒ္ဒိ အရေအတွက် အပိုင်းအခြားရှိသော်လည်း ရဟန်းများမှာ အပိုင်းအခြား အကြွင်းအကျန်မထားပဲ ဆောက်တည်ကျင့်သုံးရသည်ကိုရင်း၊ လာဘ်ကြောင့် ပျက်စီးခြင်း အကျော်အစော ဂုဏ်ကြောင့် ပျက်စီးခြင်း ဆွေမျိုးကြောင့် ပျက်စီးခြင်း ကိုယ်အင်္ဂါကြောင့် ပျက်စီးခြင်း အသက်ကြောင့် ပျက်စီးခြင်း ဤငါးပါးဖြင့် ပျက်စီးရမည့် အပိုင်းအခြားကို မမြင်ရသည်ကိုရင်း အစွဲပြု၍ အပရိယန္တပါရိသုဒ္ဓိသီလ ဟူ၍ ခေါ်ဝေါ်အပ်၏။ ဤသီလကား ရှေးကပြခဲ့ပြီးသော စီရဂုမ္ဗ အရပ်၌ သီတင်းသုံးနေတော်မူသည့် သရက်သီးစားကာ ရဟန္တာဖြစ်သော မဟာတိဿမထေရ်၏ သီလမျိုးဖြစ်၏။ ဤမထေရ်သည် သရက်

http://www.dhammadownload.com



ပင်အောက်၌ တိမ်းလဲကာ အလွန်တရာ ဆာလောင်မွတ်သိပ်လှသော်လည်း အသက်သေမည်ကို ပမာဏမထားပဲ သီလကိုသာ စောင့်ထိန်းတော်မူသည်။

ကလျာဏပုထုဇန်ပုဂ္ဂိုလ်တို့၏ အပြည့်အစုံ စင်ကြယ်စေအပ်သော သီလသည် ပရိပုဏ္ဏပါရိသုဒ္ဓိသီလမည်၏။ ထိုကလျာဏပုထုဇန်ပုဂ္ဂိုလ်တို့၏ သီလသည် ရဟန်းဖြစ်သည်မှစ၍ ကောင်းစွာ သွေးထားအပ်သည့် အရောင်တလက်လက် တောက်ပသော ပတ္တမြားကဲ့သို့ရင်း ကောင်းစွာပြုပြင် စီမံထားအပ်သည့် ရွှေစင်ကဲ့သို့ရင်း အလွန်စင်ကြယ်သောကြောင့် စိတ်ကူးရုံမျှဖြစ်သော ကိလေသာ အညစ်အကြေးတို့မှသော်လည်း ကင်းစင်ကာ အရဟတ္တဖိုလ်၏ နီးစွာသောအကြောင်းဖြစ်၏။ ထို့ကြောင့် ထိုသို့ ပြည့်စုံစေအပ်သော ကလျာဏပုထုဇန်ပုဂ္ဂိုလ်တို့၏ သီလကို ပရိပုဏ္ဏပါရိသုဒ္ဓိသီလဟု ခေါ်ဆိုအပ်၏၊ မဟာသံဃရက္ခိတမထေရ်နှင့် တူတော်ဖြစ်သော သံဃရက္ခိတမထေရ်တို့၏ သီလများကဲ့သို့တည်း။

## မဟာသံဃရက္ခိတမထေရ်အကြောင်း

ထိုမဟာသံဃရက္ခိတမထေရ်ကို ဝါတော်ခြောက်ဆယ်(သက်တော်ရှစ်ဆယ်) လွန်၍ သေမည့်ညောင်စောင်း၌ လျောင်းစက်၍နေစဉ် ရဟန်းသံဃာများက "အရှင်ဘုရားသည် လောကုတ္တရာတရားထူးကို ရပြီးပါပြီလော"ဟု မေးမြန်းသည်တွင် မထေရ်မြတ်က "ငါ့မှာ ရပြီးသော လောကုတ္တရာတရားဟူ၍ မရှိသေးပါ"ဟု ပြောဆိုလေသည်။ ထိုအခါ မထေရ်မြတ်၏ အပြုအစု အလုပ်အကျွေးဖြစ်သော ရဟန်းငယ်က.... "အရှင်ဘုရား....အရှင်တို့သည် ပရိနိဗ္ဗာန်စံလွန်တော်မူသွားကြကုန်ပြီ"ဟူ၍ ထက်ဝန်းကျင် တဆယ့်နှစ်ယူဇနာအတွင်း၌ နေကြသော လူအများတို့ လာရောက်စည်းဝေးကြပါကုန်ပြီ၊ အရှင်ဘုရားတို့၏ ပုထုဇန်အဖြစ်ဖြင့် သေလွန်သွားသည်ကို သိကြလျှင် လူအများမှာ စိတ်မချမ်းမသာဖြစ်ကြရတော့မည်"ဟု လျှောက်ထားလေ၏။

ထိုအခါ မထေရ်မြတ်က...."ငါ့ရှင်....ငါသည် 'မေတ္တေယျမြတ်စွာဘုရားကို ဖူးမျှော်ဦးအံ့'ဟု အောက်မေ့ကာ ဝိပဿနာတရားကို အားမထုတ်ပဲ နေခဲ့သည်၊ လူအများ ဤကဲ့သို့ စိတ်မချမ်းမသာ ဖြစ်ကြမည်ဆိုလျှင် ငါ့ကို ထူမပေး၍ တရားနှလုံးသွင်းရန် ခွင့်ပြုပါလော့"ဟူ၍ အမိန့်ရှိ၏။ ရဟန်းငယ်က မထေရ်ကို ထူမပေးပြီးလျှင် အပြင်သို့ထွက်သွားလေသည်။ မထေရ်သည် ထိုရဟန်းငယ် အပြင်သို့ ထွက်သွားသည်နှင့်တပြိုင်နက် ရဟန္တာအဖြစ်သို့ ရောက်၍ လက်ဖြောက်တီးကာ အချက်ပေးလေ၏၊ ထိုအခါ ရဟန်းငယ် ပြန်လာပြီး မထေရ်မြတ်ကို လျောင်းမြဲတိုင်း လျောင်းစေပြီးမှ ဤအကြောင်းကို ရဟန်းငယ်မှ တဆင့် ပြောကြားသဖြင့် သံဃာတော်များ သိရှိစည်းဝေးပြီးလျှင် "အရှင်

http://www.dhammadownload.com



ဘုရား....ဤမျှလောက် သေဖို့ရန် နီးကပ်နေသော အချိန်အခါမှာ လောကုတ္တရာ တရားကို ဖြစ်စေနိုင်ခြင်းသည် အလွန်တရာ ပြုဖို့ရန် ခဲယဉ်းသည်ကို ပြုတော်မူကြခြင်း ဖြစ်ပါသည်"ဟု လျှောက်ထားကြ၏။ ထိုအခါ မထေရ်မြတ်က.... "ငါ့ရှင်တို့....ဤသို့ သေခါနီးဆဲဆဲမှာ လောကုတ္တရာတရားကို ဖြစ်စေခြင်းမှာ ငါ့အဖို့ ခဲယဉ်းသည်မဟုတ်ပါ၊ စင်စစ်သော် ငါ့ရှင်တို့အား ခဲယဉ်းသောအမှုကို ပြောကြားပေအံ့၊ ငါ့ရှင်တို့....ငါသည် ရဟန်းဖြစ်သောကာလမှစ၍ သတိမထားမိကာ ဉာဏ်ပညာမပါပဲ ပြုလုပ်မိသောအမှုကို ငါမမြင်၊ ဤသို့ပြုလုပ်သော ကိစ္စအဝဝတို၌ သတိပညာ လက်မလွှတ်ခြင်းကသာလျှင် သာလွန်၍ ခဲယဉ်းလှပေသည်"ဟု မိန့်တော်မူလေ၏။

ထိုသံဃရက္ခိတမဟာထေရ်၏ တူဖြစ်သော ဘာဂိနေယျသံဃရက္ခိတမထေရ်မြတ်သည်လည်း ဝါတော်ငါးဆယ်မြောက် ရောက်ရှိသောအခါ ဦးရီးတော်အတူ ရဟန္တာအဖြစ်သို့ ရောက်ဘူးလေပြီ။

သေက္ခအရိယာပုဂ္ဂိုလ်တို့၏ ဒိဋ္ဌိဖြင့်မသုံးသပ်အပ်သော သီလ ပုထုဇန်ပုဂ္ဂိုလ်တို့၏ ရာဂဖြင့်မသုံးသပ်အပ်သော သီလ ဤသီလများသည် အပရာမဋ္ဌပါရိသုဒ္ဓိသီလ မည်၏။ သူကြွယ်သားဖြစ်သော တိဿမထေရ်၏ သီလမျိုးပင်တည်း။

## သူကြွယ်သား တိဿမထေရ်အကြောင်း

သီဟိုဠ်ကျွန်းတွင် သူကြွယ်တဦး၌ သားနှစ်ယောက်တို့ရှိရာ မိဖတို့ ကွယ်လွန်သောအခါ သားအကြီးဖြစ်သူ တိဿလုလင်က မိဖတို့၏ အမွေအနှစ်ဟူသမျှကို ညီငယ်အား အလုံးစုံအပ်နှင်းပေးခဲ့ပြီး မိမိမူကား ရဟန်းပြု၍ တောကျောင်းတခုမှာ တရားအားထုတ် နေထိုင်တော်မူ၏။

ထိုအခါ ညီ၏မယား (ခယ်မ)ဖြစ်သူက "ယခု ငါတို့မှာ ခဲအိုဖြစ်သူ ရဟန်းပြုသောကြောင့်သာ ဤအမွေပစ္စည်းတို့ကို အလုံးစုံ ပိုင်ဆိုင်နေသည်၊ အကယ်၍ ခဲအိုဖြစ်သူသည် လူထွက်လာပါမူ ဤပစ္စည်းတို့ကို ထက်ဝက်ခွဲ၍ပေးရချေမည်၊သူ လူထွက်မည်မထွက်မည်ကိုလည်းမသိနိုင်၊ သူသေမှသာ စိတ်အေးချမ်းသာရမည်"ဟု ကြံစည်စိတ်ကူးကာ လူဆိုးတို့အား ပစ္စည်းဥစ္စာပေးကမ်းပြီးလျှင် မထေရ်ကို အသတ်ခိုင်းလေ၏။

လူဆိုးများသည် တောကျောင်းသို့ လာရောက်ပြီးလျှင် ညဉ့်ဦးယံအခါ မထေရ်ကို ဝိုင်းဝန်းဖမ်းဆီးကြကုန်၏။ သူကြွယ်သား တိဿမထေရ်က "ငါ့မှာ သင်တို့လိုချင်ဖွယ်ရာ ပစ္စည်းတစုံတရာမျှ မရှိ"ဟူ၍ ပြောကြားသောအခါ "ပစ္စည်းကိုလို၍ ကျွန်ုပ်တို့လာသည်မဟုတ်၊အရှင်ဘုရား

http://www.dhammadownload.com



ကို သတ်ရန် (ခယ်မ၏ စေခိုင်းချက်ကြောင့်) လာရခြင်း ဖြစ်သည်”ဟု ပြောကြားသည်တွင် တိဿမထေရ်က “ငါ၌ စင်ကြယ်သော သီလကား ရှိပေ၏၊ အရဟတ္တဖိုလ်ကိုကား မရသေးပေ၊ ဤသီလကို အမှီပြုကာ အရဟတ္တဖိုလ်၌ တည်လိုသည့်အတွက် နံနက်အရုဏ်တက်ရုံအတွင်း ငါ့အား တရားအားထုတ်ခွင့် ပေးကြပါ”ဟု ပြောဆိုလေလျှင် လူဆိုးများက “ဤသို့ ခွင့်မပေးနိုင်ပါ၊ ညဥ့်အခါတွင် အရှင်ဘုရား ထွက်ပြေးသွားပါက တဖန် လိုက်လံဖမ်းဆီးရန် ဒုက္ခဖြစ်ရပေလိမ့်ဦးမည်၊ သို့ဖြစ်၍ အခွင့်မပြုနိုင်”ဟု ငြင်းပယ်ကြသောအခါ “ငါမပြေးနိုင်ကြောင်းကို သင်တို့အား အထင်အရှား သိပါစေမည်”ဟု အမိန့်ရှိကာ ကြီးစွာသော ကျောက်ခဲကိုယူ၍ ဒူးနှစ်ဖက်ကို ကိုယ်တိုင် ထုနှက်တော်မူ၏။

ဒူးနှစ်ဖက်လုံး သွန်သွန်ကျိုးသောအခါ “သင်တို့မြင်ကြပြီ မဟုတ်လော၊ ငါသည် မည်သည့်နည်းနှင့်မျှ ထွက်မပြေးနိုင်တော့ပေ၊ ငါသည် ရာဂမကင်းပဲ ပုထုဇန်အဖြစ်ဖြင့် သေရမည်ကို စက်ဆုပ်လှပေ၏၊ ရှက်နိုးလှပေ၏”ဟူ၍ အမိန့်ရှိမှ လူဆိုးတို့က ခွင့်ပေးသဖြင့် ထိုသို့သဘော ရှိသည့် ရာဂဖြင့် မသုံးသပ်အပ်သော မိမိ၏သီလကို အမှီပြုကာ တညဥ့်လုံး ရဟန်းတရားအားထုတ်သဖြင့် အရုဏ်တက်သောအခါ အရဟတ္တဖိုလ်သို့ ရောက်တော်မူသည်။

## မဟာထေရ်ကြီးတပါးအကြောင်း

မထင်ရှားသော မဟာထေရ်ကြီးတပါးသည် အပြင်းအထန် မကျန်းမာ၍ မိမိလက်ဖြင့်ပင် အစာအာဟာရကို မစားနိုင်တော့ပဲ မိမိ၏ ကျင်ငယ်ကျင်ကြီး၌ လူးလည်းတိမ်းလဲနေလေ၏။ ထိုမထေရ်ကြီးကို ရဟန်းငယ်တပါးကမြင်၍ “အြ....ဇီဝိတသင်္ခါရတရားတို့ကား ဆင်းရဲစွာ့တကား”ဟု ပြောကြားလေသော် မဟာထေရ်ကြီးက “ငါ့ရှင်....ငါသည် ယခုသေလျှင် နတ်ပြည်စည်းစိမ်ကိုရပေလိမ့်မည်၊ ဤနတ်စည်းစိမ်ကိုရခြင်း၌ ငါ့အား ယုံမှားသံသယ လုံးဝမရှိပါ၊ သို့သော်လည်း ဤသီလကို ဖျက်၍ (ရဟန္တာမဖြစ်ပဲ သေလျှင် သီလပျက်သည်ကို ဆိုလိုသည်) ရရှိသော စည်းစိမ်မည်သည်မှာ သိက္ခာချ၍ လူထွက်ရသည်နှင့်တူလှဘိ၏ဟု မိန့်ဆိုတော်မူပြီးလျှင် သီလနှင့်တကွပင် သေအံ့ (ရဟန္တာဖြစ်ပြီးမှသေပေအံ့)”ဟုမိန့်ဆို၍ ထိုနေရာမှာပင် လျောင်းလျက် ထိုရောဂါကို အဦးမူကာ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို သုံးသပ်ဆင်ခြင်တော်မူသဖြင့် အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည်။

(ဤမထေရ်မြတ်တို့၏ သီလကား အပရာမဋ္ဌသီလဖြစ်သည်။)

http://www.dhammadownload.com



ရဟန္တာပုဂ္ဂိုလ် စသည်တို့၏ သီလသည် အလုံးစုံသော ကိလေသာအပူအပင်ဟူသမျှ ငြိမ်းချမ်းခြင်းဖြင့် စင်ကြယ်သည်၏ အဖြစ်ကြောင့် ပဋိပ္ပဿဒ္ဓိပါရိသုဒ္ဓိ သီလမည်၏။ ။ဤသို့လျှင် သီလသည် ပရိယန္တပါရိသုဒ္ဓိသီလ စသည်တို့၏ အစွမ်းအားဖြင့် ငါးပါးအပြားရှိ၏။

တနည်းကား....

(၁) ပဟာနသီလ၊

(၂) ဝေရမဏီသီလ၊

(၃) စေတနာသီလ၊

(၄) သံဝရသီလ၊

(၅) အဝီတိက္ကမသီလ—

အားဖြင့် ငါးပါးအပြားရှိ၏။ ထိုငါးပါးတို့တွင်....

ပါဏာတိပါတ စသည်ကို ပယ်ရှားခြင်းသည် ပဟာနသီလမည်၏။ (ဤအရာ၌ ပါဏာတိပါတစသည်-ဟူသော စကားဖြင့် အဒိန္နာဒါန် ကာမေသုမိစ္ဆာစာရ စသော ဒုစရိုက်မှုတို့ကိုသာ ယူရသည်မဟုတ်၊ အဆင့်ဆင့်သော ကုသိုလ်တရားတို့ဖြင့် ပယ်ရှားသင့်သော အရာဟူသမျှကို ပယ်ရှားခြင်းသည် ပဟာနသီလမည်၏ ဟူ၍ အကျဉ်းချုပ်အားဖြင့် မှတ်ယူအပ်၏။ (ပါဠိလို)ပဟာန (မြန်မာလို)ပယ်ခြင်း ဟူသည်မှာ ဆိုင်ရာဆိုင်ရာ ပယ်ရှားဖွယ်များကို ပယ်ရှားသော အခြင်းအရာဖြင့် ဖြစ်သော ကုသိုလ်စိတ် စေတသိက်စုပင် ဖြစ်သည်။)

ပါဏာတိပါတစသော ရှောင်ကြဉ်ဖွယ်မှုတို့ကို ရှောင်ကြဉ်ခြင်း ဝိရတိစေတသိက်ပြဋ္ဌာန်းသည့် ကုသိုလ်စိတ် စေတသိက်စုသည် ဝေရမဏီသီလမည်၏။

ပါဏာတိပါတစသည်တို့ကို ပယ်ရှားရှောင်ကြဉ်မှုနှင့် စိတ်ကို တွဲစပ်စွဲမြဲစေသော စေတနာတရားသည် စေတနာသီလမည်၏။

ပယ်ရှားရှောင်ကြဉ်အပ်သော ပါဏာတိပါတစသော အမှုတို့ကို စိတ်ထဲသို့ မဝင်ရောက်နိုင်အောင် တားဆီးပိတ်ပင်သောအားဖြင့် ဖြစ်သော သတိစေတသိက်ပြဋ္ဌာန်းသည့် ကုသိုလ်စိတ် စေတသိက်စုသည် သံဝရသီလမည်၏။

ပယ်ရှားရှောင်ကြဉ်အပ်သော ပါဏာတိပါတစသော အမှုတို့ကို မလွန်ကျူးသောအားဖြင့် ဖြစ်သော ကုသိုလ်စိတ် စေတသိက်တရားအစုသည် အဝီတိက္ကမသီလမည်၏။

မဟာဗုဒ္ဓဝင် ၁-၂၃

http://www.dhammadownload.com



(ဤပဟာနသီလစသော သီလငါးမျိုးမှာ အခြားသီလများကဲ့သို့ အသီးသီး တခြားစီ ဖြစ်ပွါးကြသော သီလများ မဟုတ်ကုန်၊ ပါဏာ-တိပါတစသည်ကို ပြုခြင်းမှ ရှောင်ကြဉ်လိုက်လျှင်ပင် ပဟာနသီလ စသော ငါးမျိုးလုံး ပါဝင်ဖြစ်ပေါ် နိုင်သည်။)

ငါးပါးတွဲ သီလစု ပြီး၏။

သီလအပြားကို ပြဆိုချက် ပြီး၏။

---

## သီလညစ်ညူးကြောင်းနှင့် ဖြူစင်ကြောင်း

(၆) သီလ၏ ညစ်ညူးကြောင်းတရားကား အဘယ်နည်း၊

(၇) သီလ၏ ဖြူစင်ကြောင်းတရားကား အဘယ်နည်း၊—

ဟူသော ဤအမေးစကား၌ သီလ၏ ညစ်ညူးကြောင်းတရားနှင့် ဖြူစင်ကြောင်း တရားတို့မှာ တွဲစပ်၍ ပြဆိုသင့်သော အရာစုဖြစ်သည်။

ညစ်ညူးကြောင်း တရားဟူသည် သီလ၏ ပြတ်ခြင်း ပေါက်ခြင်းစသော သဘောစုဖြစ်၍၊ ဤမှ ပြန်သောအားဖြင့် သီလ၏ မပြတ်ခြင်း မပေါက်ခြင်း စသည်တို့သည် သီလ၏ ဖြူစင်ကြောင်း ဖြစ်ကုန်၏။

သီလ၏ ပြတ်ခြင်း ပေါက်ခြင်း စသည်သည် လာဘ်လာဘ အရှိန်အဝါ အကျော်အစောစသည်လျှင် အကြောင်းရင်းရှိသော ပျက်စီးခြင်းဖြင့်ရင်း မေထုနသံယောဂတရား ခုနစ်ပါးဖြင့်ရင်း ဖြစ်ပေ၏။ ချဲဦးအံ့....

အကြင်ရဟန်း၏ သီလသိက္ခာပုဒ်ဆိုင်ရာ အာပတ်ခုနစ်ပုံရှိသည့်အနက် လာဘ်ကို လိုချင်ခြင်း, အကျော်အစောဂုဏ်ကို လိုချင်ခြင်း စသည်တို့ကြောင့် အစဖြစ်သော အာပတ်အစု၌ ဖြစ်စေ, အဆုံးဖြစ်သော အာပတ်အစု၌ဖြစ်စေ သိက္ခာပုဒ် ပျက်စီးငြားအံ့၊ ထိုရဟန်း၏ သီလသည် အနားစွန်း၌ ပြတ်သော အဝတ်ကဲ့သို့ ပြတ်သည် ကျိုးသည်မည်၏။

အကြင်ရဟန်း၏ သီလသည် အလယ်ဖြစ်သော အာပတ်အစု၌ ပျက်စီးငြားအံ့၊ ထိုရဟန်း၏ သီလသည် အလယ်၌ ပေါက်သော အဝတ်ကဲ့သို့ ပေါက်သည် မည်၏။

အကြင်ရဟန်း၏ သီလသည် အစဉ်အတိုင်း သိက္ခာပုဒ် နှစ်ပါးသုံးပါး ပျက်စီးငြားအံ့၊ ထိုရဟန်း၏ သီလသည် ကျောဖြစ်စေ ဝမ်း၌ဖြစ်စေ အညို အနီ စသော ကျားသောအဆင်းရှိသော နွားကဲ့သို့ ကျားသော သီလမည်၏။

http://www.dhammadownload.com



အကြင်ရဟန်း၏ သီလသည် သိက္ခာပုဒ်တခုကျော်စသည်ဖြင့် ပျက်စီးငြားအံ့၊ ထိုရဟန်း၏ သီလသည် အကြားအကြား၌ မတူသောအဆင်းဖြင့် အပြောက်ဆန်းကြယ်သော နွားကဲ့သို့ ပြောက်သော သီလမည်၏။

(လူတို့သီလ ရဟန်းတို့သီလ နှစ်မျိုးလုံးမှာပင် အစ၌ဖြစ်စေ အဆုံး၌ဖြစ်စေ သိက္ခာပုဒ်တခုစီ ပျက်စီးလျှင် ကျိုးသည် ပြတ်သည် မည်၏။ ။ အလယ်၌ သိက္ခာပုဒ် ပျက်စီးလျှင် ပေါက်သည်မည်၏။ ။အစမှာဖြစ်စေ အလယ်မှာဖြစ်စေ အဆုံးမှာဖြစ်စေ သိက္ခာပုဒ် နှစ်မျိုးသုံးမျိုး ဆက်၍ ပျက်စီးလျှင် ကျားသည်မည်၏။ ။သိက္ခာပုဒ်တခုကျော်စသည်ဖြင့် အကြားအကြားမှာ အနှံ့အပြား သိက္ခာပုဒ်ပျက်စီးလျှင် ပြောက်သည် မည်၏ဟု ဆိုလိုသည်။)

ဤသို့လျှင် လာဘ်စသည်လျှင် အကြောင်းရင်းရှိသော ပျက်စီးခြင်းဖြင့် သီလ၏ ကျိုးပြတ်ခြင်း ပေါက်ခြင်း ကျားခြင်း ပြောက်ခြင်းများသည် သီလ၏ ညစ်ညူးခြင်းပင် ဖြစ်၏။

ပြဆိုပြီးသည့် ကျိုးပြတ်ခြင်း ပေါက်ခြင်း ကျားခြင်း ပြောက်ခြင်းတို့ မရှိစေကာမူ မေထုန်နှင့်စပ်သော အမှုခုနစ်ပါးကြောင့်လည်း သီလညစ်ညူးခြင်း ဖြစ်နိုင်သည်။

မေထုန်နှင့်စပ်သော တရားခုနစ်ပါး၏ သရုပ်ကို အင်္ဂုတ္တရနိကာယ၊ သတ္တကနိပါတ၊ ၅-မဟာယညဝဂ်၊ ၇-ဇာဏုသောဏိသုတ်၌ မြတ်စွာဘုရား အကျယ် ဟောတော်မူသည်ကို အကျဉ်းချုပ် ဖော်ပြပေအံ့....၊

(၁) ရဟန်း ပုဏ္ဏား မြတ်သောအကျင့်ကို ကျင့်သသူဟု ဝန်ခံလျက် မာတုဂါမနှင့် နှစ်ဦးစပ်ရှက်မှုကို မပြုသော်လည်း မာတုဂါမက မိမိကိုယ်ပေါ်မှာ မှီလာသည်ကို သာယာခြင်း နင်းနှိပ်ပေးသည်ကို သာယာခြင်း ရေချိုးပေးသည်ကို သာယာခြင်း ဆုပ်နယ်ပေးသည်ကို သာယာခြင်း၊ (မာတုဂါမ၏ ကိုယ်ထိလက်ရောက် ပြုစုမှုများကို သာယာခြင်း။)

(၂) မာတုဂါမနှင့် နှစ်ဦးစပ်ရှက်မှုကိုမပြု၊ မာတုဂါမ၏ ကိုယ်ထိလက်ရောက် ပြုစုသည်တို့ကို မသာယာသော်လည်း မာတုဂါမနှင့်အတူ ပြင်းစွာရယ်မောတသောသောနေရသည်ကို သာယာခြင်း၊

(၃) ထိုသို့မဟုတ်ပဲ မာတုဂါမနှင့် မျက်စိချင်းဆိုင်ပြိုင်၍ ကြည့်နေရသည်ကို သာယာခြင်း၊

http://www.dhammadownload.com



(၄) ထိုသို့မဟုတ်ပဲ နံရံတဖက် တံတိုင်းတဖက် စသည်မှ မာတုဂါမ၏ ရယ်ရွှင်သံ စကားပြောသံ သီချင်းဆိုသံ ငိုကြွေးသံတို့ကို စူးစိုက်နားထောင် သာယာခြင်း၊

(၅) ထိုသို့မဟုတ်ပဲ ရှေးက မာတုဂါမနှင့်အတူ ရယ်ရွှင်ပြောကြား ကစားခဲ့ဘူးသည်များကို အဖန်ဖန် အောက်မေ့သာယာခြင်း၊

(၆) ထိုသို့မဟုတ်ပဲ ကာမဂုဏ်ငါးပါးတို့နှင့် လက်ရှိပြည့်စုံ၍ အလုပ်အကျွေးတို့က ပြုဖွယ်ကိစ္စ အဝဝတို့ကို ဝိုင်းဝန်းကာ ပြုစုလုပ်ကျွေး၍နေရသော သူကြွယ်ကိုဖြစ်စေ သူကြွယ်သားကိုဖြစ်စေ မြင်ရ၍ ထိုအဖြစ်ကို သာယာတပ်မက်ခြင်း၊

(၇) ထိုသို့မဟုတ်ပဲ အမှတ်မရှိသော နတ်အဖြစ်ကို တောင့်တကာ မြတ်သောအကျင့်ကို ကျင့်လျက် "ငါသည် ဤသီလ ဤအကျင့် ဤအားထုတ်မှု ဤမြတ်သောအကျင့်ဖြင့် နတ်မင်းကြီးဖြစ်ရပါလို၏၊ (သို့မဟုတ်) အမှတ်မထင် နတ်တဦးဦးဖြစ်ရပါလို၏" ဟု တောင့်တလျက် ထိုသို့ဖြစ်ရမည့် နတ်အဖြစ်ကို သာယာတပ်မက်ခြင်း၊

ဤကား မေထုနသံယောဂ=(မေထုန်နှင့်စပ်သောအမှု) ခုနစ်ပါးတည်း။ ထိုခုနစ်ပါးတို့တွင်—(၁) ပဌမမှာ မာတုဂါမနှင့် နှစ်ဦးစပ်ရှက်မှု မပြုသော်လည်း မာတုဂါမကလာ၍ မှီခြင်း စသည်ဖြင့် ကိုယ်ချင်းထိပါးမှု စသော ကာယကံမှုကို သာယာခြင်းဖြစ်၍ မေထုန်မှုနှင့် စပ်ယှဉ်သောအရာဖြစ်၏။

(၂) ဒုတိယမှာ ကိုယ်ချင်းထိပါးမှု ကာယကံမပြုတော့ပဲ ပြင်းစွာရယ်ခြင်း စသော ဝစီကံမှုကို သာယာခြင်း၊ (၃) တတိယမှာ ကာယကံ ဝစီကံ မပါ မျက်စိချင်းဆိုင်၍ ကြည့်ရသည်ကို သာယာခြင်း၊ (၄) စတုတ္ထမှာ မာတုဂါမ အသံကို နားထောင်သာယာခြင်း၊ (၅) ပဉ္စမမှာ ပစ္စုပ္ပန် လောလောဆယ် မဟုတ်ပဲ ရှေးကပြုဘူး ကြားခဲ့ဘူးသည်ကို သာယာခြင်း၊ (၆) ဆဋ္ဌမှာ သူကြွယ် သူကြွယ်သားတို့ကို ကြည့်ရှုသာယာခြင်း၊ (၇) သတ္တမမှာ ကိုယ်နှုတ်တို့ မပါပဲ စိတ်ထဲကသာ နတ်စည်းစိမ်ကို တောင့်တသာယာခြင်း ဖြစ်သည်။ ဤ နောက်ခြောက်ချက်တို့လည်း မေထုန်မှုနှင့် စပ်ယှဉ်သောအရာစုသာ ဖြစ်၏၊ ထို့ကြောင့် မေထုနသံယောဂတရား ခုနစ်ပါးခေါ်၏။ (မေထုန်ငယ်ခုနစ်ပါး ဟူ၍လည်း ခေါ်ဆို၏။)

ဤသို့လျှင် လာဘ်လာဘစသော အကြောင်းကြောင့် သီလ၏ ပျက်စီးခြင်းဖြင့်၎င်း မေထုနသံယောဂ ခုနစ်ပါးဖြင့်၎င်း သီလ၏ ကျိုးပြတ် ပေါက် ကျား ပြောက်ခြင်းသည် သီလညစ်ညူးခြင်း ဖြစ်၏။

http://www.dhammadownload.com



သီလ၏ ဖြူစင်မှုဆိုင်ရာ မကျိုးပြတ်ခြင်း မပေါက်ခြင်း စသည့်ကိုကား သိက္ခာပုဒ်တို့ကို အလျဉ်းပင် မပျက်စီးစေသဖြင့်၎င်း ပျက်စီးသွားသော်လည်း ကောင်းစွာကုစားသဖြင့်၎င်း မေထုန်ငယ်ခုနစ်ပါးနှင့် စပ်ရှက်မှု မရှိသောအား ဖြင့်၎င်း ထိုမှတပါး အမျက်ထွက်ခြင်း=ကောဓ၊ ရန်ငြိုးဖွဲ့ခြင်း=ဥပနာဟ၊ သူ့ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း=မက္ခ၊ အပြိုင်မူခြင်း=ပဠာသ၊ သူတပါး စည်းစိမ်ကို မနာလိုခြင်း=ဣဿာ၊မိမိစည်းစိမ်ကိုဝန်တိုလျို့ဝှက်ခြင်း=မစ္ဆရိယ၊ မိမိ၌ ထင်ရှားရှိသောအပြစ်ကို ဖုံးလွှမ်းခြင်း=မာယာ၊ မိမိ၌ ထင်ရှားမရှိသော ဂုဏ်ကို ထင်ပေါ်အောင် ပြုလုပ်ခြင်း=သာဌေယျ—ဤသို့အစရှိသော ယုတ်မာ သောတရားတို့၏ မဖြစ်ခြင်းဖြင့်၎င်း အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်း ကိလေသာတို့ကို ခေါင်းပါးစေခြင်း အစရှိသော ဂုဏ်ကျေးဇူးတို့၏ ဖြစ်ခြင်းဖြင့် ၎င်း ပြည့်ဆိုအပ်ပေ၏။

ထိုမကျိုးမပြတ် မပေါက် မကျား မပြောက်သော သီလတို့သည် တဏှာ၏ ကျွန်အဖြစ်မှတော်လှန်မှုကိုပြုတတ်သောကြောင့် ဘုဇိဿသီလလည်းမည်ကုန်၏။ ပညာရှိတို့ ချီးမွမ်းအပ်သောကြောင့် ဝိညုပသဋ္ဌသီလလည်းမည်ကုန်၏။ ငါ့သီလ သည် အလွန်တရာ စင်ကြယ်သည်ဖြစ်၍ နောက်အခါ ကြီးကျယ်သော စည်းစိမ် ချမ်းသာတွေကို ရရှိစေလိမ့်မည် စသည်ဖြင့် တပ်မက်မောခြင်း ရာဂတရားနှင့် "ဤသီလသည် ငါ့သီလဖြစ်သည်၊ ငါ့သီလသည် အလွန်စင်ကြယ်သည်၊ ငါ့သီလမျိုး အခြားသူမှာမရှိ စသည်ဖြင့် ငါစွဲ သက္ကာယဒိဋ္ဌိတရားတို့ဖြင့် အသုံးအသပ် မခံရ သောကြောင့် အပရာမဋ္ဌသီလလည်း မည်ကုန်၏။ ဤသီလမျိုးတို့သည် ရှေ့သို့ တဆင့်တက်ကာ ဈာန်နှင့်နီးကပ်သောသမာဓိ ဈာန်နှင့်ယှဉ်သောသမာဓိတို့ကို ဖြစ်စေနိုင်သောကြောင့် သမာဓိသံဝတ္တနိကသီလလည်း မည်ကုန်၏။

ပြခဲ့ပြီးသောအတိုင်း မကျိုးမပြတ်ခြင်း မပေါက်ခြင်း မကျားခြင်း မပြောက် ခြင်း တဏှာကိုတော်လှန်နိုင်ခြင်း ပညာရှိတို့ချီးမွမ်းအပ်ခြင်း တဏှာဒိဋ္ဌိတို့ဖြင့် အသုံးသပ်မခံရခြင်း ဤအင်္ဂါခုနစ်ပါးသည် သီလစင်ကြယ်ကြောင်း အင်္ဂါတရား တို့ ဖြစ်ကုန်၏၊ ဤအင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသော သီလသည်သာ အထက် ဖြစ်သော သမာဓိနှစ်ပါးကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် သမာဓိကို ရယူလို သော ပုဂ္ဂိုလ်သူမြတ်သည် မိမိ၏သီလကို ဤအင်္ဂါခုနစ်ပါးနှင့် ပြည့်စုံအောင် လုံ့လကြိုးကုတ် အားထုတ်ရာသတည်း။

သီလပါရမီခဏ်း ပြီး၏။

http://www.dhammadownload.com



## (၈) နေက္ခမ္မပါရမီ

### နိက္ခမနှင့် နေက္ခမ္မ

(နိက္ခမ=လွတ်မြောက်သောသူ။ နေက္ခမ္မ=လွတ်မြောက်ခြင်း။) ဤသုံးခု မြောက်ဖြစ်သော ပါရမီကို နိက္ခမပါရမီဟု ပြီးလွယ်စီးလွယ် ပြောတတ်ကြ၏။ ပြခဲ့ပြီးသည့်အတိုင်း နိက္ခမမှာ ထွက်မြောက်သောသူ လူဖြစ်ကို ဟော၍ ထိုလူ ဖြစ်သည် ပါရမီ မဖြစ်နိုင်။ လွတ်မြောက်ခြင်း သဘောတရားသာ ပါရမီဖြစ်နိုင် သည့်အတွက် ပါရမီကို နိက္ခမဟု မခေါ်သင့်၊ နေက္ခမ္မဟူ၍သာ ခေါ်သင့်သည်။

ထွက်မြောက်ခြင်းသည်လည်း သံသရာဘဝမှ ထွက်မြောက်ခြင်း ကာမမှ ထွက်မြောက်ခြင်းဟူ၍ နှစ်ပါးအပြားရှိ၏။ သံသရာဘဝမှ ထွက်မြောက်ခြင်းမှာ အကျိုးဖြစ်၍ ကာမမှ ထွက်မြောက်ခြင်းမှာ အကြောင်းဖြစ်၏။ ကာမမှ ထွက်မြောက်အောင် ဖြည့်ကျင့်နိုင်မှ သံသရာမှ ထွက်မြောက်ခြင်းဖြစ်သည်ဟု ဆိုလိုသည်။ ထိုထွက်မြောက်ခြင်း နှစ်မျိုးတို့တွင် အကျိုးဖြစ်သော (ဘဝမှ) ထွက်မြောက်ခြင်းကို ရည်ရွယ်တော်မူ၍ ဘဝသုံးပါးကို နှောင်အိမ်ကြီးနှင့် ပမာ ပြကာ(ဘဝတော ပရိမုတ္တိယာ=ဘဝသုံးပါးမှ ထွက်မြောက်ရန် ဟူ၍) ဗုဒ္ဓဝင် ပါဠိတော်၌ ဟောတော်မူသည်။

### နေက္ခမ္မပါရမီ တရားကိုယ်

ဒါနနှင့် သီလတို့မှာ ဆိုင်ရာဆိုင်ရာ သီးခြားဖြစ်သင့်သော ပရမတ္ထတရား ကိုယ်ကို ရကောင်းသကဲ့သို့ နေက္ခမ္မ၌ကား အသီးအခြား ပရမတ္ထတရားကိုယ်ကို မရကောင်း၊ သို့ဖြစ်၍ ကာမနှစ်မျိုးမှငင်း ဘဝသုံးမျိုးမှငင်း ထွက်မြောက်ခြင်း၏ အစွမ်းအားဖြင့် ဖြစ်သော ကုသိုလ်စိတ် စေတသိက် တရားအပေါင်းကိုပင် နေက္ခမ္မ ပါရမီ ခေါ်သည်ဟူ၍ စရိယာပိဋကအဋ္ဌကထာ၌ ဖွင့်ပြတော်မူ၏။

ကာမနှစ်ပါးဟူသော်ကား မဟာနိဒ္ဒေသပါဠိတော်၌ လာသည့် ဝတ္ထုကာမ ကိလေသကာမ နှစ်ပါးတို့တည်း။ ဘဝသုံးပါးဟူသည် ဘုံသုံးပါးပင်တည်း။

ကာမ၏အရ ကိလေသကာမ ဝတ္ထုကာမ နှစ်ပါးရှိသည်တွင် နှစ်သက်ဖွယ် သောအာရုံကို လိုချင်မက်မောတတ်သောကြောင့် လောဘကိလေသာကို ကိလေသကာမဟု ခေါ်၏။ (ဤအလိုသော် ကာမဟူသော ပါဠိစကားကို လိုချင် မက်မောတတ်သောတရား သို့မဟုတ် လိုချင်မက်မောခြင်းတရားဟူ၍ မြန်မာ ပြန်ဆိုအပ်၏။) အလိုရှိအပ်သော အရာဝတ္ထုအစုစုကို ဝတ္ထုကာမဟု ခေါ်၏။ (ဤအလိုသော် ကာမဟူသော ပါဠိစကားကို အလိုရှိအပ်သောတရားဟူ၍ မြန်မာပြန်ဆိုအပ်၏။) ဤနေက္ခမ္မပါရမီအရာ၌ ကာမထို့မှ ထွက်မြောက်ခြင်း ဟူသော စကားအရ ထိုကာမနှစ်မျိုးလုံးမှ ထွက်မြောက်ခြင်းကိုပင် ဆိုလိုသည်။

http://www.dhammadownload.com



## ထွက်မြောက်အောင်နှလုံးသွင်းပုံ

ထိုကာမနှစ်မျိုးတို့တွင် ကိလေသကာမမှ ထွက်မြောက်အောင် နှလုံးသွင်းပုံကို မဟာနိဒ္ဒေသပါဠိတော်၌-

**အဒ္ဒသံ ကာမ တေ မူလံ၊ သင်္ကပ္ပါ ကာမ ဇာယသိ။**

**န တံ သင်္ကပ္ပယိဿာမိ၊ ဧဝံ ကာမ န ဟောဟိသိ။**

ဟယ် ကိလေသကာမ....သင်၏ အမြစ်အရင်းကို ငါမြင်ပြီ၊ နှစ်သက်ဖွယ်အာရုံတို့ကို နှစ်သက်ဖွယ်အနေဖြင့် ကြံစည်စိတ်ကူးခြင်း=ကာမဝိတက်ဟူသော အကြောင်းကြောင့် သင်ကား ဖြစ်ရ၏၊ ထိုအာရုံကို နှစ်သက်ဖွယ်အနေဖြင့် ငါမကြံတော့အံ့၊ ဟယ် ကိလေသကာမ....ဤသို့ ငါမကြံစည်ခဲ့လျှင် သင်ဖြစ်ရတော့မည်မဟုတ်—

ဟူ၍ ဟောတော်မူသည်။

ဤပါဠိတော်အရ....မိစ္ဆာဝိတက်သုံးပါး သမ္မာဝိတက်သုံးပါးကို ရှေးဦးစွာ နားလည်ထားရပေမည်။ မိစ္ဆာဝိတက်သုံးပါးဟူသော်ကား....

(၁) ကာမဝိတက်=ဝတ္ထုကာမတို့ကို တွယ်တာတပ်မက်ဖွယ်အနေဖြင့် ကြံစည်စိတ်ကူးခြင်း၊

(၂) ဗျာပါဒဝိတက်=သူတပါးတို့ကို နှိပ်စက်သတ်ဖြတ်ရန် ကြံစည်စိတ်ကူးခြင်း၊

(၃) ဝိဟိံသာဝိတက်=သူတပါးတို့ကို (အသေသတ်ရန်မဟုတ်) ညှဉ်းဆဲရန် ကြံစည်စိတ်ကူးခြင်း—

ဤသုံးပါးတို့ဖြစ်သည်။

သမ္မာဝိတက်သုံးပါးဟူသော်ကား....

(၁) နေက္ခမ္မဝိတက်=ဝတ္ထုကာမတို့မှ ထွက်မြောက်ရန်ကြံစည်စိတ်ကူးခြင်း၊

(၂) အဗျာပါဒဝိတက်=မေတ္တာတရားနှင့်ယှဉ်သော ကြံစည်စိတ်ကူးခြင်း၊

(၃) အဝိဟိံသာဝိတက်=ကရုဏာနှင့်ယှဉ်သော ကြံစည်စိတ်ကူးခြင်း—

ဤသုံးပါးတို့ဖြစ်သည်။

ကိလေသကာမ၏ အမြစ်အရင်း (အကြောင်းရင်း)ကို ရှာဖွေဆင်ခြင်လျှင် မိစ္ဆာဝိတက်သုံးပါး အပါအဝင်ဖြစ်သော ကာမဝိတက်ကို တွေ့ရှိသိရလိမ့်မည်'

http://www.dhammadownload.com



ထိုကာမဝိတက်ကို ဆက်ကာဆက်ကာ ကြံစည်စိတ်ကူးနေသမျှ ကိလေသကာမ တရား တိုး၍သာ ဖြစ်ပွါးသဖြင့် ထိုကိလေသကာမမှ မထွက်မြောက်နိုင်၊ ကာမဝိတက်ကို မကြံစည်မှသာလျှင် ကိလေသကာမ မဖြစ်သဖြင့် ထိုကိလေ သကာမမှ ထွက်မြောက်နိုင်သည်။ ထို့ကြောင့် ရှေးဆိုအပ်ပြီးသည့်နည်းအတိုင်း ကိလေသကာမမှ ထွက်မြောက်အောင် နှလုံးသွင်းရာ၏။ ကာမမှ ထွက်မြောက် အောင် အားထုတ်လျှင် ဘဝမှ ထွက်မြောက်ခြင်း အကျိုးရသကဲ့သို့၊ ကိလေ သကာမမှ ထွက်မြောက်အောင် လုံ့လကြိုးကုတ် နှလုံးသွင်းဆင်ခြင် အားထုတ် လျှင် ဝတ္ထုကာမမှ ထွက်မြောက်ခြင်း အကျိုးရနိုင်၏။

ဤနေက္ခမ္မပါရမီမှစ၍ အထက်အထက်ဖြစ်သော ပါရမီတို့၌ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် စသည်တို့ကို အထက်ဖြစ်သော ပကိဏ္ဏကခဏ်း၌ အကျယ် ဖော်ပြလတ္တံ့ဖြစ်၍ ထိုလက္ခဏာ ရသစသည်တို့ကို ဤမှနောက်၌ မဖော်ပြတော့ပြီ။

## တောထွက်ခြင်းနှင့် ရဟန်းအဖြစ်တို့ အပြန်အလှန် အကြောင်းအကျိုးဆက်စပ်ပုံ

ဤနေက္ခမ္မပါရမီအရာ၌ စရိယာပိဋကအဋ္ဌကထာဝယ်၊ ၊နေက္ခမ္မံ ပဗ္ဗဇ္ဇ-မူလကံ၊ ၊ဟူ၍ ဖွင့်ပြထား၏။ ဤအဋ္ဌကထာစကားအရ "ထွက်မြောက်ခြင်း= နေက္ခမ္မပါရမီသည် ရဟန်းအဖြစ်လျှင် အရင်းခံ(အကြောင်းရင်း)ရှိ၏"ဟူ၍ရင်း "ထွက်မြောက်ခြင်း=နေက္ခမ္မပါရမီသည် ရဟန်းအဖြစ်၏ အရင်းခံ(အကြောင်း ရင်း)ဖြစ်၏"ဟူ၍ရင်း အဓိပ္ပါယ်နှစ်မျိုးထွက်နိုင်၏။ ပဌမအဓိပ္ပါယ်မှာ ရဟန်း အဖြစ်က အကြောင်း၊ ထွက်မြောက်ခြင်း=နေက္ခမ္မပါရမီက အကျိုးဖြစ်၏။ ဤအနက်မှာ မဟာဇနကဇာတ်တော်နှင့် ညီညွတ်၏။ မှန်၏....မဟာဇနကမင်း သည် မိဖုရား မောင်းမမိဿံ ရံရွေတော်များ မသိရအောင် လူယုံတော် တယောက်ကို သက်န်းသပိတ် အဝယ်ခိုင်း၍ ရွှေနန်းပြာသာဒ်ထက်ဟွင် ရှေးဦးစွာ ရဟန်းပြုပြီးမှ တောထွက်တော်မူသည်။ သို့ဖြစ်၍ အလောင်းတော် မဟာဇနက မင်းမှာ ရဟန်းအရင်ပြုပြီးမှ တောထွက်သောကြောင့် ရဟန်းအဖြစ်က အကြောင်းရင်းဖြစ်၍ တောထွက်ခြင်းက အကျိုးဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ဒုတိယအဓိပ္ပါယ်မှာ တောထွက်ခြင်း=နေက္ခမ္မပါရမီက အရင်းခံ(အကြောင်း ရင်း)ဖြစ်၍၊ ရဟန်းအဖြစ်က အကျိုးဖြစ်၏။ ဤအနက်မှာ သုမေဓာပညာရှိ ဟတ္ထိပါလညီနောင် စသည်တို့၏ အဖြစ်တော်များနှင့် ညီညွတ်၏။ မှန်၏.... သုမေဓာပညာရှိသည် ရှေးဦးစွာ တောထွက်ပြီးနောက် ဓမ္မိကတောင်ယံသို့ ရောက်၍ သိကြားဖန်ဆင်းပေးသော ကျောင်းသခ်မ်းများကို တွေ့ရှိသောအခါ ရသေ့ရဟန်း ပြုသည်။ ဟတ္ထိပါလညီနောင်တို့လည်း ရင်းနည်းပင် ရှေးဦးစွာ တောထွက်သွားကာ မယ်တော် ခမည်းတော် တပြည်ထောင်လုံး လိုက်လာကြ

http://www.dhammadownload.com



သောအခါ ရသေ့ရဟန်း ပြုတော်မူသည်။ သို့ဖြစ်၍ သုမေဓာပညာရှိနှင့် ဟတ္ထိ-ပါလသူငယ်နောင် စသည်တို့မှာ တောထွက်ခြင်းက အကြောင်းဖြစ်၍ ရဟန်းဖြစ်ခြင်းက အကျိုးဖြစ်သည်ဟု ဆိုနိုင်ပေသည်။

စရိယာပိဋကအဋ္ဌကထာ၌ကား....ပဌမအနက်အဓိပ္ပါယ်အတိုင်း အကျယ်ဖွင့်ပြတော်မူသည်။ (အထက် ပကိဏ္ဏကခဏ်း၌ ထင်ရှားစွာ ဖော်ပြထားသည်။) (တနည်းအားဖြင့်) သုမေဓာပညာရှိနှင့် ဟတ္ထိပါလသူငယ်နောင် စသည်တို့သည် ရှေးဦးစွာ တောထွက်ပြီး နောက်မှ ရဟန်းပြုကြသော်လည်း ရှင်ရဟန်းပြုလိုသောကြောင့်သာ တောထွက်တော်မူကြခြင်းဖြစ်၍ တောထွက်မှုက အရင်ကျစေကာမူ နောက်မှပြုမည့် ရှင်ရဟန်းအဖြစ်က အကြောင်းရင်းဖြစ်၏ဟု ဆိုနိုင်ပေ၏။ (ပြာသာဒ်ဆောက်ရန် သစ်ခုတ်သည် ဟူသော စကား၌ သစ်ခုတ်ခြင်းက အရင်ဖြစ်သော်လည်း ပြာသာဒ်ဆောက်လိုခြင်းကြောင့် သစ်ကိုခုတ်ခြင်းဖြစ်ရကား ပြာသာဒ်ဆောက်လိုခြင်းက အကြောင်း၊ သစ်ကို ခုတ်ခြင်းက အကျိုး ဟူ၍ ဆိုအပ်သကဲ့သို့တည်း။)

## တော၌ နေခြင်း ၅-မျိုး

တော၌ နေခြင်းသည်—

(၁) တစုံတရာ အကြောင်းအကျိုး မသိပဲ ဉာဏ်နုံ့နှေး မိုက်မဲသောကြောင့် တော၌ နေခြင်း၊

(၂) ငါ တော၌ သွားနေလျှင် တောနေပုဂ္ဂိုလ်ဟူ၍ ချီးစွာလှူဒါန်းကြလိမ့်မည် ဤသို့စသည်ဖြင့် ယုတ်မာသော အလိုဆိုးရှိ၍ တော၌ နေခြင်း၊

(၃) စိတ်ရူးသွပ်သောကြောင့် တော၌ နေခြင်း၊

(၄) ဘုရားအစရှိသော သူတော်ကောင်းတို့သည် ချီးမွမ်းအပ်သော အရာ ဖြစ်သည်ဟူ၍ တော၌ နေခြင်း၊

(၅) အလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်း အစရှိသည့် တရားကောင်းတို့ကို အမှီပြု၍ တော၌နေခြင်း—

ဟူ၍ တော၌နေခြင်း ၅-မျိုးရှိကြောင်းကို (ဝိ၊ ၅၊ ၂၃၃ နှင့် ၃၃၅)ဝိနယ ပရိဝါရပါဠိ ကေတ္တရိကနယ ပဉ္စကနှင့် ဥပါလိပဥ္စာ ခုတင်ဝဂ်တို့၌ မြတ်စွာဘုရား ဟောတော်မူသည်။ ဤ တောနေခြင်း (တောထွက်ခြင်း) ငါးမျိုးတို့တွင် နောက်နှစ်ပါးကိုသာ ချီးမွမ်းအပ်သော တောနေခြင်း (တောထွက်ခြင်း) ဟူ၍ မှတ်ယူအပ်၏။

http://www.dhammadownload.com



ပြဆိုအပ်ခဲ့ပြီးသောအတိုင်း ကိလေသကာမမှ ထွက်မြောက်ခြင်း=နေက္ခမ္မပါရမီကို နေရာဌာနအားဖြင့် ဝေဖန်ရန်မလို၊ ကိလေသကာမဟူသည် မည်သည့်နေရာမှာမဆို နှစ်သက်ဖွယ် အာရုံတို့ကို နှစ်သက်မက်မောခြင်းသဘော ဖြစ်ပေါ်လာတတ်၏၊ ထိုသို့ ဖြစ်ပေါ်လာသော ကိလေသကာမကို ထိုဖြစ်ပေါ်ရာနေရာ၌ပင် ဆက်လက်မဖြစ်စေပဲ ပယ်ရှားရာ၏၊ ထိုသို့ ပယ်ရှားသဖြင့် ထိုကိလေသကာမမှ လွတ်မြောက်ခြင်းသည် နေက္ခမ္မသဘောဖြစ်၏။

ဝတ္ထုကာမမှ ထွက်မြောက်ခြင်း=နေက္ခမ္မကိုကား သုမေဓာပညာရှိ ဟတ္ထိပါလညီနောင် စသည်တို့မှာ ဟိမဝန္တာကျအောင် တောထွက်သွားတော်မူကြသည်။ သို့ဖြစ်၍ "ဝတ္ထုကာမမှ ထွက်မြောက်ခြင်း=နေက္ခမ္မပါရမီကို ဖြည့်လိုက ဟိမဝန္တာကျအောင်ပင် သွားရောက်ရမည်လော"ဟု တွေးတောဖွယ်ရှိ၏။ အကြောင်းညီညွတ်၍ သွားနိုင်ပါမူ သွားလိုပါမူ သွားဖို့ပင်ဖြစ်သည်။ တောထွက်ခြင်းနှင့်စပ်၍ ဟောကြားတော်မူအပ်သော ဇာတ်နိပါတ်တော်တို့မှာ ဟိမဝန္တာအရောက် တောထွက်ကြသည့် ပုဂ္ဂိုလ်စုသာမျှား၏။ အကြောင်းညီညွတ်၍ သွားရောက်ကြခြင်း ဖြစ်ပေသည်။

ကေကနိပါတ်လာ မဃဒေဝဇာတ် မဟာနိပါတ်လာ နိမိဇာတ်တော်တို့၌ကား....မဃဒေဝမင်းအစ နိမိမင်းတိုင်အောင် ဘုရင်မင်းပေါင်း ရှစ်သောင်းလေးထောင်တို့သည် မိမိတို့၏ ဦးခေါင်းမှ ဆံပင်ဖြူတချောင်း ပေါက်လျှင် တောထွက်ကြသည်ချည်း ဖြစ်၏၊ ထိုသို့ တောထွက်ကြရာ ဟိမဝန္တာကျအောင် မည်သည့်မင်းမျှ တောထွက်တော်မမူကြပဲ မိမိတို့စိုးပိုင်သော မိထိလာပြည်၏အနီး မင်း၏ သရက်ဥယျာဉ်မှာသာ တောထွက်တော်မူကြ၍ ဈာန်အဘိညာဏ်တရားများ အားထုတ်ရရှိကာ ဗြဟ္မာ့ပြည်သို့ ကပ်ရောက်ကြရကြောင်း လာရှိသည်။ ဤမင်းတို့၏ အကြောင်းအရာကို ထောက်ဆလျှင် ဟိမဝန္တာအရောက် မသွားသော်လည်း မိမိ၏ ကိလေသကာမ ကျက်စားရာနယ်ပယ်ဌာနမှ လွတ်မြောက်အောင် တောထွက်လျှင်ပင် နေက္ခမ္မပါရမီ အောင်မြင်သည်ဟု မှတ်ယူအပ်၏။ မှန်၏....မဃဒေဝစသော မင်းပေါင်း ရှစ်သောင်း လေးထောင်တို့သည် မိမိတို့မွေ့လျော် စမ္ပယ်နေကြရာဖြစ်သော ထီးနန်းစည်းစိမ်တို့ကို အာလယပြတ်စွန့်ပစ်ကာ သရက်ဥယျာဉ်၌ နေခြင်းသည်ပင် နေက္ခမ္မပါရမီ ထမြောက် အောင်မြင်တော်မူကြခြင်း ဖြစ်သည်။

သို့ဖြစ်၍ မည်သူမဆို မိမိတို့ ကိလေသကာမဖြင့် ကျက်စားရာ နယ်ပယ်ကို အာလယပြတ် စွန့်ခွါပြီးလျှင် ထိုနယ်ပယ်မျိုး အသစ်ကိုလည်း မထူထောင်ပဲ ကိလေသကာမလွတ်ကင်းရာ သင့်လျော်သော တနေရာ၌ နေခြင်းသည်ပင်လျှင် နေက္ခမ္မပါရမီကို ဖြည့်ကျင့်သည်မည်၏ဟု မှတ်ယူအပ်၏။

http://www.dhammadownload.com



## တောထွက်ခြင်း နှစ်မျိုး

အလောင်းတော်တို့၏ တောထွက်ခြင်းသည်—

(၁) ပျိုရွယ်သူ (လူပျို) တောထွက်ခြင်း၊

(၂) လူအို (အိမ်ထောင်ရှိသူ) တောထွက်ခြင်း—

ဟူ၍နှစ်မျိုးရှိရာ သုမေဓာပညာရှိ ဟတ္ထိပါလညီနောင် စသည်တို့မှာ မိမိတို့ ရရှိပြည့်စုံထားသော ထီးနန်းစည်းစိမ်ချမ်းသာ သူဌေးစည်းစိမ်ချမ်းသာ တည်းဟူသော ဝတ္ထုကာမတို့မှ လွတ်မြောက်ရန် တောထွက်တော်မူကြသည်ဖြစ်၍ နေက္ခမ္မပါရမီကို ဖြည့်သောပုဂ္ဂိုလ်များဟူ၍ ဇာတ်တော်တို့၌ အထင်အရှား လာရှိသော်လည်း ထိုသူတို့သည် အိမ်ရာမထောင်ရသေးသော လုပ်ပျိုများသာ ဖြစ်ကြ၏၊ လုပ်ပျိုတို့မှာ ဝတ္ထုကာမများ ရှိနေစေကာမူ ထိုဝတ္ထုကာမတို့က အတင်းအကြပ် အဖွဲ့အနှောင် ခံနေရသည်ဟူ၍ မဆိုသာပေ။ အိမ်ရာတည်ထောင်ခြင်းပြုကာ သားမယားနှင့်နေသော လူအို(အိမ်ထောင်ရှိသူ)များမှာသာ သားမယားစသော ဝတ္ထုကာမတို့က အဘင်းအကြပ် အဖွဲ့အနှောင် ခံနေကြရလေသည်။

ဤအကြောင်းကို စဉ်းစားလျှင် လုပ်ပျိုများ တောထွက်ခြင်းထက် လူအို (အိမ်ထောင်ရှိသူ)များ တောထွက်ခြင်းက သာလွန်၍ ခဲယဉ်းသည်ဟု ဆိုဖွယ်ရာဖြစ်၏။ အလောင်းတော် တေမိယမင်းသားမှာ တောမထွက်ရ ထွက်ရအောင် မဆွံ့ပဲ ဆွံ့ယောင် မအ-ပဲ အ-ယောင် နားမပင်းပဲ ပင်းယောင် ဆောင်ကာ များစွာ အတိဒုက္ခခံပြီးမှ တောထွက်ရသောကြောင့် တေမိယမင်းသား၏ တောထွက်ခြင်းသည် အလွန်ခဲယဉ်းသော တောထွက်ခြင်းဖြစ်သည်ဟု ဆိုလိုက ဆိုနိုင်မည်ဖြစ်သော်လည်း ဝတ္ထုကာမ အဖွဲ့အနှောင်ကား မရှိသေးသလောက် ပင်ဖြစ်ပေသည်၊ သို့ဖြစ်၍ တောထွက်ရအောင် ကြံဆောင်ရာ၌ များစွာ အတိဒုက္ခခံရသော်လည်း တောထွက်သောအခါ ဝတ္ထုကာမ အနှောင်အဖွဲ့များ နည်းပါးသည့်အတွက် အလွန်ကြီး ခဲခက်လှသည်ဟု ဆိုဖွယ်မရှိချေ။ ထို့ကြောင့်ပင် အဋ္ဌသာလိနီအဋ္ဌကထာ၌—ဘုရားအလောင်းတော်တို့ အသီးသီး ဖြည့်ဆည်းပူးအပ်သော ပါရမီတော်တို့ကို ပြဆိုရာ နေက္ခမ္မပါရမီခဏ်းတွင် "သောမနဿမင်းသား ဖြစ်သောအခါ ဟတ္ထိပါလမင်းသား ဖြစ်သောအခါ အယောဃရမင်းသား ဖြစ်သောအခါ စသည်ဖြင့် မရေမတွက်နိုင်သော ဘဝတို့၌ နေက္ခမ္မပါရမီကို ဖြည့်ကျင့်ဆည်းပူးတော်မူ၏၊ အထူးအားဖြင့်ကား....စူဠသုတသောမမင်း ဖြစ်သောအခါ တောထွက်ခြင်း နေက္ခမ္မပါရမီသည် ထူးမြတ်သည် ဖြစ်၍ ပရမတ္ထပါရမီဟူ၍ ခေါ်သင့်ကြောင်း"ဖွင့်ပြထားတော်မူသည်။

http://www.dhammadownload.com



ဤသို့ စူဠသုတသောမမင်း၏ တောထွက်ခြင်းကိုသာ ပရမတ္ထနေက္ခမ္မပါရမီဟု အဋ္ဌသာလိနီအဋ္ဌကထာ၌ ပြဆိုခြင်းမှာ စူဠသုတသောမမင်းသည် သားမယား အမိအဖမှစ၍ ထီးနန်းစည်းစိမ်တည်းဟူသော ဝတ္ထုကာမတို့ အကြီးအကျယ် အတင်းအကြပ် နှောင်ဖွဲ့နေရာမှ အလွတ်ထွက်မြောက်ရခြင်းကို ရည်ရွယ်လျက် ပရမတ္ထပါရမီဟူ၍ ပြဆိုခြင်းဖြစ်သည်ဟု ယူဖွယ်ရှိ၏။ သောမနဿမင်းသား အယောဃရမင်းသား ဟတ္ထိပါလမင်းသား တေမိယမင်းသားတို့မှာ လုလင်ပျိုများသာ ဖြစ်ကြသည်၊ ထိုလုလင်ပျိုများ တောထွက်ခြင်းထက် လူအိုဖြစ်သော မဟာဇနကမင်း၏ တောထွက်ခြင်းက သာလွန်၍ ခဲယဉ်းသည်ဟု ဆိုသင့်ပေ၏။ သို့သော်လည်း မိဖုရား မောင်းမမိဿံတို့ မသိရအောင် ရဟန်းပြု၍ တောထွက်သွားသောအခါမှ မိဖုရားများ နောက်ကလိုက်၍ အတင်းအကြပ် တားမြစ်နှောင်ဖွဲ့ကြခြင်း ဖြစ်လေသည်၊ ရဟန်းပြုမည်ကို မပြုရအောင် တောထွက်မည်ကို မထွက်ရအောင် ကြိုတင်တားဆီး နှောင်ဖွဲ့နိုင်ကြခြင်း မဟုတ်ချေ။

မဃဒေဝစသော မင်းပေါင်း ရှစ်သောင်းလေးထောင်တို့မှာ တောထွက်ခါနီးတွင် သားမယားစသည်တို့အား အထင်အရှား ပြောကြားတော်မူကြ၏၊ ပြောကြားသဖြင့် ထိုသားမယားစသည်တို့က အထူးထူး တောင်းပန်နှောင်ဖွဲ့ကြသော်လည်း အနှောင်အဖွဲ့ မခံပဲ တောထွက်တော်မူကြသည်။ သို့ရာတွင် တောက ခရီးဝေးလှသည်မဟုတ်၊ မိမိတို့ပိုင် သရက်တော ဥယျာဉ်မှာသာ ဖြစ်၍ နေပေသည်။ စူဠသုတသောမမင်းကား မိမိဦးခေါင်းတွင် ဆံဖြူတပင် ပေါက်သည်ကို မြင်လျှင်ပင် တရားရ၍ တောထွက်မည့်အကြောင်းကို ပရိသတ် ဖိုးဃပုံအလယ်မှာ ပြောကြားရာ သားမယား မယ်တော် ခမည်းတော် ဗိုလ်ပါအပေါင်းတို့က များစွာ ငိုကြွေးတောင်းပန်ကြသော်လည်း ထိုတောင်းပန်မှုကို လျစ်လျူရှုကာ ဟိမဝန္တာအရောက် ဝေးကွာစွာ တောထွက်တော်မူခြင်း ဖြစ်လေသည်။ သို့ဖြစ်၍ စူဠသုတသောမမင်း၏ တောထွက်ခြင်းသည် မဃဒေဝမင်းစသည်တို့၏ တောထွက်ခြင်းထက် ပိုမိုထက်မြက်သည်ဟု ဆိုနိုင်လေသည်။ ထိုအကြောင်းတို့ကြောင့် နေက္ခမ္မပါရမီအရာမှာ စူဠသုတသောမမင်း၏ ပါရမီကို ပရမတ္ထပါရမီဟူ၍ အဋ္ဌကထာဆရာ ဖွင့်ပြတော်မူခြင်း ဖြစ်သည်။

## ယော်ပြု (ယော်ဖြူ) နှင့် တောထွက်

ဤသို့ ကျမ်းဂန်များမှာ လုလင်ပျိုများ၏ တောထွက်ခြင်းကို နေက္ခမ္မပါရမီဖြစ်ကြောင်း လာရှိသော်လည်း လူအို (အိမ်ထောင်ရှိသူ) များ၏ တောထွက်ခြင်းလောက် အကြပ်အတည်း အခက်အခဲ မရှိဟု ဆိုသင့်သောကြောင့်ရှင်းဘုရားဖြစ်တော်မူရသည့် နောက်ဆုံးဘဝ၌ ဘုရားအလောင်းတော်တို့သည်

http://www.dhammadownload.com



မည်သည့်ဘုရားအလောင်းမျှ လုင်ပျိုအဖြစ်ဖြင့် တောမထွက်ကြပဲ သား တယောက် ဖွားမြောက်ရရှိမှသာ တောထွက်တော်မူကြသည် တကြောင်းတို့ ကြောင့်—ယခုကာလမှာ ငယ်စဉ်သာမဏေအဖြစ်မှ အစဉ်သဖြင့် ရဟန်း အဖြစ်သို့ ရောက်ကြသော ရဟန်းတော်များကို (ငယ်ပြူ-ဟု ဆိုလိုလျက်) ငယ်ဖြူဟူ၍ ခေါ်ဝေါ်ကြသည်။ အိမ်ထောင်ရှိသူ လူအိုများ သားမယားကို စွန့်ပစ်၍ ရဟန်းပြုသည်ကိုမူ ပါဠိလို နိက္ခမ=မြန်မာလို တောထွက်ကိုယ်တော် ကြီးဟူ၍ ခေါ်စမှတ်ပြုကြလေသတည်း။

နေက္ခမ္မပါရမီခဏ်း ပြီး၏။

---

## (ဿ) ပညာပါရမီ

### ပညာသုံးမျိုး

ပညာနှင့်စပ်လျဉ်း၍ အဘိဓမ္မာ ဝိဘင်းပါဠိတော် ဉာဏဝိဘင်း၌....

(၁) စိန္တာမယပညာ၊

(၂) သုတမယပညာ၊

(၃) ဘာဝနာမယပညာ—

ဟူ၍ ပညာသုံးမျိုးရှိကြောင်း ဟောကြားတော်မူသည်။

လောက၌ အယုတ်အမြတ်ဖြစ်သော အမှုကိစ္စအမျိုးမျိုး အတတ်ပညာ အမျိုးမျိုးတို့၌ အကျိုးအကြောင်း ဖြစ်သင့်သမျှကို(သူတပါးထံ မေးမြန်းခြင်း သူတပါးပြောသည်ကို ကြားရခြင်း အလျဉ်းမရှိပဲ) မိမိဉာဏ်စွမ်းဖြင့် ကြံစည် ဖြစ်ပေါ်လာသော အသိဉာဏ်ပညာကို စိန္တာမယပညာဟု ခေါ်သည်။ (စိန္တာ= ကြံစည်ခြင်း၊ မယ=ပြီးစီးဖြစ်ပေါ်လာသောပညာ၊ ကြံစည်သဖြင့် ပြီးစီးဖြစ် ပေါ်လာသော ပညာဟု ဆိုလိုသည်။)

ကြံစည်သိမြင်အပ်သောအရာဟူသည် လောကအကြောင်းအရာသာ မက ဓမ္မသဘာဝအကြောင်းအရာလည်းပါဝင်၏၊ သို့ဖြစ်၍ လက်သမား လုပ်မှု လယ်ယာထွန်မှုစသော သာမညလောကကိစ္စမှစ၍ ဓမ္မသဘာဝ ဖြစ်သော ဒါန သီလ သမထ ဝိပဿနာဘာဝနာဟု ဆိုအပ်သော တရား သဘောစုကိုပါ ကြံစည်သိမြင်နိုင်သော ပညာဟူသမျှသည် စိန္တာမယ ပညာဖြစ်သည်။ မြတ်စွာဘုရား၏ သဗ္ဗညုတဉ္ဇေဉာဏ်တော်ကြီးသည်ပင် လျှင် စိန္တာမယပညာဖြစ်သည်ဟု ဆိုလိုက ဆိုနိုင်ခွင့်ရှိပေသည်၊

http://www.dhammadownload.com



အကြောင်းကား....အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် သဗ္ဗညုတဉာဏ်ကို ရခြင်း၏အကြောင်း ကောင်းမြတ်သောပဋိပတ်အကျင့်ကို မည်သူ့ထံကမှ ကြားနာရခြင်းမရှိပဲ ကိုယ်တော်တိုင် ကြံစည်ထိုးထွင်းသိမြင်ဆင်ခြင်တော်မူကာ ကျင့်ကြံ၍ သဗ္ဗညုတဉာဏ်ကို ရတော်မူ (ဘုရားဖြစ်တော်မူ) လေသည်။

သို့ရာတွင် အလောင်းတော်သုမေဓာ ရှာဖွေစူးစမ်းအပ်သော လေးခုမြောက် ပညာပါရမီအရမှာ အရဟတ္တမဂ်ဉာဏ်တော်နှင့် သဗ္ဗညုတဉာဏ်တော်ကြီးများကို ရရှိရန် အခြေခံ ဖြည့်ဆည်းပူးအပ်သော ပညာစုသာ ဖြစ်သင့်သည်။ ဘုရားဖြစ်တော်မူရမည့် ပစ္ဆိမဘဝ ပညာစုကိုကား ယူဖွယ်မလို။ ပစ္ဆိမဘဝမတိုင်မီ ဘုရားအလောင်းတော်များ ပညာပါရမီကို ဆည်းပူးရာတွင် ဝိပဿနာဉာဏ် ဆယ်ဆင့်ရှိသည့်အနက် ကိုးဆင့်မြောက် သင်္ခါရုပေက္ခာဉာဏ် ရှေ့ပိုင်းတွင်ရှေ့သော အဆုံးထား၍ ဖြည့်ဆည်းပူးတော်မူကြသည်။ အထွတ်အထိပ်ရောက် သင်္ခါရုပေက္ခာဉာဏ်မှာ မဂ်ဉာဏ်သို့အရောက် ပို့ဆောင်ကျေးဇူးပြုသည်ဖြစ်၍ ထိုအထွတ်အထိပ်ရောက် သင်္ခါရုပေက္ခာဉာဏ်သို့ အရောက်ဆည်းပူးတော်မမူကြ၊ အကယ်၍ ဆည်းပူးပါလျှင် ထိုဘဝမှာပင် မဂ်ဖိုလ်ရကာ အရိယာဖြစ်၍ အစဉ်အတိုင်း နိဗ္ဗာန်ဝင်ရုံသာ ရှိတော့မည်၊ ဘုရားဖြစ်တော့မည်မဟုတ်၊ သို့ဖြစ်၍ အလောင်းတော်ဘဝဝယ် သင်္ခါရုပေက္ခာဉာဏ် ရှေ့ပိုင်းတိုင်ရုံသာ ပညာပါရမီကို ဆည်းပူးတော်မူကြသည်ဟု မှတ်သားအပ်၏။

ကိုယ်တိုင်ကြံစည် သိမြင်ခြင်းကို မပြုနိုင်၍ ပညာရှိများထံမှ မိမိက မေးမြန်း၍ ပြောဟောသည်ကိုဖြစ်စေ မမေးမြန်းပဲ အလိုအလျောက် ပြောဟောသည်ကို ဖြစ်စေ ကြားနာရ၍ ဖြစ်ပေါ်လာသော ပညာဟူသမျှသည် သုတမယပညာ မည်၏။ (သုတ=ကြားခြင်း၊ မယ=ပြီးစီးဖြစ်ပေါ်လာသောပညာ၊ ကြားရ၍ ဖြစ်ပေါ်လာသောပညာဟု ဆိုလိုသည်။) ဤသုတမယပညာသည်လည်း စိန္တာမယပညာကဲ့သို့ပင် အရာကျယ်ဝန်း၏။ ကိုယ်တိုင်ကြံစည် သိမြင်ခြင်းနှင့်သူတပါးထံမှ ကြားနာရ၍ သိမြင်ခြင်းသာ ထူးသည်။

ဘာဝနာမယပညာဟူသည် ထိုထိုဈာနသမာပတ် ဖလသမာပတ် ဝင်စားသူတို့၏ သမာပတ်အတွင်း ဖြစ်ပေါ်သောပညာသည် ဘာဝနာမယပညာ မည်၏။

အဘိဓမ္မာဝိဘင်းပါဠိတော် ဉာဏဝိဘင်း၌ တပါးစုပညာ နှစ်ပါးစုပညာစသည်ဖြင့် ဆယ်ပါးစုပညာတိုင်အောင် ပညာအမျိုးမျိုးတို့ကို ဟောကြားတော်မူသည်။ (ပိဋကမြန်မာပြန်၌ ကြည့်ရှုရာ၏။)

http://www.dhammadownload.com



အလုံးစုံသော ပညာအစုကိုပင် စိန္တာမယပညာ သုတမယပညာ ဘာဝနာမယပညာ တည်းဟူသော ပညာသုံးပါးထည်းသို့ ထည့်သွင်းလျှင် ဝင်သည်သာဖြစ်၏။ အနည်းငယ်ပုံစံပြရသော်....

စိန္တာမယစသော သုံးပါးစုပညာ၏ နောက်၌ ဆက်ကာ ဒါနမယပညာ သီလမယပညာ ဘာဝနာမယပညာဟူ၍ သုံးပါးတွဲပင် ဟောတော်မူပြန်သည်။ ဒါနကို အကြောင်းပြု၍ဖြစ်သော ပညာသည် ဒါနမယပညာမည်၏။ ဒါနစေတနာသည် မလှူမီ လှူဆဲ လှူပြီးနောက်အားဖြင့် သုံးပါးရှိရာ ထိုစေတနာသုံးပါးနှင့်ယှဉ်သော ပညာသုံးမျိုးလုံးပင် ဒါနမယပညာမည်၏။ သီလမယပညာ၌လည်း ဤနည်းအတူပင် သီလကိုဆောက်တည်ကျင့်သုံးအံ့ဟု ကြံစည်သည့် ရှေးပိုင်း၌ဖြစ်သောပညာ ဆောက်တည်ကျင့်သုံးဆဲကာလ၌ ဖြစ်သောပညာ ကျင့်သုံးပြီးနောက် ဆင်ခြင်သောကာလ၌ဖြစ်သောပညာ သုံးမျိုးလုံးပင် သီလမယပညာမည်၏။

ဤဒါနမယပညာ သီလမယပညာတို့ကို ကိုယ်တိုင်ဆင်ခြင်၍ သိမြင်နိုင်ပါလျှင် စိန္တာမယပညာတွင်း ထည့်သွင်းအပ်၏။ သူတပါးထံမှ ကြားနာရ၍ သိမြင်ရပါလျှင် သုတမယပညာအတွင်း ထည့်သွင်းအပ်၏။ ဤသို့သောနည်းအားဖြင့် အခြားပညာများကို စိန္တာမယစသော ပညာသုံးပါးအတွင်းသို့ ထည့်သွင်းလျှင် အလုံးစုံ ထိုက်သည့်အလျောက် ဝင်လေတော့၏။

ဗုဒ္ဓဝင်ပါဠိတော်၌ကား...."ပရိပုစ္ဆန္တော ဗုဓံ ဇနံ၊ ပညာပါရမိတံ ဂန္တွာ= ပညာရှိများထံ မေးမြန်းကာ ပညာပါရမီအထွတ်အထိပ်သို့ ရောက်စေ၍"ဟု ဟောကြားထားသဖြင့် သုတမယပညာကို အရင်းခံထား၍ ဟောကြားကြောင်း သိအပ်၏။ ဤသို့ ဟောကြားခြင်းမှာ လောက၌ ပညာအခြေခံ မရှိသေးသောသူသည် မည်သည့်အရာမျိုးကိုမျှ မိမိအလိုအလျောက် ကြံစည်သိမြင်နိုင်မည် မဟုတ်၊ မိမိမှာ အခြေခံပညာ ရရှိရန် ပညာရှိများထံမှ ကြားနာ၍ ရှေးဦးစွာ ဆည်းပူးရပေမည်။ ထို့ကြောင့် ပညာပါရမီကို ဖြည့်ဆည်းပူးလိုသောသူသည် ရှေးဦးစွာ မိမိမှာ ပညာအခြေခံ မရှိသေးမီ ပညာရှိများထံမှ နာခံ၍သာ ပညာကို ဆည်းပူးရမည်ဟု ဟောကြားတော်မူခြင်း ဖြစ်သည်။

ဤသို့ ပညာရှိများထံမှ နာခံဆည်းပူးသဖြင့် ပညာအခြေခံ ရရှိလာသောအခါမှသာ မိမိအလိုအလျောက် ကိုယ်ပိုင်ဉာဏ်ဖြင့် ကြံစည်၍ သိမြင်ခြင်းသဘောကို ရရှိနိုင်သည်။ (အကျဉ်းချုပ်အားဖြင့်....သုတမယပညာကို ရှေးဦးစွာ ရှာမှီးပြီးမှ စိန္တာမယပညာကို ရှာမှီးရမည်ဟု ဆိုလိုသည်။)

ဘုရားအလောင်းတော်ကြီးများ ပညာပါရမီ ဖြည့်ရာဘဝတို့ကို အဋ္ဌသာလိနီ အဋ္ဌကထာစသည်တို့၌ ဝိဓုရပညာရှိဖြစ်သောဘဝ မဟာဂေါဝိန္ဒပညာရှိဖြစ်သော

http://www.dhammadownload.com



ဘဝ ကုဒ္ဒါလပညာရှိဖြစ်သောဘဝ အရကပညာရှိဖြစ်သောဘဝ ပေါဝိပရိဗိုဇ် ပညာရှိဖြစ်သောဘဝ မဟောသဓပညာရှိဖြစ်သောဘဝစသည်ဖြင့် ပညာပါရမီကို ဖြည့်ဆည်းပူးခဲ့သော ဘဝပေါင်းကား အရေအတွက်မရှိဟူ၍ ပြဆိုတော်မူကြ၏။ ထိုသို့ပြဆိုခြင်းမှာ ပညာအခြေခံရှိ၍ စိန္တာမယပညာ ပြည့်စုံနေသော အလောင်းတော်ဘဝများကိုသာ ပြဆိုခြင်းဖြစ်သည်၊ ဤဝိဓုရပညာရှိ စသည်ဖြစ်သော ဘဝတို့၌ အခြေခံပညာအားကြီးလှပြီဖြစ်၍ သုတမယပညာကို အဓိကထား ဆည်းပူးနေရန် မလိုတော့ပြီ။

## ကဝိလေးမျိုး

ဤစိန္တာမယပညာစသည်ကို အခြေခံထား၍ပင်—

(၁) စိန္တာကဝိ၊

(၂) သုတကဝိ၊

(၃) အတ္ထကဝိ၊

(၄) ပဋိဘာနကဝိ—

ဟူ၍ ကဝိလေးမျိုး(ပညာရှိလေးမျိုး)ပြားကြောင်းကို အင်္ဂုတ္တရနိကာယ စတုက္ကနိပါတ်၌ ဟောထားတော်မူသည်။ (ကဝိဟူသောပုဒ်သည် ကဗျာတ်ဖြင့်ပြီးသော ပုဒ်တည်း၊ ကဗျာတ်ကလည်း ချီးမွမ်းခြင်းအနက်ကို ဟော၏၊ သို့ဖြစ်၍ ချီးမွမ်းသင့်သောအရာကို ချီးမွမ်းပြောဆိုတတ်သော ပုဂ္ဂိုလ်ကို ကဝိဟူ၍ ခေါ်၏။ ပညာရှိဟု ဆိုလိုသည်။) ထိုကဝိလေးမျိုးတို့တွင်....

(၁) တစုံတခုသော အကြောင်းအရာကို မိမိအလိုအလျောက် ကြံစည်သိမြင်နိုင်သော ပုဂ္ဂိုလ်သည် စိန္တာကဝိမည်၏။ (ချီးမွမ်းသင့်သူကို ချီးမွမ်းဖွဲ့ဆိုခြင်းအမှုကို ကဝိတို့၏ ဥစ္စာဖြစ်၍ ကဗျာဟု ခေါ်သည်။) ကိုယ်ပိုင်ဉာဏ်ဖြင့် ကြံစည်စဉ်းစား၍ ထိုကဗျာမှု ပြုတတ်သူကို စိန္တာကဝိ ခေါ်၏။

(၂) တစုံတယောက်သောသူထံမှ ကြားနာရ၍ သိမြင်နိုင်သောပုဂ္ဂိုလ် သူတပါးထံမှ ကြားနာနည်းယူရ၍ ကဗျာမှုပြုတတ်သောသူကို သုတကဝိ ခေါ်၏။

(၃) မိမိအလိုအလျောက် ကြံစည်၍လည်း မသိ သူတပါးထံမှလည်း ကြားနာရခြင်းမရှိပဲ မိမိသိရှိထားပြီးဖြစ်သော ခက်ခဲသည့် အနက်အဓိပ္ပါယ်တခုကို အခြေခံထားကာ အလားတူ အခြားအနက်အဓိပ္ပါယ်တို့ကို သိမြင်နိုင်သော သူသည် အတ္ထကဝိမည်၏။ အကြောင်းအရာ တခုခုကို အခြေခံပြုကာ ကဗျာမှု ပြုတတ်သူကို ဆိုလိုသည်။

http://www.dhammadownload.com



(၄) ကြံစည်၍လည်း မနေရ သူတပါးထံမှလည်း ကြားနာရခြင်းမရှိ အထောက်အထားပြုစရာ အနက်အဓိပ္ပါယ်လည်း မရပဲ ရုတ်တရက် ထိုးထွင်း သိမြင်နိုင်စွမ်းသော အသိဉာဏ် ပဋိဘာန်ရှိသော ပုဂ္ဂိုလ်သည် ပဋိဘာနကဝိမည်၏။ (ဘုရားလက်ထက်တော်အခါ အရှင်ဝင်္ဂီသထေရ်ကဲ့သို့တည်း။)

## ပညာ၏သဘော

ပညာဟူသည် စေတသိက် ပရမတ္ထတရား သီးခြားတခုဖြစ်၏။ ဤပညာ စေတသိက်ကို ဓမ္မသင်္ဂဏီပါဠိတော်၌ ပညိန္ဒြေ ပညာ ပဇာနနာ စသော အမည် များဖြင့် ဟောကြားတော်မူ၏၊တရားတခုတည်းကို အမည်အမျိုးမျိုး ထုတ်ဖော် ဟောကြားခြင်းမှာ တရားတခုအတွက် ဟောသင့်သမျှ အချက်အလက်တို့ကို အပြည့်အစုံ ဟောကြားခြင်းတည်းဟူသော အဓိဓမ္မာ၏ သဘောဓမ္မတာပင် ဖြစ်၏၊ အရင်းခံအမည်ကား ပညိန္ဒြိယ=ပညိန္ဒြေပင်တည်း။ ဤပညိန္ဒြိယ ဟူသော ပုဒ်မှာ ပညာ+ဣန္ဒြိယ ပုဒ်နှစ်ခု တွဲစပ်ထား၏။

သစ္စာလေးပါး တရားတို့ကို အပြားအားဖြင့် သိတတ်သောကြောင့် ပညာခေါ်သည်။ တနည်း အနိစ္စ ဒုက္ခ အနတ္တ ဟူသော လက္ခဏာသုံးပါးတို့ကို အပြားအားဖြင့် သိတတ် သိစေတတ်သောကြောင့် ပညာခေါ်သည်။ ။မသိ မမြင်ခြင်းတည်းဟူသော အဝိဇ္ဇာမောဟကို လွှမ်းမိုးနိုင်သောကြောင့် ဣန္ဒြိယ ခေါ်သည်။ တနည်း သိမြင်ခြင်းလက္ခဏာ၌ အစိုးရမှုကို ပြုတတ်သောကြောင့် ဣန္ဒြိယခေါ်သည်။ (ဣန္ဒြိယ=လွှမ်းမိုးနိုင်ခြင်း၊ ဝါ-အစိုးရခြင်း။) ပုဒ်နှစ်ပါးကို တွဲစပ်သောအားဖြင့် ပညိန္ဒြိယ=ပညိန္ဒြေဟူ၍ ခေါ်သည်။ သစ္စာလေးပါးကို သိတတ်သောသဘော အနိစ္စ ဒုက္ခ အနတ္တဟူသော လက္ခဏာသုံးပါးကို အပြား အားဖြင့် သိတတ် သိစေတတ်သော သဘောတည်း။

ထိုပညာသည် အရောင်အလင်းကို ပြုခြင်းလက္ခဏာ သဘောရှိ၏။ မှောင် အတိကျနေသော တိုက်ခန်းအတွင်းမှာ မီးထွန်းလိုက်လျှင် အမှောင်ပျောက်၍ အလင်းရောက်သကဲ့သို့ မောဟဖုံးလွှမ်း၍ မသိမမြင်နိုင်သောအရာမှာ ပညာ ဝင်လာလျှင် မသိခြင်း=မောဟပျောက်၍ ထင်ထင်လင်းလင်း သိမြင်ခြင်းသို့ ရောက်ရ၏၊ ထို့ကြောင့် "ပညာသမာ အာဘာ နတ္ထိ=ပညာနှင့်တူသောအရောင် အလင်း မည်သည် မရှိ"ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည်။

**တနည်းကား**....ခွဲခြားသိမြင်ခြင်း သဘောလက္ခဏာရှိ၏။ လောက၌ လိမ္မာ လှသော ဆေးသမားသည် လူမမာတို့၏အတွက် ဤအစာကား သင့်၍ ဤအစာ ကား မသင့် စသည်ဖြင့် ခွဲခြားသိမြင်သကဲ့သို့၊ ဤပညာသည် ဖြစ်လာလျှင် ဤအရာစုကား ကုသိုလ်မှု၊ ဤအရာစုကား အကုသိုလ်မှု စသည်ဖြင့် ခွဲခြား ဝေဖန် သိမြင်နိုင်သည်။

http://www.dhammadownload.com



တနည်းကား....ပညာသည် ဟုတ်မှန်တိုင်းသော သဘောကို ထိုးထွင်း သိမြင်ခြင်း လက္ခဏာရှိ၏။ တနည်း လိမ္မာလှသော မြှားဆရာ ပစ်လွှင့်အပ်သည့်မြှားကဲ့သို့ မလွဲမချော်း မချွတ်မယွင်း ထိုးထွင်းသိမြင်ခြင်း လက္ခဏာရှိ၏။

ဤလက္ခဏာနှင့်စပ်၍ အထူးသတိချပ်ရန်မှာ....မည်သည့်အရာမျိုးကို မဆို ဟုတ်မှန်သည့်အတိုင်း သိမြင်ခြင်းသည် ပညာအစစ်ဖြစ်၍ အပြစ်မရှိ၊ ထို့ကြောင့်ပင် ဤပညာစေတသိက်ကို သင်္ဂြိုဟ်ကျမ်း၌ သောဘဏစေတသိက်၌ ထည့်သွင်း ဖော်ပြသည်။ မေးဖွယ်ရှိပြန်သည်ကား....

ပါဠိဇာတ် (ငါးရာ့ငါးဆယ်) အဋ္ဌကနိပါတ်၊ ၃-သုလသာဇာတ်၌.... ဗာရာဏသီပြည်၌ သုလသာအမည်ရှိသော ပြည့်တန်ဆာမသည် သတ္တုကအမည်ရှိသော ခိုးသူကို အသက်ခံရမည့်ဆဲဆဲ အသက်ဘေးမှ ကယ်ဆယ်ကာ လင်ပြုလုပ်ပေါင်းသင်းနေရာ ထိုခိုးသူက အကောက်ကြံ၍ တသိန်းတန် အဆင်တန်းဆာများကို ဆင်ယင်စေပြီးလျှင် တောင်ထိပ်တခုသို့ တက်ကာ ထိုတောင်ထိပ်သို့ ရောက်သည်တွင် ဆင်လာသော အဆင်တန်းဆာများကို အချွတ်ခိုင်း၍ သုလသာကို သတ်တော့မည်ဟု ပြုလုပ်၏။ ထိုအခါ သုလသာက "ငါ့ကို သတ်တော့မည် အမှန်ဖြစ်သည်၊ ငါသည် မာယာဖြင့် သူ့ကို အလျှင်လက်ဦးမှ တော်မည်"ဟု ကြံပြီးလျှင် "အမောင်....အမောင်က ကျွန်ုပ်ကို သတ်မည်ဖြစ်သော်လည်း ကျွန်ုပ်က အမောင့်အပေါ်မှာ မေတ္တာမပျက်နိုင်ပါ၊ ကျွန်ုပ်သေရခါနီးတွင် ကျေနပ်အောင် အမောင့်ကို ရှေ့နောက်ဝဲယာ လေးမျက်နှာတို့မှ ရှိခိုးပါရစေ"ဟု တောင်းပန်စကား ပြောကြားလေသည်။ သတ္တုကခိုးသူက အဟုတ်ပင် ထင်မှတ်၍ ရှိခိုးကန်တော့ခွင့် ပြုသည်တွင် တောင်ထိပ်ကမ်းပါးစောက်၌ မတ်တတ်ရပ်နေသော ခိုးသူကို ရှေးဦးစွာ ရှေ့ဖက် ဘေးဖက်တို့မှ အယုံသွင်းကာ ရှိခိုးပြီးလျှင် ကျောဖက်သို့ ရောက်သောအခါ တအားကုန်တွန်းထိုး၍ ချလိုက်သဖြင့် ထိုခိုးသူ ကြေမွသေဆုံး၍သွားသောအခါ တောင်ထိပ်တွင်နေသော အလောင်းတော်နတ်က—

"န ဟိ သဗ္ဗေသု ဌာနေသု၊ ပုရိသော ဟောတိ ပဏ္ဍိတော။

ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊ တတ္ထ တတ္ထ ဝိစက္ခဏာ။

အရာတိုင်းမှာ ယောကျ်ားများသာ ပညာရှိသည်မဟုတ်၊ မိန်းမသည်လည်း ထိုထိုအရာတို့မှာ မြော်မြင်ဆင်ခြင်နိုင်သော ပညာရှိဖြစ်သည်သာ" ဤသို့ အစရှိသည်ဖြင့် သုလသာကို ချီးမွမ်းကြောင်း လာရှိသည်။

http://www.dhammadownload.com



ဤဇာတ်တော်အရ သုလသာ၌ ခိုးသူကို သတ်နိုင်ရန် ကြံစည်ခြင်းသည် ပါဏာတိပါတ ဒုစရိုက်အရာသာ ဖြစ်၍ ပညာစေတသိက် မယှဉ်နိုင် မပါနိုင်ပါပဲလျက် ပညာရှိဟူ၍ ဘုရားအလောင်းနတ်က ချီးမွမ်းခြင်းသည် မည်သို့ သင့်နိုင်အံ့နည်း ဟူ၍ မေးမြန်းတတ်ကြ၏။

ဖြေဆိုသူတို့ကလည်း ဤသုလသာ၏ အသိမှာ ပညာအစစ်မဟုတ်၊ သညာသိ ဝိညာဏ်သိ ပညာသိအားဖြင့် အသိသုံးမျိုး ရှိသည်တွင် ဝိညာဏ်သိ=စိတ်ကူးသိသာ ဖြစ်သည်၊ ထိုဝိညာဏ်သိကိုပင် ပညာရှိဟု ခေါ်ဝေါ်ခြင်း ဖြစ်သည်ဟု ဖြေဆိုကြကုန်၏။

အချို့ကလည်း အယူအမြင်ကို ဒိဋ္ဌိခေါ်၏၊ ကောင်းသော အယူအမြင်ကို သမ္မာဒိဋ္ဌိ မကောင်းသော အယူအမြင်ကို မိစ္ဆာဒိဋ္ဌိဟု ခွဲခြားရာ သုလသာ၏ အမြင်သည် မကောင်းသောအမြင်ဖြစ်၍ မိစ္ဆာဒိဋ္ဌိရှိသည်ကို အကြောင်းပြုကာ ပညာရှိဖြစ်ကြောင်းနှင့် တောင်စောင့်နတ်က ချီးမွမ်းခြင်း ဖြစ်သည်၊ ပညိန္ဒြေကို အစွဲပြု၍ ချီးမွမ်းခြင်း မဟုတ်သောကြောင့် အဘိဓမ္မာသဘောနှင့် မဆန့်ကျင်ပါ ဟူ၍လည်း အလွဲလွဲ အချော်ချော် ဖြေဆိုကြ၏။

ပဌမ ဒုတိယ အဖြေနှစ်ရပ်လုံးပင် ပညာမဟုတ်သည့် ဝိညာဏ်နှင့် ဒိဋ္ဌိတို့ကို ပညာပြု၍ ပြောဆိုဖြေကြားခြင်းဖြစ်သောကြောင့် အဘိဓမ္မာသဘောနှင့် လွန်စွာလွန်စွာ ဆန့်ကျင်လှပေ၏။

အမှန်မှာ...."ဤခိုးသူကို ငါဤကဲ့သို့ ပရိယာယ်ပြော၍ ကြံစည်လိုက်လျှင် ငါနိုင်မည်"ဟု သုလသာ၏ သိခြင်းသည် အမှန်သိဖြစ်၍ ပညာသိပင် ဖြစ်သည်။ ဒုစရိုက်အရာမှာ ပညာအစစ် ဝင်ရောက်၍ ဖြစ်မှုဖြစ်နိုင်ပါမည်လော ဟူ၍လည်း မယုံမှားသင့်ပေ။ ဥပမာဆိုသော်.... မသောက်ထိုက် မသောက်ကောင်း ဒုစရိုက်၏ အကြောင်းဖြစ်သော အရက်သေစာ အမျိုးမျိုးကို ခွဲခြားကာ မည်သည့်အရက်မျိုးသည် မည်သို့ သတ္တိရှိသည်၊ မည်မျှ အဖိုးတန်သည်၊ သောက်လျှင် မည်သို့ ဖြစ်ပျက်သွားမည် စသည်တို့ကို သိရုံမျှ သိခြင်းသည် အပြစ်မရှိနိုင်ပေ၊ သောက်တော့မည်ဟု ကြံစည်လိုက်သည်ကစ၍သာ အကုသိုလ်ဖြစ်နိုင်ပေသည်။

ဥပမာတနည်းသော်ကား....ကမ္ဘာပေါ်၌ အယူဝါဒ အမျိုးမျိုးရှိရာ မည်သည့်အယူဝါဒက မည်သို့ ယူသည် စသည်ဖြင့် အလုံးစုံကို တခုမကျန် ဝေဖန်ခွဲခြား၍ သိရုံသာ သိမြင်ခြင်းသည် အပြစ်မရှိပေ။ ထိုအယူဝါဒ အမျိုးမျိုးအနက် မည်သည့်အယူဝါဒက အကြောင်း

http://www.dhammadownload.com



အကျိုး မှန်ကန်၍ မည်သည့်အယူဝါဒက မှားယွင်းသည်ဟု အမှန်ကို အမှန်အတိုင်း အမှားကို အမှားအတိုင်း သိရှိမှု သိခြင်းသည် အပြစ် မရှိနိုင်ပေ။ မှားယွင်းသော အယူဝါဒကို အမှန်ကြီး အကောင်းကြီး ထင်မြင်သွားသောအခါမှ စ၍သာ အပြစ်ရှိနိုင်သည်။

သို့ဖြစ်၍ "ဤကဲ့သို့ ပရိယာယ်ဖြင့် ကြံစည်လိုက်က ငါနိုင်မည်"ဟု အမှန်အတိုင်း သိခြင်းသည် အပြစ်မရှိ၊ ပညာသာပင် ဖြစ်သည်။ ကြံစည်သည့်အတိုင်း ပြုလုပ်တော့မည် ပရိယာယ်ဖြင့် သတ်တော့မည်ဟု ဆုံးဖြတ်သည်ကစ၍ အပြစ်ရှိသော ဒုစရိုက်မှု ဖြစ်လေသည်။ ဤသို့ သုလသာ၏ ပါဏာတိပါတကံပြုရာမှာ ရှေးဦးစွာ အသိဉာဏ် ဖြစ်ပေါ်သည်ကို ရည်ရွယ်၍သာ အလောင်းတော် တောင်စောင့်နတ်က ပညာရှိဟု ချီးမွမ်းသည်ဟူ၍သာ မှချဆတ်ဆတ် မှတ်ယူအပ်ပေ၏။

ဤဆိုအပ်ပြီးသည့်အတိုင်း အသိဉာဏ်နယ်တပိုင်း ပါဏာတိပါတ ဒုစရိုက်နယ်တပိုင်းအားဖြင့် ခွဲခြား၍ မှတ်ယူသင့်သည်၊ ထိုသို့မဟုတ်ပဲ သုလသာ၏ အသိဉာဏ်သည် မကောင်းမှုအရာဖြစ်၍ ပညာအစစ် မဖြစ်နိုင်ဟု မလျှော့တန်းယူနေလျှင် မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကြီးကိုပင် အပြစ်မလွတ်သော အခြေရောက် ပို့ပေးရာရောက်ချေမည်၊အကြောင်းကား....မြတ်စွာဘုရား၏ ဉာဏ်တော်ကြီးသည် ကောင်း မကောင်း အရာဟူသမျှ သိမြင်နိုင်သည့်အတွက် သဗ္ဗညုတဉာဏ်တော်ဟူသော အမည်ကို ရလေသည်။ ဉာဏ်ပညာအစစ်သည် မကောင်းသောအရာကို မသိနိုင်ဟုဆိုလျှင် မြတ်စွာဘုရား၏ ဉာဏ်တော်သည် မကောင်းသောအရာကို သိတော့မည်မဟုတ်၊ မသိလျှင် သဗ္ဗညုတဉာဏ်ဟူ၍ပင် မခေါ်နိုင်တော့ချေ။စင်စစ်ကား ကောင်းသောအရာ မကောင်းသောအရာ ခပ်သိမ်းကိုပင် သိမြင်နိုင်သောကြောင့် သဗ္ဗညုတဉာဏ်ဟူ၍ ခေါ်ရသည်။

အချုပ်အားဖြင့်....မြတ်စွာဘုရားသည် အပြစ်ရှိသောအရာ အပြစ် မရှိသောအရာ ခပ်သိမ်းကိုပင် သိတော်မူ၏၊ သို့သော် အပြစ်ရှိသော အရာကို ပြုလုပ်ရန်အတွက်မူ အနုသယအမြစ်အရင်းပါမကျန် ပယ်စွန့်ပြီး ဖြစ်၍ မည်သည့်အခါမျှ ဆန္ဒရှိတော်မမူ၊ ပြုဖို့ရန်မူ ဆိုရန်မရှိတော့ပြီ။ ဤသို့ အပြစ်မရှိသောအရာဟူသမျှကို သိမြင်တော်မူပြီးလျှင် ပယ်သင့်သောတရားဖြစ်၍ ပယ်စွန့်တော်မူခြင်း အလျဉ်းပြုတော်မမူခြင်းတည်းဟူသော ဂုဏ်ကျေးဇူးကို အာရုံပြုကာ သဗ္ဗညုတရား တိုးတက်ပွါးများရာ၏။

http://www.dhammadownload.com



ထိုမှတပါးလည်း....ပညာပါရမီကို အကြောင်းပြု၍ ဟောတော်မူအပ်သော မဟောသဓာဇာတ်၌ အလောင်းတော် မဟောသဓာသုခမိန်၏....စူဠနီပြဟ္မဒတ်မင်းသည် လက်အောက်ခံမင်းများနှင့်တကွ ဝိဒေဟတိုင်းကို စစ်ကြီးဝိုင်းဝန်းတိုက်ခိုက်ရာ မြို့ရိုးအတွင်းမှနေလျက် အထူးထူးဉာဏ်ယှဉ်ကာ စူဠနီပြဟ္မဒတ်မင်း ရှုံကြောက်အောင် စီမံပုံများ....ထို့နောက် စူဠနီပြဟ္မဒတ်မင်း စစ်ကြီးပျက်၍ ကစဉ့်ကရဲထွက်ပြေးရအောင် စီမံပုံများ....အစရှိသည်တို့ကို ပြုလုပ်ရာမှာ ကုသိုလ်အရေးအရာမဟုတ်သဖြင့် ပညာတရား ဖြစ်ပွါးခွင့်မရှိဟု ဆိုလျှင် မဟောသဓာဘဝမှာ ပညာပါရမီ ဖြည့်သောအချက် ရှိနိုင်တော့မည်မဟုတ်၊ စင်စစ်ကား မဟောသဓာဇာတ်လာ အချက်အလက်စုသည် အလောင်းတော်၏ ပညာစွမ်းဖြင့်သာ စီမံရသော အချက်စုဖြစ်၍ ပညာပါရမီ ဖြည့်တော်မူသောဘဝဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်။

ဤသို့စသော အကြောင်းဒဿနအစုကို ထောက်ထားလျှင် သုလသာဇာတ်၌ အလောင်းတော် တောင်စောင့်နတ်၏ သုလသာကို ပညာရှိမိန်းမဟု ချီးမွမ်းခြင်းသည် ပညာရှိဖြစ်၍သာ ချီးမွမ်းခြင်း ဖြစ်သည်ဟု စိတ်ဖြာခွဲခြား မှတ်ယူအပ်၏။

(ဤကား ပညာ၏ သဘောလက္ခဏာနှင့် စပ်၍ ယုံမှားခြင်း ဖြစ်တတ်သည့်အရာကို ရှင်းလင်း ပြဆိုချက်တည်း။)

### ပညာအမျိုးအစား

ပြခဲ့ပြီးသည့်အတိုင်း သစ္စာလေးပါး လက္ခဏာသုံးပါးတို့ကို အပြားအားဖြင့် သိတတ် သိစေတတ်သောကြောင့် ပညာမည်၏ဟူ၍ အဋ္ဌသာလိနီစသော အဋ္ဌကထာတို့၌ ပြဆိုခြင်းသည် ဥက္ကဋ္ဌနည်း=အဆင့်အတန်း မြင့်မားသော ပညာတို့ကို ရည်ရွယ်၍ပြဆိုခြင်း ဖြစ်သည်၊ ဤအဆင့်အတန်းကို မမှီသော အောက်တန်းပညာစုလည်း ရှိပေသေးသည်။ ရှိကြောင်းကို ဝိဘင်းပါဠိတော် ဉာဏဝိဘင်း စိန္တာမယပညာ သုတမယပညာတို့ကို ဟောကြားရာ၌ (တတ္ထ ကတမာ စိန္တာမယာ ပညာ၊ ယောဂဝိဟိတေသု ဝါ ကမ္မာယတနေသု ယောဂဝိဟိတေသု ဝါ သိပ္ပါယတနေသု....အစရှိသည်ဖြင့်) အသက်မွေးမှု၏ အကြောင်းဖြစ်သော အမှုမျိုး=ကမ္မာယတန, အသက်မွေးမှု၏ အကြောင်းဖြစ်သော အတတ်မျိုး=သိပ္ပါယတနတို့ကို ဟောတော်မူရာ အဋ္ဌကထာ၌ ပညာဖြင့် စီမံအပ်သော အမှုအမျိုးမျိုးကို ကမ္မာယတနခေါ်ကြောင်း၊ ပညာဖြင့် စီမံအပ်သော အတတ်အမျိုးမျိုးကို သိပ္ပါယတနခေါ်ကြောင်း ဖွင့်ပြပြီးလျှင်

http://www.dhammadownload.com



ကမ္မာယတနအရ အမှုမျိုးကလည်း အညံ့စား, အမြတ်စားဟူ၍ နှစ်ပါးရှိရာ လက်သမားလုပ်မှု စသည်ကား အညံ့စားအမှုမည်၏။ လယ်ထွန်ခြင်း ကုန်သွယ်ခြင်း စသည်ကား အမြတ်စားအမှုမည်၏။ သိပ္ပါယတန အတတ်မျိုးမှာလည်း ထရံရက်အတတ် ရက္ကန်းရက်အတတ် စသည်သည် အညံ့စား အတတ်မျိုးမည်၏၊ ဂဏန်းအတတ် စာရေးအတတ်စသည်သည် အမြတ်စားအတတ်မည်၏ စသည်ဖြင့် အကျယ်ဖွင့်ပြထားသည်။

ဤအရာတွင် ကမ္မာယတန=အမှုနှင့် သိပ္ပါယတန=အတတ်တို့၏ အထူးမှာ....အထူးသင်ကြားနေရခြင်း မရှိပဲ ပြုလုပ်နိုင်သော အမှုကိစ္စမျိုးသည် ကမ္မာယတနမည်၏။ သင်ကြားမှ တတ်မြောက် သိမြင်လာသော အတတ်မျိုးသည် သိပ္ပါယတနမည်၏။ (တနည်း) အချုပ်အားဖြင့် အထူးမသင်ရပဲ ပြုလုပ်အပ်သော ကိစ္စနှင့် အထူးသင်ကြား တတ်မြောက်ထားသော လက်မှုပညာဟူ၍ ထူးပုံကို ခွဲခြားရမည်။ သင်ကြား၍ တတ်မြောက်သော နှုတ်မှုပညာကိုကား ဝိဇ္ဇာဋ္ဌာနဟူ၍ ခေါ်ဆို၏။

ဤအရာ၌ ယုတ်ညံ့သော ပစ္စည်းဝတ္ထုတည်းဟူသော လောင်စာကို လောင်သည့်မီး, မြတ်သော ပစ္စည်းဝတ္ထုတည်းဟူသော လောင်စာကို လောင်သည့်မီး နှစ်မျိုးတို့ကို လောင်စာ၏ အယုတ်အမြတ်သို့ လိုက်၍ ယုတ်သောမီး မြတ်သောမီးဟူ၍ ခွဲခြားဖွယ်မရှိပဲ လောင်စာအားသေးလျှင် အားသေးသောမီး, လောင်စာအားကြီးလျှင် အားကြီးသော မီးဟူ၍သာ ဆိုသင့်သကဲ့သို့၊ ဤအတူ ပညာအရာမှာလည်း သိအပ်သော အရာက ယုတ်ညံ့သည့်အတွက် ယုတ်ညံ့သောပညာ, သိအပ်သောအရာက မြင့်မြတ်သည့်အတွက် မြင့်မြတ်သောပညာဟူ၍ ခွဲခြားဖွယ်မရှိပဲ အားသေးသောပညာ, အားကြီးသောပညာ (တနည်း) လွယ်ကူသော ပညာ, ခဲခက်သောပညာဟူ၍သာ ဆိုသင့်ပေ၏။ အဋ္ဌသာလိနီ အဋ္ဌကထာ ပညာ၏ လက္ခဏာကို ပြသည့်အတိုင်း အထက်တန်းစား ပညာကြီးများ ကိုမှ ပညာဟူ၍ မမှတ်ယူပဲ အောက်တန်းစား ပညာများကိုလည်း ပညာဟူ၍ပင် မှတ်ယူရာ၏။

သို့ဖြစ်၍ ပညာပါရမီကို ဆည်းပူးလိုသော သူသည် အထက်တန်း အောက်တန်း မရွေးချယ်ပဲ မိမိမသိသေးသည့် အရာဖြစ်လျှင် ပညာရှိများထံ မေး၍ ဆည်းပူးဖြည့်ကျင့်သင့်ပေ၏။ ထို့ကြောင့်ပင် ဗုဒ္ဓဝင် ပါဠိတော်၌...."ပရိပုစ္ဆန္တော ဗုဓံ ဇနံ၊ ပညာပါရမိတံ ဂန္တွာ"....ဟူ၍ ဟောတော်မူသည်။

http://www.dhammadownload.com



## ပညာပွါးကြောင်းခုနစ်ပါး

ထိုမှတပါးလည်း သမ္မောဟဝိနောဒနီ (ဝိဘင်း) အဋ္ဌကထာ သတိပဋ္ဌာန ဝိဘင်းအဖွင့်၌လည်း ပညာပွါးခြင်းအကြောင်း ခုနစ်ပါးကို ဖွင့်ပြထားပေသည်။ ခုနစ်ပါးဟူသော်ကား....

(၁) ပရိပုစ္ဆကတာ=ပညာရှိတို့ထံ အဖန်ဖန် မေးမြန်းခြင်း၊ (ဤ ပဌမ အင်္ဂါသည် "ပရိပုစ္ဆန္တော ဗုဓံ ဇနံ" ဟူသော ဗုဒ္ဓဝင်ပါဠိတော်အရ ဖော်ပြအပ်သော အင်္ဂါဖြစ်၏။)

(၂) ဝတ္ထုဝိသဒကိရိယာ=ကိုယ်တွင်းကိုယ်ပ နှစ်ဌာနလုံးသော ဝတ္ထုတို့ကို သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ရခြင်း၊ (ဆံပင် ခြေသည်း လက်သည်း မုတ်ဆိတ် ကျင်စွယ်တို့ ရှည်လျားခြင်း တကိုယ်လုံးမှာ အတွင်းခေတ် တောင့်တင်းခိုင်မာနေခြင်း ချွေး ကြေးညှော် ထူထပ်ခြင်းတည်းဟူသော ကိုယ်တွင်း မစင်ကြယ်မှု မရှိစေရ။ အဝတ်အစား ဟောင်းနွမ်းကာ မကောင်းသောအနံ့ နံစော်ခြင်း အိပ်ရာနေရာတို့၌ အမှိုက်သရိုက်ထူထပ်ခြင်းစသော ကိုယ်ပ မစင်ကြယ်မှုများလည်း မရှိစေရ။ ကိုယ်တွင်းကိုယ်ပ နှစ်ဌာန မစင်ကြယ်မှု ရှိနေသောအခါ ဖြစ်ပေါ်သောပညာမှာလည်း အညစ်အကြေးထူထပ်သော မီးခွက် မီးစာ ဆီတို့မှ ဖြစ်သော မီးတောက်သည် မကြည်လင်သကဲ့သို့ မကြည်မလင် မစင်မကြယ်သာ ဖြစ်လာ၏။ အညစ်အကြေးကင်းစင်သော မီးခွက် မီးစာ ဆီတို့မှဖြစ်သော မီးတောက်သည် ကြည်လင်စင်ကြယ်သကဲ့သို့ ကြည်လင်စင်ကြယ်ထွန်းပသော ပညာဉာဏ်ဖြစ်ပေါ်လာအောင် ကိုယ်တွင်းကိုယ်ပ နှစ်ဌာနဝတ္ထုတို့ကို စင်ကြယ်စေရမည်ဟု ဆိုလိုသည်။)

(၃) ဣန္ဒြိယသမတ္တပဋိပါဒနာ=သဒ္ဓါစသော ဣန္ဒြေတို့ ညီမျှအောင်ပြုခြင်း၊ (သတ္တဝါတို့သန္တာန်၌ စိတ်စေတသိက်တို့ကို စိုးအုပ်နေသော ဣန္ဒြေတရားငါးပါးရှိသည်အနက်—သဒ္ဓိန္ဒြေက အားကြီးနေလျှင် အခြားဣန္ဒြေလေးပါးတို့သည် အားနည်းကြသဖြင့် ဝီရိယိန္ဒြေကလည်း မိမိ၏ တာဝန်ဖြစ်သော ချီးမြှောက်အားပေးခြင်းကိစ္စကို မရွက်ဆောင်နိုင်၊ သတိန္ဒြေကလည်း အာရုံထင်စေခြင်းကိစ္စကို မရွက်ဆောင်နိုင်၊ သမာဓိန္ဒြေကလည်း မပျံ့လွင့်ခြင်းကိစ္စကို မရွက်ဆောင်နိုင်၊ ပညိန္ဒြေကလည်း သိမြင်ခြင်းကိစ္စကို မရွက်ဆောင်နိုင်၊ သို့ဖြစ်၍ သဒ္ဓိန္ဒြေ လွန်ကဲနေလျှင် ထိုလွန်ကဲနေသော သဒ္ဓိန္ဒြေကို အညီအမျှသာဖြစ်ရမည့်တရားသဘောကို ဆင်ခြင်ခြင်းဖြင့်သော်၎င်း သဒ္ဓိန္ဒြေမြောက်များ အားရှိစေမည့်နည်းကို နှလုံးမသွင်းခြင်းဖြင့်သော်၎င်း ယုတ်လျော့အောင် ညီမျှအောင် အားထုတ်ရာ၏။ အကယ်၍....ဝီရိယိန္ဒြေ အားကြီးနေပြန်အံ့၊ ထိုအခါ သဒ္ဓိန္ဒြေသည် မိမိ၏ဆိုင်ရာ ကြည်ညိုဖွယ်ဝတ္ထု၌ သက်ဝင်ကြည်ညိုခြင်းကိစ္စကို မရွက်

http://www.dhammadownload.com



ဆောင်နိုင်၊ အခြားဣန္ဒြေများလည်း မိမိတို့ဆိုင်ရာ ကိစ္စတို့ကို မရွက်ဆောင်နိုင်ကြ၊ သို့ဖြစ်၍ ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးစွာထားသင့်သည့် သဘောကို ထင်စွာပွါးများခြင်းဖြင့် ထိုလွန်ကဲသော ဝီရိယိန္ဒြေကို ယုတ်လျော့စေရာ၏။ ဤနည်းအတိုင်း အခြားဣန္ဒြေတို့မှာလည်း တပါးတပါး အားရှိနေခဲ့သော် ကျန်သောဣန္ဒြေတို့ မိမိတို့ဆိုင်ရာကိစ္စကို မရွက်ဆောင်နိုင်ဟူ၍ သိအပ်၏။)

ဤဣန္ဒြေတို့ကို ညီမျှစေသောအရာ၌ အထူးအားဖြင့် သဒ္ဓါနှင့် ပညာတို့၏ ညီမျှခြင်းကိုရင်း သမာဓိနှင့် ဝီရိယတို့၏ ညီမျှခြင်းကိုရင်း ပညာရှိ သူတော်ကောင်းတို့ ချီးမွမ်းကြကုန်၏။ သဒ္ဓါတရား အားကြီး၍ ပညာတရား နည်းပါးသောသူသည် အချည်းနှီးသော ကြည်ညိုခြင်းဖြင့် ကြည်ညိုနေတတ်၏။ (ကြည်ညိုဖွယ်ဝတ္ထု ဟုတ်-မဟုတ်ကို သိမြင်နိုင်သော ပညာတရား အားနည်းနေသည့်အတွက် ကြည်ညိုဖွယ်မဟုတ်သောအရာ၌ ကြည်ညိုနေတတ်၏ဟု ဆိုလိုသည်။ ဘုရား တရား သံဃာ အစစ်မဟုတ်သည့်အရာတို့ကို ဘုရားစစ် တရားစစ် သံဃာစစ် ဟူ၍ ထင်မြင်ယုံကြည်နေခြင်းသည် ယုံကြည်သည့်အတိုင်း မမှန်သည့်အတွက် အကျိုးမပြီး အချည်းနှီးသော ယုံကြည်ခြင်းသာ ဖြစ်၏ဟူ၍ ဆိုလို၏။) မိစ္ဆာအယူရှိသူတို့သည် မိမိတို့ အယူမှားအတိုင်း ဘုရားတရားဟူ၍ ထင်မြင်သော အရာကို ကြည်ညိုကြ၏၊ ထိုသူတို့၏ ကြည်ညိုခြင်းကား သဒ္ဓါ အစစ်မဟုတ်၊ မိစ္ဆာဓိမောက္ခသာ ဖြစ်ကြောင်း ကောင်းစွာသိမှတ်ရာ၏။

ပညာတရား အားကြီး၍ သဒ္ဓါတရား နည်းပါးနေသောသူသည် လမ်းရိုးလမ်းမှန်ကို မရောက်တတ်ပဲ ကောက်ကျစ်စဉ်းလဲသော လမ်းဖက်သို့ လိုက်မှားကပ်ရောက်သွားတတ်၏။ လောက၌ ဆေးစားမှား၍ ဖြစ်သော ရောဂါကို ကုစားရန် ခဲယဉ်းသကဲ့သို့၊ သဒ္ဓါနည်းပါး ပညာများ၍ လမ်းမှား ကပ်ရောက် ကောက်ကျစ်စဉ်းလဲသူကို လမ်းမှန်ရောက်အောင် ပြုပြင်ကုစားဖို့ရန် ခဲယဉ်းလှ၏။ "ဒါနဟူသည် စေတနာဒါန ဝတ္ထုဒါနဟူ၍ နှစ်မျိုးရှိရာ စင်စစ်မှုချအားဖြင့် စေတနာ...သာ နောက်ဘဝ၌ ကောင်းကျိုးပေးနိုင်သည်၊ ပစ္စည်းဝတ္ထုက တစုံတရာ ကောင်းကျိုး မပေးနိုင်၊ သို့ဖြစ်၍ ပစ္စည်းဝတ္ထုကို လှူနေဖွယ် မလို၊ စေတနာကောင်းကောင်းထားလိုက်လျှင် လိုအပ်သော ကောင်းကျိုး ရနိုင်သည်သာ ဖြစ်၏"ဟူ၍ ကောက်ကျစ်စဉ်းလဲကာ ဒါနစသော ကုသိုလ်တို့ကို မပြုပဲနေသဖြင့် သေသောအခါ ငရဲသို့ ကျရောက်တတ်၏၊ သဒ္ဓါနှင့်ပညာ နှစ်ပါးစုံ မျှတညီညွတ်မှသာလျှင် ကြည်ညိုအပ်သော အရာ၌သာ ကြည်ညိုခြင်း ကောက်ကျစ်စဉ်းလဲမှု မရှိခြင်းတို့ဖြင့် ကောင်းကျိုးအများ ဖြစ်ပွါးနိုင်သည်။

http://www.dhammadownload.com



ဝီရိယနှင့်သမာဓိတို့လည်း ညီမျှရမည်၊ ဝီရိယနည်းပါး၍ သမာဓိကြီးမားနေလျှင် ထကြွအားထုတ်မှု မရှိပဲ သမာဓိရအောင် ငြိမ်သက်စွာနေသည့်အယောင်ဖြင့် ကောသဇ္ဇခေါ်သော အပျင်းဓာတ် လွှမ်းမိုးဖိစီးခြင်းကို ခံရတတ်သည်။

ဝီရိယကြီးမား၍ သမာဓိနည်းပါးနေလျှင်လည်း တည်ကြည်မှု မရှိတော့ပဲ အမြဲထကြွ လှုပ်လှုပ်ရှားရှား လုံ့လပြုနေသောသူမှာ "ရည်ရွယ်သည့်အတိုင်း အကျိုးမဖြစ်ခဲ့သော ဤအလုပ်သည် အကျိုးဖြစ်စေနိုင်မည့်အလုပ် မဟုတ်၊ သို့ဖြစ်၍ ဤအလုပ်ကို စွန့်ပစ်ကာ အခြားအလုပ်တခုခုကို ပြုလုပ်မှ သင့်လျော်မည်"စသည်ဖြင့် စိတ်၏ပျံ့လွင့်ခြင်း=ဥဒ္ဓစ္စတရား လွှမ်းမိုးဖိစီးခြင်းကို ခံရတတ်သည်။

ဝီရိယနှင့်သမာဓိတို့ကို ညီမျှအောင် အားထုတ်လျှင် ပျင်းရိခြင်း=ကောသဇ္ဇတရားလည်း ဝင်ခွင့်မရ၊ စိတ်ပျံ့လွင့်ခြင်း=ဥဒ္ဓစ္စတရားလည်း ဝင်ခွင့်မရ၊ နှစ်ပါးစုံညီမျှသည့်အတွက် အပ္ပနာဟု ခေါ်သော ဈာန်သမာဓိဟာရကို လျင်မြန်စွာ ရနိုင်သည်။

သတိခြေ့မှုကား ပိုလွန်သောဟူ၍ မရှိ၊ လိုလျှင်သာ လိုမည်။ ထို့ကြောင့် "သတိသည် စားဖွယ်ဟင်းလျာဟူသမျှတို့၌ ပါဝင်ရသော ဆားနှင့်တူ၏ဟူ၍ရင်း၊ အလုံးစုံသော မင်း၏အရေးကိစ္စတို့၌ ပါဝင်ရသော အမတ်ချုပ်ကြီးနှင့်ပူ၏ဟူ၍ရင်း" ကျမ်းဂန်တို့၌ ပြဆိုထား၏။ သို့ဖြစ်၍ သတိကို အစွမ်းကုန် ထား၍ သဒ္ဓါနှင့်ပညာ ဝီရိယနှင့်သမာဓိတို့ကို အညီအမျှ ပွါးများအားထုတ်ရာ၏၊ တခုခုက ပိုနေလျှင် အပြစ်ရှိသည်၊ ဤအကြောင်းကို ဆရာတော် ဦးဗုဓ်က....

> သဒ္ဓါလွန်လျှင် ကွန့်သည်၊
> ပညာလွန်လျှင် ဆွံ့ သည်၊
> ဝီရိယလွန်လျှင် ပြန့်သည်၊
> သမာဓိလွန်လျှင် တွန့်သည်၊
> သတိမှုကား လွန်သည်မရှိ-

ဟူ၍ မဟာသတိပဋ္ဌာနသုတ်နိဿယ၌ ရေးသားတော်မူခဲ့သည်။

(၄) ဒုပ္ပညပုဂ္ဂလပရိဝဇ္ဇနံ=ပညာမဲ့သော ပုဂ္ဂိုလ်တို့ကို ဝေးစွာရှောင်ကြဉ်ခြင်း၊ (ခန္ဓာ အာယတနစသော သဘောတရားစု၌ သက်ဝင်နိုင်သောဉာဏ်မရှိသည့် ပုဂ္ဂိုလ်စုကို ပညာမဲ့=ဒုပ္ပညပုဂ္ဂိုလ်ဟု ခေါ်သည်။ ထိုပုဂ္ဂိုလ်မျိုးကို ဝေးစွာ ရှောင်ကြဉ်ရမည်ဟု ဆိုလိုသည်။)

http://www.dhammadownload.com



(၅) ပညဝန္တပုဂ္ဂလသေဝန=ပညာရှိသော ပုဂ္ဂိုလ်တို့ကို မှီဝဲခြင်း၊ (ပညာရှိသော ပုဂ္ဂိုလ်ဟူသည်မှာ ဥဒယဗ္ဗယဉာဏ် ငါးဆယ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ဆိုလို၏၊ ဤဥဒယဗ္ဗယဉာဏ်ငါးဆယ်ကို ပဋိသမ္ဘိဒါမဂ်မြန်မာပြန်၌ ကြည့်ရှုရာ၏။)

ဤ (၄) အမှတ်နှင့် (၅) အမှတ် နှစ်ရပ်လုံးမှာပင် အဋ္ဌကထာ ဆရာတော် ပြဆိုချက်သည် ဥက္ကဋ္ဌနည်းအားဖြင့် အထက်တန်းအကျဆုံး ကို ပြဆိုတော်မူခြင်းဖြစ်၏။ အထက်တန်းကျပုံမှာ....(၄) အမှတ် ပညာ မဲ့သော ပုဂ္ဂိုလ်အရ ခန္ဓာ အာယတနစသော တရားစု၌ ဉာဏ်မသက်ဝင် နိုင်သော ပုဂ္ဂိုလ်ဟု ဖော်ပြခြင်းပင်ဖြစ်၏။ ခန္ဓာ အာယတနစသော တရားစု၌ သက်ဝင်နိုင်သည့် ဉာဏ်ပညာရှိသော ပုဂ္ဂိုလ်သည် အထက် တန်း ပညာရှိကြီးသာဖြစ်၏၊ ဤသို့ သိမ်မွေ့နက်နဲလှသော ခန္ဓာ အာယတန စသည့် တရားသဘောတို့ကို မသိမြင်နိုင်စေကာမူ သာမည အားဖြင့် "ဤသို့ လုပ်ကောင်းသည်၊ ဤသို့ မလုပ်ကောင်း၊ ဤသို့ သီလစောင့်သင့်သည်၊ ဤသို့ မစောင့်သင့်" စသည်ဖြင့် ဓမ္မသဘော စုကိုရင်း "ဤသို့ ပြုကျင့်ခြင်းသည် အသက်ရှည်ကြောင်းဖြစ်၏၊ ဤသို့ ပြုကျင့်ခြင်းသည် အသက်တိုကြောင်းဖြစ်၏" စသည်ဖြင့် လောက သဘောစုကိုရင်း သိမြင်သောသူသည် ပညာရှိ မဟုတ်သကဲ့သို့ ဖြစ်၍ နေ၏။ စင်စစ်ကား ထိုပုဂ္ဂိုလ်တို့ကိုလည်း မှီဝဲရမည်သာ ဖြစ်ပေသည်။

(၅) အမှတ်ပြ ပညာရှိပုဂ္ဂိုလ်အရ "ဥဒယဗ္ဗယဉာဏ် ငါးဆယ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို" ပြဆိုခြင်းသည်လည်း အထက်တန်း ဝိပဿနာ ပညာရှိကြီးများကိုသာ ဥက္ကဋ္ဌနည်းအားဖြင့် ပြဆိုခြင်းဖြစ်၏။ ပညာ ရှာမှီးရမည့်အရာမှာ ဗုဒ္ဓဝင်ပါဠိတော်အရ "အယုတ် အလတ် အမြတ် မရွေး အိမ်စဉ်လျှောက်ကာ ဆွမ်းခံရသည့်ရဟန်းကို ပမာထား၍အယုတ် အလတ် အမြတ်မရွေး သိမြင်နိုင်သည့် ပုဂ္ဂိုလ်ထံ မေးမြန်း ဆည်းပူး ရမည်"ဟူ၍ ဟောတော်မူရကား ရှောင်ကြဉ်ရမည့် ဒုပ္ပညပုဂ္ဂိုလ် ဟူသည် တစုံတရာကိုမျှ မသိသောသူသာ ဖြစ်သင့်ပေ၏၊ မှီဝဲရမည့် ပညာရှိပုဂ္ဂိုလ်ဟူသည်လည်း မိမိသိမြင်လိုသော အရာကို ကောင်းစွာ ဖြေဆိုသိမြင်နိုင်မည့် ပုဂ္ဂိုလ်ဟူသမျှပင် ဖြစ်သင့်ပေ၏။

အချုပ်အားဖြင့်....တစုံတရာကိုမျှ မေးမြန်း၍ မရမည့် လူမျိုးကို ရှောင်ကြဉ်၍၊ မိမိ မသိသေးသောအရာကို အနည်းနှင့်အများ ဖြေကြား နိုင်မည့် ပုဂ္ဂိုလ်စုကို မှီဝဲဆည်းကပ်ရာ၏ ဟူ၍ ဆိုလိုပေသည်။

http://www.dhammadownload.com



ပညာဆည်းပူးရာမှာ ဗုဒ္ဓဝင်ပါဠိတော်လာအတိုင်း ရှေးဦးစွာ ပညာရှိများထံ နာကြားမေးမြန်း၍ သုတမယပညာကို ဆည်းပူးပြီးမှ ထိုဆည်းပူးပြီးသော သုတမယပညာထဲတွင် မရှင်းမလင်းသော အကြောင်းအရာ ထင်မြင်လာသောအခါ ဆင်ခြင်ကြံစည်ခြင်း တည်းဟူသော စိန္တာမယပညာကို ဆည်းပူးပွါးများရာ၏။

ဤအကြောင်းကို အင်္ဂုတ္တရနိကာယ် တိကနိပါတ၊ ဒုတိယပဏ္ဏာသက၊ ၂-မဟာဝဂ်၊ ၅-ကာလာမသုတ်၌ ကာလာမမင်းအများက....“တပည့်တော်များ အရပ်သို့ ဓမ္မကထိက ပုဂ္ဂိုလ်အများ လာရောက်ကြရာတွင် လာရောက်သ မျှ ပုဂ္ဂိုလ်စုသည် မိမိဝါဒကိုသာ ချီးမွမ်း၍ အခြားဝါဒတို့ကို ပယ်ရှားပုတ်ခတ်သည်ချည်းသာ ဖြစ်ပါသည်၊ ဘုရားတပည့်တော်များမှာ မည်သည့်ဝါဒကို အတိအကျမှတ်ယူရမည်ဟု မသိနိုင်အောင် ယုံမှားဖြစ်၍ နေရကြောင်း” မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားက ဟောကြားတော်မူပုံအချုပ်မှာ “မိမိဉာဏ်ဖြင့် စဉ်းစားဆင်ခြင်၍ အပြစ်ကင်းသော ဝါဒကိုသာ အတိအကျ မှတ်ယူရမည်”ဟူ၍ ဟောတော်မူသည်။ ဤဒေသနာတော်အရ ဓမ္မကထိက ပုဂ္ဂိုလ်တို့၏ ဟောပြောချက်ကို နာခံရခြင်း သုတမယပညာကိစ္စကို ရှက်ဆောင်ပြီးလျှင် မည်သည့်ဝါဒကသာ အပြစ်ကင်းကြောင်းကို မိမိဉာဏ်ဖြင့် ဆင်ခြင်ခြင်း=စိန္တာမယဉာဏ်ကို အသုံးပြုရမည်ဟု ဆိုလိုရင်းဖြစ်သည်။

ထိုမှတပါးလည်း ပါဠိဇာတ် ဒသကနိပါတ် ၉-မဟာဓမ္မပါလဇာတ်၌ “ဓမ္မပါလရွာတွင် အသက်တမ်း မပြည့်သေးသည့် သူငယ်များ မသေနိုင်ခြင်း၏ အကြောင်းကို” တက္ကသိုလ်ဆရာကြီးကိုယ်တိုင် လာရောက်မေးမြန်းသည်တွင် သုဒ္ဓေါဒနမင်းကြီး၏ အလောင်းတော် မဟာဓမ္မပါလ (ရွာအုပ်) ကြီးက ပြန်ကြား ဖြေဆိုသောအခါ၌ “ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ရွာသို့ လာရောက်သမျှ ပုဂ္ဂိုလ်တို့၏ တရားကို နာကြကုန်၏၊ နာကြားပြီးနောက် စဉ်းစားဆင်ခြင်ပြီးလျှင် မသူတော်တို့၏ တရားကို မနှစ်သက် လက်မခံပဲ ထိုသူတို့ကိုလည်း ပယ်ရှားပါသည်၊ သူတော်ကောင်းတို့၏ တရားကိုသာ နှစ်သက်လက်ခံ၍ ထိုသူတော်ကောင်းတို့ကို မစွန့်ပါ၊ သို့ဖြစ်၍ ကျွန်ုပ်တို့ (ဓမ္မပါလ)ရွာ၌ ကလေးသူငယ်များ အသက်တမ်းမပြည့်မီ မသေကြကုန်”ဟူ၍ ဖြေဆိုလေသည်။ ဤမဟာဓမ္မပါလဇာတ်တော်အရလည်း ရှေးဦးစွာ သုတမယဉာဏ်ဖြင့် နာခံ၍ နောက်မှ စိန္တာမယဉာဏ်ဖြင့် ဆင်ခြင်စဉ်းစားကာ မှန်ကန်သည့်အချက်ကို လက်ခံအတည်ပြုရကြောင်း ထင်ရှားပေ၏။

http://www.dhammadownload.com



## မှီဝဲဆည်းကပ်ခြင်း

ပညာရှိသော ပုဂ္ဂိုလ်ကို မှီဝဲခြင်း....ဟူသော စကားနှင့်စပ်၍ "မှီဝဲခြင်းဟူသည် အဘယ်သို့သော သဘောဖြစ်သနည်း"ဟု မေးရန်ရှိ၏။ ပညာရှိထံ သွားရောက်ချဉ်းကပ်ကာ နေ့ညဉ့်မကွာ နေထိုင်ရုံမျှဖြင့် ပညာရှိကို မှီဝဲသည် မမည်။ ပညာရှိထံမှ တစုံတရာ ပညာရရှိအောင် ပြုလုပ်မှ ပညာရှိကို မှီဝဲသည် မည်၏။

လောက၌ "လူမိုက်ကို မမှီဝဲရ" ဟူသော မင်္ဂလာတရားတော်အရ လူမိုက်ထံ သွားရောက်နေရုံမျှကို လူမိုက်ကို မှီဝဲသည်ဟု မဆိုရပေ။လူမိုက်ကို ပူးကပ်ဖြားယောင်း ဆုံးမလိုသောကြောင့် ထိုလူမိုက်ထံ သွားရောက်ခြင်းဖြစ်လျှင် မင်္ဂလာတရား မပျက်စီး။ မြတ်စွာဘုရားသည် ဥရုဝေလတောအုပ်၌ မိစ္ဆာဒိဋ္ဌိ အယူရှိသော ရသေ့တို့နှင့် အတူကြွရောက်နေတော်မူသကဲ့သို့ ဖြစ်သည်။ လူမိုက်တို့၏ အကျင့် အယူဝါဒ တစုံတရာကို ခံယူမှသာ ထိုလူမိုက်ကို မှီဝဲသည်ဟု ဆိုအပ်၏။ ပညာရှိကို မှီဝဲရမည်ဟူသော မင်္ဂလာတရားအရာ၌လည်း ပညာရှိထံ သွားရောက် အတူနေကာမျှဖြင့် ပညာရှိကို မှီဝဲသည်ဟု မဆိုရ၊ ပညာရှိထံမှ တရားနည်းလမ်းရရှိအောင် ယူမှသာလျှင် ပညာရှိကို မှီဝဲသည်ဟု ဆိုရ၏။ သို့ဖြစ်၍ ပညာရှိသော ပုဂ္ဂိုလ်ကို မှီဝဲခြင်းဟူရာ၌ ပညာရှိ ပုဂ္ဂိုလ်တို့နှင့် အတူတကွ နေရုံမျှဖြင့် ကိစ္စမပြီး၊ ထိုပညာရှိတို့ထံမှ ပညာအနည်းအများ ရရှိမှတ်သားရမှသာ မှီဝဲခြင်း ဖြစ်ကြောင်းကို ကောင်းစွာ မှတ်ယူအပ်၏။

(၆) ဂမ္ဘီရဉာဏစရိယပစ္စဝေက္ခဏာ=နက်နဲသော ဉာဏ်၏ ကျက်စားရာဖြစ်သော တရားသဘောတို့ကို ဆင်ခြင်ခြင်း၊ (ဤအရာ၌ ဉာဏ်ပညာသည် မီးနှင့်တူ၏၊ မီးသည် လောင်စာဟူက သေးသိမ်နုတ်ဖွဲ့သော အရာစုကိုလည်း လောင်၏၊ အထုအထယ်ကြီးမားလှသော အရာစုကိုလည်း လောင်၏၊ ဤသို့ လောင်စာဟူသမျှကို မဖယ်မရှောင် လောင်သည့်အရာတွင် သေးသိမ်နုတ်ဖွဲ့သော အရာစုကို လောင်သော မီးဖြစ်လျှင် မီးသေးမီးငယ်ဖြစ်၍ အထုအထယ်ကြီးမားလှသော အရာစုကို လောင်သော မီးဖြစ်လျှင် ကြီးကျယ်သောမီးဖြစ်လာသကဲ့သို့၊ ပညာဉာဏ်သည်လည်း သိအပ်သောအရာဟူသမျှကို သိသည်ချည်းသာ ဖြစ်၏၊ သေးငယ်သောအရာကို သိလျှင် သေးငယ်သောဉာဏ် ပေါ်လွင်သောအရာကို သိလျှင် ပေါ်လွင်သောဉာဏ် နက်နဲသော အရာကို သိလျှင် နက်နဲသောဉာဏ်ဟူ၍ သိအပ်သော သဘောတရားကို စွဲကာ အမျိုးမျိုး ခွဲခြား၍ ခေါ် ဆိုအပ်၏။ ဉာဏ်၏ကျက်စားရာ နက်နဲသောအရာ ဟူသည်ကား

http://www.dhammadownload.com



ခန္ဓာ အာယတနစသော တရားစုပင် ဖြစ်၏၊ ထိုတရားစု၌ ဖြစ်သော အသိဉာဏ်သည် နက်နဲသော ဉာဏ်ပညာမည်၏၊ ထိုနက်နဲသော ဉာဏ်ပညာသည် နက်နဲသောသဘောတရား များသလောက်ပင် များပြား၏၊ဤသို့ သိအပ်သည့် နက်နဲသော သဘောတရား များပြားသလောက် များပြားသည်တို့ကို ခွဲခြားဝေဖန်ဆင်ခြင်ခြင်းသည် ပညာဉာဏ်ကြီးပွါးခြင်း၏ အကြောင်းဖြစ်သည်ဟု ဆိုလိုသည်။)

(၇) တဒဓိမုတ္တတာ=ထိုဉာဏ်ပညာ ပွါးများမှု၌ ညွတ်ကိုင်းသော စိတ်ရှိခြင်း၊ (လျှောင်း-ထိုင်-ရပ်-သွား ဣရိယာပုထ်လေးပါးတို့၌ ပညာတရား ဖြစ်ပွါးရန်ကိုသာ လိုလားညွတ်ကိုင်းသော စိတ်ရှိရမည်၊ ဤသို့ စိတ်ရှိခြင်းသည် ပညာတရား ပွါးခြင်းအကြောင်းတပါးဖြစ်၏။)

ဖန်ဖန်မေးမှု၊
ဝတ္ထုစင်စေ၊
ဣန္ဒြေညီမျှ၊
ဗာလကိုကြဉ်၊
ဉာဏ်ရှိယှဉ်မှ၊
ဆင်ခြင်နက်လှ၊
ဓိမုတ္တဟု၊ ၊ဉာဏပွါးကြောင်းခုနစ်တည်း။ (ဆရာတော်ဦးဖုဓ်)

---

## ပညာ၏ ဂုဏ်သတ္တိများ

ဤပညာတရားသည်... (၁) ထိုထိုကိစ္စတို့၌ ရှေ့ဆောင်ဦးစီး အကြီးအမှူးအဖြစ်ဖြင့် ဖြစ်သောအခါ ဝီမံသာဓိပတိဟူ၍ အဓိပတိလေးပါးတို့တွင် တပါးအပါအဝင် ဖြစ်ပေ၏။

(၂) အတ္တတကွ ဖြစ်ဖော်ယှဉ်ဖက်တရားတို့ကို အစိုးရသော ဣန္ဒြေ (၂၂) ပါးတို့တွင် ပညိန္ဒြေ အနညာတညဿာမီတိန္ဒြေ အညိန္ဒြေ အညာတာဝိန္ဒြေဟူ၍ လေးမျိုးလေးစားအားဖြင့် ပါဝင်ရာ လောကီဉာဏသမ္ပယုတ်စိတ် (၁၉) ခု၌ ရှိသော ပညာသည် ပညိန္ဒြေ၊ သောတာပတ္တိမဂ်စိတ်၌ရှိသော ပညာသည် အနညာတညဿာမီတိန္ဒြေ၊ အရဟတ္တဖိုလ်၌ရှိသော ပညာသည် အညာတာဝိန္ဒြေ၊ အလယ်လောကုတ္တရာစိတ် (၆) ပါး၌ရှိသောပညာသည် အညိန္ဒြေဟူ၍ အသီးအသီးဖြစ်ကြ၏။

http://www.dhammadownload.com



ဤဖြည့်ဆည်းပူးအပ်သော ပညာပါရမီအရ ပညာတရားကိုကား လောကီဉာဏသမ္ပယုတ်စိတ် (၁၉) ထဲမှ ကုသိုလ်ဉာဏသမ္ပယုတ်စိတ် (၁၃) ပါး၌ ရှိသော ပညာကိုသာ ကောက်ယူအပ်၏။ (ကြိယာစိတ်စုမှာ ရဟန္တာပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်၍ ပုထုဇန်အလောင်းတော်များနှင့် မသက်ဆိုင်သောကြောင့်ရင်း ဉာဏသမ္ပယုတ်ဝိပါက်စိတ်တို့မှာလည်း ဖြစ်ပေါ်စေရန် အထူးအားထုတ်နေရသည်မဟုတ် ရှေးကံ စီမံသည့်အတိုင်းသာ ဖြစ်ပေါ်သောတရားစု ဖြစ်သောကြောင့်ရင်း ထိုကြိယာနှင့် ဝိပါက်ဖြစ်သော ဉာဏသမ္ပယုတ်စိတ်တို့မှာ ပါရှိသည့် ပညာစုကို ဤပညာပါရမီအရ မကောက်ယူရချေ။) လောကီကုသိုလ်ပညာပါရမီကိုသာ အလောင်းတော်ကြီးများသည် မပြည့်ပြည့်အောင် ဖြည့်ဆည်းပူးတော်မူကြရ၏။

ဗောဓိပက္ခိယတရားအဝင် ဣန္ဒြေငါးပါးတွင်လည်း ပညိန္ဒြေဟူ၍ ပါရှိရာ ထိုပညိန္ဒြေအရ လောကီလောကုတ္တရာ နှစ်ပါးပင်ရှိရာ လောကုတ္တရာမဂ်ဖိုလ်တို့၌ ရှိသော ပညိန္ဒြေမှာ အလောင်းတော်ကြီးများ ဆည်းပူးအပ်သည့် ပညာပါရမီ၌မပါဝင်နိုင်။ မဂ်ဖိုလ်၏ ရှေ့အဖို့ သီလကို စင်ကြယ်စေခြင်း စိတ်ကိုစင်ကြယ်စေခြင်းစသည့် လောကီဝိသုဒ္ဓိတရားတို့ကို အားထုတ်စဉ်အခါ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်နှင့် တွဲ၍ဖြစ်သော ပညိန္ဒြေသည်ကား အလောင်းတော်ကြီးများ ဖြည့်ဆည်းပူးအပ်သော ပညာပါရမီတွင် အပါအဝင်ပင် ဖြစ်၏။

(၃) ထို့အတူ သမ္ပယုတ် (ယှဉ်ဖက်)တရားတို့၏ အင်အားသဖွယ်ဖြစ်သော ဗိုလ်တရား ငါးပါးတို့တွင် ပညာဗိုလ်ဟူ၍ အားတပါးအဖြစ်ဖြင့် ပါဝင်၏။ ဣဒ္ဓိပါဒ်လေးပါးတို့တွင် ဝီမံသိဒ္ဓိပါဒ်ဟူ၍ရင်း ဗောဇ္ဈင်ခုနစ်ပါးတို့တွင် ဓမ္မဝိစယသမ္ဗောဇ္ဈင်ဟူ၍ရင်း မဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဒိဋ္ဌိမဂ္ဂင်ဟူ၍ရင်း ပညာနှင့်ဆိုင်ရာ ဗိုလ် ဣဒ္ဓိပါဒ် ဗောဇ္ဈင် မဂ္ဂင်တို့ ပါရှိရာ လောကုတ္တရာဖြစ်သော ဗိုလ် ဣဒ္ဓိပါဒ် ဗောဇ္ဈင် မဂ္ဂင်ဆိုင်ရာ ပညာကား အလောင်းတော်ကြီးများ ဖြည့်ဆည်းပူးအပ်သော ပညာပါရမီတွင် မပါဝင်ပဲ မဂ်ဖိုလ်၏ ရှေ့ပိုင်းဖြစ်သည့် လောကီဝိသုဒ္ဓိတရားတို့ကို အားထုတ်စဉ်အခါ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်နှင့် ယှဉ်တွဲ၍ ဖြစ်သော ပညာဗိုလ် ဝီမံသိဒ္ဓိပါဒ် ဓမ္မဝိစယသမ္ဗောဇ္ဈင် သမ္မာဒိဋ္ဌိမဂ္ဂင်ထိုက်သော ပညာသည်ကား အလောင်းတော်ကြီးများ ဖြည့်ဆည်းပူးအပ်သော ပညာပါရမီတွင် အပါအဝင်ဖြစ်၏ဟူ၍ ယုံမှားမရှိ မှတ်ယူအပ်၏။

ဤသို့ ထူးခြားသော ပညာ၏ ဂုဏ်သတ္တိတို့ကို ဆင်ခြင်စဉ်းစားကာ ပညာပါရမီကို အထွတ်အထိပ်ရောက် ကျင့်ဆောက်ဆည်းပူးနိုင်ကြပါစေ ကုန်သတည်း။

ပညာပါရမီခဏ်း ပြီး၏။

http://www.dhammadownload.com



## (င) ဝီရိယပါရမီ

### အလောင်းတော်၏ ဝီရိယ

ဤဝီရိယပါရမီအရာ၌ ကေသရခြင်္သေ့မင်းကို ဥပမာပြဆိုထားရာ....ကေသရခြင်္သေ့တို့၏ သဘောသည် မည်သည့်အခါမျှ ဝီရိယကို လျှော့သည်ဟူ၍ မရှိပဲ၊ အမြဲလျှင် အားထုတ်လေ့ရှိပေ၏။ ယုန်ငယ်ကလေးကို ဖမ်းယူသောအခါ သေးငယ်သော သတ္တဝါဖြစ်သည်ဟု ဝီရိယကိုလျှော့ကာ ပေါ့ပေါ့ဆဆ ဖမ်းယူသည်မဟုတ်၊ ဆင်ပြောင်ကြီးကို ဖမ်းယူသောအခါ၌လည်း "ဤဆင်ပြောင်သည် အကောင်အထည် ကြီးမားလှ၏၊ ငါအစွမ်းကုန် ကြိုးစားအားထုတ်၍ ဖမ်းမှသင့်လျော်မည်" ဟု လွန်လဝီရိယကို ပိုမိုအားထုတ်ခြင်းမရှိ၊ ယုန်ငယ်ကို ဖမ်းသောအခါနှင့် ဆင်ပြောင်ကြီးကို ဖမ်းသောအခါ အားထုတ်ခြင်း=လုံ့လဝီရိယသည် အညီအမျှသာဖြစ်၏။

ဝီရိယပါရမီကို ဖြည့်ကျင့်တော်မူသော အလောင်းတော်သည်လည်း ဤကေသရခြင်္သေ့မင်း၏ နည်းအတိုင်းပင် သာမန်ဖြစ်သော ရွက်ဆောင်ဖွယ်ကိစ္စတို့မှာ ဝီရိယကိုလျှော့ကာ ပေါ့ပေါ့လျှော့လျှော့ ရွက်ဆောင်ခြင်းလည်း မရှိစေရ၊ ကြီးကျယ်ခဲခက်သော အရေးကိစ္စကျမှ လွန်စွာအစွမ်းကုန် ပိုမိုကြိုးစားအားထုတ်ခြင်းလည်း မရှိစေရ၊ မိမိ၏ ပကတိ စွမ်းနိုင်သမျှ လုံ့လဝီရိယအတိုင်းသာလျှင် သာမန်ဖြစ်သော ရွက်ဆောင်ဖွယ်ကိစ္စများမှာဖြစ်စေ ကြီးကျယ်ခဲခက်သော အရေးကိစ္စများမှာဖြစ်စေ အားထုတ်ရမည်ဟု ဆိုလိုသည်။

### အလောင်းတော်ဘဝမှ ဝီရိယအထုံ

ဝီရိယပါရမီကို ဖြည့်ကျင့်တုန်း ဖြည့်ကျင့်ဆဲဖြစ်သည့် အလောင်းတော်ဘဝများမှာ ကြီးကြီးငယ်ငယ် ကိစ္စအသွယ်သွယ်တို့၌ တညီတည်း ဖြည့်ဆည်းပူးခဲ့သော ဝီရိယပါရမီတော်အဟုန်ကြောင့် ဘုရားဖြစ်ပြီးသော အခါ၌ပင် မြတ်စွာဘုရားသည် တဦးတယောက်သော သတ္တဝါကို တရားဟောတော်မူသောအခါ "သတ္တဝါတဦးတည်းသာဖြစ်သည်"ဟူ၍ လုံ့လဝီရိယကို လျှော့ချကာ ပေါ့ပေါ့လျှော့လျှော့ သာမညအသံဖြင့် တရားဟောသည်မဟုတ်။ ဓမ္မစကြာတရားပွဲကဲ့သို့ ပရိသတ်အလွန်များသော တရားပွဲတို့၌လည်း "အစွန်အဖျားကပါကြားနာရအောင်"ဟု အသံတော်ကို အထူးကျယ်လောင်အောင် ဝီရိယစိုက်ထုတ်၍ ဟောတော်မူသည်လည်း မဟုတ်။ တဦးတည်းကို ဟောသောအခါနှင့် အများကို ဟောသောအခါတို့မှာ ညီမျှသောလုံ့လ ညီမျှသောအသံတော်တို့ဖြင့်သာ ဟောတော်မူသည်။

http://www.dhammadownload.com



ထူးခြားချက်ကြီးကား....မြတ်စွာဘုရားသခင်မှာ အစိန္တေယျ ဘုန်းတန်းခိုး အာနုဘော်ရှင်ဖြစ်၍ အလျှော့အတင်း အလျှဉ်းမရှိပဲ ပကတိမှန်ကန်စွာ ဟောဆိုအပ်သော အသံတော်သည် တရားနာသူရှိသလောက် ပြန့်နှံ့၏၊ တရားနာသူ တယောက်ရှိလျှင် ထိုတယောက်သာ ကြားရ၏၊ (ပရိသတ်ပြင်ဖက်သို့ ထွက်သွားသောအသံဟူ၍ မရှိ။) တရားနာပရိသတ် များလျှင်လည်း ပရိသတ်များသည့်အတွက် ဝေးရာအရပ်က ပရိသတ်များ မကြားရဟူ၍ မရှိ။ အနီးအပါးနေသော ပရိသတ်များ ကြားရသကဲ့သို့ပင် အဝေးကနေသော ပရိသတ်များလည်း ကောင်းစွာကြားရ၏။ (အရှင်သာရိပုတြာ မထေရ်မြတ်ကြီးသော်မှ သမစိတ္တသုတ္တန်ဒေသနာကို ဟောတော်မူသောအခါ ပရိသတ် အလွန်များသဖြင့် ပကတိအသံဖြင့် ပရိသတ်အားလုံးကြားအောင် မဘတ်နိုင်ရကား ဣဒ္ဓိဝိဓအဘိညာဏ်ဖြင့် ပရိသတ်အားလုံးကြားအောင် စီမံဖန်ဆင်းတော်မူရသည်၊ အဘိညာဏ် အသံချဲ့စက် တပ်ဆင်ရသည်။ မြတ်စွာဘုရားမှာကား ပကတိအသံဖြင့်ပင် ပရိသတ်အားလုံးကို ကြားစေနိုင်သည်၊ အဘိညာဏ်ဖြင့် အထူးမစီမံမဖန်ဆင်းရတော့ပြီ။) ဤကား မြတ်စွာဘုရား၏ ဘုန်းတန်းခိုးတော်အထူးတည်း။

မြတ်စွာဘုရား ဟူသမျှတို့သည် ပါရမီတော်ဖြည့်စဉ် အလောင်းတော်ဘဝတို့၌သာ ဝီရိယကို အားထုတ်တော်မူကြသည်မဟုတ်၊ ဘုရားဖြစ်တော်မူမည့် နောက်ဆုံး ဘဝမှာလည်း ဘုရားဖြစ်ရန် အချိန်တန်လျှင် တောထွက်၍ အနည်းဆုံး ခုနစ်ရက်မျှ ဒုက္ကရစရိယာခေါ်=ပြုကျင့်နိုင်ခဲသော အကျင့်ကို ကျင့်ကြံ အားထုတ်မှု ဝီရိယ ပြုတော်မူကြရသည်သာဖြစ်၏။ ဤသို့ ဒုက္ကရစရိယာမှု ပြုလုပ်ကျင့်ကြံတော်မူပြီး၍ ဘုရားဖြစ်ချိန်နီးလတ်သော် မဟာဗောဓိပင်အရင်း၌ ကြံခင်းအင်္ဂါသော မြက်နေရာပေါ်တွင် ထိုင်တော်မူတော့မည့်အခါ....ငါ၏ အပေါ်ရေသာ ကြွင်းလိုမူ ကြွင်းစေ၊ အကြောသာ ကြွင်းလိုမူ ကြွင်းစေ၊ အရိုးသာ ကြွင်းလိုမူ ကြွင်းစေ၊ အသွေးအသား အားလုံး ခန်းခြောက်မူ ခန်းခြောက်စေ၊ သဗ္ဗညုတဉာဏ်တော်ကို မရလျှင် ဤနေရာမှ ငါမထ....ဟူ၍ အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်တော်မူကာ မဟာဝဇိရဝိပဿနာဉာဏ်တော်ဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ်ကို အဦးပြု၍ ရုပ်နာမ်ဓမ္မတို့၏ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာကို ဆင်ခြင်သုံးသပ်တော်မူသဖြင့် ဘုရားအဖြစ်တိုင်မြောက် ရောက်တော်မူလေသည်။

အင်္ဂါလေးပါးရှိသော ဝီရိယဟူသည်ကား....

(၁) အပေါ်ရေမျှ ကြွင်းကျန်ခြင်း တပါး၊
(၂) အကြောမျှ ကြွင်းကျန်ခြင်း တပါး၊
(၃) အရိုးမျှ ကြွင်းကျန်ခြင်းတပါး၊
(၄) အသားအသွေး အလုံးစုံ ခန်းခြောက်ခြင်း တပါး—

http://www.dhammadownload.com



အားဖြင့် လေးပါးဖြစ်သတည်း။ (အစားအသောက် စားခြင်းစသည်ကို မပြုသဖြင့် အသားနှင့်အသွေးများ အားလုံးခန်းခြောက်သွားစေကာမူ ခန်းခြောက်၍မသွားတတ်သည့် အပေါ် ရေခွံ-အကြော-အရိုး ဤသုံးမျိုး ကြွင်းကျန်နေသေးသမျှ လုံ့လကို ငါမလျှော့-ဟုဆိုလိုသည်။)

ဝီရိယတရားသည် ပညာကဲ့သို့ပင် စေတသိက်တရား တပါးဖြစ်ပေသည်။ သို့သော် ပညာမှာ ရှေးကပြခဲ့သောအတိုင်း ကောင်းမြတ်သော တရားချည်းသာ ဖြစ်သည်။ ဝီရိယမှာကား ပကိဏ်း စေတသိက်မျိုးဖြစ်၍ ကုသိုလ်ဖက်မှာလည်း ရောနှော ပါဝင်နိုင်သည်၊ အကုသိုလ်ဖက်မှာလည်း ရောနှောပါဝင်နိုင်သည်၊ အဗျာကတခေါ် ဝိပါက် ကြိယာဖက်တို့မှာလည်း ရောနှောပါဝင် ယှဉ်နိုင်ပေသည်။ သို့ဖြစ်၍ ဝီရိယသည် ကောင်းမြတ်သော ကုသိုလ်တရားလည်း ဖြစ်နိုင်သည်၊ ယုတ်ညံ့သော အကုသိုလ်တရားလည်း ဖြစ်နိုင်သည်၊ ကုသိုလ် အကုသိုလ်မှအလွတ် အဗျာကတတရားလည်း ဖြစ်နိုင်သည်။ ကောင်းမြတ်မှန်ကန်သော ဝီရိယကို သမ္မာဝါယာမဟု ခေါ်သည်။ ယုတ်ညံ့သော ဝီရိယကို မိစ္ဆာဝါယာမဟု ခေါ်သည်။ ဤဝီရိယပါရမီ အရာ၌ကား သမ္မာဝါယာမတရားကိုသာ ဆည်းပူးပွါးများ အားထုတ်ရမည်ဖြစ်သည်။ ထိုသမ္မာဝါယာမဖြစ်သော ဝီရိယကိုသာ မပြည့်ဝ ပြည့်ဝအောင် ဆည်းပူးရမည်။

## သမ္မပ္ပဓာန်ဝီရိယ

ထိုသမ္မာဝါယာမကို သမ္မပ္ပဓာနဟူ၍လည်း ခေါ်၏။ အဓိပ္ပါယ်မှာ အတူပင်ဖြစ်၏၊ ဤသမ္မပ္ပဓာနဝီရိယသည် လေးပါးအပြားရှိကြောင်းကို အဘိဓမ္မာ ဝိဘင်းပါဠိတော် သမ္မပ္ပဓာနဝိဘင်း၌ မြတ်စွာဘုရား ဟောတော်မူ၏။

သမ္မပ္ပဓာန်လေးပါးဟူသော်ကား....

(၁) ယခုဘဝ မိမိသန္တာန်မှာ မဖြစ်ဘူးသေးသော (သို့မဟုတ်) တစုံတခုသောအခါ တစုံတခုသောအရပ် တစုံတခုသောအာရုံ၌ မိမိသန္တာန်မှာ ဖြစ်ဘူးသည်ဟု မမှတ်မိ သတိမရကုန်သော အကုသိုလ်တရားတို့ကို မည်သည့်အခါ မည်သည့်အရပ် မည်သည့်အာရုံမှာမှ မဖြစ်ရအောင် ကြိုးစားအားထုတ်ခြင်းလည်းတပါး၊

(၂) ယခုဘဝ မိမိသန္တာန်မှာ ဖြစ်ဘူးကုန်သော အကုသိုလ်တရားတို့ကို ပယ်ရှားနိုင်ရန် ကြိုးစားအားထုတ်ခြင်းလည်း တပါး၊

(ဤအရာ၌ ဖြစ်ဘူးပြီး (သို့မဟုတ်) ရှေးကဖြစ်၍ ပျက်သွားပြီးသော အတိတ်က အကုသိုလ်တရားတို့ကို ပယ်ရှားရန် အမှန်စင်စစ် မဖြစ်နိုင်၊ ရှေးကဖြစ်ဘူးသော အကုသိုလ်တရားတို့သည် ရှေးကပင်

http://www.dhammadownload.com



ချုပ်ခဲ့လေပြီ၊ ထင်ရှားမရှိတော့ချေ၊ မရှိသောအရာကို ပယ်၍မဖြစ်နိုင်။ သို့ဖြစ်၍ ရှေးကပြုခဲ့ဘူးသော အကုသိုလ်နှင့် အလားတူသည့် အကုသိုလ်အသစ်တို့ကို မဖြစ်ရန် အားထုတ်ခြင်းကိုပင် "ယံခုဘာဝ မိမိသန္တာန်မှာ ဖြစ်ဘူးကုန်သော အကုသိုလ်တရားတို့ကို ပယ်ရှားရန် အားထုတ်ခြင်း"ဟူ၍ ခေါ်ဆိုရသည်။)

(၃) ယခုဘာဝ မိမိသန္တာန်မှာ ရှေးကမဖြစ်ဘူးသေးကုန်သော(သို့မဟုတ်) တစုံတခုသောအခါ တစုံတခုသောအရပ် တစုံတခုသောအာရုံ၌ မိမိသန္တာန်မှာ ဖြစ်ဘူးသည်ဟု မမှတ်မိ သတိမရကုန်သော ကုသိုလ်တရားတို့ကို ဖြစ်ပွါးစေရန် ကြိုးစားအားထုတ်ခြင်းလည်း တပါး၊

(၄) ယခုဘာဝ မိမိသန္တာန်မှာ ဖြစ်ဘူးကုန်သော (သို့မဟုတ်) ဖြစ်ပွါးနေဆဲ ဖြစ်ကုန်သော ကုသိုလ်တရားတို့ အစဉ်တည်တံ့ပွါးများစေရန် ကြိုးစားအားထုတ်ခြင်းလည်း တပါး။ (ဤ၌လည်း ဖြစ်ပြီးသော ကုသိုလ်နှင့် အလားတူ ကုသိုလ်တရားတို့ကို ထပ်ကာထပ်ကာ ဖြစ်အောင် အားထုတ်ခြင်းကို ဆိုလိုသည်။) ဤသို့အားဖြင့် သမ္မပ္ပဓာန်ဝီရိယ လေးပါးရှိသည်ဟု သိမှတ်အပ်၏။

## ဝီရိယဖြစ်ကြောင်း (၁၁) ပါး

သတိပဋ္ဌာနဝိဘင်းအဋ္ဌကထာ မဟာသတိပဋ္ဌာနသုတ်အဋ္ဌကထာစသည်တို့၌ ဝီရိယဖြစ်ကြောင်း (၁၁)ပါးရှိကြောင်းကို ဖွင့်ပြတော်မူ၏။ (၁၁) ပါးဟူသော်ကား....

(၁) အပါယဘယပစ္စဝေက္ခဏတာ=အပါယ်ဘေးကို စဉ်းစားဆင်ခြင်ခြင်း။

ငါသည် ဝီရိယကိုလျှော့၍ ပေါ့ပေါ့ဆဆနေလျှင် သေသည့်နောက် အပါယ်ဘုံသို့ ကျရောက်ချင် ကျရောက်သွားလိမ့်မည်၊ အပါယ်လေးဘုံအနက် ငရဲသို့ ကျပြန်လျှင် ကြောက်ဖွယ်ကောင်းသော နှိပ်စက်ညှဉ်းဆဲခြင်း အမျိုးမျိုးတို့ဖြင့် ကြီးစွာသော ဒုက္ခကို ခံစားနေရသောအခါ၌ရင်း၊ တိရစ္ဆာန်ဘဝသို့ ရောက်သွား၍ ကျွန်ပိုက်စသည်တို့ဖြင့် ဖမ်းဆီးကာ လူများပြုလုပ်သမျှ ခံနေရသောအခါ၌ရင်း၊ပြိတ္တာဘဝသို့ ရောက်၍ နှစ်ပေါင်းများစွာ ဘုရားတဆူနှင့်တဆူအကြား ရှည်လျားစွာသော ကာလပတ်လုံး ငတ်မွတ်ခြင်းစသော ဒုက္ခတို့ကို ခံစားနေရသော အခါ၌ရင်း၊ အသူရကာယ်ဘုံသို့ ရောက်၍ အတောင်ခြောက်ဆယ် အတောင်ရှစ်ဆယ်ပမာဏရှိ အရိုးအရေမျှသာဖြစ်သော ခန္ဓာကိုယ်ကြီးဖြင့် လေတိုက်နေပူစသော ဆင်းရဲဒုက္ခတို့ကို ခံနေရသောအခါ၌ရင်း ပြဆိုခဲ့ပြီးသည့် သမ္မပ္ပဓာန်

http://www.dhammadownload.com



လေးပါး တရားကောင်းတို့ကို အားထုတ်နိုင်ခွင့် မရှိပြီ၊ ယခုဘဝမှာသာလျှင် အားထုတ်နိုင်ခွင့်ရှိသည်"ဟူ၍ ဆင်ခြင်သောသူမှာ ဝီရိယတရား ဖြစ်ပွါးနိုင်သည်ဟု ဆိုလိုသည်။

(၂) အာနိသံသဒဿာဝိတာ=ဝီရိယ၏အကျိုးအာနိသင်ကို ရှုမြင်လေ့ရှိခြင်း။

"ပျင်းရိနေသောသူသည် သံသရာဝဋ်မှ ကျွတ်လွတ်ကာ လောကုတ္တရာ မဂ်ဖိုလ်တရားတို့ကို မည်သည့်နည်းဖြင့်မျှ မရနိုင်၊ လုံ့လဝီရိယ စိုက်ထုတ်လေ့ရှိသော သူသည်သာလျှင် ထိုလောကုတ္တရာ မဂ်ဖိုလ်တရားတို့ကို ၎နိုင်သည်၊ သို့ဖြစ်၍ ဝီရိယတရားသည် ရခဲလှစွာသော လောကုတ္တရာ မဂ်ဖိုလ်တရားတို့ကို ရရှိခြင်း အကျိုးရှိသည်"ဟူ၍ ဝီရိယ၏ အကျိုးအာနိသင်ကို ရှုမြင်ဆင်ခြင်လေ့ရှိမှသာ ဝီရိယတရာ• ဖြစ်ပွါးနိုင်သည်ဟု ဆိုလိုသည်။

(၃) ဂမနဝီထိပစ္စဝေက္ခဏတာ=သွားရာလမ်းကြောင်းကို ကောင်းစွာ ဆင်ခြင်ခြင်း။

အလုံးစုံသော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝက အရှင်မြတ်တို့သည် ဝီရိယတည်းဟူသော လမ်းကြောင်းဖြင့်သာ ဘုရားအဖြစ် ပစ္စေကဗုဒ္ဓါအဖြစ် အရိယာသာဝကအဖြစ်သို့ ရောက်တော်မူကြကုန်၏၊ သို့ဖြစ်၍ ဝီရိယသည် ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဂက အရှင်မြတ်တို့သွားရာ ဖြောင့်မတ်သော လမ်းကြောင်းကြီးဖြစ်သည်၊ ဤလမ်းကြောင်းကို ပျင်းရိသူတို့ မလိုက်ပါနိုင်၊ လုံ့လဝီရိယ ကောင်းသူတို့သာ လိုက်ပါနိုင်၏"ဟူ၍ ဆင်ခြင်သောသူမှာ ဝီရိယ တရား ဖြစ်ပွါးနိုင်သည်ဟု ဆိုလိုသည်။

(၄) ပိဏ္ဍပါတာပစာယနတာ=ဒါယကာတို့ လှူဒါန်းသည့်ဆွမ်းကို ရိုသေခြင်း။

ဤအချက်မှာ ရဟန်းတို့နှင့်သာ အထူးသက်ဆိုင်၏၊ ရဟန်းတို့မှာ ဒါယကာတို့က မွန်မြတ်သော ဆွမ်းကို လှူလိုက်သောအခါ"ဤဆွမ်းဒါယကာများသည် သင်၏ ဆွေမျိုးဉာတိများ မဟုတ်ကြ၊ သင့်ကိုမှီ၍ အသက်မွေးလိုသောကြောင့် ဤဆွမ်းကို လှူကြသည်လည်း မဟုတ်ကြ၊ စင်စစ်မှာ ကောင်းမှု၏အကျိုးကြီးမြတ်သည်ကိုသာ လိုလား၍ လှူဒါန်းကြကုန်၏၊ မြတ်စွာဘုရားကလည်း ဒါယကာတို့ လှူသောဆွမ်းကို ပေါ့ပေါ့စား၍ ပေါ့ပေါ့နေထိုင်ရန် ခွင့်ပြုတော်မူသည်မဟုတ်၊ ရဟန်းတရားကို အားထုတ်ကာ သံသရာဝဋ်မှ လွတ်မြောက်ကြရန် ရည်သန်၍သာ ခွင့်ပြုတော်မူခြင်းဖြစ်သည်၊ ဤသို့သော ဆွမ်းကို ပျင်းပျင်းရိရိ လုံ့လဝီရိယမရှိသောသူသည် စားခြင်းငှါ မထိုက်၊ လုံ့လဝီရိယကို

http://www.dhammadownload.com



ကြိုးစားအားထုတ်သောသူသာ စားခြင်းငှါ ထိုက်သည်”ဟူ၍ မိမိရသော ဆွမ်းကို တရိုတသေ အလေးပြုသောသူမှာသာ ဝီရိယတရား ဖြစ်ပွါးနိုင်သည်ဟု ဆိုလိုသည်။

(၅) ဒါယဇ္ဇမဟတ္တပစ္စဝေက္ခဏတာ=ခံယူရမည့်အမွေ၏ မြင့်မြတ်ပုံကို ဆင်ခြင်ခြင်း။

မြတ်စွာဘုရားထံမှ သာဝကတို့ ခံယူရမည့်အမွေအနှစ်သည် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပတည်းဟူသော သူတော်ကောင်းဥစ္စာ ခုနစ်ပါးတို့ဖြစ်၏၊ ထိုသူတော်ကောင်းဥစ္စာ ခုနစ်ပါးတည်းဟူသော မြတ်စွာဘုရား၏ အမွေအနှစ်ကို ပျင်းရိသောသူသည် မခံယူနိုင်၊ လောက၌ သားဆိုး သမီးဆိုးများကို မိဖတို့က ငါတို့၏ သားသမီးမဟုတ်ဟူ၍ သားသမီးအဖြစ်မှ စွန့်ပစ်ထားသဖြင့် မိဖတို့ ကွယ်လွန်သောအခါ အမွေကို မရသကဲ့သို့ ပျင်းရိသောသူသည်လည်း ဤသူတော်ကောင်းဥစ္စာ ခုနစ်ဖြာတည်းဟူသော မြတ်စွာဘုရား၏ အမွေအနှစ်ကို မရနိုင်၊ လုံ့လဝီရိယ ရှိသောသူသာလျှင် ရနိုင်၏ဟူ၍ ခံယူရမည့်အမွေ၏ မြင့်မြတ်ပုံကို ဆင်ခြင်သောသူမှာသာ ဝီရိယတရား ဖြစ်ပွါးနိုင်သည်ဟု ဆိုလိုသည်။

(၆) သတ္ထုမဟတ္တပစ္စဝေက္ခဏတာ=ဆရာဖြစ်သော မြတ်စွာဘုရား၏ မြင့်မြတ်တော်မူပုံကို ဆင်ခြင်ခြင်း။

“ငါ၏ဆရာ မြတ်စွာဘုရားသည် မြတ်တော်မူလှ၏၊ ပဋိသန္ဓေ နေတော်မူသောအခါ တောထွက်တော်မူသောအခါ ဘုရားဖြစ်တော်မူသောအခါ ဓမ္မစကြာတရားဦး ဟောတော်မူသောအခါ သာဝတ္ထိပြည်၌ တိတ္ထိများကို နှိမ်နင်းရာ ရေမီးအစုံအစုံ တန်းခိုးပြာဋိဟာကို ပြတော်မူသောအခါ တာဝတိံသာနတ်ပြည်မှ သင်္ကဿပြည်သို့ ကြွဆင်းတော်မူသောအခါ အာယုသင်္ခါရ လွှတ်တော်မူသောအခါ ပရိနိဗ္ဗာန် စံတော်မူသောအခါတို့၌ လောကဓာတ်စကြဝဠာပေါင်း တိုက်တသောင်း တုန်လှုပ်ရ၏။ သင်သည် ဤမျှလောက် မြင့်မြတ်တော်မူသော မြတ်စွာဘုရား၏ သားတော်စင်စစ် သမီးတော်စင်စစ် ဖြစ်ပါလျက် သာသနာနှင့်ဆိုင်ရာ သူတော်ကောင်းတရားကို အားမထုတ်ပဲ ပျင်းပျင်းရိရိ ပေါ့ပေါ့တန်တန် နေခြင်းငှါ ထိုက်တန်အံ့လော”ဟူ၍ နှလုံးသွင်း ဆင်ခြင်သောသူမှာသာ ဝီရိယတရား ဖြစ်ပွါးနိုင်သည်ဟု ဆိုလိုသည်။

(၇) ဇာတိမဟတ္တပစ္စဝေက္ခဏတာ=မိမိ၏ မျိုးရိုး မြင့်မြတ်ပုံကို ဆင်ခြင်ခြင်း။

“ငါ၏ မျိုးရိုးသည် ယုတ်ညံ့သည်မဟုတ်၊ ဇာတ်ရောယှက်မှုမှ လွတ်ကင်းသန့်ရှင်းလှစွာသော မဟာသမ္မတမင်းမှ ဆင်းသက်လာ ဩက္ကာကမင်း၏ အနွယ်

http://www.dhammadownload.com



တော်ဖြစ်သော သုဒ္ဓေါဒနမင်းကြီး မဟာမာယာဒေဝီတို့၏မြေး ရာဟုလာ၏ ညီတွေး အသင်ဖြစ်သည်။ ရာဟုလာသည် မြတ်စွာဘုရား၏ ရွှေရင်တော်နှစ်သားတော်စစ်ဖြစ်၍ ငါသည်လည်း သာကီဝင်မင်းသား ဘုရားသားတော်ဟူသောအမည်ကို ခံယူလျက်ရှိသည်၊ ရာဟုလာနှင့် ငါသည် ညီအစ်ကိုပင်ဖြစ်သည်။ ဤမျှလောက် အမျိုးအနွယ် မြင့်မြတ်သောသူသည် ပေါ့ပေါ့လျော့လျော့ နေခြင်းငှါမထိုက်၊ ကောင်းမြတ်သော တရားကို အားထုတ်သင့်လှသည်" ဟု ဆင်ခြင်သောသူမှာ ဝီရိယတရား ဖြစ်ပွါးနိုင်သည်ဟု ဆိုလိုသည်။

(၈) သဗြဟ္မစာရိမဟတ္တပစ္စဝေက္ခဏတာ=သီတင်း သုံးဖော်တို့၏ မြင့်မြတ်ပုံကို ဆင်ခြင်ခြင်း။

"သင်၏ သီတင်းသုံးဖော်ဖြစ်တော်မူကြသည့် အရှင်သာရိပုတြာ အရှင်မဟာမောဂ္ဂလာန်တို့သည်ရင်း ရှစ်ကျိပ်သော မဟာသာဝကကြီးတို့သည်ရင်း ကောင်းမြတ်သော တရားကို အားထုတ်တော်မူကြ၍ လောကုတ္တရာ မဂ်ဖိုလ်တရားကို ထိုးထွင်းသိမြင်တော်မူကြလေကုန်ပြီ၊ သင်သည် ထိုသီတင်းသုံးဖော် အရှင်မြတ်တို့၏ ကျင့်စဉ်လမ်းသို့ လိုက်သင့်ပေ၏"ဟူ၍ သီတင်းသုံးဖော်တို့၏ မြင့်မြတ်ပုံကို ဆင်ခြင်သောသူမှာ ဝီရိယတရား ဖြစ်ပွါးနိုင်သည်ဟု ဆိုလိုသည်။

(၉) ကုသီတပုဂ္ဂလပရိဝဇ္ဇနတာ=ပျင်းရိသော ပုဂ္ဂိုလ်တို့ကို ဝေးစွာ ရှောင်ကြဉ်ခြင်း။

ဝမ်းပြည့်အောင် စားထားသော စပါးကြီးမြွေကဲ့သို့ ကိုယ်ဖြင့် ပူလုပ်ဖွယ် စိတ်ဖြင့် ပူလုပ်ဖွယ်ဟူသမျှတို့ကို စွန့်လွှတ်ကာ တလူးလူး တလွင့်လွင့် အိပ်ခြင်းဖြင့် ပျင်းရိစွာ နေသောသူတို့ကို ရှောင်ကြဉ်သောသူမှာ ဝီရိယတရား ဖြစ်ပွါးနိုင်သည်ဟု ဆိုလိုသည်။

(၁၀) အာရဒ္ဓဝီရိယပုဂ္ဂလသေဝနတာ=လုံ့လဝီရိယ အားထုတ်ခြင်းရှိသော ပုဂ္ဂိုလ်ကို မှီဝဲခြင်း။

လုံ့လဝီရိယ အားထုတ်ခြင်း ရှိသည်ဖြစ်၍ အလုပ်ထဲမှာသာ ကိုယ်စိတ်နှစ်ပါးကို စေလွှတ်ထားသော ပုဂ္ဂိုလ်တို့ကို မှီဝဲရသောသူမှာ ဝီရိယတရား ဖြစ်ပွါးနိုင်သည်ဟု ဆိုလိုသည်။

(ပါဠိလို) ပဟိတတ္တ=(မြန်မာလို) အလုပ်ထဲမှာ ကိုယ်စိတ်နှစ်ပါးကို စေလွှတ်ထားခြင်း ဟူသည်မှာ....မိမိ အားထုတ်အပ်သော အလုပ်ကိစ္စ မပြီးစီး မအောင်မြင်သေးသမျှ အားထုတ်မှုကို မရပ်စဲ၊ အောင်မြင်သော အခါမှသာ (မအောင်မြင်လျှင်လည်း ခန္ဓာပျက်ကြွေ သေသောအခါ မှသာ) ရပ်စဲမည်ဟု ဆုံးဖြတ်ထားခြင်း ဖြစ်၏။ ဤ ပဟိတတ္တသဘော

http://www.dhammadownload.com



မရှိသောသူတို့မှာ အလုပ် မလုပ်ရမီကပင် ကြိုတင်က“ဤအလုပ်သည် ထမြောက်အောင်မြင်မှ အောင်မြင်ပါမည်လော၊ မအောင်မြင်ပဲများ ရှိနေမည်လော”ဟု တွေးတော တွန့်ဆုတ်ခြင်းများ ဖြစ်တတ်၏။ အလုပ် လုပ်နေစဉ်မှာလည်း မိမိ မှန်းထားသည့် အခြေအနေသို့ အလွယ်တကူ မရောက်ထည့်သေးလျှင် “ငါ ရွေ့သို့ ဆက်လက်ပြုလုပ်သော်လည်း ထမြောက်အောင်မြင်တော့မည် မဟုတ်”ဟူ၍ နောက်ဆုတ်လက်လျှော့ က ဝီရိယတရား ပျက်ပြားသွားတတ်သည်။)

(၁၁) **တဒဓိမုတ္တတာ=ဣရိယာပုထ် လေးပါးလုံး၌ပင် ဝီရိယ၌ ညွတ်ကိုင်းသောစိတ်ရှိနေခြင်း။**

လျောင်း-ထိုင်-ရပ်-သွား ဣရိယာပုထ်လေးပါးတို့၌ပင် ဝီရိယအားထုတ်ဖို့ရန် သာ ညွတ်ကိုင်းသော စိတ်ရှိသူမှာ ဝီရိယတရား ဖြစ်ပွါးနိုင်သည်ဟု ဆိုလိုသည်။ ဤသည်တို့ကား ဝီရိယဖြစ်ကြောင်း ၁၁-ပါးတို့တည်း။

**ပါယ်တေးဆင်ခြင်၊**
**မြင်သည်အကျိုး၊**
**ထမ်းရိုးလိုက်ရာ၊**
**ပိဏ္ဍာပစယ၊**
**ဒါယဇ္ဇဟု၊**
**သတ္ထုမြတ်အဘိ၊**
**ဇာတိမဟတ္တ၊**
**သဗြဟ္မစာရီ၊**
**မမှီလူပျင်း၊**
**မှီတင်းဖောရဒ္ဓ၊**
**ဓိမုတ္တဟု၊ လုံ့လပွါးကြောင်း ဆယ့်တစ်တည်း။ (ဆရာတော်ဦးဗုဓ်)**

---

## ဝီရိယ၏ အခြေခံအကြောင်းရင်း

ဝီရိယ၏ အခြေခံအကြောင်းရင်းမှာ ထိတ်လန့်ကြောက်ရွံ့ခြင်း=သံဝေဂ တရားပင်ဖြစ်၏။ ထိုသံဝေဂသည်....

(၁) စိတ္တုတြာသသံဝေဂ၊
(၂) ဩတ္တပ္ပသံဝေဂ၊
(၃) ဉာဏသံဝေဂ—

အားဖြင့် သုံးပါးအပြားရှိ၏၊ ထိုသုံးပါးတို့တွင်—

http://www.dhammadownload.com



(၁) ဆင်းရဲဘေး ကျားဘေး ဒါးဘေး လုံ့ဘေး စသည်တို့ကြောင့် စိတ်၏ တုန်လှုပ် ကြောက်ရွံ့ခြင်းသည် **စိတ္တုတြာသသံဝေဂမည်၏**။ တရားကိုယ်အားဖြင့် ဒေါသ စေတသိက်ပင်ဖြစ်၏။ (အားနည်းသော ဒေါသကြောင့် ကြောက်ရွံ့ခြင်း ဖြစ်သည်၊ အားကြီးသော ဒေါသကြောင့် ခက်ထန်ခြင်း ဖြစ်သည်။)

(၂) မကောင်းမှုကို ပြုလုပ်ရန် ကြောက်ရွံ့တုန်လှုပ်ခြင်းသည် **ဩတ္တပ္ပ သံဝေဂမည်၏**။ ဤဩတ္တပ္ပသံဝေဂတရားကား အပြစ်ကင်းသည့် သောဘဏ စေတသိက်တရားတခု ဖြစ်သည်။

(၃) အကျိုးအကြောင်းတို့ကို ကောင်းစွာဆင်ခြင်ကာ မြော်မြင်ကြောက် ရွံ့ခြင်းသည် **ဉာဏသံဝေဂမည်၏**။ သူတော်ကောင်းများ သံသရာဝဋ်ကို ကြောက်ရွံ့ခြင်းမျိုးပင်ဖြစ်၏။ ကျမ်းဂန်တို့၌ ဤဉာဏသံဝေဂအရကို ဩတ္တပ္ပနှင့် တကွသော ဉာဏ်ဖြစ်သည် ဟူ၍လည်း ပြဆိုကြ၏။

> အလုံးစုံသော သင်္ခါရတရားတို့၌ ထိတ်လန့်သောအခြင်းအရာဖြင့် ဖြစ်သော ဩတ္တပ္ပနှင့်တကွသော ရဟန္တာအရှင်မြတ်တို့၏ ဉာဏ်ပညာ သည် "ဓမ္မသံဝေဂ" မည်၏ ဟူ၍ ကျမ်းဂန်တို့၌ ပြဆိုအပ်သော ဓမ္မသံဝေဂ ကိုပါ ထည့်လျှင် သံဝေဂလေးပါး ဖြစ်သင့်၏။

ဝီရိယ၏ အခြေခံ အကြောင်းရင်းဖြစ်သော သံဝေဂမှာ ဉာဏသံဝေဂသာ ဖြစ်သင့်၏။ မှန်၏....ဉာဏ်ပညာဖြင့် သံသရာ ဒုက္ခဘေးကို မြော်တွေးဆင်ခြင် သိမြင်ကြောက်ရွံ့ခဲ့ပါလျှင် ထိုသံသရာဒုက္ခဘေးမှ လွတ်မြောက်ကြောင်းတရား တို့ကို ကောင်းစွာ အားထုတ်မည်ဖြစ်၏။ သိမြင်ကြောက်ရွံ့ခြင်း မရှိခဲ့ပါလျှင် အားထုတ်မည် မဟုတ်ချေ။ ကြီးကျယ်လေးနက်သော ကျင့်စဉ်တရားလမ်း ကြောင်းကြီးများမှာသာ မဟုတ်သေး၊ သာမည လောကအကြောင်းတို့၌ လည်း "နောင် အချိန်အရွယ်ရောက်သောအခါ ပညာမတတ်လျှင် ငါဆင်းရဲလိမ့် မည်" ဟူ၍ ဆင်းရဲမည့်ဘေးကို မြော်တွေးကြောက်ရွံ့သည့်=ဉာဏသံဝေဂရှိသော ကျောင်းသားသည်ပင် ပညာကို ကြိုးစားအားထုတ် သင်ကြား၏၊ မြော်တွေး ကြောက်ရွံ့မှု=ဉာဏသံဝေဂမရှိသော ကျောင်းသားသည် ပညာကို ကြိုးစား၍ မသင်ချေ။ ထို့အတူပင်လျှင် အလုပ်အကိုင်သမားများမှာလည်း စား-ဝတ်-နေ ရေးတို့ ကြပ်တည်းနေမည်ကို ဆင်ခြင်ကြောက်ရွံ့သော အလုပ်သမားသည် အလုပ်ကို ကြိုးစားအားထုတ် လုပ်ကိုင်၏၊ ဆင်ခြင်ကြောက်ရွံ့မှုမရှိ နေမိနေရာ ပေးမောနေတတ်သောသူကား အလုပ်ကို ကြိုးစား၍ မလုပ်ချေ။ ဤအကြောင်း အရာစုကို ထောက်ထား၍ မြော်မြင်ကြောက်ရွံ့ တုန်လှုပ်ခြင်း=ဉာဏသံဝေဂ ရှိမှသာလျှင် ဝီရိယဖြစ်နိုင်ကြောင်း ကောင်းစွာသိမှတ်အပ်၏။

http://www.dhammadownload.com



ဤသို့ "ဝီရိယ၏ အခြေခံအကြောင်းရင်းမှာ ဉာဏသံဝေဂသာ ဖြစ်သင့်သည်"ဟု ပြဆိုရခြင်းမှာ အလောင်းတော်များ ဆည်းပူးအပ်သည့် မြတ်သော ဝီရိယပါရမီအတွက်သာ ဖြစ်သည်။ ဝီရိယသည် ရှေးကပြဆိုခဲ့သည့်အတိုင်း ကောင်းသောအမှုကို အားထုတ်ခြင်း ဝီရိယလည်း ရှိ၏၊ မကောင်းသော အမှုကို အားထုတ်ခြင်း ဝီရိယလည်း ရှိ၏။ ဤမကောင်းမှုဆိုင်ရာ ဝီရိယ မှာလည်း တုန်လှုပ်ခြင်း သံဝေဂလျှင် အကြောင်းရင်းဖြစ်၏၊ သို့ရာတွင် ဉာဏ သံဝေဂနှင့်ကား မသက်ဆိုင်ချေ၊ မကောင်းမှုအရာဖြစ်သောကြောင့် စိတ္တုတြာ သသံဝေဂနှင့်သာ သက်ဆိုင်၏။

မိမိ၌ သုံးစွဲရန် ဥစ္စာပြတ်လပ်လျှင် ယောနိသောမနသိကာရ=သင့်မြတ် သောနှလုံးသွင်း မရှိသူဖြစ်က သူတပါးပစ္စည်းကို ခိုးယူရန် အားယုတ်တော့၏၊ ဤကား မကောင်းသော စိတ္တုတြာသသံဝေဂကြောင့် မကောင်းသော ဝီရိယ ဖြစ်လာပုံတည်း၊ ယောနိသော မနသိကာရ မရှိသူမှာ မိမိသို့ ကျရောက်မည့် အန္တရာယ်တို့ကို ကာကွယ်ရန်အတွက် မကောင်းယုတ်မာသော အလုပ်တို့ကို အားထုတ်တော့မည် ဖြစ်၏။ ယောနိသော မနသိကာရ ရှိသူမှာကား မကောင်း ယုတ်မာသော အလုပ်တို့ကို အားမထုတ်ပဲ အပြစ်ကင်းသော အလုပ်စုကိုသာ အားထုတ်မည် ဖြစ်၏။

ဤသို့လျှင် တုန်လှုပ်ခြင်း=သံဝေဂကြောင့် အားထုတ်ခြင်း=ဝီရိယ ဖြစ် သည်ဆိုရာ အပြစ်ကင်းသော အားထုတ်ခြင်း အပြစ်ရှိသော အားထုတ်ခြင်း နှစ်မျိုးကွဲပြားရေးမှာကား ယောနိသောမနသိကာရ ရှိခြင်း မရှိခြင်းလျှင် အရင်းခံအကြောင်း ဖြစ်ပြန်၏။

ဝီရိယပါရမီအရာမှာကား....မကောင်းသော အားထုတ်ခြင်းများကို မယူ အပ်၊ ကောင်းသောအားထုတ်ခြင်းနှင့် အပြစ်မရှိသော အားထုတ်ခြင်းတို့ကိုသာ ယူအပ်၏။ ပြဆိုခဲ့ပြီးသည့် သမ္မပ္ပဓာန်တရားတို့ကို ထောက်လျှင် ကုသိုလ်ပွါး ကြောင်း ကောင်းသောဝီရိယကိုသာ ယူရမည်ကဲ့သို့ရှိ-သော်လည်း ကုသိုလ်တရား ပွါးကြောင်းမဟုတ်စေကာမူ မကောင်းသော အားထုတ်ခြင်း (သို့မဟုတ်) မကောင်းမှုကို ပွါးစေတတ်သည့် အားထုတ်ခြင်းမျိုး မဟုတ်လျှင် ဝီရိယပါရမီ၌ ထည့်သွင်း ယူသင့်ပေ၏။ ထောက်ထားဖွယ်ကား....

ဝီရိယပါရမီကို အလွန်အကဲ ဖြည့်ဆည်းပူးသည်ဟု အဋ္ဌကထာကျမ်းဂန်တို့၌ ပြဆိုအပ်သော မဟာဇနကဇာတ်တော်တွင် အလောင်းတော် ဇနကမင်းသား သည် ခုနစ်ရက်တိုင်တိုင် သမုဒြာရေအပြင်၌ လက်ပစ်ကူးခြင်းအလုပ်ကို အား ထုတ်၍ ကူးတော်မူသည်၊ ဤသို့ အားထုတ်ခြင်းကိုပင် လွန်လွန်ကဲကဲ ဝီရိယ ပါရမီကို ဆည်းပူးတော်မူခြင်းဟူ၍ ကျမ်းဂန်တို့၌ ပြဆို၏။ ထိုဇနကမင်းသား၏

http://www.dhammadownload.com



ကြိုးကြိုးစားစား ရေကူးခြင်းသည် ကုသိုလ်တရား ပွါးများစေရန် ရည်သန်၍ ကူးခြင်းမဟုတ်၊ ဒါန သီလ ဘာဝနာကိစ္စတို့လည်း မဟုတ်ပေ၊ ကုသိုလ်တရား အထူးမဖြစ်ပွါးစေနိုင်သကဲ့သို့ပင် လောဘ-ဒေါသ-မောဟ စသော အကုသိုလ်တရားတို့ကိုလည်း ဖြစ်ပွါးစေနိုင်သောကိစ္စမဟုတ်။ အကုသိုလ်တရား မဖြစ်ပွါးလျှင် အပြစ်ကင်းသော ကိစ္စဖြစ်သည်ဟု မှတ်ယူအပ်၏၊ ဇနကမင်းသား၏ အားထုတ်ခြင်း ဝီရိယမှာ အကုသိုလ်လွတ်ရှင်း အပြစ်ကင်းသော ဝီရိယမျိုးဖြစ်၍ ဝီရိယပါရမီသာ ဖြစ်ပေ၏။

အလောင်းတော် မဟာဇနကမင်းသား၏ ရေကူးခြင်း ဝီရိယမှာ အဓိက အားဖြင့် ဒါန-သီလ-ဘာဝနာအလုပ်ကိစ္စကြီးများ မဟုတ်သော်လည်း အားထုတ်ရာ၌ စိတ်နှလုံးထားတော်မူပုံမှာ ရှေးအလောင်းတော်ကြီးတို့၏ နှလုံးထားခြင်းနှင့်တူညီသောကြောင့် မြတ်သော ဝီရိယဟူ၍သာ မှတ်ယူအပ်၏။ မှန်၏.... မဟာဇနကမင်းသား စီးနင်းသောသင်္ဘော ပျက်စီးမည်ရှိသောအခါ အခြားသင်္ဘောသား ခုနစ်ရာတို့သည် ကြံရာမရ သေကြတော့မည့်ဘေးကို ကြောက်ရွံ့ကာ ငိုကြွေးပူပန်၍သာ နေကြကုန်၏၊ လွတ်မြောက်ရန်အရေး စိုးစဉ်းမျှ အားထုတ်ခြင်း မရှိကြပေ၊ မဟာဇနကမင်းသားကမူကား လောက၌ ဘေးအန္တရာယ် တွေ့ကြုံလျှင် ကြောက်ရွံ့ငိုကြွေး၍ နေခြင်းသည် ပညာရှိယောကျ်ားတို့၏ အလုပ်မဟုတ်၊ ပညာရှိယောကျ်ားကောင်းတို့မည်သည် တွေ့ကြုံသည့် ဘေးအန္တရာယ်ကို ကာကွယ်နိုင်ရန် ကြိုးစားရမည်သာဖြစ်၏။ ငါသည် ပညာရှိယောကျ်ားကောင်းတယောက်ပီပီ ရေဘေးကလွတ်မြောက်အောင် ကြိုးစားကူးခတ်မည်ဟူသော ရည်ရွယ်ချက်ဖြင့် အနည်းငယ်မျှ သေရမည့်ဘေးကို မြော်တွေးကြောက်ရွံ့ ထိတ်လန့်ခြင်း မရှိပဲ ရဲတင်းစွာ ကူးခတ်တော်မူသည်။ ဤသို့ စိတ်ထား မြင့်မြတ်လှသောကြောင့် အလောင်းတော်၏ ရေကူးခြင်းကိုလည်း မြတ်သော ရေကူးမှုဟူ၍ ခေါ်ရသည်၊ ဝီရိယတော်မှာလည်း မြတ်သော ဝီရိယတော်သာ ဖြစ်၏။

အလောင်းတော်များသည် ဖြစ်လေရာရာ ဘဝတို့၌ တွေ့ကြုံလာသော အရေးကိစ္စတို့ကို မည်သည့်နည်းနှင့်မျှ နောက်မဆုတ်ပဲ ရဲရဲဝံ့ဝံ့ ရွက်ဆောင် အားထုတ်တော်မူကြ၏၊ လူ့ဘဝကို မဆိုထားဘိ၊ (ပါဠိဇာတ် ကေကနိပါတ် ၃-ကုရုဝဂ်) ၉-ကဏှဇာတ်၌ ဘုရားအလောင်းတော်သည် ကဏှမည်သော နွားလားဥသဘာယ်ဖြစ်စဉ်အခါ မိမိအား မွေးမြူထားသည့် အမယ်အိုကို ကျေးဇူးဆပ်လိုသည့်အတွက် ရှုံ့ဗုက်ကြီးအတွင်း ပါရှိရင်းနွားများ မရုန်းနိုင်သော ကုန်လှည်းပေါင်း ငါးရာတို့ကို တစီးပြီးတစီး မနေမနား အားထုတ်ဆွဲတင်ခဲ့လေ သည်။

http://www.dhammadownload.com



ဤသို့လျှင် အလောင်းတော်များ၏ ဝီရိယပါရမီသည် တိရစ္ဆာန်ဘဝမှာပင် ယုတ်လျော့ခြင်း မရှိသဖြင့် လူဖြစ်သောအခါ မည်သည့်အရာကိုမဆို မိမိ၏ ပါရှိရင်း ဝီရိယဓာတ်ခံကို စွန့်လွှတ်တော်မမူကြ။ ကုသမင်းဘဝ ထီးနန်းကို ပစ်ခွါ၍ ဒုက္ခအမျိုးမျိုးခံကာ ပဘာဝတီနှင့် မနီးနီးအောင် ကြံဆောင်အားထုတ်တော်မူခြင်းမှာလည်း အရှုံးမပေးလို အညံ့မခံလိုသော ဝီရိယဓာတ် အရင်းခံ ကြောင့်သာ ကိလေသာရှုံးသကဲ့သို့ ဖြစ်တော်မူရသည်ကို သတိပြုရာ၏။

## မဟောသဓာဘဝ

မဟောသဓာဇာတ်ကိုလည်း ပညာပါရမီကို ဖြည့်ဆည်းပူးသောအားဖြင့် ကျမ်းဂန်တို့၌ ပြဆို၏၊ ထိုဘဝ၌ အလောင်းတော်သည် ဝီရိယပါရမီကိုလည်း အထူးဆည်းပူးတော်မူရ၏။ မဟောသဓာဇာတ်တော်တခုလုံးကို ခြုံ၍ကြည့်လျှင် အရာရာမျိုးကို အကျိုးအကြောင်း အမှန်အကန် သိမြင်ခြင်း ပညာပါရမီကို ရှေ့သွားပြုကာ သိမြင်သည့်အတိုင်း နေရာတကျဖြစ်အောင် မနေမနား ကြိုးစား အားထုတ်တော်မူပုံများကို ဉာဏ်မျက်စိ၌ ကောင်းစွာမြင်ရ၏။ ထိုဇာတ်တော် လာ မဟောသဓာ၏ အားထုတ်မှုများမှာ ဒါန-သီလ-ဘာဝနာမှုများ မဟုတ်ပဲ လူအများ ချမ်းသာစေရန် ပြုလုပ်အားထုတ်ခြင်းဖြစ်၍ ထိုအားထုတ်ခြင်းကို ဝီရိယပါရမီဟူ၍ ခေါ်ဆိုမှတ်ယူအပ်၏။ မေးဖွယ်ရှိပြန်သည်ကား....

## မဟောသဓာ၏ ဝီရိယ

"မဟောသဓာသည် အခြားသူတို့ကို မချမ်းမသာဖြစ်အောင်လည်း အားထုတ်သည် မဟုတ်လော၊ ပုံစံပြရသော်....မိထိလာမြို့တော်ကို စူဠနီဗြဟ္မဒတ်မင်း၏ တသိန်းရှစ်ခေါဘဏီတပ်ကြီးဖြင့် ဝန်းရိုင်းထားသောအခါ မဟောသဓာသည် စူဠနီဗြဟ္မဒတ်မင်း၏ဆရာ ကေဝဋ္ဋပုဏ္ဏားကြီးနှင့် ပညာစစ်ထိုးဖို့ရန် စီမံပြီးလျှင် ကုသမင်းလက်ထက်က ဆင်းသက်လာသော ပတ္တမြားရတနာကြီးဖြင့် ဖြားယောင်းကာ ပုဏ္ဏားကြီး၏ ခါးတောင်းကျိုက်ကို ဆွဲကိုင်၍ ပစ်လွှင့်လိုက်သဖြင့် စူဠနီဗြဟ္မဒတ်မင်း၏ စစ်တပ်ကြီး ဖရိုဖရဲ ပြေးသွားရသည်တွင် စူဠနီဗြဟ္မဒတ်မင်းကို ပရိတ်သတ်နှင့်တကွ မချမ်းမသာ ဖြစ်စေသည် မဟုတ်လော၊ ဤသို့သော အလုပ်ကို အားထုတ်သော မဟောသဓာသည် သူတဖက်သား ဆင်းရဲအောင် အားထုတ်သူဖြစ်၍ ကဲ့ရဲ့ထိုက်သောသူသာ ဖြစ်သည် မဟုတ်လော"ဟူ၍ မေးဖွယ်ရှိ၏။

**အဖြေကား**....ဥပမာအားဖြင့် ဖားကို မြွေကိုက်နေရာ ချောက်လှန့်၍ မပစ် ကောင်း၊ ချောက်လှန့်ပစ်ပါလျှင် ဖားမှာ ချမ်းသာသော်လည်း မြွေမှာဝတ်မှတ် ခြင်းဒုက္ခ ခံရတော့မည့်အတွက် အပြစ်မကင်းဟူ၍ မှတ်ထင်နေတတ်ကြ၏။

http://www.dhammadownload.com



မြတ်စွာဘုရားကမူကား စေတနာကိုသာ အရင်းခံထား၍ ဟောကြားတော်မူ၏၊ ချောက်လှန့်သူသည် မြွေကို ငေါက်မှတ်စေလိုသည့် စေတနာအရင်းခံထားရှိပါက အပြစ်ရှိမည်ဖြစ်သော်လည်း မြွေ၏ငေါက်မှတ်ရေးကို အာရုံမပြု နှလုံးမသွင်းပဲ ဖားချမ်းသာရန်ကိုသာ ရည်သန်စေတနာထားရှိပါမူ အပြစ်တစုံတရာ မရှိနိုင်သကဲ့သို့၊ ဤအတူ မဟောသဓာ ပြုလုပ်သည့် ဤကိစ္စမှာ စူဠနီဗြဟ္မဒတ်မင်းတို့ မချမ်းမသာ ဖြစ်သွားသော်လည်း ထိုသူတို့ မချမ်းမသာ ဖြစ်သွားစေရန် ဆိုးသွမ်းသော စေတနာ မဟောသဓာမှာ မရှိ၊ မိထိလာပြည်သူပြည်သားတို့ အသက်ဘေးမှ ကင်းဝေးလွတ်မြောက်ရန် ရည်သန်အားထုတ်ခြင်း ဖြစ်၍ မဟောသဓာကို အပြစ်တစုံတရာ မဆိုထိုက်ပေ။

**တနည်းလည်း**....မိလိန္ဒမင်းကြီးက အရှင်နာဂသိန်မထေရ်ကို“အရှင်ဘုရား.... မြတ်စွာဘုရားသည် ဒေဝဒတ်ကို ရဟန်းပြုပေးလိုက်လျှင် နောက်အခါ သံဃာကို သင်းခွဲလိမ့်မည်ဟု သိတော်မူသည် မဟုတ်ပါလော၊ သိပါလျက် အဘယ့်ကြောင့် ရဟန်းပြုပေးပါသနည်း၊ ရဟန်းပြုမပေးလျှင် သံဃာကို သင်းခွဲ၍ မဖြစ်နိုင်သည် မဟုတ်ပါလော”ဟူ၍ မေးလျှောက်ရာ အရှင်နာဂသိန်မထေရ်က “မင်းကြီး....ဒေဝဒတ်သည် နောက်အခါ သံဃာကို သင်းခွဲလိမ့်မည်ဟု မြတ်စွာဘုရား မြင်တော်မူ၏၊ မြင်တော်မူသော်လည်း အကယ်၍ ရဟန်းပြုမပေးက သံဃဘေဒက=သံဃာကို သင်းခွဲသောကံထက် ဆိုးဝါးကြမ်းကြုတ်သည့် နိယတမိစ္ဆာဒိဋ္ဌိစသော မကောင်းမှုတို့ကို ပြုလိမ့်မည် ကေန်ဖြစ်၏၊ သံဃဘေဒကကံသည် အပါယ်သို့ ကျစေမည်ဖြစ်သော်လည်း ကာလအပိုင်းအခြားရှိသေး၏၊ ရဟန်းပြုမပေးလျှင် နိယတမိစ္ဆာဒိဋ္ဌိစသော မကောင်းမှုတို့ကို ပြု၍ ကာလအပိုင်းအခြားမရှိ ငရဲဒုက္ခခံရမည်ကို သိမြင်တော်မူသောကြောင့် “ငါဘုရား၏ သာသနာ၌ ရဟန်းပြုလျှင် ဒေဝဒတ် ခံရမည့်ဒုက္ခသည် အပိုင်းအခြားရှိလိမ့်မည်ဟု သနားတော်မူသောကြောင့် ကြီးလေးသောဒုက္ခ ပေါ့အောင်ပြုသည့် အနေ မြတ်စွာဘုရားက ဒေဝဒတ်ကို ရဟန်းပြုပေးပေသည်”စသည်ဖြင့် ဥပမာ အမျိုးမျိုး ဖော်ပြဖြေဆိုတော်မူသည်။ (မိလိန္ဒပဉှာ၊ ၄-မေဏ္ဍကဝဂ်၊ ၃-ဒေဝဒတ္တပဗ္ဗဇ္ဇပဉှာ၊ မျက်နှာ ၁၁၃-မှ။)

ထိုအတူပင် မဟောသဓာသည် အကယ်၍ စူဠနီဗြဟ္မဒတ်မင်း၏ စစ်တပ်ကြီးကို လန့်ကြောက်အောင် မပြုလုပ်လျှင် မိထိလာပြည်အလုံး ပြုတ်ပြုတ်ပြုန်း ပျက်စီးချေမည်၊ လန့်ကြောက် ထွက်ပြေးအောင် ပြုလုပ်လိုက်ပါလျှင် မိထိလာပြည်လည်း မပျက်စီး၊ စူဠနီဗြဟ္မဒတ်မင်း၏ နိုင်ငံလည်း အထူးနစ်နာဖွယ် မရှိ၊ ဤသို့အားဖြင့် နှစ်ဦးနှစ်ဖက်ပင် ချမ်းသာစေလိုသည့်အတွက် စောင့်ရှောက်အားထုတ်ခြင်းသာဖြစ်၍ မဟောသဓာ၌ တစုံတရာ အပြစ်တင်ရန် မရှိချေ။

http://www.dhammadownload.com



## ဝီရိယ၏ ဂုဏ်သတ္တိများ

ဤ ဝီရိယတရားသည်....(၁) ထိုထိုကိစ္စတို့၌ ရှေ့ဆောင်ဦးစီး အကြီးအမှူး အဖြစ်ဖြင့် ဖြစ်သောအခါ ဝီရိယာဓိပတိဟူ၍ အဓိပတိလေးပါးတို့တွင် တပါးအဖြစ် ပါဝင်၏။

(၂) ဖြစ်ဖော်ယှဉ်ဖက် တရားတို့ကို အစိုးရသော ဣန္ဒြေ (၂၂) ပါးတို့တွင် ဝီရိယိန္ဒြေဟူ၍ တပါးအဖြစ်ဖြင့် ပါဝင်၏။ သို့ရာတွင် လောကီကုသိုလ်စိတ်တို့နှင့် ယှဉ်သော ဝီရိယိန္ဒြေကိုသာ ဝီရိယပါရမီအရ ကောက်ယူအပ်၏။ ဗောဓိပက္ခိယ တရားအပါအဝင် ဣန္ဒြေငါးပါးမှာလည်း ပညိန္ဒြေမှာကဲ့သို့ပင် လောကီဝိသုဒ္ဓိတို့၌ ပါသော ဝီရိယိန္ဒြေကိုသာ ဝီရိယပါရမီထဲသို့ ထည့်သွင်း ရေတွက်အပ်၏။ထို့အတူ လောကီဝိသုဒ္ဓိတို့၌ ပါသော သမ္မပ္ပဓာန် ဝီရိယကို ဝီရိယပါရမီ၌ ထည့်သွင်း ရေတွက်အပ်၏။

(၃) ထို့အတူ သမ္ပယုတ် (ယှဉ်ဖက်) တရားတို့၏ အင်အားဖြစ်သော ဗိုလ်ငါးပါးတို့တွင် ဝီရိယဗိုလ်ဟူ၍၎င်း ဣဒ္ဓိပါဒ်လေးပါးတို့တွင် ဝီရိယိဒ္ဓိပါဒ်ဟူ၍၎င်း ဗောဇ္ဈင်ခုနစ်ပါးတို့တွင် ဝီရိယသမ္ဗောဇ္ဈင်ဟူ၍၎င်း မဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဝါယာမမဂ္ဂင်ဟူ၍၎င်း ဝီရိယဆိုင်ရာ ဗိုလ် ဣဒ္ဓိပါဒ် ဗောဇ္ဈင် မဂ္ဂင်တို့ ပါရှိရာ အလောင်းတော်ကြီးများ လောကီဝိသုဒ္ဓိတရားတို့ကို အားထုတ်စဉ်အခါ မဟာကုသိုလ်စိတ်နှင့် ယှဉ်တွဲ၍ ဖြစ်သော ဝီရိယဗိုလ် ဝီရိယိဒ္ဓိပါဒ် ဝီရိယသမ္ဗောဇ္ဈင် သမ္မာဝါယာမမဂ္ဂင်ထိုက်သော ဝီရိယကို ဤဝီရိယပါရမီတွင် အပါအဝင် ဖြစ်၏ဟူ၍ ယုံမှားမရှိ မှတ်ယူအပ်၏။

ဤသို့ ဝီရိယ၏ ထူးခြားသော ဂုဏ်သတ္တိတို့ကို ဆင်ခြင်စဉ်းစားကာ ဝီရိယပါရမီကို အထွတ်အထိပ်ရောက် ကျင့်ဆောက်ဆည်းပူးနိုင်ကြပါစေကုန်သတည်း။

ဝီရိယပါရမီခန်း ပြီး၏။

---

## (၈) ခန္တီပါရမီ

### ခန္တီအရ ရှင်းလင်းချက်

ဤ ခန္တီပါရမီအရာ၌ ပါဠိတော်ဝယ် (သမ္မာနာဝမာနက္ခမော) မြတ်နိုးမှု ပြုခြင်း မထီမဲ့မြင်မှု ပြုခြင်းတို့ကို သည်းခံလော့ ဟူ၍ ပါရှိလေရာ ပါဠိတော် တိုက်ရိုက်အလိုမှာ ကောင်းသောအရာနှင့်တွေ့လျှင်လည်း စိတ်မတက် မကောင်းသောအရာနှင့် တွေ့လျှင်လည်း စိတ်မပျက်ပဲ သည်းခံနိုင်ရမည်ဟူ၍ အဓိပ္ပါယ် ရရှိသည်။ ဆိုလိုရင်းမှာ....ကောင်းသောလောကဓံနှင့် တွေ့၍ လောဘဖြစ်လျှင်

http://www.dhammadownload.com



ရင်း မကောင်းသောလောကဓံနှင့် တွေ့၍ ဒေါသဖြစ်လျှင်ရင်း ထိုကောင်း မကောင်းသောအာရုံကို သည်းခံနိုင်သည်မမည်ချေ။ ကောင်းသောလောကဓံနှင့် တွေ့၍ လောဘမဖြစ်မှုရင်း မကောင်းသောလောကဓံနှင့်တွေ့၍ ဒေါသမဖြစ်မှုရင်း သည်းခံခြင်း မည်သည်ဟူ၍ ဆိုလိုရင်း အဓိပ္ပါယ် ထွက်ရှိသည်။

သို့ရာတွင် သည်းခံခြင်း ခန္တီပါရမီနှင့်စပ်၍ သူတပါးတို့က ကိုယ်ကျူး နှုတ်ကျူး ပြုမူ ပြောဆိုသည်တို့ကို ဒေါသမထွက်ပဲ အောင့်အည်း သည်းခံခြင်း အတွက် သာလျှင် ခန္တီပါရမီအရာ၌ အဋ္ဌကထာ ဆရာတော်တို့ ဝတ္ထုသာဓက အသီးအသီး ဖော်ပြ၍ ဖွင့်တော်မူကြသည်ကသာ များလှပေသည်။ ဖွင့်တော်မူကြပုံမှာ.... "ကရုဏူပါယကောသလ္လပရိဂ္ဂဟိတံ သတ္တသင်္ခါရပရာဓေဟနံ အဒေါသပ္ပဓာ- နော တဒါကာရပ္ပဝတ္တစိတ္တုပ္ပါဒေါ ခန္တီပါရမိတာ=မဟာကရုဏာ ဥပါယ- ကောသလ္လဉာဏ် နှစ်ပါးတို့ဖြင့် သိမ်းဆည်းအပ်သော သတ္တဝါသင်္ခါရတို့၏ အပြစ်ကို သည်းခံခြင်း တည်းဟူသော အဒေါသစေတသိက်ပြဋ္ဌာန်းသော ထိုသတ္တဝါသင်္ခါရတို့၏ အပြစ်ကို သည်းခံသော အခြင်းအရာဖြင့် ဖြစ်သော စိတ်စေတသိက်တရားစုကို ခန္တီပါရမီ ခေါ်သည်" ဟူ၍ စရိယာပိဋကအဋ္ဌကထာ ပကိဏ္ဏကကထာခဏ်း၌ ဖွင့်ပြတော်မူသည်။

ထိုမှတပါးလည်း သံဝရငါးပါးကို ပြဆိုရာ အဋ္ဌသာလိနီအဋ္ဌကထာ နိက္ခေပကဏ္ဍအဖွင့်လာ ခန္တီသံဝရကိုလည်း "ခန္တီတိ အဓိဝါသနာ၊ သာ စ တထာ ပဝတ္တာ ခန္ဓာ၊ ပညာတိ ကေ၊ အဒေါသော ဧဝ ဝါ=ခန္တီ ဟူသည်မှာ သည်းခံ ခြင်းပင်တည်း၊ ထိုသည်းခံခြင်းဟူသည်လည်း ထိုအခြင်းအရာဖြင့် ဖြစ်သော နာမ်ခန္ဓာ လေးပါးတို့ပင် ဖြစ်သည်။ ပညာတရားဖြစ်သည်ဟူ၍ ကေဆရာတို့ ဆိုတော်မူကြ၏။ တနည်းကား ခန္တီဟူသည် အဒေါသစေတသိက်ပင်ကည်း" ဟူ၍ မူလဋီကာ၌ ဖွင့်ပြလေသည်။

အချို့သော ပညာရှိတို့ကလည်း....

> ပါဠိတော်တွင် သမ္မာနာဝမာနက္ခမော=မြတ်နိုးမှုပြုခြင်း မထီ မဲ့မြင်မှု ပြုခြင်းတို့ကို သည်းခံလော့ဟူ၍ ပါရှိသဖြင့် သူတပါးတို့က အမြတ်တနိုး ပြုလာခြင်းကိုလည်း သည်းခံရမည်၊ မထီမဲ့မြင်မှု ပြုလာ သည်ကိုလည်း သည်းခံရမည်ဟု အဓိပ္ပါယ် ယူရမည်ကဲ့သို့ ရှိနေသော် လည်း မထီမဲ့မြင်မှု=စော်ကားမှု ပြုလာသည်ကိုသာ လူတို့သည် မခံ ချင်ကြ၊ ဒေါသထွက်တတ်ကြသည်။ မြတ်နိုးသမှု အရိုအသေပြုလာ သည်ကိုကား မည်သူမျှ မခံချင်ဟူ၍ မရှိ၊ မည်သူမျှ ဒေါသမထွက်ကြ။ အများမခံချင် ဒေါသထွက်မည့်အရာကို ဒေါသမထွက်ပဲ ခံနိုင်မှသာလျှင် သည်းခံသည်ဟု ဆိုထိုက်သည်။

http://www.dhammadownload.com



အကယ်၍ ပါဠိတော်မှာ တိုက်ရိုက် လာရှိသည့်အတိုင်း မြတ်နိုးမှု မထိမဲ့မြင်ပြုမှု နှစ်ချက်လုံးကို ယူလျှင် ခန္တီပါရမီသည် ဥပေက္ခာပါရမီနှင့် မထူးမခြား ဖြစ်နေတော့မည် ဟူ၍ ပြဆိုကြ၏။ ထိုပညာရှိတို့သည်လည်း ဖော်ပြရာပါ စရိယာပိဋကအဋ္ဌကထာ မူလဋီကာတို့ကို အားကိုးပြု၍ ပြဆိုကြခြင်းဖြစ်သောကြောင့် ထိုပညာရှိတို့၏ စကားကိုလည်း မတားမြစ်သာပေ။

သို့သော် ခန္တီနှင့် ဥပေက္ခာ ထူးခြားရန်မှာ သတ္တဝါသင်္ခါရတို့ ပြုအပ်သော အမှုကိုသည်းခံခြင်းကား ခန္တီဖြစ်သည်။သတ္တဝါသင်္ခါရတို့အပေါ်၌ မမုန်းမချစ် လျစ်လျူရှုခြင်းကား ဥပေက္ခာဖြစ်သည်ဟု မှတ်ယူရာ၏။

လယ်တီဆရာတော်ဘုရားကြီးကမူ မင်္ဂလသုတ်နိသျှယ၌ "ခန္တီ စ၊ သုခနှင့်တွေ့သော်လည်း စိတ်မတက် ဒုက္ခနှင့် တွေ့သော်လည်း စိတ်မပျက် အမျက်မထန် သည်းခံခြင်းရင်း" ဟူ၍ အနက်ပြန်ဆိုတော်မူသည်။ သမ္မာနာဝမာနက္ခမော ဟူသော ပါဠိတော်နှင့်ညီလှပေ၏။

အဋ္ဌကထာအဖွင့်နှင့် ပါဠိတော်တို့ကို မဆန့်ကျင်အောင် ယူသော်ကား....အလောင်းတော်ကြီးများမှာ ပင်ကိုယ်ဇာပင် နက်နဲသောသဘောတော် ရှိကြသောကြောင့် သုခနှင့်တွေ့သော်လည်း(သို့မဟုတ်-ကောင်းသည့်လောကဓံနှင့်တွေ့သော်လည်း)လောဘဖြင့်စိတ်တက်ကာ လောက်လက်ခြင်း မရှိ၊ ပကတိပင် ခံနိုင်ရည်ရှိတော်မူကြ၏၊ စိတ်ကို အထူးပြုပြင်၍ သည်းခံနေဖွယ် မရှိချေ။ ဒုက္ခနှင့် တွေ့သောအခါ စိတ်ကို အထူးပြုပြင်၍ ခန္တီပါရမီမြောက်အောင် သည်းခံတော်မူကြသည်။ တနည်းအားဖြင့် ခန္တီပါရမီကို ဖြည့်ကျင့်သော အလောင်းတော်သည် သုခ ဒုက္ခနှစ်ပါးလုံးကိုပင် လောဘ ဒေါသ မပေါ်ထွက်အောင် သည်းခံရပေမည်။ ဤအချက်ကို ရည်၍ ပါဠိတော်၌ သမ္မာနာဝမာနက္ခမော= မြတ်နိုးမှုကိုလည်း လောဘမထွက်ပဲနှင့် သည်းခံနိုင်ရမည်။ မထိမဲ့မြင်ပြုမှု စော်ကားမှုကိုလည်း ဒေါသမထွက်ပဲ သည်းခံရမည်ဟူ၍ ဟောတော်မူခြင်း ဖြစ်သည်။ သို့သော် အလောင်းတော်ကြီးတို့မှာ ပင်ကိုယ်ပကတိ နက်နဲသောသဘောတော် ရှိကြသောကြောင့် သုခနှင့်တွေ့ရှိ၍ လောဘမထွက် မလောက်လက်ပဲ သည်းခံတော်မူကြခြင်းမှာ အထူးတဆန်းမဟုတ်သကဲ့သို့ပင် ဖြစ်၍ နေ၏၊ ပကတိအားဖြင့် ပြီး၍နေပေ၏။ သို့ဖြစ်၍ လူသာမန်တို့ သည်းခံခြင်းငှါ ခဲယဉ်းစွာသော ဒုက္ခနှင့်တွေ့သည့်အခါ သည်းခံမှုကိုသာ ခန္တီပါရမီအနေဖြင့် အဋ္ဌကထာတို့၌ ဖွင့်ပြတော်မူသည်ဟု ယူက အဋ္ဌကထာဖွင့်ပုံနှင့် ပါဠိတော်ဟောတော်မူချက်တို့ ဆန့်ကျင်ဖွယ် မရှိပေ။

http://www.dhammadownload.com



## ခန္တီအရ တရားကိုယ်

ဤခန္တီပါရမီဟူသည် ပညာပါရမီ ဝီရိယပါရမီတို့ကဲ့သို့ ပရမတ္ထတရား သီးခြားတခုမဟုတ်၊ အမျက်မထွက်ခြင်း လက္ခဏာရှိသော အဒေါသစေတသိက် ခေါင်းဆောင်သည့် ကုသိုလ်စိတ်စေတသိက် အစုပင် ဖြစ်၏။ (တနည်း)ပညာ ပါရမီ ဝီရိယပါရမီတို့ကဲ့သို့ပင် ပရမတ္ထတရား သီးခြား အဒေါသစေတသိက် ဖြစ်ပေ၏။

ခန္တီဟူသည် အဒေါသစေတသိက်ပင် ဖြစ်သော်လည်း အဒေါသစေတသိက် ဟူသမျှကို ခန္တီဟူ၍ မခေါ်အပ်၊ အကြောင်းကား....အဒေါသစေတသိက်သည် (အကုသိုလ်စိတ် အဟိတ်စိတ်တို့မှတပါးသော) သောဘဏစိတ်တို့ ဖြစ်တိုင်း ဖြစ်တိုင်း ပါရှိရာ သူတပါးတို့က အမျက်ဒေါသ ထွက်ဖွယ်ရာ ပြုလုပ်ပြောဆို သောအခါ အမျက်ဒေါသ မဖြစ်စေရန် တားဆီးသည့်အခြင်းအရာအားဖြင့် ဖြစ်သော အဒေါသကိုသာ ခန္တီဟူ၍ ခေါ်ရလေသည်၊ သည်းခံခြင်းဟူ၍ ခေါ်ရ လေသည်။ တပါးသော အခြင်းအရာအားဖြင့်ဖြစ်သော သောဘဏစိတ်တို့၌ ပါရှိသည့် အဒေါသစေတသိက်တို့ကိုကား ခန္တီဟူ၍သော်ငင်း သည်းခံခြင်းဟူ၍ သော်ငင်း မခေါ်ရသောကြောင့်တည်း။

## ရှင်ပုဏ္ဏ၏ သည်းခံရည်

သည်းခံခြင်း ခန္တီတရားနှင့်စပ်၍ အတုယူဖွယ်ကောင်းလှသော အရှင်ပုဏ္ဏ မထေရ်၏ နှလုံးသွင်းပုံကို ဤအရာ၌ အကျဉ်းချုပ် ဖော်ပြပေအံ့....။မြတ်စွာ ဘုရား လက်ထက်တော်အခါက အရှင်ပုဏ္ဏမထေရ်သည် မြတ်စွာဘုရားထံ တော်၌ သုနာပရန္တဇနပုဒ်သို့ သွားရောက်နေထိုင်လိုပါကြောင်း လျှောက်ထား သည်တွင် မြတ်စွာဘုရားက "ချစ်သားပုဏ္ဏ....သုနာပရန္တ ဇနပုဒ်သားတို့သည် ကြမ်းထမ်းရုန့်ရင်းကြကုန်၏၊ အကယ်၍ သုနာပရန္တဇနပုဒ်သားတို့က သင့်ကို ဆဲရေးရေရွတ်ခြင်းအမှု ပြုခဲ့လျှင် သင်၏စိတ် မည်ကဲ့သို့ ဖြစ်မည်နည်း"ဟူ၍ မေးတော်မူသောအခါ အရှင်ပုဏ္ဏမထေရ်က "မြတ်စွာဘုရား....ထိုသုနာပရန္တ ဇနပုဒ်သားတို့သည် ဘုရားတပည့်တော်ကို ဆဲရေးရေရွတ်ခြင်းဖမှု ပြုကြကုန် ငြားအံ့၊ ထိုအခါ 'ဤသုနာပရန္တဇနပုဒ်သားတို့သည် လူကောင်းများသာ ဖြစ်ကြသည်၊ အထူးကောင်းသော လူများသာ ဖြစ်ကြသည်၊ ငါ့ကို ဆဲရေး ရေရွတ်ရုံမျှသာ ဆဲရေးရေရွတ်ကြသည်၊လက်သီးဖြင့် ထိုးခြင်း တတောင်ဖြင့် ထောင်းခြင်းအမှုကို မပြုကြရှာပေသေး'ဟူ၍ ထိုသူတို့အပေါ်မှာ လူကောင်း များဟူ၍ နှလုံးသွင်းလျက် အမျက်ဒေါသကို သိမ်းဆည်းသည်းခံပါမည်" ဟူ၍ လျှောက်ထားလေသည်။

http://www.dhammadownload.com



မြတ်စွာဘုရားကတဖန် "ချစ်သားပုဏ္ဏ....သုနာပရန္တ ဇနပုဒ်သားတို့သည် သင်ချစ်သားကို လက်သီးဖြင့်ထိုးခြင်း တတောင်ဖြင့်ထောင်းခြင်း အမှုကို ပြုကြကုန်လျှင် သင်၏စိတ် မည်ကဲ့သို့ ဖြစ်မည်နည်း"ဟူ၍ ဆင့်ကာဆင့်ကာ မေးမြန်းတော်မူသောအခါ အရှင်ပုဏ္ဏမထေရ်က "မြတ်စွာဘုရား....အကယ်၍ သုနာပရန္တဇနပုဒ်သားတို့က ဘုရားတပည့်တော်ကို လက်သီးဖြင့် ထိုးခြင်း တတောင်ဖြင့် ထောင်းခြင်းအမှု ပြုကြကုန်လျှင် 'ဤသုနာပရန္တဇနပုဒ်သားတို့သည် လူကောင်းများသာဖြစ်ကြသည်၊ အထူးကောင်းသော လူများသာဖြစ်ကြသည်၊ ငါ့ကို လက်သီးဖြင့် ထိုး၍ တတောင်ဖြင့် ထောင်းရုံမျှသာ ထိုးကြထောင်းကြသည်၊ ခဲဖြင့် မထုကြသေးပေ'ဟူ၍ ထိုသူတို့အပေါ်မှာ လူကောင်းများဟု နှလုံးသွင်းလျက် အမျက်ဒေါသကို သိမ်းဆည်းသည်းခံပါမည်" အစရှိသည်ဖြင့် သုနာပရန္တဇနပုဒ်သားတို့က အသက်ဆုံးအောင် သတ်ဖြတ်ကြစေကာမူ "ငါ့မှာ အရတော်လေစွ....အရှင်ဂေါတမ အရှင်ဆန္ဒ အစရှိသည်တို့မှာ သတ္ထဟာရက ကံ=(ဒါးဖြင့် မိမိကိုယ်ကို သတ်ဖြတ်ခြင်းအမှုကို) ကိုယ်တိုင်ပြုကြရသေးသည်၊ ငါ့မှာ မပြုပဲ ရပေသည်ဟု နှလုံးသွင်းလျက် အမျက်ဒေါသကို သိမ်းဆည်းသည်း ခံပါမည်"ဟူ၍ လျှောက်ထားသည်တွင် မြတ်စွာဘုရားက သာဓုကောင်းချီး ခေါ်တော်မူသည်။ (မဇ္ဈိမနိကာယ၊ ဥပရိပဏ္ဏာသ၊ ၅-သဠာယတနဝဂ်၊ ၃-ပုဏ္ဏောဝါဒသုတ္တန်မှ)။

ထိုမှတပါးလည်း ပါဠိဇာတ် စတ္တာလီသနိပါတ် သရဘင်္ဂဇာတ်၌ သိကြားမင်းက သရဘင်္ဂရှင်ရသေ့ကို—

ကောဏ္ဍညအနွယ်၌ဖြစ်သော ရှင်ရသေ့....လောက၌ အဘယ်တရားကို ပယ်သတ်ရလျှင် တရံတဆစ်မျှ မစိုးရိမ်ရသနည်း၊ အဘယ်တရားကို ပယ်ရှားမှုကို သူတော်ကောင်းတို့ ချီးမွမ်းကြပါကုန်သနည်း၊ ဤလောက၌ အဘယ်သူပြောဆိုသည့် ကြမ်းကြုတ်သောစကားကို သည်းခံရပါမည်နည်း၊ ဤအကြောင်းကို အကျွန်ုပ်အား ဖြေကြားပါလော့—ဟူ၍ မေးမြန်းရာ....

အလောင်းတော်သရဘင်္ဂရသေ့က—

လောက၌ အမျက်ဒေါသကို ပယ်သတ်လျှင် တရံတဆစ်မျှ စိုးရိမ်ပူပန်ရခြင်းမရှိ၊ သူတပါး၏ ဂုဏ်ကျေးဇူးချေဖျက်မှု (ကျေးဇူးကန်းမှု) ကို မပြုလျှင် သူတော်ကောင်းတို့ ချီးမွမ်းကြကုန်၏၊ မိမိထက်မြတ်သူ မိမိနှင့်တူသူ မိမိအောက်ယုတ်သူ အားလုံးတို့ ပြောဆိုသည့် ကြမ်းကြုတ်သောစကားကိုပင် သည်းခံရာ၏၊ ထိုသို့ သည်းခံခြင်းကို အမြတ်ဆုံးဟူ၍ သူတော်ကောင်းတို့ ပြောဆိုကြကုန်၏—ဟူ၍ ဖြေကြားလေသည်။

http://www.dhammadownload.com



တဖန် သိကြားမင်းက—

အရှင်ရသေ့....လောက၌ မိမိနှင့်တန်းတူဖြစ်သောသူ မိမိထက် မြတ်သောသူ ဤသူနှစ်ဦးတို့၏ ကြမ်းကြုတ်သောစကား (ဆဲရေးစကား)ကို သည်းခံမည်ဆိုက သည်းခံနိုင်ဖွယ်ရာ ရှိပါ၏။ မိမိအောက် ယုတ်ညံ့သောသူ၏ ကြမ်းကြုတ်သောစကား (ဆဲရေးစကား)ကိုကား ဘယ်လိုနည်းဖြင့် သည်းခံနိုင်ပါမည်နည်း–ဟူ၍ မေးမြန်းသောအခါ....

အလောင်းတော် သရဘင်္ဂရှင်ရသေ့က—

မိမိထက်မြတ်သောသူ၏ ကြမ်းကြုတ်သောစကား (ဆဲရေးစကား)ကို မြတ်သောသူဖြစ်နေသည့်အတွက် ကြောက်ရွံ့သောကြောင့် သည်းခံသော်မူ သည်းခံလေရာ၏၊ မိမိနှင့်တန်းတူဖြစ်သောသူ၏ ကြမ်းကြုတ်သောစကား (ဆဲရေးစကား)ကို ‘အကယ်၍ သည်းမခံချေက မိမိထက်သာလွန်အောင် ကြံစည်အားထုတ် ပြုလုပ်အံ့သောအပြစ်ကို မြင်၍ သည်းခံသော်မူ သည်းခံလေရာ၏၊ (ထိုသည်းခံခြင်း နှစ်မျိုးကား မြတ်သောသည်းခံခြင်းမျိုး မဟုတ်ချေ၊) မိမိအောက် ဇာတ်စသည် ယုတ်ညံ့သောသူ၏ ကြမ်းကြုတ်သောစကား(ဆဲရေးစကား)ကို သည်းခံခြင်းကား သည်းခံနိုင်ဖွယ်ရာ အကြောင်းထူး မရှိပါပဲလျက် သည်းခံနိုင်ခြင်းဖြစ်၍ ဤသည်းခံခြင်းမျိုးကို အမြတ်ဆုံးဟူ၍ သူတော်ကောင်းတို့ ပြောဆိုကြကုန်၏–ဟု ဖြေကြားလေသည်။

## သိကြားမင်း၏ သည်းခံရည်

တချိန်က သိကြားမင်းသည် အသူရာတို့နှင့် စစ်တိုက်ရာ တာဝတိံသာနတ်တို့က အောင်နိုင်သဖြင့် အသူရာတို့၏ မင်းဖြစ်သော ဝေပစိတ္တိအသူရာကြီးကို ဖမ်းဆီး၍ သိကြားမင်းထံ ပြသရန် ခေါ်ဆောင်လာခဲ့ရာ သုဓမ္မာသဘင်သို့ ဝင်တိုင်းထွက်တိုင်းမှာပင် ဝေပစိတ္တိအသူရာကြီးသည် သိကြားမင်းကိုသာ ကြမ်းကြုတ်သောစကားတို့ဖြင့် ဆဲရေးတိုင်းထွာမူ ပြုသော်လည်း သိကြားမင်းက တစုံတရာမျှ စိတ်ဒေါသမထွက် သည်းခံ၍နေပေ၏။ ထိုအခါ မာတလိနတ်သားက ဤမျှလောက်ပင် ဝေပစိတ္တိအသူရာကြီးက ကြမ်းကြုတ်သောစကားဘို့ဖြင့် ဆဲရေးတိုင်းထွာနေပါလျက် အဘယ့်ကြောင့် အမျက်ထွက်တော်မမူပါသနည်း” ဟု သိကြားမင်းကို မေးရာ သိကြားမင်းက ပြန်လည်ဖြေကြားသော စကားရပ်များတွင်—

**သဒတ္ထပရမာ အတ္ထာ၊ ခန္တျာ ဘိယျော န ဝိဇ္ဇတိ။**
**ယော ဟဝေ ဗလဝါ သန္တော၊ ဒုဗ္ဗလဿ တိတိက္ခတိ။**
**တမာဟု ပရမံ ခန္တိံ၊—**

ဟူသောစကား ပါရှိလေသည်။

http://www.dhammadownload.com



အဓိပ္ပါယ်ကား''''အချင်းမာတလိ....အကျိုးဟူသမျှတို့သည် ကိုယ်ကျိုးသာလျှင် အမြတ်ဆုံးရှိကုန်၏၊ ထိုသည့်ကိုယ်ကျိုးတို့တွင်လည်း သည်းခံခြင်းထက်ပိုလွန်သော အကျိုးဟူ၍ မရှိ။ အကြင်သူသည် ကောန်စင်စစ် ကိုယ်တိုင်က အားရှိသူဖြစ်ပါလျက် အားမဲ့သောသူ၏ ကြမ်းကြုတ်သောစကားကို သည်းခံ၏။ ထိုသို့ သည်းခံခြင်းကို အမြတ်ဆုံးဟူ၍ သူတော်ကောင်းတို့ ပြောဆိုကြကုန်၏ဟု ဆိုလိုသည်။

## ပါဠိတော်များအတွက် ရှင်းလင်းချက်

ပြဆိုအပ်ပြီးသည့် သဂါထာဝဂ္ဂ သက္ကသံယုတ်ပါဠိတော်နှင့် သရဘင်္ဂဇာတ်ပါဠိတော်များအရ သူတပါးတို့၏ နှုတ်ကျူးလွန်မှုစကားကို အမျက်မထွက်ပဲ နေနိုင်ခြင်းသည် သည်းခံခြင်း=ခန္တီဖြစ်သည်ဟု အဓိပ္ပါယ်ရသဖြင့် သူတပါးတို့၏ ကိုယ်ကျူးလွန်မှုကို အမျက်မထွက်ပဲ နေသော်လည်း သည်းခံခြင်း=ခန္တီမဖြစ်ဟူ၍ မမှတ်အပ်ပေ။ လောက၌ ကိုယ်ကျူးလွန်မှုထက် နှုတ်ကျူးလွန်မှုက အပြုများသောကြောင့်သာ များရာသို့လိုက်၍ ''သူတပါးတို့၏ ကြမ်းကြုတ်စွာဆဲဆိုသော နှုတ်ကျူးလွန်မှု စကားကို အမျက်မထွက်ခြင်းသည် သည်းခံခြင်း=ခန္တီဖြစ်သည်'' ဟူ၍ ဖော်ပြရာပါ ပါဠိတော်တို့၌ ဟောတော်မူခြင်း ဖြစ်သည်၊ ကိုယ်ကျူးလွန်မှု ပြုသည်ကို အမျက်မထွက်ခြင်းသည်လည်း သည်းခံခြင်း=ခန္တီပင် ဖြစ်၏ဟူ၍ ယုံမှားမရှိ မှတ်ယူအပ်၏။

မှတ်ယူအပ်ကြောင်းမှာ....ခန္တိဝါဒီဇာတ်၌ ကလာဗုမင်းသည် ခန္တိဝါဒီရှင်ရသေ့ကို နှုတ်ကျူးလွန်မှုတွင်ရွေသာမက ကိုယ်ကျူးလွန်မှုတို့ဖြင့်ပါ အသက်ဆုံးသည်တိုင်အောင် ကျူးလွန်ပြစ်မှားရာ ခန္တိဝါဒီ ရှင်ရသေ့သည် သည်းခံတော်မူကြောင်းကိုရင်း....ရှေးဖော်ပြရာပါ ပုဏ္ဏောဝါဒသုတ်လာ အရှင်ပုဏ္ဏမထေရ်၏ လျှောက်ထားချက်တွင် နှုတ်လွန်ကျူးမှုတွင်မက ကိုယ်လွန်ကျူးမှု အဆင့်ဆင့်တို့ ပါဝင်နေသည်ကိုရင်း ထောက်ထားရာ၏။

## သည်းခံခြင်း မဟုတ်သည့် အက္ခောခ

ပြခဲ့ပြီးသည့်အတိုင်း သူတပါးတို့က မိမိအပေါ်မှာ ပြုလုပ်လာသော ကိုယ်ကျူးလွန်မှု နှုတ်ကျူးလွန်မှုတို့အတွက် ဒေါသမထွက်အောင် သိမ်းဆည်းခြင်းသည်သာလျှင် သည်းခံခြင်း=ခန္တီစင်စစ် ဖြစ်ပေ၏၊ သူတပါးတို့၏ ကိုယ်ကျူးလွန်မှု နှုတ်ကျူးလွန်မှုနှင့် မစပ်ပဲ ဖြစ်ပွါးတတ်သည့် ဒေါသလည်း ရှိသေး၏၊ ပုံစံတစိတ်မျှ ထုတ်ပြရသော်....လောက၌ ပြုလုပ်ဖွယ်ရာ ကိစ္စတခုခုကို သူတဦးအား ပြုလုပ်ဖို့ရန် စေခိုင်းထားရာ အခိုင်းခံရသူက မိမိဉာဏ်မှီသလောက် အကောင်းဆုံးဖြစ်စေရန် စီမံပြုလုပ်ထားသော်လည်း စေခိုင်းသောသူလာ၍

http://www.dhammadownload.com



ကြည့်လျှင် မိမိရည်မှန်းသည့်အတိုင်း မဟုတ်က သဘောမကျ အမျက်ဒေါသ ထွက်တတ်သေး၏၊ ဤအမျက်မျိုးကို မထွက်ရအောင် သိမ်းဆည်းလိုက်သော်လည်း သည်းခံခြင်း=ခန္တီမဟုတ်၊အမှန်အားဖြင့် အမျက်မထွက်ခြင်း=အက္ကောဓ ဟူ၍သာ ခေါ်ဆိုအပ်၏။

## အက္ကောဓနှင့် ခန္တီ မင်းကျင့်တရား

သို့ဖြစ်၍ ပါဠိဇာတ် အသီတိနိပါတ် ၂-မဟာဟံသဇာတ်တွင် မင်းကျင့်တရား ဆယ်ပါးကို ဟောတော်မူရာ အက္ကောဓနှင့် ခန္တီတရား နှစ်ပါးပင် ပါဝင်လျက် ရှိသည်။ ဤကဲ့သို့ တရားနှစ်ပါး ပါဝင်ရခြင်းမှာ အမျက်ကို သိမ်းဆည်းမှု ဟူသမျှ ခန္တီဖြစ်ထိုက်သည် မဟုတ်၊ အချို့သာ ခန္တီဖြစ်ထိုက်သောကြောင့် ဖြစ်သည်။

ခန္တီဟူသည်မှာ ပြဆိုခဲ့ပြီးသောအတိုင်း သူတပါးတို့၏ ကိုယ်ကျူးလွန်မှု နှုတ်ကျူးလွန်မှုတို့အတွက် အမျက်ကို သိမ်းဆည်းခြင်းသည်သာ သည်းခံခြင်း= ခန္တီဖြစ်၍၊ မိမိစေခိုင်းလိုက်ရာမှာ စိတ်တိုင်း မကျသည့်အတွက် ထွက်လိုသော အမျက်ကို သိမ်းဆည်းခြင်းမှာ သူတပါးတို့၏ ကိုယ်ကျူးလွန်မှု နှုတ်ကျူးလွန်မှု နှင့်မသက်ဆိုင်သောကြောင့် သည်းခံခြင်း=ခန္တီ မဖြစ်ထိုက်၊ အမျက်မထွက်ခြင်း အက္ကောဓသာ ဖြစ်ထိုက်၏။

ဘုရင်မင်းမြတ်တို့မှာ မိမိအမိန့်အမျိုးမျိုး ချမှတ်ရာ အမိန့်ကို နာခံသူတို့က စိတ်စေတနာကောင်းဖြင့် ကောင်းစွာ ရွက်ဆောင်ကြစေကာမူ စိတ်သဘော မကျပဲ ရှိချင်ရှိမည်ဖြစ်၏၊ ထိုသို့ ရှိသော်လည်း အမျက်မထွက်ရ ဟူ၍ မင်းတို့ ကျင့်သုံးရာ အက္ကောဓမည်သော မင်းကျင့်တရားတပါး ဟောပြီးလျှင် သူတပါး တို့၏ ကိုယ်နှုတ်ကျူးလွန်မှုတို့ကိုလည်း အမျက်မထွက်ရ သိမ်းဆည်းရမည် ဟူ၍ သည်းခံခြင်း=ခန္တီမည်သော မင်းကျင့်တရားတပါး ခွဲခြားဟောတော်မူရသည်။

## အမျက်ထွက်ကြောင်း ကိုးပါး

အမျက်ထွက်ခြင်းနှင့်စပ်၍ အမျက်ထွက်ကြောင်း=အာဃာတဝတ္ထု ကိုးပါး တို့ကိုလည်း မှတ်သားရာ၏။ မှတ်သားရန်မှာ....မိမိတကိုယ်တည်းအတွက်သာ အမျက်ထွက်တတ်သည်မဟုတ်၊ မိမိချစ်ခင်သောသူအတွက်ငှင်း မိမိရန်သူဖြစ် သောသူအတွက်ငှင်း အမျက်ထွက်တတ်သည်၊ (မိမိအတွက်ငှင်း မိမိချစ်ခင်သူ အတွက်ငှင်း မိမိ၏ရန်သူအတွက်ငှင်း အမျက်ထွက်တတ်သည်ဟု ဆိုလိုသည်။) အမျက်ထွက်ရာမှာလည်း လွန်ခဲ့ပြီးသောအတိတ်အတွက်ငှင်း လာလတ္တံ့သော အနာဂတ်အတွက်ငှင်း လောလောဆယ်ပစ္စုပ္ပန်အတွက်ငှင်း အမျက်ထွက်တတ် သည်၊ သို့ဖြစ်၍ မိမိကိုယ်-မိမိ၏မိတ်ဆွေ-မိမိ၏ရန်သူ အားဖြင့် ပုဂ္ဂိုလ်သုံးစား

http://www.dhammadownload.com



ရှိရာ ပုဂ္ဂိုလ်တဦးတဦးအတွက် ဖြစ်ပြီး-ဖြစ်ဆဲ-ဖြစ်လတ္တံ့ဟူသော ကာလသုံးပါးဖြင့် ပေါင်းစုရေတွက်လိုက်လျှင် ကိုးပါး ဖြစ်လာ၏။ ထိုကိုးပါး သရုပ် အရေအတွက်ကား....

(၁) ဤသူသည် ငါ၏အကျိုးစီးပွါးမဲ့ကို ရှေးကပြုခဲ့ဘူးပြီဟူ၍ အမျက်ထွက်တတ်သည် တပါး၊

(၂) ဤသူသည် ငါ၏ အကျိုးစီးပွါးမဲ့ကို ယခုပြုဆဲဟူ၍ အမျက်ထွက်တတ်သည် တပါး၊

(၃) ဤသူသည် ငါ၏ အကျိုးစီးပွါးမဲ့ကို နောက်အခါ ပြုလတ္တံ့ဟူ၍ အမျက်ထွက်တတ်သည် တပါး၊ (ဤကား မိမိအတွက် သုံးပါးတည်း။)

(၄) ဤသူသည် ငါ့မိတ်ဆွေ၏ အကျိုးစီးပွါးမဲ့ကို ရှေးကပြုခဲ့ဘူးပြီဟူ၍ အမျက်ထွက်တတ်သည် တပါး၊

(၅) ဤသူသည် ငါ့မိတ်ဆွေ၏ အကျိုးစီးပွါးမဲ့ကို ယခုပြုဆဲဟူ၍ အမျက်ထွက်တတ်သည် တပါး၊

(၆) ဤသူသည် ငါ့မိတ်ဆွေ၏ အကျိုးစီးပွါးမဲ့ကို နောက်အခါ ပြုလတ္တံ့ဟူ၍ ကြိုတင်အမျက်ထွက်တတ်သည် တပါး၊ (ဤကား မိတ်ဆွေအတွက် သုံးပါးတည်း။)

(၇) ဤသူသည် ငါ့ရန်သူ၏ အကျိုးစီးပွါးကို ရှေးကပြုခဲ့ဘူးပြီဟူ၍ အမျက်ထွက်တတ်သည် တပါး၊

(၈) ဤသူသည် ငါ့ရန်သူ၏ အကျိုးစီးပွါးကို ယခုပြုဆဲဟူ၍ အမျက်ထွက်တတ်သည် တပါး၊

(၉) ဤသူသည် ငါ့ရန်သူ၏ အကျိုးစီးပွါးကို နောက်အခါ ပြုလတ္တံ့ဟူ၍ ကြိုတင်အမျက်ထွက်တတ်သည် တပါး၊ (ဤကား ရန်သူအတွက် သုံးပါးတည်း။)

(အင်္ဂုတ္တိုရ်ပါဠိတော်၊ နဝကနိပါတ၊ ၁-ပဏ္ဏာသက၊ ၃-ဝဂ်၊ ၉-သုတ်မှ။)

### အဋ္ဌာနကောပ

ပါဠိတော်တို့၌ ပြခဲ့ပြီးသောအတိုင်း အာဃာတဝတ္ထု=အမျက်ထွက်ကြောင်း ကိုးပါးလာရှိသော်လည်း လောက၌ အမျက်ထွက်ဖွယ်ရာ မဟုတ်သည်၌ အမျက်ထွက်ခြင်း တည်းဟူသော အဋ္ဌာနကောပတရားလည်း ရှိသေး၏၊

http://www.dhammadownload.com



မိုးရွာလျှင် ရွာလွန်းသည်၊ မိုးကောင်းလျှင် ကောင်းလွန်းသည်၊ လေတိုက်လျှင် တိုက်နိုင်ရန်ကော၊ နေပူလျှင် ပူနိုင်ရန်ကော စသည်ဖြင့် အမျက်ထွက်ဖွယ် မဟုတ်သည့်အရာမှာ ထွက်သော ဒေါသစေတသိက် ဖြစ်သည်။ ထိုအဋ္ဌာနကောပ မည်သော ဒေါသတရား မဖြစ်ပွါးအောင် သိမ်းဆည်းခြင်းသည် အကျွောမည် သင့်ပေ၏။ ဤအဋ္ဌာနကောပသည် ဆင်ခြင်ခြင်း ကင်းမဲ့သောသူတို့ သန္တာန်၌ အဖြစ်များ၏။

## အားရှစ်မျိုး

ဤသည်းခံခြင်းတရားသည် လောက၌ သူတော်သူမြတ်တို့၏ အားတခု ဖြစ်ကြောင်း အင်္ဂုတ္တိုရ်ပါဠိတော် အဋ္ဌကနိပါတ်၊ ၁-ပဏ္ဏာသက၊ ၃-ဂဟပတိဝဂ်၊ ၇-သုတ်၌ မြတ်စွာဘုရား ဟောကြားတော်မူ၏၊ ထိုသုတ်၌ ဟောအပ်သော အားရှစ်မျိုးဟူသည်မှာ....

၁။ ငိုကြွေးခြင်းသည် ကလေးသူငယ်တို့၏ ကိုးစားရာ အားတည်း။

၂။ အမျက်ထွက်ခြင်းသည် မိန်းမတို့၏ ကိုးစားရာ အားတည်း။

၃။ လက်နက်အမျိုးမျိုးသည် ခိုးသူဒါးပြတို့၏ ကိုးစားရာ အားတည်း။

၄။ ကျယ်ဝန်းစွာသော နိုင်ငံနယ်ပယ်ကို အစိုးရခြင်းသည် ပြည့်ရှင်မင်းတို့၏ ကိုးစားရာ အားတည်း။

၅။ သူတပါးတို့ကို ကြုံကြုံဖန်ဖန် ကဲ့ရဲ့ခြင်းသည် လူမိုက်တို့၏ ကိုးစားရာ အားတည်း။

၆။ သေချာစွာ စူးစိုက်ဆင်ခြင်ခြင်းသည် ပညာရှိတို့၏ ကိုးစားရာ အားတည်း။

၇။ အဖန်ဖန် စဉ်းစားဆင်ခြင်ခြင်းသည် အကြားအမြင်များသော သူတို့၏ ကိုးစားရာ အားတည်း။

၈။ သူတပါးတို့၏ လွန်ကျူးလာသည့် အပြစ်ကို အမျက်မထွက် သည်းခံခြင်းသည် ရဟန်းပုဏ္ဏားတို့၏ ကိုးစားရာ အားတည်း။—

ဤရှစ်ပါးတို့ပင်ဖြစ်သည်။

## ရဟန်းနှင့် ပုဏ္ဏား

ဤရှစ်ခုမြောက်ဖြစ်သော သည်းခံခြင်းအားအရာ၌ ရဟန်းနှင့် ပုဏ္ဏားကို တွဲဖက်ပြဆိုထားရာ ထိုရဟန်းနှင့် ပုဏ္ဏားသည် အဆင့်အတန်း တူညီပါသလော

http://www.dhammadownload.com



ဟူ၍ တွေးတော မေးမြန်းဖွယ်ရှိ၏။ ရဟန်းအရမှာ သာသနာပြင်ပ၌ ရသေ့ တည်းဟူသော ရဟန်း၊ သာသနာတော်တွင်း၌ ဘုရား၏ တပည့်သားတော်များ ဖြစ်၍ အများသိသာပြီးဖြစ်သောကြောင့် အထူးပြဆိုရန် မလို။

(ပါဠိလို) ဗြာဟ္မဏ (မြန်မာလို)ပုဏ္ဏားဟု ခေါ်သော ပုဂ္ဂိုလ်အတွက်သာ စိစစ်ဖွယ် ရှိ၏၊ စိစစ်သော်ကား ...ဒီဃနိကာယ် ပါထိကဝဂ္ဂပါဠိ အဂ္ဂညသုတ်၌ ကမ္ဘာဦးအခါက လူများ အကျင့်ဖောက်ပြန်သည့်အတွက် မဟာသမ္မတမင်း မြှောက်တင်၍ အုပ်ချုပ်သည့်အခါတွင် အချို့သောသူတို့သည် "လောကကြီး၌ မကောင်းမှု တရားတွေ လွှမ်းမိုးနေလေပြီ၊ မင်းဖြင့် အုပ်ချုပ်ရလောက်အောင် ပင် မကောင်းမှု ထူထပ်သောသူတို့နှင့် ရောနှော၍ မနေလို၊ ငါတို့သည် တောတောင်အရပ်သို့ ချဉ်းကပ်ကာ မကောင်းမှုများကို ကိုယ်မှ အပပြုကာ နှင်ထုတ်မျှောလွှင့်၍ ပစ်ကုန်အံ့"ဟု တောအရပ်သို့ ချဉ်းကပ်ကာ ဈာန်တရား တို့ကို ရအောင်ပွါးများ၍ နေကြ၏၊ ဤသို့ နေသည့်အတွက် ထိုပုဂ္ဂိုလ်တို့ကို ဗြာဟ္မဏဟူ၍ ခေါ်ကြ၏။

ဗြာဟ္မဏဟူသော ပါဠိစကားမှာ မကောင်းမှုကို အပပြုသောသူ ဟူ၍ အဓိပ္ပါယ် ရရှိ၏၊ ထိုပုဂ္ဂိုလ်တို့သည် အစားအသောက်များကို မိမိတို့ဘာသာ ချက်ပြုတ်၍ မစားကြ၊ အလိုလို ကြွေကျသော သစ်သီးများကိုသော်၎င်း မြို့ရွာတို့မှ စားဖွယ်တို့ကို အလှူခံ၍သော်၎င်း စားကြကုန်၏။ ထိုပုဂ္ဂိုလ်တို့ကို ဗြာဟ္မဏဟူ၍ ခေါ်ခြင်းမှာ ဗြာဟ္မဏဟူသော ပါဠိမှ ထွက်သည့် အနက်အဓိပ္ပါယ် နှင့် ထိုသူတို့၏ အကျင့်ဂုဏ်သိက္ခာတို့ ညီညွတ်ကြသောကြောင့် (ပါဠိလို) ဂုဏဗြာဟ္မဏ-ဟူ၍ ခေါ်သည်၊ ဂုဏ်ကျေးဇူးအားဖြင့် ဗြာဟ္မဏမည်သောသူတို့ဟု ဆိုလိုသည်။

နောက် ကာလရှည်လျားလာသောအခါ ထိုဂုဏဗြာဟ္မဏ အဝင်အပါ အချို့ တို့သည် ဂုဏဗြာဟ္မဏပုဏ္ဏားတို့၏ အကျင့်အကြံ ဈာန်အားထုတ်မှုကို မပြုနိုင် သည့်အတွက် မြို့ရွာအနီး ချဉ်းကပ်ကြပြီးလျှင် မြို့ဦး ရွာဦးမှာ နေကာ ဗေဒင် ကျမ်းစာတို့ကို ရေးသားကြ၏၊ သင်ကြားလိုသူများကိုလည်း သင်ကြားပေး ကြ၏။ ထိုသူတို့ကား မကောင်းမှုကို ကိုယ်မှ အပပြုရန် ဈာန်အားထုတ်မှု မရှိတော့ချေ၊ သို့သော် ဗြာဟ္မဏ-ဟူသော အမည်ကိုကား ခံယူကြလျက်ပင် ရှိ၏၊ ထိုသူတို့ ခံယူသည့် ဗြာဟ္မဏ ဟူသော အမည်မှာ မိမိတို့၌ ဗြာဟ္မဏ ဖြစ်ထိုက်သည့် ဂုဏ်မရှိသဖြင့် ဂုဏဗြာဟ္မဏ မဟုတ်သော်လည်း ဂုဏဗြာဟ္မဏ အစစ်တို့မှ ဆင်းသက်လာသော အမျိုးအနွယ်ဖြစ်သောကြောင့် ဇာတိဗြာဟ္မဏ- ဟူ၍ ခေါ်သည်။ ထိုဇာတိဗြာဟ္မဏများကို ဈာန်ရအောင် အားမထုတ်နိုင်သည့် အတွက် ထိုအခါက အညှံ့စားတွေဟူ၍ အသိအမှတ် ပြုကြ၏။

http://www.dhammadownload.com



နောက် ကာလရှည်လျားလာသောအခါ ဈာန်ကို အားမထုတ်နိုင်စေကာမူ ဗေဒင်ကျမ်းဂန်ရေးခြင်း ဗေဒင်သင်ကြားပေးခြင်းများကို အခြေပြုကာ အမြတ်စား ပြုလုပ်ကြသဖြင့် အများကလည်း အမြတ်ဟူ၍ သမုတ်ကြပြန်၏။ ထိုဇာတိ ဗြာဟ္မဏ=အမျိုးအနွယ်မျှ ဖြစ်သည်ကို စွဲ၍ ခေါ်ရသော ဗြာဟ္မဏတို့သည် ဈာန်တရားဖြင့် တကယ်စင်စစ် ကိလေသာတို့ကို ပယ်ထုတ်မျှောလွှင့်ခြင်း မပြုနိုင်ကြစေကာမူ "ပယ်ထုတ်မျှောလွှင့်ခြင်းအမှု ပြုကြသေးသည်"ဟု လူအပေါင်းတို့အား ပြစားလိုသည့်အတွက် မြစ်ချောင်းများသို့ဆင်း၍ ရေစိမ်ကာ အညစ်အကြေးတို့ကို မျှောလွှင့်သည်ဟု ပြောဆိုပြုလုပ်ကြကုန်၏။

ဘူရိဒတ်ဇာတ်တော်မှာပင် ဘူရိဒတ်နဂါးမင်း ဥပုသ်ကျင့်သုံးရာမှ ပြန်နေကျ အချိန် နဂါးပြည်သို့ ပြန်မလာသောအခါ ညီတော်နောင်တော်တို့ အသီးအသီး လိုက်လံရှာဖွေကြသည်တွင် ဘူရိဒတ်နဂါးမင်းကို အလမ္ပာယ်အား ပြသပြစ်မှားသော နေသာဒပုဏ္ဏားသည် ယမုနာမြစ်ထဲသို့ဆင်း၍ ထိုပြစ်မှားမိသော အညစ်အကြေးများ စင်ကြယ်အောင် ဆေးလျှော်မည်ဟု ရေစိမ်နေရာ ညီတော်သုဘောဂနဂါးသည် ယမုနာမြစ်ကြောင်းမှ လျှောက်၍ ရှာဖွေအလာ နေသာဒပုဏ္ဏားကို တွေ့ရှိဖမ်းဆီးနှိပ်စက်၍ နဂါးပြည်သို့ ခေါ်ဆောင်သွားကြောင်း လာရှိသည်။

ဤသို့ ပုဏ္ဏားနှစ်မျိုးနှစ်စားရှိသည်တွင် "သည်းခံခြင်းသည် ရဟန်းပုဏ္ဏားတို့၏ အားဖြစ်သည်"ဟု ဟောကြားရာ၌ ပုဏ္ဏားအရ ဂုဏဗြာဟ္မဏကိုရည်၍ မြတ်စွာဘုရားဟောကြားတော်မူခြင်းဖြစ်သည်။ ဤအဂ္ဂညသုတ်ပါဠိတော်အရ သာသနာပအခါမှာ ဖြူစင်သော အဝတ်ကို ဝတ်ကာ မကောင်းမှု ကိလေသာကို ပယ်ရှားရန် ရည်သန်အားထုတ်နေသော သူများကို (ပါဠိလို) ဗြာဟ္မဏ= (မြန်မာလို) ပုဏ္ဏား-ဟု ခေါ်၏။ သာသနာတော်အတွင်း ရောက်သောအခါ ဗြာဟ္မဏ-ဟု ခေါ်ထိုက်သည့် မြင့်မြတ်သော ဂုဏ်အင်္ဂါတို့ကို အသီးအသီး ဖော်ပြလျက် ဂါထာပေါင်း (၄၂) လေးဆယ့်နှစ်ဂါထာတို့ဖြင့် "ဗြာဟ္မဏဝဂ်" ဟူ၍ ဝဂ်တဝဂ်ဖွဲ့လျက်ပင် ဓမ္မပဒပါဠိတော်၌ ဟောကြားထားတော်မူသည်။ ဤသို့ ဟောကြားအပ်သော ဗြာဟ္မဏတို့မှာ ဂုဏဗြာဟ္မဏချည်းသာ ဖြစ်ကြကုန်၏၊ ဤဂုဏဗြာဟ္မဏတို့မှာကား ထပ်မံကွဲပြားခြင်းမရှိ၊ ဇာတိဗြာဟ္မဏကသာ အမျိုးမျိုး အဖုံဖုံ ကွဲပြားလာ၏။

## ပုဏ္ဏားဟူသော ဝေါဟာရ

(ပါဠိလို)ဗြာဟ္မဏ ကို(မြန်မာလို)ပုဏ္ဏား-ဟု ခေါ်ခြင်းမှာ....ပါဠိသဘောသို့ လိုက်ခြင်းမရှိပဲ မြန်မာတို့၏ ဝေါဟာရ အဆင့်ဆင့် ပြောင်းလဲ ခေါ်ဝေါ်ခြင်းသာဖြစ်သည်။ မှန်၏....ရာဇဝင်ကြောင်းနှင့်ကြည့်လျှင် သရေခေတ္တရာ(ပြည်မြို့)

http://www.dhammadownload.com



ကောင်းစားစဉ်အခါက ဗြာဟ္မဏကို ဂဝံပတိဟူ၍ ခေါ်ခဲ့ကြ၏။ (ဗြာဟ္မဏတို့သည် များသောအားဖြင့် နွားမွေး၍ အသက်မွေး စားသောက်ကြသည်ကို စွဲပြီးလျှင် ပါဠိလို ဂဝံပတိ-ဟု ခေါ်ကြခြင်း ဖြစ်ရာ....ဂဝံ=နွားတို့၏၊ ပတိ= အရှင်၊ ဂဝံပတိ=နွားပိုင်ရှင်ဟု ဆိုလိုသည်။)

ဤဂဝံပတိ-ဟူသော စကားသည် ပါဠိစကားပင်ဖြစ်သော်လည်း ပုဏ္ဏားဟူသော အနက်ကို ဟောသည့် ပါဠိပုဒ်စုမှာ ဗြဟ္မဗန္ဓု ဒ္ဒိဇ ဝိပ္ပ ဗြဟ္မ ဘောဝါဒီ ဗြာဟ္မဏဟူ၍ ခြောက်မျိုးသာ မဂဓအဘိဓာန်၌ ပြဆိုသည်။ ဂဝံပတိဟူသော ပါဠိမပါချေ၊ ဤဂဝံပတိဟူသော စကားမှာ မြန်မာတို့က မျက်မြင်အကြောင်း အနက်ကို ကြည့်၍ မှည့်ခေါ်ပြောဆိုအပ်သော ပါဠိစကားသာ ဖြစ်၏။

သရေခေတ္တရာခေတ်လွန်မြောက် ပုဂံခေတ်သို့ ရောက်သောအခါ ဂဝံပတိဟူ၍ မခေါ်တော့ပဲ "ဟူးရားသမား"ဟူ၍ ပြောင်းလဲ ခေါ်လာ၏၊ ဟူးရားဟူသည် နက္ခတ်ဗေဒင်ကျမ်းများကို ခေါ်သော အမည်ဖြစ်၏၊ ထိုဗေဒင်ကျမ်းဂန် တတ်သော သူတို့ကို ဟူးရားသမားဟူ၍ ခေါ်၏၊ ဗေဒင်တတ်သော ပုဏ္ဏားတို့ကို ဟူးရားဖူးဟု ခေါ်၍ ပုဏ္ဏားမဟုတ်ပဲ ဗေဒင်တတ်သူတို့ကို ဟူးရာ ညို-ဟူ၍ ခေါ်ဝေါ်ကြသည်။

ပုဂံခေတ်လွန်မြောက် ပင်းယခေတ်သို့ ရောက်သောအခါ ဟူးရားဟူ၍လည်း မခေါ်တော့ပဲ ပုဏ္ဏားဟူ၍သာ ယခုကာလအထိ ခေါ်စမှတ်ပြုကြတော့၏၊ ဤသို့ ခေါ်ခြင်းအကြောင်းရင်းကို စိစစ်သော် ထိုဗေဒင်တတ်သူ ဟိန္ဒူလူမျိုးတို့သည် များသောအားဖြင့် ဣန္ဒိယနိုင်ငံ ပုနားမြို့မှသာ ပင်းယမြို့သို့ လာကြခြင်းကြောင့် လာရင်းမြို့၏ အမည်ကို အစွဲပြုကာ "ပုနား"ဟု ခေါ်ကြသည်။ ထိုပုနားမှ စကားရွေ့လျောကာ ပုဏ္ဏား-ဟူ၍ ခေါ်ဝေါ်ခြင်းဖြစ်သည်ဟု မှတ်ယူအပ်၏။

ခန္တီပါရမီခဏ်း ပြီး၏။

---

## (ဆ) သစ္စာပါရမီ

ဒါန သီလ နေက္ခမ္မ ပညာ ဝီရိယ....အဓိဋ္ဌာန မေတ္တာ ဥပေက္ခာ ဤ ပါရမီ ရှစ်ပါးတို့၌ မူလ ပါဠိရင်းအတိုင်း ဒါနပါရမီ သီလပါရမီ နေက္ခမ္မပါရမီ ပညာ ပါရမီ ဝီရိယပါရမီ အဓိဋ္ဌာနပါရမီ မေတ္တာပါရမီ ဥပေက္ခာပါရမီ ဟူ၍ ခေါ်ဝေါ် သုံးစွဲကြသော်လည်း ခန္တီနှင့် သစ္စာပါရမီတို့၌ကား မူလပါဠိရင်းအတိုင်း (ခန္တီပါရမီ၊ သစ္စပါရမီ-ဟူ၍) မခေါ်ဝေါ်တော့ပဲ ဆိုလွယ် ရွတ်လွယ် စေခြင်းငှါ မြန်မာဝေါဟာရ၌ ဒီဃသံဖြင့် ခန္တီပါရမီ သစ္စာပါရမီဟူ၍ ခေါ်ဆို သုံးစွဲအပ်

http://www.dhammadownload.com



လေသည်။ ထိုသို့ သုံးစွဲခေါ်ဆိုရာ၌ သည်းခံခြင်း မှန်ကန်ခြင်းဟူသော အနက်ရင်းသို့ပင် ဉာဏ်အမြင်သက်ရောက် အာရုံပြုနိုင်ကြသဖြင့် တစုံတရာ အပြစ်မဆိုထိုက်ချေ၊ ခန္တီပါရမီ သစ္စာပါရမီဟု ပြောဆိုသောအခါ ရွတ်လွယ် ဆိုလွယ်လည်း ရှိ၍ ဆိုလိုရင်း အနက်ကိုလည်း သိနိုင်ကြပေ၏။

## သောက်ရှူးကြယ်=သောကြာကြယ်၏အသွား

ဤသစ္စာပါရမီခန်း၌ "သောက်ရှူးကြယ်=သောကြာကြယ်သည် မိမိသွားမြဲလမ်းမှ မလွဲမဖယ်"ဟူသော စကား၏ အဓိပ္ပါယ်ကို ဗုဒ္ဓဝင်အဋ္ဌကထာ၌ "သောကြာကြယ်သည် ခြောက်လပတ်လုံး အရှေ့အရပ်သို့သွား၍ ခြောက်လပတ်လုံး အနောက်အရပ်သို့ သွား၏"ဟု ဖွင့်ပြ၏။ ဤအဋ္ဌကထာစကားမှာ တိုက်ရိုက်အဓိပ္ပါယ်ယူ၍ မသင့်နိုင်၊ အကြောင်းကား....သောကြာကြယ်သည် အခြားသော ကြယ်နက္ခတ်တာရာများကဲ့သို့ပင် သွားခြင်းသွားလျှင် အနောက်သို့သာ သွားရမည်ဖြစ်၏၊ အရှေ့သို့သွားခြင်း မဖြစ်နိုင်၊ ထိုသို့ မဖြစ်နိုင်သည့်အတွက် အဋ္ဌကထာစကားကို ပယ်ရမည်ကဲ့သို့ ရှိသော်လည်း ရှေးသူဟောင်းတို့ သင့်အောင် ကြံခဲ့ကြပုံမှာ ...သောကြာကြယ်ကို မိုးသောက်ခါနီး၌ အရှေ့အရပ်မှာ မြင်ရ၍ နေဝင်ပြီးနောက် ညဦးအချိန်ဖြစ်လျှင် အနောက်အရပ်မှာသာ မြင်ရသည် ဟူ၍ ပြောဆိုမှု ပြုကြကုန်၏။ ဤအဓိပ္ပါယ်ကို ရည်၍ပင် အရှင်မဟာသီလဝံသမထေရ်သည် ပါရမီတော်ခန်းပျိုပိုဒ်ရေ (၁၂၈)၌—

> ဥပမာဖြင့်၊ တူစွာလိုက်လျော်၊ သစ္စာကျော်ကို၊ ဖွေဖော်ပြည့်စုံ၊ ကြံတုံသမှု၊ အတန္တ၊ ကား၊ ရောရုနက္ခတ်၊ လကျိုးပတ်လျှင်၊ တောင်ထွတ်မြင်းမိုရ်၊ ရစ်သည့်ဂြိုဟ်တွင်၊ "တံန်းသိုတိုင်ဖွး၊ ကြယ်စိုင်ရှူးကား၊ အမှူးဖြစ်တန်၊ လွန်သားအရောင်၊ လ-တူဆောင်လျက်၊ မိုးခေါင်တိမ်ပြင်၊ နေဝင်နေထွက်၊ ရှေ့နောက်ဘက်၌၊ နှစ်လည်ကြိုက်လျှင်၊ မိုဃ်းမိုက်ဆောင်းနွေ၊ သုံးထွေရတု၊ လျော်သမှုလျှင်း ရာလုမလှဲ၊ အသွားမြဲဟု၊ ရဲရဲလျှံဝင်း၊ ဤကြယ်မင်းကို၊ ဖြောင့်စင်းလူနတ်၊ ချိန်ကြီးမှတ်သို့"၊ ဆုမြွတ်ရတော်၊ ရှင်တို့သော်လည်း၊ မျိုးဖော်သူစိမ်း၊ လူခပ်သိမ်းကို၊ သာငြိမ်းကြတန်၊ စကားမှန်ဖြင့်၊ မလွန်မယုတ်၊ တည်ကြည်ဟုတ်လျက်၊ နှုတ်နှင့်အမှု၊ အတူတူလျှင်၊ မည်သူမမှောင့်၊ ဉဇုဖြောင့်လျက်၊ ဆိုခေါင့်ဆိုခဲ၊ ဖွတ်လျှာစွဲကို၊ အောင်မြဲသစ္စာ၊ ခွန်းချင်းသာလျှင်၊ ။မြတ်စွာလျှာမြစ် တူးလသေး၊—

ဟူ၍ စပ်ဆိုတော်မူသည်။

http://www.dhammadownload.com



ဗေဒင်ဆရာများကမူ သန္တိဋ္ဌတွက်နည်းအရ ခြောက်လ တနင်္ဂနွေဂြိုဟ်၏ရှေ့မှ သွား၍၊ ခြောက်လ တနင်္ဂနွေဂြိုဟ်၏ နောက်မှ လိုက်ရသည်ဟု ပြောဆိုကြ၏။ ဤဗေဒင်ကျမ်းနှင့်ညီအောင် ဗုဒ္ဓဝင်အဋ္ဌကထာကို အနက်ယောဇနာမှုကား.... "ဆမာသေ၊ခြောက်လတို့ပတ်လုံး။ပစ္ဆိမံ ဒိသံ၊ တနင်္ဂနွေဂြိုဟ်၏ နောက်အရပ်သို့၊ ဂစ္ဆတိ၊ သွား၏။ ဆမာဓသေ၊ ခြောက်လတို့ပတ်လုံး။ ပုရိမံ ဒိသံ၊ တနင်္ဂနွေဂြိုဟ်၏ ရှေ့အရပ်သို့။ ဂစ္ဆတိ၊ သွား၏" ဟူ၍ အနက်ယောဇနာရာ၏။

အချုပ်မှတ်ယူရန်မှာကား....ပါဠိတော်လာသည့်အတိုင်း မည်သည့် အချိန် အခါမှာမဆို သောကြာဂြိုဟ်သည် မိမိသွားမြဲလမ်းမှ တိမ်းစောင်း ပြောင်းလွဲ ခြင်းမရှိ တည့်မတ်ဖြောင့်တန်းစွာသာ သွားသည့်အတွက် ဖြောင့်မှန်စွာသာ ပြောဆိုရမည်၊ ဤသို့ ပြောဆိုမှသာ သစ္စာဖြစ်သည်ဟူ၍ မှတ်ယူရာ၏။ ထို့ ကြောင့်ပင် အရှင်ဗုဒ္ဓဃောသ ဆရာတော်သည် ပါဋ္ဌဇာတ်အဋ္ဌကထာ၌ "သောက်ရှုးကြယ်မည်သည် အလုံးစုံသော ဥတုတို့၌ မိမိသွားမြဲလမ်းကို စွန့်ကာ အခြားလမ်းဖြင့် မသွားပဲ မိမိသွားမြဲလမ်းဖြင့်သာ သွားသကဲ့သို့ "ဟူ၍ ဖွင့်ပြ တော်မူသည်။

## သစ္စာနှစ်ပါး

သစ္စာဟူသည် ပညာတရား ဝီရိယတရားတို့ကဲ့သို့ ပရမတ္ထတရား သီးခြား တခုမဟုတ်၊ မချွတ်မယွင်း မှန်ကန်ခြင်း(တရားကိုယ်အားဖြင့်-ဝိရတီစေတသိက် စေတနာစေတသိက်စသည်)သဘောကိုသာ သစ္စာဟု ခေါ်ခြင်းဖြစ်၏။ မှန်ကန် ခြင်း သဘောကလည်း အရာသို့လိုက်၍ ကွဲပြားသည့်အတွက် သစ္စာတရားလည်း ကွဲပြားရလေသည်။ ကွဲပြားဟန်မှာ—

(၁) သမ္မုတိသစ္စာ၊

(၂) ပရမတ္ထသစ္စာ—

ဟူ၍ အရင်းခံသစ္စာ နှစ်ပါးရှိ၏။ ။ (သစ္စာဟူသည် သမ္မုတိသစ္စာ ပရမတ္ထ သစ္စာ ဟူ၍ နှစ်ပါး ရှိကြောင်း မြတ်စွာဘုရား ဟောကြားတော်မူသည်။ (ထိုသမ္မုတိသစ္စာ ပရမတ္ထသစ္စာနှစ်ပါးတို့အပြင်) သုံးခုမြောက်သစ္စာ ဟူ၍ မရ နိုင်၊ လောက၌ မရှိ။ ကထာဝတ္ထု အဋ္ဌကထာကျမ်းစသည်မှ။)

ထိုနှစ်ပါးတို့တွင်....(၁) သမ္မုတိသစ္စာဟူသည် လောက၌ လူအများတို့ ခေါ်ဝေါ်ပညတ် သမုတ်အပ်သည့်အတိုင်း မှန်ကန်ခြင်းပင် ဖြစ်၏။ လူအပေါင်း တို့သည် များသောအားဖြင့် မည်သည့်အရာမှာမဆို ပုံပန်း သဏ္ဌာန်ကို အစွဲပြု၍ ခေါ်ဝေါ်ပညတ် သမုတ်ကြ၏၊ သမုတ်ကြပုံကား....ဤပုံပန်း သဏ္ဌာန် ရှိသော အရာကို လူဟု ခေါ်သည်။ဤပုံပန်းသဏ္ဌာန်ရှိသော အရာကို နွားဟုခေါ်သည်၊

http://www.dhammadownload.com



ဤပုံပန်းသဏ္ဌာန်ရှိသောအရာကို မြင်းဟု ခေါ်သည့် အစရှိသည်ဖြင့်ငှင်း....၊လူတို့မှာလည်း ဤပုံပန်းသဏ္ဌာန်မျိုးဖြစ်သော အရာကား ယောကျ်ား၊ ဤ ပုံပန်းသဏ္ဌာန်မျိုး ဖြစ်သော အရာကား မိန်းမ-အစရှိသည်ဖြင့်ရင်း အသီးအသီး ခေါ်ဝေါ် ပညတ် သမုတ်ကြ၏။ ပစ္စည်းဝတ္ထု အမျိုးရှိသလောက် အမျိုးမျိုး ပညတ်သည်ကို အကျယ်ဖြန့်၍ သိရာ၏။

လူဟု သမုတ်ထားသော အရာကို လူဟု ပြောဆိုလျှင် သမ္မုတိသစ္စာ ဖြစ်၏၊ (တနည်း)သမုတ်ထားသည့်အတိုင်း မှန်ကန်၏။ နွားဟု ပြောဆိုလျှင် သမ္မုတိသစ္စာ မဖြစ်နိုင်၊ သမုတ်သည့် အတိုင်း မမှန်ကန်၊ မိန်းမဟု သမုတ်ထားသော အရာကို ယောကျ်ားဟု ပြောဆိုလျှင် သမ္မုတိသစ္စာမဖြစ်၊ သမုတ်ထားသည့် အတိုင်း မမှန်ကန်-ဤသို့ စသည်ဖြင့် သမ္မုတိသစ္စာ ဖြစ်-မဖြစ်ကို ခွဲခြားဝေဖန်၍ သိရာ၏။

## ပရမတ္ထသစ္စာ

ဤသို့ လူအများတို့ သမုတ်ရုံ သမုတ်ထားသည့် အရာမျိုးမဟုတ်ပဲ ကေန်မုချဆတ်ဆတ် ထင်ရှားရှိသော သဘောတရားကို ပရမတ္ထသစ္စာဟု ခေါ်၏။ ပုံစံမှာ "အာရုံအမျိုးမျိုးကို သိခြင်းသဘောသည် စိတ်မည်၏"ဟု ဆိုရာမှာ ထိုစိတ် ဟူသော စကားအရ အာရုံကို သိခြင်းသဘောသည် ပရမတ္ထသဘာဝ အားဖြင့် ထင်ရှားရှိ၍ မှန်ကန်သောကြောင့် ပရမတ္ထသစ္စာမည်၏။ "အချမ်းအပူ စသော ဆန့်ကျင်ဖက်အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်သော သဘော အစုကို ရုပ်ဖြစ်၏"ဟု ဆိုရာမှာ ထိုရုပ်ဟူသော သဘောတရားမှာ ပရမတ္ထ အားဖြင့် ထင်ရှားရှိ၍ မှန်ကန်သောကြောင့် ပရမတ္ထသစ္စာမည်၏။ ဤနည်း အားဖြင့် စိတ် စေတသိက် ရုပ် နိဗ္ဗာန်ဟူသော သဘောတရားတို့မှာ ပရမတ္ထ အားဖြင့် ထင်ရှားရှိ၍ မှန်ကန်သောကြောင့် ပရမတ္ထသစ္စာမည်၏ဟူ၍ မှတ်ယူအပ်၏။

## သညာနှင့် ပညာ

ထိုသစ္စာနှစ်ပါးတို့တွင် သမ္မုတိသစ္စာသည် သညာ၏ အာရုံဖြစ်၏၊(တနည်း) သညာဖြင့်သာ ထင်ရှားနိုင်၏။ ဤပုံသဏ္ဌာန်မျိုးကို လူ၊ ဤပုံသဏ္ဌာန်မျိုးကို ယောကျ်ား၊ ဤပုံသဏ္ဌာန်မျိုးကို မိန်းမ၊ ဤပုံသဏ္ဌာန်မျိုးကို နွား၊ ဤပုံသဏ္ဌာန်မျိုးကို မြင်းစသည်ဖြင့် ငယ်စဉ်ကပင်စ၍ ပုံပန်းကို အစွဲပြုကာ မှတ်သားထားခြင်းမှာ သညာတရားဖြစ်သည်၊ ထိုသညာအမှတ်အသားအားဖြင့် ကြည့်လျှင် လူကောင်ကြီး ထင်ရှားရှိ၏၊ ယောကျ်ားအကောင်အထည် မိန်းမအကောင် အထည်စသည်ဖြင့် အထင်အရှားရှိသည်ချည်းသာဖြစ်၏။

http://www.dhammadownload.com



ပရမတ္ထသစ္စာသည်ကား ပညာ၏ အာရုံဖြစ်၏၊ (တနည်း) ပညာဖြင့်သာ ထင်ရှားနိုင်၏၊ ပညာထက်လေလေ ပရမတ္ထသစ္စာကို ကြည့်၍ မြင်လေလေ ဖြစ်၏။ပညာဟူသည် မည်သည့်အရာမျိုးကိုမဆို ခွဲခြားစိတ်ဖြာ၍ သဘာဝအရင်းကို ရှာဖွေဆင်ခြင် သိမြင်ခြင်းပင်ဖြစ်၏၊ "အာရုံအမျိုးမျိုးကို သိခြင်းသဘောသည် စိတ်မည်၏"ဟု ဆိုရာ၌ အာရုံအမျိုးမျိုးကို သိခြင်းသဘော၏ ထင်ရှားရှိ ထိုက် မရှိထိုက်ကို ပညာဖြင့် စူးစမ်းဆင်ခြင်သော် ထင်ရှားရှိကြောင်း ကောင်းစွာ သိမြင်၏၊ သိမြင်ပုံမှာ....လောက၌ သိခြင်းဟူ၍ ထင်ရှားမရှိခဲ့လျှင် သတ္တဝါဟူ၍ လည်း မရှိတော့ပဲ ကျောက်ခဲ ကျောက်လုံး တုံး တိုင် စသည်တို့ကဲ့သို့သော ရုပ်တရားအစုတို့ချည်း ဖြစ်၍နေလေရာ၏၊ ထိုရုပ်တရားတို့မှာ သိခြင်းသဘော မရှိ။ ယခုသတ္တဝါတို့မှာကား အာရုံအမျိုးမျိုးကို သိမြင်လျက်ရှိကြသည်ချည်း ဖြစ်၏၊ ဤကဲ့သို့ ဝေဖန်စဉ်းစား ဆင်ခြင်လိုက်လျှင် အာရုံကို သိခြင်းသဘော (စိတ်)တရား ထင်ရှား ပေါ်ပေါက်လာ၏။

သို့ဖြစ်၍ (မြန်မာလို) သိခြင်း=(ပါဠိမှဆင်းသက်လာသည့် မြန်မာလို) စိတ်-ဟု ခေါ်သောအရာသည် ပရမတ္ထအားဖြင့် ထင်ရှားရှိ၏ဟု ဆိုလိုက်လျှင် ပညာဖြင့် ဆင်ခြင်လေ့ရှိသောသူ၏အဖို့မှာ စဉ်းစားလေလေ ထင်ရှားလေလေ ဖြစ်ပေ၏၊ သညာဖြင့် ကြည့်ရှုသောသူ၏ အဖို့မှာကား မထင်ရှားနိုင်ချေ၊ ပျောက်ကွယ်သွားမည်သာ ဖြစ်၏။ အကြောင်းကား....သညာသည် ပြခဲ့သော အတိုင်း ပုံပန်းသဏ္ဌာန်ကို မှတ်သားသော တရားဖြစ်၍ "စိတ်တရားရှိသည်"ဟု ဆိုလိုက်လျှင် ထိုစိတ်သည် အလုံးလော၊ အပြားလော၊ လေးထောင့်လော၊ အမှုန့်လော၊ အရည်လော၊ အခိုးအငွေ့လော-စသည်ဖြင့် ပုံပန်းသဏ္ဌာန်ကိုသာ စိစစ်မေးမြန်းမည်ဖြစ်၏၊ ဤသို့ မေးလျှင် စိတ်ကို အလုံးဟူ၍ငင်း အပြားဟူ၍ ငင်း လေးထောင့်ဟူ၍ငင်း အမှုန့်ဟူ၍ငင်း အရည်ဟူ၍ငင်း အခိုးအငွေ့ဟူ၍ငင်း ဖြေဆိုနိုင်ခွင့် မရှိချေ၊ ဤသို့ မဖြေဆိုနိုင်လျှင် စိတ်ဟူ၍ မရှိကောင်းပြီ၊ ရှိးရှိး မှန်ပါလျှင် အလုံးသော်လည်း ဖြစ်ရမည်၊ အပြားသော်လည်း ဖြစ်ရမည်၊ ဤသို့စသည်ဖြင့် သညာသမားသည် အကောင်အထည်ကိုသာ တမ်းတမ်းစွဲ ဖြစ်နေပြီးလျှင် အကောင်အထည်မရကောင်းသည့်အတွက် စိတ်ဟူ၍ မရှိကောင်း ဟု ပြောဆိုလေရာ၏။

ဤပရမတ္ထသစ္စာကို သညာသမား၏ အမြင်ဖြင့် ကြည့်လျှင် ကြည့်စဉ် ကြည့်စဉ်ပင် အကောင်အထည် ရှာ၍ မရသကဲ့သို့ (ဝါ-ပျောက်ကွယ်သွား သကဲ့သို့) သမ္မုတိသစ္စာကိုလည်း ပညာသမား၏ အမြင်ဖြင့် ကြည့်လျှင် ကြည့်စဉ် ကြည့်စဉ်ပင် အကောင်အထည်ရှာ၍မရ ပျောက်ကွယ်သွားသည်သာ ဖြစ်၏။ ပျောက်ကွယ်သွားပုံမှာ....လူဟုခေါ်သော သမ္မုတိသစ္စာကို ပညာ၏ ခွဲခြမ်းဝေဖန်လေ့ရှိသည့်သဘောဖြင့် ဆံပင်-မွေးညင်း-ခြေသည်း လက်သည်း

http://www.dhammadownload.com



စသည်ဖြင့် သုံးဆယ့်နှစ်ပုံ စုပုံပြီးလျှင် "ဆံပင်ကို လူခေါ်သလော"ဟု မေးလျှင် ခေါ်သည်ဟု မဖြေနိုင်၊ မွေးညင်းကို လူခေါ်သလောဟု မေးလျှင်လည်း ခေါ်သည်ဟု မဖြေနိုင်၊ ဤနည်းအရ သုံးဆယ့်နှစ်စုလုံးကုန်အောင် တခုစီ တခုစီ ထုတ်ကာ လူခေါ်သလောဟု မေးလျှင် မခေါ်နိုင်ကြောင်းကိုသာ ဖြေရမည် ဖြစ်၏။ ဤသို့ လူတကောင်လုံးကို သုံးဆယ့်နှစ်စိတ် စိတ်၍ မေးသောအခါ မည်သည့်အစိတ်ကိုမျှ လူဟူ၍ မခေါ်နိုင်ပါလျှင် လူဟူ၍ မရှိကောင်းဟု ပညာသမားက ပြောဆိုမည်သာ ဖြစ်၏။

ဤသို့လျှင် သမ္မုတိသစ္စာ=ပညတ်တရားကို ဆိုင်ရာ သညာဖြင့် ကြည့်မှသာ ထင်ရှား၍ ပညာဖြင့် ကြည့်လျှင် ပျောက်ကွယ်သွားမည်ဖြစ်၏။ ပရမတ္ထသစ္စာကိုလည်း ပညာဖြင့် ကြည့်မှသာ ထင်ရှား၍ သညာဖြင့်ကြည့်လျှင် ပျောက်ကွယ်သွားမည်ဖြစ်၏။

ဤအရာ၌ အထူးသတိပြုဖွယ် ကောင်းသောအချက်မှာ "နိဗ္ဗာန်"တည်းဟူသော ပရမတ္ထတရားကြီးပင် ဖြစ်၏။ ဤနိဗ္ဗာန်ဟူသော ပရမတ္ထတရားမှာ စိုးရိမ်ပူပန်ခြင်း ဆင်းရဲခြင်း အလုံးစုံတို့ ကင်းရှင်း အေးငြိမ်းသော သဘောကြီးဖြစ်၏၊ ဤကဲ့သို့ အေးငြိမ်းခြင်းကို ထက်မြက်သော ပညာဖြင့် ဆင်ခြင်နိုင်မှ ထင်ရှားသိမြင်နိုင်မည် ဖြစ်၏၊ သညာဖြင့် ကြည့်လျှင် ပျောက်ကွယ်သွားမည်သာ ဖြစ်၏။

## သညာသမား၏ အမြင်

ယခုကာလ အချို့သောသူတို့က "နိဗ္ဗာန်ဟူသည် ထီးနန်းဘုံဗိမာန်ကြီးနှင့်လော၊ နိဗ္ဗာန်ဝင်စံသော ပုဂ္ဂိုလ်များသည် မည်သည့်အခြေအနေတွင် စံနေရပါသနည်း"စသည်ဖြင့် မေးမြန်းတတ်ကြ၏။ ဤသို့မေးမြန်းခြင်းသည် ပရမတ္ထစင်စစ်ဖြစ်၍ ပညာ၏အရာသာဖြစ်သော နိဗ္ဗာန်ကို သညာဖြင့်သာ မေးမြန်းခြင်း ဖြစ်သည်ဟူ၍ မှတ်ယူအပ်၏။

အမှန်အားဖြင့်ကား....နိဗ္ဗာန်မှာ ထီးနန်းဘုံဗိမာန်ကြီးဟူ၍လည်း မရှိ၊ ဝင်စံတည်နေသည့် ပုဂ္ဂိုလ်ဟူ၍လည်း မရှိဟု မှတ်အပ်၏။ (သန္တိနိဗ္ဗာန်ကို အရဟတ္တမဂ်ဖိုလ်ပေါက် အာရုံပြု မျက်မှောက်ပြုရသော ပုဂ္ဂိုလ်တို့မှာ ထိုဘဝ နောက်ဆုံးဖြစ်သော ပရိနိဗ္ဗာနစုတိ၏ နောက်ကာလဝယ် တစုံတခုသော ဘဝမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာအသစ် မဖြစ်တော့ပဲ မီးတောက်ကြီးငြိမ်းသည့်ပမာ ငြိမ်းအေးရပ်စဲသွားသည်ကို ပရိနိဗ္ဗာန် စံသည်ဟု ခေါ်ဆိုခြင်း ဖြစ်သည်၊ ပုဂ္ဂိုလ်အကောင်အထည်ကြီးဖြင့် နိဗ္ဗာန်၌ တည်နေသည် မဟုတ်ချေ။)

http://www.dhammadownload.com



ဤအတိုင်းသာဆိုပါလျှင် နိဗ္ဗာန်ဟူ၍ပင် ထင်ရှားမရှိတော့ပြီ၊ ဤသို့ ထင်ရှားမရှိသည့်အတွက် အသုံးမဝင် လိုချင်ဖွယ်ရာ မရှိသောတရားဟူ၍ သညာသမားတို့က ထင်မှတ်တတ်ကြ၏။ ဤသို့သော သညာသမားများကို အားပေးလိုသည့်အတွက်....“နိဗ္ဗာန်ဟူသည် ပျက်စီးခြင်း မရှိနိုင်သော ထီးနန်း ဘုံဗိမာန်ကြီးများမှာ သေကြေပျက်စီးခြင်း မရှိနိုင်သော ရုပ်အထူး နာမ်အထူး တို့ဖြင့် လောကီဖက်မှ မတူနိုင်းသာသော စည်းစိမ်ကို ခံစားနေရသည်”ဟု ပြောဆိုတတ်ကြ၏၊ ထိုသို့ ပြောဆိုသောအခါ သညာသမားများက မိမိတို့ စွဲလမ်းနေကျ ပုံပန်းသဏ္ဌာန်ကြီး ရှိသည်ဆိုသောကြောင့် များစွာပင် အားရကျေနပ် ရှိတတ်ကြသည်။

စင်စစ်သော်ကား....သညာသဘောဖြင့် ကြည့်၍ အကောင်အထည် သဏ္ဌာန် ကြီး ထင်ရှားတွေ့ရှိနေပါလျှင် ပရမတ်အစစ် မဟုတ်၊ ပညတ်သာ ဖြစ်၏။ ဤအတူ ပညာဖြင့် ကြည့်၍ အကောင်အထည် မရှိပဲ ပျောက်ကွယ်သွားပါလျှင် ပညတ်စင်စစ်ဖြစ်၏၊ မပျောက်ကွယ်ပဲ ကြည့်လေကြည့်လေ သဘာဝသတ္တိ ထင် ရှားရှိလေလေ ဖြစ်မူ ပရမတ္ထတရားစင်စစ် ဖြစ်၏ဟူ၍ မှတ်ယူအပ်၏။ သို့ဖြစ်၍ အေးငြိမ်းခြင်းမျှသာ ဖြစ်သော အလွန်ထူးမြတ်လျက် ပရမတ္ထတရားအစစ် ဖြစ်သည့် နိဗ္ဗာန်ကို ပုံပန်းသဏ္ဌာန် အထည်ဒြပ်ကို ဖမ်းယူလေ့ရှိသော သညာဖြင့် မရှာဖွေပဲ အထည်ဝတ္ထုဒြပ်ကို ဖယ်ရှားကာ သဘောရင်းစစ်စစ်ကိုသာ ရှာဖွေ လေ့ရှိသော ပညာဉာဏ်ဖြင့် နိဗ္ဗာန်ဟု ခေါ်အပ်သော အေးငြိမ်းခြင်းတရား ထင်ရှားပေါ်လာအောင် အားထုတ်စဉ်းစား ဆင်ခြင်ကြကုန်ရာ၏။

ဤသမ္မုတိသစ္စာနှင့် ပရမတ္ထသစ္စာ နှစ်ပါးတို့သည် ပြခဲ့ပြီးသောအတိုင်း မိမိတို့ဆိုင်ရာ သဘောအားဖြင့် မှန်ကန်သည်ချည်းသာ ဖြစ်ကြ၏၊ လောကဉ်.... တယောက်သောသူသည် ပညတ်သဘောကို ရည်ရွယ်ကာ “လူဟူ၍ရင်း ယောကျ်ားဟူ၍ရင်း မိန်းမဟူ၍ရင်း ထင်ရှားရှိပါသည်၊ ကျွန်ုပ်၏စကား မမှန်ခဲ့ ပါလျှင် ကျမ်းစူးပါစေသား”ဟူ၍ ပြောဆိုလျှင်ရင်း....၊ အခြားတယောက်သော သူက ပရမတ္ထသဘောကို ရည်ရွယ်ကာ “လူဟူ၍ရင်း ယောကျ်ားဟူ၍ရင်း မိန်းမဟူ၍ရင်း ထင်ရှားမရှိ၊ ကျွန်ုပ်၏စကား မမှန်ခဲ့ပါလျှင် ကျမ်းစူးပါစေသား” ဟူ၍ ပြောဆိုလျှင်ရင်း ထိုသူနှစ်ယောက်လုံးပင်လျှင် ကျမ်းမစူးနိုင်သည်သာ ဖြစ်၏။ အကြောင်းကား ထိုသူနှစ်ဦးတို့၏ စကားမှာ ဆန့်ကျင်၍ နေသော် လည်း ရည်ရွယ်ချက်အခြေခံ တမျိုးစီဖြစ်၍ ကိုယ့်အခြေခံ ကိုယ့်ရည်ရွယ်ချက်၊ ဖြင့် ကိုယ် မှန်ကန်သည်ချည်းသာ ဖြစ်သောကြောင့်တည်း။ လူ-ယောကျ်ား- မိန်းမဟူ၍ ထင်ရှားရှိပါသည်ဟု ပြောဆိုသောသူ၏ စကားမှာ သမ္မုတိပညတ် အနေအားဖြင့် မှန်ကန်သည်သာဖြစ်သောကြောင့် သမ္မုတိသစ္စာဟူ၍ မှတ်ယူ

http://www.dhammadownload.com



အပ်၏။ လူ-ယောကျ်ား-မိန်းမဟူ၍ မရှိကောင်းပါဟု ပြောဆိုသောသူ၏ စကား မှာလည်း ပရမတ္ထအနေအားဖြင့် မှန်ကန်သည်သာဖြစ်သောကြောင့် ပရမတ္ထ သစ္စာ ဟူ၍ မှတ်ယူအပ်၏။

သို့ဖြစ်၍... မြတ်စွာဘုရားများသည် ကေန်ထင်ရှားရှိသော ပရမတ္ထသဘော ကိုသာ ဟောတော်မူလိုရင်း ဖြစ်သော်လည်း ပညတ်တရားကို ကျော်လွန်ဖယ် ရှား၍ တရားဟောတော်မမူကြပဲ ပညတ်တရားနှင့် တွဲဖက်၍သာ တရားဟော တော်မူကြကုန်သည်။ တရားဦးဖြစ်သော ဓမ္မစကြာ၌ပင် ဟောတော်မူလိုရင်းမှာ အယုတ်တရား နှစ်ပါးနှင့် မဇ္ဈိမပဋိပဒါတရားတို့ကိုသာ ဟောတော်မူလိုရင်း ဖြစ်သော်လည်း ပညတ်ဖြစ်သော ရဟန်းနှင့်တွဲဖက်ကာ "အယုတ်တရား နှစ်ပါး တို့ကို ရဟန်းဖြစ်သောသူသည် မမှီဝဲအပ်" စသည်ဖြင့် ဟောတော်မူ၏။

## ပညတ်အရေးကြီးပုံ

(တနည်းဥာဏ်ဖြင့်) မြတ်စွာဘုရားသည် ပရမတ္ထတရားကို ဟောတော်မူရာ၌ သိသာထင်ရှားစေရန်မျှသာ ရည်ရွယ်၍ သမ္မုတိပညတ်နှင့် တွဲဖက် ဟောကြား ရသည် မဟုတ်၊ သတ္တဝါတို့အတွက် ပရမတ္ထတရား အရေးကြီးသလောက် သမ္မုတိ သစ္စာ ပညတ်တရားသည်လည်း အရေးကြီးပေ၏။ အရေးကြီးပုံမှာ....အကယ်၍ မြတ်စွာဘုရားသည် ပရမတ္ထတရားစုကိုသာ ဟောကြားထားပါက ထိုတရား တော်ကို သင့်တင့်မှန်ကန်စွာ နှလုံးသွင်းသူတို့အဖို့ "လောက၌ ရှိရှိသမျှတို့သည် မမြဲသော အနိစ္စတွေချည်းသာ ဖြစ်သည်၊ ဆင်းရဲသော ဒုက္ခတွေချည်းသာ ဖြစ်သည်၊ အလိုသို့ မလိုက်ပါ အခိုင်အမာ မဟုတ်သော အနတ္တတွေချည်းသာ ဖြစ်သည်"ဟူ၍ ပရမတ္ထသဘောအတိုင်း နှလုံးသွင်းကာ ဝိပဿနာတရား အားထုတ်၍ မဂ်ဖိုလ်နိဗ္ဗာန်လမ်း ဖြောင့်တန်းသွားကြမည် ဖြစ်၏။

မသင့်မတင့် နှလုံးသွင်းကြသူတို့အဖို့မှာမူကား "လောက၌ အနိစ္စ ဒုက္ခ အနတ္တဖြစ်သော ရုပ်နာမ်အစုအဝေးသာ ရှိသတဲ့၊ ငါဟူ၍ မရှိ၊ သူတပါးဟူ၍ မရှိတဲ့၊ ငါ သူတပါးဟူ၍ မရှိလျှင် ငါ့ဥစ္စာ ငါ့သား ငါ့မယားဟူ၍ မရှိ၊ သူတပါး ဥစ္စာ သူတပါးသားမယားဟူ၍ မရှိ၊မည်သည့်ပစ္စည်းကိုမဆို အလိုရှိသလိုသုံးစွဲနိုင် သည်။ သူတပါးဟူ၍ မရှိသည့်အတွက် သူ့အသက်ကိုသတ်သည့် ပါဏာတိပါတ ဒုစရိုက်ဟူ၍ မရှိနိုင်၊ သူ့ ပစ္စည်းကို ခိုးမှုဟူ၍ မရှိနိုင်၊ သူတပါးမရှိသည့်အတွက် သူတပါးမယားဟူ၍လည်း မရှိရကား သူ့ အိမ်ရာကို လွန်ကျူးမှု=ကာမေသု မိစ္ဆာစာရ ဟူ၍လည်း မရှိနိုင်" အစရှိသည်ဖြင့် ထင်ရာစိုင်း၍ ဒုစရိုက်မျိုးစုံ အောင်ပြုကုန်ကြတော့မည်။ထိုသို့ပြုလျှင် သေသည်၏အခြားမဲ့၌ အပါယ်လေးဘုံ သို့သာ လားကြရကုန်တော့မည်။ ဤသို့သော အပါယ်ဘေးမှ ကာကွယ် ကယ်တင်ရန် သုတ္တန်ဒေသနာတည်းဟူသော သမ္မုတိသစ္စာ ပညတ်တရားကို

http://www.dhammadownload.com



ဟောတော်မူရသည်။ သို့ဖြစ်၍ သုတ္တန်ဒေသနာတော်သည် သတ္တဝါတို့ အပါယ်လေးပါးသို့ မကျရောက်ရန် များစွာ ကာကွယ်ထောက်ပံ့သော ဒေသနာတော် ဖြစ်သည်။

အပါယ်ဘေးကို ကာကွယ်ရုံမျှသာ မဟုတ်သေး၊ လူဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝ-ဟူသော သုဂတိဘဝသို့လည်း ရောက်စေနိုင်၏။ အကြောင်းကား.... ထိုသုဂတိဘဝသို့ ရောက်စေတတ်သည့် ဒါနကောင်းမှု သီလကောင်းမှု သမထဘာဝနာမှုတို့ကို သုတ္တန်ဒေသနာတော်၌ အများဆုံး ဟောကြားအပ်သော ကြောင့်တည်း။ ဒါနကောင်းမှုတခု ဖြစ်မြောက်ရန် စေတနာ အလှူခံပုဂ္ဂိုလ် အလှူပေးပုဂ္ဂိုလ် လှူဖွယ်ဝတ္ထု ဤအချက်တို့ ပြည့်စုံမှ ဖြစ်နိုင်သည်။ ထိုတွင် စေတနာတခုသာ ပရမတ္ထဖြစ်၍ ကျန်သုံးချက်တို့မှာ ပညတ်ချည်း ဖြစ်ကြသည်၊ ပညတ်ကို လုံးဝပယ်ရှားလိုက်က ဒါနဟူ၍ပင် ဖြစ်နိုင်ခွင့် မရှိတော့ပြီ။ (သီလ သမထတို့၌လည်း ဤနည်းအတူပင်။) သို့ဖြစ်၍ သမ္မုတိသစ္စာ ပညတ်တရားသည် ဆိုခဲ့ပြီးသောအတိုင်း သုဂတိဘဝသို့ ရောက်စေနိုင်၏ဟူ၍ ယုံမှားမရှိမှတ်ယူရာ၏။ အယုတ်သဖြင့် သမ္မုတိသစ္စာတရားကို လုံးဝပယ်ရှားထားလျှင် ဘုရားဖြစ်ခြင်း၏ အကြောင်း ပါရမီကောင်းမှုတို့ကိုပင် ပြု၍ ဆည်းပူး၍ ရနိုင်တော့မည် မဟုတ်ချေ။

သုတ္တန်ဒေသနာတော်ချည်း သက်သက် ဟောထားပါက ဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဒုစရိုက်မှုတို့ကို မပြုကြမည်မှန်သော်လည်း "မြတ်စွာဘုရားကိုယ်တိုင်က ငါ သူတပါး ငါ့ဥစ္စာ သူ့ ဥစ္စာ ငါ့သားမယား သူ့ သားမယား ရှိသည်-စသည်ဖြင့် ဟောကြားထားတော်မူသည့်အတွက် ငါ့ကိုယ် ငါ့ဥစ္စာ ငါ့သားမယား စသည်တို့ တကယ်ရှိသည်" စသည်ဖြင့် အစွဲအလမ်း ကြီးကျယ်ကာ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိရန်အရေး တစတစဝေးမည်ဖြစ်၍ သတ္တဝါတို့ကို မဂ်ဖိုလ်နိဗ္ဗာန် ရောက်အောင်ပို့ ဆောင်ကယ်တင်တော်မူရန် အဘိဓမ္မာဒေသနာတော်-တည်းဟူသော ပရမတ္ထသစ္စာကို ဟောကြားတော်မူရပြန်သည်။

## သစ္စာနှစ်ပါး ဟောရပုံ

အဘိဓမ္မာဒေသနာတော်ဖြင့် လောကမှာ ငါ ငါ့ဥစ္စာ ငါ့သားမယား စသည် ရှိ၏ဟု သုတ္တန်အလို ဟောအပ်သော်လည်း လောကပညတ်သဘောအနေ မှန်ရာသို့ လိုက်၍ ဟောတော်မူခြင်းမျှသာ ဖြစ်သည်၊ အကယ်စင်စစ် ငါ သူတပါး ယောကျ်ား မိန်းမ စသည် မရှိ၊ သို့ဖြစ်၍ ပညတ်အနေအားဖြင့်သာ ခေါ်ဝေါ်သမုတ်အပ်သော ငါ သူတပါး ယောကျ်ား မိန်းမ စသည်တို့ကို စင်စစ် ထင်ရှားရှိသော အရာတွေဟု စွဲမှတ်ကာ မနေအပ်၊ အလုံးစုံပင် အနိစ္စ ဒုက္ခ အနတ္တတွေချည်းသာ ဖြစ်သည်ဟု ငါ သူတပါး ယောကျ်ား မိန်းမ စသည် အထင်မှားမှုများကို ပယ်ခွါစေတော်မူရပြန်သည်။

http://www.dhammadownload.com



ဤသို့လျှင် သမ္မုတိသစ္စာသို့ လိုက်ကာ လောကမှာ ငါ သူတပါး ယောကျ်ား မိန်းမ စသည် ပညတ်အနေအားဖြင့် ရှိသည်ဟူ၍ရင်း (သို့မဟုတ် သမ္မုတိသစ္စာ အနေအားဖြင့် ရှိသည်ဟူ၍ရင်း) စင်စစ် ငါ သူတပါး ယောကျ်ား မိန်းမ စသည် ပရမတ္ထအနေအားဖြင့် ထင်ရှားမရှိကောင်း ဟူ၍ရင်း သစ္စာနှစ်ပါးအရာ လိုက်နာ ကျင့်ကြံကြစေလိုသည့်အတွက် သစ္စာနှစ်ပါးလုံးကိုပင် မြတ်စွာဘုရား ဟော ကြားတော်မူရသည်။

## သဘာဝသစ္စာနှင့် အရိယသစ္စာ

ထို သစ္စာနှစ်ပါးတို့တွင် ပရမတ္ထသစ္စာကမှ တဖန် (က) သဘာဝသစ္စာ (ခ) အရိယသစ္စာ ဟူ၍ နှစ်ပါးပြားပြန်သည်။ စိတ် စေတသိက် ရုပ် နိဗ္ဗာန် တည်းဟူသော ပရမတ္ထတရား အားလုံးသည်ပင်လျှင် သဘာဝသစ္စာ ဖြစ်၏၊ အကြောင်းမှာ ထိုအလုံးစုံသည်ပင် ပရမတ္ထသဘောအားဖြင့် မှန်ကန်သည်ချည်း ဖြစ်သောကြောင့်တည်း။

ဤသဘာဝသစ္စာအရ လောကီတရားထဲမှာ ကိုယ်၏ ချမ်းသာခြင်း တည်း ဟူသောသုခ၊ စိတ်၏ ချမ်းသာခြင်းတည်းဟူသော သောမနဿ တရားများ ထင်ရှားရှိကြ၏၊ နှစ်သက်ဖွယ်ကောင်းသော အတွေ့နှင့် တွေ့ထိနေရလျှင် ထိုအတွေ့အထိအတွက် ကိုယ်မှာ ချမ်းသာသုခ ဖြစ်၏၊ (အရပ်ပြောအလို သဘောကျ၍နေ၏၊) ဤသို့ ပြောဆိုရမှာ မဟုတ်မမှန်နိုင်ပါ၊နှစ်သက်ဖွယ်သော အတွေ့နှင့် တွေ့ထိနေရခြင်းသည် မကောင်းပါဟူ၍ မည်သူကမျှ ငြင်းနိုင်ကြမည် မဟုတ်။ ဤသို့ မငြင်းနိုင်ကြခြင်းမှာ နှစ်သက်ဖွယ်အတွေ့ (ဣဋ္ဌဖောဋ္ဌဗ္ဗာရုံ)နှင့် တွေ့ထိက ကိုယ်မှာ ချမ်းသာသုခ အမှန်ပင်ဖြစ်သောကြောင့်တည်း။

ဤနည်းအတူ စိတ်ထဲမှာ နှစ်သက်ဖွယ်ရာ အကြောင်းအာရုံနှင့် တွေ့ကြုံ နေပါလျှင် ထိုသူ၏ စိတ်သည် ချမ်းသာမည် ကေန် ဖြစ်၏၊ ပါဠိလို သောမနဿ ဝေဒနာဖြစ်၏၊ မဖြစ်နိုင်ဘူးဟူ၍ မည်သူမျှ မငြင်းနိုင်ပေ၊ အကြောင်းကား အမှန်ပင် စိတ်ချမ်းသာခြင်း သောမနဿတရား ထင်ရှားရှိနေသောကြောင့် တည်း။ ဤသို့လျှင် သဘာဝသစ္စာနည်းအရ လောကီတရားထဲ၌ ကိုယ်၏ ချမ်းသာခြင်း သုခနှင့် စိတ်၏ချမ်းသာခြင်း သောမနဿတရား နှစ်ပါးတို့ ထင်ရှားရှိသည်ကို သိအပ်၏။

## အရိယသစ္စာခန်း

### ဒုက္ခအရိယသစ္စာ

အရိယသစ္စာနည်းသို့ ရောက်သောအခါ လောကီတရားထဲ၌ ကိုယ်၏ ချမ်းသာခြင်းသုခ စိတ်၏ချမ်းသာခြင်း သောမနဿဟူ၍ မရှိကောင်းတော့ပြီ။ သဘာဝသစ္စာနည်းအတိုင်းသာ ထိုသုခ သောမနဿတို့ ရှိသည်ဟူ၍ စွဲမြဲ

http://www.dhammadownload.com



ထင်မှတ်နေလျှင် လောကီတရားတို့ကို ပယ်ခွါနိုင်တော့မည်မဟုတ်၊ မပယ်ခွါနိုင်လျှင် အရိယာအဖြစ်သို့ ရောက်နိုင်မည်မဟုတ်။ သို့ဖြစ်၍ အရိယာဖြစ်လိုသော ပုဂ္ဂိုလ်သည် သဘာဝသစ္စာနည်းအရ သုခ သောမနဿဟူ၍ ခေါ်ဆိုအပ်သော အရာစုကို ဒုက္ခဟူ၍သာ ထင်မြင်အောင် ရှုရာ၏၊ သဘာဝသစ္စာနည်းအရ သုခ သောမနဿဟူ၍ ခေါ်ဝေါ်အပ်သော တရားစုသည် မဖောက်မပြန် အမြဲတည်နေသော တရားစုမဟုတ်၊ ခဏအတွင်း ဖောက်ပြန်မည့်တရားစုဖြစ်၏။

လောက၌ လူ့ စည်းစိမ် နတ်စည်းစိမ်တို့သည် ချမ်းသာဖွယ် ဝမ်းမြောက်ဖွယ်ချည်း ဖြစ်သည်ဟု ပုထုဇန်အများတို့ ထင်မှားမက်မောကြ၏၊ ထိုသို့ မက်မောခြင်းမှာ ထိုစည်းစိမ်စု၏ မတည်မမြဲ ဖောက်လွဲဖောက်ပြန် ဖြစ်လိမ့်မည့် သဘောကို မသိသောကြောင့်ဖြစ်၏။ ဤသို့ မသိမြင်ခြင်းမှာ အမြော်အမြင် ပညာနည်းပါး မက်မောတွယ်တာခြင်း တဏှာလောဘ အားကြီးသောကြောင့်ဖြစ်၏။ ပညာအမြော်အမြင်ရှိသော သူတို့ကမူကား မဖောက်ပြန်သေးမီ ချမ်းသာဖွယ် နှစ်သက်ဖွယ်ဟူ၍ ထင်မြင်နေကြသော်လည်း မကြာမီ ဖောက်ပြန် ပျက်စီးမည် အမှန်ဖြစ်၏၊ ဤမမြဲသော စည်းစိမ်ကို ရသောအခါ ဝမ်းမြောက်ဝမ်းသာ ရှိမည်ဖြစ်သော်လည်း ပျက်စီးတော့မည် ရှိသောအခါ ပျက်စီးသောအခါတို့၌ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရသည်နှင့် မကာမိအောင် အပြင်းအထန် ပူပန်ဆင်းရဲစေမည်ဖြစ်၏။

ဥပမာအားဖြင့် ဆင်းရဲသားတယောက် သိန်းထီထိုး၍ ပေါက်လာလျှင် ပေါက်သည်ဟု ကြားသည်နှင့်တပြိုင်နက် လွန်စွာ နှစ်သက်ဝမ်းမြောက်မည် ဖြစ်၏၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှိကာ "ငါသည် လုလုကြီး သုံးလိုက်မည်၊ အတိတ်က ဆင်းရဲခဲ့သမျှ အတိုးချ၍ ပျော်မြူးလိုက်မည်" စသည်ဖြင့် ကြံစည်နေစဉ်အတွင်း မသုံးစွဲလိုက်ရသေးမီ အန္တရာယ်တခုခုကြောင့် တသိန်းလုံး ဆုံးပါးသွားသည် ဖြစ်ငြားအံ့၊ ထိုသူ၏စိတ် မည်မျှလောက် ဆင်းရဲသွားမည်ကို ချင့်ချိန်ကြည့်ရှု ဆင်ခြင်ရာ၏။ ရစဉ်အခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည်ထက် ဆုံးပါးသည့်အခါ ပူပန်ရခြင်းက မရပ်မတည်နိုင်အောင် ပိုမိုလွန်ကဲမည်ကို စဉ်းစားသိမြင်နိုင်ပေသည်။

လောကီအရာ၌ မည်သည့်ဝတ္ထုမှာမဆို နှစ်သက်ဖွယ်နှင့် စိတ်မသက်သာဖွယ် သဘောနှစ်မျိုး ဆက်ဆံလျက်ရှိပေ၏။ အာရုံငါးပါး ကာမဂုဏ်တရားတို့သည် ပုထုဇန်တို့၏ အလိုအားဖြင့် နှစ်သက်ဖွယ် သာယာဖွယ် ဖြစ်ကြကုန်၏။ မြတ်စွာဘုရားကမူ "အပ္ပဿာဒါ ဘိက္ခဝေ ကာမာ ဗဟုဒုက္ခာ ဗဟုပါယာသာ"ဟူ၍ ကာမဂုဏ်ငါးပါးတို့မှာ နှစ်သက်သာယာဖွယ် အနည်းငယ်မျှသာရှိ၍ ဆင်းရဲဖွယ် ပင်ပန်းဖွယ်တို့သာ များကြကုန်၏ဟု ဟောကြားတော်မူသည်။ မြတ်စွာဘုရားကို မဆိုထားဘိ၊ တပည့်ဖြစ်သော အရိယာပုဂ္ဂိုလ်များပင် ထိုလောကီအာရုံ

http://www.dhammadownload.com



ကာမဂုဏ်တို့ကို ပုထုဇန်တို့ကဲ့သို့ နှစ်သက်သာယာခြင်း မရှိကြကုန်။ သို့သော် ကာမဂုဏ်တို့မှာ နှစ်သက်သာယာဖွယ် လုံးဝမရှိဟူ၍ ဘုရားဟောတော်မမူ၊ ချမ်းသာတပဲ ဆင်းရဲတပါသာ ဟူ၏သို့ သာယာဖွယ်နည်းပါး ဒုက္ခသာများ၏ ဟူ၍ ဟောတော်မူသည်။

ပညာရှိသူတော်ကောင်းတို့ သဘောမှာ မည်သည့်အရာမျိုး၌မဆို နှစ်သက်သာယာဖွယ်ဖြစ်သော အဿာဒသဘော ရှိ-မရှိကို ရှေးဦးစွာ မဆင်ခြင်ပဲ စိတ်ညစ်ဖွယ်ဖြစ်သော အပြစ်အာဒီနဝ ရှိ-မရှိကိုသာ ရှေးဦးစွာ ဆင်ခြင်တော်မူကြ၏၊အပြစ်အာဒီနဝ တွေ့ရှိနေပါလျှင် နှစ်သက်သာယာဖွယ်အဿာဒပင် ရှိနေစေကာမူ ဂရုမထားကြတော့ချေ၊ မလိုလားအပ်သော အရာဟူ၍သာ ဆုံးဖြတ်တော်မူကြ၏။အပြစ်အာဒီနဝမရှိလျှင် နှစ်သက်သာယာဖွယ် အဿာဒပင် မရှိစေကာမူ ကောင်းသောအရာဟူ၍သာ မှတ်ယူတော်မူကြ၏။

ဥပမာဆိုသော် ကမ္ဘာကြီးတခုလုံးကို တဦးတည်း အာဏာပိုင်သည့် ဘုရင်ကြီး တရက်လုပ်ပါ၊ ထိုသို့ ကမ္ဘာ့ဘုရင်ကြီး တရက်ဖြစ်ပြီးလျှင် နောက်တနေ့၌ အဆုံးစီရင်ခြင်း ခံရမည်ဟု ပြောဆိုကာ ကမ္ဘာ့ဘုရင်ကြီး ပြုလုပ်ရန် တောင်းပန်လျှင် ပြုလုပ်ဝံ့သောသူ ပြုလုပ်လိုသောသူ ရှိမည်မဟုတ်၊ အမှန်မှာ တရက်အတွင်း ဘယ်အခါကမျှ မရဘူး မရှိခဲ့ဘူးသော ကမ္ဘာ့ဘုရင်ကြီးအဖြစ်မှာ ပုထုဇန်တို့၏ အမြင်ဖြင့်ကြည့်လျှင် သာယာနှစ်သက်ဖွယ် အပြည့်ရှိနေသော်လည်း နောက်တနေ့မှာ ပျက်စီးသေကြေရမည့် အပြစ်ကြီးက ထင်ရှားရှိနေသည့်အတွက် တရက်တာမျှ ကမ္ဘာ့ဘုရင်ကြီး ဖြစ်ရမည့် သာယာနှစ်သက်ဖွယ်ကို မည်သူမျှ သာယာနှစ်သက်နိုင်တော့မည် မဟုတ်ချေ။

ဤနည်းအတူပင် အရိယာသူတော်ကောင်းတို့သည် မည်သည့်အရာ၌မဆို နောက်အခါ ဖောက်ပြန်ပျက်စီးမည့်အပြစ်ကို မြင်တော်မူကြ၍ မဖောက်ပြန်မီ အတွင်း ခေတ္တယာယီမျှဖြစ်သော နှစ်သက်သာယာဖွယ်ကလေးကို နှစ်သက်ဖွယ် ဟူ၍ မထင်နိုင်ကြတော့ချေ။ ဤသို့ မထင်နိုင်ပဲ "လောကအတွင်းမှာ စင်စစ် ချမ်းသာတရားဟူ၍ မရှိစကောင်း မမြဲသော အနိစ္စတရားတွေချည်းသာ ဖြစ်သည်၊ မတည်မြဲသည့်အတွက် ချမ်းသာတရား ဟူ၍လည်း မရှိကောင်း၊ စင်စစ် ဆင်းရဲသောတရားစုသာ ဖြစ်သည်" ဟူ၍ ဆင်ခြင်နှလုံးသွင်းသော သူမှသာလျှင် အရိယာပုဂ္ဂိုလ်အဖြစ်ကို ရနိုင်ပေသည်။

ဤသို့လျှင် လောကီတရားအတွင်းမှာ ဒုက္ခချည်းသာဖြစ်သည်ဟု ရှုဆင်ခြင်ခြင်း ပြုမှသာ အရိယာပုဂ္ဂိုလ် ဖြစ်နိုင်သောကြောင့် ထိုသို့ ရှုဆင်ခြင်အပ်သော တရားစုသည် အရိယာအဖြစ်သို့ အမှန်ရောက်စေနိုင်ခသော တရားဖြစ်၍ အရိယ

http://www.dhammadownload.com



သစ္စာမည်လေသည်။ တနည်းအားဖြင့် အရိယာပုဂ္ဂိုလ်တို့သည် ဤလောကီ တရားစုကို ဒုက္ခဟူ၍သာ အမှန်အတိုင်း ရှုဆင်ခြင်တော်မူကြမြဲဖြစ်၍ အရိယ သစ္စာဟု ခေါ်သည်။

ဤသို့လျှင် အရိယာဖြစ်ရန် ရည်သန်အားထုတ်နေသောပုဂ္ဂိုလ်နှင့် အရိယာ ဖြစ်ပြီးသော ပုဂ္ဂိုလ်တို့၏ အသိမှန် အမြင်မှန်အရ ဘုံသုံးပါးဟု ခေါ်သော ဝဋ္ဋတရားကြီးအတွင်းမှာ သုခဟူ၍ မရှိ၊ ဒုက္ခချည်းသာ ဖြစ်သည်ဟု ရှုဆင်ခြင် ခြင်းသည် မှန်ကန်သည်ဖြစ်၍ ဒုက္ခအရိယသစ္စာဟု ခေါ်၏။

အကျဉ်းချုပ်အားဖြင့် လောကီတေဘူမကတရားဟု ခေါ်သော ဥပါဒါ- နက္ခန္ဓာ ငါးပါးသည် ဒုက္ခချည်းသာ အမှန်ဖြစ်သည်၊ ဆင်းရဲခြင်း စင်စစ် အမှန် ဖြစ်သည်။ ဥပါဒါနက္ခန္ဓာ ငါးပါးဟူသည်ကား ငါ ငါ၏ကိုယ် စသည်ဖြင့် စွဲလမ်း ရာဖြစ်သော ရုပ်အစု ဝေဒနာအစု သညာအစု သင်္ခါရအစု ဝိညာဏ်အစုတည်း ဟူသော အစုတရား ငါးပါးတို့ပင် ဖြစ်၏။ ထိုအစုတရား ငါးပါးတို့သည် ဒုက္ခအရိယသစ္စာမည်ကုန်၏။

## ဒုက္ခသမုဒယအရိယသစ္စာ

ထိုဥပါဒါနက္ခန္ဓာ ငါးပါးတည်းဟူသော ဆင်းရဲအစု ဆင်းရဲအမှန် တရား ကြီးသည် အကြောင်းမရှိပဲ အလိုလို ဖြစ်ပေါ်လာသည် မဟုတ်။ ဆိုင်ရာဆိုင်ရာ အကြောင်းများစွာ ရှိသည့်အနက် အရင်းခံဦးစီး အကြီးမားဆုံးဖြစ်သော အကြောင်းမှာ ထိုထိုအာရုံတို့၌ မက်မောတွယ်တာတတ်သော တဏှာလောဘ တရားပင်ဖြစ်၏။

လောက၌ သတ္တဝါဟူသမျှတို့သည် မိမိတို့၏ ချမ်းသာစွာ နေထိုင်စားဝတ် ရေးတို့အတွက် နေ့ဆက်ရက်ရှည် ကြံစည်ရှာမှီး လုပ်ကိုင်နေရခြင်း ဆင်းရဲဒုက္ခ ခံနေကြရသည်မှာ ကောင်းကောင်းနေထိုင်လိုခြင်း ကောင်းကောင်း စားဝတ် လိုခြင်း စသော တဏှာလောဘ ရှိသောကြောင့်သာဖြစ်၏။ ငါကောင်းကောင်း မစားလို၊ မသေရုံ မျှတရုံသာ ရသမျှအစာကို စားနေမည်၊ ကောင်းကောင်း မဝတ်မဆင်လို၊ အရှက်အကြောက် ဖုံးလွှမ်းရုံသာ အလွယ်တကူ ရရှိနိုင်သည့် သစ်ရွက်များကိုပင် ကောက်ယူဖုံးအုပ်၍ နေမည် စသည်ဖြင့် တဏှာလောဘကို ချိုနိုင်သမျှ ပယ်ချလိုက်လျှင် ယခုကဲ့သို့ ဒုက္ခအမျိုးမျိုး နေ့ရောညဉ့်ပါ ကြံစည် အားထုတ်ရခြင်း ဆင်းရဲဒုက္ခ ရှိတော့မည်မဟုတ်ချေ၊ သို့ဖြစ်၍ ဆင်းရဲခြင်း ဒုက္ခကို အကောင်းထင်ကာ မက်မောတွယ်တာခြင်း တဏှာလောဘက ဖြစ်စေ ကြောင်း ကောင်းစွာထင်ရှား၏။

http://www.dhammadownload.com



ယခုဘဝအတွက်ပင်မက နောက်ဆက်လက်ရမည့် ဘဝအသစ်များမှာလည်း ကောင်းသောဘဝအသစ်ကိုသာ ရလိုသည့်အတွက် ကံအမျိုးမျိုးတို့ကို ပြုလုပ်ဆည်းပူးရပြန်သည်၊ ဤပြုလုပ်အပ်သော ကံများကြောင့် နောက်နောင်ဘဝအသစ် ဖြစ်လာရမှာလည်း ယခုဘဝ တဏှာလောဘ အစီအမံ ခံရသောကံက ဖြစ်စေရသည့်အတွက် ထိုဘဝအသစ်ဖြစ်ရေး၌ အကြောင်းရင်းကို ရှာဖွေသော် တဏှာလောဘပင် အကြောင်းရင်း ဖြစ်ပေ၏။

ဤသို့လျှင် တဏှာလောဘသည် ဘဝအသစ်မှာ ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော ဒုက္ခကို ဖြစ်စေနိုင်သော အကြောင်းရင်း ကေန် မှန်သောကြောင့် ဤတဏှာလောဘကို ဒုက္ခသမုဒယ အရိယသစ္စာ ဟူ၍ ခေါ်အပ်၏။ ဆင်းရဲဒုက္ခဖြစ်သော ခန္ဓာအစုကို ဖြစ်စေတတ်သော အကြောင်းမှန်ဟု ဆိုလိုသည်။ ဤဒုက္ခသမုဒယ အရိယသစ္စာကိုပင် အတိုချုပ်အားဖြင့် သမုဒယသစ္စာ ဟူ၍လည်း ခေါ်၏။

## ဒုက္ခနိရောဓအရိယသစ္စာ

သမုဒယသစ္စာဟု ခေါ်သော တဏှာလောဘသည် လောကီအာရုံအမျိုးမျိုးတို့၌ မျောက်နှဲ့စေးပမာ တွယ်တာတပ်မက်မောသော်လည်း အကြောင်းတရားတို့ မပြုပြင်ရပဲ အမြဲထင်ရှားရှိနေသည့် အေးငြိမ်းချမ်းသာမှု သန္တိဟု ခေါ်အပ်သော အသခ်တဓာတ်ကိုကား သံတွေခဲ မီးရဲရဲကို ယင်ကောင် မကပ်နိုင်သကဲ့သို့ပင် မက်မောတွယ်တာမှု မပြုနိုင်ချေ။

ယင်းသည့် အသခ်တဓာတ် နိဗ္ဗာန်ပရမတ်ကို တဏှာလောဘက မက်မောတွယ်တာမှု မပြုနိုင်ရာ၌ အကြောင်းကို ရှာဖွေသည်ရှိသော် တဏှာ၏ သဘောအားဖြင့် ကြည့်လျှင် အသခ်တဓာတ် နိဗ္ဗာန်ပရမတ်သည် တပ်မက်မောစရာ မဟုတ်သောကြောင့် ဖြစ်၏။ ထိုအကြောင်းကို ထင်ရှားစေဦးအံ့....ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ မြတ်စွာဘုရားက "ဝေဒနာပစ္စယာ တဏှာ=ခံစားမှုတည်းဟူသော အကြောင်းကြောင့် တဏှာဖြစ်ရသည်"ဟု ဟောတော်မူသည့်အတိုင်း တဏှာသည် ခံစားခြင်း ဝေဒယိတသုခ ရှိမှ ဖြစ်နိုင်၏။ အသခ်တဓာတ်ဖြစ်သော နိဗ္ဗာန်တရားမှာ ခံစားခြင်း ဝေဒယိတသုခမျိုး မဟုတ်၊ (ခံစားရသည့် ချမ်းသာမျိုးမဟုတ်၊) ငြိမ်းအေးခြင်းချမ်းသာ သန္တိသုခသာ ဖြစ်သည်။

ခံစားရမှု အလျဉ်းမရှိသော နိဗ္ဗာန်တရားသည် လိုချင်ဖွယ်ရာတရား နှစ်သက်ဖွယ်ရာတရား ဖြစ်နိုင်ပါမည်လောဟူ၍ မေးမြန်းဖွယ် ရှိ၏၊

ဤသို့ မေးမြန်းသူ၏စိတ်မှာ ခံစားမှုဝေဒနာကိုသာ ချမ်းသာအစစ် ထင်မှတ်သောကြောင့် (တနည်း) ငြိမ်းအေးမှုချမ်းသာကို ချမ်းသာဟူ၍ မဆင်ခြင်မိသောကြောင့် ထိုကဲ့သို့ မေးခြင်းဖြစ်ပေ၏။ အဖြေမှာ—

http://www.dhammadownload.com



သုခသည် ခံစားခြင်းချမ်းသာဟု ဆိုအပ်သော ဝေဒယိတသုခ၊ ငြိမ်းအေးမှု ချမ်းသာဟု ဆိုအပ်သော သန္တိသုခဟူ၍ နှစ်ပါးရှိရာ ထင်ရှားလောက်သော လောကီဥပမာတခုကို ပြဆိုရသော် ဤလောက၌ အစားအစာ အာဟာရကို တပ်မက်မောလှသော သူဌေးကြီးတဦး ရှိလေရာ၏၊ ထိုသူဌေးကြီးသည် အဖိုး အနဂ္ဃ ထိုက်တန်သော အစားအစာ အာဟာရတို့ကို ဝယ်ယူစားသုံး၍ နေရာ၏။ ဝိဇ္ဇာဓိုရ်ကြီးတဦးကမူ အာဟာရသိဒ္ဓိ ပြီးစီးနေသဖြင့် သူဌေးကြီးစားသော အဖိုးအနဂ္ဃထိုက်တန်သည့် အစာအာဟာရတို့ကို စားချင်မည်ဝေးစွ၊ စက်ဆုပ်ပင် စက်ဆုပ်လေရာ၏။ ထိုသူနှစ်ဦးတို့မှာ အစာအာဟာရနှင့် စပ်လျဉ်း၍ မည်သူက ချမ်းသာပါသနည်းဟု မေးလျှင်—

တဏှာသမားက သူဌေးကြီးသာ ချမ်းသာသည်၊ သူဌေးကြီးသာ အလိုရှိတိုင်း အကောင်းဆုံး အဖိုးအနဂ္ဃ ထိုက်တန်သော အရသာများကို သုံးဆောင်နေရသည်။ ဝိဇ္ဇာဓိုရ်ကြီးမှာ ဘာစုံဘာရ အာဟာရကိုမျှ သုံးဆောင်ရခြင်း မရှိသည့်အတွက် သူဌေးကြီးကသာ သာလွန်ပေသည်ဟူ၍ ပြောဆိုမည်ဖြစ်၏။ ဤသို့ ပြောဆိုခြင်းမှာ မိမိစိတ်တွင် တဏှာလွှမ်းမိုးနေခြင်းကြောင့် တဏှာကို အားပေးတတ်သည့် ခံစားမှု ဝေဒနာကိုသာ အမြတ်ထင်မှတ်၍ ပြောဆိုခြင်း ဖြစ်သည်။

ပညာရှိသော သူတို့ကမူကား ဝိဇ္ဇာဓိုရ်ကြီးသာလျှင် အစာအာဟာရနှင့်စပ်၍ ချမ်းသာခြင်းရှိသည်၊ သူဌေးကြီးမှာ အရသာအမျိုးမျိုးကို သုံးဆောင်ခံစားနိုင်ရန် မရ-ရအောင် ရှာဖွေရခြင်း ရသောအခါ နေရာတကျဖြစ်အောင် စီမံရခြင်း စသော ပူပြင်ရမှု ပဋိသင်္ခရဏဒုက္ခနှင့် အသစ်အသစ် လဲလှယ်လိုခြင်း တည်းဟူသော အာသာဒုက္ခတို့ ဝိုင်းဝိုင်းလည်လျက် ရှိသည်၊ ဝေဒယိတသုခ မှန်လျှင် ဤဒုက္ခနှစ်မျိုးနှင့် အဘယ်နည်းနှင့်မျှကင်း၍ မဖြစ်နိုင်။ ဝိဇ္ဇာဓိုရ်ကြီးမှာမူ အစာအာဟာရကို သုံးဆောင်ခံစားခြင်း ဝေဒယိတသုခ မရှိသည့်အတွက် ပူပြင်စီမံရခြင်း ပဋိသင်္ခရဏဒုက္ခ အသစ်အသစ် လဲလှယ်လိုခြင်း အာသာဒုက္ခ စသည့် ဒုက္ခတစုံတရာမျှ မရှိပဲ အစာအာဟာရနှင့် စပ်၍ အေးငြိမ်းလှစွာ ချမ်းသာသဖြင့် နေနိုင်၏၊ ဝိဇ္ဇာဓိုရ်ကြီး၏ အေးငြိမ်းချမ်းသာမှုမှာ ဆင်းရဲဒုက္ခနှင့် ဆက်ဆံရောနှောခြင်း အလျဉ်းမရှိ၊ ချမ်းသာသက်သက်သာ ဖြစ်သောကြောင့် ဝိဇ္ဇာဓိုရ်ကြီးကသာ အစာအာဟာရနှင့်စပ်လျဉ်း၍ သူဌေးကြီးထက် ချမ်းသာသည်ဟု ဖြေဆိုကြမည်သာ ဖြစ်၏။

ဤစကားရပ်၌ သူဌေးကြီးကသာ ပို၍ချမ်းသာသည်ဟု ပြောဆိုသော တဏှာသမားတို့သည် အပြစ်တစုံတရာကို မမြင်ကြပဲ စိတ်တိုင်းကျ စားသောက်ရသည့် သာယာဖွယ်ရှိသော ခံစားမှုကိုသာ ကြည့်မြင်ကြ၍ ပြောဆိုခြင်း ဖြစ်ကြ၏၊ ဝိဇ္ဇာဓိုရ်ကြီး၏ အစာအာဟာရ အလျဉ်းမစားပဲ အေးငြိမ်းချမ်းသာစွာ

http://www.dhammadownload.com



နေရခြင်းကိုကား တဏှာလွှမ်းမိုးသောသူတို့က အကောင်းအမြတ် မထင်နိုင်ကုန်၊ သူဌေးကြီးကိုသာ အကောင်းအမြတ်ထင်၍ သူဌေးဖြစ်ရန်ကိုသာ အလိုရှိကြသကဲ့သို့ တဏှာလောဘတရားသည်လည်း ခံစားမှုဝေဒနာမရှိပဲ စင်စစ် ငြိမ်းအေးလှခြင်းတည်းဟူသော သန္တိသုခကို (အသင်္ခတနိဗ္ဗာန်ကို) ကောင်းသည်ဟု မထင်မြင် မသိချင် မမက်မောသည်သာ ဖြစ်၏။

ဤအရာဝယ် အင်္ဂုတ္တရနိကာယ၊ နဝကနိပါတ်၊ ၄-မဟာဝဂ်၊ ၃-ခုမြောက်သုတ်၌—

> အခါတပါး၌ အရှင်သာရိပုတြာသည် ရဟန်းတို့၏ အလယ်တွင် သီတင်းသုံးတော်မူကာ "ငါ့ရှင်တို့...ဤနိဗ္ဗာန်သည် ချမ်းသာလှ၏၊ ဤနိဗ္ဗာန်သည် ချမ်းသာလှ၏"ဟူ၍ မိန့်ဆိုတော်မူသောအခါ အရှင်ဥဒါယီက "ငါ့ရှင် သာရိပုတြာ... ခံစားမှု ဝေဒနာမရှိလျှင် ဤနိဗ္ဗာန်သည် အဘယ်မှာလျှင် ချမ်းသာနိုင်မည်နည်း"ဟု အရှင်သာရိပုတြာကို မေးမြန်း၏။ ထိုအခါ အရှင်သာရိပုတြာက "ငါ့ရှင် ဥဒါယီ....နိဗ္ဗာန်မှာ ခံစားမှုဝေဒနာ မရှိခြင်းသည်ပင် ချမ်းသာစင်စစ် ဖြစ်သည်"ဟု ဟောကြားတော်မူသည်။

ဤအရာ၌ ဉာဏ်ပညာမဲ့သော ပုထုဇန်ပုဂ္ဂိုလ်တို့၏ အမြင်မှာ ဒုက္ခသစ္စာ ခန္ဓာငါးပါး ဖြစ်ပွါးနေသည်ကိုသာ သုခဟူ၍ ထင်ကြ၏။ ဉာဏ်ပညာရှိသော ပုထုဇန်ပုဂ္ဂိုလ်တို့နှင့် အရိယာအရှင်မြတ်တို့ကမူ ထိုဒုက္ခသစ္စာ ခန္ဓာငါးပါး မီးတောက်မီးပုံကြီး ငြိမ်းစဲသွားသကဲ့သို့ တဖန်နောက်ထပ်မဖြစ်သော ချုပ်ငြိမ်းခြင်းဖြင့် ချုပ်ငြိမ်းခြင်းကိုသာ သုခဟူ၍ မှတ်ယူတော်မူကြကုန်၏။ ဤအရာ၌ ဉာဏ်ပညာနည်းပါးသော ပုထုဇန်ပုဂ္ဂိုလ်တို့ မဖြစ်ခြင်း ငြိမ်းအေးခြင်း ချမ်းသာ၏ မှန်မြတ်ပုံကို လက်တွေ့စဉ်းစား သိရှိဖွယ် မှတ်သားဖွယ် ဥပမာသော်ကား လူတယောက်တွင် နှစ်ရှည်လမျှား လေနာရောဂါ ပြင်းထန်စွာ စွဲကပ်နေရာ ဆရာကောင်းနှင့်တွေ့၍ ဆေးကောင်းတခွက် သောက်ရသဖြင့် ထိုလေနာရောဂါ အမြစ်ပြတ် ပျောက်ကင်းသွားလေရာ၏။ ထိုသို့ လေနာရောဂါ ပျောက်ငြိမ်းသွားသောအခါ ထိုလူနာသည် မည်မျှ ချမ်းသာမည်နည်း၊ (ဤ၌လေနာရောဂါ ပျောက်ငြိမ်းခြင်းဟူသည်မှာ ထိုလေနာရောဂါ မဖြစ်ခြင်းကိုပင် ခေါ်သည်။) လွန်စွာ ချမ်းသာဝမ်းမြောက်ပေလိမ့်မည်၊ စင်စစ်အားဖြင့် ထိုသူသည် ထိုအခါ၌ နှစ်သက်ဖွယ် မည်သည့်အာရုံကိုမျှ ခံစားသုံးဆောင်ရခြင်း မရှိချေ၊ လေနာဒုက္ခ ပျောက်ငြိမ်းသွားခြင်း လေနာဒုက္ခမဖြစ်ခြင်းသာလျှင် ထင်ရှားရှိသည်၊ ထိုသို့ ခံစားမှု မရှိပဲ လေနာဒုက္ခ ကင်းငြိမ်းသွားမှု လေနာဒုက္ခ မဖြစ်ပွါးမှုအတွက် "ငါမှာဖြင့် ဒုက္ခကြီး ငြိမ်းစဲသွားလေပြီ" စသည်ဖြင့် လွန်စွာနှစ်သက် ဝမ်းသာဖြစ်မည် ကေန်ဖြစ်၏။ သံသရာဒုက္ခကြီးနှင့် နှိုင်းစာလျှင် မပြောပလောက်သည့်

http://www.dhammadownload.com



လေနာဒုက္ခကလေး ချုပ်ငြိမ်းသွားရမှာပင် လွန်စွာ နှစ်သက်ဝမ်းသာ ဖြစ်နိုင်ပါလျှင် သံသရာဘေးဒုက္ခကြီး အေးငြိမ်းသွားရမှာကား အဘယ်မှာလျှင် မနှစ်သက်သင့်ပဲ ရှိအံ့နည်း၊ အမှန်စင်စစ် နှစ်သက်ဝမ်းမြောက်ရမည် ဖြစ်ကြောင်း ကောင်းစွာ မှတ်ယူအပ်၏။

## နိဗ္ဗာန်

ဤဒုက္ခနိရောဓ နိဗ္ဗာန်ဟူသည် အဘယ်တရား ဖြစ်သနည်းဟု မေးလျှင် "သန္တိလက္ခဏာရှိသော အကြင် အသခ်တဓာတ် ပရမတ္ထတရား အထူးကို မဂ်ဉာဏ်လေးပါးတို့ဖြင့် မျက်မှောက်ပြုလိုက်ရလျှင် တထောင့်ငါးရာ ကိလေသာ ခပ်သိမ်းတို့ အမြစ်ပြတ် နောက်ထပ် မဖြစ်နိုင်သော ချုပ်ငြိမ်းခြင်းမျိုးဖြင့် ချုပ်ငြိမ်း၍သွား၏၊ အရဟတ္တမဂ်ဖာရောက် မျက်မှောက်ပြုလိုက်ရသောဘဝဝယ် ထိုဘဝနောက်ဆုံး စုတိ၏အခြားမဲ့၌ မီးတောက်မီးပုံကြီး ငြိမ်းစဲသွားသည့်ပမာ ခန္ဓာငါးပါး ဒုက္ခတရားတို့ တဖန်အသစ် မဖြစ်တော့ပဲ ငြိမ်းစဲ၍သွား၏၊ နောက်ထပ် ဘယ်ဘဝ ဘယ်ဂတိမှာမှ မဖြစ်တော့ချေ။ ထို သန္တိလက္ခဏာရှိသော ဆိုအပ်ပြီးသည့် ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံသော အသခ်တဓာတ် ပရမတ္ထတရားအထူးသည် နိဗ္ဗာန်မည်၏" ဟူ၍ ဖြေဆိုမှတ်သားရာ၏။

ပုထုဇန်ဖြစ်သူတို့မှာ နိဗ္ဗာန်၏သဘောကို အရိယာတို့ကဲ့သို့ အပြည့်အစုံ မသိနိုင်ကုန်၊ မသိပါပဲလျက် အရိယာတို့၏ အသိဉာဏ်မျိုးကဲ့သို့ အသိဉာဏ် ပေါက်အောင် ပြောဆိုရေးသားပါလျှင် မှားယွင်းနိုင်ခွင့် ရှိပေသည်။ နိဗ္ဗာန်ကို မဆိုထားဘိ၊ စာထဲမှာသာ တွေ့ရှိဘူး၍ ကိုယ်တိုင်မမြင်ဘူး မတွေ့ဘူးသော လောကီဝတ္ထုတခုခုကိုပင် ကိုယ်တိုင်တွေ့ဘူး မြင်ဘူးသည့်အနေ ပြောဆိုမိချေက မှားယွင်းတတ်ပေသည်။ ပုထုဇန်ဖြစ်သော သူငါတို့သည် နိဗ္ဗာန်နှင့်စပ်၍ အရိယာအရှင်မြတ်တို့ကဲ့သို့ အကုန်အစင် မသိမြင်နိုင်သည့်အတွက် ရှေးဆိုခဲ့ပြီးသည့် အတိုင်းသာ မမှားအောင် ဖြေဆိုရာ၏။

ထို သန္တိလက္ခဏာရှိသော အသခ်တဓာတ် ပရမတ္ထတရားအထူးကို နိဗ္ဗာန ဟူ၍ ခေါ်၏၊ ထိုနိဗ္ဗာနဟူသော ပါဠိမှ ဆင်းသက်၍ မြန်မာဝေါဟာရ၌ နိဗ္ဗာန် ဟူ၍ ခေါ်ခြင်းဖြစ်သည်။ နိဗ္ဗာန်ဟူသည် အဘယ်တရားမျိုးနည်းဟူ၍ စဉ်းစား ပြန်လျှင် ရှေး၌ ဖော်ပြအပ်ပြီးသော နိဗ္ဗာန်၏သဘောကို မစဉ်းစားမိသေးသူတို့ အဖို့ မှန်ကန်စွာ မသိနိုင်သည့်အတွက် နိဗ္ဗာန်ဟူသည် မပျက်မစီးနိုင်သော တိုင်းပြည်ကြီးတမျိုး မြို့တော်ကြီးတမျိုးဟူ၍ မှတ်ထင်တတ်ကြ၏။ နိဗ္ဗာန်ကို ဘေးမဲ့မြို့ကြီးအနေဖြင့် ရေစက်ချရာ တရားဟောရာတို့၌ ဟောဆိုသုံးစွဲခြင်းမှာ ဥပစာစကားမျှသာ ဖြစ်သည်၊ တကယ်စင်စစ် နိဗ္ဗာန်သည် တိုင်းပြည်ကြီး

http://www.dhammadownload.com



မြို့တော်ကြီး မဟုတ်ပေ။ အချို့ကလည်း နိဗ္ဗာန်မြို့ကြီးအတွင်းမှာ ပရိနိဗ္ဗာန် စံဝင်ကြပြီးသော အရိယာအရှင်မြတ်တို့ အို နာ သေခြင်း ကင်းသည့် ရုပ်နာမ် အထူးတို့ဖြင့် ရွှင်မြူးချမ်းသာစွာ နေကြရသည်ဟု ထင်မှတ် ပြောဆိုတတ်ကြ၏။

စင်စစ်ကား ဘုရား ရဟန္တာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ ပရိနိဗ္ဗာန် စံတော်မူကြခြင်းဟူသည်မှာ ထိုသူတို့ ထင်မှတ်သည့်အတိုင်း နိဗ္ဗာန်မြို့ကြီးထဲသို့ ရောက်သွားခြင်း မဟုတ်၊ နိဗ္ဗာန်မြို့ကြီးလည်း မရှိပေ။ ဆိုအပ်ပြီးသည့်အတိုင်း ရဟန္တာဖြစ်သည့် နောက်ဆုံးဘဝ စုတိ၏အခြားမဲ့ နောက်ကာလ၌ တစုံတခုသော ဘဝ ဂတိတို့၌မှာမှ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ အသစ်ဆက်၍ မဖြစ်ခြင်း အေးငြိမ်း၍သွားခြင်းကို ပရိနိဗ္ဗာန်စံခြင်းဟူ၍ ခေါ် ဆိုခြင်း ဖြစ်သည်။ (နိဗ္ဗာန်ကား မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော ပရမတ္ထတရား အထူးဖြစ်သည်၊ ပရိနိဗ္ဗာန်ကား ရုပ်နာမ်ခန္ဓာတို့ တဖန်အသစ် မဖြစ်ပဲ ငြိမ်းစဲသွားခြင်း ဖြစ်သည်ဟု နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန်အထူးကို မှတ်ယူရာ၏။)

နိဗ္ဗာန် ဟူသောစကားမှာ ပါဠိတဝက်တပျက် ပါရှိသည့် မြန်မာစကား ဖြစ်သောကြောင့်ပင် ဆရာသမားများက ကုသိုလ်ကောင်းမှု ပြုလုပ်သည့်အခါ "နိဗ္ဗာန်ကိုသာ ဆုတောင်းရမည်"ဟု ဟောကြားဆုံးမသဖြင့် နိဗ္ဗာန်ကို ဆုတောင်းကြပါသော်လည်း အများအားဖြင့် နိဗ္ဗာန်ဟူသည် အဘယ်သို့ သဘောရှိသည်ဟု ကောင်းစွာ နားမလည်ကြသဖြင့် စိတ်ထဲမှာ အားရနှစ်သက် လေးလေးနက်နက် ရှိကြမည်မဟုတ်ချေ။ အကယ်၍သာ ဆရာသမားတို့က "ဆင်းရဲ ပူပန်ရခြင်းဟူမျှ အေးငြိမ်း ရပါလို၏ ဟူ၍ ဆုတောင်းရမည်"ဟု ဟောကြား ဆုံးမကြပါလျှင် မြန်မာစကားသက်သက်ဖြစ်၍ စိတ်ထဲမှာ ကွဲကွဲပြားပြား ခြားနားစွာသိသဖြင့် အားရနှစ်သက် လေးနက်စွာ ဆုတောင်းကြမည် ဖြစ်ပေ၏။

## နိဗ္ဗာန်နှစ်မျိုး

အလွန်ကောင်းမြတ် အဖိုးတန်သော အဝတ်အထည်ကြီးတထည် ရှိသည် ဆိုပါစို့၊ ထိုအဝတ်အထည်ကို သုံးဆောင်သူ အထည်ပိုင်ရှင် ရှိစဉ်ကာလ၌ သုံးဆောင်သူရှိသော အဝတ်အထည်ကောင်းကြီးဟု ခေါ် ဆို၍ ထိုအဝတ်ရှင် ကွယ်လွန်သွားသောအခါ သုံးဆောင်သူမရှိသော အဝတ်အထည်ကောင်းကြီး ဟု ခေါ် ဆိုရလေသည်၊ (ဤ၌ အဝတ်အထည် တခုတည်းကိုပင် သုံးဆောင်သူ ရှိသောအချိန် မရှိသောအချိန်သို့ လိုက်၍ အမည်နှစ်မျိုးဖြင့် ခေါ် ဆိုသုံးစွဲခြင်း ဖြစ်သည်။) ထို့အတူပင် အရှင်သာရိပုတြာ မဂ်ဖိုလ်ဖြင့် အာရုံပြုအပ်သည့် သန္တိလက္ခဏာရှိသော အသခ်တဓာတ် နိဗ္ဗာန်ပရမတ်ကြီးကို အရှင်သာရိပုတြာ မထေရ်မြတ် ပရိနိဗ္ဗာန် စံတော်မမူမီ ကာလအတွင်း (ထိုနိဗ္ဗာန်ကို အာရုံပြုတတ်

http://www.dhammadownload.com



သည့် ဥပါဒိသေသ ခန္ဓာငါးပါး ထင်ရှားရှိနေသောကြောင့်) သဉပါဒိသေသ နိဗ္ဗာန်ဟု ခေါ်၍ အရှင်သာရိပုတြာမထေရ်မြတ် ပရိနိဗ္ဗာန် စံတော်မူသွားသော အခါ ထိုနိဗ္ဗာန်ကို အာရုံပြုတတ်သည့် ဥပါဒိသေသ ခန္ဓာငါးပါး မရှိတော့သော ကြောင့် အနုပါဒိသေသနိဗ္ဗာန်ဟု ခေါ် ဆိုအပ်လေသည်။

တဏှာကို ပညာဖြင့်ဖိနှိပ်ကာ ကောင်းစွာ ဆင်ခြင်စဉ်းစားနိုင်မှ ငြိမ်းအေးမှု နိဗ္ဗာန်ကို အလိုရှိနိုင်ပေမည်၊ ပညာဖြင့် ဖိနှိပ်ခြင်းမရှိပဲ တဏှာကိုသာ ဦးစား ပေး၍ စဉ်းစားလျှင် ငြိမ်းအေးမှု နိဗ္ဗာန်ကို တကယ်အလိုရှိအပ်သည့် တရားဟူ၍ ကောင်းစွာ မသိမြင်နိုင်။

## နိဗ္ဗာန်သုံးမျိုး

နိဗ္ဗာန်သည် ဆိုအပ်ပြီးသည့်အတိုင်း နှစ်မျိုးပြားသည်သာ မဟုတ်သေး၊ ထိုနိဗ္ဗာန်၌ ထင်ရှားပြည့်စုံနေသော ဂုဏ်အခြင်းအရာအားဖြင့် (၁) သုညတ နိဗ္ဗာန် (၂) အနိမိတ္တနိဗ္ဗာန် (၃) အပ္ပဏိဟိတနိဗ္ဗာန် ဟူ၍ သုံးပါးအပြား ရှိပြန်၏။

(၁) (သုညတ=ကင်းဆိတ်သည်) နိဗ္ဗာန်တရား၌ ကြောင့်ကြဖွယ် ပလိဗောဓဟူသမျှ အလုံးစုံ ကင်းဆိတ်သည့် ဂုဏ်အခြင်းအရာကို အစွဲပြု၍ သုညတနိဗ္ဗာန်ဟု ခေါ်၏။

(၂) (နိမိတ္တ=အကြောင်း)သင်္ခတမျိုးဖြစ်သည့် စိတ် စေတသိက် ရုပ်တရား တို့သည် ကိလေသာတို့၏ အကြောင်းဖြစ်ကုန်၏၊ ဖြစ်ပုံမှာ...;သင်္ခတ တရားတို့ သည် ရုပ်ဖြစ်စေ နာမ်ဖြစ်စေ အသီးအသီး အခြားတရားတို့နှင့် မတွဲမဖက် မိမိတရား တခုတည်းသက်သက် ဖြစ်နိုင်သော သဘောမရှိ၊ ရုပ်တရားတို့မှာ အနည်းဆုံးရှစ်ပါး စုပေါင်းလျက် ဖြစ်ကြသည်၊ (အဋ္ဌကလာပ်ရုပ်ခေါ်၏။) နာမ်တရားတို့မှာလည်း အနည်းဆုံး သဘာဝရှစ်မျိုး စုပေါင်းဖြစ်ကြရသည်၊ (ပဉ္စဝိညာဏ်ကို ဆိုလိုသည်။) ထိုသို့ ဆိုင်ရာတို့နှင့် တွဲဖက်၍ တပေါင်းတစု တည်းဖြစ်ပေါ်လာသော တရားစုကို ငါကောင် ကိုယ်ကောင် အထည်ဝတ္ထုဒြပ် စသည်ထင်မှတ်ကာ တပ်မက်ခြင်း တဏှာစသော ကိလေသာတို့ ဖြစ်ပွါးကြ ကုန်၏၊ ထို့ကြောင့် သင်္ခတမျိုးဖြစ်ကြသည့် စိတ် စေတသိက် ရုပ်တရားတို့မှာ သဘောတူရာ စုပေါင်းဖြစ်ကြသည့်အတွက် ငါကောင် သူကောင် စသည် ထင်မှတ်ကာ တပ်မက်ခြင်းတဏှာစသော ကိလေသာတို့ ဖြစ်ပွါးကြောင်းဖြစ်၍ နိမိတ္တအမည်ရကြကုန်သည်။ အထူးအားဖြင့် နိမိတ္တဟူသော အမည်ကို လောကီ စိတ် စေတသိက် ရုပ်တရားတို့ ရကြကုန်၏။ ဤကိလေသာတို့ ဖြစ်ပွါးကြောင်း နိမိတ်ဖြစ်သည့် ငါကောင် ကိုယ်ကောင် အထည်ဝတ္ထုဒြပ် စသည် ထင်မှတ်ဖွယ်ရာ သဘောမျိုး နိဗ္ဗာန်၌ အလျဉ်းမရှိ။ သို့ဖြစ်၍ အနိမိတ္တနိဗ္ဗာန်ဟူ၍လည်း ခေါ် အပ်၏။

http://www.dhammadownload.com



(၃) (ပဏီဟီတ=တောင့်တခြင်း) တောင့်တခြင်း ဟူသည် တဏှာပင် ဖြစ်၏၊ နိဗ္ဗာန်မှာ ရှေးကပြဆိုခဲ့ပြီးသောအတိုင်း တဏှာဖြင့် တောင့်တဖွယ်ရာ သဘော အလျဉ်းမရှိ၊ တဏှာဖြင့် ကြည့်လျှင် လိုချင်ဖွယ်ရာ တောင့်တ ဖွယ်ရာပင် မဟုတ်တော့ချေ၊ သို့ဖြစ်၍ အပ္ပဏိဟိတနိဗ္ဗာန်ဟူ၍လည်း ခေါ်အပ် ၏။ ဤသို့ ဂုဏ်အခြင်းအရာ အပြားကိုစွဲကာ နိဗ္ဗာန်သုံးမျိုး ရှိသည်ကို သိမှတ် ရာ၏။

ဤဒုက္ခနိရောဓသစ္စာကို အကျဉ်းအားဖြင့် နိရောဓသစ္စာဟူ၍လည်း ခေါ်၏၊ ဤနိရောဓသစ္စာမှာ အသင်္ခတဓာတ်ပင် ဖြစ်၏၊ (အကြောင်းတစုံတရာဖြင့် မပြုပြင်အပ်သော သဘောဖြစ်သည်။) ထို့ကြောင့် ဤနိရောဓသစ္စာ အသင်္ခတ ဓာတ် နိဗ္ဗာန်ပရမတ်ကို ဓမ္မသင်္ဂဏီပါဠိတော်၌ အပ္ပစ္စယဓမ္မ=အကြောင်းကင်း သောတရား၊ အသင်္ခတဓမ္မ=အကြောင်းတို့ မပြုပြင်အပ်သောတရားဟူ၍ ဟော တော်မူအပ်၏။

## မဂ္ဂအရိယသစ္စာ

ဤသို့ နိဗ္ဗာန်မှာ အကြောင်းကင်းလျက် မည်သည့်အကြောင်းကမှ မပြုပြင် ရပဲ အမြဲထင်ရှားရှိနေသောတရား ဖြစ်သော်လည်း ထိုနိဗ္ဗာန်ခေါ်သည့် အေး ငြိမ်းချမ်းသာမှု သန္တိသဘောသို့ ဆိုက်ရောက်ရန်မှာ အကြောင်းမဲ့ မဖြစ်နိုင်၊ အကြောင်းရှိမှသာ ဆိုက်ရောက်နိုင်၏။ ဆိုက်ရောက်နိုင်မည့် အကြောင်းဟူသည် လည်း မြတ်သောအကျင့်တရားသာ ဖြစ်ပေ၏၊ ထို့ကြောင့် ဒုက္ခငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းတရားကို ဒုက္ခနိရောဓဂါမိနိပဋိပဒါ=ဒုက္ခချုပ်ငြိမ်းရာသို့ ရောက် ကြောင်းအကျင့်ဟူ၍ ဟောတော်မူ၏။

## မဇ္ဈိမပဋိပဒါ

လောက၌ ကာမချမ်းသာကို ခံစားကာ စိတ်ချောင်ချိစွာ တဏှာအကြိုက် လိုက်၍နေခြင်းသည် ဒုက္ခငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းမဟုတ်၊ ကာမ သုခလ္လိကာနုယောဂခေါ် အယုတ်တရားသာဖြစ်၏။ မိမိကိုယ်ကို ကိလေသာ မဖြစ်ပေါ်ရန် ရည်သန်၍ မီးကင်ခြင်း နေလှန်းခြင်း လက်ကို အမြဲမြှောက်၍ ထားခြင်းစသော ဆင်းရဲမှုကို ဖြစ်စေခြင်း ဆင်းရဲအောင် အားထုတ်ခြင်းသည် လည်း ဒုက္ခငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းမဟုတ်၊ အတ္တကိလမထာနုယောဂ ခေါ် အယုတ်တရားသာ ဖြစ်၏။စင်စစ်သော်ကား တဏှာအကြိုက် အလိုလိုက် ကာ ကာမချမ်းသာကို ခံစားနေခြင်းလည်း မဟုတ်စေရပဲ မီးကင်ခြင်း နေလှန်း ခြင်း စသည်ကဲ့သို့ မိမိကိုယ်ကို အပြင်းအထန် နှိပ်စက်ကာ ဆင်းဆင်းရဲရဲ ခဲယဉ်းကြပ်တည်းစွာ ကျင့်အပ်သော အကျင့်မျိုးလည်း မဟုတ်ပဲ 'မလျော့

http://www.dhammadownload.com



မတင်း စောင်းကြိုးညှင်း'ဟူသော စကားအတိုင်း ချောင်ချိသက်သာ ပေါ့လျော့လှသည်ဟူ၍လည်း မဆိုရ ကြပ်တည်းဆင်းရဲ ခဲယဉ်းလှသည်ဟူ၍လည်း မဆိုရသည့် အလယ်အလတ်စားဖြစ်သော အကျင့်သည်သာလျှင် ဒုက္ခငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းစင်စစ် ဖြစ်ပေ၏။ ဤအကျင့်ကို မဇ္ဈိမပဋိပဒါ= မချောင်မကြပ် အလယ်အလတ်ဖြစ်သောအကျင့်ဟူ၍ ခေါ်၏။

ဤမဇ္ဈိမပဋိပဒါ အကျင့်ကိုပင် မဂ္ဂဟူ၍ ခေါ်၏။ နိဗ္ဗာန်သို့ သွားရောက်ကြောင်းလမ်းဟု ဆိုလိုသည်။ အကုသိုလ်တရားတို့၌ ပါဝင်သည့် မိစ္ဆာဒိဋ္ဌိအစရှိသော တရားစုကို အပါယ်လေးဘုံသို့ ရောက်စေတတ်သောကြောင့် ဒုဂ္ဂတိမဂ္ဂ (တနည်း) မိစ္ဆာမဂ္ဂဟူ၍ ခေါ်အပ်ကုန်၏။ လောကီကုသိုလ်တို့၌ ပါဝင်သည့် သမ္မာဒိဋ္ဌိ အစရှိသောတရားစုကို သုဂတိဘုံသို့ ရောက်စေတတ်သောကြောင့် သုဂတိမဂ္ဂ (တနည်း) သမ္မာမဂ္ဂဟူ၍ ခေါ်အပ်ကုန်၏။ မဂ်ကုသိုလ်စိတ်တို့၌ ပါဝင်သည့် သမ္မာဒိဋ္ဌိ အစရှိသောတရားစုကို နိဗ္ဗာန်သို့ ရောက်စေတတ်သောကြောင့် သုဂတိမဂ္ဂ (တနည်း)သမ္မာမဂ္ဂဟူ၍ ခေါ်အပ်ကုန်၏။ ဤမဂ်စိတ်ဘို၌ ပါရှိသည့် သမ္မာဒိဋ္ဌိအစရှိသည်တို့ကို နိဗ္ဗာန်ကို အလိုရှိသူတို့ ရှာမှီးအပ်သောကြောင့်၎င်း ထိုတရားစုကပင် နိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့်၎င်း ကိလေသာကို ပယ်သတ်၍ နိဗ္ဗာန်သို့ သွားရောက်တတ်သောကြောင့်၎င်း မဂ္ဂမည်၏ ဟူ၍ သစ္စဝိဘင်းအဋ္ဌကထာ၌ ဖွင့်ပြအပ်သည်။

ဤမဂ္ဂအရ တရားသည် တပါးတည်း မဟုတ်၊ ဖော်ပြလတ္တံ့သောအတိုင်း ရှစ်ပါးရှိသောကြောင့် အဋ္ဌင်္ဂိကမဂ်=အစိတ်အင်္ဂါရှစ်ပါးရှိသောမဂ်ဟူ၍ ခေါ်၏။ အစိတ်အင်္ဂါတပါးစီ တပါးစီကိုကား မဂ္ဂင်=မဂ္ဂင်ဟူ၍ ခေါ်၏၊ ရှစ်ပါးအပေါင်းကိုကား မဂ္ဂ=မဂ်ဟူ၍ ခေါ်၏။ အစိတ်အင်္ဂါရှစ်ပါးတို့ ဟူသော်ကား—

(၁) သမ္မာဒိဋ္ဌိ=မှန်ကန်သောအမြင်၊ (ဆင်းရဲမှန်ကို သိခြင်း၊ ဆင်းရဲကြောင်းအမှန်ကို သိခြင်း၊ ဆင်းရဲချုပ်ရာအမှန်ကို သိခြင်း၊ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းအမှန်ကို သိခြင်း —ဤအသိဉာဏ်လေးမျိုးတို့ ဖြစ်၏။)

(၂) သမ္မာသင်္ကပ္ပ=ကောင်းမွန်သော အကြံ၊ (နေက္ခမ္မပါရမီမှာ ပြခဲ့သောအတိုင်း ကိလေသကာမ ဝတ္ထုကာမတို့မှ လွတ်မြောက်ရန်၎င်း သူတပါးတို့ကို မဖျက်ဆီးရန်၎င်း သူတပါးတို့ကို မညှဉ်းဆဲရန်၎င်း ဖြစ်သော အကြံသုံးပါး။)

(၃) သမ္မာဝါစာ=ကောင်းသောစကားကို ဆိုခြင်း၊ (ဝစီဒုစရိုက်လေးပါးတို့မှ ရှောင်ကြဉ်ခြင်း။)

http://www.dhammadownload.com


(၄) သမ္မာကမ္မန္တ=ကောင်းသောအမှုကိုသာ ပြုခြင်း၊ (ကာယ ဒုစရိုက်သုံးပါးတို့မှ ရှောင်ကြဉ်ခြင်း။)

(၅) သမ္မာအာဇီဝ=ကောင်းသောအသက်မွေးခြင်း၊ (မကောင်းမှု ဒုစရိုက်ခုနစ်ပါးတို့ဖြင့် အသက်မွေးခြင်းမှ ရှောင်ကြဉ်ခြင်း။)

(၆) သမ္မာဝါယာမ=ကောင်းသောအားထုတ်ခြင်း၊ (မဖြစ်သေးသောအကုသိုလ်တရားတို့ မဖြစ်စေရန်၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့ကိုပယ်ရန်၊ မဖြစ်သေးသော ကုသိုလ်တရားတို့ ဖြစ်ပွါးစေရန်၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ အစဉ်တိုးပွါးစေရန် အားထုတ်ခြင်း။)

(၇) သမ္မာသတိ=ကောင်းစွာမမေ့မလျော့ခြင်း၊ (ကိုယ်ကာယ၌သော်၎င်း ခံစားမှုဝေဒနာများ၌သော်၎င်း စိတ်၌သော်၎င်း နီဝရဏစသော တရားတို့၌သော်၎င်း မိမိစိတ် တည်နေစေရန် မမေ့မလျော့ခြင်း။)

(၈) သမ္မာသမာဓိ=ကောင်းစွာ တည်ကြည်ခြင်း၊ (ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တို့ကို ဆိုလိုသည်။)

ဤတရားရှစ်ပါးစုသည် လောကီဖက်၌ကား ရှစ်ပါးလုံး တပြိုင်နက် တချိန်တည်း မဖြစ်နိုင်ကြ၊ အသီးအသီး တွဲဖက်ဖြစ်ပေါ်နိုင်သမျှသာ တွဲဖက်ဖြစ်ပေါ်ကြ၏။ လောကုတ္တရာသို့ ရောက်သောအခါ တပြိုင်နက် တချိန်တည်း ရှစ်ပါးလုံး တွဲဖက်ဖြစ်ပေါ်ကြသည်၊ လောကုတ္တရာမဂ်ခဏ၌ တပြိုင်နက် တချိန်တည်း ဖြစ်ပွါးကြသည့် ဤမဂ္ဂင်ရှစ်ပါးကိုသာ ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ သွားရောက်ကြောင်း မဂ္ဂအရိယသစ္စာဟူ၍ ဆိုအပ်၏။ ဤသို့လျှင် ဒုက္ခနိရောဓဂါမိနိပဋိပဒါ မဂ္ဂအရိယသစ္စာဟူသည် ရှစ်ပါးလုံး တပြိုင်နက် တချိန်တည်း တပေါင်းတစည်းတည်းဖြစ်ကြသည့် သမ္မာဒိဋ္ဌိစသော တရားစုကို ခေါ်၏။ မဂ်ဖိုလ်နိဗ္ဗာန် ဟူသော လောကုတ္တရာတရားအစု၌ ပါဝင်သည့် (မဂ်) ဟူသောစကားမှာလည်း ဤမဂ္ဂအရိယသစ္စာဖြစ်သော တရားရှစ်ပါးကို ခေါ်ဆို၏ဟူ၍ မှတ်ယူရာ၏။

အရိယသစ္စာပြဆိုခန်း ပြီး၏။

http://www.dhammadownload.com


## ပရိယတ္တိသစ္စာနှင့် ပဋိပတ္တိသစ္စာ

ဤပြဆိုအပ်ပြီးသော သစ္စာစုသည် သိမြင်နားလည်ရန် သင်ကြားထားအပ်သော ပရိယတ္တိသစ္စာစုတို့ ဖြစ်ကုန်၏။ ဘုရားအလောင်းဖြစ်သော သူတော်ကောင်းကြီးများ ဖြည့်ကျင့်အပ်သော ပဋိပတ္တိသစ္စာကိုသာ ဤသစ္စာပါရမီအရာ၌ အလိုရှိအပ်၏။ ထိုပဋိပတ္တိသစ္စာဟူသည်မှာ မှန်ကန်စွာ မြွက်ဆိုအပ်သော စကား (သို့မဟုတ်) စကားကို မချွတ်မယွင်း မှန်ကန်စွာ ပြောဆိုခြင်းတည်းဟူသော ဝစီသစ္စာ ဖြစ်ပေသည်။ ဤဝစီသစ္စာကို မိမိသန္တာန်၌ ပြည့်စုံအောင် ဖြည့်ကျင့်ခြင်းကို "သစ္စာပါရမီဖြည့်သည်"ဟု ခေါ်ဆိုအပ်၏။ ဤဝစီသစ္စာကိုပင် ဘုရားအလောင်းတော်စသော သူတော်ကောင်းတို့ အထူးဖြည့်ကျင့်ဆည်းပူးတော်မူကြ၏။ ဤသို့ ဆည်းပူးအပ်သော ဝစီသစ္စာသည်လည်း....

(၁) သဒ္ဒဟာပနသစ္စာ၊

(၂) ဣစ္ဆာပူရဏသစ္စာ၊

(၃) မုသာဝိရမဏသစ္စာ—

ဟူ၍ သုံးပါး အပြားရှိပြန်၏။

(၁) သူတပါးတို့ မိမိကိုယုံကြည်စေရန် အမှန်ပြောကြားအပ်သော ဝစီသစ္စာသည် သဒ္ဒဟာပနသစ္စာမည်၏။

(၂) မိမိအလိုရှိအပ်သော အရာကို ပြည့်စုံစေရန် အမှန်ပြောကြားအပ်သော ဝစီသစ္စာသည် ဣစ္ဆာပူရဏသစ္စာမည်၏။

(၃) မဟုတ်မမှန်သောစကားကို ပြောကြားမှုမှ ရှောင်ကြဉ်ရန် ပြောကြားအပ်သော ဝစီသစ္စာသည် မုသာဝိရမဏသစ္စာမည်၏။

### (၁) သဒ္ဒဟာပနသစ္စာ

ထိုသုံးပါးတို့တွင် အလောင်းတော်ကြီးများ သဒ္ဒဟာပနသစ္စာ ပြည့်စုံရန် ဖြည့်ကျင့်တော်မူကြပုံကို ပကိဏ္ဏကနိပါတ် ၅-ဘိသဇာတ်ဖြင့် သိအပ်၏။ ထိုဘိသဇာတ် အကြောင်းအရာ အကျယ်ကို နိပါတ်ဝတ္ထုမှ ကြည့်ရှုမှတ်သားရာ၏။ အကျဉ်းချုပ် အဋ္ဌုပ္ပတ္တိကား....

### ဘိသဇာတ်အကျဉ်း

လွန်လေပြီးသောအခါ ဗာရာဏသီပြည်သား ပုဏ္ဏားမျိုးဖြစ်သော မဟာကဉ္စနသတို့သားသည် မိမိ၏ ညီခြောက်ယောက် နှမငယ်တယောက် အစေခံယောကျ်ားတယောက် အစေခံမိန်းမတယောက် မိတ်ဆွေတယောက် ဤဆယ်

http://www.dhammadownload.com



ယောက်သောသူတို့နှင့် အတူတကွ တောထွက်ကာ ပဒုံမာကြာအိုင်တခု၏အနီး သင့်လျော်သော နေရာ၌ နေရာထိုင်ခင်း ပြုလုပ်နေထိုင်၍ သစ်သီးဝလံစသည် တို့ကို ရှာဖွေသုံးဆောင် မျှတကာ နေလေ၏။

ရှေးဦးစွာ (အစပိုင်း၌) သစ်သီးရှာဖွေချိန်တွင် အများထွက်၍ ရှာဖွေကြသောအခါ လူများ၍ စကားများကြသဖြင့် မြို့ရွာနေသူများကဲ့သို့ ဖြစ်နေ၍ ဤကဲ့သို့ မဖြစ်စေရန် နောင်တော်ကြီး မဟာကဥ္စနသတို့သားက "ငါတဦးတည်းသာ သစ်သီးဝလံရှာဖွေမည်၊ သင်တို့တစု အေးချမ်းစွာ တရားအားထုတ်၍ နေရစ်ကြရမည်"ဟု အမိန့်ပေးသောအခါ၊ ညီများက "နောင်တော်ကြီးမှာ အားလုံး၏ ဦးစီး ဆရာကြီးဖြစ်၍ နေပါသည်၊ ဆရာကြီးကိုယ်တိုင် သစ်သီးဝလံ မရှာထိုက်ပါ၊ နှမငယ်နှင့် အစေခံမမှာလည်း မိန်းမသားများဖြစ်ကြ၍ မရှာထိုက်ပါ၊ ကျန်သောသူ ရှစ်ဦးတို့သာ အလှည့်ကျ ရှာမှီးကြပါမည်"ဟု ပြောဆိုသဘောတူညီကြကာ ကျန်သောသူ ရှစ်ဦးတို့ အလှည့်ကျ သစ်သီးဝလံ ရှာဖွေ၍ ရသမျှဖြင့် မျှတနေထိုင်ကြကုန်၏။

ကာလအတန်ကြာသောအခါ လွန်စွာရောင့်ရဲကြရကား သစ်သီးဝလံတို့ကို ပင် မရှာမှီးကြတော့ပဲ အနီးရှိ ပဒုံမာကြာအိုင်ကြီးထဲမှ ကြာစွယ်တို့ကိုသာ ရှာမှီး ဝေပုံချ၍ စားသုံးကြလေသည်။ စားသုံးကြပုံမှာ....အလှည့်ကျ ရှာမှီးသောသူသည် ရရှိလာသော ကြာစွယ်တို့ကို သစ်ရွက်မိုး ကျောင်းတခုအတွင်း၌ အစု ဆယ့်တစု စုပြီးလျှင် ကြေးစည်ငယ်လိုက် မိမိကျရောက်သောအစုကို ယူ၍ ကျောက်စည်ထိုးပြီးမှ မိမိနေရာသို့ ပြန်သွားကာ ကောင်းမွန်စွာ စားသောက် ပြီးလျှင် တရားကို နှလုံးသွင်း၍ နေလေ၏။ ကျန်သောသူတို့လည်း ကျောက်စည် သံကြားပြီးနောက် အသီးအသီးလာရောက်၍ မိမိတို့ဝေစုကို ယူငင်စားသောက် ကာ တရားနှလုံးသွင်း၍ နေကြလေသည်။ အကြောင်းထူးမရှိပဲ တဦးနှင့်တဦး မတွေ့ဆုံရ။

ထိုသူတို့၏ အကျင့်သီလ ပြင်းထန်လှသောကြောင့် သိကြားမင်း၏ ဘုံဗိမာန် တုန်လှုပ်သည်တွင် သိကြားမင်းသည် ဆင်ခြင်၍ ထိုအကြောင်းကို သိရှိပြီးခါ "ဤသူတို့သည် ကာမစည်းစိမ်ကို လိုလားကြကုန်သလော၊ မလိုလားကြကုန် သလော"ဟု ယုံမှားသံသယ ဖြစ်ရှိကာ ထိုသူတို့၏ အလိုကို စုံစမ်းလို၍ နောင်တော်ကြီး၏ ဝေစုအပုံကို သုံးရက်တိုင်တိုင် ဆက်၍ မိမိတန်ခိုးဖြင့် ဝှက်ထား လေ၏။

နောင်တော်ကြီးသည် ပဌမနေ့ ဝေစုယူရန် လာရောက်သောအခါ ဝေစု မရှိပဲ ဖြစ်နေသည်ကို တွေ့၍ "ငါ့အတွက် ဝေစုကို မေ့၍ မထားမိပဲ ဖြစ်လိမ့် မည်"ဟု အောက်မေ့ကာ တစုံတရာ မည်သို့မျှ မပြောဆိုပဲ တရားကိုသာ

http://www.dhammadownload.com



အားထုတ်၍ နေတော်မူ၏။ ဒုတိယနေ့မှာ "ငါ့အား အပြစ်တစုံတရာရှိသဖြင့် ဒဏ်ပေးသောအနေဖြင့် ဝေစုမထား ရှိချေမည်"ဟု အောက်မေ့ကာ ရှေးနည်းအတူပင် နေတော်မူ၏။ တတိယနေ့သို့ ရောက်သောအခါ "ငါ့အပြစ်ရှိက သည်းခံစေမည်၊ ကန်တော့မည်"ဟု ကြံစည်တော်မူကာ ညနေချမ်းအခါ၌ ကျောက်စည်ထိုး၍ အလုံးစုံ စည်းဝေးစေပြီးလျှင် သုံးရက်တိုင်တိုင် မိမိအတွက် ဝေစုမရကြောင်း ပြောဆို၍ "အဘယ့်ကြောင့် ငါ့အတွက် ဝေစုမထားကြသနည်း၊ အပြစ်ရှိလျှင် ပြောကြကုန်၊ ထိုအပြစ်အတွက် သင်တို့ကို ငါတောင်းပန်ပါမည်"ဟု ပြောသည်တွင် အကြီးဆုံးဖြစ်သော ညီက ထိုင်ရာမှထ၍ နောင်တော်ကြီးကို ရှိခိုးပြီးလျှင်...."ဆရာ....သူတပါးအတွက် မပါဝင်စေပဲ ကျွန်ုပ်၏အတွက် သက်သက် ပြောဆိုနိုင်ခွင့် ရပါသလော"ဟု မေးမြန်းသည်တွင်၊ အလောင်းတော်က ပြောဆိုနိုင်ကြောင်း အခွင့်ပြုသောအခါ ...

အရှင်သူမြတ်....အကယ်၍ ကျွန်ုပ်သည် အရှင်၏ဝေစုဖြစ်သည့် ကြာစွယ်တို့ကို ခိုးယူငြားအံ့၊ မြင်းကိုဂင်း နွားကိုဂင်း ငွေကိုဂင်း ရွှေကိုဂင်း နှစ်သက်ဖွယ်ကောင်းသော မယားကိုဂင်း ဤအရပ်မှာ ရရှိပြီးလျှင် သားသမီးမယားတွေနှင့် ပြည့်ပြည့်စုံစုံ နေရသည် ဖြစ်ပါစေသား—

ဟူ၍ ကျိန်စာရွက်လေသည်။ (ဤသို့ ကျိန်စာရွက်ခြင်းမှာ....ချစ်နှစ်သက်ဖွယ် ဝတ္ထုရှိသလောက် ထိုဝတ္ထုတို့နှင့် ကွေကွင်းသောအခါ သောကဒုက္ခရောက်ရသည် ဖြစ်သောကြောင့် ဝတ္ထုကာမတို့ကို ကဲ့ရဲ့လိုသည်ဖြစ်၍ ဤကဲ့သို့ ကျိန်စာရွက်ခြင်း ဖြစ်လေသည်။)

ထိုအခါ နောင်တော်ကြီးက ဤမျှ ဝန်လေးသော ကျိန်စာကို ဆိုဘိ၏၊ သင်မစားသည်ကို ငါယုံကြည်၏၊ သင့်နေရာ၌ သင်ထိုင်လော့-ဟု အမိန့်ရှိသည့်ပြင် ကျန်သောသူတို့ကလည်း အချင်း....ဤသို့ မကျိန်ဆိုပါလင့်၊ သင်၏ကျိန်စာကား ဝန်လေးလှဘိ၏-ဟု ပြောဆိုကြကာ နားကို ပိတ်၍ထားကြကုန်၏။ (ဤသို့ နားကို ပိတ်ကြခြင်းမှာ ထိုပုဂ္ဂိုလ်တို့သည် ကိလေသာအာရုံကာမဂုဏ်တို့ကို အလွန်စက်ဆုပ်လှသည့်အတွက် တောထွက်ကာ တရားအားထုတ်နေကြသူများဖြစ်၍ ကာမနှင့်စပ်သော စကားကို ကြားရုံမျှပင် မကြားဝံ့ကြအောင် ကြောက်ရွံ့ထိတ်လန့်ကြသောကြောင့် ဖြစ်ပေသည်။) ထိုအခါ ဒုတိယမြောက် ညီက....

အရှင်သူမြတ်....အကယ်၍ ကျွန်ုပ်သည် ဝေစုကြာစွယ်တို့ကို ခိုးယူမိငြားအံ့၊ ပန်းကိုပန်ဆင်ရသူ ကာသိကတိုင်းဖြစ် စန္ဒကူးကို လိမ်းကျံ

http://www.dhammadownload.com



ရသူ ဖြစ်ပါစေသား၊ သားသမီးတွေများစွာ ဖြစ်ထွန်းပါစေသား၊ ကာမဂုဏ်တို့၌ အလုန်ထက်မြက် ငဲ့ကွက်မှု တွယ်တာမှုကို ကျွန်ုပ်ပြုရပါစေသား—

ဟူ၍ ကျိန်စာရွက်လေသည်။ (ဤနည်းအားဖြင့် ရှစ်ဦးလုံးပင် အသီးအသီး ကျိန်စာရွက်ကြလေသည်။)

ဤဇာတ်တော်၌ ခေါင်းဆောင်ဖြစ်သော မဟာကဉ္စနရသေ့သူမြတ်သည် ဘုရားအလောင်းတော်ဖြစ်၍၊ ကျန်သော ဆယ်ဦးတို့လည်း အသီးအသီး အလောင်းအလျာတွေချည်း ဖြစ်ကြသောကြောင့် ကာမဂုဏ်တို့ကို စေန်ပင်ကြောက်ရွံ့စက်ဆုပ်ကြသော စိတ်သဘောထား ရှင့်မာသူများဖြစ်ကြသဖြင့် ဖော်ပြရာပါ ကျိန်စာတို့ကို တဖက်သားအများတို့ ယုံကြည်ကြစေရန် ရဲရဲဝံ့ဝံ့ ကျိန်ဆိုကြခြင်းဖြစ်သည်။ ဤဘိသဇာတ်၌ သစ္စာပြုသည်ဟူ၍ကား တိုက်ရိုက်မဆို၊ ကျိန်စာရွက်သည်ဟူ၍သာ ဆိုသည်။ သို့သော် မှန်ကန်သောစကားကို အခြေခံပြုကာ ကျိန်စာရွက်ခြင်းဖြစ်သောကြောင့် အလောင်းတော်များ ဖြည့်ကျင့်သော ဝစီသစ္စာပင် ဖြစ်သည်။ ဤသို့ အသီးအသီး ကျိန်စာဆိုကြသော စကားရပ်များတွင် "ကျွန်ုပ်သည် အရှင်၏ ဝေစုဖြစ်သော ကြာစွယ်ကို မခိုးယူပါ"ဟူသော စကားသာ ဆိုလိုရင်းဖြစ်သည်၊ ဤဆိုလိုရင်း စကားသည် အမှန်အတိုင်း ပြောဆိုခြင်းဖြစ်၍ ဝစီသစ္စာပင်ဖြစ်သည်။ မည်သည့်အရာမျိုးတွေကို ရပါစေ၊ မည်ကဲ့သို့ ဖြစ်ပါစေ-ဟူသော ကျိန်စာစုမှာ တဖက်သားအများတို့ ယုံကြည်စေရန် အပြစ်ကို ထည့်သွင်းပြောဆိုခြင်းမျှသာ ဖြစ်သည်၊ ထို့ကြောင့် ဤသစ္စာကို "သဒ္ဒဟာပနသစ္စာ"ဟူ၍ ဆိုအပ်၏။ ကမ္ဘာဦးအစ မဟာသမ္မတမင်းမှစ၍ ယခုကာလ အစိုးရမင်းများ လက်ထက်တိုင် သစ္စာကျိန်ဆိုခြင်းဟူသမျှသည် ဤ"သဒ္ဒဟာပနသစ္စာ"မျိုးသာဖြစ်ကြောင်း ကောင်းစွာ မှတ်ယူအပ်၏။

## ကျမ်းသစ္စာ

လောက၌ ကျိန်ဆိုရမည့် အကြောင်းအရာတို့ကို ကျမ်းစာတခု ပြုလုပ်ရေးသားထားခြင်း မရှိသေးမီအတွင်း၌ ပြခဲ့ပြီးသည့်အတိုင်း နှုတ်ဖြင့်သာ ကျိန်ဆိုရသောကြောင့် "သစ္စာကျိန်ဆိုခြင်း"ဟူ၍ ခေါ်ဆိုရ၏၊ ကျမ်းစာတခု ပြုလုပ်ရေးသားထားပြီးသည့်နောက်မှာကား နှုတ်သက်သက်ဖြင့်သာ ကျိန်ဆိုမှု မပြုကြတော့ပဲ ကျမ်းစာကို လက်ဖြင့်ကိုင်၍ (သို့မဟုတ် ဦးထိပ်ရွက်၍) ကျိန်ဆိုမှုပြုကြသောကြောင့် "ကျမ်းသစ္စာကျိန်ဆိုသည်"ဟူသော အသုံးအနှုန်း ဖြစ်ပေါ်လာသည်။ ဤကျမ်းသစ္စာ ကျိန်ဆိုခြင်းကိုပင် အရပ်သုံး ဝေါဟာရအားဖြင့် "ကျမ်းကိုင်သည်"ဟူ၍ရင်း၊ ဤသို့ ကျမ်းကိုင်ရန် စေခိုင်းသည်ကို "ကျမ်း

http://www.dhammadownload.com



တိုက်သည်”ဟူ၍ရင်း ခေါ်ဆိုကြ၏။ ဤသို့ သူတဖက်သားတို့ ယုံကြည်စေရန် မိမိအတွက် ရည်သန်၍ “ဤအတိုင်းမှန်ပါသည်၊ မမှန်ခဲ့သော် ဤသို့ ဤသို့ ဖြစ်ပါစေ”စသည်ဖြင့် ကျိန်စာရွက်ခြင်းမျိုးကိုသာ သဒ္ဒဟာပနဝစီသစ္စာခေါ် ကျမ်းသစ္စာ ကျိန်ဆိုခြင်း ဖြစ်သည်ဟု မှတ်ယူအပ်၏။

## ကျိန်ဆဲခြင်း

မှန်ကန်ခြင်းသစ္စာကို အရင်းခံမထားပဲ သူတပါးတို့ အကျိုးယုတ်ရန်အတွက် မြွက်ဆိုအပ်သော ကျိန်စာမျိုးကား သစ္စာကျိန်ဆိုခြင်းမဟုတ်ပဲ“ကျိန်ဆဲခြင်း” သာ ဖြစ်သည်။ ဤကျိန်ဆဲခြင်း ပုံစံမှာ....

## ရသေ့နှစ်ပါးဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဒေဝီလအမည်ရှိသော ရသေ့တဦးသည် ဟိမဝန္တာ၌ နေပြီး၍ ချဉ်ဆားမှီဝဲရန် ဗာရာဏသီပြည်သို့ လာသောအခါ မြို့တံခါးအနီး အိုးထိန်းသည် (အိုးလုပ်သမား)၏ တဲကုဋ်မှာ အိုးလုပ်သမားထံ ခွင့်ပန်၍ ခေတ္တတည်းခို နေထိုင်၏။ ထိုနောက် မကြာမီပင် နာရဒအမည်ရှိသော ရသေ့သည်လည်း ထိုအတူ လာရောက်၍ ထိုတဲကုဋ်မှာပင် နေထိုင်လေ၏။ ညဉ့်အိပ်ချိန်ရောက်သောအခါ နာရဒရသေ့သည် ဒေဝီလရသေ့၏ အိပ်ရာကိုရင်း အတက်အဆင်း အဝင်အထွက် တံခါးကိုရင်း ကောင်းစွာ မှတ်သား၍ အိပ်လေ၏။ ဒေဝီလရသေ့သည်ကား လဲလျောင်းပြီးနောက် မိမိ၏ နေရာရင်းတွင် မအိပ်ပဲ အတက်အဆင်း အဝင်အထွက် တံခါးအလယ်မှာ သွား၍ ကန့်လန့်ဖြတ် အိပ်နေ၏။

နာရဒရသေ့သည် ညဉ့်အခါ အောက်သို့ ဆင်းသည်ရှိသော် ဒေဝီလရသေ့၏ ဆံကျစ်ကို နင်းမိလေ၏။ ဒေဝီလရသေ့က “ငါ့ဆံကျစ်ကို မည်သူ နင်းသနည်း” ဟု မေးသောအခါ “ဆရာ....သင်ရှိမှန်းမသိ၍ ငါနင်းမိပါသည်”ဟု သာယာ ညွှင်းပျောင်း ပြောဆိုပါသော်လည်း ဒေဝီလရသေ့က “ဟယ် ရသေ့စဉ်းလဲ.... တောကလာပြီးလျှင် ငါ့ဆံကျစ်ကို နင်နင်းခြင်းသည် သင့်လျော်၏လော”ဟု ဆိုသောအခါ နာရဒရသေ့က “ဆရာ....ဤနေရာ၌ သင်အိပ်နေကြောင်းကို မသိ၍ နင်းမိပါသည်၊ သည်းခံပါ”ဟု တောင်းပန်စကား ပြောကြား၍ ဒေဝီလ ရသေ့ မြည်တွန်တောက်တီးနေစဉ်ပင် အပြင်သို့ ထွက်သွားလေ၏။

ဒေဝီလရသေ့သည် နာရဒရသေ့ ပြန်ဝင်လာလျှင် ငါ့ကိုပင် နင်းမိလိမ့်ဦးမည်ဟု စိုးရိမ်ကာ ခေါင်းရင်းခြေရင်း လဲလှယ်၍ အိပ်ပြန်လေ၏။ နာရဒရသေ့ ပြန်ဝင်လာသောအခါ “ငါဆင်းစဉ်က သူ့ခေါင်းရင်းနေရာကို မသိသဖြင့် သူ၏ ဆံကျစ်ကို နင်းမိကာ ချွတ်ယွင်းခဲ့လေပြီ၊ ယခု ခြေရင်းဖက်မှသာ ဝင်အံ့”

http://www.dhammadownload.com



ဟု ကြံ၍ ဝင်လေသော် ဒေဝိလရသေ့၏ လည်ပင်းကို နင်းမိပြန်၏။ ဒေဝိလရသေ့က "ငါ့လည်ပင်း နင်းသူကား မည်သူနည်း"ဟု မေးသောအခါ နာရဒရသေ့က "ဆရာ....ငါနင်းမိသည်"ဟု ပြောလျှင် ဒေဝိလရသေ့က "ဟယ်ရသေ့စဉ်းလဲ....ပဌမအကြိမ် ငါ့ဆံကျစ်ကို နင်းပြီးလျှင် ယခု လည်ပင်းကို နင်းပြန်သည်၊ သင့်ကို ငါကျိန်ဆဲအံ့"ဟု ဆိုလေသော် နာရဒရသေ့က "ဆရာ....ငါ့မှာ အပြစ်မရှိပါ၊ ငါသည် သင် ဤကဲ့သို့ အိပ်နေသည်ကို မသိ၍ ပဌမအကြိမ် ချွတ်ယွင်းခဲ့ပါသည်၊ ယခုလည်း မချွတ်ယွင်း (မမှား) ရအောင် သင့်ခြေရင်းမှ ဝင်မည်ဟုပင် ငါဝင်ခဲ့ပါသည်၊ သည်းခံပါ"ဟူ၍ တောင်းပန်လေ၏။

ဒေဝိလရသေ့က "ဟယ် ရသေ့စဉ်းလဲ....သင့်ကို ငါကျိန်ဆဲတော့မည်"ဟု ဆိုသည်တွင် နာရဒရသေ့က "ဆရာ....ဤကဲ့သို့ မပြုပါလင့်"ဟု တောင်းပန်သော်လည်း မရ၊ ထိုတောင်းပန်စကားကို မနာယူပဲ "နက်ဖန်နံနက် နေထွက်သည်နှင့်တပြိုင်နက် သင်၏ဦးခေါင်း ခုနစ်စိတ် ကွဲပါစေသား"ဟု ကျိန်ဆဲလေ၏။ ထိုအခါ နာရဒရသေ့က "ဆရာ....ငါ့မှာ အပြစ်မရှိပါဟု ပြောဆိုပါလျက် တောင်းပန်ပါလျက် သင်ကျိန်ဆဲဘိသည်၊ အပြစ်ရှိသူ၏ ဦးခေါင်းသာ ခုနစ်စိတ်ကွဲပါစေသား"ဟု ပြန်လည် ကျိန်ဆို၏။ (ဤနာရဒရသေ့၏ ကျိန်ဆိုခြင်းမှာ ဒေဝိလရသေ့ကဲ့သို့ စင်စစ် ကျိန်ဆဲလိုသော ဒေါသစိတ်စေတနာ မရှိ၊ အပြစ်ရှိသော ဒေဝိလရသေ့ ကြောက်ရွံ့ထိတ်လန့်၍ တောင်းပန်ဝန်ချစေရန်သာ ခြိမ်းခြောက်သကဲ့သို့ ပြောဆိုခြင်းဖြစ်သည်။ နာရဒရသေ့သည် ရှေ့ကမ္ဘာလေးဆယ် နောက်ကမ္ဘာလေးဆယ် ပေါင်းကမ္ဘာရှစ်ဆယ်အထိ သိမြင်နိုင်သော တန်းခိုးကြီးသည့် ရသေ့ဖြစ်၏။) သို့ဖြစ်၍ "ဤကျိန်ဆဲချက်သည် သူ့ အပေါ်မှာ ကျရောက်မည်လော၊ ငါ့အပေါ်မှာ ကျရောက်မည်လော"ဟု တန်းခိုးဖြင့် ကြည့်ရှုသောအခါ ဒေဝိလရသေ့အပေါ်မှာ ကျရောက်မည်ကိုသိ၍ ထိုဒေဝိလရသေ့ကို သနားငဲ့ညှာကာ မိမိ၏ တန်းခိုးဖြင့် နေအရှက်မတက်အောင် ဟန့်တားထားလေ၏။

အချိန်တန်လျက် နေမထွက်သောအခါ တိုင်းသူပြည်သားတို့သည် ပြည့်ရှင်မင်းကြီး၏ နန်းတော်တံခါးဝသို့ သွားပြီးလျှင် "အရှင်မင်းကြီး....သင့်လက်ထက်မှာ ယခု နေမထွက်ပဲ ရှိနေပါသည်၊ နေထွက်အောင် ကျင့်ကြံတော်မူပါ"ဟူ၍ တညီတညွတ်တည်း ကြွေးကြော်ကြကုန်၏။ မင်းကြီးလည်း မိမိ၏ အကျင့်တရားကို စဉ်းစားဆင်ခြင်သည်တွင် တစုံတရာ မသင့်လျော်မှုကို မမြင်သဖြင့် အကြောင်းထူး ရှိလိမ့်မည်ဟု ကြံစည်ကာ "ရဟန်းများ၏ ငြင်းခုံမှုအတွက်သာ ဖြစ်တန်ရာသည်"ဟု တွေးတောမိ၍ ငါ့တိုင်းပြည်မှာ ရသေ့ရဟန်းများ ရှိသလောဟု စုံစမ်းမေးမြန်းသောအခါ ရသေ့နှစ်ပါး၏ အကြောင်းကို ကြားသိတော်မူသဖြင့် ညဉ့်တွင်းချင်းပင် ကိုယ်တိုင် အခြွေအရံများစွာနှင့်တကွ ရသေ့တို့ထံ လာရောက်ပြီးလျှင် နာရဒရသေ့ အမိန့်ရှိသော်အတိုင်း ဒေဝိလရသေ့၏

http://www.dhammadownload.com



ဦးခေါင်းပေါ်၌ မြေစိုင်ခဲကို ရွက်စေလျက် ရေအိုင်ထဲသို့ အတင်းအကြပ် ဆင်းစေတော်မူ၏။ ထိုနောက် နာရဒရသေ့က တန်းခိုးကို ရုပ်သိမ်းလိုက်သဖြင့် အရုဏ်တက်၍ နေထွက်သည်နှင့် တပြိုင်နက် မြေစိုင်ခဲ ခုနစ်စိတ် ကွဲသွားသော အခါ ဒေဝီလရသေ့သည် ရေငုပ်ကာ အခြားနေရာသို့ မရွှေ့ပြောင်း၍ ရေမှ တက်ကာ ချမ်းသာရာ ရဘူးလေသည်။ (မ္မပဒအဋ္ဌကထာ၊ ၁-ယမကဝဂ်၊ ၃-တိဿဝတ္ထု။)

ဤဝတ္ထု၌ ဒေဝီလရသေ့၏ "နေထွက်သည်နှင့် တပြိုင်နက် သင့် ဦးခေါင်း ခုနစ်စိတ် ကွဲပါစေသား" ဟူသော ကျိန်ဆိုချက်သည် မိမိအတွက် မဟုတ်၊ နာရဒရသေ့အတွက် ရည်သန်ကာ ဒေါသစိတ်ဖြင့် ကျိန်ဆိုသော စကားဖြစ်၍ ကျမ်းသစ္စာ ကျိန်စာမဟုတ်ပဲ ကျိန်ဆဲခြင်းသာဖြစ်သည်ဟု သိအပ်၏။

ဤဝတ္ထုလာ ကျိန်ဆဲခြင်းမျိုးကဲ့သို့ပင် ကျောက်စာများ၌လည်း ရှေးအခါက ထိုးမှတ်ရေးသားကြဘူးသည်မှာ....ပုဂံပြည် စူဠာမုနိဘုရား မြောက်ဖက်ရှိ သက္ကရာဇ် (၅၃၇) ခုနှစ်ထိုး နားဒေါင်းတင်ဘုရား ကျောက်စာအဆုံးတွင် "ငါ့ကောင်းမှုကို ဖျက်သသူကား အမျိုးခုနစ်ဆက် ညက်ညက်ပြုန်းတီး ပျက်စီး စေသော်၊ အဝီစိငရဲထဲ၌ ကျက်၍ ကမ္ဘာအဆက်ဆက် ဘုရားတို့ လာ၍ ချွတ်သော်လည်း မကျွတ်နိုင်သည့် ငရဲသစ်ငုတ် ဖြစ်စေသတည်း" ဟူ၍ ကျိန်စာ ထိုးထားလေသည်။ ဤကျိန်ဆဲစာမျိုးမှာ ဘုရားအလောင်းတော်များ ပြုလုပ် လေ့ရှိသော အရာမဟုတ်။ အမှန်အားဖြင့် ဖရုသဝါစာခေါ် ဝစီဒုစရိုက်မျိုး တနည်းအားဖြင့် လောက၌ သဘောထား သေးသိမ်သူတို့ အချင်းချင်း မခံ သာအောင် ဆဲဆိုသော စကားမျိုးသာ ဖြစ်သည်ဟု မှတ်သားအပ်၏။

ဤ သဒ္ဓဟာပနသစ္စာအကြောင်းကို ဘိသဇာတ်ဖြင့်သာ သိအပ်သည် မဟုတ်သေး၊ အသီတိနိပါတ်၊ ၅-သုတသောမဇာတ်ဖြင့်လည်း သိအပ်၏။ (ထိုဇာတ်အကျယ်ကို ငါးရာ့ငါးဆယ်ဝတ္ထု၌ ကြည့်ရာ၏။) ဤ၌ ဖော်ပြလိုရင်း အကျဉ်းချုပ်မှာ....

မဟာသုတသောမမင်းကြီးသည် ပေါရိသာဒထံတွင် "ငါသည် ငါ့ပြည်တော် သို့ ခေတ္တ ပြန်လိုသည်၊ ပြန်လိုသည့်အကြောင်းမှာ မိဂါဇိန်ဥယျာဉ်တော်သို့ ငါထွက်လာစဉ် လမ်းခရီးအကြားမှာ နန္ဒပုဏ္ဏားက သတာရဟာ=(တရာတန် တရားလေးဂါထာကို ဟောလိုကြောင်း လျှောက်ထားသည်တွင် ဥယျာဉ်တော် က အပြန်မှ နာမည်၊ စောင့်ဆိုင်းပါဟု ချိန်းချက်ကာ စကားအကြွေး ထားခဲ့ ချက်ရှိသည်။ ဤတရားကို နာ၍ ငါ့စကားကြွေးကို ပြေလည်အောင် ဆပ်ပြီး လျှင် သင့်ထံသို့ ငါပြန်ခဲ့ပါမည်" ဟု ခွင့်တောင်းသောအခါ ပေါရိသာဒက

http://www.dhammadownload.com



"အသင်သည် ယောမင်းလက်မှ လွတ်မြောက်သွားပြီး နောက်တဖန် သေမင်းထံ ပြန်လာပါဦးမည် ဟူသကဲ့သို့ ပြောဆိုလေသည်။' ထိုစကားကို ကျွန်ုပ် မယုံကြည်နိုင်"ဟု ငြင်းပယ်၏။

ထိုအခါ မဟာသုတသောမမင်းက "အဆွေတော် ပေါရိသာဒ....လောကဥ္စ စင်ကြယ်သော သီလရှိ၍ သေရခြင်းက မြတ်သေး၏၊ ယုတ်မာသော သဘောရှိ၍ အသက်ရှည်ရခြင်းသည် သူတပါးတို့ ကဲ့ရဲ့အပ်သည်သာ ဖြစ်၏။ မမှန်မကန် ပြောဆိုအပ်သောစကားသည် သေသည့်နောက် အပါယ်ဒုဂ္ဂတိ ဘေးမှ စောင့်ရှောက်မည်မဟုတ်။ အဆွေတော် ပေါရိသာဒ....လောကဥ္စ လေကြမ်းသည် မြေပြင်ရှိ ကျောက်တောင်ကြီးများကို ကောင်းကင်သို့ ပျံတက်သွားအောင် တိုက်ခတ်လိုက်သည်ဟူ၍သော်၎င်း၊ လနှင့် နေတို့သည် မြေပြင်သို့ ကြွေကျကုန်သည် ဟူ၍သော်၎င်း၊ အလုံးစုံသောမြစ်တို့သည် အညာသို့သာ ရေဆန်ကြကုန်သည် ဟူ၍သော်၎င်း တစုံတယောက်က ပြောဆိုငြားအံ့၊ ထိုစကားကို အသင် ယုံသော်မှ ယုံပါလေ၊ "မဟာသုတသောမမင်းသည်' မုသားစကားကို ပြောဆိုသည်"ဟု ဟစုံတယောက်က ပြောလာလျှင် အသင် မယုံပါလေလင့်။ အဆွေတော် ပေါရိသာဒ....ဟင်းလင်းမှာပြင် ကောင်းကင်ကြီးသည် ထက်ခြမ်းကွဲသွားသည် ဟူ၍သော်၎င်း၊ မဟာသမုဒ္ဒရာကြီးသည် ခြောက်ခန်းသွားပြီ ဟူ၍သော်၎င်း၊ မြင်းမိုရ်တောင်ကြီးသည် အရင်းအမြစ်နှင့်တကွ ပြုတ်ထွက်၍ သွားပြီ ဟူ၍သော်၎င်း တစုံတယောက်က ပြောလာလျှင် ထိုစကားကို အသင် ယုံသော်မှ ယုံပါလေ၊ "မဟာသုတသောမမင်းသည် မုသားစကားကို ပြောဆိုသည်"ဟု တစုံတယောက်က ပြောလာသော်လည်း အသင် မယုံပါလေလင့်၊ ဤကဲ့သို့ မိန့်ဆိုတော်မူလေသည်။ ဤသို့ ပြောဆိုသော်လည်း ပေါရိသာဒကား ကောင်းစွာ မယုံကြည်သေး။

(ဤယခု မဟာသုတသောမမင်း ပြောဆိုသောစကားသည် သစ္စာဆိုခြင်း မဟုတ်သေး၊ မိမိ၏စကားကို မှန်ပါပေသည်ဟု ပေါရိသာဒက ယုံကြည်စေရန် အခြေခံထားခြင်းမျှသာ ဖြစ်သည်။ ဤနည်းသို့ လိုက်၍ ယခုကာလ သစ္စာထားဟုခေါ်သော အဖွဲ့အနွဲ့များမှာလည်း 'မိုးပေါ်မှာ ရေစီးလို့၊ မြေကြီးက နေထွက်စေ'အစရှိသည်ဖြင့် မဖြစ်နိုင်သောအရာကို အခြေခံထား ရေးသားဖွဲ့ဆိုကြသည်ကို တချို့က 'ပညာရှိများ ရယ်ရွှင်ဖွယ်ဖြစ်အောင် တမင်ကြံစည် ဖွဲ့စီထားကြသည်'ဟု ထင်မြင်ပြောဆိုတတ်ကြ၏။ အမှန်မှာ....ထိုသစ္စာထားခေါ်သော အဖွဲ့အနွဲ့များသည် ယခုဖော်ပြရာပါ မဟာသုတသောမမင်းကြီးကိုယ်တိုင် ပေါရိသာဒအား ပြောကြားသော စကားမျိုးနှင့် တသဘောတည်းဖြစ်၏။ ဤစကား

http://www.dhammadownload.com



မျိုးကို အလင်္ကာကျမ်းများ၌ "ဘာဝအလင်္ကာ"ဟု အမည်ပေးထား၏။ (ပညာရှိများက မိမိစကားကို ခိုင်မြဲစေရန် မိမိတို့၏အလိုကို ဖော်ပြ၍ တန်းဆာဆင်ထားသော စကားဖြစ်သည်ဟု ဆိုလိုသည်။)

ဤသို့ ပြောသော်လည်း ပေါရိသာဒ မယုံကြည်နိုင်သဖြင့် သုတသောမ မင်းသည် "ဤပေါရိသာဒသည် ငါ့အား မယုံကြည်၊ ကျိန်စာဆိုခြင်းဖြင့် ထိုပေါရိသာဒကို ယုံကြည်စေအံ့"ဟု ကြံစည်ပြီးလျှင် "အဆွေတော် ပေါရိ-သာဒ....ငါ့ကို သင့်ပခုံးမှ ချပါဦး၊ ကျိန်စာဆို၍ သင့်ကို ငါ ယုံကြည်စေပါမည်" ဟု ပြောဆိုလတ်သော် ပေါရိသာဒသည် အလောင်းတော်ကို မိမိပခုံးထက်မှ မြေသို့ ချလေသည်။ အလောင်းတော် သုတသောမမင်းသည် "အဆွေတော် ပေါရိသာဒ....အဆွေတော်က ပူစေလိုပါလျှင် ဤသို့သော သန်လျက်လှံသွားတို့ ဖြင့် ကောင်းစွာ စောင့်ရှောက်အပ်သော မင်းမျိုး၌ နောက်ထပ်တဖန် မဖြစ်ပါ စေသားဟုဆို၍ သန်လျက်ကိုရင်း လှံကိုရင်း ငါ လက်ဖြင့် သုံးသပ်ဆုပ်နယ် ပါမည်၊ ငါသည် ,သင့်ထံမှ ခေတ္တ လွတ်ထွက်သွားပြီးလျှင် နေပြည်တော်မှာ ချိန်းချက်ထားခဲ့သောအတိုင်း နန္ဒပုဏ္ဏားနှင့် စကားအကြွေး မရှိရအောင် တရားတော်ကိုနာပြီးနောက် သစ္စာကို စောင့်ရှောက်သောအားဖြင့် သင့်ထံသို့ ပြန်ခဲ့ပါမည်၊ ငါ မဟုတ်မမှန် ပြောခဲ့သော် ဤသန်လျက်လှံတို့ဖြင့် ကောင်းစွာ စောင့်ရှောက်အပ်သော မင်းမျိုး၌ နောက်ထပ်တဖန် မဖြစ်ပါစေသား"ဟု ယုံပါစေလို ကျိန်စာဆိုလေသည်။

ထိုအခါမှ ပေါရိသာဒသည်"ဤသုတသောမမင်းသည် သာမညမင်းတို့ ကျိန် ဆိုဝံ့ခဲ့သော ကျိန်စာကို ဆိုပေသည်၊ ငါ့ထံသို့ ပြန်လိုလည်း ပြန်၊ မပြန်လိုလည်း နေစေ၊ ငါလည်း မင်းတပါးပင်၊ သူမပြန်လာသော် ငါ၏ လက်မောင်းသွေးကို ထုတ်ယူ၍ ညောင်စောင့်နတ်မင်းအား ပူဇော်တော့မည်"ဟု ကြံစည်ပြီးလျှင် အလောင်းတော်သုတသောမမင်းကို ခွင့်လွှတ်လိုက်လေသည်။

ဤ မဟာသုတသောမမင်းကြီး၏ ဝစီသစ္စာသည်လည်း ပေါရိသာဒ ယုံကြည် စေရန် မိန့်ဆိုအပ်သော သစ္စာဖြစ်၍ "သဒ္ဒဟာပနသစ္စာ"ပင် ဖြစ်၏၊ ဤသစ္စာ မျိုးသည် အလောင်းတော်များ ဖြည့်ကျင့်ရမည့် ပါရမီသစ္စာမျိုး ဖြစ်၏။

---

## (၂) ဗုဒ္ဓာပူရဏသစ္စာ

(၂) အမှတ်ဖြစ်သော အလိုရှိအပ်သည့် အရာကို ပြည့်စုံစေရန်ဆိုအပ်သော ဝစီသစ္စာ၏ အကြောင်းအရာကို မဟာနိပါတ် သုံးခုမြောက် သုဝဏ္ဏသာမ ဇာတ်တော် စသည်ကို ကြည့်ရှုသိမှတ်ရာ၏။

http://www.dhammadownload.com



ထိုသုဝဏ္ဏသာမဇာတ်တော်၌ အလောင်းတော်သုဝဏ္ဏသျှံသည် မြွားဆိပ်ဒဏ် လွှမ်းမိုးလျက် သတိမရပဲ မိန်းမောတွေဝေနေစဉ် ပိဋ္ဌိယက္ခမင်းကြီး ခေါ်ဆောင်လာခဲ့လော ခမည်းတော်နှင့် မယ်တော်တို့သည် သုဝဏ္ဏသျှံ မိန်းမောတွေဝေနေရာသို့ ရောက်လျှင်ပင် ခမည်းတော်ဒုကူလ-က ဦးခေါင်းရင်းမှ ထိုင်ကာ သား၏ ဦးခေါင်းကို မ-လျက်၊ မယ်တော်ပါရိကာ-က ခြေရင်းမှ ထိုင်ကာ ခြေတို့ကို ကိုင်၍ မိမိပေါင်၌ ထားပြီးလျှင် ငိုကြွေးလျက် မျက်မမြင်ဖြစ်ကြသောကြောင့် လက်ဖြင့်သာ စမ်းသပ်ကြည့်ရှုကြရာ မယ်တော်က ရင်ဝကို စမ်းသပ်မိသည်တွင် ကိုယ်ငွေ့ရှိနေသည်ကို တွေ့ရသဖြင့် "ငါ့သား မသေသေး၊ အဆိပ်အတွက် မိန်းမောနေခြင်းမျှသာ ဖြစ်သည်၊ ဤအဆိပ်ကို ငါ၏ သစ္စာအစွမ်းဖြင့် ပယ်ဖျောက်အံ့"ဟု ကြံစည်ကာ—

(၁) ကျွန်ုပ်၏သား သာမသည် ရှေးအခါက တရားကိုသာ ကျင့်လေ့ရှိပါ၏၊ ဤစကား မှန်သည်ဖြစ်အံ့၊ ကျွန်ုပ်သား၏ အဆိပ်သည် ပျောက်ကင်းပါစေသတည်း။

(၂) (ဤနည်းအတူ) ကျွန်ုပ်သား သာမသည် ရှေးအခါက မြတ်သောအကျင့်ကိုသာ ကျင့်လေ့ရှိပါ၏။

(၃) ကျွန်ုပ်၏သား သာမသည် ရှေးအခါက မှန်သောစကားကိုသာ ဆိုလေ့ရှိပါ၏။

(၄) ကျွန်ုပ်၏သား သာမသည် အမိအဖတို့ကို လုပ်ကျွေးသောသူ ဖြစ်ပါ၏။

(၅) ကျွန်ုပ်၏သား သာမသည် အမျိုးထဲမှာ ကြီးကုန်သောသူတို့ကို ရိုသေသမှု ပြုပေ၏။

(၆) ကျွန်ုပ်၏သား သာမကို ကျွန်ုပ်အသက်ထက် ပို၍ ချစ်ပေ၏။

(၇) ကျွန်ုပ်သည်ရင်း သူ့ဖခင်သည်ရင်း ပြုအပ်သော ကုသိုလ်အလုံးစုံကြောင့် သာမ၏ အဆိပ်သည် ပျောက်ကင်းပါစေသတည်း—

ဤသစ္စာ (၇) ခုနစ်ချက်တို့ကို ပြုသောအခါ သုဝဏ္ဏသာမ (သုဝဏ္ဏသျှံ)သည် ဗယ်ညာပြောင်းလဲ၍ အိပ်၏။

ထိုအခါ ဖခင်သည် "ငါ့သားသည် အသက်ရှင်လျက် ရှိ၏၊ ငါသည်လည်း သစ္စာကိုပြုအံ့"ဟူ၍ မယ်တော်ပြုသည့်အတိုင်း သစ္စာ (၇) ခုနစ်ချက် ပြုပြန်သောအခါ ဘုရားအလောင်းသည် နံပါးတဖက်ဖြင့် ပြောင်းလဲ၍ အိပ်ပြန်၏။

http://www.dhammadownload.com



ထိုအခိုက်၌ သုဝဏ္ဏသာမ၏ လွန်ခဲ့သော ခုနစ်ခုမြောက်ဘဝမှာ မိခင်ဖြစ်ခဲ့ဘူးသော ယခုအခါ ဟိမဝန္တာ ဂန္ဓမာဒနတောင်၌နေသော ဗဟုသုန္ဒရီ အမည်ရှိသော နတ်သမီးသည် ဂန္ဓမာဒနတောင်မှ လာခဲ့ကာ သုဝဏ္ဏသာမနေရာသို့ ရောက်၍ "ကျွန်ုပ်သည် ဟိမဝန္တာ ဂန္ဓမာဒနတောင်၌ ရှည်စွာသောကာလ ပတ်လုံး နေထိုင်ပါ၏၊ နေထိုင်သမျှအတွင်း သုဝဏ္ဏသာမထက် ပိုလွန်၍ ချစ်အပ်သောသူ တစုံတယောက်မျှ မရှိပါ၊ ဤစကား မှန်သည်ဖြစ်အံ့၊ သာမ၏ အဆိပ်သည် ပျောက်ကင်းပါစေသတည်း။ ကျွန်ုပ်နေရာ ဂန္ဓမာဒနတောင်၌ သစ်ပင်ဟူသမျှသည် နံ့သာပင်ချည်းသာ ဖြစ်၏၊ ဤစကား မှန်သည်ဖြစ်အံ့၊ သာမ၏ အဆိပ်သည် ပျောက်ကင်းပါစေသတည်း" ဟူ၍ သစ္စာပြုပြန်၏။ ဤသို့ မိခင်ဖခင် နတ်သမီးတို့ သနားစဖွယ် ငိုကြွေးမြည်တမ်း၍နေကြစဉ် အရွယ်တော်နုပျို ကြည်ညိုဖွယ်ကောင်းလှသော အလောင်းတော်သုဝဏ္ဏသာမသည် လျင်မြန်စွာ ထ၍ ထိုင်လေ၏။

ဤဇာတ်တော်၌ မိခင်ပါရိကာ ဖခင်ဒုကူလ မိခင်အဟောင်း ဗဟုသုန္ဒရီ နတ်သမီးတို့၏ နှုတ်မြွက်ပြောဆိုအပ်သော သစ္စာစကားသည် သုဝဏ္ဏသာမ အဆိပ်ကင်းပျောက် ချမ်းသာရောက်စေလိုသော အလိုဆန္ဒ ပြည့်ဝစေရန် ဆိုကြခြင်း ဖြစ်သောကြောင့် ဣစ္ဆာပူရဏာဝစီသစ္စာမည်၏။

## သုပ္ပါရကဝတ္ထု

ထို့မှတပါး ကောဒသကနိပါတ် သုပ္ပါရကဇာတ်၌လည်း ဣစ္ဆာပူရဏာဝစီသစ္စာ အကြောင်း လာရှိ၏။ လာရှိဟန် အကျဉ်းချုပ်ကား—

ရှေးသရောအခါ ကုရုတိုင်း ကုရုကစ္ဆ (ဘရုကစ္ဆ) သင်္ဘောဆိပ်ရွာနေ ဘုရားအလောင်းတော် သုပ္ပါရကအမည်ရှိသော သုခမိန်သည် သင်္ဘောရှေ့ဆောင်ဦးစီး (ကပ္ပိတန်)အလုပ်ကို ပြုလုပ်သည်တွင် ကာလရှည်မြင့်လတ်သော် ပင်လယ်ရေ အခိုးအငွေ့သင့်သဖြင့် မျက်စိနှစ်ဖက် ကွယ်ကာ သင်္ဘောရှေ့ဆောင်ဦးစီး အလုပ်ကို မလုပ်ပဲ နေပြီးနောက် တချိန်တွင် ကုန်သည်တို့၏ ခတောင်းပန်ချက်အရ ဦးစီးပြုလုပ်၍ သင်္ဘောလှော့သွားရာ ခုနစ်ရက်လွန်လျှင် အခါမဟုတ် တိုက်ခတ်သောလေကြောင့် သင်္ဘောသည် လမ်းမှန်မသွားနိုင်ပဲ လေးလပတ်လုံး ပကတိသမုဒ္ဒရာ ရေမျက်နှာပြင်မှာ လှည့်လည်ပြီးနောက်—

(၁) ခုရမာလိသမုဒ္ဒရာ၊

(၂) အဂ္ဂိမာလိသမုဒ္ဒရာ၊

(၃) ဒဓိမာလိသမုဒ္ဒရာ၊

http://www.dhammadownload.com



(၄) ကုသမာလိသမုဒ္ဒြာ၊

(၅) နဠမာလိသမုဒ္ဒြာ—

တို့ကို လွန်သွားကာ ကြောက်မက်ဖွယ်ကောင်းလှသော ဗလဝါမုခသမုဒ္ဒြာ အနီးသို့ ဆိုက်ရောက်ကြသည်တွင် သုပ္ပါရက ရှေ့ဆောင်ဦးစီးက ဤသမုဒ္ဒြာသို့ ရောက်လျှင် နောက်ဆုတ်ပြန်လှည့်ခြင်းငှါ စွမ်းနိုင်သူဟူ၍ မရှိ၊ နစ်မြုပ် ပျက်စီးကြရမည်သာ ဖြစ်ကြောင်း ပြောဆိုလေလျှင် ကုန်သည်အားလုံးတို့ ပြင်းစွာ ငိုကြွေးကြကုန်၏။

ထိုအခါ ဘုရားအလောင်း သုပ္ပါရကသုခမိန်သည် "ငါသစ္စာဆို၍ ဤလှေ အပေါင်းတို့ကို ချမ်းသာစေအံ့"ဟု ကြံပြီးလျှင် "ကျွန်ုပ်သည် ကိုယ်မှန်းသိမြင် ကာ လိမ္မာသည့်အချိန်ကစ၍ သတ္တဝါတယောက်ကိုမျှလည်း မညှဉ်းဆဲဘူးပါ၊ မြက် ဝါးခြမ်းကအစ သူတပါး၏ဥစ္စာကို မခိုးယူဘူးပါ၊ လောဘ၏အစွမ်းဖြင့် သူတပါးသားမယားကို ကြည့်ရှုံမျှပင် မကြည့်ဘူးပါ၊ မုသားစကား မပြော ဘူးပါ၊ မြက်ဖျားမျှဖြင့်လည်း သေအရက်ကို မသောက်ဘူးပါ၊ ဤသစ္စာစကား ကြောင့် ဤသင်္ဘောသည် ချမ်းသာစွာ နေရင်းဌာနသို့ ပြန်လည်ဆိုက်ရောက် စေသတည်း"ဟူ၍ သစ္စာပြုတော်မူ၏။ လေးလပတ်လုံး မရပ်မတည် လွင့်ပါး နေသော သင်္ဘောသည် တန်းခိုးရှိသောပုဂ္ဂိုလ်ကဲ့သို့ ကုရုကစ္ဆရွာဘက်သို့ ပြန်လှည့်ကာ သစ္စာအာနုဘော်ကြောင့် တရက်တည်းဖြင့်ပင် ကုရုကစ္ဆဆိပ်ကမ်း သို့ ကပ်ရောက်လေသည်။

ဤသုပ္ပါရကသုခမိန်၏ မှန်ကန်စွာ ဆိုအပ်သော ဝစီသစ္စာသည်လည်း မိမိတို့ လူတစု ချမ်းသာမှုကို လိုလားသည့်အတွက် အလိုပြည့်ဝရန် ဆိုအပ်သော ဥစ္စာပူရဏဝစီသစ္စာပင် ဖြစ်၏။

## သိဝိမင်းကြီးဝတ္ထု

ဇာတ်ပါလိ ပိဋကတ်၊ (၃) သိဝိဇာတ်၌—သိဝိတိုင်း အရိဋ္ဌပုရမြို့တော် ဘုရား အလောင်းဖြစ်တော် သိဝိမင်းကြီးသည် နေ့စဉ် နေ့စဉ် ခြောက်သိန်း ခြောက်သိန်း ကုန် လှူဒါန်းစွန့်ကြဲရသော်လည်း မရောင့်ရဲ အားမရနိုင်ပဲ ကိုယ်တွင်း အင်္ဂါ အစိတ်အပိုင်းတို့ကို လှူအံ့ဟူ၍ အကြံတော်ဖြစ်ရာ၊ အလောင်းတော်၏ အလို ဆန္ဒ အကြံတော်ပြည့်ဝရန် သိကြားမင်းသည် မျက်စိနှစ်ဖက် ကွယ်ပျက်သော ပုဏ္ဏားအယောင်ဆောင်ကာ သိဝိမင်းထံ လာပြီးလျှင် "အရှင်မင်းကြီး....အရှင့် မှာ မျက်စိနှစ်ဖက် မြင်တော်မူပါသည်၊ ကျွန်ုပ်မှာ နှစ်ဖက်လုံး မမြင်ပါ၊ အရှင် မင်းမြတ်၏ မျက်စိတော်တဖက်ကို ကျွန်ုပ်အား လှူတော်မူပါလျှင် အရှင် မင်းကြီးမှာလည်း ကျန်တဖက်ဖြင့် အရာရာကို မြင်နိုင်၍ ကျွန်ုပ်မှာလည်း

http://www.dhammadownload.com



မင်းကြီးလှူ၍ရသော မျက်စိတဖက်ဖြင့် အရာရာကို မြင်နိုင်ပါမည်၊ သို့ဖြစ်၍ မျက်စိတော်တဖက်ကို ကျွန်ုပ်အား သနားစွန့်လှူတော်မူပါ”ဟု အလှူခံသည်တွင် သိဝိမင်းကြီးသည် စိတ်တောင့်တ ကြံရွယ်နေခိုက် အလှူခံဆိုက်လာ၍ နှစ်ခြိုက်အားရတော်မူပြီးလျှင် သီဝိကသမားတော်ကို ခေါ်တော်မူ၍ “ငါ၏ မျက်စိတဖက်ကို ဖောက်ထုတ်၍ပေးရမည်”ဟု အမိန့်တော်ရှိလေ၏။ သီဝိက သမားတော်နှင့်တကွ မှူးတော် မတ်တော် မိဖုရား မောင်းမမိဿံတို့က ဝိုင်းဝန်း တားမြစ်သော်လည်း မရပဲ အထုတ်ခိုင်း၍ ဆေးဆရာက ထုတ်ပေးသည်တွင် ထိုမျက်စိကို ကျန်သောမျက်စိတဖက်ဖြင့် ကြည့်ပြီးလျှင် အားရဝမ်းသာစွာ သမ္မာသမ္ဗောဓိဆုကြီးကို တောင်း၍ ပုဏ္ဏားလက်သို့ လှူဒါန်းလိုက်လေ၏။

ပုဏ္ဏားမှာလည်း သိကြားပုဏ္ဏားဖြစ်၍ ထိုမျက်စိကို မိမိ၏ မျက်ကွင်းတဖက် အတွင်းသို့ ထည့်သွင်းလိုက်လျှင်ပင် ပကတိကောင်းမွန်သော မျက်စိတဖက် ဖြစ်သွားသည်ကို သိဝိမင်းကြီး မြင်တော်မူသဖြင့် အလွန်ကြည်လင် ရွှင်လန်း ခြင်းဖြစ်ပြီးလျှင် ကျန်သောမျက်စိတော်တဖက်ကိုလည်း မှူးမတ်ပရိသတ်တို့က တောင်းပန်တားမြစ်သော်လည်း မရပဲ တဖန်အထုတ်ခိုင်း၍ လှူဒါန်းပြန်၏။ သိကြားပုဏ္ဏားမှာ နောက်လှူသောမျက်စိကို ကျန်သည့် မျက်ကွင်း တဖက် အတွင်းသို့ ထည့်သွင်းလိုက်လျှင်ပင် ပကတိကောင်းမွန်သော မျက်စိဖြစ်၍ ဆုတောင်းစကားများ ပြောကြားကာ ပြန်သွားသည့်သဏ္ဌာန်ဖြင့် ကွယ်ပျောက် လေ၏။

သိဝိမင်းကြီးမှာ မျက်စိနှစ်ကွင်း အလင်းမရတော့သဖြင့် မင်းပြုလုပ်ရန် မသင့်လျော်တော့ရကား မင်္ဂလာဥယျာဉ်တော်အတွင်း ရေကန်၏ အနီးအပါး မှာ နေထိုင်စရာပြုလုပ်၍ နေတော်မူလျက် မိမိ၏မျက်စိ အလှူဒါနကို ဆင်ခြင် တော်မူနေစဉ် သိကြားမင်းလာရောက်၍ မင်းကြီး၏ အနီးအပါးမှာ ခြေသံ ကြားစေရန် လူးလာတုံ့ ခေါက် စကြံ ရှောက်လေ၏။ သိဝိမင်းကြီးက မည်သူ နည်းဟု မေးသောအခါ “ကျွန်ုပ်သည် သိကြားမင်းဖြစ်၏၊ သင်မင်းကြီး အလို ရှိသော ဆုကို တောင်းတော်မူပါ”ဟု ပြောဆိုလတ်သည်တွင် သိဝိမင်းကြီးက “ကျွန်ုပ်မှာ စည်းစိမ်ဥစ္စာ ရတနာရွှေငွေတွေ များစွာရှိ၏၊ ယခုအခါ မျက်စိ နှစ်ဖက် စုံလုံးပျက်နေသဖြင့် သေရခြင်းကိုသာ အလိုရှိပါ၏”ဟု ပြောသည်တွင် သိကြားမင်းက “အရှင်မင်းကြီး....ယခု သေခြင်းကို အလိုရှိသည်ဆိုရာမှာ တကယ်ပင် သေလို၍ ဖြစ်သလော၊ သို့မဟုတ် မျက်စိမမြင်သည့်အတွက် ပြော ခြင်းဖြစ်သလော”ဟု မေးရာ၊ မျက်စိမမြင်သည့်အတွက်ဖြစ်ကြောင်း ပြောဆို သည်တွင် သိကြားမင်းက “အရှင်မင်းကြီး....ဤမျက်စိမြင်လာဖို့ရန် ကျွန်ုပ် ဖန်ဆင်း၍မဖြစ်နိုင်ပေ၊ သစ္စာအစွမ်းအားဖြင့်သာ မြင်ပါလိမ့်မည်၊ သစ္စာပြုတော် မူပါ”ဟု ပြောဆိုသောအခါ သိဝိမင်းကြီးက—

http://www.dhammadownload.com



"ကျွန်ုပ်ထံမှောက် တောင်းရမ်းရန် လာရောက်ကြသည့် များ မြောက်လှစွာသော အလှူခံပုဂ္ဂိုလ်တို့ကိုရင်း ထိုအလှူခံပုဂ္ဂိုလ်တို့ အနက် မိမိအလိုရှိရာ တောင်းရမ်းသော အလှူခံပုဂ္ဂိုလ်ကိုရင်း ကျွန်ုပ် စိတ်မှာ ချစ်နှစ်သက်ပါ၏၊ ဤသစ္စာစကားကြောင့် ကျွန်ုပ်၏ မျက်စိ သည် ကောင်းစွာ ဖြစ်ပါစေသတည်း"—

ဟူ၍ သစ္စာပြုလိုက်လျှင် ပဌမမျက်စိသည် ကောင်းစွာ ဖြစ်ပေါ်လာ၏၊ ထို နောက်တဖန်—

"မျက်မမြင်ပုဏ္ဏားသည် ကျွန်ုပ်ထံလာ၍ မျက်စိကို အလှူခံသည် တွင် ထိုပုဏ္ဏားအား မျက်စိတော်နှစ်ဖက်လုံးတို့ကို ကျွန်ုပ်လှူဒါန်း၏၊ ထိုသို့ လှူဒါန်းရသောအခါ ကျွန်ုပ်စိတ်၌ နှစ်ခြိုက်အားယမ်း ဝမ်းသာ လှပေ၏၊ ဤသစ္စာစကားကြောင့် ကျွန်မျက်စိတဖက်သည် ထင်ရှား ဖြစ်ပါစေသတည်း"—

ဟူ၍ သစ္စာပြုသည်တွင် ပြုသည့်အတိုင်း ဒုတိယမျက်စိလည်း ဖြစ်ပေါ်လာလေ သည်။ထိုမျက်စိနှစ်လုံးတို့သည်ကား နဂိုရ်ပကတိ အမိမွေးစဉ်က မျက်စိတို့ လည်းမဟုတ်ကုန်၊ ဒိဗ္ဗစက္ခု အဘိညာဏ်မျက်စိ နတ်မျက်စိလည်း မဟုတ်ကုန်၊ စင်စစ်မူ သစ္စာပါရမီတော် အာနုဘော်ကြောင့် ဖြစ်ပေါ်လာသော မျက်စိတို့ ဖြစ်ကုန်၏။

ဤသိဝိမင်းကြီး၏သစ္စာသည်လည်း မိမိမျက်စိ ပကတိပြန်ဖြစ်ရန် ဆိုအပ် သောသစ္စာဖြစ်၍ အလိုပြည့်စုံရန် ဆိုအပ်သော ဣဋ္ဌာပူရဏဝစီသစ္စာပင် ဖြစ်၏။

ကေကနိပါတ်၊(၈)ဝရုဏဝဂ်၊(၅)မစ္ဆဇာတ်၌လည်းမြတ်စွာဘုရားအလောင်း တော်သည် ငါးမျိုး၌ဖြစ်သောအခါ မိုးအလွန်ခေါင်သဖြင့် ရေခန်း၍ ကျီး အများ ငါးတို့ကို ထိုးဆိတ်စားသောက်ကြသည်တွင် မြတ်စွာဘုရားအလောင်း ငါးမင်းသည် "အကျွန်ုပ်သည် ဇာတ်တူသားကို နိုင်ရာစားလေ့ရှိသော ငါးမျိုး၌ ဖြစ်သော်လည်း ဆန်စေ့ခန့်မျှ ပမာဏရှိသော ငါးကို အစပြု၍ စားဘူးသည် မရှိပါ၊ ဤသစ္စာစကားကြောင့် မိုးသည် ထစ်ချုန်းရွာသွန်းပါစေသတည်း"ဟု သစ္စာပြုသည်နှင့်တပြိုင်နက် မိုးကြီး သည်းထန်စွာ ရွာသွန်းကြောင်း လာ ရှိသည်။

ထို့ပြင် ထိုကေကနိပါတ်၊ (၄) ကုလာဝကဝဂ်၊ (၅) ဝဋ္ဋကဇာတ်၌လည်း ဘုရားအလောင်းသည် ငုံးမျိုး၌ဖြစ်၍ အတောင်ဖြင့်လည်း မပျံနိုင်၊ ခြေဖြင့် လည်း မသွားနိုင်သေးသည့်အရွယ်တွင် တောမီး အကြီးအကျယ်လောင်၍လာ

http://www.dhammadownload.com



ရာ မိဖနှစ်ပါးတို့ ထွက်ပြေးကြသဖြင့် "လောက၌ စင်ကြယ်သော သီလဂုဏ် မှန်ကန်သောသစ္စာတရား သနားကြင်နာခြင်း ကရုဏာတရားတို့သည် ရှိကြ ကုန်၏၊ ငါသည် သစ္စာကိုသာ ပြုရတော့မည်"ဟု ကြံစည်ပြီးလျှင် "ငှက်မှာ အတောင်များကား ရှိပါ၏၊ မပျံနိုင်ပါသေး။ ခြေများလည်း ရှိပါ၏၊ မသွား နိုင်ပါသေး။ မိဖနှစ်ပါးလည်း ထွက်ပြေးကြလေပြီ။ ဆိုတောမီး....ငါ့ကိုဖယ်ရှား အသင်သွားပါလော့"ဟု ဆိုသည်တွင် တောမီးသည် ထက်ဝန်းကျင် တဆယ့် ခြောက်ပယ်မျှ ဝေးအောင် ကွင်းရှောင်သွားပြီး ငြိမ်းရကြောင်း လာရှိသည်။

အထူးစဉ်းစားဖွယ်ရှိသည်ကား—

ဆိုခဲ့ပြီးသော သုဝဏ္ဏသာမဇာတ်တော်စသည်တို့၌ သစ္စာပြုကြရာမှာ ကုသိုလ်တရားကို အခြေခံထား၍ ပြုသဖြင့် လိုအပ်သည့်အကျိုး ပြည့်စုံ ခြင်းမှာ သင့်လျော်လှပေ၏၊ အလောင်းတော် ငုံးမင်း၏ သစ္စာတော် အခြေခံစကားတွင် ကုသိုလ်တရား အထူးမပါ၊ အတောင်ရှိပါ၏ မပျံနိုင်၊ ခြေရှိပါ၏ မသွားနိုင်၊ မိဖတို့လည်း ထွက်ပြေးကြပြီ၊ ဤမျှသော စကားသာ ပါရှိရာ ကုသိုလ်ရေးမဟုတ်သည့် အကြောင်းအရာကို အခြေပြုကာ သစ္စာပြုခြင်းသည် အဘယ့်ကြောင့် လိုအပ်သောအကျိုး ကို ပြည့်စုံစေနိုင်ပါသနည်းဟု စဉ်းစားဖွယ် ရှိလေသည်။

သစ္စာ၏သဘောမှာ အခြေခံအကြောင်းအရာက ကုသိုလ်ဟုတ်သည် ဖြစ်စေ မဟုတ်သည်ဖြစ်စေ မှန်ကန်ခြင်းသာ အရင်းခံဖြစ်သည်။ ကုသိုလ်ရေးနှင့်စပ်သော စကားပင် ဖြစ်စေကာမူ မမှန်မကန်ပြောလျှင် ဝစီသစ္စာလည်း မမြောက်၊ တစုံတရာအကျိုး တန်းခိုးလည်းမရှိနိုင်၊ မှန်ကန်စွာ ပြောဆိုခြင်း သစ္စာဖြင့်သာ လိုအပ်သောအကျိုး ပြည့်ဝ၍ တန်းခိုးရှိနိုင်သည်။

အလောင်းတော်ငုံးမင်း ဆိုသောစကားသည် မှန်ကန်သောအချက် ဖြစ်၍ ဝစီသစ္စာမြောက်ပြီးလျှင် လိုအပ်သောအကျိုးကို ပြီးစေနိုင်သည် ဟု မှတ်သားအပ်၏။ ဤအလောင်းတော် ငုံးမင်း၏ သစ္စာစကားတွင် ပါဝင်သောအကြောင်းအရာမှာ ကုသိုလ်ရေးမဟုတ်စေကာမူ အကုသိုလ် ရေးလည်း မဟုတ်ပါပေ၊ အကုသိုလ်ရေးနှင့်ပင်စပ်၍ ဆိုအပ်စေကာမူ မှန်ကန်စွာပြောဆိုပါက ဝစီသစ္စာထမြောက် လိုအပ်သောအကျိုး ပြီး မြောက်နိုင်ကြောင်းကို ဒသကနိပါတ်တော်လာ (၄) ကဏှဒီပါယန ဇာတ်ဖြင့် သိအပ်၏။ (အကျယ်အကြောင်းကို ဇာတ်တော်ဝတ္ထုမှာ ကြည့်ရှုရာ၏၊) ဆိုကဏှဒီပါယနဇာတ်တော်၌—

ကဏှဒီပါယနရသေ့ မဏ္ဍဗျရသေ့ထံမှအပြန် မိမိ၏သခ်မ်းကျောင်း သို့ ရောက်သောအခါ ကျောင်းဒါယကာဖြစ်သည့် မဏ္ဍဗျသူကြွယ်နှင့်

http://www.dhammadownload.com



ဇနီးအိမ်ရှင်မ သားယညဒတ္တသူငယ်တို့ပါ ဆရာရသေ့ထံသို့ လာရောက်၍ အဖျော်ယမကာစသည် ဆက်ကပ်ပြီး မဏ္ဍဗျရသေ့၏ အကြောင်းအရာကို မေးမြန်းပြောဆိုနေကြဆဲတွင် သားဖြစ်သော ယညဒတ္တသူငယ်သည် စင်္ကြံ စွန်း၌ ကျင်ပေါက်၍ကစားနေရာ ကျင်သည် မြွေရှိရာတောင်ပို့အတွင်းသို့ ဝင်သွားလေ၏၊ ယညဒတ္တသူငယ်သည် တောင်ပို့အတွင်း လက်ကိုသွင်း၍ ကျင်ကို ထုတ်ယူသည်ရှိသော် တောင်ပို့ထဲမှ မြွေကိုက်လိုက်သဖြင့် ရုတ်တရက် မြွေဆိပ်တက်ကာ ထိုနေရာမှာပင် တိမ်းလည်း၍ သွားလေ၏။

မိဖတို့သည် မြွေကိုက်မှန်းသိ၍ သားငယ်ကို ပွေ့ချီပြီးလျှင် ကဏှဒီပါယနရသေ့၏ ခြေရင်းမှာ သိပ်ထားလျက် ချမ်းသာအောင် ဆေးကုပေးရန် တောင်းပန်ကြလေသော် ကဏှဒီပါယနရသေ့က "မြွေဆိပ်နိုင်သောဆေးကို ငါမသိ၊ သစ္စာပြု၍ ငါကုအံ့"ဟု မိန့်ဆိုပြီးလျှင် ယညဒတ္တသူငယ်၏ ဦးခေါင်း၌ မိမိလက်ကို တင်ထား၍—"ငါသည် လူ့ဘောင်ကို ငြီးငွေ့၍ ရသေ့ပြုခဲ့ရာ ခုနစ်ရက်သာ ကြည်လင်သော စိတ်ဖြင့် နေနိုင်၏၊ ခုနစ်ရက်လွန်သည့်နောက် ယနေ့တိုင် နှစ်ပေါင်း ငါးဆယ်ရောက်အောင် လုံးဝပင် စိတ်မကြည်လင် မပျော်မွေ့ခဲ့ပေ၊ အောင့်အည်း၍သာ နေခဲ့ရပါ၏၊ ဤသစ္စာစကားကြောင့် တက်နေသော အဆိပ်ပြေပျောက်၍ ယညဒတ္တသူငယ် အသက်ရှင်စေသတည်း" ဟု သစ္စာပြုသောအခါ ယညဒတ္တသူငယ်၏ ရင်ဘတ်မှ အထက်ပိုင်းတွင်ရှိသောမြွေဆိပ်သည် လျှောကျကာ မြေသို့ ဝင်လေ၏။

ယညဒတ္တသူငယ်သည် မျက်စိကိုဖွင့်ပြီးလျှင် မိဖနှစ်ပါးကိုကြည့်၍ 'အမေ အဖေ'ဟု တခွန်းလောက်သာ ခေါ်ဆိုကာ လူးလွန့်၍ အိပ်သွားပြန်၏၊ ထိုအခါ ကဏှဒီပါယနရသေ့က "ငါ့အစွမ်းဖြင့် သင်တို့သားကို ကုစားပြီးပြီ၊ သင်လည်း သင့်အစွမ်းဖြင့် သားငယ်ကို ကုစားဦးလော့" ဟု ဖခင်ဖြစ်သူ မဏ္ဍဗျသူကြွယ်ကို စေခိုင်းသည်တွင် ဖခင်ဖြစ်သူ မဏ္ဍဗျသူကြွယ်က—"ကျွန်ုပ်သည် ရဟန်းပုဏ္ဏား ဧည့်သည်များ ဆိုက်ရောက်လာသောအခါ တကြိမ်တခါမျှ စိတ်နှစ်သက်ခြင်း ကြည်ညိုခြင်း အလျဉ်းပင် မရှိပါ၊ ဤသို့ ကျွန်ုပ်မကြည်ညို မနှစ်သက်သည်ကိုလည်း မည်သူ့ကိုမျှ မသိစေခဲ့ပါ၊ ဖုံးဖိ၍ထားခဲ့ပါ၏၊ လှူဒါန်းသောအခါ၌လည်း မလှူချင်ပဲနှင့်သာ ဟန်မပျက် လှူခဲ့ပေ၏၊ ဤသစ္စာစကားကြောင့် တက်နေသောအဆိပ် ပြေပျောက်၍ သားငယ်ယညဒတ္တ အသက်ရှင်ပါစေသတည်း"ဟု သစ္စာပြုသောအခါ ယညဒတ္တသူငယ်၏

http://www.dhammadownload.com



ခါးမှ အထက်ပိုင်းတွင် ရှိသောအဆိပ်သည် လျှောကျကာ မြေသို့ ဝင်လေ၏။

ယညဒတ္တသူငယ်သည် ထ၍ ထိုင်လေ၏၊ မတ်မတ်ကား မရပ်နိုင်သေး၊ ထိုအခါ ဖခင်ဖြစ်သူက မိခင်ဖြစ်သူကို သစ္စာပြုရန် တိုက်တွန်းပြန်သော အခါ မိခင်က—"ကျွန်ုပ်မှာ သစ္စာပြုရန် အချက်ကား ရှိပါ၏၊ သို့ရာတွင် အရှင်၏ ရှေ့မှာ မပြုဝံ့ပါ"ဟု ဆိုလေရာ "မည်သည့်နည်းဖြင့် ဖြစ်စေ ပြုသာပြုပါ"ဟု ဖခင်ဖြစ်သူက တိုက်တွန်း ခွင့်ပြုမှ မိခင်ဖြစ်သူက— "ကျွန်ုပ်သည် ကျွန်ုပ်သားကို ကိုက်လိုက်သည့် မြွေကို မခင်မင် အလွန် ပင် မုန်းလှပါသည်၊ ဤမြွေကို မုန်းသည်နှင့်မခြား ထပ်တူထပ်မျှ ကလေး၏အဖ (မဏ္ဍဗျသူကြွယ်) ကိုလည်း မုန်းလှပါသည်၊ ဤသစ္စာ စကားကြောင့် တက်နေသောအဆိပ် ပြေပျောက်၍ ကျွန်တော်မ၏ သား ယညဒတ္တသူငယ် အသက်ရှင်ပါစေသတည်း"ဟု သစ္စာပြုသော အခါ ယညဒတ္တသူငယ်၏ ကိုယ်မှ အဆိပ်အလုံးစုံသည် လျှောကျ၍ မြေသို့ဝင်သဖြင့် ယညဒတ္တသူငယ်သည် ကျင်ကိုထ၍ ကစားလေ၏။

(ဤရသေ့ ဆရာဒကာ သုံးဦးလုံးတို့ အသီးအသီး သစ္စာဆိုကြခြင်း ၏ အရင်းခံအကြောင်းအရာတို့မှာ မကောင်းသောအရာချည်း ဖြစ်သော် လည်း မည်သူ့ ကိုမျှ မပြောကြပဲ လျှို့ ဝှက်၍ထားရာမှ ရဲဝံ့စွာ မှန်မှန် ကန်ကန် ပြောဆိုခြင်းမှာ သစ္စာစင်စစ် ဖြစ်သောကြောင့် ထိုသစ္စာ တန်းခိုးဖြင့် လိုအပ်သောအကျိုး ပြည့်စုံသည်ဟု မှတ်အပ်၏။)

မေးဖွယ် ရှိပြန်သည်ကား....ဤဆိုအပ်ပြီးသည့်အတိုင်း အရင်းခံ အကြောင်းအရာမှာ ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ မှန်ကန်စွာ ထုတ်ဖော်ပြောဆိုလျှင် သစ္စာဖြစ်၍ လိုအပ်သောအကျိုး ပြည့်ဝနိုင်ပါက ယခုကာလ ပုဂ္ဂိုလ်တို့ ကောင်းသည်ဖြစ်စေ မကောင်း သည်ဖြစ်စေ တစုံတရာ အမှန်အကန် ပြောဆိုလျှင် ဝစီသစ္စာမြောက်၍ လိုအပ်သောဆန္ဒ ပြည့်ဝနိုင်ပါမည်လောဟု မေးဖွယ်ရှိ၏။

အဖြေကား....သစ္စာသုံးပါးတို့တွင် မုသားစကားမှ ရှောင်ကြဉ်ခြင်း မည်သည့်အရာမဆို မှန်ကန်ရာကိုသာ ပြောဆိုခြင်းတည်းဟူသော မုသာဝိရမဏသစ္စာသည် သူတော်ကောင်းတို့၏ နှုတ်၌ အမြဲတည်၏၊ ကျမ်းဂန်လာ သစ္စာပြုကြသော ရှေးသူတော်ကောင်းတို့၏ နှုတ်သည် မုသာဝိရမဏသစ္စာ၏ အမြဲတည်ရာ သစ္စာနိုင်ငံကြီး ဖြစ်၏၊ သစ္စာ နိုင်ငံဟူသည် အလွန်တရာ စင်ကြယ်မွန်မြတ်လှသည်ဖြစ်၍ ဤသစ္စာ နိုင်ငံမှာ ဖြစ်ပွါးသော သစ္စာတရားသည် အလိုရှိအပ်သော ကောင်း

http://www.dhammadownload.com



ကျိုးကို ပြည့်ဝစေနိုင်၏၊ ဤသစ္စာတရား ထွန်းကားတောက်ပရာ ထိုရှေးသူတော်စင်တို့ခေတ်၌ သစ္စာတရားသည် အလိုရှိရာ ကောင်းကျိုး ကို ပေးနိုင်သကဲ့သို့ပင် မကောင်းမှု မုသာဝါဒတရားသည်လည်း မလို လားအပ်သည့် အပြစ်ဘေးဒဏ်ကို အမြန်ပင် ပေးနိုင်၏၊ ဤသို့ သစ္စာ တရား ထွန်းကားရာခေတ်၌ မုသာဝါဒတရား၏ မကောင်းကျိုး အပြစ် ဘေးဒဏ်ကို အမြန်ပေးနိုင်ကြောင်းကို အဋ္ဌကနိပါတ်လာ (၆) စေတိယဇာတ်ဖြင့် သိအပ်၏။ (ဤစေတိယဇာတ်၌ အကြီးကို အငယ်၊ အငယ်ကို အကြီးဟု ပြောမှားသော မုသားကြောင့် စေတိယမင်း မြေမျိုခံရလေသည်။)

ယခုကာလ လူအများ၏ နှုတ်မှာ အများအားဖြင့် 'မုသားမပါ လက်္ာမချော'ဟူသော ဆောင်ပုဒ်ကို ဖွိုင်ဖွိုင်ကြီးသုံးပြီးလျှင် မဟုတ် မမှန်စကားကို အများဆုံးပြောဆိုနေကြသည့် မုသာဝါဒ နိုင်ငံဆိုး နိုင်ငံပျက်ကြီးများဖြစ်နေ၍ ဤနိုင်ငံဆိုး နိုင်ငံပျက်ကြီးမှာ ဖြစ်ပေါ် လာသော သစ္စာကုသိုလ်တရားသည်လည်း ကောင်းကျိုးကို ထင်ရှား အောင် မပေးနိုင်၊ မုသာဝါဒအကုသိုလ်တရားလည်း မကောင်းကျိုးကို ထင်ရှားအောင် မပေးနိုင်ဟု သိမှတ်အပ်၏။

ဤသို့လျှင် ဧကကနိပါတ် (၂)သီလဝဂ်၊ (၁၀) နဠပါနဇာတ်၌ အလောင်း တော်မျောက်မင်း၏ သစ္စာအာနုဘော်ကြောင့် ကျူပင်ကျူရိုးတို့ အလယ်၌ အပိတ်မရှိ ဒိုးလျိုပေါက် ဖြစ်ရခြင်း....၊

တိံသနိပါတ် (၉) သမ္ဗုလာဇာတ်၌ အိမ်ရှေ့မင်းသမီး သမ္ဗုလာ၏ သစ္စာ စကားကြောင့် သောတ္ထိသေနမင်းသား၏ နူနာရောဂါ ပျောက်ကင်းချမ်းသာ ခြင်း....၊

မဟာနိပါတ် တေမိယဇာတ်၌ စန္ဒာဒေဝီမိဖုရားကြီး၏ သီလဆောက်တည်၍ သစ္စာပြုသဖြင့် အလောင်းတော် တေမိယမင်းသားကို ဖွားမြင်ခြင်း သား ရခြင်း....၊

မဟာနိပါတ် ဇနကဇာတ်၌ ပေါလဇနကအိမ်ရှေ့မင်း၏ သစ္စာစကားကြောင့် သံခြေကျဉ်းများကျွတ်ကာ နှောင်အိမ်တံခါးပွင့်၍ ပေါလဇနက အိမ်ရှေ့မင်း သား ထွက်သွားနိုင်ခြင်း....၊

ဧကကနိပါတ် (၁) အပဏ္ဏကဝဂ်၊ (၃) ကဋ္ဌဝါဟနဇာတ်၌ မိခင်ဖြစ်သူ ထင်းခွေသည်မက သစ္စာဆို၍ အလောင်းတော် သတို့သားကို ကောင်းကင်သို့

http://www.dhammadownload.com



ပစ်လွှင့်ရာတွင် အလောင်းတော်သတို့သား ကောင်းကင်မှာ တင်ပလ္လင်ခွေ၍ နေခြင်း....၊

ပကိဏ္ဏကနိပါတ် (၈) မဟာမောရဇာတ်၌ အလောင်းတော် ဥဒေါင်းမင်း၏တရားကို နာကြားရ၍ မုဆိုးသားဘဝမှ ပစ္စေကဗုဒ္ဓါဖြစ်တော်မူသော အရှင်မြတ်၏ (အလောင်းတော်၏ နည်းလမ်းညွှန်ပြချက်အရ) "ငါ ရှေးက အိမ်မှာ လှောင်ထားခဲ့သော ငှက်အများတို့သည် ငါယခု ကိလေသာ အနှောင်အဖွဲ့မှ လွတ်ပြီဖြစ်၍ ငါလွတ်သကဲ့သို့ အနှောင်အဖွဲ့မှ လွတ်ကြစေသော၀်"ဟု သစ္စာပြုချက်အရ ငှက်အပေါင်းတို့ အနှောင်အဖွဲ့မှ လွတ်ကြခြင်း—ဤသို့ စသည်ဖြင့် ရှေးနိပါတ်ဇာတ်တော်လာ သစ္စာ၏ အာနုဘော်ကြီးပုံကို ကောင်းစွာ သိမှတ်အပ်၏။

## ဘုရားရှင်လက်ထက်တော် သစ္စာအာနုဘော်

မြတ်စွာဘုရား လက်ထက်တော်မှာလည်း ဝေသာလီပြည်တွင် ရောဂါဆိုးဘေး နတ်ဘီလူးဘေး ငတ်မွတ်ခြင်းဘေး သုံးမျိုးတို့ ဆိုက်ရောက်ရာ မြတ်စွာဘုရား သံဃာတော်အများနှင့် ကြွသွားတော်မူပြီးလျှင် ဝေသာလီပြည် မြို့တံတိုင်း (မြို့ရိုး) သုံးထပ်အကြားတွင် လှည့်လည်ကာ သစ္စာပြုဆုတောင်းစကား မြွက်ကြားရွတ်ဆိုစေရန် အရှင်အာနန္ဒာအား ဟောကြားသင်ပြပေးတော်မူရာ အရှင်အာနန္ဒာသည် ဟည့်ဖွဲ့လုံး လှည့်လည်၍ သစ္စာစကား မြွက်ကြားရွတ်ဆိုသဖြင့် ထိုဘေးသုံးပါး အေးငြိမ်းကြောင်း ရတနသုတ်ပါဠိတော် အဋ္ဌကထာတို့၌ အကျယ်လာရှိ၏။ ထိုသစ္စာပြု ဂါထာစကားစုကို ရတနသုတ် ပရိတ်ဟူ၍ ခေါ်ဝေါ်သမုတ်ကြ၏၊ ဤရတနသုတ် ပရိတ်တော်မှာ လောက၌ လူ့ပြည် နတ်ပြည် နဂါး ဂဠုန်ပြည်များမှာ ရတနာအသီးအသီး ထင်ရှားရှိကြရာတွင် မြတ်စွာဘုရားနှင့်တူသော ရတနာမည်သည် မရှိ၊ ဤသစ္စာစကားကြောင့် ဘေးသုံးပါးလွတ်ကင်း ချမ်းသာခြင်း ဖြစ်စေသတည်း၊ ဤသို့စသည်ဖြင့် ဘုရား တရား သံဃာ ရတနာသုံးပါး၏ ဂုဏ်အမျိုးမျိုးကို ဖော်ပြထုတ်ဆိုကာ သစ္စာဆယ့်နှစ်ချက် (နောက်ဆုံး သိကြားမင်းရွတ်ဆိုသည့် သစ္စာသုံးချက်နှင့်တကွ ဆယ့်ငါးချက်)ကို ဟောထားသော သုတ်ဖြစ်သည်။ ဤရတနသုတ်ကို သုတ္တနိပါတပါဠိ (၂) စူဠဝဂ် ပဌမသုတ်အဖြစ်ဖြင့်ရင်း၊ ခုဒ္ဒကပါဌပါဠိတော် ဆဋ္ဌသုတ်အဖြစ်ဖြင့်ရင်း သင်္ဂါယနာတင်ထားပေသည်။

မဇ္ဈိမပဏ္ဏာသပါဠိတော် (၄) ရာဇဝဂ်၊ (၆) အင်္ဂုလိမာလသုတ်၌ မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် အရှင်အင်္ဂုလိမာလမထေရ်သည် သာဝတ္ထိပြည်အတွင်း၌ သွားမဖွားနိုင်ပဲရှိနေသော မိန်းမတယောက်အကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားရာ

http://www.dhammadownload.com



မြတ်စွာဘုရားက နည်းပေးတော်မူလိုက်သည့်အတိုင်း အရှင်အင်္ဂုလိမာလမထေရ်သည် ထိုမိန်းမထံသို့ ကြွသွား၍ "ငါသည် အရိယာဖြစ်သောနေ့မှစ၍ သတ္တဝါတို့ကို သေစေလိုသောစိတ်ဖြင့် မသတ်ဖြတ်ဘူးပေ၊ ဤသစ္စာစကားကြောင့် သင်တို့သားအမိနှစ်ယောက်၏ ချမ်းသာခြင်းသည် ဖြစ်စေသတည်း"ဟု သစ္စာပြုတော်မူလေလျှင် ကောင်းမွန်စွာ သားဖွား၍ သားအမိနှစ်ယောက်လုံး ချမ်းသာကြကြောင်း လာရှိသည်။

ဤသို့ စသည်ဖြင့် မြတ်စွာဘုရား လက်ထက်တော်အခါမှာလည်း သစ္စာစကား ပြောကြားရွတ်ဆို၍ လိုအပ်သောအကျိုး ပြည့်စုံသည်ကို သိအပ်၏။

## သီဟိုဠ်သာသနာခေတ် သစ္စာအာနုဘော်

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် သီဟိုဠ်ကျွန်းသို့ သာသနာတော် ရောက်သောအခါမှာလည်း သီဟိုဠ်ကျွန်း စောရက ကျောင်းတိုက်ကြီး၌ သီတင်းသုံးနေတော်မူသော မဟာမိတ္တမထေရ်သည် သူ့မိခင်၏ ရင်သား၌ အဆိပ်အိုင်းအနာပေါက်ရာ သမီးဘိက္ခုနီမကို မိခင်က ဆေးအတောင်းလွှတ်လိုက်သည်တွင် "ငါသည် ဆေးရိုးရိုးကို မသိပေ၊ စင်စစ်ကား သင့်အား ဆေးတမျိုးကို မှာကြားလိုက်ပေအံ့၊ ငါသည် ရဟန်းပြုသည့်အခါမှစ၍ ယနေ့တိုင်အောင် တပ်မက်မောသော လောဘစိတ်ဖြင့် ဣန္ဒြေကိုဖျက်ကာ ဇာတ်သဘာဝချင်းမတူသော မိန်းမအာရုံကို မကြည့်စဘူးပေ၊ ဤသစ္စာစကားကြောင့် ငါ့မိခင်၏ချမ်းသာခြင်းသည် ဖြစ်စေသတည်း"ဟူသော သစ္စာစကားကို မြွက်ဆိုတော်မူပြီးလျှင် "သင်ပြန်၍ ယခုငါဆိုတိုင်းသော သစ္စာစကားကို မိခင်ထံ ရောက်လျှင် ရွတ်ဆို၍ မိခင်၏ကိုယ်ကို သုံးသပ်လေလော့"ဟု မှာထားတော်မူလိုက်၏။ ဘိက္ခုနီမသည် မိခင်ထံ သွားပြီးလျှင် မဟာမိတ္တမထေရ် မှာလိုက်တိုင်း ပြုသောခဏမှာပင် မိခင်ဥပါသိကာမကြီး၏ အဆိပ်အိုင်းအနာသည် ရေမြှုပ်စိုင်ကဲ့သို့ ကြေပျောက်ကာ ချမ်းသာရာရရှိကြောင်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သီလနိဒ္ဒေသအခန်း၌ ပြဆိုထား၏။

ထိုမှတပါး အဋ္ဌသာလိနီအဋ္ဌကထာ စိတ္တုပ္ပါဒကဏ္ဍ ဒွါရကထာ၌လည်း သမ္ပတ္တဝိရတီ၏ အဖွင့်တွင် သီဟိုဠ်ကျွန်းနေ မိန်းမတဦးမှာ ရောဂါဖြစ်သည်တွင် ဆေးဆရာက 'ယုန်သားအစိုကို ရလျှင် ပျောက်မည်'ဟု ပြောသဖြင့် သားကြီးဖြစ်သူ အစ်ကိုက ညီငယ် (ဇဂ္ဂန)ကို လယ်တောသို့ သွား၍ ယုန်ရှာရန် စေလွှတ်လိုက်လေ၏၊ ညီငယ် (ဇဂ္ဂန)သွား၍ လယ်တောသို့ ရောက်သောအခါ ယုန်တကောင်သည် ဇဂ္ဂနကို မြင်၍ ကြောက်လန့်ပြေးသွားသည်တွင် နွယ်ပင်၌ ငြိနေသောကြောင့် ကြောက်လန့်သောအသံဖြင့် အော်မြည်လေ၏၊ ဇဂ္ဂနသည်

http://www.dhammadownload.com



ပြေးသွား၍ ယုန်ကို ဖမ်းယူခဲ့ပြီးလျှင် ငါ့မိခင်၏ အသက်ကို မသေစေလိုသဖြင့် ဤယုန်ငယ်ကို သတ်မည်ဆိုက တရားလမ်းမကျချေ”ဟု စဉ်းစားဆင်ခြင်ပြီးလျှင် သင်ချမ်းသာစွာ နေပေတော့ဟု လွှတ်ခဲ့ကာ အိမ်သို့ ပြန်သွားလေ၏။ အိမ်သို့ရောက်၍ “ယုန် ရခဲ့၏လော”ဟု အစ်ကိုကြီးက ဆီး၍ မေးသောအခါ လွှတ်ပစ်ထားခဲ့သည့်အကြောင်း ဟုတ်မှန်တိုင်း ပြန်ကြား ပြောဆိုသည်တွင် အစ်ကိုကြီးက ခြိမ်းချောက်ရေရွတ်စကား ပြောကြားသောအခါ ညီငယ်ဇဂ္ဂနသည် မိခင်၏အနီးသို့ ချဉ်းကပ်လျက် “ကျွန်ုပ်သည် လူဖြစ်သည်ကစ၍ သေစေလိုသောစိတ်ဖြင့် သတ္တဝါကို သတ်ဘူးသည်ဟူ၍ မသိရှိပါ၊ ဤသစ္စာစကားကြောင့် ကျွန်ုပ်၏မိခင် ကျန်းမာချမ်းသာပါစေ”ဟု ဆို၍ မတ်တတ်ရပ်လေ၏၊ ထိုခဏ၌ပင် မိခင်ကျန်းမာချမ်းသာသွားသည် ဟူ၍ ပြဆိုသည်။

ဤသို့လျှင် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက်၌လည်း အသီးအသီး ဇလုစ္ဆာပူရဏသစ္စာ ပြုကြကြောင်းကို ကောင်းစွာ သိမှတ်အပ်၏။

ဇလုစ္ဆာပူရဏသစ္စာ ပြီး၏။

---

## (၃) မုသာဝိရမဏသစ္စာ

မုသာဝိရမဏ ဝစီသစ္စာဆိုင်ရာ အကြောင်းအဋ္ဌုပ္ပတ္တိတို့ကိုကား မဟာနိပါတ် ဝိဓုရဇာတ် စသည်တို့ဖြင့် သိအပ်၏၊ ထိုဇာတ်လာ ရှည်လျားစွာသော အကြောင်းအရာမှ ဤအရာ၌ ဆိုလိုရင်း အကျဉ်းချုပ် အကြောင်းအရာသော်ကား—

ကောရဗျမင်းနှင့် ပုဏ္ဏကဘီလူးတို့ ကြွေအန်ကစားကြမည် အရှိတွင် “ကောရဗျမင်းက ရှုံးလျှင် (၁) မင်း၏ကိုယ်၊ (၂) မိဖုရားကြီး၊ (၃) ထီးဖြူ ဤသုံးမျိုးတို့ကို ချန်လှပ်၍ ကျန်သောပစ္စည်းထဲမှ အလိုရှိရာ ပုဏ္ဏကက ယူပိုင်စေ၊ ပုဏ္ဏကကရှုံးလျှင် ပုဏ္ဏက၏ မနောမယပတ္တမြားနှင့် အာဇာနည်မြင်းကို ကောရဗျမင်းက ယူပိုင်စေ”ဟူ၍ ကတိထားကာ ကြွေအန်ကစားကြသောအခါ ကောရဗျမင်းကြီး ရှုံးသောကြောင့် ပုဏ္ဏကက “အရှင်မင်းကြီး....ကျွန်ုပ် နိုင်ပြီ၊ မူလကတိအတိုင်း လောင်းကြေးဥစ္စာများကို ပေးလော့”ဟု တောင်းဆိုလေ၏။

ထိုအခါ ကောရဗျမင်းကြီးသည် ရှုံးနေပြီအမှန်ဖြစ်သောကြောင့် မငြင်းနိုင်ပဲ “အလိုရှိရာ ယူပါလော့”ဟု ခွင့်ပေးရာတွင် ဝိဓုရအမတ်ကြီး ကို ယူမည်ဟူ၍ ပုဏ္ဏကက ဆို၏၊ ထိုအခါ ကောရဗျမင်းကြီးက “အမတ်ကြီးသည် ငါ၏ကိုယ်ဟု ဆိုလျှင်လည်း ဟုတ်၏၊ ငါ၏ ကိုးကွယ်မှီခိုအားထားရာလည်း ဟုတ်၏၊ သို့ဖြစ်၍

http://www.dhammadownload.com



အမတ်ကြီးကို အခြား ငါပိုင်သည့် ရွှေငွေစသော ဥစ္စာများနှင့် မနှိုင်းယှဉ်ထိုက်၊ ငါ၏ အသက်နှင့်သာ နှိုင်းယှဉ်ထိုက်သည်၊ သို့ဖြစ်၍ အမတ်ကြီးကို ငါမပိုင်”ဟု ငြင်းဆိုလေ၏။

ထိုအခါ ပုဏ္ဏကက “မင်းကြီး....ဝိဓုရအမတ်ကြီးသည် သင်ပိုင်ဥစ္စာ ဟုတ်-မဟုတ်ကို ကျွန်ုပ်တို့ချည်း ငြင်းဆိုနေ၍ ကိစ္စပြီးမည်မဟုတ်၊ ဝိဓုရအမတ်ကြီး ထံမှာ သွားရောက်မေးမြန်းကာ အမတ်ကြီးဆုံးဖြတ်ရာ နာခံကြပါစို့”ဟု ပြောဆိုသည်တွင်၊ ကောရဗျမင်းကြီးက ဝမ်းမြောက်ဝမ်းသာ ကောင်းပါပြီ ဝန်ခံ၍ အမတ်ကြီးထံသို့ သွားကြလေ၏၊ အမတ်ကြီးထံသို့ ရောက်သောအခါ ပုဏ္ဏကက “အမတ်ကြီး...,ကုရုတိုင်းသူတို့၏ ဝိဓုရအမတ်ကြီးသည် တရား၌ တည်သည်ဟူ၍ နတ်များကပင် ချီးမွမ်းပြောဆိုကြပါသည်၊ ထိုစကားသည် တကယ်စင်စစ် မှန်လေသလော၊ သင်သည် ကောရဗျမင်း၏ ကျွန်ပင်ဖြစ်သလော၊ သို့မဟုတ် အဆင့်အတန်း တူညီသောဉာတိ အဆင့်အတန်း မြင့်မြတ်သောဉာတိ ပင် ဖြစ်သလော၊ ပြောတော်မူပါ၊ အသင်၏ “ဝိဓုရ”ဟူသော အမည်သည် လောက၌ အန္ဝတ္ထ,ရုဠှီ ဤနှစ်မည်တွင် အဘယ်အမည် ဖြစ်ပါသနည်း”ဟု ပြောဆို မေးမြန်းလေ၏။

(ဝိဓုရဟူသော အမည်သည် အဘယ်အမည် ဖြစ်သနည်း ဟူသော စကားရပ်၏ ဆိုလိုရင်း အဓိပ္ပါယ်မှာ...လောက၌ အမည်နာမပညတ် သည် အကြောင်းအနက်နှင့် မဆီမလျော် တော်သလို ထင်ရာမြင်ရာ ခေါ်ဝေါ် မှည့်ထားအပ်သော ရုဠှီအမည်၊ အကြောင်းအနက်နှင့် ညီလျော်စွာ မှည့်ထားအပ်သော အန္ဝတ္ထအမည်ဟူ၍ နှစ်ပါးရှိ၏။ (ဥပမာ) အရုပ်ဆိုးသောသူကို “မောင်လှ”ဟု မှည့်ခေါ်ခြင်းသည် အကြောင်းအနက်နှင့် မညီလျော် တော်သလို ထင်ရာမြင်ရာ ခေါ်ဝေါ် မှည့်ထားအပ်သော အမည်ဖြစ်၍ ရုဠှီအမည်ဖြစ်သည်၊ (မညီလျော် ဟူသည်ကား အမည်က “လှ”ဟု မှည့်ထား၍ လူက အရုပ်ဆိုးနေခြင်း ဖြစ်သည်။ )ဤသို့မဟုတ်ပဲ တကယ်လှပတင့်တယ်သောသူကို“မောင်လှ” ဟု မှည့်ခေါ်ထားခြင်းဖြစ်လျှင် ထိုအမည်သည် အကြောင်းအနက်နှင့် ညီလျော်စွာ မှည့်ထားအပ်သော အမည်ဖြစ်၍ အန္ဝတ္ထအမည် ဖြစ်၏။

ယခု ပုဏ္ဏကဘီလူးက ဝိဓုရအမတ်ကြီးကို“ဝိဓုရဟူသောအမည်သည် အဘယ်အမည်ဖြစ်သနည်း”ဟု မေးမြန်းရာ၌ ရုဠှီအမည်ပင်ဖြစ်သလော၊ အန္ဝတ္ထအမည်ပင် ဖြစ်သလော၊ အကယ်၍ အမတ်ကြီးသည် တရား၌ မတည်လျှင် သင့်အမည်သည် ရုဠှီအမည်ဖြစ်ချိမ့်မည်၊ တရား၌ တည်ပါမူ အန္ဝတ္ထအမည် ဖြစ်ချိမ့်မည်။ ဝိဓုရဟူသော အမည်သည် မကောင်းမှု

http://www.dhammadownload.com



အကုသိုလ်တို့ကို ညှဉ်းဆဲပယ်သတ်တတ်သည့် သူတော်ကောင်းဟူ၍ အနက်ထွက်သည်၊ တရား၌တည်မှ သူတော်ကောင်းစင်စစ်ဖြစ်၍ သင်၏ ဝိဓုရဟူသောအမည်သည် အနွတ္ထအမည် ဖြစ်မည်၊ တရား၌မတည်လျှင် ထင်ရာမြင်ရာ မညီမလျော် မှည့်ခေါ်ထားသော အလကားအမည် ရှဠိအမည် ဖြစ်မည်ဟု ရည်ရွယ်မေးမြန်းသော စကားဖြစ်သည်။)

ထိုအခါ ဝိဓုရအမတ်ကြီးက "ငါသည် မင်းကြီး၏ ဆွေမျိုးဖြစ်သည် ဟူ၍ သော်၎င်း မင်းကြီးထက် သာလွန်မြင့်မြတ်သောသူဖြစ်သည် ဟူ၍သော်၎င်း မင်းကြီးနှင့်တစုံတရာမျှ မသက်ဆိုင်သောသူဖြစ်သည် ဟူ၍သော်၎င်း ပြောလိုရာ ပြောနိုင်ပေ၏၊ သို့သော် လောက၌ သစ္စာတရားနှင့်တူသော မှီခိုအားထားရာ မရှိသည်ဖြစ်၍ မှန်ကန်သောစကားကိုသာ ငါပြောဆိုသင့်သည်"ဟု ကြံစည်တော်မူပြီးလျှင် "အမောင်....လောက၌—

(၁) ကျွန်မမှ မွေး၍ ကျွန်ဖြစ်ရသော ကျွန်တမျိုး၊

(၂) ဥစ္စာဖြင့် ဝယ်ထား၍ ကျွန်ဖြစ်ရသော ကျွန်တမျိုး၊

(၃) အလိုလိုလာ၍ ကျွန်ခံသဖြင့် ကျွန်ဖြစ်ရသော ကျွန်တမျိုး၊

(၄) စစ်နိုင်ရာမှ ဖမ်းယူလာသော သုံ့ဖမ်းကျွန်တမျိုး—

ဟူ၍ ကျွန်လေးမျိုးရှိသည်တွင် ငါသည် ကောရဗျမင်းကြီးထံ အလိုလိုလာ၍ ကျွန်ခံသော ကျွန်ဖြစ်ပေသည်"ဟူ၍ အမှန်အတိုင်း ဖြေဆိုတော်မူလေသည်။

ဝိဓုရအမတ်ကြီးသည် ကောရဗျမင်းကြီးထံမှာ အလိုအလျောက် လာရောက် အမှုထမ်းဆောင်ခြင်းပြုသည့်အတွက် မိမိကိုယ်ကို ကျွန်လေးမျိုးတို့တွင် တတိယကျွန်မျိုးဖြစ်ကြောင်း ပြောဆိုပေသည်။ ထိုသို့ မလိမ်မကောက် ပြောသင့်သည့်အတိုင်း မှန်ကန်စွာ ပြောဆိုခြင်း ဝစီသစ္စာသည် အခြားသူများ မိမိကို ယုံကြည်ကြစေရန် ရည်သန်၍ ပြောဆိုခြင်းသဒ္ဒဟာပန သဘောလည်း မရှိ၊ တစုံတရာ မိမိလိုအပ်သော အလိုဆန္ဒ ပြည့်ဝစေရန် ရည်သန်၍ ပြောဆိုခြင်း ဣစ္ဆာပူရဏသဘောလည်း မရှိ၊ စင်စစ်သော်မူ မဟုတ်မမှန် မုသား ပြောဆိုခြင်းမှ ရှောင်ကြဉ်လိုသည့်အတွက် ပြောဆိုခြင်းဖြစ်သောကြောင့် မုသာဝိရမဏဝစီသစ္စာဟု ခေါ်ရလေသည်။

ဤအတူ သုဝဏ္ဏသာမဇာတ်၌လည်း ပီဠိယက္ခမင်းကြီးက သုဝဏ္ဏသာမအား "သင် မည်သည့်အမျိုးအနွယ်ရှိသူနည်း၊ မည်သူ၏သား ဖြစ်သနည်း၊ သင်နှင့် သင့်ဖခင်၏ အမျိုးအနွယ်ကို ပြောကြားပါလော့"ဟု မေးမြန်းရာ သုဝဏ္ဏသာမ သည် "ငါကား နတ်ဖြစ်သည်၊ နဂါးဖြစ်သည်၊ ကိန္နရာဖြစ်သည်၊ မင်းမျိုးဖြစ် သည် စသည်ဖြင့် တခုခုကို ပြောဆိုလျှင်လည်း ဤသူ ယုံကြည်မည်ပင် ဖြစ်၏၊

http://www.dhammadownload.com



သို့ရာတွင် မှန်ကန်ရာကိုသာ ပြောဆိုထိုက်သည်”ဟု ကြံစည်တော်မူပြီးလျှင် “ကျွန်ုပ်သည် တံငါသည်၏ သားဖြစ်သည်”စသည်ဖြင့် အမှန်ကိုသာ ပြောဆို ဖြေကြားတော်မူသည်။ ။ဤသုဝဏ္ဏသာမ၏ မှန်ကန်စွာ ပြောဆိုခြင်းမှာလည်း ဝိဓုရအမတ်ကြီး ပြောဆိုခြင်းကဲ့သို့ပင် သူတပါး ယုံကြည်စေရန်အတွက်လည်း မဟုတ်၊ တစုံတရာ မိမိအလိုဆန္ဒ ပြည့်ဝစေရန်အတွက်လည်း မဟုတ်၊ စင်စစ် ကား မုသားစကား ပြောခြင်းမှ ရှောင်ကြဉ်ရန် အမှန်အတိုင်း ပြောဆိုခြင်း ဖြစ်သောကြောင့် မုသာဝိရမဏ ဝစီသစ္စာမည်၏။

ဘူရိဒတ်ဇာတ်၌လည်း နေသာဒပုဏ္ဏားသည် ဘုရားအလောင်း ဥပုသ်စောင့်ရာသို့လာပြီးလျှင် “သင်သည် မည်သူနည်း၊ တန်းခိုးကြီးသော နတ်မင်းတပါးပင် ဖြစ်သလော၊ သို့မဟုတ် အာနုဘော်ကြီးသော နဂါးပင် ဖြစ်သလော”ဟု မေးမြန်းရာ ဘူရိဒတ်နဂါးမင်းက—“ငါသည် သိကြားနတ် စသည်တို့တွင် တမျိုးမျိုးဖြစ်သည်ဟု ပြောလျှင်လည်း ဤပုဏ္ဏား ယုံကြည်မည်သာဖြစ်၏၊ ယခုမှာ ငါသည် မှန်ကန်ရာကိုသာ ပြောသင့်သည်”ဟု ကြံစည်တော်မူပြီးလျှင် တန်းခိုးကြီးသော နဂါးဖြစ်ကြောင်း စသည်ကိုသာ ပြောဆိုတော်မူ၏၊ ဤသို့ ဘူရိဒတ်နဂါးမင်း၏ မှန်ကန်သော စကားကိုသာ ပြောဆိုခြင်းသည် ဝိဓုရ အမတ်ကြီး၏ ပြောဆိုခြင်းကဲ့သို့ပင် သူတပါး ယုံကြည်စေရန်အတွက်လည်း မဟုတ်၊ တစုံတရာ မိမိအလိုဆန္ဒ ပြည့်ဝစေရန်အတွက်လည်း မဟုတ်၊ စင်စစ် ကား မုသားစကား ပြောခြင်းမှ ရှောင်ကြဉ်ရန် အမှန်အတိုင်း ပြောဆိုခြင်း ဖြစ်သောကြောင့် မုသာဝိရမဏ ဝစီသစ္စာမည်၏။

ပါရမီတော်ဆယ်ပါးတို့တွင် ခြောက်ခုမြောက် သစ္စာပါရမီအရာ၌ လိုလားအပ်သော သစ္စာဟူသည် ဤမုသာဝိရမဏသစ္စာပင် ဖြစ်၏၊ ရှေးရှေး ဘုရားအလောင်းတော်များသည် ဤမုသားစကားမှ ရှောင်ကြဉ်ခြင်းတည်းဟူသော မုသာဝိရမဏသစ္စာကို အမြဲ အားထုတ်တော်မူကြ၏၊ဘဝဆက်တိုင်း အမှန်ကို ပြောဆိုခြင်းဖြင့် သစ္စာပါရမီကို ဖြည့်ကျင့်တော်မူကြကုန်၏။ တရံတခါ စကားပြောဆိုခွင့် ကြုံကြိုက်ရာတွင် အကယ်၍ ပြောဆိုက မုသားစကားကိုသာ ပြောဆိုရမည် ဖြစ်သည့် အတွက် လုံးဝမပြောမဆို သစ္စာသဘောကိုသာ စောင့်ရှောက်တော်မူလိုသဖြင့် ဆိတ်ဆိတ်နေသည်ဖြစ်အံ့၊ ထိုအခါ နှုတ်မြွက်ပြောဆိုခြင်း မရှိသောကြောင့် ဝစီသစ္စာစစ်စစ် မဖြစ်နိုင်၊ မုသာဝါဒမှ ရှောင်ကြဉ်ခြင်း ဝိရတိသစ္စာသာဖြစ်၏၊ ဤဝိရတိသစ္စာကိုလည်း ဝစီသစ္စာ၌ ထည့်သွင်း ရေတွက် ပြောဆိုအပ်၏။

http://www.dhammadownload.com



## သစ္စာသုံးပါး အလောင်းတော်ကြီးများ သုံးစွဲပုံ

အလောင်းတော်ကြီးများသည် သူတပါးတို့က မိမိအပေါ်မှာ ယုံမကြည် ရှိနေမည်ကို စိုးရိမ်ရသော အကြောင်းနှင့် ကြုံကြိုက်သော အခါမှာသာ (၁) အမှတ်ပြ သဒ္ဒဟာပနသစ္စာကို ပြုမူသုံးစွဲတော်မူကြသည်၊ ဤအခါမျိုး မဟုတ်လျှင် ပြုတော်မူလေ့ မရှိကြ။ ဤအတူ မိမိမှာ လိုလားအပ်သော အကြောင်းကိစ္စတခုခုရှိလာသောအခါ ထိုလိုလားချက်ပြည့်ဝစေရန် (၂)အမှတ် ပြ ဣစ္ဆာပူရဏဝစီသစ္စာကို ပြုမူသုံးစွဲတော်မူကြသည်၊ လိုလားအပ်သော အကြောင်းကိစ္စတခုခု မရှိခဲ့လျှင် ဤသစ္စာကို ပြုနေဖွယ်ပင် မလိုတော့ပြီ။ (၃)အမှတ်ပြ မုသာဝိရမဏ ဝစီသစ္စာကိုကား အစဉ်အမြဲ လက်စွဲဖြည့်ကျင့် တော်မူကြ၏။ ဤအလောင်းတော်များ ကျင့်ထုံးကို နှလုံးသွင်းကာ သူတော် ကောင်းဖြစ်သော သူတို့သည် မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းတည်း ဟူသော မုသာဝိရမဏဝစီသစ္စာကို အထူးကြိုးစား စောင့်ရှောက် ဖြည့်ကျင့်ကြ ရာ၏။

သစ္စာသုံးမျိုးခွဲ ပြီး၏။

---

## သစ္စာနှစ်မျိုးခွဲ

ဆိုအပ်ပြီးသော သစ္စာတို့ကို သိမ်းရုံးကာ အကျဉ်းဝေခွဲပြန်သည် ရှိသော်....

(၁) ဝစီဘေဒသိဒ္ဓိသစ္စာ=(နှုတ်မြွက်သဖြင့် ကိစ္စပြီးသောသစ္စာ)

(၂) ပစ္ဆာနုရက္ခဏသစ္စာ=(ပြောဆိုပြီးနောက် စောင့်ရှောက်ပြုလုပ် ရသေးသော သစ္စာ)—

ဟူ၍ နှစ်ပါးသာ ရှိ၏။

ရှေးဆိုအပ်ပြီးသော ဘိသဇာတ်လာ သဒ္ဒဟာပနသစ္စာ၊ သုဝဏ္ဏသာမဇာတ် သုပ္ပါရကဇာတ် သိဝိဇာတ် မစ္ဆဇာတ် ဝဋ္ဋကဇာတ် ကဏှဒိပါယနဇာတ် နဠပါန ဇာတ် သမ္ဗုလာဇာတ် တေမိယဇာတ် ဇနကဇာတ် ကဋ္ဌဝါဟနဇာတ် မဟာ မောရဇာတ်တို့၌ လာသော ဣစ္ဆာပူရဏဝစီသစ္စာ၊ ဝိဓုရဇာတ် သုဝဏ္ဏသာမ ဇာတ် ဘူရိဒတ်ဇာတ်တို့၌ လာသော မုသာဝိရမဏဝစီသစ္စာတို့သည် အသီး အသီး မြွက်ဆိုပြီးသည်နှင့် တပြိုင်နက် သစ္စာကိစ္စ ထမြောက်ပြီးစီးသွား၏၊ နောက်ထပ် သစ္စာမြောက်အောင် စောင့်ရှောက်စီမံရန် ကိစ္စ တစုံတရာ မကျန် သောကြောင့် ဖော်ပြရာပါ သစ္စာတို့ကို ဝစီဘေဒသိဒ္ဓိသစ္စာဟူ၍ မှတ်ယူအပ် ကုန်၏။

http://www.dhammadownload.com



ရှေး၌ ပြခဲ့သောအတိုင်း မဟာသုတသောမဇာတ်လာ ပေါရိသာဒထံတွင် အလောင်းတော် သုတသောမမင်း ပြုအပ်သော သစ္စာသည်ကား ငါပြန်၍ လာခဲ့ပါမည် မလာလျှင် မည်ကဲ့သို့ ဖြစ်ပါစေဟု ပေါရိသာဒ ယုံကြည်စေရန် ပြုအပ်သည့် သဒ္ဒဟာပနသစ္စာပင် ဖြစ်သော်လည်း သစ္စာစကား နှုတ်ဟမြွက်ဆိုရုံမျှဖြင့် သစ္စာကိစ္စ ထမြောက်ပြီးစီးသွားပြီဟု မဆိုနိုင်သေး၊ နောက်ပြန်လာမှသာ မှန်ကန်သောသစ္စာသဘော ပြီးစီးထမြောက်ပေမည်၊ ဤသို့ သစ္စာပြုပြီးနောက် ထိုသစ္စာ မှန်ကန်ထမြောက်စေရန် ပြန်၍လာဖြစ်အောင် အထူးစီမံနေရသည် ဖြစ်သောကြောင့် ဤသုတသောမမင်းကြီး၏ သစ္စာကို ပဋ္ဌာနုရက္ခဏာသစ္စာဟူ၍ မှတ်ယူအပ်၏။

ဤနည်းအတူ တိ သနိပါတ် (၃) ဇယဒိသဇာတ်လာ ဇယဒိသမင်း ပြုအပ်သောသစ္စာနှင့် ဧကာဒသကနိပါတ် (၇)ဒသရထဇာတ်လာ ရာမမင်း ပြုအပ်သော သစ္စာတို့မှာလည်း ပဋ္ဌာနုရက္ခဏာသစ္စာချည်းပင် ဖြစ်၏။

ဤ၌ ဇယဒိသမင်း ပြုအပ်သော သစ္စာအကျဉ်းချုပ်ကား....ကပိလတိုင်း ဥတ္တရပဉ္စာလမြို့တော် ဇယဒိသမင်းသည် စစ်သည်ဗိုလ်ပါတို့ ခြံရံလျက် သမင်ဖမ်း တောကစားထွက်တော်မူရာ လမ်းအကြားတွင် တက္ကသိုလ်ပြည်မှလာသည့် တရားဟောလိုသော နန္ဒပုဏ္ဏားနှင့် တွေ့သဖြင့် အပြန်မှ တရားနာမည်ဟု ချိန်းချက်ခဲ့ပြီးလျှင် တောသို့ ထွက်သွားခဲ့လေ၏။

တောသို့ ရောက်သောအခါ မှူးမတ်များနှင့် တာခွဲဝေ၍ သမင်ဖမ်းကြသည်တွင် မင်းကြီးတာမှ သမင်ထွက်ပြေးသောကြောင့် မရ-မနေဟု သမင်နောက်သို့ အတင်းလိုက်ကာ ခရီးဝေးစွာရောက်မှ ရမိ၍ သမင်ကို နှစ်ပိုင်း ပိုင်းဖြတ်ပြီးလျှင် ထမ်းပိုးဖြင့် ထမ်း၍ ပြန်ခဲ့ရာ ညောင်ပင်တခုအောက်၌ ခေတ္တဝင်ရောက် နားနေပြီးနောက် သွားတော့မည်ဟု ထသောအခါ ထိုညောင်ပင်မှာရှိသော လူဘီလူးက "ငါ့အစာဖြစ်ပြီ၊ မသွားရ"ဟု တားမြစ်၏။ (လူဘီလူးဟူသည်မှာ ထိုသူသည် တကယ်စင်စစ် ဘီလူးမဟုတ်၊ ဇယဒိသမင်း၏ အစ်ကိုရင်းကို မွေးခါစတွင် ဘီလူးမက စားရန် လာရောက်လုယူသွားပြီးလျှင် မစားရက်ပဲ သားအမှတ်ဖြင့် မွေးထားသောကြောင့် ဘီလူးစိတ် ဘီလူးစား ဘီလူးနေ နေထိုင်ခဲ့ရာ မိခင် ဘီလူးမ သေသွားသဖြင့် တကိုယ်ဘည်း လူစင်စစ်က ဘီလူးကဲ့သို့ နေသောသူဟု ဆိုလိုသည်။)

ထိုအခါ ဇယဒိသမင်းက "ငါသည် တက္ကသိုလ်ပြည်မှ လာသော ပုဏ္ဏားထံ တရားနာရန် ချိန်းဆိုထားချက်ရှိသူ ဖြစ်ပေသည်၊ ထိုတရားကို ပြန်၍ နာယူပါရစေ၊ တရားနာပြီးသောအခါ ငါ့စကားကို မှန်ကန်အောင် စောင့်ရှောက်သောအားဖြင့် ပြန်လာပါမည်"ဟု ဝန်ခံစကား ပြောရုံနှင့် လူဘီလူးကလွှတ်လိုက်

http://www.dhammadownload.com



လေသည်။ (လူ့ဘီလူးနှင့် ဇယဒိသမင်းတို့မှာ ညီအစ်ကိုအရင်း ဖြစ်သည်ကို လူမပြောသော်လည်း သေ့ပြောသည်ဟူသော စကားကဲ့သို့ ကရုဏာမကင်းသည့်အတွက် အလွယ်တကူ ပြန်လွှတ်လိုက်ခြင်း ဖြစ်သည်ဟု မှတ်ယူအပ်၏။) ဇယဒိသမင်း ပြန်လာ၍ ပုဏ္ဏားထံ တရားနာပြီးလျှင် တောသို့ပြန်၍ ဘီလူးစားခံမည့်အပြုတွင် သားတော် အလိနသတ္တုမင်းသား (ဘုရားအလောင်း)က အကြောင်းအမျိုးမျိုးပြကာ ကိုယ်တော်စား သားတော်သွားပါမည်ဟု တောင်းပန်၍ ခွင့်ပြုကာ သားတော်ကို လွှတ်လိုက်လေသည်။ ဤဇယဒိသမင်း၏ "လာခဲ့ပါမည်" ဟူသော သစ္စာစကားသည်လည်း ဆိုပြီးသည့်နောက် မှန်ကန်ညီညွတ်အောင် စောင့်ရှောက်အပ်သောကြောင့် ပစ္စာနုရက္ခဏာသစ္စာပင် ဖြစ်၏။

ရာမမင်း၏ သစ္စာအကျဉ်းမှာ....ဗာရာဏသီပြည် ဒသရထမင်း၏ မိဖုရားကြီးမှ သားတော်ကြီး ရာမမင်းသား၊ သားငယ် လက္ခဏမင်းသား၊ သမီး သီတာဒေဝီတို့ကို ဖွားမြင်ပြီးနောက် နတ်ရွာစံရာ မိဖုရားအသစ် မြှောက်သည်တွင် ထိုမိဖုရားသစ်မှ ဘရတမည်သော သားကို ဖွားမြင်၏၊ မိဖုရားသစ်က သူ့သား ဘရတကို ထီးနန်းလွှဲအပ်ရန် ဒသရထမင်းကြီးထံ အဖန်ဖန် ပူဆာသောကြောင့် ဒသရထမင်းကြီးသည် သားနှစ်ယောက်တို့ကို ခေါ်ပြီးလျှင် "မိဖုရားသစ်နှင့် သားဘရတတို့အတွက် ငါ့သားကြီးများမှာ အန္တရာယ်ဖြစ်မည်ကို စိုးရိမ်လှပေသည်၊ ဗေဒင်ဆရာများက ခမည်းတော်၏အသက် ဆယ့်နှစ်နှစ် ရှည်ဦးမည်ဟု ဟောကြားထားသောကြောင့် ငါ့သားများ ယခု တောအရပ်မှာ တိမ်းရှောင်နေကြပြီးလျှင် တဆယ့်နှစ်နှစ် လွန်သောအခါမှ ပြန်လာကြ၍ ထီးနန်းစည်းစိမ်ကို ယူကြလော့"ဟု မိန့်ဆိုလေသည်။

ထိုအခါ ရာမမင်းသားက အမိန့်တော်အတိုင်း လိုက်နာပါမည်ဟု ဝန်ခံကာ ညီအစ်ကိုနှစ်ယောက်တို့ တောအရပ်သို့ သွားကြသည်တွင် နှမတော် သီတာဒေဝီကလည်း မောင်တော်များနှင့် မခွဲလိုဟု ဆိုကာ အတူတကွလိုက်ပါ၍ သွားလေ၏။ ဒသရထမင်းကြီးမှာ ဗေဒင်ဆရာများက အသက် ဆယ့်နှစ်နှစ် ရှည်ဦးမည်ဟု ဟောဆိုသော်လည်း သားသမီးများအတွက် စိတ်သောကနှိပ်စက်သဖြင့် ကိုးနှစ်အကြာတွင် နတ်ရွာစံတော်မူလေသည်။ ထိုအခါ မှူးမတ်များက ဘရတမင်းသားကို မင်းမမြှောက်လိုကြပဲ ရာမမင်းသားရှိရာသို့ သတင်းနာခံ၍ လိုက်လာရောက်ရှိကြသောအခါ ခမည်းတော် နတ်ရွာစံပြီဖြစ်၍ ပြည်တော်သို့ ပြန်ကြွကာ ထီးနန်းအုပ်ချုပ် မင်းပြုလုပ်ပါမည့်အကြောင်း တောင်းပန်လျှောက်ထားကြသည်တွင် ရာမမင်းက "ငါသည် ခမည်းတော်ထံမှာ ခမည်းတော်၏ အမိန့်အတိုင်း တဆယ့်နှစ်နှစ်ကြာမှ ပြည်တော်သို့ ပြန်လာ၍ ထီးနန်းအုပ်ချုပ်ပါမည်ဟု လျှောက်ထားခဲ့ပေသည်၊ ယခုပြန်လျှင် ငါလျှောက်ထားခဲ့သော စကားသည် မှန်တော့မည် မဟုတ်၊ ငါ့စကားကို ငါမဖျက်လို၊ သို့ဖြစ်၍

http://www.dhammadownload.com



ညီငယ် လက္ခဏမင်းသားနှင့် နှမငယ် သီတာဒေဝီတို့ကိုသာ ခေါ်သွားကာ မင်းလျာအဖြစ်ထား၍ သင်တို့မူးမတ်များပင် တိုင်းပြည်ကို အုပ်ချုပ်ကြလေ" ဟု အမိန့်ပေးတော်မူလိုက်၏။ ဤသို့ ရာမမင်းသည် ခမည်းတော်ထံမှာ မိမိဝန်ခံခဲ့သည့်စကား မှန်ကန်စေရန် အချိန်ကိုဆွဲ၍ စောင့်ရှောက်ရလေသည်။ ပစ္စာနုရက္ခဏသစ္စာပင်တည်း။

## ကာလနှင့်ဆိုင်ရာ သစ္စာ

ဤဝစီဘေဒသိဒ္ဓိသစ္စာနှင့် ပစ္စာနုရက္ခဏသစ္စာ နှစ်မျိုးတို့ကို အလွယ်တကူ ခွဲခြားနိုင်ရန် အကျဉ်းချုပ်သဘောကို မှတ်ပြန်လျှင်—

သစ္စာသည်—

(၁) အတိတ်အခါနှင့်သာ သက်ဆိုင်သောသစ္စာ၊
(၂) အတိတ်ပစ္စုပ္ပန်အခါတို့နှင့် သက်ဆိုင်သောသစ္စာ၊
(၃) အနာဂတ်အခါနှင့်သာ သက်ဆိုင်သောသစ္စာ၊
(၄) အခါအထူး မမှတ်အပ်သောသစ္စာ—

အားဖြင့် လေးမျိုးရှိလေသည်။ ဤလေးမျိုးတို့တွင် အနာဂတ်အခါနှင့် သက်ဆိုင်သော သစ္စာတမျိုးသာ ပစ္စာနုရက္ခဏသစ္စာဖြစ်၍၊ ကျန်သစ္စာသုံးမျိုးတို့မှာ ဝစီဘေဒသိဒ္ဓိသစ္စာချည်းသာ ဖြစ်ကြ၏။

လေးမျိုးတို့ အသီးအသီး ဖြစ်ကြပုံမှာ....သုဝဏ္ဏသာမဇာတ်လာ သစ္စာတို့တွင် မယ်တော် ခမည်းတော်တို့က "သာမသည် ရှေးက တရားကိုသာ ကျင့်ပါသည်၊ မြတ်သောအကျင့်ကိုသာ ကျင့်လေ့ရှိပါသည်၊ မှန်သောစကားကိုသာ ဆိုလေ့ရှိပါသည်၊ မိဖတို့ကို လုပ်ကျွေးခဲ့ပါသည်၊ အသက်အရွယ်ကြီးသူတို့ကို ရိုသေခဲ့ပါသည်"ဟူ၍ ဆိုအပ်သော သစ္စာစုသည် အတိတ်အခါနှင့်သာ သက်ဆိုင်သော သစ္စာများ ဖြစ်ကြ၏။

"သုဝဏ္ဏသာမကို ကျွန်ုပ်တို့အသက်ထက် ပို၍ ချစ်ပါသည်" ဟူသော သစ္စာသည်၎င်း၊ ဗဟုသုန္ဒရီနတ်သမီး ပြောဆိုအပ်သည့် "သာမထက် ပို၍ ချစ်သောသူ မရှိ"ဟူသော သစ္စာ "ဤဂန္ဓမာဒနတောင်မှာ. တောသစ်ပင်ဟူသမျှသည် နံ့သာပင်ချည်းသာ ဖြစ်သည်"ဟူသော သစ္စာသည်၎င်း ဤသစ္စာစုသည် အခါအထူးမမှတ်အပ်သော သစ္စာများဖြစ်ကြ၏။

သုပ္ပါရကဇာတ် သိဝိဇာတ်တို့မှာ လာသော ဣစ္ဆာပူရဏသစ္စာစုသည် အတိတ်အခါနှင့်သာ သက်ဆိုင်သော သစ္စာစုဖြစ်ကြ၏။ ထို့အတူ ကဏှဒီပါယနဇာတ် နဠပါနဇာတ်လာ ဣစ္ဆာပူရဏသစ္စာစုလည်း အတိတ်နှင့်သာ သက်ဆိုင်သောသစ္စာစု ဖြစ်၏။

http://www.dhammadownload.com



ဝဋ္ဋကဇာတ်၌ "အတောင်ရှိလျက် မပျံနိုင်၊ ခြေရှိလျက် မသွားနိုင်" ဟူသော စကားရပ်သည် အတိတ်ပစ္စုပ္ပန် နှစ်ပါးနှင့် သက်ဆိုင်၏။ အနာဂတ်ဖြစ်သော နောက်အခါမှာကား အတောင်ဖြင့် ပျံနိုင်မည် ခြေဖြင့် သွားနိုင်မည်ဖြစ်၍ အနာဂတ်နှင့် မသက်ဆိုင်။

သမ္ဗုလာဇာတ်၌ "အရှင့်သားထက် ပို၍ ချစ်သော အခြားသူ မရှိပါ" ဟူသောသစ္စာ တေမိယဇာတ်လာ စန္ဒာဒေဝီမိဖုရားကြီး၏ သစ္စာတို့သည် ကာလအထူး မမှတ်အပ်သော သစ္စာတို့ ဖြစ်ကုန်၏။

ဤသို့ အစရှိသည်ဖြင့် ထိုထိုသစ္စာတို့၏ ထိုထိုကာလတို့နှင့် သက်ဆိုင်ပုံကို စဉ်းစားဆင်ခြင် သိမြင်မှတ်သားရာ၏။

## ပရမတ္ထသစ္စာပါရမီ

သစ္စာပါရမီနှင့်စပ်၍ အဋ္ဌသာလိနီအဋ္ဌကထာ ဗုဒ္ဓဝင်အဋ္ဌကထာတို့၌ ပေါရိသာဒထံမှာ ပြန်လာခဲ့ပါမည်ဟု ဝန်ခံထားခဲ့သည့်အတိုင်း အသက်ကိုစွန့်၍ မိမိ စကား မှန်ကန်အောင် စောင့်ရှောက်သော မဟာသုတသောမမင်း၏ သစ္စာ ပါရမီသည် ပရမတ္ထပါရမီဖြစ်ကြောင်းကို ဖွင့်ဆိုကုန်၏။ မဟာသုတသောမမင်း၏ အကြောင်းအရာတွင် သစ္စာဆိုခြင်းက ပေါရိသာဒထံမှာဖြစ်၍ ထိုသို့ ဆိုရုံမျှဖြင့် သစ္စာကိစ္စ မပြီးဆုံးသေး၊ ပြီးဆုံးအောင်မြောက်စေရန် နောက်ထပ် စောင့်ရှောက် ရသေး၏၊ ပြန်ခဲ့ပါမည်ဟု ဆိုခဲ့သည့်အတိုင်း ဣန္ဒပတ္တမြို့တော်သို့ ရောက်ပြီးမှ တဖန် ပြန်လာတော်မူရ၏။ သို့ဖြစ်၍ ရှေးဦးစွာ ပေါရိသာဒထံမှာ ငါပြန်ခဲ့ ပါမည်ဟု ဆိုစဉ်က အသက်ကို စွန့်လွှတ်ရမှု မထင်ရှားသေး၊ ဣန္ဒပတ္တမြို့တော်မှ တဖန် မိမိသစ္စာကို စောင့်ရှောက်သောအားဖြင့် ပြန်လာသောအခါမှာမှ အသက်ကို စွန့်လွှတ်ရမှု ထင်ရှားပေ၏။ ထို့ကြောင့်ပင် အဋ္ဌကထာများ၌ (ဇီဝိတံ စဇိတွာ သစ္စမနုရက္ခန္တော) "အသက်ကို စွန့်လွှတ်ကာ သစ္စာကို စောင့်သော မင်း၏" ဟူ၍သာ ပြဆိုသည်၊ (ဇီဝိတံ စဇိတွာ သစ္စံ ဘဏန္တော) "အသက်ကို စွန့်၍ သစ္စာစကားကို ဆိုသောမင်း၏" ဟူ၍ မဖွင့်ဆိုခဲ့ချေ။

## သစ္စာနှစ်ပါး စဉ်းစားဖွယ်

ဤအရာ၌ မဟာသုတသောမမင်း၏ သစ္စာနှင့် ဝိဓုရအမတ်ကြီး၏ သစ္စာ နှစ်ရပ်တို့ကို တွဲစပ်နှိုင်းယှဉ်၍ ဆင်ခြင်ကြည့်ရှုရန် သင့်လျော်လှပေ၏။ ဝိဓုရ အမတ်ကြီး၏ သစ္စာမှာ ပြခဲ့ပြီးသော ဝိဓုရဇာတ်လာ ဂါထာအမှတ်(၁၀၂)တွင် ဟောဆိုအပ်သည့်အတိုင်း "မိမိကိုယ်ကို ကျွန်ပင်ဖြစ်သည်" ဟူ၍ အမှန်အတိုင်း ပြောဆိုခြင်းဖြစ်၏၊ ထိုသို့ ပြောဆိုလိုက်သည်နှင့် တပြိုင်နက် သစ္စာကိစ္စ အထမြောက်ပြီဖြစ်၏၊ သို့ရာတွင် အမတ်ကြီး၏ မိမိကိုယ်ကို ကျွန်ဖြစ်ကြောင်း

http://www.dhammadownload.com



အမှန်စကား ပြောကြားရာမှာ မိမိအသက် သေရမည်ကို ငဲ့ကွက်နေဖွယ် မရှိ၊ ကျွန်ဖြစ်ရုံနှင့် သေနိုင်သည်လည်း မဟုတ်၊ သို့အတွက် ဝိဓုရအမတ်ကြီး၏ သစ္စာသည် မဟာသုတသောမမင်း၏ သစ္စာကို အဆင့်အတန်းမမှီဟူ၍ ပြောဆိုသော် ပြောဆိုဖွယ်ဖြစ်၏။

အမှန်မှာ ဝိဓုရအမတ်ကြီးသည် "ငါ့ကို ဤလုလင်သည် ခေါ်သွားပြီးနောက် သတ်လိုမူ သတ်ပစ်လိမ့်မည်၊ သတ်လျှင် အသေခံမည်" ဟူသော ရည်ရွယ်ချက်ဖြင့် အသက်ကို စွန့်လွှတ်ခြင်းသဘော ပါဝင်သည်ဟု ဆင်ခြင်စဉ်းစားနိုင်၏၊ အကြောင်းကား ဤလုလင်သည် ငါ့ကို အရတောင်းခြင်းမှာ ကိုးကွယ်လို ပူဇော်လို၍ မဟုတ်၊ ကိုးကွယ်လို ပူဇော်လို၍ဖြစ်လျှင် အထင်အရှား ပြောကြား တောင်းပန်ပင့်ဖိတ်ရာ၏၊ ယခုမူ ဤသို့ တောင်းပန်ပင့်ဖိတ်ခြင်း မရှိပဲ အပိုင်အနိုင် ရယူရန် ကြွေအန်ကစားခြင်းဖြင့် အရယူသည် ဖြစ်သောကြောင့် ငါ့ကို ချမ်းသာခွင့် ပေးမည်မဟုတ် ဟူ၍ ဝိဓုရအမတ်ကြီး ပညာရှင်ပီပီ ဆင်ခြင်တွေးတောမည်သာ ဖြစ်၏။ ထိုမျှမကသေး လုင်ဆိုသော်လည်း ပုဏ္ဏကဘီလူးပင်ဖြစ်၍ အမူအရာကို မြင်သဖြင့်ပင် ဤသူသည် ကြမ်းထမ်း ခက်ထန်သူဖြစ်၏ ဟူ၍ အမတ်ကြီး သိမည်သာ ဖြစ်၏။ ထို့ပြင်လည်း ဝိဓုရအမတ်ကြီး မင်းနှင့်ထက္ကသော အိမ်သူအိမ်သားတို့ကို အဆုံးအမ ဩဝါဒပေးပြီး၍ ကျွန်ုပ်ကိစ္စပြီးဆုံးပြီဟု ပြောဆိုသောအခါ ပုဏ္ဏကဘီလူးလုင် ပြန်၍ ပြောဆိုရာတွင် (ဂါထာအမှတ် ၁၉၆) "ကြောက်လန့်တုန်လှုပ်ခြင်း မရှိပါလင့်၊ ငါ့အာဇာနည်မြင်းမြီးကိုသာ မြဲမြဲ ဆွဲကိုင်ပေလော့၊ ဤလောကကြီးကို သင်အသက်ရှင်လျက် ဤယခုမြင်ရခြင်းကား နောက်ဆုံးမြင်ရခြင်း ဖြစ်တော့သည်" ဟု ပြောသောအခါ ဝိဓုရအမတ်ကြီးက "ငါမှာ အပါယ်လားကြောင်း မကောင်းမှု မရှိ၊ အဘယ့်ကြောင့် ငါကြောက်ရမည်နည်း" ဟု ပြန်၍ ပြောဆိုလေသည်၊ ဤအမတ်ကြီး၏ စကားကို ထောက်သဖြင့်လည်း အသက်ကို စွန့်လွှတ်ကြောင်း ထင်ရှားပေ၏။

ဤအခြင်းအရာတို့ကို ထောက်ထားဆင်ခြင်၍ ဝိဓုရအမတ်ကြီး၏ သစ္စာသည်လည်း အသက်ကို စွန့်လွှတ်ခြင်း သဘော သက်ဝင်နေသဖြင့် မဟာသုတသောမမင်း၏ သစ္စာအောက် နိမ့်ကျမည်မဟုတ်ပေ၊ သာလွန်သည်ဟု မဆိုနိုင်စေကာမူ အဆင့်အတန်း တူညီသည်ဟူ၍ကား ဆိုသင့်သည်ဟု ဆင်ခြင်စဉ်းစားဖွယ်ရှိပေ၏။

## ဥပဒေသ

ဤသစ္စာပါရမီ၌ ပြုအပ်သော သစ္စာကို အကြောင်းခံကာ လိုအပ်သောအရာကို တောင့်တလျှင် ရရှိပြည့်စုံစေနိုင်သော သတ္တိရှိခြင်းသည် ရှေးပါရမီများထက် ထူးကဲလှ၏၊ မဟာသုတသောမဇာတ်

http://www.dhammadownload.com



(ဂါထာအမှတ် ၆၂)၌လည်း "ယေ ကေစိ မေ အတ္ထိ ရသာ ပထဗျာ၊ သစ္စံ တေသံ သာဒုတရံ ရသာနံ=မြေပြင်တဝှမ်း၌ အလုံးစုံသော အရသာမျိုးတို့ ရှိကြရာ ထိုအရသာတို့တွင် သစ္စာသည်သာလျှင် အချို မြိန်ဆုံးသော အရသာဖြစ်သည်"ဟူ၍ ဟောတော်မူသောကြောင့် ချိုမြိန်လှစွာသော သစ္စာအရသာကို သုံးဆောင်နိုင်ကြရန် ထက်သန်စွာ ကြိုးကုတ် အားထုတ်ကြကုန်ရာသတည်း။

သစ္စာပါရမီခဏ်း ပြီး၏။

---

## (၈)အဓိဋ္ဌာနပါရမီ

### ဆောက်တည်ခြင်း

အဓိဋ္ဌာနဟူသော ပါဠိစကားကို ရှေးပညာရှိတို့က"ဆောက်တည်ခြင်း"ဟူ၍ အနက်မြန်မာ ပြန်ဆိုခဲ့ကြ၏၊ ဆောက်တည်ခြင်းဟူသော မြန်မာစကား၏ အဓိပ္ပါယ်မှာ မည်သို့သောသဘော ဖြစ်သင့်သည်ကို သိသာထင်ရှားအောင် စဉ်းစားဆင်ခြင်ရန် လိုပေ၏၊ စဉ်းစားဆင်ခြင်သည်ရှိသော်ကား....

သီလအရာ၌လည်း သမာဒါနဟူသော ပါဠိကို ဆောက်တည်ခြင်းဟူ၍ပင် ပညာရှိတို့ မြန်မာပြန်ဆိုခဲ့ကြ၏၊ သမာဒါနဟူသော ပုဒ်သည် (သံ) ပုဒ်၊ (အာ)ပုဒ် (ဒါ)ပုဒ် သုံးမျိုးနှင့် (ယု)ပစ္စည်း (သို့မဟုတ် အနပစ္စည်း)တို့တွဲစပ်ထားသော ပုဒ်ဖြစ်၏။ ကောင်းစွာယူခြင်းဟု မြန်မာပြန်ဆိုရသော ပုဒ်ဖြစ်သည်။ သို့ဖြစ်၍ သီလအရာ၌ "သီလဆောက်တည်သည်"ဟု ဆိုခြင်းသည် "သီလခံယူသည်"ဟု သဒ္ဒါနက် ထွက်ပေ၏။

ဤသို့ သဒ္ဒါအနက် ထွက်သည်ကို အခြေခံပြုကာ ရှေးပညာရှိများက "သီလကို ရဟန်းသံဃာတော်များက ပေးရသည်၊ ဒါယကာ ဒါယိကာမတို့က ရဟန်းသံဃာတော်များထံမှ ခံယူရသည်"ဟူသော အဓိပ္ပါယ်ကို သိစေခဲ့ပြီးလျှင် သီလခံယူလိုသော် ရဟန်းသံဃာတော် တပါးပါးထံသို့ ချဉ်းကပ်လျက် (အဟံ ဘန္တေ တိသရဏေန သဟ ၊ပ၊ သီလံ ဒေထ မေ ဘန္တေ) ဟူ၍ သီလတောင်းပုံ ပါဠိအစဉ်ကို အထင်အရှား ထားခဲ့သည့်အတိုင်း ယနေ့အထိ သီလဆောက်တည်လိုသောသူတို့သည် ထိုအစဉ်အတိုင်း ရွတ်ဆိုတောင်းခံကြရ၏။ ယဉ်ကျေးကောင်းမြတ်လှသော အစီအစဉ်ပင် ဖြစ်ပေ၏။

(ဤတွင်"သီလံ ဒေထ မေ ဘန္တေ"ဟူသော နောက်ဆုံး စကားအရ "အရှင်ဘုရား အကျွန်ုပ်အား သီလကို ပေးတော်မူပါ" ဟူသော

http://www.dhammadownload.com



အဓိပ္ပါယ်ထွက်ရှိနေသည်ကို အစွဲပြုကာ ယခုအခါ အချို့သူတို့သည် "သီလခံယူလိုပါလျက် ရဟန်းသံဃာ မတွေ့၍ မခံယူရပဲ ဖြစ်နေသည်" ဟု ညည်းညူတတ်ကြ၏။ "ရဟန်းသံဃာကို မတွေ့လျှင်လည်း စေတီ ရုပ်ပွါး ဘုရားထံမှာ ခံယူလျှင်လည်း ရပါသည်"ဟု သဘာဝအမှန်ကို သိသူတိုက ပြောဆိုစေကာမူ ဘုရားဆင်းတုတော်က သီလပေးတတ်သည် မဟုတ်၍ မကျေနပ်ပဲ ရှိနေတတ်ကြ၏၊ စင်စစ်မှာ သီလကို ရဟန်း များထံ တောင်း၍ ရဟန်းများကပေးမှ ရနိုင်သည်ဟူ၍ မမှတ်အပ်ပေ၊ စေတီရုပ်ပွါး ဘုရားရှေ့မှောက်၌ ဆောက်တည်လျှင်လည်း ရနိုင်သည် သာ ဖြစ်ပေ၏။)

ဤအရာ၌ သီလဆောက်တည်ခံယူရာဝယ် ရွတ်ဆိုရသော ပါဠိအစီအစဉ်၏ အနက်အဓိပ္ပါယ်အကျဉ်းကို သိရှိနားလည်ရာ၏။

ရှေးဦးစွာ လူဒါယကာ ဒါယိကာမတို့က (ဩကာသ ဩကာသ) အစချီကာ ရတနာသုံးပါး ဆရာသမားတို့အား ကန်တော့သော စကားအစဉ်နှင့်တကွ ဆုတောင်းစကားစဉ်ကို ရွတ်ဆိုသောအခါ၊ ဆရာရဟန်းတော်က သင့်လျော်ရာ နိယျာနိက မဂ်ဖိုလ်နိဗ္ဗာန် အထွတ်တပ်သော ဆုတောင်းဆုပေးစကားအစဉ်ကို ရွတ်ဆိုတော်မူ၏။ထို့နောက်—

လူဒါယကာ ဒါယိကာမတို့က (အဟံ ဘန္တေ တိသရဏေန သဟ) အစ ချီကာ ငါးပါးသီလ ရှစ်ပါးသီလအလိုက် သီလတောင်းသောစကားအစဉ်ကို ရွတ်ဆိုကြ သော် ဆရာရဟန်းတော်က (ငါသီလပေးမည်ဟူသော စကားလုံးအလျဉ်းမပါ) "ယမဟံ ဝဒါမိ၊ တံ ဝဒေထ"ဟု ဥယျောဇဉ်တိုက်တွန်းစကား မိန့်တော်မူသည်။ (ဤစကား၏ အဓိပ္ပါယ်မှာ.... "အကြင်စကားအစဉ်ကို ငါဆိုအံ့၊ ထိုငါဆိုသော စကားအစဉ်ကို လိုက်၍ဆိုကြ" ဤသို့ အဓိပ္ပါယ်ထွက်သည်။ သီလတောင်းသူတို့ က သီလရရန် မည်သို့ ဆိုရမည်ကို မသိကြသည့်အတွက် သိရအောင် ငါရှေ့က စကား စီတန်း၍ ပြောဆိုမည်၊ ငါဆိုသမျှ လိုက်၍ဆိုကြဟု တိုက်တွန်းခြင်း ဖြစ်၏။) ထို့နောက် ဆရာရဟန်းတော်က ပြောဆိုသွားသော စကားအစဉ် တွင်လည်း (ပဌမ) နမော တဿ အစရှိသော ဘုရားရှိခိုး၊ (ဒုတိယ) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ အစရှိသော သရဏဂုံ ခံယူပုံပါဠိ၊ (တတိယ) သိက္ခာပုဒ်တို့ကို ဆောက်တည် ခံယူပုံပါဠိစု။ (စတုတ္ထ) ဤသရဏဂုံသီလအစုကို မမေ့မလျော့ သော အပ္ပမာဒတရား လက်ရှိထား၍ ပြည့်စုံအောင် ဖြည့်ကျင့်ကြလေဟူ၍ တိုက်တွန်းခြင်း ဖြစ်သည်ကို သတိပြု မှတ်သားရာ၏။

ဤသို့ လူအများက သီလကျင့်သုံးလိုသော်လည်း မည်ကဲ့သို့ ဆိုရမည်ကို မသိသည့်အတွက် ဆိုဖို့ရန် စကားအစီအစဉ်ကို ဆရာရဟန်းတော်က ရှေ့မှ

http://www.dhammadownload.com



လမ်းကြောင်းပေးခြင်း ဆိုပြခြင်း လူ့ဒါယကာ ဒါယိကာမတို့က လိုက်၍ဆိုကြခြင်းကိုပင် ရဟန်းတော်ထံ၌ သီလခံယူခြင်း ရဟန်းတော်က သီလပေးခြင်းဟူ၍ လောကဝေါဟာရ ခေါ်ဆိုခြင်း ဖြစ်ပေသည်။

ဤသို့ သမာဒါနဟူသော ပါဠိစကားအရ "ကောင်းစွာ ခံယူခြင်း"ဟူသော အနက် ထွက်သော်လည်း ဤအနက်မှာ သဒ္ဒါကျမ်းအရ ထွက်သောအနက်မျှဖြစ်၍ ဆိုလိုရင်း အဓိပ္ပါယ်နက်ကို ပေါ်လွင်ထင်ရှားစေရန် ရှေးပညာရှိကြီးများက "ဆောက်တည်ခြင်း"ဟူသော အဓိပ္ပါယ်နက်ကို အတည်ပြုပို့ ချပြန်ဆိုတော်မူခဲ့ကြ၏။ ဤသီလအရာ၌ ပြဆိုအပ်သော အနက်အဓိပ္ပါယ်စုကို (ပံသုကူလိကင်္ဂ သမာဒိယာမိ၊ တေစီဝရိကင်္ဂ သမာဒိယာမိ) အစရှိသည်ဖြင့် ဓုတင်အကျင့် တဆယ့်သုံးပါးကို ဆောက်တည်ရာ၌လည်း အလားတူ နည်းယူ၍ သိအပ်၏။ ဤ"ဆောက်တည်" ဟူသော စကားကို သီလနှင့် ဓုတင်အရာမှာသာ သုံးရသည် မဟုတ်သေး၊ အဓိဋ္ဌာန်အရာမှာလည်း "ဆောက်တည်" ဟူသော စကားကိုပင် သုံးရလေသည်။

အဓိဋ္ဌာနဟူသော ပါဠိမှာ (အဓိ) ပုဒ် (ဌာ) ပုဒ် (အန) ပစ္စည်းတို့ တွဲစပ်ထားရာ သဒ္ဒါနက်အားဖြင့် "အလွန်အကျူး အထူးတည်စေခြင်း" ဟူ၍ ထွက်ရှိသော်လည်း ရှေးပညာရှိများက လိုရင်းဖြစ်သည့် အဓိပ္ပါယ်နက်အားဖြင့် "အဓိဋ္ဌာန=ဆောက်တည်ခြင်း" ဟူ၍သာ မြန်မာပြန်ဆိုတော်မူကြသည်။ ဤ"ဆောက်တည်" ဟူသောစကားသည် ပါဠိမဟုတ်၊ ရှေးကျသော မြန်မာစကားလုံး ဖြစ်နေ၍ ယခုကာလ ဝေါဟာရစကားအားဖြင့် မည်သို့သော သဘောဖြစ်သင့်သည်ကို ဆင်ခြင်စဉ်းစားလျှင် အလွန်ထူးဆန်းသော မြန်မာစကားဖြစ်ပေ၏။ ထူးဆန်းပုံကား....

"ဆောက်"ဟူ၍ စကားတလုံးတည်း သုံးလိုက်လျှင် ပေါရာဏအရ "စိုက်ထူခြင်း" ဖြစ်၏၊ ယခုကာလ တံခွန်စိုက်ထူသည်ကိုပင် ရှေးအခါက တံခွန်ဆောက်သည်ဟု သုံးနှုန်း၏။ ရှေးအခါက မိန်းမများ၏ ဆံထုံးပေါ်၌ ဖြောင့်ဖြောင့်မတ်မတ် စိုက်ထိုးအပ်သော ပန်းကို (ပါဠိလို) ဝဋံသကာဟု ခေါ်၍ (မြန်မာလို) ဦးဆောက်ပန်းဟု ခေါ်သည်၊ (ဦးထိပ်မှာ ဆောက်ထားအပ်သော ပန်း စိုက်ထူအပ်သောပန်းဟု ဆိုလိုသည်။)

"တည်"ဟူသော စကားလုံး တလုံးတည်း၏ အဓိပ္ပါယ်မှာ အခြားမှ တစုံတရာ ဝတ္ထုတို့ကို ဆောင်ယူချထားလာသည်ဟု အဓိပ္ပါယ်ရ၏။ ရှေးအခါက စ၍ ယခုတိုင်အောင် သိမ် ကျောင်းပြုလုပ်သည်ကို သိမ်ဆောက်သည် ကျောင်းဆောက်သည်ဟူ၍ ခေါ်ရိုးသုံးရှိ၏၊ အကြောင်းကား တိုင်တို့ကို ဦးစွာ စိုက်ထူအပ်သောကြောင့် ဖြစ်၏။ စေဘိဘည်ထားရာ၌ တခါတည်း စိုက်ထူ၍ မရ၊

http://www.dhammadownload.com



ဖြည်းဖြည်းခြင်းသာ အုဋ်ချပ်တို့ကိုယူ၍ စီထားရသောကြောင့် စေတီတည်သည် ဟူ၍သာ ခေါ်ရိုးထုံး ရှိ၏။ ဤနှစ်မျိုးကို တွဲစပ်သုံးနှုန်းရာ၌ "ဘုရားတည်၊ ကျောင်းဆောက်"ဟူ၍ အစဉ်အလာ ပြောဆိုရိုးထုံးရှိ၏။

ဤသို့ စကားနှစ်လုံးမှာ တလုံးလျှင် တမျိုးစီ အဓိပ္ပါယ် ကွဲပြားသော်လည်း "ဆောက်တည်"ဟူ၍ တွဲစပ်သုံးစွဲလိုက်သောအခါ နဂိုရ်မူလအနက်ထက် ပိုမို လေးနက်စွာ "မရွေ့ မရှား မတုန်မလှုပ် စိတ်၌ထားခြင်း၊ တနည်း အတည်ဖြစ် စေခြင်း" ဟူသော အဓိပ္ပါယ်ကို ကောက်ယူရ၏။ ဤသို့လျှင် ရှေးအခေါ် အဝေါ် "ဆောက်တည်"ဟူသော စကားမှာ ယခုကာလ အခေါ်အဝေါ် "မရွေ့ မရှား မတုန်မလှုပ် စိတ်၌ထားရှိခြင်း၊ အတည်ဖြစ်စေခြင်း"ဟု အဓိပ္ပါယ်ရသည်ဖြစ်၍ "သီလဆောက်တည်သည်" ဆိုရာမှာ "သီလကို မရွေ့ မရှား မတုန်မလှုပ် စိတ်၌ ထားသည်၊ အတည်ဖြစ်စေသည်" (ပါဠိလို) ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊ (ရှေးမြန်မာလို) သူ့ အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏၊ (ယခုဝေါဟာရအလို) သူ့ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သည့် ကျင့်ဝတ်အစုကို မရွေ့ မရှား မဖောက်မပြား မတုန်မလှုပ် စိတ်၌ထားပါ၏၊ အတည်ဖြစ်စေပါ၏၊ဤပါဠိစကား ရှေးမြန်မာစကား ယခုဝေါဟာရစကားတို့သည် အဓိပ္ပါယ် တူညီသည်သာ ဖြစ်ကုန်၏။ (အဒိန္နာဒါန်သိက္ခာပုဒ်စသည်တို့၌လည်း ဤနည်းအတူ သိရာ၏။)

"သီလကို မရွေ့ မရှား မဘုန်မလှုပ် စိတ်၌ထားသည်"ဟူရာ၌ သီလအရ ကား ကိုယ်နှုတ်နှစ်ပါးကို ကောင်းစွာ ထိန်းစောင့်မှုဖြစ်၏။ မတုန်မလှုပ် မရွေ့ မရှား စိတ်၌ထားမှုအရကား ထိုထိန်းစောင့်မှု သီလကို မိမိသတ်မှတ် အပ်သော အချိန်ကာလအတွင်း ရွေ့ ရှားဖောက်ပြား တုန်လှုပ်မှုမရှိအောင် စိတ်၌ထားခြင်း စွဲမြဲစွာအတည်ဖြစ်စေခြင်း ဖြစ်ပေ၏။ ဤအဓိဋ္ဌာနအရာ၌ ပါရမီမြောက်ဖြစ်သော ဆောက်တည်မှု စိတ်၌စွဲမြဲစွာ ထားမှုသည်ကား သီလအရာထက် များစွာ ပိုမိုလွန်ကဲစွာ စိတ်၌ထားမှု စွဲမြဲတည်နေစေမှုပြုခြင်း ကို အလိုရှိအပ်ပေ၏။ ထို့ကြောင့်ပင် အဓိဋ္ဌာနပါရမီကို အလောင်းတော် သုမေဓာရှင်ရသေ့ ဆင်ခြင်တော်မူရာတွင် မရွေ့ မရှား မဖောက်မပြား မတုန် မလှုပ် ကြံ့ ကြံ့ တည်နေသော ကျောက်တောင်ကြီးသည် ပြင်းစွာလာသော လေတို့ကြောင့် မတုန်မလှုပ် မိမိတည်ရာ ဌာန၌သာ တည်နေသကဲ့သို့ ကျင့်ရ မည်ဟူ၍ အဓိဋ္ဌာနပါရမီကို ကျောက်တောင်ကြီး ဥပမာဖြင့် ဆင်ခြင်စဉ်းစား တော်မူလေသည်။

ဤကျောက်တောင်ကြီးနှင့် ဥပမာနှိုင်းခိုင်း စဉ်းစားဆင်ခြင်တော်မူချက်ကို ထောက်ဆ၍ပင် "အဓိဋ္ဌာန်"ဟူသည် (ဆောက်တည်ခြင်းဟူသည်) မိမိရည်ရွယ် အပ်သည့် အလုပ်ကိစ္စကို မရွေ့ မရှား မတုန်မလှုပ် ကြံ့ ကြံ့ တည်အောင်

http://www.dhammadownload.com



စိတ်ထဲ၌ ထားသည်ကို (အတည်ပြုသည်ကို) ခေါ်ဆိုကြောင်း သိသာထင်ရှားပေ၏၊ ထိုကြောင့် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တို့ကို လိုလားပါလျှင် (ဝါ-ဘုရားဖြစ်လိုပါလျှင်) ဘုရားဖြစ်ကြောင်း တရားကောင်းတို့ကို ကျင့်ကြံအားထုတ်ရန် ကျောက်တောင်ကြီးတမျှ စိတ်ထဲမှာ စွဲမြဲတည်ခိုင်ခြင်းရှိစေရမည်ဟု ဆိုလိုသည်။

## အဓိဋ္ဌာန အမျိုးမျိုး

ဤသို့လျှင် အဓိဋ္ဌာန်ပြုခြင်း ဆောက်တည်ခြင်းဟူသည် ကျောက်တောင်ကြီးတမျှ မရွေ့မရှား မတုန်မလှုပ် စိတ်ထဲမှာ စွဲမြဲတည်ခိုင်စေမှု ဖြစ်၍ ထိုစွဲမြဲတည်ခိုင်စေမှု အတည်ပြုမှုသည်လည်း အမျိုးမျိုးရှိကြောင်းကို ကျမ်းဂန်တို့မှ ထိုက်သည့်အလျောက် ထုတ်ဆောင်၍ ပြရလျှင်....

## ဥပုသ် အဓိဋ္ဌာန်

ဝိနယ၊ မဟာဝဂ္ဂ၊ ဥပေါသထခန္ဓကာ၌ သံဃဥပုသ် ဂဏဥပုသ် ပုဂ္ဂလဥပုသ်ဟူ၍ ဥပုသ်သုံးမျိုးရှိကြောင်း လာရှိ၏၊ ထိုတွင် သံဃဥပုသ်ဟူသည် လပြည့်နေ့ လကွယ်နေ့များတွင် အနည်းဆုံး ရဟန်းလေးပါးတို့ ဥပုသ်ပြုရန် သိမ်တခု၌ စည်းဝေးမိလျှင် ပြုရသည့်ဥပုသ်တည်း၊ ထိုသံဃဥပုသ်ပြုသောအခါ ရဟန်းတပါးက ပါတိမောက်ကျမ်းကို ရွတ်ဆိုပြသ၍ ကျန်ရဟန်းများက ရှိသေစွာနားထောင်ကြရသည်။ ဤသံဃဥပုသ်ကိုပင် ပြုပုံအခြင်းအရာသို့ လိုက်၍ သုတ္တုဒ္ဒေသဥပုသ် ဟူ၍လည်း ခေါ်၏၊ (သုတ္တ=ဝိနည်းသိက္ခာပုဒ်ပါဠိတော်ကို ဥဒ္ဒေသ=အကျဉ်းပြခြင်း ရွတ်ဆိုခြင်းရှိသောဥပုသ်၊ ဝိနည်းသိက္ခာပုဒ် ပါဠိတော်ကို အကျဉ်းရွတ်ဆိုရသောဥပုသ်ဟု ဆိုလိုသည်။)

ရဟန်းလေးပါးမပြည့်ပဲ နှစ်ပါး သုံးပါးသာ ရှိခဲ့သော် ဂဏဥပုသ်ကို ပြုရ၏။ ဥပုသ်ပြုရာမှာ အနည်းဆုံး ရဟန်းလေးပါးရှိမှ သံဃာဟုခေါ်သည်၊ နှစ်ပါး သုံးပါးသာဖြစ်လျှင် သံဃာဟု မခေါ်ရ၊ ပုဂ္ဂိုလ်တို့၏ အစုအပေါင်း (ဂိုဏ်း) ဂဏဟူ၍သာ ခေါ်ရသည်။ ဤဂဏဥပုသ်ကို ပြုရာမှာ ရဟန်းသုံးပါးရှိလျှင် ဂဏဉတ်ထား၍ငင်း သုံးပါးမရှိ နှစ်ပါးသာရှိလျှင် ဉတ်မထားမူ၍ ရဟန်းနှစ်ပါးသုံးပါးတို့ မိမိတို့၏ အာပတ်မှ စင်ကြယ်ကြောင်းကို အသီးအသီး (ပါဠိလို) ရွတ်ဆိုပြောကြားရ၏။ သို့ဖြစ်၍ ဤဂဏဥပုသ်ကို ပါရိသုဒ္ဓိဥပုသ်ဟူ၍လည်း ခေါ်၏၊ စင်ကြယ်ကြောင်းကို ထုတ်ဖော်ပြောကြားရသော ဥပုသ်ဟု ဆိုလိုသည်။

ရဟန်းတပါးတည်းသာ ရှိနေခဲ့သော် ပုဂ္ဂလဥပုသ်ကို ပြုရ၏။ ထိုပုဂ္ဂလဥပုသ်ပြုပုံမှာ အချိန်ရှိသေးလျှင် အခြားရဟန်းများ လာလိမ့်နိုးနိုး မျှော်ကိုး

http://www.dhammadownload.com



စောင့်စား၍ အခြားရဟန်းတပါးမျှမလာပဲ အချိန်ကုန်သောအခါ "ယနေ့သည် ငါ၏ ဥပုသ်နေ့ပင်ဖြစ်သည်"ဟု အဓိဋ္ဌာန်ရမည်ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏၊ ဆိုလိုရင်းမှာ ယနေ့သည် ငါ၏ ဥပုသ်နေ့ဖြစ်သည်ဟု စိတ်ထဲမှာ စွဲမြဲတည်ခိုင်စေရမည်ဟု ဆိုလိုသည်။ ဤဥပုသ်ကိုကား အဓိဋ္ဌာနဥပုသ်ဟု ခေါ်သည်၊ (စိတ်ထဲမှာ စွဲမြဲထားရသော ဥပုသ်ဟူ၍ ဆိုလို၏။) ဤကား ဥပုသ်အရာ၌ လာရှိသော အဓိဋ္ဌာန်သဘောတည်း။

## သင်္ကန်း အဓိဋ္ဌာန်

ရဟန်းတော်များမှာ သင်္ကန်းရပြီးနောက် ဆယ်ရက်အတွင်း ထိုသင်္ကန်းကို အဓိဋ္ဌာန်တင်ရသည်၊ သို့မဟုတ် ဝိကပ္ပနာသော်လည်း ပြုရသည်။ အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုပဲ အမှတ်တမဲ့ ဆယ်ရက်လွန်အောင် ထားလိုက်လျှင် ထိုသင်္ကန်းကိုလည်း ဝိနည်းကံအရ စွန့်ရသည်၊ ပါစိတ်အာပတ်လည်း သင့်သည်၊ သို့ဖြစ်၍ သင်္ကန်းကို ရလာလျှင် ဆယ်ရက်အတွင်းမှာ "ဤသင်္ကန်းကို အဓိဋ္ဌာန်ပြုပါ၏" ဟု ဆို၍ အဓိဋ္ဌာန်တင်ထားရသည်၊ ဤသို့ အဓိဋ္ဌာန် တင်ထားလိုက်လျှင် သင်္ကန်းကိုလည်း ဝိနည်းကံအရ မစွန့်ရ၊ ပါစိတ်အာပတ်လည်း မသင့်။ ဤသင်္ကန်း အဓိဋ္ဌာန်မှာလည်း "ဤသင်္ကန်းကို သင်းပိုင်ဟူ၍ (ကောစွိသင်္ကန်းဟူ၍) (နှစ်ထပ် သင်္ကန်းကြီးဟူ၍) (အကြွမ်းသုံး ပရိက္ခာရဟူ၍) စိတ်ထဲမှာ စွဲမြဲထားပါ၏" ဟူ၍ ဆိုလိုရင်းဖြစ်သည်။ (ဝိနယ၊ ပါဠာဇိကပါဠိ၊ နိဿဂ္ဂိယ၊ စီဝရဝဂ်၊ ပဌမ သိက္ခာပုဒ်မှ။)

## သပိတ် အဓိဋ္ဌာန်

ဤနည်းအတူ ရဟန်းတော်များမှာ သပိတ်ရလာလျှင်လည်း ဆယ်ရက်အတွင်း "ဣမံ ပတ္တံ အဓိဋ္ဌာမိ=ဤသပိတ်ကို အဓိဋ္ဌာန်တင်ပါ၏"ဟု ဆို၍ အဓိဋ္ဌာန်တင်ရသည်။ အဓိဋ္ဌာန်မတင်ပဲ ဆယ်ရက်လွန်လျှင် သပိတ်ကိုလည်း ဝိနည်းကံအရ စွန့်ရသည်၊ ပါစိတ်အာပတ်လည်း သင့်သည်ဟူ၍ ဝိနယ၊ ပါရာဇိကာ၊ နိဿဂ္ဂိယ၊ ပတ္တဝဂ်၊ ပဌမသိက္ခာပုဒ်၌ ဟောတော်မူ၏။ ဤသပိတ်အဓိဋ္ဌာန်၌လည်း "ဤထည့်စရာသည် ငါ၏ သပိတ်ဖြစ်သည်"ဟု စိတ်ထဲမှာ စွဲမြဲထားခြင်းကိုပင် သပိတ်အဓိဋ္ဌာန်တင်သည်ဟု ခေါ်၏။

ဤဥပုသ်အဓိဋ္ဌာန် သင်္ကန်းအဓိဋ္ဌာန် သပိတ်အဓိဋ္ဌာန်တို့မှာ ဝိနည်းကျမ်းလာ ဝိနည်းပရိယာယ် အသုံးအနှုန်းဖြစ်၍ နောက်၌ ခွဲခြားပြဆိုလတ္တံ့သော အဓိဋ္ဌာန် သုံးမျိုးတို့၌ မပါဝင်နိုင်ကြောင်း သဘောပြုရာ၏။ (မပါဝင်နိုင်ပုံ နောက်၌ ထင်ရှားလတ္တံ့။)

http://www.dhammadownload.com



## ဈာန် အဓိဋ္ဌာန်

ဈာန်တရားအရာ၌ (ဥပမာ) ပဌမဈာန်ကို အားထုတ်၍ ရလာလျှင် ဝသီဘော်ငါးမျိုးတို့ဖြင့် ပွါးများလေ့လာရမည့်အကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပထဝီကသိဏနိဒ္ဒေသစသည်တို့၌ ဖွင့်ပြထား၏။ ဝသီဘော်ဟူသော စကားမှာ ဝသီဘာဝဟူသော ပါဠိမှ ဆင်းသက်လာ၍ "စိုးပိုင်နိုင်နင်းခြင်း"ဟူ၍ အဓိပ္ပါယ်ထွက်ရှိ၏။ သို့ဖြစ်၍ ဝသီဘော်ငါးမျိုးဟု ဆိုလျှင် စိုးပိုင်နိုင်နင်းခြင်း ငါးမျိုးဟု အဓိပ္ပါယ်ပြန်ဆိုရ၏။ ပဌမဈာန်ကိုရလျှင် ထိုမိမိရသော ပဌမဈာန်ကို ငါးဌာနစိုးပိုင်နိုင်နင်းအောင် လေ့လာပွါးများရသည်။

ပဌမဌာန ပဌမအမျိုးမှာ အာဝဇ္ဇနဝသီဟု ခေါ်၏။ဆင်ခြင်မှု၌ စိုးပိုင်နိုင်နင်းခြင်းတည်း။ ပဌမဈာန်ကို ရလာလျှင် ငါ့ဈာန်မှာ မည်သည့်တရားများ ပါဝင်သည်၊ မည်သည့်တရား၏ လက္ခဏာ မည်သို့ရှိသည်ဟု ဆင်ခြင်မှုကို ပြုရသည်။ ဆင်ခြင်စမှာ လွယ်လင့်တကူ မထင်လာသေး၊ မနှောင့်နှေး၍ နေ၏၊ အကြောင်းကား ဆင်ခြင်မှု၌ စိုးပိုင်နိုင်နင်းမှု မရှိသေးသောကြောင့်တည်း။ ဆင်ခြင်မှု၌ စိုးပိုင်နိုင်နင်းလာသောအခါ လွယ်လင့်တကူ ထင်မြင်လာ၏၊ ထိုအခါ အာဝဇ္ဇန ဝသီဘော် ပြည့်စုံပြီဖြစ်၏။

ထို့နောက် ဒုတိယ သမာပဇ္ဇနခေါ်သော ဝသီဘော်ဖြင့် လေ့လာရ၏။ သမာပဇ္ဇန=ဝင်စားခြင်း=မိမိစိတ်အစဉ်မှာ ဈာန်စိတ်ဘို ဝင်ရောက်ဖြစ်ပွါးလာခြင်း၊ (မိမိစိတ်အစဉ်မှာ ဈာန်စိတ်တို့ မပြတ်ဖြစ်ပွါးနေသည်ကို ဈာန်ဝင်စားသည်ဟု ခေါ်သည်။) ဆင်ခြင်ခြင်း အာဝဇ္ဇနဝသီဘော် စိုးပိုင်နိုင်နင်းပြီးနောက် ဝင်စားမှု၌ စိုးပိုင်နိုင်နင်းအောင် လေ့လာရသည်။ (ရရှိပြီးသော စာပေကို ထပ်တလဲလဲ ရွတ်အံခြင်းဖြင့် စိုးပိုင်နိုင်နင်းလာသကဲ့သို့) မိမိရပြီးသောဈာန်ကို ထပ်ကာထပ်ကာ ဝင်စားခြင်းဖြင့် သမာပဇ္ဇနဝသီဘော် စိုးပိုင်နိုင်နင်းလာနိုင်၏။ မနိုင်နင်းမီ ဝင်စားသော်လည်း လွယ်ကူစွာ ဈာန်တို့ မိမိစိတ်အစဉ်မှာ မဖြစ်နိုင်သေး၊ ဝင်စားဖန်များ၍ စိုးပိုင်နိုင်နင်းလာသောအခါ ဝင်စားလိုက်တိုင်း ဈာန်စိတ်တို့ မိမိစိတ်အစဉ်မှာ အလွယ်တကူနှင့် ဖြစ်ပွါးလာကြသည်။ ထိုအခါ သမာပဇ္ဇနဝသီဘော် ပြည့်စုံပြီ ဖြစ်၏၊

ထို့နောက် တတိယအဓိဋ္ဌာနခေါ်သော ဝသီဘော်ဖြင့် လေ့လာရ၏။ အဓိဋ္ဌာန ဟူသည် ဝင်စားသောအခါ ဈာန်တရားသည် ငါ့စိတ်အစဉ်၌ မည်မျှကြာအောင် တည်နေပါစေဟူ၍ အဓိဋ္ဌာန်ရခြင်း ဆောက်တည်ခြင်း စိတ်၌စွဲမြဲစွာထားခြင်း ဖြစ်၏။ မနိုင်နင်းသေးမီ မိမိမှန်းထားသည့် အချိန်ထက် ပို၍သော်လည်း ဈာန်စိတ်တို့ ဖြစ်နေတတ်၏၊ လျော့၍သော်လည်း ဈာန်စိတ်တို့ ဖြစ်နေတတ်၏၊ (ဥပမာ) တနာရီခန့် ငါ့စိတ်အစဉ်မှာ ဈာန်တရားများ ဖြစ်ပွါး၍နေပါစေ

http://www.dhammadownload.com



သတည်းဟု အဓိဋ္ဌာန်ပြုသော်လည်း တနာရီမပြည့်မီ စျာန်စိတ်အစဉ် ပြတ်ချင် ပြတ်သွားမည်၊ တနာရီကျော်မှသော်လည်း ပြတ်ချင်ပြတ်သွားမည်၊ ဤသို့ဖြစ်ရခြင်းမှာ ဆောက်တည်မှု အဓိဋ္ဌာန်မှု စိတ်၌စွဲမြဲစွာထားမှု မနိုင်နင်းသေးသောကြောင့်ဖြစ်၏။ နိုင်နင်းလာသောအခါ မိမိမှန်းထားသည့်အချိန်အတိုင်း အတိအကျ စျာန်စိတ်များ ဖြစ်ပွါးတည်ရှိ၍နေ၏။ ထိုသို့ စျာန်စိတ်ကို မိမိမှန်းထားသည့် အချိန်နှင့် ကိုက်ညီအောင် ဆောက်တည်နိုင် ထားနိုင်သောအခါ အဓိဋ္ဌာနဝသီဘော် ပြည့်စုံပြီဖြစ်၏။

ထို့နောက် စတုတ္ထ ဝုဋ္ဌာနခေါ်သော ဝသီဘော်ဖြင့် လေ့လာရ၏။ ဝုဋ္ဌာနဟူသည် မိမိဝင်စားသောစျာန်မှ ထခြင်းတည်း၊ (စျာန်မှ ထခြင်းဟူသည် စျာန်စိတ်အစဉ် ဖြစ်နေရာမှ ထိုစျာန်စိတ်နှင့် မတူသည့် ဘဝင်စိတ်ပြောင်းလဲ ဖြစ်ပွါးလာခြင်းကို ခေါ်သည်။) မိမိ ရည်မှန်းသည့် အချိန်၌ စျာန်မှ ထဖို့ရန် စိုးပိုင်နိုင်နင်းမှုကို ဝုဋ္ဌာနဝသီဘော် ခေါ်သည်။

ထို့နောက် ပဉ္စမ ပစ္စဝေက္ခဏာဝသီဘော်ဖြင့် စျာန်၌ ပါဝင်သောတရားတို့ကို စဉ်းစားဆင်ခြင်မှု၌ လေ့လာနိုင်နင်းအောင် ပွါးများရ၏။ ထိုသို့ စဉ်းစားဆင်ခြင်ရာ၌လည်း ပဌမ အာဝဇ္ဇနဝသီဘော်မှာ ပြခဲ့သည့်အတိုင်း မနိုင်နင်းမီ လွယ်ကူစွာ မထင်သေး၊ နိုင်နင်းလာသောအခါမှ လွယ်ကူစွာ ထင်နိုင်၏။ (အာဝဇ္ဇနဟူသည် ပစ္စဝေက္ခဏာဝီထိ၌ ပါသော အာဝဇ္ဇန်းကိုခေါ်၍ ပစ္စဝေက္ခဏာဟူသည် ထိုအာဝဇ္ဇန်း၏ အခြားမဲ့၌ ဖြစ်ပေါ်သော ပစ္စဝေက္ခဏာဇောတို့ကို ခေါ်သည်၊ အာဝဇ္ဇန်း မြန်မြန်ဖြစ်ပေါ်အောင် လေ့လာနိုင်နင်းလျှင် ပစ္စဝေက္ခဏာဇောလည်း မြန်မြန်ဖြစ်ပေါ်အောင် လေ့လာနိုင်နင်းပြီး ဖြစ်တော့သည်၊ ထို့ကြောင့် အာဝဇ္ဇနဝသီဘော် ပြည့်စုံလျှင် ပစ္စဝေက္ခဏာဝသီဘော်လည်း ပြည့်စုံတော့သည်ဟူ၍ ကျမ်းဂန်တို့၌ ဖွင့်ပြလေသည်။)

ဤသို့လျှင် ရရှိပြီးသော စျာန်တရားကို ဝသီဘော် ငါးပါးဖြင့် လေ့လာရမည်ဟု ပြဆိုရာ၌ ပါဝင်သော အဓိဋ္ဌာနဝသီဘော်ဟူသည်မှာ မိမိရည်မှန်းသည့် အချိန်အတိုင်း အလျှော့အပို မရှိစေရပဲ စျာန်စိတ်ကို မိမိစိတ်အစဉ်၌ ထားနိုင်မှု ဖြစ်စေနိုင်မှုဝယ် စိုးပိုင်နိုင်နင်းခြင်းကို ခေါ်ဆို၏ဟု အကျဉ်းချုပ် မှတ်ယူရာ၏။

## ဣဒ္ဓိ အဓိဋ္ဌာန်

ထို့ပြင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဣဒ္ဓိဝိဓနိဒ္ဒေသမှာ....

(၁) အဓိဋ္ဌာနဣဒ္ဓိ၊
(၂) ဝိကုဗ္ဗနဣဒ္ဓိ၊

http://www.dhammadownload.com



(၃) မနောမယဣဒ္ဓိ၊
(၄) ဉာဏဝိပ္ဖါရဣဒ္ဓိ၊
(၅) သမာဓိဝိပ္ဖါရဣဒ္ဓိ၊
(၆) အရိယဣဒ္ဓိ၊
(၇) ကမ္မဝိပါကဇဣဒ္ဓိ၊
(၈) ပုညဝန္တဣဒ္ဓိ၊
(၉) ဝိဇ္ဇာမယဣဒ္ဓိ၊
(၁၀) သမ္မာပယောဂဣဒ္ဓိ—

အားဖြင့် ဣဒ္ဓိဆယ်မျိုးရှိကြောင်းကို ပြဆိုထား၏။(ဣဒ္ဓိ=ပြီးစီးပြည့်စုံစေခြင်း၊ အလိုရှိအပ်သောအရာ ပြီးစီးပြည့်စုံစေနိုင်မှုကို ပါဠိလို ဣဒ္ဓိ မြန်မာလို တန်းခိုး ဟူ၍ ခေါ်၏။)

(၁) အဓိဋ္ဌာနဣဒ္ဓိဟူသည် မိမိတကိုယ်တည်းကိုပင် အရာအထောင် လို့ သလောက် ဖြစ်လာပါစေဟူ၍ ဉာဏ်ဖြင့် အဓိဋ္ဌာန်လိုက်၏၊ ဆောက်တည်လိုက်၏၊ စိတ်မှာ စွဲမြဲစွာထားလိုက်၏၊ ဆောက်တည်လိုက်တိုင်း မိမိအလိုရှိသမျှ အရာ အထောင် နိမ္မိတရုပ်ပွါးများ အံ့ဩလောက်အောင် ဖြစ်ပွါးပြည့်စုံလာရခြင်း သည် အဓိဋ္ဌာနဣဒ္ဓိ မည်၏။ (ဤအဓိဋ္ဌာနဣဒ္ဓိသည် မိမိတည်းဟူသော ဣဒ္ဓိရှင် တန်းခိုးရှင်၏ ပင်ကိုယ်မူလချပ် မပျောက်မကွယ်ပဲ အလွတ်ပြင်ပမှာ မိမိကိုယ်နှင့် တူ-မတူ အမျိုးမျိုး အဖုံဖုံ ဖြစ်စေမှုနှင့်သာ သက်ဆိုင်သော တန်းခိုးဣဒ္ဓိဖြစ် ပေ၏။)

(၂) မိမိကိုယ်ကို နဂိုရ်အတိုင်း မဟုတ်ပဲ နဂါးကြီးသဏ္ဌာန်ဖြစ်စေ၊ ဂဠုန် ကြီးသဏ္ဌာန်ဖြစ်စေ ဤသို့စသည်ဖြင့် ပြောင်းလဲ ဖန်ဆင်းလိုက်ခြင်းသည် ဝိကုဗ္ဗနဣဒ္ဓိ မည်၏။ (ဝိ=အထူးထူးအထွေထွေ၊ ကုဗ္ဗန=ပြုလုပ်ဖန်ဆင်းခြင်း၊ မိမိကိုယ်ကို နဂိုရ်အသွင်သဏ္ဌာန်မှ ပြောင်း၍ အထူးထူးအထွေထွေ အလိုရှိရာ ပြုလုပ်ဖန်ဆင်းခြင်းဟု ဆိုလိုသည်။)

(၃) မိမိကိုယ်ကိုလည်း တစုံတရာ မပြောင်းလဲ၊ အလွတ်သက်သက်မှာ လည်း မဟုတ်ပဲ မိမိ၏ ကိုယ်အတွင်းမှပင် မိမိနှင့် သဏ္ဌာန်ဘူစွာ ကိုယ်ငယ်တခု ဖန်ဆင်းခြင်းသည် မနောမယဣဒ္ဓိ မည်၏။ မနောမယ=စိတ်အလိုရှိတိုင်းပြီးစီး သည်။ (ဤမနောမယဣဒ္ဓိမှာ—အဓိဋ္ဌာနဣဒ္ဓိကဲ့သို့ ကိုယ်၏ ပြင်ဖက်မှာ အရာအမျိုးမျိုးကို ဖန်ဆင်းခြင်းလည်း မဟုတ်၊ ဝိကုဗ္ဗနဣဒ္ဓိကဲ့သို့ မိမိကိုယ်ကို အသွင်သဏ္ဌာန်တမျိုး ပြောင်းလဲဖန်ဆင်းခြင်းလည်း မဟုတ်၊ မိမိ၏မူလကိုယ်ကို မူလအတိုင်းထား၍ကာ ထိုအရင်းခံကိုယ်ထဲမှ စိတ်ဖြင့်ပြီးသော=မိမိစိတ် အလိုရှိ သလောက် ကိုယ်ငယ်တခု ဖန်ဆင်းထုတ်နုတ်ပြခြင်းဖြစ်သည်။)

http://www.dhammadownload.com



(၄) ဉာဏ်၏အာနုဘော် ပြန့်နှံ့သဖြင့် ဖြစ်ပေါ်သော အံ့ဩဖွယ်ရာ ပြည့်စုံမှုအထူးကို ဉာဏဝိပ္ဖါရဣဒ္ဓိ ဟုခေါ်၏။ ဤဉာဏဝိပ္ဖါရဣဒ္ဓိ၏ အကြောင်းကို အရှင်ဗာကုလထေရ်စသည်ဘို့၏ အစွမ်းဖြင့် သိအပ်၏။

## ဗာကုလထေရ် အကြောင်း

အင်္ဂုတ္တရနိကာယ၊ ကေကနိပါတ၊ ဘေဒဂ္ဂဝဂ်အဖွင့် အဋ္ဌကထာ၌ အကျယ်လာရှိသော အရှင်ဗာကုလ၏ အကြောင်းအရာမှ လိုရင်းအကျဉ်းချုပ်ကို ထုတ်နုတ်ပြဆိုပေအံ့... ။အရှင်ဗာကုလသည် ကောသမ္ဗီပြည် သူဋ္ဌေး၏သားဖြစ်၍ ဖွားပြီးလျှင် မကြာမီ မင်္ဂလာအခမ်းအနားကျင်းပသောနေ့တွင် ယမုနာမြစ်၌ ကလေးကို ရေချိုးပေးရာ ငါးတကောင်လာရောက်၍ အဟပ်အမျိုခံရလေ၏။ မျိုမိသည်နှင့်တပြိုင်နက်ပင် ထိုငါးသည် မရပ်မတည်နိုင် ဝမ်းတွင်းမှ ပူလောင်လှသဖြင့် ပြေးသွားလေရာ ဗာရာဏသီပြည်သို့ ရောက်၍ တံငါများ ဖမ်းမိသဖြင့် ဗာရာဏသီပြည်အတွင်း လှည့်လည်ရောင်းချသည်တွင် ဗာရာဏသီ သူဋ္ဌေးကတော်က ကိုယ်တိုင်ဝယ်၍ ငါးဝမ်းကို ခွဲသောအခါ တင့်တယ်လှပစွာသော ကလေးကို ရသဖြင့် နဂိုရ်ကလည်း သားမရှိသောကြောင့် အလွန်ပင် သားကို တောင့်တနေသူဖြစ်ရာ "ငါ့မှာ သားရပြီ"ဟု အလွန်ဝမ်းမြောက်စွာ မွေးမြူထား၏။

ကောသမ္ဗီပြည်ရှိ မိဖတို့က ဤသတင်းကို ကြားသောအခါ ငါတို့သားဖြစ်သည်၊ ပြန်၍ပေးရမည်ဟု တောင်းလာကြ၏၊ ဗာရာဏသီ သူဋ္ဌေးကတော်ကလည်း "ငါတို့နှင့်ထိုက်၍ ငါတို့လက်သို့ ရောက်လာသည်၊ ပြန်မပေးနိုင်"ဟု ငြင်းဆိုလေသည်။ တရားရုံးသို့ရောက်သောအခါ တရားသူကြီးများက နှစ်ဦးဆိုင် အဆုံးအဖြတ် ပေးအပ်လေသည်။ ဤသို့လျှင် သူငယ်မှာ အမိနှစ်ဦး အဖနှစ်ဦး ဖြစ်နေသည်ကို အစွဲပြု၍ "ဗာကုလ"ဟု အမည်မှည့်ကြ၏။ (ဗာ=နှစ်၊ ကုလ=အမျိုး၊ အမိနှစ်ဦး အဖနှစ်ဦး စသည်ဖြင့် အမျိုးနှစ်ဦးရှိသည်ဟု ဆိုလိုသည်။)

ဤသူငယ်ကလေးမှာ ငါးမျိုဟပ်သွားသည်ကို ခံရသော်လည်း တစုံတရာ အန္တရာယ်မရှိခြင်းသည် အံ့ဩဖွယ်ရာ ထူးစွာသော အချက်ဖြစ်၏၊ ထိုအထူးသည် ယခုဘဝမှာ မချွတ်ကေန် ရလတ္တံ့သော အရဟတ္တမဂ်ဉာဏ်၏ အာနုဘော်ပြန့်နှံ့ခြင်းကြောင့်ဖြစ်၏၊ (ဤဘဝတွင် မချွတ်ကေန် အရဟတ္တမဂ်ဉာဏ်ကို ရစေနိုင်မည့် ရရဲတောက် ပါရမီဉာဏ် ပါရှိလာသူဖြစ်၍ ထိုပါရမီဉာဏ်၏ အာနုဘော် ပြန့်နှံ့ခြင်းကြောင့် ဖြစ်သည်ဟူ၍လည်း ဆိုလိုက ဆိုနိုင်ပေ၏။) ဤတန်းခိုးမျိုးကို ဉာဏဝိပ္ဖါရဣဒ္ဓိဟူ၍ ခေါ်သည်။

http://www.dhammadownload.com



## သံကိစ္စသာမဏေ အကြောင်း

သံကိစ္စသာမဏေသည်လည်း သာဝတ္ထိပြည် သူကြွယ်သမီးတဦး၏ ဝမ်း၌ ပဋိသန္ဓေတည်နေ၍ ဖွားခါနီးမှ မိခင်ကွယ်လွန်ရာ အလောင်းကို မီးသင်္ဂြိုဟ်ကြသည်တွင် ကျွမ်းလွယ်စိမ့်သောငှါ တံစူးဝါးဖြင့် ထိုး၍ မီးတိုက်ကြကုန်၏၊ တံစူးဝါး၏အစွန်းဖြင့် ဝမ်းတွင်းရှိ ကလေး၏ မျက်စိ အစွန်းတနေရာမှာ ထိခိုက်သဖြင့် ကလေးငိုသောအခါ ကလေးမသေ သေးကြောင်း သိရှိကြ၍ မီးပုံထက်မှ အလောင်းကိုချပြီးလျှင် ဝမ်းကို ခွဲကာ ကလေးကိုထုတ်ယူရလေသည်။ ထိုကလေးသည် ခုနစ်နှစ်အရွယ် တွင် ရှင်ပြု၍ ရဟန္တာဖြစ်လေသည်။

ဤသံကိစ္စသာမဏေအလောင်း သူငယ်ကလေးသည်လည်း ယခုဘဝမှာ မချွတ် ရလတ္တံ့သော အရဟတ္တမဂ်ဉာဏ်၏ အာနုဘော် ပြန့်နှံ့ခြင်းကြောင့် မီးသင်္ဂြိုဟ် ရာတွင် အသက်မသေပဲ ရှိရ၏။ (ဤဘဝတွင် မချွတ်ကေန် အရဟတ္တမဂ်ဉာဏ် ကို ရစေနိုင်မည့် ရဲရဲတောက် ပါရမီဉာဏ် ပါရှိလာသူဖြစ်၍ ထိုပါရမီဉာဏ်၏ အာနုဘော် ပြန့်နှံ့ခြင်းကြောင့် ဖြစ်သည်ဟူ၍လည်း ဆိုလိုက ဆိုနိုင်ပေ၏။)

(၅) သမာဓိဝိပ္ဖါရဣဒ္ဓိ ဟူသည်ကား....သမာဓိဟုခေါ် ဆိုအပ်သော ဈာန် သမာပတ်တို့ကို ဝင်စားခါနီးဖြစ်စေ၊ဝင်စားတုန်း ဝင်စားဆဲမှာ ဖြစ်စေ၊ ဝင်စား ပြီးစမှာဖြစ်စေ ဖြစ်ပေါ်လာသော အံ့ဩဖွယ်ရာ အထူးသည် သမာဓိအာနု ဘော်ပြန့်နှံ့ခြင်းကြောင့်ဖြစ်သော ပြည့်စုံမှု (တန်းခိုး) မည်၏။ ဤတန်းခိုး အကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ အရှင်သာရိပုတြာဝတ္ထုမှစ၍ ဝတ္ထု အများပြထားရာ အရှင်သာရိပုတြာဝတ္ထုတခုမျှကို ထုတ်ပြပေအံ့....၊

## အရှင်သာရိပုတြာ အကြောင်း

တနေ့သောအခါ အရှင်သာရိပုတြာသည် အရှင်မဟာမောဂ္ဂလာန် နှင့်အတူ ကပေါတမည်သော ချောက်၌ သီတင်းသုံးနေဇော်မူကြစဉ် ဆံပင်ကို ရိတ်ပြီးခါစ လသာသော ညဉ့်တညဉ့်တွင် လွင်တီးခေါင် (လွင်ပြင်)၌ သမာပတ်ကို ဝင်စားနေတော်မူ၏။ ထိုအခါ ဘီလူးမိုက် တကောင်သည် အဖော်ဘီလူးနှင့် လာကြရာ အရှင်သာရိပုတြာ၏ ဦးခေါင်းတော်ပြောင်ပြောင်ကို မြင်လျှင် အလွန်တရာ ပုတ်ခတ်ချင် သောစိတ် ဖြစ်ပေါ်လာ၍ အဖော်ဘီလူးက တားမြစ်သော်လည်းမရပဲ ဦးခေါင်းတော်ကို ထအားကုန် ပုတ်ခတ်လေ၏။ ဘီလူးပုတ်ခတ်သဖြင့် မြည်ဟီးသောအသံသည် မိုးထစ်ခြိမ်းသံနှင့်အတူ ပြင်းထန်လှပေ၏။ သို့ သော်လည်း မထေရ်မြတ်မှာ ဤဘီလူးမိုက်၏ ပုတ်ခတ်ခြင်းကြောင့်

http://www.dhammadownload.com



တစုံတရာ နာကျင်ခြင်း မရှိ၊ ဤသို့ဖြစ်ရခြင်းမှာ ဝင်စားနေသော သမာဓိ၏ တန်းခိုးအာနုဘော် ပြန့်နှံ့ခြင်းကြောင့် ဖြစ်သည်ဟု သိမှတ်အပ်၏။

(၆) အရိယဣဒ္ဓိ ဟူသည်ကား....အရိယာပုဂ္ဂိုလ်များသည် စက်ဆုပ်ဖွယ်ဖြစ်သော အာရုံကိုပင် စက်ဆုပ်ဖွယ် မဟုတ်သောအနေဖြင့် ရှုတော်မူလိုကြက စက်ဆုပ်ဖွယ် မဟုတ်သောအနေဖြင့် ရှုတော်မူနိုင်ကြ၏။ စက်ဆုပ်ဖွယ် မဟုတ်သော အာရုံကိုပင် စက်ဆုပ်ဖွယ်အနေဖြင့် ရှုတော်မူလိုကြက စက်ဆုပ်ဖွယ် အနေဖြင့် ထင်မြင်အောင် ရှုတော်မူနိုင်ကြ၏။ ဤသို့ မည်သည့် အာရုံကိုမဆို မိမိနှလုံးသွင်းလိုသည့်အတိုင်း ထင်မြင်လာအောင် နှလုံးသွင်းကာ ရှုတော်မူနိုင်ကြခြင်းသည် အရိယာပုဂ္ဂိုလ်များသာ တတ်စွမ်းနိုင်သော တန်းခိုးဖြစ်၍ ဤတန်းခိုးကို အရိယဣဒ္ဓိ=(အရိယာတို့၏ တန်းခိုး)ဟူ၍ ခေါ်ဆိုအပ်၏။

(၇) ကမ္မဝိပါကဇဣဒ္ဓိ ဟူသည်ကား....ငှက်စသည်တို့၏ ကောင်းကင်မှာ ပျံသွားနိုင်ခြင်းစသည်ပင် ဖြစ်၏။ ငှက်တို့သည် ကောင်းကင်မှာ ပျံသွားနိုင်အောင် ယခုဘဝ တစုံတရာ စီမံအားထုတ်ရခြင်းမရှိ၊ ရှေးကံ စီမံလိုက်သော အကျိုးအတိုင်း ဖြစ်လာရသော သဘောတရားဟု ဆိုလိုသည်၊ နတ် ဗြဟ္မာများ ကမ္ဘာဦးသူလူများ အချို့သော ဝိနိပါတိကအသူရာများ ကောင်းကင်၌ သွားလာနိုင်ခြင်း စသည်သည်လည်း ကမ္မဝိပါကဇဣဒ္ဓိပင် ဖြစ်၏။

(၈) ပုညဝန္တဣဒ္ဓိ ဟူသည်ကား....စကြာမင်း စသည်တို့၏ ကောင်းကင်၌ သွားနိုင်ခြင်းစသည်ပင် ဖြစ်၏။ ကောင်းမှုထူးရှိသော သူတို့ဖြစ်၍ ကောင်းကင်၌ သွားနိုင်ခြင်းစသော တန်းခိုးရှိသည်ဟု ဆိုလိုသည်။ စကြာမင်းကြီး သွားရာ ကောင်းကင်သို့ လိုက်ပါကြသော စစ်သည်ဗိုလ်ထု ဟူသမျှသည်လည်း ပုညဝန္တအစစ်ဖြစ်သော စကြာမင်းကြီးကို အမှီပြု၍ ရရှိကြသော တန်းခိုးဟူ၍ပင် ဆိုအပ်၏။ ဇောတိကသူဌေး ဇဋိလသူဌေး ဃောသကသူဌေး မေဏ္ဍကသူဌေးစသည်တို့၏ စည်းစိမ်ချမ်းသာစသည်လည်း ပုညဝန္တဣဒ္ဓိပင် ဖြစ်၏။

(ကမ္မဝိပါကဇဣဒ္ဓိနှင့် ပုညဝန္တဣဒ္ဓိတို့ ထူးခြားပုံကား....ယခုဘဝမှာ တစုံတရာ စီမံပြုလုပ် အားထုတ်ရခြင်း မရှိပဲ ရှေးဘဝကံ စီမံလိုက်သည့် အတိုင်း ယခုဘဝ မွေးကတည်းကပင် ပြည့်စုံလာသော တန်းခိုးကို ကမ္မဝိပါကဇဣဒ္ဓိဟု ခေါ်ဆိုသည်။

ပုညဝန္တဣဒ္ဓိမှာ ပုညဟူသည် ကုသိုလ်ကံပင် ဖြစ်သော်လည်း ထိုပုညသည် ရှေးဘဝက ပါလာသော ပုညသက်သက်မဟုတ်၊ ယခုဘဝမှာ အထောက်အပံ့အဖြစ် အားထုတ်ပြုလုပ် ဆောင်ရွက်အပ်သော အချက်များလည်း ပါဝင်ရသေးသည်၊ဤသို့ မွေးကတည်းက ပါလာသည့်

http://www.dhammadownload.com



မဟုတ်ပဲ ယခုဘဝ တစ်ခုတရာအားထုတ် ပြုလုပ်အပ်သော အထောက်အပံ့ အကြောင်းအချက်ရမှ ပြည့်စုံလာသော တန်းခိုးသည်ပုညဝန္တဣဒ္ဓိ မည်၏။ ထင်ရှားအောင် ထပ်၍ပြဆိုရသော်—

စကြာမင်းကြီးမှာ မွေးကတည်းက စကြာရတနာ တခါတည်း ပါလာသည်မဟုတ်၊ နောက်မှ ဥပုသ်နှင့်တကွ စကြာကျင့်ဝတ်တရား များကို ကျင့်ကြံသဖြင့် စကြာရတနာတည်းဟူသော အရာဝတ္ထု ဆိုက်ရောက်လာရသည်၊ သို့ဖြစ်၍ စကြာရတနာကို ရခြင်းအကြောင်းမှာ ရှေးကံသက်သက်ကြောင့် မဟုတ်၊ ယခုဘဝ အထောက်အပံ့ကံ ပါနေ သည်ကိုလည်း သိအပ်၏။)

(၉) ဝိဇ္ဇာမယဣဒ္ဓိ ဟူသည်ကား....ဝိဇ္ဇာဓိုရ်များ၏ ကောင်းကင်၌ သွားနိုင် ခြင်း စသည်တည်း။ (အထူးဖန်တီး ပြုလုပ်ထားသည့် မန္တန်အတတ် ဆေးအတတ် စသည်ကြောင့် ပြီးစီးသည့် တန်းခိုးဟု ဆိုလိုသည်။)

(၁၀) သမ္မာပယောဂဣဒ္ဓိ ဟူသည်ကား....ထိုထိုအမှုကိစ္စကို ကောင်းစွာ အားထုတ် ပြုလုပ်မှုကြောင့် ရရှိလာသော ပြည့်စုံခြင်းအမျိုးမျိုးပင်တည်း။ (ဤသမ္မာပယောဂဣဒ္ဓိသည်ကား အရာကျယ်ဝန်းလှ၏၊ အမြတ်ဆုံးအားဖြင့် မဂ်ဖိုလ်တရားများသည်လည်း ကောင်းစွာအားထုတ်မှုအတွက်ကြောင့် ရရှိသည် ဖြစ်၍ သမ္မာပယောဂဣဒ္ဓိမည်၏။ အလုံးစုံသိမ်းရုံး၍ အကျဉ်းဆုံးဖော်ပြရလျှင် နှုတ်မှုပညာဟူသမျှ လက်မှုပညာဟူသမျှ ဗေဒင်သုံးပုံ သင်ကြားခြင်း ပိဋက သုံးပုံ သင်ကြားခြင်း (အယုတ်သဖြင့်)လယ်ထွန်ခြင်း စိုက်ပျိုးခြင်း စသည်တို့ကို ပြု၍ ဖြစ်ပေါ် ရရှိလာသော ပြည့်စုံမှုဟူသမျှသည် သမ္မာပယောဂဣဒ္ဓိချည်းပင် ဖြစ်သည်ဟူ၍ သိအပ်၏။)

ဤဣဒ္ဓိဆယ်မျိုးတွင် ပဌမဖြစ်သော အဓိဋ္ဌာနဣဒ္ဓိမှာ အဓိဋ္ဌာန်ဟူသည် ပြဆိုခဲ့ပြီးသောအတိုင်း အရှင်စူဠပန္ထကမထေရ်တို့ကဲ့သို့ တကိုယ်တည်းကိုပင် အရာအထောင်စသည်ဖြစ်အောင် အဓိဋ္ဌာန်ခြင်း ဆောက်တည်ခြင်း စိတ်၌စွဲမြဲစွာ ထားခြင်းဖြစ်သည်။ ဣဒ္ဓိရှင်မဟုတ်သူ လူသာမန်တို့မှာလည်း ဤကဲ့သို့ ဆောက်တည်ချက် ရှိကြသော်လည်း အခြေခံစျာန်သမာဓိ မရှိကြသောကြောင့် ဆောက်တည်ချက်အတိုင်း မပြည့်စုံပဲ ရှိရသည်။ ဣဒ္ဓိရှင်တို့မှာမူ အခြေခံ စျာန် သမာဓိ အားကြီးလှသောကြောင့် ဆောက်တည်ချက်အတိုင်း ပြည့်စုံပြီးမြောက် လေသည်ဟု ယုံမှားမရှိ မှတ်ယူအပ်၏။

## နီရောဓဒွေသွား အဓိဋ္ဌာန်

နိရောဓသမာပတ်ကို ဝင်စားသောအခါ၌လည်း သမာပတ်ရှစ်ပါးလုံးကို ရရှိသော အနာဂါမ်ပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ်တို့ ထိုနိရောဓသမာပတ်ကို ဝင်စား တော့မည်ဆိုလျှင် ဝင်စားခါနီးဆဲဆဲတွင် "ငါ သမာပတ်ဝင်စားနေသည့် ရက်

http://www.dhammadownload.com



အတွင်းမှာ ငါ၏ကိုယ်နှင့် ကင်းကွာလွတ်လပ် သီးခြားတည်ရှိနေသော ပစ္စည်းများသည် တစုံတရာ အန္တရာယ်ကြောင့် ပျက်စီးခြင်း မရှိပါစေသတည်း၊ သံဃာတော်က ငါ့ကို တောင့်တပါလျှင် သံဃတမန်ရဟန်း မလာရောက်မီ သမာပတ်မှ ထရပါစေသတည်း၊ မြတ်စွာဘုရားက ခေါ်တော်မူလျှင် ခေါ်တော်မူသော ခဏ၌ပင် သမာပတ်မှ ထရပါစေသတည်း''—ဤကဲ့သို့ အဓိဋ္ဌာန်ပြုပြီး ဆောက်တည်ပြီး စိတ်၌ စွဲမြဲစွာထားရှိပြီးမှ သမာပတ်ကို ဝင်စားတော်မူကြရ၏။

ထိုသို့ ဝင်စားသောအခါ အဓိဋ္ဌာန်ချက်အတိုင်း သမာပတ်ဝင်စားချိန်အတွင်း ထိုသမာပတ်ရှင်ပုဂ္ဂိုလ်၏ ကိုယ်နှင့်ကင်းကွာ လွတ်လပ်သီးခြားတည်ရှိနေသော ပစ္စည်းများကို ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်၊ သမာပတ်ဝင်စားချိန်အတွင်း သံဃာက အလိုရှိလျှင် သံဃတမန်ရဟန်း မလာရောက်မီပင် သမာပတ်မှ ထနိုင်၏၊ မြတ်စွာဘုရားက ခေါ်တော်မူလျှင် ခေါ်တော်မူသော ခဏ၌ပင် သမာပတ်မှ ထတော့၏၊ သမာပတ်ရှင် ပုဂ္ဂိုလ်၏ ကိုယ်ခန္ဓာနှင့် ထိစပ်နေသည့် သက်န်းစသော ပစ္စည်းတို့မှာ သမာပတ်၏ တန်းခိုးကြောင့် အဓိဋ္ဌာန် မပြုရပဲပင် ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်။

## အဓိဋ္ဌာန် သုံးမျိုး

အဓိဋ္ဌာန်ဟု ခေါ်အပ်သော ဆောက်တည်ခြင်း စိတ်၌စွဲမြဲစွာထားရှိခြင်း ဟူသောသည် အရာသို့လိုက်၍—

(၁) ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်(ရှေးအဖို့ကပင် နိမိတ်ပြရန် စိတ်ဆောက်တည်ခြင်း စိတ်၌ စွဲမြဲစွာထားရှိခြင်း။)

(၂) အာသီသအဓိဋ္ဌာန် (မိမိလိုလားတောင့်တအပ်သော အကြောင်းအရာအတွက် စိတ်ဆောက်တည်ခြင်း စိတ်၌စွဲမြဲစွာ ထားရှိခြင်း။)

(၃) ဝတအဓိဋ္ဌာန် (ကျင့်ဝတ်တရားတို့ကို ကျင့်ကြံရန် စိတ်ဆောက်တည်ခြင်း စိတ်၌ စွဲမြဲစွာ ထားရှိခြင်း။)—

အားဖြင့် သုံးပါးအပြားရှိ၏။

## (၁) ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်

ထိုတွင် ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်၏ အကြောင်းကို ဝိသတိနိပါတ် စမ္မေယျဇာတ်စသည်ဖြင့် သိအပ်၏။ စမ္မေယျဇာတ်အရ ပြဆိုလိုရင်း အကျဉ်းချုပ်မှာ.... စမ္မေယျနဂါးမင်းသည် လူ့ပြည်သို့သွားကာ ဥပုသ်စောင့်သုံးမည်ဟု အမိန့်ရှိသည်တွင် သုမနာနဂါးမိဖုရားကြီးက "လူ့ပြည်မှာ ဘေးရန်တွေများလှပါ

http://www.dhammadownload.com



သည်၊ အကယ်၍ တစုံတရာ ဘေးရန်ဖြစ်ခဲ့သော် အဘယ်သို့သော နိမိတ်ဖြင့် သိကြရပါမည်နည်း”ဟု လျှောက်ထားသည်တွင် နဂါးမင်းက မင်္ဂလာရေကန်သို့ ခေါ်သွားပြီးလျှင် “ရေကန်ကို ကြည့်ပါလော့၊ ငါ့ကို တစုံတယောက်သောရန်သူ ဖမ်းယူနှိပ်စက်ပါလျှင် ဤရေသည် နောက်ကျု၍ ပြလိမ့်မည်၊ အကယ်၍ ဂဠုန် ဖမ်းယူလျှင် ဤရေသည် ပွက်ပွက်ဆူ၍ ပြလိမ့်မည်၊ အကယ်၍ အလမ္ပာယ်ဖမ်းယူလျှင် သွေးအဆင်းကဲ့သို့ ခြင်းခြင်းနီ၍ ပြလိမ့်မည်”ဟူ၍ နိမိတ်များကို ပြောကြားခဲ့ပြီးနောက် စာတုဒ္ဒသီ=(တဆယ့်လေးရက်) ဥပုသ်စောင့်သုံးရန် အဓိဋ္ဌာန်ပြု၍ လူ့ပြည်သို့ သွားလေ၏။

လူ့ပြည်သို့ သွား၍ ဥပုသ်စောင့်သုံးရာ အလမ္ပာယ်ဖမ်းထားသဖြင့် နဂါးပြည်သို့ မပြန်လာပဲ တလခန့်ကြာသည်တွင် မိဖုရားကြီးသည် စိတ်ပူပန်၍ ရေကန်ကို ကြည့်ရှုရာ ရေမျက်နှာပြင်သည် သွေး၏အဆင်းကဲ့သို့ ခြင်းခြင်းနီ၍ ပြလေ၏။

(ဤ၌ နဂါးမင်းသည် “ငါ့ကို ရန်သူတို့ နှိပ်စက်လျှင် ဤရေ နောက်ကျုပါစေ၊ ဂဠုန်ဖမ်းယူလျှင် ပွက်ပွက်ဆူပါစေ၊ အလမ္ပာယ် ဖမ်းယူလျှင် သွေးအဆင်းကဲ့သို့ ခြင်းခြင်းနီပါစေ”ဟု အဓိဋ္ဌာန်ပြုသည် ဟူ၍ တိုက်ရိုက်မလာသော်လည်း သဘောအသွားအလာကို ထောက်ထားလျှင် နဂါးမင်းသည် ဤကဲ့သို့ ဖြစ်စေရန် ဆောက်တည်ပြီး စိတ်၌ စွဲမြဲစွာ ထားရှိပြီးမှ မိဖုရားကြီးကို ပြောသွားသည်၊ နဂါးမင်း အဓိဋ္ဌာန် ပြုသော အရာဖြစ်သောကြောင့် ပြောသည့်အတိုင်း မှန်သည်ဟု ယူဆ သင့်၏။)

ဤစမ္ပေယျနဂါးမင်း၏ အဓိဋ္ဌာန်ခြင်း ဆောက်တည်ခြင်း စိတ်၌ စွဲမြဲစွာ ထားရှိခြင်းသည် ရှေးဦးစွာ ကြိုတင်နိမိတ်ပြရန် ဆောက်တည်ခြင်း စိတ်၌ စွဲမြဲစွာထားခြင်းဖြစ်သောကြောင့် ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်မည်၏။

ဤနည်းအတူ အလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်တော်မူရာ အနော်မာသောင်ယံ၌ ဆံတော်ကိုပယ်ပြီးလျှင် “အကယ်၍ ငါဘုရားဖြစ်မည် မှန်လျှင် ကောင်းကင်၌ တည်နေပါစေ၊ ဘုရားမဖြစ်နိုင်ပါမူ မြေပြင်သို့ ကျပါစေ” ဟူ၍ ဆောက်တည်တော်မူကာ ဆံတော်ကို ကောင်းကင်သို့ ပစ်လိုက်ရာ ပန်းဆိုင်းကဲ့သို့ ကောင်းကင်မှာ တည်နေကြောင်း ဇာတ်အဋ္ဌကထာ နိဒါန်းတွင် လာရှိသည်၊ ဤအချက်မှာလည်း အလောင်းတော်သည် ဘုရားဖြစ် မဖြစ် နိမိတ်ကို သိလိုသည့်အတွက် ကြိုတင်အဓိဋ္ဌာန်ခြင်း ဖြစ်သောကြောင့် ပုဗ္ဗနိမိတ္တ အဓိဋ္ဌာန်ပင် မည်၏။

တဖန် အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် ရဟန်းပြုကာ ခြောက်နှစ်ကြာ ဒုက္ကရစရိယာ ကျင့်တော်မူပြီးမှ သူဌေးသမီး သုဇာတာ ကပ်လှူအပ်သော ဃနာနို့ဆွမ်းကို နေရဉ္ဇရာမြစ်ကမ်းတွင် ဘုဉ်းပေးတော်မူပြီးနောက် “ငါသည်

http://www.dhammadownload.com



ယနေ့ ဘုရားဖြစ်မည် မှန်အံ့၊ ဤရွှေခွက်သည် အညာသို့ ဆန်စေသတည်း၊ ဖြစ်မည်မဟုတ်လျှင် အောက်သို့ စုန်စေသတည်း”ဟု အဓိဋ္ဌာန်တော်မူ၍ မြစ်ရေကြော မျှောလိုက်သည်တွင် ရွှေခွက်သည် အထက်အညာသို့ ဆန်သွားပြီးမှ ကာလနဂါးမင်းထံ ရောက်သွားကြောင်း ကျမ်းဂန်လာရှိသည်။ ဤအရာ၌လည်း အလောင်းတော်သည် ရေမျက်နှာပြင်သို့ ရွှေခွက်ကို မျှောခြင်းဖြင့် ဘုရားဖြစ် မဖြစ် နိမိတ်ကို ကြိုတင်သိရှိရန် အဓိဋ္ဌာန်ခြင်းဖြစ်၍ ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်ပင်မည်၏။

ဤနည်းအတိုင်း လောကမှာ မိမိတို့ အလိုရှိအပ်သောအရာ ပြည့်စုံမည် မပြည့်စုံမည်ကို ကြိုတင်သိရှိရန် အဓိဋ္ဌာန်ပြုခြင်းဟူသမျှသည် ပုဗ္ဗနိမိတ္တအဓိဋ္ဌာန် ချည်းမည်၏။

ဤအဓိဋ္ဌာန်သည် လောက၌ ယခုကာလတိုင်အောင်ပင် အပြုအလုပ်များ၍ ထင်ရှားလှ၏၊ တန်းခိုးကြီးသောဘုရား (သို့မဟုတ်) နတ်စင်များမှာ လူများ ကျောက်ချီခြင်းအမှု ပြုလုပ်တတ်ကြ၏၊ ထိုသို့ပြုလုပ်ရာ၌ “ကျွန်ုပ်အကြံ ပြည့်စုံမည်ဖြစ်လျှင် ဤကျောက်ခဲ လေးပါစေ၊ပြည့်စုံမည်မဟုတ်လျှင် ပေါ့ပါစေ”ဟူ၍သော်ငြား၊ သို့မဟုတ် “ပြည့်စုံမည်ဖြစ်လျှင် ပေါ့ပါစေ၊ ပြည့်စုံမည် မဟုတ်လျှင် လေးပါစေ”ဟူ၍သော်ငြား နှုတ်မြွက်ဆောက်တည်၍ ကျောက်ချီလေ့ရှိကြ၏။ ထိုသို့ ချီမကြသောအခါ ကျောက်ခဲ၏ လေးခြင်း ပေါ့ခြင်းဖြင့် နောက်အခါ မိမိတို့ အလိုရှိအပ်သော အရာကိစ္စ ပြည့်စုံမည် မပြည့်စုံမည်ကို ကြိုတင်၍ နိမိတ်ဖတ်ကြသည်၊ ဤကျောက်ချီခြင်းများလည်း ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်ပင် ဖြစ်၏။

## (၂) အာသီသအဓိဋ္ဌာန်

အာသီသအဓိဋ္ဌာန်ဟူသည်ကား....မိမိတောင့်တလိုလားချက် ပြည့်စုံစေရန် အဓိဋ္ဌာန်ပြုခြင်း ဆောက်တည်ခြင်း စိတ်၌ စွဲမြဲစွာထားရှိခြင်းဖြစ်၏။ ဤ အာသီသအဓိဋ္ဌာန်ကိုကား ဝိဓုရဇာတ်တော်လာ စကားတို့ဖြင့် သိအပ်၏။

ဝိဓုရဇာတ်တော် ဂါထာအမှတ် (၁၉၇)၏ အဖွင့် အဋ္ဌကထာမှာ အလောင်းတော် ဝိဓုရအမတ်သည် “ငါ သေရမည်ကို မကြောက်”ဟူ၍ ရဲရဲတောက် ကြုံးဝါးပြီးလျှင် ကေသရာခြင်္သေ့ကဲ့သို့ မကြောက်ရွံ့သော ဂုဏ္ဍေတော်ဖြင့် “ဤငါဝတ်ထားသော ပုဆိုးသည် ငါ အလိုမရှိပဲ မကျွတ်ပါစေသတည်း”ဟု ဆောက်တည်ပြီးလျှင် ပါရမီတော်တို့ကို ရှေ့သွားပြု ဆင်ခြင်တော်မူကာ ပုဆိုးကို မြဲစွာဝတ်လျက် မြင်းမြီးကို ကိုင်၍ လိုက်ပါသွားကော်မူကြောင်း ဖွင့်ပြထားသည်။ ဤဝိဓုရအမတ်၏ အဓိဋ္ဌာန်ချက်သည် မိမိဝတ်ထားသည့်ပုဆိုး မကျွတ်ပဲ မြဲတည်စေလိုသည့်အတွက် အဓိဋ္ဌာန်ချက်ဖြစ်၍ အာသီသအဓိဋ္ဌာန်မည်၏။

http://www.dhammadownload.com



ကေကနိပါတ် (၂)သီလဝဂ်၊ (၁၀) နင္ဂုပါနဇာတ်၌လည်း ဘုရားအလောင်း မျောက်မင်းအမှူးရှိသော မျောက်ရှစ်သောင်းတို့သည် ရေဘီလူးကြမ်း စောင့်ရှောက်နေသော ရေကန်မှ ရေကို ကန်အတွင်း မဆင်းပဲ သောက်ယူရန် ကန်ပတ်လည်၌ ပေါက်ရောက်နေသော ကျူတောမှ ကျူတပင်ကို ယူစေပြီးလျှင် ကျူရိုးအတွင်းမှာ အဆစ်အဖု အခံမရှိစေရန် သစ္စာပြု၍ အလောင်းတော် မျောက်မင်း မှုတ်တော်မူသည်တွင် ကျူရိုးတချောင်းလုံး ဒိုးလျှိုပေါက်ဖြစ်၍ သောက်စေရာတွင် မျောက်တွေက အများဖြစ်၍ တကောင်လျှင် တချောင်းကျစီ မှုတ်၍မပေးနိုင်တော့ပဲ "ဤကန်ပတ်ဝန်းကျင်ရှိ ကျူပင်တို့သည် ဒိုးလျှိုပေါက်ချည်း ဖြစ်ကုန်စေသတည်း"ဟု အဓိဋ္ဌာန်၍ ပေးကြောင်း လာရှိသည်။ ဤအရာ၌ အလောင်းတော် မျောက်မင်း၏ အဓိဋ္ဌာန်ခြင်းသည်လည်း မျောက်အများ အသီးအသီး ရေစုတ်ယူနိုင်စေရန် လိုလားသည့်အတွက် အဓိဋ္ဌာန်ခြင်းဖြစ်၍ အာသီသအဓိဋ္ဌာန်ပင် မည်၏။

ကေကနိပါတ် (၃) ကုရုင်္ဂဝဂ်၊ (၂) ကုက္ကုရဇာတ်၌လည်း ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး၏ စီးတော်ရထားမှ သားရေများကို နန်းတွင်း ခွေးများ စားကြသည်တွင် နန်းတော်ပြင်ပရှိ မြို့သူမြို့သားတို့၏ ခွေးများ ဝင်ရောက်စားကြသည်ဟု အထင်ရှိကာ နန်းပြင်ခွေးများကို မင်းမှုထမ်းတို့ လိုက်လံသတ်ဖြတ်ကြသည်တွင် ခွေးအများတို့သည် မြို့တွင်းမှာ မနေဝံ့တော့ပဲ သုသာန်သင်းချိုင်းတခုမှာ စုဝေး၍နေကြ၏။ ထိုအခါ ဘုရားအလောင်းခွေးသည် အကြောင်းကို မေးမြန်း၍ ဤမင်းစီးရထားမှ သားရေတို့ကို ပြင်ပကခွေးများ စားနိုင်မည်မဟုတ်၊ နန်းတွင်း ခွေးများသာ စားနိုင်ကြမည်ဟု သိရှိတော်မူပြီးလျှင် "သင်တို့ ကောင်းမွန်စွာ ဆိုင်းငံ့၍ နေရစ်ကြဦး၊ ငါ နန်းတော်တွင်းသို့ ဝင်မည်"ဟု မှာကြားခဲ့ပြီးလျှင် ပါရမီတော်တို့ကို ဆင်ခြင်ကာ မေတ္တာတရား ရှေ့ထား၍ "ငါ့အပေါ် ခဲကိုဖြစ်စေ၊ ဒုတ်ကိုဖြစ်စေ၊ တစုံတယောက်သောသူမျှ မပစ်နိုင်ပါစေသတည်း"ဟု အဓိဋ္ဌာန်၍ ကိုယ်တည်းပင် မြို့တွင်းသို့ ဝင်သွားကြောင်း ပြဆိုထားသည်။ ဤအရာ၌ ဘုရားအလောင်းတော်ခွေး၏ အဓိဋ္ဌာန်ခြင်းသည် နန်းပြင်ခွေးများ ဘေးမှ ကင်းဝေးစေရန် လိုလားသည့်အတွက် ဆောင်ရွက်ရန် အဓိဋ္ဌာန်ခြင်းဖြစ်၍ အာသီသအဓိဋ္ဌာန်ပင်မည်၏။

ဝီသတိနိပါတ် မာတင်္ဂဇာတ်၌လည်း ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ဘုရားအလောင်းတော်သည် ယုတ်ညံ့သော ဒွန်းစဏ္ဍာလမျိုး၌ ဖြစ်၍ မာတင်္ဂဟု အမည်တွင်လေသည်၊ ဗာရာဏသီ သူဌေးသမီးသည်လည်း နှစ်သက်ဖွယ်ရာ အာရုံကို မြင်ရခြင်းသည် မင်္ဂလာဖြစ်၏ဟု အယူရှိသူဖြစ်၍ ဒိဋ္ဌမင်္ဂလိကာ ဟု အမည်တွင်လေသည်။ တနေ့သ၌ ဒိဋ္ဌမင်္ဂလိကာသည် အခြွေအရံများစွာ တို့နှင့် ဥယျာဉ်ကစား ထွက်လာရာ အလောင်းတော် မာတင်္ဂသည်လည်း

http://www.dhammadownload.com



မြို့တွင်းသို့ ဝင်လာခိုက်တွင် ဒိဋ္ဌမင်္ဂလိကာ၏ လူစုနှင့် လမ်းမှာ ဆိုင်မိသဖြင့် မျက်နှာငယ်သူပီပီ ဘေးသို့ တိမ်းရှောင်၍ နေပါသော်လည်း ဒိဋ္ဌမင်္ဂလိကာသည် ဘုရားအလောင်း မာတင်္ဂဒွန်းစဏ္ဍားကို မြင်လျှင် "စက်ဆုပ်ဖွယ်ရာကို မြင်ရသည်၊ မင်္ဂလာမရှိသော နေ့ဖြစ်သည်"ဟု ဆိုကာ ဥယျာဉ်ကစား မသွားတော့ပဲ ထိုနေရာမှပင် အိမ်သို့တဖန် လှည့်၍ပြန်သွားလေ၏။ အခြွေအရံ ကပ်မြှောင်စားတို့က "နင့်ကြောင့် ငါတို့ ယနေ့ မပျော်မပါး မစားမသောက်ကြရကုန်"ဟု ပြောဆိုကာ ထိုးကြ ကန်ကြ ရိုက်ကြ ပုတ်ကြ၍ လူမှန်းမသိအောင် နှိပ်စက်ပြီးမှ ပြန်သွားကြလေ၏။ မာတင်္ဂသည် ခဏအကြာ သတိရလာသောအခါ "ဒိဋ္ဌမင်္ဂလိကာ၏ လူများသည် အပြစ်မရှိသော ငါ့ကို နှိပ်စက်ညှဉ်းပန်းကြသည်၊ ဒိဋ္ဌမင်္ဂလိကာကို ရမှသာ ငါထမည်၊ မရလျှင် ငါမထ"ဟု အဓိဋ္ဌာန်ကာ ဒိဋ္ဌမင်္ဂလိကာ၏ အဖသူဌေး နေအိမ်တံခါး၌ သွား၍အိပ်နေကြောင်း အဋ္ဌကထာ၌ ပြဆိုသည်။ ဤအလောင်းတော် မာတင်္ဂ၏ အဓိဋ္ဌာန်သည်လည်း ဒိဋ္ဌမင်္ဂလိကာ၏ မာန်မာနကို နှိမ်ချိုးလိုသည့်အတွက် ဆောက်တည်ချက်ဖြစ်၍ အာသီသအဓိဋ္ဌာန်ပင် မည်၏။

ဝိနည်း မဟာဝဂ္ဂအဋ္ဌကထာ၌လည်း မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးခါစ သတ္တသတ္တာဟ စံတော်မူရာ လင်းလွန်းပင်ရင်း သီတင်းသုံး၍ အပြီးတွင် တပုဿ ဘလ္လိက ညီနောင်တို့ လာရောက်၍ မုံ့လှူရာ (ဿဋ္ဌိကာရပြဟ္မာ လှူဒါန်းသည့် သပိတ်မှာ ဿနာနှိ့ဆွမ်း ခံမည့်နေ့ကပင် ကွယ်ခဲ့ပြီဖြစ်၍) မည်သည့်ခွက်ဖြင့် အလှူခံရမည်နည်းဟု စဉ်းစားဆင်ခြင်တော်မူရာတွင် စတုမဟာရာဇ် နတ်မင်းကြီး လေးဦးတို့က မြသပိတ်လေးလုံးတို့ကို မြတ်စွာဘုရားအား ကပ်လှူကြရာ မြတ်စွာဘုရားက ခံယူတော်မမူ၊ ထိုနောက်မှ နတ်မင်းကြီးလေးဦးတို့သည် ပဲနောက်အဆင်းရှိသော ကျောက်သပိတ် လေးလုံးတို့ကို ကပ်လှူကြကုန်၏၊ မြတ်စွာဘုရားသည် လေးလုံးသော သပိတ်တို့ကိုပင် နတ်မင်းကြီးများ၏ သဒ္ဓါတရားကို စောင့်ရှောက်တော်မူလိုသည့်အတွက် ခံယူတော်မူပြီးနောက် သပိတ်လေးလုံးတို့ကို ဆင့်ပြီးလျှင် "သပိတ်တလုံးတည်း ဖြစ်စေသတည်း"ဟု အဓိဋ္ဌာန်တော်မူရာ အနားရစ်လေးရစ်ရှိသည့် သပိတ်တလုံးတည်းသာ ဖြစ်သွားကြောင်း ဖွင့်ပြတော်မူသည်။ ဤအရာ၌လည်း မြတ်စွာဘုရား၏ အာသီသအဓိဋ္ဌာန်ပင် ဖြစ်သည်ဟု သိအပ်၏။

## အဓိဋ္ဌာန်နှင့် သစ္စာအထူး

ဤအဓိဋ္ဌာန်ပါရမီခဏ်းလာ ဆိုအပ်ပြီးသည့် ပုဗ္ဗနိမိတ္တအဓိဋ္ဌာန် အာသီသအဓိဋ္ဌာန်တို့နှင့် သစ္စာပါရမီခဏ်းလာ ဣစ္ဆာပူရဏသစ္စာတို့ကို မခြားမနားအလားတူကဲ့သို့ပင် ထင်မှတ်နေတတ်ကြ၏။ အကြောင်းမှာ ထိုသုံးပါးလုံးပင် မိမိအလိုဆန္ဒ ပြည့်ဝမှုနှင့် စပ်လျဉ်း၍ နေကြသောကြောင့်ဖြစ်၏။

http://www.dhammadownload.com



စပ်လျဉ်းပုံမှာ....ဝုတ္တာပုရဏာသစ္စာလာ သုဝဏ္ဏသာမ၏ မယ်တော် ခမည်းတော် ဗဟုသုန္ဒရီနတ်သမီးတို့ သစ္စာပြုကြရာမှာ သုဝဏ္ဏသာမ၏ မြွေးဆိပ်ပျောက်ကင်းမှုကို လိုလားချက်အရ သစ္စာပြုခြင်းဖြစ်၍၊ ပုဗ္ဗနိမိတ္တအဓိဋ္ဌာန်အရာ၌လည်း ဘုရားဖြစ်မည်မှန်က မျှောက်လိုက်သောဆံတော်သည် မြေပြင်သို့ မကျစေသတည်းဟု မိမိလိုလားသော ဘုရားဖြစ်ရန်အတွက် ရည်သန်ပြုလုပ်ခြင်း ဖြစ်၏၊ အာသီသအဓိဋ္ဌာန်အရာ၌လည်း ဝိဓုရအမတ်ကြီး မြင်းမြီးကိုဆွဲ၍ လိုက်ပါခါနီးတွင် "ငါ၏ပုဆိုး မကျွတ်စေသတည်း"ဟု မိမိပုဆိုး မကျွတ်စေရန် လိုလားသောကြောင့် အဓိဋ္ဌာန်ပြုခြင်းပင်ဖြစ်၏။ ဤသို့ လိုလားမှုအဓိက တူနေကြသည့်အတွက် မကွဲမပြား တသဘောတည်း ထင်မှတ်တတ်ကြသည်၊ ထို့ကြောင့်ပင် ယခုကာလ အချို့သောသူများ "ကျွန်ုပ်တို့ သစ္စာဓိဋ္ဌာန်ပြုကြပါသည်" စသည်ဖြင့် သစ္စာနှင့် အဓိဋ္ဌာန်တို့ကို တွဲဖက်ပြောဆိုတတ်ကြကုန်၏။

အမှန်အားဖြင့်ကား သစ္စာသည် ပါရမီဆယ်ပါးတွင် သီးခြားပါရမီတပါး ဖြစ်၍ အဓိဋ္ဌာန်သည်လည်း ပါရမီဆယ်ပါးတွင် သီးခြားပါရမီတပါး ဖြစ်သောကြောင့် သစ္စာနှင့် အဓိဋ္ဌာန်တို့သည် အချင်းချင်းမတူ ကွဲပြားထူးခြားသော အရာစုသာ ဖြစ်သည်ဟူ၍ မှတ်ယူအပ်၏၊ မတူပုံကား....သစ္စာဟူသည် ပြဆိုခဲ့ပြီးသောအတိုင်း ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ မှန်ကန်ခြင်းသဘောဖြစ်၍၊ ထိုမှန်ကန်ခြင်းသစ္စာသဘောကို အခြေခံပြုပြီးမှ လိုအပ်သောအရာကို တောင့်တခြင်းသည် ဝုတ္တာပုရဏာသစ္စာမည်၏။ မှန်ကန်သောသဘော တခုခုကို အခြေခံပြုခြင်း မရှိပဲ အလိုအလျောက် လိုအပ်သောအရာကို တောင့်တဆောက်တည်ခြင်းသည် အဓိဋ္ဌာန်ဖြစ်၏။

ထပ်မံ၍ ရှင်းပြရသော်....သုဝဏ္ဏသာမဇာတ်တော်၌ မယ်တော် ခမည်းတော်တို့ သစ္စာပြုကြရာမှာ "သုဝဏ္ဏသာမသည် ရှေးအခါက တရားကိုသာ ကျင့်လေ့ရှိပါသည်၊ (ဤကား အခြေခံ အမှန်သဘောတည်း။) ဤသစ္စာစကားကြောင့် ကျွန်ုပ်သား၏ အဆိပ်သည် ပျောက်ကင်းပါစေသတည်း၊ (ဤကား အလိုရှိရာ တောင့်တချက်ဘည်း။) ဤကဲ့သို့ ဝုတ္တာပုရဏာသစ္စာမှာ မှန်ကန်ခြင်းသဘောကို အခြေခံထား၍ လိုလားအပ်သည်ကို တောင့်တခြင်းဖြစ်လေသည်။

ဘုရားအလောင်းတော်မြတ်၏ "ငါဘုရားဖြစ်မည် မှန်သော် ဤဆံသည် မြေပြင်သို့ မကျစေသတည်း"ဟု ဆို၍ ဆံတော်ကို ကောင်းကင်သို့ မှန်ကန်ခြင်းသဘောတခုကို အခြေခံထားခြင်း မရှိပဲ မြှောက်လိုက်ခြင်း ဖြစ်သောကြောင့် သစ္စာသဘော အခြေခံမပါချေ၊ ဘုရားဖြစ်မည် မဖြစ်မည်ကို ကြိုတင်သိရှိရန် ဆံတော်မြေသို့ ပြန်၍ကျခြင်း မကျခြင်းတည်းဟူသော ပုဗ္ဗနိမိတ်အတွက် ဆောက်တည်ချက် အဓိဋ္ဌာန်သာဖြစ်သည်ကို သိရှိရာ၏။

http://www.dhammadownload.com



ဝိဓုရအမတ်ကြီး မြင်းမြီးကိုဆွဲ၍ လိုက်ခါနီးတွင် "ဤငါ့အဝတ်သည် မကျွတ်စေသတည်း"ဟု အဓိဋ္ဌာန်ပြုရာ၌လည်း မှန်ကန်ခြင်းသဘောတခုခုကို အခြေခံပြုခြင်းမရှိသောကြောင့် သစ္စာနှင့်မဆိုင်ပဲ အာသီသအဓိဋ္ဌာန်သာ ဖြစ်လေသည်။

ဤသို့လျှင် သစ္စာနှင့် အဓိဋ္ဌာန်တို့မှာ မှန်ကန်ခြင်းသဘောတခုခုကို အရင်းခံထားခြင်း အခြေခံထားခြင်း ရှိ-မရှိ အားဖြင့် ထူးခြားကြသည်ကို သတိပြုမှတ်သားရာ၏။

## (၃) ဝတအဓိဋ္ဌာန်

ဝတအဓိဋ္ဌာန်ဟူရာ၌ (ဝတ)အရ အဓိပ္ပါယ်ကို ဖေဖန်သိရှိဖို့ လို၏၊ ဝတ-ဟူသည်မှာ ထူးသောအကျင့် ဖြစ်၏၊ ထိုထူးသောအကျင့်သည်လည်း ကောင်း မကောင်း အားဖြင့် နှစ်မျိုးရှိရာ အဘိဓမ္မာဒေသနာတော်၌ သီလဗ္ဗတပရာမာသ အမည်တပ်၍ ဟောအပ်သော မိစ္ဆာဒိဋ္ဌိ အယူတခုရှိ၏၊ အလေ့အကျင့်ကို မှားသောအားဖြင့် သုံးသပ်ခြင်းဟု ဆိုလို၏။

မှားသောအားဖြင့် သုံးသပ်ခြင်းဟူသည်မှာ (ဂေါသီလ) နွားတို့၏ အလေ့အထ (ဂေါဝတ)နွားတို့၏အကျင့်ကို အတုလိုက်၍ နွားများသည် မတ်တတ်စားခြင်း မတ်တတ် ကျင်ကြီး ကျင်ငယ်စွန့်ခြင်း ပြုသကဲ့သို့ မတ်တတ်စားခြင်း မတ်တတ် ကျင်ကြီး ကျင်ငယ်စွန့်ခြင်း အစရှိသော နွားတို့၏ အလေ့အကျင့်အတိုင်း ပြုလုပ်လျှင် သံသရာမှ စင်ကြယ်၏ (သံသရာဝဋ်မှ ကျွတ်လွတ်၏)ဟူ၍ အလွဲလွဲ အမှားမှား မှတ်ယူခြင်းပင်ဖြစ်၏။ (ဤအရာ၌ နွားများမှာ သီလဗ္ဗတပရာမာသမိစ္ဆာဒိဋ္ဌိ ရှိနေသည်ဟု ဆိုလိုရင်းမဟုတ်၊ ထိုနွားတို့၏ အလေ့အကျင့်ကို အတုလိုက်၍ ကျင့်သောသူမှာသာ ထိုသီလဗ္ဗတပရာမာသမိစ္ဆာဒိဋ္ဌိ ဖြစ်သည်ဟု ဆိုလိုရင်းဖြစ်သည်။) သို့ဖြစ်၍ မကောင်းသောအရာ၌လည်း ထူးသောအကျင့်ကို (ဝတ)ခေါ်သည်ဟု သိမှတ်အပ်၏။

ဤအဓိဋ္ဌာန်အရာ၌ကား မြင့်မြတ်သောပါရမီနှင့် သက်ဆိုင်သောအရာဖြစ်၍ ထိုယုတ်ညံ့သော ဝတ-တရားများ မပါဝင်နိုင်၊ မြင့်မြတ်သော လူ့ဒါန်းမှု သီလစောင့်ထိန်းမှုစသော ကျင့်ဝတ်တရားများကိုသာ ဝတ-ခေါ်သည်ဟု မှတ်ယူအပ်၏။ ဤမြင့်မြတ်သော ပါရမီကောင်းမှု ကုသိုလ်ကျင့်ဝတ်တရားများကို ကျင့်ကြံမည်ဟု ဆောက်တည်လိုက်လျှင်ပင် ဝတအဓိဋ္ဌာန်ဟူ၍ ခေါ်ကား ခေါ်နိုင်ပေ၏၊ သို့ရာတွင် ဆောက်တည်ရုံ ဝတအဓိဋ္ဌာန်ခေါ် ရရုံနှင့် အဓိဋ္ဌာန်ပါရမီ ဖြစ်မြောက်လေပြီဟူ၍ကား မဆိုနိုင်။ အကြောင်းသော်ကား အဓိဋ္ဌာန်ဟူသည် လွန်ခဲ့ပြီးသော အတိတ် ယခုရောက်ဆဲပစ္စုပ္ပန်တို့နှင့် မသက်ဆိုင်၊ နောက်အခါမှာ ယခုဆောက်တည်သည့်အတိုင်း စိတ်၌ စွဲမြဲထားသည့်အတိုင်း အမှန်ကျင့်မှသာ

http://www.dhammadownload.com



ပါရမီမြောက်နိုင်ပေသည်။ ယခုလေား၁လာဆယ်မှာ မည်မျှပင် ထက်သန်သော စိတ်ဖြင့် ဆောက်ဘည် အဓိဋ္ဌာန်ပြုစေကာမူ နောက်အခါ မကျင့်ကြံပဲ ပျက်ကွက်လျှင် အသုံးမဝင် အဓိပ္ပါယ်မရှိသော အဓိဋ္ဌာန်သာ ဖြစ်တော့၏။

ဤအကြောင်းကို ကဝိလက္ခဏာသတ်ပုံ ကျမ်း၌လည်း—"ကြံ့ ချိ သဏ္ဍာန်၊ အဓိဋ္ဌာန်၊ ကျင့်ဟန်မြဲသေချာ"ဟူ၍ စပ်ဆိုထား၏။ အဓိပ္ပါယ်မှာ....အဓိဋ္ဌာန် ပြုလိုလျှင် ကြံ့ ချိနှင့် သဏ္ဍာန်တူပါစေ၊ ကြံ့ ချိဟူသည် တချောင်းတည်းသာ ရှိ၏၊ နှစ်ချောင်းမရှိ။ သို့ဖြစ်၍ အဓိဋ္ဌာန်ဟူသည်လည်း အဓိဋ္ဌာန်သည့်အတိုင်း အတည်သာ ဖြစ်ရမည်၊ အပျက်အစီးမရှိရ၊ မြဲမြဲ မြံမြံ သေသေ ချာချာ ကျင့်ကြံရမည်ဟု ဆိုလိုသည်။ ဤကဝိလက္ခဏစကားသည် ဗုဒ္ဓဝင်ပါဠိတော်လာ (ယထာပိ ပဗ္ဗတော သေလော) စသော ဥပမာစကားနှင့် ညီညွတ်လှပေ၏။ ဤဥပမာအရ အဓိပ္ပါယ်ကို ရှေးက ပြခဲ့ပြီ။

အဓိဋ္ဌာန်အမျိုးမျိုး ခွဲခြားကာ ရှေးကပြဆိုခဲ့ရာတွင် ပါဝင်သော ဥပုသ် အဓိဋ္ဌာန် သက်န်းအဓိဋ္ဌာန် သပိတ်အဓိဋ္ဌာန်တို့မှာ အာပတ် လွတ်ကင်းအောင် လိုက်နာ ပြုကျင့်ရသော ဝိနည်းပရိယာယ်များ ဖြစ်၍ ပဋိနိမိတ္တအဓိဋ္ဌာန် အာသီသအဓိဋ္ဌာန် ဝတအဓိဋ္ဌာန် ဤသုံးမျိုးတို့၌ မပါဝင်နိုင်ကြ။ ဝသီဘော် ငါးပါးတွင် ပါဝင်သော အဓိဋ္ဌာန် ဣဒ္ဓိဆယ်ပါးတွင် ပါဝင်သော အဓိဋ္ဌာန် နိရောဓသမာပတ်၏ ရှေ့သွားဖြစ်သော အဓိဋ္ဌာန်တို့သည်ကား အာသီသ အဓိဋ္ဌာန်များ ဖြစ်ကုန်၏။

## အလောင်းတော်များနှင့် အဓိဋ္ဌာန်သုံးပါး

ဤပြအပ်ပြီးသော အဓိဋ္ဌာန်သုံးမျိုးတို့တွင် ပဋိနိမိတ္တအဓိဋ္ဌာန်နှင့် အာသီသ အဓိဋ္ဌာန် ဤနှစ်မျိုးတို့ကို ဘုရားအလောင်းတော်ကြီးများသည် အဓိဋ္ဌာန် ပါရမီမြောက်ရန် အထူးဖြည့်ကျင့်တော်မူကြသည်မဟုတ်ပဲ ပြုခွင့်သင့်ရာမှာသာ ပြုကျင့်တော်မူကြ၍၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တို့ကို ရခြင်း၏ အကြောင်း ကောင်းမြတ်သော အဓိဋ္ဌာန်ပါရမီ ပြည့်စေရန်မှာ ဤဝတ အဓိဋ္ဌာန်ကိုသာ အားထုတ်တော်မူကြကုန်၏။

အားထုတ်တော်မူကြပုံ တစိတ်တဒေသကို ထုတ်ပြရသော် စရိယာပိဋကပါဠိ သိဝိရာဇစရိယခဏ်း၌—

နိသဇ္ဇ ပါသာဒဝရေ၊ ဧဝံ စိန္တေသဟံ တဒါ။<br>
ယံကိဉ္စိ မာနုသံ ဒါနံ၊ အဒိန္နံ မေ န ဝိဇ္ဇတိ။<br>
ယောပိ ယာစေယျ မံ စက္ခုံ၊ ဒဒေယျံ အဝိကမ္ပိတော။—

http://www.dhammadownload.com



ဟူ၍ ဟောတော်မူ၏။ အဓိပ္ပါယ်မှာ....ချစ်သား သာရိပုတြာ....သိဝိမင်း ဖြစ်သောအခါ ငါသည် မြတ်သောပြာသာဒ်ထက်၌ "လူအများ ပြုလုပ်လှူ ဒါန်းကြသော ဒါနအလုံးစုံကိုပင် ငါမလှူဒါန်းဘူးသော ဒါနဟူ၍ မရှိ၊ အကြင်သူသည် ငါ၏ မျက်စိကို အလိုရှိပါသည်ဟု တောင်းရမ်းလာအံ့၊ ထိုသူအား ငါ့မျက်စိကို မတုန်မလှုပ် ပေးလှူအံ့သည်သာတည်း"ဟူ၍ ကြံစည် ခဲ့၏ဟု ဆိုလိုသည်။

ဤစကားရပ်တွင် သိဝိမင်းကြီးသည် "ယနေ့ ငါ့ထံမှာ ငါ၏ မျက်စိကို အလိုရှိပါသည်ဟု အကြင်သူသည် တောင်းရမ်းအလှူခံလာငြားအံ့၊ ထိုအလှူခံ အား ငါ့မျက်စိကို တုန်လှုပ်တွန့်တိုခြင်း မရှိပဲ လှူဒါန်းမည်"ဟု ဆောက်တည် တော်မူ စိတ်၌ စွဲမြဲစွာ ထားတော်မူ၏။ ဆောက်တည်တော်မူသည့် အတိုင်းပင် သိကြားမင်းက ပုဏ္ဏားယောင်ဆောင်၍ မျက်စိတော်တဖက်ကို အလှူခံလာ သောအခါ နှစ်ဖက်လုံးကိုပင် မတုန်မလှုပ် စွန့်လှူတော်မူလိုက်လေသည်။ ဤသိဝိမင်းကြီး၏ အဓိဋ္ဌာန်သည် လှူဒါန်းမှုနှင့် စပ်သော အဓိဋ္ဌာန် ဖြစ်၏။

ဘူရိဒတ္တစရိယခဏ်း၌လည်း—

> စတုရော အင်္ဂေ အဓိဋ္ဌာယ၊ သေမိ ဝမ္မိကမုဒ္ဓနိ။
> ဆဝိယာ စမ္မေန မံသေန၊ နဟာရုအဋ္ဌိကေဟိ ဝါ။
> ယဿ ဧတေန ကရဏီယံ၊ ဒိန္နံယေဝ ဟရာတု သော။—

ဟူ၍ ဘူရိဒတ်နဂါးမင်း ဥပုသ်သီတင်း စောင့်သုံးရာ အဓိဋ္ဌာန်ပြုပုံကို ဟော တော်မူသည်။ အဓိပ္ပါယ်မှာ....(၁) အရေထူအရေပါး (၂) အသားအသွေး (၃) အကြော (၄) အရိုး ဤအင်္ဂါလေးပါးတို့ကို ဆောက်တည်၍ အကြင် သူသည် ဤအင်္ဂါလေးပါးအနက် အကြင်အင်္ဂါအစိတ်အပိုင်းဖြင့် ပြုဖွယ်ကိစ္စ ရှိအံ့၊ ထိုသူသည် အလိုရှိရာ အသုံးပြုလိုရာ အင်္ဂါအစိတ်အပိုင်းကို ယူပါစေ၊ ငါပေးလှူအပ်ပြီးသည်သာတည်းဟု ဆောက်တည် အဓိဋ္ဌာန်တော်မူပြီးလျှင် တောင်ပို့ထက်၌ ခွေ၍နေတော်မူ၏ဟု ဆိုလိုသည်။

ဤ၌ ဘူရိဒတ်နဂါးမင်းသည် သီလနှင့်စပ်၍ မြတ်သောသီလဖြစ်စေရန် ဤ ကိုယ်အင်္ဂါလေးပါးတို့ကို အဆုံးခံတန် ငါခံမည်၊ သီလကိုကား မပျက်စေရ ဟူသော သဘောဖြင့် အဓိဋ္ဌာန်တော်မူခြင်းဖြစ်၍ သီလနှင့်စပ်သောအဓိဋ္ဌာန်ပင် ဖြစ်ပေ၏။

ဝိသတိနိပါတ် (၁၀) စမ္ပေယျဇာတ်တော်၌လည်း စမ္ပေယျနဂါးမင်းသည် ရှေးကပြဆိုခဲ့သည့်အတိုင်း မိဖုရားကြီးအား အရေးရှိက သိနိုင်ရန် နိမိတ်များကို ညွှန်ကြားပြီးနောက် ဥပုသ်သွား၍စောင့်ကြောင်းကို—

မဟာဗုဒ္ဓဝင် ၁—၃၁

http://www.dhammadownload.com



"နိမိတ္တာနိ အာစိက္ခိတွာ စာတုဒ္ဒသီဥပေါသထံ အဓိဋ္ဌာယ နာဂ-ဘဝနာ နိက္ခမိတွာ တတ္ထ ဂန္တွာ ဝမ္မိကမတ္ထကေ နိပဇ္ဇိ"—

ဟူ၍ အဋ္ဌကထာ၌ ဖွင့်ပြသည်။ အဓိပ္ပါယ်မှာ....နိမိတ်များကို ပြောကြားပြီးလျှင် တဆယ့်လေးရက် လကွယ်ဥပုသ်ကို စောင့်သုံးမည်ဟု အဓိဋ္ဌာန်ပြုကာ နဂါးပြည်မှ ထွက်ခဲ့၍ လူ့ပြည်သို့ သွားပြီးလျှင် တောင်ပို့ထိပ်မှာ ခွေအိပ်၍နေ၏ဟု ဆိုလိုသည်။ ဤစမ္ပေယျနဂါးမင်း၏ အဓိဋ္ဌာန်မှာကား သီလသက်သက်စောင့်သုံးရန် ဆောက်တည်သော အဓိဋ္ဌာန်ဖြစ်၏။

ဤသိဝိမင်းကြီး၏ မျက်စိလှူဒါန်းရန် အဓိဋ္ဌာန် ဘူရိဒတ်နဂါးမင်းနှင့် စမ္ပေယျနဂါးမင်းတို့၏ သီလစောင့်သုံးရန် အဓိဋ္ဌာန်တို့မှာ လှူဒါန်းမှု သီလစောင့်သုံးမှုတို့ကား တခြား၊အဓိဋ္ဌာန်မှုကား တခြား တရားတမျိုးစီ ဖြစ်ကြ၏၊ သိဝိမင်းကြီး၏ မျက်စိတော်အစုံကို လှူဒါန်းမှု ဒါနသည် သိကြားပုဏ္ဏားအား လှူဒါန်းသောခဏ၌ ဖြစ်၏၊ အဓိဋ္ဌာန်သည်ကား မလှူဒါန်းရမီ လှူဒါန်းမည်ဟု စိတ်ကြံရွယ် အတည်ပြုစဉ်ကပင် ဖြစ်နိုင်၏။ သို့ဖြစ်၍ အဓိဋ္ဌာန်ကား ပဌမ, ဒါနကား ဒုတိယဖြစ်ကုန်၏။ နဂါးမင်းများ၏ သီလအရာမှာလည်း အဓိဋ္ဌာန်က ပဌမကြိုတင်ဖြစ်ရှိ၍ သီလက နောက်မှ ဖြစ်သည်။ လောက၌သည်း မည်သည့်ကိစ္စမှာမဆို "ငါ ဤကဲ့သို့ ပြုလုပ်မည်"ဟု စိတ်၌ ထားပြီး ဆောက်တည်ပြီးမှ ထိုထိုကိစ္စတို့ကို ပြုလုပ်ကြခြင်းသည် ဓမ္မတာပင် ဖြစ်၏။

## တေမိမင်းသား၏ အဓိဋ္ဌာန်

ဘုရားအလောင်းတော်သည် ကာသိမင်း၏ သားတော်ဖြစ်၍ တေမိယမင်းသားဟု အမည်တွင်လေသည်။ (တေမိယမင်းသားဟု အမည်တွင်ရခြင်းမှာ အလောင်းတော်မင်းသား ဖွားသောနေ့မှာ ကာသိတိုင်းအလုံး မိုးသည်းထန်စွာ ရွာသွန်း၍ လူအများ စိတ်အေးချမ်းသာ စိုစွတ်ကြသောကြောင့် တေမိယဟူသော အမည်ကို ခမည်းတော်က မှည့်ခေါ်တော်မူခြင်း ဖြစ်သည်။) တေမိမင်းသား ဖွားမြင်ပြီး၍ တလရှိသောအခါ ခမည်းတော်၏ ရင်ခွင်၌ စံနေခိုက် နိုးသားလေးဦးတို့ကို ဖမ်းယူ၍ မင်းကြီးထံပြုရာ မင်းကြီးက အသီးအသီး အပြစ်ဒဏ်ပေးသည်ကို တွေ့မြင်တော်မူရသဖြင့် များစွာထိတ်လန့်တော်မူပြီးလျှင် "ဤမင်းအိမ်နန်းတော်မှ ထွက်မြောက်ရအောင် ငါ မည်သို့ ကြံရပါမည်နည်း" ဟု စဉ်းစားကာ များစွာ စိတ်မချမ်းမသာ ဖြစ်တော်မူရလေသည်။

နောက်တနေ့တွင် ထီးဖြူတော်အောက်၌ တယောက်တည်း စံနေခါ ယမန်နေ့က တွေ့ခဲ့ရသော ခမည်းတော်၏ တရားဆုံးဖြတ်ချက်ကို တွေးတောဆင်ခြင်မိကာ မင်းပြုလုပ်ရမည့်အရေး တွေးတောကြောက်ရွံ့သဖြင့် လက်ဖြင့်ဆုပ်ချေထားသော ပဒုမ္မာကြာပန်းအတူ ညှိုးနွမ်း၍နေတော်မူသော အလောင်းတော်

http://www.dhammadownload.com



အား ရှေးဘဝတခုက မယ်တော်ဖြစ်ခဲ့ဘူးသည့် ထီးချက်စောင့်နတ်သမီးက "ချစ်သား....မစိုးရိမ်လင့်၊ ဤမင်းအိမ် နန်းတော်မှ ထွက်မြောက်လိုပါလျှင် သင်သည် မဆွံ့ပဲနှင့် ဆွံ့ယောင်-(နား)မပင်းပဲနှင့် ပင်းယောင်-မအပဲနှင့် အယောင်-ဤသုံးချက်ကို ငါဆောင်၍ နေမည်ဟု အဓိဋ္ဌာန်ပြုပါလော့၊ သင်အလိုရှိတိုင်း ပြည့်စုံပါလိမ့်မည်"ဟု ပြောကြားသဖြင့် အလောင်းတော် တေမိမင်းသားသည် "သုံးချက်လုံးကို ငါစွဲမြဲစွာ ကျင့်ကြံမည်"ဟု ဆောက်တည်တော်မူကာ ဆောက်တည်တော်မူသည့်အတိုင်းလည်း မပျက်မကွက် ကျင့်ကြံတော်မူ၏။

တဆယ့်ခြောက်နှစ်ပတ်လုံး အမျိုးမျိုးသော နည်းတို့ဖြင့် စုံစမ်း(အလိုစမ်း) ပါသော်လည်း အဓိဋ္ဌာန်ထားသည့် အချက်သုံးချက် တစုံတရာမှ မပျက်ကွက်အောင် ဆောက်တည်ကျင့်သုံး၍ နေတော်မူလေသည်။ ထိုအခါ ခမည်းတော်က "ငါ့သားသည် အမှန်စင်စစ်ပင် ဆွံ့လည်းဆွံ့ နားလည်းပင်း အလည်းအသူဖြစ်သည်၊ သုသာန်သို့ ထုတ်၍ မြှုပ်သတ်စေ"ဟူ၍ အမိန့်ထုတ်ပြန်တော်မူရ၏။

> ဤဇာတ်တော်၌ အလောင်းတော် တေမိမင်းသား၏ တဆယ့်ခြောက်နှစ်ကြာ အောင့်အည်းသည်းခံဖို့ရန် ခက်ခဲအောင် အမျိုးမျိုးသောအချက်တို့ဖြင့် အလိုစမ်းကြသော်လည်း ဗုဒ္ဓဝင်ပါဠိတော်လာ ကျောက်တောင်ကြီးပမာ မိမိဆောက်တည်ချက် မပျက်မကွက် ခိုင်မြဲပုံမှာ ကြီးမားသော အဓိဋ္ဌာန်မှုကြီးပင် ဖြစ်ပေ၏။ ဤတေမိမင်းသား၏အလား စိတ်အားထက်သန်စွာ ဆောက်တည်ထားသော ကျင့်ဝတ်တရားစုကို မယိုမလွဲ ခိုင်မြဲတည်တံ့စွာ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ဖြည့်စွမ်းနိုင်မှသာလျှင် အလောင်းတော်ကြီးများ ဖြည့်ဆည်းပွားအပ်သည့် အဓိဋ္ဌာန်ပါရမီ ဖြစ်မြောက်နိုင်သည်ဟု မှတ်ယူအပ်၏။

အဓိဋ္ဌာနပါရမီခန်း ပြီး၏။

## (၅) မေတ္တာပါရမီ

### ပေမသုံးပါး

မေတ္တာပါရမီဟူသော စကား၌ မေတ္တာဟူသောပါဠိကို ရှေးဆရာတို့က "ချစ်ခြင်း"ဟူ၍ အနက်မြန်မာ ပြန်ဆိုတော်မူခဲ့ကြ၏။ ပေမဟူသော ပါဠိစကားကိုလည်း ရှေးဆရာများက "ချစ်ခြင်း"ဟူ၍ပင် အနက်မြန်မာ ပြန်ဆိုတော်မူခဲ့ကြသည်။ မေတ္တာသဒ္ဒါ ဟောအပ်သည့် ချစ်ခြင်းကား ဝိသေသဖြစ်၍ ပေမသဒ္ဒါ ဟောအပ်သည့် ချစ်ခြင်းကား သာမညဖြစ်သည်။ ထို့ကြောင့် ပေမအရ ချစ်ခြင်းကို—

http://www.dhammadownload.com



(၁) တဏှာပေမ၊
(၂) ဂေဟသိတပေမ၊
(၃) မေတ္တာပေမ—

ဟူ၍ သုံးမျိုး ခွဲခြားပြဆိုထားသည်။ ထိုသုံးမျိုးတို့တွင်--

(၁) တဏှာပေမဟူသည် မိန်းမနှင့် ယောကျ်ား အချင်းချင်း ကဏှာ လောဘ၏ အစွမ်းဖြင့် ချစ်ကြိုက်ကြခြင်းကို ခေါ်ဆို၏။ ဤတဏှာပေမကို အလင်္ကာကျမ်း၌ သိင်္ဂါရဟု ခေါ်ဆို၏။

(၂) မိဖနှင့် သားသမီး ညီနှင့်အစ်ကို မောင်နှင့်နှမ စသည်တို့ အချင်းချင်း ချစ်ခင်တွယ်တာမှုကို ဂေဟသိတပေမ ခေါ်၏၊ အိမ်၌ နေခြင်းကို မှီ၍ဖြစ်သော ချစ်ခြင်းဟူလို။ ဤချစ်ခြင်းကို အလင်္ကာကျမ်း၌ ဝစ္ဆလဟူ၍ ခေါ်၏။ ဤ တဏှာပေမ ဂေဟသိတပေမ နှစ်မျိုးလုံးပင် ကုသိုလ်တရား မဟုတ်ကြ၊ တဏှာ ပေမမှာ တဏှာရာဂဖြစ်၍ ဂေဟသိတပေမမှာ လောဘပင် ဖြစ်သည်။

(၃) သူတပါးတို့၏ အကျိုးစီးပွါးဖြစ်ထွန်းမှုကို လိုလားခြင်းသည် မေတ္တာ ပေမမည်၏။ ဤမေတ္တာတရားသည် သူတပါးတို့နှင့် မခွဲမခွာ အမြဲတွဲယှဉ်နေ လိုခြင်းသဘော အလျဉ်းမရှိ၊ လူအချင်းချင်း စကြဝဠာတခုစီပင် ဝေးကွာ၍ နေရစေကာမူ ထိုဝေးကွာနေသူမှာ စီးပွါးချမ်းသာ ဖြစ်သည်ဟု သိရလျှင် ကျေနပ်၏၊ အတူမနေရသည့်အတွက် ခက်ခဲဝန်လေးခြင်း အလျဉ်းမရှိ။ သို့ဖြစ်၍ မေတ္တာတရားသည် စင်ကြယ်မွန်မြတ်သော သဘောတရားသာ ဖြစ်၍ ဗြဟ္မ ဝိဟာရဟူသော အမည်ကိုလည်း ရ၏။ ဤတရားကို ပွါးများ၍ နေလျှင် မြတ်သောနေခြင်းဖြစ်သည်ဟူ၍ ဆိုလို၏။ မေတ္တာသာ မဟုတ်သေး၊ ကရုဏာ တရား မုဒိတာတရား ဥပေက္ခာတရားတို့သည်လည်း ဗြဟ္မဝိဟာရဟူသော အမည်ကို ရကြကုန်၏။

သို့ဖြစ်၍ ထိုလေးပါးလုံးကို သိမ်းရုံးကာ ဗြဟ္မဝိဟာရတရား လေးပါးဟု ခေါ်၏။ ဗြဟ္မစိုရ်တရား လေးပါးဟူ၍လည်း ခေါ်၏။ (ဗြဟ္မ=မြတ်သော၊ ဝိဟာရ=နေခြင်း။ ဤဗြဟ္မဝိဟာရတရား လေးပါးကိုပင် အပ္ပမညာတရား လေးပါးဟူ၍လည်း ခေါ်၏။ ဦးရေမည်မျှဟု မန္တိုင်းယှဉ်အပ်သော သတ္တဝါတို့ အပေါ်မှာ ဖြစ်ပွါးသော တရားများဟု ဆိုလိုသည်။)

ချစ်ခြင်းမေတ္တာတရားကို ပွါးများရမည်ဆိုရာမှာ မစင်ကြယ်သော တဏှာ ပေမချစ်ခြင်း ဂေဟသိတပေမချစ်ခြင်းတို့ မဟုတ်စေပဲ စင်ကြယ်မွန်မြတ်လှသော မေတ္တာပေမတရားသာ ဖြစ်စေရမည်ကို အထူးသတိပြု၍ မှတ်သားအပ်၏၊ ဤမေတ္တာတရား ပွါးများပုံနည်းလမ်းကို နောက်မှ ထင်ရှားအောင် ပြဆိုပေအံ့။

http://www.dhammadownload.com



## မေတ္တာနှင့် အဒေါသ

မေတ္တာဟူသည် ပရမတ္ထအားဖြင့် ထင်ရှားရှိကောင်းသော သဘောတရားပင် ဖြစ်၏၊ သို့ရာတွင် ပရမတ္ထတရားတို့ကို တခုစီ တခုစီ ထုတ်ဖော်ရေတွက်ရာမှာ ကား မေတ္တာတရားဟူ၍ သီးခြားမပြပဲ အဒေါသစေတသိက်တရားကို ပြသဖြင့် ပင် မေတ္တာတရားသည် အဒေါသတွင် တစိတ်တဒေသ အပါအဝင် ဖြစ်၍သွား ၏။ အဒေါသစေတသိက်က အရကျယ်၍ မေတ္တာက ထိုအဒေါသစေတသိက် အရတွင် တစိတ်တဒေသအနေဖြင့် ပါဝင်၍ နေသည်ဟု ဆိုလိုသည်။

ထင်ရှားစေဦးအံ့....အဒေါသစေတသိက်သည အဘိဓမ္မာသင်္ဂြိုဟ်ကျမ်းအလို သောဘဏစိတ် ၅၉-ပါးလုံးနှင့်ယှဉ်၏၊ယောဘဏစိတ် ၅၉-ပါးတို့ဖြစ်တိုင်းဖြစ်တိုင်း အဒေါသစေတသိက် ပါလျက်ရှိ၏။ အဒေါသတရားမှာ အာရုံအမျိုးမျိုးကို အာရုံပြုနိုင်၏၊ မေတ္တာတရားကား သတ္တဝါပညတ်တမျိုးတည်းကိုသာ အာရုံ ပြုနိုင်၏။ ဒါနမှု အမျိုးမျိုးပြုရာ သီလမှုအမျိုးမျိုး ဆောက်တည်ရာတို့မှာ အဒေါသ ပါရသည်ချည်း ဖြစ်၏၊ ထိုအဒေါသ ဖြစ်တိုင်း မေတ္တာဟူ၍ မခေါ်ရ၊ သတ္တဝါပညတ်ကို အာရုံပြုကာ ချမ်းသာပါစေ စသည်ဖြင့် သတ္တဝါတို့၏ စီးပွါး ချမ်းသာကို လိုလားသောအခြင်းအရာဖြင့် အဒေါသစေတသိက် ဖြစ်မှသာ ထိုအဒေါသစေတသိက်ကို မေတ္တာဟူ၍ ခေါ်ဆိုရသည်။

ရှေးက ပြခဲ့ပြီးသော ခန္တီပါရမီမှာလည်း ခန္တီအရ အဒေါသစေတသိက်ကို ကောက်ယူနိုင်စေကာမူ အဒေါသဟူသမျှကို ခန္တီအရ မကောက်ယူရပဲ သူတပါး တို့က ပြစ်မှားလာသည့်အခါ မိမိက အလျဉ်းပင် ဒေါသမထွက်ရအောင် ကားဆီးခြင်း အဒေါသကိုသာ ကောက်ယူရကြောင်းကို ပြဆိုခဲ့ပြီ။ ထို့အတူ အဒေါသစေတသိက် ဟူဟူသမျှကို မေတ္တာအရ မကောက်ယူပဲ သတ္တဝါတို့၏ အကျိုးကို လိုလားသောအခြင်းအရာဖြင့် ဖြစ်သော အဒေါသ စေတသိက်ကိုသာ မေတ္တာအရ ကောက်ယူရ၏။

## (၅၂၈)သွယ်မေတ္တာ

ဤမေတ္တာနှင့် စပ်လျဉ်း၍ မေတ္တာတရားသည် (၅၂၈)ပါးရှိသည်ဟု အများ ပြောဆိုသိမှတ်ကြ၏။ စင်စစ်မှာ မေတ္တာတရားကိုယ်က (၅၂၈)မျိုး ရှိနေသော ကြောင့် မဟုတ်၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ လာရှိသောအတိုင်း မေတ္တာပွါးများ ရမည့် နည်းလမ်းပေါင်း (၅၂၈)မျိုး ရှိနေသည့်အတွက် မေတ္တာ (၅၂၈)ပါး ဟု ပြောကြားနေကြခြင်းဖြစ်သည် ဟု မှတ်အပ်၏။

(၅၂၈) နည်းဖြစ်ပုံမှာ ပုဂ္ဂိုလ်သတ္တဝါတို့ကို အပိုင်းအခြား မထားခြင်းတည်း ဟူသော အနောဓိသ ငါးမျိုးရှိ၏၊ ငါးမျိုးတို့မှာ....

http://www.dhammadownload.com



(၁) သဗ္ဗေ သတ္တာ=(အလုံးစုံသော သတ္တဝါတွေ)

(၂) သဗ္ဗေ ပါဏာ=(အလုံးစုံ အသက်ရှိသောအရာတွေ)

(၃) သဗ္ဗေ ဘူတာ=(အလုံးစုံ ကိုယ်ထင်ရှားရှိသောအရာတွေ)

(၄) သဗ္ဗေ ပုဂ္ဂလာ=(အလုံးစုံသော ပုဂ္ဂိုလ်တွေ)

(၅) သဗ္ဗေ အတ္တဘာဝပရိယာပန္နာ=(အလုံးစုံကိုယ်အတ္တဘောအတွင်း အကျုံးဝင်နေသောအရာတွေ)—

သုံးဆယ့်တစ်ဘုံအတွင်း ရှိသမျှ သတ္တဝါတွေကို ဤငါးမျိုးတွင် တမျိုးမျိုးဖြင့် ခေါ်ဆိုစိတ်ညွှတ်လိုက်လျှင်ပင် အလုံးစုံ မကြွင်းမကျန် ပါဝင်ကုန်တော့သည်၊ ဤငါးမျိုးတွင် မပါဝင်သော သတ္တဝါဟူ၍ မရှိသောကြောင့် ဤငါးမျိုးကို အနောဓိသငါးမျိုးဟု ခေါ်၏။ (အနောဓိသပုဂ္ဂိုလ်ငါးမျိုး ဟူ၍လည်း ခေါ်ဆို၏။) အနောဓိသဟူသော ပါဠိ၌ ပါရှိသည့် ဩဓိသဒ္ဒါသည် အပိုင်းအခြားဟူသော အနက်ကို ဟော၏၊ အနောဓိသဟု ဆိုသောကြောင့် အပိုင်းအခြားမထားဟူသော အဓိပ္ပါယ်ကို ရ၏။

## သတ္တဝါနှင့် ပုဂ္ဂိုလ်အသုံး

ပါဠိ၌ သတ္တဝါဟု ဆိုလျှင်လည်း သုံးဆယ့်တစ်ဘုံရှိ သတ္တဝါအလုံးစုံကိုပင် ရရှိ၏၊ ပုဂ္ဂလ=ပုဂ္ဂိုလ်ဟု ဆိုလျှင်လည်း ထိုအတူ သုံးဆယ့်တစ်ဘုံသား အလုံးစုံကိုပင် ရ၏။ အဆင့်အတန်း ထူးခြားကွဲပြားခြင်း တစုံတရာမျှ မရှိ၊ သတ္တဟု ခေါ်လျှင် ပုဂ္ဂလဟုလည်း ခေါ်နိုင်၏။ ပုဂ္ဂလဟု ခေါ်လျှင် သတ္တဟုလည်း ခေါ်နိုင်၏။ မြန်မာဝေါဟာရမှာကား သတ္တဝါနှင့် ပုဂ္ဂိုလ်ကို အဆင့်အတန်း များစွာ ခွဲခြားထားလေသည်။ ယုတ်ညံ့သော အရာစုကိုသာ မိုက်မဲသောသတ္တဝါ ယုတ်ညံ့သောသတ္တဝါဟု ခေါ်ဝေါ်သုံးနှုန်း၍ မိုက်မဲသောပုဂ္ဂိုလ် ယုတ်ညံ့သောပုဂ္ဂိုလ်ဟူ၍ လုံးဝ ခေါ်ဆိုသုံးစွဲခြင်း မပြုကြ။ ပုဂ္ဂိုလ်ဟူသော စကားလုံးကို သုံးရာမှာ ယည်း မြတ်သောပုဂ္ဂိုလ်ကြီးများ ထူးကဲသောပုဂ္ဂိုလ်ကြီးများ စသည်ဖြင့် သုံးနှုန်းပြောဆိုကြသည်၊ မြတ်သောသတ္တဝါကြီးများ ထူးကဲသော သတ္တဝါကြီးများဟု သုံးစွဲခြင်း အလျှင်းမပြုကြချေ။ ယုတ်ညံ့သော သက်ရှိဝတ္ထုကို သတ္တဝါဟု ခေါ်ဆိုသုံးနှုန်း၍ မြတ်သော သက်ရှိဝတ္ထုကိုကား ပုဂ္ဂိုလ်ဟူ၍ သုံးနှုန်းသည်ဟု ဆိုလိုရင်းဖြစ်သည်။ ဤသို့ ပါဠိနှင့် မြန်မာ အသုံးအနှုန်း ထူးခြားသည့်နေရာမှာ ထူးခြားနေသည်ကိုလည်း သတိချပ်ရာ၏။

http://www.dhammadownload.com



အပိုင်းအခြားထား၍ မေတ္တာပို့ရာမှာလည်း—

(၁) သဗ္ဗာ ဣတ္ထိယော=(အလုံးစုံသော မိန်းမတွေ)
(၂) သဗ္ဗေ ပုရိသာ=(အလုံးစုံသော ယောကျ်ားတွေ)
(၃) သဗ္ဗေ အရိယာ=(အလုံးစုံ မြင့်မြတ်သော ပုဂ္ဂိုလ်တွေ)
(၄) သဗ္ဗေ အနရိယာ=(အလုံးစုံ မမြင့်မြတ်သော ပုဂ္ဂိုလ်တွေ)
(၅) သဗ္ဗေ ဒေဝါ=(အလုံးစုံသော နတ်ဗြဟ္မာတွေ)
(၆) သဗ္ဗေ မနုဿာ=(အလုံးစုံသော လူတွေ)
(၇) သဗ္ဗေ ဝိနိပါတိကာ=(အလုံးစုံ ပြိုကွဲပျက်စီးနေသောပြိတ္တာတွေ)

ဤခုနစ်မျိုးတွင် တမျိုးတမျိုးလျှင် လိုရာကို ပိုင်းခြားသတ်မှတ်ထားသည် ချည်းဖြစ်သောကြောင့် ဩဓိသ ခုနစ်မျိုးဟု ခေါ်၏။ (ဩဓိသပုဂ္ဂိုလ်ခုနစ်မျိုး ဟူ၍လည်း ခေါ်ဆို၏။)

ဤသို့လျှင် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ လာသောအတိုင်း အနောဓိသ ပုဂ္ဂိုလ်ငါးပါး ဩဓိသပုဂ္ဂိုလ်ခုနစ်ပါးဟူ၍ မေတ္တာပို့ရမည့် ပုဂ္ဂိုလ်တဆယ့်နှစ်ပါး ကို ရှေးဦးစွာ သိမှတ်ရာ၏။

ထိုပုဂ္ဂိုလ် တဆယ့်နှစ်ပါးတို့၌ မေတ္တာပွါးများပုံ အခြင်းအရာကိုလည်း—

(၁) အဝေရာ ဟောန္တု=(ရန်မရှိသည် ဖြစ်ကြပါစေ)
(၂) အဗျာပဇ္ဇာ ဟောန္တု=(စိတ်မချမ်းသာမှု ကင်းသည် ဖြစ်ကြပါစေ)
(၃) အနီဃာ ဟောန္တု=(ဆင်းရဲခြင်းမရှိသည် ဖြစ်ကြပါစေ)
(၄) သုခီ အတ္တာနံ ပရိဟရန္တု=(ချမ်းသာစွာ ကိုယ်စိတ်နှစ်ပါးကို ဆောင်နိုင်ကြပါစေ)—

ဟူ၍ လေးပါး ဟောကြားတော်မူ၏။ ပုဂ္ဂိုလ်တဆယ့်နှစ်ပါးတွင် တပါးတပါးလျှင် မေတ္တာပို့ခြင်း အခြင်းအရာ လေးပါး လေးပါးစီ ရသောကြောင့် ပေါင်းတဆယ့် နှစ် လေးလီ ဖြစ်ရကား လေးဆယ့်ရှစ်ပါး ရ၏။

အလုံးစုံသော သတ္တဝါတွေ ရန်မရှိသည် ဖြစ်ကြပါစေ၊ စိတ်မချမ်းသာမှု ကင်းသည် ဖြစ်ကြပါစေ၊ ဆင်းရဲခြင်းမရှိသည် ဖြစ်ကြပါစေ၊ ချမ်းသာစွာ ကိုယ်စိတ်နှစ်ပါးကို ဆောင်နိုင်ကြပါစေ—စသည်ဖြင့် ပုဂ္ဂိုလ်တဆယ့်နှစ်ပါး စေ့ငအောင် ပွါးကြည့်လေ၊ လေးဆယ့်ရှစ်ပါးရကြောင်း ကိုယ်တွေ့ သိလာပေလိမ့်မည်။ ဤလေးဆယ့်ရှစ်ပါးသည် အရပ်မျက်နှာ အထူးမမှတ်သားပဲ ပို့သအပ်သော မေတ္တာများ ဖြစ်ကြ၏။

http://www.dhammadownload.com



တဖန် အရပ်မျက်နှာကို မှတ်သား၍ ပို့သလိုသောအခါ အရှေ့အရပ် အနောက်အရပ် မြောက်အရပ် တောင်အရပ် အရှေ့တောင်အရပ် အနောက်မြောက်အရပ် အရှေ့မြောက်အရပ် အနောက်တောင်အရပ် အောက်အရပ် အထက်အရပ်ဟူ၍ အရပ်ဆယ်မျက်နှာ ရှိသောကြောင့် တမျက်နှာ တမျက်နှာလျှင် လေးဆယ့်ရှစ်ပါးစီ ရနိုင်၍ ဆယ်မျက်နှာအတွက် ပေါင်းလိုက်လျှင် လေးရာ့ရှစ်ဆယ် ဖြစ်၏။ (အရှေ့အရပ်မျက်နှာ၌ အလုံးစုံသော သတ္တဝါတွေ ရန်မရှိသည် ဖြစ်ကြပါစေ၊ စိတ်မချမ်းသာမှုကင်းသည် ဖြစ်ကြပါစေ၊ ဆင်းရဲခြင်းမရှိသည် ဖြစ်ကြပါစေ၊ ချမ်းသာစွာ ကိုယ်စိတ်နှစ်ပါးကို ဆောင်နိုင်ကြပါစေ။ အရှေ့အရပ်မျက်နှာ၌ အလုံးစုံ အသက်ရှိသောအရာတွေ ရန်မရှိသည် ဖြစ်ကြပါစေ၊ စိတ်မချမ်းသာမှု ကင်းသည် ဖြစ်ကြပါစေ၊ ဆင်းရဲခြင်းမရှိသည် ဖြစ်ကြပါစေ၊ ချမ်းသာစွာ ကိုယ်စိတ်နှစ်ပါးကို ဆောင်နိုင်ကြပါစေ-စသည်ဖြင့် ပုဂ္ဂိုလ်တဆယ့်နှစ်ပါး အရပ်ဆယ်မျက်နှာ စေ့အောင် ပွါးကြည့်လေ၊ လေးရာ့ရှစ်ဆယ်ရကြောင်း ကိုယ်တွေ့သိလာပေလိမ့်မည်။)

ဤအရပ်မျက်နှာကို မှတ်သား၍ပို့သော မေတ္တာလေးရာ့ရှစ်ဆယ်နှင့် ရှေးအရပ်မျက်နှာ မမှတ်သားပဲ ပို့သောမေတ္တာ လေးဆယ့်ရှစ်ပါးတို့ကို ပေါင်းလျှင် (၅၂၈)သွယ်မေတ္တာ ဖြစ်လာ၏။

ဤငါးရာ့နှစ်ဆယ်ရှစ်သွယ်သော မေတ္တာပို့နည်းကို အကျဉ်းချုပ်အားဖြင့် ရှေးဆရာတော်များက "မေတ္တာပို့"ဟူသော အမည်ဖြင့် အစဉ်အလာ ဝတ်ရွတ်စဉ် ထားတော်မူခဲ့ကြပေသည်။ တကယ်စင်စစ် မေတ္တာပို့လိုသောအခါ မေတ္တာပို့နည်း (၅၂၈)နည်းတို့တွင် ပဌမဆုံးနည်းဖြင့် မေတ္တာပို့လိုလျှင်(ပါဠိလို) သဗ္ဗေ သတ္တာ အဝေရာ ဟောန္တုဟု ဆို၍ ပို့လျှင် ပဌမဆုံး မေတ္တာပွါးနည်း ပြည့်စုံမှန်ကန်တော့၏။ (မြန်မာလို ပို့သပွါးများလိုက) သတ္တဝါအားလုံးကုန် ဘေးရန်ကင်းကြပါစေဟု ဆို၍ ပွါးများပို့သလျှင် ပဌမဆုံးနည်း ပြည့်စုံမှန်ကန်တော့၏။ ဤပဌမနည်း တနည်းဖြင့်ပင် နှုတ်မြွက်၍ အဖန်ဖန်ပွါးနေလျှင်လည်း မေတ္တာဘာဝနာကို ပွါးသည်မည်၏။ ပဌမနည်းကို မပွါးလိုပဲ ဒုတိယနည်းကို ပွါးလိုက (ပါဠိလို) သဗ္ဗေ သတ္တာ အဗျာပဇ္ဈာ ဟောန္တု၊ (မြန်မာလို) သတ္တဝါအားလုံးကုန် စိတ်မချမ်းသာခြင်းမှ ကင်းကြပါစေဟု ဆို၍ ပွါးများလျှင် မေတ္တာဘာဝနာကို ပွါးသည်မည်၏။ (ဤနည်းအတိုင်း ငါးရာ့နှစ်ဆယ်ရှစ်သွယ် စေ့အောင် ဉာဏ်ဖြင့် စဉ်းစားသိရှိရာ၏။)

ယခုပြအပ်ပြီးသော ငါးရာ့နှစ်ဆယ်ရှစ်သွယ်သော မေတ္တာပွါးနည်းသည် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဟောကြားအပ်သော နည်းဖြစ်၍ အလွန်ထင်ရှား အသုံးများသော မေတ္တာပွါးနည်း ဖြစ်ပေ၏။ (ဤပါဠိတော်မှာ မေတ္တာပွါးနည်းအဆုံးတွင် ကရုဏာပွါးနည်း မုဒိတာပွါးနည်း ဥပေက္ခာပွါးနည်းတို့ကို

http://www.dhammadownload.com



ဆက်၍ ဟောကြားခြင်းမရှိပေ၊) သို့သော် ယခုအခါ မေတ္တာပို့အမည်တပ်သော စာအုပ်များ၌ ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ မေတ္တာပွါးနည်း လေးချက်အဆုံးတွင် (က)ဒုက္ခာ မုစ္စန္တု=ဆင်းရဲခြင်းမှ လွတ်ကင်းကြပါစေဟူသော ကရုဏာပွါးနည်း၊ (ခ) ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု=ရရှိထားသမျှ စည်းစိမ်တို့မှ မကင်းကွာကြပါစေသတည်းဟူသော မုဒိတာပွါးနည်း၊ (ဂ)ကမ္မဿကာ=ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏၊ မိမိတို့ကံအတိုင်းသာ ဖြစ်ကြကုန်၏ဟူသော ဥပေက္ခာပွါးနည်းတို့ကိုပါ တဆက်တည်း ထည့်သွင်းဖော်ပြထားကုန်၏။ ဤသို့ ဖော်ပြထားခြင်းမှာ ကရုဏာဘာဝနာ မုဒိတာဘာဝနာ ဥပေက္ခာဘာဝနာကို ပွါးများလိုသူဘို့သည် မေတ္တာပို့မှ နည်းယူပွါးများနိုင်ကြစေရန် ရှေးဆရာများ ဆက်လက်ထည့်သွင်းထားခဲ့ခြင်း ဖြစ်သည်။

ထားခဲ့သည့်အတိုင်း ကရုဏာတရားကို ပွါးများလိုလျှင် သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု=သတ္တဝါ အားလုံးကုန် ဆင်းရဲခြင်းမှ လွတ်ကင်းကြပါစေဟူ၍ရင်း၊ မုဒိတာတရားကို ပွါးများလိုလျှင် သဗ္ဗေ သတ္တာ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု=သတ္တဝါအားလုံးကုန် မိမိတို့ရရှိပြီးသော စည်းစိမ်မှ မကွေကွင်းကြပါစေကုန်သတည်း ဟူ၍ရင်း၊ ဥပေက္ခာတရားကို ပွါးများလိုလျှင် သဗ္ဗေ သတ္တာ ကမ္မဿကာ=သတ္တဝါအားလုံးကုန် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏ဟူ၍ရင်း ပွါးများရမည်ဖြစ်၏။

ဤပါဠိတော်လာသည့် အတိုင်းသာ မေတ္တာပို့အပ်သည်၊ တိုက်ရိုက်မလာသော နည်းဖြင့် မေတ္တာမပို့ကောင်းဟူ၍ကား မမှတ်ယူအပ်။ အကြောင်းကား....အပိုင်းအခြားမထားပဲ သတ္တဝါအလုံးစုံကို သိမ်းရုံး၍ ယူနိုင်သည့် ပါဠိစကားသည် သတ္တ-ပါဏ-ဘူတ-ပုဂ္ဂလ-အတ္တဘာဝပရိယာပန္နအားဖြင့် ငါးမျိုးသာ ရှိသည်မဟုတ်၊ သရီရီ-ဒေဟီ-ဇီဝ-ပဇာ-ဇန္တု-ဟိန္ဒဂု စသည် ရှိကြသည်ဖြစ်သော ကြောင့်၊ သဗ္ဗေ သရီရီ အဝေရာ ဟောန္တု=အလုံးစုံ ကိုယ်ရှိသောသတ္တဝါများ ရန်ကင်းကြပါစေ စသည်ဖြင့် နှလုံးသွင်းလျှင်လည်း မေတ္တာပို့သည်ပင် မည်၏။

ပို့ပုံအခြင်းအရာကိုလည်း ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာ လေးမျိုးသာ လာရှိသော်လည်း သဗ္ဗေ သတ္တာ သုခိနော ဟောန္တု=အလုံးစုံသော သတ္တဝါဟူသမျှ ချမ်းသာခြင်းရှိကြပါစေ၊ သဗ္ဗေ သတ္တာ ခေမိနော ဟောန္တု=အလုံးစုံသော သတ္တဝါဟူသမျှ ဘေးမရှိသည်ဖြစ်ကြပါစေ ဟူသော အခြင်းအရာတို့ဖြင့် နှလုံးသွင်းလျှင်လည်း မေတ္တာတရားစင်စစ် ဖြစ်နိုင်ပေ၏။ ဤသို့လျှင် မေတ္တာအပို့ခံရမည့်သတ္တဝါစုကိုလည်း အခြားအမည် အခြားပါဠိပရိယာယ်တို့ဖြင့် ထုတ်ဖော်ကာ ပို့သပုံအခြင်းအရာကိုလည်း တပါးသောအခြင်းအရာအားဖြင့် ပို့သစေကာမူ မေတ္တာစင်စစ် ဖြစ်နိုင်ကြောင်းကို မေတ္တသုတ်ပါဠိတော် အဆောက်အထားဖြင့် သိအပ်၏။

http://www.dhammadownload.com



## မေတ္တသုတ်လာ ဧမေတ္တာပွါးနည်း

မေတ္တသုတ်ပါဠိတော်မှာ ကမ္မဋ္ဌာနယောဂီ တောမှီရဟန်းတို့ကို အကြောင်းပြု၍ မြတ်စွာဘုရား ဟောကြားတော်မူရာ သံဂါယနာတင် အရှင်မြတ်တို့က သုတ္တနိပါတပါဠိ၌ရင်း ခုဒ္ဒကပါဌပါဠိ၌ရင်း သံဂါယနာတင်ထားခဲ့သော ပါဠိတော်ဖြစ်၏။ ပါဠိတော်မှာ မေတ္တာပွါးလိုသောသူသည် မပွါးမီကပင် ကြိုတင်၍ ကျင့်ကြံအားထုတ် ပြည့်စုံစေရမည့် တရား (၁၅) ပါးတို့ကို ရှေးဦးစွာ ဟောကြားတော်မူထား၏၊ ထိုတရားတို့ကို ပါဠိလို မေတ္တာပုဗ္ဗဘာဂတရား (၁၅) ပါး မေတ္တာမပွါးခင် ရှေးအဘို့က ကြိုတင်ပြည့်စုံစေရမည့်တရား (၁၅) ပါး ဟူ၍ ခေါ်ဆို၏။

ထိုတရားတို့မှာ....ကောင်းမြတ်သော အကျိုးစီးပွါးအရာ လိမ္မာသည်ဖြစ်၍ အေးမြငြိမ်းချမ်းလှစွာသော နိဗ္ဗာန်တရားကို ဉာဏ်ဖြင့် သက်ဝင်ကာ နေလိုသော သူသည် ပြုသင့် ပြုထိုက် ပြုရမည့်တရားစုကား....

၁။ ကောင်းမြတ်သောအရာတို့ကို ကျင့်ခြင်းငှါ စွမ်းနိုင်ရမည်။

၂။ ဖြောင့်မတ်သောအကျင့်တရား ရှိရမည်။

၃။ တရံတခါမျှ ကောက်ကွေ့ခြင်း မရှိပဲ ကောင်းကောင်းကြီး ဖြောင့်မတ်ရမည်။

၄။ ပညာရှိတို့ ကောင်းစွာဆုံးမလွယ်သူ ဖြစ်ရမည်။

၅။ ကောင်းမြတ်သောအရာတို့၌ နူးညံ့ပြောပျောင်းသောသူ ဖြစ်ရမည်။

၆။ မာန်မာန တက်ကြွခြင်း မရှိစေရ။

၇။ မိမိမှာ ထင်ရှားရရှိသော ပစ္စည်းဖြင့်သာ ရောင့်ရဲတင်းတိမ်ကျေနပ်သောသူ ဖြစ်ရမည်။

၈။ သူတပါးတို့ စောင့်ရှောက်မွေးမြူရန် (ပြုစုရန်) လွယ်ကူသောသူ (ကြေးမများသူ) ဖြစ်ရမည်။

၉။ ကျင့်ဝတ်ဘာဝနာအတွက် မလိုလားအပ်သည့် အပိုကိစ္စများ နည်းပါးသောသူ ဖြစ်ရမည်။

၁၀။ ပေါ့ပါးလွယ်ကူသော အသက်မွေးခြင်းရှိသူ ဖြစ်ရမည်။ (ခရီးသွားခါနီး ပစ္စည်းတွေ ပရမ္ဘေ ရှုပ်ပွေသူမျိုး မဟုတ်ပဲ၊ ပရိက္ခရာရှစ်ပါးမျှဖြင့်ပင် ငှက်ပျံသွားသည့်အလား ပေါ့ပါးသူဖြစ်ရမည်ဟူလို။)

၁၁။ ငြိမ်သက်တည်ကြည်သော ဣန္ဒြေရှိသူ ဖြစ်ရမည်။

http://www.dhammadownload.com



၁၂။ အပြစ်ကင်းသောအရာတို့၌ ရင့်ကျက်သော=ကောင်းစွာသိမြင် ကျွမ်းကျင်လိမ္မာသော ဉာဏ်ပညာရှိသူ ဖြစ်ရမည်။

၁၃။ ကိုယ် နှုတ် နှလုံး သုံးပါးလုံး ကြမ်းကြုတ်ခြင်း မရှိစေရ။

၁၄။ ဒါယကာ ဒါယိကာမတို့အပေါ်မှာ တွယ်တာငြိကပ်ခြင်း မရှိစေရ။

(ဤအချက်သည် ရဟန်းများကို ဟောကြားရင်း ဒေသနာဖြစ်သည့်အတိုင်း ရဟန်းများနှင့်သာ အထူးသက်ဆိုင်၍ နေ၏၊ လူများမှာလည်း အလားတူ နည်းယူသောအားဖြင့် မိတ်ဆွေတို့အပေါ်မှာ တွယ်တာခင်မင်ခြင်း ငြိကပ်ခြင်း မရှိစေရဟု မှတ်ယူအပ်၏။)

၁၅။ ပညာရှိများ စွပ်စွဲကဲ့ရဲ့မည့် အရာမှန်လျှင် တစုံတရာ အနည်းငယ်ကိုမျှ မပြုကျင့်ရ။—

ဤတရား (၁၅) ပါးတို့တည်း။

ဤတရား (၁၅)ပါးကို ရှေးဦးစွာ ပြည့်စုံစေပြီးမှ မေတ္တာပွါးရမည့် အခြင်းအရာကို "သုခိနော ဝါ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ"....အစရှိသည်ဖြင့် ဟောကြားထားတော်မူသည်။

ဤမေတ္တသုတ်လာ မေတ္တာဘာဝနာ ပွါးနည်းကို အကျဉ်းချုပ်၍ မှတ်သားလျှင်....

(က) သဗ္ဗသင်္ဂါဟိကမေတ္တာ=သတ္တဝါအလုံးစုံကို တခွန်းတည်းဖြင့် နှံ့အောင် ပွါးသော မေတ္တာ၊

(ခ) ဒုကဘာဝနာမေတ္တာ=သတ္တဝါတို့ကို နှစ်စု နှစ်ပုံ ပုံ၍ ပွါးသော မေတ္တာ၊

(ဂ) တိကဘာဝနာမေတ္တာ=သတ္တဝါတို့ကို သုံးစု သုံးပုံ ပုံ၍ ပွါးသော မေတ္တာဟူ၍ သုံးမျိုးထွက်လာ၏။

## (က) သဗ္ဗသင်္ဂါဟိကမေတ္တာ

ထိုသုံးမျိုးတို့တွင် သဗ္ဗသင်္ဂါဟိကမေတ္တာပွါးနည်းကို ပါဠိတော်၌ "သုခိနော ဝါ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ"ဟူ၍ ဟောကြားတော်မူ၏။ ဤဟောကြားတော်မူချက်အရ ရှင်းလင်းစွာ မေတ္တာပွါးလိုလျှင်....

(၁) သဗ္ဗေ သတ္တာ သုခိနော ဟောန္တု=အလုံးစုံသော သတ္တဝါတို့ ကာယိကသုခနှင့် ပြည့်စုံကြပါစေ။

http://www.dhammadownload.com



(၂) သဗ္ဗေ သတ္တာ ခေမိနော ဟောန္တု=အလုံးစုံသော သတ္တဝါတို့ ဘေးရန်ကင်းကြပါစေ။

(၃) သဗ္ဗေ သတ္တာ သုခိတတ္တာ ဟောန္တု=အလုံးစုံသော သတ္တဝါတို့ စေတသိကသုခနှင့် ပြည့်စုံကြပါစေ။—

ဤကဲ့သို့ ရွတ်ဆိုပွါးများ နှလုံးထားလျှင် မေတ္တသုတ်လာ သမ္ဗသင်္ဂါဟိက မေတ္တာကို ပွါးသည်မည်၏။

## (ခ) ဒုကဘာဝနာမေတ္တာ

ဒုကဘာဝနာ မေတ္တာပွါးနည်းနှင့် တိကဘာဝနာ မေတ္တာပွါးနည်းတို့မှာ ပါဠိတော်၌ မကောက်ယူတတ်လျှင် ရှုပ်ထွေး၍ နေပေ၏။ (ရှုပ်ထွေးနေပုံကို ထပ်၍ ရှုပ်ထွေးမည်စိုး၍ မပြတော့ပြီ။) ဒုကဘာဝနာ မေတ္တာပွါးနည်းမှာ....

(၁) တသ-ထာဝရဒုက=ကြောက်ခြင်းရှိ မရှိ သတ္တဝါ တစုံ၊

(၂) ဒိဋ္ဌာဒိဋ္ဌဒုက=မြင်အပ် မမြင်အပ် သတ္တဝါ တစုံ၊

(၃) ဒူရ-သန္တိကဒုက=အနီးအဝေး သတ္တဝါ တစုံ၊

(၄) ဘူတ-သမ္ဘဝေသိဒုက=ရဟန္တာနှင့်ပုထုဇန်သေက္ခသတ္တဝါ တစုံ—

ဟူ၍ လေးမျိုးရှိရာ....

(၁) တသာ ဝါ ထာဝရာ ဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ=တပ်ခြင်းကြောက်လန့်ခြင်း မကင်းကြသည့်ပုထုဇန် သေက္ခအရိယာ သတ္တဝါ, တပ်ခြင်း ကြောက်လန့်ခြင်း ကင်းတော်မူကြသည့် ရဟန္တာသတ္တဝါ-အကြွင်းမရှိသော ဤအလုံးစုံသောသတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟူ၍ နှလုံးသွင်း ပွါးများလျှင် တသ-ထာဝရဒုကဘာဝနာ မေတ္တာစင်စစ် ဖြစ်၏။

(၂) ဒိဋ္ဌာ ဝါ အဒိဋ္ဌာ ဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ= မြင်အပ်သော သတ္တဝါ, မမြင်အပ်သောသတ္တဝါ-အကြွင်းမရှိသော ဤအလုံးစုံသော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ဟူ၍ နှလုံးသွင်း ပွါးများလျှင် ဒိဋ္ဌာဒိဋ္ဌဒုကဘာဝနာ မေတ္တာစင်စစ် ဖြစ်၏။

(၃) ဒူရာ ဝါ အဝိဒူရာ ဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ= ဝေးသောအရပ်၌ နေသောသတ္တဝါ, နီးကပ်သောအရပ်၌ နေသောသတ္တဝါ-အကြွင်းမရှိသော ဤအလုံးစုံသော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟူ၍ နှလုံးသွင်း ပွါးများလျှင် ဒူရ-သန္တိကဒုကဘာဝနာ မေတ္တာစင်စစ် ဖြစ်၏။

http://www.dhammadownload.com



(၄) ဘူတာ ဝါ သမ္ဘဝေသီ ဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ=ရဟန္တာပုဂ္ဂိုလ်,ကြွင်းသောပုထုဇန်သေက္ခပုဂ္ဂိုလ်-(တနည်း—ပဝတ္တိကာလ ရောက်ရှိသောသတ္တဝါ,ပဋိသန္ဓေကာလ၌ ရှိနေကြသောသတ္တဝါ)အကြွင်းမရှိသော ဤအလုံးစုံသော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ဟူ၍ နှလုံးသွင်း ပွါးများလျှင် ဘူတ-သမ္ဘဝေသီဒုကဘာဝနာ မေတ္တာစင်စစ်ဖြစ်၏။

ဤဆိုအပ်ပြီးသော မေတ္တာဘာဝနာလေးနည်းကို ဒုကဘာဝနာမေတ္တာ ဟူ၍ ခေါ်ဆို၏။ သတ္တဝါတို့ကို နှစ်စုနှစ်ပုံ ပုံ၍ ပွါးများသော မေတ္တာဟူလို။

## (ဂ) တိကဘာဝနာမေတ္တာ

ဤတိကဘာဝနာ မေတ္တာပွါးနည်းမှာ....

(၁) ဒီဃရဿမဇ္ဈိမတိက=အရှည် အတို အလယ်အလတ် သုံးပုံတစု၊

(၂) မဟန္တာဏုကမဇ္ဈိမတိက=အကြီး အငယ် အလယ်အလတ် သုံးပုံတစု၊

(၃) ထူလာဏုကမဇ္ဈိမတိက=အဆူ အကြုံ အလယ်အလတ် သုံးပုံတစု-ဟူ၍ သုံးမျိုးရှိရာ....

(၁) ဒီဃာ ဝါ ရဿာ ဝါ မဇ္ဈိမာ ဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ=ရှည်လျားသော ခန္ဓာကိုယ်အတ္တဘောရှိသောသတ္တဝါ, တိုတောင်းသော ခန္ဓာကိုယ်အတ္တဘောရှိသော သတ္တဝါ, မတိုမရှည် အလယ်အလတ် ခန္ဓာကိုယ်အတ္တဘောရှိသောသတ္တဝါ-အကြွင်းမရှိသော ဤအလုံးစုံသောသတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ဟူ၍ နှလုံးသွင်း ပွါးများလျှင် ဒီဃရဿမဇ္ဈိမ တိကဘာဝနာ မေတ္တာစင်စစ် ဖြစ်၏။

(၂) မဟန္တာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ=ကြီးကျယ်သော ခန္ဓာကိုယ်အတ္တဘောရှိသော သတ္တဝါ, ငယ်ငေါင်းသော ခန္ဓာကိုယ်အတ္တဘောရှိသော သတ္တဝါ, မကြီးမငယ် အလယ်အလတ် ခန္ဓာကိုယ်အတ္တဘောရှိသောသတ္တဝါ-အကြွင်းမရှိသော ဤအလုံးစုံသော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ဟူ၍ နှလုံးသွင်း ပွါးများလျှင် မဟန္တာဏုကမဇ္ဈိမတိကဘာဝနာ မေတ္တာစင်စစ် ဖြစ်၏။

(၃) ထူလာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ=ဆူဖြိုးသောခန္ဓာကိုယ်အတ္တဘောရှိသောသတ္တဝါ, ကြုံလှီသော ခန္ဓာကိုယ်အတ္တဘောရှိသောသတ္တဝါ, မဆူမကြုံ အလယ်အလတ်

http://www.dhammadownload.com



ခန္ဓာကိုယ်အတ္တဘောရှိသောသတ္တဝါ-အကြွင်းမရှိသော ဤအလုံးစုံသောသတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ဟူ၍ နှလုံးသွင်း ပွါးများလျှင် ထုလာဘုကမဇ္ဈိမတိကဘာဝနာ မေတ္တာစင်စစ် ဖြစ်၏။

ဤဆိုအပ်ပြီးသော မေတ္တာဘာဝနာ သုံးနည်းကို တိကဘာဝနာမေတ္တာ ဟူ၍ ခေါ်ဆို၏။ သတ္တဝါတို့ကို သုံးစု သုံးပုံ ပုံ၍ ပွါးများသောမေတ္တာဟူလို။

ဆိုအပ်ပြီးသည့် (က) သမ္ဗာဟိက မေတ္တာ (ခ) ဒုကဘာဝနာမေတ္တာ (ဂ) တိကဘာဝနာမေတ္တာတို့ကို သူတပါး စီးပွါးချမ်းသာ ရောက်ရှိရန် တောင့်တသောမေတ္တာများ ဖြစ်ကြ၍ ဟိတသုခါဂမပတ္ထနာမေတ္တာဟူ၍ ခေါ်၏။

သူတပါးတို့ စီးပွါးချမ်းသာ ရောက်ရှိရန် တောင့်တလိုလားခြင်းကို ဟိတသုခါဂမပတ္ထနာမေတ္တာဟု ခေါ်သကဲ့သို့၊ သူတပါးတို့အား အစီးအပွါးမဲ့ ဆင်းရဲဒုက္ခ မရောက်ရန် တောင့်တခြင်းကို အဟိတဒုက္ခာနာဂမပတ္ထနာမေတ္တာ ဟူ၍ ခေါ်ဆို၏။ ထို အဟိတဒုက္ခာနာဂမပတ္ထနာ မေတ္တာပွါးနည်းကို ပါဠိတော်၌....

န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ နံ ကဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခမိစ္ဆေယျ။—

ဟူ၍ ဟောတော်မူ၏။

အဓိပ္ပါယ်ကား....“ဩ...သတ္တဝါတယောက်သည် တယောက်ကို မလှည့်ဖြားပါစေသား၊ မထီမဲ့မြင်မှု မပြုပါစေသား၊ အချင်းချင်းအား ကိုယ်နှုတ်နှလုံး ဖောက်ပြန်ကာ ချုတ်ချယ်ခြင်း ထိပါးခြင်းဖြင့် ဆင်းရဲဒုက္ခကို အလိုမရှိပါစေသား” ဟူ၍ နှလုံးသွင်း ပွါးများလျှင် အဟိတဒုက္ခာနာဂမပတ္ထနာ မေတ္တာ ဖြစ်၏။

မေးဖွယ်ရှိပြန်သည်ကား.... “မေတ္တာဘာဝနာ ပွါးများနည်းကို တနည်းတည်းသာ မပြဆိုပဲ၊ အဘယ့်ကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်လာ နည်းအမျိုးမျိုး မေတ္တသုတ်ပါဠိတော်လာ နည်းအမျိုးမျိုးတို့ကို ထုတ်ဖော် ပြဆိုနေရပါသနည်း” ဟူ၍ မေးဖွယ်ရှိ၏။

အဖြေကား....ပုထုဇန်တို့၏စိတ်သည် အာရုံအမျိုးမျိုး၌ လေ့လာ ကျက်စား မရပ်မနား လှည့်လည်၍ နေ၏၊ ထိုသို့ အာရုံအမျိုးမျိုး၌ လေ့လာကျက်စား မရပ်မနား လှည့်လည်၍နေသော စိတ်သည် တနည်း တည်းဖြင့်ပင် မေတ္တာဘာဝနာ အာရုံ၌ ကြံ့ကြံ့မတည်နိုင်၊ အာရုံ

http://www.dhammadownload.com



အမျိုးမျိုး ပြောင်းလဲကာ ပြောင်းလဲကာ လေ့လာပွါးများမှ အစဉ်သဖြင့် သမာဓိရနိုင် ကြံ့ကြံ့ တည်နိုင်သည်၊ ထို့ကြောင့် မေတ္တာပွါးနည်း အမျိုးမျိုးကို မြတ်စွာဘုရား ဟောကြားတော်မူသည်၊ နောက်ဆရာတို့ကလည်း ထုတ်ဖော်ပြရပါသည်ဟူ၍ ဖြေဆိုရာ၏။ (တနည်းကား) မေတ္တာဘာဝနာအလုပ်ကို အားထုတ်သောပုဂ္ဂိုလ်တို့မှာ အဇ္ဈာသယဓာတ်ခံ အမျိုးမျိုးရှိကြ၏၊ အချို့မှာ အနောဓိသမေတ္တာပွါးနည်းက ဉာဏ်၌ ထင်လင်း၏၊ အချို့မှာ ဩဓိသမေတ္တာပွါးနည်းက ဉာဏ်၌ ထင်လင်း၏၊ အချို့မှာ အရပ်မျက်နှာကို မှတ်၍ ပွါးနည်းက ဉာဏ်၌ ထင်လင်း၏၊ အချို့မှာ မေတ္တာသုတ်လာ သမ္ဗသင်္ဂဟိက မေတ္တာဘာဝနာပွါးနည်းက ဉာဏ်၌ ထင်လင်း၏၊ အချို့မှာ ဒုကဘာဝနာ၊ အချို့မှာ တိကဘာဝနာမေတ္တာပွါးနည်းက ဉာဏ်၌ ထင်လင်း၏၊ ဤသို့ မေတ္တာဘာဝနာအလုပ်ကို အားထုတ်သော ပုဂ္ဂိုလ်တို့၏ အဇ္ဈာသယဓာတ်ခံ အမျိုးမျိုးရှိကြသောကြောင့် မိမိ မိမိတို့ ထင်လင်းရာ အာရုံကိုယူ၍ မေတ္တာဘာဝနာတရား ပွါးများနိုင်ကြစိမ့်သောငှါ မေတ္တာပွါးနည်း အမျိုးမျိုးကို မြတ်စွာဘုရား ဟောကြားသည့်အတိုင်း နောက်ဆရာတို့ကလည်း အပြည့်အစုံ ထုတ်ဖော်ပြဆိုရသည် ဟူ၍ ဖြေဆိုရာ၏။

## အလောင်းတော်တို့၏ မေတ္တာ

ဘုရားအလောင်းတော်များ မေတ္တာတရားပွါးများပုံ (မေတ္တာပါရမီ ဖြည့်ကျင့်တော်မူကြပုံ)ကို ပါဠိတော်များမှာ သုဝဏ္ဏသာမဇာတ်တော်ကို ညွှန်ပြဟောကြားထားတော်မူ၏၊ ဤသုဝဏ္ဏသာမအကြောင်းအရာသည် စရိယာပိဋကပါဠိတော်နှင့် မဟာနိပါတ် နှစ်ဌာနတို့၌ လာရှိရာ စရိယာပိဋကပါဠိတော်၌ အကျဉ်းချုပ်မျှ လာရှိပုံကား....“ချစ်သား သာရိပုတြာ....ငါဘုရားသည် သုဝဏ္ဏသာမဖြစ်စဉ် သိကြားဖန်ဆင်းပေးသော ကျောင်း၌နေကာ တောထဲမှာ ခြင်္သေ့နှင့်ကျားတို့ကို မေတ္တာပွါး၍ နေ၏၊ ခြင်္သေ့ကျားတို့နှင့်ရင်း သစ်တို့နှင့်ရင်း ဝံတို့နှင့်ရင်း ကျွဲတို့နှင့်ရင်း သမင်ပြောက် ဝက်တို့နှင့်ရင်း ခြံရံလျက် တောထဲမှာ နေခဲ့သည်၊ တကောင်သော တိရစ္ဆာန်မျှ ငါ့ကို မကြောက်လန့်ပေ၊ ငါသည်လည်း မည်သည့်တိရစ္ဆာန်ကိုမျှ မကြောက်လန့်၊ မေတ္တာစွမ်းအား ထောက်ပံ့ထားသည်ဖြစ်၍ ထိုအခါ တောထဲမှာ ငါမွေ့လျော်သည်”ဟူ၍ ဟောကြားတော်မူသည်။

ဤပါဠိတော်အရ သုဝဏ္ဏသာမ၏ မျိုးရိုးဇာတိစသော အကြောင်းအရာတို့ကို တစုံတရာမျှ အထူးမသိရ၊ တောထဲမှာသာ သားကောင်များနှင့် အချင်းချင်း မကြောက်မလန့် မေတ္တာစွမ်းအား ထောက်ပံ့ကာ မြင့်မြတ် မွေ့လျော်စွာ နေကြကြောင်းကိုသာ သိရသည်။

http://www.dhammadownload.com



မဟာနိပါတ် သုဝဏ္ဏသာမ ဇာတ်တော်၌ကား မြားပစ်ခံရပြီးနောက် အလောင်းတော် သုဝဏ္ဏသာမက "အဘယ့်ကြောင့် ကျွန်ုပ်ကို မြားဖြင့် ပစ်သနည်း"ဟု မေးရာ၊ ပီဠိယက္ခမင်းက "ငါသမင်ကို ပစ်ခတ်ရန် ချောင်းမြောင်းနေစဉ် မြားဦးဆီသို့လာသော သမင်သည် သင့်ကိုမြင်၍ ထိတ်လန့်ထွက်ပြေးသွားသည့်အတွက် အမျက်ထွက်သောကြောင့် သင့်ကို ပစ်မိပေသည်"ဟု ပြောဆိုရာ သုဝဏ္ဏသာမက ပြန်၍ပြောသောစကားရပ်တွင်—

န မံ မိဂါ ဥတ္တသန္တိ၊ အရညေ သာပဒါနိပိ=ငါ့ကို သမင်များ မြင်၍ မလန့်ကြပါ၊ (သမင်သာ မဟုတ်) တောထဲရှိ သားရဲတိရစ္ဆာန်တို့လည်း မလန့်ကြပါ ဟူ၍၎င်း၊

**ဘီရူ ကိမ္ပုရိသာ ရာဇ၊ ပဗ္ဗတေ ဂန္ဓမာဒနေ။**
**သမ္မောဒမာနာ ဂစ္ဆာမ၊ ပဗ္ဗတာနိ ဝနာနိ စ။**

မင်းကြီး....ဂန္ဓမာဒနတောင်၌ နေကာ လွန်စွာ ကြောက်ရွံ့တတ်သော ကိန္နရာများပင် ဝမ်းမြောက်ဝမ်းသာ ကျွန်ုပ်ထံ လာကြ၍ တောတောင်အရပ်တို့သို့ သွားလာနေကြပါသည် ဟူ၍၎င်း ပါရှိ၏။

ဤပါဠိတော်တို့ကို ထောက်ဆ၍ အလောင်းတော်သုဝဏ္ဏသာမသည် တောတွင်း၌နေကာ တောနေတိရစ္ဆာန်များအပေါ် ကိန္နရာပါမကျန်အောင် မေတ္တာတရား ပွါးများထားသည့်အတွက် တောတွင်းရှိ သတ္တဝါအားလုံးတို့ သုဝဏ္ဏသာမအပေါ်မှာ မေတ္တာရှိကြကြောင်း ထင်ရှားသိသာပေ၏။

မေတ္တာ၏ အကျိုးတရား (၁၁)တဆယ့်တပါးတို့တွင် လူအများ ချစ်ခင်ကြကြောင်း နတ်ဘီလူးပြိတ္တာများ ချစ်ခင်ကြကြောင်းသာ တိုက်ရိုက်လာရှိသော်လည်း ဤသုဝဏ္ဏသာမဇာတ်တော်ကို ထောက်၍ လူနတ်သာမက တိရစ္ဆာန်တို့လည်း မေတ္တာအားဖြင့် ချစ်ခင်ကြကြောင်းကို မှတ်သားအပ်၏၊ (မေတ္တာအကျိုး (၁၁)တဆယ့်တပါးကို အောက်သီလပါရမီခဏ်း နဝင်္ဂဥပုသ်နှင့် စပ်၍ ပြဆိုခဲ့ပြီ)၊ ထိုအကျိုး (၁၁) တဆယ့်တပါးတို့တွင် အမနုဿာနံ ပိယော=နတ်ဘီလူး ပြိတ္တာတို့ ချစ်ခင်ခြင်းဟူသော အကျိုးတရားနှင့်စပ်၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဗြဟ္မဝိဟာရနိဒ္ဒေသတွင် ဝိသာခမထေရ်၏ အကြောင်းကို ထုတ်ပြထား၏၊ ထုတ်ပြပုံကား....

### ဝိသာခမထေရ်ဝတ္ထု

ပါဋလိပုတ်ပြည်သား ဝိသာခအမည်ရှိသော သူကြွယ်သည် သီဟိုဠ်ကျွန်းအကြောင်းကို သတင်းကြားသိရသဖြင့် သီဟိုဠ်ကျွန်းသို့ သွားရောက်ကာ တရားအားထုတ်လိုသောကြောင့် မိမိစည်းစိမ်ဉစ္စာကို သားမယားများအား လွှဲအပ်

http://www.dhammadownload.com



ခဲ့ပြီးလျှင် သီဟိုဠ်ကျွန်းသို့ ကူးသွားကာ မဟာဝိဟာရကျောင်းတိုက်သို့ ရောက်၍ ရဟန်းပြုလေ၏။ ရဟန်းပြုပြီးနောက် ငါးလပတ်လုံး ဒွေမာတိကာ=(ဝိနည်းအကျဉ်းချုပ်နှစ်စောင်) ကို သင်ကြားပြီးလျှင် မဟာဝိဟာရကျောင်းတိုက်မှ ထွက်ခွါခဲ့၍ ကမ္မဋ္ဌာန်းတရား ပွါးများရန်သင့်လျော်မည့် ကျောင်းတိုက်စုကို ရှာပြီးလျှင် တကျောင်းတကျောင်းလျှင် လေးလစီမျှ သီတင်းသုံးနေတော်မူလေ့ရှိပေ၏။

ထိုဝိသာခမထေရ်သည် စိတ္တလအမည်ရှိသော တောင်ကျောင်းသို့ ကြွရာ လမ်းခရီးနှစ်ခွ ရှိနေသည်ကို တွေ့သဖြင့် မည်သည့်လမ်းသို့ လိုက်ရပါမည်နည်းဟု စဉ်းစားနေခိုက် တောင်စောင့်နတ်က လက်ညှိုးညွှန်ပြလိုက်သဖြင့် စိတ္တလတောင်ကျောင်းသို့ ရောက်ကာ လေးလပတ်လုံး သီတင်းသုံးနေတော်မူ၍ နက်ဖန်တွင် အခြားကျောင်းတိုက် တတိုက်သို့ သွားမည်ဟု ကြံစည်လျက် ကျိန်းစက်တော်မူသောအခါ စင်္ကြံအစွန်းရှိ မြစိမ်းပင်စောင့်နတ်က စောင်းတန်းဦး ပျဉ်ချပ်ပေါ်မှာ ထိုင်၍ ငိုနေ၏၊မထေရ်မြတ်က "ယခု ငိုသောသူ မည်သူနည်း" ဟု မေးရာ "တပည့်တော် မြစိမ်းပင်စောင့်နတ် ဖြစ်ပါသည်"ဟု လျှောက်၏၊ "အဘယ့်ကြောင့် ငိုသနည်း"ဟု မေးတော်မူပြန်ရာ "အရှင်ဘုရားကြွတော်မူမည့်အတွက်ကြောင့် ဖြစ်ပါသည်"ဟု လျှောက်၏။ "ငါ ဤအရပ်မှာ နေသဖြင့် အသင့်အား မည်ကဲ့သို့ ကျေးဇူးရှိသနည်း"ဟု မေးမြန်းပြန်ရာ "အရှင်ဘုရားတို့သည် ဤအရပ်၌ နေတော်မူကုန်သည်ရှိသော် ဤအရပ်ရှိ နတ်ဘီလူးစသည်တို့သည် အချင်းချင်းမေတ္တာတရားကို ရကြပါကုန်သည် (အချင်းချင်း ချစ်ခင်ကြပါကုန်သည်)၊ ယခု အရှင်ဘုရားတို့ ကြွသွားတော်မူကုန်သည်ရှိသော် ထိုနတ်ဘီလူး စသည်တို့သည် မသင့်မတင့် ငြင်းခုံခိုက်ရန်မှု ပြုကြလျက် ကြမ်းကြုတ်သောစကားတို့ကိုပင် ဆိုကြပါလိမ့်မည်"ဟု လျှောက်ထား၏။

မထေရ်မြတ်က "ငါ ဤအရပ်မှာနေသဖြင့် သင်ပြောသည့်အတိုင်း သင်တို့ ချမ်းသာစွာ နေရခြင်းဖြစ်သည်ဆိုလျှင် ကောင်းပြီ၊ဤအရပ်မှာပင် နောက်ထပ် လေးလ နေဦးမည်"ဟု မိန့်ဆိုကာ နေတော်မူပြန်၏၊ လေးလ ရှိသောအခါ မထေရ်ကြွမည်ဟု ကြံပြန်လျှင် မြစိမ်းပင်စောင့်နတ်က ငို၍ တားမြဲတားပြန်၏။ ဤသို့လျှင် လေးလစေ့၍ မထေရ်ကြွမည် ကြံတိုင်းကြံတိုင်း နတ်က ငို၍ ငို၍ တားသောကြောင့် မထေရ်မြတ်သည် အခြားအရပ်သို့ မကြွဖြစ်ပဲ ဤစိတ္တလတောင်ကျောင်းမှာပင် ပရိနိဗ္ဗာန် စံတော်မူရလေ၏။

ဤဝတ္ထုကို ထောက်သဖြင့် ဝိသာခမထေရ်၏ မေတ္တာသည် မေတ္တာရှင်ဖြစ်တော်မူသော မထေရ်အပေါ်မှာသာ မေတ္တာခံသောသူတို့က ချစ်ခင်ကြသည် မဟုတ်သေး၊ မေတ္တာခံ အချင်းချင်းလည်း မထေရ်၏

http://www.dhammadownload.com



မေတ္တာကို အကြောင်းပြု၍ ချစ်ခင်ခြင်းမေတ္တာကို ရရှိကြသည်ဟု ကောင်းစွာ မှတ်သားအပ်၏။

## မူဆိုး၏ မေတ္တာ

အသီတိနိပါတ် (၂) မဟာဟံသဇာတ်၌လည်း ဘုရားအလောင်း ဟံသာမင်း၏ ခြေကို ကျော့ကွင်းမိသဖြင့် အတိဒုက္ခရောက်ရှိရာ စစ်သူကြီး ဟံသာမင်း၏ ပြောဟောချက်ဖြင့် မူဆိုးသည် သတိသံဝေဂရကာ ဘုရားအလောင်းကို အသာအယာ ပွေ့ယူ၍ ဆင်းရဲဒုက္ခပျောက်ကင်းကြောင်း ကောင်းမြတ်ထက်သန်လှသော မေတ္တာစိတ်ဖြင့် ယုယပြုစုလေရာ ခြေထောက်မှာ ကျော့ကွင်းရာမျှ မထင်ပဲ မူဆိုး၏ မေတ္တာအာနုဘော်ကြောင့် အကြော အကြောချင်း အသား အသားချင်း အရေ အရေချင်း ကောင်းစွာနေရာတကျ ဆက်စပ်၍ ခြေထောက်သည် နဂိုရ်ပကတိအတိုင်း ဖြစ်လေသည်။

ဤကား မဟာဟံသဇာတ်မှ လိုရင်းမျှကိုသာ ထုတ်ပြခြင်း ဖြစ်၏။ အကျယ်ကို မဟာဟံသဇာတ်ရင်းမှ ယူရာ၏။ အသီတိနိပါတ် ပဌမစူဠဟံသဇာတ်၊ ဝီသတိနိပါတ် (၅) ရောဟဏ္ဏမိဂဇာတ်၊ (၆) စူဠဟံသဇာတ်တို့မှာလည်း ဤအတိုင်းပင် လာရှိသည်။ ဤဇာတ်နိပါတ်တော်လာ အကြောင်းအရာတို့ကို ထောက်ထားကာ မေတ္တာ၏ တန်းခိုးအာနုဘော်ကြီးကြောင်းကို ကောင်းစွာသိရာ၏။

## မေတ္တာအယောင်ဆောင် ရာဂ

သတိပြုဖွယ် ကောင်းသည်ကား "ရာဂေါ မေတ္တာယနာမုခေန ဝဉ္စေတိ= ရာဂတရားသည် မေတ္တာယောင်ဆောင်ကာ လှည့်ပတ်တတ်သည်"ဟူ၍ နေတ္တိအဋ္ဌကထာ၌ မိန့်ဆိုထားချက်အရ သတ္တဝါများအပေါ်မှာ မေတ္တာပွားလိုသော သူသည် မေတ္တာယောင်ဆောင်သည့် ရာဂတရားကို မပွါးမိကြရန် အထူးသတိပြုသင့်ပေ၏။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဗြဟ္မဝိဟာရနိဒ္ဒေသ၌လည်း "အမျက်ဒေါသ၏ ငြိမ်းခြင်းသည် မေတ္တာ၏ပြည့်စုံခြင်း ဖြစ်၍၊ တပ်စွန်းချစ်ခင်သောရာဂ ဖြစ်ပေါ်လာခြင်းသည် မေတ္တာ၏ ပျက်စီးခြင်းဖြစ်သည်"ဟု ဖွင့်ပြထား၏။

အစိပ္ပါယ်မှာ....မုန်းနေသောသူတယောက်ကို မေတ္တာပွါးများလိုက်လျှင် မုန်းခြင်းတည်းဟူသော အမျက်ဒေါသစိတ် ပျောက်၍ အကျိုးလိုလားသည့် မေတ္တာတရား သက်ဝင်လာ၏။ ဤသို့ မုန်းခြင်း ပျောက်ငြိမ်းသွားခြင်းသည် မေတ္တာ၏ပြည့်စုံခြင်း ဖြစ်ပေ၏။ ဤသို့ မေတ္တာစင်စစ် ဖြစ်ပွါးနေရာမှ ထိုသူအပေါ်မှာ တွယ်တာချစ်ခင်သောစိတ် ဖြစ်လာလျှင် မေတ္တာအစစ် ပျက်သွားပြီ၊ ရာဂက မေတ္တာယောင်ဆောင်၍ အလှည့်ပတ် ခံရလေပြီဟု ဆိုလိုသည်။

http://www.dhammadownload.com



ဤမေတ္တာသည် ပါရမီဆယ်ပါးတွင် တပါးအပါအဝင် ဖြစ်သည့်အတိုင်း ဘုရားအလောင်း သုဝဏ္ဏသာမတို့ကဲ့သို့ မိမိနှင့် တွေ့ကြုံသမျှ သတ္တဝါတိုင်း မိမိအပေါ်မှာ ချစ်ခင်၍လာသည်တိုင်အောင် မေတ္တာပါရမီတရား ပွါးများအားထုတ်ရာ၏၊ ဤမေတ္တာတရားသည် ပါရမီဆယ်ပါးတွင် တပါးအပါအဝင် ဖြစ်ရုံမျှမက ဈာန်အဘိညာဏ်ရကြောင်း သမထကမ္မဋ္ဌာန်းပေါင်း လေးဆယ်တို့တွင်လည်း တပါး အပါအဝင် ဖြစ်သည်။ ထို့ကြောင့် ရှေးရှေးသော ဘုရားအလောင်း သူတော်ကောင်းတို့သည် မေတ္တာကို ပွါးများလျက် ထက်မြက်စူးစိုက်ကာ (ပါဠိလို အပ္ပနာဟု ခေါ်သော) ဈာန်အဘိညာဏ်တရားသို့ပင် ပေါက်ရောက်တော်မူကြသည်၊ ပါရမီကို ဖြည့်ရာ ဈာန်အဘိညာဏ်ကိုပါ ရရှိပေါက်ရောက်ဘူးသောထုံးကား တိကနိပါတ် (၄) အဋ္ဌန္တရဂ်၊ (၂) သေယျဇာတ်နှင့် စတုက္ကနိပါတ် (၁) ကာလိင်္ဂဝဂ်၊ (၃) ကေဆုဇာတ်များပင်ဖြစ်ကြ၏။

## သေယျဇာတ်

သေယျဇာတ်၌ လိုရင်းအကျဉ်းချုပ်မှာ...ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းသည် မင်းကျင့်တရား ဆယ်ပါးနှင့်အညီ မင်းပြု၍ ဒါနမှုကိုလည်းပြု၏၊ ငါးပါးသီလကိုလည်း စောင့်သုံး၏၊ ဥပုသ်စောင့်သုံးခြင်းကိုလည်း ပြု၏။ ထိုအခါ အမတ်တယောက်သည် နန်းတော်တွင်း၌ မသင့်မလျော်သော အပြစ်ကို ကျူးလွန်သည့်အတွက် ဗြဟ္မဒတ်မင်းက တိုင်းပြည်မှ နှင်ထုတ်လိုက်ရာ အနီးအပါး ကောသလမင်းထံ ဝင်ရောက်ခစားပြီးလျှင် ဗာရာဏသီပြည်ကို တိုက်ခိုက်သိမ်းယူပါလျှင် အလွယ်တကူနှင့်ပင် ရရှိမည့်အကြောင်း ဘိုက်တွန်းချက်အရ ကောသလမင်းသည် ဗာရာဏသီပြည်ကို လာရောက်ဝိုင်းဝန်း တိုက်ခိုက်ပြီးလျှင် ခုခံတိုက်ခိုက်ခြင်း အလျဉ်းမရှိသော ဗြဟ္မဒတ်မင်းကို မှူးမတ်များနှင့်တကွ ဖမ်းဆီး၍ သံခြေကျဉ်းခတ်ပြီးလျှင် ထောင်သွင်း အကျဉ်းချထားလေ၏။

ဗြဟ္မဒတ်မင်းသည် ထောင်တွင်း၌ နေလျက်ပင် ခိုးသူဖြစ်သော ကောသလမင်းကို မေတ္တာပွါးသဖြင့် မေတ္တာဈာန်ကို ရရှိတော်မူလေ၏၊ ထိုမေတ္တာတရား၏ အာနုဘော်ကြောင့် ခိုးသူဖြစ်သော ကောသလမင်း၏ ကိုယ်မှာ ပူလောင်ခြင်းဖြစ်၏၊ တကိုယ်လုံးမှာ မီးရှူးအစုံတို့ဖြင့် ရှို့မြှိုက်အပ်သကဲ့သို့ ဖြစ်၏။ ထိုကောသလမင်းသည် ကြီးစွာသော ဒုက္ခဖြင့် ဆထူးနာကျင်လှသည့်အတွက် မှူးမတ်တို့ကို "ငါ့မှာ အဘယ့်ကြောင့် ဤသို့ ဖြစ်ရသနည်း"ဟု မေး၏၊ မှူးမတ်တို့က "အရှင်မင်းကြီးသည် သီလနှင့် ပြည့်စုံသော ဗြဟ္မဒတ်မင်းကို ထောင်၌ချထားသည့်အတွက် ဤသို့ ဆင်းရဲကြီးစွာ ရောက်ရပါသည်"ဟု လျှောက်ထားကြသောအခါ ကောသလမင်းသည် လျင်စွာသွား၍ ဘုရားအလောင်း ဗြဟ္မဒတ်မင်းကို သည်းခံစေပြီး (ကန်တော့ပြီး)လျှင် အရှင်၏ တိုင်းပြည်သည် အရှင့်

http://www.dhammadownload.com



ပြည်ပင် ဖြစ်ပါစေဟူ၍ ပြန်လည်အပ်နှင်းလေသည်။ ဤဇာတ်၌ ဗြဟ္မဒတ်မင်းသည် မေတ္တာအားဖြင့် ချန်တရားကို ရရှိကြောင်း သိသာထင်ရှားပေ၏။

## ကောရဇာတ်

ကောရဇာတ် အကြောင်းအရာကား....လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းထံမှာ စစားသော အမတ်ဆိုးယောက်သည် နန်းတော်တွင်း၌ မသင့်မလျော်သော အပြစ်ကို ကျူးလွန်ခြင်းစသည်ဖြင့် ပြခဲ့ပြီးသော သေယျဇာတ်နှင့် အကြောင်းအရာ တူပေ၏။ ဤသေယျဇာတ်နှင့် ကောရဇာတ် နှစ်ဇာတ်လုံးပင် ဇာကနိပါတ် (၆) အာသီသဝဂ်၊ (၁) မဟာသီလဝဇာတ် အတိုင်းပင် ဖြစ်ကြ၏။ အကြောင်းအစုံအလင်ကို မဟာသီလဝဇာတ်၌ ကြည့်ရှုရာ၏။

ဤကောရဇာတ်၌ အထူးကား ကောသလတိုင်းရှင် ဒုဗ္ဗိသေနမင်းသည် နန်းယင်ပြင်မှာ အမတ်များ၏ အလယ်၌ တင့်တယ်စွာ စံနေသော ဗာရာဏသီမင်းကို နှောင်ဖွဲ့ကာ ဆိုင်းတွင် ထည့်စေပြီးလျှင် နန်းတော်တံခါးခုံအထက်၌ တွဲလျားစောက်ထိုး ဆွဲထားစေ၏။ ဗြဟ္မဒတ်မင်းသည် ခိုးသူဖြစ်သော ဒုဗ္ဗိသေနမင်းကို အာရုံပြုကာ မေတ္တာတရား ပွါးများသဖြင့် ချန်အဘိညာဏ်ကို ရပြီးလျှင် တွဲလျားစောက်ထိုး ဖွဲ့နှောင်ထားသည့် ကြိုးကိုဖြတ်ကာ ကောင်းကင်၌ တင်ပြင်ခွေ၍ နေတော်မူ၏။ ဒုဗ္ဗိသေနမင်း၏ ကိုယ်မှာလည်း ပူလောင်ခြင်းပြင်းထန်လှသဖြင့် ပူလှသည် ပူလှသည်ဟု ညည်းညူကာ မြေအပြင်၌ အပြန်ပြန်လူးလိမ့်၍ နေပြီးမှ "အဘယ့်ကြောင့် ငါ ဤသို့ ဖြစ်ရသနည်း"ဟု မှူးမတ်တို့ကို မေးလျှင်၊ မှူးမတ်တို့က "အရှင်မင်းကြီး....အရှင်မင်းကြီးတို့သည် တရားစောင့်၍ အပြစ်မရှိသည့်မင်းကို မတရားဖမ်းယူကာ စောက်ထိုးတွဲလျား ဆွဲထားစေသည့်အတွက် ဤသို့ ဆင်းရဲဒုက္ခကြီးစွာ ရောက်ရကုန်သည်"ဟု လျှောက်ထားကြကုန်၏။ "ဤသို့ဖြစ်လျှင် လျင်မြန်စွာ သွား၍ လွှတ်ကြပါကုန်"ဟု စေခိုင်းသဖြင့် မင်းချင်းယောကျ်ားတို့ လျင်မြန်စွာ သွား၍ ကြည့်ကြသည်တွင် ကောင်းကင်၌ တင်ပြင်ခွေ ထိုင်နေသော ဗြဟ္မဒတ်မင်းကို မြင်ကြသဖြင့် ပြန်လှည့်ကာ ဒုဗ္ဗိသေနမင်းအား အကြောင်းကို ပြန်ကြားလျှောက်ဆိုကြကုန်၏။

## မြတ်စွာဘုရား၏ မေတ္တာတော်

မြတ်စွာဘုရား လက်ထက်တော်က ဘုရားအမှူးရှိသော သံဃာတော်တို့ ကုသိနာရုံပြည်သို့ ခရီးဒေသစာရီ ကြွချီဆိုက်ရောက်တော်မူရာ မလ္လမင်းတို့ အချင်းချင်း "ဘုရားအမှူးရှိသော သံဃာကို မကြိုဆိုလျှင် ဤမျှ ဒဏ်ထားစတမ်း"ဟု ကတိကဝတ်ထားချက်အရ အရှင်အာနန္ဒာ၏ လူဖြစ်စဉ်အခါ သူငယ်ချင်းဖြစ်သော ရောဇမည်သော မလ္လမင်းသည်လည်း ဘုရားအမှူးရှိသော

http://www.dhammadownload.com



သံဃာတော်ကို အခြားမလ္လမင်းတို့နှင့်အတူ ကြိုဆိုဝတ်ပြုလေသည်။ ယိုအခါ အရှင်အာနန္ဒာက ရောဇမလ္လမင်းကို ဤကဲ့သို့ ဘုရားအမှူးပြုသော သံဃာတော်ကို ကြိုဆိုဝတ်ပြုရခြင်းသည် အရတော်ကြောင်း စသည်ဖြင့် ချီးမွမ်းစကား မိန့်ဆိုတော်မူရာတွင် ရောဇမလ္လမင်းက မိမိသည် ရတနာသုံးပါးကို ကြည်ညို၍ ဤကဲ့သို့ ကြိုဆိုခြင်းမဟုတ်၊ မလ္လမင်းတို့ အချင်းချင်း သဘောတူဆုံးဖြတ်ကြသည့် ကတိကဝတ်ကြောင့်သာ ကြိုဆိုခြင်းဖြစ်ကြောင်း စိတ်ရင်းအတိုင်း လျှောက်ထားပြောဆိုလတ်သည်တွင် အရှင်အာနန္ဒာသည် စိတ်ချမ်းသာတော်မမူပဲ ဘုရားထံမှောက် သွားရောက်၍ အကြောင်းအကျိုး လျှောက်ထားပြီးလျှင် ရောဇ၏ စိတ်နှလုံး နူးညံ့အောင် ပြုတော်မူပါရန် တောင်းပန်လျှောက်ထားသဖြင့် မြတ်စွာဘုရားသည် ရောဇကို သီးသန့်အာရုံပြုကာ မေတ္တာဖြန့်ဝေတော်မူလျှင် ရောဇမလ္လမင်းသည် အမိနှင့်ကွဲနေသော နွားငယ်ပမာ မိမိ၏ နန်းအိမ်၌ တည်ငြိမ်စွာမနေနိုင်ပဲ ဘုရားသီတင်းသုံးရာ ကျောင်းတော်သို့ လာရောက်၍ သဒ္ဓါတရားစစ်စစ် သက်ဝင်ကာ မြတ်စွာဘုရားကို ဖူးမြော်တရားနာရသဖြင့် သောတာပန် တည်လေသည်။

တချိန်ကလည်း ဘုရားအမှူးရှိသော သံဃာတော်တို့ ရာဇဂြိုဟ်ပြည်အတွင်း ဆွမ်းခံကြွတော်မူသောအခါ ဒေဝဒတ်သည် အဇာတသတ်မင်းနှင့် တိုင်ပင်၍ အလွန်မုန်ယစ်နေသော နာဠာဂီရိဆင်ကို ဘုရားရှင်သို့ ရှေးရှု တိုက်လွှတ်လေသည်။ မြတ်စွာဘုရားသည် နာဠာဂီရိဆင်ကို မေတ္တာရေချမ်း သွန်းဖျန်းတော်မူခြင်းဖြင့် အောင်မြင်တော်မူလေသည်။ ထိုအခါ ရာဇဂြိုဟ် ပြည်သူပြည်သားတို့က—

**ဒဏ္ဍေနေကေ ဒမယန္တိ၊ အင်္ကုသာဟိ ကသာဟိ စ။**

**အဒဏ္ဍေန အသတ္ထေန၊ နာဂေါ ဒန္တော မဟေသိနာ။**

ဧကေ၊ အချို့သော နွားဆရာ ဆင်ဆရာ မြင်းဆရာတို့သည်။ ဒဏ္ဍေန၊ ဒုတ်လှင်ကန်(တပြာ)ဖြင့်ငင်း။ အင်္ကုသာဟိ၊ ချွန်းတို့ဖြင့်ငင်း။ ကသာဟိစ၊ ကြိမ်လုံးတို့ဖြင့်ငင်း။ ဒမယန္တိ၊ ရိုက်နှက်ထိုးဆွ ဆုံးမကြကုန်၏။ မဟေသိနာ၊ မြတ်စွာဘုရားသည်ကား။ အဒဏ္ဍေန၊ ဒုတ်လှင်ကန်မပါရှိပဲ။ အသတ္ထေန၊ တစုံတရာ လက်နက်မပါရှိပဲ။နာဂေါ၊နာဠာဂီရိ အမည်ရှိသောဆင်ကြမ်းကို။ဒန္တော၊ မေတ္တာရေအေး ဖျန်းပက်ပေး၍ ယဉ်ကျေးအောင် ဆုံးမတော်မူအပ်ပေပြီ။—ဟူ၍ ဝမ်းမြောက်ဝမ်းသာ ဤဂါထာကို ရွတ်ဆိုကြလေသည်။

မေတ္တာပါရမီခန်း ပြီး၏။

http://www.dhammadownload.com



## (၃) ဥပေက္ခာပါရမီ

### ဥပေက္ခာအဓိပ္ပါယ်

ဤဥပေက္ခာဟူသော ပါဠိစကားမှာ သဒ္ဒါနက်အားဖြင့် "သင့်တင့်အောင် ရှုခြင်း" ဟူ၍ မြန်မာပြန်ဆိုရ၏၊ သင့်တင့်အောင် ရှုခြင်းဟူသည် ဆင်းရဲမှု ချမ်းသာမှု နှစ်ပါး ကွဲပြားရာမှာ မည်သည့်ဖက်သို့မျှ တဖက်သတ်မလိုက်ပါပဲ ဆင်းရဲမှုနှင့်လည်းသင့်တင့် ချမ်းသာမှုနှင့်လည်း သင့်တင့်လေအောင် ရှုခြင်းဟု ဆိုလိုသည်။ ဤကဲ့သို့ ရှုခြင်းကိုပင် ရှေးပညာရှိကြီးများက "လျစ်လျူရှုခြင်း" ဟူ၍ မြန်မာပြန်ဆိုခဲ့ကြသည်။

ဤပညာရှိတို့၏ စကားအဓိပ္ပါယ်ကို ကောင်းစွာမစဉ်းစားမိက "လျစ်လျူရှုခြင်းဟူသည် အာရုံမပြုဂရုမစိုက်ပဲ စွန့်ပစ်ထားလိုက်ခြင်းပင် ဖြစ်သည်"ဟု မှတ်ထင်ပြောဆိုမိတတ်ကြ၏။ ဤသို့ အာရုံမပြုပဲ စွန့်ပစ်ထားခြင်းကို ဥပေက္ခာ ခေါ်သည်မဟုတ်၊ ဥပေက္ခာဟူသည် အာရုံပြုရမည်သာ ဖြစ်၏၊ သို့ရာတွင် ဆင်းရဲမှုအာရုံနှင့်တွေ့လျှင်တမျိုး ချမ်းသာမှုအာရုံနှင့်တွေ့လျှင်တမျိုး ဤကဲ့သို့ ထူးထွေကွဲလွဲခြင်းမရှိ၊ သာမညအားဖြင့် တစားတည်းထား၍ ရှုမြင်ဆင်ခြင်ခြင်းသာ ဖြစ်၏။

### ဥပေက္ခာပွါးနည်း

ဤဥပေက္ခာကို ပွါးများရန်နည်းမှာ ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ မေတ္တာပွါးများနည်းအတိုင်းပင် ဖြစ်၏၊ မေတ္တာပွါးများနည်းမှာကား ပွါးများပုံအခြင်းအရာ လေးမျိုးရှိသည့်အတွက် ငါးရာနှစ်ဆယ်ရှစ်နည်း ရရှိပေသည်၊ ဥပေက္ခာပွါးနည်းမှာမူ "ကမ္မဿကာ=ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန်၏" ဟူ၍ ပွါးပုံနည်း တနည်းသာရှိသောကြောင့် ငါးရာနှစ်ဆယ်ရှစ်၏ လေးပုံတပုံ (၁၃၂) တရာသုံးဆယ့်နှစ်နည်းသာ ရနိုင်၏။

ရနိုင်ပုံကား... မေတ္တာပွါးနည်းမှာ ပြခဲ့ပြီးသည့်အတိုင်း အနောဓိသပုဂ္ဂိုလ် ငါးပါး ဩဓိသပုဂ္ဂိုလ်ခုနစ်ပါးဟူ၍ ပုဂ္ဂိုလ်တဆယ့်နှစ်ပါးရ၏။ ပွါးပုံအခြင်းအရာမှာ ကမ္မဿကာဟူသော တနည်းတည်းသာဖြစ်၍ ပွါးနည်းအတွက် နည်းအရေအတွက် မတိုးတော့ပြီ၊ သဗ္ဗေ သတ္တာ ကမ္မဿကာ၊ ။သဗ္ဗေ ပါဏာ ကမ္မဿကာ၊ ။သဗ္ဗေ ဘူတာ ကမ္မဿကာ၊ ။သဗ္ဗေ ပုဂ္ဂလာ ကမ္မဿကာ၊ ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ကမ္မဿကာ၊ ။သဗ္ဗာ ဣတ္ထိယော ကမ္မဿကာ၊ ။ သဗ္ဗေ ပုရိသာ ကမ္မဿကာ၊ ။သဗ္ဗေ အရိယာ ကမ္မဿကာ၊ ။သဗ္ဗေ အနရိယာ ကမ္မဿကာ၊ ။သဗ္ဗေ ဒေဝါ ကမ္မဿကာ၊ ။သဗ္ဗေ မနုဿာ ကမ္မဿကာ၊ ။ သဗ္ဗေ ဝိနိပါတိကာ ကမ္မဿကာ၊ ဤကဲ့သို့ အရပ်မျက်နှာဖြင့် မပိုင်းခြားပဲ

http://www.dhammadownload.com



ရအပ်သောနည်း တဆယ့်နှစ်ပါး။ ဤတဆယ့်နှစ်ပါးကို တဖန် အရပ်ဆယ်မျက်နှာဖြင့် မြှောက်ပွါး ပိုင်းခြားလိုက်သော် တရာ့နှစ်ဆယ်ရ၏၊ အရပ်မျက်နှာကို မပိုင်းခြားပဲ ရခဲ့သော နည်းတဆယ့်နှစ်ပါးနှင့် ပေါင်းလိုက်သော် နည်းပေါင်း တရာသုံးဆယ့်နှစ်ပါးဖြစ်၏။ ဤနည်း တရာသုံးဆယ့်နှစ်ပါးထဲမှ မိမိနှစ်သက်ရာ တနည်းနည်းဖြင့် ဥပေက္ခာကို ပွါးများလိုက ပွါးများရာ၏။ အခြားနည်းဖြင့် မပွါးကောင်း ဟူ၍ကား မမှတ်ယူအပ်။

ထင်ရှားစေဦးအံ့ ...မေတ္တာပွါးနည်း၌ ပြခဲ့ပြီးသည့်အတိုင်း ပုဂ္ဂိုလ်များကို အခြားနည်းအားဖြင့် သုံးနှုန်းခေါ်ဆို၍ ပွါးများလိုက ပွါးများနိုင်သည်သာ ဖြစ်၏။ ပွါးများပုံအခြင်းအရာ "ကမ္မဿကာ" ဟူသောနေရာ၌လည်း ဤပါဠိနှင့် အနက်အဓိပ္ပါယ် တူမျှသော အခြားပါဠိများဖြင့်လည်း ပွါးများနိုင်သည်သာ ဖြစ်၏၊ အခြားပါဠိများဟူသည်မှာ အင်္ဂုတ္တရနိကာယ၊ပဥ္စကနိပါတ်၊ (၆)နီဝရဏဝဂ်၊ (၇) အဘိဏှသုတ်၌ "သဗ္ဗေ သတ္တာ ကမ္မဿကာ ကမ္မဒါယာဒါ ကမ္မယောနီ ကမ္မဗန္ဓူ ကမ္မပ္ပဋိသရဏာ" ဟူ၍ ဟောတော်မူသည့် အတိုင်း....

ကမ္မဿကာ=ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန်၏၊

ကမ္မဒါယာဒါ=ကံ၏အမွေခံသာ ဖြစ်ကြကုန်၏၊

ကမ္မယောနီ=ကံသာလျှင် အမျိုး(အကြောင်းရင်း) ရှိကြကုန်၏၊

ကမ္မဗန္ဓူ=ကံသာလျှင် အဆွေခင်ပွန်းရှိကြကုန်၏၊

ကမ္မပ္ပဋိသရဏာ=ကံသာလျှင် ကိုးကွယ်အားထားရာ ရှိကြကုန်၏—

ဟူ၍ အဓိပ္ပါယ် ပြန်ဆိုရသည့်အတိုင်း ဖော်ပြရာပါ ပါဠိငါးပုဒ်တို့သည် အနက်အဓိပ္ပါယ် တူညီကြသည်ဖြစ်၍ "သဗ္ဗေ သတ္တာ ကမ္မဿကာ"ဟု ပွါးများရမည့်အစား—

သဗ္ဗေ သတ္တာ ကမ္မဒါယာဒါ ဟူ၍သော်၎င်း၊

သဗ္ဗေ သတ္တာ ကမ္မယောနီ ဟူ၍သော်၎င်း၊

သဗ္ဗေ သတ္တာ ကမ္မဗန္ဓူ ဟူ၍သော်၎င်း၊

သဗ္ဗေ သတ္တာ ကမ္မပ္ပဋိသရဏာ ဟူ၍သော်၎င်း—

မိမိနှစ်သက်ရာ ဉာဏ်၌ထင်လင်းရာ ပါဠိတို့ဖြင့် ပွါးများနိုင်သည်ဟု သိရှိမှတ်ယူအပ်၏။

http://www.dhammadownload.com



## စဉ်းစားဖွယ်

ဤအရာ၌ စဉ်းစားဖွယ် ရှိပြန်သည်ကား....ဖြည့်ကျင့်ရမည့် ပါရမီတပါး ဖြစ်သော မေတ္တာမှာ သတ္တဝါအများတို့ကို အာရုံပြုကာ ချမ်းသာစေလိုသော စိတ်နှလုံးကိုထားရသည့်အတွက် မြင့်မြတ်သော ပါရမီတရားဖြစ်ထိုက်ကြောင်း သိသာထင်ရှားပေ၏၊ ဥပေက္ခာမှာမူ ဖြည့်ကျင့်ဆည်းပူးအပ်သော ပါရမီတပါး ပင်ဖြစ်သော်လည်း သတ္တဝါအများကို အာရုံပြုကာ သတ္တဝါတို့၏ ချမ်းသာမှု ဆင်းရဲမှုသည် သူတို့၏ ကံအတိုင်းသာ ဖြစ်သည်၊ ချမ်းသာထိုက်သော ကံပါ လျှင် ချမ်းသာလိမ့်မည်၊ ဆင်းရဲထိုက်သော ကံပါလျှင် ဆင်းရဲလိမ့်မည်၊ ငါ တစုံတရာမျှ ကြောင့်ကြစိုက်နေဖွယ်မရှိဟူသော နှလုံးသွင်းခြင်းမျိုးဖြစ်၍ ဤ နှလုံးသွင်းခြင်းမျိုးကို မြင့်မြတ်လှသည်ဟု ဆိုရန် ခဲယဉ်းမည်မဟုတ်ပါလော၊ (အရပ်သုံး ဝေါဟာရဖြင့် ပြောဆိုလျှင်)သတ္တဝါတို့ကို ဂရုမစိုက်ပဲ အမှတ်မဲ့နေ ခြင်းပင် ဖြစ်သည်ဟုဆိုက မှားနိုင်ပါမည်လော၊ သို့ဖြစ်၍ ဥပေက္ခာတရားသည် အဘယ့်ကြောင့် မြင့်မြတ်သော ပါရမီတရား ဖြစ်နိုင်ပါသနည်းဟု စဉ်းစား ဆင်ခြင်ရန် လိုအပ်ပေ၏။

စဉ်းစားဆင်ခြင်သော်....လောကကြောင်း ဓမ္မကြောင်း နှစ်ပါးလုံးမှာပင် ရခဲ ဖြစ်စေနိုင်ခဲသော အရာသည် အဖိုးတန်၍၊ ရလွယ် ဖြစ်စေနိုင်လွယ်သော အရာသည် ထိုကဲ့သို့ အဖိုးမတန်ဖြစ်ခြင်းမှာ ဓမ္မတာပင်ဖြစ်၏။ လောက၌ ကျောက်စရစ်ခဲ အမှိုက်သရိုက် သဲတို့သည် ရလွယ်လှသည့်အတွက် အဖိုးမတန် လှပဲ၊ ရွှေ ငွေ ကျောက် သံ ပတ္တမြားစသည်တို့ကား ရခဲ ဖြစ်စေနိုင်ခဲလှသည့် အတွက် အဖိုးတန်လှကြောင်း လူအများပင် အသိအမြင် ထင်ရှားပေ၏။

ဤအတူ ဓမ္မကြောင်းမှာလည်း လောဘ ဒေါသစသော တရားဆိုးတို့သည် ရလွယ်ဖြစ်စေနိုင်လွယ်လှသော တရားတွေချည်းဖြစ်၍ အနည်းငယ်မျှ အဖိုး မတန်၊ ရအောင်ဖြစ်အောင် တမင်ကြံဆောင်အားထုတ်နေရခြင်း မရှိ၊ မဖြစ် အောင်ပင် တားမြစ်၍ မလွယ်ကူလှပဲ လွှန်လွှန်ကဲကဲ ဖြစ်ပွါးတတ်သောတရား တွေသာ ဖြစ်ကုန်၏၊ အဖိုးမတန်သည့် ပေါင်းပင်များနှင့်လည်း တူလှကုန်၏။ ဒါနသီလစသော ကုသိုလ်တရားတို့သည်ကား အားထုတ်မှု မရှိပဲ အလို အလျောက် မဖြစ်ပွါးနိုင်၊ အားထုတ်ဆည်းပူးနိုင်ပါမှ ဖြစ်ပေါ်လာသော ပယရားစုသာ ဖြစ်ကုန်၏။ ထိုတရားစုထဲတွင် ဒါနသီလတို့ထက် အဆင့်အတန်း မြင့်သော ဘာဝနာကုသိုလ်အဝင်အပါ မေတ္တာတရားအစစ်ကို ရရှိရန် မေတ္တာ တရားစစ်စစ်ကို ဖြစ်စေနိုင်ဖို့ရန် ခဲယဉ်းလှပေ၏။

ခဲယဉ်းပုံမှာ....ဝေရီပုဂ္ဂိုလ် မဇ္ဈတ္တပုဂ္ဂိုလ် ပိယပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ်သုံးစား ရှိသည့်အနက် ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်တို့အပေါ်မှာ မေတ္တာတရားပွါးများ

http://www.dhammadownload.com



ဖြစ်စေနိုင်ရန် ခဲယဉ်းလှ၏။ မိတ်ဆွေလည်းမဟုတ် ရန်သူလည်းမဟုတ်သော အလတ်စား မဇ္ဈတ္တပုဂ္ဂိုလ်တို့အပေါ်မှာကား ရန်သူအပေါ်မှာလောက် ခဲယဉ်းခြင်းမရှိ၊ ချစ်အပ်သော မိတ်ဆွေအပေါ်မှာသာ မခဲမယဉ်း အလွယ်တကူနှင့် ပွါးများနိုင် ဖြစ်စေနိုင်ပေသည်။ သို့ရာတွင် မေတ္တာအာရုံထားရှိရန် ခဲယဉ်းသော ဝေရီပုဂ္ဂိုလ်နှင့် အလတ်စား မဇ္ဈတ္တပုဂ္ဂိုလ်တို့အပေါ်မှာ မေတ္တာတရား မပွါးများပဲ အလွယ်လိုက်ကာ ချစ်အပ်သော မိတ်ဆွေအပေါ်မှာသာ ပွါးများပါတော့မည် ဟူ၍ မေတ္တာကို မည်ကဲ့သို့ပင် ပွါးများနေစေကာမူ ထိုမေတ္တာသည် ခဲယဉ်းခြင်းမရှိသည့်အတွက် အဖိုးတန်မေတ္တာ မဟုတ်သည့်ပြင် ထိုမေတ္တာမျိုးကို ပွါးများနေ၍လည်း မေတ္တာပါရမီကို ဖြည့်ကျင့်ရာ မရောက်။

မေတ္တာပါရမီ ဖြည့်ဝရန် ကျကျနန ပွါးများလိုလျှင် ရှေးဦးစွာ မိမိကိုယ်ကို မေတ္တာပွါးများရသည်။ ဤကဲ့သို့ မိမိကိုယ်ကို မေတ္တာပွါးခြင်းသည် ကိုယ်ရေးကိုယ်တာဖြစ်၍ အလွယ်တကူနှင့် မေတ္တာတရား ချွင်းချက်မရှိ ပြည့်ပြည့်စုံစုံ ဖြစ်ပေါ်နိုင်သည်၊ ဤသို့ မိမိအပေါ်မှာ ပွါးများသဖြင့် ပြည့်ပြည့်စုံစုံဖြစ်ပေါ်လာသော မေတ္တာကို စံနမူနာပြုလုပ်ထားစေလိုသည့်အတွက် ရှေးဦးစွာ မိမိကိုယ်ကို မေတ္တာပွါးများရသည်ဟု ဆိုခြင်းဖြစ်သည်။

ထို့နောက် ရန်သူပုဂ္ဂိုလ် အလယ်အလတ်ပုဂ္ဂိုလ် မိတ်ဆွေပုဂ္ဂိုလ်တို့ အပေါ်မှာ ပွါးများသောအခါ ထူးခြားခြင်းမရှိပဲ စံနမူနာထားသည့် (မိမိကိုယ်ကိုပွါးသည့်) မေတ္တာတရားအတိုင်း ညီညီမျှမျှ ပွါးများနိုင်ရသည်။ ဤကဲ့သို့ မိမိကိုယ်နှင့် မခြားမနား ပုဂ္ဂိုလ်သုံးမျိုးလုံးအပေါ်မှာ ညီမျှသော မေတ္တာကို ပွါးရန် လွယ်ကူပါမည်လော၊ မလွယ်ကူလှပေ။ ရန်သူပုဂ္ဂိုလ် အလယ်အလတ်ပုဂ္ဂိုလ်တို့ကို ထားဘိဦး၊ "အတ္တသမံ ပေမံ နတ္ထိ=ကိုယ်နှင့်တူသည့် ချစ်အပ်သောသူမရှိ" ဟူသော တရားတော်အတိုင်း ချစ်အပ်သော ပိယပုဂ္ဂိုလ်အပေါ်မှာပင် ကိုယ်နှင့်အညီအမျှ မေတ္တာတရား ဖြစ်ပွါးထားရှိရန် ခဲယဉ်းပေလိမ့်မည်၊ ဤသို့ မိမိနှင့် ထပ်တူဖြစ်အောင် မိတ်ဆွေအပေါ်မှာပင် ပွါးများရန်ခဲယဉ်းသော မေတ္တာတရားကို မိတ်ဆွေဘွင်မက အလယ်အလတ်ပုဂ္ဂိုလ် ရန်သူပုဂ္ဂိုလ်တို့ကိုပါ တတန်းတစားတည်း ခွဲခြား၍မရအောင် ညီညီမျှမျှ ပွါးနိုင်သောမေတ္တာမှသာ ပါရမီ မေတ္တာစင်စစ် ဖြစ်သည်။

ဤအကြောင်းကို ထောက်ထားပါက မေတ္တာပါရမီစစ်စစ် ဖြစ်ပွါးရန် မည်မျှလောက် ခဲယဉ်းသည်၊ မည်မျှလောက် အဖိုးတန်သည်တို့ကို သိရှိပေလိမ့်မည်။ ဤသို့ ခဲယဉ်း အဘိုးထိုက်တန်လှစွာသော မေတ္တာပါရမီကို ပွါးများသည့်အတွက်ပင် ကျား ခြသေ့ စသော သတ္တဝါရိုင်းတွေကသော်မှ သုဝဏ္ဏသာမ

http://www.dhammadownload.com



အပေါ်မှာ မေတ္တာသက်ဝင်ကြကြောင်းကို ရှေး၌ပြခဲ့ပြီ။ ဤမေတ္တာနည်းအရ ဥပေက္ခာအရာမှာလည်း ပါရမီမြောက်မည့် ဥပေက္ခာကား မေတ္တာထက်ပင် ပိုမို၍ ခဲယဉ်းပေသည်။

ခဲယဉ်းပုံမှာ....ပြခဲ့ပြီးသော ပုဂ္ဂိုလ်သုံးမျိုးအနက် အလယ်အလတ် မဇ္ဈတ္တ ပုဂ္ဂိုလ်အပေါ်မှာပင် ဥပေက္ခာတရားဖြစ်ရန် လွယ်ကူလှသည်မဟုတ်ပေ၊ လောက ၌ကား—"ဤသူ့ ကို ယခု ငါ ဥပေက္ခာ ပြုထားပြီ၊ ဤစီးပွါးထည်းမှာ ငါသည် ကမ္ဘာကာပင် ထားပါသည်"စသည်ဖြင့် အရေးမယူ ဂရုမစိုက်ခြင်း သဘောကို သာ ပြောဆိုနေကြသဖြင့် လျစ်လျူရှုခြင်း ဥပေက္ခာသည် အရေးမပါ အရာ မရောက်သကဲ့သို့ ဖြစ်၍နေ၏၊ စင်စစ်ကား ဥပေက္ခာဖြစ်ရန် အာရုံပြု၍ ဂရုစိုက် ရမည်သာ ဖြစ်၏။

မေတ္တာအရာမှာ မိတ်ဆွေအပေါ်၌ ပွါးများရန် လွယ်ကူသကဲ့သို့ ဥပေက္ခာ အရာ၌လည်း အလယ်အလတ် ပုဂ္ဂိုလ်အပေါ်မှာ ပွါးများရန် လွယ်ကူသေး၏၊ အကြောင်းမှာ ပကတိအားဖြင့်ပင် အလယ်အလတ် ပုဂ္ဂိုလ်အပေါ်မှာ ချစ်ခြင်း မုန်းခြင်းမရှိသဖြင့် ထိုသူ၏ချမ်းသာစေလိုသောစိတ် ပျက်စီးစေလိုသောစိတ်တို့ မဖြစ်ပွါးအောင် စောင့်ရှောက်ရန် လွယ်ကူ၏။ အလယ်အလတ် ပုဂ္ဂိုလ်အပေါ် မှာ ဥပေက္ခာပွါးများဖို့ထက် ရန်သူပုဂ္ဂိုလ်အပေါ်မှာ ဥပေက္ခာပွါးများဖို့ရန် ပိုမို ခဲယဉ်း၏၊ အကြောင်းမှာ ရန်သူအပေါ်၌ ပကတိအားဖြင့် မုန်းထားစိတ် ရှိနေ သည့်အတွက် ရန်သူမှာ ပျက်စီးသွားသတဲ့ဆိုလျှင် ဝမ်းသာဝမ်းမြောက်သော သဘော အလွယ်နှင့် ပေါ်ပေါက်လာတတ်၏၊ ရန်သူမှာ ကောင်းစား ချမ်းသာ သတဲ့ဆိုလျှင် မနာလို မနှစ်သက်သောသဘော အလွယ်နှင့် ပေါ်ပေါက်လာ တတ်၏၊ထိုသဘောမျိုး နှစ်ပါးလုံးပင် မဝင်လာအောင် မပေါ်ပေါက်လာအောင် စောင့်ရှောက်ပိတ်ပင်ရန် ခဲယဉ်း၏။ ဤသဘောမျိုး အနည်းငယ်မျှ ဝင်လာ လျှင်ပင် ဥပေက္ခာသဘော ပျက်ကွက်၍သွား၏။

ဤသို့ ရန်သူအပေါ်မှာ ဥပေက္ခာပွါးများရန် ခဲယဉ်းသည်ထက် မိတ်ဆွေ ပိယပုဂ္ဂိုလ်အပေါ်မှာ ဥပေက္ခာပွါးများရန် သာ၍ခဲယဉ်းပြန်၏၊ အကြောင်းမှာ ပိယပုဂ္ဂိုလ်အပေါ်မှာ ပကတိအားဖြင့် မေတ္တာသက်ဝင် ချစ်ခင်နေသည့်အတွက် ပိယပုဂ္ဂိုလ်သည် ချမ်းသာသုခ ရသွားသတဲ့ဆိုလျှင် စိတ်အထူးရွှင်လန်း ဝမ်း မြောက်၍လာတတ်၏။ ပိယပုဂ္ဂိုလ် ပျက်စီးသွားသတဲ့ဆိုလျှင် အလွန်တရာ ပူပင် သောက ဝင်ရောက်၍လာတတ်၏၊ ထိုရွှင်လန်းဝမ်းမြောက်ခြင်း ပူပင်သောက ရောက်ခြင်း နှစ်မျိုးတို့ မဝင်လာနိုင်အောင် စောင့်စည်းပိတ်ပင်ရန် ခဲယဉ်းလှ၏။

ဖော်ပြအပ်ပြီးသည့် ခဲယဉ်းခြင်းမျိုးတွေ မရှိစေပဲ မိမိကိုယ်နှင့် တကွသော မဇ္ဈတ္တပုဂ္ဂိုလ် ဝေရီပုဂ္ဂိုလ် ပိယပုဂ္ဂိုလ် သုံးစားလုံး၌ပင် စိတ်သဘောထား

http://www.dhammadownload.com



မခြားမနား တမျိုးတစားတည်းအားဖြင့် လျစ်လျူရှုနိုင်မှု ဥပေက္ခာသဘော ထမြောက်အောင်မြင်၏။ ဤပုဂ္ဂိုလ်သုံးစားအပေါ်မှာ စိတ်သဘောထား ခြားနားခြင်း တစုံတရာ ရှိနေသမျှ ဥပေက္ခာတရား ကောင်းစွာ ထမြောက်အောင်မြင်ခြင်း မရှိနိုင်။

ဥပေက္ခာမှာ ပြခဲ့ပြီးသည့်အတိုင်း အာရုံမပြု ဂရုမစိုက် စွန့်ပစ်ထားရသော သဘောမျိုးမဟုတ်ပဲ အာရုံပြု၍ ဂရုစိုက်ရမည့် သဘောသာဖြစ်ရာ ထိုသို့ ဂရုစိုက်ရာမှာ "ငါနှင့်တကွသော သတ္တဝါများ ချမ်းသာစေရန်အတွက်ငင်း ဆင်းရဲစေရန်အတွက်ငင်း တစုံတရာအားထုတ်မှု ပြု၍မရ၊ ချမ်းသာထိုက်သော ကံပါလာသည့် သတ္တဝါတို့မှာ ချမ်းသာကြမည်သာ ဖြစ်၏၊ ဆင်းရဲထိုက်သော ကံပါလာသည့် သတ္တဝါတို့မှာ ဆင်းရဲကြမည်သာ ဖြစ်၏၊ ထိုသတ္တဝါတို့၏ ချမ်းသာမှု ဆင်းရဲမှုသည် မိမိတို့ ကံနှင့်သာ သက်ဆိုင်သည်ဖြစ်၍ တစုံတရာမျှ ကြောင့်ကြစိုက်၍ မရနိုင်"ဟူ၍ သတ္တဝါတို့ကို အာရုံပြုကာ ထင်ထင်ရှားရှား နှလုံးသွင်းနိုင်ခြင်းသာလျှင် ဥပေက္ခာစင်စစ် ဖြစ်ပေသည်။ ဤသို့ သတ္တဝါများအတွက် တစုံတရာ စိုးရိမ်ကြောင့်ကြမှု မပြုရသဖြင့် ဥပေက္ခာတရားသည် သိမ်မွေ့လှ၏၊ တည်ကြည်ငြိမ်သက်လှ၏၊ မေတ္တာတရားထက် အထက်သို့ရောက်လေလေ အဆင့်အတန်းမြင့်လေလေ ဖြစ်၏။

အဆင့်အတန်းမြင့်ပုံမှာ....ဤဥပေက္ခာသည် မေတ္တာကဲ့သို့ပင်သမထကမ္မဋ္ဌာန်းလေးဆယ်တို့တွင် တပါးအပါအဝင်ဖြစ်ပြီးလျှင် ပါရမီဆယ်ပါးတွင်လည်း တပါးအပါအဝင် ဖြစ်၏။ သမထနည်းလမ်းအရ ဥပေက္ခာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများလိုလျှင် အထက်ဆုံးစျာန်အတွက်သာ ပွါးများရ၏၊ အောက်စျာန်များအတွက် မပွါးများရ။ ထင်ရှားစေဦးအံ့....စျာန်သည် ဉာဏ်နုံ့ နှေးသူတို့မှာ ငါးကြိမ်ပေါက်မြောက်မှ စျာန်စခန်းအဆုံးသို့ ရောက်၏၊ ထိုပုဂ္ဂိုလ်များအတွက် စျာန်ငါးပါးကို မြတ်စွာဘုရား ဟောကြားတော်မူ၏၊ ပဉ္စကနည်းဟူ၍ ခေါ်၏၊ သို့ဖြစ်၍ ဉာဏ်နုံ့ နှေးသူတို့အဖို့ ပဌမအကြိမ် ရရှိသောစျာန်ကို ပဌမစျာန်၊ ဒုတိယ တတိယ စတုတ္ထ ပဉ္စမအကြိမ်ရရှိသောစျာန်ကို ပဉ္စမစျာန် ဤသို့အားဖြင့် ဉာဏ်နုံ့ နှေးသူတို့အဖို့ စျာန်ငါးပါး ရှိလေသည်။

ဉာဏ်ထက်သော ပုဂ္ဂိုလ်တို့မှာကား လေးကြိမ်ပေါက်မြောက်လျှင်ပင် စျာန်တရားအဆုံးသို့ ရောက်လေ၏၊ ထိုပုဂ္ဂိုလ်များအတွက် စျာန်လေးပါးကို မြတ်စွာဘုရား ဟောကြားတော်မူ၏၊ စတုက္ကနည်းဟူ၍ ခေါ်၏၊ သို့ဖြစ်၍ ဉာဏ်ထက်သောသူတို့အဖို့ ပဌမအကြိမ်ရရှိသောစျာန်ကို ပဌမစျာန်၊ ဒုတိယ တတိယ စတုတ္ထအကြိမ်ရရှိသောစျာန်ကို စတုတ္ထစျာန် ဤသို့အားဖြင့် စျာန်လေးပါး ရှိလေသည်။

http://www.dhammadownload.com



ဤသို့ ဉာဏ်နုံ့နှေးသော ပုဂ္ဂိုလ်တို့အတွက် ဈာန်ငါးပါး ဉာဏ်ထက်မြက်သောပုဂ္ဂိုလ်တို့အတွက် ဈာန်လေးပါးဟူ၍ နည်းနှစ်နည်းရှိရာ မည်သည့်ဈာန်ကိုမျှ မရသေးခင် ဈာန်တရားကို ရရန်ကြိုးကုတ် အားထုတ်သောသူသည် ဥပေက္ခာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများမှု မပြုရသေး။ ဥပေက္ခာ ကမ္မဋ္ဌာန်းသည် ပဉ္စကနည်းအလို ပဉ္စမဈာန်နှင့်သာ သက်ဆိုင်၏၊ စတုက္ကနည်းအလို စတုတ္ထဈာန်နှင့်သာ သက်ဆိုင်၏။ သို့ဖြစ်၍ ဉာဏ်နုံ့နှေးသောသူဖြစ်လျှင် အခြားသောသမထကမ္မဋ္ဌာန်းများဖြင့် စတုတ္ထဈာန်တိုင် ပေါက်မြောက်အောင် အားထုတ်ပြီးမှ နောက်ဆုံး ပဉ္စမဈာန်ကို ရအောင် အားထုတ်လိုသောအခါမှသာ ဥပေက္ခာကမ္မဋ္ဌာန်းကို ပွါးများနိုင်သည်။ ဉာဏ်ထက်မြက်သောသူဖြစ်လျှင် အခြားသမထကမ္မဋ္ဌာန်းများဖြင့် တတိယဈာန်တိုင် ပေါက်မြောက်အောင် အားထုတ်ပြီးမှ နောက်ဆုံး စတုတ္ထဈာန်ကိုရအောင် အားထုတ်လိုသောအခါမှသာ ဥပေက္ခာကမ္မဋ္ဌာန်းကို ပွါးများနိုင်သည်။ အကြောင်းသော်ကား ဥပေက္ခာသည် ပြခဲ့ပြီးသောအတိုင်း သိမ်မွေ့တည်ကြည် မြင့်မြတ်သော သဘောရှိသောတရားဖြစ်၍ အထက်ဖြစ်သော ဈာန်တရားနှင့်သာ သက်ဆိုင်သည်၊ အောက်ဈာန်များနှင့် မသက်ဆိုင်။

မေတ္တာတရားမှာ အောက်ဈာန်လေးပါး သုံးပါးတို့နှင့်သာ သက်ဆိုင်၏၊ ဤအချက်ကို ထောက်သဖြင့်ပင် မေတ္တာတရားထက် ဥပေက္ခာတရားက သာလွန်မြင့်မြတ်ကြောင်း ထင်ရှားပေသည်။ သမထကမ္မဋ္ဌာန်းအနေဖြင့် စီးဖြန်းခြင်းမဟုတ်ပဲ ဥပေက္ခာပါရမီ ပြည့်ဝရန်သာ ရည်ရွယ်ခဲ့ပါလျှင် မည်သည့်အခါမှာမဆို ဥပေက္ခာတရားကို ပွါးများအားထုတ်နိုင်ပေသည်။

## မဟာလောမဟံသစရိယာ

ဤဥပေက္ခာပါရမီအရာ၌ ဘုရားအလောင်းတော်၏ ကြက်သီးမွေးညင်းထခမန်း ပြင်းထန်သော ဥပေက္ခာပါရမီ ဖြည့်ကျင့်တော်မူပုံကို စရိယာပိဋက ပါဠိအဋ္ဌကထာမှ ထုတ်ပြဦးအံ့....၊

ရှေးသရော့အခါ မြတ်စွာဘုရားအလောင်းတော်သည် ဥစ္စာများပြား ကြွယ်ဝမြင့်မြတ်သော အမျိုး၌ဖြစ်၍ ပညာသင်ကြားချိန်အရွယ်သို့ ရောက်သောအခါ ဒိသာပါမောက္ခဆရာ့ထံမှ ပညာရပ်အလုံးစုံကို သင်ကြားတတ်မြောက်၍ ပြန်လာပြီးလျှင် အမိအဖတို့ကို ကောင်းစွာ စောင့်ရှောက်လုပ်ကျွေး၍ နေ၏။ မိဖတို့ကွယ်လွန်ရာ ဆွေမျိုးဉာတိများက အမိအဖမှ ဆင်းသက်လာသော စည်းစိမ်ဥစ္စာတို့ကို ကောင်းစွာ တည်တံ့တိုးပွါးအောင် စောင့်ရှောက်စီမံပါလော့ဟူ၍ ပြောဆိုကြ၏။

http://www.dhammadownload.com



ဘုရားအလောင်းမှာမူကား သခၤါရတရားတို့၏ မမြဲခြင်းသဘောကို အရင်းခံကာ အလုံးစုံသော ဘုံဘဝတို့၌ ထိတ်လန့်ကြောက်ရွံ့ခြင်းသဘော တိုးပွါးထက်သန်ပြီးလျှင် စန္ဒာကိုယ်၌လည်း မတင့်တယ်သော အသုဘအမှတ်သညာကို ရရှိလျက် အိမ်ရာတည်ထောင်ခြင်း ကြောင့်ကြဖွယ်အမှုတို့ဖြင့် လွှမ်းမိုး၍နေသော ကိလေသာချုံ အရှုပ်အထွေးအတွင်းသို့ သက်ဆင်းလိုစိတ် လုံးဝမရှိပဲ ကြာမြင့်စွာသော ကာလကပင် ကာမနယ်မှ ထွက်မြောက်လိုသည့် စိတ်ဆန္ဒသာ အမြဲတိုးပွါး၍ နေ၏၊ တိုးပွါးသည့်အတိုင်း များပြားစွာသော စည်းစိမ်ဥစ္စာစုကို ပယ်စွန့်၍ ရဟန်းပြုလိုသော်လည်း "အကယ်၍ ငါရဟန်းပြုသွားလျှင် ဂုဏ်ကျေးဇူးကို ချီးမွမ်းကြခြင်းဖြင့် ငါ့အထင်အရှား ဖြစ်နေလိမ့်ဦးမည်"ဟု ကြံစည်မိပြန်၏။ ဤသို့ ကျော်စောထင်ရှား လာဘ်ပေါ်များမှု အရိုအသေပြုမှုတို့ကို စက်ဆုပ်သဖြင့် ရဟန်းမပြုပဲ "ငါသည် လာဘ်ရခြင်း မရခြင်းစသော လောကဓံတရားတို့၌ မတုန်မလှုပ်ဖြစ်ခြင်းငှါ စွမ်းနိုင်ပါမည်လော"ဟု ကြံစည်လျက် အထူးအားဖြင့် သူတပါးတို့၏ အနှိပ်အစက်ဒဏ်ကို သည်းခံခြင်းစသော အကျင့်ကို ပြည့်စေလျက် သူတပါးတို့အပေါ်မှာ လျစ်လျူရှုခြင်း တည်းဟူသော ပါရမီကို အထွတ်အထိပ်သို့ ရောက်စေအံ့ဟု ဝတ်မြဲတိုင်းသော အဝတ်ဖြင့်ပင် အိမ်မှထွက်ခဲ့၍ မြင့်မြတ်လှစွာ ခေါင်းပါးသော အသက်မွေးခြင်းရှိလျက် အားမရှိတရှိ မန့်တန့်ကဲ့သို့ သူတပါးတို့အပေါ်မှာ စိတ်မရှိတတ်သော သဘော (စိတ်မဆိုးတတ်သော သဘော)ရှိသူ ဟူ၍ အများက ယူဆရကာ အများတကာတို့၏ မရိုမသေ ညှဉ်းဆဲစရာဖြစ်၍ ရွာနိဂုံးမြို့တို့၌ တနေရာ တနေရာလျှင် တညတညသာ အိပ်နေ၍ လှည့်လည်ကျက်စား သွားလာနေတော်မူ၏။ မရိုမသေမှု များစွာအပြုခံရသော အရပ်မှာကား ကြာမြင့်စွာလည်း နေတော်မူ၏။ ဝတ်ဆင်တော်မူခဲ့သော အဝတ်များ ဆွေးမြည့်ဟောင်းနွမ်းလတ်သော် ရှိသမျှ အဝတ်ပိုင်းငယ်ဖြင့်သာ မျှတ၍ ထိုအဝတ်ပိုင်းငယ် တဖန်ဆွေးလတ်ပြန်သော် တစုံတယောက်က ပေးလှူသောအဝတ်ကို ခံယူတော်မမူပဲ အရှက်အကြောက်ဖုံးလွှမ်းရုံ ရရသမျှသော အရာဝတ္ထုတခုခုဖြင့်သာ ကိုယ်အင်္ဂါကို ဖုံးလွှမ်း၍ လှည့်လည်တော်မူ၏။

ဤသို့ နေသဖြင့် ကာလကြာမြင့်လတ်သော် နိဂုံးရွာတခုသို့ ရောက်ရှိတော်မူ၏။ထိုရွာ၌ ရွာသူသားငယ်(ကလေး)တို့သည် လွန်ကျူးစော်ကားတတ်သော သဘောရှိကြကုန်၏၊ အချို့အချို့သော မူဆိုးမသား မင်းကျွမ်းဝင်သူတို့၏သား မြေး ကျွန် စသည်တို့သည် ပျံ့လွင့်သောစိတ်ရှိကြ ငါတလူလူ မာန်မူတက်ကြွကြ လျှပ်ပေါ်လော်လည်ကြ နှုတ်ထွက်ကြမ်းထမ်းကြ ဖရိုဖရဲ တပြန့်ကြဲစကား ပြောကြားကြကုန်လျက် အခါခပ်သိမ်းပင် သူတဖက်သားအပေါ်မှာ ပျော်မြူးပြောင်လှောင်ခြင်း များစွာပြုလုပ် လှည့်လည်ကြကုန်၏။လူအိုလူမင်း ဆင်းဆင်း

http://www.dhammadownload.com



ရဲရဲ လမ်းသွားနေကြသည့် ယောကျ်ားမိန်းမတို့ကို မြင်လျှင် နောက်မှလိုက်၍ ကတော့ထဲ၌ ပြာထည့်ကာ ဖကျောအပေါ်မှာ လောင်းထည့်ကြကုန်၏၊ (မခံချိ မခံသာ ဖြစ်စေရန်) ဆပ်သွားရွက်ကို ချိုင်းကြား၌ဆွဲ၍ ပေးကြကုန်၏။ ထိုသို့ ဖောက်ဖောက်ပြန်ပြန် ပြုလုပ်သဖြင့် ပြန်လှည့်ကာ ကြည့်ကြသော အဖိုးအို အဖွားအို စသည်တို့ကိုလည်း ကုန်းယောင်ကွယောင် ဆံ့ယောင်စသည် ဖော်ပြသော ကစားခြင်း ပြောင်လှောင်ခြင်း မျိုးစုံကို ဖော်ပြလျက် ပြင်းစွာရယ်သွမ်းသွေးကြကုန်၏။

ဘုရားအလောင်းတော်သည် ထိုနိဂုံးရွာမှာ ဤသို့မသင့်မလျော် ပြုကျင့်လွန်ကျူး စော်ကားကြသည့် ထိုရွာသူသားယော်တို့ကို မြင်တော်မူလျှင် "ယခုအခါ ငါသည် ဥပေက္ခာပါရမီ ပြည့်စုံရန်အကြောင်း အထောက်အပံ့ကောင်းကို ရအပ်ပြီ"ဟု ကြံစည်၍ ထိုနိဂုံးရွာ၌ နေတော်မူ၏။ အလောင်းတော်ကို ထိုလွန်ကျူး စော်ကား သူယော်များမြင်လျှင် ဖောက်ပြန်သော အပြုအမူများကို ပြုလုပ်ရန် အားထုတ်ကြလေတော့၏၊ အလောင်းတော်သည် ထိုသူယော်တို့ ပြုမူချက်ကို မခံနိုင်ယောင် ကြောက်ရွံ့ယောင်ဆောင်ကာ ထ၍ပြေးသွားတော်မူလေ၏၊ သူယော်တို့သည် အလောင်းတော်နောက်သို့ ကောက်ကောက်ပိုင်း၍ လိုက်ကြကုန်၏။

ဘုရားအလောင်းတော်သည် ထိုသူယော်မိုက်တို့ မျက်ခြေမပျောက် နောက်မှ လိုက်လာသောအခါ သုသာန်အနီးသို့ ရောက်သည်တွင် "ဤအရပ်၌ ထိုသူယော်မိုက်တို့ကို တားမြစ်ပြောဆိုမည့်သူ တယောက်မျှ မရှိ၊ ငါ၏ ဥပေက္ခာပါရမီကို လှလှကြီး ဖြည့်ရတော့မည်"ဟု ကြံစည်တော်မူကာ သုသာန်အတွင်းသို့ သွားရောက်ပြီးလျှင် လူရိုးတခုကို ခေါင်းအုံးပြုလုပ်ကာ အိပ်နေတော်မူလေ၏။ သူယော်မိုက်တို့လည်း အခွင့်ကောင်းရကာ ဘုရားအလောင်းတော် အိပ်နေရာသို့ သွားကြပြီးလျှင် ခွဲခန်းဟပ်၍ တံတွေးဖြင့် ထွေးပက်ခြင်း အစရှိသည့် အမျိုးမျိုးသော ဖောက်ပြန်ပြစ်မှားမှုကို ပြုလုပ်ကာ ပြန်၍သွားကြကုန်၏။ ဤနည်းအတိုင်း ထိုသူယော်မိုက်တို့သည် နေ့တိုင်း နေ့တိုင်းပင် လာရောက်ပြုလုပ်ကြကုန်၏။

ပညာရှိသော သူတို့ကမူကား ထိုသူယော်မိုက်တို့ ဖောက်ပြန်ပြစ်မှားမှု ပြုလုပ်ကြသည်ကို မြင်သောအခါ တားမြစ်ကြပြီးလျှင် "ဤပုဂ္ဂိုလ်ကား တန်းခိုးအာနုဘော်ကြီးလှသော မြတ်သောရသေ့ မြတ်သောယောဂီ ပုဂ္ဂိုလ်ကြီး ဖြစ်ပေသည်"ဟု သိရှိကြကာ ပြန့်ပြောမြောက်များစွာသော ပူဇော်သက္ကာရမှု မြတ်နိုး တနာမှုကို ပြုကြလေကုန်၏။

http://www.dhammadownload.com



ဘုရားအလောင်းတော်သည်ကား သူငယ်မိုက်တို့နှင့် ပညာရှိများအပေါ်မှာ ငါ့ကို ပူဇော်ကြပေသည်ဟူ၍လည်း ချစ်ခြင်းမရှိ၊ ငါ့ကိုပြစ်မှားကြသည် ဟူ၍လည်း မုန်းခြင်းမရှိပဲ နှစ်မျိုးလုံးအပေါ်မှာ အလယ်အလတ် သဘောရှိခြင်းတည်းဟူသော တထပ်တည်းဘူမျှသော သဘောရှိတော်မူ၍ ဥပေက္ခာပါရမီကို ဖြည့်ကျင့်တော်မူလေသည်။

(ဤအကြောင်းအရာစုကို မဟာယောမဟံသဇာတ်ဟု ခေါ်သော်လည်း မဟာလောမဟံသဟူသော အမည်သည် ဘုရားအလောင်း၏ အမည် မဟုတ်၊ ဤအလောင်းတော်၏ ကျင့်တော်မူပုံကို မြင်ရသူတိုင်းများစွာ ကြက်သီး မွေးညင်း ထကြွရသောကြောင့် မဟာလောမဟံသဟူ၍ ခေါ်သည်။)

## ဥပေက္ခာ၏ ပြည့်စုံခြင်း

မုန်းခြင်း ချစ်ခြင်း နှစ်မျိုးတို့၏ ငြိမ်းခြင်းသည် ဥပေက္ခာ၏ ပြည့်စုံခြင်း ဖြစ်၏။ (ဥပေက္ခာပါရမီဟူသည် မုန်းခြင်း ချစ်ခြင်း နှစ်မျိုး၏ ငြိမ်းအေးခြင်းပင် ဖြစ်၏၊ မငြိမ်းအေးသမျှ ဥပေက္ခာပါရမီ မဖြစ်ဟု ဆိုလိုသည်။)

လူမှုရေးရာနှင့်စပ်၍ တစုံတရာ မသိမမြင်ပဲ တွေတွေဝေဝေ ငေးမှိုင်၍နေခြင်းသည် ဥပေက္ခာ၏ ပျက်စီးခြင်း ဖြစ်၏၊ ဤကဲ့သို့သော နေမှုကို ဥပေက္ခာ မခေါ်ရဟု ဆိုလိုသည်။ သို့ဖြစ်၍ ဤသို့ ငေးမှိုင်နေမှုသည် ဥပေက္ခာမဟုတ်၊ ဥပေက္ခာဟူ၍ ထင်မှားရသည့် မသိမမြင်မှုသာ ဖြစ်သည်၊ ဥပေက္ခာအစစ်မှာ တစုံတရာ မသိမမြင်ပဲ တွေတွေဝေဝေ ငေးမှိုင်နေခြင်း မဟုတ်၊ သတ္တဝါတို့၏ ချမ်းသာကြောင်း ဆင်းရဲကြောင်း အကောင်းအဆိုးကို သိမြင်သည်၊ သို့သော် ထိုကိစ္စများသည် ငါနှင့် မသက်ဆိုင်၊ထိုသူတို့၏ ကံနှင့်သာ ဆိုင်သည်ဟု ထင်ထင်မြင်မြင် နှလုံးသွင်းခြင်းသာ ဖြစ်သည်ဟူ၍ မှတ်ယူအပ်၏။

နေတ္တိအဋ္ဌကထာ၌ "ပြင်းစွာတွေဝေ ငေးမှိုင်နေခြင်းသည် ကောင်းကောင်းဆိုးဆိုး အာရုံအမျိုးမျိုးတို့၌ လျစ်လျူရှုသည့်အယောင်ဖြင့် လှည့်ပတ်တတ်သည်၊ (မောဟက ဥပေက္ခာယောင်ဆောင်၍ လှည့်ပတ်တတ်သည်။) ကုသိုလ်တရားတို့၌ အားမထုတ်လိုခြင်းသည် ဥပေက္ခာဗြဟ္မစိုရ် အယောင်ဆောင်၍ လှည့်ပတ်တတ်သည်၊ (ကုသိုလ်မှု၌ ပျင်းရိခြင်း ကောသဇ္ဇဓာတ်က ဥပေက္ခာယောင် ဆောင်တတ်သည်)" (နေတ္တိ-ဋ္ဌ၊ မျက်နှာ ၉၀) ဤကဲ့သို့ ဖွင့်ပြထားသည်။ ဤသို့ နေတ္တိအဋ္ဌကထာ၌ ပြဆိုအပ်သည့်အတိုင်း ဥပေက္ခာအယောင်

http://www.dhammadownload.com



ဆောင်ကြသည့် မော်ဟတရား ကောသဇ္ဇတရားတို့က မိမိကိုယ်ကို အလှည့်ဖြား မခံရအောင် အထူးသတိချပ်သင့်လှပေ၏။

## ဥပေက္ခာအရကောက်

ဥပေက္ခာဟူသည် ပရမတ္ထအားဖြင့် တရားကိုယ်ထင်ရှား သီးခြားရစကောင်းသော တရားဖြစ်၏၊ တတြမဇ္ဈတ္တတာခေါ်သော စေတသိက်တရားပင် ဖြစ်သည်။ သို့သော် တတြမဇ္ဈတ္တတာ စေတသိက်ဟူသမျှကို သိမ်းရုံးကာ အလုံးစုံပင် ဥပေက္ခာပါရမီဟူ၍ကား မခေါ်နိုင်။ တတြမဇ္ဈတ္တတာ စေတသိက်သည် သောဘဏစိတ်အားလုံးတို့နှင့် ဆက်ဆံသော စေတသိက်ဖြစ်၍ သောဘဏစိတ်တိုင်းမှာပင် ဤတတြမဇ္ဈတ္တတာ စေတသိက်သည် ယှဉ်တွဲဖြစ်ပေါ်၏၊ ဥပေက္ခာပါရမီစစ် ဖြစ်နိုင်သော တတြမဇ္ဈတ္တတာကား သတ္တဝါများကို အာရုံပြုကာ "သတ္တဝါတို့၏ ချမ်းသာမှု ဆင်းရဲမှုသည် ကံအတိုင်းသာ ဖြစ်ပေ၏၊ မည်သူမျှ ဝင်ရောက်ကြောင့်ကြစိုက်၍ ရကောင်းသည် မဟုတ်"ဟူ၍ သတ္တဝါတို့ကို အာရုံပြုကာ ထိုသတ္တဝါတို့မှာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိမှု အရင်းခံရှိမှုကို ခြင်ဆင်နှလုံးသွင်းသော အခြင်းအရာဖြင့် ဖြစ်သည့် တတြမဇ္ဈတ္တတာ စေတသိက်ဖြစ်သည်။ သတ္တဝါတို့ကို အာရုံမပြုပဲ ရတနာသုံးပါးအာရုံ ဒါနအာရုံ သီလအာရုံ စသည်တို့ကို အာရုံပြုကာ ဖြစ်ပေါ်လာသော တတြမဇ္ဈတ္တတာ စေတသိက်ကား ဥပေက္ခာပါရမီ မဖြစ်နိုင်။

သတ္တဝါတို့၏ ချမ်းသာမှု ဆင်းရဲမှုကို အာရုံပြု၍ လျစ်လျူရှုသည့်အခါမှာလည်း တတြမဇ္ဈတ္တတာ စေတသိက် တပါးတည်းသာ ဖြစ်လာသည် မဟုတ်၊ ယှဉ်ဖော်ယှဉ်ဖက် စိတ်စေတသိက်အများပင် အတူတကွ ဖြစ်ကြ၏၊ ထိုသို့ ဖြစ်ရာမှာ တတြမဇ္ဈတ္တတာ စေတသိက်၏ အာရုံနှင့် ယှဉ်ဖော်ယှဉ်ဖက်စိတ်စေတသိက်တို့၏ အာရုံသည် အတူတူပင် တမျိုးတည်းပင် တခုတည်းပင် ဖြစ်သော်လည်း သတ္တဝါတို့၏ ချမ်းသာမှု ဆင်းရဲမှုကို လျစ်လျူရှုခြင်းသည် တတြမဇ္ဈတ္တတာ စေတသိက်၏ သဘောရင်းဖြစ်၍ ထိုတတြမဇ္ဈတ္တတာ စေတသိက်ကို ဥပေက္ခာပါရမီဟု အမည်ထူးတပ်၍ ခေါ်ဆိုရလေသည်၊ ထိုသို့ ဖြစ်သည့်အခါတွင် တတြမဇ္ဈတ္တတာ စေတသိက်နှင့် ယှဉ်ဖော်ယှဉ်ဖက် စိတ်စေတသိက်တို့သည်လည်း ဥပေက္ခာပါရမီတွင် အပါအဝင် ဖြစ်ကုန်တော့၏၊ တတြမဇ္ဈတ္တတာ စေတသိက်က ဦးစီးခေါင်းဆောင် ဖြစ်ခြင်းမျှသာ ထူးတော့သည်။

## ဥပေက္ခာဆယ်ပါး

ဤသို့လျှင် ပရမတ္ထအားဖြင့် တရားကိုယ်သီးခြား ထင်ရှားရကောင်းပါလျက် ဥပေက္ခာပါရမီတွင် မပါဝင်နိုင်သော ဥပေက္ခာတရားများလည်း ရှိနေသည့်အတွက် ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် အဋ္ဌသာလိနီအဋ္ဌကထာတို့၌—

http://www.dhammadownload.com



၁။ ဆဠင်္ဂုပေက္ခာ၊
၂။ ဗြဟ္မဝိဟာရုပေက္ခာ၊
၃။ ဗောဇ္ဈင်္ဂုပေက္ခာ၊
၄။ ဝီရိယုပေက္ခာ၊
၅။ သင်္ခါရုပေက္ခာ၊
၆။ ဝေဒနုပေက္ခာ၊
၇။ ဝိပဿနုပေက္ခာ၊
၈။ တတြမဇ္ဈတ္တုပေက္ခာ၊
၉။ ဈာနုပေက္ခာ၊
၁၀။ ပါရိသုဒ္ဓုပေက္ခာ —

ဟူ၍ ဥပေက္ခာဆယ်မျိုးရှိကြောင်းကို ပြဆိုတော်မူကြ၏။

(၁) ထိုဆယ်မျိုးတို့တွင် ရဟန္တာပုဂ္ဂိုလ်ကြီးများမှာ ခြောက်ပါးသော ဒွါရတို့၌ ကောင်းကောင်း ဆိုးဆိုး အာရုံခြောက်မျိုးတို့ ထင်ကြရာ အလိုရှိအပ်သည့် ဣဋ္ဌအာရုံထင်သော်လည်း ဝမ်းမြောက်တော်မမူကြ၊ အလိုမရှိအပ်သည့် အနိဋ္ဌအာရုံထင်သော်လည်း နှလုံးမသာမယာ မရှိကြပဲ သတိသမ္ပဇဉ် အမြဲ ယှဉ်တော်မူကြကာ အသင့်အားဖြင့်သာ ရှုတော်မူကြကုန်သည်။ ဤသို့ ရဟန္တာပုဂ္ဂိုလ်၏ ဒွါရခြောက်ပါးတို့၌ ဣဋ္ဌ အနိဋ္ဌ ကောင်းကောင်း ဆိုးဆိုး အာရုံခြောက်မျိုးတို့ ထင်လာရာ၌ စင်ကြယ်သောမူလပကတိသဘောကို မစွန့်လွှတ်သော အခြင်းအရာအားဖြင့်ဖြစ်သော ဥပေက္ခာသည် **ဆဠင်္ဂုပေက္ခာ** မည်၏။ (အင်္ဂါခြောက်ပါးရှိသော ဥပေက္ခာဟု ဆိုလိုသည်၊ အင်္ဂါခြောက်ပါး ဟူသည် ဒွါရခြောက်ပါးနှင့် အာရုံခြောက်မျိုးတို့ပင် ဖြစ်၏။)

(၂) သတ္တဝါတို့၏ ချမ်းသာမှု ဆင်းရဲမှုသည် ထိုသူတို့၏ ကံအတိုင်းသာ ဖြစ်သည်ဟူ၍ လျစ်လျူရှုမှုသည် **ဗြဟ္မဝိဟာရုပေက္ခာ** မည်၏။ (မြတ်သော နေခြင်းဖြင့် လျစ်လျူရှုခြင်းဟု ဆိုလိုသည်။ ။ဤဗြဟ္မဝိဟာရုပေက္ခာသည်ပင် **ဥပေက္ခာပါရမီ** ဖြစ်၏။)

(၃) မဂ်ဖိုလ်တရား ရရှိရန် အားထုတ်သောအခါ အချို့တရားက အားလျော့၍ အချို့တရားက အားပိုနေလျှင် အားလျော့သော တရားကို မြှောက်မြှင့်ပေးရခြင်း အားပိုနေသောတရားကို ဖိနှိပ်ပေးရခြင်းပြုရမြဲ ဖြစ်သော်လည်း မဂ်၏အင်္ဂါအစိတ်အပိုင်းဟု ခေါ်အပ်သော ဗောဇ္ဈင်အဖြစ်သို့ ရောက်သော အခါ ယှဉ်ဖော်ယှဉ်ဖက်တရားတို့သည် အလျော့အပိုမရှိပဲ အညီအမျှသာ ဖြစ်ရှိကြသောကြောင့် တကွဖြစ်ဖက်တရားတို့အပေါ်မှာ အညီအမျှသာ ဖြစ်ခြင်းဟု ဆိုအပ်သော ဥပေက္ခာသည် **ဗောဇ္ဈင်္ဂုပေက္ခာ** မည်၏။

http://www.dhammadownload.com



(၄) မဂ်ဖိုလ်တရား ရရှိရန် အားထုတ်ရာမှာ လိုသည် ပိုသည်မရှိရအောင် ညီမျှစွာဖြစ်သော ဝီရိယသည် ဝီရိယုပေက္ခာမည်၏။

(၅) သမာဓိတရား မဂ်ဖိုလ်တရားတို့ကို ရရှိရန် အားထုတ်သောအခါ ပဌမဈာန်စသည်တို့ဖြင့် အသီးအသီး ပယ်ရှားအပ်သော နီဝရဏစသော သင်္ခါရတရားတို့ကို အာရုံယူခြင်း၌ လျစ်လျူရှုခြင်းသဘောသည် သင်္ခါရုပေက္ခာ မည်၏။(ဤသင်္ခါရုပေက္ခာသည် ဝိပဿနာဉာဏ် ရင့်သန်လာသောအခါ၌ ဖြစ်၏၊ ဝိပဿနာဉာဏ် မရင့်သန်သေးသည့်အခါမှာ နီဝရဏစသော သင်္ခါရတရားတို့ကို ပယ်ရှားရာ၌ ဂရုစိုက်ခြင်းပြုရသည်၊ ရင့်သန်လာသောအခါ ထိုနီဝရဏစသော သင်္ခါရတရားတို့ကို အထူးဂရုမစိုက်ရတော့ပဲ လျစ်လျူရှုသောအနေအားဖြင့်သာ ဖြစ်သည်ဟု ဆိုလိုသည်။)

(၆) အာရုံအရသာကို ခံစားရသည့်အခါမှာ ချမ်းသာသော အနေအားဖြင့်လည်း မဟုတ်၊ ဆင်းရဲသောအနေအားဖြင့်လည်း မဟုတ်ပဲ အလတ်စားဖြစ်သော အနေအားဖြင့်သာ ခံစားခြင်းဝေဒနာသည် ဝေဒနုပေက္ခာမည်၏။

(၇) ခန္ဓာစသောတရားတို့၏ အနိစ္စစသောသဘောကို အထူးမြင်အောင် ဆင်ခြင်သုံးသပ်ရာ၌ လျစ်လျူအနေအားဖြင့်သာ သုံးသပ်ဆင်ခြင်ခြင်းသည် ဝိပဿနုပေက္ခာမည်၏။ ။(ဤအရာ၌ ဝိပဿနာဟူသော စကား၏ အကျဉ်းချုပ် အဓိပ္ပါယ်ကို ဤသို့ သိရာ၏၊ ဝိ=အထူး၊ ပဿနာ=မြင်ခြင်း၊ အထူးသိမြင်ခြင်းကို ဝိပဿနာဟု ခေါ်သည်၊ အထူး မြင်ပုံကား,...လောက၌ ငါ သူတပါး ယောကျ်ား မိန်းမ စသည်ဖြင့် အကောင်အထည်တွေ ရှိနေကြသည်ဟု သိမြင်ခြင်းသည် လူတိုင်းသိသော အရိုးခံ အသိအမြင်သာ ဖြစ်၏၊ သညာ သိသာ ဖြစ်၏၊ ဉာဏ်ဖြင့်စိုက်စူး အသိထူး မဟုတ်။ "တရားသဘော စင်စစ်အားဖြင့် ငါကောင် သူကောင်ဟူ၍ မရှိပါတကား၊ ဖရိုဖရဲ ပြိုကွဲ ပျက်စီးတတ်သော ရုပ်နာမ်တို့၏ အစုအဝေးမျှပါတကား၊ ထိုရုပ်နာမ်တို့သည်လည်း ခဏမစဲ တသဲသဲ ပျက်စီးနေကုန်ပါတကား၊ ပျက်စီးသည့်နေရာမှာ အစားဝင်ကာဝင်ကာ တရားအသစ်များက အဆက်မပြတ် ဖြစ်ပေါ်နေကြခြင်းကြောင့်သာ ပျက်ရာ မထင်သကဲ့သို့ ဖြစ်နေကုန်စွာ့တကား" ဟူ၍ သိမြင်ခြင်းကို ဝိပဿနာ ခေါ်သည်၊ ဤကား အဓိပ္ပါယ်ချုပ်တည်း။)

(၈) ဆိုင်ရာဆိုင်ရာ မိမိတို့၏ ကိစ္စ၌ အညီအမျှ ဖြစ်နေကြသော သဟဇာတ်တရားတို့အပေါ်မှာ ညီညွတ်အောင် အားထုတ်မနေရတော့ပဲ လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသည် တတြမဇ္ဈတ္တုပေက္ခာ မည်၏။

http://www.dhammadownload.com



(၉) ဈာန်တရားကို ပွါးများရာမှာ တတိယဈာန်၌ဖြစ်သော မြင့်မြတ်သော ချမ်းသာ၌ပင် ချမ်းသာဿည့်အဖို့အစုမှာ မကျရောက်မပါဝင်စေပဲ လျစ်လျူ ရှုနိုင်ခြင်းသဘောသည် ဈာနုပေက္ခာမည်၏။ (အဆုံးဈာန်၌သာ ရသော ဥပေက္ခာဟု ဆိုလိုသည်။)

(၁၀) အလုံးစုံ ဆန့်ကျင်ဖက်ဖြစ်သော တရားတို့မှ စင်ကြယ်သည်ဖြစ်၍ ဆန့်ကျင်ဖက်တရားတို့ကို ငြိမ်းခစမှု၌ ကြောင့်ကြခြင်းမပြုသော သဘောသည် ပါရိသုဒ္ဓုပေက္ခာမည်၏။ (အလုံးစုံ ဆန့်ကျင်ဖက်တရားတို့မှ စင်ကြယ်သော စတုတ္ထဈာန် ဥပေက္ခာဖြစ်သည်။)

ထိုဆယ်ပါးတို့တွင် ဆဠင်္ဂုပေက္ခာ, ဗြဟ္မဝိဟာရုပေက္ခာ, ဗောဇ္ဈင်္ဂုပေက္ခာ, တတြမဇ္ဈတ္တုပေက္ခာ, ဈာနုပေက္ခာ, ပါရိသုဒ္ဓုပေက္ခာ—ဤခြောက်ပါးတို့သည် တရားကိုယ်အားဖြင့် တူညီကြကုန်၏၊ တတြမဇ္ဈတ္တတာ စေတသိက် တမျိုး တည်းသာ ဖြစ်ကုန်၏။

တရားကိုယ် တမျိုးတည်းဖြစ်လျက် အဘယ့်ကြောင့် ခြောက်မျိုး ခွဲထား ပါသနည်းဟု မေးဖွယ်ရှိ၏။ (အဖြေကား) တရားကိုယ်တမျိုးတည်းပင် ဖြစ် သော်လည်း အခိုက်အတန့် ကွဲပြားသောအားဖြင့် ခြောက်မျိုးခွဲ၍ ခေါ်ရသည်။ ဥပမာဆိုသော် လူတယောက်တည်းပင် ဖြစ်စေကာမူ ငယ်စဉ်အခါ ကုမာရ= ကလေးသူငယ်၊ ကြီးလာသောအခါ ယုဝ=ပျိုနုသောသူ၊ ထို့ထက် ကြီးလာပြန် သောအခါ ဝုဍ=လူကြီး၊ သေနာပတိ=စစ်သူကြီး၊ ရာဇ=မင်း စသည်ဖြင့် အရွယ်အလိုက် အခိုက်အတန့်အားဖြင့် ခွဲခြားခေါ်ဆိုခြင်း ဖြစ်သကဲ့သို့တည်း ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် အဋ္ဌသာလိနီအဋ္ဌကထာကြီးတို့၌ ဖွင့်ပြထား၏။

ပိုမိုရှင်းလင်း သိသာအောင် ဖော်ပြရပါမူ "ကိစ္စအလုပ် ကွဲပြားခြင်းကြောင့် ခြောက်မျိုးကွဲပြားကြခြင်း ဖြစ်သည်"၊ ကိစ္စကွဲပြားပုံမှာ....

(၁) ပြခဲ့ပြီးသောအတိုင်း ကောင်းကောင်း ဆိုးဆိုး အာရုံခြောက်မျိုးလုံး ကိုပင် အာရုံပြုကာ ထိုအာရုံတို့၌ အလယ်အလတ်စားအားဖြင့် နှလုံးသွင်းနိုင် ခြင်းသည် ဆဠင်္ဂုပေက္ခာ၏ ကိစ္စဖြစ်၏။

(၂) သတ္တဝါတို့ကို အာရုံပြုကာ သတ္တဝါတို့၏ ချမ်းသာရေး ဆင်းရဲရေး၌ လျစ်လျူရှုခြင်းသည် ဗြဟ္မဝိဟာရုပေက္ခာ၏ ကိစ္စဖြစ်၏။

(၃) ဈာန်မဂ်ဖိုလ်တို့ကို ရဖို့ရန် အားထုတ်ရာမှာ ပယ်ရှားအပ်သော နီဝရ ဏတရားတို့ကို အာရုံယူမှု၌ လျစ်လျူရှုခြင်းသည် ဗောဇ္ဈင်္ဂုပေက္ခာ၏ကိစ္စဖြစ်၏။

http://www.dhammadownload.com



(၄) ဝီရိယ၏ အပိုအလိုမရှိ ညီမျှစွာ ဖြစ်ခြင်းသဘောသည် ဝီရိယုပေက္ခာ၏ ကိစ္စဖြစ်၏။

(၅) အပိုအလိုမရှိ တညီတညွတ်တည်း ဖြစ်နေကြသော သဟဇာတ (ဖြစ်ဖော်ဖြစ်ဖက်) တရားတို့ကို ချီးမြှောက်ဖိနှိပ်မှု မပြုပဲ လျစ်လျူရှုခြင်းသည် သင်္ခါရုပေက္ခာ၏ ကိစ္စဖြစ်၏။

(၆) အာရုံခံစားမှု၌ လျစ်လျူရှုခြင်းသည် ဝေဒနုပေက္ခာ၏ ကိစ္စဖြစ်၏။

(၇) ရုပ်နာမ်တရားတို့ကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့် သုံးသပ်စိစစ်မှု၌ လျစ်လျူရှုခြင်း သဘောသည် ဝိပဿနုပေက္ခာ၏ ကိစ္စဖြစ်၏။

(၈) အညီအမျှ ဖြစ်နေကြသော ယှဉ်ဖော်ယှဉ်ဖက် တရားတို့အပေါ်မှာ လျစ်လျူရှုခြင်းသဘောသည် တတြမဇ္ဈတ္တုပေက္ခာ၏ ကိစ္စဖြစ်၏။

(၉) အလွန်မြတ်သော ဈာန်ချမ်းသာ၌ပင် လျစ်လျူရှုခြင်းသဘောသည် ဈာနုပေက္ခာ၏ ကိစ္စဖြစ်၏။

(၁၀) အလုံးစုံ ဆန့်ကျင်ဖက်ဖြစ်သော တရားတို့မှ စင်ကြယ်သော လျစ်လျူရှုခြင်းသဘောသည် ပါရိသုဒ္ဓုပေက္ခာ၏ ကိစ္စဖြစ်၏။

ဤသို့လျှင် ကိစ္စမျှသာမက ဖြစ်ရာဌာန အာရုံပါ ထူးခြားသည်ကို မှတ်သားရာ၏။ ။ဝီရိယုပေက္ခာမှာ ဝီရိယစေတသိက်ဖြစ်၍၊ ဝေဒနုပေက္ခာမှာ ဝေဒနာစေတသိက်ပင် ဖြစ်သောကြောင့် ဤဉပေက္ခာနှစ်ပါးတို့သည် အခြားဉပေက္ခာများနှင့် တရားကိုယ်ချင်း မရောနှောပေ။ ။သင်္ခါရုပေက္ခာနှင့် ဝိပဿနုပေက္ခာတို့ကား ပညာစေတသိက်ချည်းသာ ဖြစ်ကုန်၏။ ထိုနှစ်ပါးတို့မှာ တရားကိုယ်ပင် တူသော်လည်း ကိစ္စထူးခြား၍ နှစ်မျိုးကွဲပြားသည်။ကိစ္စထူးခြားပုံမှာ....

> သင်္ခါရတရားတို့၏ အနိစ္စ ဒုက္ခ အနတ္တ သဘောသုံးမျိုးကို အထူးဂရုမစိုက်ရတော့ပဲ ထင်မြင်အောင် ရှုဆင်ခြင်ခြင်းသဘောသည် ဝိပဿနုပေက္ခာဖြစ်၏၊ သင်္ခါရတရားတို့ကို အာရုံယူခြင်း၌ ကြောက်ရွံ့ထိတ်လန့်မှု မရှိ လျစ်လျူရှုခြင်းသဘောသည် သင်္ခါရုပေက္ခာဖြစ်၏။

## ပါရမီဉပေက္ခာနှင့် ဉပေက္ခာဆယ်ပါး

ဤအဋ္ဌကထာ ဆရာကြီးများ ပြဆိုတော်မူအပ်သော ဉပေက္ခာဆယ်ပါးတို့တွင် ပါရမီဉပေက္ခာဟူ၍ တိုက်ရိုက်မပါပဲ ရှိနေ၏။ ဤသို့ မပါခြင်းမှာ ပါရမီဉပေက္ခာသည် ပြခဲ့ပြီးသော ဉပေက္ခာဆယ်မျိုးတို့အနက် တမျိုးမျိုးတွင် မပါဝင်

http://www.dhammadownload.com



၍ပင် မပါလေသလော၊ သို့မဟုတ် အဋ္ဌကထာဆရာကြီးများ၏ ပြဆိုချက်ကပင် လစ်လပ်ဟာဟင်း ကြွင်းကျန်နေသလောဟု တွေးတောဆင်ခြင်ဖွယ်ရှိ၏။ဆင်ခြင်သောအခါ အဋ္ဌကထာ ဆရာကြီးများ၏ ပြဆိုချက်သည် မစေ့မစပ် လစ်လပ်ဟာဟင်း ကြွင်းကျန်နေသည်ဟု မဆိုသင့်ပေ၊ ပြခဲ့ပြီးသော ဥပေက္ခာဆယ်ပါးတွင် ဗြဟ္မဝိဟာရုပေက္ခာ၌ ပါရမီဥပေက္ခာသည် ပါဝင်သည်ဟူ၍ မှတ်ယူအပ်၏။

အချို့သောဆရာတို့ကမူကား ..."ဗြဟ္မဝိဟာရုပေက္ခာနှင့် ပါရမီဥပေက္ခာသည် တခြားစီဖြစ်၏၊ ဖြစ်ပုံမှာ....မိမိအပေါ် ပြစ်မှားကျူးလွန်သောသူနှင့် မြတ်နိုးတနာပြုလာသူတို့အပေါ်မှာ စိတ်မခြားမနား တသားတည်းထားနိုင်ခြင်းသည် ပါရမီဥပေက္ခာဖြစ်၏။ သတ္တဝါတို့၏ ချမ်းသာမှု ဆင်းရဲမှုသည် ကံအတိုင်းသာ ဖြစ်ကြသည်ဟု သတ္တဝါတို့၏ ချမ်းသာမှု ဆင်းရဲမှုအပေါ်မှာ စိတ်တမျိုးတည်းထားနိုင်ခြင်းသည် ဗြဟ္မဝိဟာရုပေက္ခာဖြစ်၏"ဟူ၍ ပြဆိုကြ၏။

ဤဆရာတို့အလိုမှာ ဥပေက္ခာပါရမီသည် မိမိကို ပြစ်မှားသူ မြတ်နိုးသူတို့အပေါ်မှာသာ အာရုံရောက်၏၊ ချမ်းသာဆင်းရဲသဘောသို့ အာရုံမရောက်၊ သတ္တဝါတို့၏ ချမ်းသာမှု ဆင်းရဲမှုသို့ အာရုံရောက်လျှင် ပါရမီဥပေက္ခာမဟုတ်၊ ဗြဟ္မဝိဟာရုပေက္ခာသာ ဖြစ်သည်ဟု ဆိုလိုပေသည်။ ဗုဒ္ဓဝင် ပါဠိတော်၌ကား ဥပေက္ခာပါရမီ၏ သဘောကို....

> တထေဝ တွမ္ပိ သုခဒုက္ခေ၊ တုလာဘူတော သဒါ ဘဝ။
> ဥပေက္ခာပါရမိတံ ဂန္တွာ၊ သမ္ဗောဓိံ ပါပုဏိဿတိ။—

ဟူ၍ ဟောတော်မူ၏။ ထိုပါဠိတော်စကားရပ်တွင်"သုခဒုက္ခေ တုလာဘူတော= ချမ်းသာမှု ဆင်းရဲမှုတို့မှာ ချိန်ခွင်သဖွယ် ဖြစ်ပါစေ"ဟူ၍ ချမ်းသာ ဆင်းရဲ နှစ်ပါးကို အခြေခံထား၍ ဟောတော်မူ၏။စရိယာပိဋကပါဠိတော် မဟာလောမဟံသစရိယခန်း၌လည်း....

> ယေ မေ ဒုက္ခံ ဥပဒဟန္တိ၊ ယေ စ ဒေန္တိ သုခံ မမ။
> သဗ္ဗေသံ သမကော ဟောမိ၊—

အစရှိသည်ဖြင့် ဆင်းရဲ ချမ်းသာ နှစ်ပါးကိုပင် အခြေခံထားကာ "အကြင်သူတို့သည် ငါ့အား ဆင်းရဲမှုကို ပြုကြကုန်၏၊ အကြင်သူတို့ကား ငါ့အား ချမ်းသာကို ပေးကြကုန်၏၊ ထိုအလုံးစုံသော သူတို့၏ အပေါ်မှာ ငါ၏စိတ်ထား ညီမျှသည်သာ ဖြစ်၏" ဟူ၍ရင်း။ သုခဒုက္ခေ တုလာဘူပော၊ ယသောဃ အယသေသု စ=ချမ်းသာဆင်းရဲမှုတို့၌ ဖြစ်စေ၊ ကျော်စောမှု မကျော်စောမှုတို့၌ ဖြစ်စေ ချိန်ခွင်သဖွယ်သာဖြစ်သည်ကိုရင်း ဟောကြားတော်မူသည်။

http://www.dhammadownload.com



အဋ္ဌသာလိနီအဋ္ဌကထာနှင့် ပါဠိဇာတ်အဋ္ဌကထာ တို့၌လည်း "ဤသို့လျှင် ရွာသူသားငယ်တို့ 'ခွဲအလိပ်စသည် ထွေးခြင်း ပန်းနှံ့သာတို့ဖြင့် ပူဇော်ခြင်း တို့ဖြင့် ချမ်းသာဆင်းရဲကို ဖြစ်စေကြကုန်သော်လည်း လျစ်လျူရှုမှု သဘောကို မလွန်စေသော အလောင်းတော်၏ ဥပေက္ခာပါရမီသည် ပရမတ္ထဥပေက္ခာ ပါရမီ ဖြစ်၏"ဟူ၍ ချမ်းသာဆင်းရဲမှု နှစ်ပါးကိုပင် အခြေခံထား၍ ဖွင့်ဆိုတော်မူကြသည်။

ထိုမှတပါးလည်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် အဋ္ဌသာလိနီ အဋ္ဌကထာတို့မှာ ဗြဟ္မဝိဟာရုပေက္ခာ၏ လက္ခဏာစသည်ကို ပြဆိုရာ၌...."သတ္တေသု မဇ္ဈတ္တာ-ကာရလက္ခဏာ ဥပေက္ခာ ဟူ၍ ဥပေက္ခာသည် သတ္တဝါတို့အပေါ်မှာ လျစ်လျူရှုသော အခြင်းအရာဖြင့် ဖြစ်ခြင်း လက္ခဏာ ရှိသည်"ဟု ပြဆိုတော်မူကြ၏။ သတ္တဝါတို့ အပေါ်မှာဟူ၍ သာမညပြဆိုတော်မူထားသဖြင့် သတ္တဝါ၏အရ မိမိကို ပြစ်မှားသော သတ္တဝါ, မြတ်နိုးသော သတ္တဝါတို့ကိုရင်း၊ ချမ်းသာသော သတ္တဝါ, ဆင်းရဲသော သတ္တဝါတို့ကိုရင်း ယူနိုင်သည်ချည်းသာ ဖြစ်၏။ သို့ဖြစ်၍ မိမိကို ပြစ်မှားသူနှင့် မြတ်နိုးသူတို့၏ အပေါ်မှာ အလယ်အလတ်စား စိတ်ထား နိုင်သော အခြင်းအရာသည်လည်း ဗြဟ္မဝိဟာရုပေက္ခာဖြစ်၏ ဟူသော အဓိပ္ပါယ်သည် ထင်ရှားပေ၏။ ထိုသို့ဖြစ်လျှင် ပါရမီဥပေက္ခာသည် ဗြဟ္မဝိဟာရုပေက္ခာ၌ ပါဝင်သည်ဟူသော အဓိပ္ပါယ်လည်း ထင်ရှားလေတော့၏။

ဥပေက္ခာပါရမီခန်း ပြီး၏။

---

## ဒီပင်္ကရဗုဒ္ဓဝင်

**စာမျက်နှာ(၂၈၇)၊ စာပိုဒ်အမှတ်(က)၌—**

(ဒီပင်္ကရာမင်းသားအရွယ်သို့ရောက်)ဟူသော စကားအရ စဉ်းစားဆင်ခြင် ဘွယ်ကို ပြဆိုဦးအံ့....၊

အသက်တရာထမ်းမှာ ပွင့်တော်မူသော ဂေါတမမြတ်စွာဘုရား အလောင်း တော် သိဒ္ဓတ္ထမင်းသားမှာ အသက်တဆယ့်ခြောက်နှစ်တွင် အရွယ်သို့ရောက်၍ ထီးနန်းအုပ်ချုပ် မင်းလုပ်တော်မူသည်။ အသက်တသိန်းတမ်းမှာ ဖြစ်သော ဒီပင်္ကရာမင်းသား၏ အရွယ်ရောက်သောအသက်ကို မည်မျှဖြင့် ပိုင်းခြားသင့် သနည်း၊ ဤအချက်ကို လေးနက်စွာ စဉ်းစားဆင်ခြင်သင့်၏။

http://www.dhammadownload.com



အသက်တရာတမ်းမှာ ပွင့်မည့် သိဒ္ဓတ္ထမင်းသား၏ အရွယ်ရောက်သည်ဟု သတ်မှတ်အပ်သော အသက် (၁၆) တဆယ့်ခြောက်နှစ် အတိုင်းပင်၊ အသက် တသိန်းတမ်းမှာပွင့်သည့် ဒီပင်္ကရာမြတ်စွာဘုရားအလောင်းတော် ဒီပင်္ကရာ မင်းသား၏ အရွယ်ရောက်သည့် အသက်ကို (၁၆)တဆယ့်ခြောက်နှစ်ထည်းဟု ပိုင်းခြားသတ်မှတ်ရန် သင့်လျော်မည် မဟုတ်ချေ။ ။တဖန် တရာတမ်းမှာ သတ်မှတ်ထားသည့် (ရာနှုန်းတဆယ့်ခြောက်) အတိုင်း သတ်မှတ်ရမည်ဆိုလျှင် တသိန်းတမ်းမှာ (၁၆၀၀၀) တသောင်းခြောက်ထောင်မျှသော အသက်ကို အရွယ်ရောက်သောအသက်ဟု သတ်မှတ်ရမည်ကဲ့သို့ဖြစ်၏။ ဤအချိုးအစား အတိုင်းသာ ဖြစ်သင့်သည်ဟူ၍လည်း ပြောဆိုမှတ်သားရန် ခဲယဉ်းမည်ဖြစ်၏။

အဘယ့်ကြောင့်ဆိုသော်....ဒီဃနိကာယ ပါထိကဝဂ္ဂပါဠိတော် သုံးခုမြောက် စက္ကဝတ္တိသုတ်၌ အသက်တမ်းအစားစားကို ပိုင်းခြား၍ ဟောတော်မူရာဝယ်....

**ဆယ်နှစ်တမ်းအတွက်—**

> ဒသဝဿာယုကေသု ဘိက္ခဝေ မနုဿေသု ပဥ္စဝဿိကာ ကုမာရိကာ အလံပတေယျာ ဘဝိဿန္တိ။ ။ရဟန်းတို့...အသက် ဆယ်နှစ်တမ်း၌ ဖြစ်သောလူတို့မှာ ငါးနှစ်အရွယ်ရှိသော သူငယ်မတို့သည် လင်ပေးစား ခြင်းငှါ ထိုက်ကုန်လတ္တံ့။—

ဟူ၍ ဟောကြားတော်မူပြီးလျှင်....

**အနှစ်ရှစ်သောင်းတမ်းအတွက်—**

> အသီတိဝဿသဟဿာယုကေသု ဘိက္ခဝေ မနုဿေသု ပဥ္စဝဿ-သတိကာ ကုမာရိကာ အလံပတေယျာ ဘဝိဿန္တိ။ ။ရဟန်းတို့.... အနှစ်ရှစ်သောင်းတမ်း၌ ဖြစ်ကြသော လူတို့မှာ အသက် နှစ်ပေါင်း ငါးရာရှိသော သူငယ်မတို့သည် လင်ပေးစားခြင်းငှါ ထိုက်ကုန်လတ္တံ့။—

ဟူ၍ ဟောတော်မူထားသည်။

ဤပါဠိတော်၌ ဆယ်နှစ်တမ်းနှင့် အနှစ်ရှစ်သောင်းတမ်း သူငယ်မများ၏ အရွယ်ရောက်သည်ဟု သတ်မှတ်အပ်သော အသက်ကိုသာ ပိုင်းခြားဟောပြ တော်မူသည်။ အခြားအသက်တမ်းရှိ လူများအတွက်ကိုကား ဤသို့ အရွယ် ရောက်သည့် အသက်တမ်းကို ဟောကြားတော်မမူ။ ဆယ်နှစ်တမ်းနှင့် အနှစ် ရှစ်သောင်းတမ်းတို့မှာလည်း သူငယ်မများ အတွက်သာ တိုက်ရိုက်ဟောထား၍ သူငယ်များအတွက်ကိုကား တိုက်ရိုက်မဟောသော်လည်း သူငယ်များအတွက် လည်း သူငယ်မများအတိုင်းပင် ဖြစ်သင့်သည်ဟု မှတ်ယူလိုက မှတ်ယူသင့်၏။

http://www.dhammadownload.com



ဤသို့လျှင် အသက်ဆယ်နှစ်တမ်းနှင့် တရာတမ်းတို့မှာ အရွယ်ရောက်သည့် အသက် သတ်မှတ်ပုံချင်း ကွာခြားသကဲ့သို့၊ တရာတမ်းနှင့် တထောင်တမ်း၊ တထောင်တမ်းနှင့် တသောင်းတမ်း စသည်တို့မှာလည်း လူတို့၏အရွယ် ရောက်သော အသက်အပိုင်းအခြား ကွာခြားကြမည်သာ ဖြစ်၏။

စက္ကဝတ္တိသုတ်ပါဠိတော်အရ ရှစ်သောင်းတမ်းမှာ အနှစ်ငါးရာသည် အရွယ် ရောက်သောအသက်ဖြစ်ကြောင်း ထင်ရှားသော်လည်း ယခု ဒီပင်္ကရာမင်းသား အတွက်မှာမူ အသက်တသိန်းတမ်းဖြစ်နေ၍ အရွယ်ရောက်သောအသက်မှာ အနှစ်ငါးရာဖြင့် သတ်မှတ်သင့် မသတ်မှတ်သင့် စသည်ကိုလည်း စဉ်းစားရန်ပင် ဖြစ်တော့၏။

ဆယ်နှစ်တမ်းမှစ၍ အဆင့်ဆင့် တိုးတက်လာသည်ကို ထောက်ဆလျှင် ရှစ်သောင်းတမ်းနှင့် တသိန်းတမ်းတို့မှာလည်း အရွယ်ရောက်သည့် အသက် အပိုင်းအခြား ထူးခြားသင့်ရကား ရှစ်သောင်းတမ်းမှာ အနှစ်ငါးရာ ဖြစ်၍ တသိန်းတမ်းမှာ အနှစ်ခြောက်ရာ ဖြစ်သင့်သည်ဟု ဆိုသင့်၏။ ကျမ်းဂန်တိုက်ရိုက် မရှိ၍ စဉ်းစားဆင်ခြင်၍သာ မှတ်ယူရာ၏။

**တနည်းအားဖြင့်**—အသက်တိုးတက်ရှည်လျားလာသော တက်ကပ်အကွင်း မှာ အရွယ်ရောက်သော အသက်ကို ငါးရာဖြင့်သာ သတ်မှတ်ထားပါသည်။ ရှစ်သောင်းတမ်းထက် ပိုလွန်၍ တသိန်းတမ်းသို့ပင် ရောက်စေကာမူ ပါဠိတော် မှာ အများဆုံးလာသည့် အရေအတွက်ဖြစ်သော အနှစ်ငါးရာဖြင့်သာ သတ် မှတ်သင့်ပါသည် ဟူ၍လည်း ဆိုသင့်ပြန်၏။ သို့ရကား—ဒီပင်္ကရာမင်းသား၏ အရွယ်ရောက်သည့် အသက်ကို အနှစ်ငါးရာ (သို့မဟုတ်) အနှစ်ခြောက်ရာဟု ဆိုသင့်၏။

**စာမျက်နှာ (၂၈၈)၊ စာပိုဒ်အမှတ် (ခ)၌—**

ဗုဒ္ဓဝင်အဋ္ဌကထာ၌ လာသောအတိုင်း အလောင်းတော် ဒီပင်္ကရာမင်းသား ဥယျာဉ်တော်သို့ထွက်ကာ နိမိတ်များကိုမြင်သည့်အကြောင်းအရာကို ရေးသား ခြင်း ဖြစ်သည်။

ဤရေးသားချက်အရမှာ....အလောင်းတော်သည် နတ်များဖန်ဆင်းပြသည့် သူအို, သူနာ, သူသေ ဟူသော နိမိတ်ကြီးသုံးမျိုးကိုသာ မြင်ရကြောင်းပါရှိ၍၊ လေးခုမြောက် ရဟန်းနိမိတ်ကို မြင်ရကြောင်း မပါရှိခဲ့။ ရှေးနိမိတ်သုံးပါးကိုသာ မြင်၍ ရဟန်းနိမိတ်ကို မမြင်ရပဲ ရဟန်းပြုတော်မူသည်ဟု အဓိပ္ပါယ် ရောက်ရှိ နေ၏။

http://www.dhammadownload.com



ပါဠိတော်၌ကား....

**နိမိတ္တေ စတုရော ဒိသွာ၊ ဟတ္ထိယာနေန နိက္ခမိ။**

"နိမိတ်ကြီးလေးပါးလုံးကို မြင်ပြီးသော် ဆင်ယာဉ်ဖြင့် တောထွက်တော်မူပြီ" –

ဟူ၍သာ ဟောတော်မူ၏။ ။ဤပါဠိတော်အရ ဆင်ယာဉ်စီး၍ တောမထွက်ခင် နိမိတ်လေးပါးလုံးကို မြင်ရမည်သာဖြစ်၏။

ပါဠိဇာတ်အဋ္ဌကထာ စသောကျမ်းဂန်တို့မှာ အကျယ်တဝင့် ပြဆိုအပ်သော သိဒ္ဓတ္ထမင်းသား တောထွက်ခဏ်း၌လည်း နိမိတ်ကြီးလေးပါးတို့ကို အစဉ်အတိုင်း ၄-လခြား မြင်ပြီးနောက်မှ သီးခြား တောထွက်ကြောင်း လာရှိသည်။

သုတ်မဟာဝါ ပါဠိတော် မဟာပဒါနသုတ်လာ ဝိပဿီ မြတ်စွာဘုရား အလောင်းတော် ရထားယာဉ်စီးလျက် တောထွက်တော်မူခဏ်း၌လည်း၊ ပဌမအကြိမ် ဥယျာဉ်သို့ထွက်တော်မူရာ လမ်းခရီးတွင် လူအိုကို မြင်၍ ဥယျာဉ်သို့ ရောက်အောင်မသွားတော့ပဲ ထိုအရပ်မှပင် လှည့်ကာ နန်းတော်သို့ပြန်ကြောင်း၊ ဤနည်းအတူ ဒုတိယအကြိမ်မှာ သူနာကို မြင်၍၊ တတိယအကြိမ်မှာ သူသေကို မြင်၍ နန်းတော်သို့ပြန်ကြောင်း၊ စတုတ္ထအကြိမ်မှာကား ရဟန်းကိုမြင်၍ နှစ်သက်တော်မူပြီးလျှင် ရဟန်းရှိရာသို့ ရထားကိုမောင်းနှင်စေ၍ ရောက်ရှိသော အခါ ရထားထိန်းကို ရထားနှင့်တကွ ပြန်လွှတ်လိုက်ပြီးနောက် နန်းတော်သို့ မပြန်တော့ပဲ တောက်လျှောက်ပင် ရဟန်းပြုတော်မူကြောင်း ဟောကြားထားသည်။

ဤပါဠိတော်အရ ဝိပဿီမြတ်စွာဘုရား အလောင်းတော်သည် ဥယျာဉ်သို့ လေးကြိမ်တိုင်တိုင် ထွက်တော်မူရာ အစဉ်အတိုင်း နိမိတ်ကြီးလေးပါးကို မြင်တော်မူပြီး၍ စတုတ္ထအကြိမ်မှာကား နန်းတော်သို့ မပြန်တော့ပဲ တောက်လျှောက် ရဟန်းပြုတော်မူသဖြင့် သီးခြားတောထွက်ခြင်း ဟူ၍ကား မရှိတော့ပြီ။ သို့ရာတွင် စတုတ္ထအကြိမ်မှာ ရဟန်းနိမိတ်ကို မြင်ပြီးမှ တောက်လျှောက် တောထွက်ခြင်း ဖြစ်သောကြောင့် ဝိပဿီဗုဒ္ဓဝင်ပါဠိတော်၌—

**နိမိတ္တေ စတုရော ဒိသွာ၊ ရထယာနေန နိက္ခမိ။—**

ဟု နိမိတ်ကြီးလေးပါးကို မြင်ပြီးမှ ရထားယာဉ်ဖြင့် တောထွက်ကြောင်း ဟောကြားတော်မူသည်။

http://www.dhammadownload.com



သို့ဖြစ်၍—ဤ ဒီပင်္ကရဗုဒ္ဓဝင်၌လည်း....

နိမိတ္တေ စတုရော ဒိသွာ၊ ဟတ္ထိယာနေန နိက္ခမိ။—

ဟူသော ဗုဒ္ဓဝင်ပါဠိတော်နှင့် မဆန့်ကျင်ရန်ရင်း....၊ဤဗုဒ္ဓဝင်အဋ္ဌကထာ၌ပင် နောက်ဖြစ်သော နှစ်ကျိပ်လေးဆူသော ဘုရားအလောင်းတော်တို့ နိမိတ်ကြီး လေးပါးကို မြင်ပြီးမှ တောထွက်တော်မူကြကြောင်း ဖွင့်ပြလတ္တံ့ဖြစ်ရာ ထိုဖွင့်ပြ ချက်များမှာလည်း "နိမိတ္တေ စတုရော ဒိသွာ"ဟူသော ပါဠိတော်ကိုပင် မူတည်၍ ဖွင့်ခြင်းဖြစ်သောကြောင့် အဋ္ဌကထာ၌ ရှေ့နောက်မဆန့်ကျင် ရန်ရင်း....

> "လေးကြိမ်မြောက်၌ အလောင်းတော် ဒီပင်္ကရာမင်းသားသည် ဝိသုကြုံနတ်သား လာရောက်ဆင်ယင်ပေးအပ်သော အဆင်တန်းဆာ ရှိသည်ဖြစ်၍ ဆင်အပေါင်း (၈၄၀၀၀) ရှစ်သောင်းလေးထောင်ခြံရံ လျက် စီးတော်ဆင်ထက်၌ စီး၍ ဥယျာဉ်တော်သို့ ထွက်တော်မူလျှင် ရဟန်းနိမိတ်ကို မြင်သဖြင့် နှစ်သက်တော်မူပြီးလျှင် ရဟန်းပြုရန် အလို ဆန္ဒတော်ကို ဖြစ်စေ၍ များစွာသော စစ်သည်ဗိုလ်ပါအပေါင်း ခြံရံ လျက် ဥယျာဉ်တော်သို့ ဝင်ကာ စီးတော်ဆင်ထက်မှ ဆင်းသက်၍ ဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုတော်မူပြီးလျှင် အလွန်တရာ အေးမြ နှစ်သက်ဖွယ်ကောင်းလှသော ကျောက်ဖျာထက်မှာ ထိုင်နေ တော်မူလျက် ရဟန်းပြုရန် စိတ်အကြံကို ဖြစ်စေသောဓာတ်ဆယ် သုဒ္ဓါ ဝါသဘုံမှ ရဟန္တာမဟာဗြဟ္မာကြီးသည် ပရိက္ခာရရှစ်ပါးကို ဆောင်ယူ ခဲ့၍ အလောင်းတော်၏ မျက်မှောက်၌ ထင်ရှားပေါ်ပေါက်လာကာ ပရိက္ခာရတို့ကို ဆက်ကပ်သည်"....

ဟု မှတ်ယူသင့်သည်။

ထိုသို့ မှတ်ယူမှသာလျှင်၊ ၊အလောင်းတော်တို့၏ ဓမ္မတာ သုံးဆယ် အဝင် အပါ၊ ၊"စတ္တာရိ နိမိတ္တာနိ ဒိသွာ ဇာတမတ္တပုတ္တာနံ မဟာသတ္တာနံ မဟာ- ဘိနိက္ခမနံ=နိမိတ်ကြီးလေးပါးတို့ကို မြင်ပြီးလျှင် သားတော်ဖွားမြင်လျှင် ဖွားမြင်ခြင်း အလောင်းတော်တိုင်း တောထွက်တော်မူကြခြင်း" ဟူသော ဓမ္မတာနှင့်လည်း မဆန့်ကျင်ပေမည်။

စာမျက်နှာ (၂၀၉)၊ စာပိုဒ်အမှတ် (၈)၌—

အလောင်းတော်ဒီပင်္ကရာမင်းသားကို အတုလိုက်ကာ လူပေါင်း တကုဋေတို့ ရဟန်းပြုကြသည်....ဟူ၍ အဋ္ဌကထာဆရာ ပြဆိုချက်သည် များလွန်းသည်

http://www.dhammadownload.com



မဟုတ်လေသာဟု တွေးတော မေးမြန်းဘွယ်ရှိ၏။ များလွန်းသည်ဟူ၍ မဆိုနိုင်။ အကြောင်းကား....ထိုအချိန်အခါသည် အသက်တသိန်းတမ်းအခါ ဖြစ်သော ကြောင့်ပင်တည်း။

ချဲ့ဦးအံ့....ပါထေယျပါဠိတော် စက္ကဝတ္တိသုတ်၌—

"အသက်ရှစ်သောင်းတမ်း၌ ဖြစ်သောလူတို့မှာ အနာရောဂါဟူ၍—

(၁) အစာစားချင်ခြင်း၊

(၂) အစာစားပြီးသောအခါ အစာယစ်လျက်ကိုယ်လက်ထိုင်းမှိုင်းခြင်း၊

(၃) အိုခြင်း —

ဤ သုံးမျိုးသာရှိကြောင်း။

ဤအသက်ရှစ်သောင်းတမ်းမှာ ဇမ္ဗူဒိပ်ကျွန်းကြီးသည် အလွန်တရာပြည့်စုံ ကြွယ်ဝ၍ တရွာနှင့်တရွာ, နိဂုံးတခုနှင့်တခု, ဇနပုဒ်တခုနှင့်တခု, မင်းနေပြည် တပြည်နှင့်တပြည်တို့သည် ကြက်ပျံတကျသာ ကွာဝေးကြကြောင်း။ အဝီစိငရဲ၌ ငရဲသားသတ္တဝါတို့ ပြည့်နှက်နေသကဲ့သို့၊ အသက်ရှစ်သောင်းတမ်းမှာလည်း ဇမ္ဗူဒိပ်ကျွန်းမှာ လူတို့ဖြင့် ပြည့်နှက်နေကြောင်း" ဟောထားတော်မူ၏။

အသက်ရှစ်သောင်းတမ်းမှာပင် ဤမျှလောက် လူတွေ ပြည့်နှက်နေခဲ့ပါလျှင် အသက်တသိန်းတမ်းမှာ ဆိုဘွယ်ရာမရှိ၊ သာ၍ပင် ပြည့်နှက်နေတော့မည် ဖြစ်၏။

ဤသို့ ပြည့်နှက်များပြားခြင်း၏ အကြောင်းရင်းကို စဉ်းစားပြန်သော်.... အလွန်တရာ အသက်တမ်းရှည်သော ခေတ်မှာ သတ္တဝါများ မွေးဖွားပြီးနောက် ရောဂါအထူးအထွေ ပေါ်ပေါက်ခြင်းမရှိ (ရောဂါဟူ၍ အထူးမရှိ)သည့်အတွက် သေကျေပျက်စီးခြင်း နည်းပါးလှသည်။ မွေးဖွားရမှာ နည်းပါးမည် မဟုတ် သော်လည်း ပျက်စီးသူမှာ အလွန်တရာ နည်းပါးလှသောကြောင့် လူသူ များပြားခြင်း ဖြစ်ရလေသည်။

ထို့ကြောင့် "တကုဠ္ဌေမျှလောက်သောသူတို့သည် အတူလိုက်၍ ရဟန်းပြုကြ သည်" ဆိုရာမှာ များလွန်းသည်ဟု မဆိုထိုက်ကြောင်း ကောင်းစွာသတိပြုသင့် သည်။

စိတ်ထားအလွန်တရာ စင်ကြယ်သည့် သူတော်ကောင်းများ ဖြစ်ကြသော အသက်ရှစ်သောင်းတမ်း တသိန်းတမ်းရှိ လူတို့၏ အခြေအနေကို အသက်တိုလှ

http://www.dhammadownload.com



သော ယခုခေတ်လူများနှင့် နှိုင်းစာစဉ်းစားခြင်းငှါ မထိုက်။ မှန်၏....ယခုခေတ် လူသားများ၏ ကုသိုလ်ကံသည် အားနည်း၏၊ ထို့ကြောင့် ရောဂါဝေဒနာ ထူပြော၏၊ အသက်တို၏၊ အစားအသောက် ရှားပါး၏၊ လူများသုံးစွဲရန် အဝတ်အစား စပါးဆန်ရေ များစွာထွက်အောင် ရအောင် ကြိုးစားအားထုတ် သော်လည်း အားထုတ်သလောက် ခရီးမရောက် အကျိုးမရပဲ ပျက်စီးသည်သာ များ၏။ ရှေးသူတော်ကောင်းတို့၏ ခေတ်မှာကား ကုသိုလ်ကံ အားကြီးသော ကြောင့် ရောဂါဝေဒနာဟူ၍ မရှိ၊ အသက်ရှည်၏၊ အစားအသောက်ပေါများ၏၊ အဝတ်အစားအတွက် အားထုတ်သမျှမှာ ကုသိုလ်ကံတန်းခိုးကြောင့် မပျက်စီးပဲ အနည်းငယ်မျှသော နေရာကပင် များစွာသော အဝတ်အစားတွေ ထွက်ရှိစေ၏ ဟု ယုံကြည်မှတ်ယူသင့်ပေသည်။

**စာမျက်နှာ (၃၀၀)၊ စာပိုဒ်အမှတ် (ဃ) ၌—**

"ထိုဒီပင်္ကရာ မြတ်စွာဘုရား၏ အသက်တော်မှာ တသိန်းဖြစ်၏"ဟု ဆိုရာ ဝယ်....၊ ဒီပင်္ကရာမြတ်စွာဘုရားသည် အသက်တော် အနှစ်တသိန်းတိုင်တိုင် တည်နေသည်ဟု အဓိပ္ပါယ် မယူအပ်။ ဘိုအခါမှာ လူတို့ တည်နေကြသည့် အသက်တမ်း တသိန်းကိုသာ ဟောတော်မူသည်ဟု မှတ်ယူအပ်၏။

မြတ်စွာဘုရားတို့မည်သည် ပွင့်တော်မူရာအသက်တမ်း၏ ငါးပုံလေးပုံမျှသာ တည်နေတော်မူကြ၍ တပုံအကျန်မှာ ပရိနိဗ္ဗာန် စံတော်မူကြမြဲ ဖြစ်သည်။ ။ ထို့ကြောင့် သုတ်မဟာဝါ အဋ္ဌကထာ မဟာပဒါနသုတ် အာယုပရိစ္ဆေဒ အဖွင့်၌—၊အာယုပ္ပမာဏံ ပဉ္စ ကောဋ္ဌာသေ ကတွာ စတ္တာရိ ဌတွာ ပဉ္စမေ ဝိဇ္ဇမာနေယော ပရိနိဗ္ဗုတော၊ ၊ဟူ၍၊ "အသက်တမ်းပမာဏကို ငါးစုစု၍ လေးစုတည်နေတော်မူပြီးလျှင် ငါးခုမြောက်အစု ထင်ရှားရှိနေခိုက်တွင်ပင် ပရိနိဗ္ဗာန် စံတော်မူကြကြောင်းကို" ဖွင့်ဆိုတော်မူ၏။

သို့ဖြစ်၍ အသက်တသိန်းတမ်းမှာ ပွင့်တော်မူသော ဒီပင်္ကရာ မြတ်စွာဘုရား သည် အသက်တသိန်းကို ငါးစုစု၍ လေးစုဖြစ်သော အနှစ်ရှစ်သောင်းပတ်လုံး တည်နေတော်မူကာ တစုအကျန်တွင် ပရိနိဗ္ဗာန် စံတော်မူသဖြင့် မြတ်စွာဘုရား ၏ အသက်တော်မှာ ရှစ်သောင်းဖြစ်သည်ဟု မှတ်ယူအပ်၏။

ပါဠိတော်လာ အထောက်အထားမှာ....၊ ကောဏ္ဍည မြတ်စွာဘုရားသည် အလောင်းတော်ဖြစ်သော ဝိဇိတာဝီစကြာမင်းအား နောင်အခါ ဂေါတမ ဟူသောအမည်ဖြင့် ဘုရားဖြစ်လတ္တံ့ဟူ၍ ဗျာဒိတ်ကြားတော်မူသော အခါ တွင်၊ ၊အာယု ဝဿသတံ တဿ၊ ဂေါတမဿ ယသဿိနော၊ ၊ဂေါတမ မြတ်စွာဘုရား၏ အသက်တော်သည် အနှစ်တရာ....ဟု ဟောထားသော်လည်း

http://www.dhammadownload.com



ထိုအနှစ်တရာဟူသည်မှာ ပွင့်တော်မူရာအသက်ထမ်းသာဖြစ်၍၊ ဂေါတမမြတ်စွာဘုရား၏ စင်စစ်တည်နေသော အသက်တော်မှာ ပြဆိုခဲ့ပြီးသောအတိုင်း အသက်တရာကို ငါးစုစု၍ လေးစုဖြစ်သော အနှစ်ရှစ်ဆယ်သာ တည်နေတော်မူသည်ကိုလည်း ထောက်ထားအပ်၏။

စာမျက်နှာ (၃၀၁)၊ စာပိုဒ်အမှတ် (၄)၌—

"တပည့်သား သံဃာတော်နှင့်တကွသော ထို ဒီပင်္ကရာမြတ်စွာဘုရားသည်.... အေးငြိမ်းခြင်းသဘောသို့ ဆိုက်ရောက်တော်မူလေပြီ....၊" ဟု ဟောတော်မူသော အရာမှာ—မြတ်စွာဘုရားနှင့် တပည့်သာဝကများသည် မရှေးမနှောင်းပင် ပရိနိဗ္ဗာန်စံတော်မူကြသည်ဟု မမှတ်ယူအပ်။

ပါရာဇိကပါဠိတော် ဝေရဥ္စကဏ္ဍ၌ မြတ်စွာဘုရားအား သာသနာမတော် အရှည်တည်ရေး မတည်ရေးတို့နှင့်စပ်လျဉ်း၍ အရှင်သာရိပုတြာ၏ လျှောက်ထားချက်ကို ဖြေဆိုတော်မူသော စကားရပ်တွင်၊ အဋ္ဌကထာဆရာ အကျယ်ဖွင့်ပြသည်ကို လိုရင်း အကျဉ်းချုံး၍ယူလျှင်...."သက်တော်ရှည်သော ဝိပဿီ, သိခီ, ဝေဿဘူ ဘုရားသုံးဆူတို့၏ သာသနာတော်သည် သာဝကနှစ်ဆက်သာ တည်၍၊ ကကုသန်စသော နောက်နောက် ဘုရားတို့၏ သာသနာတော်မှာ သာဝကနှစ်ဆက်မျှမက အဆက်များစွာ ပိုမို၍တည်ကြောင်း" ကို သိရ၏။

ဤသို့ သက်တော်ရှည်သော မြတ်စွာဘုရားများ၏ သာသနာတော်သာ သာဝကနှစ်ဆက်တည်ကြောင်းကို ဖွင့်ပြထားသဖြင့် အသက်တသိန်းတမ်းမှာ ပွင့်တော်မူသော ဒီပင်္ကရာမြတ်စွာဘုရားနှင့် အသက်ကိုးသောင်းတမ်းမှာ ပွင့်တော်မူသော သုမနမြတ်စွာဘုရားတို့၏ သာသနာတော်သည် သာဝကနှစ်ဆက်တည်သည်ဟူ၍ပင် မှတ်ယူအပ်၏။

ထိုသာဝကနှစ်ဆက်အရ ဒီပင်္ကရာမြတ်စွာဘုရားကို မှီလိုက်သော ပဌမအဆက် သာဝကများအတွက် နှစ်ပေါင်းတသိန်း၊ ထိုပဌမသာဝကများထံမှာ ရဟန်းပြုရသော ဒုတိယအဆက် သာဝကများအတွက် နှစ်ပေါင်းတသိန်းအားဖြင့် ဒီပင်္ကရာမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် နှစ်ပေါင်း (၂၀၀၀၀၀) နှစ်သိန်းတိုင်တိုင် သာဝကများ ထင်ရှားရှိတော်မူကြသေးသည်။ ထိုနှစ်ပေါင်း နှစ်သိန်းလွန်မှသာ သာဝကများနှင့်တကွ သာသနာတော်ကွယ်သည်ဟု မှတ်ယူအပ်၏။

http://www.dhammadownload.com



ဗုဒ္ဓဝင်အဋ္ဌကထာ၌ကား ကောဏ္ဍညဗုဒ္ဓဝင်အဖွင့် အစတွင် (ဒီပက်ရာမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသော် ထိုမြတ်စွာဘုရား၏ သာသနာတော်သည် အနှစ်တသိန်း တည်သည်)ဟု ဖွင့်ပြထား၏။ ဤအလိုသော် သာဝက တဆက်သာ သာသနာတည်သည်ဟု မှတ်ယူဘွယ်ရှိ၏။

ဒီပင်္ကရဗုဒ္ဓဝင် ပြီး၏။

---

## မင်္ဂလဗုဒ္ဓဝင်

**စာမျက်နှာ (၃၁၇) စာပိုဒ်အမှတ် (စ) ၌—**

"ဝင်္ကပဗ်တောင်" ဟူရာဝယ်....၊ ဝင်္ကပဗ္ဗတဟူသော ပါဠိ၌ (ဝင်္က—ကွေ့ကောက်သော၊ ပဗ္ဗတ—တောင်။ ဝင်္ကပဗ္ဗတ=ကွေ့ကောက်သောတောင်ဟု ဆိုလိုသည်) ရှေးဆရာတို့က ဝင်္ကပဗ္ဗတကို မြန်မာပြန်သောအခါ "ကွေ့ကောက်သောတောင်"ဟု မြန်မာစကား တိုက်ရိုက်ရောက်အောင် ပြန်ဆိုတော်မမူကြပဲ ပဗ္ဗတမှ အဆုံးဖြစ်သော (ဗ)နှင့် (တ)အက္ခရာ နှစ်လုံးကို ဖြုတ်ပယ်ကာ "ဝင်္ကပဗ်"ဟူ၍သာ ပါဠိပျက်စကားအားဖြင့် ပြန်ဆိုတော်မူခဲ့ကြ၏။

ယခုအခါမှာ စကားရွေ့လျော၍ "ဝင်္ကပဗ်" မဟုတ်တော့ပဲ "ဝင်္ကပါ"ဟု ခေါ်နေကြပြီ။ ဤသို့လျှင် "ဝင်္ကပဗ်"မှ ရွေ့လျောကာ "ဝင်္ကပါ"ဟု ခေါ်ဝေါ်သုံးစွဲနေသော ဝေါဟာရ၏ ဆိုလိုရင်းအနက်မှာ "ကွေ့ကောက်သောတောင်"ဟု ဆိုလိုသည်။

ယခုကာလ မီးထွန်းပွဲစသည်တို့မှာ လူအများ အဝင်အထွက် အသွားခက်အောင် ပြုလုပ်ထားသော အရာကို (ကွေ့ကောက်သော လမ်းများဖြစ်သောကြောင့်) ကွေ့ကောက်သော တောင်နှင့် တူရည်ရွယ်ကာ "ဝင်္ကပါ"ဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ဥပမာအားဖြင့်—ခုတင်ကျင့်ဝတ် တဆယ့်သုံးပါးရှိသည့်အနက် သင်္ကန်းအတွက် မြေမှုန့်ပေါ်မှာ စွန့်ပစ်ထားသော အဝတ်ကိုယူ၍ သင်္ကန်းချုပ်လုပ်ဝတ်ဆင်ခြင်း အကျင့်ကို ပါဠိလို "ပံသုကူလိက ခုတင်"ဟု ခေါ်ဝေါ်ရင်းဖြစ်သော်လည်း ပံသုကူလိကပုဒ်မှ အဆုံးဖြစ်သော(လိ)နှင့် (က)အက္ခရာနှစ်လုံးကို ဖြုတ်ပယ်ကာ "ပံသုကူ"ဟူ၍ ခေါ်ဝေါ်၏။ ထို"ပံသုကူ"မှ စကားရွေ့လျောကာ "ပံ့သကူ"တဖန် "ပင့်တကူ"ထိအောင် ပြောင်းလဲခေါ်ဝေါ်နေကြ၏။

ထို"ပံသုကူ"ဟူသော စကား၏ မူလအဓိပ္ပါယ်ရင်းမှာ....လူများက မိမိတို့ မသုံးစွဲလိုသဖြင့် ဖုံမှုန့်တွေပေါ်မှာ စွန့်ပစ်ထားသဖြင့် ဖုံမှုန့်တွေ

http://www.dhammadownload.com



နှင့် ရောပြွမ်းနေသော အဝတ်ဟု ဆိုလိုရင်းဖြစ်သည်။ ။ရှေးက သူတော်ကောင်းများသည် အဝတ်နှင့်စပ်၍ တပ်မက်သော လောဘကို ပယ်ရှားလိုသည့်အတွက် ကောင်းမွန်သစ်လွင်သော အဝတ်ကို မရှာယူပဲ စွန့်ပစ်ထားသော အဝတ်များကို ရှာဖွေကောက်ယူတော်မူကြ၏။ ထိုသို့ ကောက်ယူခြင်းကို ပံ့သကူကောက်ယူခြင်းဟု ခေါ်ဝေါ်ကြသည်။

ထိုမှတပါး....ရဟန်းတော်တို့မှာ ခွက်အမျိုးမျိုး မထားပဲ သွမ်းရေဟင်းပါ သပိတ်ထည်း၌ ထည့်၍ သုံးဆောင်သော အကျင့်ကို ပါဠိလို "ပတ္တပိဏ္ဍိကဓုတင်" ဟု ခေါ်၏။ ဤပါဠိကို ရှေးဆရာကြီးများက ပါဠိမှဆင်းသက်သော မြန်မာ ဝေါဟာရ ပြန်ဆိုသောအခါ (ဍိ) နှင့် (က) အက္ခရာနှစ်လုံးကို ဖြုတ်ပယ်ကာ "ပတ္တပိဏ်"ဟု ပြန်ဆိုတော်မူကြ၏။ ထိုမှ စကားရွေလျော့ကာ "ပတ္တပိုင်" ထိုမှတဖန် "ဗတ်လပိုင်"ဟူ၍ ခေါ်ကြပြန်၏။ ဤပတ္တပိဏ္ဍိကဓုတင် ပတ္တပိုင် ဓုတင် အရာ၌—သပိတ် (သို့မဟုတ်) ခွက်တခုထည်းမှာ သွမ်းရေ ဟင်းပါ ထည့်၍ သုံးဆောင်ခြင်းကို ဆိုလိုရင်းဖြစ်သော်လည်း အချို့သောသူတို့ကမူ ဟင်းနှင့်ထမင်း ရွေးချယ်၍မရလောက်အောင် နယ်ပြီးမှ စားရမည်ဟု အလွန် အကျွံ အဓိပ္ပါယ်ကို ကောက်ယူမှတ်သားပြီးလျှင် အခြားစားသောက်ဘွယ်များ ရွေးမရအောင် ရောနေသည်ကို "ဗတ်လပိုင်နှင့် တူသည်"ဟု စကား သုံးနှုန်း ပြောဆိုကြသည်။

ထိုမှတပါးလည်း....သစ်ပင်ရင်း၌သာ နေသောကျင့်ဝတ်ကို "ရုက္ခမူလိကဓု တင်"ဟု ကျမ်းဂန်တို့မှာ လာရှိသော်လည်း မြန်မာဝေါဟာရ၌မူ(လိ)နှင့်(က) အက္ခရာနှစ်လုံးကို ဖြုတ်ပယ်ကာ "ရုက္ခမူဓုတင်"ဟူ၍ ခေါ်ဝေါ်ကြ၏။

"ဝက်ပါ"ဟူသော စကားမှာလည်း ဤဆိုအပ်ပြီးသော ဓုတင်အခေါ် အဝေါ်များနှင့် အလားတူပင်ဖြစ်၏။

**စာမျက်နှာ (၃၂၅)၊ စာပိုဒ်အမှတ် (ဆ) ၌—**

ပုဏ္ဏားတို့၏ ဂုဏ်အင်္ဂါများကို ဖေါ်ပြရာတွင်(ပဒကော၊ ဝေယျာကရဏော) ဟူသော နှစ်ပုဒ်တို့၏ အဓိပ္ပါယ်ကို သီလက္ခန်အဋ္ဌကထာ အမ္ဗဋ္ဌသုတ်အဖွင့်၌၊ ။ ပုဒ်အမျိုးမျိုးကိုရင်း ပုဒ်မှကြွင်းသော သဒ္ဒါနည်းအမျိုးမျိုးကိုရင်း သင်ကြား တတ်မြောက်သိမြင်ပို့ချနိုင်၏၊ ။ဟု အဋ္ဌကထာဆရာ ဖွင့်ပြတော်မူ၏။ ။ ဤအလိုသော်....နာမ်ပုဒ် အာချာတ်ပုဒ် ဥပသာရပုဒ် နိပါတ်ပုဒ်တို့၌ တတ် မြောက်လိမ္မာသော ဉာဏ်ပညာနှင့် ပြည့်စုံသည်ကို ပဒကဟုခေါ်၏။ ပုဒ်မှ ကြွင်းသော (လိင်—ဓာတ်တည်းဟူသော)ပကတိ ဝိဘတ်ပစ္စည်း စသော သဒ္ဒါ နည်းအမျိုးမျိုး၌ တတ်မြောက်လိမ္မာသော ဉာဏ်ပညာနှင့် ပြည့်စုံသည်ကို ဝေယျာကရဏ ခေါ်၏။

http://www.dhammadownload.com



ဤအဋ္ဌကထာဖွင့်ပြချက်အရ "ပုဒ်နှင့် ပုဒ်မှကြွင်းသော သဒ္ဒါနည်းတို့မှာ" ရှေးသုမေဓာဗြာဟ္မဏခဏ်း၌ ပြခဲ့ပြီးသော အက္ခရာဗျည်းစသော အမည်တို့နှင့် တကွ နိရုတ္တိနည်းအမျိုးမျိုးတို့ကို ဖော်ပြသော (အက္ခရပဘေဒ)ခေါ် သဒ္ဒါကျမ်းတည်းဟူသော စကား၌ ပါဝင်ပြီးဖြစ်သင့်ကုန်၏။

ထိုကြောင့်ပင် သီလက္ခန်ဋီကာသစ်ဆရာတော်က—(အယံ အဋ္ဌကထာတော အပရော နယော=ဤကား အဋ္ဌကထာမှ တနည်းဟု စကားပလ္လင်ခံပြီးလျှင်) ဝေဒကျမ်းတို့ကိုပင် ဂါထာပဒ စုဏ္ဏိယပဒအားဖြင့် ဆိုတတ်သောကြောင့် ပဒကဟု ခေါ်ကြောင်း ဖွင့်ပြပြန်သည်။ ။ဤသီလက္ခန် ဋီကာသစ်၌လည်း ပဒကအရကိုသာ တနည်းဖွင့်ပြ၍ ဝေယျာကရဏအရကိုကား အထူးတနည်း မဖွင့်ပြခဲ့။

သို့ရကား—ပဒ၏အရ အလင်္ကာကျမ်းလာ ပဇ္ဇအဖွဲ့မျိုးဖြစ်သော ဂါထာဗန္ဓကိုယူ၍၊ ဝေယျာကရဏ၏အရ ဂဇ္ဇအဖွဲ့မျိုးဖြစ်သော စုဏ္ဏိယ=(ဇကားပြေ) ဗန္ဓကို ယူသော် သင့်မြတ်လှ၏။ (ဒေသနာတော်၏ အင်္ဂါကိုးပါး၌ တပါး အပါအဝင်ဖြစ်သော ဝေယျာကရဏမှာလည်း စုဏ္ဏိယ စကားပြေပင်ဖြစ်သည်။) သို့ဖြစ်၍—ပဒခေါ်သော ဂါထာအဖွဲ့အမျိုးမျိုးကိုဇင်း ဝေယျာကရဏခေါ်သော စုဏ္ဏိယ စကားပြေအဖွဲ့အမျိုးမျိုးကိုဇင်း သင်ကြားတတ်မြောက်သိမြင် ပို့ချနိုင်၏ဟု အဓိပ္ပါယ်ပြန်ဆိုလိုက်သည်။

ဤသို့ ပြန်ဆိုခြင်းဖြင့် "အက္ခရပဘေဒခေါ်သော သဒ္ဒါနည်းအမျိုးမျိုးကို သိမြင်နားလည်ရုံမျှမက ဂါထာဗန္ဓ စုဏ္ဏိယ စကားပြေ အရေးအသား အရွတ်အဘတ်လည်း တတ်မြောက်လိမ္မာသည်"ဟူသော ဂုဏ်တမျိုးလည်း တိုးတက်ရရှိလာနိုင်၏။ ဤအဓိပ္ပါယ်ကိုပင် ရည်၍ အရှင်မဟာသီလဝံသသည် ဆုတောင်းခဏ်းပျို့ (သုမေဓာဗြာဟ္မဏ--ပညာဖလခဏ်း) ၌—

> "ထူးပြားကဗျာ၊ ဖွဲ့စရာသား၊ ဂါထာပုံသေ၊ စကားပြေ၌၊ ဆိုလိုက် မိန့်တန့်၊ ရှင်းရှင်းသန့်လျက်၊ မတွန့်ညင်းညင်း၊ ပိုဒ်တွင်းသက်သက်၊ ထွေခေါ်နက်၏"—

ဟူ၍ စပ်ဆိုထားတော်မူသည်။

အနုဒီပနီ=(ထပ်မံဖွင့်ပြချက်) ပြီး၏။

**ဤတွင် မဟာဗုဒ္ဓဝင် ပဌမတွဲ (ပဌမပိုင်း) ပြီး၏။**

http://www.dhammadownload.com

# မဟာဗုဒ္ဓဝင် ပဥ္စမတွဲ

## (ပဥ္စမပိုင်း)

## မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အဦးအစသည် ထူးမြတ်သော မင်္ဂလာဖြစ်ပုံ | [ငိ] |
| အက္ခဏ=ရပ်ပြစ်ရှစ်ပါး | ၃၄ |
| အကာလဒါန | [ညူ] |
| အက္ကောဓနှင့် ခန္တီ (အထူး) | [ယ] |
| အကျိုးရှိသော ဗုဒ္ဓုပ္ပါဒနဝမ ဖြစ်ပါစေ | ၃၆ |
| အကြိုအပို့ဥပုသ် | [ဒ] |
| အချက်နိမိတ်ပြ ပြောခြင်း | [နော] |
| အချမ်းအအေးကင်း၏ (နိမိတ်ကြီး ၃၂-ပါးမှ) | [ငေါ်] |
| အင်္ဂါလေးပါးရှိသော ဝီရိယ | [ဘူ] |
| အင်္ဂုလိမာလသုတ်အကြောင်း | [ဝေါ်] |
| အစ္စယဒါန | [ချိ] |
| အဇ္ဈတ္တိကဒါန | [ဇေ] |
| အဇိနစမ္မ=သစ်နက်ရေ (စိစစ်ချက်) | [ဂိ] |
| အဋ္ဌင်္ဂဥပုသ်သီလ | [ထူ] |
| အဋ္ဌင်္ဂုပေါသထ=အင်္ဂါရှစ်ပါးကို ဆင်ခြင်ခြင်းရှိသော ဥပုသ် | [ထား] |
| အဋ္ဌာနကောပ | [ယာ] |
| အတ္တကဝိ | [ဗာ] |
| အတ္တာဓိပတေယျသီလ | [တိ] |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အတုနှင့်အစစ် ပါရမီဓာတ်ခံ ရှင့်သူမျာ းသာ ခွဲခြားသိနိုင်ပုံ (မှတ်ချက်) | ၄ |
| အထာဝရဒါန | [ချာ] |
| အဓမ္မိကဒါန ကိုးပါး | [ဋ္ဌ] |
| အဓမ္မိယဒါန | [ဇံ] |
| အဓိဋ္ဌာနအမျိုးမျိုး | [ဟာ] |
| အဓိဋ္ဌာနဣဒ္ဓိ | [ဟူ] |
| အဓိဋ္ဌာနပါရမီ | ၆၂ |
| အဓိဋ္ဌာနပါရမီ (ထပ်မံ ဖွင့်ပြချက်) | [သော်] |
| အဓိဋ္ဌာနပုဒ် ရှင်းလင်းချက် | ၆၃ |
| အဓိဋ္ဌာနဝသီဘော် | [ဟိ] |
| အဓိဋ္ဌာန်နှင့် သစ္စာ အထူး | [ဋ္ဌိ] |
| အဓိဋ္ဌာန် သုံးမျိုး | [ဟံ] |
| အဓိမုတ္တိမရဏ | [ကိ] |
| အနုဂ္ဂိပက္ကိကရသေ့ (သီလက္ခန် အဋ္ဌကထာလာ) | [ဂါး] |
| အနုဂ္ဂိပက္ကိကရသေ့ (သုတ္တနိပါတ် အဋ္ဌကထာလာ) | [ဃာ] |
| အန္တရကပ် သုံးမျိုး | [ကေ] |
| အန္တရကပ် စသည် စိစစ်ချက် | [ကူ] |
| အနဘိဇ္ဈာဒိသီလ | [ဍော်] |
| အနဝဇ္ဇဒါန | [ဇော] |

http://www.dhammadownload.com




အကြွရာစဉ် စာမျက်နှာ

[ အ ]

အနာတို့သည် ငြိမ်းကုန်၏ (နိမိတ်ကြီး ၃၂-ပါးမှ) [ငံ]
အနိဗဒ္ဓဒါန [ဈာ]
အနိဿိတသီလ [ဏဲ]
အနုဂ္ဂဟဒါန [ဇေ]
အနုစ္ဆိဋ္ဌဒါန [စျိ]
အနုဒီပနီပုဒ် စိစစ်ချက် [ဏ]
အနုပသမ္ပန္နသီလ [ဓတ]
အနောဝိသပုဂ္ဂိုလ် ငါးမျိုး [ဋ္ဌား]
အနှစ်ရှစ်သောင်းတမ်း အတွက် [ချော]
အပစ္စက္ခဒါန [ညေ]
အပရာမဋ္ဌဒါန [ဈာ]
အပရာမဋ္ဌသီလ [တိ]
အပရာမဋ္ဌပါရိသုဒ္ဓိသီလ [ပေါ]
အပရိယန္တသီလ [ဏား]
အပရိယန္တပါရိသုဒ္ဓိသီလ [ပေ]
အပရိဝါရဒါန [ဈာ]
အပါယဘယပစ္စဝေက္ခဏတာ= အပါယ်ဘေးကို စဉ်းစား ဆင်ခြင်ခြင်း [ဘဲ]
အပူငြိမ်း၏ (နိမိတ်ကြီး ၃၂-ပါးမှ) [ငေါ]
အပြစ်ရှိသော ဝီရိယ [မာ]
အဘယဒါန [ဇဲ]
အဘိမ္မောနည်း ဒါနခြောက်မျိုး [ဇ]
အဘယ်အနက်ကြောင့် သီလမည်သနည်း [စ]
အဘယ်တရားတို့ကို ဒါနဟု ခေါ်သနည်း [ဆံ]
အဘယ်တရားကို သီလခေါ် သနည်း [ဍော]

အကြွရာစဉ် စာမျက်နှာ

[ အ ]

အဘယ့်ကြောင့် ဒါနဟု ခေါ်သနည်း [ဆံ]
အမ္ဗခါဒကမဟာတိဿမထေရ် ဝတ္ထု [နား]
အဘိမ္မောဒေသနာအရေးကြီးပုံ [ရာ]
အမရဝတီခေါ်ကြောင်း [ကား]
အမျက်ထွက်ကြောင်းကိုးပါး [ယ]
အများအကျိုး သယ်ပိုးနိုင်မည့်သူ မှန်မှ အများအကျိုး သယ်ပိုး ပါ၊ အများအကျိုး သယ်ပိုး နိုင်မည့်သူ မဟုတ်လျှင် ကိုယ့် အကျိုး ကိုသာ မလစ်ဟင်း အောင် သယ်ပိုးပါ [ဿဲ]
အယမုဋ္ဌိကရသေ့ (သီလကွန် အဋ္ဌကထာလာ) [ဂါး]
အယမုဋ္ဌိကရသေ့ (သုတ္တနိပါတ် အဋ္ဌကထာလာ) [ဿာ]
အယဉ်ထန်စွာ စီးသော မြစ်ကြီး တို့သည် မစီးကုန်(နိမိတ်ကြီး ၃၂-ပါးမှ) [ငေါ်]
အယောင်ဆောင်အံ့ဖွယ်မှုပြုခြင်း ကုဟနတရားသုံးပါး [ခေ]
အရိယဣဒ္ဓိ [ဟော]
အရိယဥပုသ် [ထံ]
အရိယဥပုသ် ၆-မျိုး [ထံ]
အရိယဝေါဟာရ=အရိယာ သူတော်စင်တို့၏ပြောဆိုခြင်း (ရှင်းလင်းချက်) ၆၂
အရိယသစ္စာခဏ်း [ရိ]

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| (အရှုပြဗြဟ္မာတို့ကိုထား၍) ခပ်သိမ်းသော နတ် ဗြဟ္မာတို့သည် ထင်ကုန်၏ (နိမိတ်ကြီး ၃၂-ပါးမှ) | [ငံ] |
| အရိယာနှင့် ပုထုဇဉ်တို့ ကာမဂုဏ် ခံစားမှုထူးပုံ | [စံ] |
| အရင်းခံသဘောတရား=ဓမ္မ-ဓာတုပုဒ် ရှင်းချက် | ၈၃ |
| အရှင်သာရိပုတြာဝတ္ထု | [နော်] |
| အရှင်သာရိပုတြာအကြောင်း | [ဟဲ] |
| အလောင်းတော်ကြီးများ၏ နှလုံးရည် | ၁၆ |
| အလောင်းတော်၏ ဝီရိယ | [ဘု] |
| အလောင်းတော်များနှင့် အဓိဋ္ဌာန်သုံးပါး | [ဋ္ဌူ] |
| အလောင်းတော်တို့၏ မေတ္တာ | [အော] |
| အလောင်းတော်ဘဝမှ ဝီရိယ အထုံ | [ဘူ] |
| အလောင်းတော် သုမေဓာ | ၄၀ |
| အလောင်းတော် သုမေဓာ၏ ပီတိသုခ | ၃၇ |
| အလှူကြီးမြတ်မှုအင်္ဂါ ၆-ပါး | [ဌား] |
| အဝိရတီသီလ | [ဏဲ] |
| အဝိသုဒ္ဓသီလ | [ထီ] |
| အဝီတိက္ကမသီလ | [ပံ] |
| အသက္ကစ္စဒါန | [ဇော] |
| အသင်္ခါရိကဒါန | [ဇော်] |
| အသဒိသဒါန | [ညဲ] |
| **[ အ ]** | |
| အသဒိသဒါနဝတ္ထုအကျဉ်းချုပ် | [ညဲ] |
| အသပ္ပုရိသဒါနငါးပါး=သူတော်ကောင်း မဟုတ်သူတို့၏ လှူခြင်းငါးမျိုး | [ဌော] |
| အသာမပါကရသေ့ (သီလက္ခန် အဋ္ဌကထာလာ) | [ဂါး] |
| အသုညကပ်=အသုညကမ္ဘာ | [ကံ] |
| အသေက္ခသီလ | [တု] |
| အသံဆယ်ပါး | [ခ] |
| အသက်ကိုပင် စွန့်၍ ပါတိမောက္ခ သံဝရသီလကို ဖြည့်ကျင့်တော်မူကြသောမထေရ်များဝတ္ထု | [နီ] |
| အသက်မွေးမှုဟူသော အကြောင်းကြောင့် ပညတ်အပ်သော သိက္ခာပုဒ် ၆-ပါး | [ရူ] |
| အသက်တမ်းအလိုက် အရွယ် ရောက်ပုံ အယူအဆ | [ချဲ] |
| အသက်တမ်းနှင့်ဘုရားရှင်တို့ ပရိနိဗ္ဗာန်စံပုံ | [ဂျာ] |
| **[ အာ ]** | |
| အာစာရသီလ | [ဒဲ] |
| အာဇီဝပါရိသုဒ္ဓိသီလ | [ရူ] |
| အာဏတ္တိကဒါန | [ဇော] |
| အာဒိဗြဟ္မစရိယကသီလ | [ဏာ] |
| အာနိသံသဒဿာဝိတာ=ဝီရိယ၏ အကျိုးအာနိသင်ကို ရှုမြင်လေ့ရှိခြင်း | [ဘော] |
| အာပါဏကောဋိကသီလ | [ဏဲ] |
| အာဘိသမာစာရိကသီလ | [ဏာ] |
| အာယုကပ် | [ကဲ] |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အာ ]** | |
| အာရဒ္ဓဝီရိယပုဂ္ဂလသေဝနတာ= လုံ့လ ဝီရိယ အားထုတ်ခြင်း ရှိသော ပုဂ္ဂိုလ်ကိုမှီဝဲခြင်း | [ဘံ] |
| အာဝဇ္ဇနဝသီဘော် | [ဟီ] |
| အာသီသအဓိဋ္ဌာန် | [ဠူ] |
| **[ ဣ ]** | |
| ဣစ္ဆာပူရဏသစ္စာ | [လား] |
| ဣဏပရိဘောဂ | [ပိ] |
| ဣဒ္ဓိအဓိဋ္ဌာန် | [ဟု] |
| ဣဒ္ဓိဆယ်မျိုး(အကျယ်) | [ဟု] |
| ဣန္ဒြိယသမတ္တပဋိပါဒနာ=သဒ္ဓါ စသော ဣန္ဒြေတို့ ညီမျှအောင် ပြုခြင်း | [ဗော] |
| ဣန္ဒြိယသံဝရသီလ | [ခိ] |
| ဣသိပဗ္ဗဇ္ဇာ=ရှင်ရသေ့ပြုခြင်း | [ဿိ] |
| **[ ဥ ]** | |
| ဥဂ္ဂသူကြွယ်အကြောင်း အကျဉ်း | [ဈော] |
| ဥဂ္ဂသူကြွယ်၏ အံ့ဖွယ်ရှစ်ပါး | [ဈော်] |
| ဥဠုံဂိဒ္ဓိတညူဘုရားအလောင်း | ၁၀ |
| ဥစ္ဆိဋ္ဌဒါန | [စျိ] |
| ဥဋ္ဌာစရိယရသေ့(သီလက္ခန် အဋ္ဌကထာလာ) | [ဂံ] |
| ဥဋ္ဌာစရိယရသေ့(သုတ္တနိပါတ် အဋ္ဌကထာလာ) | [ဿ] |
| ဥပဒေသ | [သော] |
| ဥပုသ်အဓိဋ္ဌာန် | [ဟာ] |
| ဥပုသ်နေ့သုံးမျိုး | [ထား] |
| ဥပုသ်သုံးမျိုး | [ထော်] |
| ဥပေက္ခာအဓိပ္ပါယ် | [ကျိ] |
| **[ ဥ ]** | |
| ဥပေက္ခာအရကောက် | [ချာ] |
| ဥပေက္ခာ၏ ပြည့်စုံခြင်း | [ချ] |
| ဥပေက္ခာ ခက်ခဲပုံ | [ကျဲ] |
| ဥပေက္ခာဆယ်ပါး | [ချာ] |
| ဥပေက္ခာဆယ်ပါးကိစ္စကွဲပြားပုံ | [ချု] |
| ဥပေက္ခာဒါန | [ဇံ] |
| ဥပေက္ခာပါရမီ | ၉၅ |
| ဥပေက္ခာပါရမီ(ထပ်မံ ဖွင့်ပြချက်) | [ကျိ] |
| ဥပေက္ခာပွါးနည်း | [ကျိ] |
| ဥပေက္ခာ မြင့်မြတ်ပုံ | [ကျူ] |
| **[ ဧ-ဩ ]** | |
| ဧရာဇဇာတ် | [ကျာ] |
| ဩတ္တပ္ပသံဝေဂ | [မ] |
| ဩဓိသပုဂ္ဂိုလ် ခုနစ်ပါး | [အ] |
| **[ အား ]** | |
| အားရှစ်မျိုး | [ယိ] |
| **[ က ]** | |
| ကဆုန်လနှင့် ညောင်ရေ ယူဆပုံ အမျိုးမျိုး | [ငဲ] |
| ကဆုန်လ ထူးမြတ်ပုံ | [ငိ] |
| ကဏှဒီပါယနဇာတ်အကျဉ်း | [ဝူ] |
| ကပ္ပရုက္ခ(ရှင်းချက်) | [ဿော်] |
| ကပ်=ကမ္ဘာအကြောင်း | [ကီ] |
| ကမ္မဝိပါကဇ ဣဒ္ဓိ | [ဟော] |
| ကမ္ဘာအပြား | [ကု] |
| ကလေးငယ်များ မသေသည့်ရွာ | [ဘ] |
| ကဝိလေးမျိုး | [ဗာ] |
| ကာလဆိုင်ရာသစ္စာ | [သေ] |
| ကာလဒါန | [ညူ] |

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ က ]

ကာလပရိယန္တသီလ [ဏဲ]
ကာလရှည်ကြာစွာ ပါရမီတော်တို့ကို ဖြည့်ကျင့်ရခြင်း ၂၀
ကုက္ကုရဇာတ်အကျဉ်း [ဋ္ဌာ]
ကုသီတပုဂ္ဂလပရိဝဇ္ဇနတာ= ပျင်းရိသောပုဂ္ဂိုလ်တို့ကို ဝေးစွာ ရှောင်ကြဉ်ခြင်း [ဘံ]
ကုဟနအဓိပ္ပါယ် [ဓေ]
ကိုးပါးတွဲဒါနစု [ဌေ]
ကိုယ့်ကိုယ်ကို လှူထိုက်ပုံ [ဇံ]
ကောင်းကင်မှ ဆန်းကြယ်သော ပန်းမိုးယံတို့သည် ရွာကုန်၏ (နိမိတ်ကြီး ၃၂-ပါးမှ) [ငေါ်]
ကောင်းကင်ရတနာ မြေပြင်ရတနာတို့သည် ကောင်းစွာ ထွန်းတောက်ပကုန်၏(နိမိတ်ကြီး ၃၂-ပါးမှ) [ငေါ်]
ကောင်းစွာ ဆောင်ရွက်ခြင်း [ဗာ]
ကောင်းစွာ ထားရှိခြင်း [ဗာ]
ကျမ်းသစ္စာ [လေ]
ကျိန်ဆဲခြင်း [လဲ]
ကျောင်းဆင်ခြင်ပုံလက်ာ [နိ]
ကျောင်းဆင်ခြင်ပုံလက်ာ (တနည်း) [ပါ]
ကျောင်းဒါယကာတဦး၏ဝတ္ထု [ညာ]
ကျွန်လေးမျိုး [သာ]
ကျွန်းဦးသစ်ပင်ကြီး ၄-ပင် [ဿော်]
ကြီးစွာသော ဒုက္ခကိုသော်လည်း ဒုက္ခကဲ့သို့ မထင်ပုံ ၁၉
ကြည်းပန်း ရေပန်းဟူသမျှတို့သည် အလုံးစုံ ပွင့်ကုန်၏ (နိမိတ်ကြီး ၃၂-ပါးမှ) [ငေါ]

[ က ]

ကြယ်အပေါင်းနှင့် နက္ခတ်နှစ်ဆယ့်ခုနစ်လုံးတို့သည် အလွန်ထွန်းပတင့်တယ်ကြကုန်၏ (နိမိတ်ကြီး ၃၂-ပါးမှ) [ငေါ်]
ကြယ်တို့သည် နေ့အခါ၌ထင်ကုန်၏ (နိမိတ်ကြီး ၃၂-ပါးမှ [ငေါ်]

[ ခ ]

ခံစားမှုမရှိသော ချမ်းသာ [ရော]
ခန္တီအရ ရှင်းလင်းချက် [ မူ ]
ခန္တီအရ တရားကိုယ် [မော]
ခန္တီနှင့် အက္ကောဓ(အထူး) [ ယ ]
ခန္တီနှင့် ဥပေက္ခာအထူး [ မဲ ]
ခန္တီပါရမီ ၇၉
ခန္တီပါရမီ(ထပ်မံဖွင့်ပြချက်) [ မူ ]
ခရီးလမ်း တာဝန်းယူ၍ ပြင်ဆင်ခြင်း ၆၁
ခါရိကာဇ (အနက်ယူဆပုံ) [ ဂိ ]
ခဲအိုကို ခယ်မကသတ်သည့် ဝတ္ထု [ပေါ]

[ ဂ ]

ဂဏာဥပုသ်ပြုပုံ [ဟာ]
ပမနဝိထိပစ္စဝေက္ခဏတာ= သွားရာလမ်းကြောင်းကို ကောင်းစွာဆင်ခြင်ခြင်း [ဘော]
ဂမ္ဘီရဉာဏစရိယပစ္စဝေက္ခဏာ= နက်နဲသော ဉာဏ်၏ ကျက်စားရာဖြစ်သော တရားသဘောတို့ကို ဆင်ခြင်ခြင်း[ဘာ]
ဂဟဋ္ဌသီလ [တော]

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဂ-င ]** | |
| ဂေဟာသိတပေမ | [ဌော်] |
| ဂေါပါလဉပုသ် | [ထော်] |
| ငါးပါးတွဲ ဒါနစု | [ ဋ္ဌ ] |
| ငါးပါးတွဲသီလစု | [ ပူ ] |
| ငါးရာနှစ်ဆယ် ရှစ်သွယ်မေတ္တာ | [ ဋ္ဌ ] |
| ငယ်ပြူ(ငယ်ဖြူ)နှင့်တောထွက် | [ဖော်] |
| **[ စ ]** | |
| စကားရစ်ဝဲကာ အရိပ်အရောင် ပြောခြင်း | [နော] |
| စကားလဲလှယ် ပရိယာယ် ပြောခြင်း | [နော] |
| စကြံအပြစ်ငါးပါး | ၄၇ |
| စကြံအပြစ်ငါးပါးပြလက်ာ | [ ခါ ] |
| စနည်း (အဓိပ္ပါယ်) | [ စ ] |
| စမရီသားကောင် | [ ချူ ] |
| စာရိတ္တသီလ | [ စံ ] |
| စာရိတ္တ,ဝါရိတ္တ သီလအနွဲ သတိချပ်ရန် | [စော်] |
| စိတ္တဂုတ္တမထေရ်ကြီးဝတ္ထု | [ နူ ] |
| စိတ္တုတြာသသံဝေဂ | [ မ ] |
| စိန္တာကဝိ | [ ဗာ ] |
| စိန္တာမယပညာ | [ ဖံ ] |
| စိရကာလဘာဝနာ | ၁၅၊၁၈ |
| စုတေခြင်းမရှိကုန် (နိမိတ်ကြီး ၃၂-ပါးမှ) | [ ငံ ] |
| စေတနာသီလ | [ ပံ ] |
| စေတနာသီလနှင့် ဝိရတီသီလ | [ဒွေ] |
| စဉ်းစားဖွယ် | [ကျူ] |
| **[ ဆ ]** | |
| ဆဋ္ဌဂ်ုပေက္ခာ | [ ချိ ] |
| ဆေးဆင်ခြင်ပုံလက်ာ | [ နိ ] |
| ဆေးဆင်ခြင်ပုံလက်ာ(တနည်း) | [ပါ] |
| ဆင်ခြင်ခြင်း (ပစ္စဝေက္ခဏာ) နှစ်မျိုး | [ ပ ] |
| ဆယ်နှစ်တမ်းအတွက် | [ချော] |
| ဆောက်တည်ခြင်း | [သော်] |
| ဆွမ်းခံကိုယ်တော်ကြီး(ကုယပကာ ဘိက္ခု)ဝတ္ထု | [ခော်] |
| ဆွမ်းဆင်ခြင်ပုံလက်ာ | [ နာ ] |
| ဆွမ်းဆင်ခြင်ပုံလက်ာ(တနည်း) | [ပါ] |
| **[ ဇ ]** | |
| ဇဂ္ဂနဝတ္ထု | [ ဝံ ] |
| ဇင္ဃာ,ဇင္ဃာမဏ္ဍလ=ဆံကျစ်နှင့် ဆံကျစ်ဝန်း | [ဂေ] |
| ဇနကမင်း၏ ဝီရိယစိတ်ချက် | [မာ] |
| ဇယဒိသဇာတ်အကျဉ်း | [သု] |
| ဇာတိမဟတ္တပစ္စဝေက္ခဏတာ= မိမိ၏မျိုးရိုး မြင့်မြတ်ပုံကို ဆင်ခြင်ခြင်း | [ဘော်] |
| **[ ဈ-ဉ ]** | |
| ဈာနုပေက္ခာ | [ချူ] |
| ဈာန်အဓိဋ္ဌာန် | [ဟံ] |
| ဉာဏဝိပ္ပယုတ္တဒါန | [ဇော်] |
| ဉာဏဝိပ္ပါရဂ္ဂဒ္ဓိ | [ဟော] |
| ဉာဏသမ္ပယုတ္တဒါန | [ဇော်] |
| ဉာဏသံဝေဂ | [ မ ] |
| ဉာဏ်နှင့်မီး နှိုင်းယှဉ်ချက် | [ဘာ] |
| **[ ဋ-တ ]** | |
| ဋီတိဘာဂိယသီလ | [တု] |
| တဏှာပေမ | [ဌော်] |
| တတြမဇ္ဈတ္တုပေက္ခာ | [ချိ] |

http://www.dhammadownload.com




အက္ခရာစဉ် စာမျက်နှာ

[ တ ]

တဒင်္ဂမုတ္တတာ=ထိုဉာဏ်ပညာ ပွါးများမှု၌ ညွတ်ကိုင်းသော စိတ်ရှိခြင်း [ဘိ]

တဒဓိမုတ္တတာ=ဣရိယာပုထ် လေးပါးလုံ ၌ပင် ဝီရိယ၌ ညွတ်ကိုင်းသောစိတ် ရှိနေခြင်း [ဘား]

တပေါင် (အဓိပ္ပါယ်) [စ]

တသောင်းသော စကြာဝဠာ၌ အသံမရှိ ဆိတ်၏၊ နှောင့်ရှက် ခြင်းကင်း၏ (နိမိတ်ကြီး ၃၂-ပါးမှ) [ငေါ်]

တသောင်းသော စကြာဝဠာတိုက် တုန်လှုပ်၏(နိမိတ်ကြီး ၃၂-ပါးမှ) [ငေါ်]

တသောင်းသော စကြာဝဠာတိုက်၌ ငရဲမီးတောက်တို့သည် ငြိမ်းအေး ကုန်၏ (နိမိတ်ကြီး ၃၂-ပါးမှ) [ငေါ်]

တသောင်းသော လောကဓာတ်၌ ငရဲတို့သည် ထင်ကုန်၏ (နိမိတ်ကြီး ၃၂-ပါးမှ)' [ငံ]

တာရယိတုပုဂ္ဂိုလ်=ကိုယ်တိုင် ကလည်းအကယ်အတင်ခံ၍ သူတပါးတို့ကိုလည်း ကယ်တင် တတ်သော ပုဂ္ဂိုလ် ၂၆

တာရိတပုဂ္ဂိုလ်=အထုတ်အဆယ် အကယ်အတင်ခံ ပုဂ္ဂိုလ် ၂၆

တိဒဏ္ဍ(အနက်ယူဆပုံ) [ဂိ]

တိကဘာဝနာမေတ္တာ [အေ]

တိကဘာဝနာ မေတ္တာပွါးနည်း ၃-မျိုး [အေ]

[ တ-ထ ]

တိတ် (အတိတ်အဓိပ္ပါယ်) [စ]

တေမိမင်းသား၏အဓိဋ္ဌာန် [ဋ္ဌ]

တော၌နေခြင်း ၅-မျိုး [ဖေ]

တောထွက်ခြင်းနှစ်မျိုး [ဖော]

တောထွက်ခြင်းနှင့် ရဟန်းအဖြစ်တို့ အပြန်အလှန်အကြောင်း အကျိုး ဆက်စပ်ပုံ [ဖူ]

တော်လှန်ဟူသောစကား (အဓိပ္ပါယ်) [ဈ]

တံတိုင်း တိုက်နံရံတံခါးရွက် ကျောက် တောင်တို့ဖြင့် ပိတ်ပင် ဆီးတား ခြင်းမရှိကုန် (နိမိတ်ကြီး ၃၂-ပါးမှ) [ငံ]

တွင်း၌နေသောမြွေ့ မြွေဘာ၊ ချောက်၌နေသော မြေခွေး့ ဝံ့ သစ် အစရှိသော သတ္တဝါ တို့သည် မိမိတို့နေရာမှ ထွက် ကုန်၏ (နိမိတ်ကြီး ၃၂-ပါးမှ)[ငံ]

ဘာဝရဒါန [ဈာ]

ထေယျပရိဘောဂ [ပိ]

ထွက်မြောက်အောင်နှလုံးသွင်းပုံ [ဖု]

[ ဒ ]

ဒက္ခိဏာ ပါဒမုဒ္ဒရိ(အဓိပ္ပါယ်) [င]

ဒန္တဝက္ကလ်ကရသေ့ (သီလက္ခန် အဋ္ဌကထာလာ) [ဂါး]

ဒန္တလူယျက ရသေ့ (သုတ္တနိပါတ် အဋ္ဌကထာလာ) [ဿ]

ဒါန၏အာနုဘော်ကြီးမြင့် ကြောင်း [ဌား]

ဒါန၏ အာနုဘော် ဆုတ် ယုတ်ကြောင်း [ဌား]

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ ဒ ]

ဒါန၏လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကား အဘယ်တရားများ ဖြစ်ကြသနည်း [ဇာ]
ဒါနကိုပင် ပရိစ္စာဂခေါ်ပုံ [ဆဲ]
ဒါန တခုထည်းနှင့် နိဗ္ဗာန်သို့ ရောက်နိုင်ပါမည်လော [စဲ]
ဒါနနှင့်စပ်၍မှတ်သားဖွယ် [ဆိ]
ဒါနနှင့် ပရိစ္စာဂ [ဆု]
ဒါနနှင့် ပရိစ္စာဂ တူပုံ [ဆေ]
ဒါနနှင့်စပ်၍အထူးထူးအပြားပြား မှတ်ဖွယ် [ဆံ]
ဒါနပါရမီ ဖြည့်ကျင့်ပုံ ချီးကျူးသည့်ဂါထာ ပါဠိအနက် ၂၁
ဒါနပါရမီ ၇၄
ဒါနပါရမီ (ထပ်မံဖွင့်ပြချက်) [ရူ]
ဒါနသည် အဘယ်မျှ အပြားရှိသနည်း [ဇိ]
ဒါန ဒါသ [ညော်]
ဒါနသုတ် မြန်မာပြန် [ဌား]
ဒါနသဟာယ [ညံ]
ဒါနသမ္ပဒါလေးပါး [ဍာ]
ဒါနသာမိ [ညံ]
ဒါနသည် လူပြိန်းများအတွက် ဟူသောစကားကိုချေပချက် [ရူ]
ဒါယဇ္ဇပရိဘောဂ [ပိ]
ဒါယဇ္ဇ မဟတ္တ ပစ္စဝေက္ခဏာတာ= ခံယူရမည့် အမွေ၏ မြင့်မြတ်ပုံကို ဆင်ခြင်ခြင်း [ဘော်]
ဒါမျှဘက္ကက တ်ဿ၏ အလှူဒါန အကြောင်း [ဍှာ]
ဒါသ ဒါန [ဇား]

[ ဒ-ဓ ]

ဒီပင်္ကရာ ဘုရားက သုမေဓာ ရသေ့ကိုပူဇော်ရာ၌အဓိပ္ပါယ် [င]
ဒီပင်္ကရ ဗုဒ္ဓဝင် (ထပ်မံ ဖွင့်ပြချက်) [ခဲျ]
ဒီပင်္ကရာ မြတ်စွာဘုရား ကြွတော်မူလာခြင်း ၆၂
ဒီပင်္ကရာ မြတ်စွာဘုရား ရမ္မာပြည်သို့ ကြွသွားခြင်း ၇၂
ဒုကဘာဝနာမေတ္တာ [အူ]
ဒုကဘာဝနာ မေတ္တာပွါးနည်း ၇-ပါး [အူ]
ဒုက္ကရဒါန [ဌာ]
ဒုက္ခအရိယသစ္စာ [ရိ]
ဒုက္ခနိရောဓ အရိယသစ္စာ [ရေ]
ဒုက္ခသမုဒယ အရိယသစ္စာ [ရှု]
ဒုပ္ပညပုဂ္ဂလ ပရိဝဇ္ဇနံ=ပညာမဲ့သော ပုဂ္ဂိုလ်တို့ကို ဝေးစွာ ရှောင်ကြဉ်ခြင်း [ဗံ]
ဒုဗ္ဘိက္ခန္တရကပ် [ကေ]
ဒုမ္မေဓဇာတ် အကျဉ်းချုပ် [ငု]
ဒုဿီလနှင့် ဆက်ဆံနည်း [ည]
ဒေဝတူပေါသထ=ဒေဝတာဥပုသ် [ထံ]
ဒေဝဒတ်ကို ရဟန်းခံပေးရာ၌ စိစစ်ချက် [မှု]
ဒေသနာသုဒ္ဓိ [ပိ]
ဓမ္မတာသီလ [ဒဲ]
ဓမ္မဒါန ပြုလုပ်နည်း [ညား]
ဓမ္မာဓိပတေယျသီလ [တိ]
ဓမ္မိကဒါနသုံးပါး [ဌံ]
ဓမ္မိယဒါန [ဇံ]
ဓမ္မုပေါသထ=ဓမ္မဥပုသ် [ထံ]

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဓ-န ]** | |
| ဓာတုပစ္စဝေက္ခဏာ | [ပ] |
| နန္ဒမာတာ၏အလှူ | [ဠား] |
| နဝင်္ဂဥပုသ် | [ထဲ] |
| နရည်းဆရာ (အဓိပ္ပါယ်) | [ဿော] |
| နဠပါနဇာတ်အကျဉ်း | [ဠာ] |
| နိဂဏ္ဍဥပုသ် | [ထော်] |
| နိက္ခမနှင့် နေက္ခမ္မ | [ဖိ] |
| နိမ္မပ္ပသိကတာ အဓိပ္ပါယ် | [ဓံ] |
| နိဗဒ္ဓဒါန | [ဈာ] |
| နိဗ္ဗာန် | [ရော်] |
| နိဗ္ဗာန်အကြောင်း စိစစ်ချက် | [ယံ] |
| နိဗ္ဗာန်နှစ်မျိုး | [ရံ] |
| နိဗ္ဗာန်သုံးမျိုး | [ရား] |
| နိဗ္ဗေဓဘာဂိယသီလ | [တူ] |
| နိမိတ် (အဓိပ္ပါယ်) | [ငါး] |
| နိမိတ်ကြီး ၃၂-ပါးကို နတ်တို့ ပြောကြားခြင်း | ၄၄ |
| နိမိတ်ကြီးများအကြောင်း (ထပ်မံဖွင့်ပြချက်) | [ငေါ] |
| နိမိတ်ဆင်ပုံနှင့်စပ်၍ မှတ်ဖွယ် | [စာ–ချော်] |
| နိမိတ်နှင့်စပ်၍ မှတ်သားဖွယ် | [ငါး] |
| နိယမသီလ | [တံ] |
| နိရန္တရဘာဝနာ | ၁၅၊၁၈ |
| နိရောဓရှေ့သွား အဓိဋ္ဌာန် | [ဟော်] |
| နိဿိတသီလ | [ဏဲ] |
| နေက္ခမ္မပါရမီ | ၈၆ |
| နေက္ခမ္မပါရမီ(ထပ်မံဖွင့်ပြချက်) | [ဓီ] |
| နေက္ခမ္မပါရမီတရားကိုယ် | [ဖီ] |
| နေမိတ္တိကတာ | [ဓော] |
| နေယျဘုရားအလောင်း | ၁၀ |
| နေရဉ္ဇရာ(ထပ်မံဖွင့်ပြချက်) | [ဿဲ] |
| **[ န ]** | |
| နေရဉ္ဇရာ(တနည်းထပ်မံ ဖွင့်ပြချက်) | [ဿော] |
| နေဝသေက္ခနာသေက္ခသီလ | [တု] |
| နေ့သည် ကင်းသောအညစ် အကြေးရှိ၏=အညစ်အကြေး ကင်း၏(နိမိတ်ကြီး ၃၂-ပါး မှ) | [ငေါ်] |
| နတ်ဒ္ဒြဖြစ်သော ရန့်တိုသည် လှိုင်ကုန်၏(နိမိတ်ကြီး ၃၂-ပါးမှ) | [ငံ] |
| နတ်ဗြဟ္မာတို့၏အားပေးစကား | ၈၀ |
| နတ်လူတို့ ကောင်းချီးပေးကြခြင်း | ၇၁ |
| နှစ်ပါးတွဲ ဒါနစု | [ဇီ] |
| နှစ်ပါးတွဲသီလစု | [စဲ] |
| **[ ပ ]** | |
| ပကတိဥပုသ်=ရိုးရိုးဥပုသ်နေ့ | [ထား] |
| ပကတိသီလ | [ဒေ] |
| ပစ္စက္ခဒါန | [ညေ] |
| ပစ္စယသန္နိဿိတသီလ | [ဓား] |
| ပစ္စဝေက္ခဏဝသီဘော် | [ဟီ] |
| ပစ္စဝေက္ခဏာသုဒ္ဓိ | [ပီ] |
| ပစ္စုပဋ္ဌာန်ကောက်ယူနည်း | [ဆီ] |
| ပစ္စည်းလေးပါး သုံးဆောင်ခြင်း ၄-မျိုး | [ပိ] |
| ပစ္စေကဗောဓိသတ္တ=ပစ္စေကဗုဒ္ဓါ အလောင်း | ၆ |
| ပစ္စေကဗောဓိဉာဏ် | ၅-၆ |
| ပစ္စေကဗောဓိသတ္တတို့၏ ပါရမီ ဖြည့်ကျင့်ရပုံအချိန်ကာလ | ၂၂ |
| ပဋ္ဌာနုရက္ခဏာသစ္စာ | [ဿီ] |

http://www.dhammadownload.com



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ပ ]** | |
| ပညဝန္တပုဂ္ဂလသေဝန=ပညာရှိသောပုဂ္ဂိုလ်တို့ကို မှီဝခြင်း | [ဗား] |
| ပညတ်အရေးကြီးပုံ | [ရ] |
| ပညာဝိက ဘုရားအလောင်း | ၆ |
| ပညာပါရမီ | ၇၄ |
| ပညာပါရမီ(ထပ်မံဖွင့်ပြချက်) | [ဖံ] |
| ပညာ၏ဂုဏ်သတ္တိများ | [ဘိ] |
| ပညာပွါးကြောင်းခုနစ်ပါး | [ဗော] |
| ပညာပွါးကြောင်းခုနစ်ပါး လင်္ကာ(ဆရာတော်ဦးဗုဓ်) | [ဘိ] |
| ပညာအမျိုးအစား | [ဗေ] |
| ပညာ၏သဘော | [ဗိ] |
| ပညာသည် ဒုစရိုက်အရာမှာ ပါ-မပါ စိစစ်ချက် | [ဗု] |
| ပညာသုံးမျိုး | [ဖံ] |
| ပဋိက္ကူလပစ္စဝေက္ခဏာ | [ပ] |
| ပဋိဇာဂရဥပုသ်=အကြိုအပို ဥပုသ် | [ဒ] |
| ပဋိပ္ပဿဒ္ဓသီလ | [တိ] |
| ပဋိပ္ပဿဒ္ဓိပါရိသုဒ္ဓိသီလ | [ပံ] |
| ပဋိဘာနကဝိ | [ဗိ] |
| ပဋိသန္ဓေနေခြင်း မရှိကုန် (နိမိတ်ကြီး ၃၂-ပါးမှ) | [ငံ] |
| ပဏီတဒါန | [ညော်] |
| ပဏီတသီလ | [တ] |
| ပဏ္ဍုပလာသိကရသေ့(သီလက္ခန် အဋ္ဌကထာလာ) | [ဂါး] |
| ပဒက-ပုဒ်၏အနက် | [ဂျူ] |
| ပဒဋ္ဌာန်ကောက်ယူနည်း | [ဆိ] |
| ပဒေသာပင်(အနက်ဆုံးဖြတ်ချက်) | [ဿံ] |
| ပရမတ္ထသစ္စပါရမီ | [သဲ] |
| **[ ပ ]** | |
| ပရမတ္ထသစ္စာ | [ယော] |
| ပရမတ္ထသစ္စာနှင့် သမ္မုတိသစ္စာ ဟောရပုံ | [ရု] |
| ပရမဋ္ဌဒါန | [ချာ] |
| ပရမဋ္ဌသီလ | [တိ] |
| ပရိစ္စာဂငါးမျိုး(မူလပဏ္ဏာသ အဋ္ဌကထာ စူဠသီဟနာဒ သုတ်အဖွင့်) | [ဆဲ] |
| ပရိစ္စာဂငါးမျိုး(သီလက္ခန် အဋ္ဌကထာ, မူလပဏ္ဏာသ အဋ္ဌကထာ, အင်္ဂုတ္တိုရ် အဋ္ဌအထာအလို) | [ဆဲ] |
| ပရိစ္စာဂငါးမျိုး(ဝိသုဒ္ဓိမဂ်ဋီကာ အလို) | [ဆော] |
| ပရိစ္စာဂငါးမျိုး(ဣတိဝုတ် အဋ္ဌကထာ၊ ဒုကနိပါတ်၊ ဒုတိယဝဂ်၊ ပဋ္ဌမသုတ် အလို) | [ဆော] |
| ပရိစ္စာဂငါးမျိုး(သုတ်မဟာဝါ၊ မဟာပဒါနသုတ်အလို) | [ဆော] |
| ပရိစ္စာဂငါးမျိုး(ဗုဒ္ဓဝင် အဋ္ဌကထာအလို) | [ဆော] |
| ပရိစ္စာဂငါးမျိုး(ဝေဿန္တရာဇာတ် အဋ္ဌကထာအလို) | [ဆော်] |
| ပရိပုစ္ဆကတာ=ပညာရှိတို့ထံ အဖန်ဖန်မေးမြန်းခြင်း | [ဗော] |
| ပရိပုဏ္ဏပါရိသုဒ္ဓိသီလ | [ပဲ] |
| ပရိယန္တပါရိသုဒ္ဓိသီလ | [ပူ] |
| ပရိယတ္တိသစ္စာနှင့် ပဋိပတ္တိသစ္စာ | [လီ] |
| ပရိယေဋ္ဌိသုဒ္ဓိ | [ပိ] |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ပ ]** | |
| ပဝတ္တဖလဘောဇနရသေ့ (သီလက္ခန်အဋ္ဌကထာလာ) | [ဂါး] |
| ပဝတ္တဖလိကရသေ့ (သုတ္တနိပါတ် အဋ္ဌကထာလာ) | [ဿာ] |
| ပဟာနသီလ | [ပံ] |
| ပါဋိဟာရိယဥပုသ် | [ဒ] |
| ပါတိမောက္ခသံဝရသီလ | [ဒေါ] |
| ပါရမီအဓိပ္ပါယ် | [စံ] |
| ပါရမီဥပေက္ခာနှင့် ဥပေက္ခာ ဆယ်ပါး | [ချူ] |
| ပါရမီ, ဥပပါရမီ, ပရမတ္ထပါရမီ အထူး | [ကာ] |
| ပါရမီဆယ်ပါးအစဉ်ထားပုံ | [စာ] |
| ပါရမီဆယ်ပါးလုံး သိမ်းရုံး ဆင်ခြင်မိသောအခါ မြေ လျှောင်ကြီးစွာတုန်လှုပ်ခြင်း | ၉၆ |
| ပါရမီဆယ်ပါး အပြားသုံးဆယ် ပွါးပုံ (မှတ်ရန်ဆောင်ပုဒ်) | [ကီ] |
| ပါရမီဆယ်ပါး အစဉ် (ဂါထာဆောင်ပုဒ်) | [ကာ] |
| ပါရမီတို့၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် | [ဆာ] |
| ပါရမီတော် ဆင်ခြင်ခြင်း | ၇၀ |
| ပါရမီတော်တို့၏ ဥပမာ မရှိကြောင်း | ၃၁ |
| ပါရမီဖြည့်စဉ် နတ်ပြည်၌ ကြာရှည် နေလေ့မရှိပုံ | ၁၈ |
| ပါရမီမည်ကြောင်း | [ကာ] |
| ပါရိသုဒ္ဓုပေက္ခာ | [ချူ] |
| ပါဠိတော်များအတွက် ရှင်းလင်းချက် | [မား] |
| ပိဋ္ဌပါတာပစာယနတာ=ဒါယကာတို့ လှူဒါန်းသည့် ဆွမ်းကို ရိုသေခြင်း | [ဘော] |
| ပုဂ္ဂလဥပုသ်ပြုပုံ | [ဟာ] |
| ပုဂ္ဂလိကဒါန | [ဈီ] |
| ပုဂ္ဂလိကဒါန (၁၄)မျိုး | [ဈူ] |
| ပုညဝန္တဏ္ဍိ | [ဟော] |
| ပုဏ္ဏားဟူသော ဝေါဟာရ | [ယု] |
| ပုဗ္ဗနိမိတ္တအဓိဋ္ဌာန် | [ဟံ] |
| ပုဗ္ဗဟေတုသီလ | [ဒဲ] |
| ပူဇာဒါန | [ဇေ] |
| ပူဇော်သည်(ရှင်းလင်းချက်) | [ငါ] |
| ပေမသုံးပါး | [ဋ္ဌော] |
| ပံသုကူ(အဓိပ္ပါယ်) | [ဂျီ] |
| ပြင်းစွာသောလေတို့သည် မလာကုန် (နိမိတ်ကြီး ၃၂-ပါးမှ) | [ငေါ်] |
| **[ ဗ ]** | |
| ဗာကုလထေရ်အကြောင်း | [ဟေ] |
| ဗာဟိရဒါန | [ဓဲ] |
| ဗုဒ္ဓ=(ကိစ္စပြီးမြောက် ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူကြသော ပုဂ္ဂိုလ်သူမြတ်ကြီးများ) | ၂၃ |
| ဗုဒ္ဓကိစ္စ=(မြတ်စွာဘုရား၏ လုပ်ငန်းစဉ်) | ၂၄ |
| ဗုဒ္ဓုပ္ပါဒဒုလ္လဘာ | ၃ |
| ဗုဒ္ဓုပ္ပါဒ ဒုလ္လဘာဖြစ်ပုံစဉ်းစားရန် | ၂၈ |
| ဗောဇ္ဈင်္ဂုပေက္ခာ | [ချီ] |
| ဗောဓိဉာဏ် | ၅ |
| ဗောဓိသတ္တ = (အလောင်း အလျာကြီးများ) | ၅ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဗ ]** | |
| ဗောဓိသတ္တကိစ္စ = (အလောင်း အလျာကြီးတို့၏ လုပ်ငန်းစဉ်) | ၁၂ |
| ဗောဓိသတ္တဘုရားအလောင်း ဖြစ်ရန်ပင် ခဲယဉ်းလှကြောင်း | ၃၂ |
| ဗျာဒိတ်ခံဏ်း | ၅၇ |
| ဗျာဒိတ်စကား မိန့်ကြားတော်မူခြင်း | ၆၀ |
| ဗျာဒိတ်(ထပ်မံဖွင့်ပြချက်) | [ဆေ] |
| ဗျာဒိတ်နှင့်စပ်၍မှတ်ဖွယ် | [ဆော] |
| ဗျာဒိတ်ရရန် အင်္ဂါရှစ်တန် | ၆၀ |
| ဗြဟ္မစရိယပဉ္စမသီလ | [ထု] |
| ဗြဟ္မစရိယပဉ္စမကောဘတ္တိကသီလ | [ထူ] |
| ဗြဟ္မဝိဟာရတရား ၄-ပါး | [ဋ္ဌော] |
| ဗြဟ္မဝိဟာရုပေက္ခာ | [ချီ] |
| ဗြဟ္မုပေါသထ=ဗြဟ္မဥပုသ် | [ထံ] |
| ဗြဟ္မဏအနက် စိစစ်ချက် | [ယီ] |
| **[ ဘ ]** | |
| ဘဒ္ဒကမ္ဘာ=ဘုရားငါးဆူပွင့်ကမ္ဘာ | [ကား] |
| ဘဝေါ(အဓိပ္ပါယ်) | [စ] |
| ဘာဝနာမယပညာ | [ဖား] |
| ဘာဝနာလေးမျိုး | ၁၅ |
| ဘိက္ခုနီသီလ | [တု] |
| ဘိက္ခုသီလ | [တူ] |
| ဘိသဇာတ်အကျဉ်း | [လီ] |
| ဘုဇိဿဒါန | [ဇား] |
| ဘုရားအလောင်းတော်များ သုံးမျိုးပြားရခြင်း၏ အခြေခံ အကြောင်းရင်း | ၈ |
| ဘုရားအလောင်းအလျာသုံးမျိုး | ၆ |
| ဘုရားပွင့်ချိန်ကျမှ ပွင့်နိုင်ပုံ | ၁၁ |
| ဘုရားရှင်၏ဘုန်းတော်အထူး | [ဘူ] |
| ဘုရားရှင်လက်ထက်တော် သစ္စာအာနုဘော် | [ဝေါ] |
| ဘူရိဒတ်၏သစ္စာ | [သိ] |
| ဘေးကင်းကြ၏(နိမိတ်ကြီး ၃၂-ပါးမှ) | [ငံ] |
| **[ မ ]** | |
| မကောင်းသောအနံ့တို့သည် ပျောက်ကုန်၏(နိမိတ်ကြီး ၃၂-ပါးမှ) | [ငံ] |
| မဂ္ဂအရိယသစ္စာ | [လ] |
| မဂ္ဂင်ရှစ်ပါး | [လာ] |
| မင်္ဂလဗုဒ္ဓဝင်(ထပ်မံဖွင့်ပြချက်) | [ဂျီ] |
| မစ္ဆဇာတ်အကျဉ်း | [ဝု] |
| မဇ္ဈိမဒါန | [ဈော] |
| မဇ္ဈိမပဋိပဒါ | [လ] |
| မဇ္ဈိမသီလ | [တ] |
| မဏ္ဍကမ္ဘာ=ဘုရားနှစ်ဆူပွင့်ကမ္ဘာ | [ကား] |
| မဏ္ဍပ်ကန္တား အခမ်းအနား ပြင်ဆင်ကြခြင်း | ၅၀ |
| မနော့မယကမ္မဒ္ဓိ | [ဟူ] |
| မဟာကပ်အပြား | [ကံ] |
| မဟာတိဿမထေရ်ဝတ္ထု | [ရု] |
| မဟာထေရ်ကြီးတပါး အကြောင်း | [ပေါ] |
| မဟာဒါန | [ချူ] |
| မဟာဒါနငါးပါး | [ဌ] |
| မဟာမမ္ပပါလ၏မှတ်သားဖွယ်စကား | [ဍ] |
| မဟာဗုဒ္ဓဝင် အနုဒီပနီ | [က] |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ မ ]** | |
| မဟာမိတ္တမထေရ်ဝတ္ထု | [နေ] |
| မဟာလောမဟံသစရိယ | [ကျော်] |
| မဟာသမုဒ္ဒြာသည် ဝဲလည်၏ (နိမိတ်ကြီး ၃၂-ပါးမှ) | [ငေါ်] |
| မဟာသီဝထေရ်၏အလို | [ကော] |
| မဟာသံဃရက္ခိတမထေရ် အကြောင်း | [ပဲ] |
| မဟာဟံသဇာတ် ကောက်နုတ်ချက် | [အား] |
| မဟောသဓာ၏ ဝီရိယ (စိစစ်ချက်) | [မီ] |
| မဟောသဓာဘာဝ | [မီ] |
| မာတင်္ဂဇာတ်အကျဉ်း | [ဋ္ဌာ] |
| မိဂလုဒ္ဒကပေတဝတ္ထု အကျဉ်းချုပ် | [ဏော်] |
| မိစ္ဆာဝိတက်သုံးပါး | [ဖု] |
| မိန်းမသည်လည်း ပညာရှိဖြစ်နိုင်ပုံ | [ဗီ] |
| မုသာဝီရမဏာသစ္စာ | [ငါး] |
| မူဆိုး၏မေတ္တာ | [အား] |
| မေတ္တာသုတ်လာ မေတ္တာပွါးနည်း | [အီ] |
| မေတ္တာနှင့် အဒေါသ | [ဋ္ဌီ] |
| မေတ္တာပါရမီ | ၉၄ |
| မေတ္တာပါရမီ(ထပ်မံဖွင့်ပြချက်) | [ဋ္ဌော] |
| မေတ္တာပေမ | [ဋ္ဌော်] |
| မေတ္တာပုဗ္ဗဘာဂတရား ၁၅-ပါး | [အီ] |
| မေတ္တာပို့ရမည့်ပုဂ္ဂိုလ် ၁၂-မျိုး | [အ] |
| မေတ္တာပွါးများရပုံ အခြင်း အရာလေးပါး | [အ] |
| မေတ္တာတရားပွါးများခြင်း၏ အကျိုး ၁၁-ပါး | [ထော] |
| မေတ္တာယောင်ဆောင်ရာဂ | [အား] |
| မေထုနသံယောဂ(မေထုန်ငယ် ၇-ပါး) | [ဖာ] |
| မေထုန်နှင့်စပ်သောတရား ၇-ပါး | [ဖ] |
| မိုးဃံမရွာပဲ ရေသည်မြေမှထွက်၏ (နိမိတ်ကြီး ၃၂-ပါးမှ) | [ငေါ်] |
| မျက်မှောက်အကျိုးပေးသည့် အလှူအင်္ဂါလေးပါး | [ ၃၁ ] |
| မြတ်စွာဘုရား၏မေတ္တာတော် | [ကျာ] |
| "မြတ်စွာဘုရား"ဟူသောအသံ (ကြားရခဲပုံ) | ၃ |
| မြတ်စွာဘုရားပွင့်တော်မူရာ ကာလ၏ ရခဲကြုံခဲပုံ | ၃ |
| မြူထခြင်းမရှိ (နိမိတ်ကြီး ၃၂-ပါးမှ) | [ ငံ ] |
| မွတ်သိပ်ဆာလောင်ခြင်း ကင်းဂုန်၏(နိမိတ်ကြီး ၃၂-ပါးမှ | [ ငံ ] |
| မှိဝဲဆည်းကပ်ခြင်း(အဓိပ္ပါယ်) | [ဘာ] |
| **[ ယ ]** | |
| ယခုကာလသစ္စာတန်းခိုးမရှိပုံ | [ဝေါ] |
| ယသောဓရာအလောင်းသုမိတ္တာ | ၆၆ |
| ယုတ်မာသောတရားငါးပါး | [ဓေ] |
| **[ ရ ]** | |
| ရခဲသောအရာအဖိုးတန်သည် | [ကျူ] |
| ရတနသုတ် | [ဝေါ်] |
| ရသကောက်ယူနည်း | [ဆိ] |
| ရသေ့နှစ်ပါးဝတ္ထု | [လဲ] |
| ရသေ့ရှစ်မျိုး (သုတ္တနိပါတ် အဋ္ဌကထာလာ) | [ဿ] |

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ ရ ]

ရသေ့ရှစ်မျိုး(သီလက္ခန် အဋ္ဌကထာလာ) [ဇေါ်]
ရဟန်းနှင့်ပုဏ္ဏား [ယိ]
ရာဂ, ဒေါသ, မောဟပျောက်ကင်း၏ (နိမိတ်ကြီး ၃၂-ပါးမှ) [ ၎ ]
ရာမဇာတ်အကျဉ်း [သူ]
ရုက္ခမူဓုတင်အစိပ္ပါယ် [ဂျူ]
ရေကရားနှင့်ထမ်းပိုး [ ဂီ ]
ရေစက်ချမှုဒါနမြောက်, မမြောက်[ဇူ]
ရောဂါသုံးမျိုးသာရှိသောခေတ် [ဂျ]
ရောဂန္တရကပ် [ကေ]
ရိုးရိုးဥပုသ် [ထား]
ရှင်ပုဏ္ဏ၏ သည်းခံရည် [မော]
ရှင်သုံးမျိုး [ဆိ]
ရှေးအခါက သစ္စာတန်ခိုးရှိပုံ [ ဝဲ ]
ရှစ်ပါးတွဲဒါနစု [ဌာ]

[ လ ]

လက္ခဏ, ရသ ခွဲနည်း [ဆိ]
လကျ်ာခြေ လှမ်းပုံ (အစိပ္ပါယ်) [င]
လပန အစိပ္ပါယ် [ဓော]
လျှံ၍ဖြစ်သော တူရိယာ, နတ်၌ ဖြစ်သောတူရိယာတို့သည် အလိုလိုမြည်ကုန်၏(နိမိတ်ကြီး ၃၂-ပါးမှ) [ငေါ်]
လူတကုဋေ အတုလိုက် ရဟန်း ပြုပုံရှင်းချက် [ချစ]
လူနတ်တို့ပူဇော်ဆုတောင်း ကြခြင်း ၉၉
လူ့ဝတ်ပုဆိုးအပြစ် ၉-ပါး [ခါး]
လောကာဓိပတေယျသီလ [တိ]
လောကိယသီလ [ဏား]

[ လ ]

လောကုတ္တရသီလ [တ]
လေးပါးတွဲသီလစု [တု]
လို့လပ္ပါးကြောင်း ၁၁-ပါးလင်္ကာ (ဆရာတော် ဦးဗုဓ်) [ဘား]
လျှော်တေ [ ဂိ ]
လျှော်တေသင်္ကန်း [ဂါ]
လျှော်တေသင်္ကန်း၏ ဂုဏ်ကျေးဇူး ၁၂-ပါး [ဂါ]

[ ဝ ]

ဝင်္ဂီသမထေရ်ဝတ္ထု [ နု ]
ဝစီဘေဒသိဒ္ဓိသစ္စာ [သိ]
ဝစီသစ္စာသုံးပါး [လိ]
ဝဋ္ဋကဇာတ်အကျဉ်း [ ဝု ]
ဝဍ္ဎနိဿိတဒါန [ ဇိ ]
ဝဋ်မှထွက်မြောက်ကြောင်း စကားကောင်း ၁၀-မျိုး [ဓာ]
ဝဏ္ဏမုတ္တိကရသေ့(သုတ္တနိပါတ် အဋ္ဌကထာလာ) [ဆာ]
ဝတအစဉ်ဌာန် [ဋ္ဌူ]
ဝတ္ထုဒါန [ဇိ]
ဝတ္ထုဝိသဒကိရိယာ=ကိုယ်တွင်း ကိုယ်ပ နှစ်ဌာနလုံးသော ဝတ္ထုတို့ကို သန့်ရှင်းစင်ကြယ် အောင် ပြုလုပ်ရခြင်း [မော]
ဝရကမ္ဗာ=ဘုရားသုံးဆူပွင့် ကမ္ဘာ [ကား]
ဝသီဘော် ၅-ပါး [ဟိ]
ဝါရိတ္တသီလ [စဲ]
ဝိကုဗ္ဗနဣဒ္ဓိ [ဟူ]
ဝိဇ္ဇာမယဣဒ္ဓိ [ဟော်]
ဝိဓုရဇာတ်အကျဉ်းချုပ် [ဝါး]

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဝ ] | |
| ဝိနည်းဒေသနာလာ ဒါန လေးမျိုး | [ဧ] |
| ဝိနည်းဒေသနာတော်လာ သံဃိက | [ညီ] |
| ဝိပဋ္ဌိတည္ဟုဘုရားအလောင်း | ၁၀ |
| ဝိပဿနုပေက္ခာ | [ချီ] |
| ဝိရတီသီလ | [ဏဲ] |
| ဝိဝဋ္ဋနိဿိတဒါန | [ဧဲ] |
| ဝိသာခမထေရ်ဝတ္ထု | [အော်] |
| ဝိသာခါနက္ခတ်၏ စန်းနှင့် ယှဉ်ခြင်းအချိန်အခါ (အထူးထပ်မံဖွင့်ပြချက်) | [ငီ] |
| ဝိသာခါနက္ခတ်သည် လပြည့်ဝန်း (=စန်း)နှင့်ယှဉ်၏(နိမိတ်ကြီး ၃၂-ပါးမှ) | [ငံ] |
| ဝိသုဒ္ဓသီလ | [တီ] |
| ဝိသေသဘာဂိယဘီလ | [တူ] |
| ဝီရိယ၏အင်္ဂါလေးပါး | [ဘူ] |
| ဝီရိယ၏ဂုဏ်သတ္တိများ | [မူ] |
| ဝီရိယ၏အခြေခံအကြောင်းရင်း | [ဘား] |
| ဝီရိယပါရမီ | ၈၈ |
| ဝီရိယပါရမီ(ထပ်မံဖွင့်ပြချက်) | [ဘု] |
| ဝီရိယဖြစ်ကြောင်း ၁၁-ပါး | [ဘဲ] |
| ဝီရိယာဓိကဘုရားအလောင်း | ၆ |
| ဝီရိယုပေက္ခာ | [ချီ] |
| ဝေဒနုပေက္ခာ | [ချီ] |
| ဝေမတိကသီလ | [တီ] |
| ဝေယျာကရဏ-ပုဒ်၏အနက် | [ဂျူ] |
| ဝေရမဏီသီလ | [ပံ] |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ သ ] | |
| သက္ကစ္စဒါန | [ဧော] |
| သက္ကစ္စဘာဝနာ | ၁၅၊၁၈ |
| သက်န်းအဓိဋ္ဌာန် | [ဟီ] |
| သက်န်းဆင်ခြင်ပုံလင်္ကာ | [နှာ] |
| သက်န်းဆင်ခြင်ပုံလင်္ကာ (တနည်း) | [ပါ] |
| သင်္ခါရုပေက္ခာ | [ချီ] |
| သစ္စာနှစ်ပါး | [ယဲ] |
| သစ္စာနှစ်ပါး စဉ်းစားဖွယ် | [သဲ] |
| သစ္စာနှစ်ပါးဟောရပုံ | [ရာ] |
| သစ္စာနှစ်မျိုးခွဲ | [သီ] |
| သစ္စာပါရမီ | ၉၀ |
| သစ္စာပါရမီ(ထပ်မံဖွင့်ပြချက်) | [ယူ] |
| သစ္စာသုံးပါး အလောင်းတော်ကြီးများ သုံးစွဲပုံ | [သီ] |
| သစ်နက်ရေ(ရှင်းချက်) | [ဂီ] |
| သစ်ပင်ရင်း၏ ဂုဏ်ဆယ်ပါး | [ဆု] |
| သစ်ရွက်မိုးကျောင်း၏ အပြစ်ရှစ်ပါး | [ဆီ] |
| သစ်ရွက်မိုးစရပ်ကိုစွန့်၍ သစ်ပင်ရင်းသို့ကပ်ခြင်း | ၅၁ |
| သစ်သားသုံးခွ | [ဂီ] |
| သစ်သီးဆွမ်းကိုမှီဝဲ၍ တရားအားထုတ်ခြင်း | ၅၃ |
| သဇီဝဒါန | [ချီ] |
| သညာနှင့်ပညာ | [ယော] |
| သညာသမား၏အမြင် | [ယံ] |
| သည်းခံခြင်းမဟုတ်သည့် အက္ခေ့ာခ | [မား] |
| သတ္တဝါနှင့်ပုဂ္ဂိုလ်အသုံး | [ဋ္ဌား] |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| သတ္တဝါတို့ မမွေ့လျော်ခြင်း ပျောက်၍ မွေ့လျော်ခြင်း ရှိကြကုန်၏(နိမိတ်ကြီး ၃၂-ပါးမှ) | [ငံ] |
| သတ္တန္တရကပ် | [ကေ] |
| သတ္ထုမဟတ္တပစ္စဝေက္ခဏတာ =ဆရာဖြစ်သော မြတ်စွာဘုရား၏ မြင့်မြတ်တော်မူပုံကို ဆင်ခြင်ခြင်း | [ဘော်] |
| သဒ္ဓဟာပနသစ္စာ | [လီ] |
| သဒ္ဓါတရားနှင့်စပ်၍ မှတ်ဖွယ် | [ဦ] |
| သဒ္ဓါဓိကဘုရားအလောင်း | ၆ |
| သဒိသဒါန | [ညဲ] |
| သပရိယန္တသီလ | [ဏား] |
| သပရိဝါရဒါန | [ဈာ] |
| သပိတ်အဓိဋ္ဌာန် | [ဟိ] |
| သပုတ္တဘရိယရသေ့(သုတ္တနိပါတ် အဋ္ဌကထာလာ) | [ဿ] |
| သပုတ္တဘရိယရသေ့ (သီလက္ခန် အဋ္ဌကထာလာ) | [ဂံ] |
| သပ္ပုရိသဒါနငါးပါး (=သူတော်ကောင်းတို့၏ လှူခြင်း ငါးမျိုး) | [ဋ္ဌော] |
| သပ္ပုရိသဒါနငါးပါး (တနည်း) | [ဋ္ဌော်] |
| သဗ္ဗသင်္ဂါဟိကမေတ္တာ | [အု] |
| သဗ္ဗသင်္ဂါဟိက မေတ္တာပွါးနည်း ၃-ပါး | [အု] |
| သဗ္ဗညုဘုရားဖြစ်ရန် စိတ်သန် တော်မူခြင်း | ၆၅ |
| သဗ္ဗသမ္ဘာရဘာဝနာ | ၁၅၊ ၁၈ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| သဗြဟ္မစာရိမဟတ္တပစ္စဝေက္ခဏ-တာ= သီတင်းသုံးဖော်တို့၏ မြင့်မြတ်ပုံကို ဆင်ခြင်ခြင်း | [ဘံ] |
| သဘာဝသစ္စာနှင့် အရိယသစ္စာ | [ရိ] |
| သမဏပဗ္ဗဇ္ဇာ= ရှင်ရဟန်း ပြုခြင်း | [ဆိ] |
| သမဏဘဒြတရားရှစ်ပါး | [ခဲ] |
| သမဏသုခအင်္ဂါရှစ်မျိုး | ၄၈ |
| သမဏသုခရှစ်ပါး မှတ်ဖွယ် သံပေါက် | [ခါး] |
| သမ္ဗုတ္တကာလိကရသေ့(သုတ္တ နိပါတ် အဋ္ဌကထာလာ) | [ဿ] |
| သမ္ဗုတာဋ္ဌ အနက်ရှင်းချက် | [ခ] |
| သမ္မပ္ပဓာန်လေးပါး | [ဘေ] |
| သမ္မပ္ပဓာန်ဝီရိယ | [ဘေ] |
| သမသီသီရဟန္တာ | [နို] |
| သမာဓိဝိပ္ဖါရဣဒ္ဓိ | [ဟဲ] |
| သမာပဇ္ဇနဝသီဘော် | [ဟိ] |
| သမာပတ်အကျိုးများ | [ဟံ] |
| သမ္မာပယောဂဣဒ္ဓိ | [ဟော်] |
| သမ္မာဝိတက် သုံးပါး | [ဖု] |
| သမ္မာသမ္ဗောဓိဉာဏ် | ၅ |
| သမ္မာသမ္ဗောဓိသတ္တ= သဗ္ဗညု ဘုရားအလောင်း | ၆ |
| သမုဒ္ဒရာခုနစ်မျိုး | [ဝါ] |
| သမုဒ္ဒရာနှင့်တူသော ပါရမီ တော်များ | ၁၉ |
| သမ္မုတိသစ္စာကို ဟောရခြင်း အကြောင်း | [ရာ] |
| သမ္မုတိသစ္စာ | [ယဲ] |
| သရဘင်္ဂဇာတ် ကောက် နုတ်ချက် | [မော်] |

http://www.dhammadownload.com




အက္ခရာစဉ် စာမျက်နှာ

[ သ ]

သသင်္ခါရိကဒါန [ဇော်]
သာမညဒါန [ဋ္ဌေ]
သာမဏေရပဗ္ဗဇ္ဇာ= ရှင်သာမဏေ ပြုခြင်း [ဿိ]
သာမိပရိဘောဂ [ပိ]
သာရကမ္ဗာ= ဘုရားတဆူသာ ပွင့်ကမ္ဘာ [ကား]
သာရမဏ္ဍကမ္ဘာ=ဘုရားလေးဆူ ပွင့် ကမ္ဘာ [ကား]
သာဝကဗောဓိဉာဏ် ၆
သာဝကဗောဓိသတ္တ= တပည့် သာဝကအလောင်း ၆
သာဝကဗောဓိသတ္တတို့၏ပါရမီ ဖြည့်ကျင့်ရပုံ အချိန်ကာလ ၂၂
သာဝဇ္ဇဒါန [ဇော]
သာဟတ္ထိကဒါန [ဇော]
သိကြားမင်း၏ သည်းခံရည် [မံ]
သိန်းထီပေါက်သူ၏ ချမ်းသာနှင့် ဆင်းရဲ [ရုံ]
သိဝိမင်းကြီး ဝတ္ထု [ဝိ]
သီလအပြား [စဲ]
သီလအရကောက် [ဍော]
သီလ၏ စင်ကြယ်ခြင်း လေးပါး [ပီ]
သီလ၏ အကျိုးအာနိသင် [စူ]
သီလ၏ ကျိုး ပေါက် ကျား ပြောက်ပုံ [ပါး]
သီလ၏လက္ခဏာစသည် [စူ]
သီလ ခေါ်ခြင်း၏ အကြောင်း [စ]
သီလခံယူပုံအစီအစဉ် [သံ]
သီလညစ်ညူးကြောင်းနှင့် ဖြူစင်ကြောင်း [ပါး]
သီလနှင့်စပ်၍မှတ်ဖွယ်အကျယ် [ဩုံ]

အက္ခရာစဉ် စာမျက်နှာ

[ သ ]

သီလနှင့် သမာဓိတို့ ကောင်းစွာ ထားပုံ အထူး [ဒီ]
သီလပါရမီ ဂ၅
သီလပါရမီ(ထပ်မံဖွင့်ပြချက်) [ဩူ]
သီလလေးပါးပြည့်စုံစေပုံ အစီအရင် [နို]
သီလသည်မည်မျှအပြားရှိသနည်း[စဲ]
သီလုပေါသထ=သီလဥပုသ် [ထံ]
သီဟိုဠ်သာသနာခေတ် သစ္စာ အာနုဘော် [ဝံ]
သုဇာတာသားဆုတောင်းပုံ [ငုံ]
သုညကပ်=သုညကမ္ဘာ [ကံ]
သုတကဝိ [ဗာ]
သုတမယပညာ [ဖား]
သုတသောမဇာတ်အကျဉ်း [လော်]
သုတ္တန်ဒေသနာအရေးကြီးပုံ [ရှ]
သုတ္တန်နည်း ဒါနဆယ်မျိုး [ဇ]
သုပ္ပါရကဝတ္ထု [ဝါ]
သုမေဓာအလှူကြီးပေးတော် မူခြင်း ၄၆
သုမေဓာ တောထွက်ခဏ်း ၄၂
သုမေဓာတောထွက်တော်မူခြင်း ၄၇
သုမေဓာပညာရှိ ရဟန်းပြုတော် မူခြင်း ၅၀
သုမေဓာဗြာဟ္မဏအကြောင်း ၃ဂ
သုမေဓာရှင်ရသေ့ဘက်မှ လကျာ ခြေတော်ကို ချကာ ကြွတော် မူခြင်း (ထပ်မံရှင်းလင်း ဖွင့်ပြချက်) [င]
သုလသာဇာတ် အကျဉ်း [ဗီ]
သုဝဏ္ဏသာမဇာတ်အကျဉ်း [ဝ]
သုဝဏ္ဏသာမစရိယ [အော]

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| သုံးပါးတွဲဒါနစု | [ညော] |
| သုံးပါးတွဲ သီလစု | [တ] |
| သူကြွယ်သား တိဿမထေရ် အကြောင်း | [ပေါ] |
| သေက္ခသီလ | [တု] |
| သေယျဇာတ် | [ကျ] |
| သောဏဇာတ်အကြောင်း အကျဉ်းချုပ် | [ခု] |
| သောမနဿဒါန | [ဇံ] |
| သောက်ရှူးကြယ်=သောကြာ ကြယ်၏အသွား | [ယေ] |
| သံကိစ္စသာမဏေအကြောင်း | [ဟဲ] |
| **[ သ ]** | |
| သံဃဥပုသ်ပြုပုံ | [ဟာ] |
| သံဃိကဒါန | [စျီ] |
| သံဃိကဒါန ခုနစ်ပါး | [ဈေ] |
| သံဃုပေါသထ=သံဃဥပုသ် | [ထံ] |
| သံဝရသီလ | [ပံ] |
| သံဝရသီလနှင့်အဝီတိက္ကမသီလ | [ဍံ] |
| သံဝရသုဒ္ဓိ | [ပီ] |
| **[ ဟ ]** | |
| ဟာနဘာဂိယသီလ | [တု] |
| ဟီနဒါန | [ညော] |
| ဟီနသီလ | [တ] |

http://www.dhammadownload.com

# မဟာဗုဒ္ဓဝင် ပဥ္စမတွဲ
## (ပဥ္စမပိုင်း)
## ဂါထာသူစီ


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[အ]** | |
| အင္ဂဒေါသသမာကိဏ္ဏံ | ၅၅ |
| အင္ဂမမ္ပိ ဘဒြမနေသာ | [ခံ] |
| အတ္တဒတ္တံ ပရတ္ထေန | [ဆဲ] |
| အဒ္ဓသံ ကာမ တေ မူလံ | [ဖု] |
| အဟာမ္ပိ ပုဗ္ဗဗုဒ္ဓေသု | ၁၃ |
| **[အာ-ဣ-ဧ]** | |
| အာသန္နကာရဏံ ယံ တု | [ဆီ] |
| ဣမိနာ မေ အဓိကာရေန | ၁၃ |
| ဧဝါဟံ စိန္တယိတွာန | ၅၄ |
| **[က]** | |
| ကဿ သုတွာ သတံ ဒမ္မိ | [ခေ] |
| ကိစ္စံ ဝါ တဿ သမ္ပတ္တိ | [ဆိ] |
| ကီဒိသော တေ မဟာဝီရ | [က-နိဒါန်း] |
| **[စ]** | |
| စက်မံ တတ္တ မာပေသိ | ၅၅ |
| စတ္တာရော ပဥ္စ အာလောပေ | [နု] |
| စတုတ္ထမ္ပိ ဘဒြမနေသာ | [ခေါ] |
| စတုရော အင်္ဂေ အဓိဋ္ဌာယ | [ဌေ] |
| စာတုဒ္ဒသိံ ပဥ္စဒ္ဒသိံ | [ထား] |
| **[ဆ-တ]** | |
| ဆဋ္ဌမ္ပိ ဘဒြမနေသာ | [ခေါ်] |
| တတ္ထပ္ပမာန် ပဒဟိံ | ၅၆ |
| တတိယမ္ပိ ဘဒြမနေသာ | [ခေါ] |
| တထေဝ တွမ္ပိ သုခဒုက္ခေ | [ချေ] |
| ထုလ္လဟတ္ထော ပမုဒိတော | ၅၉ |
| **[ဒ]** | |
| ဒဏ္ဍေနေကေ ဒမယန္တိ | [ကျီ] |
| ဒါနံ သီလဉ္စ နေက္ခမ္မံ | [ကာ၊ဆ] |
| ဒါနံ သီလံ ပရိစ္စာဂံ | [ဆု] |
| ဒုတိယမ္ပိ ဘဒြမနေသာ | [ခဲ] |
| **[န]** | |
| န ပရော ပရံ နိကုဗ္ဗေထ | [အဲ] |
| န ဟိ သဗ္ဗေသု ဌာနေသု | [ဗြိ] |
| နာဘိဇာနာမိ ဣတ္ထိံ ဝါ | [ဓု] |
| နိမိတ္တေ စတုရော ဒိသွာ | [ချား] |
| နိသဇ္ဇ ပါသာဒဝရေ | [ဋ္ဌ |
| **[ပ]** | |
| ပဥ္စမမ္ပိ ဘဒြမနေသာ | [ခေါ်] |
| ပါတုဘူတော မဟာဗုဒ္ဓ | [ဒ-နိဒါန်း |
| ပုဗ္ဗေဝ ဒါနာ သုမနာ ဘဝါမ | [ဍု |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ဖ-ဘ]** | |
| ဖလံ ဝါ ဖစ္စုပဋ္ဌာန | [ဆိ] |
| ဘီရု ကိမ္ပုရိသာ ရာဇ | [အော်] |
| **[မ-ယ]** | |
| မဟာသမုဒ္ဒေ ဇလဗိန္ဒုတောပိ | ၃၁ |
| ယံ ဟိ ကာယိရာ တံ ဟိ ဝဒေ | [ရှ-နိဒါန်း] |
| ယေ ဂဟဋ္ဌာ ပုညကရာ | [တော်] |
| ယေ ဓမ္မာ ဟေတုပ္ပဘဝါ | ၂၆ |
| ယေ မေ ဒုက္ခံ ဥပဒဟန္တိ | [ချေ] |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ဝ-သ]** | |
| ဝါပိတံ ရောပိတံ ခေညံ | ၅၆ |
| သကိစ္စေ အသမတ္တေဝ | [ဈ-နိဒါန်း] |
| သတ္တမမ္ဗိ ဘဒြမနေသာ | [ခံ] |
| သဒတ္ထပရမာ အတ္ထာ | [မံ] |
| သဒါပိ ဘဒြမနေသာ | [ခဲ] |
| သာဠှကံ ပဇဟိံ တတ္ထ | ၅၅ |
| သာမညံ ဝါ သဘာဝေါ ဝါ | [ဆိ] |
| သော သာဂရေ ဇလမိကံ.... | ၂၁ |
| **[ဟ]** | |
| ဟိမဝန္တသာဝိဒူရေ | ၅၅ |


ပ.မ.သ.စ-၆၃/၁၇.၁.၂၀၀၆ (၁,၀၀၀) လစ်သို့ (ဖြင့်ပ)။